ရန်ကုန်မြို့
သရက်တောကျောင်းတိုက်
ဖျာပုံတိုက်သစ်

သုတေသနသရုပ်ပြအဘိဓာန်ကျမ်းပြု

# ဆရာတော်အရှင်ဩဘာသာဘိဝံသ

နိုင်ငံတော်သံဃမဟာနာယက-ဒုတိယဥက္ကဋ္ဌ

၏

# သုတေသန
# သမ္မာမဂ္ဂင်္ဂဝဍ္ဎာကျမ်း

ဓမ္မဒါန

သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့

သရက်တောကျောင်းတိုက်

ဖျာပုံတိုက်သစ်


သုတေသန သရုပ်ပြ အဘိဓာန် ကျမ်းပြု

ဆရာတော် အရှင်ဩဘာသာဘိဝံသ

နိုင်ငံတော် သံဃမဟာနာယက-ဒုတိယဥက္ကဋ္ဌ


၏

သုတေသန

# သမ္မာမဂ္ဂင်ပဉှာကျမ်း

ခဏ္ဍဒါနံ


သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ်-၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၄၄-၃၊

ထုတ်ဝေသူ — ဆရာတော် အရှင်ဩဘာသာဘိဝံသ
ဖျာပုံတိုက်သစ်၊ သရက်တောကျောင်းတိုက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။


ကင်းလွတ်ခွင့် အမှတ် (၂၅၁)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၇၂၁)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၀၃၂၀)

ပုံနှိပ်သူ — ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် (၀၂၁၅၅)
သုဓမ္မဝတီစာပုံနှိပ်တိုက်။
အမှတ်-၅၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ-၃၀၀၀။ ပထမအကြိမ်၊
၁၃၄၄-ခုနှစ်၊ နယုန်လ။ ၁၉၈၂-ခုနှစ်၊ ဇွန်လ၊
မျက်နှာဖုံးရိုက် — သုဓမ္မဝတီစာပုံနှိပ်တိုက်။



နိုင်ငံတော် သံဃမဟာနာယက ဒုတိယ-ဥက္ကဋ္ဌ

**ဆရာတော် ဦးဩဘာသာဘိဝံသ**

ဖျာပုံတိုက်သစ်

သရက်တောတိုက်-ရန်ကုန်မြို့။

ကျမ်းဆရာ ၏

# ဓမ္မဒါန ဆိုသည်ကား

မိမိတို့ကိုယ်ကို ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ် ဖြစ်နိုင်ကြရန် ဆရာတော်ထံ စုံစမ်း မေးမြန်းကြကုန်သော အမေးပဥှာ များစွာတို့ကို ထေရဝါဒ သာဝကတို့၏ အရှင်သခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ အမြင်မှန် ပေးသွားတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့အထဲမှဆိုင်ရာဆိုင်ရာတို့ကို သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် စေတနာဖြင့် ဝေဝေဆာဆာ ပြိုင်ပြိုင်ဆိုင်ဆိုင် ရှင်ရှင် လန်းလန်း ဝမ်းပန်း တသာ မှန်ရာ ဟုတ်ရာတို့ကို ထုတ်ကာထုတ်ကာ ဖြေကြားရေးသားပေးသွားခြင်း တို့ကပင်လျှင် ကျမ်းဆရာ၏ ဓမ္မဒါန ကုသိုလ်တော် အစစ် ဖြစ်လေသည်။

## ပညာပါရမီ ရယူလိုသူတို့၏

# ဓမ္မဒါန အစစ်ကား

နိုင်ငံတော် အစိုးရ၏ ဘာသာ စာပေ စိစစ်ရေး ဌာနသို့ စစ်ဆေးခံတင်ပြရန် စာမူ (၄)မူ ကူးခငွေ များ,စာအုပ်ရိုက်နှိပ်ရန် စက္ကူအကောင်းစားဝယ်ယူ ကုန်ကျငွေ များစွာတို့နှင့်, စာစီခ, ပုံနှိပ်ခ, စာအုပ် ချုပ်ခ,စာအုပ်ဖုံးခ,သယ်ယူပို့ဆောင်ခ စတဲ့ ကျမ်းစာ အုပ်ကြီး ပြီးမြောက်ရေး ကုန်ကျငွေ များစွာတို့ အတွက်မှာမူ ဤကျမ်းစာအုပ် ရယူဖတ်ရှုလိုသူတို့နှင့် အခြား တခြားသော ရဟန်းရှင်လူ အများတို့အား ဆင့်ပွားပေးလှူ ကူညီအားပေး ကြသူတို့၏ ပညာ ပါရမီ အဆီအနှစ် ဓမ္မဒါန ကုသိုလ်တော် အစစ်ပင် ဖြစ်ပါပေသည် ဝမ်းသာကြပါကုန်။

**စာရေးဆရာနှင့် ကျမ်းပြုသူတို့၏စာပေ ရေးသားပြုစုခြင်းသည် ရယူခြင်း မဟုတ် ပေးဝေခြင်းသာ ဖြစ်၏။**

# သမ္မာဒိဋ္ဌိစက်တလုံး၏တန်ဖိုး

- သမ္မာဒိဋ္ဌိ မဂ္ဂင် စက်တလုံးသည် လောကသားအားလုံးတို့အား အကောင်းဆုံး သုခကို ပေးသွားနိုင်၏။

- သမ္မာဒိဋ္ဌိ မဂ္ဂင်တရား ရှိထားသူကား စကြာရတနာပိုင်ရှင် လေးကျွန်းသက်နှင်း စကြာမင်းကြီးတို့၏ ဂုဏ်ထက် ပို၍ မြင့်မြတ်၏။

- သမ္မာဒိဋ္ဌိ မဂ္ဂင်တရား မရှိသူကား လောကစက် မလည်နိုင်ချေ၊ လောကစက် သွက်သွက်မှန်မှန် လည်နိုင်မှ စကြာမင်း ဖြစ်၏။

- သမ္မာဒိဋ္ဌိ မဂ္ဂင် စက်တလုံး လည်လျှင် လောကစက် အားလုံးလည်၏။

- နိဗ္ဗာန်, မဂ်, ဖိုလ် စက်လည်း လည်ခွင့်ရောက်၏။

- သို့သော်....နိဗ္ဗာန်, မဂ်,ဖိုလ် မလိုသူတို့ကား ဤ သုဓတသန သမ္မာ မဂ်ဂ ပညာကျမ်း မြတ်နှင့် လုံးဝ မပတ်သက်ချေ။


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ
နိုင်ငံတော် သံဃာမဟာနာယက
ဒုတိယ ဥက္ကဋ္ဌ ဆရာတော်
**ဦးသြဘာသာဘိဝံသ**

# နိဒါန ကထာ

ဗုဒ္ဓေါ သုဇနာနံ ဇယံ ဒေတု

# သုတေသန သမ္မာ မဂ္ဂင် ပညာကျမ်း

## ကျမ်းဆရာ၏

## သမ္မာစိတ်ဖြင့် နှုတ်ခွန်းဆက်လွှာ

ဤသည့် သုတေသန သမ္မာ မဂ္ဂင် ပညာကျမ်းစာအုပ် စီစဥ်ပြုလုပ် ထုတ်ဝေရခြင်း၏ အကြောင်းရင်း မူလ ဝိသေသမှာ....

၁။ သမ္မာဒိဋ္ဌိ အမည်ကို ခံယူနေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ်ကြီးတွေ ဖြစ်ဖြစ်သွားစေနိုင်ကြဖို့အရေး မိမိတို့ ကိုးကွယ် လေးစား အားထား ပူဇော် ကော်ရော် ကြည်ညို ရိုသေမြတ်နိုးစွာဖြင့် ကျင့်ကြံအားထုတ် ပြုလုပ် ပ, သ ဂါရဝ ပေးကြရာ၌ အရေးတကြီး လိုနေသော သမ္မာဒိဋ္ဌိ အသိဉာဏ်စဥ် မဂ္ဂင် အချက်အလက်တို့၏ ဟာကွက် လျော့ကွက် ပျော့ကွက်တို့နှင့် ပေါ့ပျက်မှုများကို ပယ်ဖျက်ဖို့ခွင်းလျက် ယထာဘူတဉာဏ်အမြင် အလင်းရောင်တွေ ဝင်းဝင်းပြောင်ပြောင် ထောင်ရောင်နေပမာ ဝေဝေဆာဆာ ခိုင်မာတောင့်တင်း ဖွံ့ဖြိုး တိုးတက်ခြင်းနှင့် ပြည့်စုံကာ သဗ္ဗညူ မြတ်စွာ၏ ဘာသာအယူ မှုမှန်စစ်စစ်ကြီးတွေ ဖြစ်ကာ ဖြစ်ကာ လာနိုင်ကြစေရန် ရည်သန်သော စိတ်ထားဖြင့် လည်းကောင်း။

၂။ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်စစ်စစ်ကြီးတွေသာ ဖြစ်ကာ ဖြစ်ကာ နေလိုသူတို့နှင့် မသက်မဆိုင် မသင့်မလျော် မတော်မတန် ပိုလျှံမှားယွင်းနေသော ဗုဒ္ဓဘာသာအစစ်တို့ မလိုလားအပ်သည့် ကိုးကွယ် ဆည်းကပ် ရည်မှတ်ပူဇော် ကော်ရော် ပ, သ တောင့်တနေမှု တောင်းဆုပတ္ထနာ အချက်အလက် များစွာတို့ကိုလည်း ပယ်ဖျက်ဖယ်ရှား တော်လှန်၍ သွားနိုင်ကြစေရန် ရည်သန်လျက်လည်းကောင်း။

၃။ ဤကျမ်းစာပါ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လိုသူတို့၏ သုတေသန အမေးပဉှာ များစွာတို့ကို သဗ္ဗညူသမ္မာသမ္ဗုဒ္ဓတို့၏ အလိုတော်ကျအတိုင်း ဆုတ်ဆိုင်းမနှောင်း အဖြေပေါင်း များစွာ ပြန်လည်ဖြေကြားပေးထားရာ မိမိတို့နှစ်သက်ရာရာကို လိုသလို တူးလှန်၍ထူးကဲ မှန်ကန်သော အသိဉာဏ်ဖြင့် ဝေဖန်စစ်ဆေးညှိနှိုင်းဆွေးနွေးကာ ရွေးချယ်ထုတ်ယူလျက် သားစဉ်မြေးဆက် အဆက်မပြတ် ကိုးကွယ်ဆည်းကပ် ကျင့်ကြံအားထုတ်တတ်ကြဖို့အတွက် လည်းကောင်း။

၄။ ဤသို့လျှင် သဗ္ဗညူ သမ္မာသမ္ဗုဒ္ဓ၏ ဟောကြား မိန့်မြွက်တော်မူချက် မုက္ခပါဠိတော်နှုတ်ထွက် ဓမ္မစကားလာ ပါဠိတော်မြတ်နှင့် အဋ္ဌကထာတို့မှာ ပါရှိသည့် တရားများကိုသာ အမှန်အဟုတ် မယုတ်စေပဲ သိစွဲခံယူစေလိုသော စိတ်ထားဖြင့် မိန့်ကြားထုတ်ဖော်ကာ ဖြေဆိုရေးသားသွားသည့် ''သမ္မာဒိဋ္ဌိ ပညာရှိတို့ လေးစား လက်ခံအပ်

သော'' ကျမ်းမြတ်တဆူ ဖြစ်ကြောင်းကို ဓမ္မမိတ်ဆွေ စာပေပညာဝန် အပေါင်းတို့အား ကောင်းချီးသြဘာ မင်္ဂလာစကား အဦးထားလျက် နှုတ်ခွန်းဆက် ပြောကြား ရပါကြောင်း။

ဤတွင်၍ နှုတ်ခွန်းဆက်ခန်း ပြီး၏။

## ဘာသာဝင် အများတို့အား ချစ်ကြည်လေးစားစွာဖြင့် ပန်ကြားလွှာ

ကမ္ဘာပေါ်ရှိ မိမိတို့ဆိုင်ရာ အားလုံးစုံသော ဘာသာဝင် မိတ်ဆွေ အပေါင်းတို့အပေါ်၌ ငြိုငြင်မှု, မနာလိုမှု, ဣဿာ, မစ္ဆရိယ မထား ပါ၊ ကျမ်းဆရာ၏ တခုတည်းသော စိတ်သွားမှာ မိမိတို့နေထိုင်ရာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အခြေခံ ဥပဒေက ''လူတိုင်း လူတိုင်းသည် မိမိတို့ကြိုက်ရာရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြောင်း'' အခွင့်ကောင်း ပေးထားပြီးသား ဖြစ်၍ ဘာသာဝင်သူ တဦးတယောက်က အခြားဘာသာတခုကို မှားသည် လွဲသည် ချော်သည်ဟု မသင့်မလျော် မတော်မတန်သော စကားဖြင့် ဝေဖန်ပြောကြား ကဲ့ရဲ့ရှုံ့ချ အပြစ်ပြ စွပ်စွဲစရာ မလိုပေ၊ ကဲ့ရဲ့စွပ်စွဲ မှုကိုလည်း နိုင်ငံတော် တရားဥပဒေက ခွင့်မပြုချေဟု ယုံစား ပါသည်။

အမှန်မှာ မည်သည့် ဘာသာဝင်သူမဆို မိမိ ယုံကြည်လေးစားစွာ ခံယူကိုးကွယ် ဆည်းကပ် ပူဇော် ကော်ရော် ပ,သမှု ပြုနေသော ဘာသာတရား၏ ညွှန်ကြား စေခိုင်းမှုသည် မိမိအတွက် မှန်ကန်

အကျိုးရှိသော ညွှန်ကြားမှု တရား (ဓမ္မ) အစစ်များသာ ဖြစ်သည်ဟု ယုံကြည်အားကိုးစွာဖြင့် ပြောဆိုစွဲယူကာ လိုက်နာ ဝန်ခံကြပေမည်၊ ဤကား ဘာသာဝင်သူတိုင်းတို့၏ ဓမ္မတာပင် ဖြစ်၏။

ထို့ကြောင့် ကိုယ်နှင့်မဆိုင် ကိုယ်မခံယူ မကိုးကွယ်သော တခြား ဘာသာတခုကို ရန်လိုမှုစိတ်ထားဖြင့် ဝင်ရောက်စော်ကား ပြစ်မှား ပြောဆို ကဲ့ရဲ့မုန်းထား ပြစ်တင်မှုများ မပြုရပေ။

အမှန်မှာ မိမိတို့ဘာသာရှင်၏ မူလ ဟောကြား ပညတ်တော် မူသွားသော အချက်အလက် ဓမ္မစကားတော်မှာ လာသည့်အတိုင်း လိုက်နာခံယူ ကျင့်ကြံအားထုတ် ပြုလုပ်သွားကြဖို့သာ လိုရင်းအစစ် ဖြစ်ချေသည်။

မှန်လှ၏။ ။ဘာသာဝင်တိုင်း ဘာသာဝင်တိုင်းတို့သည် မိမိတို့ လိုက်နာခံယူ ကိုးကွယ်ဆည်းကပ် ပူဇော် ပ,သ ကျင့်ကြံအားထုတ် ပြုလုပ်မှုဟူသမျှကို မိမိတို့ ကယ်တင်ရှင်၊ သို့မဟုတ် နိဗ္ဗာနမဂ္ဂ လမ်းညွှန် ရှင် ဘုရားသခင် ချမှတ် ပေးထားတော်မူခဲ့သော မူလ ရှေးဟောင်း ဓမ္မကျွန် ကျမ်းစာတော်အပေါင်းတို့နှင့် သို့မဟုတ် မုက္ခပါဌ်တော်တို့နှင့် ညီ, မညီ၊ ကိုက်, မကိုက်,ကိုသာ (ယခုလက်ရှိ မိမိတို့ လိုက်နာကျင့်သုံး ခံယူစေရန် ဘာသာရေးခေါင်းဆောင် ဓမ္မဆရာတို့ ဟောပြောချက် နှင့်ရော၊ ၎င်းတို့ စီစဉ်ရေးသား ပုံနှိပ် ထုတ်ဝေ ပေးထားသော ကျမ်းစာအုပ်များနှင့်ပါ) အကြိမ်ကြိမ် တိုက်ဆိုင် ညှိနှိုင်း စစ်ဆေး ဝေဖန် ဆွေးနွေးမှု ပြုကြရမည်သာ ဖြစ်၏။

ဤသည်တို့ကား မိမိကြိုက်ရာ ဘာသာဝင်သူတိုင်းတို့၏ ကိုယ်ရေး ကိုယ်ပိုင် ကိုယ်နှင့်ဆိုင်သော ကိစ္စဖြစ်၍ (ယထာဓမ္မ) ကျ, မကျ မိမိဗုဒ္ဓ၏ ချမှတ်ချက် စည်းကမ်းနှင့် ညီ, မညီ လူသားတိုင်းတို့၌ မုချ

ရှိထားကာ လိုက်နာ စစ်ဆေးကြရမည့် မိမိတို့ အယူဘာသာ၏ အစဉ် အလာ မှန်ကန် တည့်မတ်ရေး ယဉ်ကျေးမှု လုပ်ငန်းရပ်လည်း ဖြစ်၍ ကိုးကွယ်မှု ဘာသာရှိသူတိုင်း မပစ်ပယ် မပေါ့ဆအပ်သော အရေး ကြီးသည့် ကိစ္စရပ်ကြီးတွေသာ ဖြစ်ချေသည် မဟုတ်ပါလော။? ဘာသာဝင် မိတ်ဆွေအပေါင်းတို့။

ဤတွင်၍ ပန်ကြားလွှာ ပြီး၏။

## ဘာသာရေးနဲ့ ညွှန်ကြားလွှာ

ဟုတ်ပါသည် မည်သည့် ဘာသာဝင်သူမဆို မိမိတို့ ကြိုတင်၍ ကေန် မုချ အသင့်ပြင်ဆင်ကာ အဟုတ်တကယ် ပြုလုပ် ဖြစ်ရှိ သွားကြရမည် မှာ မိမိတို့ ယုံကြည်ကိုးစား အလေး အမြတ်ထားသော ဘာသာတရား ၏ ပေးထားသော "လုပ်ခ" မိမိရပိုင်ခွင့် အကျိုး ဖလ စွမ်းအင်နှင့် ရရှိခံစားမှု သုခမျိုးကိုသာ လိမ်မာ ပါးနပ် ဉာဏ်မြင်တည့်မတ် မှန်ကန် စွာ စစ်ဆေး ဝေဖန်တတ်သော သူများအဖြစ် အဟုတ် တကယ် ဖြစ်ရှိ ထားရပေမည်။

ဤကား အများနှင့် မဆိုင် ကိုယ်ပိုင်ကိစ္စ အလုပ်သာ ဖြစ်သည်၊ မိတ်ဆွေ တခေါက် ပြန်ဖတ်ကြည့်စမ်းပါ။

ဘာသာရေး၌ ယင်း ညွှန်ကြားချက်အတိုင်း မဖြစ်, မရှိ, မဟုတ်, မလုပ်ခဲ့သောသူ ဖြစ်ပါက "ပြောတိုင်းယုံ, ကြုံတိုင်းလိုက်, ခိုင်းတိုင်း လုပ်လျက်" မိမိယုံကြည်ချက်ဖြင့် ခံယူ ကိုးကွယ်ထားသော ဘာသာ တရား၌ ရရှိမည့် အမြိုက်အရသာ အကျိုးခံစားခွင့် အနှစ်သာရ သုခ အာနိသင်၏ လမ်းဆုံး ပန်းတိုင်ကိုလည်း ဘာမှ မသိ နားမလည် မလေးစား မှန်သည် မှားသည်ကိုလည်း တန်ဖိုးမထား အမှားမှားတွေ

ဝင်ရောက် ဝင်ရောက်ကာ မိမိ အယူ ဘာသာထဲ ရောစွက်လျက် လာသမျှတွေ လက်ခံ ကိုးကွယ်၍နေသော လူ့ငပေါအဝ ရောက်ကာ လေတိုက်ရာ လွင့်ပါးနေသည့် အမှိုက်ထွေး သစ်ရွက်ခြောက် လူဘန်းစားမျိုးသာ ဖြစ်သွားကြပေလိမ့်မည်။

ထို့ကြောင့် ဤ သုတေသန သမ္မာ မဂ္ဂင် ပဥ္စာကျမ်းစာ၌ ပါရှိသော အမေးပဥ္စာတို့၏ အဖြေစကားရပ် အားလုံးတို့သည် ဗုဒ္ဓဘာသာ စစ်စစ်မှ တပါးဖြစ်သော ဘာသာ အယူဝါဒတို့နှင့် မသက်ဆိုင် ရောနှောခြင်းလည်း မရှိ၊ ဝင်ရောက်, ရောစွက်လာခြင်းကိုလည်း လက်ခံမပေး၊ နေရာမထား၊ ပယ်ရှား ပယ်ရှားလျက် မိမိတို့ သဗ္ဗညု သမ္မာသမ္ဗုဒ္ဓဘုရား၏ မုက္ခပါဌ်တော်လာသည့်အတိုင်း သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဝင် စစ်စစ် တိကျစွာ ဖြစ်လိုသူတို့ အတွက်ကိုသာ သန့်ရှင်း ပီသစွာ ညွှန်ကြားဖြေဆိုထားသော စကားရပ်များဖြစ်၍ မည်သူ၏ ကိုးကွယ်မှု ဘာသာ တစုံတခုကိုမျှ မတားမြစ် မထိခိုက် မနှစ်နာစေပါဟု မှတ်ယူကြစေလိုကြောင်း ရိုးသားသော စိတ်ထားဖြင့် ချစ်ကြည်လေးစားစွာ ညွှန်ကြား တင်ပြရပါကြောင်း၊ ဘာသာဝင် မိတ်ဆွေအပေါင်းတို့။

ဤတွင်၍ ဘာသာရေးနှင့် ညွှန်ကြားလွှာ ပြီး၏။

---

## ထပ်မံ၍ ထင်ရှား စေခြင်းများ

ဤ ကျမ်းစာဖတ် ပညာတတ်တို့ သတိချပ်ရန်မှာ သဗ္ဗညု သမ္မာသမ္ဗုဒ္ဓ၏ဘာသာဝင် တပည့်ခံကာမျှ သာဝက အချို့တို့သည် ကြိုးကြား ကြိုးကြား မိမိတို့ ကြည်ညိုလေးစား ကိုးကွယ်ထားသော သမ္ဗုဒ္ဓဘုရား ရုပ်ပွားတော်၏ မအောက်နားဌ် ချိတ်ဆွဲ တွဲဖက် ထည့်စွက်ကာ အိမ်ဦး ခန်း၌ တည်ထားသော နတ်, သိကြား, ဘိုးတော်, မယ်တော်,

အနော်ဖက်ရှင်မ, အိမ်တွင်း မင်းမဟာဂီရိ, မင်းကြီး, မင်းကလေး, ဘိုးမင်းကျော်, မနဲ့ကလေး, သူရသတီ, မြင်းရုပ်, ဆင်ရုပ်, သရဲ, သဘက်, ထွက်ရပ်ပေါက်, ဝိဇ္ဇာဓိုရ်, စသည်တို့ကို ယုံကြည်စွာ ပွဲထိုး၍ ပန်း, ဆီမီး, အမွှေး, နံ့သာ အမျိုးမျိုးတို့ဖြင့် ပူဇော် ပ,သ ကိုးကွယ် ရှိခိုးကာ အားကိုးစွာဖြင့် ဆုတောင်း ပတ္ထနာမှုများ ပြုလုပ်နေကြ သည်ကို ဤ သုတေသန သမ္မာ မဂ္ဂင်ကျမ်းစာက,သို့မဟုတ် ကျမ်းဆရာ က မပြုလုပ်ရ မကိုးကွယ်ရဟု မတားမြစ် မကန့်ကွက် မပိတ်ပင်ပါ၊ ထိခိုက် နစ်နာ စေခြင်းနှင့် ကွဲရှဲ ပြစ်တင် ရှုတ်ချ ပျက်ပြားစေမှု များ ကိုလည်း မပြုလုပ်ပါ၊ မိမိတို့ ယုံကြည်သလို တည်ထားကိုးစား ပ,သ ပူဇော် နိုင်ကြပါသည်၊ သို့သော် ဗုဒ္ဓဘာသာ စစ်စစ်တို့အတွက်တော့ "ဥဇုပ္ပဋိပန္န သာဝက"မဖြစ်နိုင်ချေဟု မှတ်ယူကြရပေမည်၊အကြောင်း ကား နတ်ဝိဇ္ဇာစသည်တို့ ဗုဒ္ဓထဲ ရောယှက်လာခြင်းကြောင့်ပေတည်း။

မှန်ပါသည် ကျမ်းဆရာ၏ ရိုးသားစွာဖြင့် အမှန် ညွှန်ကြား ရေးသား ပြုလုပ် ထားချက်များကား "သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ သန့်သန့်ရှင်းရှင်း စစ်စစ် ဖြစ်ဖို့အရေးကိုသာ အမှန်အတိုင်း ရှင်းလင်း ပြတ်သားစွာ ဖြေကြားညွှန်ပြပေးပါရန် အလေး အမြတ် ထား၍ မေးလာကြသောကြောင့် ယင်းတို့၏ အမေးပုစ္ဆာပဥ္စာရပ်မျိုးကိုသာ" ဗုဒ္ဓဘာသာဝင် ဖြူစင်လိုသူတို့၏ အတွက် အသက်ပမာ ကိုးကွယ် စရာ ရတနာအစစ်ဖြစ်သော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ" ဤ သရဏဂုံ အမြတ်သုံးပါးမှ အခြား တပါးသော ဆည်းကပ် ပူဇော် ဖူးမြော် ကိုးကွယ် စရာများကို အသစ် အသစ် မရှာမှီး မစွဲယူစေတော့ပဲ သတိပြု ရှောင်ဖဲ တော်လှန်လျက် သဗ္ဗညူ ဗုဒ္ဓဘုရား ချမှတ် ညွှန်ကြား ပေးသွားတော်မူသော တရား လမ်းကြောင်းမှမကောက်မကွေ့မဝေ့ မဝိုက်ဥဇုပ္ပဋိပန္န တခုတည်းသော

လမ်းကြောင်း ဖြောင့်တန်း တည့်မတ်သည့် သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ စစ်စစ် အဖြစ်သို့ ရောက်ကြပါစေဆိုတဲ့ စိတ်ထားဖြင့် ပြန်ကြားဖြေဆို ရေးသား ပေးသွားခြင်းသာ ဖြစ်ပါ၏။

ယင်းအဖြေစကားများထဲ၌ သဗ္ဗညု ဗုဒ္ဓဘာသိတ ပိဋကတော် ဓမ္မ အမှန်တွေကိုသာ အထောက် အထား ပြသွားသည့်အပြင် ပိဋကတော်၌ မပါသော အခြား သက္ကဋ္ဌ, ဝေဒ, ဥပနိသျှ, စသော ကျမ်းတပါး တို့၌သာ ပါရှိသော သူရသတီ မယ်တော်စသည့် အမေးပဥှာ များကို လည်း ယင်းတို့၏ အမေးအားလျော်စွာ ထိုထို ကျမ်းတပါး၌ ပါရှိ သော အဖြေများကို ထုတ်ယူဖော်ပြပေးသွားသော ကျမ်းမြတ်တဆူ (သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်လိုသူတို့ အတွက်သာ) ဖြစ်ပါ၍ ဤကျမ်းစာ၌ လာရှိသော အဖြေစကားရပ် အစုစုသည် မည်သူ မည်ဝါ၏ ဂိုဏ်းကွယ်ရာ ဘာသာ တခုခုကိုမျှ မပုတ်ခတ် မထိခိုက် မနစ်နာစေကြောင်း ထပ်လောင်း၍ ထင်ထင်ရှားရှား တင်ပြသွားရ ပါကြောင်း ဘာသာဝင် မိတ်ဆွေအပေါင်းတို့။

ဤတွင်၍ ထပ်မံထင်ရှားစေမှု ပြီး၏။

## စာဖတ်သူတို့ ချင်ခြင်းတမျိုး

ဤ ကျမ်းမြတ် ဖတ်သူတို့သည် ကျမ်းစာပြုသူ အရှင်၏ ဘဝ ဖြစ်စဉ် (အတ္တုပ္ပတ္တိ) ကို သိလိုကြပေလိမ့်မည်၊ ဤကား စာဖတ်သူ တို့၏ ချင်ခြင်းတမျိုးပင် ဖြစ်၏။

ဟုတ်ပါသည်။ ။ကျမ်းပြုသူ၏ လက်ရှိဘဝဖြစ်စဉ် (အတ္တုပ္ပတ္တိ) ကို အဂ္ဂမဟာပဏ္ဍိတ ဖြစ်တော်မူကြကုန်သော ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်း ဆရာတော် ဘဒ္ဒန္တရေဝတ၊ ရန်ကုန်မြို့ ဗဟန်း ဝေဠုဝန်

ဆရာတော် ဘဒ္ဒန္တ ခေမာစာရ၊ ရန်ကုန်မြို့ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဘဒ္ဒန္တ ဉာဏိက၊ ဤ အဂ္ဂမဟာပဏ္ဍိတ မထေရ်မြတ်ကြီးတို့က မိမိ၏ ဘဝဖြစ်စဉ် ထေရုပ္ပတ်ကို မိမိကိုယ်တိုင် အရှိကို အရှိအတိုင်း အဟုတ်ကို အဟုတ်အတိုင်း မဝါမကြွားပဲ မိမိပြုလုပ်ခဲ့သော အကောင်းရော အဆိုးပါ ဖြစ်စဉ်အတိုင်းသာ မှန်ကန်စွာ ရေးသားထည့်သွင်း ပေးရမည်ဟု စေခိုင်းချက်အရ ပညာရှိအပေါင်းတို့ နှစ်ထောင်းအားရ မြတ်နိုးစွာ သိဿာနုသိဿ တပည့် အဆက်ဆက် သားစဉ် မြေးဆက်တို့ ကြည့်ရှု ဖတ်သွား မှတ်သားနိုင်ရန် အတွက် စာပေပညာရှင်တိုင်း ခံယူသိမ်းပိုက်ထားကြသော **"သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီး၏"** နောက်ဆက်တွဲ စာမျက်နှာ (၆၄၉) မှစ၍ စာမျက်နှာ (၇၂၀) အထိ အရှိကို အရှိအတိုင်း အဟုတ်ကို အဟုတ်အတိုင်း ထုတ်ဖော်၍ မိမိကိုယ်တိုင် ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီး အကောင်းရော အဆိုးပါ ဖြစ်သမျှတွေကို ရိုးရိုးသားသားနဲ့ ထင်ရှားစွာ ရေးသား ဖော်ပြထားပြီးဖြစ်၍ ဤ သုတေသန သမ္မာ မဂ္ဂင် ပဥ္စာကျမ်း၌ ထပ်မံ ဖော်ပြရန် မလိုတော့ပါ၊ သိလိုသော ပုဂ္ဂိုလ်များသည် ထို **သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီး၌** ကြည့်ရှု ဖတ်သားကြပါကုန်။

ဤတွင်၍ စာဖတ်သူတို့ ချင်ခြင်း ပြီး၏။

---

## ဤကျမ်းစာ ဖြစ်ပေါ်လာပုံ ခြင်းရာစုံ အကျဉ်းချုပ်ကား

ဤသုတေသန သမ္မာ မဂ္ဂင် ပဥ္စာကျမ်းစာအုပ်ကို ရေးပြုထုတ်ဝေသူ (မိမိ) သည် ဆဋ္ဌ သံဂါယနာ မဟာဓမ္မသဘင်ကြီး မတင်မီကပင် ကြိုတင်၍ ပါဝင်ပြုလုပ်ခဲ့မှုများမှာ....

၁။ ပိဋကသုံးပုံ ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာများကို စစ်ဆေးပြင်ဆင်လျက် အမှန်ရောက်နိုင်အောင် တင်ပြပေးရသော ဆဋ္ဌ မူလဝိသောဓက အဖွဲ့ကြီး၏ အကျိုးဆောင်အဖြစ် လည်းကောင်း။

၂။ ယင်းတို့ကိုပင် တဖန်ထပ်၍ ပြန်လည်ပြင်ဆင် စစ်ဆေးပေးရသော ဆဋ္ဌ ပဋိဝိသောဓကအဖွဲ့ထဲ၌လည်းကောင်း။

၃။ ဒီဃနိကာယ် ပါဠိတော် မြန်မာပြန်များကို ထပ်မံ၍ စစ်ဆေး ပြင်ဆင်ပေးရသော ဆဋ္ဌ ပါဠိတော် မြန်မာပြန် ပဋိဝိသောဓက အဖွဲ့ထဲ၌ လည်းကောင်း။

၄။ ဆဋ္ဌ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး စီစဉ်ရေး အဖွဲ့ထဲ၌ လည်းကောင်း ပါဝင်ဆောင်ရွက်မှုတို့ကို ပြုလုပ်နေရသည်။

ထိုကာလက မိမိသည် ဒီဃနိကာယ် သုတ်သီလက္ခန် ပါဠိတော် မြန်မာပြန် ပဋိဝိသောဓက မူချောပြင် လုပ်ငန်းကို (၁) ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ၊ (၂) မဟာစည်ဆရာတော် ဦးသောဘဏ အဂ္ဂမဟာပဏ္ဍိတ၊ (၃) မိမိ ဖျာပုံတိုက်သစ် သရက်တောတိုက် ဆရာတော် ၃ ပါးတို့ စတင်ပြုလုပ်ပေးနေရလေပြီ။

**မှတ်ချက်။** ။ထိုစဉ်က မိမိမှာ ရန်ကုန်၌ ကျောင်းပိုင်မရှိသေးချေ၊ သူပုန်သူကန်တို့ ထကြွ သောင်းကျန်းချိန် ဖြစ်၍ ရန်ကုန်သို့ ခေတ္တ ပြောင်းကာ နှစ်ကျိပ် ရှစ်ဆူ ကျောင်း၌ မှီခိုကပ်ရပ်နေရသော အညတြဘိက္ခုဘဝမျှသာ ဖြစ်သော်လည်း ထင်ရှားကျော်ကြားသော ဆဋ္ဌဝန်ဆောင် ဆရာတော်ကြီးများ၏ အားထား

ရည်ရော် ခေါ်ယူ စေခိုင်းချက်အရ ထိုထို အရေးပါသော နေရာတို့က ပါဝင်လုပ်ကိုင် ပေးနေရခြင်းဖြစ်၏ဟု မှတ်မိပါသည်။

ကမ္ဘာ့အေး ကုန်းမြေ၌လည်း သစ်တောကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ကို သုတ်သင်ရှင်းလင်းလျက် ကုန်းမြင့် ချိုင့်ဝှမ်းတို့ကို မြေညှိစက်ကြီးများဖြင့် တပြေးညီ ပြုပြင်၍ လိုဏ်ဂူတော်ကြီးနှင့် ကျောင်းဆောင် စေတီ တန်ဆောင်းတို့ကို ဆောက်လုပ်ဆဲပင် ရှိနေကြသည်။

မိမိတို့သည် တည်ထောင်ကာစမျှ ဖြစ်သော သာသနရိပ်သာမှ နေလျက် ပိဋကတော်စာပေများကို ဖော်ပြပါ ပုဂ္ဂိုလ်တို့နှင့်ပင် ပျော်ပျော်ရွှင်ရွှင်ဖြင့် တိုင်ပင် စစ်ဆေး ပြုပြင်ပေးခဲ့ကြသည်များကို မိမိစိတ်ထဲတွင် မနေ့ကဟုပင် မှတ်ထင်မိနေတော့သည်။

ထိုစဉ်က သဌေးကြီး ဆာဦးသွင်သည် သာသနရိပ်သာကြီး တည်ထောင် ဆောက်လုပ်ရေး၌လည်းကောင်း၊ တိပိဋကဓရ စာပြန်ပွဲကြီး ဖြစ်မြောက်ရေး၌လည်းကောင်း၊ ဆဋ္ဌသံဂါယနာတင် ပွဲသဘင်ကြီး ဆင်နွှဲရေး၌လည်းကောင်း ဦးဆောင်ဥက္ကဋ္ဌ နာယကကြီးလုပ်ကာ ငွေကြေးရက်ရောစွာပေးလှူပူဇော်သောသဌေးကြီးတဦးဖြစ်ပေသည်။

ယင်းကာလ၌ သာသနရိပ်သာသည်လည်း သူတော်ကောင်းတို့စိတ်နှလုံး မွေ့လျော်စရာ လှိုမြောင်မြေပြင် သစ်ပင်ကြီးငယ် ချုံနွယ်တောရိပ်တို့ဖြင့် တိတ်ဆိတ် ငြိမ်သက်၍ လည်းကောင်း၊ သင့်တင့်လျောက်ပတ်ရုံမျှသော သိမ်ကျောင်းလိုဏ်ဂူ အဆောက်အအုံတို့ဖြင့်

လှည်းကောင်း ဖွင့်လှစ်ကာ ယောဂီများ လာရောက် တရားဝင်၍ စ,တင် ကျင့်ကြံ အားထုတ်ကြလေပြီ၊ တိပိဋကစရေ စာပြန်ပွဲကြီးကို လည်း ယာယီ သစ်သား မဏ္ဍပ်ကြီးဖြင့် စ,တင် ဆင်နွှဲ ကျင်းပကာ နေလေပြီ။

မိမိသည် ယင်း တိပိဋကစရေစာပြန်ပွဲ ဆင်နွှဲကျင်းပချိန် ကာလ၌ စာထောက် ပုစ္ဆာထုတ် စစ်ဆေး အမှတ်ပေး လုပ်ငန်းရပ်တို့ကို စာပြန် ပွဲကြီး၏ ဥက္ကဋ္ဌ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကောဝိဒ၏ စေခိုင်းချက်အမိန့်အရ ပါဝင် ဆောင်ရွက် ပြုလုပ်ပေးရသည်။

ယင်း စာပြန်ပွဲကြီး ကျင်းပဆင်နွှဲပြီးသော အခါတို့၌လည်း အထက်ဖော်ပြပါ ဆရာတော်များနှင့်ပင် ဆဋ္ဌ သံဂါယနာ တင်ရန် အတွက် ပိဋကတော်များ ပြင်ဆင်စစ်ဆေး ပေးရခြင်း၊ သီဟိုဠ်မူ, ယိုးဒယားမူ, လန်ဒန်မူတို့နှင့် တိုက်ဆိုင်ညှိနှိုင်းခြင်း ပါဠိတော်များ မြန်မာပြန်ဆိုခြင်း ဆဋ္ဌ ပါဠိမြန်မာ အဘိဓာန်ကြီးကို မူချပေးရခြင်း ထုတ်ပေးသော အဘိဓာန်ပုဒ်များကို စိစဉ် စစ်ဆေး ပြင်ဆင်ပေးရ ခြင်းစသော လုပ်ငန်းရပ်တို့ကို သာသနရိပ်သာ ဌာနမှပင် နေ့စဉ် နေ့တိုင်း ပါဝင်ဆောင်ရွက် ပြုလုပ်ပေးကာ နေရချေသည်။

သင်္ဘေးကြီး ဆာဦးသွင်သည် ပိဋကသုံးပုံ စာပြန်ပွဲကြီး ကျင်းပ ချိန်အခါမျိုး၌ ပြန်ဆိုဖြေကြားနေသော ပိဋကတော်များကို မကြာ ခဏ လာရောက် နာယူ ကြည့်ညိုလေ့ရှိသည်၊ ထိုအခိုက် ဦးဝဏ္ဏိတ မည်သော စာပွဲဝင် ရဟန်းငယ်တပါး၏စာကို ကြေညက်ချောမောစွာ ပြန်ကြားရွတ်ဆိုနိုင်ပုံနှင့် ပြတ်သား ရှင်းလင်းသော အသံရှိပုံတို့ကို ကြည်ညိုနှစ်သက်ကာ မိမိထံ လာရောက်မေးမြန်းပုံမှာ....

## တိပိဋက ဓရနှင့်
## သဒ္ဒေးကြီး ဆရာဦးသွင်

**သဒ္ဒေးကြီး။** ။သည်ကိုယ်တော်လေး စာပြန်ပုံဟာ တော်တော် ချောမော ပြတ်သား ရှင်းလင်းတယ်၊ ဘယ်ကျမ်း စာပြန်ဆိုသလဲ၊ သူ့အတွက် အောင်မြင်မှု ဘယ်လိုထင်မြင်သလဲ ?။

**မိမိ။** ။အင်း....ဒီဃနိကာယ်ခေါ်တဲ့ သုတ်သုံးကျမ်း ပြန်ဆိုတယ်၊ သည်ကိုယ်တော်ကလေးကတော့ "စကင်း ဝိစိတ္တ တပါးပဲ" ဒကာကြီးရေ့၊ အထစ်အငေါ့ အကျော်အလွှား အထောက် အမ မရှိ ကင်းစင်ပါဘယ်၊ ဒုတိယ ဝိစိတ္တတပါး ပေါ်ဦးမှာပဲ ထင်တယ်၊ ဝိသိဋ္ဌ တော့ စွဲနိုင်ကောင်းပါရဲ့။

သဒ္ဒေးကြီးသည် ဝမ်းသာစွာဖြင့် သည်ကိုယ်တော်ကို မှတ်သွား လေသည်၊ နောက် စာအောင်ပြန်တမ်းဂေဇက် ထွက်လာသောအခါ အထူးအောင် (ဝိသိဋ္ဌ)ထဲ မပါတော့ပဲ ရိုးရိုးအောင်ထဲမှာသာ ပါလာတော့၏။

စာအောင်သူ ကိုယ်တော် မကျေနပ်တော့ပေ၊ သူပြန်ဆိုသော နေ့စွဲနှင့် မှတ်တမ်း ဇယားများကို ကြည့်လိုကြောင်း ဥက္ကဋ္ဌဖြစ်သူ သဒ္ဒေးကြီး ဆရာဦးသွင်ကို အရေးဆိုတော့သည်။

သဒ္ဒေးကြီး ဆရာဦးသွင်သည် ကိုယ်တော်ကလေး အပေါ်၌ စောစောကပင် မေတ္တာပေမ ဝင်နေဟန်တူသည်၊ ထို့ကြောင့် ခြောက် ထပ်ကြီး ဘုရားကြီးတိုက် တိပိဋကဓရ စာပြန်ပွဲကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဆရာတော် ဦးကောဏ္ဍညထံ သွားရောက်လျှောက်ထားကာ စစ်ချက် မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးသောအခါ (မိမိ) ဖျာပုံတိုက်သစ်

ဆရာတော် ဦးဩဘာသနှင့် သီတာရုံဆရာတော် ဦးဥတ္တရတို့ စစ်ဆေးသောနေ့၌ တကြိမ် မရ၍ ထောက်ပေးရကြောင်း မှတ်ချက်ကို တွေ့ရတော့၏။

## တိပိဋကဓရနှင့် စာမှတ်ပုဂ္ဂိုလ်

ထိုအခါ သင်္ဃေးကြီး၏ လျှောက်ထားတောင်းဆိုချက်အရ ဥက္ကဋ္ဌ ဆရာတော်က မိမိကို ခေါ်ယူစစ်ဆေးလေသည်။

မိမိက အရှင်ဝဏ္ဏိတသည် အထောက်အမ လုံးဝမရှိပဲ ထူးကဲကျေပွန်စွာ ရရှိသူဖြစ်ကြောင်း၊ထိုနေ့ မှတ်တမ်းဇယား၌ မိမိလက်မှတ်ထိုးစဉ်က ဤ(ထောက်ရ)မှတ်ချက် မရှိကြောင်း၊ နောက်မှ ရေးထည့်သောအရာ ဖြစ်နိုင်ကြောင်းနှင့် တင်ပြ လျှောက်ထားရသည်။

သင်္ဃေးကြီး ဆာဦးသွင်ရော ဥက္ကဋ္ဌ ဆရာတော် ဦးကောဏ္ဍညပါ အံ့အားသင့်ကာ စိတ်နှလုံး တုန်လှုပ်သွားကြလေပြီ၊ထိုနောက် ကာလ အနည်းငယ် အတွင်းမှာပင် ဆိတ်ငြိမ်စွာ အကြံယူ စဉ်းစားကြပြီး သည့်လိုဆို စာမှတ်လုပ်သူကို စစ်ဆေးဖို့ ရှိသည်ဟု ချမှတ်လျက် စာမှတ်လုပ်သူကို ရန်ကုန်မြို့ အနှံ့အပြား သွားရောက် ရှာဖွေခိုင်းကာ ခေါ်လာကြတော့သည်။

စာမှတ် ဆိုသည်မှာ။ ။စာပြန်ပလ္လင် ထီးဖြူတော် အောက်၌ စာပြန်ဆိုသူ ရဟန်းတော်တပါးနှင့် ယင်း၏ ဝဲ, ယာ၌ စာထောက်သူ ရဟန်းတော်နှစ်ပါးက ကုလားထိုင်နှင့် နေရသည်၊၎င်းစာထောက်နှစ်ပါးအောက်ကြမ်းပြင်၌ရေးမှတ်ရန် ထားပေးသောလူတယောက်ကို“စာမှတ်”ဟုခေါ်သည်။

ထိုနေ့က မိမိတို့ စာပြန်ပလ္လင်၌ "စာမှတ်" လုပ်သူကား အသက် ခြောက်ဆယ်ခန့်ရှိ၍နားအလွန်လေးသောသူ ဖြစ်လေသည်၊ အော်ပြော မှ ကြားသည်၊ အမည်ကိုတော့ မမှတ်မိတော့ပါ၊ သဒ္ဒေးကြီးဆရာဦးသွင် သည် မေးစစ်ရင်း အတော်စိတ်မချမ်းမြေ့ ဖြစ်နေချေပြီ၊ ယင်းအား မေးမြန်းသောအခါ ထိုနေ့က ဘာမျှရေးမှတ်စရာမရှိ၍ မှတ်တမ်း အောက် ဇယားထဲ၌ (ထောက်ရ)ဟု တကြိမ် ရေးမှတ်ခဲ့ကြောင်းနှင့် ဖြေကြား အစစ်ခံတော့သည်။

အမှန်က ထိုစာပြန်သူသည် အထောက်, အမ မရှိ ကျေပွန်ချော မောစွာ မှန်မှန် ကန်ကန်နှင့် ပြန်ဆိုနိုင်သူ ဖြစ်သည်၊ ထို့ကြောင့် မိမိက သဒ္ဒေးကြီး ဆရာဦးသွင်အား "စကင်း ဝိစိတ္တပဲ ဒကာကြီးရေ" ဟု ပြောထားမိခြင်း ဖြစ်သည်။

ဤကား စာထောက်သူတို့၏ အလေ့သဘာဝ စာကိုရလျှင် ရတယ် တော်တယ်၊ မရလျှင် မရဘူး အလကား လာညာနေတဲ့ အရှုပ်အပွေ သာ ဖြစ်တယ်၊ အညာမထိအောင် သတိထား ကြည့်လုပ်ကြဟု မိမိတို့ စာထောက် အချင်းချင်း ပြောနေကျ စကားပင် ဖြစ်၏၊ စာအောင် ဂေဇက် ပြန်တမ်း အမှန်သည် မှန်ကန်စွာ စာစစ်သူတို့၏ နှလုံးသား ထဲမှာသာ တည်ရှိသည်။

ယခုမူ စာအောင်ပြန်တမ်း ဂေဇက်ကိုလည်း ရိုးရိုးအောင် နှင့် ထူးချွန်ပြီးပြီ (ဝိသိဋ္ဌ နေရာ၌) ပြန်လည် ပြင်ဆင်ကာ မပေးနိုင်တော့ချေ၊ ထိုပုဂ္ဂိုလ်မှာ မတရားသော ဆုံးရှုံးရခြင်း ဖြင့် စိတ်ဓာတ်ကျဆင်းရတော့၏။

သဒ္ဒေးကြီး ဆရာဦးသွင်သည် စိတ်နှလုံး မအေးချမ်းတော့ပဲ ထို စာမှတ်လုပ်သူကို သဲသဲမဲမဲ ကြိမ်းမောင်းလျက်(မင်းထောင်ကျချင်

သလား၊ ထောင်ကျသွားနိုင်ကယ် စသည်ဖြင့် ရေရွတ်မြည်တွန်ကာ) ပြန်လွှတ် လိုက်တော့၏။

**မှတ်ချက်။** ။ယင်းပြဿနာကား အရည်အချင်း ဂုဏ်အင်္ဂါဘာမျှ မစစ်ဆေးပဲ ''လက်သင့်ရာ ဆတော်ခေါ် ဟူသော'' အာဏာရှင် အလုပ်မျိုးဖြစ်၍ ဆင်ခြင်စရာ ထုံးတခုဟု မှတ်ယူရပေမည်။

ဤ ပြဿနာ ပေါ်ပြီးသည့် နောက်ပိုင်း ကာလမှစ၍ သဒ္ဓေးကြီး ဆာဦးသွင်နှင့် (ဤကျမ်းပြုသူ) မိမိတို့သည် ရင်းနှီးသည်ထက် ပိုမို ရင်းနှီးကာ ဖေါ်ဖေါ်ရွှေရွှေ နီးနီးစပ်စပ် မကြာခဏ မျက်နှာချင်း ပြိုင် ရင်ချင်းဆိုင်၍ အမှတ်တရ စကားမှ စပြီးလျှင် ရယ်မောစရာ ပြက်ရယ် ပြောင်လှောင် ကျီစယ်ခြင်းသို့ တိုင်အောင် တဦးကို တဦး ပြောဆိုလျက် ချစ်ကြည်စွာ နေထိုင်ကြလေပြီ။

တိပိဋကရေ စာပြန်ပွဲကြီးကို ရက်ပေါင်း(၃၃)ရက်ကြာမျှ ကျင်းပ ခဲ့ရာ တနှစ်အတွက် ပြီးစီးသွားလေပြီ၊ မိမိလည်း ဖလ်ယဉ် ဓမ္မာရုံ ကြီးထဲ၌ ဆဋ္ဌပိဋကတော် စာပြင်ဌာနသို့ ပြန်လည်ဝင်ရောက် စစ်ဆေး ပြင်ဆင်၍ ဉာဏ, လုပ်အားပေးနေလေပြီ၊ သဒ္ဓေးကြီး ဆာဦးသွင်သည် မိမိတို့စာပြင်ဌာနသို့ မကြာခဏ လာရောက် ကြည်ညိုလေ့ရှိသည်။

မိမိတို့ စာပြင်ဌာန အနားယူသော အချိန်ပိုင်းမျိုး၌ကား အငယ် ဆုံးဖြစ်သော (မိမိအား ပုထုဇဉ်တို့ သဘာဝ ရှိတတ်သော သဒ္ဓေးမာန် ဖြင့် လေးစားမှုစိတ်ထားမပါပဲ) ရင်းနှီးချစ်ခင်မှုများဖြင့်သာ သူပြော လိုရာပြော၍ မေးလိုရာတို့ကို မေးမြန်းကျီစယ်လေ့ရှိသည်၊ သဒ္ဓေးကြီး နှင့် တွဲဖက်ပုဂ္ဂိုလ်တို့ကား နိုင်ငံတော် ရှေ့နေချုပ်ကြီး နိုင်ငံတော်

တရားဝန်ကြီးချုပ် ဦးသိမ်းမောင်, သာသနာရေး ဝန်ကြီးဟောင်း ဦးဝင်းစသည်တို့အပြင်အခြားသူများလည်းပါပါလာတတ်လေသည်။

မှန်ပါသည်၊ ဤ သုတေသန သမ္မာ မဂ္ဂင် ပဋ္ဌာကျမ်း၏ အစ ဥပါသကာ အခန်းကဏ္ဍ၌ ပထမ ပုစ္ဆာကား သင်္ဃေကြီး ဆာဦးသွင်နှင့် အပေါင်းပါတစုတို့က မိမိအား မလေးမစား ချစ်ကြည်သော အားဖြင့်၊ တနည်းဆိုသော် မလေးမနက် ပြက်ရယ်ကျီစယ်မှု သဘောဖြင့် မေးမြန်းချက် ပဋ္ဌာပင် ဖြစ်လေသည်။

ယင်းပြက်ရယ်ကျီစယ်မှု အမေးပဋ္ဌာမှစလျက် တစထက် တစ သိမ်မွေ့ခက်ခဲ နက်နဲလေးစားရသော အမေး အဖြေ အပိုင်းအခန်းများသို့ တက်လှမ်း တက်လှမ်းကာ ရောက်ရောက်သွားလျက် သာသနာတော်၏ အနှစ်သာရနှင့် စပ်သော သိလိုချက် ''သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လိုရေး စတဲ့'' လေးနက်သော ပဋ္ဌာပြဿနာများကို ဆက်ခါ ဆက်ခါ မေးမြန်း မှတ်သားကြခြင်း ဖြစ်တော့၏။

စာဖတ် သူခမိန်သည် ဤကျမ်းစာ၏ ပထမပိုင်း အစ ဥပါသကာ အခန်း ကဏ္ဍကို လှန်ကြည့်လိုက်ပါ၊ သင်္ဃေကြီး ဆာဦးသွင်နှင့် အပေါင်းပါတို့ စ,တင်မေးမြန်းပုံ ပထမ ပဋ္ဌာကို တွေ့ရပေလိမ့်မည်။

ထိုအမေး ပဋ္ဌာ၏ ဟန်ပန်မူရာ ရည်ရွယ်ချက် အနေ အထားနှင့် စကား အသွား အလာတို့ကို အကဲခတ်ကြည့်လျှင် ကျမ်းဆရာအား ကျီစယ်ထားခြင်းနှင့် သူတို့ ဖေါ်ပြသွားသော ဥပါသကာ၏ ရုပ်ပုံ အပြင်အဆင်အသွင်သဏ္ဌာန်ကိုပါ ပေါ်လွင်စွာတွေ့မြင်ရပါလိမ့်မည်။

ယင်းဥပါသကာ၏ ဗဟိဒ္ဓ ပိတ်ဖြူဝတ် ရုပ်လုံးဖေါ် မေးခွန်းပဋ္ဌာက စ၍ ဥပါသကာ အစစ်၏ အဇ္ဈတ္တ စိတ်ဓာတ်ဖြစ်ပုံ၊ ဥပါသကာ၏ ဂုဏ်ရည်၊ ဥပါသကာ၏ အင်္ဂါ၊သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ ဥပါသကာစစ်စစ်

ဖြစ်ရှိသွားဖို့ အရေးနှင့် ဥပါသကာ၏ ကက်လမ်းကျင့်စဉ် မဂ်,ဖိုလ်, နိဗ္ဗာန် ဝင်သည်အထိ အကျိုးခံစားခွင့် အသင့်ပြုလုပ် ထားရှိရမည့် ကိစ္စရပ်များ စသည်ဖြင့် သိမှတ်စရာ ဓမ္မာနုဓမ္မ ပဋိပတ် အကျင့်မြတ် ဂုဏ်ရည်တွေကား ဓမ္မဂုဏော အနန္တော ပြောမဆုံးပင် ရှိတော့သည်။

## အမေးပဉ္စာတွေ များလာပုံ

၎င်း ဓမ္မဂုဏ်တော် အနန္တထဲမှ ဤ သုတေသန သမ္မာ မဂ္ဂင် ပဥ္စာ ကျမ်း စာအုပ်ထဲသို့ ပြေးကာ ပြေးကာ ဝင် ဝင်လာကြသော အမေး ပဉ္စာအမျိုးမျိုးတွေ ကျယ်ပြန့်ကြီးထွားလာပုံ အကြောင်းရပ်တို့ကား ဤ ကျမ်းပြုသူ မိမိသည်—

(က) ၁။ မြန်မာပါဠိ အဘိဓာန်ကျမ်းကြီးကို ပြုစု ထုတ်ဝေ ပေးခဲ့ခြင်း။

၂။ မြန်မာမှ မြန်မာသို့ စံပြ အဘိဓာန်ကျမ်းကြီးကို ပြုစု ထုတ်ဝေပေးခဲ့ခြင်း။

၃။ စာပေဝိဒူ ရဟန်း ရှင်လူတို့ အနှစ်သက်ဆုံးဖြစ်သော သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီးကို ပြုစု ထုတ်ဝေ ပေးခဲ့ခြင်း။

၄။ ယောဂီလက်စွဲ ကျမ်းမြတ်ကို ထုတ်ဝေပေးခဲ့ခြင်း။

ယင်းသို့သော ကျမ်းစာအုပ်ကောင်းများကို အကြောင်းပြု၍ မိမိ၏ စာကြည့်ပရိသတ်များထဲမှ ၎င်းတို့သိလိုချက် အမေးပဉ္စာတွေ ရောက်ကာ ရောက်ကာ လာကြခြင်း။

ထိုမှတပါး အခြား အခြားသော အကြောင်းရပ်တို့ကား ဤ သုတေသန သမ္မာ မဂ္ဂင် ပဥ္စာကျမ်း ပြုသူ မိမိသည်—

( ခ ) လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီး၌ ဂေါပက အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

( ဂ ) ဆူးလေစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ကြီး၌လည်း ဩဝါဒါစရိယ ဆရာတော် ဖြစ်ပြန်ခြင်း။

( ဃ ) စေတိယင်္ဂဏ ပရိယတ္တိ စာမေးပွဲ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

( င ) ရန်ကုန်မြို့ ပဋ္ဌနိကာယ ဓမ္မသာကစ္ဆာ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

( စ ) ရန်ကုန်မြို့မင်္ဂလာဗျူဟာ အဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

( ဆ ) အသင်းသားပေါင်း တသောင်း ကျော်မျှ ရှိသော ဝေနေယျသုခ ရေချမ်းစင် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

( ဇ ) ရန်ကုန်မြို့လုံးဆိုင်ရာ မဟာရှင်သာမဏေ စာမေးပွဲကြီး၏ နာယက ဆရာတော် ဖြစ်ခြင်း။

( ဈ ) နံနက်ချိန်ခါ ကျန်းမာရေး စင်္ကြံလျှောက်ကြရာဝယ် ရွှေတိဂုံ–ပန်းခြံ မြက်ခင်းပေါ်၌ တွေ့ဆုံလေ့ရှိသော အိုင်·စီ·အက် ဝန်ကြီးဟောင်း မြန်အောင် ဦးတင်နှင့် အပေါင်းပါ အငြိမ်းစားအရာရှိကြီးများ၏ နှစ်သက်ဝမ်း သာစွာဖြင့် မေးမြန်းလာကြသော ပြဿနာများကိုလည်း ဖြေကြားပေးရခြင်း။

(ည) ထိုထို ရဟန်းခံ ရှင်ပြု ကျောင်းဘုရားစေတီ သိမ်သမုတ် အလှူပွဲတို့၌လည်းကောင်း၊ နားသ, နားထွင်း,လက်ထပ်ခြင်း မင်္ဂလာသဘင်တို့၌ လည်းကောင်း၊ ရတု, ရကန်, တေးထပ်, လေးချိုး, သံချို, ဩဘာစာ အမျိုးမျိုးတို့ကို ရွတ်ဆိုဖတ်ကြားရာ၌ သူမပါရင် မပြီးသခလောက် ရေပန်းစားခဲ့သော (**သုဓမ္မဝတီ ဦးပန်းမောင်**)နှင့် စာဆိုတော်ကြီးများ၏ မေးမြန်းမှု ပဥှာအမျိုးမျိုးတို့ကိုလည်း အစဥ်မကွာ ထိုထို ကျမ်းစာတို့မှ ရှာဖွေ ဖြေကြား၍ ပေးရခြင်း။

(ဋ) မြန်မာနိုင်ငံလုံး ဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်ခြင်း။

(ဌ) ရန်ကုန်မြို့ ယထာဓမ္မ သာသနာပြုအသင်းကြီး၏ နာယက ဆရာတော် ဖြစ်တော်မူခြင်း။

(ဍ) ရန်ကုန်မြို့ ဇိဝိတဒါန သံဃဆေးရုံကြီး၏ ဩဝါဒါစရိယ ဆရာတော် ဖြစ်တော်မူခြင်း။

(ဎ) ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် **သာသနာသန့်ရှင်း** တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့ကြီး၏ နိုင်ငံတော် သံဃမဟာနာယက ဒုတိယ ဥက္ကဌ ဆရာတော် ဖြစ်ခြင်း။

ယင်းဖော်ပြပါ က,ကြီးမှ ဎ,အထိ ထင်ရှားသော အကြောင်းခြင်းရာ ဂုဏ်အင်္ဂါ အဖြာဖြာ တို့ကြောင့် သာသန ဒါယကာ သဌေးကြီး ဆာဦးသွင်နှင့် အပေါင်းပါ ပုဂ္ဂိုလ်တစုတို့ စတင်၍ အမေးပြုလာကြပုံ ပဥှာရပ်ထဲ၌ ဟာသဉာဏ် ပါခင်သော ဥပါသကာ၏

အဆင်အပြင် အသွင်သဏ္ဌာန် ပုံဟန်ရှိသည့် အမေးပဥှာ တခုကို အကြောင်းပြု အစထား၍ အခြားအခြားသော အလေးဂရု ပြုစရာ သိမ်မွေ့နက်နဲ ခက်ခဲလျက် အနှစ်သာရတို့ဖြင့် ပြည့်နှက်ကာ အရေးပါသော အမေး ပဥှာ များစွာတို့လည်း ဖြစ်ရှိ ပေါ်ပေါက်ကာ လာကြလေပြီ။

ဤသို့လျှင် သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်နိုင်မှုကို သိရှိလိုကြကုန်သော သူတို့၏ အမေးပုစ္ဆာ ပဥှာအရပ်ရပ်တို့ အထပ်ထပ် များပြားသလောက် အမေးပဥှာရှင်တို့၏ အသည်းနှလုံးထဲ စွဲမက်မြတ်နိုးစွာ မှတ်သားဖွယ်ရာ အထောက် အထား အကိုး အကား များစွာတို့ဖြင့် ပြည့်စုံလုံလောက်သော ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ် ဖြစ်လာနိုင်မှုကို ရေးရှုလျက် ရေးပြုပေးသော ဝိသဇ္ဇနာ အဖြေလွှာ အထပ်ထပ်တွေလည်း တရစပ် တဆက်တည်း ကျယ်ပြန့်ကြီးထွား ဖြစ်ပွားပေါ်ထွန်း၍ လာကြရကား ဤမျှသော ကျမ်းစာအုပ်ကြီး အဖြစ်သို့ ရောက်ရှိရပါကြောင်း စာပေ သုခမိန် အပေါင်းတို့။

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

နိုင်ငံတော် သံဃမဟာနာယက

ဒုတိယ-ဥက္ကဋ္ဌ

ဖျာပုံတိုက်သစ်-သရက်တောတိုက်

ရန်ကုန်မြို့။

# မာတိကာ


| ရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **[ အ ]** | | |
| ၁ | အကုသိုလ်ကံ ပယ်နိုင်ပုံနည်း | .... | ၄၃၂ |
| ၂ | အကုသိုလ်တွေ ရှောင်ကြဉ်နေရင် သီလနဲ့ပြည့်စုံတာပဲ မဟုတ်လား | .... | ၄၂၁ |
| ၃ | အကောင်ပုပ် ပဉတ်နိမိတ်အာရုံဖြင့် ဝိပဿနာဉာဏ် ဖြစ်မည်လော | .... | ၃၀၅ |
| ၄ | အချိန်၏တန်ဖိုးကို လေးစားပါ | .... | ၇၂ |
| ၅ | အဆိုးဝါးဆုံးသော ရောဂါဆိုတာ ဘယ်ရောဂါမျိုးလဲ | .... | ၁၆၃ |
| ၆ | အဋ္ဌကထာဆိုတာ ဘာလဲ | .... | ၁၆၇ |
| ၇ | အတ္တအမျိုးအစား ဘယ်နှစ်ပါး ရှိပါသလဲ | .... | ၂၁၁ |
| ၈ | အတ္တမှကင်းလွတ်ပုံ နည်းကလေးများ | .... | ၂၁၃ |
| ၉ | အထက်ဂိုဏ်း အထွက်ဂိုဏ်းသမားလား | .... | ၇ |
| ၁၀ | အထက်ဆရာကြီးတွေ ကိုးကွယ်သူဟာ သီလဗ္ဗတုပါဒါန် ဖြစ်နိုင်ပါသလား | .... | ၂၀၂ |
| ၁၁ | အဓိဝါသနခန္တီနဲ့ အနုလောမခန္တီဟာ ဘယ်လိုထူးခြားသလဲ | .... | ၅၅၆ |
| ၁၂ | အနတ္တက အတ္တဖြစ်လာပြန်ခြင်းများ | .... | ၁၀၆ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃ | အနတ္တဆိုတာ ဘာတွေလဲ ဘာကြောင့် ဘာဖြစ်လို့ အနတ္တမည်တာလဲ | .... | ၁၅၄ |
| ၁၄ | အနာဂါမ်၏အရိုးများ ဓာတ်တော် ဖြစ်နိုင်သလား | .... | ၄၆၆ |
| ၁၅ | အနာဂါမိမဂ်ကုသိုလ်က ဗြဟ္မာ့ဘုံပို့သလော စျာန်ကုသိုလ်က ပို့သလော | .... | ၂၃၅ |
| ၁၆ | အနာထပိဏ်သဌေးကတော်ကြီး၏ နာမည် ဘယ်လိုခေါ်သလဲ | .... | ၅၆၁ |
| ၁၇ | အနိစ္စကို နိစ္စဖြစ်အောင် လုပ်နည်းရှိသလော | .... | ၇၁ |
| ၁၈ | အနိစ္စဆိုတာ အဲဒါပဲ ဒကာကြီးတို့ | .... | ၁၇၃ |
| ၁၉ | အနိစ္စ ဒုက္ခ အနတ္တကို ရွတ်ဆိုပြီး ပုတီးစိပ်ကောင်းပါသလား | .... | ၁၁၆ |
| ၂၀ | အနိစ္စ ဒုက္ခ အနတ္တဆိုတာ ဘာတွေလဲ | .... | ၁၇၁ |
| ၂၁ | အနောဓိသမေတ္တာ ပွားများနည်း | .... | ၇၀၁ |
| ၂၂ | အပြုလုပ်ခံ သင်္ခါရမျိုးများ | .... | ၄၀၈ |
| ၂၃ | အပြုသင်္ခါရ အလုပ်သမားများ | .... | ၄၀၇ |
| ၂၄ | အဘိညာဉ်ဇောစိတ် တကြိမ်နဲ့ ဘဝများစွာကို သိနိုင်တယ်ဆိုတာ ဟုတ်ပါမည်လား | .... | ၅၂၇ |
| ၂၅ | အဘိဓမ္မာနည်း ဒါန | .... | ၆၇၅ |
| ၂၆ | အမေးပဥှာတွေ များလာပုံ | .... | (ဗ) |
| ၂၇ | အရန်သောတာပန်အဆင့် | .... | ၂၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈ | အရဟတ္တမဂ်ဖိုလ် ရမည့်သူကို သတ်လို့မသေဘူးလား .... | ၁၉၉ |
| ၂၉ | အရိယာတို့၏ ဝေါဟာရစကား ရှစ်ပါးဆိုတာ ဘာတွေလဲ .... | ၅ဝ၆ |
| ၃ဝ | အရိယာများဟာ လောကီချမ်းသာအတွက် သမထဘာရေး ပွားများသေးသလား .... | ၅၅ဝ |
| ၃၁ | အရိယာဝင် သောတာပန်အဆင့် .... | ၂၂ |
| ၃၂ | အရေခြုံ သရဏဂုံခံများ .... | ၆ |
| ၃၃ | အလုပ်သံသည် အပြောသံထက် ပို၍မြည်၏ .... | ၉၃ |
| ၃၄ | အရှင်ဝိစိတ္တ ဓမ္မဘဏ္ဍာဂါရိကထေရ်က အလွန်အဖိုးတန်သော မော်တော်ယာဉ်ကြီးကို ဘာ့ကြောင့် မခံယူ မသုံးဆောင်ပါသလဲ .... | ၆ဝ၁ |
| ၃၅ | အလုပ်သသမား မဂ္ဂင် ငါးပါး .... | ဂ၉ |
| ၃၆ | အလှူရှင်တို့ စိတ်ထားရမည့် နည်းနယများ .... | ၆၇ဂ |
| ၃၇ | အဝိဇ္ဇာပစ္စယာ သင်္ခါရာ ကုသိုလ်လုပ်တာ မိုက်လို့တဲ့ .... | ၃၁၃ |
| ၃ဂ | အသက်(၇)နှစ်သားမျှရှိတဲ့ သာမဏေငယ် ရဟန္တာကလေးတွေကို ရဟန်း, ပဥ္စင်း ပြုပေးနိုင်သလား .... | ၆၂၁ |
| ၃၉ | အသူရာဆိုတာ နတ်လား ပြိတ္တာလား .... | ၆၅၄ |
| ၄ဝ | အသောကမင်းကြီး၏ နောက်ဆုံးမှာတမ်းတော် | ၃၂၇ |
| ၄၁ | အသောကနှင့် မှတ်သားဖွယ်များ .... | ၃၂ဂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **[အာ]** | |
| ၄၂ | အာဏာစက် ဓမ္မစက်ဆိုတာ ဘာတွေကို ခေါ်တာလဲ .... | ၄၇၀ |
| ၄၃ | အာဏာစက်က ဘယ်မင်းလက်ထက်မှာ စ,ပေါ်တာလဲ .... | ၄၇၁ |
| ၄၄ | အာဒိဗြဟ္မစရိယသီလဆိုတာ ဘယ်သီလမျိုးလဲ ဘယ်တရား၏ အစ အဦး အာဒိလဲ .... | ၆၄၅ |
| ၄၅ | အာနာပါန၏ တန်ခိုးတော် .... | ၅၄၉ |
| ၄၆ | အာယတနဆိုတာ ဘာလဲ ဘာကြောင့် အာယတန ခေါ်သလဲ .... | ၂၇၀ |
| ၄၇ | အားထုတ်ပြုလုပ်မှု သခ်ါရဟာ ဆင်းရဲဒုက္ခတွေတဲ့လား .... | ၄၆၇ |
| | **[ဣ]** | |
| ၄၈ | ဣဒ္ဓိဝိဓအဘိညာဉ်သိဒ္ဓိရှင် လုပ်ငန်း .... | ၆၆ |
| ၄၉ | ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဆိုတာ ဘယ်လို ဣန္ဒြေတွေလဲ .... | ၂၇၄ |
| ၅၀ | ဣရိယာပုထ်လေးပါးတို့တွင် ဘယ်ဣရိယာပုထ်ကို ဘုရားရှင်ကြည်ညိုလေးစားပါသလဲ .... | ၄၇၇ |
| | **[ဤ]** | |
| ၅၁ | ဤကျမ်းစာဖြစ်ပေါ်လာပုံ ခြင်းရာစုံ .... | (ဝဲ) |

ဦးရေ အကြောင်းအရာ စာမျက်နှာ

[ ဥ ]

၅၂ ဥစ္စာဒိဋ္ဌိ ယူပုံ တိုတိုကလေးမေး .... ၄၆၁
၅၃ ဥပါဒါနက္ခန္ဓာ ရှိသလို အနုပါဒါနက္ခန္ဓာ ရှိသလော .... ၃၇၇
၅၄ ဥပါသကာ မေး ဖြေ ကဏ္ဍ .... ၁
၅၅ ဥပါသကာ အင်္ဂါ လေးပါး .... ၂
၅၆ ဥပုသ်သည်တို့မှာ သီလတပါး ပျက်လျှင် အကုန်လုံး ပျက်ကရောလား .... ၆၄၀
၅၇ ဥပုသ်သည်များ သီချင်းဆိုသံကို နားထောင် ကောင်းသလား .... ၁၄၁

[ ဧ ]

၅၈ ဧဟိဘိက္ခု ရဟန်းအဖြစ်ဟာ ဘယ်အဆင့် အတန်း ရှိသူများ အတွက်လဲ .... ၄၉၀
၅၉ ဧဟိဘိက္ခု ရဟန်းဖြစ်အောင် ပြုလုပ်နည်း .... ၅၂၈

[ ဩ ]

၆၀ ဩမိသမေတ္တာ ပွားများနည်း .... ၆၉၉

[ က ]

၆၁ ကပြား ဗုဒ္ဓဘာသာများ .... ၅
၆၂ ကဗျာဆရာတို့ လောကနတ်ဘမျိုး .... ၃၄၈
၆၃ ကံ,ကံ၏ အကျိုးလောက်ကို သိရှိရုံနဲ့ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်ကရောလား .... ၆၈၇

## မာတိကာ


| ခေါင်းစဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၄ | ကံဆိုတာ ဘာလဲ သူ့မှာ သတ္တိရှိသလား | .... | ၂၃၁ |
| ၆၅ | ကမ္ဘာလောကကြီးကို ဖန်ဆင်းပေးသူအစစ် အမှန်ဟာ ဘယ်သူလဲ | .... | ၄၅၇ |
| ၆၆ | ကမ္မဋ္ဌာန်းတရားတိုင်း ဈာန်မရနိုင်ဘူးလား | .... | ၅၆ |
| ၆၇ | ကမ္မဋ္ဌာန်းတရားတိုင်း ဈာန်ရနိုင်သလား | .... | ၄၅၉ |
| ၆၈ | ကမ္မဋ္ဌာန်းတရားတို့တွင် အကောင်းဆုံး အရှင်းဆုံး ကမ္မဋ္ဌာန်း | .... | ၄၅၅ |
| ၆၉ | ကမ္မဋ္ဌာန်းထိုင်သူဟာ ညောင်းရင် မပြင်ရဘူးလား | .... | ၁၄၄ |
| ၇၀ | ကမ္မဋ္ဌာန်းလေးဆယ်ဆိုတာ | .... | ၅၅ |
| ၇၁ | ကာမဂုဏ်ချမ်းသာတကာတွေထဲမှာ ဘယ်ကာမဂုဏ်ဟာ အချမ်းသာဆုံးလဲ | .... | ၂၀၉ |
| ၇၂ | ကာယဂတာသတိ ဘာဝနာဆိုတာ ၃၂-ကောဋ္ဌာသလား | .... | ၂၃၆ |
| ၇၃ | ကာဠုဒါယီထေရ် လျှောက်ထားတာ ဂါထာ ၆၀-လား ၆၄-ဂါထာလား | .... | ၅၈၂ |
| ၇၄ | ကိလေသစဥ္စ မပါတဲ့ သခ်ါရ | .... | ၃၁၄ |
| ၇၅ | ကုလဒူသန-ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတယ်ဆိုတာ ဘယ်လိုဖျက်ဆီးတာလဲ | .... | ၆၈၉ |
| ၇၆ | ကုသိုလ်ပယ်နိုင်ပုံနည်း | .... | ၄၃၁ |
| ၇၇ | ကုသိုလ်လုပ်လို့ ကုသိုလ်ရတာ ဟုတ်ရဲ့လား | .... | ၃၀၉ |
| ၇၈ | ကိုးပါးသီလ ခံယူကောင်းသလော | .... | ၆၆၀ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၉ | ကိုယ်တိုင် ပထမံ သိဒ္ဓိရှင်ကြီး ဖြစ်အောင် လုပ်နည်း | .... | ၅၉ |
| ၈၀ | ကိုယ့်ဘုန်းကံကိုသာ ကိုယ်ယုံကြည် တဲ့ သမ္မာဒိဋ္ဌိသမားကြီး | .... | ၁၉ |
| ၈၁ | ကိုလိုနီ စကားပုံ တခု | .... | ၈၇ |
| ၈၂ | ကောင်းမှုရှင်ဆိုတာ ရှိသလော | .... | ၁၆၅ |
| ၈၃ | ကျမ်းဆရာ၏ သမ္မာဝိတက်ဖြင့် နှုတ်ဆက်လွှာ | .... | (စ) |
| ၈၄ | ကျိုက္ခမီဘုရား တန်ဆောင်းပေါ် မိန်းမများ တက်ကောင်းသလော | .... | ၄၃၇ |
| ၈၅ | ကျိုက်ထီးရိုးစေတီဘက် မိန်းမများ တက်ကောင်းသလော | .... | ၄၃၅ |
| ၈၆ | ကျိန်ဆဲလို့ ကျိန်စာသင့်နိုင်သလား | .... | ၂၃၇ |
| ၈၇ | ကြည်လင်တောက်ပနေတဲ့ စိတ်မနောကို သူ့အတိုင်းထားလို့ ရပါသလော | .... | ၃၆၀ |
| | **[ ခ ]** | | |
| ၈၈ | ခဏိက သမာဓိ အလုပ်စခန်း နိဗ္ဗာန်လမ်း | .... | ၈၁ |
| ၈၉ | ခဏိကသမာဓိဆိုတာ ရှိကောင်းသလော | .... | ၃၇၃ |
| ၉၀ | ခဏိကသမာဓိ ဖြစ်ပေါ်ပုံ | .... | ၈၄ |
| ၉၁ | ခန္တီနဲ့ ဥပေက္ခာ ဘာများထူးခြားသလဲ | .... | ၆၃၈ |
| ၉၂ | ခန္ဓာ အာယတန ဓာတ်တိုင်း သံသရာဝဋ် ဒုက္ခ မည်သလား | .... | ၃၉၀ |
| ၉၃ | ခုခေတ် ဒိဗ္ဗစက္ခုဆရာကြီးတွေ | .... | ၇၆ |

သုဓမ္မဝတီ (က) ၁၈၄-၈

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **[ ဂ ]** | | |
| ၉၄ | ဂတိမြဲတာ ဘယ်သူတွေလဲ | .... | ၁၄၉ |
| ၉၅ | ဂါမဝါသီရဟန်းတို့ မနေအပ်သောရွာနှင့် ကျောင်းများ ရှိပါသလား | .... | ၂၃၄ |
| ၉၆ | ဂေါတမဗုဒ္ဓဟာ ဘာကြောင့် သက်တမ်း တိုရသလဲ | .... | ၅၀၈ |
| | **[ ဃ ]** | | |
| ၉၇ | ဃဋိကာရ ဗြဟ္မာမင်း ပေးလှူသွားတဲ့ မြေသပိတ်တော်ဟာ ဘယ်မှာကွဲပျောက်လို့ ကျောက်ညိုသပိတ်လေးလုံးကို လာလှူရတာလဲ | | ၅၂၁ |
| | **[ င ]** | | |
| ၉၈ | ငါ, ငါ့ဥစ္စာမှ မရှိတဲ့ ဝိပဿနာကို ရှု,ရှု နေတာ ဘယ်သူ့အတွက်လဲတဲ့ | .... | ၄၂၃ |
| ၉၉ | ငါးပါးသီလဟာ လူတို့၏ နိစ္စသီလလော | .... | ၆၄၃ |
| | **[ စ ]** | | |
| ၁၀၀ | စစ်တုရင်, ကျား ကစားတာဟာ ကမ္မဋ္ဌာန်း သမာဓိ အလုပ်လော | .... | ၂၇၇ |
| ၁၀၁ | စရဏနဲ့ ဝိဇ္ဇာတရား ခြားနားပုံများ | .... | ၈၅ |
| ၁၀၂ | စာဂါနုဿတိနဲ့ အဘိဓမ္မာနည်း ဒါန | .... | ၆၇၅ |
| ၁၀၃ | စာဖတ်သူတို့ ချင်ခြင်းတမျိုး | .... | (၃) |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၄ | စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုတာ ပရမတ္ထတရား ဟုတ်ရဲ့လား .... | ၄၆၂ |
| ၁၀၅ | စိတ်နာမ်လျှင်မြန်ပုံ ကာလ ပမာဏ အမေး .... | ၁၄၃ |
| ၁၀၆ | စိတ်ပုတီးဆိုတာ ဘာစကားလဲ .... | ၂၀၀ |
| ၁၀၇ | စိတ်ဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲ .... | ၄၅၆ |
| ၁၀၈ | စူဠပန် ၄-လကျက်လို့ မရတဲ့ ဂါထာ သိပါသလား .... | ၆၁၇ |

[ ဆ ]

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၉ | ဆရာကောင်းရှာနည်း ဘုရားဟော ရှိပါသလား .... | ၁၁၃ |
| ၁၁၀ | ဆရာတော် ဦးသြဘာသနဲ့ ဆက်ရင် ပျက်တော့မှာပဲတဲ့ .... | ၂၉ |
| ၁၁၁ | ဆရာတော်က ကိုးပါးသီလ မပေးဘူးလား .... | ၆၆၃ |
| ၁၁၂ | ဆရာတော် ပြပေးနေတဲ့ ဝိပဿနာတရား ရှုပွားသူ ဘယ်လောက်များများ ရှိပါသလဲ .... | ၁၇၈ |
| ၁၁၃ | ဆရာမရှိပဲ တရားအားထုတ်ချင်ရင် ဘာတွေ သိထားရမှာလဲ .... | ၂၂၂ |
| ၁၁၄ | ဆုမတောင်း ကောင်းဘူးလား ဆုတောင်းကောင်းသလား .... | ၁၂၂ |
| ၁၁၅ | ဆွမ်းစားပြီးနောက် ဗုဒ္ဓဘုရားအနားယူသလား | ၁၆၆ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **[ ဇ ]** | |
| ၁၁၆ | ဇရာ မရဏကို ပဋိစ္စသမုပ္ပါဒ်တရားက ဘာကြောင့် အင်္ဂါတပါးတည်း ယူရသလဲ .... | ၂၄၆ |
| ၁၁၇ | ဇရာမျိုးက ၂-ပါး ရှိတယ်လေ .... | ၂၄၇ |
| ၁၁၈ | ဇာတိမျိုးရိုးလိုက်၍ သူယုတ် သူမြတ် ပညာရှိ ဖြစ်သလော .... | ၂၀၆ |
| ၁၁၉ | ဇောတိက အနာထပိဏ် ဘဝမျိုးကို ရယူနိုင်ရန် ဗုဒ္ဓဟောကြား အားပေးလက်ခံတယ် မဟုတ်ပါလား | ၃၀၅ |
| | **[ ဈ ]** | |
| ၁၂၀ | ဈာန် အဘိညာဉ် ပုဒ်ခွဲခန်း .... | ၆၂ |
| ၁၂၁ | ဈာန် ကုသိုလ်စိတ်နဲ့ ဝိပဿနာ ကုသိုလ်စိတ်ဟာ အတူတူပဲလား .... | ၂၀၃ |
| ၁၂၂ | ဈာန်ဆိုတာဟာ ဘာလဲ .... | ၅၁ |
| ၁၂၃ | ဈာန်ရတိုင်း ဈာန်ပျံနိုင်သလား .... | ၄၅၈ |
| ၁၂၄ | ဈာန်ဝင်စားပုံ နည်းမျိုး လေးပါး .... | ၅၂ |
| | **[ ည ]** | |
| ၁၂၅ | ညီတော် အာနန္ဒာကို မည်သူတရားဟောလို့ သောတာပန် ဖြစ်တာလဲ .... | ၄၉၁ |
| | **[ တ ]** | |
| ၁၂၆ | တံငါ ဝက်မွေး အလုပ်နဲ့မှ ချမ်းသာတာ ဘာကုသိုလ်တွေ လုပ်ခဲ့လို့လဲ .... | ၆၂၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၇ | တင်ပလ္လင်ခွေ ထိုင်ပုံနည်း အဖွင့် ဋီကာ ရှိသလား | ၄၄၀ |
| ၁၂၈ | တရားတော်မြတ်၏ ကောင်းခြင်း သုံးပါးဟာ ဘာတွေ ဘယ်လိုကောင်းတာလဲ .... | ၅၇၁ |
| ၁၂၉ | တရားမှတ်ဆဲ ယောဂီမှာ ဝေဒနာချုပ်တယ် ဆိုတာ ဟုတ်မှန်ပါသလား .... | ၄၀၁ |
| ၁၃၀ | တလမ်းသွား နိဗ္ဗာန်စခန်း ထွက်ပေါက် ညွှန်းတမ်း .... | ဂ၀ |
| ၁၃၁ | တာဒိဂုဏ်ဆိုတာ ဘာတွေလဲ .... | ၅၁၁ |
| ၁၃၂ | တိပိဋကဓရနှင့် စာမှတ်ပုဂ္ဂိုလ် .... | (ဓ) |
| ၁၃၃ | တိပိဋကဓရနှင့် သဒ္ဒေးကြီး ဆာဦးသွင် .... | (ဒ) |
| ၁၃၄ | တိဟိတ်ဩမကာ ကုသိုလ်ဆိုတာ ဘယ်လို ပြုလုပ်လို့လဲ .... | ၂၆၉ |
| ၁၃၅ | တိုတို ကျဉ်းကျဉ်းကလေးနဲ့ အာနာပါန သမထနည်းနှင့် ဝိပဿနာရှုပုံ .... | ၃၇၉ |
| ၁၃၆ | တောထွက် ဘုန်းကြီးတပါးက ခုမှ နှစ်ထပ် သက်န်းမှန်း သိပုံ .... | ၂၅၁ |
| ၁၃၇ | တော်လှန်စရာကို တော်လှန်လိုက်ပါ .... | ၄၀ |


[ထ]


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၈ | ထပ်မံ၍ ထင်ရှားစေခြင်း .... | |
| ၁၃၉ | ထွက်လေ ဝင်လေ အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ် တတ်ရင် စူဠသောတာပန်ဆိုတာ ဟုတ်ပါသလား | ၂၈၇ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄၀ | ထွက်လေ ဝင်လေ ထိသိ မှတ်နေတာကလေးနဲ့ လောဘ ဒေါသ မောဟ ကင်းငြိမ်းကာ သိဒ္ဓိရှင် ဖြစ်နိုင်သလား | .... | ၃၆၅ |
| | [ ဒ ] | | |
| ၁၄၁ | ဒကာကြီးတို့ရဲ့ အဆင့်အတန်းကတော့ | .... | ၂၂ |
| ၁၄၂ | ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုး ဆယ်ပါး | .... | ၃၆ |
| ၁၄၃ | ဒါနကုသိုလ်က နိဗ္ဗာန်မရ ဝဋ္ဋဒုက္ခကိုသာ ပေးတယ်ဆိုတာ မှန်သလား | .... | ၃၀၁ |
| ၁၄၄ | ဒါနကုသိုလ် မဂ် ဖိုလ် မရဘူးလား | .... | ၄၄၆ |
| ၁၄၅ | ဒါနနှင့် စာဂဟာ အတူတူပဲလော | .... | ၆၇၄ |
| ၁၄၆ | ဒါနနဲ့ ပရိစ္စာဂ ဘာထူးသလဲ | .... | ၆၇၆ |
| ၁၄၇ | ဒါနနှင့် သီလသည် မဂ္ဂင်ရှစ်ပါးထဲ မပါဝင်ဘူးလား | .... | ၃၅၄ |
| ၁၄၈ | ဒါန, သီလ,သမထကုသိုလ်တို့က ကိလေသာတို့ကို မပယ်နိုင်ဘူးလား | .... | ၂၂၄ |
| ၁၄၉ | ဒါန,သီလ,သမထသည် မှားသော မိစ္ဆာအကျင့်လော | .... | ၁၂၀ |
| ၁၅၀ | ဒိဋ္ဌ,သုတ,ကိုတော့ သိပါသည် မုတ ဆိုတာ ဘာအနက်သဘောလဲ | .... | ၆၇၀ |
| ၁၅၁ | ဒိဋ္ဌိစွဲ, တဏှာစွဲ, ဥပါဒါန်စွဲ ကွဲပြား ခြားနားမှု | .... | ၂၄၃ |
| ၁၅၂ | ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဘယ်သူက ပိုဆိုးသလဲ | .... | ၁၈၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၃ | ဒိဋ္ဌိပယ်ပြီးသွား အနာဂါမ်၌ ငါဆိုတဲ့ အသ္မိမာန,က ဘယ်လိုဖြစ်တာလဲ .... | ၂၃၈ |
| ၁၅၄ | ဒိဗ္ဗစက္ခု အဘိညာဉ်၏ တန်ခိုး စွမ်းအင်များ အဘယ်မျှ ရှိသနည်း .... | ၅၃၂ |
| ၁၅၅ | ဒိဗ္ဗစက္ခု အဘိညာဉ် ဝင်စားပုံ .... | ၆၃ |
| ၁၅၆ | ဒိဗ္ဗစက္ခုဉာဏ်မှ သစ္စာဉာဏ်သို့ .... | ၇၅ |
| ၁၅၇ | ဒိဗ္ဗစက္ခုဖြင့် နိဗ္ဗာန်လမ်းစ, မြင်ပုံ .... | ၇၃ |
| ၁၅၈ | ဒိဗ္ဗသောတ အဘိညာဉ်ခန်း .... | ၆၅ |
| ၁၅၉ | ဒီလို လုပ်ကြစို့ ဒကာကြီးတို့ .... | ၅၉ |
| ၁၆၀ | ဒုက္ကရ စရိယာကို ဘယ်ကာလမှာ စွန့်၍ ဘုရားဖြစ်ရန် ဘယ်တရားက စ,တင်ကျင့်ကြံ အားထုတ်ပါသလဲ .... | ၅၄၇ |
| ၁၆၁ | ဒုက္ကရ စရိယာ ဆိုတာ မိစ္ဆာဒိဋ္ဌိ အကျင့်လား | ၅၄၁ |
| ၁၆၂ | ဒုက္ကရစရိယာကျင့်မှ ဘုရားဖြစ်ရသလား .... | ၅၄၃ |
| ၁၆၃ | ဒုက္ခနဲ့ အရင်းတည်မှ သုခနိဗ္ဗာန်ကို ရတော့မှာလား .... | ၂၀၀ |
| ၁၆၄ | ဒုက္ခသစ္စာကို ပိုင်းခြားသိမှတ်ရာ၌ နည်းသုံးဖြာဆိုတာ ဘာလဲ .... | ၂၀၄ |
| ၁၆၅ | ဒုဗ္ဗလ ဝိပဿနာဆိုတာ ဘာလဲ .... | ၂၂၀ |


[ဓ]


| | | |
|---|---|---|
| ၁၆၆ | ဓမ္မဂုဏ်လဲ မသိ မပိုင် .... | ၆ |
| ၁၆၇ | ဓမ္မစေတီဆိုတာ ဘာလဲ .... | ၁၂၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၈ | ဓမ္မတာကျ ဓမ္မရာဂဆိုတာ ရှိသလား ဘယ်တရားမျိုးတွေလဲ | .... | ၃၄၄ |
| ၁၆၉ | ဓမ္မဒါန ဆိုသည်မှာ | .... | (ဂ) |
| ၁၇၀ | ဓမ္မဒါန၌ အလှူခံသူ ပုဂ္ဂိုလ်ဒြပ် ရှိသလော | .... | ၁၄၆ |
| ၁၇၁ | ဓမ္မာနုသာရီ ပုဂ္ဂိုလ် | .... | ၂၀ |
| ၁၇၂ | ဓာတ်ကြီးလေးပါး ခွဲခြားမှု အကျဉ်းဆုံး ဓာတ်ကမ္မဋ္ဌာန်း ရှိပါသလား | .... | ၁၉၅ |
| ၁၇၃ | ဓာတ်တခုရဲ့ သူ့သဘာဝ | .... | ၁၀၆ |
| ၁၇၄ | ဓာတ်ဆိုတာ ဘာလဲ ဘာကြောင့် ဓာတ်ကို ဟောရသလဲ | .... | ၂၇၁ |
| ၁၇၅ | ဓာတ်သဘောဆိုတာ ဘာတွေလဲ တိုတိုနဲ့ ထိထိ မိမိ သိပါရစေ ဆရာတော် | .... | ၁၀၅ |


## [န]


| | | | |
|---|---|---|---|
| ၁၇၆ | ၂-နံပါတ် သရဏဂုံ အစစ် | .... | ၁၂ |
| ၁၇၇ | နံပါတ် (၁) သူရသတီ | .... | ၃၃၅ |
| ၁၇၈ | နံပါတ် (၂) သူရသတီ | .... | ၃၃၇ |
| ၁၇၉ | နတ်ကိုးကွယ် ပ, သသော် မိစ္ဆာဒိဋ္ဌိ ဖြစ်သလော | .... | ၂၀၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈၀ | နတ်ကိုးကွယ် ပ, သ ပူဇော်လို့ မိစ္ဆာဒိဋ္ဌိ မဖြစ်တဲ့နည်း ရှိသလော | .... | ၂၉၀ |
| ၁၈၁ | နတ်တွေမှာ အိုတဲ့ဇရာ မရှိဘူးလား | .... | ၂၄၇ |
| ၁၈၂ | နတ်ဖမ်းစားခြင်းနဲ့ နက်က မ, စခြင်းများ ရှိပါသလော | .... | ၂၈၅ |
| ၁၈၃ | နတ်ဖြစ်ရတာ မကောင်းဘူး ဆိုပါ့ကလား | .... | ၁၉၀ |
| ၁၈၄ | နတ် ပြဟ္မာ ဘိုးဘိုးအောင်တို့အတွက် မီးကုန် ယမ်းကုန် အဖြေ | .... | ၁၉၀<br>၂၉၁ |
| ၁၈၅ | နတ် မကိုင်ခင် သူတို့က အရင်ကိုင်မှာ | .... | ၂၅ |
| ၁၈၆ | နာနာဘာ၀ ၀ိနာဘာ၀ဆိုတာ တစ္ဆေ သရဲတွေလား | .... | ၆၁၂ |
| ၁၈၇ | နာမ် ကလာပ်စည်းကော မရှိကောင်းဘူးလော | | ၃၇၁ |
| ၁၈၈ | နာမ် ပရမတ် သဘောကွဲ မှတ်ပုံ | .... | ၈၆ |
| ၁၈၉ | နိစ္စပတ်၀တ်လား နိစ္စဘတ်၀တ်လား | .... | ၂၉၈ |
| ၁၉၀ | နိဒါန်း အကြောင်းအရာ | .... | (စ) |
| ၁၉၁ | နိဗ္ဗာန်ကို ကွန်ပြူတာစတဲ့ သိပ္ပံနည်းနဲ့ ရှာလို့ ရ,မရ | .... | ၁၂၃ |
| ၁၉၂ | နိဗ္ဗာန်ကို မျက်မှောက်ပြုပုံနည်း တိုတို ကျဉ်းကျဉ်းကလေး | .... | ၄၁၆ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၃ | နိဗ္ဗာန်ဆုတောင်းကိစ္စ အမေးကလေး | .... | ၂၀၅ |
| ၁၉၄ | နိဗ္ဗာန်မျက်မှောက်ပြုပုံ ၄-နံပါတ်ပဉ္စာ၏အဖြေ | .... | ၉၈ |
| ၁၉၅ | နိဗ္ဗာန်မှာ ခံစားမှု ဝေဒနာမှ မရှိတဲ့ဟာ ဘယ့်နှယ်လုပ် ချမ်းသာတာလဲ | .... | ၄၁၉ |
| ၁၉၆ | နိဗ္ဗာန်ဟာ နိစ္စသုခရှိနေတဲ့ အတ္တလော | .... | ၁၅၅ |
| ၁၉၇ | နိယတဂတိကော မြဲသောဂတိဆိုတာ ဘာတွေလဲ | | ၁၄၉ |
| ၁၉၈ | နေ့ခံလို့ ညစံရတာ ဘာကြောင့်လဲ | .... | ၆၅၆ |

## [ ပ ]

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၉ | ပကိဏ္ဏက ပဉ္စာကဏ္ဍ | .... | ၁၀၁ |
| ၂၀၀ | ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိမျိုး | .... | ၃၂ |
| ၂၀၁ | ပစ္စေကဗုဒ္ဓါ တရားဟောသလား | .... | ၂၀၇ |
| ၂၀၂ | ပစ္စေကဗုဒ္ဓါ ပေးလှူလို့ နိဗ္ဗာန်မရနိုင် | .... | ၂၀၈ |
| ၂၀၃ | ပစ္စေကဗုဒ္ဓါသည် ရဟန်းပြုပေးနိုင်သလော | .... | ၅၇၄ |
| ၂၀၄ | ပစ္စေကဗုဒ္ဓါဟာ တရားဟောနိုင်ပါတယ် | .... | ၆၂၄ |
| ၂၀၅ | ပစ္ဆိမဘဝိကသားများ သေတွင်းထဲကျနေတာ ဘာကြောင့် မသေကြပါသလဲ | .... | ၆၃၁ |
| ၂၀၆ | ပဉ္စာနန္တရိယကံ ထိုက်သူတိုင်း အဝီစိငရဲ ကျသလော | .... | ၄၈၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀၇ | ပညာ အတိမ့်အနက် သိနည်း | .... | ၁၃၈ |
| ၂၀၈ | ပညာနှင့်ဉာဏ် ထူးသလော | .... | ၁၁၁ |
| ၂၀၉ | ပညာပါရမီ ရယူလိုသူတို့၏ ဓမ္မဒါနဆိုသည်ကား | | (ဃ) |
| ၂၁၀ | ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးထဲမှာ ဇရာ, မရဏ တွင် ရပ်၍ သောက, ပရိဒေဝတို့ကို ဘာကြောင့် မယူပါသနည်း | .... | ၂၄၈ |
| ၂၁၁ | ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံ ကိရိယာနှင့် အားမပေးစက်ဘီးကြီး (၂)ခု ဆိုတာ | .... | ၁၆၁ |
| ၂၁၂ | ပဋိစ္စသမုပ္ပါဒ်မှာ ဘဝတခုတည်းကိုပဲ ကမ္မဘဝ, ဥပပတ္တိဘဝ ၂-မျိုးခွဲရတာ ဘာထူးလို့လဲ | .... | ၂၅၂ |
| ၂၁၃ | ပဋိဝေဓပုဂ္ဂိုလ် ၂-ပါးဆိုတာ ဘယ်သူတွေလဲ | .... | ၁၈၇ |
| ၂၁၄ | ပဋိသန္ဓေနေတယ် စုတိကယ်ဆိုတာ ဗုဒ္ဓနည်းက ဘယ်လိုဟာကို ခေါ်ဆိုတာပါလဲ | .... | ၃၀၂ |
| ၂၁၅ | ပရစိတ္တ ဝိဇာနန ဉာဏ်စခန်း | .... | ၆၆ |
| ၂၁၆ | ပရမတ္ထတရားများဟာ ထင်ရှားရှိနေပါလျက် ဘာကြောင့် သုညဟု တွက်ယူခေါ်ဆိုပါသနည်း | | ၃၆၃ |
| ၂၁၇ | ပသေနဒီ ကောသလမင်းကြီး၏ နေပြည်တော်က ဘယ်မြို့လဲ | .... | ၄၉၆ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁၈ | ပါဠိဟာရိယပညာဆိုတာ ဘာလဲ | .... | ၂၇၂ |
| ၂၁၉ | ပါရမီရှင် ဝိဇ္ဇာခိုရ်အစစ်များ | .... | ၆၉ |
| ၂၂၀ | ပိဋကသုံးပုံကို ဘုရားရှင်တိုင်း ဟောတော်မူပါသလား | .... | ၅၀၇ |
| ၂၂၁ | ပိဋကတော် အဖျက်သမားတွေ | .... | ၁၄ |
| ၂၂၂ | ပုဂံပြည် ရွှေမိုး,ငွေမိုး ရွာခြင်း | .... | ၅၈ |
| ၂၂၃ | ပုဏ္ဏားဆိုတာ ဘာစကားလဲ ဘာအဓိပ္ပါယ် ရှိသလဲ | .... | ၆၁၅ |
| ၂၂၄ | ပုထုဇဉ် ကုသိုလ်ဉာဏသမ္ပယုတ်နဲ့ ဝိပါက်ဉာဏ သမ္ပယုတ်တို့ဟာ ဖြစ်ပုံချင်း ဘယ်လိုထူးခြားသလဲ | | ၆၅၈ |
| ၂၂၅ | ပုထုဇဉ်ကို ရဟန္တာဟု သမုတ်ကြေငြာကြည်ညိုကာ ပေးလှူပူဇော်သူတို့ အပါယ်လားသလော | .... | ၃၁၅ |
| ၂၂၆ | ပုထုဇဉ်ဘဝနဲ့ ကိလေသာစိတ် လုံးဝမဖြစ်အောင် တားဆီးလျက် ရဟန္တာဖြစ်သွားသူ | .... | ၅၇၂ |
| ၂၂၇ | ပုထုဇဉ်ဘဝနဲ့ ကြီးပွားချမ်းသာချင်ရင် | .... | ၉၆ |
| ၂၂၈ | ပုထုဇဉ်ရဟန်းသည် ဒက္ခိဏေယျအလှူကို ခံယူထိုက်သသော | .... | ၁၅၉ |
| ၂၂၉ | ပုဗ္ဗေကတ ကမ္မဒိဋ္ဌိ ဆိုတာ ဘာလဲ | .... | ၂၃၃ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၃၀ ပုဗ္ဗေနိဝါသ အဘိညာဉ် .... ၆၂

၂၃၁ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် သုံးဆယ့်တဘုံ
ဘဝမျိုးစုံကို သိမြင်နိုင်ပါသလား .... ၆၈၂

၂၃၂ ပေါဋ္ဌိလမထေရ်ကြီးအား ခုတုံးလုပ်ကြခြင်း .... ၂၄၁

[ ဖ ]

၂၃၃ ဖလသမ္မာဒိဋ္ဌိမျိုး .... ၃၄

၂၃၄ ဖြစ်ပြီးတဲ့ အကုသိုလ်တရားများကို
ဘယ်လိုလုပ် ပယ်ရမှာလဲ .... ၆၃၃

၂၃၅ ဖြောင့်ဖြောင့် တန်းတန်း
တလမ်းသွား အကျင့်မြတ် .... ၈၀

[ ဗ ]

၂၃၆ ဗာကုလ ဆိုတာ ဘာလဲ .... ၄၁၀

၂၃၇ ဗုဒ္ဓ၏စကား နှစ်ခွန်းသာ ရှိတယ် .... ၁၁

၂၃၈ ဗုဒ္ဓကိုယ်တော်မှာ ဂရုဂါရဝ ပြုစရာများ
ရှိပါသေးသလား .... ၁၂၅

၂၃၉ ဗုဒ္ဓဂေါတမဟာ အငြင်းအခုံ သန်သလား တဲ့ ၄၆၉

၂၄၀ ဗုဒ္ဓစက္ခုဆိုတာ ဘာလဲ ဘယ်ဟာကို ခေါ်တာလဲ ၄၉၄

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၄၁ | ဗုဒ္ဓပိဋကတော်၌ ကျန်းမာရေးရာ ဒေသနာ ရှိပါသလား | .... | ၁၄၇ |
| ၂၄၂ | ဗုဒ္ဓဘာသာ အစစ်ဆိုတာ ဤ အတန်းအစားမျိုး | .... | ၁၇ |
| ၂၄၃ | ဗုဒ္ဓဘာသာအစစ်တို့ မဂ်ပေါက် ဖိုလ်ဝင်ပုံ | .... | ၇၇ |
| ၂၄၄ | ဗုဒ္ဓဘာသာ အစစ်တို့ မလုပ်မနေရသော ကိစ္စများ | .... | ၁၂ |
| ၂၄၅ | ဗုဒ္ဓဘာသာ စစ်,မစစ် ပြပုံ | .... | ၈၅ |
| ၂၄၆ | ဗုဒ္ဓဘာသာတို့၏ ဓမ္မဘာရိုးစွဲ | .... | ၄၇ |
| ၂၄၇ | ဗုဒ္ဓဘာသာဟာ သောတာပန်လား | .... | ၂၀ |
| ၂၄၈ | ဗုဒ္ဓဘာသာဝင်နဲ့ ကမ္မဿကတာဒိဋ္ဌိများ | .... | ၂၁၂ |
| ၂၄၉ | ဗုဒ္ဓဘာသာသည် အစမ်းအသပ်ခံနိုင်သော ဘာသာမြတ် ဖြစ်၏ | .... | ၃၅ |
| ၂၅၀ | ဗုဒ္ဓဘာသာဟာ အလုပ်သမား ကမ္မဝါဒ | .... | ၁၅ |
| ၂၅၁ | ဗုဒ္ဓဘာသာဟာ သုညဝါဒဆိုတော့ အနှစ်သာရ မရှိလို့လား | .... | ၁၉၂ |
| ၂၅၂ | ဗုဒ္ဓဘုရားနဲ့ ရဟန္တာများကို ဘာကြောင့် (န၁၈) နဂါးဟု ခေါ်ဆိုပါသလဲ | .... | ၆၁၉ |
| ၂၅၃ | ဗုဒ္ဓဘုရားမှာ ငါစွဲ အတ္တ ရှိသေးသနော် | .... | ၁၀၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၄ | ဗုဒ္ဓဘုရားရှင်ဟာ ဝိပဿနာတရားကို ပွားများ မှတ်သားသေးသလား .... | ၁၀၂ |
| ၂၅၅ | ဗုဒ္ဓမြတ်စွာသည် ဘဝသံသရာရှိကြောင်းကို လက်ခံ အားပေးနေပါသလား .... | ၃၀၄ |
| ၂၅၆ | ဗုဒ္ဓရဲ့ ဓမ္မတွေဟာ ဘိက္ခုတွေ အတွက်သာလော .... | ၁၅၆ |
| ၂၅၇ | ဗုဒ္ဓရဲ့ ပိဋကတော်မှာ သူနာပြု အင်္ဂါ ရှိပါသလား .... | ၁၉၆ |
| ၂၅၈ | ဗုဒ္ဓဝါဒသည် လက်ဝေခံ သူတောင်းစားဝါဒ မဟုတ် .... | ၈၈ |
| ၂၅၉ | ဗုဒ္ဓသာသနာတော်၌ အပြောခံ အသိရ အခက်ဆုံးတရား ဆိုတာ ဘာလဲ .... | ၁၉၃ |
| ၂၆၀ | ဗိုလ်ငါးပါး ဘုရားဟောထဲမှာ ဘယ်ဗိုလ်ဟာ အချုပ်လဲ .... | ၄၉၇ |
| ၁၆၁ | ဗေဒင် ခြောက်ပုံက ဘာတွေလဲ .... | ၃၃၉ |
| ၂၆၂ | ဗျာပါဒနဲ့ ဒေါသတို့ဟာ ထူးခြားပါ သလား | ၃၉၆ |
| ၂၆၃ | ပြဟ္မွာ့ဘုံမှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတို့ မရှိဘူးလော .... | ၂၄၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | [ ဘ ] | | |
| ၂၆၄ | ဘယ်ဆရာများကိုမှ ထိပါးပုတ်ခတ်တာ မဟုတ်ပါ | .... | ၆၀ |
| ၂၆၅ | ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်၏ ဘွဲ့တော်များ | .... | ၅၆၆ |
| ၂၆၆ | ဘယ်သူတွေလဲ နေ့တိုင်း အရှုံးထနေသူ တစုဆိုတာ | .... | ၁၇၁ |
| ၂၆၇ | ဘဝအမျိုးမျိုးတွေ ဖြစ်ပျက်နေတာ ဘာကြောင့်လဲ | .... | ၃၄၉ |
| ၂၆၈ | ဘဝကို မြတ်စွာဘုရား ချီးမွမ်းသည် မဟုတ်ပါလော | .... | ၁၀၁ |
| ၂၆၉ | ဘဝပြတ် ဥစ္ဆေဒ ဒိဋ္ဌိသမား၌ ငါ့စွဲ အတ္တစွဲ မရှိဘူးလား | .... | ၄၄၄ |
| ၂၇၀ | ဘဝသမ္ပတ္တိဆိုတာဟာ လူနတ်ဘဝကို ဆိုတာ မဟုတ်လား | .... | ၆၁၆ |
| ၂၇၁ | ဘာကြောင့် ဘာဖြစ်လို့ အနတ္တမည်တာလဲ | .... | ၁၅၆ |
| ၂၇၂ | ဘာဏဝါရ တခုဟာ ဘယ်လောက် ရှည်လျားပါသလဲ | .... | ၄၉၇ |
| ၂၇၃ | ဘာဝနာကုသိုလ်ကို ဝစီကံ နှုတ်ဖြင့် ရွတ်ဆို ပွားများမှုပြုလို့ ရနိုင်သလား | .... | ၂၉၆ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇၄ | ဘာသာရေး အစွဲကား ခိုင်မြဲလှ၏ | .... | ၂၅ |
| ၂၇၅ | ဘာသာရေးနဲ့ ညွန်ကြားလွှာ | | (ည) |
| ၂၇၆ | ဘာသာဝင် အများတို့အား ချစ်ကြည် လေးစားစွာဖြင့် ပန်ကြားလွှာ | .... | ( ဇ ) |
| ၂၇၇ | ဘုန်းကြီးနဲ့ မတွဲဆုံးသူကတော့ | .... | ၈ |
| ၂၇၈ | ဘုရားအလောင်းတော်တိုင်း ဒုက္ကရစရိယာ ကျင့်ရတာပဲလား | .... | ၅၄၆ |
| ၂၇၉ | ဘုရားအလောင်း ဒုက္ကရစရိယာခန်း၌ မစင်စား၍ ကျင့်သလော | .... | ၂၅၅ |
| ၂၈၀ | ဘုရားကိုးဆူ ကျေးသလိုဟာမျိုးပဲ | .... | ၂၈ |
| ၂၈၁ | ဘုရားကျောင်းတော် စေတီပေါ်သို့ မိန်းမများ မဝင်ကောင်း မထိကောင်း ရှိမခိုးကောင်းဘူးလော | .... | ၄၃၄ |
| ၂၈၂ | ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှာ အကုသိုလ်ကံတွေ ရှိနေလို့ ဝဋ်လိုက်တာလား | .... | ၄၃၀ |
| ၂၈၃ | ဘုရားပွဲ ကျင်းပခြင်းဟာ ရေဲရှာတာလားတဲ့ | | ၁၉၁ |
| ၂၈၄ | ဘုရားရှင်တိုင်း ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူသလား | .... | ၅၀၃ |
| ၂၈၅ | ဘုရားလက်ထက် အသက်အရှည်ဆုံး ရဟန္တာ ဘယ်သူလဲ | .... | ၄၁၀ |
| ၂၈၆ | ဘုရားသခင်၏ သပိတ်တော်ဟာ ရွှေလား မြေလား သံလား ကျောက်လား | .... | ၅၁၃ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇၇ | ဘုရားဟောဆိုတိုင်း ပစ်ခတ် ယုံရမှာလား | .... | ၄ |
| ၂၇၈ | ဘုရားဟောထဲမှာ သေမင်း မမြင်ရသော နည်းရှိသလား | .... | ၂၁၆ |


### [ မ ]


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇၉ | မအိုအောင် အသက် ရာထောင်ရှည်အောင် ပြုနည်း ဘုရားဟော ရှိသလား | .... | ၁၅၁ |
| ၂၈၀ | မဂ္ဂသစ္စာ အစစ်အမှန်တရား ဖြစ်ပုံ | .... | ၇၈ |
| ၂၈၁ | မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိမျိုးဆိုတာ | .... | ၃၄ |
| ၂၈၂ | မဂ္ဂင်ရှစ်ပါးဆိုတာ ဘာလဲ | .... | ၄၁ |
| ၂၈၃ | မဂ္ဂင်ရှစ်ပါး ခွဲခြား အဓိပ္ပါယ် | .... | ၄၂ |
| ၂၈၄ | မဂ်စိတ်တပါးက စျာန် ၅-ပါးလုံးကို ယှဉ်တွဲရယူနိုင်ပါသလား | .... | ၂၆၁ |
| ၂၈၅ | မဂ်စိတ် ဖိုလ်စိတ်ဟာ ဒုက္ခသစ္စာလော | .... | ၃၀၈ |
| ၂၈၆ | မဂ် ဖိုလ် တရားရှာမှီးသူတွေဟာ သခ်ါရ ဒုက္ခကို ရှာဖွေနေသူတွေတဲ့ | .... | ၅၉၃ |
| ၂၈၇ | မဂ် ဖိုလ်ခနောင် ပစ္စဝေက္ခဏာဉာဏ်က ဘာတွေကို ဆင်ခြင်ဘာလဲ | .... | ၅၃၁ |
| ၂၈၈ | မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုသိတနတ်သားဟာ အဘိဓမ္မာတရားဆုံးတော့ နတ်ရဟန္တာဖြစ်ပါသလား | | ၆၀၅ |
| ၂၈၉ | မယ်တော်မာယာ သက်တော်ဘယ်လောက်မှာ ဘုရားအလောင်း ပဋိသန္ဓေနေသလဲ | .... | ၅၂၃ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၀ | မဟာသမယ တသုတ်လုံးဟာ နတ်ပြဟ္မာတို့ အမည်တွေဖော်ထုတ်ကာ နှုတ်ဆက်ရုံမျှနဲ့ တရားထူး ရနိုင်ပါမည်လား .... | ၅၉၁ |
| ၃၀၁ | မာရ်နတ်ကြီးဟာ နတ်ပြည်ခြောက်ထပ် ပြဟ္မာ နှစ်ဆယ်ကို အစိုးရသော နတ်မင်းကြီးလား .... | ၅၁၈ |
| ၃၀၂ | မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို ဘယ်သုတ်မှာ ဟောထားပါသလဲ .... | ၁၅၀ |
| ၃၀၃ | မိစ္ဆာဒိဋ္ဌိ ၆၂-ပါးလုံးကို လိုက်သတ်ရမည်လား .... | ၁၈၇ |
| ၃၀၄ | မိစ္ဆာဒိဋ္ဌိကို ဘယ်တရားနဲ့ ပယ်ရှားရမည်လဲ .... | ၂၂၉ |
| ၃၀၅ | မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာပဋိပဒါ အယူများနှင့် အကျင့်များဆိုတာ ဘာထူးသလဲ .... | ၂၂၇ |
| ၃၀၆ | မိထွေးတော်ဂေါတမီကို မည်သူက ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသလဲ .... | ၅၈၇ |
| ၃၀၇ | မိန်းမများ တင်ပလ္လင်ခွေ ထိုင်ကောင်းသလား .... | ၄၄၁ |
| ၃၀၈ | မိမိအရိယာဖြစ်ကြောင်း မပြောပြကောင်းဘူးလား | ၁၄၀ |
| ၃၀၉ | မေတ္တာ အပ္ပိုခံရသူမှာ အကျိုးဘယ်နှစ်ပါး ရပါသလဲ .... | ၆၉၂ |
| ၃၁၀ | မေတ္တာခံယူသူတို့ ချမ်းသာရပုံ ဝိသာခမထေရ် ဝတ္ထု .... | ၆၉၆ |
| ၃၁၁ | မြင် ကြား နံ သိ စိတ်တွေဟာ ဥပေက္ခာ,သုခ,ဒုက္ခ ဝေဒနာတို့လော .... | ၄၅၃ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၁၂ | မြတ်စွာဘုရားအား တီးမှုတ်သီဆိုမှုတို့ဖြင့် ပူဇော်ပူးမြော်ခြင်း မပြုရဟု တားမြစ်မှုများ ရှိသလား | .... | ၅၁၄ |
| ၃၁၃ | မြတ်စွာဘုရား၏ ခြေတော်အစုံကို နဖူးတိုက် ဦးခိုက်သော အမျိုးသမီးများ ရှိသလား | .... | ၄၃၈ |
| ၃၁၄ | မြတ်စွာဘုရား၏ခြေတော်ကို မြူမှုန်ပေလို့ ခြေဆေးတော်မူတာလား | .... | ၅၅၄ |
| ၃၁၅ | မြတ်စွာဘုရားကို မစင်နဲ့ပုံထွေးသူတွေ | .... | ၂၄၁ |
| ၃၁၆ | မြတ်စွာဘုရားရှင်၏ အထက်ပေါ်မှ နတ်လူတို့ သွားလို့မရဘူးလော | .... | ၄၉၉ |
| ၃၁၇ | မြတ်ဗုဒ္ဓက ကာမတရား အားပေးချင်လို့ သဂ္ဂကထာ နတ်ချမ်းသာကို ဟောကြားတာလား | | ၆၂၆ |
| ၃၁၈ | မြတ်ဗုဒ္ဓ ဘယ်နှစ်ဝါ အရမှာ မိန်းမများကို ရဟန်းပြုခွင့် ပေးသနားပါသလဲ | .... | ၄၈၆ |
| ၃၁၉ | မြတ်ဗုဒ္ဓမရှိတဲ့နောက် ရဟန်းသံဃာကို ဘယ်သူ အုပ်ချုပ်သလဲ | .... | ၁၆၈ |
| ၃၂၀ | မြတ်ဗုဒ္ဓလက်ထက် ကျွတ်တမ်းဝင်သူ အရေအတွက် | .... | ၁၂၈ |
| ၃၂၁ | မြတ်ဗုဒ္ဓသည် လူတိရစ္ဆာန်တို့ကို စီးတော်မူသလော | .... | ၅၀၁ |
| ၃၂၂ | မြန်မာပြည်မှာ ရဟန္တာ မရှိဘူးလော | .... | ၁၇၅ |
| ၃၂၃ | မြေလျှိုးမိုးပျံ သိဒ္ဓိရှင်ကြီး လုပ်နည်း | .... | ၆၁ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | [ ယ ] | | |
| ၃၂၄ | ယထာဘူတဉာဏ်ဆိုတာဘာလဲ | .... | ၁၁၄ |
| ၃၂၅ | ယနေ့အမျိုးသမီးများ ဘာကြောင့် ရဟန်း မပြုရတာလဲ | .... | ၄၀၇ |
| ၃၂၆ | ယမကပါဠိဟာတန်ခိုးတော်ပြရာမှ ရေ မီး အစုံအစုံ အတူတူ တပြိုင်တည်း ထွက်ပါသလား | .... | ၆၀၄ |
| ၃၂၇ | ယောဂီဟာ အလင်းရောင်ကို မမှတ်ရတာ ဘာကြောင့်ပါလဲ | .... | ၂၃၀ |
| | [ ရ ] | | |
| ၃၂၈ | ရတ္တညူ ညဉ့်အပိုင်းအခြားကို သိသောသူ ဆိုတာ ဘာအဓိပ္ပါယ် ရှိပါသလဲ | .... | ၆၈၆ |
| ၃၂၉ | ရဟန်းတော်များ နေ့သန့်စင်တယ်ဆိုတာ ဘယ်ဟာပါလဲ | .... | ၂၂၃ |
| ၃၃၀ | ရဟန္တာအစစ်က ငါ ရဟန္တာပဲလို့ ဘာကြောင့် မပြောကြားရတာလဲ | .... | ၅၇၅ |
| ၃၃၁ | ရဟန္တာ စစ် မစစ်ကို သိနည်း | .... | ၁၃၉ |
| ၃၃၂ | ရဟန္တာဆိုတာ ဘာလဲ ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ မှတ်ထားရမှာလဲ | .... | ၂၉၂ |
| ၃၃၃ | ရဟန္တာပေါင်း သုံးသောင်းတို့၏ ဆရာ ပုထုဇဉ်မထေရ်ကြီး | .... | ၂၄၂ |
| ၃၃၄ | ရဟန္တာဖြစ်နေမှပဲဟာ ဘာကြောင့် ငါဟာ ရဟန္တာလို့ မပြောကောင်းတာလဲ | .... | ၂၉၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၃၅ | ရဟန္တာများ အမှားရေး အမှားဆိုပုံ | .... | ၁၀၈ |
| ၃၃၆ | ရဟန္တာများဟာ အပိုစကားတွေ ပြောကြားသေးသလား | .... | ၄၅၀ |
| ၃၃၇ | ရဟန္တာများဟာ လောကီရေးရာတို့ကို လေ့လာလိုက်စား ပြုလုပ်ကြသေးသလား | .... | ၅၇၈ |
| ၃၃၈ | ရဟန်းပုဂ္ဂိုလ်၏ နိစ္စသီလ | .... | ၆၄၁ |
| ၃၃၉ | ရာရှင်စနစ်ဟာ ပိဋကတော်မှာလဲ ပါတယ် ဆိုတာ ဟုတ်ပါသလား | .... | ၅၀၅ |
| ၃၄၀ | ရိပ်သာက သောတာပန်နှင့် ရဟန္တာများ | .... | ၁၃၆ |
| ၃၄၁ | ရုပ်ကလာပ် ဆိုတာ ဘာလဲ | .... | ၁၃၉ |
| ၃၄၂ | ရုပ်တရား၌ ဝိပဿနာ ပွားနည်း | .... | ၈၃ |
| ၃၄၃ | ရုပ်တရားများကို ပထဝီရုပ်စသည် မခွဲခြားပဲ တပေါင်းတည်း စုကာ ဝိပဿနာ ရှုလို့ ရသလား | .... | ၄၂၈ |
| ၃၄၄ | ရုပ် နာမ် ခန္ဓာကို ဒုက္ခသစ္စာ နှိပ်စက်ခံ သက်သက်ဆိုတာ ဘယ်သူက ဘယ်လို နှိပ်စက်နေတာထဲ | .... | ၅၄၂ |
| ၃၄၅ | ရုပ်ပရမတ် သဘော ခွဲခန်း | .... | ၈၂ |
| ၃၄၆ | ရုပ်ဖောက်ပြန်တယ်ဆိုတာ ဘာကြောင့် ဘယ်လိုလဲ | .... | ၁၈၂ |
| ၃၄၇ | ရုပ်ဖောက်ပြန်ပုံ | .... | ၈၃ |
| ၃၄၈ | ရိုးရာ ခံနေကျ သရဏဂုံ | .... | ၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၄၉ | ရေစက်ချမှ အလှူဒါနဟာ ပြီးမြောက်သလော | .... | ၆၇၆ |
| ၃၅၀ | ရှင်မဟာမောဂ္ဂလ္လာန်ကို ဘယ်သူ တရား ဟောပေးလို့ ရဟန္တာကြီး ဖြစ်သွားတာလဲ | .... | ၅၅၅ |
| ၃၅၁ | ရှင်ရဟန်း ပြုမပေးနိုင်တဲ့ သာဝက ရဟန်းတော်များရယ်လို့ ရှိကောင်း ပါသလား | .... | ၅၂၉ |
| ၃၅၂ | ရှင်သာမဏောပဂ္ဂိုလ်၏ နိစ္စသီလ | .... | ၆၄၁ |
| ၃၅၃ | ရှင်သာရိပုတ်အား အထက်မဂ်ဖိုလ်အတွက် မြတ်ဘုရား တရားမဟောခဲ့ဘူးဆိုတာ ဟုတ်ပါသလား | .... | ၅၅၈ |
| ၃၅၄ | ရှင်သာရိပုတ်က ရှင်မောဂ္ဂလ္လာန်လောက် ပညာဉာဏ် မထက်လို့ လဝက် နောက်ကျ သွားရတာလား | .... | ၅၅၉ |
| ၃၅၅ | ရှင်သာရိပုတ် ကယ်ချွတ်သော သတ္တဝါပေါင်း စာရင်းအင်းများ ရှိပါသလား | .... | ၆၀၉ |
| ၃၅၆ | ရှိပြီး ရွှေ ငွေ မစွန့်ပဲ လူများ ဆယ်ပါး သီလ စောင့်ကောင်းသလော | .... | ၆၄၉ |
| ၃၅၇ | ရွှေနောက်မညီသော စကား | .... | ၆၉ |
| ၃၅၈ | ရွှေကျင် သာသနာပိုင် မိန့်ခွန်းတော် | .... | ၂၃၄ |
| ၃၅၉ | ရွှေတိဂုံစေတီမြတ်၏ နောင်တော်ကြီးလား | | ၅၁၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | [ လ ] | |
| ၃၆၀ | လက္ခဏာရေး သုံးပါးစလုံးကို ရှုပွားရမှာလား | ၁၀၉ |
| ၃၆၁ | လက္ခဏာရေး သုံးပါးမှာပါတဲ့ ဒုက္ခနဲ့ သစ္စာ၄-ပါးမှာပါတဲ့ ဒုက္ခ ဘယ်လိုထူးသလဲ .... | ၂၅၀ |
| ၃၆၂ | လပြည့်,လကွယ်, ရှစ်ရက်နေ့တွေကို ဥပုသ်နေ့ဟု ဘုရားရှင် သတ်မှတ် ဟောကြားခဲ့သလော .... | ၆၆၄ |
| ၃၆၃ | လုပ်ရဟန္တာများ .... | ၁၃၆ |
| ၃၆၄ | လူအနာဂါမ်သည် ခြောက်ကြိမ် ခြောက်ဘ၀ထက် ပိုမနေရဘူးလော .... | ၃၅၄ |
| ၃၆၅ | လူအမျိုးသမီးထဲက ရှေးဦးစွာ အရိယာဖြစ်သူ | ၅၆၉ |
| ၃၆၆ | လူအ, လူနုတို့အတွက် အဖြေမဟုတ် .... | ၉၅ |
| ၃၆၇ | လူနုံ, လူအ,တို့အတွက် သိပိုင်ချက်မဟုတ် .... | ၉၉ |
| ၃၆၈ | လူတွေ ဝိနည်းတတ်အောင် သင်ပါ .... | ၁၀၉ |
| ၃၆၉ | လူနာများ လိုက်နာ ပြုကျင့်ရမည့် အင်္ဂါ ရှိပါသလား .... | ၁၀၅ |
| ၃၇၀ | လူပုဂ္ဂိုလ်တို့ အနိစ္စသီလ .... | ၆၄၂ |
| ၃၇၁ | လူပျိုဘုရား ဘာကြောင့် မရှိကောင်းသလဲ .... | ၆၀၄ |
| ၃၇၂ | လူ့ပြည်၌ ပြန်ဖြစ်သော သောတာပန်များ ရှိသလား .... | ၁၁၀ |
| ၃၇၃ | လောကမှာ ကိုယ်ဖြစ်ချင်ရာ ဖြစ်ရစတမ်းပဲ .... | ၆၄ |
| ၃၇၄ | လောကထဲမှာ စိတ်က ခေါင်းဆောင်လား ပညာက ခေါင်းဆောင်လား .... | ၂၇၅ |
| ၃၇၅ | လောကဓံရဲ့ မူရင်းအစစ်ဆိုတာ ဘာလဲ .... | ၁၃၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၇၆ | လောကနတ်ဆိုတာ ဘာလဲ | .... | ၃၄၆ |
| ၃၇၇ | လောကနတ် ၂-မျိုး | .... | ၃၄၇ |
| ၃၇၈ | လောကနိဗ္ဗာန်ဆိုတာ မှန်သလား ဘယ်တင်း ဘယ်ဟာလဲ | .... | ၄၇၄ |
| ၃၇၉ | လောကဥ္စ အရေးအကြီးဆုံး သက်စောင့် အဆောင်တရား တခု | .... | ၁၇၀ |
| ၃၈၀ | လောကီကုသိုလ် စိတ်ဇောက နိဗ္ဗာန် အစစ်ကို အာရုံပြုနိုင်သလော | .... | ၄၁၄ |
| ၃၈၁ | လောကီစျာန် အဘိညာဉ် ဝိဇ္ဇာ ၅-ပါး | .... | ၆၇ |
| ၃၈၂ | လောကုတ္တရာ သင်္ခါရဆိုတာ ဘယ်ဟာမျိုးပါလဲ | | ၄၀၆ |
| ၃၈၃ | လွယ်ယောင်နဲ့ ခက်တဲ့ပုစ္ဆာ | .... | ၉၄ |

[ ဝ ]

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၈၄ | ဝါသနာဆိုတာ ကိလေသာလား ဘာလဲ | .... | ၃၇၈ |
| ၃၈၅ | ဝါသနာဆိုတာ ဘာစကားလဲ | .... | ၃၇၈ |
| ၃၈၆ | ဝိဇ္ဇာတုနဲ့ ဝိဇ္ဇာစစ် ခွဲခန်း | .... | ၆၈ |
| ၃၈၇ | ဝိပဿနာအလုပ် အားထုတ်တတ်ဖို့ရာ စာတတ်ဖို့ မလိုဘူး ဆိုတာ ဟုတ်မှန်ပါသလား | | ၂၃၉ |
| ၃၈၈ | ဝိပဿနာအလုပ်နဲ့ ဘဝဖြုတ် ရှုပ်ထွေး လာပြန်ခြင်း | .... | ၁၃၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈၉ | ဝိပဿနာကံက ဇာတိကို မပေးတော့ဘူးလား | ၁၅၇ |
| ၃၉၀ | ဝိပဿနာကုသိုလ်သည် ဘဝကို ချုပ်ပြတ်စေသလား .... | ၁၂၈ |
| ၃၉၁ | ဝိပဿနာ ဉာဏ်ပါမှ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်သလော .... | ၆၈၆ |
| ၃၉၂ | ဝိပဿနာတရား ပွားများနေသူကို ဈာန်ဝင်စားသူ ခေါ်သလား .... | ၁၈၄ |
| ၃၉၃ | ဝိပဿနာရှုရာ၌ ဃန ခံတယ်ဆိုတာ ဘာလဲ .... | ၄၈၂ |
| ၃၉၄ | ဝိပဿနာ၌ ဃန ဘယ်နှစ်မျိုး ခံရှိနေပါသလဲ .... | ၄၈၂ |
| ၃၉၅ | ဝိပဿနာပညာနှင့် ဝိပဿနာဉာဏ် ထူးသလော .... | ၁၀၂ |
| ၃၉၆ | ဝိပဿနာဘူမိ ဝိပဿနာဘုံဆိုတာ ဘာလဲ .... | ၅၅၃ |
| ၃၉၇ | ဝိပဿနာယောဂီသေရင် နတ်ပြည်ရောက်တယ်ဆိုတာကော မှန်ပါသလား .... | ၁၃၀ |
| ၃၉၈ | ဝိပဿနာလုပ်ခ ရရှိ ခံစားရပုံများ .... | ၉၃ |
| ၃၉၉ | ဝိပဿနာ လောကီမဂ်က မဂ်ကိစ္စလေးချက်ကို တချက်တည်းနဲ့ ပြီးစေနိုင်သလား .... | ၃၉၂ |
| ၄၀၀ | ဝိပဿနာ သမ္မာဒိဋ္ဌိမျိုး .... | ၃၃ |
| ၄၀၁ | ဝိပဿနာသမားက ဘာသင်္ခါရကို မှတ်ရှုရမှာလဲ .... | ၄၀၈ |
| ၄၀၂ | ဝိဝေကဆိုတာ ဘယ်နေရာမျိုးလဲ .... | ၁၅၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၀၃ | ဝိဝေကဆိုတာ ဘာအနက် ဘာသဘောလဲ | .... | ၁၅၃ |
| ၄၀၄ | ဝိသာခမထေရ်ဝတ္ထု | .... | ၆၉၆ |
| ၄၀၅ | ဝိသာခါရဲ့ ကျောင်းတော်ကြီးဟာ ပုပ္ဖာရုံလား ပုဗ္ဗာရုံလား | .... | ၄၉၅ |
| ၄၀၆ | ဝိဟာရသမာပတ်ဆိုတာ ဘယ်လို ဝင်စားတာမျိုးလဲ | .... | ၄၉၃ |
| ၄၀၇ | ဝုဋ္ဌာနဂါမိနီ ဉာဏ်ပညာဆိုတာ ဘယ်လို ဉာဏ်ပညာမျိုးလဲ | .... | ၃၅၇ |
| ၄၀၈ | ဝေဒနာ ခွါနည်း ဝေဒနာ ချုပ်အောင် လုပ်နည်း | .... | ၄၀၄ |
| ၄၀၉ | ဝေနေယျဗ္ဗာသယတရားဆိုတာ ဘာလဲ | .... | ၂၁၅ |
| ၄၁၀ | ဝေဖန်စရာတွေကတော့ | .... | ၇ |

[ သ ]

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၁၁ | သံဃဂုဏ်တော့ အဝေးကြီးပဲ | .... | ၆ |
| ၄၁၂ | သက္ကရာဇ်, သကရာဇ်, ကောဇာ, ဂေါဇာ ဘယ်ဟာက မှန်ပါသလဲ | .... | ၅၆၅ |
| ၄၁၃ | သက္ကာယဒိဋ္ဌိသည် အမြဲတည်ရှိနေသော ပင်ကိုယ်တရားလော | .... | ၂၈၇ |
| ၄၁၄ | သခါရဟာ အပြုသဘောလား အပြုခံ သဘောလား | .... | ၄၀၆ |
| ၄၁၅ | သင်းချိုင်းကုန်း အဖော်ခေါ်သူ သိဒ္ဓိရှင်များ | .... | ၇၆ |
| ၄၁၆ | သင်းချိုင်းကုန်းက ထွက်ပေါက်လမ်းမ | .... | ၇၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၁၇ | သင်းချိုင်းကုန်းက ဝိဇ္ဇာများ | .... | ၇၀ |
| ၄၁၈ | သင်းချိုင်းကုန်း သွားမဆုံးလမ်း | .... | ၅၄ |
| ၄၁၉ | သစ္စာပရိဗိုဇ်ကြီး အပါယ်လားသလော | .... | ၅၉၉ |
| ၄၂၀ | သတ္တက္ခတ္တုံ ပရမ သကဒါဂါမိ ရှိသလော | .... | ၃၅၃ |
| ၄၂၁ | သတ္တက္ခတ္တုံ ပရမ သောတာပန်မျိုးဟာ ဗြဟ္မာ့ဘုံမှာ ဖြစ်ကောင်းသလား | .... | ၃၅၁ |
| ၄၂၂ | သတ္တဝါတို့၏ အရှုံးထခြင်းများ | .... | ၄၇ |
| ၄၂၃ | သတိပဋ္ဌာန် တရားနှင့်မှသာ မဂ်ဖိုလ်ကို ရကောင်းသလား | .... | ၃၉၈ |
| ၄၂၄ | သမထ ဘာဝနာ၏ လမ်းနှစ်သွယ် | .... | ၇၂ |
| ၄၂၅ | သဗ္ဗေ ဓမ္မာ အနတ္တာ ၌ သဗ္ဗေ ဓမ္မာ ပုဒ်အရ မဂ်ဖိုလ်နိဗ္ဗာန် ပါနိုင်သလား | .... | ၄၁၂ |
| ၄၂၆ | သမာဓိဆိုတာ ဘာလဲ ဘယ်နှစ်မျိုး ရသလဲ | .... | ၂၉၉ |
| ၄၂၇ | သမ္မာဒိဋ္ဌိ ပဥ္စာ ကဏ္ဍ | .... | ၃၁ |
| ၄၂၈ | သမ္မာဒိဋ္ဌိစက်တလုံး၏ တန်ဖိုး | .... | (င) |
| ၄၂၉ | သမ္မာဒိဋ္ဌိဆိုတာ ဘာလဲ | .... | ၃၁ |
| ၄၃၀ | သမ္မာဒိဋ္ဌိ လုပ်သားကြီး | .... | ၈၉ |
| ၄၃၁ | သမ္မာဒိဋ္ဌိမျိုး ၅–ပါး | .... | ၃၂ |
| ၄၃၂ | သမ္မာဒိဋ္ဌိမျိုး ၄၀–ပါး | .... | ၄၁ |
| ၄၃၃ | သမ္မာဝါယာမ မဂ္ဂင် လုပ်သားကြီး | .... | ၉၁ |
| ၄၃၄ | သမ္မာသင်္ကပ္ပ မဂ္ဂင် လုပ်သားကြီး | .... | ၉၁ |
| ၄၃၅ | သမ္မာသတိမဂ္ဂင် လုပ်သားကြီး | .... | ၉၂ |
| ၄၃၆ | သမ္မာသမာဓိ မဂ္ဂင် လုပ်သားကြီး | .... | ၉၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၃၇ | သမ္မာသမ္ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်နှင့် ပစ္စေကဗုဒ္ဓါ၏ အရဟတ္တမဂ်ဉာဏ်တို့ဟာ ကိလေသာ ပယ်ပုံချင်းကတော့ အတူတူပဲ မဟုတ်လား | .... | ၃၇၆ |
| ၄၃၈ | သယမ္ဘူဉာဏ်ဆိုတာ ဘယ်ဟာမျိုးလဲ သဗ္ဗညုတဉာဏ်လား | .... | ၆၇၃ |
| ၄၃၉ | သရဏဂုံခံသူ လူတန်းစား နှစ်မျိုး | .... | ၉ |
| ၄၄၀ | သရဏဂုံတည် ဥပါသကာအစစ်ကား ရှားပါးလှ၏ | .... | ၂၂ |
| ၄၄၁ | သရဏဂုံတည်သူကို ဘယ်လိုနည်းနဲ့ သိရမှာလဲ | .... | ၅၁၀ |
| ၄၄၂ | သရဏဂုံ မတည်သူ၏ ဒါန သီလ ကုသိုလ်စုဟာ အကျိုးမရ | .... | ၁၆ |
| ၄၄၃ | သဿတဒိဋ္ဌိ ယူစွဲပုံ တိုတိုကလေးမေး | .... | ၄၆၀ |
| ၄၄၄ | သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ဘယ်ဟာက အပြစ်ကြီးမားသလဲ | .... | ၄၇၁ |
| ၄၄၅ | သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိမှ လွတ်အောင်ကော | .... | ၄၄၈ |
| ၄၄၆ | သာမုက္ကံသိကဒေသနာဆိုတာ ဘာလဲ | .... | ၁၂၆ |
| ၄၄၇ | သာသနာကို ဓားကိုင်ပြုလို့ မခိုင်မြဲနိုင်ချေ | .... | ၂၆ |
| ၄၄၈ | သာသနာတော်၏ ဦးတည်ချက်ပန်းတိုင် ရှိသလား | .... | ၁၄၃ |
| ၄၄၉ | သာသနာတော်တည်ရာ အုတ်မြစ်ဟာ ဘာလဲ ဘယ်ဟာလဲ | .... | ၁၈၈ |
| ၄၅၀ | သာသနာတော်မှာ ဘယ်တရားကို ပွားများဖို့ အရေးအကြီးဆုံးလဲ | .... | ၂၆၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၅၁ | သာသနာပ လောကထဲမှာ ရဟန္တာတွေ အမြဲရှိနေသလား | .... | ၁၁၂ |
| ၄၅၂ | သာသနာဘက်လိုလို ဟိုဘက်လိုလိုနဲ့ | .... | ၆၀ |
| ၄၅၃ | သာသနာဖျက်ကောင်တွေ မဖြစ်စေနဲ့ | .... | ၁၀၉ |
| ၄၅၄ | သာသနာဖျက်တို့ စကားကို မယုံနဲ့ | .... | ၅၉၀ |
| ၄၅၅ | သားတော်ရာဟုလာ ရဟန္တာဖြစ်တဲ့ဟာ သာမဏေဘဝနဲ့လား ရဟန်းဖြစ်မှလား | .... | ၅၅၂ |
| ၄၅၆ | သိကြားသာသနာ (၂၅၀၀) ဆိုတာ တကယ် ရှိသလား | .... | ၅၉၇ |
| ၄၅၇ | သိဒ္ဓတ္ထမင်းသား ဥယျာဉ်ကစားသွားရာ နိမိတ်ကြီး ၄-ပါးကို တကြိမ်တည်းနဲ့ မြင်တာလား ဘယ်လိုလဲ | .... | ၅၂၄ |
| ၄၅၈ | သိဒ္ဓတ္ထမင်းသားကို ပရိက္ခာရာရှစ်ပါးနဲ့ ဘယ်သူက ရဟန်းပြုပေးလို့ ဝတ်ရုံတတ်တာလဲ | .... | ၅၂၅ |
| ၄၅၉ | သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ချိန်၌ ခမည်းတော်မင်းကြီး၏ သက်တော် ဘယ်လောက်ရှိပြီလဲ | .... | ၆၁၄ |
| ၄၆၀ | သိဒ္ဓတ္ထမင်းသားဟာ ဈာနသမာပတ်ကို ဘယ်အရွယ်ကာလက ဘယ်ဆရာနဲ့ ရရှိ ဝင်စားနိုင်ခဲ့ပါသလဲ | .... | ၅၃၆ |
| ၄၆၁ | သိမ်ထဲမှာ ကမ္မဝါ ဥတ် ဖတ်ပြီး ဘယ်သူက ဆရာဥပဇ္ဈာယ်ပြုကာ ဘယ်သူ့ကို စ,တင် ရဟန်းခံပေးပါသလဲ | .... | ၆၆၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၆၂ | သိရိဓမ္မာသောကမင်းကြီးဟာ စပါးကြီးမြွေကြီး ဖြစ်သွားသလား | .... | ၃၂၂ |
| ၄၆၃ | သီလသိက္ခာပုဒ် တခုပျက်က အကုန်ပျက်သလား | .... | ၁၃၇ |
| ၄၆၄ | သုခဝေဒနာသည် ဒုက္ခသစ္စာလော | .... | ၁၁၀ |
| ၄၆၅ | သုခိန္ဒြေ ၂-မျိုး သောမနဿိန္ဒြေ ၂-မျိုး ရယ်လို့ ရှိပါသလား | .... | ၃၈၂ |
| ၄၆၆ | သုတ္တန်နည်း ဒါန | .... | ၆၇၅ |
| ၄၆၇ | သုဒ္ဓဓမ္မဉာဏ်အမြင်ဆိုတာ ဘာလဲ | .... | ၁၆၄ |
| ၄၆၈ | သုဘာရာဇာလား အသုဘာရာဇာလား | .... | ၄၆၄ |
| ၄၆၉ | သူနာများ လိုက်နာရန် အင်္ဂါကော ရှိပါသေးသလား | .... | ၁၉၈ |
| ၄၇၀ | သူရသတီက ဘာကြောင့် ဟင်္သာရုပ် စီးတာလဲ | .... | ၃၃၈ |
| ၄၇၁ | သူရသတီ နတ်သမီးသည် ပိဋက သုံးပုံဆောင် နတ်ရဟန္တာမကြီးလော | .... | ၃၃၃ |
| ၄၇၂ | သူရသတီ ဘယ်နှစ်ယောက် ရှိသလဲ | .... | ၃၃၅ |
| ၄၇၃ | သူရသတီဆိုတာ ဘာစကားလဲ အနက်အဓိပ္ပါယ်က ဘာလဲ | .... | ၃၃၅ |
| ၄၇၄ | သူရသတီ မယ်တော်ဆိုတာ ပိဋကတော်မှာ ပါသသား | .... | ၂၇ |
| ၄၇၅ | သေသူအတွက် ဆွမ်းစဉ်သပိတ်သွတ် အလုပ်ဟာ အဟုတ် ရရောက်ရဲ့လား | .... | ၂၂၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇၆ | သေတယ်ဆိုတာ ကိုယ်ထဲက ဘာတွေ ရပ်စဲကင်းကွာ သွားလို့လဲ .... | ၄၀၈ |
| ၃၇၇ | သေတာလောက်တော့ ကြောက်စရာမဟုတ် | ၇၁ |
| ၄၇၈ | သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၏ ရပိုင်ခွင့် စည်းစိမ်ချမ်းသာ ၃–နံပါတ် ပဥ္စာ၏ အဖြေ .... | ၉၇ |
| ၃၇၉ | သောတာပတ္တိမဂ်ပုဂ္ဂိုလ်၏ အကျိုးလုပ်ခ ရပိုင်ခွင့် ၂–နံပါတ် ပဥ္စာ၏ အဖြေ .... | ၉၇ |
| ၄၈၀ | သောတာပန်က ဘယ်ကိလေသာနဲ့ ဘယ်သံယောဇဉ်တွေကို ပယ်သလဲ .... | ၃၈၀ |
| ၄၈၁ | သောတာပန် ကာမဂုဏ် ခံစားမှုနှင့် ပုထုဇဉ်တို့ ခံစားမှုဟာ အတူတူပဲ မဟုတ်လား | ၆၂၈ |
| ၄၈၂ | သောတာပန်ဆိုတာ ဘာလဲ .... | ၄၄၃ |
| ၄၈၃ | သောတာပန်၌ ဣဿာ, မစ္ဆရိယ ရှိသေးသလော | ၁၃၅ |
| ၄၈၄ | သောတာပန် လေးပါး .... | ၃၅၂ |
| ၄၈၅ | သောတာပန်မှာ ငါ့လင်,ငါ့သား,ဒိဋ္ဌိစွဲ ရှိလို့လား | ၄၂၅ |
| ၄၈၆ | သောတာပန်သေရင် သူဆင်းရဲမျိုး၌ ဖြစ်ကောင်းသေးသလား .... | ၁၁၈ |


**မာတိကာ ပြီး၏။**



သုတေသန

# သမ္မာဓမ္မဂ္ဂ်ဳပညာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥပါသကာ မေးဖြေကဏ္ဍ

**၁ကာ။** ။ဥပါသကာဆိုတာ ဘုရား ကျောင်း စေတီနားမှာ အဝတ်ဖြူဝတ်ကာ ကြေးစည်ထုပြီး ပိုက်ဆံခံယူနေတဲ့ သူကို ခေါ်ဆိုတာလား ဆရာတော်။

၁။ ဥပါသကာဆိုတာ ဘယ်လိုလူလဲ ?

၂။ ဘာ့ကြောင့် ဥပါသကာ ခေါ်သလဲ ?

ဥပါသကာဆိုတဲ့ အဘိဓာန်ပုဒ်ကို အနက်အဓိပ္ပာယ်ထုတ်ပြပါအုံး ဘုရား။ ။ဆရာတော်က မြန်မာအဘိဓာန် ကျမ်းပြု ပုဂ္ဂိုလ်မို့ အနက်မထင်တဲ့ (ဥပါသကာ) အဘိဓာန်ပုဒ်ကလေးကို လာရောက် ဆွေးနွေး မေးမြန်းမှု ပြုကြတာပါ ဆရာတော်။

**ဆရာ။** ။အင်း....သိချင်ရင် ဖြေကြားပေးပါမယ်၊ နားထောင် မှတ်ထားကြပေါ့။

၁။ ဥပါသကာဆိုတာ "ဖြူစင် မြင့်မြတ်သောသူ,လူနှင့် တူသောလူ, အပါယ်မလားသောသူ, လူ,နတ် ဂတိ မြဲသောသူ, အရိယာ နယ်ပိုင်း ဝင်စပြုသောသူ" အဲဒီလို လူပဲ။

၂။ ဥပါသကာခေါ် တဲ့အကြောင်းကတော့၊သို့မဟုတ် ဥပါသကာ ခေါ်ခံရတဲ့သူဟာ သူ့မှာ ရှိထားရမည့် ဥပါသကာ အင်္ဂါ ၄-ပါးနှင့် အညီ ရတနာ ၃-ပါးကိုယုံကြည် ကိုးစား ဆည်းကပ်ခစားတတ်သူကို၊ သို့မဟုတ် သရဏဂုံ ခံယူကျင့်သုံးတတ်သူကို၊ သရဏဂုံ တည်သူကိုပင် အဲဒါကြောင့် ဥပါသကာ ခေါ်တယ်လို့ မှတ်ရမည်တဲ့။

ဒကာ။ ။ဥပါသကာမှာ ရှိထားရမည့် အင်္ဂါ ၄-ပါး ဆိုတာက ဘာတွေပါလဲ ဆရာတော်၊ ဒကာကြီးတို့လို လူတန်းစားအများသိအောင် တိုတိုဘိတိနဲ့ ရှင်းရှင်းဘွင်းဘွင်းပဲ ပြောပြပါ ဆရာတော်။

## ဥပါသကာ အင်္ဂါ လေးပါး

ဆရာ။ ။အေးလေ ... ဒကာကြီးတို့ နားလည်ဖို့ တိုတိုတိတိနဲ့ မိမိ ရရ ဖြစ်အောင် တတ်သိသလောက် ဖြေကြား ပေးပါမည်၊ မကျေနပ်ရင်လဲ ထပ်မေးကြပေါ့။ ဥပါသကာ အင်္ဂါ၄-ပါး ဆိုတာက –

၁။ မြတ်စွာဘုရားကို ကြည်ညိုဘက်ရေး၌ ပြီးစီးနိုင်ရန်၊ မြတ်ဘုရား၏ ဂုဏ်တော် ၉-ပါးကို။ တနည်း၊ ဂုဏ်တော် ဆယ်ပါးတို့ကို နှုတ်ရအာဂုံ သင်ကြား ဆောင်ယူထားခြင်းနဲ့၊ ဗုဒ္ဓမှာ အဟုတ်ရှိတဲ့ ကျေးဇူးဂုဏ်ရဲ့ သဘောတရား အဓိပ္ပါယ်များကိုလဲ ကိုယ်ဉာဏ်သိ ယုံကြည်မှု သန့်ရှင်းခြင်းဖြစ်ကာ ဘုရားကို မတုန်မလှုပ် ကြည်ညို လေးစားတတ်ရခြင်း အင်္ဂါတပါး။

၂။ ဘုရားရှင် ဟောကြား ညွှန်ပြထားတဲ့ တရားတော်မြတ်ကို ယုံကြည်စွာ လိုက်နာခံယူ ကျင့်ကြံ ပွားများ တတ်ရေးအတွက် ပြီးစီးနိုင်ရန် တရားဂုဏ်တော် ၅-ပါး၊ ၆-ပါးတို့ကိုလဲ နှုတ်ရအာဂုံ သင်ကြား ဆောင်ယူထားခြင်း၊ ရှင်းလင်းသော အသိဉာဏ် ပေါက် အောင် အထပ်ထပ်မွှေနှောက် လေ့လာ ဆွေးနွေး မေးမြန်းခြင်းတို့ နှင့် ပြည့်စုံကာ မတုန်မလှုပ် အဟုတ်တကယ် ကြည်ညိုလေးစား ခံယူ ကျင့်ပွါးတတ်ရခြင်း အင်္ဂါတပါး။

၃။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်ကို ကြည်ညိုလေး စား ဆည်းကပ် ခစားတတ်အောင် သံဃာ့ဂုဏ်တော် ၉-ပါးကိုလဲ နှုတ်တက် အရဆောင်ကာ အမှန်ဉာဏ်သိရောက်အောင် ဆွေးနွေး မေးမြန်းခြင်းနှင့် ပြည့်စုံလျက် မတုန်မလှုပ် ကြည်ညိုလေးစား ဆည်း ကပ်ကိုးကွယ်တတ်ရခြင်း အင်္ဂါ တပါး။

**မှတ်ချက်။** ။အဲသည် သရဏဂုံ ၃-ပါးကိုလဲ အပြည့်အစုံ ကိုယ့်မှာ ရှိထားရမယ်လို့မှတ်ပါတဲ့။ နောက်တခု မှတ်စရာက-

၄။ ဥပါသကာမှာ ရှိထားရမည့် ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျား မပျက်ပြားစေခြင်းနှင့် မိမိကိုယ်ပိုင် လုပ်ကိုင်နေ သည့် ကုသိုလ်ကံများအပေါ်၌ ဘဝကိုလိုလားတောင့်တ ရယူခံစား သာယာမှုအစွဲကို တော်လှန် တိုက်ခိုက် ဖျက်ဆီး ချိုးဖဲ့နိုင်ရခြင်း အင်္ဂါတပါး။

အဲဒီအင်္ဂါ ၄-ပါးနှင့် ပြည့်စုံတဲ့သူကို ဥပါသကာ ခေါ်တယ်လို့ ဗုဒ္ဓဘုရား ဟောကြားတော်မူတယ်၊ ကဲ....ယုံကြည်ကြရဲ့လား? ဒကာ ကြီးတို့၊ အဲဒါဟာ ဥပါသကာမှာ ရှိထားရမည့် အင်္ဂါ ၄-ပါးပဲ။

**ဒကာ**။ ။ဆရာတော်တို့က သည်နေရာမှာ သည်လို ဘုရားဟော တော်မူတယ်ဆိုရင် ဒကာကြီးတို့ ယုံကြည်စွာနဲ့ မှတ်သား ခံယူရမှာပေါ့ ဆရာတော်။

## ဘုရားဟောတိုင်း ပစ်ခတ် ယုံရမှာလား?

**ဆရာ**။ ။အင်း...ဆရာတော်တို့က ဘုရားဟောဆိုတိုင်း သို့မဟုတ် လူပြော သူပြော ရခဲ့ ရဟန်းတို့က ဒါဟာ ဘုရားဟောလို့ ပြောတိုင်းလဲ တထစ်ချ ယုံကြည် လိုက်နာ ခံယူရမည်လို့ မမှတ်ရဘူး ဒကာကြီးတို့ရဲ့။

ကိုယ်တွေ့ ဒိဋ္ဌ ဓမ္မ သဘာဝ ကျ,မကျ ယုတ္တိ ရှိ, မရှိ၊ ကိုယ်တိုင်သိ ဖြစ်အောင် သင်ကြား, နာယူ,စမ်းသပ်,ဆင်ခြင်, နှိုင်းစာ, စစ်ဆေးပါ အုံးတဲ့ – အဲဒါဟာ ဥပါသကာရဲ့ အသင့်ပုံစံပဲ၊ ပိတ်ဖြူဝတ်သူကို ခေါ်ဆိုတာမဟုတ်ဘူး။ ကဲ...ဥပါသကာရဲ့ အသင့်ပုံစံရှင်းလင်းစွာ ပေါ်လာပြီလား?

**ဒကာ**။ ။အသင့် အတင့် လောက်တော့ရှင်းပါတယ် ဆရာတော်၊ ထင်းထင်း လင်းလင်းတော့ မရှိသေးဘူး၊ ဝတ်ဖြူ စင်ကြယ်နဲ့ ဘုရားစေတီနားမှာ ကြေးစည်ထု ပိုက်ဆံခံနေတဲ့ ဥပါသကာရဲ့ အသင့်ပုံစံတွေတော့ ပျောက်ကွယ်သွားပါပြီ ဘုရား။

**ဆရာ**။ ။အင်း.... ဒကာကြီးတို့က မေးပြီးရင် ဒီက ပြန်မေးရ အုံးမယ်၊ ဗုဒ္ဓဘာသာဝင်ရဲ့ လိုရင်း ပင်မဖြစ်တဲ့ မြတ်စွာဘုရားသခင်မှာ ရှိနေသော ဂုဏ်တော် ကျေးဇူးတော်တွေ အနန္တထဲက လူတိုင်းသိသုံးဖို့ အကျဉ်းဆုံး ထုတ်နုတ်ပြဆိုထားတဲ့ အရဟံဂုဏ်အစ ဘဂဝါအထိ ၉-ပါး ဆယ်ပါးရှိတဲ့ ဂုဏ်တော်ထဲမှာ ဘယ်ဂုဏ်တော်က ဘာကိုညွှန်ပြတယ်ဆိုတာ ကိုယ်ကျိုးခံစားချက် အနက်အဓိပ္ပါယ်နှင့်

တကွ ဒကာကြီးတို့ဉာဏ်ထဲမှာ စွဲမြဲရှင်းလင်း သံသယကင်းအောင် ဘယ်နှစ်ပါးများ ယုံကြည်စွာနဲ့ သိထားပြီးပြီလဲ ?၊ မှန်မှန်ဖြေပါ။

**ဒကာ**။ ။အမှန်အတိုင်း ဖြေရရင် ဣတိပိ သော,ကို ပါဠိလို ယယ်ယယ်က ရ, ထားဘူးတာပဲ ရှိတယ်၊ အနက်သဘော အဓိပ္ပါယ်နဲ့ ညွှန်ကြားချက် ကိုယ်ကျိုးခံစားခွင့် ဆိုတာတော့ ယနေ့အထိ ယောင်ဝါးဝါး သူများပြောသံကြားနဲ့ မရှင်းမလင်း သိထဲကပါပဲ၊ ကိုယ့်ဟာကိုယ် ဘာသာရေးဆိုင်ရာ အသိဉာဏ်တွေ များစွာ လိုသေးကြောင်း အခုမှပဲ သိရတော့တယ် ဆရာတော်။

## က,ပြား ဗုဒ္ဓဘာသာများ

**ဆရာ**။ ။အင်း....ဘုရား ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာအမည် ခံသူတယောက်က ကိုယ်ဆည်းကပ်ကိုးစားတဲ့ ဘုရားရဲ့ ယုံကြည်စရာ လိုရင်းဖြစ်တဲ့ ဂုဏ်တော်ကျေးဇူးတော် တန်ခိုးစွမ်းအင် သတ္တိတော်တို့ကို ပညာရှိ ဆရာသမားများထံမှ သင်ယူကာ ကြားဘူးနားဝမှ တဆင့်,တက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ "ကျ, ကြ, ဏ, န"ပိုင်း ခြားဝေဖန်ကာ အမှန်သိဖြစ်အောင် လုပ်မထားနိုင်သေးရင် "ပြောတိုင်းယုံ ကြုံတိုင်းလိုက် ခိုင်းတိုင်းလုပ်" ဗုဒ္ဓဘာသာ အစစ်မဟုတ်ပဲ လူပြော သူပြောနဲ့ ယုံနေတဲ့ နတ်, ဝိဇ္ဇာ, ဘိုးတော်, ပထမံ, အထက်ဆရာကြီးတို့ပါ ရောနှောထားတဲ့ ရောရိရောရာ ယောင်ဝါးဝါး မှုံပြာပြာ က,ပြား ဗုဒ္ဓဘာသာ ဖြစ်နေတော့မှာပေါ့ ဒကာကြီးတို့ရ။

**ဒကာ**။ ။အပြည့်အစုံ ဆက်လက် ပြောပြပါအုံး ဆရာတော်၊ ဒကာကြီးတို့ နားလည်အောင်။

## အရေခြုံ သရဏဂုံ ခံများ

ဆရာ။ ။အဲသည် ယောင်ဝါးဝါး က,ပြား ဗုဒ္ဓဘာသာ လုပ်နေသူ တို့ရဲ့ ခံယူဆောက်တည်ကျင့်သုံးနေတဲ့ ထုံးတမ်းစဉ်လာ....

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
၃။ သံဃံ သရဏံ ဂစ္ဆာမိ–

ဆိုတဲ့ သရဏဂုံ သုံးပါးဟာလဲ ဝါးတားတား မှုံပြာပြာ ညာဒါ ဝါဒ အယောင်ဆောင် သူပြော လူပြောကို ယုံနေတဲ့ အရေခြုံ သရဏ ဂုံထဲက ဖြစ်နေတော့မှာပေါ့၊ စဉ်းစား စစ်ဆေးကြည့်ပါ။

## ဓမ္မဂုဏ်လဲ မသိ-မပိုင်

ယင်း သရဏဂုံ အရေခြုံ လူတန်းစား က,ပြား၊ ဗုဒ္ဓဘာသာဝင် မျိုးဟာ ဘုရားရှင်ဟောကြားထားသော သွာက္ခာတော စသော ကိုယ်ကျိုး ဒိဋ္ဌခံစားခွင့်ပေးထားတဲ့ တရားဂုဏ်တော် ၅-ပါး၊ ၆-ပါး ကိုလဲ. ကိုယ်ပိုင် ဝေဖန်ဉာဏ်နဲ့ ကိုယ်တိုင် အမှန်သိ ဉာဏ်သိဖြစ်အောင် စမ်းသပ် ခံစားထိမိမှုရှိမှာ မဟုတ်ဘာကတော့ သေချာတယ်၊ ဒကာ ကြီးတို့ စဉ်းစားကြည့်ပေါ့။

ဒကာ။ ။ပြောစရာ ရှိတာ အားမနာပဲသာ ပြောပြပေးပါ ဆရာတော်၊ နာယူလျက်ပါ။

## သံဃဂုဏ်တော့ အဝေးကြီးပဲ

ဆရာ။ ။အင်း....အဲသည်အကြမ်းဖျင်း လူတိုင်းရ သွာက္ခာတ,စတဲ့ ဓမ္မဂုဏ်တော်မြတ် ၅-ပါး၊ ၆-ပါးတို့မှ ဝေဖန်ဉာဏ်မရှိ အမှန်မသိ ခံစားမှု မရရှိသေးတဲ့ လူတန်းစားဟာ ယင်း တရားဓမ္မကို

ဦးထိပ်မှာထားကာ ကျင့်သွားပြီး အဆင့်ဆင့် မြင့်သထက်မြင့်အောင် အထက် အထက်ကို တက်တက် ကျင့်ကြံ သွားနေတော်မူကြတဲ့ သံဃာတော်များမှာ ကေန်ရှိထားကြသော ကြည်ညိုစရာ "သုပ္ပဋိပန္နတာ" စတဲ့ သံဃဂုဏ်တော် ၉-ပါး သိထားဖို့ဆိုတာကတော့ ဝေလာ ဝေး ရောပေါ့၊ ဒကာကြီးတို့ရ။

**ဒကာ**။ ။မှန်ပါ့၊ရတနာသုံးပါးရဲ့ ဂုဏ်ရည် ယုံကြည်စွာ မဝေဖန်မိတာကတော့ ယနေ့ထိပဲ ဆရာတော်။

## ဝေဖန်စရာတွေကတော့

**ဆရာ**။ ။သည် သရဏဂုံ ၃-ပါး၏ ဂုဏ်တော်များကိုမှ ယုံကြည်ကိုးစား အလေးအမြတ်ထားကာ ဆောက်တည်ခံယူကိုးကွယ်ကျင့်ကြံမှု မပြုတတ်သေးရင် အဲသည် ဗုဒ္ဓဘာသာဝင်ဆိုသူဟာ ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေရယူထားရမည့် ကိုယ်ကျိုးသုတေရားကို ဘယ်လိုနည်းနဲ့ ပြီးစီးရယူ ခံစားသွားနိုင်တော့မှာလဲ။ ဒကာကြီးတို့ပဲ စဉ်းစားဝေဖန်ကြည့်ပေတော့။

## အထက်ဂိုဏ်း, အထွက်ဂိုဏ်း သမားလား?

အဲဒါကြောင့် ဘုရားဟောဆိုကာ ဘေးတီး နံတီး အဖြီး အဆွယ် အစည်းအရုံးကောင်းတဲ့ တတ်ယောင်ကား အာဘောင်နီ တောင်ပံစမ်းသူများက အထက်ဂိုဏ်း, အထွက်ဂိုဏ်း, အပေါက်ဂိုဏ်း, ဘာဂိုဏ်း, ညာဂိုဏ်းနဲ့ ဟောတိုင်း ပြောတိုင်း ပစ်ခတ်ပြီး မယုံလိုက်နဲ့အုံး။ အဲဒီလူဟာ....

ကိုယ်ပိုင်လက်ရှိ ကိုးစားအားထားရာ သရဏဂုံ သုံးပါးထက်ပိုပြီး အထက်စီး အထွတ်အထိပ် ခေါင်းဆောင်ပိုင်းကလား၊ နောက်

လိုက် ရောညာသမားလားဆိုတာ သဘာဝ ကျ-မကျ ယုတ္တိရှိ-မရှိ၊ အမှားအမှန် ကိုယ်ခံဉာဏ်သိနဲ့ စိစစ်တတ်အောင် စာပေ ပိဋက တတ် သိကျွမ်းကျင်မှုရှိတဲ့ ဆရာသမားများနဲ့ အားမနာတမ်း ဆွေးနွေးမေး မြန်း နာယူသင်ကြားပါ၊ ဗုဒ္ဓရဲ့ ဟောပြောချက် တရားဓမ္မ စာအုပ် စာပေများကိုလဲ ကြပ်ကြပ်ဖတ်ပါ မှတ်ပါ လေ့လာပါ စိတ်ဝင်စားပါ ဟု တိုက်တွန်းလိုက်ပါတယ်နော်....။

**ဒကာ**။ ။ဒီလိုမိန့်ကြားတာ၊ ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဆက်လက်မိန့်ကြားပါအုံး ဘုရား။

## ဘုန်းကြီးနဲ့ မတွေ့ဆုံး သူကတော့

**ဆရာ**။ ။အင်း....တခု ဒကာကြီးတို့ သိထားဖို့ တိတိကျကျ ပြော ကြားလိုက်မယ် ''တတ်ယောင်ကားနဲ့ ရော-လိုက်၊ ရော ညာ အဖြီးသမားမျိုးဟာ ဆရာတော်တို့နဲ့ မတွေ့ဆုံးပဲ'' ကဲ-ဘာမေး စရာရှိသေးလဲ၊ ဘုပြောတယ်လို့တော့ အထင်မမှားနဲ့၊ အပါယ်လား ကုန်လိမ့်မယ်၊ ဒါပဲ။

**ဒကာ**။ ။သည်လို အပြော အဆိုမျိုးဟာ တပည့်တော်တို့ရဲ့ အကြိုက်ဆုံးစကားလုံးတွေပဲ ဆရာတော်၊ (တပည့်တော် လဲ ပြောတိုင်းယုံ ကြိုတိုင်းလိုက် ခိုင်းတိုင်းလုပ်သမားတွေကို အဟုတ် ရွှံမုန်းပါတယ်) တဘာဝတာ အစားချောင်ရေးသဘောနဲ့ ရော လိုက် ရော-ညာမျိုး မကြိုက်ပါဘူး ဆရာတော်။

စောစောက ဆရာတော် ပြောကြားသွားတဲ့ သရဏဂုံ ကိုးကွယ်မှု ကိစ္စနဲ့ စပ်ပြီး ''**ကိုယ်ကျိုးကိစ္စ ပြီးရေးအတွက် ခံယူဆောက်တည် တတ်ဖို့ဆိုတာ**''ဝန်မလေးပါက ညွှန်ပြပေးစေချင်ပါတယ်ဆရာတော်၊ သိပါရစေ။

## သရဏဂုံခံသူ လူတန်းစား နှစ်မျိုး

**ဆရာ။** ။အင်း... ဝန်မလေးပါဘူး၊ သိချင်ရင် နားနဲ့မိအောင် ထောင်နော်၊ နားနဲ့ထောင်ပြီး မိအောင်ဖမ်းရတယ်၊ သရဏဂုံ ၃-ပါး အစစ်ဆိုတာက ဘုရား, တရား, သံဃာ့ရဲ့ ဂုဏ်ကို ခေါ်ဆိုတယ်လို့ မှတ်ရမည်၊ ယင်းသို့ ခံယူကိုးကွယ်ခြင်း လူတန်းစား ကလဲ ၂-မျိုး ၂-နည်း ရှိတယ်။

၁။ သရဏဂုံ ခံယူခြင်း သက်သက်မျှသာ လူတန်းစားက တမျိုး။

၂။ သရဏဂုံကို ယုံကြည်လေးစား ပွားများခံယူခြင်း လူတန်းစားက တမျိုး။

**ဒကာ။** ။"သရဏဂုံ ခံယူခြင်း သက်သက်မျှသာ ဆိုတာက ဘယ်လို လူတန်းစားပါလဲ ဆရာတော်" ဒကာ့အပေါ် မငဲ့မညှာ အားမနာပဲ တရားတော်လာအတိုင်း ပြတ်ပြတ်သားသား သာ မိန့်ကြားပါဘုရား။

## ရိုးရာခံနေကျ သရဏဂုံ

**ဆရာ။** ။၁-နံပါတ် သရဏဂုံအရ၊ "ခံယူခြင်း သက်သက် မျှသာ"ဆိုတာက သရဏဂုံ ၃-ပါးရဲ့ ဂုဏ်တော်များ ကိုလဲ ဘာမျှမသိ၊ ရိုသေလေးစား အားထားမှုလဲ မရှိ၊ စောစောက ဒကာကြီးတို့ ပြောသလို "ဋ္ဌတိပိ သော" လောက်ကိုပဲ သာမန်ကာ လျှံကာ သင်ယူကြားသိထားပြီးတော့ မိဘဘိုးဘွားတို့၏ ရိုးရာခံယူ နေကျအတိုင်း ဘုန်းကြီးက ရှေ့ကဆိုပေးသလို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် လိုက်ဆိုခံယူခြင်းမျိုးကို ခေါ်ဆိုတယ်။

ပမာပြရရင် အနေကဇာတင် ရှင်ပြု ရဟန်းခံ အိမ်တက်မင်္ဂလာ ပရိတ်ရွတ် မွေးနေ့ဆွမ်းကျွေးနဲ့ အသုဘအိမ်တိုင်းမှာ ဒကာကြီးတို့ လိုက်လိုက်ပြီး ခံယူနေကြတဲ့ သရဏဂုံမျိုးလိုပေါ့၊ ဂစ္ဆာမိရုံနဲ့ ပြီးတာပဲ။

အဲသည် ၁ နံပါတ် သရဏဂုံခံ လူတန်းစားက ဗုဒ္ဓ ဓမ္မ သံဃမှာ ရှိတဲ့ ဂုဏ်တော် ကျေးဇူးတော်များကိုလဲ အရှိအတိုင်း ဘယ်ဟာမှ မည်မည်ရရ မသိပေမင့် သူတို့လုပ်စရာရှိတဲ့....

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနရယ်။

၂။ ခံယူဆောက်တည် ကျင့်သုံးခြင်း သီလရယ်။

၃။ ပရိတ်တရား နာယူခြင်း ဘာဝနာရယ်။

အဲဒီအမှုမျိုးကိုတော့ အပြည့်အစုံ ပြုလုပ်နေတာပဲ၊ အဲသည်ထဲမှာ လောကချမ်းသာရေး အဘွက် အမှန်လဲ ပါတယ်၊ အလိမ်အညာခံ အမှားတွေကလဲ ဗရပွပဲ ဒကာကြီးတို့ရ။

အခု ဆိုခဲ့သလို ခံယူခြင်းမျှသာ သရဏဂုံ ရှိနေတဲ့ လူတန်းစား ဟာ ဗုဒ္ဓဘာသာဝင်သူ အစစ်တို့ ရသင့်ရထိုက်တဲ့ ဗုဒ္ဓညွှန်ကြားချက် အရ လောကထွက် ကောင်းကျိုး ချမ်းသာရေး အို နာ သေ ဘေး လွတ်ရာ အနှစ်သာရရှိတဲ့ သုခများကိုတော့ ထူးခြားစွာ ရယူခံစား မသွားနိုင်ဘူးပဲ၊ သူတို့သွားနေကျ လူ နတ်ဘဝ သင်းချိုင်းကုန်းလမ်း ကိုပဲ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ မီးလျှံတွေနဲ့ ဆူညံ စွာ သွားနေရမှာသာဖြစ်တယ်။ ကဲ ...သဘောပေါက်ရဲ့လား ?

**ဒကာ။** ။**အားလုံး** နားထောင်လျက်မို့၊ ဆက်လက် မိန့်ကြား ပါအုံး၊ ဆရာတော်။

## မုဒ္ဒ၏စကား နှစ်ခွန်းသာ ရှိတယ်

**ဆရာ။** ။အင်း....သင်းချိုင်းကုန်းနဲ့ လုပ်တိုင်းကုန်းတို့ သုသာန်တို့ အသံကြားရရင် ဒကာကြီးတို့က တွန့်တွန့် သွားတယ်၊ တရားစကား ဆွေးနွေးတဲ့အခါ သုဂတဂုဏ်တော်မှာ လာတဲ့အတိုင်း မြတ်ဘုရား အလိုတော်ကျ နှစ်ခွန်းသောစကားနဲ့ ပြောကြားရရင် ကောင်းမည်ထင်တယ် ဒကာကြီးတို့ရ။

**ဒကာ။** ။သုဂတ ဂုဏ်တော်သာ နှစ်ခွန်းသော စကားကို ကွဲပြား အောင် မိန့်ကြားပါအုံး ဆရာတော်။

**ဆရာ။** ။အင်း....နှစ်ခွန်းသော စကားဆိုတာမှာ ပထမ တခွန်းက မှန်လဲမှန်တယ်၊ အကျိုးစီးပွားလဲ ရှိတယ်၊ နတ်လူတို့လဲ နှစ်သက်တယ်၊ အဲဒါကို မြတ်စွာဘုရား ဟောကြားတော်မူတယ်။

ဒုတိယ တခွန်းက မှန်ကန်တယ်၊ အကျိုးစီးပွားလဲ ရှိတယ်၊ နတ်လူတို့ကတော့ ဒီစကားကို မကြိုက် မနှစ်သက်ကြဘူး၊ ဒါပေမင့် (မှန်တယ်,အကျိုးရှိတယ်ဆိုရင်) နတ်လူတို့ကြိုက်ကြိုက်,မကြိုက်ကြိုက်၊ မြတ်စွာဘုရား ဟောကြားတော်မူတာပဲ။

အဲဒါ သုဂတဂုဏ်တော်လာ နှစ်ခွန်းသောစကားပါပဲ၊ ဒါကြောင့် ဒကာကြီးတို့ နှစ်သက်ချင်နှစ်သက် မနှစ်သက်ချင်နေ (မှန်ကန်ပြီး လူသားတို့ အကျိုးစီးပွားဖြစ်မည့် စကားကိုတော့) အားမနာတမ်း ဖြေကြားသွားမှာပဲ၊ မေးချင်ရာ မေးပေတော့။

**ဒကာ။** ။ဒကာကြီးတို့နဲ့ လူသားများအတွက် မှန်ကန်ပြီး အကျိုး စီးပွားဖြစ်မည့် စကားများ ဆိုရင် အားမနာတမ်းသာ မိန့်ကြားပါ ဆရာတော်၊ ဒကာကြီးတို့ မတုန်လှုပ်ပါဘူး ဆရာတော်။

## ၂-နံပါတ် သရဏဂုံအစစ်?

ဒါကြောင့် ပြောလက်စနဲ့ ၂-နံပါတ် အရ "သရဏဂုံကို ယုံကြည်လေးစား ပွားများခံယူခြင်း" ဆိုတဲ့ ကိစ္စ လုပ်ငန်းများကိုလဲ ဒကာကြီးတို့ နားလည်ပြီးစီးနိုင်ရန် မိန့်ကြားပါအုံး ဆရာတော်။

## ဗုဒ္ဓဘာသာအစစ်တို့ မလုပ်မနေရသော ကိစ္စများ

**ဆရာ။** ။အင်း....ယင်းကို "ယုံကြည်လေးစား ပွားများခံယူမှု" ဆိုတာကတော့ ဘုရားဂုဏ်တော် ၉-ပါး, ၁၀-ပါး၊ တရားဂုဏ်တော် ၅-ပါး, ၆-ပါး၊ သံဃဂုဏ်တော် ၉-ပါးရဲ့ ပါဠိ အနက်များကို အရကျက် နှုတ်တက် ဆောင်တယ်၊ ရွတ်ဖတ်တယ်၊ အဓိပ္ပါယ်ကို သိအောင် ဆွေးနွေးမေးမြန်းတယ်၊ ဒကာကြီးတို့ရ။

သည်တွင် ရပ်မနေပဲ မိမိခံယူ ဆောက်တည်ကိုးကွယ် ဆည်းကပ် ထားတဲ့ ဘုရား တရား သံဃာ သရဏဂုံ ၃-ပါးမှာ မှန်ကန်စွာ အဟုတ်ရှိနေတဲ့ ဂုဏ်၏ ကြီးမားမြင့်မြတ်ပုံ ကယ်တင်နိုင်ပုံ နည်း နယကို သိထားဖို့နဲ့ ယင်း အကျိုးဖလ၏ တန်ဖိုးကို ရယူခံစားနိုင်ဖို့ ပြုလုပ်ကျင့်ကြံရေးကို အကြိမ်ကြိမ် အဖန်ဖန် စုံစမ်းမေးမြန်းဆွေးနွေး နာယူတယ်၊ စိစစ် လေ့ကျင့်တယ်၊ သူပြော သူဖြေ ကြားသိလောက်နဲ့ ယုံမနေပဲ မှတ်ကျောက်တင် ခံ, မခံ သန္ဒိဋ္ဌိကဂုဏ် ရှိ,မရှိ ကိုယ်တွေ့ ဉာဏ်မြင်သိ ကျေနပ်မှုရသည်အထိ ဝိပဿနာတရားကို ကျင့်ကြံပွား များ အားထုတ်တယ်။

အဲဒါဟာ "သရဏဂုံကို ယုံကြည် လေးစား ပွားများ ခံယူ ခြင်း" ၂-နံပါတ် လူတန်းစား ဗုဒ္ဓဘာသာအစစ်များရဲ့ မလုပ်မနေရ တဲ့ ကိစ္စအချုပ်ပဲဖြစ်တယ်။

သည်နောက် လက်မခံပဲ တော်လှန်ပယ်ရှား စွန့်ပစ်ရမည့် အမှားစွဲများကိုလဲ စွန့်ပယ် ထုတ်ပစ်လိုက်တယ်၊ ပြည့်စုံစွာ ဆောင်ယူထားရမည့် အမှန်တရားများကိုလဲ အပြည့်အစုံ ဆောင်ယူထားတယ်၊ အဲသည်လို အကြိမ်ကြိမ် အခါခါ အဖန်ဖန် အထပ်ထပ် အမှားပယ် အမှန်ယူ ကိစ္စတို့ကို အပြည့်အစုံ ပြုလုပ်ပြီး သရဏဂုံ ၃-ပါး၏ ဂုဏ်ကျေးဇူးတော်များကို "သန္ဒိဋ္ဌိက" ကိုယ်တိုင်တွေ့သိ ဖြစ်လာတဲ့ အတိုင်းမှတ်ကျောက်တင်ခံသူဖြစ်တော့ ဘုရားတရားသံဃာတော်များ အပေါ်မှာ မတုန်မလှုပ် ယုံကြည် လေးစားလာတယ်၊ ဘယ်သူ ဘာပြောပြော ခိုင်မြဲသော ယုံကြည်ချက်မပျက်တော့ဘူး ဒကာကြီးတို့ရဲ့။

**ဒကာ**။ ။မှန်ပါ့၊ ဒကာကြီးတို့တော့ ဗုဒ္ဓဘာသာ အစစ် အပိုင်းထဲ ဝင်စပြုလာသူဟု ဆိုရမည်လောက် ရိုးစွဲအမှားတွေ ပယ်ဖျောက်နိုင်လာပါပြီကော ဆရာတော်၊ ဆက်လက် ပြောကြားပါအုံး ဘုရား၊ ဒကာကြီးတို့ အထူးပဲ စိတ်ဝင်စားပါတယ်။

**ဆရာ**။ ။အင်း.... သူကိုယ်တိုင် ဘုရားထံမှာ သို့မဟုတ် သံဃာတော်များ ထံမှာ ခံယူထားတဲ့ ငါးပါးသီလဟာလဲ မြဲလာတယ်၊ ဒါထက်ပိုပြီး ရှစ်ပါးသီလ ကိုးပါးသီလ ဥပုသ်သီတင်းများကိုလဲ စတင်ဝင်သုံးလာတယ်၊ မိမိအား မုချကောင်းကျိုး ချမ်းသာကိုပေးနိုင်တဲ့ ရတနာအစစ်ဖြစ်သော သရဏဂုံ ၃-ပါးမှ အခြား တပါးသော ဗေဒင် နတ် ဘိုးတော် ဝိဇ္ဇာစတဲ့ ဗုဒ္ဓဘာသာ (သမ္မာဒိဋ္ဌိ) နိဗ္ဗာန်လမ်းနှင့် ဆန့်ကျင်ဘက် လောကကြောင်း သက်သက် တဖက်သတ် တလမ်းသွား ဆရာကြီးတို့အား ကိုးကွယ် ဆည်းကပ်မှု လုပ်ငန်းများကိုလဲ ရပ်စဲ ပယ်စွန့် ထားလိုက်တယ်။

ထို့ကြောင့် ယင်းဆရာကြီးတို့စေခိုင်းချက်(ဝေဒကျမ်းလာ)စွာရ စတီ စန္ဒီ ဒေဝီ ရှရီ ရှရုံ ဥုံ အံ မန္တန် မန္တရားများကိုလဲ မရွတ်ဖတ်

တော့ဘူး၊ ခေတ်တက် ခေတ်ဆင် ယတြာခွင်တွေလဲ မချေ မပတော့ဘူး၊ မယုံကြည် မကိုးစားတော့ဘူး။

**ဒကာ**။ ။ဒကာကြီးတို့ နားထောင်လျက်မို့ ဆက်လက်မိန့်ကြားပါအုံး ဆရာတော်။

## ပိဋကတ် အဖျက်သမားတွေ

ဗုဒ္ဓဂုဏ်တော် "အရဟံ" အစစ်ရဲ့ ရှေ့နောက်ဝဲယာက ဥုံတွေ အောင်းတွေ သိဒ္ဓိတွေ ဘာတွေ ညာတွေ ထည့်သွင်းကာ "ဥုံ အရဟံ သိဒ္ဓိ"စတဲ့ ပိဋကတော်ဖျက်ဆီးမှု မိစ္ဆာသံတွေထည့်ပြီး မရွတ်ဖတ်တော့ပဲ အရဟံဂုဏ်တော် သက်သက်ကိုသာ (အရဟံ, အရဟံ, အရဟံ-ဟု) သန့်ရှင်းဖြူစင်စွာနဲ့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပွားများ သတိထားနေတော့တယ်။

မိမိစောင့်ထိန်း လုံခြုံတဲ့ (သီလာနုဿတိ) သီလဂုဏ်တော်၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းခဲ့ဘူးတဲ့ (စာဂါနုဿတိ) ဒါနဂုဏ် စသည်တို့ကိုသာ အောက်မေ့သတိရကာ အကြိမ်ကြိမ် ပွားများ ဝမ်းသာနေတော့တယ်၊ ရတနာ ၃-ပါးမှတပါး အိမ်ပေါ် တင်ဆွဲ ကိုးကွယ်ထားစရာ တခြားဟာတွေကိုလဲ မရှာဖွေတော့ဘူး။

အဲဒီနည်းတွေနဲ့ အဆင့်ဆင့် တက်တက်ပြီး အထက်အထက် တရားတွေကို ဆက်လက်ကျင့်ဆောင် သွားတော့ကာ ဗုဒ္ဓဘာသာဝင် (သမ္မာဒိဋ္ဌိ) သူစင်တို့ အိတ်ဝင် သပိတ်ဝင် မုချကိန်းသေပေါက် ရသင့်ရထိုက်တဲ့ အနှစ်သာရ အကျိုးဖလ သုခချမ်းသာမျိုးစုံတွေ ခုဘဝမှာရော နောင်ဘဝများစွာတို့အတွက်ပါ သုံးစားပေးကမ်းလို့ မကုန်နိုင်အောင် အရိပ်ပမာ ကိုယ့်နောက်ပါကာ ရယူခံစားနိုင်တာပေါ့၊ ကဲ-ရှင်းရဲ့ လင်းရဲ့ မိရဲ့လား ဒကာကြီးတို့။

**ဒကာ**။ ။ဟာ....ဆရာတော် ဟောပြောချက်တွေနဲ့ တပည့်တော်တို့ ပိုက်ကွန်ကွက် နားရွက်နဲ့ ထိလိုက် မိလိုက် လင်းလိုက် ထင်းလိုက်တာ ဆရာတော်၊ များစွာပဲ ရှင်းလင်းကျေနပ်မှု ရသွားပါပြီ။

"ဗုဒ္ဓဘာသာဝင် သမ္မာဒိဋ္ဌိသူစင် အစစ်တို့ ရယူခံစားသင့်တဲ့ အနှစ်သာရ ချမ်းသာသုခမျိုးစုံ" ဆိုတာကို အနည်းငယ်လောက် ထပ်မံ ရှင်းပြ မိန့်ကြားပါအုံး ဆရာတော်။

## ဗုဒ္ဓဘာသာဟာ အလုပ်သမား ကမ္မဝါဒ

**ဆရာ**။ ။ကောင်းပြီ ဒကာကြီးတို့ကို တိုတိုနဲ့ရှင်းပြမည် မှတ်သားပါ၊ "ဗုဒ္ဓဘာသာဝင်အစစ်တို့ ရယူခံစားခွင့် အနှစ်သာရ ချမ်းသာသုခ အကျိုးဖလမျိုးစုံဆိုတာက" သူ့သက်သက် အလိုလို မိုးပေါ်က ကျလာတာမျိုးလဲ မဟုတ်ဘူး၊ တစုံတယောက်သော တန်ခိုးသိဒ္ဓိရှင်က စီမံဖန်ဆင်းပေးလို့ ရတာမျိုးလဲ မဟုတ်ဘူး၊ ဗုဒ္ဓဘုရား ညွှန်ကြားစေခိုင်းချက်အတိုင်း....

> ပုညံဝ သုခံ ဇနေတိ၊
> အပုညံ ဒုက္ခံ ဇနေတိ။
> တသ္မာ ပုညံဝ ကာတဗ္ဗံ၊
> အပုညံ န စ ကာတဗ္ဗံ။

မိမိပြုလုပ်တဲ့ (စေတနာ) ကောင်းကံ၊ မကောင်းကံ၏ အကြောင်းအလိုက် ထိုက်တန်သလောက် ဖြစ်ပေါ်ခံစား ရယူနိုင်မည့် ဝိပါက်၊ ကောင်းကျိုးပေး မကောင်းကျိုးပေး သဘောပဲလို့ ကိုယ့်အလုပ်ကံကိုသာ စွဲမြဲယုံကြည်ထားရမှာ ဖြစ်တယ်။

ဗုဒ္ဓရဲ့ ဆိုလိုရင်း ထောက်ပြချက်က ကောင်းကံလုပ်ရင် ကောင်းကျိုးချမ်းသာ သုခ အမျိုးမျိုးတွေ မုချရမည်၊ မကောင်းကံလုပ်ရင် မကောင်းကျိုး ဆင်းရဲဒုက္ခ အမျိုးမျိုးတွေ မုချရမည်၊ ဒါကြောင့် ကောင်းမှုကုသိုလ် ပုညကို လုပ်ပါ၊ မကောင်းမှု အကုသိုလ် အပုညကို မလုပ်ပါနဲ့ ဒါပဲ။

အဲဒါကို ကမ္မဝါဒီ အလုပ်သမားဝါဒလို့ ခေါ်တယ်၊ သူများကို အားမကိုးနဲ့ (အတ္တာဟိ အတ္တနော နာထော) ကိုယ့်ကိုယ်ကို အားကိုး ကုသိုလ်တရားများ ကြိုးစားလုပ်ပါတဲ့၊ အဲဒါ ဗုဒ္ဓဘာသာဝင် အစစ်ပဲ။

**ဒကာ**။ ။မှန်ပါ့ ဆက်လက် မိန့်ကြားပါဦး ဆရာတော်၊ ဗုဒ္ဓဘာသာဆိုတာ အလုပ်သမားဝါဒ ကိုယ့်အလုပ်ကံ၏အကျိုးဖလ လုပ်ခရမှုကို ယုံကြည်အားကိုးတဲ့ကမ္မဝါဒီသဘောကို ရိပ်စားမိကာ မှန်းဆ နားသည်လာပါပြီ၊ ခုနက ပြတ်သွားတဲ့ စကားလက်စကို ဆက်မေးပါရစေ ဆရာတော် ခွင့်ပြုပါသလား ဘုရား။

**ဆရာ**။ ။အင်း ...ကောင်းပြီ၊ ခွင့်ပြုပါတယ်၊ လိုရာကိုမေးပါ၊ ဒကာကြီးတို့ ဘာမှ အားနာမနေနဲ့၊ ဘာသာရေးရဲ့ သံသယများကို မေးသာ မေးပါ၊ သိသလောက် ဖြေကြားပေးပါ့မယ်။

## သရဏဂုံ မတည်သူ၏
## ဒါန, သီလ ကုသိုလ်စုဟာ အကျိုးမရ?

**ဒကာ**။ ။စာမျက်နှာ ( ၉ ) ၁-နံပါတ် သရဏဂုံ ခံယူခြင်း မျှသာဆိုတဲ့ အခန်းမှာ သရဏဂုံ ၃-ပါး ဘုရား တရား သံဃာရဲ့ ဂုဏ်တော်များ၏ ကြည်ညိုစရာ အနက်အဓိပ္ပါယ် သဘော

သွားကို ဘာမျှမသိတဲ့ ယောင်ဝါးဝါး မှုံပြာပြာ ညာဒါ ဝါဒ ခံယူကာမျှသာမားတွေ ခံယူဆောက်တည် ကျင့်သုံးနေကြတဲ့ သရဏဂုံ သီလနဲ့ ပေးလှူမှုဒါနမျိုးဟာ ဘာမျှအကျိုးမရှိ မရတော့ဘူးလား ဆရာတော်၊ အကျဉ်းမျှ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....သည်နေရာမျိုးမှာ ဗုဒ္ဓဘုရားက(န တံ ဟောတိ မဟပ္ဖလံ) တဲ့၊ အကျိုးမရှိဘူးလို့တော့ မဆိုရဘူး၊ အကျိုးသုခ ရသင့်သလောက် သူ့စေတနာကံနှင့် ထိုက်တန်ရုံ နည်းနည်းပါးပါးတော့ ရနိုင်ပါတယ်၊ ဗုဒ္ဓဘာသာဝင် အစစ်ရဲ့ သရဏဂုံ အစစ် ခံယူထားခြင်းနှင့် ဆောက်တည်သော သီလ၊ ပေးလှူသောဒါနတို့လိုတော့ ကြီးကျယ်မြင့်မြတ်သော အကျိုးဖလကို အပြည့်အဝ မရနိုင်ဘူးပဲ။

## ဗုဒ္ဓဘာသာ အစစ်ဆိုတာ ဤအတန်းစားမျိုး?

**ဒကာ။** ။ဗုဒ္ဓဘာသာဝင် အစစ်ရဲ့ သရဏဂုံ ခံယူပုံမျိုးနဲ့ အကျိုးအပြည့်အဝ ခံစားရနိုင်ခြင်းတို့က ဘယ်လိုဟာပါလဲ ဆရာတော် နည်းနည်းလောက် ထပ်ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။စောစောက သရဏဂုံ ခံယူဆောက်တည်ပုံ လူတန်းစား ၂-မျိုးထဲက ၂-နံပါတ် လူတန်းစားအရ သရဏဂုံကို ယုံကြည်လေးစား ပွားများခြင်း ကဏ္ဍမှာ အသင့်အတင့် ပြောပြခဲ့တဲ့ အတိုင်း–

ဧဝံ ဗုဒ္ဓံ သရန္တာနံ ဓမ္မံ သံဃဉ္စ<br>ဘိက္ခဝေါ၊ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ<br>လောမ ဟံသော န ဟေဿတိ။

သုံမ္မဝတီ (က) ၁၀၄–၂

ယင်း သရဏဂုံ အစစ်အမှန်ကို ခံယူဆောက်တည် ကျင့်ထားသူက ဤသို့ နတ် သိကြား ဝိဇ္ဇာ အထက်ဆရာကြီးများ မဖက်ပဲ ရတနာ ၃-ပါး၏ ဂုဏ်တော်သက်သက်ကိုသာ ကိုးစားယုံကြည်စွာ အောက်မေ့ ပွားများနေရင် ဘေးရန်မထိ ထိပ်လန့်တုန်လှုပ်ခြင်းလဲမရှိ ကြက်သီး မွေးညှင်း ထခြင်းတောင် မဖြစ်နိုင်ဟု....ဓဇဂ္ဂသုတ္တန်မှာ ပဋိညာဉ်ဝန်ခံ ချက်ဖြင့် မြတ်ဘုရား မိန့်ကြားတော်မူခဲ့သည်ကို ယုံကြည်စွာ သိထား တဲ့အတိုင်း သရဏဂုံ ၃-ပါးအပေါ်မှာသာ မယိမ်းမယိုင်ပဲ တည်ခိုင် ငြိမ်သက်စွာ အဟုတ်တကယ် ယုံကြည်စိတ် ထားတယ်၊ အခြား နတ် ဝိဇ္ဇာ ဘိုးတော် မယ်တော် စသည်တို့ကို ကိုးကွယ်ပသမှု စိတ်မဝင်စား တော့ဘူး၊အမျှပေးဝေခြင်းနဲ့ မေတ္တာတရားတော့ ပွားများပို့သတယ်။

သူ့စိတ်ခေတ်ကိုက လောကဥ္ သန့်စင် မြင့်မြတ်ခြင်းတို့၏ အတုမရှိ အထွတ်ဆုံး အထိပ်ဆုံးဖြစ်သော ဗုဒ္ဓ၏ဘုရားမြတ် ဓမ္မရတနာကို ရိုသေ စွာ ခံယူလိုက်နာသုံးစွဲ ကျင့်ကြံခြင်းကသာ အခက်အခဲ ဟူသမျှတို့ကို အောင်မြင်နိုင်မယ်၊ ခုဘဝရဲ့ ကောင်းကျိုးချမ်းသာနဲ့ ဘဝတပါးရဲ့ ကောင်းကျိုးချမ်းသာတို့ကိုလဲ မုချပေးစွမ်းနိုင်တယ်၊ ဘဝရဲ့ ငြိမ်းအေး ချမ်းသာရာ နိဗ္ဗာန်အထိ အဟုတ်ဘကယ် ပေးစွမ်းရရှိနိုင်မှာလဲ ဖြစ် တယ်လို့ တထစ်ချ ယုံကြည် ကိုးစား ပြုလုပ်ထားတယ်။

ရှောင်ကြဉ်ရမည့် ရှေးကအယူဝါဒစွဲ ပွဲပြင် ပွဲထိုး ဘိုးဘိုး မနဲ့ သရဲ ဘီလူး နတ်ပူး ဗေဒင် ခေတ်ဆင် ခေတ်ရိုက်တို့ကိုလဲ မလိုက်စား တော့ဘူး၊ ရှောင်ကြဉ်ထားလိုက်ပြီ။

အမြင်အကြားရဲ့ အပေါ်ဌ် ကောင်းစွဲ မကောင်းစွဲ မင်္ဂလာ အမင်္ဂလာ အတိတ် နိမိတ်စွဲတို့ကိုလဲ မယူစွဲ မယုံကြည်တော့ဘူး၊ ရှောင် ကြဉ်လိုက်ပြီ။

ပြဿဒါး ရက်ရာဇာ ဇာတာ စန်း လင် ဂြိုဟ်စီး ဂြိုဟ်နင်း တြင်း နဝင်း ဝါရမိတ္တု တို့ကိုလဲ မရွေးချယ် မစိစစ်တော့ဘူး၊ ရှောင်ကြဉ် လိုက်ပြီ။

ဝိဇ္ဇာ ဇော်ဂျီ တပည့်စတဲ့ တန်ခိုးရှင်တို့ရဲ့ ဖန်ဆင်း မ,စ ကယ်တင် ပေးမှုကို တောင့်တကိုးစားခြင်းနဲ့ ယုံကြည်ချက်တို့ကိုလဲ တခါတည်း အမြစ်ပြတ် တော်လှန်ပစ်လိုက်တယ်၊ ရှောင်ကြဉ်လိုက်တယ်။

## ကိုယ့်ဘုန်းကံသာ ကိုယ်ယုံကြည်တဲ့ သမ္မာဒိဋ္ဌိ သမားကြီး

သူတို့ကို မေတ္တာပို့ အမျှဝေခြင်းမှတပါး ရုပ်ပုံတွေကို ဘုရားရဲ့ အောက်ဆွယ်နားက ထားပြီး သီးခြား ကိုးကွယ်မှု မပြုတော့ဘူး၊ မိမိ ကိုယ်တိုင် ဘုရား တရား သံဃာ ရတနာ ၃-ပါး ကိုးစား ဆည်းကပ် လိုက်နာ ကျင့်ကြံ ပွားများ ပြုလုပ် အားထုတ်မှု မိမိပိုင် ကုသိုလ်ကံ၏ ဘုန်းတန်ခိုးကြောင့်သာ ထိုထို လူ နတ် ဝိဇ္ဇာတို့က မိမိအား ကြည့်ရှု စောင့်ရှောက် ဝိုင်းဝန်းကူညီ မ,စ ပေးရတာပဲဟု မိမိရဲ့ ဘုန်းကံအမှန် ကို ယုံကြည်ဆုံးဖြတ်ကာ ရတနာ ၃-ပါးမှတပါး တခြား အားထား ကိုးကွယ်စရာ မရှာတော့ဘူး၊ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာအစစ် ဖြစ်သွားပြီ၊ အမှားတွေ ရှောင်ရှားပစ်လိုက်ပြီ။

အမှန်တရား အပြည့်အစုံ ဆောင်ယူထားရမည့် ငါးပါးသီလနဲ့ ပြည့်စုံတယ်၊ ဘဝသံသရာ၌ ကောင်းစားချမ်းသာ ပျော်ပါးစံစား စရာဟု အမှားသိ အဝိဇ္ဇာနှင့် သာယာခင်မင် လိုချင်တွယ်တာ ဆာ လောင် စွဲလမ်းမှု သမုဒယသစ္စာ တဏှာ ဥပါဒါန်တို့ စေခိုင်း စီမံပုံ ကာမဂုဏ်တို့ကိုလဲ ဒုက္ခသစ္စာပဲဟု မလိုချင် မတောင့်တ မစွဲလမ်း မရှာ မှီးတော့ဘူး။

သူလုပ်သမျှ ကုသိုလ်ကံတွေဟာ သင်းချိုင်းကုန်းမှ လွတ်ထွက်ရာ မဂ်, ဖိုလ်, နိဗ္ဗာန် ရရောက်ရေး ဥဇုပ္ပဋိပန္န တလမ်းတည်းကိုသာ ဆန္ဒပြုလျက် ဖြောင့်တန်းစွာ သွားတော့တယ်၊ အဲဒါတွေဟာ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအစစ်ဖြစ်သူ (သဒ္ဓါနုသာရီ) ပုဂ္ဂိုလ်တို့ရဲ့ သရဏဂုံ ယုံကြည် ဆောက်တည် ကိုးစားနည်းပါပဲ။

ဒကာကြီးတို့လဲ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာအစစ် ဖြစ်အောင်လုပ်ပါ၊ အုတ်အရောရော ကျောက်အရောရောမလုပ်ပါနဲ့၊ အဲဒါဟာ စစ်မှန်တဲ့ သမ္မာဒိဋ္ဌိပဲ။

## ဗုဒ္ဓဘာသာဟာ သောတာပန်လား ?

**ဒကာ**။ ။သည်လို ဗုဒ္ဓဘာသာသမ္မာဒိဋ္ဌိ အစစ်ဖြစ်သူရဲ့ သရဏဂုံ ခံယူ ဆောက်တည် ကိုးစားနည်းနဲ့ ပြည့်စုံတဲ့ သူဟာ အပါယ်လေးပါး မလားတော့ဘူးပေါ့၊ ဓမ္မကထိကတွေ ဟောကြား နေတဲ့ သောတာပန် ဖြစ်ကရောလား ဆရာတော်။

**ဆရာ**။ ။အင်း.... အပါယ်လေးပါး မလားတာက နောက်တဘဝ အတွက်လောက်သာ ဖြစ်တယ်။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ ။

လို့ ဘုရားဟော စကားတော်အတိုင်း အပါယ်လေးပါး မလားမစိုင်း တဲ့ စူဠသောတာပန် အပိုင်း သဒ္ဓါနုသာရီ ပုဂ္ဂိုလ်အနေအထား သောတာပန်အသေးစား အဆင့်အတန်းမှာသာ တည်နေသေးတယ်၊ တရားဝင် အာမခံ သောတာပန်' အစစ်ကြီးတော့ မဟုတ်သေးဘူး၊ သရဏဂုံမမြဲသေးတဲ့ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ကလေးလောက်ပဲရှိနေသေးတယ်၊

ယင်း သရဏဂုံက ခုဘဝ မြဲပေမင့် နောက်ဘဝအတွက် ပျက်စီးဖွယ် သဘောကိုဆောင်နေတယ် မခိုင်မြဲဘူး။

## ဓမ္မာနုသာရီ ပုဂ္ဂိုလ်

**ဒကာ**။ ။သဒ္ဓါနုသာရီ ပုဂ္ဂိုလ်ထက် ရင့်ကျက် မြင့်တက် ဂုဏ်မောက်သော အတန်းအစား အဆင့်ဆင့် ပုဂ္ဂိုလ်များကော ရှိပါသေးသလား ဆရာတော်၊ ရှိရင် သိပါရစေ ဘုရား။

**ဆရာ**။ ။ဟာ....ရှိတာပေါ့၊ သူ့ထက်မြင့် အဆင့်ရှိသူက "ဓမ္မာနုသာရီ" တဲ့၊ သူကတော့ သဒ္ဓါနုသာရီလို သရဏဂုံ ၃-ပါး အပေါ်မှာယုံကြည်လေးစားမှု အပြည့်အဝ ရှိရုံတင်မကဘူး၊ လောကဋ္ဌ အဟုတ်အမှန်ရှိ တရားကြီး ၄-ပါးခေါ်တဲ့ သစ္စာ ၄-ပါးကိုလဲ လေ့လာလိုက်စား နာယူစစ်ဆေးတယ်၊ ရုပ် နာမ် ဓမ္မတို့ရဲ့ သဘောမှန်ပြတဲ့ စာပေတို့ကို အဖန်ဖန် ကြည့်ရှုသုံးသပ် ဖတ်မှတ်တယ်၊ အို နာ သေ ထွက်မဂ်,ဖိုလ်,နိဗ္ဗာန်, ရ ရောက်ရေးစခန်း ဝိပဿနာလုပ်ငန်း ရိပ်သာကိုလဲ ဝင်ရောက်ကာ ပိဋကစာပေတတ် ဆရာသမားက ပေးအပ်စေခိုင်းတဲ့ တရားမှန်အတိုင်း ကြိုးစားပွားများ အားထုတ်နေတယ်၊ ဒါကြောင့် သူ့ကို ဓမ္မာနုသာရီ ပုဂ္ဂိုလ်မြတ်လို့ ခေါ်တယ်။

## အရန် သောတာပန် အဆင့်

ဒါပေမင့် သူကတော့ ဥပဒေစည်းကမ်းထဲဝင်တဲ့ အရန် သောတာပန် အဆင့်လောက်ပဲ ရောက်သေးတယ်၊ သောတာပန်အစစ် မဟုတ်သေးဘူး၊ ဝိပဿနာ ဓမ္မကိုတော့ ပွားများရှုမှတ်ဆဲပဲ အလျော့ [illegible] မပေးဘူး။

၁၅၉၃၀

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

## အရိယာဝင် သောတာပန် အဆင့်

သူဟာ အဲသည်လို ဝိပဿနာတရားကို မနေမနား ကြိုးစားပွား များရင်း အားထုတ်ရင်းက ဉာဏ်စဉ်တွေ ရင့်ကျက် တိုးတက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုကာ သောတာပန်အစစ်ဖက်ကို ရောက်သွား တော့တာပဲ၊ အရိယာပုဂ္ဂိုလ်မြတ် ဖြစ်သွားပြီ။

အဲသည်နောက် ဝိပဿနာခမ္မကိုပဲ ထပ်မံပွားများရင်း ဉာဏ်စဉ် တွေ ရင့်ရင့်ပြီး အဆင့်ဆင့် သကဒါဂါမ်,အနာဂါမ်, ဈာန်အဘိညာဉ် မရတဲ့ သူလို ငါလို ရိုးရိုး ''သုက္ခဝိပဿက'' ရဟန္တာမျိုး၊ တန်ခိုးတွေ အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ ပကတိသာဝက ဆဋ္ဌဘိည ရဟန္တာမျိုး၊ မဟာသာဝကမျိုး၊အဂ္ဂသာဝကမျိုး၊ ပစ္စေကဗုဒ္ဓါမျိုးနဲ့ သဗ္ဗညုမြတ်စွာ ဘုရားသခင်အထိ အဆင့်ဆင့်တွေဟာ (ဓမ္မာနုသာရီတို့၏) ဝိပဿနာ တရားမှန်ကို အတန်တန် မရပ်မနားပဲ အထပ်ထပ်ပွားများ အောက် မေ့ဆင်ခြင်ပြီး တက်တက်သွားကြလျက် သူ့ထက်သူ တန်ခိုးကြီး အစွမ်းကောင်းဉာဏ်ရင့်တဲ့ အဆင့်ဆင့်ပုဂ္ဂိုလ်မြတ်တွေပဲ ဒကာကြီးတို့။

## ဒကာကြီးတို့ရဲ့ အဆင့်အတန်း ကကော?

ကဲ....ဒကာကြီးတို့လဲ ခုပြောပြပြီးခဲ့တဲ့ အဆင့်အတန်းတွေထဲမှာ သောတာပန်ရဲ့ မိတ်ဆွေ အရန်-သောတာပန်ဝင် အဆင့်အတန်းက စပြီးတော့ ဘယ်အဆင့်အတန်းလောက်များ ရောက်နေပြီလဲ? မှန်မှန် ပြောစမ်းပါအုံးလေ။

## သရဏဂုံတည် ဥပါသကာအစစ်ကား ရှားပါးလှ၏

ဒကာ။ ။အမှန်လျှောက်ထားရရင်ဆရာတော်နဲ့မတွေ့ခင်ကတော့ ငါဟာ တော်တော်ဟုတ်နေပြီ၊ စူဠသောတာပန်အဆင့်

လောက်တော့ ရောက်နေတာပဲလို့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့တာ ခုတော့ကာ "ဣတိပိ သောဘဂဝါ" အတန်းအစားတောင် ကျေပွန် လုံလောက်အောင် မရောက်သေးမှန်း သိရပါတယ် ဆရာတော်။

အခု ဆရာတော် မိန့်ကြား သင်ပြသွားတဲ့ သရဏဂုံ ရှင်းတမ်း တရားမှန်အတိုင်းသာ ဆိုရင် မြန်မာပြည်မှာ သရဏဂုံတည် ဥပါသကာအစစ်ဟာ ဖျစ်ဖျစ်မြည်အောင် ရှားမှ-ရှားနေတော့မှာပဲ ဆရာတော်၊ နတ် ဝိဇ္ဇာ ဗေဒင် ဓာတ်ရိုက် ဓာတ်စီး ဓာတ်ဆင်တွေနဲ့ ဖက်တွဲပြီး စိပ်ပုတီးကြီး လည်ပင်းဆွဲကာ သရဏဂုံတောထဲ ဝင်ရော မွှေနှောက်ခံယူနေကြတာတွေသာ များတာ သိရပါတယ် ဆရာတော်။

**ဆရာ။** ။အင်း....ရှားပါးဆို အတိုင်းမသိ တန်ဖိုးရှိတဲ့ ဗုဒ္ဓသာသနာ ရတနာအစစ်အမှန်ကို ဘုန်းကံပါရမီ ကြီးမားတဲ့ ဘုန်းရှင် ကံရှင် ပညာရှင်များသာ ယုံကြည်စိတ်ချစွာနဲ့ ဆည်းကပ်မှီဝဲ သုံးဆောင်ခံစားနိုင်တယ်လို့ မြတ်စွာဘုရားသခင်က—

**သာသနေ ပုညဝန္တဿ၊**
**ပုညဝန္တာဝ လာဘိနော။**

လို့ ဟောကြား မိန့်မှာထားခဲ့တယ် ဒကာကြီးတို့ရဲ့၊ ဒါကြောင့် ဒကာကြီးတို့လဲ ဘုန်းကံရှင် ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်အောင် သရဏဂုံ ၃-ပါးမှ လွဲချော်ပြီး နတ်စွဲ ဘိုးတော်စွဲ ဝိဇ္ဇာစွဲ ဘာဂိုဏ်း ညာဂိုဏ်း ဆိုတဲ့ (အညတိတ္ထိယ) အခြားဝါဒစွဲတွေ မလိုက်စား မယုံကြည်တော့ပဲ သာသနာတော်နဲ့ တွေ့ကြုံတဲ့အခါ....

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
**သံဃော မေ သရဏံ အညံ နတ္ထိ။**

ဘုရား တရား သံဃာ ရတနာ ၃-ပါးသည်သာ ငါ၏ ကိုးစား အားထားရာ အစစ်ဖြစ်၏၊ ရတနာ ၃-ပါးမှ အခြားသော ကိုးစားစရာ "အညဝါဒ" ငါ့မှာမရှိ ဟု သရဏဂုံ ၃-ပါးကို ရင်ထဲ နှလုံးထဲမှာ အမြဲထားပြီး မြတ်ဘုရား လိုလား နှစ်သက်တော်မူတဲ့ ဝိပဿနာတရားကိုသာ ကြိုးစားပွားများ အားထုတ်ပါ။

အိုရ နာရ သေရ စိုးရိမ် ပူဆွေး ငိုကြွေးရသော ဆင်းရဲစုတို့ ပြည့်နှက်နှိပ်စက်ခြင်း ရှိနေတဲ့ မိမိသွားနေကျ အနိစ္စ ဒုက္ခ သင်းချိုင်း ကုန်းလမ်းမကြီးထဲမှ ဖဲထွက်ရှောင်ရှားလျက် ဆင်းရဲခြင်း လုံးဝမရှိ၊ ပကတိငြိမ်းချမ်း အေးမြသာယာခြင်း ရှိနေတဲ့ မဂ်, ဖိုလ်, နိဗ္ဗာန် နိစ္စ, သုခလမ်းကို လှမ်းတက် ရယူ ခံစားဖို့ အရွယ် ရောက်နေပြီ နော်။

ဒါကြောင့် သေမင်းမလာခင် ဉပါသကာလုပ်ငန်းကို မြန်မြန် ဝင်စမ်းပါ၊ ဝိပဿနာလက်နက်ဖြင့် သေမင်းရဲ့ဒဏ်ချက်ကို ချိုးဖျက် တော်လှန်လိုက်စမ်းပါလို့ ရှေးဦးစွာ တိုက်တွန်း သတိပေးပါတယ်။

နောက်တချက် သတိပေးချင်တာက ဒကာကြီးတို့အိမ် ဘုရား ခန်းနားမှာ တရိုတသေ ပြင်ဆင်လျက် "ဝေဒကျမ်းအရ" ဗြာဟ္မဏ ဘာသာဝင် ပုဏ္ဏားတို့ ပူဇော် ပ,သ ကိုးကွယ်ကြတဲ့ ဗေဒင် ၄-ပုံ ဆောင် သူရဿတီ မယ်တော်ကြီးပုံတို့၊ အိမ်ထဲမှာဆွဲပြီး ပိတ်ဖြူ ပိတ်နီ ပတ်စီးထားတဲ့ အုန်းသီးတို့၊ ယပ်ဝန်းတို့၊ ဝက်သား မစားတဲ့ ကုလားအဆက်အနွယ် မင်းကြီး မင်းကလေးပုံတို့၊ တန်း ရေခါး အရက်နဲ့ပျော်တဲ့ ဦးမင်းကျော်တို့၊ မြင်းဖြူရှင်တို့ ရုပ်ပုံကား တွေကို ဖယ်ရှားပြီး ဘိုးတော်သိကြားနဲ့ နတ်ကြီးလေးပါး၊ ဝိဇ္ဇာ ရှစ်သောင်း၊ ပထမံ သိဒ္ဓိရှင် ဆရာအပေါင်းတို့ဖို့ ဇလုံကြီးတွေနဲ့ ပြင်ထားတဲ့ အုန်း, ငှက်ပျောပွဲတို့ကို ရတနာ ၃-ပါးအတွက် ပြောင်း

လဲချက် ပြုပေးလိုက်ရင် တခုတည်းသော ဗုဒ္ဓဘာသာဝင် ဒအစစ်၊ သန့်ရှင်းဖြူစင်တဲ့ သမ္မာဒိဋ္ဌိ ဥပါသကာကြီးတွေ ဖြစ်သွားမှာပေါ့၊ ဒကာကြီးတို့ရဲ့။ ကဲ....ဘယ့်နဲ့လဲ လုပ်ဝံ့ပါ့မလား?။

## နတ်မကိုင်ခင် သူတို့က အရင်ကိုင်မှာ

**ဒကာ**။ ။အိမ်ဦး ဘုရားခန်းနားမှာ အထက်ဆရာကြီးပွဲ နတ်ပွဲအတွက် နို့သာရေတွေ ပက်ပြီး ပြင်ထားတဲ့ အုန်းငှက်ပျောပွဲတွေကို တခုတည်းသော ဗုဒ္ဓမြတ်စွာ ဘုရားပွဲအတွက် ပြောင်းလဲမှု ပြုလိုက်ရင် အိမ်က ဒကာမကြီးနဲ့ တပည့်တော်လဲ နောင်ဂျိန်ထိုး အိုးစားကွဲမှာတော့ သေချာပေါက်ပဲ ဆရာတော်၊ သူတို့ကိုလဲ ကြောက်ရ၊ ငဲ့ရသေးတယ်ဘုရား၊ မလွယ်ဘူးနော်၊ နတ်မကိုင်ခင် သူတို့က အရင်ကိုင်မှာ ဆရာတော်။

## ဘာသာရေး အစွဲကား နိုင်မြဲလျှာ

**ဆရာ**။ ။အင်း ဘာသာကိုးကွယ်ရေး အစွဲဆိုတာကလဲ စွဲထားမိရင် ဖြေရှင်းနိုင်ဖို့က တော်တော်ခက်တယ်လေ၊ အမှန်ဘက်ကို မရောက်နိုင်တော့ဘူး၊ အလွန်ခိုင်မြဲတယ်။

ဒါကြောင့် (ဘာသာရေး၌ ကိုယ်ကြိုက်ရာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြောင်းနှင့်) နိုင်ငံတော် အခြေခံဥပဒေက လုံးဝ ခွင့်ပေးထားရတာပေါ့။

ရှင်သာရိပုတ္တရာတို့ ညီအစ်ကိုမောင်နှမတွေ အိမ်လုံးကျွတ် အကုန်လုံး ဗုဒ္ဓဘာသာအစစ် ရဟန္တာကြီးတွေ ဖြစ်သွားတာတောင် သူတို့မယ်တော် (ဒေါ်သာရီ) ကြီးက ဘုရား တရား သံဃာ

သရဏဂုံ ၃·ပါးကို အလကားထင်နေတာ မှားသော **အယူဝါဒ** တွေတဲ့။

ဗြဟ္မာတို့ ဘိုးတော်သိကြားတို့ နတ်မင်းကြီးတို့ကိုပဲ သူတို့စိမံ ဖန်ဆင်းပေးလို့ လူလာဖြစ်ရတာ၊ သူတို့ချီးမြှောက် စောင့်ရှောက်လို့ ချမ်းသာနေရတာပဲ ဟု အစွဲအထင်ကြီးကာ ကိုးကွယ်ဆည်းကပ်နေ တာပဲ၊ ဘုရားကို လုံးလုံး မယုံကြည်ဘူး၊ ဒါကြောင့် အိမ်က ဒကာမကြီးရဲ့ အစွဲအမှားတွေကိုလဲ ခွင့်လွှတ်ထားထိုက်ပါတယ်လေ၊ ဖြည်းဖြည်းနားဝင်အောင် ဆွဲဆောင် ကယ်တင်ပေးပေါ့၊ ယုံကြည် စိတ်ချစရာ ရတနာအစစ်တွေ တွေ့နေမှပဲဟာ အတုတွေ ဘာလုပ်စရာ လဲ၊ စိတ်မှ မချရတဲ့ဥစ္စာကို ယုံကြည်ကိုးစား အားထားမနေနဲ့ပေါ့။

## သာသနာကို ဈေးကိုင်ပြုလို့ မခိုင်မြဲနိုင်ချေ

**ဒကာ**။ ။မှန်ပါတယ် ဆရာတော်၊ ဘာသာရေး အစစ်အမှန် ဆိုတာက ခြောက်လှန့်ကြိမ်းဝါး ဈေးကိုင်ပြီး ကျမ်း စာအုပ်ပေးလို့ ယူရင် ခဏပါပဲ၊ ဈေးကြောက်လို့ ခံယူလိုက်နာ ကျင့် သုံးနေရတာ၊ ပညာဆင်ခြင်ဉာဏ်နဲ့ ဝေဖန်မှု ပြုလာတဲ့အခါကျတော့ အမှန်တရား ရယူသွားမှာ သေချာပါတယ်။

ဗုဒ္ဓဘာသာက ချစ်ခင်ခြင်း မေတ္တာ၊ သနားခြင်း ကရုဏာ၊ သည်းခံခြင်း ခန္တီတရားတို့ကို လက်ကိုင်ထားပြီး ပြုစုပျိုးထောင်ပေး ရမှာမို့ သိမ်မွေ့သန့်ရှင်း နူးညံ့လှပါတယ်၊ ဒါကြောင့် အိမ်က ဒကာမကြီးကို ပညာပါရမီ မရင့်သေးခင် ခွင့်ပေးထားခြင်းပဲ ဖြစ် ပါတယ် ဆရာတော်။

## သူရဿတီ မယ်တော်ဆိုတာ ပိဋကတော်မှာ ပါသလား?

လက်စနဲ့မေးချင်တာက ခုန ဆရာတော်မိန့်ကြားသွားတဲ့ စကားထဲမှာ သူရဿတီ နတ်သမီးကြီးကို (ဗေဒင် ၄-ပုံဆောင် သူရဿတီ မယ်တော်ကြီးပုံတို့)လို့ ကြားသိ မှတ်သားမိလိုက်ပါတယ်၊ သူရဿတီ မယ်တော်ဆိုတာက ပိဋက ၃-ပုံဆောင် သိဒ္ဓိရှင်မကြီး ဖြစ်တယ်၊ လူသားတို့ လိုရာကို အပြီးတိုင် စောင့်ရှောက် ဆောင်ရွက်ပေးနိုင်တယ်လို့ ယုံကြည်ကိုးကွယ်ကြတာ မဟုတ်ပါလား ဆရာတော်၊ သည်အကြောင်းတွေ ဘုရားဟောကျမ်းစာမှာ မပါဘူးလားဘုရား၊ သိပါရစေ။

**ဆရာ။** ။ဘုရားဟောကျမ်းစာ ပိဋကတော်မှာ သူရဿတီ မယ်တော် မပါဘူး၊ ဟိန္ဒူပြဒါးဟူးဏမျှားကို မလှုပ်နိုင်အောင် အရိုးစွဲ ချည်တုပ်ထားတဲ့ ဝေဒကျမ်းမှာ လာတာတွေသာ ဖြစ်တယ်၊ ဝေဒကျမ်းအချုပ်ကတော့ နတ်ပူဇော်တဲ့ကျမ်းပဲ၊ နတ်တွေက မဟေသရ သိဝ ကရိရှဏ ဗိဿနိုး ဣန္ဒ ဝရုဏ ပရာဝတီ သူရဿတီ စန္ဒီ စတဲ့ နတ်တွေပေါ့၊ ရွာစောင့်နတ် ဘဂဝတီ အထိ သူတို့ ကိုးကွယ် ပူဇော်ကြတယ်၊ ဘယ်က ပိဋက ၃-ပုံဆောင် ဟုတ်ရမှာလဲ၊ ဗေဒင်ကျမ်းကလာတဲ့ နတ်သမီး ဒေဝီတပါးပဲ၊ သူ့ကို ပူဇော်ဖြစ်အောင် ပိဋကတော်နဲ့ ဆွေမျိုးစပ်ပြီး နားလှဲ့ ပါးလှဲ့နဲ့ ဗုဒ္ဓဘာသာ အစစ်ထဲ ရောနှောရိုက်သွင်းလိုက်တာ ဒကာကြီးတို့ရဲ့ ဗုဒ္ဓဘာသာနဲ့ တခြားစီပဲဟာ။

**ဒကာ။** ။ဆက်လက်မိန့်ကြားပါအုံး ဆရာတော်၊ သိပါရစေအုံး ဘုရား။

## ဘုရားကိုးဆူ ကျွေးသလိုဟာမျိုးပဲ

**ဆရာ။** ။ဒကာကြီးတို့ ဘုရားကိုးဆူ ကျွေးသလိုပေါ့၊ **နာမည်** ခေါ်ပုံကိုက စပြီး လွဲချော်နေတာ၊ ဘုရားက ဂေါတမ ဗုဒ္ဓ တဆူတည်း၊ **ဘေးက** ရှင်သာရိပုတ္တရာ စတဲ့ ရဟန္တာ ရှစ်ဆူ ရန်ထားတာကိုပဲ ဘုရားကိုးဆူလို့ ခေါ်ဆိုနေကြတာ၊ ရတနာ ၃-ပါး သက်သက်တင် မဟုတ်သေးဘူး၊ နတ်ရုပ်တွေရော ဂြိုဟ်ကောင်တွေပါ ရှုပ်လို့၊ ယင်းတို့အတွက် ဖက်စိမ်းခွက်တွေနဲ့ ထည့်ရ ပြင်ရသေးတယ်၊ ဘုရားကို ဖက်ခွက်နဲ့ ကပ်ကောင်းလို့လား၊ မဟုတ်တရုတ်တွေပဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ကြည့်ပေါ့လေ။

ကဲ ...ဉပါသကာ အစစ်ဖြစ်ဖို့ သမ္မာဒိဋ္ဌိ လုပ်ငန်းက အရာကျယ်တယ်၊ နက်ရှိုင်းတယ်လို့ ပြောခဲ့တဲ့အတိုင်း ဉပါသကာရဲ့ ဂုဏ်အင်္ဂါတွေက ၅-ပါး၊ ၇-ပါး၊ ၁၀-ပါး စသည် များစွာ ရှိသေးတယ်။

နောက် ဉပါသကာ လိုက်နာစရာ အကြောင်းခြင်းရာတွေလဲ ပိဋကတော်စာပေမှာ များစွာရှိသေးတယ်၊ အဲဒါတွေ သိချင်, ကြည့်ချင်ရင် "သုတေသန သရုပ်ပြ အဘိဓာန်ကြီးရဲ့" ဉ-အက္ခရာပိုင်းမှာ ရှာကြည့် လေ့လာပေတော့လေ။

ကဲ....ကျေနပ်လောက်ပါပြီနော်၊ နောက်ကိုလဲ သာသနာတော်နဲ့ စပ်တဲ့ သံသယ အမည်းစက် မေးစရာအချက်ကြီးရော အချက်ကလေးတွေပါ မေးချင်တာရှိရင် လာရောက်မေးနိုင်ပါတယ်။

**ဒကာ။** ။မှန်ပါ့ ယနေ့ ဆရာတော်နဲ့ လာတွေ့ ဆွေးနွေး မေးမြန်းရတာ ကောင်းသော တွေ့ခြင်း မင်္ဂလာပါပဲ

ဆရာတော်၊ ဒကာကြီးတို့ကိုလဲ ယနေ့ကစ၍ ဟို အယူအစွဲတွေကို ပြောင်းလဲတော်လှန်ပစ်ကာ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအစစ် ဖြစ်သွားသူ တွေလို့သာ မှတ်တော်မူပါဘုရား။

ဆရာတော်အား ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပါတယ်၊ လိုရာ ကို မိန့်တော်မူပါ ဆရာတော်၊ ကျန်းမာ ချမ်းသာစွာနဲ့ သာသနာ တော်မြတ်ကို စောင့်ရှောက် ပြုစုနိုင်ပါစေ၊ ဝမ်းသာစွာပဲ ကျေးဇူး တင်လှပါတယ် ဆရာတော်။

## ဆရာတော်ဦးသြဘာသနဲ့ ဆက်ရင် ပျက်တော့မှာပဲတဲ့

**ဆရာ။** ။အင်း....ကျေးဇူးတင် ဆိုတာကတော့ (နွားပြာကြီး အကြောင်းသိရင် အသားတောင် မစားချင်ဘူး ဆိုတာ လို)“လူအများ နှစ်သက်ချင်နှစ်သက် မနှစ်သက်ချင်နေ၊ မှန်ကန်ပြီး အကျိုးစီးပွား ချမ်းသာသုခရမည့် စကားဆိုရင် ပြောသာပြော” ဟူသော သုဂတောဂုဏ်တော်အရ ဘွင်းဘွင်းရှင်းရှင်း ပြောချတဲ့ သူ မျိုးကို ဘောက်၊ ဘု ကျတဲ့ ဝွသမားလို့ အနားတောင် မကပ်လာ ဘူး ဒကာကြီးတို့ရဲ၊ ကျေးဇူးတင်ဖို့တော့ ဝေးရော။

**ဒကာ။** ။မှန်ပါ့၊ တချို့ ဘိုးတော်သိကြားမင်းနဲ့ နတ် ဘိုးဘိုး အောင် စတဲ့ အထက်ဆရာကြီးတွေကို ဘုရားစင်နားမှာ ထားပြီး ကိုးစား အားထားယုံကြည်သူ ရှင်လူတို့ကတော့ ဆရာတော် ဦးသြဘာနဲ့ဆက်ရင် ပျက်တော့မှာပဲလို့ ပြောကြတယ်၊ ဒကာကြီး တို့ကတော့ ဘုရားဟောတရားတော် မှန်ကန်ပြီး အကျိုးစီးပွား

များရင် သီးခြားသန့်သန့် မှတ်သားလိုက်နာ ကိုးကွယ်ဆည်းကပ်တဲ့ သူတွေပါ ဆရာတော်၊ အုတ်အရောရော ကျောက်အရောရော ယောဆရာမျိုးထဲက မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ်တွေ ဖြစ်လာကြပါပြီ ဘုရား။

**ဆရာ။** ။အင်း...သည်လူမျိုးသေရင် အနည်းဆုံး နတ်ပြည်တော့ ရောက်မှာပဲ၊ ဟိုတင်း ဟိုဟာတွေ မပါတဲ့ ဗုဒ္ဓဘာသာ စစ်စစ်သာဖြစ်အောင် ကြိုးစားကြပေတော့၊ ကဲ.... ပြန်နိုင်ပါပြီ၊ ကျန်းမာ ချမ်းသာကြပါစေ။

**ဤမှာပင် ဥပါသကာ အစစ်အမှန် မေး ဖြေခန်း ပြီး၏။**

# သမ္မာဒိဋ္ဌိပဉှာကဏ္ဍ

**ဒကာ။** ။အရှင် သုံးလေးလပိုင်းက ဆရာတော် မိန့်ကြားဖြေဆိုသွားတဲ့ ဥပါသကာဂုဏ်ရည် အမေးအဖြေ ကဏ္ဍထဲမှာ သရဏဂုံ ၃-ပါး ဆောက်တည် ခံယူပုံ နည်းများနဲ့ ရတနာ ၃-ပါး၏ ဂုဏ်ကို မတုန်မလှုပ် ယုံကြည်ကိုးစား ကျင့်ပွားရပုံများကို လူအများ "နားလည်နိုင်လောက်အောင် ဒကာကြီးတို့ ကိုယ်တိုင်လဲ အားရ ကျေနပ် နှစ်သက်မှုရအောင်" ပြောပြဖြေကြားသွားလို့ များစွာပဲ ကျေးဇူးတင် ဝမ်းသာရပါတယ် ဆရာတော်။

အဲဒီ သရဏဂုံ ၃ ပါးနဲ့ ရတနာ ၃ ပါး ဆိုတဲ့ စကားများထဲမှာ "သမ္မာဒိဋ္ဌိ"ခေါ်တဲ့ အဘိဓာန်ပုဒ် စကားလုံးကိုလဲ ခပ်များများ ထည့်သွင်း သုံးစွဲသွားတာကို မှတ်သားထားမိပါတယ်၊ ဒါကြောင့် "သမ္မာဒိဋ္ဌိ" ဆိုတဲ့ ဗုဒ္ဓဘာသာသုံး အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို သိပါရစေ ဆရာတော်။

## သမ္မာဒိဋ္ဌိဆိုတာ ဘာလဲ?

**ဆရာ။** ။အင်း...ဥပါသကာ,တို့ သရဏဂုံ,တို့ -သမ္မာဒိဋ္ဌိ,တို့ဆိုတဲ့ အဘိဓာန်ပုဒ်တွေဟာ ဗုဒ္ဓဘာသာ တရားတော်ထဲမှာ မပါရင် မပြီးနိုင်တဲ့ စကားလုံးတွေပဲ၊ စိစစ်ဝေဖန်နိုင်သလောက်လဲ ကျယ်ပြန့်နက်နဲပြီး အနှစ်သာရနဲ့ ပြည့်စုံတယ်။

သမ္မာ = မဖောက်မပြန်, မှန်ကန်, ဖြောင့်မတ်, သန့်ရှင်း, မြင့်မြတ်,ဖြူစင်သော။

ဒိဋ္ဌိ = အမြင်,အယူ,အစွဲ,အလုပ်,အကျင့်တရား။

သမ္မာဒိဋ္ဌိ = မဖောက်မပြန် မှန်ကန် ဖြောင့်မတ် မြင့်မြတ် ဖြူစင် သန့်ရှင်း၍ အပြစ်ကင်းသော အယူအစွဲ အလုပ်အကျင့်ကို ခေါ်ဆိုသည်တဲ့၊ အဲဒါ သူ့ရဲ့ အနက်အဓိပ္ပါယ်ပဲ။

**ဒကာ**။ ။နည်းနည်းလောက် တိုးချဲ့ စိစစ် ဝေဖန် ပြပါအုံး ဆရာတော်၊ ယင်းရဲ့ အနှစ်သာရ သဘောတရား အမျိုးအပြား အရာကျယ်ပုံ နက်နဲပုံ ကလေးတွေကို သိပါရစေ။

**ဆရာ**။ ။အင်း....သိချင်ရင် တိုတိုကျဉ်းကျဉ်း တိတိကျကျ ကွဲပြားနားလည်နိုင်တဲ့ နည်းနဲ့ပဲ ပြောပြသွားမည် မှတ်သားပေတော့၊ ဥပရိပဏ္ဏာသ ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ (၁၁၆)နဲ့ အဋ္ဌကထာ ၉၁-၉၅ တို့မှာ ဟောဒီလို ၅-မျိုး ၅-ပါး ဟောကြားထားတယ်။

## သမ္မာဒိဋ္ဌိမျိုး ၅-ပါး

၁။ **ကမ္မသကတာသမ္မာဒိဋ္ဌိမျိုး**=ဤလောက၌ သတ္တဝါအများ ကမ္ဘာသားတို့၏ ကောင်းကျိုး သုခချမ်းသာ မကောင်းကျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ဖန်ဆင်းပေးသော တန်ခိုးသိဒ္ဓိရှင်နှင့် ကယ်တင်ရှင်ဟူ၍ မရှိချေ၊ ကံသာလျှင် ကိုယ့်ဥစ္စာဖြစ်သည်။

( က ) ကုသိုလ်ကံခေါ်သော အပြစ်မဲ့ကောင်းသော အလုပ်ကို မိမိကိုယ်တိုင်လုပ်၍ ကောင်းမြတ် ချမ်းသာသော အကျိုးလုပ်ခ ဘုံဘဝတွေကို မိမိကိုယ်တိုင် ရရှိခံစားနေရသည်။

( ခ ) အကုသိုလ်ကံ ခေါ် အပြစ်ရှိတဲ့ မကောင်းမှု အလုပ်တွေကို မိမိကိုယ်တိုင် ပြုလုပ်သောကြောင့် မကောင်း

ဆိုးဝါး ဆင်းရဲပင်ပန်းတဲ့ ဘုံဘဝနဲ့ လုပ်ခအကျိုး ဒုက္ခ အမျိုးမျိုးတွေကို မိမိကိုယ်တိုင် ရရှိ ခံစားနေရ သည်...။

ဟု ကံ ကံ၏အကျိုးကို ကောန်မှုချ ယုံကြည်ကာ အပြစ်ရှိတဲ့ မကောင်းလုပ် အကုသိုလ်ကံ ဟူသမျှကို ရှောင်ကြဉ်ကာ ကုသိုလ်ကံ အပြစ်မရှိ ကောင်းကျိုးချမ်းသာကို ပေးတတ်တဲ့ ကောင်းတာ သက်သက်ကိုသာ လုပ်ကိုင် နေထိုင် စားသောက်သော အယူဝါဒ ရှိသူမျိုးပဲ ဒကာကြီးတို့။

ကိုယ့်အလုပ်ကံနဲ့ ကံကြောင့် ရလာတဲ့ လုပ်ခခေါ်တဲ့ ကံ၏အကျိုး (ဖလ, ဝိပါက) ဝိပါက်ကို ယုံကြည်တဲ့ အယူဝါဒဟာ ကမ္မ သကတာ သမ္မာဒိဋ္ဌိ ဖြစ်ဘယ်။

၂။ **ဝိပဿနာသမ္မာဒိဋ္ဌိမျိုး**= ဤလောကထဲ၌ လူ နတ် ပြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဆိုတာ မရှိ၊ ငါ သူတပါး မရှိသဖြင့် ငါ့ဥစ္စာ သူ့ဥစ္စာ ဆိုတာလဲ မရှိ၊ အထည်ကိုယ် ဒြပ်အနေနဲ့ ကိုင်, ဆွဲ ပြစရာ အရှည် အတို အတုံးအခဲ အမှုန်အမွှား ဆိုတာလဲ ဘာမျှမရှိချေ။

အဟုတ် အမှန် ရှိသည်ကား ရုပ်, နာမ်, နှစ်ပါးမျှသာ ဖြစ်၏၊ ထို ရုပ်,နာမ်တို့ သဘောကား မခိုင်မမြဲ ဖြစ်ပေါ်လာပြီး ပျက်ပျက် သွားသောကြောင့် ဆင်းရဲခြင်း ဒုက္ခသဘော သက်သက်ပဲဟု ဖြစ်, ပျက် ကိုသာ အနိစ္စလက္ခဏာ မှတ်ချက်ဖြင့် ကိုယ်ထဲမှာ အမှန်အတိုင်း ပိုင်းခြားပြီးတော့ သိမြင်အောင် စူးစိုက် မှတ်သား ပွားများ အားထုတ်နေမှုကို ဝိပဿနာ သမ္မာဒိဋ္ဌိလို့ ခေါ်တယ် ဒကာကြီးတို့၊ ဖြစ်ပျက်မှု ရုပ်နာမ်ထဲမှာ ငါ,ငါ့ဥစ္စာ မပါတာဟာ ဝိပဿနာပဲ။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄–၃

၃။ **မဂ္ဂသမ္မာဒိဋ္ဌိမျိုး** = (၂) နံပါတ်မှာပြခဲ့တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိကို ဒကာကြီးတို့ကိုယ်တိုင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတဲ့ အတ္တဒိဋ္ဌိစွဲဖြုတ်ကာ ရုပ်တရားရဲ့ ဖောက်ပြန် ညောင်းညာ နာကျင် ကိုက်ခဲ ပျက်စီး ပြောင်းလဲမှု သဘောအမျိုးမျိုးတွေနဲ့ နာမ်တရားရဲ့ သိမှု ခံစားမှု မှတ်သားမှု မမေ့ရအောင် ကြိုးစား အောက်မေ့ စေ့ဆော်တိုက်တွန်းချက်တွေရဲ့ ပျက်ပျက် သွားမှုတွေကို ကိုယ်ကာယထဲမှာ စူးစိုက်မှတ်သား ပွားများနေရင် အဲသည် ဖြစ်ပျက် ဒုက္ခဆင်းရဲတွေဟာ ချုပ်ငြိမ်း ပျောက်ပျက်သွားကာ တခါမှ မတွေ့ကြုံ မခံစားရဘူးသေးတဲ့၊ အတိုင်းမသိ အေးမြ ငြိမ်းချမ်းသာယာတဲ့ သုခအစစ် သဘောကို ဖြုတ်ဆို ရရောက်တွေ့ရှိ ခံစားလိုက်ရခြင်းနဲ့ အဲဒီလို ကိုယ်တွေ့ဒိဋ္ဌ မှန်ကန်စွာမျက်မှောက်ပြု သိလိုက်ရတဲ့ ပထမမဂ် အသိဉာဏ်က ပေးလိုက်တဲ့ အယူအစွဲ အလေ့အကျင့်တို့ကို ဘယ်ဘဝ ဘယ်သော အခါမှ မပျက်စေပဲ မဖျက်တော့ပဲ စွဲယူနေခြင်းကို မဂ္ဂသမ္မာဒိဋ္ဌိလို့ ခေါ်တယ် ဒကာကြီးတို့၊ အဲဒါဟာ သောတာပတ္တိမဂ်ပဲ။

၄။ **ဖလသမ္မာဒိဋ္ဌိမျိုး** = အဲဒီ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် သိရှိခံစားလိုက်ရတဲ့ ငြိမ်းအေးချမ်းသာမှု နိဗ္ဗာန်သဘောကို တဆက်တည်း ဖိုလ်စိတ်ဖြင့် ဆက်လက်သိရှိ ခံစားလိုက်ပြန်ခြင်းနဲ့ ကိုယ်တွေ့ ကိုယ်ပိုင် ဖိုလ်စိတ်ခေါ်တဲ့ ဖိုလ်ဉာဏ်ဖြင့် အဲဒီ နိဗ္ဗာန်ချမ်းသာမြတ်ကို ပြန်၍ပြန်၍ အသိလုပ် ထုတ်ဖော် ခံစားနေပြန်ခြင်း သဘောကို ဖလသမ္မာဒိဋ္ဌိလို့ ခေါ်တယ် ဒကာကြီးတို့၊ ဖလသမာပတ်လို့လဲ မှတ်ကြအုံး။ ဖိုလ်ဝင်စားတယ်‚လို့လဲ ခေါ်ကြတယ်၊ အဲဒါဟာ သောတာပတ္တိဖိုလ်ပဲ။

၅။ **ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိမျိုး** = အဲသည် ဆိုပြီးတဲ့ နံပါတ် ၃-၄– မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် တွေ့ရှိခံစားလိုက်ရတဲ့ **အတုမရှိ**

အကောင်းဆုံး ငြိမ်းအေးချမ်းသာမှု နိဗ္ဗာန်ခေါ်တဲ့ သဘောတရား ကိုပင် အင့်–ဟင် ငါ ဘာဖြစ်သွားပါလိမ့် ဟု ထပ်မံ စဉ်းစား စိစစ် ဆင်ခြင် စစ်ဆေးခြင်း သဘောကိုပင် ပစ္စဝေက္ခဏာ သမ္မာ ဒိဋ္ဌိ ခေါ်တယ်၊ ကိုင်း...အဲဒါ ဗုဒ္ဓဘာသာ အစစ်တို့ ရယူခံစားကြတဲ့ သမ္မာဒိဋ္ဌိတရား ငါးပါးပါပဲ။

**ဒကာ။** ။အင်း....ခု ဆရာတော် ပြောပြသွားတဲ့ သမ္မာဒိဋ္ဌိမျိုး ၅-ပါးကို ရအောင် တွေ့ရှိ ခံစားနိုင်ရေးအတွက်က အတော်ပဲ ခက်ခက်ခဲခဲနဲ့ ကြိုးစားမှ ရရှိခံစားရမှာပါလား ဆရာ ဘော်၊ ဒါပေမင့် ကိုယ့်အား ကိုယ်ကိုးပြီး ကြိုးစားရမှာပဲ၊ ကျင့်စဉ် လမ်းမှန် သိထားမှပဲဥစ္စာ၊ အလုပ် လုပ်ယူရုံပဲပေါ့။

## ဗုဒ္ဓဘာသာသည် အစမ်းအသပ်ခံနိုင်သော ဘာသာမြတ် ဖြစ်၏

**ဆရာ။** ။ဟုတ်တယ်၊ ခု ပြောပြနေတာကတော့ အကျဉ်းဆုံးပဲ အဲဒီ မဂ် ဖိုလ် နိဗ္ဗာန်ခေါ်တဲ့ အချမ်းသာဆုံး သဘော တရား၊ အရသာကို ကိုယ်တွေ့ ခံစား သိချင်ရင် စာမျက်နှာ (၃၃) နံပါတ် ၂· ဝိပဿနာ သမ္မာဒိဋ္ဌိတရားကို ဒကာကြီးတို့ကိုယ်တိုင် ကြိုးစားပွားများ အားထုတ်ကြည့်ပါ၊ ကိုယ်တွေ့ ဒိဋ္ဌ ခံစားရမှာကို ပဋိညာဉ် တာဝန်ယူပါတယ်။

ဗုဒ္ဓဘာသာ တရားတော်က သူပြော လူပြောနဲ့ ယုံကြည် တင်းတိမ် ကျေနပ်နေရတဲ့ ဘာသာမျိုး မဟုတ်ဖူး၊ ဧဟိ ပဿိက ဂုဏ် မယုံရင် လာရောက် ကျင့်ပွား ကြိုးစား အားထုတ်ကြည့်ပါဟု ခေါ်ယူကာ အစမ်းအသပ်ကို ခံနိုင်တဲ့ ဂုဏ်ရှိတယ်။

အဲဒီလို ကိုယ်တိုင် စမ်းသပ် စစ်ဆေး အားထုတ်ကြည့်ရင် သန္ဒိဋ္ဌိကဂုဏ် မင်္ဂ,ဖိုလ်,နိဗ္ဗာန်အရသာကို ကိုယ်တွေ့ဒိဋ္ဌပင် ရယူခံစားရမှာ သေချာနိုင်တဲ့ ဂုဏ်ရှိပါတယ်တဲ့။

အဲဒီ မင်္ဂ,ဖိုလ်,နိဗ္ဗာန် ချမ်းသာတရားမြတ်ကို ဘယ်ဝိဇ္ဇာဓိုရ် တန်ခိုးရှင်နဲ့ ဘယ်ဘုရားသခင်တို့ကမှ လာမပေးနိုင်ဘူး၊ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဂုဏ်တော်အရ ကိုယ့်ဟာကိုယ် မှန်ကန်စွာ ကြိုးစား အားထုတ်ယူမှ ရနိုင်တဲ့ ကိုယ့်မင်္ဂနဲ့ ကိုယ့်ဖိုလ်တဲ့၊ ဘယ်သူ့ကိုမှ ပေးဝေလို့လဲ မရဘူး၊ ကဲ.... ဘာမေးအုံးမလဲ ဒကာကြီးတို့၊ မရှင်းရင် မေးကြပေါ့၊ အမှန်တရား ဖြေကြားဖို့ကတော့ ဆရာသမားတို့ရဲ့ တာဝန်ပဲ။

**ဒကာ**။ ။သမ္မာဒိဋ္ဌိ မျိုးအပြားက ဒီ ၅-ပါးထဲပဲလား ဆရာတော်၊ တခြားရှိသေးရင်လဲ သိပါရစေအုံး ဘုရား၊ သည်လို မေးခွင့်ပေးတာ ဝမ်းသာလှပါတယ်။

## ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုးဆယ်ပါး

**ဆရာ**။ ။အင်း ... ဒကာကြီးတို့နဲ့ ပိုမိုသက်ဆိုင်တဲ့ လောကဝေါဟာရ မပစ်ပယ်ကောင်းတဲ့ ဒသဝတ္ထုက သမ္မာဒိဋ္ဌိခေါ်တဲ့ ဆယ်မျိုးဆယ်ပါးကိုလဲ ဘုရားဟောတော်မူထားတာ ရှိသေးတယ်။

အဲဒါကတော့ လောကသားတို့ သမုတ်ထားတဲ့ မှန်သော အယူအစွဲ သမ္မုတိသစ္စာတဲ့၊ သူ့ကိုလဲ မှန်ကန်စွာ စွဲယူပြုကျင့်ရမှာဖြစ်တယ်၊ မပယ်ရဘူးနော်၊ ဒါကိုပယ်ရင်တော့ လူတွေဟာ တိရစ္ဆာန်လောကထဲ ရောက်ကုန်မှာပဲ။

**ဒကာ**။ ။ဆရာတော် တာဝန်မလေးရင်လဲ အဲဒီ ဒသဝတ္ထုက သမ္မာဒိဋ္ဌိသဘောကို ဒကာကြီးတို့ နားလည်အောင် ရှင်းပြပါလား ဘုရား။

**ဆရာ**။ ။အင်း... ဆရာတော်တို့ အလုပ်တာဝန်က သာသနာတော် အရေးကိစ္စနဲ့စပ်ပြီး ဖြစ်ပေါ်လာတဲ့ သံသယ ပြဿနာ ရပ်များကို ကျေနပ်ရှင်းလင်းစွာနဲ့ ခံယူလာနိုင်အောင် ဖြေရှင်းပေး ဖို့သာ ဖြစ်လေတော့ ဒကာကြီးတို့ လိုလားသိချင်ရင် နားထောင် ပါ၊ ဝန်မလေးပါဘူး၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုး ဆယ်ပါး ဆိုတာက–

၁။ **အတ္ထိ ဒိန္နံ လောကေ**။ ။လောက၌ အပြစ်မရှိ ကောင်းသော ဝတ္ထုပစ္စည်းကို ပေးလှူခြင်း ပြုသူသည် ကောင်းကျိုး ချမ်းသာ သုခအမျိုးမျိုးတွေကို မုချရရှိခံစားရလိမ့်မည်ဟု ယုံကြည်စွာ ပေးလှူသော အယူအစွဲရှိသူတဲ့၊ အဲဒါ သမ္မာဒိဋ္ဌိပဲ။

မကောင်းသော အပြစ်ရှိတဲ့ ဝတ္ထုပစ္စည်းတို့ကို ပေးလှူတဲ့သူ၊ မပေးလှူ ခြင်းဆိုတာလဲ ရှိတယ်တဲ့၊ သူကတော့ မိစ္ဆာဒိဋ္ဌိပဲ။

ယင်းအပြစ်ရှိတဲ့ အဆိပ်တို့ လက်နက်တို့ နစ္စ ဂီတ ဝါဒိတ ကပွဲ ဆိုပွဲ တီးမှုတ်ပွဲ သဘင်တို့ သတ်စားရန် သားကောင်အရှင်တို့ စတဲ့ အပြစ်ရှိတဲ့ ပစ္စည်းဝတ္ထုတို့ကို မပေးလှူကောင်းချေ။

ပေးလှူခြင်းဖြင့် ပေးလှူသူမှာ မကောင်းသော ဆင်းရဲဒုက္ခမျိုးတွေ ကို မုချရရှိခံစား ရလေလားရမည်လို့ ယုံကြည်သောအယူဝါဒမှန် ရှိသူက တမျိုး၊ သူလဲ သမ္မာဒိဋ္ဌိပဲ။

၂။ **အတ္ထိ ယိဋ္ဌံ**။ ။လောက၌ အကြီးအကျယ် ထမင်းရေ **ချောင်းစီး** ရက်ပေါင်းများစွာ မဏ္ဍပ်ကြီးတွေ ဆောက်လုပ်ကာ

စားဖွယ် လျက်ဖွယ် အဝတ်အထည် အသုံးအဆောင် ရွှေ ငွေ မြ ရွဲ ပုလဲ ပတ္တမြား...စသည်တွေ ပေးလှူခြင်းမျိုး ပြုလုပ်ပါက အတိုင်းမသိ ကောင်းကျိုးသုခတွေ ရရှိလိမ့်မည်ဟု ယူစွဲခြင်းဟာလဲ သမ္မာဒိဋ္ဌိပဲ။

ဆင် မြင်း ကျွဲ နွား သိုး ဆိတ် လူ...စသည် တို့ကို ရာပေါင်း များစွာ သတ်ဖြတ်၍ ပေးလှူခြင်းမျိုး ပြုလုပ်ပါက မကောင်းကျိုး ဆင်းရဲဒုက္ခကို မုချပေးလိမ့်မည်ဟု ယုံကြည်ခြင်းကို အယူအစွဲမှန်လို့ ခေါ်တယ်၊ ယင်းလဲ သမ္မာဒိဋ္ဌိပဲ။

၃။ **အတ္ထိ ဟုတံ။** ။သိုး ဆိတ် ကျွဲ နွား ဆင် မြင်း ခွေး ဝက် ကြက် ငှက် ခို စာကလေး ကိုယ့်အိမ်မှာ မွေးထားတဲ့ ခွေး ကြောင် နှင့် ပုရွက်ဆိတ်....စတဲ့ ထိုထိုသတ္တဝါမျိုးကို ဘေးမဲ့ ကျွေးမွေးပေးလှူ ခြင်း အသေးအဖွဲ ကုသိုလ်မျိုးကလဲ ကောင်းကျိုးသုခကို မုချပေးနိုင် ရနိုင်သည်ဟု ယုံကြည်ကာ နေ့စဉ် ပေးကျွေးခြင်းမျိုး ရှိသူ၊ သူလဲ သမ္မာဒိဋ္ဌိပဲ။

၄။ **အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။** ။ ကောင်းလုပ် ကုသိုလ်ကံသည် ကြီးကျယ် ကောင်းမြတ်သော အကျိုး ရင်း သုခနဲ့၊ သေးငယ်ကောင်းစားသော အကျိုးဖျား သုခများကို မုချပေးလိမ့်မည်။

မကောင်းလုပ် အကုသိုလ်ကံသည် ကြီးကျယ်ဆိုးဝါးသော ဒုက္ခ ဆင်းရဲ မကောင်းကျိုး အရင်းနဲ့၊ သေးငယ်ဆင်းရဲသော ဒုက္ခအကျိုး ဖျားကို မုချပေးလိမ့်မည်ဟု ယုံကြည်ပြုလုပ် ရှောင်ကြဉ် ဖယ်ရှား သော အယူအစွဲမှန်များရှိသူ၊ ယင်းလဲ သမ္မာဒိဋ္ဌိပဲ၊ ကုသိုလ်အလုပ်ကို ကြိုးစားလုပ်ပါ၊ အကုသိုလ်ကို မလုပ်ပါနဲ့တဲ့။

၅။ အတ္ထိ မာတာ။ ။လောက၌ မွေးသမိခင် ကျေးဇူးရှင်ဆိုတာ ရှိသည်၊ သူ့အား ရိုသေလေးစားရမည်၊ ကျွေးမွေး ပေးကမ်း စောင့်ရှောက် ပြုစုရမည်၊ ဆည်းကပ်ခစား ရှိခိုးခြင်းများ ပြုရမည်၊ သူတို့ ကွယ်လွန်သောအခါ အလောင်းကို ကောင်းစွာ ဈာပန ပြုရမည်၊ အလှူဒါန သီလပြု၍ တိုက်ကုသိုလ်များကို ထောက်ပံ့ သင်္ဂြိုဟ် အမျှပေးဝေမှုကို ပြုရမည်၊ မပြုလုပ်ပဲ မနေရ၊ ထိုသို့ပြုလုပ်သော သားသမီးများကား မဆင်းရဲတတ်ပါ၊ ကိုယ်ရော စိတ်ပါ ချမ်းသာ အေးမြခြင်း သုခကို မုချရတတ်သည်၊ ယင်းသို့ မပြုလုပ် မရိုသေက ဆင်းရဲဒုက္ခ မုချရလိမ့်မည်ဟု မှန်ကန်သော အယူဝါဒ ရှိသူ၊ ဒါလဲ သမ္မာဒိဋ္ဌိပဲ။

၆။ အတ္ထိ ပိတာ။ ။မွေးသဖခင် ကျေးဇူးရှင်၌လည်း ထို့အတူ ပင် သားသမီးများက ပြုကျင့်ရမည့် သမ္မာဒိဋ္ဌိပဲ။

၇။ အတ္ထိ သတ္တာ ဩပပါတိကာ။ ။ လောကထဲ၌ အသက် ဇီဝရှိတဲ့ မြင်ကောင်းသော လူ့တိရစ္ဆာန်စတဲ့ သတ္တဝါတွေ၊ ဥပပါတ် ပဋိသန္ဓေခေါ်တဲ့ ဖြုတ်ခနဲ ကိုယ်ထင်ရှားဖြစ်သွားကြသော မမြင် ကောင်းသော နတ် ဗြဟ္မာ ပြိတ္တာ သရဲစသောသတ္တဝါမျိုးတွေ ရှိတယ် ဆိုတာ မှန်ကန်သော သဘောတရားပဲ ဟု ယုံကြည်ခြင်း အမှန်တရား ရှိသူ၏ အယူဝါဒဟာလဲ သမ္မာဒိဋ္ဌိပဲ။

၈။ အတ္ထိ အယံ လောကော။ ။ယခု မိမိတို့ ရရှိခံစားနေရသော ကိုယ်ခန္ဓာနဲ့ ဘဝဆိုတာ အမှန်ရှိနေတာပဲဟု စွဲထား ယုံကြည်ခြင်း ဝါဒဟာလဲ သမ္မာဒိဋ္ဌိပဲ။

၉။ အတ္ထိ ပရော လောကော။ ။နောင်ဘဝ နောက်, နောက် ဘဝဆိုတဲ့ ဘဝတပါးဟာလဲ အမှန်ရှိတာပဲ၊ မိမိတို့ကံ အလျောက် အမှန်မုချ ဖြစ်ရမှာပဲ ...ဟု ယုံကြည်ခြင်းဝါဒဟာလဲ သမ္မာဒိဋ္ဌိပဲ။

၁၀။ အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ။ ။ဤလောကထဲ၌ မြင့်မြတ်သော အကျင့်တရားရှိသူ၊သိထားစရာကိစ္စဥဿုံကို ကုန်အောင် စုံ အမှန်သိသော သဗ္ဗညု ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ ရဟန္တာ စျာန် အဘိညာဥ်ရ ပုဂ္ဂိုလ်မြတ်တွေ ရှိတော်မူကြတယ်။

ထိုဒိဗ္ဗစက္ခု ဒိဗ္ဗသောတ တန်ခိုးရှင်တို့က ဟောကြား ပြောပြသော လူ့ဘုံမျက်စိဖြင့် မမြင်နိုင်တဲ့ နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည် နတ် ဗြဟ္မာ ပြိတ္တာ စသည်တို့ဟာလဲ မုချရှိသည်ဟု ယုံကြည်ခြင်းမျိုးကို ခေါ်ဆိုတယ်။

အဲဒါဟာ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အယူပဲ၊ ဒါလဲ လောကသား တို့ရဲ့ မျက်မှောက်လက်တွေ့အားဖြင့် လိုက်နာကျင့်သုံးရမည့် မှန်သော အယူအစွဲ သမ္မုတိသစ္စာ သမ္မာဒိဋ္ဌိတရားပဲ။

အဲဒီ အယူအစွဲ ဆယ်ပါး သမ္မုတိ သစ္စာတရားကို မယုံကြည် မလိုက်နာ မကျင့်သုံးရင် အဲသည် တိုင်းပြည် ရပ်ရွာ ဌာနဟာ တိရစ္ဆာန်များနှင့် မခြားပဲ ပျက်စီးခြင်း ရှေးရှုနေပြီ၊ မုချ ပျက်စီး ဆင်းရဲကြတော့မည်လို့သာ မှတ်ကြပေတော့၊ ကဲ.... ကျေနပ်လောက် ရောပေါ့ ဒကာကြီးတို့ရာ။

အဲဒါက "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ" ဝတ္ထုဒြပ်အားဖြင့် ထင်ထင် ရှားရှား ရှိနေတဲ့ မှန်ကန်သော လောကသားတို့၏ အယူအစွဲမျိုးမို့ မပယ်မဖျက်ပဲ လိုက်နာ ကျင့်သုံး ရမှာဖြစ်တဲ့ ဝတ္ထုမျိုးဆယ်ပါးပဲ၊ ဘာများ ပြောချင်သေးသလဲ။

## တော်လှန်စရာကို တော်လှန်လိုက်ပါ

ဒကာ။ ။ဒကာကြီးတို့ သင်ကြားနာယူ သိရှိ ကျင့်သုံးလိုက်နာ ကြရမည့် ဒသဝတ္ထုက သမ္မာဒိဋ္ဌိမျိုး ဆယ်ပါးကိုလဲ

တော်လှန်သင့်တာကို တော်လှန်ပြီး လိုက်နာ ကျင့်သုံးရမည် တို့ကိုလဲ ယုံကြည်စွာ ခံယူ လိုက်နာကျင့်သုံးပါမည် ဆရာတော်၊ အခြား သမ္မာဒိဋ္ဌိမျိုးကွဲများကော ရှိပါသေးသလား မိန့်ကြားပါအုံး ဘုရား။

## သမ္မာဒိဋ္ဌိမျိုး ၄၄-ပါး

ဆရာ။ ။ဟာ ...ရှိတာပေါ့ ဒကာကြီးတို့ရာ၊ သမ္မာဒိဋ္ဌိဆိုတဲ့ အဘိဓာန်ပုဒ်ဟာ ဗုဒ္ဓဘာသာတရားထဲမှာ စစ်ဆေး ဝေဖန်သလောက် အရာကျယ်တယ်၊နက်ရှိုင်းပြီး အနှစ်သာရနဲ့လဲ ပြည့်စုံတယ်လို့ ပြောခဲ့သားပဲဟာ၊ သမ္မာဒိဋ္ဌိမျိုး လေးဆယ်ရှိသေးတယ်။

ဒကာ။ ။အဲသည် သမ္မာဒိဋ္ဌိမျိုး လေးဆယ်အပြားကို ခွဲခြားပြီး သိပါရစေလား ဆရာတော်၊ မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။အင်း .. ဒါကတော့လွယ်ပါတယ်၊ အထက်က ပြောပြခဲ့တဲ့ သမ္မာဒိဋ္ဌိမျိုး ငါးပါးကိုတည်ပြီးတော့ "မဂ္ဂင်ရှစ်ပါးနဲ့" မြှောက်ပွားလိုက်ရင် သမ္မာဒိဋ္ဌိမျိုး လေးဆယ် ဖြစ်သွားတာပေါ့။

နောက် .. စတုသစ္စ သမ္မာဒိဋ္ဌိမျိုး လေးပါးဆိုတာလဲ ရှိသေးတယ်၊ အဲဒါကတော့ ဝိပဿနာမျိုးထဲ ပါသွားတဲ့ သစ္စာလေးပါး တရားမြတ်ပါပဲ၊ ကဲ ...ဤတွင်ရှိ ဤသမ္မာဒိဋ္ဌိစစ်တမ်း မေး·ဖြေခန်း အပြီးအပြတ် လက်စသပ်ကြစို့ ဒကာကြီးတို့။

## မဂ္ဂင်ရှစ်ပါးဆိုတာ ဘာလဲ?

ဒကာ။ ။ဆရာတော် အချိန်ပေးနိုင်ရင် မေးလက်စနဲ့ ခုဘင်က မဂ္ဂင်ရှစ်ပါးနဲ့ မြှောက်ပွားဆိုတဲ့ မဂ္ဂင်ကို ဆက်ပါရစေအုံး ဆရာတော်။

မဂ္ဂင်ရှစ်ပါးဆိုတဲ့ သဘော်ာလှေဖောင်ကြီး စီးနင်း ကူးခတ်ပြီး နိဗ္ဗာန်တဘက်ကမ်းကို တက်လှမ်းကြရမည်၊ မဂ္ဂင်တရား ရထားကြီးကို တက်စီး ထိုင်သွားကြရမည် စသည်ဖြင့် ပြောကြားနေကြတာ၊အဲသည် မဂ္ဂင်ရှစ်ပါးနဲ့ ယင်းရဲ့ အနက်အဓိပ္ပါယ်များကိုလဲ နည်းနည်းလောက် မိန့်ကြားပါအုံး ဆရာတော်။

## မဂ္ဂင်ရှစ်ပါး ခွဲခြား အဓိပ္ပါယ်

ဆရာ။ ။အင်း....ပြောပြမယ် နားထောင်မှတ်သားပါ၊ မဂ္ဂင်ဆိုတဲ့ စကားရဲ့ မူရင်းပုဒ်က ပါဠိလို ''မဂ္ဂင်''တဲ့၊ မဂ္ဂနဲ့ + အင်၊ နှစ်ပုဒ်ပေါင်းစပ်ပြီး မဂ္ဂင် ...လို့၊ သို့မဟုတ် မဂ္ဂင်လို့ ခေါ်တာ ဒကာကြီးတို့ရဲ့။

မဂ္ဂ၊ သို့မဟုတ် လူတိုင်းနှုတ်တက်နေကြတဲ့ ''မဂ်'' ဆိုတာက ဆင်းရဲလွတ်ကင်းရာလမ်းကို ရှာဖွေသော၊ တနည်း....သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင် စွဲလမ်း ငမ်းငမ်းတက် ပူပန်မှု ကိလေသာကို သတ်ဖြတ် ဖျက်ဆီးတတ်သော လက်နက် ရှစ်ပါး တရားလမ်းကြောင်း၊ (ဝါ-ဒုက္ခငြိမ်းအေး နိဗ္ဗာန်ရောက်ရေး အကျင့်တရား) တို့လို့ မှတ်ရမည်တဲ့၊ အဲဒါ ''မဂ္ဂ'' ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ပဲ။

**အင်**—ဆိုတာက (ငြိမ်းအေးရေး လိုလားတဲ့ ကမ္ဘာသားတို့ လိုက်နာ ခံယူ ကျင့်ပွား အားထုတ်ရာ) အဲဒီမဂ်ရဲ့ အစိတ်အပိုင်းရှစ်ပါးကို ဆိုတာဖြစ်တယ်၊ မဂ္ဂင်ရှစ်ပါးကိုတော့ ဒကာကြီးတို့ ရေတွက်ခေါ်ဆိုတတ်တယ် မဟုတ်လား ?

ဒကာ။ ။မှန်ပါ့၊ နာမည့်ခေါ်တတ်ရုံလောက်ပါပဲ ဆရာတော်၊ သူတို့ရဲ့ သဘောအဓိပ္ပါယ်နဲ့ ကျင့်ပွားအားထုတ်ဖို့

လုပ်ငန်းစဉ်ကိုတော့ နားမလည်သေးပါဘူး၊ တပါးစီ ခွဲခြားပြီး နားလည်အောင် သင်ကြားပေးပါအုံး ဆရာတော်။

**ဆရာ။** ။လိုလို လားလားနဲ့ လျှောက်ထားပြန်တော့လဲ ဟောပြ သင်ကြား ပေးရမှာပေါ့လေ၊ တော်ရိလျော်ရိ လို့တော့ ပေါ့ပေါ့မမှတ်ထင်နဲ့၊ ဒီ....မဂ္ဂင်ရှစ်ပါးဟာ သာသနာတော်မှာ အရေး ပါအရာရောက်ဆုံးပဲ၊ သာသနာတော်၏ ဦးတည်ချက်ပန်းတိုင် နိဗ္ဗာန် ကို ဒီမဂ္ဂင်ရှစ်ပါးလမ်းနဲ့ ကြိုးစားပွားများ ချီတက်မှ ရောက်နိုင်တယ် နော်၊ ကဲ ...နားထောင် မှတ်သားပေတော့။

၁။ သမ္မာဒိဋ္ဌိမဂ္ဂင်=မှန်ကန်သော ဉာဏ်အသိဖြင့် ရှုကြည့် သိမြင် စွဲယူတတ်မှုပဲ၊ သူ့ရဲ့ ဆိုလိုရင်း သဘောကတော့....

(က) မြင်, ကြား, နံ, စား, ထိ, သိ, တရား ခန္ဓာငါးပါး တို့၏ ဆင်းရဲခြင်း အစစ်အမှန် ဒုက္ခသစ္စာရယ်။

(ခ) ဆင်းရဲကို ဖြစ်စေတတ် ရစေတတ်ကြောင်း သမုဒယ သစ္စာရယ်။

(ဂ) ယင်း ဆင်းရဲဒုက္ခအစု ချုပ်ငြိမ်းအေးမြမှုကို ရနိုင် ရေးအကျင့် တရားများကို ရှုမြင်ပွားများမှု လုပ်ငန်း မဂ္ဂသစ္စာရယ်။

(ဃ) ဒုက္ခသစ္စာရဲ့ ချုပ်ငြိမ်းမှု ချုပ်ငြိမ်း အေးမြရာဌာန နိဗ္ဗာန်ခေါ် ဆိုတဲ့ နိရောဓသစ္စာရယ်။

အဲဒီ အမှန်တရား သစ္စာလေးပါးကို အမှန်အတိုင်း စွဲယူထားကာ သိရှိ ပယ်ရှား ပွားများ ရှုမှတ် သွားမှုကို သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ဆိုတယ်။

၂။ သမ္မာသင်္ကပ္ပမဂ္ဂင်=မှန်ကန် တော်တည့်စွာနဲ့ ကြံစည်စဉ်းစား ဆင်ခြင်တတ်မှုတဲ့၊ သူ့ရဲ့ဆိုလိုရင်းက—

( က ) ရှာမှီးခံစားလို့ မပြီးဆုံး အားမရ မဝလင်နိုင်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားထဲမှ ဖဲထွက် လွတ်မြောက်နိဗ္ဗာန်ရောက်နိုင်ရေး အကြံ။

( ခ ) သူတပါးအား မလိုမုန်းထား ပြစ်မှား ကင်းလွတ်ရေး အကြံ။

( ဂ ) သူတပါးအား နှိပ်စက် ညှဉ်းဆဲ နှောင့်ယှက် ဖျက်ဆီး အနိုင်စီး သတ်ဖြတ်ခြင်း တို့မှ ကင်းလွတ်ရေး စသည့် အကြံအစည်ကောင်းတို့ ဖြစ်ပေါ်အောင် ကြံစည်ခြင်းကို ဆိုတယ်။

**မှတ်ချက်။** ။ယင်းကိုလဲ လောကီဈာန်လမ်း ကြံစည်ခြင်း သမ္မာ သင်္ကပ္ပမဂ္ဂင်နဲ့ လောကုတ္တရာ မင်္ဂလမ်း ကြံစည်ခြင်း သမ္မာသင်္ကပ္ပမဂ္ဂင်ဟုနှစ်မျိုး မှတ်ရသေးတယ်၊ အဲဒီ နံပါတ် ၁-နဲ့ ၂-ဟာ ပညာမဂ္ဂင် ၂-ပါးပဲ။

၃။ သမ္မာဝါစာ မဂ္ဂင် = မှန်ကန်စွာပြောဆိုခြင်း၊ သူ့သဘောရင်းက အောက်ပါ ဝစီဒုစရိုက်လေးပါးကို မပြောကြားခြင်းပဲ ဖြစ်တယ်။

( က ) မုသာဝါဒါ = လိမ်ညာ၍ ပြောဆိုမှုမှရှင်း။

( ခ ) ပိသုဏာဝါစာ = သူတပါးအား အထင်သေး၊ မလေးစား ဂုဏ်ငယ်သွားအောင် ချောပစ် ကုန်းချော အတင်းပြောခြင်းမှရှင်း။

( ဂ ) ဖရုသ ဝါစာ= အကြမ်းအတမ်း ငေါက်ငမ်း ဆဲရေးခြင်းမှရှင်း။

( ဃ ) သမ္ဖပ္ပလာပဝါစာ= အကျိုးမရှိတဲ့ သီတာ၊ ရာမ စတဲ့ ဇာတ်စကား အရပ်စကား ဈေးစကား အပြိန်အဖျင်း အနှစ်သာရကင်းသော စကား စသည်တို့မှရှောင်၊ ကြဉ် ရှောင်လွတ်ကင်း မပြောဆိုခြင်း အလုပ် သဘော သီလစင်ကြယ်လမ်းပင် ဖြစ်၏တဲ့။

၄။ သမ္မာကမ္မန္တ မဂ္ဂင် = ကာယကံ ဒုစရိုက် အမှားများကို ရှောင်ရှားကာ မှန်ကန်စွာ လုပ်ကိုင် ပြုကျင့်မှု။

ဆိုလိုရင်းသဘောက ကာယဒုစရိုက်သုံးပါးခေါ်တဲ့ (၁)ပါဏာ တိပါတ- သူ့အသက်သတ်ခြင်း။ (၂) အဒိန္နာဒါန- သူတပါး ဥစ္စာပစ္စည်းကို ခိုးယူလုယက် မတရားသိမ်းပိုက်ခြင်း။ (၃) ကာမေသု မိစ္ဆာစာရ- အုပ်ထိန်းခြင်းရှိသော သူ့သမီး ဇနီးမယားကို မေထုန်မှု ဖြင့် လွန်ကျူးပြုကျင့်ခြင်း တို့မှ ကြဉ်ရှောင်မှုမျိုးဟာ သီလမဂ္ဂင် အကျင့်မြတ်ပင် ဖြစ်တယ်။

၅။ သမ္မာအာဇီဝ မဂ္ဂင် = မှန်ကန်စွာ အသက်မွေး ဝမ်း ကျောင်းမှု။

အဓိပ္ပါယ်က ပြဆိုခဲ့ပြီးသော နံပါတ် ၃၊ နံပါတ် ၄ မဂ္ဂင်နှစ်ပါးရဲ့ အပြစ်ရှိတဲ့ ကာယ ဒုစရိုက် သုံးပါးနဲ့ ဝစီ ဒုစရိုက်လေးပါး၊ အခြား အပြစ်ရှိသော အကုသိုလ် အလုပ်များကို ရှောင်ရှားကာ အပြစ်မဲ့ ဖြူစင်သောအသက်မွေးမြူမှုရှိရခြင်း၊ သီလမဂ္ဂင်မျိုးပင် ဖြစ်ပါတယ်တဲ့၊ အဲဒီ နံပါတ် ၃-၄-၅ တို့ဟာ သီလမဂ္ဂင် ၃-ပါး။

၆။ သမ္မာဝါယာမ မဂ္ဂင် = မှန်ကန်သော အားစိုက် ကြိုးစားမှု ဝီရိယ,ဇွဲ,လုံ့လရှိရခြင်းမျိုးလေးပါးကို ဆိုဘယ်၊ ယင်းအဓိပ္ပါယ်က-

( က ) မိမိ၌ မဖြစ်ပေါ် သေးသော မကောင်းမှု အကုသိုလ် တရားများကို မဖြစ်ပွားရေး လုံ့လစိုက်ရခြင်း။

( ခ ) ပြုလုပ်လွန်ကျူး ဖြစ်ပေါ်ပြီးသော မကောင်းမှုတရား အကုသိုလ်များကို ပြန်၍ မဖြစ်ပေါ်ရအောင် ပယ်စွန့် ပ-ပျောက်ရေးအတွက် ကြိုးစား အားထုတ်လုံ့လပြုရ ခြင်း၊ (ယင်းတို့ကိုပြန်၍မကြံစည်မတွေးတောရဟူ၏။)

( ဂ ) မဖြစ်ရှိ မရဘူးသေးတဲ့ ကောင်းစား ချမ်းသာရေး ကုသိုလ်တရားစု ကောင်းမှုများကို ဖြစ်ပွားရရှိ ခံစား နိုင်ရန် အားပေးတိုက်တွန်း ကြိုးစား ပြုလုပ်မှု လုံ့လ ရှိရခြင်း။

(ဤ၌ မဂ်ကုသိုလ် တရားလေးပါး ဖြစ်ပေါ်အောင် ဝိပဿနာကုသိုလ်တရားကို ကြိုးစား အားထုတ်ပါဟု ဆိုလိုသည်။)

( ဃ ) ဖြစ်ပေါ်ရရှိပြီးသော ကုသိုလ်ကောင်းမှုများကိုစည်ပင် ပြန့်ပွား ပြည့်လျှံဝေဆာသွားဖို့ ကြိုးစားအားထုတ် ပြန်လည် အောက်မေ့မှု ယင်းလေးမျိုးတို့ပဲ။

အဲဒီ လေးပါးကို ထမြောက်ပြီးစီး အောင်နိုင်ရေးအတွက် ဝီရိယ ဗိုလ်, ဝီရိယိန္ဒြေ, ဝီရိယသမ္ဗောဇ္ဈင်, ဝီရိယာဓိပတိ— ဆိုတဲ့ တပ်မဟာ ကြီးတွေ ချပြီး ကိလေသာရန်သူမျိုးကို ကြိုးစားအားထုတ် တိုက်ခိုက် လုံ့လစိုက်မှု ပြုပါတဲ့၊ အဲသည်လေးပါးဟာ ဒကာကြီးတို့ ကြိုးစား တိုက်ခိုက်ရမည့် ကိလေသာ စစ်ပွဲကြီး၏ အောင်နိုင်ရေး အတွက် လက်နက်ကောင်းကြီးများဖြစ်တဲ့ သမ္မာဝါယာမ မဂ္ဂင်တရား၏ သမ္မပ္ပ ဓာန် လက်နက်ကြီးလေးပါးပဲ။

## ဗုဒ္ဓဘာသာတို့၏ ဓမ္မတာရိုးစွဲ

မှတ်ချက်။ ။သမ္မာဝါယာမ မဂ္ဂင်အရ လုံ့လမျိုး လေးပါးတွင် (က)နှင့် (ခ)ပထမ, ဒုတိယ ကြိုးစားအားထုတ်မှု လုံ့လမျိုးမှာ မုချအဟုတ် ကိလေသာ ရန်ငုတ်ကို တိုက်ထုတ် ရှင်းလင်းရမည်သာ ဖြစ်၏တဲ့။

ဗုဒ္ဓဘာသာ တရားတော်အရ အကုသိုလ်ဓမ္မမှ ကြဉ်ရှောင်ရေးမှာ ဓမ္မတာ ရိုးစွဲပင်ဖြစ်၏ဟု တသက် လုံးမှတ်ရမည်။ (ဂ) နှင့် (ဃ) တတိယနှင့် စတုတ္ထ သမ္မာဝါယာမ မဂ္ဂင် နှစ်ပါးကိုလဲ လောကီချမ်း လမ်း ကြိုးစားမှုနဲ့ လောကုတ္တရာ မဂ်လမ်း ကြိုးစား မှုဟု သမထ,ဝိပဿနာနှစ်မျိုးလုံး မှတ်ရမည်တဲ့။

၇။ သမ္မာသတိ မဂ္ဂင် = မှန်ကန်စွာ မမေ့ မပျောက်စေပဲ အောက်မေ့ သတိရမှု ရှိရခြင်းပဲ။

အဲသည် သမ္မာသတိဟာ တရားပေါင်းတို့ရဲ့ ဘုရင် ဥသျှောင် မကိုဋ် ထိပ်သီးပဲ၊ သတ္တဝါအပေါင်းတို့၏ သည်းခြေလိုလဲခေါ်တယ်၊ သူပျက်ရင် တရားကောင်း တရားမြတ်တွေ မလာမကပ်တော့ဘူး၊ တရားဆိုး တရားယုတ်တွေနဲ့သာ ရှုပ်ထွေး ပျက်စီးကုန်ရောပဲ၊ သတ္တဝါတွေဟာလဲ သတိ–ဆိုတဲ့ သည်းခြေပျက်ရင် အရူးတွေဖြစ်ကာ အရူး ထကုန်တော့တာပဲတဲ့။

## သတ္တဝါတို့ အရူးထခြင်းများ

၁က၁။ ။ဘယ်လို အရူးထတာလဲ ဆရာတော်၊အရူးထပုံ ရောဂါ ကလေးကို ရှင်းပြပေးအုံးမှပေါ့ ဘုရား။

ဆရာ။ ။အင်း....အရှုးထပုံကို ဒကာကြီးတို့နားလည်အောင် ပါဠိလေးနဲ့ နည်းနည်းပြောပြမည်၊မှတ်သားပေတော့၊နှုတ်ထဲရအောင် ကျက်ထားရမှာနော်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ စကားတော်ဖြစ်တယ်၊ အဲဒါကို ရွတ်ဖတ်နေရင် ဘုရားရှင်နဲ့ စကားပြောနေတာလဲဖြစ်တယ်၊ အရှုးရောဂါလဲ ပျောက်ကင်း နိုင်တယ်လို့ မှတ်ရမယ်။

( က ) အနိစ္စံ နိစ္စသညာယ ဥမ္မာဒန္တိ ဒိနေ ဒိနေ။ ။ မမြဲ မခိုင် ကိုယ်မပိုင်တဲ့ သားသမီး ပစ္စည်း ဥစ္စာ ရွှေငွေ ရတနာ အရာဝတ္ထု အစုစုတွေကို မြဲတယ် ခိုင်တယ် ပိုင်တယ် ငါ, ငါ့ဥစ္စာ, ငါ့ဟာ, ငါပိုင်တယ်ဟု စိတ်ထားလျက် အမှား အလွဲ ထင်စွဲမှတ်ယူကာနေ့တိုင်း နေ့တိုင်း အရှုးထနေကြကုန်၏ တဲ့။

( ခ ) ဒုက္ခံ သုခသညာယ ဥမ္မာဒန္တိ ဒိနေ ဒိနေ။ ။ ယင်းသို့ မခိုင်မမြဲပဲ ပျက်စီး ပျက်စီး သွားလို့ စိုးရိမ်ရ ပူဆွေးရ ငိုကြွေးနေကြရတဲ့ ဆင်းရဲအစု ဝတ္ထုပစ္စည်းတွေကိုလဲ သူတို့နဲ့ နေထိုင်ပေါင်းသင်း ဆက်ဆံသုံးဆောင် ခံစားနေရတာကိုပဲ ချမ်းသာတယ် သာယာတယ်ဟု မှတ်ထင် ပျော်ရွှင်ကာ နေ့တိုင်း နေ့တိုင်း အရှုးထနေကြကုန်၏ တဲ့။

( ဂ ) အနတ္တံ အတ္တသညာယ ဥမ္မာဒန္တိ ဒိနေ ဒိနေ။ ။ လောကထဲမှာဘယ်အရာဝတ္ထုပစ္စည်းမှကိုယ့်အလိုမလိုက် ကိုယ့်အကြိုက်မပေါ်၊ ကိုယ်လိုရာမပြီး၊ ပျက်စီးပြုန်းတီး အချည်းနှီးသဘောကိုသာ ဆောင်နေကြ၍ အမာခံ အနှစ်သာရ ဘာတခုမျှ မရှိတာတွေကိုပင် အခိုင်အမာ

မကဲ့မကွာပဲ ငါနဲ့ အမြဲနေရမည်၊ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟု အခိုင်အမြဲ စွဲယူကာ နေ့တိုင်း နေ့တိုင်း တငါငါနဲ့ အရူးထကာ နေကြကုန်၏ တဲ့။

( ဃ ) **အသုဘံ သုဘသညာယ ဥမ္မာဒန္တိ ဒိနေ ဒိနေ။ ။** ဘဲမျှမလှပ မတင့်တယ်ပဲ ပြည် သွေး ချွေး တံတွေး သလိပ် ချွဲခန်း ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်လျှံယိုစီး ထွက်ကျ ပေကျံ နံစော်နေသော ဤ ကိုယ်ကောင် ကြီးကို တင့်တယ် လှပတယ်ထင်အောင် မြင်လိုက်ရင် တပ်မက်စွဲလမ်း သာယာစရာထင်အောင် တဦးထက် တဦးသာအောင် ဆင်ယင်ထုံးဖွဲ့ ဖီးလိမ်း ဝတ်စားကာ မာန်မာနတွေ ဝင့်ဝါတက်ကြွ ဆင်ယင်လို့ အားမရ နိုင်အောင် ပြိုင်ဆိုင်ပြီး နေ့တိုင်း နေ့တိုင်း အရူးထ နေကြကုန်၏ တဲ့။

အဲဒီ အရူးထ ရောဂါဟာ တကမ္ဘာလုံး ပျံ့နှံ့ ကူးစက်နေတယ်၊ အဲဒါ.... ဘာဖြစ်လို့လဲ? ရုပက္ခန္ဓာ၊ ကိုယ်အစုပေါ်မှာ သမ္မာသတိ ဆိုတဲ့ မှန်ကန်စွာအောက်မေ့မှု သတိ(သည်းခြေ)ပျက်နေကြလို့ အမှန် တရားတွေမေ့လျော့ကာ ငါ ငါ့ဥစ္စာ ငါ့ဟာ ငါလှတယ် ယဉ်တယ် ချောတယ်ဟု အထင်ကြီးပြီး အရူးထနေကြတာသာ ဖြစ်တယ်တဲ့။

ကဲ....ဒကာကြီးတို့ကော သတိကောင်းရဲ့လား၊ အသုဘကောင်ကို သုဘ ဖြစ်လာအောင် ပြင်ဆင် မွမ်းမံထားတဲ့ အိမ်က ဒကာမကြီးကို အလှဘုရင်ထင်ကာ မခွဲနိုင်ပဲ စွဲနေတာမဟုတ်လား၊ မှန်မှန်ပြောပါ။

**ဒကာ**။ ။အလှဘုရင်ထင်လို့ ခဏပဲ ရတာပါ ဆရာတော်၊ တနေ့ တောင် မခံပါဘူး၊ တော်တော်ကြာ သူ့ဇာတိ ပြလာ

သုဓမ္မဝတီ (က) ၁ဂ၄–၄

ကာ လိမ်းကျံမွှမ်းမံထားတဲ့ သနပ်ခါး နံ့သာတွေပျက် ချွေးတွေထွက် ကျ မျက်နှာကြီးက အဆီပြန် နံစော်တဲ့ အနံ့တွေနဲ့ အသုဘသဘော တွေ ပေါ်လာပေါ်လာတာပဲ မကောင်းပါဘူး ဘုရား။

**ဆရာ။** ။အဲဒီ အသုဘ သဘောတွေကို ကြိုတင်သတိရ အောက်မေ့ နေရင် မှန်ကန်စွာ အောက်မေ့ သတိရမှု သမ္မာသတိ မဂ္ဂင် မှတ်ရှုဆင်ခြင် ပွားများနေတာပဲ၊ ဒကာကြီးတို့ အရှူးမထ တော့ဘူး၊ အဲဒီ ကာယာနုပဿနာ သတိပဋ္ဌာန်ခေါ်တဲ့ ကိုယ်ကာယ အစု ရူပက္ခန္ဓာပေါ်မှာ အမှန်တရား ပွားများဆင်ခြင် အောက်မေ့ နိုင်သလို ကျန်တဲ့ခံစားမှု ဝေဒနာက္ခန္ဓာပေါ်လာရင် ဝေဒနာခေါ်တဲ့ ပရမတ် သဘောတရားက ခံစားနေတာ၊ ငါမပါ, ငါ မရှိ, ငါ ခံစားနေတာ မဟုတ်ဟု ရှုမှတ်မှု ဝေဒနာနုပဿနာသတိ ရှိနေရ မယ် တဲ့။

သည်ကြားထဲက လောဘစိတ် ဒေါသစိတ် စသည်တွေ ဖြစ်ပေါ် လာရင်လဲ လောဘစိတ်တွေ ဖြစ်ပေါ်နေတယ်၊ ဒေါသစိတ်တွေ ဖြစ် ပေါ်နေတယ်ဟု ဖြစ်ပေါ် ဖြစ်ပေါ်သွားတဲ့ ရှေ့စိတ်တွေကို အသစ် အသစ် ဖြစ်ပေါ်လာတဲ့ နောက်စိတ်ကလေးတွေနဲ့ လိုက်မှတ် ရှုပွားမှု စိတ္တာနုပဿနာသတိ ရှိနေရခြင်းတို့ဟာ သမ္မာသတိမဂ္ဂင် ပွားများ ရှုမှတ်နည်း လုပ်ငန်းတွေပဲ ဒကာကြီးတို့ရ။

**မှတ်ချက်။** ။ယင်းတို့ကိုလဲ (၁) လောကီသမထ ဈာန်လမ်း သမ္မာ သတိမဂ္ဂင်၊ (၂) လောကုတ္တရာ မဂ်, ဖိုလ်, နိဗ္ဗာန်လမ်း သမ္မာသတိမဂ္ဂင်ဟု နှစ်မျိုးမှတ်ပါတဲ့။

ဂ။ သမ္မာ သမာဓိ မဂ္ဂင်=မှန်ကန်သော စိတ်ထားတည်တံ့ကြည် ငြိမ်နေမှု။

သည် (ဂ) နံပါတ် သမ္မာသမာဓိမဂ္ဂင်၏ စိတ်ထား တည်တံ့မှု သမာဓိက မျိုးကွဲတွေ များစွာရှိတယ်၊ ဒါပေမင့် ဒကာကြီးတို့ လွယ်လွယ်နဲ့ သိမှတ်ထားဖို့အတွက် လိုရင်းချက် နှစ်မျိုးရှိတယ်လို့ပဲ သိမှတ်ထားပေတော့။

( က ) ကမ္မဋ္ဌာန်းလေးဆယ်အနက်က စျာန်ရနိုင်တဲ့ ကိုယ်နဲ့ လျော်ရာ၊ ကိုယ်ကြိုက်တဲ့ ကမ္မဋ္ဌာန်း တပါးပါးထဲမှာ စိတ်ထား ကည်တံ့ ငြိမ်ဝပ်နေတဲ့ သမထ ဘာဝနာ- အပ္ပနာစျာန်သမာဓိက တမျိုး။

( ခ ) ရုပ်နာမ် ဓမ္မတို့ရဲ့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း အခိုက် ၌ လိုက်လိုက် သိမှတ်နေတဲ့ ဝိပဿနာဘာဝနာ "ခဏိက" သမာဓိကတမျိုး။

အဲဒီ နှစ်မျိုးကိုပဲ အကျဉ်း မှတ်ထားလိုက်၊ အကျယ် မျိုးပြားတွေ မှတ်သားထုတ်ယူချင်ရင် ဆရာတော်ရေးပြုတဲ့ (သုတေသန သရုပ်ပြ အဘိဓာန်)ကျမ်း၊ စာမျက်နှာ (၆၀၆) မှာ ရှုကြည့်ပေတော့။

## စျာန် ဆိုတာဟာ ဘာလဲ ?

**ဒကာ**။ ။အဲဒီ သမာဓိနှစ်မျိုးထဲက လောကီ သမထ စျာန်လမ်း အရ စျာန်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်နဲ့ စျာန်စိတ်မျိုး ဖြစ်ပေါ်ပုံ စျာန်ခေါ်ဆိုပုံတို့ကို သိချင်ပါတယ် ဆရာတော်။

စျာန်ရတယ်, စျာန်ပျံတယ်, စျာန်ဝင်စားတယ် ဆိုတာကိုလဲ ဒကာကြီးတို့ နားလည်အောင်မိန့် ကြားသင်ပြပါဦး ဆရာတော်။

**ဆရာ။** ။အင်း "ဈာန"ဆိုတဲ့ ပါဠိကို "ဈာန်"လို့ ခေါ်ဆိုနေကြတယ်၊ ယင်းရဲ့ အနက်အဓိပ္ပါယ်ကိုတော့ (ကုသိုလ်တရားစုကို မဖြစ်နိုင်အောင် တားမြစ်ပိတ်ဆီးတတ်တဲ့) ကာမစ္ဆန္ဒနီဝရဏ-ကာမဂုဏ်စတဲ့ အယုတ်တရားစုတို့ကို ဖုတ်ကြည်း လောင်ကျွမ်းစေတတ်သော သဘောတရားစုကို "ဈာန်"ခေါ်တယ်လို့ သိပေတော့၊ နီဝရဏတရား ၆-ပါးကို အကျယ်သိချင်ရင် ဆရာတော်ရေးပြုတဲ့ (သရုပ်ပြ အဘိဓာန်) ကျမ်း (၃၂၇) "နီ"အက္ခရာပိုင်းမှာ ရှာကြည့်ပေတော့။

အဲဒီ ဈာန်သမာဓိ အမျိုးအစားယူပုံက ငါးပါးက တမျိုး၊ လေးပါးက တမျိုး၊ ရေတွက်ယူပုံနည်း နှစ်မျိုးလာတယ်၊ ကျမ်းစာများမှာတော့ စတုက္ကနည်း, ပဉ္စကနည်းလို့ခေါ်ဆို ရေးသားကြတယ်။

ဈာန်စိတ်ဆိုတာက မဟဂ္ဂုတ်ကုသိုလ်စိတ်ကို ခေါ်တာပဲ၊ အဲဒီစိတ် ဖြစ်ပေါ်ပုံက သူမှတ်သား ပွားများနေတဲ့ သမထကမ္မဋ္ဌာန်း အာရုံ တပါးတည်း တခုတည်းမှာသာ သူ့ရဲ့စိတ်ဟာ စွဲမြဲစူးစိုက်တည်တံ့ ငြိမ်ဝပ်စွာ ဖြစ်ပေါ်နေတယ်၊ တခြားအာရုံဆိုလို့ ဘာမှ ပေါ်မလာတော့ဘူး၊ အဲဒါကိုပဲ ဈာန်ရတယ်, ဈာန်ဝင်စားနေတယ်, ဈာန်စိတ်ဖြစ်ပေါ်နေတယ်လို့ ခေါ်တယ်၊ ဝင်စားပုံနည်းက (၄) မျိုးရှိတယ်၊ ကဲ.... နားထောင် မှတ်သားပေတော့။

## ဈာန်ဝင်စားပုံ နည်းမျိုး လေးပါး

၁။ **ပထမဈာန်။** ။ကမ္မဋ္ဌာန်းလေးဆယ်ထဲက ဈာန်ရနိုင်တဲ့ သူနဲ့လျော်ရာ သူကြိုက်ရာ ကမ္မဋ္ဌာန်းတပါးပါးကို စွဲယူမှတ်သား ပွားများနေတဲ့ ယောဂီဟာ သူ မှတ်သားပွားများနေတဲ့ တခုတည်းသော ကမ္မဋ္ဌာန်း အာရုံထဲမှာသာ

(၁) ကြံစည်ခြင်း ဝိတက်၊ (၂) စဉ်းစားဆင်ခြင်ခြင်း ဝိစာရ၊ (၃) နှစ်သက်ကျေနပ်ခြင်း ပီတိ၊ (၄) ငြိမ်းအေးချမ်းသာနေခြင်း သုခ၊ (၅) စိတ်ထားတည်တံ့ စူးစိုက် ငြိမ်ဝပ်နေခြင်း ဧကဂ္ဂတာ၊ အဲသည် အင်္ဂါ ၅-ပါးနဲ့ ပြည့်စုံစွာ ပထမစျာန်သမာဓိကို ရယူခံစားနေတယ်၊ အဲဒါကိုပင် ပထမစျာန် ဝင်စားနေတယ်လို့ မှတ်ပါ။

၂။ **ဒုတိယစျာန်။** ။ထို့အတူ ယင်း ပထမစျာန်ကိုပင် အဖန်ဖန် အထပ်ထပ် ဝင်စားနေခြင်းအားဖြင့် ဉာဏ်ပညာ ထူးခြားထက်မြက်သော သူမြတ်သည် ဝိတက်နဲ့ ဝိစာရ ကွယ်ပျောက်ကာ (၁) နှစ်သက် ကျေနပ်ခြင်း ပီတိ၊ (၂) ငြိမ်းအေး ချမ်းသာနေခြင်း သုခ၊ (၃) စိတ်ထား တည်တံ့ စူးစိုက်ငြိမ်ဝပ်နေခြင်း ဧကဂ္ဂတာ၊ သည် အင်္ဂါ (၃) ပါးနှင့် ပြည့်စုံစွာ ဒုတိယစျာန် သမာဓိကို ရယူ ခံစံ ဝင်စားနေတယ်လို့ မှတ်ပါ။

၃။ **တတိယစျာန်။** ။ယင်း ဒုတိယစျာန်ကိုပင် အဖန်ဖန် အထပ်ထပ် ဝင်စားနေပြန်သောအခါ စျာန်အင်္ဂါ ၅-ပါး ထဲက တတိယစျာန်အင်္ဂါ ပီတိကွယ်ပျောက်၍ (၁) ငြိမ်းအေးချမ်းသာနေခြင်း သုခ၊ (၂) စိတ်ထား တည်တံ့စူးစိုက် ငြိမ်ဝပ်နေခြင်း ဧကဂ္ဂတာ၊ သည် အင်္ဂါ ၂-ပါးနဲ့ ပြည့်စုံစွာ တတိယစျာန်သမာဓိကို ရယူခံစံ ဝင်စားနေသည်လို့ မှတ်ပါ။

၄။ **စတုတ္ထစျာန်။** ။ထိုနည်းတူ ယင်းတတိယ စျာန်ကိုပင် အကြိမ်များစွာ ဝင်စားပြန်သောအခါ (၁) ငြိမ်းအေး ချမ်းသာမှု သုခကို လုံ့လမပြု ဂရုမစိုက်တော့ပဲ လျစ်လျူရှုထားနိုင်ခြင်း ဥပေက္ခာ၊ (၂) စိတ်ထား တည်တံ့ စူးစိုက်

ငြိမ်ဝပ်နေခြင်း ကောင်းတာ၊ ဤအင်္ဂါ ၂-ပါးနဲ့ ပြည့်စုံသော စတုတ္ထစျာန် သမာဓိကို ရကာ အထွတ်အထိပ်ဆုံးဖြစ်သော စတုတ္ထစျာန်ကို ဝင်စားနေတယ်လို့ မှတ်ပါ။

## သင်းချိုင်းကုန်း သွားမဆုံးလမ်း

အဲသည် ၄-မျိုးတို့တွင် တမျိုးမျိုးထဲ၌ စိတ်ထားတည်တံ့ စူးစိုက် စိမ်နှစ်ပြီး ထားနိုင်ခြင်းကိုပင် စျာန်စိတ်ခေါ်တဲ့ မဟာဂ္ဂုတ် ကုသိုလ် စိတ်တွေဖြစ်ကာ စျာန်ရတယ်, စျာန်ဝင်စားတယ်, စျာန်ရပုဂ္ဂိုလ် (ပါဠိလို စျာနလာဘီ) ခေါ်တယ်။

**ဒကာ။** ။သည်စျာန်တွေရတော့ သိဒ္ဓိရှင်ကြီး ဖြစ်သွားရောလား ဆရာတော်။

**ဆရာ။** ။အင်း....ယင်း ၄-မျိုးက စတုတ္ထစျာန်ဖြင့် စိတ်ထား တည်တံ့ငြိမ်ဝပ်နေမှုကိုပင် မှန်ကန်သောစိတ်ထား တည်တံ့ တည်ငြိမ်ခြင်း သမ္မာသမာဓိ မဂ္ဂင်မျိုးထဲက(က)အမျိုးအစား သမထ ဘာဝနာ အပ္ပနာစျာန်၊ သမာဓိ အဘိညာဏ် အလုပ်ဖြင့် လူ့ ဘဝ လောကမှာ ကျော်စောထင်ရှားတဲ့ မိုးပျံ မြေလျှိုး တန်ခိုးသိဒ္ဓိရှင်ကြီး ဖြစ်ကာ သေပြီးတဲ့နောက် ပြဟ္မာ့ဘုံဘဝရောက်ပြီး လောကီစျာန် ချမ်းသာတွေကို ဝဝလင်လင်ကြီး ခံစားလျက် သင်းချိုင်းကုန်းဖက်ကို ချည်း သွားသွားနေတဲ့ သင်းချိုင်းကုန်း သွားမဆုံးလမ်းလို့ မှတ်ပါ။

ထပ်ပြောပြအုံးမည်၊အပြည့်အစုံပြောပြခဲ့တဲ့သမထဘာဝနာ စျာန် သမာဓိဂိုဏ်းသက်သက် လုပ်ငန်းဟာ ဒုက္ခဆင်းရဲမကင်းတဲ့ သေမင်း ကို ရှာရှာပြီး သင်းချိုင်းကုန်းကို အပ့ိုခိုင်းနေတာချည်း ဖြစ်တယ်လို့ မှတ်ပါ၊ တနည်းအားဖြင့် အိုခြင်း နာခြင်း သေခြင်းကို ရှာယူနေတဲ့ နည်းလို့သာ မှတ်ရမည်တဲ့။

ကိုင်း....သမ္မာသမာဓိမဂ္ဂင် (က) အမျိုးအစား သမထဘာဝနာ သမာဓိဖြစ်တဲ့ ဈာန်အဘိညာဏ်ရဲ့ လုပ်ငန်းသဘော ဒကာကြီးတို့ရဲ့ ဉာဏ်မှာ ပေါသောပေါ်လောက်ပါပြီ တော်ကြစို့၊ (ဈာနလာဘီ) ဈာန်ရ မိုးပျံ မြေလျှိုး တန်ခိုးသိဒ္ဓိရှင်ကြီး ဖြစ်ချင်ရင် ယခုပြဆိုခဲ့ပြီးတဲ့ နည်းအတိုင်းသာ (၆) နံပါတ် သမ္မာဝါယာမမဂ္ဂင်မှာ ပြခဲ့တဲ့ ဝီရိယအင်္ဂါ ၄-ပါးနဲ့အညီ သမထဘာဝနာတရားကို ကြိုးစား အားထုတ်ပေတော့၊ နောက် ဘာမေးချင်သေးလဲ။

## ကမ္မဋ္ဌာန်း လေးဆယ်ဆိုတာ

**ဒကာ။** ။ဈာန်ရအောင် ပွားများရှုမှတ်ရမည့် သမထ ဘာဝနာ ကမ္မဋ္ဌာန်း လေးဆယ်ဆိုတာကို စုံအောင် မသိသေးလို့ အကျဉ်းကလေးလောက် မိန့်ကြားပါအုံး ဆရာတော်။

**ဆရာ။** ။ကမ္မဋ္ဌာန်းလေးဆယ်ဆိုတာက (၁) ကသိုဏ်းမျိုး ဆယ်ပါး၊ (၂) အသုဘမျိုးဆယ်ပါး၊ (၃) အနုဿတိမျိုး ဆယ်ပါး၊ (၄) ဗြဟ္မဝိဟာရမျိုး လေးပါး၊ (၅) အာဟာရေ ပဋိကူလသညာ တစ်ပါး၊ (၆) စတုဓာတု ဝဝတ္ထာန်တစ်ပါး၊ (၇) အာရုပ္ပ လေးပါး၊ ပေါင်း....အမျိုးအစား (၇) ပါး ရှိတယ်၊ အရေအတွက် လေးဆယ်ရှိတယ်၊ အဲဒီလေးဆယ်ထဲက ဈာန်ရနိုင်တဲ့ ကိုယ်နဲ့လျော်၊ ကြိုက်ရာ တပါးပါးကို ရှုမှတ်ပွားများနေပေ။

**ပုံပမာ**... ကသိုဏ်း ဆယ်ပါးထဲက ပထဝီ-မြေကသိုဏ်း၊ အာပေါ-ရေကသိုဏ်း စသည်ပဲဖြစ်ဖြစ်၊ အရိုးစုအပုပ်ကောင်စတဲ့ အသုဘ ဆယ်ပါးထဲက တပါးပါးပဲဖြစ်ဖြစ်၊ အာနာပါနဿတိခေါ်တဲ့ ထွက်လေ ဝင်လေပဲဖြစ်ဖြစ် ကိုယ်နဲ့လျော်မည့်ထင်ရာ တပါးပါးကို ထုတ်ယူပြီး မနေမနား အဲဒီ အမှတ်အာရုံ စိတ်တခုတည်း တပါးတည်း ဖြစ်ပေါ်

လာအောင် အားထုတ်ယူရမှာ ဖြစ်တယ်၊ ဒကာကြီးတို့ သိဒ္ဓိရှင်ကြီး တွေ ဖြစ်ချင်ရင် အားထုတ်ကြပေါ့၊ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူး။

## ကမ္မဋ္ဌာန်းတရားတိုင်း ချွန်မရနိုင်ဘူးလား?

**ဒကာ။** ။ကမ္မဋ္ဌာန်းတရားကို အဟုတ်တကယ် ကြိုးစားအားထုတ်ရင် ချွန်ရတာပဲမဟုတ်လား ဆရာတော်၊ ချွန်မရနိုင်တဲ့ ကမ္မဋ္ဌာန်းတရားများ ရှိသေးလို့လား ဘုရား၊ ရှင်းပြပါအုံး။

**ဆရာ။** ။အင်း...ရှိတာပေါ့၊ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ တချို့ ကမ္မဋ္ဌာန်းတွေက ချွန်မရနိုင်ဘူး။

**ဒကာ။** ။တိုတိုကလေးနဲ့ နားလည်အောင် ရှင်းပြပေးပါအုံး ဆရာတော်၊ ဘယ် ကမ္မဋ္ဌာန်းတွေပါလဲ? ချွန်မရနိုင်တာက။

**ဆရာ။** ။အင်း....ကမ္မဋ္ဌာန်း လေးဆယ်ထဲမှာ ဟောဒီကမ္မဋ္ဌာန်း တရား ဆယ်ပါးဟာ ချွန်မရနိုင်ဘူးတဲ့။

| | |
|---|---|
| ၁။ ဗုဒ္ဓါနုဿတိ | ၂။ ဓမ္မာနုဿတိ |
| ၃။ သံဃာနုဿတိ | ၄။ သီလာနုဿတိ |
| ၅။ စာဂါနုဿတိ | ၆။ ဒေဝတာနုဿတိ |
| ၇။ ဥပသမာနုဿတိ | ၈။ မရဏာနုဿတိ |
| ၉။ အာဟာရေ ပဋိကူလသညာ | ၁၀။ စတုဓာတု ဝဝတ္ထာန် |

အဲဒီ ကမ္မဋ္ဌာန်း ဆယ်ပါးကို ဆက်လက် အားထုတ် ပွားများနေတဲ့ ယောဂီဟာ ချွန်မရနိုင်ဘူးတဲ့၊ မဂ်,ဖိုလ် တော့ နီးစပ်တယ်။

ချမ်းရနိုင်တဲ့ ကမ္မဋ္ဌာန်းကတော့ ကသိုဏ်း ဆယ်ပါး၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ တစ်ပါး၊ အာနာပါနဿတိ တစ်ပါး၊ ဗြဟ္မဝိဟာရ လေးပါး၊ အာရုပ္ပ လေးပါး၊ အဲဒီ ကမ္မဋ္ဌာန်း သုံးဆယ် ဟာတော့ ချမ်းကိုရနိုင်တဲ့ ကမ္မဋ္ဌာန်းတွေပဲတဲ့၊ လွယ်လွယ်နဲ့သိချင်ရင် သင်္ဂြိုဟ်ကျမ်းမှာ ရှာကြည့်ပြီး အားထုတ်ပေတော့။

မြတ်စွာဘုရားသခင်က ဖြစ်တယ်လို့ဟောကြားရင် မုချဖြစ်ရမယ်၊ မဖြစ်မရှိဘူး၊ လွယ်တာနဲ့ ခက်တာ ဒါပဲ ခြားနားတယ် ယုံကြည်စွာနဲ့ ကြိုးစားအားထုတ်ကြပေါ့။

**ဒကာ။** ။မှန်ပါ့ ဒီလို ခွဲခြား စိတ်ဖြာပြီး သေချာစွာ သိရလို့ ဝမ်းသာ လှပါတယ် ဆရာတော်။

အဲဒီ ကမ္မဋ္ဌာန်းလေးဆယ်ထဲက တပါးပါး ပွားများရင် ချမ်းရ ပြီး တန်ခိုးသိဒ္ဓိရှင်ကြီးအဖြစ် ရောက်ကာ ကိုယ်လိုရာ စီမံဖန်ဆင်းပေး နိုင်ပုံကလေးတွေကိုလဲ သဲကွဲအောင် ရှင်းပြပါအုံး ဆရာတော်၊ ဒကာ ကြီးတို့ကတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းထဲက အရဟံဂုဏ်တော်ကိုပဲ စွဲကြိုက်နေတာပဲ ဆရာတော်။

**ဆရာ။** ။တော်တော် လျှာရှည် အမေးအမြန်းထူတဲ့ ပုတီးဂိုဏ်း သမားကြီးတွေပဲကို၊ ခုနပြည့်စုံစွာ ပြောပြသွားတဲ့ ချမ်းရနိုင်သော သမာဓိတရား တပါးပါးကို မရမနေ အသေအလဲ ကြိုးစားပွားများရင် ကိုယ်လိုချင်တဲ့ တန်ခိုးသိဒ္ဓိရှင်ကြီး ဖြစ်နိုင်တယ်၊ လွယ်တဲ့ အလုပ်တော့မဟုတ်ဘူး၊ တခုတည်းသော ကမ္မဋ္ဌာန်း အာရုံ ထဲမှာ စိတ်တည်မြဲနေရမှာမို့ စိတ်နိုင်ရင် မြေလျှိုး မိုးပျံ ကိုယ်ထင်ရာ စီမံ ဖန်ဆင်း နိုင်တယ်၊ ချမ်းစိတ်ကိုသာ ရအောင်လုပ်ပါ။

၁၈၁။ ။မှန်ပါ့ အဲဒီဈာန်ရ တန်ခိုး သိဒ္ဓိရှင်ကြီး ဖြစ်ဖို့အလုပ်က ခက်ခဲတယ်၊ မလွယ်ဘူးဆိုလို့လဲ မိမိရဲ့ အသိဉာဏ်ထဲ စွဲမြဲ ထက်မြက်ကာ လုပ်ခွင်၌ ကျွမ်းကျင် လိမ်မာလာအောင် ဆက်ဆက်ပြီး အမေးအမြန်း တူနေရတာပါ ဆရာတော်၊ စိတ်ရှည်ရှည်ထားပြီး ဖြေကြားပါဘုရား၊ သိဒ္ဓိရှင်နဲ့စပ်လို့ လျှောက်ထားရအုံးမယ်။

## ပုဂံပြည် ရွှေမိုးငွေမိုးရွာခြင်း

ပုဂံပြည်မှာ သိဒ္ဓိရှင် ထွက်ရပ်ပေါက် ဆရာကြီးတွေက စောင့် ရှောက် မ,စ၊ ရွှေမိုး ငွေမိုးတွေ ရွာချပေးလို့ ဆင်းရဲသူ မုဆိုးမ ကလေးကအစ၊ ဘုရားတန်ဆောင်း ကျောင်းကန် စေတီတွေ မှိုလို ပေါက်အောင် တည်ဆောက်ကြပြီး ဟီးဟီးတောက် သာသနာ ပြုသွားကြတာတွေ ယနေ့အထိ ရှိနေကြပါသေးတယ်။

ဒကာကြီးတို့လဲ သိဒ္ဓိရှင် ထွက်ရပ်ပေါက်ဆိုသူ ရဟန်း, ရှင်လူ ဘိုးတော် မယ်တော် ရသေ့မှအစ ဂိုဏ်းဆရာမျိုးစုံ လိုက်ရှာမေးမြန်း ပြီး သူတို့ရဲ့ ပညာရည်ကို စုံစမ်းကာ တပည့်ခံ ကိုးကွယ်ပေါင်း မျှား လှပါပြီ၊ တွေ့ရတဲ့ သိဒ္ဓိရှင် ပေါက်ဆရာတိုင်း သူတို့တန်ခိုးနဲ့ မြေလျှိုး မိုးပျံ့တာလဲ မတွေ့ရ၊ ရွှေမိုး ငွေမိုး ရွာချကာလဲ မပေးကြပဲ သူများ ဆီမှာရှိတဲ့ ရွှေငွေကလေးတွေကိုသာ ရသမျှ အလှူခံယူပြီး၊ (သူတို့လဲ စား၊ လူတကာ အထင်ကြီးပြီး ကြည်ညိုလေးစား လူများများ လာ အောင်ဘုရားစေတီတွေတည်၊တန်ဆောင်းကျောင်းဆောင်ကြီးတွေလဲ ဆောက်ပေး) တချို့ဆရာကြီးတွေကလဲ လိမ်ညာပြီး ရသမျှ ရွှေငွေ တွေယူ ထွက်ပြေးနဲ့ ပြုလုပ်နေကြတာသာ တွေ့ရလို့ သူတို့ရဲ့တပည့် ခံယူချင်စိတ်တွေလဲ မရှိတော့ပါဘူး ဆရာတော်။

## ကိုယ်တိုင် ပဌမံ သိဒ္ဓိရှင်ကြီး ဖြစ်အောင်လုပ်နည်း

ဒါကြောင့် ကိုယ်တိုင် တရားသော စစ်မှန်တဲ့ ပဌမံ သိဒ္ဓိရှင်ပေါက်ဆရာကြီး ပြုလုပ်ပြီးတော့ လူများစွာတို့ကို ရွှေတွေ ငွေတွေ ဖွေးဖွေးလှုပ် ထုတ်ထုတ်ပေးကာ သာသနာတော် ပြုချင်လှန်းလို့ သိဒ္ဓိပေါက် တန်ခိုးရှင် အဖြစ်ရောက်ကာ လိုရာရာကို ဖန်ဆင်း မ, စ ပေးနိုင်တဲ့ နိဿယည်း နည်းလမ်းမှန်များကို ညွှန်ကြား ပြသပေးပါ ရန် ထပ်မံ လျှောက်ထားနေတာပါ ဆရာတော်၊ စကားတန်ရှည်တဲ့ ဒကာကြီးမဟုတ်ပါဘူး၊ တရားသံမြည်တဲ့ ဒကာကြီးလို့ မှတ်ပါ ဆရာတော်။

**ဆရာ။** ။အင်းလေ....ဒကာကြီးတို့ရဲ့ လိုလားတောင့်တချက် ဆန္ဒကို သိပါပြီ၊ ဒကာကြီးတို့နဲ့ ဆွေးနွေး မေးမြန်းလာရင်းရဲ့ မူလအစက သမ္မာဒိဋ္ဌိ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ် သိဖို့ အရေး မေးဖြေခန်း တခုတည်းသာဖြစ်တာ၊ ယင်းကနေပြီး သမ္မာဒိဋ္ဌိ မျိုးကွဲ အများအပြား မှတ်သားစရာ အနှစ်သာရတွေရော ကျင့်စဉ် လုပ်ရပ်တွေပါ မျိုးစုံကုန်စင်အောင် မေးယူမှတ်သားပြီးတဲ့နောက် ဆက်ပြီးတော့ စကားတန်ရှည်ကာ....

## ဒီလိုလုပ်ကြစို့ ဒကာကြီးတို့

မဂ္ဂင်ရှစ်ပါးနဲ့ နိဗ္ဗာန်သွားလမ်းကို တဆင့်တက် မေးပြန်လို့ နိဗ္ဗာန်လမ်းကျင့်စဉ် မဂ္ဂင်ရှစ်ပါးနဲ့ အနက် အဓိပ္ပါယ် မျိုးကွဲအပြား ခြားနားပုံတွေကိုပါ စုံလင်စွာ ထုတ်ဆို ဖြေကြားလာလိုက်တာ ခု နောက်ဆုံး ရှစ်နံပါတ် "သမ္မာသမာဓိမဂ္ဂင်" ၏ ဈာန သမာဓိ, ဝိပဿနာ သမာဓိမျိုးနှစ်ပါး ခြားနားကွဲပြားပုံ ပြောကြား ဖြေဆို နေတဲ့အထဲက ကြားဖြတ်ကာ တိုးတိုးပြီး အမျိုးမျိုးသော လောကီ

ရတနာတို့ကို စီမံဖန်ဆင်းပေးခြင်းနဲ့ မြေလျှိုး မိုးပျံ ပဋ္ဌမံ သိဒ္ဓိရှင်ကြီး ဖြစ်ချင်လာပြန်တော့ကာ ဒီလိုလုပ်ကြစို့ ဒကာကြီးတို့ရာ။

**ဒကာ**။ ။မှန်ပါ့ ဘယ်လိုမျှား လုပ်ချင်လို့လဲ မိန့်ကြားပါ ဆရာတော်။

## သာသနာဘက်လိုလို ဟိုဘက်လိုလိုနဲ့

**ဆရာ**။ ။စကားကြော ရှည်လျားလာတော့ အပြောအဆိုတွေ မှားမှားပြီး အငြင်းပွားတတ်တယ်၊ တကယ်အမှန် ပြော ပြန်တော့လဲ မှန်တာပြော မခံနိုင်လို့ မုန်းတီးခြင်း ခံရတတ်တယ်၊ မကောင်းဘူး ဒကာကြီးတို့ရဲ့။

ကိုယ့်စိတ်ရှိ ဆန္ဒကို တိုတိုနဲ့ ဖွင့်ချလိုက်ရင် အရှင်းရလွယ်တယ်၊ ခုတော့ကာ ပုဂံရာဇဝင် ရောက်လိုရောက်၊ ထွက်ရပ်ပေါက် ပဋ္ဌမံ ဆရာတွေ ပါလိုပါ၊ မှော်ဆရာတွေ ထည့်လိုထည့်၊ ဒကာကြီးတို့ ဝါဒက သာသနာဘက်လိုလို ဟိုဘက်လိုလိုနဲ့ စကားကြောရှည် ရှုပ် ထွေးကုန်ပြီ၊ ဘယ်ဟာကိုမေးလို့ ဘာဖြေရမှန်းတောင် မသိတော့ဘူး၊ ဒါကြောင့် သာသနာတော်ဝင် မဂ္ဂင်ရှစ်ခန်း သမထ ဈာန်လမ်းကို ဒီတွင်ပဲ စခန်းသိမ်းကြစို့။

## ဘယ်ဆရာများကိုမှ ထိပါးပုတ်ခတ်တာမဟုတ်ပါ

**ဒကာ**။ ။ဟာ....သည်လိုမလုပ်ပါနဲ့ ဟိုဘက်က မဟုတ်ပါဘူး ဆရာတော်၊ လောကမှာ သဟာမျိုးတွေ ရှိနေတာ ဘယ်သူမှ မငြင်းမပယ်နိုင်ပါဘူး၊ အရှိကို အရှိအတိုင်း လျှောက်တင် ပြတာပါ၊ ဒကာကြီးကိုယ်တိုင် ဘေးတီး (ဒလံ) တို့က အပြော အဆွယ် သရုပ်ပြကောင်းတာနဲ့ ပါသွားပြီး အထက်ဆရာကြီးတို့ရဲ့

မ, စ မှုကို ရနိုးနိုး ယုံကြည်ကာ ကိုယ့်ဆိုကသာ ထုတ်ကာထုတ်ကာနဲ့ လိမ်ညာခံ ထိဘူးတဲ့ အကြောင်း အမှန် အရှိတို့ကို ဆရာတော်သိရအောင် ထုတ်ဆောင်ပြခြင်းမျှသာပါ ဆရာတော်၊ ဘယ်အဖွဲ့ ဘယ်ဂိုဏ်းဆရာကိုမှ ထိပါးပုတ်ခတ်တာ မဟုတ်ပါဘူး။

## မြေလျှိုး မိုးပျံ သိဒ္ဓိရှင်ကြီး လုပ်နည်း

ဒါကြောင့် အလွန်တန်ဖိုးရှိတဲ့ သာသနာတော်ဝင် မဂ္ဂင်ရှစ်ပါး မှာလာတဲ့ သမ္မာသမာဓိနဲ့ ပဉ္စမဈာန်တန်ခိုးနဲ့ မြေလျှိုး မိုးပျံ လိုရာရာ ပြီးနိုင်တဲ့ နည်းလမ်းများများကို ဒကာကြီးတို့ နားလည်နိုင်ရုံ အတိုဆုံး အကျဉ်းသဘောမျှသာ ပြောပြပါ ဆရာတော်၊ ဒကာကြီး ဉာဏ်နားနဲ့ မိအောင် ထောင်ဖမ်းပြီး နောင်လာ နောက်သားတို့ အတွက် မှတ်တမ်းတင်ထားပါမည်၊ ဒကာကြီးက သာသနာတော် ဘက်က သက်သက်ပါ ယောဆရာ မဟုတ်ပါဘူး ဆရာတော်။

**ဆရာ။** ။ကိုင်း .. ယောဆရာ မဟုတ်ရင် ပြောတာကို လုပ်ရအောင် ဟောကာထုတ်လိုက်မည် နားစိုက်ကာ ထောင်ပါ၊ ဈာန် ခန်းတုန်းက ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်လို့ လေးမျိုးအပြား ခွဲခြားပြောခဲ့ပြီးပြီ၊ သိတယ် မဟုတ်လား ?

**ဒကာ။** ။မှန်ပါ၊ ဈာန်မျိုးလေးပါးတွင်မက ယင်းလေးပါးတို့ တွင် တပါး တပါး၌ ယင်းဈာန်ရဲ့ အင်္ဂါ ငါးပါး, သုံးပါး, နှစ်ပါး, နှစ်ပါးတို့ကိုပါ ခြားနားစွာ မှတ်သားခဲ့ပါတယ် ဆရာတော်။

**ဆရာ။** ။အဲဒီ ဈာန်လေးပါးထဲက ချမ်းသာသုခကို လျစ်လျူရှု နိုင်ခြင်း ဥပေက္ခာနဲ့ စိတ်ထားစူးစိုက်စိမ်နှစ် တည်ငြိမ် ခြင်း ဧကဂ္ဂတာ, အင်္ဂါနှစ်ပါးရှိ စတုတ္ထဈာန် သမာဓိကို ရရှိထားတဲ့

ယောဂီဟာ ယင်း စတုတ္ထဈာန်ကိုပင် သို့မဟုတ် ပဥ္စမဈာန်ကိုပင် အကြိမ်ကြိမ် အဖန်ဖန် အခါခါ အထပ်ထပ် သုံးသပ်ဝင်စား နေထိုင်သောအခါ အလွန့်အလွန် ကြည်လင် သန့်ရှင်းစင်ကြယ်၍ လာတဲ့ သူ့ရဲ့ စိတ်ကို မြင်တွေ့သိရှိ၍ လာတော့တာပဲ တဲ့။

## ပုဗ္ဗေ နိဝါသ အဘိညာဉ်

ဘယ်လောက်များ သန့်ကြည် စင်ကြယ်နေသလဲဆိုရင် အဲဒီအခိုက်မှာ ယောဂီသူမြတ်ရဲ့ စိတ်ထဲက ရှေးရှေးဘဝများစွာ၌ နေခဲ့ဘူးသော သူ့ရဲ့ ဖြစ်စဉ်ဘဝ အထူးထူးတို့ကို သိလိုစိတ်ပေါ်ကာ အာရုံပြု ညွတ်လိုက်တာနဲ့ တပြိုင်နက် သူရှေးရှေးက ဖြစ်ခဲ့ နေခဲ့ဘူးတဲ့ ဘဝအထူးထူး အဆက်ဆက်များစွာတို့ကို တခါတည်းထင်မြင်ကာသိလာတော့တာပဲ၊ အဲသည်လို စတုတ္ထဈာန် သမာဓိစိတ် ဉာဏ်ရဲ့ တန်ခိုးနဲ့ ထင်မြင်သိလာတာကိုပင် (ပုဗ္ဗေ နိဝါသာနုဿတိ အဘိညာဉ်ပိုင်) ရှေးဘဝတွေကို သိမြင်အောက်မေ့နိုင်တဲ့ တန်ခိုး သိဒ္ဓိရှင်ကြီးလို့ ခေါ်ရ မှတ်ရတယ်။

## ဈာန် အဘိညာဉ် ပုစ္ဆာခွဲခန်း

ဒကာ။ ။ဈာန်, အဘိညာဉ် ဆိုတာကို ဒကာကြီးတို့ နားလည်အောင် ခွဲပြပေးပါအုံး ဆရာတော်။

ဆရာ။ ။အင်း....“ဈာန, အဘိ, ဉာဏ”ဆိုတဲ့ ပါဠိပုဒ်ကိုပင် ဈာန် အဘိညာဉ်လို့ ခေါ်နေကြတာ ဈာန, က တစ်ပုဒ်၊ အဘိ,က တစ်ပုဒ်၊ ဉာဏ, က တစ်ပုဒ်၊ ပေါင်း သုံးပုဒ်ရှိတယ်။

၁။ ဈာန = ကမ္မဋ္ဌာန်း အာရုံတခုတည်း၌ စူးစိုက် စိမ်နှစ်နေသောစိတ်။

၂။ အဘိ = လွန်လွန် ကျူးကျူး ထူးထူး ထွေထွေ။

## ၃။ ဉာဏ = သိရှိတွေ့မြင်နိုင်သော စွမ်းအင်သတ္တိ။

အဲဒီ အသိဉာဏ်ထူး ရရှိထားသူဟာ ဈာန်အဘိညာဉ်ရသူ တန်ခိုးသိဒ္ဓိရှင်ကြီးဖြစ်နေတော့တာပဲ၊ အဘိညာဉ်က ခြောက်မျိုး ရှိတယ်၊ သိချင်ရင် ဆရာတော် ရေးသားထားတဲ့ (သုတေသန သရုပ်ပြ အဘိဓာန်) ကျမ်းကြီးမှာ ရှာကြည့်ပေတော့၊ကဲ .. ဘယ့်နယ်လဲ၊ ဒကာကြီးတို့ ဉာဏ်ထဲ ဈာန်,အဘိညာဉ်ပုဒ်ခွဲအဓိပ္ပါယ်ရှင်းလင်းရဲ့မိရဲ့လား?

**ဒကာ။** ။တပည့်တော် ဉာဏ်ထဲ ရှင်းလိုက် လင်းလိုက်တာ ဆရာတော်၊ အော်....ဈာန်, အဘိညာဉ် ငင်စားတယ်ဆိုတာ သဟာမျိုးကိုခေါ်တာကိုး၊အနို့ ဒိဗ္ဗစက္ခုဆရာကြီးတွေဆိုတာကကော ဒီသဘောပဲလား?ဆရာတော်။

## ဒိဗ္ဗစက္ခု အဘိညာဉ် ဝင်စားပုံ

**ဆရာ။** ။အင်း ... အဲဒီ စတုတ္ထဈာန်ရ ပုဂ္ဂိုလ်က ပုဗ္ဗေနိဝါသ အဘိညာဉ်က ဆက်ပြီး မိမိရရှိခံစား နေတိုင်ခဲ့ဘူးသော ဘဝထိုထိုတို့၏ ဆင်းရဲချမ်းသာ အယုတ်အမြတ် အနိမ့်အမြင့်ပုံသဏ္ဌာန် အဆင်းအရောင်အမျိုးမျိုးအထွေထွေတို့ကိုရော ယင်းဖြစ်ရမှုအပေါ်၌ အကြောင်းတရားနှင့် အကျိုးတရားများကိုပါ ခွဲခြား မြင်သိချင်တဲ့ အလိုစိတ်ဓာတ် ညွတ်လိုက်တာနဲ့တပြိုင်နက် ဒိဗ္ဗစက္ခုဉာဏ် ဖြစ်ပေါ်လာတာပဲ။

အဲဒီဉာဏ်ဖြင့် ၎င်းဒိဗ္ဗစက္ခု အဘိညာဉ်စိတ် ပိုင်ရှင်ဟာ **အဝေး** အနီး အကြီးအသေး အဆင်းအရောင် ပုံအသွင်သဏ္ဌာန် အထူးထူး အမျိုးမျိုးတို့ကို သူသိချင်သလို ကြည့်ကြည့်ပြီး တွေ့ရ မြင်ရ သိရ **တော့တာပဲ**၊ အဲဒါဟာ အကျိုးခံစားခွင့်တွေပေါ့။

**ဒကာ**။ ။အော်....အဘိညာဉ်ကုသိုလ်စိတ်ရဲ့ တန်ခိုး အကျိုးခံစားခွင့် ပေးပုံက တယ်လဲ ထူးခြား ဆန်းကြယ် အံ့ဩဖွယ်ကောင်း ပါကလားဘုရား၊ "ကမ္မဝိပါကော အစိန္တိယော" ဘုရားဟောဒေသနာ မှန်ပါတိ ဆရာတော်။

**ဆရာ**။ ။ဟာ—ဒကာကြီးတို့နှယ် အဲဒီ ဒိဗ္ဗစက္ခုအဘိညာဉ်စိတ်က ပုံအသွင် အဆင်းအရောင် အကြီးအသေး အမျိုးအပြား အစားစားတို့ကို သိမြင်ရုံတင် မကသေးဘူး၊ သူဖြစ်လာခဲ့ရတဲ့ ဘဝ အထူးထူးကပြုလုပ်ခဲ့ဘူးတဲ့ ကောင်းလုပ် ဆိုးလုပ် ရုပ်ဝတ္ထုဒြပ် အထူး ထူးတွေကိုပါ သိမြင်နိုင်သေးတယ် ဒကာကြီးတို့ရ။

အဲဒီ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ပြုလုပ်ခဲ့ဘူးတဲ့ ကောင်းလုပ် မကောင်းလုပ်(ကုသိုလ်ကံ,အကုသိုလ်ကံ)ဆိုတဲ့ အကြောင်း အလုပ်ကံ အထူးထူးတို့ကြောင့် ကောင်းမြတ်ချမ်းသာသော ဘဝနဲ့ ယုတ်နိမ့် ဆင်းရဲသောဘဝ အကျိုးပေး အထူးထူးတွေ ဖြစ်ပေါ်ရရှိလာတာကို လဲ သိမြင်လာသေးတယ်။

**ဒကာ**။ ။ဟာ....ဒိဗ္ဗစက္ခု တခုတည်းနဲ့ တယ်လဲ ခရီးရောက်ပါ ကလား ဆရာတော်၊ ဆက်လက်မိန့်ကြားပါအုံး ဘုရား။

## လောကထဲမှာ ကိုယ်ဖြစ်ချင်ရာ ဖြစ်ရစတမ်းပဲ

**ဆရာ**။ ။အင်း ...ယင်းကုသိုလ် အကုသိုလ် ကောင်းလုပ် မကောင်း လုပ် ကံအထူးထူးအလိုက် ဘုံဘဝအထူးထူး ဇာတ်အမျိုး အနွယ် အထူးထူး စည်းစိမ်ဥစ္စာ အထူးထူး ဗိမာန် အဆောက်အအုံ အထူးထူး အဆင်းပုံသွင် အထူးထူးတို့ကို သေချာစွာ သိမြင် ဆင်ခြင်

လေ့လာ သုံးသပ်ခြင်းအားဖြင့် သူ့ဉာဏ်ထဲမှာ အင့်....ဟင်....လောက ကြီးတခုလုံးဟာ ကိုယ့်စေတနာကံ အလုပ်အတိုင်း....

"ကိုယ်ဖြစ်ချင်ရာ ဖြစ်ရစေတမ်းပဲ" ဟူသော သခ်ါရန့် ကမ္မဘဝ ခေါ်တဲ့လောကီကုသိုလ် အကုသိုလ်ကံစေတနာတို့ ခြယ်လှယ်ပြုပြင်စီမံ ပေးမှုရဲ့ သဘောဓမ္မတာ ဖြစ်စဉ်တို့ကို ပေါ်လော ပေါ်အောင် သိမြင် လာတော့တယ်တဲ့၊ကဲ....ဒကာကြီးတို့ရဲ့ဉာဏ်ထဲ မိစ္ဆဲ ထိရောက်ရဲ့လား?။

**ဒကာ**။ ။မှန်ပါ့ ဆရာတော်ရဲ့မိန့်ကြားချက်တွေဟာ ဒကာကြီး တို့ ထောင်ထားတဲ့ ဉာဏ်နားရွက်ထဲ ကွက်ခနဲ ကွက်ခနဲ မိလိုက် ထိသိုက် သိလိုက်တာ ဆရာတော်၊ ဒိဗ္ဗစက္ခု တန်ခိုးရှင်ရဲ့ သိဒ္ဓိစွမ်းအင် ဉာဏ်အမြင်တွေဟာ ကြီးကျယ် မြင့်မားလှပါကလား ဆရာတော်၊ တခြား အဘိညာဉ်တွေများ ရှိသေးသလား၊ မိန့်ကြား ပါအုံး ဘုရား။

**ဆရာ**။ ။အင်း....မှန်တယ်၊ ဒိဗ္ဗစက္ခုရဲ့ စွမ်းအင်က နောက်နောက် က ပြုပြင် စီမံပေးတဲ့ ကိုယ့်ရဲ့ အလုပ်အကိုင် ကံကို ထိအောင် သိမြင်ဆင်ခြင်သုံးသပ်နိုင်တယ်၊ ဒါကြောင့် ဘုရားလောင်း ဟာ ဒုတိယယံမှာ ဒိဗ္ဗစက္ခုဉာဏ်က ဆက်ပြီး အာသဝက္ခယဉာဏ် တက်သွားတာပေါ့။

## ဒိဗ္ဗသောတ အဘိညာဉ်ခန်း

ယင်းမှ ကျန်တဲ့ ဒိဗ္ဗသောတ အဘိညာဉ်ကလဲ ဘယ်လောက်ပဲ ဝေးတဲ့အသံဖြစ်ပလေစေ၊ဘယ်လောက်ပဲ တိုးတဲ့ သေးတဲ့အသံကလေး ဖြစ်ပလေစေ၊ သူ့ရဲ့ စတုတ္ထဈာန် သမာဓိ တန်ခိုးနဲ့ ကြားလိုစိတ် ညွတ် လိုက်တာနဲ့ နတ်များရဲ့နားကဲ့သို့ သူကြားလိုတဲ့ အသံတွေကို ကြားစွမ်း နိုင်တော့တာပဲ။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၅

## ဇူဒ္ဓိဝိဓ အဘိညာဉ် သိဒ္ဓိရှင်လုပ်ငန်း

အခု ပြောပြပေးမှာက ဒကာကြီးတို့ လိုချင်တောင့်တနေတဲ့ ဆန္ဒ မျိုး မြေလျှိုး မိုးပျံ ထူးထွေ အံ့ဆန်း လိုချင်သလို ပြဋ္ဌာန်း စီမံ ဖန်ဆင်းပေးနိုင်တဲ့ သိဒ္ဓိရှင်ကြီးဆိုတဲ့ ဣဒ္ဓိဝိဓ အဘိညာဉ်မျိုးဖြစ်တယ်။

သူကလဲ မိုးပေါ်ပျံချင်ရင် မိုးကောင်းကင်ကို မြေပြင်ဖြစ်အောင် ပထဝီကသိုဏ်း ဝင်စားဖန်ဆင်းပြီး နင်းတက်သွားကာ သူ့ကိုယ်ကို ဝါယောကသိုဏ်း လေမုန်တိုင်းနဲ့ ဖန်ဆင်းတိုက်ခတ် လွှင့်ပျံသွား တာပဲ၊ မြေလျှိုးချင်တော့လဲ မြေပြင်ကို ဟင်းလင်းဖြစ်အောင် ပြုပြီး အာကာသကသိုဏ်းနဲ့ ခုန်ဆင်းသွားတော့တာပဲ၊ သူလိုသလို စီမံ ဖန်ဆင်းနိုင်တဲ့ တန်ခိုးသိဒ္ဓိရှင်ကြီး ဖြစ်နေတော့တာပဲ။

လောကမှာ အလွန်အမင်း ကြည်လင်သန့်ရှင်း မြင့်မြတ်တည်တံ့တဲ့ စိတ်စွမ်းအင် သတ္တိဟာ ပြောပြလို့ မယုံနိုင်အောင် တန်ခိုးဣဒ္ဓိရှိဘယ် နော်၊ ဒကာကြီးတို့ မယုံမရှိနဲ့၊ "စိတ္တေန နီယတေ လောကော" လို့ ဘုရားဟောထားတာ ရှိတယ်။

**ဒကာ**။ ။မှန်ပါ့ ဒကာကြီးဖြင့် နားထောင်လို့ မငြီးနိုင်အောင် စိတ်ငင်စားလွန်းလို့ ဆက်လက် မိန့်ကြားပါအုံး ဆရာ တော်။

## ပရစိတ္တ ဝိဇာနန ဉာဏ်စခန်း

**ဆရာ**။ ။ပရစိတ္တ ဝိဇာနန အဘိညာဉ်ဆိုတာကလဲ သူတပါး၏ စိတ်အစဉ်ကို လိုက်၍ သိနိုင်တဲ့ တန်ခိုးသတ္တိထူး တမျိုးကို အဲဒီစံတုတ္တစျာန် သမာဓိဉာဏ်နဲ့ပဲ ပြီးစေနိုင်တယ်၊ ယင်းကို "စေတော ပရိယ ဝိဇ္ဇာဉာဏ်" လို့လဲ တချို့နေရာမှာ ခေါ်ဆိုကြသေးတယ်။

## လောကီချာန် အဘိညာဉ် ၀ိဇ္ဇာ ၅—ပါး

၁။ ပုဗ္ဗေနိ၀ါသ ဉာဏ် = ရှေးဘ၀ အစဉ်ကို အောက်မေ့ သိမြင်နိုင်သော ဉာဏ်။

၂။ ဒိဗ္ဗစက္ခု ဉာဏ် = နတ်မျက်စိကဲ့သို့ အထူးမြင်သိသော ဉာဏ်။

၃။ ဒိဗ္ဗသောတဉာဏ် = နတ်တို့ နားကဲ့သို့ အထူးကြားတတ်သော ဉာဏ်။

၄။ ဣဒ္ဓိဝိဓ ဉာဏ် = တန်ခိုး သိဒ္ဓိ အထူးထူးကို ပြစွမ်း ဖန်ဆင်းနိုင်သော ဉာဏ်။

၅။ ပရစိတ္တ ၀ိဇာနန ဉာဏ် = သူတပါး၏ စိတ်အစဉ် ဖြစ်နေပုံကို လိုက်၍ သိနိုင်သော ဉာဏ်။

အဲဒီ ငါးပါးကို လောကီချာန် အဘိညာဉ်မျိုးလို့လဲ ခေါ်တယ်၊ ဘုရားမရှိ မပွင့်တဲ့ သာသနာပ အခါမျိုးမှာလဲ သမထဘာဝနာ သမာဓိတရား အားထုတ်ပြီး ရယူနိုင်တာပဲ၊ ဒကာကြီးတို့မှာ ရယူနိုင်တဲ့ ဥပနိဿယဉာဏ်ခံ ပါရမီရှိရင် ခုဘ၀မှာ ရနိုင်တယ်၊ အားထုတ်ကြိုးစား ပွားများပေတော့၊ အဟုတ် အားထုတ် ကြိုးစားရင် ရနိုင်ပါတယ်၊ ခု ဘ၀ မရရင်လဲ နောက်ဘ၀အတွက် ပါရမီ ရင့်တာပေါ့။

ကဲ....သိဒ္ဓိရှင် ၀ိဇ္ဇာလုပ်ချင်တဲ့ ဒကာကြီးတို့ဟာ အဲဒီဉာဏ်မျိုးတွေ ရမှ ၀ိဇ္ဇာဓိုရ်အစစ်ဖြစ်မှာ၊ အဲဒီ ၀ိဇ္ဇာဓိုရ် ထွက်ရပ်ပေါက် ဆရာကြီးမျိုးကမှ သေရင် ပြဟ္မာ့ပြည် လားမှာ၊ ဒါပေမင့် အဲဒီ ပြဟ္မာကြီးရဲ့ နောက်ဆုံးသွားလမ်းက သင်းချိုင်းကုန်းလမ်းပဲ ဖြစ်တယ်၊ အကောင်းများ ထင်မနေနဲ့နော်။

**ဒကာ**။ ။အော်.... ဒီလို ချွန်ပုံ့သူမျိုးကို ဝိဇ္ဇာခိုရ်လို့လဲ ခေါ်ရသေးသလား ဆရာတော်၊ ချွန်ရပုဂ္ဂိုလ်နဲ့ ဝိဇ္ဇာခိုရ် ဘယ်လိုထူးပါသလဲ၊ ဗုဒ္ဓဘုရားဟော ရှိပါသလား မိန့်ကြားပါအုံး ဆရာတော်။

## ဝိဇ္ဇာတုနဲ့ ဝိဇ္ဇာစစ် ခွဲခန်း

**ဆရာ**။ ။အင်း.... ရှင်းပြမည် နားထောင် မှတ်သားပေတော့၊ မြတ်စွာဘုရားသခင်ရဲ့ ဂုဏ်တော် ကိုးပါးထဲမှာ (ဝိဇ္ဇာစရဏ သမ္ပန္န)ဂုဏ်တော် တပါး ပါတယ်၊ယင်း ဂုဏ်တော်ထဲမှာ ဝိဇ္ဇာတရားမျိုးက ရှစ်ပါးပြားထွက်လာတယ်၊ အဲဒီ ဝိဇ္ဇာ ရှစ်မျိုးထဲမှ ...

၁။ အာသဝက္ခယဉာဏ် = အာသဝေါတရားများ ကုန်ခန်းတဲ့ ဉာဏ် ဝိဇ္ဇာတပါး။

၂။ မနောမယိဒ္ဓိဉာဏ် = မိမိကိုယ်ကို ပုံအမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ ဉာဏ် ဝိဇ္ဇာတပါး။

၃။ ဝိပဿနာဉာဏ် = ဝိပဿနာဉာဏ်ဆယ်ပါး၊ တရားတော် ထင်မြင်သူ ဝိဇ္ဇာတပါး။

အဲဒီ ဝိဇ္ဇာဉာဏ် (၃) ပါးကို နုတ်ပယ်ပြီး၊ ခုပြဆိုခဲ့တဲ့ လောကီချွန် အဘိညာဉ်ဝိဇ္ဇာ(၅)ပါး ရှိထားသူကို လောကီဝိဇ္ဇာခိုရ်ကြီးတွေလို့ ပါဠိတော်မှာ လာတယ်။

အဲဒါကြောင့် ချွန်အဘိညာဉ်ရသူမှ ဝိဇ္ဇာအစစ်ဖြစ်တာ၊ ကျန်တာတွေ မှန်သမျှ ဝိဇ္ဇာအတုတွေချည်းပဲ၊ ကဲ.... ဝိဇ္ဇာစစ်နဲ့ ဝိဇ္ဇာတုကွဲပြီလား၊ ဒကာကြီးတို့ ဆုတောင်းတဲ့ အဆုံးနားမှာ ''ချွန်တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရ,ရပါလို၏''လို့

ဆုတောင်းတယ် မဟုတ်လား၊ ဈာန်လဲ အမြတ်တရား တပါးပဲနော်၊ ဒါကြောင့် သမထဈာန် အစစ်ရဖို့ဟာလဲ အလွန်ပဲ ခက်ခဲတယ် မလွယ်ကူဘူးလို့ အစက ပြောခဲ့တာပေါ့။

**ဒကာ**။ ။ဒီလိုဆိုတော့ အခုခေါ်ခေါ်နေကြတဲ့ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် ပထမံ အောင်သိဒ္ဓိ မနောမယိဒ္ဓိ ဆရာကြီးတွေဟာ ဝိဇ္ဇာအစစ် ဘယ်ဖြစ်တော့မှာလဲ ဆရာတော်၊ သူတို့ရဲ့ရုပ်ပုံတွေ ရေးဆွဲ ထုလုပ်ကိုးကွယ် ပူဇော်နေလို့ကော ဘာအကျိုးရှိမှာမို့လဲ မိန့်ကြားပါအုံး ဘုရား။

## ပါရမီရှင် ဝိဇ္ဇာဓိုရ် အစစ်များ

**ဆရာ**။ ။အင်း.... တော်တော့၊ စကားကြော ရှည်မလာနဲ့၊ ဒီက ပြောနေတာက သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင် ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို အကျယ်ပွားကာ "သမ္မာသမာဓိမဂ္ဂင်"တရားထဲက ပေါ်ထွက်လာတဲ့ ဈာန်အဘိညာဉ်ရ ဝိဇ္ဇာဓိုရ် မျိုးကိုသာ ပြောပြနေတာ၊ ခုလို သာသနာဘော်တွင်းမှာ ဈာန် ရသူတို့ကိုသာ အဟုတ်ကိုးကွယ်ဆည်းကပ်ပူဇော်စရာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ နီးကပ်နေတဲ့ ဝိဇ္ဇာဓိုရ် အစစ်တွေဖြစ်တယ် ဒကာကြီးတို့ရဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လုပ်တတ်ယူတတ်ရင် သာသနာတော် အတွင်းက ဝိဇ္ဇာတွေဟာ အလွယ် ကလေးနဲ့ လောကဒုက္ခထဲက ထွက်နိုင်တဲ့ဉာဏ်ကြီးရှင် ထွက်ရပ်ပေါက် လောကရဲ့ဟိုဘက်ကမ်းကို ရောက်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပါရမီရှင် ဝိဇ္ဇာဓိုရ်အစစ်ကြီးတွေပေါ့။

## ရှေ့နောက် မညီသော စကား

**ဒကာ**။ ။ဆရာတော် စောစောက ဈာန်မျိုးအပြား ၄-ပါး ဝင်စားပုံနည်းများကို ပြောကြားသွားတဲ့ သိဒ္ဓိတန်ခိုး

ရှင် အခန်းမှာတုန်းကတော့ ခုပြောခဲ့တဲ့ သမထဘာဝနာ သမာဓိ ဂိုဏ်း သက်သက် သိဒ္ဓိရှင် ဝိဇ္ဇာလုပ်ငန်းဟာ ဒုက္ခဆင်းရဲ မကင်းတဲ့ သေမင်းကို လိုက်ရှာပြီး သင်းချိုင်းကုန်း အပ္ပိုင်စိုင်း နေတာချည်း ဖြစ်တယ်လို့ မှတ်ရမည်ဟု မိန့်ကြားလျက် မှတ်ချက်ချခဲ့ပြီးမှ "ခုတော့ တဖန် မင်္ဂဖိုလ် နိဗ္ဗာန်နဲ့နီးကပ်နေတဲ့ ကိုးကွယ်ဆည်းကပ်စရာ ပါရမီရှင် ဝိဇ္ဇာခိုရ်ကြီးတွေပေါ့" လို့ ပြောလာပြန်တယ်၊ ရှေ့ နောက် မညီတဲ့ သည်ပြဿနာ နှစ်ရပ် ဘယ်ဟာကို အမှန်ယူရ မှတ်ရမှာလဲ ဘုရား၊ မိန့်ကြား ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အင်း .... အရှင်းကြီးပဲဟာ ဟိုတုန်းက ဆိုထားတာက (သမထဘာဝနာ သမာဓိဂိုဏ်းသက်သက်ဟာ ဆင်းရဲမကင်းတဲ့သေမင်းကိုရှာပြီး သင်းချိုင်းကုန်းကိုအပ္ပိုင်စိုင်းနေတာချည်းဖြစ်တယ်လို့ ဆိုခဲ့တယ်လေ) သာသနာပ ကာလ သမထဘာဝနာ ဝိဇ္ဇာဂိုဏ်း သမားများနဲ့ သာသနာတွင်းကာလ လောကီ ဝိဇ္ဇာလိုင်းသက်သက် ကိုအချောင်လိုက်နေတဲ့ သမတဂိုဏ်းသားသိဒ္ဓိရှင်ဘုန်းတန်ခိုးကြီးချင်၊ နာမည်ကျော်ကြားချင်တဲ့ ဝိဇ္ဇာခိုရ်များကို ပြောတာ ဒကာကြီးတို့ရ။

## သင်းချိုင်းကုန်းက ဝိဇ္ဇာများ

ဆိုလိုရင်းမှတ်ချက်က ဝိပဿနာဉာဏ်မပါ မဖက်တဲ့ သမထဘာဝနာ သက်သက်နဲ့ ရာထူးတက်အောင်, စျေးရောင်းကောင်းအောင်, ချမ်းသာတိုးပွား ရွှေငွေတွေများလာအောင်, အမှုနိုင်အောင်လုပ်ပေး နိုင်တဲ့ ဝိဇ္ဇာဂိုဏ်းသား သိဒ္ဓိရှင်များအတွက်ကတော့ သင်းချိုင်းကုန်း သွားလမ်းထွင်တဲ့ ဝိဇ္ဇာတို့ရဲ့ ပြင်ဆင်ချက်လုပ်ငန်း ဉာဏ်သက်သက် တွေသာ ဖြစ်တယ်လို့ မှတ်ပါတဲ့၊ ကဲ....ကွဲပြားပြီလား ဒကာကြီးတို့၊ သင်းချိုင်းကုန်းဝင်ဖို့ အပေါက်ရှာတဲ့ ထွက်ရပ်ပေါက်ဆရာ ဝိဇ္ဇာကြီး လုပ်ချင်သေးသလား။

**ဒကာ**။ ။သည့် ဈာန်ကုသိုလ် သမထလမ်းသက်သက် လုပ်ငန်းက ဆင်းရဲဒုက္ခ သမားများရဲ့ သင်းချိုင်းဘက် သွားတဲ့ ထွက်ရပ် လမ်းကြောင်းကြီးဆိုတော့ ကြောက်လွန်းလို့ပါ ဘုရား၊ သွားခဲ့ သေခဲ့ရတဲ့ဘဝတွေလဲ မရေမတွက်နိုင်တော့ပါဘူး ဆရာတော်။

## သေတာလောက် ကြောက်စရာမဟုတ်

**ဆရာ**။ ။အင်း....သေတာလေးသာ ထည့်ပြောနေတယ်၊ စိုးရိမ်ရ ပူဆွေးရ ငိုကြွေးရ အိုရ နာရ ငတ်ရ ပြတ်ရ ကွဲရ မြဲရ စားသောက်နေထိုင်ရေး ရှာရ ဖွေရလို့ ဆင်းရဲ ဘေးမျိုးစုံ ဘဝတွေ တော့ ထည့်မပြော မတွေးတော မစဉ်းစား မပူပန်ဘူး၊ သေရတဲ့ စုတိ စိတ်ကလေးက ဘယ်လောက်ကြာလို့လဲ တခဏလေးရယ်၊ မနေသခင် အသက်ရှင်နေတုန်း ရှာဖွေလုပ်ကိုင် ပြုပြင်ပေးရ ခံစား နေရတဲ့ ဒုက္ခ ဝေဒနာ ဘေးရန်တွေက သာလို့ဆိုးတာ ဒကာကြီးတို့ရ။

အဲသည့် မကောင်းဆိုးဝါး ခံစားနေရလို့ အပျက်အနိစ္စ၊ ဘဝတွေ ဟာ ရေတွက်ပြလို့တောင် မဆုံးနိုင်ဘူးပဲ၊ အဲသာတွေကို ကြပ်ကြပ် တွေးပြီး ကြောက်မှပေါ့။

## အနိစ္စကို နိစ္စဖြစ်အောင် လုပ်နည်းရှိသလော

**ဒကာ**။ ။မှန်ပါတယ် ဆရာတော်၊ အနိစ္စကို နိစ္စဖြစ်အောင် ခိုင်မြဲ နေအောင်ကို ဘယ်လိုလုပ် ပြုပြင်လို့မှ မရနိုင်ပဲ ထပ် တလဲလဲ စိမ်ပြုပြင်လုပ်ကိုင်နေရလို့ သင်္ခါရဒုက္ခတွေကတော့ နေ့ရှိသမျှ အချိန်ရှိသမျှ တွေ့ကြုံခံစားနေရလို့ ဒုက္ခဆင်းရဲလို့တောင် မထင်,မမှတ် နိုင်တော့ဘူး၊ ရိုးနေပါပြီ ဆရာတော်၊ အဲဒါလောက် ဒကာကြီးတို့ ဘဝဟာ မိုက်မဲ မှောင်ကျနေပါတယ်၊ အသိခေါက်ခက် အဝင်နက်

တွေ့ပါဘုရား၊ ဒါကြောင့် သမထဘာဝနာ ဝိဇ္ဇာရဲ့ ထွက်ရပ်လမ်းကို စုံစမ်းမေးမြန်းနေတာပါ။

## သမထဘာဝနာ၏ လမ်းနှစ်သွယ်

**ဆရာ။** ။အင်း.... သမထ ဘာဝနာ လောကီစျာန် လမ်းကလဲ သင်းချိုင်းကုန်းဘက် ထွက်ရပ်လမ်းက တပေါက်၊မဂ်ဖိုလ် နိဗ္ဗာန်ဘက် တက်တဲ့လမ်းက တသွယ်၊ နှစ်လမ်း နှစ်သွယ်ရှိတယ် ဒကာကြီးတို့ရ၊ သွားတတ်ရင် သင်းချိုင်းကုန်းမှ လွဲတဲ့ နိဗ္ဗာန်လမ်းထဲကိုလဲ ရောက်နိုင်ပါတယ်၊ လွယ်လွယ်ကလေးပါ။

## သင်းချိုင်းကုန်းက ထွက်ပေါက်လမ်းမ

**ဒကာ။** ။သည်လိုဆို သူတို့ရထားတဲ့ လောကီစျာန် သမာဓိ အဘိညာဉ်တန်ခိုးနဲ့ သင်းချိုင်းကုန်းလောကထဲက ထွက်မြောက် လွတ်ကင်းသွားကြပုံ ကလေးများကိုလဲ ဒကာကြီးတို့အား သနားသဖြင့် နည်းနည်းပါးပါး ရိပ်စားမိရုံမျှ ညွှန်ပြ သင်ကြားပေးပါလား ဆရာတော်။

## အချိန်၏ တန်ဖိုးကို လေးစားပါ

**ဆရာ။** ။အင်း....ဒကာကြီးတို့နဲ့ပြောရတာ အစွန်းအဆက်ကလေး ထွက်လာတိုင်း မေးနေတော့ကာ အဖြေပေးလို့ လက်စပဲ မဆုံးနိုင်တော့ဘူး။

တန်ဖိုးရှိတဲ့စကားကို တန်ဖိုးရှိရှိထားတဲ့ ဉာဏ်နားနဲ့ ထောင်ယူ ဖမ်းဆီးတတ်ရင် ကောင်းတယ် ဒကာကြီးတို့၊ ပြီးရင် ပြီးရော ဆိုတဲ့ သဘောမျိုးနဲ့ ပြောဆိုနေကြတာကတော့ အလကားပဲ သူများရဲ့ တန်ဖိုးရှိတဲ့ အချိန်ကာလကို လာရောက် ဖျက်ဆီးရာ ကျတယ်နော်။

**ဒကာ**။ ။ဒကာကြီးတို့ကို တပည့်ဒကာ အရင်းသားလို သနားသော သဘောထားဖြင့် ညွှန်ကြားပြသ ဆုံးမပေးဖို့ ရှိသေစွာ တောင်းပန်လျှောက်ထားပါတယ် ဆရာတော်၊ဒီလို အတိုင်းမသိ တန်ဖိုးရှိတဲ့ တရားစစ်မှန် ဓမ္မခန် ထွက်ရပ်လမ်းတွေကို ရှိသေလေးစား တန်ဖိုးထားပြီး နာယူမှတ်သားနေတာပါ၊ ဆရာတော်၏ တန်ဖိုးရှိလှတဲ့ အချိန်ကာလတွေကိုလဲ ဒကာကြီးတို့က သိထားကြပါတယ် ဘုရား။

## ဒိဋ္ဌိစက္ခုဖြင့် နိဗ္ဗာန်လမ်းစ မြင်ပုံ

**ဆရာ**။ ။ကိုင်း .... သည်လိုဆိုရင်လဲ ကောင်းပါတယ်၊ လိုလိုလားလားနဲ့သာ မှတ်သားပေတော့၊ စာမျက်နှာ(၆၃)၌ စောစောက ပြောပြခဲ့ပြီးတဲ့ ဒိဋ္ဌိစက္ခုအဘိညာဉ် ဈာန်သမာဓိကဏ္ဍကို ပြန်ကြည့်ပြီး သတိရလိုက်ပါနော်။

> အင့် . ဟင် "လောကကြီးတခုလုံးဟာ ကိုယ့်စေတနာကံ အလိုက် ကိုယ်ဖြစ်ချင်တာ ဖြစ်ရစတမ်းပဲ" ဟူသော သံ်ါရနဲ့ ကမ္မဘဝခေါ်တဲ့ လောကီကုသိုလ် အကုသိုလ် စေတနာကံတို့ ခြယ်လှယ်ပြုပြင် စီမံပေးမှုတို့ရဲ့ သဘောဓမ္မတာ ဖြစ်စဉ်ကို ပေါ်လောပေါ်အောင် သိမြင်လာတော့တယ်"

ဆိုတဲ့ စာပိုဒ် ဝါကျ တိုကလေးကို ပြောနေတာနော်၊ အဲသည် ဒိဋ္ဌိစက္ခုဉာဏ်နဲ့ပဲ ဒုက္ခမှ လွတ်ရာ လောက၏ ထွက်ပေါက်ကိုရှာပြီး ထွက်သွားပုံကို နည်းယူစရာ တိုတိုတုပ်တုပ်နဲ့ ခပ်ကျဉ်းကျဉ်း လိုရင်းကျကျ အနှစ်သာရတွေချည်း ဆောင်ကြဉ်း ထုတ်ယူကာ အလင်းဉာဏ် ရအောင် ဗုဒ္ဓဘာသာဝင်အစစ်တို့အတွက်ရော၊ဒကာကြီးတို့အတွက်ပါ ညွှန်ပြ သင်ကြားပေးသွားမည်။

ဒိဗ္ဗစက္ခု အဘိညာဉ်အခန်းမှာ ပြောပြခဲ့တဲ့အတိုင်း အဲဒီ ဒိဗ္ဗစက္ခု ညာဏ်ရ လောကီသိဒ္ဓိရှင် ယောဂီဟာ သူဖြစ်ရှိခံစားခဲ့ရတဲ့ ဘုံဘဝရဲ့ စည်းစိမ်ဥစ္စာ အထူးထူး အဆင်း, အသွင်, ပုံသဏ္ဌာန်, ထီး, မ, နပုံး, ဇာတ်မျိုးနွယ်အထူးထူး, သုံးဆောင်မှီဝဲ ဝတ်ဆင်နေထိုင်ခဲ့ရတဲ့ အစာ အာဟာရ,အဝတ်တန်ဆာ,အိုးအိမ်တိုက်တာ,ဘုံဗိမာန်,တော,တောင်, မြစ်,ချောင်း,ပင်လယ်သမုဒ္ဒရာ,လိုဏ်ဂူ,တွင်းကျင်း,ချောက်ကြားစတဲ့ ဝတ္ထုပစ္စည်း အထူးထူးတို့ကို သေချာ ပြတ်သားစွာ သိမြင် တွေ့ရှိ လာတယ်။

ထိုအခါ ယင်းဒိဗ္ဗစက္ခု အဘိညာဉ်ရှင်က အင်း....အခု တွေ့မြင် သိရှိခဲ့ရတဲ့ ကောင်းမြတ်ထည်ဝါ သာယာစရာတွေနဲ့ မကောင်းဆိုးဝါး ကြောက်လန့်ဖွယ်များ အားလုံးသော မြင်ကွင်းတွေဟာ ဘာ့ကြောင့် ဘယ်သူ့ကြောင့် ဖြစ်ရတာလဲလို့ တဖန် ဆက်လက်ဆင်ခြင် စိတ်ညွှတ် လိုက်သောအခါ....

"ကမ္ဘာလောကကြီး တခုလုံးဟာ
ကိုယ်ဖြစ်ချင်ရာ ဖြစ်ရစတမ်းပဲ"

ဟူသော ကမ္မနိယာမ အကြောင်းကံ ဓမ္မတာဖြစ်စဉ်ကို ဖြတ်ဆို မှန်ကန် စွာ သိမြင်လိုက်ရတယ်၊ ခု ...ပြောနေတာတွေကို ဒကာကြီးတို့ စိတ်ထဲ ဝင်စား ကျေနပ် ယုံကြည်မှုများရှိရဲ့လား။

ဒကာ။ ။ဆရာတော် ပြောရက်လေခြင်း ဘုရား၊ စိတ်ဝင်စား ယုံကြည် ကျေနပ် နှစ်သက်တဲ့ ဟိုမှာဘက်ကိုတောင် ရောက်နေပါတယ်၊ ဆက်လက်မိန့်ကြားပါဆရာတော်၊ ကံ အကြောင်း ကို သိပါပြီ။

**ဆရာ။** ။အင်း....လောကကြီးတခုလုံးဟာ အကြောင်းကံဟူသော စေတနာစိတ်၏ ကြိမ်ဖန်များစွာ စေ့ဆော် တိုက်တွန်း ကြိုးစားအားထုတ်မှုပင်ဖြစ်၍ ယင်းစေတနာ ကံ, ၎င်းအင်အလိုက် ကောင်းခြင်းနှင့် မကောင်းခြင်းတွေ ထိုက်သလိုဖြစ်ပွားကာ ခံစားနေကြရတာတွေပဲ....ဟု လောကဖြစ်ရပုံ၏ မူလအကြောင်းကံကို ကောင်းမွန်စွာ သိမြင်လာတယ်၊ တန်ခိုးရှင် နတ်,ဝိဇ္ဇာ တို့က ဖန်ဆင်း ပေးလို့ ရတယ်ဆိုတဲ့ အယူအမှားတွေကို တော်လှန်ပစ်လိုက်ပြီ။

**မှတ်ချက်။** ။ဗုဒ္ဓအလောင်းတော်မြတ် သဗ္ဗညုတဉာဏ် ရယူရေး ကျင့်စဉ်၌ ပထမ ပုဗ္ဗေနိဝါသ ဉာဏ်တော်မြတ်ကို ရယူတော်မူသည်၊ ဒုတိယ ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ကို ရတော်မူသည်၊ တတိယ သဗ္ဗညုတ ဉာဏ်တော်နှင့် ထူးမြတ်သော အရဟတ္တမဂ်ဉာဏ်မှ ဖိုလ်ဉာဏ်ကို ကူးလျက် လောကထဲက ထွက်မြောက် သွားပုံကို သိရသောအားဖြင့် ဒိဗ္ဗစက္ခုဉာဏ်ရဲ့ တန်ဖိုး ဂုဏ်ကို အထူးမှတ်ကြရာသည်။

## ဒိဗ္ဗစက္ခုဉာဏ်မှ သစ္စဉာဏ်သို့

ယင်း....ဒိဗ္ဗစက္ခုဉာဏ်ပိုင်ရှင်သည် ဤမျှာတွင် ရပ်မနေပဲ ရှေ့ဆက်ပြီး ညွှတ်ကြည့်ပြန်သောအခါ အင်း.... လောကထဲမှာ ငါတွေ့မြင်သိရှိရတဲ့ အရာဝတ္ထုမြင်ကွင်းအားလုံးဟာ ခိုင်မြဲနေတာ ဘာတခုမျှ မရှိပဲ ပြောင်းလဲပျက်စီး ပြုန်းတီး ကုန်ခန်း ကြောက်ခမန်းလိလိ ဆင်းရဲဒုက္ခနဲ့ ဘေးကြီးအတိ အပြစ်ရှိတဲ့အရာတွေချည်းပါတကားဟု ဒုက္ခသစ္စာ အမှန်တရားကိုတွေ့မြင်ရပြန်တယ် ဒကာကြီးတို့ရဲ့။

ကဲ....လောက၏ မခိုင်မြဲခြင်း အနိစ္စနဲ့ ဖြစ်ပြီးပျက်ပျက် သွားလို့ ပြန်လည်ပြင်ဆင် မွမ်းမံဖြည့်စွက်ပေးရတဲ့ သင်္ခတဒုက္ခ ဘုရားဆိုးတွေကို သူရထားတဲ့ ဒိဗ္ဗစက္ခုဉာဏ်က မှန်ကန်စွာပြလို့ အကြမ်းဖျင်း တွေ့နေရပြီနော်၊ တိုတိုတိတိုကလေးနဲ့ မိအောင် ပြောပြနေတာကို သေချာစွာ မှတ်ပါ ဒကာကြီးတို့၊ သူ့ရဲ့အသိဉာဏ်ဟာ သစ္စာဉာဏ်ပိုင်းထဲကိုဝင်ရောက်နေပြီ၊ ဆင်းရဲတာအမှန် တွေ့နေပြီ၊ ဒုက္ခ သစ္စာတွေ့ပုံကို ပြောနေတာ။

**ဒကာ**။ ။မှန်ပါ့ ထိုသိဒ္ဓိရှင်ရဲ့ ဒိဗ္ဗစက္ခုဉာဏ် အမြင်က အင်မတန် ခရီးရောက်ပြီး တန်ဖိုးရှိလှပါကလား ဆရာတော်၊ အမှန်မြင်တဲ့သစ္စာရှင်ကြီး ဖြစ်နေပါပကောလား ဘုရား။

## ခုခေတ် ဒိဗ္ဗစက္ခုဆရာကြီးတွေ

ခု ဒကာကြီးတို့ တွေ့ကြုံနေတဲ့ ဒိဗ္ဗစက္ခု ဆရာကြီးတွေကတော့ နှင်တို့ အမေ သေပြီးတော့ ဘာမကြီးဖြစ်နေတယ်၊ နှင့်အဖေကတော့ ဘယ်ဘဝရောက်နေတယ် လွတ်မြောက်ချင်ရင် ပွဲကိုးပွဲပြင် ငွေကိုးကျပ် စီထည့် စတဲ့ ကိုယ့်စားပေါက် ကိုယ်ထွင် ထွင်ပြီး....

**ဆရာ**။ ။ကဲ....ကဲ ဒကာကြီးတို့ ဒီတွင်ရပ်တော့၊ စကားမရှည်ပါနဲ့ လို့ ပြောထားလျက်သားနဲ့ တိုးတိုးပြီး တက်လာသေးသကိုး၊ ဒီက မဂ္ဂင်ရှစ်ပါးနဲ့ သစ္စာလေးပါးတရားမြတ်ကို တက်ယူသွားကြမည့် ဗုဒ္ဓဘာသာဝင်အစစ် အထက်တန်းစား ထွက်ရပ်ပေါက် သိဒ္ဓိရှင်ကြီးများကို ပြောကြားနေတာသာ ဖြစ်တယ်။

## သင်းချိုင်းကုန်း အဖော်ခေါ်သူ သိဒ္ဓိရှင်များ

**ဒကာ**။ ။မှန်ပါတယ် ဆရာတော်၊ ဒါကြောင့်မို့ ဒကာကြီးတို့က လဲ (အော်... အမှန်ကိုမြင်တဲ့ ဒိဗ္ဗစက္ခုသစ္စာရှင်ဆရာကြီးတွေ ဖြစ်နေကြပါပကောလို့) အံ့သြ ကြည်ညို လာရင်းက သင်းချိုင်း

ကုန်းသွားဖို့အဖော်ခေါ် စည်းရုံးနေတဲ့ သိဒ္ဓိရှင်ကြီးတွေနဲ့ နှိုင်းစာလို စိတ် ဖြစ်ပေါ်လာလို့ ကောင်းရှည်မိတာပါ ဆရာတော်၊ ဆက်လက် မိန့်ကြားပါအုံး ဘုရား။

ဆ ရာ။ ။အင်း.... ပြောကောင်းတုန်း ဒကာကြီးတို့က ကြားဝင် ညှပ်တော့ စကားလက်စ ပြတ်,ပြတ်သွားတယ်၊ ကဲ... နားထောင်မှတ်သားအုံး။

## ဗုဒ္ဓဘာသာအစစ်တို့၏ မဂ်ပေါက် မိုလ်ဝင်ပုံ

အဲဒီလို မြင်ရ တွေ့ရတဲ့ ဒိဗ္ဗစက္ခုပိုင်ရှင်က လောကကြီး တခုလုံး မှာ ဖြစ်ပေါ်ဖြစ်ပေါ်လာတဲ့ ဆင်းရဲဒုက္ခဟူသမျှတွေဟာ ငါကိုယ်တိုင်က (သာယာခင်မင် လိုချင်တပ်မက် နှစ်သက် ဆာလောင် စွဲလမ်းကာ) ဖြစ်ချင် ဖြစ်ချင်နေလို့သာ ဖြစ်ပေါ် ဖြစ်ပေါ် လာရတာတွေပဲ...ဟု အသိအမှန် သမုဒယသစ္စဉာဏ် ပေါ်ကာ လောကသုံးပါး အတွင်း ဖြစ်ဖြစ်သမျှ ဆင်းရဲဒုက္ခ သက်သက်ပဲ...ဟု တထစ်ချ ပုံသေ စွဲယူ ဆုံးဖြတ် ပိုင်းခြား မှတ်သားလိုက်တော့တယ်။

ယင်းအတိုင်း ဒုက္ခသစ္စာတွေ အမှန်ပဲ....ဟု ပိုင်းခြား ဆုံးဖြတ်မှု ပြုလိုက်သည်နှင့် တပြိုင်နက် ဖြစ်ပျက်ဆင်းရဲလောက ဘုံဘဝအပေါ်၌ သာယာခင်မင် လိုချင်တပ်မက် ဆာလောင်မှု တဏှာ သမုဒယသစ္စာ အငယ်စားနှင့်အတူ ဘဝကို မပြတ်, မစဲနိုင်ပဲ ထပ်တလဲလဲ အစွဲကြီး စွဲလမ်း ရယူလိုမှု ဥပါဒါန်ခေါ်တဲ့ သမုဒယသစ္စာ တဏှာ အကြီး စားတို့ပါ ကွယ်ပျောက်ချုပ်ငြိမ်းကာ ချမ်းသာတကာတို့တွင် အတူ မရှိ ချမ်းသာပြီး အလွန်အလွန် ငြိမ်းချမ်းအေးမြတဲ့ သန္တိသုခ အရသာဘုံကို သောတာပတ္တိ မဂ် ဖိုလ်တို့က မျက်မှောက်ပြု ခံစား

လိုက်လေသတည်း....တဲ့၊ ဒကာကြီးတို့ရဲ့၊ ကဲ.... နိဗ္ဗာန်ကို မျက်မှောက် ပြု သိမြင်သွားပြီနော်....။

**ဒကာ**။ ။မှန်ပါ့ တန်ဖိုးရှိတဲ့ မှတ်သားစရာတွေမို့ မချိုတဲ့ရအောင် အမြဲ နားစိုက်ထောင်လျက်ပါ ဆရာတော်၊ ဆက်လက် မိန့်ကြားပါဦး ဘုရား။

**ဆရာ**။ ။အဲသည်လို ဒုက္ခသစ္စာကို အမြဲပေးနေတဲ့ ဘဝရဲ့သာယာမှု သမုဒယသစ္စာ လောဘတဏှာ ကိလေသာ တို့ဟာ ဘာကြောင့် ချုပ်ငြိမ်းသွားရသလဲလို့ စိစစ်စဉ်းစား စိတ်ညွတ်သွားနေ တဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ပိုင်ရှင်ဟာ မိမိကိုယ်တိုင် ကိုင်ဆွဲ သတ်ဖြတ် ဖျက်ဆီးလာနိုင်ခဲ့တဲ့ မဂ္ဂင် ရှစ်ပါး လက်နက်ကြီးများကြောင့်သာ ဆိုတာကို သူကိုယ်တိုင် တွေ့မြင် ယုံကြည်ကာ ဗုဒ္ဓသာသနာတော်မြတ် ကို မတုန်မလှုပ် ကြည်ညိုလာပြန်တယ်တဲ့၊ ခု ဘဝ သောတာပန်က စပြီး ပရိနိဗ္ဗာန်ဝင်စံသော ဘဝအထိ သရဏဂုံ သုံးပါးကို အမြဲကပ်၍ တပါတည်း ဆောင်ယူသွားသော သြပနေယျိကဂုဏ်နှင့် ပြည့်စုံသွားပြီ တဲ့ ဒကာကြီးတို့ရ။

## မဂ္ဂသစ္စာ အစစ် အမှန်တရား ဖြစ်ပုံ

ကဲ....ခု ပြဆိုဆွေးနွေး သင်ပြပေးသွားတာတွေဟာ သောတာပတ္တိ မဂ်ညာဏ်စတဲ့ မဂ်စိတ်လေးပါး ဖြစ်တိုင်းဖြစ်တိုင်း အတူတူဖြစ်သွားကြ တဲ့ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ အစစ်အမှန်တရားများပင်ဖြစ်တယ် မှန်တယ် လို့သာ မှတ်ပေတော့ ဒကာကြီးတို့ရေ၊ ယင်း ... မဂ်လေးပါးက လောကုတ္တရာ ကုသိုလ်စိတ်များဖြစ်တယ်၊ မဂ်စိတ်ဆိုတာ တမဂ်မှာ တကြိမ် တချက်သာ ဖြစ်တာ၊ နောက်ထပ် မဖြစ်ကောင်းတော့ဘူး၊ မဂ်စိတ်ပြီးရင် တဆက်တည်း ဖိုလ်စိတ်ဖြစ်တာပဲ။

ဒကာ။ ။မှန်ပါ့ ဒကာကြီးလဲ မင်္ဂလသုတ်ကို ကလေးဘဝထဲက သင်ကြားခဲ့ဘူးပါတယ်။

နိဗ္ဗာန သစ္စိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန် မျက်မှောက်ပြုပုံ မင်္ဂလာစကားမျိုးကို သည်လို တိုတို စေ့စေ့ကလေးနဲ့ ထိထိမိမိ ရှင်းရှင်း လင်းလင်း ထင်းကနဲ ဝင်းကနဲ ပေါ်ပေါ်လာအောင် မင်္ဂစိတ်လေးပါး၌ ဖြစ်သော မဂ္ဂင်ရှစ်ပါး မဂ္ဂ သစ္စာ အစစ်အမှန် တရားစကားများကို ခုမှပဲ ကျေကျေ နပ်နပ် နာကြား ဆွေးနွေးမေးမြန်း သိရှိရလို့ ဒကာကြီးတို့ရဲ့ ဘဝတာမှာ အတိုင်းမသိ ကျေးဇူးရှိ ဝမ်းသာလှပါတယ် ဆရာတော်၊ ဆက်လက် မိန့်ကြားပါအုံး ဘုရား၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကို....

ဆရာ။ ။အင်း .. မင်္ဂစိတ်လေးပါးထဲကနောက်ဆုံးဖြစ်တဲ့အရဟတ္တ မဂ်ညာဏ်က (၁၅၀၀)ကိလေသာမီး ယိုစီး လောင်ကျွမ်း နေတဲ့ အာသဝလောင်စာ တရားဆိုးတွေကို တချက်တည်း ငြိမ်းသတ် ပစ်လိုက်တယ်၊ အာသဝက္ခယညာဏ် ရသွားပြီ။

အဲသည် အာသဝက္ခယညာဏ် ပိုင်ရှင် ရဟန္တာ အရှင်မြတ်သည် မိမိ ကိုယ်တိုင် ဤသို့ ဤပုံ ရောက် ရောက် တက်တက်လာတဲ့ မဂ်ဖိုလ်ရဲ့ အဆင့် ဂုဏ်ရည်များကိုလဲ ခွဲခြားပိုင်ပိုင် သိနိုင်တယ်။

တေဘူမက ဒုက္ခကုန်ဆုံး ဘဝ၏ လက်စတုံးရာများကိုလဲ သိနိုင် တယ်တဲ့၊ ခု ပြောခဲ့တဲ့ စကားရဲ့ အနဖြအစဉ်တွေဟာ သမထဘာဝနာ သမာဓိမဂ္ဂင် လုပ်ငန်းစဉ် ဒိဗ္ဗစက္ခု အဘိညာဉ်တခုကို အခြေပြုကာ နည်းယူစရာ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကျကျ အနှစ်သာရတွေချည်း ပြောပြပေးမည်လို့ ဝန်ခံချက်ပြုခဲ့တဲ့အတိုင်း သင်းချိုင်းကုန်းမှ ကျွတ်

လွတ်ရာ မဂ်ပေါက် ဖိုလ်မြောက် နိဗ္ဗာန်ရောက်လိုသူ ဗုဒ္ဓဘာသာဝင် အစစ်တို့၏ထွက်ရပ်ပေါက် လမ်းစဉ်ပါပဲ ဒကာကြီးတို့လဲ နားလည် လောက်ပါပြီ။

## ဖြောင့်ဖြောင့်တန်းတန်း တလမ်းသွား အကျင့်မြတ်

**ဒကာ။** ။သမ္မာသမာဓိမဂ္ဂင်ထဲက ခွဲထွက်လာတဲ့ သမထဘာဝနာ သမာဓိအခြေခံ လောကီဈာန် အဘိညာဉ် မဟဂ္ဂုတ် ကုသိုလ် စေတနာကံကြောင့် ရရှိခံစားခွင့် အကျိုး ဒိဗ္ဗစက္ခုစတဲ့ တန်ခိုးသိဒ္ဓိများစွာတို့ကို ဆရာတော်ရှင်းပြမှုပဲ နိဗ္ဗာန်အထိ ထင်လင်း သဲကွဲကာ အရေလည်လာတော့တယ် ဘုရား။

ဒါပေမင့် လုပ်တိုင်းကုန်းနဲ့ နိဗ္ဗာန် လမ်းနှစ်တန်ခွနေတဲ့ သည် သမထဘာဝနာ ဈာနသမာဓိ လုပ်ထုံးက သင်းချိုင်းကုန်းဘက်ကို သာ အထွက်အသွား အစွဲများပြီး နိဗ္ဗာန်လမ်း စခန်းကျတော့ ဖြောင့်တန်းစွာ သွားသူနည်းပါးတယ် ဆိုတော့ကာ မဂ်ဖိုလ် နိဗ္ဗာန် စခန်း တလမ်းသွား သက်သက်ကိုပဲ ညွှန်ပြ ပြောကြားစေချင်ပါတယ် ဆရာတော်။

## တလမ်းသွား နိဗ္ဗာန်စခန်း ထွက်ပေါက်ညွှန်းတမ်း

**ဆရာ။** ။အင်း.... သင်းချိုင်းကုန်း လွတ်ရာ ကောယနမဂ္ဂေါ တကြောင်းတည်းသော ခရီးလမ်းကတော့ ဝိပဿနာ ဘာဝနာ သမာဓိစခန်း တခုပဲရှိတယ် ဒကာကြီးတို့။

အဲဒီ ဝိပဿနာသမာဓိလုပ်ငန်းနဲ့ ကွန်းခိုပြီး ကိုယ်လိုချင်တဲ့ သင်းချိုင်းကုန်း သုသာန် လွတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်စခန်းကို မြန်မြန်

ကြိုးစားပြီး လှမ်းတက်ကြပေတော့ ဒကာကြီးတို့လဲ လုပ်တိုင်းကုန်းနဲ့ နီးနေပြီ၊ မကြာမီ အလုပ်ခံရတော့မှာ။

**ဒကာ။** ။မှန်ပါ့၊ သင်းချိုင်းကုန်းတော့ ဖန်တရာတေ မရေမတွက်နိုင်အောင် သွားခဲ့ရဘူးလို့ ကြောက်ဒူး တုန်လှပါပြီ ဆရာတော်၊ သင်းချိုင်းကုန်းလွတ်ရာ နိဗ္ဗာန်လမ်းကိုသာ ညွှန်ပြတော်မူပါဘုရား၊ တလမ်းသွားဖြစ်တဲ့ ဝိပဿနာ တရားကိုသာ နာယူသင်ကြားချင်ပါတယ် ဆရာတော်။

**ဆရာ။** ။ကိုင်း....ဒါလောက်တောင် နာယူချင်ရင် (မဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်) အဟုတ်တကယ် ရှင်ပျတဲ့ ဉာဏ်နားကောင်းကောင်းနဲ့ မိအောင် ထောင်ဖမ်းလိုက်စမ်း၊ သမထဘာဝနာခန်းမှာတုန်းက ရှစ်နံပါတ်ဖြစ်တဲ့ သမ္မာသမာဓိ မဂ္ဂင်ကို ရှင်းလင်းပြောပြခဲ့တာတွေ ပြန်ပြီး စဉ်းစားထားပါ။

၁။ သမထဘာဝနာ သမ္မာသမာဓိမျိုး၊
၂။ ဝိပဿနာ ဘာဝနာ သမ္မာသမာဓိမျိုး

လို့ နှစ်မျိုးနှစ်စား ခွဲခြားပြောပြခဲ့တယ်လေ၊ အဲသည် နှစ်မျိုးထဲက ခု ဝိပဿနာ့ သမ္မာသမာဓိရဲ့ အလှည့်ကျလာပြီ။

## ခဏိက သမာဓိ အလုပ်စခန်း နိဗ္ဗာန်လမ်း

အဲဒီ ဝိပဿနာ သမာဓိက အာရုံအများနဲ့ ဆက်ဆံတယ်၊ ဘယ်အာရုံပဲပေါ်ပေါ် ပေါ်လာတဲ့ ခဏတိုင်းမှာ ပစ္စုပ္ပန်တဲ့တဲ့ ပေါ်ပေါ်ခြင်း ပေါ်ဆဲခဏမှာ သိမှတ် သိမှတ်နေရတဲ့ ခဏိကသမာဓိမျိုး ဖြစ်တယ်။

ယင်း မှတ်စရာ အာရုံကလဲ ရှိတာကိုသာ မှတ်ရမှာ၊ အဟုတ်တကယ် ရှိတာကလဲ ရုပ်တရားနဲ့ နာမ်တရားသာဖြစ်တယ်၊ ၎င်းတို့ကသာ

အစဉ်ရှိကာ ဖြစ်ပေါ် ဖြစ်ပေါ် နေကြတာပဲ၊ ပရမတ်သဘောအရ အဟုတ်အမှန် ရှိနေကြတာလို့ မှတ်ရမယ်။

လူ နတ် ပြဟ္မာ သတ္တဝါ အထီး အမ ဆိုတဲ့ ပညတ်အမည် နာမ တွေက အဟုတ်ရှိတာမဟုတ်၊ ငါ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ပေါင် ခါး ခြေ လက်ဆိုတာတွေလဲ အဟုတ်ရှိတာမဟုတ်၊ အဲဒီ မရှိတာကို မသိရ မမှတ်ရ မစွဲမယူရဘူး၊ အမှန်အဟုတ်ရှိတဲ့ နာမ် ရုပ်တို့ရဲ့ ဖြစ်,ပျက်မှုကို သာ အဟုတ်အမှန် ရှိတာလို့ ယုံကြည်စွာ ရှုမှတ် ပွားများ နေရမှာ နော်....။

**ဒကာ။** ။မှန်ပါ့၊ နားထောင်လျက်မို့၊ ဆက်လက် မိန့်ကြားပါ ဆရာတော်။

## ရုပ်ပရမတ် သဘောခွဲခန်း

**ဆရာ။** ။အင်း .... နားထောင်ပါ၊ ထပ်ပြောပြအုံးမည်၊ ရုပ်ဆို တာက ပေါင်၊ ခါး၊ ခြေ၊ လက်၊ ဇက်၊ ချက်၊ တင်ပါး စတဲ့ အတုံးအတစ် အစိုင်အခဲ အမှုန်အမွှား အနေနဲ့ ကြည့်ရှုစမ်းသပ် ကိုင်ဆွဲ ဆုပ်ယူပြလို့ မရနိုင်ဘူး၊ ရတဲ့သဘောလို့လဲ ငါဘုရား ဘယ်သောအခါမှ မဟောကြားဘူးတဲ့ ဒကာကြီးတို့ရဲ့။

အဲဒီ ရင်ဘတ် ပေါင် ခါး-ဆိုတာတွေဟာ လူသားတို့ ပြောကြား နေတဲ့ ပညတ်စကား အမှား အစွဲတွေသာ ဖြစ်တယ်၊ ပရမတ်ဆံဆံ ပြောရရင် မိစ္ဆာဒိဋ္ဌိစွဲ စကားတွေပဲ၊အမှန်အစစ်က မခိုင်မမြဲ အမျိုးမျိုး ပြောင်းလဲ ဖောက်ပြန်နေတဲ့ သဲဘောကလေးတွေကိုသာ (ရုပ်လို့ ခေါ်တာ)ရုပ်လို့စွဲယူ မှတ်သားနေရမှာဖြစ်တယ်၊ ဒီကိုယ်ကောင်ကြီး ကို ခေါ်တာမဟုတ်ဘူးနော်၊ ကိုယ်ကောင်ကြီးရဲ့ အစိတ်အပိုင်း အင်္ဂါ ခြေလက်တွေကို ခေါ်တာလဲ မဟုတ်ဖူးပဲ၊ ဖောက်ပြန် ပြောင်းလဲမှု

သဘောကလေးတွေကိုသာ ရုပ်တရားလို့ ခေါ်တာ၊ သဘောပေါက်ရဲ့လား၊ အယူမှား အစွဲမှားတွေ ပျောက်အောင် ထပ်ခါ ထပ်ခါ ပြောကြားနေရတာ။

**ဒကာ**။ ။မှန်ပါ့၊ ခြေ လက် ပေါင် ခါး-ခေါ်တဲ့ ပညတ်သဘောတရားကို ရိပ်စားမိပါပြီ ဆရာတော်၊ ပရမတ်ဆိုတာဟာ အတုံးအခဲ အနေနဲ့ ကိုင်ဆွဲဆုပ်ယူပြလို့ မရနိုင်တဲ့ အမှန်ရှိသဘောရဲ့ အဆက်မပြတ် ဖြစ်ပျက်အစဉ်မျှသာ ဆိုတာကိုလဲ သိလာပါပြီ ဘုရား၊ ရှုမှတ်ပွားများရပုံကို ထင်ရှား ရှင်းလင်းအောင် ရှေ့ဆက် မိန့်ကြားတော်မူပါအုံး ဆရာတော်။

## ရုပ်တရား၌ ဝိပဿနာ ပွားနည်း

**ဆရာ**။ ။အဲသည် ရုပ်သဘောကို စွဲယူမှတ်သား ပွားများ နေရမည်ဆိုတာက၊ ယင်း ဖြစ်ပျက်ပြောင်းလဲ ဖောက်ပြန်မှု သဘောကလေးတွေကို ဉာဏ်နဲ့ ကိုယ်ခန္ဓာထဲမှာ စေစား စူးစိုက်ပြီး ကြည့်လိုက် မှတ်လိုက်ရင် ဖောက်ပြန်ပြောင်းလဲမှု အမျိုးမျိုးတွေ သိသိတွေ့တွေ့နေတာကိုပဲ ရှုတယ် မှတ်တယ် ဝိပဿနာတရား ပွားများနေတယ်လို့ ခေါ်တယ်၊ ဆိုတယ်၊ ဒါပဲ။

## ရုပ်ဖောက်ပြန်ပုံ

ရုပ် ဖောက်ပြန် ပြောင်းလဲတယ် ဆိုတာကတော့ ကောင်းရာက ညှောင်းလာတယ်၊ ဖောင်းရာက ပိန်သွားတယ်၊ ချောင်းဆိုးတယ်၊ ပူတယ်၊ အေးတယ်၊ ယားတယ်၊ စားတယ်၊ ထုံတယ်၊ ကျင်တယ်၊ ကျပ်တယ်၊ တက်တယ်၊ ထိုင်တယ်၊ ထတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ လှုပ်တယ်၊ ငြိမ်တယ်၊ ယိမ်းတယ်၊ ယိုင်တယ်၊ မြောက်တယ်၊ ချတယ်၊

လေးတယ်၊ ပိတယ်၊ ကျင်ကြီးကျင်ငယ်စွန့်တယ်၊ လွန့်တယ်၊ လူးတယ်၊ စတဲ့ သဘောတွေဟာ ရုပ်ရဲ့ ဖောက်ပြန်ပြောင်းလဲမှု သဘောတွေချည်းပဲ၊ အဲဒီလို အမျိုးမျိုး ဖြစ်ပေါ် ဖြစ်ပေါ်လာသမျှတွေဟာ ငါမဟုတ်ဘူး၊ ငါ့ဟာလဲ မဟုတ်ဘူး၊ ငါ ဖောက်ပြန်နေတာလဲမဟုတ်ဘူး၊ ရုပ်သဘော သက်သက်တွေသာ ဖြစ်ပျက် ဖောက်ပြန်နေတာပဲလို့ တထစ်ချ ယုံကြည်စွာနဲ့ သိမှတ် ရှုးစိုက် ပွားများနေရမှာ ဖြစ်တယ်။

ကဲ....ခုပဲ ဒကာကြီးတို့ လက်တွေ့ ငါးမိနစ်လောက် ကာယထဲမှာ စိုက်ပြီး လိုက်မှတ်ပွားများ ကြည့်ပါ၊ ပေါ်သမျှ အာရုံတွေဟာ သိပျက် သိပျက်နဲ့ သွားနေပုံကို မုချတွေ့ရမှာပဲ၊ ကိုယ်ကာယထဲ စိုက်မှတ်ကြည့်လိုက်စမ်း၊ (ဒကာကြီးတို့ စာအုပ်ကို ခဏချထားပြီး မှတ်ကြည့်လိုက်စမ်းပါလေ) လက်တွေ့လုပ်တာ ကောင်းပါတယ်။

## ခဏိက သမာဓိ ဖြစ်ပေါ်ပုံ

အဲ ဒီလို သိမှတ်ပွားများလိုက်တော့ တခါသိ တခါပျက်ပုံတွေကို အမှန်မုချ တွေ့လာရတယ်၊ ဒီလို သိသိ, သိသိနဲ့ သိသိနေတဲ့ အသိစိတ်တွေဟာ သိန်းသန်းကုဋေ အဆက်မပြတ် အဟောင်းပျက် အသစ်ဖြစ်နဲ့ ချည်း ခဏပေါင်းများစွာ လိုက်လိုက်သိနေတာကိုပင် တခါသိလိုက်တာဟာ တခဏပဲ၊ အဲဒီတခဏမှာ တည်နေတဲ့ စိတ်သမာဓိဟာ ခဏိက သမာဓိပဲ၊ သည်နည်းအရ ခဏတိုင်း ခဏတိုင်း အစဥ်မပြတ် ကြားမလပ်စေပဲ တရစပ် သိမှတ်ရှုးစိုက် လိုက်သိနေတဲ့ သိမှုကလေးတွေ မမေ့ပဲနဲ့ တခဏအပေါ်မှာ တည်တံ့မှုသဘောကလေးကိုပင် ဝိပဿနာရဲ့ ခဏိက သမာဓိလို့ခေါ်တယ် ဒကာကြီးတို့ရဲ၊ ကဲ.... ခဏိက သမာဓိ သဘော နှီးနှောမိရောပေါ့။

**ဒကာ**။ ။အမိန့်ရှိတဲ့အတိုင်း ခဏိကဝိပဿနာဉာဏ်ရဲ့ သဘောမှန် ကို နှီးနှော မိပါပြီ ဆရာတော်၊ နားထောင်လျက်ပါ၊ ဆက်လက်မိန့်ကြားပါအုံး ဘုရား။

## ဗုဒ္ဓဘာသာစစ်-မစစ် ပြပုံ

**ဆရာ**။ ။အင်း.... ဗုဒ္ဓဘာသာ အစစ်ဖြစ်သူတိုင်း ယင်း ခဏိက သမာဓိ ဘာဝနာ တရားကို ပွားများ အားထုတ်ရမည် ချည်းလို့သာ မှတ်ပေတော့၊ အဲသည် ဝိပဿနာတရား အားမထုတ် ရသေးရင် ငါဟာ ဘုရားရှင့် သာသနာတော်နဲ့တွေ့တဲ့ ဗုဒ္ဓဘာသာဝင် အစစ် မဟုတ်သေးဘူး၊ အတု အယောင် ဗုဒ္ဓဘာသာဟု ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပေတော့။

## စရဏနဲ့ ဝိဇ္ဇာတရား ခြားနားပုံများ

ဘုရား မပွင့် မရှိတဲ့ သာသနာပအခါမှာ ဝိဇ္ဇာဉာဏ်လုပ်ငန်းဆိုတဲ့ ဝိပဿနာတရားမရှိဘူး၊ သင်းချိုင်းကုန်းသွားလမ်းဖြစ်တဲ့ ဒါန သီလ သမထ-ဆိုတဲ့ စရဏတရား လုပ်ငန်းတခုတည်းပဲ ရှိတယ်၊ ဗုဒ္ဓဘုရားက အို, နာ, သေ ဒုက္ခဝဋ်မှ မုချလွတ်တဲ့ ပရမတ်အာရုံ ဝိပဿနာတရား ကို ကမ္ဘာသားတို့ ပွားများကျင့်ကြံ အားထုတ်နိုင်ကြဖို့ သာသနာ တော်မြတ် ပဋိပတ်လုပ်ငန်းကို တည်ထောင်ပေးတော်မူခဲ့တာ၊ ပညတ် က သာသနာပတရား သင်းချိုင်းကုန်း သွားတာ၊ ပရမတ်က သာသ နာတွင်း တရား နိဗ္ဗာန်သွားတာ ဒကာကြီးတို့ရဲ့၊ ဗုဒ္ဓပွင့်လာမှ ဒါန, သီလ,သမထတို့ကလဲ ဝိပဿနာနဲ့တွဲပြီး နိဗ္ဗာန်ထဲ အရောက် ပို့နိုင်တာ ဖြစ်တယ်။

**ဒကာ**။ ။ရုပ်, ပရမတ်ရဲ့အကြောင်း ရူပက္ခန္ဓာ၏ ဓမ္မသဘာဝ ဖြစ်စဉ်အမှန် ဖောက်ပြန်ပြောင်းလဲ မခိုင်မြဲပုံ များကို

တော့ သဘောပေါက်ပါပြီ ဆရာတော်၊ နာမ်ပရမတ်ရဲ့ သဘောမှန်ကို ဒကာကြီးတို့ ဉာဏ်နဲ့ ဘယ်လိုစွဲယူ ကြံစည်သိမှတ် ပွားများ အောက်မေ့ မှုများ ပြုလုပ်ရမှာလဲ၊ ဒကာကြီးတို့ နားလည်ကွဲပြားအောင် ရှင်းလင်း မိန့်ကြားပါအုံး ဆရာတော်။

## နာမ်ပရမတ် သဘောကွဲ မှတ်ပုံ

**ဆရာ။** ။အင်း.... ခုမေးလိုက်တဲ့ ပုစ္ဆာဟာ အလွန် အဖိုးထိုက်တန် ပြီး မိမိလုပ်ဖွယ်ကိစ္စ မကြွင်းကျန်ဖို့အတွက် အကွက်ဆိုက် တဲ့ မေးခွန်းတရပ်ပဲ ဒကာကြီးတို့ရေ၊ ကဲ....နားလည် ကွဲပြားအောင် စကားမရှည်ပဲ တိုတိုစိစိနဲ့ တိတိကျကျကလေး သင်ပြပေးလိုက်မယ်၊ နားစိုက်ပေတော့၊ လိုရင်းသိမှတ် လိုက်နာစရာ နာမ်ပရမတ် တရားက ခန္ဓာအစုနဲ့ ခွဲလိုက်ရင် မျိုးကွဲလေးပါးရှိတယ် ဒကာကြီးတို့ရဲ့။

၁။ ဝေဒနာက္ခန္ဓာ = အာရုံကို ခံစားခြင်း သဘောတရား အစု, ခံစားပြီး ပျက်သွားတဲ့ ခဏ တခုပဲ။

၂။ သညာက္ခန္ဓာ = အာရုံကိုမှတ်သားခြင်း သဘောတရားအစု, မှတ်သားပြီး ပျက်သွားတဲ့ ခဏ တခုပဲ။

၃။ သင်္ခါရက္ခန္ဓာ = အာရုံ၌ အလုပ်ကိစ္စ ကံမြောက်အောင် ကြိုးစားဆောင်ရွက် အောက်မေ့ စေ့ဆော် တိုက်တွန်း စီရင်ပြုပြင်မှု တရားစု၊ ပေါ်ပြီး ပျက်သွားတဲ့ ခဏ တခုပဲ။

၄။ ဝိညာဏက္ခန္ဓာ = အာရုံကို သိမှု သဘောစု, သိပြီး ပျက်သွား တဲ့ ခဏ တခုပဲ။

အဲသည် နာမ်ခန္ဓာ လေးပါးဟာလဲ ဆွဲထုတ် ဆုပ်ကိုင်ပြလို့ ရတာ မျိုး မဟုတ်ဘူး၊ ပရမတ်ဆိုတာ ပညတ်လို အပြား, အလုံး, အတုံး,

အခဲ ဒြပ်အနေနဲ့ ပြလို့ မရနိုင်ဘူး၊ သူ့ဖြစ်စဉ် ခံစားမှု, မှတ်သားမှု, ပြုလုပ်မှု, သိမှု အမှန်သဘော လက္ခဏာကလေးတွေကိုသာ စိတ်ဉာဏ်နဲ့ သိမှတ်ရှုမြင်တတ်အောင် သင်ပြ ပြောဆိုရတာမျိုး ဖြစ်တယ်လို့ ပြောခဲ့ပြီးပြီလေ။

ကဲ....ဒကာကြီးတို့ နာမ်ခန္ဓာလေးပါးရဲ့ ဖြစ်စဉ် သဘောတရား အမှတ်လက္ခဏာမျိုးကွဲများကို ဒကာကြီးတို့ရဲ့ စိတ်ဉာဏ်နဲ့ စေစား ရှုမှတ်တတ်လောက်ရောပေါ့၊မဂ္ဂင်ရှစ်ပါးလဲ ဒကာကြီးတို့ ဉာဏ်နားထဲ မိအောင် တိုတိုတိတိ စေ့စေ့ငငနဲ့ ထုတ်ဆောင်ရှင်းပြပြီးပြီ၊ တော် လောက်ရောပေါ့။

**ဒကာ**။ ။မှန်ပါ့၊ ကျေးဇူးတင်လိုက်တာ ဆရာတော်၊ မဂ္ဂင်ရှစ်ပါး က ခွဲထွက်သွားတဲ့ ပညတ်အာရုံ သမထသက်သက် ချွန် လမ်းတက်နည်း ကျင့်စဉ်ခွတွေရော၊ အို နာ သေမှ လွတ်ထွက်ရာ ဝိပဿ နာအလုပ် ရုပ်, နာမ် ပရမတ်တို့ သဘောလက္ခဏာတွေကိုပါ ကြားနာ မှတ်သားရတာ ဒကာကြီးတို့ ဘဝအဖို့ သာသနာတော်နဲ့ တွေ့ရကျိုး နပ်လှပါပြီ၊ခန္ဓာငါးပါး သင်းချိုင်းကုန်းသွားလမ်းမှ လွဲထွက်ရာစခန်း ဝိပဿနာလုပ်ငန်းကို တက်လှမ်း လုပ်ကိုင်တတ်ရုံလောက် ထပ်မံပြီး နားလည် အလွယ်ဆုံးနည်းနဲ့ တိုတိုတိတိကလေး ထိမိ သွားအောင် ထောက်ပြ သင်ကြားပေးပါအုံး ဆရာတော်။

## ကိုလိုနီ စကားပုံ တခု

အင်း....နယ်ချဲ့ ကိုလိုနီစကားပုံ တခုရှိတယ်၊ဒကာကြီးတို့ မှတ်ချင် ရင် မှတ်ထားပေါ့။

"သူ့ကို သနားရင် ပေါင်မုန့် သွားမပေးနဲ့၊ ပေါင်မုန့် ပေးရင် ထောပတ်ကို ထပ်တောင်းလိမ့်မယ်တဲ့၊" ကဲ....လေ၊ ထားပါတော့။

ဗုဒ္ဓဘာသာသနာကတော့ သူ့ကိုသနားရင် ဆင်းရဲဒုက္ခတွေကို အမြင်မှန်ရအောင် သိအောင်မြင်အောင် ဟောပြပြီး နိဗ္ဗာန် လမ်းမကြီးကိုသာ အမြန်ဆုံး ညွှန်ကြားပေးလိုက်ပါတဲ့။

ဒါကြောင့် ဒကာကြီးတို့ လိုချင်တောင့်တတဲ့ နိဗ္ဗာန်ကို လိုချင်သွားချင်, ရောက်ချင်, ခံစားချင်ရင် နောက်ကပြောပြပြီးသား မဂ္ဂင်ရှစ်ပါးထဲက နံပါတ် ၃·၄·၅ သီလမဂ္ဂင် တရား သုံးပါးကို ရှိသေ လုံခြုံလိုက်နာ စောင့်ထိန်း ကျင့်သုံးရမည်၊ စင်ကြယ်သန့်ရှင်းတဲ့ သီလမဂ္ဂင် အခင်းပေါ်မှာ တက်ထိုင်ပြီး နိဗ္ဗာန်လမ်းသွား ရထားကြီးဖြစ်တဲ့ မဂ္ဂင်ငါးပါးနဲ့ ဝိပဿနာတရားကို ပွားများ ရှုမှတ် မောင်းနှင်သွားရမှာ ဖြစ်တယ်။

## ဗုဒ္ဓဝါဒသည် လက်ဝေခံ သူတောင်းစား ဝါဒမဟုတ်

ဗုဒ္ဓဘာသာ တရားတော်က သူတကာ စီမံဖန်ဆင်း ပေးကမ်းသမျှကို အားကိုးယုံကြည်ကာ တောင်းခံရယူ စားသုံးနေရတဲ့ လက်ဝေခံ သူတောင်းစား ဝါဒမျိုးမဟုတ်ဘူးနော်၊ ဒါအမှန်ပဲ၊ ပယ်စရာမလိုဘူး။

ကိုယ့်လုပ်ခ ကိုယ်ခံစားရမည့် ဝီရိယာဓိပတိဗိုလ်ကြီးနဲ့ အုပ်စိုးတဲ့ မနားမနေ ကြိုးစားလုပ်ကိုင်ရမည့် အလုပ်သမားဝါဒ (ကမ္မဝါဒ) အစစ်ဖြစ်တယ်၊ အလုပ်မလုပ်ပဲ အပျင်းထူနေရင်တော့ ဆင်းရဲဒုက္ခ ရမှာ မုချ သေချာတယ်လို့ မှတ်ပါ၊ ငတ်ပေါက်တော့ ကေန်ပဲ၊ ဗုဒ္ဓကို အားကိုးမနေနဲ့၊ ဗုဒ္ဓခိုင်းတာကို ကြိုးစားပြီး လုပ်ရမှာသာ ဖြစ်တယ်။

**ဒကာ။** ။မှတ်ပါတယ်၊ ဆရာတော်၊မဂ္ဂင်ရှစ်ပါးမှာ မိန့်ကြားခဲ့တဲ့ အလုပ်သမားဝါဒဝင် နံပါတ် ၆·သမ္မာဝါယာမ မဂ္ဂင်ရဲ့

သဘောသွားကိုလဲ ရိပ်စားမိရင်းစွဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်လိုချင်တဲ့ သုခချမ်းသာကို ရယူခံစံဖို့ ကြိုးစား အားထုတ်ရန် အသင့်ပြင်ပြီးသားမို့ ဝိပဿနာလုပ်ငန်း နိဗ္ဗာန်လမ်း မြေပုံကိုသာ ရေးဆွဲထောက်ပြ ညွှန်ကြားတော်မူပါ ဆရာတော်။

## အလုပ်သမား မဂ္ဂင် ငါးပါး

**ဆရာ။** ။ကိုင်း.... သည့်လောက်တောင် သွားချင် လိုချင်ရင် ခါးတောင်းကျိုက် မဖြုတ်ပဲ အလုပ်သမား မဂ္ဂင်ငါးပါးနဲ့ အဖော်လုပ်ပြီး အဟုတ်တကယ် ကြိုးစားပွားများသွားဖို့ သင်းချိုင်းကုန်းလွတ်ရာ နိဗ္ဗာန်လမ်းပြမြေပုံကို ညွှန်ကြားထောက်ပြ ပေးမည်၊ နားထောင် မှတ်သားပေတော့။

## ၁။ သမ္မာဒိဋ္ဌိ လုပ်သားကြီး

နောက်က ပြောကြားခဲ့တဲ့ ရူပက္ခန္ဓာတစ်ပါးနဲ့ နာမ်ခန္ဓာလေးပါး၊ အဲဒီ ခန္ဓာငါးပါးထဲ၌ဖြစ်စေ၊သို့မဟုတ် ရူပက္ခန္ဓာတစ်ပါးထဲက မျိုးကွဲရုပ်များဖြစ်ကြတဲ့....

၁။ မြင်စရာ ရူပါရုံ အဆင်းရုပ်ပေါ်လာတဲ့အခါ ဖြစ်စေ၊

၂။ ကြားစရာ သဒ္ဒါရုံ အသံရုပ် ပေါ်လာတဲ့အခါ ဖြစ်စေ၊

၃။ နံစရာ ဂန္ဓာရုံ အနံ့ရုပ် ပေါ်လာတဲ့အခါ ဖြစ်စေ၊

၄။ စားစရာ ရသာရုံ အရသာရုပ်ပေါ်လာတဲ့အခါ ဖြစ်စေ၊

၅။ တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံ နာကျင် ကိုက်ခဲ အောင့်အင်း တောင့်တင်း မာကျော ပျော့ညံ့ ရုပ်တန့် ဆန့်ကွေး ပူအေးနွေးစတဲ့ တွေ့ထိရုပ်တွေပေါ်လာတဲ့အခါဖြစ်စေ၊

ယင်း လက်တွေ့ ခံစားစရာ အာရုံငါးပါးထဲက ကောင်းအာရုံ ဆိုးအာရုံ မကောင်းတကောင်းအာရုံ တပါးပါး ဖြစ်ပေါ်လာခိုက် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်တုန်း ခဏကလေးကို ပေါ်တိုင်း ပေါ်တိုင်း သိသိ သိသိနဲ့ သိမှတ်အောက်မေ့နေရမည်၊ မမေ့ရဘူးနော်။

ဝိပဿနာတရားဆိုတာ အာရုံအမျိုးနဲ့ ဆက်ဆံတယ်၊ အာရုံ ငါးပါးထဲက ဘယ်အာရုံပဲပေါ်ပေါ် ပေါ်ပေါ်ချင်း ဖမ်းသိလိုက် ရမှာ ဖြစ်တယ်၊ အဲဒါကို ကြပ်ကြပ် အသိလုပ်ထားပါ၊ အဲဒီလို သိသိ နေရင်....

၁။ အာရုံကို သိတဲ့စိတ် ဝိညာဏက္ခန္ဓာရယ်၊
၂။ ယင်းကို ခံစားမှု ဝေဒနာက္ခန္ဓာရယ်၊
၃။ ယင်းကို မှတ်သားမှု သညာက္ခန္ဓာရယ်၊
၄။ အလုပ်ဖြစ်ရေး စေ့ဆော် တိုက်တွန်း ကြိုးစား တည်တံ့ အောက်မေ့ ကြံစည် ဆင်ခြင်မှုစတဲ့ သင်္ခါရက္ခန္ဓာရယ်။

အဲဒီ နာမ်ခန္ဓာလေးပါးစလုံးဟာ အာရုံရုပ်တခုအပေါ်မှာ အတူတူ မှီပြီးတော့ တခါသိလိုက်တဲ့ ခဏတခုတည်းမှာပဲ အတူတူ တပြိုင် တည်းဖြစ်ပေါ်ပြီး အတူတူ တပြိုင်တည်း ပျောက် ပျောက်သွားကြ တာပဲ၊ အဲဒီ နာမ်ခန္ဓာလေးပါးလုံးဟာ....

(၁) တူသော အာရုံ ရှိတယ်။
(၂) တူသော မှီရာ ရှိတယ်။
(၃) တူသော ဖြစ်ခြင်း ရှိတယ်။
(၄) တူသော ချုပ်ခြင်း ရှိတယ်။

တခဏကလေး ဖြစ်ပေါ်ပြီးတော့ အဲဒီ ဖြစ်တဲ့ ခဏအတွင်းမှာပဲ ချုပ်ပျက်သွားတော့တာ- ဘာမှ မကျန်ရစ်ခဲ့ဘူး။

ဒါကြောင့် ယင်းတို့လဲ မခိုင်မြဲခြင်း အနိစ္စလက္ခဏာ၊ ငါစိုး ငါပိုင် ငါ့ဟာမဟုတ် ခိုင်မြဲနေအောင် ပြုလုပ် စီမံလို့ မရနိုင်တဲ့ အနတ္တ လက္ခဏာရှိသော ချမ်းသာမဖက် ဆင်းရဲခြင်း သက်သက် ဒုက္ခသစ္စာတရား အစုတွေပဲလို့ စိတ်ဉာဏ်ထဲမှာ မှတ်သားစွဲယူနေတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင် လုပ်သားနဲ့လဲ ပြီးစီးပြည့်စုံနေရမည်တဲ့။

## ၂။ သမ္မာသင်္ကပ္ပ မဂ္ဂင်လုပ်သားကြီး

ယင်း ပြပြီးတဲ့ နည်းလမ်းအတိုင်း ကြံစည် စဉ်းစား ပွားများ တွေးဆ စီစစ် ဆင်ခြင်မှု သမ္မာသင်္ကပ္ပ မဂ္ဂင်လုပ်သားကြီးနဲ့လဲ ပြီးစီး ပြည့်စုံစေရမည်တဲ့။

## ၃။ သမ္မာဝါယာမမဂ္ဂင် လုပ်သားကြီး

အဲသည် ရုပ် နာမ် ခန္ဓာတို့ ဖြစ်ပေါ်လာတဲ့ ခဏကလေးကိုလဲ သိလိုက်ပါ၊ ချက်ခြင်းပဲ မှတ်ရင်း ချုပ်ပျောက်ပျက်စီးသွားတဲ့ ခဏကလေးကိုလဲ သိလိုက်ပါ၊ ခဏတိုင်း သိသိ သိသိနဲ့ အစဉ်မပြတ် သိန်းသန်း ကုဋေ ပေါ်ဆဲ,ပျက်ဆဲ ခဏတိုင်း သိသိနေမှု ဥဒယဝယဉာဏ်ကို မမေ့ရအောင် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လစိုက်မှု သမ္မာဝါယာမ မဂ္ဂင်လုပ်သားကြီးနဲ့လဲ ပြည့်စုံစေရမည်။

**မှတ်ချက်။** ။အဲဒီ ကြိုးစားအားထုတ်မှု သမ္မာဝါယာမ မဂ္ဂင်ဟာ မဂ္ဂင် ရှစ်ပါးထဲမှာ အရေးအကြီးဆုံး သော့ချက် စက်ခလုပ်ပဲ၊ သူပျက်ရင် သီလမဂ္ဂင်နဲ့ ပညာမဂ္ဂင်ရော သမာဓိမဂ္ဂင်တို့ပါ အကုန်လုံး လျော့ပါး ပျက်စီး ပြီးသွားသာ မှတ်ပေတော့။

## ၄။ သမ္မာသတိ မဂ္ဂင်လုပ်သားကြီး

ယင်း ပြဆိုပြီးအတိုင်း ရုပ်နာမ် ခန္ဓာတို့ ဖြစ်ပျက်မှု ခဏကို မမေ့ ရအောင် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း မှန်ကန်စွာ အောက်မေ့ သတိရနေမှု သမ္မာသတိ မဂ္ဂင်လုပ်သားကြီးနဲ့လဲ ပြီးစီး ပြည့်စုံစေရ မည်တဲ့ ဘယ်သောအခါမှ မမေ့ရဘူးနော်။

**မှတ်ချက်။** ။သတိဟာလဲ ဝီရိယလိုပဲ နေရာတကာတိုင်းမှာ အရေး တကြီး လိုအပ်တယ်၊ သတိမမေ့အောင် ဝီရိယနဲ့ ကြိုးစားရသလို ဝီရိယ လျော့မသွားအောင် သတိရှိ နေရမှာ ဖြစ်တယ်လို့ မှတ်ပါ။

## ၅။ သမ္မာသမာဓိ မဂ္ဂင်လုပ်သားကြီး

ပြခဲ့ပြီးသော အာရုံငါးပါးထဲက တပါးပါး ဖြစ်ပေါ် လာ တိုင်း ပေါ်ဆဲခဏမှာ သိခြင်း, မှတ်ခြင်း, စေ့ဆော် တိုက်တွန်း အောက်မေ့ခြင်း,ခံစားခြင်း,နာမ်ခန္ဓာကိစ္စရပ်လေးပါးထဲ၌ တပါးပါး ကို မှတ်သားရာမှာ စိတ်ဓာတ်တခြား မထွက်သွားစေပဲ မှန်ကန်စွာ တည်မြဲစူးစိုက်ထားခြင်း, သမ္မာသမာဓိ မဂ္ဂင် လုပ်သားကြီးနဲ့လဲ ပြီးစီး ပြည့်စုံစေရမည်တဲ့ ဒကာကြီးတို့ရဲ့။

ကဲ.... သဘောပေါက် နားလည် လောက်ရောပေါ့နော်၊ အဲဒီ မဂ္ဂင်ငါးပါး လုပ်သားကြီးများဟာ ခန္ဓာငါးပါး သင်းချိုင်း ကုန်း သွား လမ်းမကြီးထဲမှ ရုန်းကန် ဖဲထွက် လွတ်မြောက်ရေး အေးငြိမ်း ချမ်းသာရာစခန်း နိဗ္ဗာန်လမ်းကို ပြပေးတဲ့ ကားချပ် မြေပုံကြီး အစစ်ပါပဲ ဒကာကြီးတို့၊ အဲဒီမြေပုံ လမ်းညွှန်အတိုင်း မဆိုင်းမတွပဲ ချီတက်သွားကြပေတော့။

**ဒကာ**။ ။အဲဒီ ဝိပဿနာတရားကို ကြိုးကြိုးစားစားနဲ့ ပွားများ အားထုတ်နေတဲ့ ယောဂီဟာ တရား အားထုတ်ရင်း မဂ်ဖိုလ်နိဗ္ဗာန်ကမ်းတဘက်ကို ဘယ်နည်းဘယ်ပုံနဲ့ တက်လှမ်းခိုလှုံလိုက်တယ် ဆိုတာကိုလဲ နည်းနည်းလောက် မိန့်ကြားပါအုံး ဆရာတော်။

## အလုပ်သံသည် အပြောသံထက် ပို၍မည်၏

**ဆရာ**။ ။အင်း.... ဒကာကြီးတို့ဟာ ဥယျာဉ်ပန်းမန် သစ်ပင်စိုက်ပျိုးတဲ့ လုပ်ငန်းကိုတော့ ပင်ပန်းခံ မလုပ်ချင် မစိုက်ပျိုးချင်ပဲနဲ့၊ သစ်ပွင့် သစ်သီးအရသာကိုတော့ ကြိုတင်ခံစားချင်တဲ့သူလို အဆိုအမေး အတောင်းအခံတွေ ထူလွန်းသကိုး။

ဆရာတော်တို့က အပြောသမားကို မလိုချင်ဘူး (အလုပ်သံသည် အပြောသံထက် ပို၍မြည်၏) အလုပ်သမားကိုသာ လိုချင်တာ ဗုဒ္ဓရဲ့ ဝါဒက ကိုယ့်လုပ်ခ, ကိုယ်ရတဲ့ အလုပ်သမားဝါဒပဲ၊ ဒါကြောင့် ဗုဒ္ဓဘုရားက အလုပ်စခန်းနဲ့ လုပ်ငန်းတွေကိုလဲ အပြည့်အစုံ ပြခဲ့ ချခဲ့ပြီးသားတွေပဲဟာ ကြိုးစားပြီး လုပ်ရုံပဲပေါ့၊ အပြောနဲ့တော့ မပြီးနိုင်ဘူးနော် ဒကာကြီးတို့ သတိထားပါ။

## ဝိပဿနာ လုပ်ခ ရရှိခံစားရပုံများ?

**ဒကာ**။ ။ဒကာကြီး လျှောက်ကြားပါရစေ ဆရာတော်၊ ဒကာကြီးဟာ အလုပ်သမားတယောက်ပါ၊ဒါကြောင့် ဝိပဿနာအလုပ်မှန်ကို အမှန်အတိုင်း လုပ်တတ်ဖို့နဲ့ အမှန်တရားကို အမှန်အတိုင်း သိရှိနိုင်ရန် ဆရာတော်ထံ လာရောက်ဆွေးနွေးမေးမြန်း **သင်ကြားမှုများကို** ပြုနေတာ ဖြစ်ပါတယ်။

ဆရာတော် ဟောကြားသင်ပြတဲ့အတိုင်း ဝိပဿနာတရား ပွားများ အားထုတ်ပုံ နည်းအချုပ်ဖြစ်တဲ့ အတ္တဒိဋ္ဌိနဲ့ သက္ကာယဒိဋ္ဌိစွဲ ဖြုတ်ပုံများ ကိုလဲ သဲကွဲမှန်ကန်စွာ ရှုမှတ်ပွားများ တတ်ပါပြီ။

ဒါကြောင့် ဒီတရားကို မှန်ကန်စွာ ပြင်းပြင်းထန်ထန် ကြိုးစား မှတ်သားပွားများ အားထုတ်နေသူဟာ....

၁။ ခန္ဓာလက်ရှိ မဂ်ဖိုလ်မရမီ မျက်မှောက်ကာလမှာရယ်။

၂။ မဂ်ဖိုလ်ရရှိပြီး မျက်မှောက်ကာလမှာရယ်။

မိမိလုပ်ခရရှိမည့် အကျိုးသုခတွေတို ဘယ်ပုံဘယ်နည်း ခံစားခွင့် ရှိပုံများနဲ့ သင်းချိုင်းကုန်းသွားလမ်း ခန္ဓာစခန်းသိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို ဘယ်လို ဘယ်နည်းနဲ့ ရရှိသွားပုံတို့ကို တိုတိုနည်းနည်းလေးပဲ မိန့်ဟပါ ဆရာတော် သိမှတ်ချင်လှလို့ပါ။

## လွယ်ယောင်နဲ့ ခက်တဲ့ပုစ္ဆာ

**ဆရာ။** ။အင်း ... ဒကာကြီးတို့ရဲ့ အမေးပဥှာက လွယ်ယောင်နဲ့ ခက်တယ်၊ နက်တယ်၊ ဒီပဥှာထဲမှာ အချက်ကြီး လေးချက်နဲ့ အမေးလက္ခဏာကို ဆောင်နေတာ တွေ့ရတယ်၊ အချက်ကြီး လေးချက်က ...

၁။ ပုထုဇဉ်ဘဝနဲ့ ဝိပဿနာလုပ်ခ အကျိုးခံစားခွင့်၊

၂။ မဂ်ပိုင်ရှင် အရိယာဘဝနဲ့ လုပ်ခအကျိုးခံစားခွင့်၊

၃။ ဖိုလ်ပိုင်ရှင် အရိယာဘဝနဲ့ သုခအကျိုးခံစားခွင့်၊

၄။ နိဗ္ဗာန်ကို ဘယ်ပုံဘယ်နည်းနဲ့ မျက်မှောက်ပြုကာ ရရှိလိုက်ပုံ။

အားလုံးပေါင်းလေးချက်တောင်ပါနေတဲ့ အမေးပဥှာ ဖြစ်တယ် ဒကာကြီးတို့ရဲ့ နွားကျောင်းသားရဲ့အမေးကို ဘုရားလောင်းတောင်

ချွေးကျအောင် ကြံစည်ဖြေဆိုရတယ်တဲ့၊ လွယ်လွယ်နဲ့ ဖြေလို့ မရဘူးနော်....

**ဒကာ။** ။မှန်ပါတယ် ဆရာတော်၊ အလုပ်သမားများ ဘက်ကလဲ ဒီလို မိမိတို့ ရရှိခံစားနိုင်မည့် သုခချမ်းသာ အကျိုးလုပ်ခ ရရှိပုံတွေကို ကြိုတင်သိထားမှသာ အလုပ်သမားတိုင်း ကြိုးစားအားထုတ် လုပ်ကိုင်ချင်မှာဖြစ်ပါတယ် ဒါကြောင့် ထပ်ကာထပ်ကာပဲ မေးနေရတာ ဖြစ်ပါတယ်။

## လူအ, လူနု တို့အတွက် အဖြေမဟုတ်

**ဆရာ။** ။အင်း....ခုလို နက်နဲခက်ခဲတဲ့ အမေးပဉ္စာတွေကို တိုတိုနည်းနည်းကျဉ်းကျဉ်းကလေးနဲ့ နားလည်အောင် ဖြေကြားပေးရမှာဖြစ်တော့ကာ၊ အခုဆရာတော်ပေးမည့်အဖြေဟာ လူအ,လူနု,လူနုံ, လူထုံ, လူထိုင်း, လူတိုင်းတို့အတွက်တော့ မဟုတ်ဘူးပဲ၊ သူတို့အတွက်ကတော့ ဒီအဖြေစကားတွေဟာ အဖျက်သဘောပဲ ရောက်မှာသာ ဖြစ်တယ်။

ဒါကြောင့် လူတိုင်းထဲက မဟုတ်တဲ့ လူပါး, လူနပ်, လူတော်, လူမော်,လူချွန်ဖြစ်အောင် ကြိုးစားပြီး နားထောင်ပါ မှတ်သားပါ၊ အမှန်ရောက်အောင် ပြုလုပ်ရာ တရားကောင်းတွေ ပေါင်းစုပြီး အပြုသဘောကို ဆောင်ပါလို့ မဖြေကြားမီ တိုက်တွန်းလိုက်ပါတယ်။

**ဒကာ။** ။ဆရာတော် ဖြေကြားသမျှ ဓမ္မမှန် နည်းနယတွေကို တသွေ မတိမ်းရအောင် နှုတ်ဖြင့်ဆောင်ခြင်း ရေးမှတ်ခြင်း နှလုံးသားထဲမှာ သိမ်းဆည်းထားခြင်းပြုကာ လိုရာတို့ကို ထုတ်သုံး ကျင့်ပွားလျက်ပါ ဆရာတော်။

## ပုထုဇဉ်ဘဝနဲ့ ကြီးပွားချမ်းသာချင်ရင်

**ဆရာ။** ။ခု ဘဝ မျက်မှောက်ကာလမှာရော သင်းချိုင်းကုန်းရဲ့ ဟိုမှာဘက် နောက်ဘဝ သံသရာအတွက်မှာရော ကြီးပွား ချမ်းသာရေးနဲ့ ဘဝရဲ့ ငြိမ်းအေးချမ်းသာရာ နိဗ္ဗာန် ရရေးကိုပါ ပေးနိုင်ပုံများကို မြတ်စွာဘုရားသခင်က–

**ဓမ္မ ကာမော ဘဝံ ဟောတိ၊**

အမှန်တရားကို လေ့သာလိုက်စား လိုလားကျင့်ပွား အားထုတ်တဲ့ အမှန်ကြိုက်သမားဟာ မုချကြီးပွားချမ်းသာကြောင်းပဲလို့ ဟောထား ခဲ့တယ်၊ကဲ....ကြီးပွားချမ်းသာချင်ရင် အမှန်တရားတွေကို နားထောင် မှတ်သားပေတော့။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊
သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ
သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ
အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊
နိဗ္ဗာနဿ သစ္ဆိကိရိယာယ။

အဲဒါနံပါတ် ၁-ပုစ္ဆာရဲ့ အဖြေပါဠိတော်ပဲ ဒကာကြီးတို့ရ၊ အဓိပ္ပါယ်က ချစ်သမီး ချစ်သားတို့ ယင်းတခုတည်းသော သတိပဋ္ဌာန် ဝိပဿနာမဂ်တရား ပွားများအားထုတ်နေသူဟာ သူ့အား နှမ်းရိ ဆင်းရဲအောင် ပြုလုပ်တတ်တဲ့ ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်ကာ စိုးရိမ်ငိုကြွေးဖွယ်တို့ကိုလဲ လွန်မြောက်စေနိုင်တယ်၊ ကိုယ်ဆင်းရဲ စိတ်မချမ်းမြေ့ရေးတို့ကိုလဲ ငြိမ်းအေးစေနိုင်တယ်တဲ့။

ယင်း ပွားများအားထုတ်မှု မဟာကုသိုလ် ဉာဏသမ္ပယုတ် ကာ **စေတနာက** လောကီကုသိုလ်တကာတို့၏ ဦးစီးခေါင်းချုပ်ဖြစ်လို့

ရွှေငွေရတနာ ပစ္စည်းဥစ္စာ ဖွံ့ဖြိုးတိုးတက်ကာ ကြံတိုင်းအောင် ဆောင်တိုင်းပြီးစီးမှုကိုလဲ ပေးနိုင်တယ်တဲ့။

အဲဒါက မဂ်ဖိုလ်မရသေးမီ ပုထုဇဉ်ဘဝနဲ့ ဝိပဿနာတရား အားထုတ်တဲ့ လုပ်ခရဲ့အကျိုးဖလ ခံစားခွင့် ၁-နံပါတ်ပုစ္ဆာရဲ့ အဖြေမှန်ပဲ၊ ''ဟေ၀ိ ပဿိကော'' မယုံရင်လာခဲ့ပါ၊ အားထုတ် လုပ်စမ်းကြည့်ပါ၊ အစမ်းခံနိုင်တဲ့ တရားတော်မြတ်ဖြစ်တယ်၊ အပြောနဲ့ မယုံပါနဲ့၊ လုပ်ကြည့် မုချ ကြီးပွားချမ်းသာရမည့်တဲ့၊ နတ်တို့, ဝိဇ္ဇာတို့, ဘိုးဘိုးတို့က ပေးတာမဟုတ်ဘူး၊ ကိုယ့်လုပ်ခ ကိုယ်ရတာသာ ဖြစ်တယ်။

## သောတာပတ္တိ မဂ်ပုဂ္ဂိုလ်၏ အကျိုးလုပ်ခ ရပိုင်ခွင့် ၂–နံပါတ် ပဥှာ၏ အဖြေ

ယင်း နောက် မနားမနေ မပျက်မကွက် ဆက်လက်ကြိုးစား အားထုတ်သွားသူများအတွက်ကတော့ မိမိအားထုတ်ဆဲ ဝိပဿနာ တရားက အဆင့်ဆင့် ဉာဏ်တွေ ပွား ပွား ထက်ထက်ပြီး ရှေ့ကိုသာ တက်တက်သွားကာ နိဗ္ဗာန်၏ရှေ့ပြေးအစ မဂ်ရ ဖိုလ်ဝင် စွမ်းအင်သတ္တိရှိတဲ့ ဆယ်ကြိမ်မြောက် အနုလောမဉာဏ်က တဆင့် ပေါင်းကူးပေးလျက် သောတာပတ္တိမဂ်အရောက်ပို့ကာ အရိယာဂိုဏ်းဝင် သူတော်စင်အစစ် ဖြစ်သွားတော့တာပဲတဲ့၊ အဲဒါက မဂ်ပိုင်ရှင်ဘဝနဲ့ လုပ်ခအကျိုးခံစားခွင့် ၂–နံပါတ်မေးခွန်းရဲ့ အဖြေပဲ၊ နိဗ္ဗာန်၏ အရသာကို ဦးစွာခံစားလိုက်ရပြီ ဒကာကြီးတို့၊ မယုံရင် လုပ်စမ်းကြည့်ပေါ့။

## သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၏ ရပိုင်ခွင့် စည်းစိမ်ချမ်းသာ ၃–နံပါတ် ပဥှာ၏ အဖြေ

အဲဒီ သောတာပတ္တိမဂ် ကုသိုလ်စိတ်က နေပြီးတော့ သောတာပတ္တိဖိုလ် အကျိုးလုပ်ခကို ''အကာလိကော'' ချက်ချင်း တဆက်တည်း

စိတ်ခောက်မခြားပဲ ပေးကာ ချမ်းသာတကာတို့၏ အထွတ်ခေါင်ထိ အတုမရှိတဲ့ အေးမြငြိမ်းချမ်းရာ နိဗ္ဗာန်၏ အရသာထူးတို့လဲ ကြည်နူး စွာပင် သူရထားတဲ့ ဖိုလ်စိတ်နဲ့ ကူးလူးခေါက်ပြန် ခံစံချင်တိုင်း ခံစံ ဝင်သွားခွင့်ကို ရရှိနေတဲ့ ဖိုလ်ပိုင်ရှင်ကြီးဖြစ်ကာ နိဗ္ဗာန်ဆိုတဲ့ မြနန်း ရိပ်သာကို မကြာမကြာတက်မြန်း ခံစားနေတော့တာပဲတဲ့၊ အဲဒါက ဖိုလ်ပိုင်ရှင် အရိယာဘဝနဲ့ နိဗ္ဗာနသုခ ခံစားခွင့် ၃-နံပါတ် ပဥ္စာရဲ့ အဖြေပါပဲ။

**မှတ်ချက်။** ။ယင်းသို့ နည်းပေါင်းများစွာဖြင့် ကျင့်ပွားမှတ်ရှု တတ်ရန် **မေးသ**မျှ မကျန်ရအောင် ကုန်အောင်စုံ ဖြေကြားသင်ပြပေးခဲ့တဲ့ ဉဒယ ဝယ ဉာဏ်ကသမာဓိ မဟာကုသိုလ် ဉာဏသမ္ပယုတ် စေတနာကံသည် မင် လေးပါး၏ စီးဝင်ကျရောက် တည်လာရာ ကြီးစွာ သော မဟာကန်တော်ကြီး ဖြစ်တယ်လို့ မှတ်ရမယ် ဒကာကြီးတို့၊ စိတ်ဝင်စားကြရဲ့လား။?

**ဒကာ။** ။မှန်ပါ့၊ ပြောဟောသမျှ စကားများကို မှတ်သားနာ ယူနေပါတယ် ဆရာတော်၊ ဆက်လက်မိန့်ကြားတော် မူပါ ဘုရား၊ စိတ်ဝင်စားကြပါတယ်။

## နိဗ္ဗာန်မျက်မှောက်ပြုပုံ
## ၄—နံပါတ် ပဥ္စာ၏ အဖြေ

**ဆရာ။** ။နောက်က ပြောပြပြီးသားအတိုင်း ရုပ်နာမ်တို့၏ ဖြစ် ပျက်မှု ရှုပွားနေတဲ့ ဝိပဿနာယောဂီဟာ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဦးစီးသော ယင်းဝိပဿနာ (ဉဒယ, ဝယ) ဉာဏ်က

သမာဓိ မဟာကုသိုလ် ကန်တော်ကြီးထဲသို့ ဗောဓိပက္ခိယတရား အားလုံး သိမ်းကျုံးစုပေါင်း စီးဝင် ကျဆင်းလာကြရကား။

## လူနှံ့, လူအ တို့အတွက် သိပိုင်ချက်မဟုတ်

အင်း....ဆုံ ၃-ပါး၌ ဖြစ်ပေါ်မှု တရားအားလုံးဟာ ပျက်သုဉ်း ခြင်းလျှင် အဆုံးရှိတာပဲ၊ မခိုင်မြဲတာ ကေန်ပဲ..ဟု အမှန်ရှုမြင် ပွားများနေသော ရင့်ကျက်ထက်သန်လှသည့် အနုလောမ (ဥဒယ ဝယ)ဉာဏ်က တဆင့်ကျေးဇူးပြုကာ လောကီတရားစုအားလုံးဟာ ဒုက္ခသစ္စာတွေချည်းသာဟု မိုးကြိုးစက်ကဲ့သို့ ထက်ထက် မြက်မြက် ပြတ်ပြတ်သားသားနဲ့ ပိုင်းခြား ဆုံးဖြတ်ပေးကာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပါယ်လား တဏှာသမုဒယသစ္စာကိုပါ လက်စတုံး ငယ်ခွါ စွန့်ပစ် နိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကစပြီး နိဗ္ဗာန်ကို ရှေးဦးစွာ မျက်မှောက် ပြုလိုက်တာနဲ့ အခြားမရှိပဲ တဆက်တည်း သောတာပတ္တိဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ကလဲ ဤပုံ ဤနည်းအတိုင်း နိဗ္ဗာန်ကို ဆက် ဆက်ပြီး မျက်မှောက် ပြုလိုက်ကြကာ နိဗ္ဗာန်၏ အတုမရှိတဲ့ သန္တိသုခ အရသာကို ခံစားသွားကြတာပဲ ဒကာကြီးတို့ရေ။

ကဲ.... အဲဒါကတော့ နိဗ္ဗာန်ကို ဘယ်ပုံဘယ်နည်းနဲ့ မျက်မှောက် ပြုလိုက်ပုံ၊ ၄-နံပါတ်ပဉ္စာရဲ့ အဖြေ အကျဉ်းစားကလေးပါပဲ၊ လူနှံ့, လူအတို့ အတွက် သိပိုင်ချက် မဟုတ်ဘူးနော်၊ နားမလည်ရင် အကြိမ် တရာလောက် ပြန်ဖတ်၊ ဉာဏ်ဓာတ်တွေ ပွင့်လာလိမ့်မယ်။

**ဒကာ**။ ။ဆရာတော်နဲ့ တွေ့ရတာ ဝမ်းလဲသာ ကျေးဇူးတွေလဲ အများကြီးပဲ တင်ရပါသည်ဘုရား၊ ဒုက္ခ ဇာတ်သိမ်း

အေးငြိမ်းရာ နိဗ္ဗာန်ကို ဉာဏ်ပုံဉာဏ်နည်း ဉာဏ်တရားစုတို့ဖြင့် မျက်မှောက် ပြုလိုက်ကြပုံ တိုတိုကျဉ်းကျဉ်းကလေးနဲ့ ရှင်းလင်းစွာသိရလို့ အတိုင်း မသိ ကျေးဇူးတွေရှိလှပါတယ် ဆရာတော်၊ ဘုန်းတော်ကြီး၍ သက် တော်ရှည်ပါစေဘုရား။

## သမ္မာဒိဋ္ဌိ ပဉ္စာ ကဏ္ဍံ နိဋ္ဌိတံ

# ပက်ိဏ္ဏက ပဉှာ ကဏ္ဍ

## ဘဝကိုမြတ်စွာဘုရား ချီးမွမ်းသည် မဟုတ်ပါလော?

**ဒကာ။** ။ဘဝဆိုတာ မကောင်းဘူး၊ ဒုက္ခသစ္စာသာဖြစ်တယ်၊ ဘဝ ပြတ်လုပ်ရမယ်၊ ဘဝကို ထပ်မလိုချင်နဲ့ စသည်ဖြင့် ရိပ်သာ တကာမှာ ဟောကြားနေကြတာ ကြားရပါတယ်။

မြတ်စွာဘုရားက (မနုဿတ္တဘာဝေါ ဒုလ္လဘော)လူ့ဘဝဆိုတာ ရခဲတယ်၊ လူ့ဘဝရသူဟာ အရတော်တယ်ဟု ဆိုသဖြင့် ဘဝကို ရအောင်လုပ်ဖို့ ချီးမွမ်းတိုက်တွန်းရာ မကျဘူးလား ဆရာတော်၊ အနည်းငယ်မျှ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ဘဝကို ဘုရားမချီးမွမ်းဘူး၊ ကဲ့ရဲ့ရှုတ်ချ အပြစ်တွေကို သာ ပြတော်မူတယ်၊ စက်ဆုပ် ရွံရှာတော်မူတယ်၊ ဒီအကြောင်းကို ကေဂုတ္တရ ပါဠိတော်မှာ....

သေယျထာပိ ဘိက္ခဝေ အပ္ပ မတ္တကောပိ
ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ
အပ္ပ မတ္တကံပိ ဘဝံ န ဝဏ္ဏေမိ၊ အန္တမသော
အစ္ဆရာ သံဃာတ မတ္တမ္ပိ။

ရဟန်းတို့ မစင်ကျင်ကြီးဟာ အနည်းငယ်မျှကလေးပင် ဖြစ်စေကာ မကောင်းသော အနံ့သာ ဖြစ်သလို နံသလို၊ ရဟန်းတို့ ဤနည်းအတူပင် ဘဝကို အနည်းငယ်ကလေးမျှ ငါဘုရား မချီးမွမ်းဘူး လက်ဖျစ် တတွက်စာလောက်ကလေးမျှ ငါဘုရား မချီးမွမ်းဘူးလို့ မိန့်တော်မူတာ ရှိတယ်။

**မှတ်ချက်။** ။လူ့ဘဝကို ရခဲတယ်လို့သာ ဟောတော်မူတာ၊ လူ့ဘဝကနေပြီး ဝဋ္ဋဘဝပြတ်ရာ နိဗ္ဗာန်ကို ယူစေချင်လို့ဟု မှတ်ရမယ်၊ လူ့ဘဝကို ချမ်းသာတယ် ကောင်းစားတယ်လို့မှ မချီးမွမ်း မတိုက်တွန်းပဲဟာ မကောင်းသော ဒုက္ခလို့မှတ်ပေါ့။

**ဒကာ။** ။ရှင်းလင်းပြတ်သား သိလွယ်တဲ့ အဖြေစကားမို့ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ သာဓုပါဘုရား။

## ဝိပဿနာပညာနှင့် ဝိပဿနာဉာဏ် ထူးသလော ?

**ဒကာ။** ။ဝိပဿနာတရား သင်ကြားအားထုတ်ရာ၌ ဝိပဿနာပညာနှင့် ဝိပဿနာဉာဏ်ဆိုတာမှာ ဉာဏ်နဲ့ ပညာဟာ ထူးလို့လား ဆရာတော်၊ ကျမ်းဂန်က အထူးများ ပြထားပါသေးသလား၊ မိန့်ကြားပါအုံး ဘုရား။

**ဆရာ။** ။အင်း ...အချို့ဆရာတော်ကြီးတွေကလဲ ပညာသိနဲ့ ဉာဏ်သိဟာ မထူးပါဘူးကွာ၊ ကုလားကြီးနဲ့အရာကြီး နာမည်သာထူးတာပါ၊ သဘောက အတူတူပါပဲ ဟု ပြောကြတယ်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကတော့....

ပစ္စုပ္ပန္နာနံ ဓမ္မာနံ
ဝိပရိဏာမာ နုပဿနေ ပညာ၊

ဖြစ်ဆဲပစ္စုပ္ပန် ရုပ်နာမ် ဓမ္မတို့၏ ဖောက်ပြန် ပျက်စီးခြင်းကို အထပ်ထပ် အဖန်ဖန် သိမြင်ရှုမှတ်နေခြင်းကို ပညာခေါ်တယ်။

ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ။

ရုပ်နာမ်တို့၏ဖြစ်ပျက်မှု ဥဒယဗ္ဗယသဘောကို ရှုမှတ်ပွားများရင်း ပေါ်လာတဲ့ တရားအစဉ် အဆင့်ဆင့်ကို (၁၀) ဉာဏ်စဉ်ဆယ်ပါးကို ဝိပဿနာဉာဏ်လို့ ခေါ်တယ်၊ အဲဒီလို မိန့်ဆိုထားတယ်၊ အဲဒါဟာ ကျမ်းဂန်ကလာတဲ့ အထူးပါပဲ၊ ကဲ--ကျေနပ်ကဲ့လား။

**ဒကာ**။ ။ကျေနပ်နှစ်သက်ပါတယ် ဆရာတော်၊ ဝိသုဒ္ဓိမဂ်ဆရာ၏ ဆုံးဖြတ်ချက် များကို အငြင်း ပွားနေစရာ မလိုတော့ ပါဘူး။

---

## ဗုဒ္ဓဘုရားမှာ ငါစွဲ အတ္တ ရှိသေးသနော်?

**ဒကာ**။ ။မြတ်စွာဘုရားကရော, ဆရာတော်တို့ကပါ အတ္တဒိဋ္ဌိ မရှိရ မစွဲရ ငါစွဲဖြုတ်ပါ "သဗ္ဗေ ဓမ္မာ အနတ္တာ" ငါမရှိ ငါ့ဥစ္စာမရှိ အားလုံးရှိသမျှ အနတ္တချည်းသာလို့ ဟောပြော ဆုံးမနေကြပေမင့် ဗုဒ္ဓဘုရားကတော့....

(၁) ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။

(၂) ဧဝံ-မယာ ဝဒါမိ၊ ငါဘုရား ဤသို့ ဟော၏။

(၃) သုဏာထ မမ ဝစနံ၊ ငါ့စကားကို နားထောင်ကြ....

စသည်ဖြင့် စာပေကျမ်းဂန်တွေထဲမှာ ငါဘုရား, ဘုရားငါတွေ များစွာဖတ်ရလို့ ဘုရားသခင်မှာ ငါစွဲ အတ္တဒိဋ္ဌိ ရှိသေးတယ်နော် ဆရာတော်။

**ဆရာ**။ ။အင်း... ဒါလဲ မေးထိုက်ပါတယ်၊ တိုတိုနဲ့ သိလွယ်အောင် ဖြေကြားမည် နားထောင် မှတ်သားပါနော်၊ သာသနာ့ စာပေထဲမှာ ငါစွဲက (၄) မျိုးရှိတယ်။

၁။ ဒိဋ္ဌိစွဲ ငါ။ ။ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ-လို့ စွဲယူထားတဲ့ ငါစွဲမျိုး။

၂။ တဏှာစွဲ ငါ။ ။ငါ-လို့ စွဲယူသာယာနေတဲ့တဏှာစွဲ ငါမျိုး။

၃။ မာနစွဲ ငါ။ ။ငါဟော့ ငါကွ ငါတို့က ငါဟဲ့ ယောကျာ်း မာနစွဲ ငါမျိုး။

၄။ ဝေါဟာရစွဲ ငါ။ ။သတ္တဝါများ နားလည်လွယ်အောင် သတ္တဝါတို့ ခေါ်ဝေါ်ပြောကြားတဲ့ ဝေါဟာရစကားဖြင့် မပြော မဖြစ်လို့ ပြောရတဲ့။ အဟံ၊ငါဘုရားသည်။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ မမမ္မံ၊ ငါ့တရားကို ဟု ပြောကြား ခေါ်ဝေါ်ရုံမျှ ငါကိုတော့ ဝေါဟာရစွဲ ငါလို့ ခေါ်တယ်၊ ဒိဋ္ဌိစွဲနဲ့ ခေါ်တာ မဟုတ်ဘူး၊ မခေါ် မဖြစ်လို့ တရားနာသူတို့ နားလည်လွယ်အောင် ခေါ်ဝေါ်တဲ့ ငါ၊ ဝေါဟာရ ငါလို့ မှတ်ယူပေတော့။

ဒါကြောင့် ရှေးပညာရှိ ဆရာတော်အဆက်ဆက်တို့က သိလွယ်နိုင်အောင် ဆောင်ယူထားဖို့ ဆောင်ပုဒ်လင်္ကာ စပ်ဆိုထားကြတယ်။

၁။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဒိဋ္ဌိ ငါဟု မှတ်။

၂။ ငါ ငါ ငါ ငါ သာယာတာ တဏှာ ငါဟု မှတ်။

၃။ ငါကွ ငါဟ ငါတို့က မာန ငါဟု မှတ်။

၄။ ငါ၏ချစ်သား ရဟန်းများ ခေါ်ငြား ဝေါဟာရတဲ့။

ကဲ...ဒကာကြီးတို့၏ ငါစွဲကြီး စွဲနေတဲ့ အတ္တဒိဋ္ဌိပဥ္စာ ကျေနပ်လောက်ပါပြီနော်။

**ဒကာ။** ။ကွဲပြား ခြားနားစွာ သိလို့ ကျေနပ်ပါပြီ ဆရာတော်။

# လူနာများ လိုက်နာဖြူကျင့်ရမည့် အင်္ဂါ ရှိပါသလား ?

**ဒကာ။** ။ဆရာတော် မကျန်းမမာဘူးကြားလို့ လာတာပါ၊ ဘယ်လိုဖြစ်တာလဲ သက်သာပါရဲ့လား။

ဗုဒ္ဓဘုရားကဟော လူနာများအတွက် ကျန်းမာရေး နည်းလမ်းများ လိုက်နာပြုမူရန် ညွှန်ကြားပေးတာ ပိဋကတော်မှာ ရှိပါသလား ဆရာတော်၊

၁၃၃၅-ခုတော်သလင်းလက ဖြစ်သည်၊ သေလုနီးပါး ခံစားရသည်။

**ဆရာ။** ။အင်း...သက်သာပါပြီ နှလုံးရောဂါပါပဲ၊ ပါရဂူကြီး ဦးမွန်ဟန်တို့ ဦးရွှေဇင်တို့ကိုယ်တိုင် ကျောင်းကိုလာကာ စက်တွေနဲ့ ကြပ်မ ကုသပေးကြပါတယ်၊ အင်္ဂုတ္တိုရ ပဥ္စက ဂိလာန ဝဂ်မှာ လူနာရဟန်းများ လိုက်နာရန် ညွှန်ကြားချက်တွေ ရှိပါတယ်၊ ဂိလာန ပုဂ္ဂိုလ်ဟာ ...

၁။ မိမိရောဂါနှင့် သင့်လျော်သော ဆေး အစာတို့ကိုသာ မှီဝဲ သုံးဆောင်ရမည်တဲ့။

၂။ သင့်လျော်လျောက်ပတ်သည်ကို ပမာဏ အတိုင်းအရှည်သိ၍ မှီဝဲ သုံးဆောင်ရမည်တဲ့။

၃။ မသင့်လျော်သော နေရာ အရပ် အိပ်ရာ နေရာတို့၌ မနေထိုင်ရတဲ့။

၄။ ဆရာညွှန်ကြားသော စကားကို လိုက်နာ ကျင့်ကြံ ပြုမူရမည်တဲ့။

၅။ မိမိရောဂါကို သည်းခံကာ သတိအမှတ်ဖြင့် နေရမည်၊ သတိလွတ်ကာ အော်ဟစ်ဆူပူ ညည်းညူခြင်း မပြုရတဲ့။

အဲဒီ ငါးပါးဟာ လူနာများအတွက် မြတ်ဗုဒ္ဓရဲ့ ညွှန်ကြားချက်ပါပဲ၊ ဒကာကြီးတို့လဲ လိုက်နာဖို့ အလွန်ကောင်းတယ်နော်၊ ပိဋကတော်မှာ လူမှုရေး၊ ယဉ်ကျေးမှုတွေ အပြည့်အစုံပါတယ်။

**ဒကာ။** ။မှန်ပါ့ တယ်ကောင်းပါလား ဆရာတော်၊ သည်ငါးပါးသိရတာ ကျေးဇူးများပါတယ် ဆရာတော်၊ တပည့်တော်တို့ လိုက်နာစရာတွေပါပဲ။

## အနတ္တက အတ္တ ဖြစ်လာပြန်ခြင်းများ?

**ဒကာ။** ။သဗ္ဗေ ဓမ္မာ အနတ္တာ တို့၊ အနိစ္စ ဒုက္ခ အနတ္တတို့ဟာ နေရာတကာ ရိပ်သာတကာမှာ ဟောကြားနေကြတာပဲ ဆရာတော်၊ အားလုံးရှိသမျှ အနတ္တလို့လဲ ဟောသေးရဲ့၊ တချို့ဆရာတော်တွေက....

အတ္တာဟိ အတ္တနော နာထော
ကောဟိ နာထော ပရော သိယာ။

ငါ့ကို ငါသာ အားထားရာတည့်၊ ငါမှအခြား သူတပါးကား အားထားရာမဟုတ်၊ ငါလုပ်မှ ငါရသည်၊ ငါ့လုပ်ခ ငါသာရ၏ဟု ဟောကြားနေကြပြန်ပါသည်၊ အဲသည် ဟောကြားချက်တွေဟာ မှား မနေဘူးလား ဆရာတော်၊ ရှင်းပြပါဦး ဘုရား။

**ဆရာ။** ။အင်း....သည်ပဥ္စာဟာ မကြာမကြာ လာမေးတယ်ကို၊ မေးထိုက်ပါတယ်လေ၊ ရှင်းပြမည်၊ နားထောင်မှတ်သားပါ၊ ငါဆိုတဲ့ အတ္တစဲ့က လေးမျိုးအပြားရှိတယ်၊ ဒီဒေသနာတော်က နိဗ္ဗာန်အတွက်၊ ကိုယ့်ဟာကိုယ် ကြိုးစားဖို့ ဟောကြားတာပါ။

၁။ ဒိဋ္ဌိ အတ္တ။ ။ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု အခိုင်အမြဲ စွဲယူကာနေခြင်းမျိုး။

၂။ မာန အတ္တ။ ။ငါဟ ငါကွ ငါတို့ကဟု မာန်ထောင်ကာ ပြောဆို စွဲယူခြင်းမျိုး။

၃။ တဏှာ အတ္တ။ ။ငါငါ၊ ငါငါ၊ တငါငါနဲ့ လိုချင်သာယာ နေခြင်းမျိုး။

၄။ ဝေါဟာရ အတ္တ။ ။ငါ၏ ချစ်သား ရဟန်းများဟု.... မိန့်ကြား ခေါ်ဝေါ်ကာမျှသော ငါမျိုး။

**မှတ်ချက်။** ။နံပါတ် ၁-၂-၃ ပါ ငါစွဲတို့ကားအပါယ်လားကြောင်း ဖြစ်၍ မစွဲရချေ၊ ၄-နံပါတ် ဝေါဟာရ ငါကား ဘုရားစကားတော် အတ္တစွဲမပါ မခေါ်ရင် မဖြစ်၍ ခေါ်ဝေါ်ကာမျှ ငါသာဖြစ်၏ဟု မှတ်ရာသည်တဲ့ ကဲ....ကျေနပ်ရဲ့လား။

**ဒကာ။** ။ရင်ထဲမှာ တနုန့်နုန့်ဖြစ်နေလို့ မေးရတာပါ ဆရာတော်၊ နားလည် ပါပြီ ဆရာတော်၊ကျေးဇူးတင်ပါတယ်ဘုရား။

---

## မိစ္ဆာဒိဋ္ဌိ ၆၂-ပါးလုံးကို လိုက်သတ်ရမည်လား?

**ဒကာ။** ။မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို ပယ်ရ သတ်ရမည်၊ လက်မခံရဘူး ဟု ဟောကြားနေကြရာ တပါးစီလိုက်ပြီး ကုန်အောင် သတ်နေရမှာလား၊တပြိုင်နက် တချက်ထဲ သတ်လို့ရတဲ့ နည်းများကော မရှိဘူးလား? ဆရာတော်၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဆိုတာလဲ ပြောလို့သာ ကြားရတယ်၊ ဘာတွေမှန်းလဲ မသိရဘူး၊ ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။၆၂ ပါးသော မိစ္ဆာဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိက ပေါက်ဖွားလာတာတွေချည်း ဖြစ်လို့ သက္ကာယဒိဋ္ဌိကို လက်ဦးအစ ပထမ သတ်ရမည် ဒကာကြီးတို့၊ သူသေရင် ၆၂-ပါးလုံး သေရောပဲ။

ဣမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ
သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ န
ဟောန္တိ။

စိတ္တသူကြွယ်၊ ဤ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ဟာ သက္ကာယ ဒိဋ္ဌိရှိနေလို့ ဖြစ်ပေါ်နေကြတာ၊ သက္ကာယဒိဋ္ဌိ မရှိရင် သူတို့လဲ မဖြစ်ပေါ်နိုင်ကြဘူး။

အဲဒီလိုစိတ္တသူကြွယ်ကို ဟောကြားတော်မူသော ဒေသနာတော်အရ သက္ကာယဒိဋ္ဌိတပါးကို ပယ်သတ်ပစ်လိုက်ရင် ၆၂-ပါးသော ဒိဋ္ဌိတွေလဲ ပြုတ်သွားမှာပေါ့၊ တပါးစီ လိုက်သတ်နေစရာ မလိုပါဘူး။

၆၂-ပါးသောမိစ္ဆာဒိဋ္ဌိကို သိချင်ရင် ဆရာတော်ရေးပြုတဲ့ "သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီး" မှာ ရှာယူပေတော့။

**ဒကာ။** ။ကောင်းလှပါပြီ ဆရာတော် အမိန့်တော် အတိုင်း ရှာယူပါမည်။

---

## ရဟန္တာများ အမှားရေး အမှားဆိုပုံ?

**ဒကာ။** ။လောဘ ဒေါသ မောဟ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းစင်တဲ့ ရဟန္တာ အရှင်မြတ်များဟာ (ပမာဒ လေခ) အမှားရေး အမှားဆို တွေ့ရှိတယ်လို့ ပြောကြတာ မှန်ပါသလား ဆရာတော် ရှင်းပြပေးပါဘုရား။

**ဆရာ။** ။ရဟန္တာက သူ့လို ငါ့လို ရိုးရိုး (သုက္ခ ဝိပဿက) ရဟန္တာက တမျိုး၊ မိုးပျံမြေလျှိုး (ဆဠဘိည ပဋိသမ္ဘိဒါ-ပတ္တ) ရဟန္တာက တမျိုး၊ နှစ်မျိုး နှစ်စားရှိတယ်၊ အဲဒီနှစ်မျိုးထဲက နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မရတဲ့ ရဟန္တာ ရိုးရိုးမျိုးက....

သမုဒ္ဒေါ-လို့ ရေးရ ဆိုရမှာကိုပင် သမုဒ္ဒေါ သမုဒ္ဒောလို့ သဒ္ဒါနည်း မမှန်ပဲ အမှားတွေ ရေးမိ ဖတ်မိကြတယ်လို့ ...

ဆရာသမားများထံမှ သင်ကြား ပေးလိုက်တာ ကြား-သိ-မှတ် သားရဘူးတယ်၊ ဒါကြောင့် ရိုးရိုးရဟန္တာ ပြုစုရေးသားတဲ့ ကျမ်းစာ မျိုးကို သတိထား စိစစ်ရမယ် ဒကာကြီးတို့။

**ဒကာ။** ။အားရ နှစ်သက်ကျေနပ်စွာနဲ့ ကျေးဇူး တင်လှပါတယ် ဆရာတော်။

---

## လက္ခဏာရေး သုံးပါးစလုံးကို ရှုပွားရမှာလား?

**ဒကာ။** ။သာသနာတော်မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးပိုင်းခြားရှုမှတ်ပွားများနိုင်ဖို့ဟာ အရေးအကြီး ဆုံးအလုပ်ပဲဟု ဟောကြားကြပါတယ်၊ သုံးပါးစလုံးကိုပဲ လိုက်မှတ် ပွားများနေရမှာလား၊ တပါးတည်းကိုပဲ မိအောင်မြင်အောင် ရှုမှတ် နေရမှာလား၊ ကျမ်းစာက ဘယ်လို မှာဆိုပါသလဲ ဆရာတော်။

**ဆရာ။** ။အင်း ... အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ မှတ်ပွားစရာ တရား သုံးပါးကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ ပါးစပ်ဖျားမှာ ပြောဆိုနေကြတာပဲ၊ ဒါပေမင့် တကယ်ဉာဏ်မြင် ဒိဋ္ဌိစင်အောင်တော့ လုပ်တဲ့သူက နည်းလှပါတယ်၊ ဒီအလုပ်နဲ့စပ်ပြီး အင်္ဂုတ္တရ အဋ္ဌကထာ တတိယတွဲ ၂၅၇-မှာ—

အနိစ္စေ လက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ
ဒိဋ္ဌမေဝ ဟောတိ။

တေသု တီသု လက္ခဏေသု ကေသ္မိံ ဒိဋ္ဌေ
ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။

အနိစ္စလက္ခဏာတပါးကို မိအောင် ထိအောင် မြင်အောင် မှတ်ရှုပွားများပါ၊ ယင်းကို မြင်ရင် ဒုက္ခနဲ့ အနတ္တကိုလဲ ထင်မြင်လာတော့တာပါပဲတဲ့၊ ယင်းသုံးပါးစလုံးကို မှတ်နေစရာ မလိုပါဘူးတဲ့ ဆိုလိုရင်းက....

တပါးကို ကျ ကြ ဏ န မြင်ရင် ကျန်နှစ်ပါးဟာလဲ
ဉာဏ်ထဲမှာ ထင်မြင်လာမှာ ဖြစ်ပါတယ်တဲ့။

ကဲ... ရှင်းရဲ့လား ဒကာကြီးတို့၊ အဲဒါဟာ ကျမ်းစာက ဆိုတဲ့ စကားတော်ပဲ။

**ဒကာ**။ ။ရှင်းပါတယ် ဆရာတော်၊ ကျေနပ်လှပါတယ် ဘုရား။

## သုခဝေဒနာသည် ဒုက္ခသစ္စာလော?

**ဒကာ**။ ။ဝိပဿနာတရား ရှုပွားတဲ့အခါ သုခဝေဒနာပေါ်လာရင် သုခဝေဒနာလို့ ရှုမှတ်ပွားများနေရမယ်လို့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်က ဆိုထားတဲ့အတိုင်း သုခဝေဒနာ သုခဝေဒနာလို့ မှတ်သိနေရင် ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်နိုင် ပါမည်လား ဆရာတော်၊ သုခနှင့် ဒုက္ခက ဆန့်ကျင်ဘက် မဟုတ်ပါလား၊ ကျမ်းဂန်က ဘယ်လို ဆိုပါသလဲ ဘုရား။

**ဆရာ**။ ။သုခဝေဒနာဆိုတာ သမ္မုတိသစ္စာနယ်ထဲက စကားသုံးလို့ မှတ်ပါ၊ ပရမတ္ထသစ္စာက "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"-တဲ့၊

သုခဝေဒနာ သုခဝေဒနာလို့ သိမှတ်နေတဲ့ ယောဂီရဲ့ အသိဉာဏ်မှာ အဲဒီပေါ်ပေါ်လာတဲ့သုခခံစားချက်ကလေးတွေဟာ မှတ်တိုင်းရှုတိုင်း ပျက်ပျက်သွားတာ တွေ့ရခြင်းဖြင့်ဒုက္ခသစ္စာတွေ ပေါ်ပေါ်လာတာပဲ၊ သုခရယ်လို့ မမှတ် မထင်တော့ဘူး၊ မြဲမှ မမြဲတဲ့ တရားဟာ အနိစ္စပဲ ပေါ့၊ အနိစ္စထင်ရင် သုခမမြင်တော့ဘူး၊ ဒုက္ခအမှန်ကို မြင်လာတယ်၊ ဒါကြောင့် သံယုတ်ပါဠိတော် ဒုတိယအုပ် စာမျက်နှာ (၄၀၉)မှာ....

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ။

"ရဟန်းတို့ သုခဝေဒနာကို ဒုက္ခ ဒုက္ခလို့သာ မှတ်ရှုပွားများအပ် ကုန်၏လို့" ဟောဆိုထားတာရှိတယ်၊ မှတ်ရင်း မှတ်ရင်းနဲ့ နောက် ဆုံးတော့ ဒုက္ခသစ္စာအပိုင်းထဲကိုသာ ဝင်ဝင်သွားကြတာပဲ။ ကဲ.... သဘောကျရဲ့လား။

**ဒကာ**။ ။မှန်ပါ့၊ အနိစ္စထင်တော့ ဒုက္ခမြင်တာပေါ့ ဆရာတော်၊ သုခလဲ ပျောက်ဆုံးကုန်ရောပေါ့၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဆိုတာ ဒီသဘောကို ဆိုတာ ထင်ရှားလိုက်တာ ဘုရား၊ သဘောကျ ကျေနပ်ပါပြီ။

## ပညာနှင့်ဉာဏ် ထူးသလော?

**ဒကာ**။ ။ဉာဏ်နှင့် ပညာ၊ သို့မဟုတ် ပညာနှင့် ဉာဏ်ဟာ ထူးထွေခြားနားမှုများ ရှိပါသလား၊ အတူတူပဲလား ဆရာတော်၊ ကျမ်းစာများမှာ ဘယ်လို ဆိုပါသလဲ သိပါရစေ။

**ဆရာ**။ ။ဒီအမေး ပဥှာဟာ မကြာမကြာ လာတာကို၊ ကဲ.... မှတ်ပါ၊ ဉာဏ်နှင့် ပညာကို ဝိပဿနာ လုပ်ရပ်နဲ့စပ်ပြီး ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ ၅၅-မှာ ဆိုပုံကဲ—

၁။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ။
၂။ ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ။

၁။ ပစ္စုပ္ပန် ဖြစ်ဆဲ ရုပ်နာမ်တို့၏ ဖောက်ပြန် ပြောင်းလဲမှု သဘောကို ရှုမြင် သိမှုကို ပညာ။
၂။ ပစ္စုပ္ပန် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို ကြည့်ရှု သိမြင်မှုသဘောကို ဉာဏ်ဟု ဖော်ပြမိန့်ဆိုထားတယ်။

နောက်တချက်က အဲဒီ ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ-၂၅၉-မှာပဲ ဖွင့်ပြပြန်တာကတော့—

ယာစ ဘယတုပဋ္ဌာနေ ပညာ။
ယဉ္စ အာဒီနဝေ ဉာဏံ၊ ယာစ နိဗ္ဗိဒါ
ဣမေဓမ္မာ ဧကတ္ထာ နာနာဗျဉ္ဇနမေဝ။

ရုပ်နာမ်ဓမ္မကို ဘေးအဖြစ်နဲ့ မြင်သိတဲ့ ပညာရယ်၊ ယင်းတို့ကိုပင် အပြစ်အနာအဆာတွေ ငြီးငွေ့စရာတွေဟု သိတဲ့ဉာဏ်ရယ်၊ အဲဒီ သဘောတရားတွေဟာ တူသော အနက်သဘော ရှိတာချည်းပါပဲ၊ ဉာဏ်တို့ ပညာတို့ ဘယတို့ အာဒီနဝတို့ နိဗ္ဗိဒ-တို့ဆိုတဲ့ အခေါ်အဝေါ်တွေလောက်သာ ထူးနေတာပါလို့ ဖွင့်ပြထားတယ် ဒကာကြီးတို့ရ။

**ဒကာ။** ။ကျေနပ်လှပါတယ် ဆရာတော်၊ အခေါ်လွဲပြီး သဘောက အတူတူဆိုတာ သိပါပြီ။

---

## သာသနာပ လောကထဲမှာ ရဟန္တာတွေ အမြဲ ရှိနေသလား ?

**ဒကာ။** ။လောကထဲမှာ ရဟန္တာတွေ အမြဲရှိနေတယ်၊ ဘယ်သော အခါမှ မဆိတ်သုဉ်းဘူးဆိုတာ ကျမ်းစာထဲမှာ ပါ-ပါ

သလား ဆရာတော်၊ ဘုရားမပွင့်တဲ့ သုညကမ္ဘာလောကထဲမှာ ရဟန္တာ များ ရှိကောင်းလို့လား၊ ရှင်းပြပေးပါ ဆရာတော်။

**ဆရာ။** ။ဒါကတော့ မှန်ကန်တဲ့ သစ္စာ ၄-ပါးတရားကို ကျင့်သုံး ပွားများအားထုတ် သိမြင်နေလို့ရှိရင် ရဟန္တာတွေဟာ အမြဲရှိနေမှာပဲ။

ရဟန္တာဆိုတာ ဘုရားသခင်ရော ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေရော အရဟတ္တ မင်္ဂဖိုလ်ရတဲ့ ပုဂ္ဂိုလ်တွေရော ရဟန္တာတွေချည်းသာလို့ မှတ်ရမယ်၊ သည်ကိစ္စနဲ့စပ်ပြီး ဘုရားမြတ်ဟောကြားပုံက....

ဣမေစေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ။
အသုညော လောကော အရဟန္တေဟိ အဿ။

ချစ်သား သုဘဒ္ဒ ရဟန်းတွေဟာ သစ္စာတရားကို အမှန် အတိုင်း ပွားများအားထုတ် သိမြင်နေကြရင် လောကထဲမှာ ရဟန္တာ တွေ မဆိတ်သုဉ်းပဲ အမြဲရှိနေကုန်ရာ၏တဲ့၊ အဲဒါပဲ။

ဘုရားမပွင့်တဲ့ သာသနာပလောကမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ရှိနေတော်မူကြတယ်၊ သူတို့တတွေဟာလဲ ရဟန္တာမျိုးတွေပဲ၊ ကဲ.... သဘောကျပြီလား။

**ဒကာ။** ။ သဘောကျ ကျေနပ်လှပါတယ် ဆရာတော်။

---

## ဆရာကောင်း ရှာနည်းများ ဘုရားဟောရှိပါသလား?

**ဒကာ။** ။လူသား အပေါင်းတို့၏ ကောင်းကျိုး ချမ်းသာရေး အစစ်အမှန်ကို ပေးနိုင်တဲ့ ဆရာမျိုးကို လိုချင်တဲ့သူဟာ

ဘယ်ပုံ ဘယ်နည်းနဲ့ ဘယ်လို အရည်အချင်းရှိတဲ့ ဆရာမျိုးကို ရှာဖွေဆည်းကပ်ရမည်ဆိုတဲ့ အမှာစကားများကို မြတ်စွာဘုရား မှာကြားချက်များ ထားရှိပါသလား ဆရာတော်။

**ဆရာ။** ။အင်း... ဒါဟာ အရေးကြီးတဲ့ အမေးအမြန်းမျိုးပဲ၊ သတ္တဝါများ ဆရာ အထား မှားမည်ကို မြတ်စွာဘုရားက အထူးသနား ကြောင့်ကြတော်မူတယ် ဒါကြောင့်....။

ယထာဘူတံ ဉာဏာယ ဘိက္ခဝေ
သတ္ထာ ပရိယေသိတဗ္ဗော။

ချစ်သား ချစ်သမီးတို့ အဟုတ်ရှိ အမှန်ရှိ တရားကို အဟုတ်အမှန်အတိုင်း သိမြင်၍ သူတပါးကိုလဲ အဟုတ်အမှန်အတိုင်း "ယထာဘူတဉာဏ်"ရအောင် ပြသဟောကြားပေးနိုင်တဲ့ ဆရာမျိုးကို ရှာဖွေဆည်းကပ် ကိုးစားကြကုန်ဟု မှာကြားတော်မူခဲ့တယ်။

---

## ယထာဘူတဉာဏ်ဆိုတာ ဘာလဲ?

**ဒကာ။** ။ယထာဘူတ ဉာဏ်ဆိုတာက ဘယ်လို ဉာဏ်မျိုးပါလဲ ဆရာတော်၊ နည်းနည်း ထပ်ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ယထာဘူတ ဉာဏ်ကို အဋ္ဌကထာဆရာများက ဟောဒီလို ဖွင့်ဆိုပြကြတယ်။

ယထာဘူတ ဉာဏန္တိ
သပစ္စယ ပရိဂ္ဂဟ ဉာဏံ။

ယထာဘူတ ဉာဏ်ဆိုတာ အဟုတ်အမှန်ရှိနေကြတဲ့ (ရုပ်-နာမ်) ဓမ္မသဘောတို့ကို ဖြစ်စေတတ်တဲ့ အကြောင်းတရားစုတို့ကိုရယ်။

အဲဒီ အကြောင်းတရားစုတို့ကြောင့် ဖြစ်ပေါ်ဖြစ်ပေါ် လာကြတဲ့ အကျိုးတရား (ရုပ်နာမ်) ဓမ္မ အစုတို့ကိုရယ်။

အဲဒီ အကြောင်းအကျိုး တရားနှစ်ပါးကို ကျ ကြ ဏ န ပိုင်းခြား ဝေဖန် သိမ်းဆည်းကာ သိနေတဲ့ ဉာဏ်အမြင်ကို (ယထာဘူတဉာဏ်) လို့ ခေါ်တယ်။

**ဒကာ။** ။ဒကာကြီးတို့ နားလည်အောင် နည်းနည်း ပါးပါး ထပ်ပြီး ရှင်းပြပေးပါဦး ဆရာတော်။

**ဆရာ။** ။အင်း....အကြောင်း အကျိုး တရားမျိုးက လွယ်ကူစွာနဲ့ သိနိုင်တဲ့ ကိစ္စမျိုးတော့ မဟုတ်ဘူး၊ ဒကာကြီးတို့ အဖို့က တော့ စာပေလိုက်စား ဉာဏ်ပါးရှားသူများမို့ နည်းနည်းပါးပါးပဲ ဟောကြားပေးမယ်။

လောကကြီးတခုလုံး ဖြစ်ပေါ်လာမှုမှန်သမျှဟာငါ့ကြောင့် ငါလုပ်လို့ ဖြစ်တာလဲ မဟုတ်ဘူး၊ ငါဆိုတာလဲ မရှိဘူး။

သူ့ကြောင့် သူလုပ်ပေးလို့ သူဖန်ဆင်းပေးလို့ ဖြစ်လာ တာလဲ မဟုတ်ဘူး၊ သူလဲ မရှိဘူး။

ငါ သူ မရှိသဖြင့် ငါ့ဥစ္စာ ငါ့ဟာ သူ့ဥစ္စာ သူ့ဟာဆိုတာ လဲ မရှိနိုင်ဘူး၊အမှန်ရှိ ဖြစ်နေတာက နာမ် ရုပ် တရားစုတွေပဲ။

အဲသည် ရုပ်နာမ် တရားတွေဟာ လောဘ ဒေါသ မောဟဆိုတဲ့ မကောင်းလုပ်၊ အလောဘ,အဒေါသ, အမောဟဆိုတဲ့ ကောင်းလုပ် အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားစု သက်သက်တွေသာဖြစ်တယ်လို့၊ တနည်း ကုသိုလ် အကုသိုလ် စေတနာ ကံကြောင့်သာ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေပဲဟု အကြောင်းနဲ့

အကျိုးကို ပိုင်းခြားဝေဖန် သိမ်းဆည်းနိုင်တဲ့ ဉာဏ်အမြင်ကိုပင် ယထာဘူတဉာဏ်လို့ ခေါ်တယ်၊ အတ္တဒိဋ္ဌိ ဖြုတ်တဲ့ ဉာဏ်ပဲ ဒကာကြီးတို့ရ၊ ကဲ....ဒါလောက်ဆိုရင် ရိပ်မိရောပေါ့။

**ဒကာ။** ။အားရ ကျေနပ်လှပါတယ် ဆရာတော် ရိပ်စားမိပါပြီဘုရား။

---

## အနိစ္စ ဒုက္ခ အနတ္တ ကို ရွတ်ဆိုပြီး ပုတီး စိပ်ကောင်းပါသလား?

**ဒကာ။** ။ခု ကာလမှာ ပုတီးစိပ်စေရာ စာပေတွေက အမျိုးမျိုး ထွက်နေလို့ ဘယ်မှာနေတဲ့ ဆရာတော်ဆီ ဘယ်က ဆန်ရောင်းစားသူ အမျိုးသမီးက ပေးခဲ့တဲ့ ပုတီးစိပ်နည်း၊ ဘယ်ဘုရားရုပ်ပွားတော်ရဲ့ စမ္မခဏ်မှာပါတဲ့ ပုတီးစိပ်နည်း၊ ဒီဟာကို ပုတီးစိပ်ရင် အသက်တစ်ထောင်ရှည်တယ်၊ ရွှေ, ငွေ တွေ ပေါတယ်၊ ဆန်တွေရောင်းလို့ မကုန်နိုင်ဘူး စသည်ဖြင့် ညွှန်ကြားချက် မက်လုံး အမျိုးမျိုးနဲ့ စာအုပ်ငယ်လေးတွေ ပလူပျံနေတာပဲ ဆရာတော်။

**ဆရာ။** ။အင်း.... ဒါ ဘာဖြစ်သလဲ၊ ဒကာကြီးတို့ မေးချင်တဲ့ အချက်ကလေးကိုသာ တိုတိုတိတိနဲ့ သိအောင်မေးစမ်းပါလေ၊ သိသလောက် ဖြေကြားပေးမှာပေါ့။

**ဒကာ။** ။သူတို့ဟာက ပုတီးကြီးကိုင်ပြီး နှုတ်က ကျယ်လောင်စွာနဲ့ အသံထုတ်ကာ....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အနိစ္စံ
ဒုက္ခံ အနတ္တံ၊ ဆိုလိုဆို။

## နာမရူပံ အနိစ္စံ ဒုက္ခံ
## အနတ္တံ ဆိုလိုဆို။

ပုတီးကြီး ကိုင်ပြီး အနိစ္စ ဒုက္ခ အနတ္တလို့ ရွတ်ဆိုအော်ဟစ်ကာ ပုတီးစိပ်နေကြတာ မှန်ပါရဲ့လား ဆရာတော်၊ အနိစ္စ ဒုက္ခ အနတ္တလို့ နှုတ်ကဆိုဆိုပြီး ပုတီးစိပ်လို့ ရနိုင်ပါ့မလားလို့မေးချင်တာပါပဲ ဘုရား၊ တချို့ အဖွားကြီးတွေက ဥပုသ်စောင့်ရင်း ပုတီးကြီးကိုင်ပြီး အနိစ္စ ဒုက္ခ အနတ္တနဲ့ ဆိုဆိုပြီး ပုတီးစိပ်နေကြတာတွေလဲ ရှိနေလို့ပါ။

**ဆရာ။** ။အင်း....သည်ကိစ္စနှင့်စပ်ပြီး စဉ်းစားဉာဏ်ဝင် ပညာရှင်တွေက လာလာမေးကြတာ၊ ဒကာကြီးတို့တင် မကဘူး လေးငါးဦး ရှိနေပြီ၊ဆရာတော်များရဲ့ ဖြေကြားချက်ကို ပညာရှိများမှသာ ခံယူနိုင်မှာ ဖြစ်တယ်၊ အနိစ္စ ဒုက္ခ အနတ္တဆိုတာ ဝိပဿနာဘာဝနာ မနောကံ စိတ်ဉာဏ်အလုပ်သာ ဖြစ်တာ၊ ဝစီကံနဲ့ ရွတ်ဆိုပြီး ပုတီးစိပ်လို့ မရနိုင်ဘူးလို့သာ မှတ်ပေတော့၊ အထောက်အထားကိုတော့ ပါဠိတွေ ဘာတွေ ပြမနေတော့ဘူး၊ဆရာတော်တို့ ပဋ္ဌင်းငယ်ဘဝက ကျက်မှတ်ရထားဘူးတဲ့ လင်္ကာကလေး ၃-ပုဒ်ကိုပဲ ပေးလိုက်မယ်၊ စာဆိုတော်ရှင်ကတော့ မာန်လည်ဆရာတော်လိုလို လယ်တီဆရာတော်လိုလိုပဲ၊ စာသားက အတော့်ကို ပြောင်မြောက်တယ်၊ ကဲ.... နားထောင်ကြည့်ပါ။

၁။ အနိစ္စ ဒုက္ခ အနတ္တဟု ရွရွ လှုပ်လှုပ် လက်ကကုတ်၍ နှုတ်က တွတ်တွတ် ဖွာအောင်ရွတ်လည်း၊ ပေါက်လွတ်ပဲစား စိတ်ကိုထားက၊ တရားအငွေ့ ပိတ် မတွေ့ဘူး။

၂။ မေ့မေ့လျော့လျော့ ပေါ့ပေါ့စားစား မနေအားလင့်၊ ဘုရားမိန့်ဟန် ဗျာဒိတ်သံမှာ နိစ္စံသုခ ရှာမရတဲ့ အတ္တမဟုတ် ဓာတ်နာမ်ရုပ်ကို မိန့်ထုတ်ဖန်ခါ ကိုယ်မှာရှာလော့။

၃။ ငါ့, ငါ ခေတ်ခဲ ငါခေတ်ကွဲအောင် မမြဲအနိစ္စ ဆင်းရဲဒုက္ခ
အစိုးမရ အနတ္တဟု ရွရွလှုပ်လှုပ် လက်ကကုတ်လျက် နှုတ်က
တွတ်တွတ် တယ်မရွတ်လင့်၊ စိတ်ညွှတ်ဉာဏ်ပါ ကိုယ်တွင်း
မှာသာ ခါခါရှာလော့၊ စိတ်ကတွေ့လျှင် ဉာဏ်ကမြင်သည်
စိတ်ရှင်ဉာဏ်ခေတ် လိုရင်းတည်း။

အဲသည် လင်္ကာစကားတော်အရ နှုတ်ကရွတ်ဆိုပြီး ပုတီးစိပ်လို့ မရနိုင်ပုံကို စိစစ်ပေတော့၊ အနိစ္စ ဒုက္ခ အနတ္တဆိုတာ ဝိပဿနာ ဘာဝနာ အလုပ်မျိုးသာဖြစ်လို့ စိတ်နဲ့ ကိုယ်ထဲကို စိုက်ပြီး လိုက်ရှာရမှာ၊ ပုတီးကြီးကိုင်ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အနိစ္စံ ဒုက္ခံ အနတ္တံ ဟု ကျယ်လောင်စွာနဲ့ အော်ဆိုကာ ပုတီးစိပ်လို့ ရတာမျိုးမဟုတ်ဘူး၊ ပညာရှိ စာတတ် ပေတတ်တွေက ကဲ့ရဲ့ရှုံ့ချ အပြစ်ပြတော်မူကြတယ်၊ ဘာမှလဲ အဓိပ္ပါယ် မပါဘူးတဲ့၊သမထနဲ့ ဝိပဿနာ ကွဲပြားစွာ မသိတဲ့ သူတွေက ရေးထုတ်တဲ့ ပုတီးစိပ်နည်းတွေတဲ့၊ ကဲ....သဘောကျရဲ့လား၊ တချို့က ဝိပဿနာ ပုတီးစိပ်နည်းလို့တောင် စာအုပ်ထုတ်လိုက်သေးတယ်။

၁၈၁။ ။ဒီ အမေးပုစ္ဆာကို ဆရာတော်တပါးပဲ မငဲ့မညှာ အမှန်ကိုသာ ရဲရဲတောက် ဖြေကြားပေးလို့ သဘောကျကျေးဇူးတင်လှပါတယ် ဆရာတော်။

---

## လူ့ပြည်၌ ဖြစ်ဖြစ်သော သောတာပန်များရှိသလား? သောတာပန်သေရင် သူဆင်းရဲမျိုး၌ ဖြစ်သလား?

၁၈၁။ ။အရိယာပိုင်းရဲ့ အောက်ထစ်ဆုံး သောတာပန်သေရင် ယုတ်ညံ့ဆင်းရဲ မွဲတေသော အမျိုး၌ ဖြစ်ကောင်းပါသေးသလား ဆရာတော်။

ပိဋကတော် စာပေများမှာ သောတာပန် သေလို့ လူ့ပြည်ပြန်ဖြစ်တဲ့ သောတာပန်ဝတ္ထုကြောင်းများ ရှိရင်လဲ သိပါရစေ ဆရာတော်၊ ညွှန်ကြားပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....သည်ကိစ္စနှင့်စပ်ပြီး သာရတ္ထသင်္ဂဟ အဋ္ဌကထာဆရာကြီး ညွှန်ကြား ရှင်းပြထားတာရှိတယ်၊ နားထောင်မှတ်သားပေတော့။

သောတာပန္နကာလတော ပဋ္ဌာယ နိစကုလေ ဥပ္ပတ္တိ
နာမ နတ္ထိ၊ မဟာဘောဂ ကုလေသုမေဝ နိဗ္ဗတ္တတိ။

သောတာပန် ဖြစ်တဲ့ ဘဝကာလမှ စတိပြီးတဲ့ အချိန်ကစ၍ ယုတ်နိမ့် ဆင်းရဲတဲ့ အမျိုး၌ မဖြစ်ရတော့ပဲ ပစ္စည်းဥစ္စာ ပေါများ ချမ်းသာသော အမျိုးတို့၌သာလျှင် ဖြစ်ရတယ်တဲ့။

သောတာပန်သေလို့ လူ့ပြည် လူ့ဘဝမှာ ပြန်ဖြစ်လာတဲ့ ဝတ္ထုကြောင်းများကိုတော့ ပိဋကတော် စာပေကျမ်းဂန်တွေမှာ မတွေ့မိသေးဘူး ဒကာကြီးတို့ရ၊ တခြားစာပေကျမ်းဂန် နှံ့စပ် တတ်သိတဲ့ ဆရာသမားများထံ မေးမြန်း စုံစမ်းပါဦးလေ၊ ယင်း အဋ္ဌကထာဆရာကြီးညွှန်ကြားချက်က လူပြန်ဖြစ်တာ သေချာနေတယ်၊ဒီကတော့ မတွေ့ဖူးသေးဘူးပဲ။

**ဒကာ။** ။သည်ကိစ္စရပ်ကို ဆရာတော်တို့လို ကျမ်းဂန် နှံ့စပ်တတ်သိတဲ့ ဆရာတော်မျိုးကမှ မသိရရင် သည့်ပြင် ဆရာတော်များလဲ သည်လိုပဲ ဖြေကြမှာပါ ဆရာတော်၊ ဒါ အမှန်ပဲပေါ့။

## ဒါန သီလ သမထသည် မှားသောမိစ္ဆာအကျင့်လော?

**ဒကာ**။ ။ဒါန အလှူပေးခြင်း,သီလ သီတင်းသီလ ဆောက်တည်ခြင်း, သမထ တရားပွားများခြင်း ပြုသူတို့ကို မိစ္ဆာပဋိပဒါ မှားသောအကျင့်လို့ ပြောဟောနေကြတာ မှန်ပါသလား ဆရာတော်၊ ဘုရားဟောရှိပါသလား။

**ဆရာ**။ ။အင်း.... ယခုလို သာသနာတော်ခေတ် အတွင်းအခါ သည်နေရာမှာ အဝိဇ္ဇာဦးစီးပြီး ကိလေသဝဋ္ဋ ကမ္မဝဋ္ဋတို့နဲ့ ဘဝကိုတောင့်တ သာယာကာ ပြုလုပ်တဲ့ ဒါန,သီလ, သမထ တို့ဟာ မိစ္ဆာပဋိပဒါ မှားသော အကျင့်တွေသာ ဖြစ်တယ် ဒကာကြီး တို့ရ၊ ဒါနကုသိုလ် ပြုတတ်ဖို့ လိုတယ်နော်။

မြတ်စွာဘုရားက "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"လို့ ဟောထားတယ်၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ခေါ်တဲ့ လောကီကုသိုလ်စု မှန်သမျှဟာ အို,နာ,သေ,ဖြစ်, အနှစ်သာရမရှိတဲ့ ဘဝရဲ့ သင်းချိုင်းကုန်းကို ပို့မှာချည်းပဲ၊ ဒါကြောင့်မို့ မှားသော အကျင့် ပဋိပဒါလို့ ခေါ်တာပဲဖြစ်တယ်။

အမှန်မြင် ဝိဇ္ဇာတရားနဲ့ ဒုက္ခသစ္စာကို မြင်အောင်ပွားရှုပြီးတော့ နိဗ္ဗာန်ကို ဆန္ဒပြုတဲ့ ဒါန, သီလ, သမထတို့ကို ဆိုတာ မဟုတ်ဘူး၊ ကဲ....ရှင်းရဲ့လား၊ အမှန်က ကိလေသဝဋ္ဋ မပါတဲ့ ကုသိုလ်ကမ္မဝဋ္ဋကို ပြုရမှာဖြစ်တယ်။

**ဒကာ**။ ။ကောင်းခြင်းနဲ့ ပြည့်စုံ၍ ရှင်းလင်း ကျေနပ်ပါတယ် ဆရာတော်၊ ဒကာကြီးတို့လဲ နောက်ကို အဲဒီအတိုင်းပဲ ပြုလုပ်တတ်ပါပြီဘုရား၊ တိုတိုလေးနဲ့ မိတ်ဆွဲအဖြေပဲ ဆရာတော်။

# ဓမ္မစေတီဆိုတာ ဘာလဲ?

ဒကာ။ ။ဗုဒ္ဓသာသနာတော်မှာ လူနတ်တို့ ကိုးစားဆည်းကပ်စရာ ဓမ္မစေတီရယ်လို့ ပိဋကတော်များ၌ ပါရှိပါသလား ဆရာတော်၊ ဘာကိုခေါ်ပါသလဲ သိပါရစေဘုရား။

ဆရာ။ ။ပါဠိတော်များမှာတော့ ကိုယ်တိုင် တိုက်ရိုက် မရှာဖွေ သတိမထားမိလို့ မတွေ့ဖူးသေးဘူး၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မှာတော့....

ဗုဒ္ဓဂုဏံ ဝါ ဓမ္မဂုဏံ ဝါ သံဃဂုဏံ ဝါ အဇ္ဈာဝုဋ္ဌသ
သရီရံပိ စေတိယ ဃရမိဝ ပူဇာရဟံ ဟောတိ။

ဘုရား တရား သံဃဂုဏ်တော်များ ပွားထုံထားသူရဲ့ ကိုယ်ခန္ဓာ ဟာ ကိုးစားဆည်းကပ် ပူဇော်ထိုက်တဲ့ ဓမ္မစေတီလိုပါပဲတဲ့၊ ဓမ္မစေတီ ထိုက်တယ်လို့ ဆိုတာ တွေ့ဖူးတယ်၊ နောက် သာရတ္ထဒီပနီ ဋီကာဆရာ အရှင်မြတ်ကလဲ....

ပဋိစ္စ သမုပ္ပါဒါဒိ လိခိတ ပေါတ္ထကေ
နိဓဟိတ္ဒာ ကတံ ပန ဓမ္မစေတိယံ နာမ။

ပဋိစ္စသမုပ္ပါဒ်စတဲ့ တရားတော်များကို ရွှေ ငွေ ပေ စသည်တို့ မှာ ရေး၍(ဌာပနာ)ထည့်သိုထားသော အရာဝတ္ထုမျိုးဟာ ဓမ္မစေတီ ထိုက်ကြောင်း ပြဆိုထားတယ် ဒကာကြီးတို့ရ။

ဒကာ။ ။အဋ္ဌကထာ ဋီကာဆရာများ၏ အမိန့်ကို မှတ်သား ခံယူပါတယ် ဆရာတော်၊ သိပါပြီဘုရား။

## ဆု—မတောင်းကောင်းဘူးလား?
## ဆု—တောင်းကောင်းသလား?

**ဒကာ**။ ။ဘာသာရေးနဲ့ စပ်ပြီး အချို့ဆရာတော်တွေကလဲ ဆု-မတောင်းကောင်း ဘူး၊ ဆု-တောင်းလို့ ရတာမဟုတ်ဘူး၊လုပ်ယူမှ ရတာဟု ဟောပြောကြပါတယ်၊အချို့ဆရာတော်တွေလဲ ဆုဆိုတာ တောင်းကောင်းတယ်၊ တောင်းသာ တောင်းကြ၊ ဆန္ဒပြုပြီး တောင်းရင် ရနိုင်တယ်ဟု ပြောဟောနေကြပါတယ်။

ဒါပေမင့် လူတိုင်းလိုလိုပဲ ကောင်းမှုပြုပြီးရင် ဘာဖြစ်ပါရစေ၊ ဘာဖြစ်ရပါလို၏ဟု ဆုတောင်းနေကြတာ သူတို့တောင်းတိုင်း ဖြစ်နိုင်ရနိုင်ပါသလား၊ တောင်းတိုင်းဖြစ်ရင် လားရာဂတိ မြဲသူတွေ ဖြစ်ကုန်မှာပေါ့ဆရာတော်၊ ကျမ်းဂန်သာဓကနဲ့ ဖြေရှင်းပေးပါဘုရား။

**ဆရာ**။ ။အင်း....သိချင်ရင် နားထောင်မှတ်သားပေါ့၊ဆုတောင်းတိုင်းရပုံ မရပုံနဲ့ ဂတိမြဲပုံ မမြဲပုံ ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာ၏ စကားကို သာဓက ထားပြီး ဖြေကြား ရှင်းလင်းပေးမယ်၊ ကြိုက်ရင်မှတ်ယူ၊ မကြိုက်ရင် မယူနဲ့ ဒါပဲ၊ နောက်ထပ်လဲ ဆင်ခြေ မတက်နဲ့၊ အဋ္ဌကထာ ဆရာကြီးက....

၁။ ယဿ ပဉ္စမ္မာ အတ္ထိ န ပတ္ထနာ၊တဿ ဂတိ အနိဗဒ္ဓါ။
သူတယောက်မှာ "သဒ္ဓါ သီလ သုတ စာဂ ပညာ" သည့် တရားငါးပါးတော့ ရှိပါ၏၊ ပြုလုပ်ပါ၏၊ဆုတောင်းခြင်း ပတ္ထနာတော့ မပြု မတောင်းဘူးတဲ့၊ ထိုသူအား လားရာဂတိ မမြဲဘူးတဲ့၊ လားချင်ရာလားမှာပဲ။

၂။ ယဿ ပတ္ထနာ အတ္ထိ န ပဉ္စမ္မာ တဿာပိ ဂတိ အနိဗဒ္ဓါ။
တယောက်သူကတော့ ဆုတောင်း ပတ္ထနာ ပြုပါ၏။

လိုချင် ဖြစ်ချင်ရာကို တောင်းပါ၏၊ တရားငါးပါးကတော့ မရှိပေ၊ ထိုသူမျိုးလဲ လားရာဂတိ မမြဲပါဘူးတဲ့။

၃။ ယေသံ ဥဘယမတ္ထိ တေသံ ဂတိ နိဗ္ဗဒ္ဓါ။

သူအချို့တို့ကတော့ ဆုတောင်းပတ္ထနာလဲ ပြုပါ၏၊ သဒ္ဓါ သီလ သုတ စာဂ ပညာ–ဆိုတဲ့ တရားငါးပါးလဲ ရှိထားပါ၏၊ ထိုသူတို့မှာဟော့ လားရာဂတိလဲမြဲပါ၏၊သူတို့ဖြစ်ချင်တဲ့ ဆုတောင်းလဲ ပြည့်စုံပါ၏ တဲ့။

ဂတိမြဲတယ်ဆိုရင် အပါယ်တံခါးပိတ် စိတ်ချရပြီ၊ စူဠသောတာ ပန်အပိုင်းကို ရောက်သွားတဲ့ စူဠသောတာပန် တမျိုးလို့လဲ မှတ်ချင်ရင် မှတ်ပေါ့၊ ဒါကြောင့် ဆရာတော်တို့ကတော့ ကောင်းမြတ်တဲ့ အပြစ် မရှိတဲ့ ဆုမျိုးတောင်းရင် ကောင်းတယ် တောင်းကြ၊ ဥမ္မာဒန္တီတို့လို ယောကျ်ားတွေ ဒုက္ခပေးတဲ့ ဆုမျိုးတော့ မတောင်းကြနဲ့၊ မကောင်း ဘူးလို့ အပြတ်ပဲ ပြောလိုက်တယ်။

**ဒကာ။** ။ဒီလိုဆိုရင် အပြစ်မရှိ ကောင်းတဲ့ဆုကိုတော့ တောင်းရ မှာပဲ ဆရာတော်၊ ကျေးဇူးတင်ပါတယ် ဘုရား။

---

## နိဗ္ဗာန်ကို ကွန်ပြူတာစတဲ့ သိပ္ပံနည်းနဲ့ ရှာလို့ ရ မရ?

**ဒကာ။** ။နိစ္စ·မြဲသော၊ သုခ–ချမ်းသာ၊ နိစ္စသုခ ခေတ်သဘော ရှိတဲ့ နိဗ္ဗာန်တရားမြတ်ကို ကွန်ပြူတာစသော သိပ္ပံ ပညာရပ်ဖြစ်တဲ့ လောကခေတ်နည်း အမျိုးမျိုးတို့ဖြင့် ကြံစည် စမ်းသပ် ရှာဖွေလို့ ရနိုင် မရနိုင်၊ ပိဋကတော် အထောက်အထားနဲ့ တိုတိုကျဉ်းကျဉ်းကလေးပဲ အများမှတ်ဖို့ ဆုံးဖြတ်ပေးပါ ဆရာတော်။

**ဆရာ။** ။အင်း… နိစ္စ သုခ ဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကို ကွန်ပြူတာစတဲ့ လောကီသိပ္ပံနည်း အရပ်ရပ်တို့နဲ့ စမ်းသပ်ရှာဖွေလို့ မရနိုင်ဘူး၊ အထောက်သာကေ ပါဠိတော်ကတော့ မြတ်စွာဘုရား တရားဟောဖို့ ဆင်ခြင်တဲ့အခါ….

အဓိဂတော ခေါ မျာယံ ဓမ္မော၊ ဂမ္ဘီရော, ဒုဒ္ဒသော, ဒုရာနုဗောဓော, သန္တော, ပဏီတော, အတက္ကာဝစရော, နိပုဏော, ပဏ္ဍိတဝေဒနီယော။

**အဓိဂတော ခေါ မျာယံ ဓမ္မော။** ။ငါ ရယူတွေ့ရှိ ခံစားထားရတဲ့ လောကမှထွက်ရာ အမှန်အစစ်ဖြစ်တဲ့ ဤ နိဗ္ဗာန်တရားမြတ်သည်။

**ဂမ္ဘီရော။** ။ဝိပဿနာ ပညာလမ်းဖြင့်သာ ကြံစည်စမ်းသပ် ဖော်ထုတ်ရမည်ဖြစ်၍ အဟုတ်ပင် နက်နဲလှစွာ၏။

**ဒုဒ္ဒသော။** ။သိရှိ တွေ့မြင်နိုင်ဖို့ကလဲ ခဲယဉ်းသည်ထက် ပိုမို ခဲယဉ်းလှစွာ၏။

**ဒုရာနုဗောဓော။** ။ရှင်းလင်းပြတ်သားစွာ သဘောပေါက် နားလည်နိုင်ဖို့ကလဲ ခဲယဉ်းပြန်၏။

**သန္တော။** ။နိစ္စ-သုခ ဖြစ်၍ ငြိမ်းချမ်းအေးမြ ချမ်းသာလှစွာ၏။

**ပဏီတော။** ။နှိုင်းပြစရာမရှိ မွန်မြတ်လှဘိ၏။

**အတက္ကာဝစရော။** ။လောကဓာတ်ပညာရပ် သိပ္ပံစွမ်းအင် အတတ်တို့ဖြင့် ကြံစည်ထုတ်ဖော် လုပ်ကိုင်၍ မရကောင်းချေ။

**ပဏ္ဍိတဝေဒနီယော။** ။မဂ်ပညာရှင် ဖိုလ်ပညာရှင် တို့သာလျှင် သိမြင်ခံစားရသော သဘောအရာ ဖြစ်ချေသည်….

ဟု သဗ္ဗညုတ ညာဏ်တော်မြတ်မှာ ထင်မြင်လာလို့ပဲ၊ ဒါကြောင့် ဒီလောကုတ္တရာနိဗ္ဗာန်တရားမြတ်ကို ကွန်ပြူတာစသော လောကခေတ် ပညာရပ်တို့ဖြင့် ကြံစည်ထုတ်ဖော်လို့ မရနိုင်ဘူးလို့ သိမှတ်ထားရမည် ဒကာကြီးတို့၊ ကဲ .. ရှင်းကြရဲ့လား။

ဒကာ။ ။ဒီလိုဆိုရင် သန္တိသုခရှိတဲ့ နိဗ္ဗာန်တရားမြတ်ကို ဘယ် ပညာရပ် ဉာဏ်စွမ်းအင်ဖြင့် သိမြင် ခံယူနိုင်ပါမည်လဲ ဆရာတော်။

ဆရာ။ ။"ဝိပဿနာ ဉာဏံ နိဿာယ မဂ္ဂ ဖလ ဉာဏေန အဝစရိ တဗ္ဗော"လို့ ဟောကြားတယ်၊ ဝိပဿနာဉာဏ်ကို အခြေခံ မှီရာထားပြီးတော့ ရရှိလာတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ စွမ်းအင် သတ္တိဖြင့်သာ နိဗ္ဗာန်တရားမြတ်ကို သိမြင် ရယူ ခံစားနိုင်တယ်၊ ဝိပဿနာတရား မရှုပွားပဲနဲ့တော့ ဘယ်သောအခါမှ မရနိုင်ဘူးပဲ ဒကာကြီးတို့၊ ဒါက လူအ လူန အန္ဓတို့အတွက် မဟုတ်ဘူးနော်၊ ကလျာဏ ပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်တာ။

ဒကာ။ ။ရှင်းလင်း ဟိတ်ကျပြတ်သား၍ ကျေနပ် နှစ်သက်လှပါ တယ် ဆရာတော်၊ ဒကာကြီးကလဲ ကလျာဏထဲကပါ ဘုရား။

---

## ဗုဒ္ဓကိုယ်တော်မှာ ဂရုဂါရဝပြုစရာများ ရှိပါသေးသလား?

ဒကာ။ ။မြတ်စွာဘုရား၏ ဘဂဝါဂုဏ် ဘုန်းတန်ခိုးအရာ သူ့ထက် ကြီးမြတ်သူ မရှိပါ၊ အတုလဂုဏ် တူသူပြိုင်သူ မပေါ် မရှိပါ၊ အနုတ္တရဂုဏ်ဘော် သူ့ထက်လွန်မြတ်သူ မရှိပါလို့ ဆိုထား

တော့ကာ မြတ်စွာဘုရားရှင် ဂါရဝပြုစရာ ရိုသေလေးစားစရာများ ရှိပါသေးသလား ဆရာတော်၊ ရှိရင် သိပါရစေ ဘုရား။

**ဆရာ။** ။ရှိတယ် ဒကာကြီးတို့၊ ပဥ္စင်္ဂုတ္တရပါဠိတော် ၁၀၆၊ အဋ္ဌကထာ ၄၁-မှာ....

ဓမ္မံ ဂရုံ ကတွာ ဝေ တထာဂတော ဓမ္မဂါရဝေါ။

ရဟန်းတို့ ငါဘုရားဟာ တရားဓမ္မကို လေးစားရိုသေတယ်၊ တရားမြတ်ကို ဂရုဂါရဝ ပြုတယ်လို့ ကိုယ်တော်တိုင် မိန့်ဆိုထားတယ်။

အဲဒါကြောင့် ဘုရားရှင်တို့ရဲ့ ရိုသေလေးစားစရာဟာ တရားတော်မြတ်လို့ သိမှတ်ရမည် ဒကာကြီးတို့။

**ဒကာ။** ။သည်လို အမှန်တရားသိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်။

---

## သာမုက္ကံသိက ဒေသနာဆိုတာ ဘာလဲ?

**ဒကာ။** ။ဆရာတော် ရေးပြုတဲ့ သုတေသန အဘိဓာန်ကျမ်း ဒေသနာတော် ထုတ်ပြရာ ကဏ္ဍ ၂-မျိုး၊ ၃-မျိုးထဲမှာ သာမုက္ကံသိက ဒေသနာတော်ရဲ့ အနက်အဓိပ္ပါယ်မပါလို့ ယင်းဒေသနာတော်ကို ရှင်းပြပေးစေလိုပါတယ် ဆရာတော်။

**ဆရာ။** ။အင်း....ဖွင့်လှစ် ထုတ်ဖော်ပြသဖို့ အချိန်ကာလ သမယ ကျရောက်သောအခါ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ထုတ်ပြတော်မူသော ထင်လျှား ပြတ်သား ပေါ်လွင်တော်မူသည့် သစ္စာလေးပါး တရားတော်ကို ခေါ်ဆိုတယ် ဒကာကြီးတို့။

**ဒကာ**။ ။ဖွင့်လှစ်ထုတ်ပြဖို့ အချိန်ကာလ သမယ ကျရောက်တဲ့ အပိုင်းကဏ္ဍကို ရှင်းပြပါအုံးဆရာတော်၊ ဘယ်ကာလ ကျမှ ထုတ်ပြပါသလဲ။

**ဆရာ**။ ။သစ္စာတရားများကို ဖွင့်လှစ်ထုတ်ပြဖို့ ကျရောက်တဲ့အချိန် သမယကတော့ ဟောဒီ ၅-ချက်ပဲဖြစ်တယ်၊ဒကာကြီးတို့—

၁။ ကလ္လ စိတ္တ။ ။ဗုဒ္ဓ ဟောကြားသော တရားတော်ထဲ၌ နာယူသူစိတ် ခန့်ကျန်း ခိုင်မြဲ နေချိန် ကာလ။

၂။ မုဒု စိတ္တ။ ။စိတ်ဓာတ်သိမ်မွေ့ နူးညံ့နေချိန်ကာလ။

၃။ ဝိနီဝရဏ စိတ္တ။ ။စျာန် မဂ် ဖိုလ် တရားတို့ကို တားဆီး ပိတ်ဆို့တတ်တဲ့ နီဝရဏတရား ၆-ပါးတို့ ကင်းစင်နေချိန်ကာလ။

၄။ ဥဒဂ္ဂ စိတ္တ။ ။သစ္စာတရား သိမြင်အောင် အားထုတ် ကြိုးစားရေး၌စိတ်တက်ကြွနေချိန်ကာလ။

၅။ ပသန္န စိတ္တ။ ။"ကိလေသာ အညစ်အကြေးတို့ သန့်စင် ကြည်လင်နေသော အချိန်ကာလသမယ" ကျမှ ထုတ်ဖော်ပြသတော်မူတယ်။

**မှတ်ချက်**။ ။ဒေသနာတော် သရုပ်အပြား မျိုးကွဲများစွာကိုသိချင် ရင် သုတေသနသရုပ်ပြအဘိဓာန်- ၂၉၉ "ဒေ"ပိုင်း၌ ရှာကြည့်မှတ်သားပါလေ။

**ဒကာ**။ ။ကောင်းလိုက်တဲ့ အဖြေပါလားဘုရား၊ တိကျပြတ်သား လှလို့ ဝမ်းမြောက်ကြပါတယ် ဆရာတော်။

## မြတ်ဗုဒ္ဓလက်ထက် ကျွတ်တမ်းဝင်သူ အရေအတွက်

**ဒကာ**။ ။မြတ်စွာဘုရားသခင် သက်တော်ထင်ရှား တရားဟော စဉ် နိဗ္ဗာန်ဝင်သော ဘဝပြတ် သာဝက ဦးရေ မည်မျှ ရှိကြောင်း ပိဋကတော်မှတ်တမ်းများ ရှိပါသလား ဆရာတော်၊ ရှိရင် သိပါရစေဘုရား။

**ဆရာ**။ ။"အဋ္ဌာရသ ဗြဟ္မကောဋိယော" ဗြဟ္မာဦးရေ တစ်ဆယ့် ရှစ်ကုဋေ၊ "အပရိမာနာစ၊ ဒေဝတာယော" နတ်ဦးရေ တွေကတော့ အတိုင်းမသိ ရေတွက်လို့ မရနိုင်အောင် ကျွတ်တမ်းဝင်ကြ တယ်လို့ မိလိန္ဒပဥှာကျမ်းမှာ အဆိုရှိတယ်၊ လူဦးရေကို မပြဆိုပေမင့် ကုဋေနဲ့ချီပြီး ရေတွက်မှာပဲ၊ ဒါကြောင့် အတိုင်းမသိ ကုဋေများစွာ ဗုဒ္ဓလက်ထက်တော်မှာ ကျွတ်တမ်းဝင်တယ်လို့ မှတ်ပေတော့။

ဉာဏစာရီ ဆရာတော်ရေးသားပြုစုတဲ့ ဝိပဿနာနယဝိတ္ထာရဒီပနီ စာမျက်နှာ (၅၇)၌၂၄·သခေျ် ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်းကျွတ်တမ်း ဝင်သွားကြောင်းဟု ဖော်ပြထားတာ သိမှတ်ဖူးသေးတယ်၊ ကျမ်း ညွှန်းတော့ မပါဘူး၊ အဲဒါ ဘဝပြတ် သာဝကတွေပဲ။

## ဝိပဿနာ ကုသိုလ်သည် ဘဝကို ချုပ်ပြတ်စေသလား?

**ဒကာ**။ ။အချို့ ရိပ်သာဆရာတော်တွေက ဘဝပြတ်ကုသိုလ် ဘဝ ဆင်းရဲချုပ်တဲ့ ကုသိုလ်ဟု ဝိပဿနာတရားတွေကို ဟော ကြားအားထုတ်ခိုင်းနေကြတာ ရှိပါတယ် ဆရာတော်။

အခု ပုထုဇဉ်တွေ အားထုတ်ပွားများနေတဲ့ ဝိပဿနာကုသိုလ်ကံက ဘဝတပါးရဲ့ ပဋိသန္ဓေနေမှုကို မပေးတော့ဘူးလား ဆရာတော်၊ ပိဋကကျမ်းစာမှာ ဘယ်လိုများ ပါပါသလဲ။

**ဆရာ။** ။အင်း... ဒီပုစ္ဆာမျိုးက အဖြေရမလွယ်လှဘူး၊ ခက်ခဲတယ်၊ နက်နဲတယ်၊ ဉာဏ်နားနဲ့ ထောင်ဖမ်းမှတ်သားမှ ပြတ်သား ရှင်းလင်းစွာ သိမှာ။

မဂ္ဂင်ရှစ်ပါးနဲ့ ဝိပဿနာတရား ပွားများ အားထုတ်တဲ့ ယောဂီက ဝိဇ္ဇာဉာဏ်ရှေ့သွားသောကြောင့် ဘဝကို စက်ဆုပ် ရွံရှာသတဲ့၊သံဝေဂ ဉာဏ်နဲ့ အနိစ္စ ဒုက္ခ အနတ္တ သက်သက်ဖြစ်တဲ့ ဘဝသဘောမှကင်းလွတ်တဲ့ ငြိမ်းချမ်းအေးမြရာ နိဗ္ဗာန်ကိုသာ တောင့်တဆန္ဒပြုပြီး အားထုတ်ပြုလုပ်နေတဲ့ ကာမာဝစရ ဉာဏသမ္ပယုတ် မဟာကုသိုလ်ဖြစ်တယ်၊ ဒါကြောင့် ဧကင်္ဂုတ္တရ အဋ္ဌကထာက....

ဝိပဿနာ သမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကဍ္ဎတိ။

ကိလေသဝဋ္ဋ မပါဝင်သော ဝိပဿနာတရားပွားများ ရှုမှတ်တဲ့ သမ္မာဒိဋ္ဌိကုသိုလ်ဟာ ဘဝပဋိသန္ဓေကို မကပ်ငြိ မတွယ်တာတော့ဘူး၊ ချုပ်ငြိမ်း စေတတ်တယ်လို့ မှာဆိုထားတယ်၊ နောက် ဈာနသံယုတ် ပါဠိတော်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က....

ဈာယတေ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အင်္ဂိနာ။

ရဟန်းတို့ ဘဝပဋိသန္ဓေကို ကိလေသာတရားကသာ ဦးဆောင်ပေးနေတာဖြစ်တယ်၊ စေတနာကံကိုဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန်ခေါ် ကိလေသဝဋ္ဋသုံးပါး အညွန့် အညှောင့် အခက် အတက် မျိုးစေ့များကို ပြာကျအောင် လောင်ကျွမ်းစေနိုင်တဲ့ ဝိဇ္ဇာဉာဏ်ဦးစီးသော ဝိပဿနာ ကုသိုလ်မီးဖြင့် ရှို့ကြ မြှိုက်ကြ ဖုတ်ကြည်းကြလို့

သုဝဏ္ဏဝတီ (က) ၁၀၄–၉

ဟောကြားတော် မူခဲ့တယ်၊ ဒါကြောင့် ဘဝပြတ် ငြိမ်းချမ်းချင်ရင် ဝိပဿနာတရား ကုသိုလ်များကို ကြိုးစားအားထုတ်ပါတဲ့၊ ကဲ.... ကျေနပ်ရဲ့လား၊ ဝိပဿနာဉာဏ်က ကိလေသဝဋ် မပါတဲ့ ကမ္မဝဋ် သက်သက် လုပ်ငန်းဖြစ်တယ်။

**ဒကာ။** ။ဝိဇ္ဇာဉာဏ် အမှန်သိနဲ့ ဦးစီးပြီး ကိလေသဝဋ်ငုတ်ကို အပြုတ်ပြုလုပ်တဲ့ ကုသိုလ်မို့ ဆိုတာ ခုမှပဲ ရှင်းပါပြီ ဆရာတော်။

---

## ဝိပဿနာယောဂီသေရင် နတ်ပြည် ရောက်တယ်ဆိုတာကော မှန်ပါသလား?

**ဒကာ။** ။အနို့ ဝိပဿနာတရား အားထုတ် ပွားများတဲ့ သူဟာ သေရင် နတ်ပြည်ရောက်တယ်လို့ ပြောဟော နေကြတာ ကော မှန်ပါသလား ဆရာတော်၊ပိဋကကျမ်းဂန်များမှာ ပါလို့လား။

**ဆရာ။** ။အင်း....ဒါလဲ မှန်တာပဲ၊ စတုက္ကင်္ဂုတ္တရ ပါဠိတော်မှာ ဟောတော်မူတာရှိတယ်။

ယဿ တတ္ထ ဓမ္မပဒါနိ ပိလဝန္တိ။

ဝိပဿနာတရား ရှုမှတ်ပွားများရင်း တန်းလန်းနဲ့ သေသွားတဲ့ ယောဂီဟာ သူရောက်သွားတဲ့ ထိုနတ်ပြည်မှာ လူ့ဘဝက သူရှုမှတ် သွားတဲ့ တရားဓမ္မ အစုဟာ ပေါ်လျက် ရှုလျက် မှတ်လျက်ပဲတဲ့၊ နောက်ဆက်ပြီး ဟောတော်မူတာက....

ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ။

အင့် ဟင်၊ ငါနတ်ပြည်ရောက်နေပါပကောလား ဟူသော နတ်အဖြစ်ကို အောက်မေ့ သတိရ သိရှိခြင်းက နှေးကွေး နောက်ကျနေသေးတယ် ရဟန်းတို့ တဲ့၊ အဲဒါ ပိဋကကျမ်းစာမှာပါတဲ့စကားတွေပဲ၊ ကဲ ရှင်းရဲ့လား၊ နတ်ပြည် တိုက်ရိုက်သွားချင်ရင် ဝိပဿနာတရား ကြိုးစားအားထုတ် မုချ ရောက်ရမယ် ဒါပဲ။

**ဒကာ။** ။မှန်ပါ့ ဒကာကြီးလဲ ကြိုးစားအားထုတ်ပါမည်၊ ဒကာမကြီးကိုလဲ တိုက်တွန်းပေးရမှာပဲ ဆရာတော်၊ ပါရမီဖက်ကို ချန်ထားလို့ မဖြစ်ပါဘူးဘုရား၊ ဒါပေမင့် တွေးစရာတခုက....

---

## ဝိပဿနာအလုပ်နဲ့ ဘဝပြတ် ရှုပ်ထွေးလာပြန်ခြင်း?

**ဒကာ။** ။ခုမှ ပိုမို ရှုပ်ထွေးလာကုန်ပြီ ဆရာတော်၊ ဝိပဿနာကုသိုလ်က ဘဝကို ချုပ်ငြိမ်းပြတ်စဲစေတယ်လို့ ပထမပုစ္ဆာမှာ ဆရာတော်ပဲ ပါဠိတွေ ကိုးကားပြီး ဖြေကြားခဲ့တယ်။

အခု ဒုတိယပုစ္ဆာ ကျပြန်တော့ကာ ဝိပဿနာကုသိုလ်ကံက နတ်ဘဝ ပဋိသန္ဓေကို ပေးနိုင်တယ်၊ နတ်ပြည်လောကကို ရောက်စေတတ်တယ်လို့ ပါဠိအကိုးအကားတွေနဲ့ နတ်ပြည်သွားအောင် ဖြေကြားထားပြန်တော့ ရှေ့နောက်မညီတဲ့ ဒီအဖြေစကားကို ဒကာကြီးတို့ နားမလည်ပဲ ရှုပ်ထွေးနေတော့ကာ ဘယ်လိုမှတ်သားပြီး ဘယ်ဟာကို အမှန်ယူရမှာလဲ ဆရာတော်၊ ဒီအဖြေနှစ်ပါး တသားတည်းကျ ညီညွတ်မှုရအောင် ရှင်းပြပေးပါအုံး ဘုရား။

ဆရာ။ ။အေးလေ ဒီပုစ္ဆာမျိုးက အဖြေရ မလွယ်လှဘူးလို့ အစ ကတည်းက ပြောခဲ့သားပဲဟာ၊ ဉာဏ်နားနဲ့ ထောင်ဖမ်းမှ ပိုင်နိုင်စွာ သိနားလည်မှာ ဖြစ်တယ်၊ ကဲ... နားထောင်မှတ်သား ပေတော့၊ ရှင်းပြပေးမယ်။

ဝိပဿနာကုသိုလ်က ဒုက္ခသစ္စာ ဘဝရဲ့ဆင်းရဲကို ချုပ် ပြတ်စေတယ် ဆိုရာမှာ ယောဂီ ရှုမှတ်ပွားများ အောက်မေ့ နေတဲ့ ရုပ်နာမ်ဓမ္မတို့၏ မူလသဘာဝ အနိစ္စ ဒုက္ခ အနတ္တ သက်သက်ဖြင့် အမှန်အတိုင်း သိပျက် သိပျက် သွားကြတဲ့ အာရုံတွေထဲမှာ နိစ္စ သုခ အတ္တ ဒိဋ္ဌိသဘောနဲ့ စွဲလမ်းတဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကိလေသဝဋ်တွေဟာ မဖြစ်မလာနိုင် တော့ဘူး၊ အဝိဇ္ဇာ မောဟရဲ့နေရာမှာ ဝိဇ္ဇာ အမောဟ ဉာဏ် ဝင်လာလို့ ဒုက္ခသစ္စာ သက်သက်ပဲဟု မြင်ကာ ဘဝ၏ မခိုင် မြဲပုံ အနိစ္စ ငါမဟုတ်ပုံ အနတ္တတို့ကိုပါ တိုးတက် သိမြင်ပြန် လျက် သမုဒယသစ္စာတဏှာလောဘ၏ လိုချင်စွဲလမ်းမှု ရမ္မက် ကို တဒင်္ဂပဟာန်ဖြင့် တချက်သိမှတ် တခါပယ်ဖြတ်ပြီး ဖြစ်ဖြစ်နေတဲ့ ဝိဝဋ္ဋဉာဏသမ္ပယုတ် မဟာကုသိုလ်တွေပဲ။

အဲဒီနေရာမှာ ''အာရမ္မဏာနုသယ ခေါ်ဆိုတဲ့'' မြုံကိန်း ကိလေသာတို့ကို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ခေါ် ကိလေသဝဋ် မပါတဲ့ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌ ဝိပဿနာကုသိုလ်က ချုပ်ငြိမ်းပြတ်စဲ စေတာပဲ၊ သည့်နောက်မှာလဲ အဲဒီကိလေသ ဝဋ်မှ ဆက်ပြီး ဖြစ်ကြအုံးမည့် ကုသိုလ်ကံ အကုသိုလ်ကံတွေ ဟာ မဖြစ်ရတော့ဘူး၊ ယင်းတို့ မဖြစ်ရတဲ့အတွက် ယင်းတို့မှ တဖန်ဆက်ပြီး ပေးကြ ဖြစ်ကြရမည့် ဘဝပဋိသန္ဓေတွေဟာလဲ တခါတည်း ပြတ်ကရောပဲ၊ မဖြစ်ရတော့ဘူး၊ အဲဒါတွေဟာ

ကံနဲ့ ဘဝတွေကို ဝိပဿနာကုသိုလ်က ချုပ်ငြိမ်းစေတာပဲ၊ ဒကာကြီးတို့ရဲ့။

အဲဒီလို အဝိဇ္ဇာငြိမ်း ဝိဇ္ဇာကိန်းဝပ်တဲ့ ဉာဏ်နဲ့ ရုပ်နာမ် ဓမ္မရဲ့ သဘောမှန်ကို မှတ်တိုင်း မှတ်တိုင်း ချုပ်ပြတ်ငြိမ်းစဲသွားကြတဲ့ ကိလေသာတွေ ကံတွေ ဘဝတွေဟာ ဝိပဿနာဉာဏ်နဲ့ အမှန်အတိုင်း ရှုသိနေတဲ့ အာရုံကို အကြောင်းပြုပြီး မဖြစ်ကြရတော့ပဲ ချုပ်ငြိမ်းသွားကြတာတွေသာဖြစ်လို့ ဝိပဿနာကုသိုလ်က ပဋိသန္ဓေကို မကပ်ငြိပဲ ချုပ်ပြတ်သွားနိုင်တယ်လို့ ဖြေဆိုခဲ့တာပါ၊ ဝိဝဋ္ဋကုသိုလ် ဝိပဿနာကံတွေပဲ၊ ကဲ....ရှင်းပြီလား။

**ဒကာ။** ။အဲ့ဒီ ဝိပဿနာကုသိုလ်အလုပ် လုပ်ရင်း သေသွားရင် ဝိပဿနာကုသိုလ်ကံက နတ်ဘဝရောက်စေနိုင်တယ်ဆိုတာ ကကော ဆရာတော်၊ ဖြေရှင်းပေးပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်ပါတယ်၊ ကျေးဇူးရှင် မာန်လည်ဆရာတော်ဘုရားကြီး ပြုစုသွားတဲ့ ဒိဋ္ဌိဝိသောဓနေ ဝဇီရဂ္ဂ ဒီပနီကျမ်းမှာ ဆရာတော်ဘုရားကြီးက ...

> အချို့ဆရာတို့ကလည်း ဝိပဿနာကုသိုလ်သည် မဂ်ကိုသာ ပေးတတ်၏၊ မဂ်ကို မပေးလျှင် တစုံတခုသော လူ, နတ်, သုဂတိအကျိုးကို မပေးတတ်ဟူ၍ ပြောဆိုကြသည်လည်း ရှိ၏၊ ထိုသို့ ပြောဆိုခြင်းသည်လည်း ကျမ်းဂန်နှင့် မလျော်သည်သာတည်း။

အဲသည်အတိုင်း ရေးသားချမှတ် ဆုံးဖြတ်သွားတယ်၊ ဒါကြောင့်မို့ ဝိပဿနာတရား အားထုတ်ရင်း သေသွားရင် နတ်ပြည် ရောက်နိုင်တယ်လို့ ဆိုတာပေါ့။

**ဒကာ။** ။ဒီလိုဆို စောစောက ဆရာတော်ပဲ ဝိပဿနာကုသိုလ်က ပဋိသန္ဓေအကျိုး မပေးဘူးဟု (ဝိပဿနာ သမ္မာဒိဋ္ဌိ ပဋိသန္ဓိ နာကစုတိ) ပါဠိတွေ ရွတ်ပြီး၊ ခုတော့တခါ နတ်ပဋိသန္ဓေ ပေးတယ် ဆိုလာတော့ကာ ရှုပ်ထွေးကုန်ပြီ၊ အဲဒါလေး ရှင်းပေး ပါအုံး ဆရာတော်။

**ဆရာ။** ။မှန်ပါတယ်လေ ဖြေရှင်းပြပါ့မယ်၊ ယခုဘာဝ အတ္တ-သမ္မာပဏိဓိ-ခေါ်တဲ့ ဝိပဿနာ ကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ထဲမှာ သဟဇာတ သမ္ပယုတ္တသဘော မျိုးနဲ့ ယှဉ်တွဲပါလာတဲ့ စေတနာတွေကတော့ ပုဗ္ဗေစ ကတပုညတာ ရဲ့ စီမံချက်ကို လက်ခံပေါင်းတွဲကာ ပရမတ်ဆိုတဲ့ ဓမ္မဖြစ်စဉ်အတိုင်း မဖောက်မပြန် မှန်ကန်စွာ သူတို့ပေးရမည့် ကာမသုဂတိဘဝတွေကို စီမံပေးကြမှာပဲ၊ အကြောင်းညီညွတ်မှု ရှိနေသမျှ ဘယ်တော့မှ ချုပ်ငြိမ်းပြတ်စဲမှု မရှိဘူး၊ အဲဒါကြောင့် ဝိပဿနာကုသိုလ်စေတနာဇော တွေကို ပုဗ္ဗေစ ကတပုည ကုသိုလ်ဇောတွေက သေခါနီးမှာ အာသန္နကံသဘောနဲ့ ဝင်လာကြကာ ကမ္မနိမိတ်တွေ ထင်ပြီးတော့ သေသွားတဲ့ ယောဂီဟာ နတ်ပြည်ရောက်တာလဲမှန်တယ်လို့ ဖြေကြား ခဲ့တာပါ၊ အဲဒါမှ မရှင်းသေးရင် အဲဒီအဖြေမှတ်တမ်းကို အကြိမ် တရာလောက် ဖတ်ဖတ်ပြီး ဉာဏ်နဲ့စဉ်းစားပါ ရှင်းသွားလိမ့်မည်၊ သို့မဟုတ် အဘိဓမ္မာအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးထံမှာ သွားရောက်ကာဖြေရှင်းပေတော့ ဒါပဲ၊ အဘိဓမ္မာနည်းတွေဟာ လွယ်တာတော့ မဟုတ်ဘူးနော်။

**ဒကာ။** ။မှန်ပါ့ သဘောပေါက် ရှင်းလင်းသွားအောင် စဉ်းစား ကြံစည်ပါ့မယ် ဆရာတော်၊ ပုဗ္ဗေ စ ကတပုညတာပဲကို နည်းနည်းတော့ ရှင်းသွားပါပြီ ဆရာတော်၊ ပုဗ္ဗေ စ ကတပုည-တာက ဝိပဿနာနဲ့ တွဲသွားတာကို။

## သောတာပန်၌ ဈာန်ဖြင့်ရမည့် မဂ္ဂရိယ ရှိသေးသလော?

ဒကာ။ ။သောတာပန်ပုဂ္ဂိုလ်များ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ လုံးဝပယ်တာကိုတော့ သိပါတယ် ဆရာတော်။

သူတပါးက ကိုယ့်ထက်သာတာကို မလိုမုန်းထားတဲ့ ဣဿာတရားဆိုးနဲ့ မိမိပိုင် မိမိနဲ့စပ်ဆိုင်တဲ့ ဥစ္စာပစ္စည်းကို သူတပါးနဲ့ မဆက်ဆံမခံစားစေလိုတဲ့ ဝန်တိုမှု မစ္ဆရိယတရားဆိုးများ ရှိပါသေးသလား ဆရာတော်။

ဆရာ။ ။သောတာပန်မှာ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ,ခေါ်တဲ့ သံယောဇဉ် သုံးပါးကို အကြွင်းမဲ့ပယ်လိုက် တာကတော့ ထင်ရှားပါတယ်၊ သုတ္တန် ပါဠိတော်များများမှာလဲ....

တီဏိ သံယောဇနာနိ ပဟီယန္တိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသော....

လို့ ဟောဆိုထားတာ ရှိပါတယ်၊ အဋ္ဌကထာ ဆရာကြီးတွေကတော့ အောက်ပါအတိုင်း....

သောတာပန်ပုဂ္ဂိုလ်သည် ကိုယ့်ထက်သာ မနာလိုမှုငြူစူစောင်းမြောင်းခြင်း ဣဿာတရားနဲ့ မိမိပိုင်ဆိုင် စပ်သွယ်သော အရာဝတ္ထုတို့ကို သူတပါးနဲ့ မဆက်သွယ် မစပ်ယှက်စေလိုခြင်း ဝန်တိုမှု မစ္ဆရိယတရား ငါးပါးတို့ကိုလဲ ပယ်ထားပြီးဖြစ်ကြောင်း ဖွင့်ဆို မိန့်မှာတော်မူကြတယ်။

ဒါကြောင့် သောတာပန် ပုဂ္ဂိုလ်မှာ ဣဿာ မစ္ဆရိယတရားဆိုးများ မရှိတော့ဘူးလို့ မှတ်ရမယ်၊ အရိယာအစစ် ဖြစ်နေမှပဲဟာ ဒီတရားဆိုးနှစ်ပါးကို ဘယ်လက်ခံထားတော့မှာလဲ ဒကာကြီးတို့ရ။

ဒကာ။ ။ဝမ်းသာ ကျေနပ်ပါပြီ ဆရာတော်၊ တချို့က ရိပ်သာက ပြန်လာပြီး သောတာပန်အမည်ခံကာ လင်သားအပေါ် မသက်ာမှုတွေနဲ့ ဆူလွန်းလို့ မေးရတာပါ ဘုရား၊ ခုတော့ ရှင်းသွားပါပြီ။

## ရိပ်သာသောတာပန်နှင့် ရဟန္တာများ

ဆရာ။ ။အင်း....ဒါမျိုးတွေက သူတို့တရားထိုင်တဲ့ ရိပ်သာထဲမှာသာ သူတို့ဆရာသမားများက တင်စားပေးလိုက်တဲ့ သောတာပန် ရဟန္တာတွေပါ၊ ဓမ္မသဘောအမှန်နဲ့ ဖြစ်တာတော့ ဟုတ် မထင်ပါဘူး။

## လုပ်ရဟန္တာများ

အဲဒါတွေကို လုပ်ပေးထားတဲ့ လုပ်ရဟန္တာမျိုးတွေလို့ မန္တလေး သကျသီဟ နာယကဒကာကြီးတွေက နာမည်ပေးကြတယ်၊ရန်ကုန်မှာ အားကြီးပေါတယ်တဲ့၊ သူတို့ဟာ အဟုတ်ရဟန္တာမျိုး မဟုတ်ပါဘူးတဲ့၊ ဒါကြောင့်မို့ လုပ်ထားသောတာပန်နဲ့ လုပ်ထားတဲ့ ရဟန္တာတွေကို သတိထားပေါ့ ဒကာကြီးတို့၊ မန္တလေးမှာတော့ မရှိပါဘူးတဲ့၊ ရန်ကုန်မှာပဲ လုပ်ယူထားတဲ့ ရဟန္တာတွေပေါတယ်တဲ့။

ဒကာ။ ။မှန်ပါ့ ဆရာတော့်အမိန့်အတိုင်း လုပ်ယူပေးထားတဲ့ သောတာပန်နှင့် ရဟန္တာတွေရှောင်ကာ အဟုတ်ဖြစ်လာတဲ့ သောတာပန် ရဟန္တာတွေကိုသာ လိုက်ရှာ ကိုးကွယ် ဆည်းကပ်ပါတော့မည် ဆရာတော်။

## လောကဓံရဲ့ မူရင်းအစစ်ဆိုတာ ဘာလဲ?

ဒကာ။ ။လောကဓံဆိုတာ ဘယ်ဟာကို ခေါ်တာလဲ၊ ဘာဖြစ်လို့ လောကဓံခေါ်တာလဲ ဆိုတာ သူ့ရဲ့ မူရင်းမွေကို ရှင်းပြပေးစေချင်ပါတယ် ဆရာတော်။

ဆရာ။ ။လောကဓမ္မအကြောင်းကို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ၁၁၃၊ အဋ္ဌကထာ ၂၉၃·စာမျက်နှာမှာ....

လောကဓမ္မောတိ ခန္ဓပဉ္စကံ တံ ဟိ
လုဇ္ဇနသဘာဝတ္တာ လောကဓမ္မောတိ ဝုစ္စတိ။

လောကဓံ အစစ်ဆိုတာဟာ ခန္ဓာငါးပါးပဲတဲ့၊ မှန်ပါတယ်တဲ့၊ အဲဒီ ခန္ဓာငါးပါးဆိုတဲ့ လောကဓံတရားဟာ မမြဲခြင်း ပျက်စီးခြင်း သဘောသာ ရှိတယ်တဲ့၊ ဒါကြောင့်မို့ နိမ့်တုံ မြင့်တုံ တရားရှစ်ပါး ဖြစ်ပေါ်ရတာပါတဲ့။ .

ဒကာ။ ။အော်....လောကဓံရဲ့ မူလမွေက ခန္ဓာငါးပါးတရားပဲကို၊ ဒီခန္ဓာအကြောင်းပြုပြီးတော့ နိမ့်ချီ မြင့်ချီနဲ့ အနိဋ္ဌ ဒုက္ခတွေ ဖြစ်ပေါ်လာတာ ခုမှပဲ ရှင်းတော့တယ် ဆရာတော်။

---

## သီလသိက္ခာပုဒ်တခုပျက်က အကုန်ပျက်သလား?

ဒကာ။ ။လူ, ရှင်, ရဟန်းတို့ စောင့်ထိန်းကြသော သီလသိက္ခာပုဒ်တွေဟာ တပါးပါးကို ကျူးလွန်လို့ ပျက်သွားရင် အကုန်လုံး ပျက်သွားရောလား ဆရာတော်၊ တပါးပျက်တာနဲ့ အကုန်လုံး ပျက်ပြုန်းသွားရတယ်ဆိုတာ ဖြစ်နိုင်ပါသလား ရှင်းပြပေးပါ ဘုရား။

**ဆရာ။** ။အင်း... ဣတိဝုတ္တကအဋ္ဌကထာ ၂၂၃-မှာ လူ,ရှင်,ရဟန်း ခွဲပြထားတာ တွေ့ဘူးတယ်၊ အကျယ်ကို အဲဒီမှာ ကြည့်ပေါ့။

ဂဟဋ္ဌာနံ ယံ ယံ ဝိတိက္ကန္တံ တံ တဒေဝ ဘိဇ္ဇတိ၊
ဣတရံ န ဘိဇ္ဇတိ၊ ပဗ္ဗဇိတာနံ ပန ကေသိံ ဝိတိက္ကန္တေ
သဗ္ဗာနိ ဝိဘဇ္ဇန္တိတိ။

ကိုးပါး သီလယူထားတဲ့ လူများမှာ တပါးပျက်စီးသွားလျှင်ထို တပါးသာပျက်၏၊ ကျန်ရှစ်ပါးကား မပျက်စီးပါတဲ့ တည်နေတာပဲတဲ့။

ရှင်,ရဟန်းများ ကျတော့ကာ သိက္ခာပုဒ်တပါး ပျက်သွားလျှင် ကျန်သိက္ခာပုဒ်တွေပါ အကုန်လုံး ပျက်စီး ကုန်ပါရော့တဲ့။

**ဒကာ။** ။အင်း....ဒါကြောင့် ဘုန်းကြီးတွေ၊မကြာမကြာအာပတ်ဖြေကြတာကို နားလည်ကျေနပ်ပါပြီ ဆရာတော်။

---

## ပညာ အတိမ်အနက် သိနည်း ?

**ဒကာ။** ။လူ,ရှင်, ရဟန်း,ပုဂ္ဂိုလ်, တဦးတယောက်ရဲ့ ပညာရှိ မရှိ အတိမ် အနက်ကို သိနိုင်တဲ့နည်းများ ညွှန်ကြားချက် ပိဋကတော်မှာ ပါရှိပါသလား ဆရာတော်၊ပါရင် သိပါရစေ ဘုရား။

**ဆရာ။** ။အင်း.... ညွှန်ကြားချက်တွေ များစွာပဲ ရှိပါတယ်လေ၊ ဒကာကြီးတို့ လွယ်လွယ်နဲ့ သိထားဖို့ကို တခုပဲ ထုတ်ပြပေးမယ် မှတ်ထားလိုက်ပါ။

သာကစ္ဆာယ တဿ ပညာ ဝေဒိတဗ္ဗာ။

ပညာရှိ မရှိ သိချင်ရင် ထိုသူနဲ့ ဆွေးနွေးမေးမြန်းမှု ပြုပါတဲ့၊ထိုသူ၏ ပညာ အတိမ်အနက် ပေါ်လာပါလိမ့်မယ် တဲ့၊ ဒါကလဲ ကိုယ်က ပညာခေတ်ခံလေး ရှိထားဦးမှ သိရမှာနော်။

**ဒကာ**။ ။ဝမ်းသာလှပါတယ် ဆရာတော်၊ သူနဲ့ ပေါင်းကြည့်မှ သိရမှာပဲကို။

---

## ရဟန္တာ စစ် မစစ်ကို သိနည်း ?

**ဒကာ**။ ။ခု ခေတ် ဆဋ္ဌသံဂါယနာကြီးရဲ့နောက်ပိုင်း သာသနာ ၂၅၀၀-ကျော်အပိုင်းမှာ ရဟန္တာတွေက ဟိုမှာပေါ် သည်မှာပေါ်နဲ့ ရဟန္တာဟုတ်,မဟုတ်,စစ်,မစစ်ကို သိနိုင်တဲ့ နည်းများ ရှိရင် ညွှန်းပြပေးပါ ဆရာတော်။

**ဆရာ**။ ။ရဟန္တာအစစ်အမှန်ကို သိဖို့ဆိုတာက သူတော်ကောင်း အစစ်က သူ့ကိုယ်သူ ငါ ရဟန္တာဖြစ်နေပြီ၊ ငါရဟန္တာ ပဲလို့ ဘယ်သောအခါမှ မပြောဘူးတဲ့ ဒကာကြီးတို့ရဲ့။

ရဟန္တာ စစ် မစစ်ကို သိချင်ရင် ''သံဝါသေန ဇာနိတဗ္ဗာ'' ထိုသူနဲ့ နီးကပ်စွာ အတူနေ၍ အပြုအမူကို အကဲခတ်ကာ သိနိုင်၏တဲ့၊ တချို့ရဟန္တာနဲ့ အတူနေပေမင့် ရဟန္တာမှန်း မသိတာတွေ ရှိသေးတယ်၊ မိမိ ရထားတဲ့ မဂ်ဖိုလ်တရားကို အလွန်သိပ်သည်း လျှို့ဝှက်တော်မူကြတယ်၊ မြတ်နိုးစွာနဲ့ သိမ်းဆည်း စောင့်ရှောက်တော် မူကြတယ်။

**ဒကာ**။ ။ယခုလို အမှန်သိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်။

## မိမိ အရိယာဖြစ်ကြောင်း မပြောပြကောင်းဘူးလား?

**ဒကာ**။ ။သစ္စာလေးပါး သိမြင်လို့ အရိယာ ဖြစ်သွားတဲ့ သူဟာ မိမိ အရိယာဖြစ်ကြောင်း သူတပါးအား မပြောကြားကောင်းဘူးလား ဆရာတော်၊ ဗုဒ္ဓစာပေက ဘယ်လိုပါသလဲလို့ ကွဲပြားအောင် မိန့်ကြားပါအုံး ဘုရား။

**ဆရာ**။ ။ဒကာကြီးအမေးရဲ့ အဖြေနဲ့ ဆင်တူကို သုတ်မဟာဝါ အဋ္ဌကထာ ၂၇၀-မှာ....

ပဋိလဒ္ဓဘာဝံ ပန နိမိလဒ္ဓ ပုရိသောဝိယ န အညဿ အာရောစေတုကာမော ဟောတိ။

ဘဝတာမှာ သုံးစားလို့ မကုန်နိုင်အောင် တန်ဖိုးရှိတဲ့ ရတနာရွှေအိုးကြီးကို တွေ့သိ ရယူထားတဲ့သူဟာ သူတပါးအား မော်ကြွားလိုတဲ့စိတ်ထားနဲ့ မပြောကြားလိုပဲ သိုသိပ်စွာ သုံးဆောင်နေသလို မိမိကိုယ်တိုင် အဟုတ်အမှန် ရရှိထားလို့ မဂ်ဖိုလ်ပိုင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အစစ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ သူတို့ရရှိထားတဲ့ အတိုင်းမသိ တန်ဖိုးရှိတဲ့ မဂ်ဖိုလ်တရားကို မည်သူ အားမျှ မပြောကြားဘူးလို့ ဆိုတယ် ဒကာကြီးတို့ရ၊ ကဲ.... ဘာ ပြောချင်သေးလဲ ?

**ဒကာ**။ ။သည်လိုဆိုရင် ဝန်တိုမစ္ဆေရ ဖြစ်ရာ မကျဘူးလား ဆရာတော် ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။ဝန်တိုခြင်း မဖြစ်ပါဘူး၊ သူတို့ရဲ့အလို စိတ်သဘော သန့်ရှင်း စင်ကြယ်စွာ ဖြစ်ပုံကို သုတ်မဟာဝါ အဋ္ဌကထာ ဆရာကြီး ဆက်ပြီးတော့ ပြဆိုပုံက....

အဟောဝတ မယာ ပုဋ္ဌိလဒ္ဓဂုဏံ သဒေဝကော လောကော ခိပ္ပမေဝ ပဋ္ဋိဝိဇ္ဈေယျာတိတိ စိတ္တံ ဉပ္ပဇ္ဇတိ။

ငါရသိပြီးတဲ့ မင်္ဂဖိုလ်တရားထူး ဂုဏ်ကို နတ်လူအပေါင်းတို့ လျင်မြန်စွာ ထိုးထွင်းသိမြင်ကြပါစေဟူသော စိတ်အကြံ အလိုတော် ဖြစ်၏လို့ ဆိုထားတယ်၊ သူများကို မပြောပြချင်ဘူး၊သူတို့ရသလို ရစေ ချင်တယ်၊ ဒါပဲ၊ အဲဒါ အတိုင်းမသိ တန်ဖိုးရှိတဲ့ တရားရတနာ အစစ် တွေမို့လို့ပဲ။

**ဒကာ**။ ။ရှင်းလင်းကောင်းမြတ် ကျေနပ်လှပါတယ် ဆရာတော်။

---

## ဥပုသ်သည်များ သီချင်းဆိုသံကို နားထောင်ကောင်းသလား?

**ဒကာ**။ ။သီလ စောင့်ထိန်းသော သီတင်းသည်နဲ့ တရားအား ထုတ်သော ယောဂီများဟာ သီချင်း (ဂီတ) သံကို နားထောင်ကောင်းပါသလား ဆရာတော်၊ ကျမ်းဂန်နဲ့အညီ ရှင်းပြ ပေးပါဘုရား၊ တချို့က နားထောင်ကောင်းတယ် ပြောဟောနေကြ လို့ပါ။

**ဆရာ**။ ။အင်း...ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာမှာ ဖွင့်ဆိုထားတာကတော့....

ယံ ပန အတ္တနိဿိတံ ဓမ္မနိဿိတံ ကုမ္ဘဒါသီ ဂီတမ္ပိ သုဏန္တဿ ပသာဒေါဝါ ဉပ္ပဇ္ဇတိ နိဗ္ဗိဒါဝါ သဏ္ဌာတိ ဝေဠုပေါ သဒ္ဒေါ သောဝိတဗ္ဗော။

အဲသည် သီချင်း ဂီတသံဟာ "အတ္တနိယိတ ခေါ်တဲ့" အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဖြစ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကို ကြည်ညိုလိုချင်လာအောင် စပ်ဆိုထားတဲ့ ဂီတသံမျိုးနဲ့ လောကီကုသိုလ်, အကုသိုလ်ကံတို့ကြောင့် ရရှိမည့် ဆင်းရဲဒုက္ခ အကျိုးတို့ကို လန့်ကြောက် ရွံမုန်းလာအောင် စပ်ဆိုထားတဲ့ ဂီတ, သီချင်းသံမျိုးကို ဖြစ်စေ၊ "ဓမ္မနိယိတခေါ်တဲ့" အကျိုးကိုဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံ အရိယမဂ်လေးပါးတို့တွင် ပြုလုပ်သင့်တာ အမြန်ပြုလုပ်အောင် ရှောင်ကြဉ်သင့်တာကို အမြဲရှောင်ကြဉ်အောင် ရေးစပ် သီကုံးထားတဲ့ သီချင်းမျိုးဆိုလျှင် အိုးထိန်းသည်၏ ကျွန်မက သီဆိုတဲ့ သီချင်းသံပင်ဖြစ်ပလေစေ နားထောင်ကောင်းတယ်တဲ့၊ အဲဒါပဲ။

မှတ်ချက်။ ။နားထောင်တဲ့အခါ သာယာမှုဖက်တဲ့ တဏှာသံ မပါရဘူး၊ သဒ္ဓါသက်သက် တက်ကြွမှုစိတ်ဓာတ် ဖြစ်ရမည့် တေးဂီတမျိုးသာဟု မှတ်ရမည်၊ ခုခေတ် ထူးမခြားနားတို့၊ တေးဘုမ္မာတို့လို သာယာစွာ အတီးအမှုတ်တွေနဲ့ တွဲပြီး သီဆိုထားတဲ့ ဂီတ သံစုံမျိုးကား (အပါယ ဂမိက) အပါယ်လားမျိုးသာဟု မှတ်ပါလေ၊ ဆင်ခြေတက်စရာ မလိုဘူး ဒါပဲ။

၁က၁။ ။ကောင်းမြတ်မှန်ကန်တဲ့ အဖြေစကား ဩဝါဒများဖြစ်လို့ ယာဝဇီဝံ အသက်ရှည်သမျှ လိုက်နာစောင့်ရှောက်ပါမည် ဆရာတော်။

## စိတ်-နာမ် လျင်မြန်ပုံ ကာလပမာဏ အမေး

**ဒကာ**။ ။စိတ်နာမ် သဘောဟာ ပြော မပြနိုင်အောင် လျင်မြန်စွာ ဖြစ်ခြင်းရှိတယ်လို့ ပြောဆိုကြပါတယ်၊ ကာလပမာဏကို သိပါရစေ ဆရာတော်။

**ဆရာ**။ ။နာမ်ခန္ဓာခေါ်တဲ့ စိတ် စေတသိက် နာမ်တို့ရဲ့ ဖြစ်ပျက်ခြင်း လျင်မြန်ပုံ ပမာဏကို သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဆရာကြီးက....

နာမက္ခန္ဓာ နာမ ကောဋိသတ သဟဿ
သင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

နာမ်တရားစုတို့ဟာ လက်ဖျစ်တတွက် ခဏမှာ ကုဋေပေါင်း တသိန်း အရေအတွက်ဖြစ်ပြီးတော့ ပျက်သွားကြတယ်တဲ့။

အဲဒါလောက် လျင်မြန်ခြင်းသဘောရှိတယ်၊ ဒကာကြီးတို့ရဲ့၊ ဒါက ပုထုဇဉ်တို့ အသိဉာဏ် အရာမဟုတ်ဘူး၊ အဘိညာဉ် တန်ခိုးရှင်တို့ရဲ့ အသိဉာဏ် အရာဖြစ်တယ်၊ ဒကာကြီးတို့ သိချင်ရင် အဘိညာဉ် တရားကိုရအောင် ကြိုးစားအားထုတ်ပေါ့၊ ကိုယ့်ဉာဏ်မမီပဲနဲ့ အရမ်း ဝေဖန်မနေနဲ့၊ ဗုဒ္ဓဘာသာက အပြောမဟုတ်ဘူး၊ အလုပ်နဲ့ပြပြီး မှတ်တမ်းတင်ကြတာ ဖြစ်တယ်။

**ဒကာ**။ ။မှန်ပါ့ ယုံကြည် ကျေနပ်ပါတယ် ဆရာတော်။

---

## သာသနာတော်၏ ဦးတည်ချက် ပန်းတိုင်ရှိသလား?

**ဒကာ**။ ။လုပ်ငန်း ဝါဒတခု တည်ထောင်ရင် ဦးတည်ချက် ပန်းတိုင်ဆိုတာ ရှိရစမြဲပဲ ဆရာတော်၊ ဒါကြောင့် ဗုဒ္ဓ

သာသနာတော်ရဲ့ ဦးတည်ချက် ပန်းတိုင်ကို သိပါရစေ ဆရာတော်၊ ပိဋကကျမ်းဂန်က ဘယ်လိုများ ညွှန်ကြားစေခိုင်းပါသလဲ ဘုရား။

**ဆရာ။** ။ဗုဒ္ဓသာသနာတော် ဝင်သူတို့ ချီတက်ရယူ သုံးဆောင် ခံစားကြရမည့် ဦးတည်ချက် ပန်းတိုင်ကို ပိဋကတော် ကျမ်းဂန်များမှာ ပြဆိုတာကတော့....

အရဟတ္တ ဖလ ပရိယောသာနံ ဘဂဝတော သာသနံ။

မြတ်စွာဘုရားသခင်၏ အဆုံးအမတော် **သာသနာသည် အရဟတ္တဖိုလ်လျှင်** ပြီးဆုံးခြင်းရှိ၏တဲ့၊ အဲဒါကြောင့် **သာသနာဝင် ဗုဒ္ဓဘာသာ**တို့၏ အပြီးတိုင်လုပ်ငန်း ပန်းတိုင်**ကား အရဟတ္တ**မဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာပဲလို့ မှတ်ယူရမည် ဒကာကြီးတို့၊ အဲဒီ ရောက်အောင် ချီတက်ရမှာ။

**ဒကာ။** ။အမိန့်အတိုင်း မှတ်သား အားထုတ် ချီတက်ပါမည် ဆရာတော်၊ ဒကာကြီးတို့က နတ်–ဗြဟ္မာ ချမ်းသာ ထင်ဒါ။

---

## ကမ္မဋ္ဌာန်းထိုင်သူဟာ ညောင်းရင် မပြင်ရဘူးလား?

**ဒကာ။** ။ကမ္မဋ္ဌာန်းထိုင်သူဟာ ဣရိယာပုထ်ကို မပြင် မပြောင်းပဲ တခါတည်း တောက်လျှောက် ထိုင်နေရတော့မှာလား ဆရာတော်၊ ညောင်း မပြင်နဲ့ ယား မကုတ်နဲ့ စသည်ဖြင့် ကမ္မဋ္ဌာန်းပြ ဆရာတွေက တားမြစ်ထားတော့ တကြိမ်ထိုင်ပြီး လန်ကုန်ကြရော၊ နောက်ခေါ်လို့ မရတော့ဘူးဘုရား၊ အဲဒါလေး ကွဲပြားအောင် မိန့်ကြားပါအုံး ဘုရား။

**ဆရာ။** ။အင်း....နားထောင် ရှင်းပြမည်၊ ခံစားမှု ဒုက္ခဝေဒနာ ပြင်းထန်လွန်းက သမာဓိ မရနိုင်ကြောင်းကို မူလပဏ္ဏာသ ပါဠိတော် ၇၂၊ အဋ္ဌကထာ ပ-အုပ်၊ ၂၆၇-၌....

တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဥ္ဇေတွာ ပသာရေတွာ
ဝေ ဝါ ဠှိတဿ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ စိတ္တံ ကေဂ္ဂံ
န လဘတိ ကမ္မဋ္ဌာနံ ပရိ ပတတိ ဝိသေသံ နာဓိဂစ္ဆတိ။

"တရား အားထုတ်တဲ့အခါ၌ လက်ခြေတို့ကို မပြင်ဆင် မပြောင်းလဲပဲ အကြာကြီးကွေးလျက် ဆန့်လျက် အတိုင်းထားခြင်းဖြင့် တရားမှတ်ဆဲ ခဏတိုင်း ခဏတိုင်း ဝေဒနာတွေ ဖြစ်ပေါ်လာကာ စိတ်တည်တံ့မှု မရနိုင်တော့ပဲ တရားအမှတ်တွေလဲ ကျဆင်းယုတ်လျော့ကာ ထူးမြတ်သော မဂ်ဖိုလ်တရားသို့ မရောက်နိုင်ဘူး"လို့ အမှန်အတိုင်း ပြဆိုထားတာ ရှိပါတယ်။

အဲဒါကြောင့် မချိမဆန့် မနေနိုင်အောင် ဆင်းရဲဒုက္ခ ပေါ်နေရင်လဲ သိမှတ်စိတ်နဲ့ တရားမလွတ်စေပဲ ပြောင်းလဲနိုင်ပါတယ်၊ မပြောင်းပဲ သည်းခံနိုင်ရင်တော့ အကောင်းဆုံးပဲ ဒကာကြီးတို့၊ ခန္တီဟာ သည်ခနရာမှာ အရေးကြီးတယ်၊ အဲဒါကို(အနုလောမခန္တီ) မဂ်ဖိုလ်နဲ့ လျော်တဲ့ ခန္တီတဲ့ ဒကာကြီးတို့ရဲ့ ဒါထက်ပိုပြီး ဖြေစရာမရှိပါဘူး။

**ဒကာ။** ။အမှန်သိရလို့ ဝမ်းသာလှပါတယ် ဆရာတော်၊ အနုလောမခန္တီဟာ တရားထိုင်တဲ့ အခါမှာ ဆိုတာကို အခုမှပဲ သိရပါတယ် ဘုရား၊ သည်းခံရင် နိဗ္ဗာန်ရောက်ဆိုတာ ဒါပဲကိုး။

သုစမ္မဝတီ (က) ၁၀၄-၁၀

## ဓမ္မဒါနနှင့် အလှူခံသူ ပုဂ္ဂိုလ်ဖြစ် ရှိသလော ?

**ဒကာ**။ ။“သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ”ဒါနမျိုးများစွာတို့တွင် ဓမ္မဒါနကသာ အမြတ်ဆုံး ဖြစ်တယ်လို့ ဆိုထားရာ ဘုရားနဲ့ သံဃာကိုတော့ တိုက်ရိုက် ရှေတော်မှောက် ဖူးတွေ့ ပေးလှူလို့ ရတယ်။

တရားတော်ဆိုတာက ဓမ္မသဘော သက်သက် ပုဂ္ဂိုလ် ပုံပန်း သဏ္ဌာန်လဲ မရှိတဲ့ ဒီဓမ္မသဘောတရားကို ဘယ်လိုလုပ်ပြီး ဝတ္ထု ပစ္စည်းတွေနဲ့ ပေးလှူရမှာလဲ ဆရာတော်၊ ဓမ္မဒါန ပေးလှူပုံနည်းများ ပိဋကတော်မှာ ပါရင် ညွှန်ကြားပါဘုရား။

**ဆရာ**။ ။အင်း....ဒါလဲ မေးစရာပါပဲ၊ ပိဋကသုံးပုံမှာ သုတ္တန်မျိုး ခုဒ္ဒကနိကာယ် (၁၅) ကျမ်းထဲ၌ ဇာတိစုတ်ကျမ်း အဂ္ဂပသာဒန သုတ်တော်မှာ....

ဓမ္မံ ပူဇေဿာမီတိ ဓမ္မစာရေ ပုဂ္ဂလေ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ။

တရားဓမ္မကို ပေးလှူချင်လို့ရှိရင် မြတ်စွာဘုရား၏ တရားတော်များကို မှန်ကန်စွာ အပြည့်အစုံ သင်ယူ ပို့ချပေးနေကြသော စာသင်သား၊ စာချပုဂ္ဂိုလ်များနဲ့ ပိဋကတော်ဓမ္မကို အဟုတ်အမှန် သင်ယူ တတ်သိထားတဲ့ တရားဟောဓမ္မကထိကများကို ပေးလှူပူဇော်ခြင်း သည် ဓမ္မကို ပေးလှူပူဇော်ခြင်း ဓမ္မဒါန ဖြစ်ပါတယ်တဲ့။

**မှတ်ချက်**။ ။ခုကာလ ပိဋကစာပေ အခြေခံမရှိ မတတ်ပဲ အိုးနင်း ခွက်နင်း တေးသီချင်းဆိုနေတဲ့ သာသနာဖျက် ဓမ္မကထိကတွေကို ဆိုတာမဟုတ်၊ စာပေ အခြေခံ ပညာရှိ ဓမ္မကထိကကို ဆိုတာဟု မှတ်ပါ။

**ဒကာ**။ ။သည်တိုင်းပဲ မှတ်ယူ ရွေးချယ် ပူဇော်မှု ပြုပါမည် ဆရာတော်၊ ဒါပေမင့် ခေတ်အမျိုးသမီးတွေရော ခေတ်အမျိုးသားတွေပါ ရယ်စရာမျှားများနဲ့ အိုးနင်း ခွက်နင်းတေးသီချင်းဆို ဓမ္မကထိကတွေကိုသာ ကြည်ညိုနာယူချင်ကြတာက များနေပြီ ဆရာတော်၊ သာသနာတော့ ပျက်စပြုလာပြီဘုရား။

---

## ဗုဒ္ဓပိဋကတော်၌
## ကျန်းမာရေးရာ ဒေသနာရှိပါသလား?

**ဒကာ**။ ။ဗုဒ္ဓဘုရားက "အာရောဂျံ ပရမံ လာဘံ" ဆုလာဘ် အပေါင်းတို့တွင် ကျန်းမာရေးလာဘ်ဟာ အမြတ်ဆုံးပဲလို့ ဟောကြောင်းနဲ့ သိရပါတယ်။

ဗုဒ္ဓရဲ့ ဒေသနာတော်မှာ အသက်ရှည်ရာ အနာကင်းကြောင်းအတွက် ဟောပြည့်ကြားချက်များ ရှိပါသလား ဆရာတော်၊ ရှိရင် သိပါရစေ ဘုရား။

**ဆရာ**။ ။ပဉ္စင်္ဂုတ္တရပါဠိတော် အာယုဿ ၂-သုတ်ပေါင်း ဆယ်ပါးထဲမှ တူရာကိုပေါင်းလိုက်ရင် (၇) ပါး ရတယ်၊ အဲဒီ (၇) ပါးကို ဗုဒ္ဓဘုရား ညွှန်ကြားတယ်လို့ ဆိုရမှာပဲ ဒကာကြီးတို့ကဲ....ရေးမှတ်ပေတော့။

၁။ သပ္ပါယ ကာရီ။ ။ကျန်းမာရေး လျော့ကျင့်မှုနဲ့ အစာရေ လေ တို့ကို လတ်ဆတ်စေခြင်း၊ ရာသီဥတု၌ မျှတစွာ နေထိုင်ခြင်း။

၂။ သပ္ပါယေ မတ္တံ ဇာနာတိ။ ။ကိုယ်နှင့် သင့်သော်လဲ အတိုင်းအရှည် ပမာဏကို သိ၍ သုံးစားရခြင်း။

၃။ ပရိဏတ ဘောဇီ ဝ ဟောတိ။ ။ကြေညက်လွယ်သော အစာများကိုသာ မှီဝဲရခြင်း၊

၄။ ကာလ စာရီ စ ဟောတိ။ ။သွားလာရေး၌ အချိန်ကာလကို ပါးနပ်လိမ်မာရခြင်း၊ (အချိန်, ပူ, အေး မိက အသက်အန္တရာယ်)

၅။ ဗြဟ္မစာရီ စ။ ။မေထုန်ကို ရှောင်ကြဉ် ဆင်ခြင်ရခြင်း၊ ယင်း လွန်များက အသက်တိုစေသည်။

၆။ သီလဝါ။ ။ကိုယ်ကျင့်တရား မပျက်စေရ။ (ကိုယ်ကျင့် ပျက်က အသက်တိုသည်)

၇။ ကလျာဏ မိတ္တော စ။ ။ကျန်းမာရေးကို ပြုပြင်ပေးတတ်သော ဆေးဆရာ မိတ်ဆွေကောင်းများ ရှိထားရခြင်းတဲ့ ဒကာကြီးတို့ရဲ့။

**ဒ က ၁။** ။တပည့်တော်တို့ လိုက်နာစရာတွေ သိရလို့ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ ဘုရားဟော ပိဋကတော်မှာ လိုလေသေးမရှိ ပြည့်စုံလှပါကလား ဘုရား။

## နိယတ ဂတိကော မြဲသောဂတိဆိုတာ ဘာတွေလဲ ?

**ဒကာ။** ။ဆရာတော်တို့ ရေစက်ချတဲ့အခါ (နိယတ ဂတိကော) မြဲသော ဂတိရှိသည်ဆိုတာ ဘာကို မြဲသောဂတိလို့ ဆိုတာလဲ ဆရာတော်။

**ဆရာ။** ။အင်း...သေပြီးတဲ့နောက် လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ မုချကေန် ရောက်ရတာကို မြဲသောဂတိလို့ ဆိုတယ်၊ အပါယ်လေးပါး မလားနိုင်တဲ့ ပုဂ္ဂိုလ်တွေပေါ့။

---

## ဂတိမြဲတာ ဘယ်သူတွေလဲ ?

**ဒကာ။** ။အဲဒီ ဂတိမြဲတာက ဘယ်လိုသူမျိုးတွေလဲ ဆရာတော်၊ ဒကာကြီးတို့ နားလည်အောင် နည်းနည်းလောက် ရှင်းပြပါအုံးဘုရား။

**ဆရာ။** ။ကောင်းပြီ နားထောင် ရေးမှတ်ပါ၊ တိုတိုနဲ့လိုရင်း ရှင်းပြမည်၊ ပါဠိကျမ်းဂန်တွေ ထုတ်ပြ မနေတော့ဘူး၊ အပါယ် မလားပဲ ဂတိမြဲတဲ့ ပုဂ္ဂိုလ်အမျိုးအစားတွေက....

၁။ ဈာန်ရနေတဲ့ ဈာနလာဘီပုဂ္ဂိုလ်တွေသေရင် ဗြဟ္မာ့ပြည်ို့ လားတယ်။

၂။ ဗြဟ္မာ့ပြည်ရောက်နေတဲ့ ဗြဟ္မာကြီးတွေ သေရင် လူ့, နတ်, ဗြဟ္မာ အဲဒီဌာနတွေမှာသာ ပြန်ဖြစ်လေ့ ရှိတယ်၊ အပါယ်သို့ တိုက်ရိုက် မလားနိုင်ဘူး။

၃။ မဂ်ရောက် ဖိုလ်ဝင် အရိယာအရှင်မြတ်တွေ။

၄။ ရုပ်နာမ်ကို ပိုင်းခြားထင်ပြီး ဒိဋ္ဌိစင်ကာ ဝိပဿနာတရား ပွားများအားထုတ်နေတဲ့ ဝိပဿနာ ယောဂီတွေရယ်။

၅။ မြောက်ကျွန်းသူတွေ ငါးပါးသီလမြဲလို့ အပါယ်မလား ဘူးတဲ့။

အဲသည် ပုဂ္ဂိုလ် ၅-မျိုးဟာ လားရာဂတိမြဲတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်တယ်၊ အဲဒါကိုပင် (နိယတ ဂတိကော-မြဲသောဂတိ ရှိသည်လို့) ဆိုတာ၊ ကဲ....ရှင်း၍လား။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ သည်စကားဟာ ရေစက်ချဆရာ က ထည့်ဆိုနေပေမင့် မြဲအောင်လုပ်မှ မြဲမှာပါ၊ ထည့်ဆို နေတာဟာ အပိုချိန်ဖြုန်းတာနဲ့ ရေဖြုန်းနေတာပဲ ထင်တယ်။

ဆရာ။ ။ဒကာကြီး ရှေ့မဆက်နဲ့ တော်တော့၊ ရေစက်ချ ဆရာ တော်တွေက မေတ္တာဝစီကံနဲ့ ဆိုပေးတာ၊ ဂတိမြဲ မမြဲ ကတော့ ကိုယ်ရဲ့အလုပ်ပဲ၊ ကိုယ်ဟာကိုယ် မြဲအောင်လုပ်ပေါ့။

---

## မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို ဘယ်သုတ်မှာ ဟောထားပါသလဲ ?

ဒကာ။ ။မိစ္ဆာဒိဋ္ဌိ အမျိုးအစား ၆၂-ပါးကို မြတ်စွာဘုရား ဘယ် သုတ်များမှာ ဟောကြားတော်မူခဲ့ပါသလဲ ဆရာတော်။

ဆရာ။ ။ယာနိ စိမာနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဗြဟ္မဇာလေ ဘဏိတာနိ။

မိစ္ဆာဒိဋ္ဌိ အမျိုးအစား ၆၂-ပါးကို ဒီဃနိကာယ် ဗြဟ္မဇာလသုတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူတယ်တဲ့၊ သိချင်ရင် အဲဒီကျမ်းမှာ ရှာကြည့်၊ စာကြည့် မပျင်းရဘူး၊ ၆၂-ပါး အရေအတွက်ကို ဆက်မေး မနေနဲ့တော့၊ ဆွမ်းစားသွားဖို့ ကားရောက်နေပြီ။

**ဒကာ။** ။ကျေနပ်လှပါတယ် ဆရာတော်။

---

## မအိုအောင် အသက် ရာထောင်ရှည်အောင် ပြုနည်း ဘုရားဟော ရှိသလား?

**ဒကာ။** ။သာသနာဝင် ကျမ်းစာတွေထဲမှာ မအိုအောင် လုပ်တဲ့နည်း၊ အသက် ရာ, ထောင် ရှည်အောင် လုပ်တဲ့ နည်းနယများ ဘုရားဟော ရှိပါသလား ဆရာတော်။

**ဆရာ။** ။ဆဋ္ဌသံဂါယနာတင် သာသနာဝင်ကျမ်းဂန် နေတ္တိပါဠိတော်မှာတော့....

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ။

''အိုချိန်ကာလ၌ မအိုရအောင် ကြံဆောင် စီမံ ပြုလုပ်ခြင်းငှါ စွမ်းနိုင်သည်''လို့ ဆိုထားတာ တွေ့ဘူးတယ်၊ ဘယ်လို ဘယ်နည်း လုပ်ရပုံတို့ကိုတော့ ညွှန်ပြ မထားဘူး၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ ကျမ်းဆရာကြီးကတော့ အသက် ရာ ထောင် ရှည်နည်းကို....

ရသာယန ဘေသဇ္ဇံ ပန သုစိရံပိ ကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကောတိယေဝ။

ရသာယန ခေါ်တဲ့ ဆေးထူး ဆေးမြတ်ကို ဖော်စပ်စီရင် မှီဝဲခြင်းဖြင့် အသက်ရာထောင် ကြာမြင့်စွာ တည်နေနိုင်ကြောင်း စွမ်းအင်ရှိပုံကို ပြဆိုထားတာ တွေ့ရတယ်၊ ဆေးနည်း အမယ်ကိုတော့ ပြမထားဘူး ဒကာကြီးတို့ စားချင်ရင် စီရင်တတ်တဲ့ ဆရာသမားများထံ ဆည်းကပ် ခ,စားပေတော့။

**မှတ်ချက်။** ။ယင်း နုပျိုနည်း အသက်ရှည်နည်းဟာ မုချရှိတယ်လို့ "သက္ကတေဝ သက္ကောတိယေဝ" ဟု ဝေသန္တရါနဲ့ ကေန်မုချ ပြဆိုထားတယ်၊ ဒါကြောင့် ယုံကြည်ရမည်လို့ မှတ်ပါ။

**ဒကာ။** ။ဆေးနည်းအမယ် မဖော်ပြတော့ကာ လမ်းပြမြေပုံ မပါပဲ သမုဒ္ဒရာထဲ သွားရသလို ဖြစ်နေတာပေါ့ ဆရာတော်။

---

## ဝိဝေက ဆိုတာ ဘယ်နေရာမျိုးလဲ ?

**ဒကာ။** ။ဝိပဿနာတရား အားထုတ်တဲ့အခါ ဆိတ်ငြိမ်ရာ ဝိဝေကအရပ် ဆိတ်ငြိမ်သော ဝိဝေကနေရာကို ရွေးချယ်ရှာယူရမည်ဟု ပြောကြပါသည်၊ ဝိဝေက-ဆိတ်ငြိမ်ရာဆိုတာ လူသူမနီးတောတောင်ကြီးအရပ်ကို ခေါ်ဆိုတာလား ဆရာတော်၊ အနည်းငယ်ရှင်းပြပေးပါဘုရား။

**ဆရာ။** ။"ကိလေသေဟိ ဝိဝိတ္တတ္တာ ဝိဝေကော"လို့ ပဋိသမ္ဘိဒါမဂ်၌ ဆိုတယ် ဒကာကြီးတို့ရ၊ အဓိပ္ပါယ်က မိမိတို့ အမြဲတစေ စွဲယူဖြစ်ပေါ်ခံစားနေကြတဲ့ ကိလေသာတရား လောဘ ဒေါသ

မောဟ စိတ်များ ကင်းဆိတ် ငြိမ်ဝပ်တဲ့ သမယကို ''ဝိဝေက-ဆိတ်ငြိမ်သော နေရာအရပ်''လို့ မှတ်ရမည် ဒကာကြီးတို့။

လူသူမနီး တောတောင်ကြီး လိုဏ်ဂူကြီးထဲမှာ ဝင်နေပေမင့် တရားအမှတ်ကို သတိမေ့ပြီး မတည်မငြိမ်ပဲ ကိလေသာအာရုံတွေထဲ စိတ်ရောက်နေရင် ဝိဝေက အရပ်ဌာန မဟုတ်ဘူးပဲ။

ဒါကြောင့် ဘယ်နေရာ ဘယ်အရပ်မှာပဲ နေနေ မေ့မတဲ့ သတိနဲ့ တရားအမှတ်ထဲမှာ စိတ်ခိုင်မြဲ တည်တံ့နေရင် ဝိဝေက· ဆိတ်ငြိမ်တဲ့ နေရာဌာနဖြစ်တယ်၊ ကိလေသာတို့မှ ဆိတ်ငြိမ်တဲ့ နေရာလို့သာ မှတ်ပေတော့ ''သတိ ဝိရဟိတော ဝိဝေကောနာမ နတ္ထိ''လို့လဲ ပါဠိတွေ အများကြီးပဲရှိပါတယ်၊ ကာယဝိဝေကတွေ ဘာတွေ လျှာရှည် မနေနဲ့၊ ဒီကတော့ တိုတိုတိတိပဲ ပြောတတ်တယ်။

**ဒကာ**။ ။မှန်ပါ့၊ တိုတိုတုတ်တုတ်နဲ့ အဆုံးအဖြတ်ကို သိမှတ်ရလို့ ကျေးဇူးတင် ဝမ်းသာလှပါတယ် ဆရာတော်၊ ဒါထက်....

---

## ဝိဝေကဆိုတာ ဘာအနက် သဘောလဲ ?

**ဒကာ**။ ။ဝိဝေက ခေါ်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်သဘောကိုလဲ ပြောပြပေးပါအုံး ဆရာတော်၊ ဒကာကြီးတို့ သိရုံလောက်ပေါ့။

**ဆရာ**။ ။အင်း....ဝိ, က တပုဒ်၊ ဝေ, က တပုဒ်၊ နှစ်ပုဒ်ပေါင်းထားတဲ့ ပါဠိစကားပဲ၊ ယင်းရဲ့ အနက်သဘောကို သည်လိုမှတ်ပေါ့။

ဝိ=ကိလေသာ အာရုံတို့မှ ကင်းဆိတ်သော။

ကေ=တခုတည်းသော စိတ်။

ဝိဝေက=ကိလေသာ အာရုံတို့မှ ကင်းဆိတ်သော တခုတည်းသော စိတ်တဲ့၊ ဒီစကားကိုပဲ နေရာ "ဌာန"နဲ့ တွဲစပ်ပြီးတော့ ဆိတ်ငြိမ်ရာ ဌာနလို့ ခေါ်ဆိုနေကြတာ ဖြစ်တယ်၊ အမှန်က "စိတ်ငြိမ်ရာဌာန"လို့ ခေါ်ဆိုရင် ပိုကောင်းမှာ၊ ကဲ....ကျေနပ်ပြီလား၊ ဒါက ဝိပဿနာ ဘာဝနာအတွက် ပြောတာနော်၊ သမထအတွက် မဟုတ်ဘူး။

**ဒကာ**။ ။ကျေနပ်ပါပြီ ဆရာတော်၊ ဒကာကြီးက တော,တောင်, လျှို, မြောင်, လိုဏ်, ဂူချောင်တွေထဲမှာ တယောက်တည်း သွားရောက်အားထုတ်မှ (ဝိဝေက) ဆိတ်ငြိမ်ရာ ဖြစ်တယ် မှတ်လို့ပါ၊ ခုတော့ ရှင်းပါပြီ။

---

## အနတ္တဆိုတာ ဘာတွေလဲ ?
## ဘာကြောင့် ဘာဖြစ်လို့ အနတ္တမည်တာလဲ ?

**ဒကာ**။ ။ဗုဒ္ဓဘာသာဝင်တိုင်း အနတ္တ အနတ္တနဲ့ ပါးစပ်က ပြောကြတယ်၊ အနတ္တ ဆိုတာ ဘယ်ဟာတွေလဲ ဘာကြောင့် ဘာဖြစ်လို့ အနတ္တခေါ်တာလဲ၊ တိုတိုနဲ့ နားလည်အောင် ရှင်းပြပေးပါအုံး ဆရာတော်။ (ပန်းမောင်-သုဓမ္မဝတီ)

**ဆရာ**။ ။သဗ္ဗေ ဓမ္မာ အနတ္တာ တဲ့၊ ဘယ်ဟာမဆို ဘာမဆို ရှိသမျှတွေဟာ အနတ္တချည်းပဲ၊ အားလုံး ကုန်အောင်စုံ တရားဓမ္မတွေဟာ အနတ္တတွေသာဖြစ်တယ်လို့ မှတ်ရမယ်။

၁။ အ သာရကတ္ထေန အနတ္တာ။ ။အနှစ်သာရ အခိုင်အမာ အားထားမှီခိုစရာ တတိုတစမျှ မရှိသောကြောင့် မရှိလို့ အနတ္တခေါ်တယ်။

၂။ အ ဝသဝတ္တနတော အနတ္တာ။ ။ငါလဲမဟုတ် ငါ့ဥစ္စာလဲ မရှိ ငါ့အလိုမလိုက် ငါ့အကြိုက်မပါ ငါလိုရာမပြီး အချည်းနှီး အပျက်သဘောကိုသာ ဆောင်နေသောကြောင့် ဆောင်နေလို့ အနတ္တခေါ်တယ်။

၃။ အ နိဿရေန အနတ္တာ။ ။စိုးရ ပိုင်ဆိုင် ကိုယ်ပိုင်ဆိုတာ ဘာတခုမျှ မရှိသောကြောင့် မရှိလို့ အနတ္တခေါ်တယ်။

၄။ ယံ ဒုက္ခံ တံ အနတ္တာ။ ။ဆင်းရဲဒုက္ခ အစု အစုသဘောတွေ မှန်သမျှဟာ အားလုံးကုန် အနတ္တချည်းပဲ၊ အနတ္တလို့ ခေါ်တယ်မှတ်။

အဲဒါအတိုဆုံး အသိရလွယ်နိုင်ဆုံးအဖြေပဲ၊သဘောပေါက်ကြပါ၊ မြတ်ဘုရားကို ခံတိုက်တဲ့ အထဲမှာ အနတ္တမကြိုက်တဲ့သူတွေဟာ အများဆုံးပဲ၊ နေရာတကာ အတ္တချည်း ယူနေကြတာ ဒကာကြီးတို့ရဲ့၊ အဲဒီထဲမှာ သုဓမ္မဝတီ ဒကာကြီး ဦးပန်းမောင်က ပထမနေမှာပဲနော်။

## နိဗ္ဗာန်ဟာ နိစ္စ သုခရှိနေတဲ့ အတ္တလော ?

ဒကာ။ ။သည်လိုဆို အနှစ်သာရ အခိုင်အမာ နိစ္စ သုခ သဘောကို ဆောင်ပြီး မပျက်မစီးပဲ အမြဲတစေ ငြိမ်းအေးချမ်းသာနေတဲ့ နိဗ္ဗာန်တရားဟာ အတ္တမည်တာပေါ့ ဆရာတော်၊ ဘယ်လိုယူဆပါသလဲ?။

**ဆရာ။** ။နိဗ္ဗာန်တရားမြတ်ဟာ နိစ္စ=မြဲသော၊ သုခ=ငြိမ်းအေးချမ်းသာတာတော့ အမှန်ပဲ၊ ဒါပေမင့် ဒကာကြီးတို့ ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်ပစ္စည်း အတ္တဟုတ်ကဲ့လား၊ သူ့ကို အစိုးတရ ယူသုံးခံစားနိုင်သလား၊ အကယ်၍ ငါ့ဥစ္စာ ငါ့ဟာပိုင် အစိုးတရ အနေနဲ့ ဆွဲယူသုံးစားနိုင်တဲ့ အတ္တဖြစ်ရင် အခုပဲ နိဗ္ဗာန်ကို ထုတ်ယူပြီး သုံးစွဲခံစားပြစမ်းပါ ဒကာကြီးတို့၊ ဆရာတော် ကြည့်ချင်လို့ပါ၊ နော အတ္တ=ငါမဟုတ်လို့၊ န မေ သိယာ=ငါ့ဟာမဖြစ်တာပေါ့၊ဒါကြောင့် “သဗ္ဗေ ဓမ္မာ အနတ္တာ” လို့ ဟောတာလို့ မှတ်ရမယ်။

**ဒကာ။** ။မှန်ပါ့၊ သဘောပေါက်ပါပြီ ဆရာတော်။

---

## ဗုဒ္ဓရဲ့ ဓမ္မတွေဟာ ဘိက္ခုတွေ၏ အတွက်သာလော?

**ဒကာ။** ။မြတ်စွာဘုရား ဟောကြားသွားတဲ့ ဓမ္မတွေ ဖတ်လိုက်ရင် ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ ဘိက္ခု=ရဟန်းစသည်ဖြင့် ရဟန်းတွေကိုသာ ခေါ်ခေါ်ပြီး ဟောတော်မူတာတွေက များနေတော့ လူ, နတ်တို့အတွက် မပါသလို ဖြစ်နေတယ်၊ လူတွေ နတ်တွေကိုတော့ ဘာ့ကြောင့် မခေါ်တာလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....တော်တော် အတွေးအခေါ်များတဲ့ ဒကာကြီးတို့ပဲ၊ ကဲ.... နားထောင် ရှင်းပြမည်၊ ဝိဘင်း အဋ္ဌကထာမှာ....

ယော ဣမံ ပဋိပတ္တိံ ပဋိပဇ္ဇတိ၊ သော ဘိက္ခု နာမ ဟောတိ၊ ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိ သင်္ချံ ဂစ္ဆတိ ယေဝ။

ဘယ်သူမဆို နတ်, ဗြဟ္မာပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ် မြတ်စွာဘုရား ဟောကြားတဲ့ ဤတရားမြတ်ကို ကျင့်ကြံအားထုတ်တဲ့ သူမှန်သမျှဟာ ဘိက္ခုမည်တာချည်းဖြစ်၏၊ ဘိက္ခု အရေအတွက်သို့ ရောက်၏ တဲ့။

ဒါကြောင့် ဘိက္ခုဆိုတဲ့ပုဒ်ဟာ တရားကျင့်တဲ့သူကို ဆိုတာ ဒကာကြီးတို့လဲ တရားကျင့်တဲ့ သူများဖြစ်ရင် ဘိက္ခုပဲပေါ့၊ ကဲ... ရှင်းပြီလား။

ဒကာ။ ။ရှင်းပါပြီ ဆရာတော် ကျေနပ်ပါတယ် ဘုရား။

## ဝိပဿနာကံက ဇာတိကို မပေးတော့ဘူးလား?

ဒကာ။ ။ဆရာတော်များ တရားဟောရင် ဝိပဿနာဉာဏ်အမြင် ကိုချည်း ဦးစားပေး ဟောကြတာပဲ၊ "အသင်္ခတဂါမိ မဂ္ဂေါ ဝိပဿနာ" ဝိပဿနာကုသိုလ်ကမှ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တယ်ဆိုတော့ကာ အခု ရှင် လူ ရဟန်းတွေ ကြိုးပမ်း အားထုတ်နေကြတဲ့ ဝိပဿနာကုသိုလ်ကံက နောက်ဘဝ ဇာတိ ပဋိသန္ဓေကို မပေးတော့ဘူးလား ဆရာတော်။

ဆရာ။ ။ဒီပုစ္ဆာမျိုးကို လွန်ခဲ့သော (၃) နှစ်လောက်က လာမေး လို့ ဖြေပြီးသားလို့ ထင်တယ်၊ ကဲ...နားထောင်ကြပေါ့၊

ဗုဒ္ဓရဲ့သာဝကဟာ ''ဥဇုပ္ပဋိပန္န'' နိဗ္ဗာန်ကို ဖြောင့်တန်းစွာ ရည်မှန်းကာ ဝိပဿနာမဗ္ဂကို ကြိုးစားပွားနေရင် ...

ဝိပဿနာ သမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကၶတိ။

အဲဒီ ဝိပဿနာ သမ္မာဒိဋ္ဌိကုသိုလ်က နောင်ဘဝဇာတိ ပဋိသန္ဓေကို မဆွဲယူ မကပ်ငြိတော့ဘူးလို့ ကေဂုတ္တရ အဋ္ဌကထာက ဆိုတယ်။

မဟာဝဂ္ဂသံယုတ် ပါဠိတော်ကလဲ ''ဣဒံ ဝိပဿနာ ကံမ္မံ ကမ္မက္ခ- ယာယ သံဝတ္တတိ'' ဤ သမ္မာဒိဋ္ဌိ ဝိပဿနာကုသိုလ်ကံဟာ ဘဝ ဒုက္ခကို ပေးစေတတ်တဲ့ ကံကို ကုန်ခန်းချုပ်ပျောက်စေတတ်တယ်လို့ ဆိုထားတယ်။

ဒါကြောင့် ဝိပဿနာကုသိုလ်ကို အမွန်းတင်ပြီး ဟောကြား တိုက်တွန်းနေကြတာ ဒကာကြီးတို့ရဲ့၊ နောက်ပြီးတော့လဲ ဝိပဿနာ တရား အားထုတ်သူ၏ အကျိုးခံစားခွင့်ကို ရှေးဆရာတော်ကြီး တွေက....

> ရောဂါကြီးမူ၊ ညည်းညူမရှိ၊ သတိမမေ့၊ သေနေ့သိပြန်၊
> မျက်ဖူးလန်၍၊ ပြင်းထန်ကြောဆွဲ၊ မရှိပဲနှင့်၊ သေလဲတောင့်
> တင်း၊ (၃) ရက်တွင်း၌၊ ပုပ်ခြင်းကင်းသည်၊ ကျိုးရင်း
> ဝိပဿနာ တန်ခိုးတည်း။

လို့ ရေးသား စပ်ဆိုတော်မူထားကြတယ်၊ ကဲ ...ကျေနပ်လောက် ပါပြီနော်၊ အဲသည် ဝိပဿနာအကျိုးရ လက်ာထဲမှာ ဘဝတပါး နတ်ပြည်လားသည်လို့ မပါဘူး၊ အဲဒါ သတိထားစရာပဲ။

**ဒကာ**။ ။ကျေနပ် နှစ်သက်လောက်တဲ့ ဖြေဆိုချက်ပါပါပဲ ဆံရာတော်၊ မှတ်မိပါပြီဘုရား၊ ဆရာတော် အရင်ဖြေတုန်းက ဒီလက်ာ မပါဘူး။

## ပုထုဇဉ်ရဟန်းသည် ဒက္ခိဏေယျအလှူကို ခံယူထိုက်သလော ?

**ဒကာ**။ ။သံဃာ့ဂုဏ်တော် ၉ ပါးထဲမှာ ဒက္ခိဏေယျ- မြတ်သော အလှူကို ခံယူထိုက်တဲ့ ဂုဏ်ရှိရမည်ဆိုတာဟာ အရိယာ သံဃာတော်များ အတွက်ကိုသာ ဆိုတာမဟုတ်ပါလား ဆရာတော်။

အရှင်ဘုရားတို့လို ပုထုဇဉ်သံဃာတော်များဟာ ဒက္ခိဏေယျ အလှူခံထဲ ပါနိုင်ပါသလား ဆရာတော်၊ ကျန်းဂန်နဲ့အညီ ရှင်းပြ ပေးပါ ဘုရား။

**ဆရာ**။ ။အင်း… ဒီနေရာမျိုးမှာ ဒကာကြီးတို့ ရှေးဦးစွာမှတ်သား ထားဖို့က အရိယာဆိုတာ နှစ်မျိုးရှိတယ်။

၁။ သေက္ခ အရိယာ။ ။သောတာပတ္တိမဂ်ပုဂ္ဂိုလ်က စပြီးတော့ အရဟတ္တမဂ်ပုဂ္ဂိုလ်အထိ အဲဒီ (၇) ယောက်ကို သေက္ခ (၇) ယောက်လို့ ခေါ်တယ်။

၂။ အသေက္ခ အရိယာ။ ။အရဟတ္တဖိုလ်ပုဂ္ဂိုလ် ရဟန္တာအရှင် မြတ်ကို အသေက္ခပုဂ္ဂိုလ်လို့ ခေါ်တယ်။

ဒကာကြီးတို့က ကျမ်းဂန်နဲ့အညီ ကျမ်းဂန်နဲ့အညီလို့ ထည့်ထည့် ပြောတာဟာ ကျမ်းဂန်နဲ့မညီတဲ့အဖြေတွေများ ဒီက ပေးဘူးလို့သား၊ ကိုင်း.. နားထောင် မှတ်သားပေတော့၊ ကျမ်းဂန်တွေ အများကြီးနဲ့ ထုတ်ပြ ဖြေရှင်းပေးမယ်။

ဒုကင်္ဂုတ္တရ အဋ္ဌကထာ ဆရာမြတ် အမိန့် မှတ်ချက် ချပုံကို **နားထောင် မှတ်သားပါ**။

> သေက္ခောတိ ဣမိနာ သတ္တ သေက္ခေ ဒဿေတိ၊ တွေ စ သီလဝန္တ ပုထုဇ္ဇနေနာပိ သောတာပန္နေနေဝ သင်္ဂဟိတော။

သေက္ခဆိုတာ ဤ သေက္ခအရိယာ (၇) ယောက်ကို ပြဆိုတာ ပါပဲတဲ့။

သည်နေရာမျိုးမှာတော့ သီလနဲ့ပြည့်စုံတဲ့ ပုထုဇဉ်ရဟန်းကိုလဲ သောတာပန်ပုဂ္ဂိုလ်မျိုးထဲမှာ ထည့်ပြီး ရေတွက်ယူပါတဲ့။

နောက် ဝိနည်းပိဋကတော် ပါရာဇိက အဋ္ဌကထာ ဆရာမြတ်ကလဲ သည်လို မိန့်မှတ်ပြန်တယ်။

> သေက္ခောတိ ပုထုဇ္ဇန ကလျာဏကေန သဒ္ဓိံ သတ္တ အရိယာတိ။ ။တိဿော သိက္ခာ သိက္ခန္တီတိ သေက္ခာ။

သေက္ခလို့ ဆိုတာဟာ ရုပ်နာမ်တို့၏ အနိစ္စသဘောကို ပိုင်းခြားသိမြင်တဲ့ ကလျာဏပုထုဇဉ် ရဟန်းနှင့်အတူ သေက္ခအရိယာ (၇) ယောက်ကို ယူပါတဲ့။

အဓိသီလ အဓိစိတ္တ အဓိပညာ ဆိုတဲ့ သိက္ခာတော် (၃) ရပ်ကို ကျင့်ကြံ အားထုတ်တတ်သောကြောင့် သေက္ခဆိုတဲ့ ဘွဲ့ထူးအမည်ကို ရကြတာပါတဲ့။

နောက် ဝိမတိ ဝိနောဒနီ ဋီကာဆရာ အရှင်မြတ်ကလဲ ဟောဒီလို မိန့်မှတ်ပြန်တယ်။

> သတ္တာနံ သေက္ခာနန္တိ တွေ ကလျာဏ ပုထုဇ္ဇနာပိ သင်္ဂဟိတာ။

အောက်မဂ် အောက်ဖိုလ် သေက္ခအရိယာပုဂ္ဂိုလ် (၇) ယောက် ဆိုရာမှာ ကလျာဏ ပုထုဇဉ် ရဟန်းတော်တွေကိုပါ ပေါင်းယူရေတွက်ကြ တဲ့။

နောက် တချက် တေရသကဏ် ဋီကာဆရာမြတ်ကြီးကလဲ တေရသကဏ် ပထမအုပ်မှာ....

သီလဝါပိ ဟိ ဣမာယ သိက္ခာယ သမန္နာဂတတ္တာ သေက္ခောတွေ၀ ဝုစ္စတိ။

မှန်ပါတယ်တဲ့ သီလရှိတဲ့ရဟန်းတော်ဟာ ဤလို အကျင့်သိက္ခာတွေနဲ့ ပြည့်စုံတာဖြစ်လို့ သေက္ခ အရိယာပုဂ္ဂိုလ် ခေါ်ဆိုထိုက်ပါတယ်တဲ့။

အဲဒီလို ကျမ်းတွေ ဂန်တွေ ပိဋကစာတွေက ပြဆိုထားသောကြောင့် ဆရာတော်တို့လဲ ဒက္ခိဏေယျ အလှူခံထဲ ပါဝင်ပါတယ်လို့ ဖြေကြားလိုက်တယ်၊ ကဲ....သဘောကျရဲ့လား၊ ဘာများ စောဒက ဝင်ချင်သေးသလဲ။

ဒကာ။ ။ကျမ်းဂန်တွေ စုံလွှန်းလို့ သည်အဖြေစကားတော်များကို သဘောကျ ကျေနပ်လှပါတယ် ဆရာတော်။

---

## ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံ ကိရိယာနှင့် အားပေးစက်ဘီးကြီး (၂) ခု ဆိုတာ?

ဒကာ။ ။ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးထဲ၌ အမြဲအားပေး လည်ပတ်နေတဲ့ စက်ဘီးကြီး (၂) ခုဆိုတာ ဘယ်ဟာများပါလဲ ဆရာတော်၊ အလည်ရပ်ပုံနှင့် သူ့စက်ကိရိယာ အစုံအလင်ကိုပါ သိပါရစေ ဘုရား။

သုဓမ္မဝတီ (က) ၁၀၄–၁၁

**ဆရာ။** ။အင်း....မိုးကုတ် ဓမ္မရိပ်သာမှာ သွားမေးရမဲ့ ပုစ္ဆာပဲ၊ ကဲလေ....ဖြေပါ့မယ်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး စက်ကိရိယာ အစိတ်အပိုင်းတွေထဲမှာ အားပေးစက်ဘီးကြီး ၂-ခု ဆိုတာဟာ....

၁။ အဝိဇ္ဇာခေါ်တဲ့ ရှေ့အားပေး စက်အိုးဘီးကြီးတခု၊ သူ့မှာ ဝေဒနာအထိ စက်ကိရိယာ အစိတ်အပိုင်း (၇) မျိုး ပါတယ်။

၂။ တဏှာခေါ်တဲ့ နောက်စက်ဘီးအိုးကြီး တခု၊ သူ့မှာလဲ မရဏအထိ စက်ကိရိယာ (၅) ခု ရှိတယ်။

အဲဒီ (၂) ခုထဲက ရှေ့အားပေး စက်ဘီးကြီးဖြစ်တဲ့ အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ်နဲ့ ရိုက်ချိုး ဖောက်ခွဲပစ်လိုက်ရင် မလည်နိုင် မသွားနိုင်တော့ပဲ ရပ်စဲ ပျက်စီးသွားရော။

ရှေ့ဘီးကြီးဖြစ်တဲ့ အဝိဇ္ဇာမရှိရင် နောက်ဘီးကြီးဖြစ်တဲ့ တဏှာဟာလဲ တခါတည်း အလည်ရပ်ကာရော ပျက်ကရောပဲ။

ဒါကြောင့် အဝိဇ္ဇာကို အရင် ဖျက်ရှင်း ချိုးဖဲ့ပြီး အလင်းရောင်ဉာဏ်အမြင်ရအောင် နာယူ သင်ကြား လိုက်စားရမယ်၊ နေရာတကာမှာ ဉာဏ်မဂ္ဂင် ၂-ပါးဟာ အရေးကြီးတယ်၊ ဒါပဲ ရှင်းရဲ့လား၊ ပညာမဂ္ဂင် ၂-ပါးလို့လဲ ခေါ်တယ်။

**ဒကာ။** ။ကောင်းလိုက်တဲ့ အဖြေပါလား ဆရာတော်ဘုရား၊ ရှင်းလင်း ကျေနပ်လှပါတယ်၊ အဝိဇ္ဇာကို ကြိုးစား ပယ်ပါ့မယ်၊ ဟိုနေ့ညက ဓမ္မကထိကတပါး ဟောသွားတာ ခုမှ ရှင်းတော့တယ်။

## အဆိုးဝါးဆုံးသော ရောဂါဆိုတာ ဘယ်ရောဂါမျိုးလဲ ?

**ဒကာ**။ ။အနာအမျိုး ၉၆-ပါးထဲမှာ လူသားတွေကို အနှိပ်စက်ဆုံး အဆိုးဝါးဆုံး အလွန်ကဲဆုံး နေ့ရှိသမျှ နှိပ်စက်နေတဲ့ ရောဂါမျိုးကို ဗုဒ္ဓဘုရား ဟောကြားချက်များ ရှိပါသလား ဆရာတော်။

**ဆရာ**။ ။အင်း....ခုမေးတဲ့ ၉၆-ပါးသော ရောဂါအနာတွေက ဒါလောက် မဆိုးပါဘူး၊ ဆေးကုလို့ ရပါသေးတယ်၊ အဲဒီထဲမှာ မပါတဲ့ ရောဂါဆိုး တမျိုးရှိတယ်၊ အဲဒီရောဂါကတော့ ဆေးကုလို့ကို မပျောက်နိုင်ဘူး၊ သူပျောက်ရင် ခဏ (၁၂) နာရီ လောက်ပဲ၊နောက်ပြန်ပေါ်လာတာပဲ၊ အဲသည်ရောဂါဟာ ငါဘုရားနဲ့ တကွ သတ္တဝါတွေကို နေ့ရှိသမျှ အနှိပ်စက်ဆုံးပဲလို့ ဗုဒ္ဓဟောပြထား တာရှိတယ် ဒကာကြီးတို့ရဲ့၊ မွေးရာပါ ရောဂါဆိုးပဲ။

**ဒကာ**။ ။ဘယ်လိုရောဂါမျိုးပါလဲ ဆရာတော်၊ဘုရားရှင်ကိုတောင် အမြဲနှိပ်စက်နေတယ်ဆိုတော့ ပြောပြပါအုံးဘုရား။

**ဆရာ**။ ။ဓမ္မပဒပါဠိတော်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် မိမိ ရရှိထားတဲ့ ကိုယ်ကောင်ကြီးရဲ့ နှိပ်စက်ပုံ ဆင်းရဲကို....

ဇိဃစ္ဆာ ပရမာ ရောဂါ—

လို့ ဟောကြားထားတယ်၊ လောက၌ ဆာလောင်မွတ်သိပ်တဲ့ ရောဂါမျိုးထက် ဆိုးသွမ်း လွန်ကဲတဲ့ ရောဂါ ဘယ်မှာမှ မရှိပါဘူးတဲ့၊ နေ့ရှိသမျှ အချိန်ကာလ ရှိသမျှ ကျွေးမွေးကုသပေးလို့ပဲ မပြီးနိုင် ဘူးတဲ့၊ ငါဘုရားသော်မှ မိုးလင်းသည်နှင့် သက်နှင်းတော်ရုံလို့ သပိတ်

ပိုက်ပြီး ထွက်ရတာ သည်ရောဂါဆိုးကြောင့်ပဲလို့ ခန္ဓာ၏ ဒုက္ခသစ္စာကို ပြတော်မူတယ်။

**ဒကာ။** ။မှန်လိုက်တာ ဆရာတော်၊ အစာအာဟာရတွေ ထည့်ပေးလို့ပဲ မဆုံးနိုင်ဘူး၊ နေ့ရှိသမျှ ကျွေးနေရတဲ့ ခန္ဓာကောင်ကြီးပဲ။

**ဆရာ။** ။အင်း ...ဒါကြောင့် ဘုရားမြတ်က ချစ်သားတို့ ခန္ဓာကိုယ် မလိုချင်ကြနဲ့၊ "**ခန္ဓသမာ ဝေရီ နတ္ထိ**" ခန္ဓာနှင့်တူတဲ့ ရန်သူဟာ ဘယ်မှာမှ မရှိဘူးတဲ့ ဒကာကြီးတို့ရဲ့။

**ဒကာ။** ။ကြောက်လှပါပြီ ဆရာတော်၊ ဆာတာလဲ သူပဲ၊ နာတာလဲ သူပဲ၊ ဘယ်လောက် ကောင်းကောင်းထားပေမင့် သူကပဲ သေအောင်သတ်တာပဲ၊ ဒီ ခန္ဓာကိုယ်ကို ပြန်မလိုချင်တော့ပါဘူး ဘုရား။

---

## သုဒ္ဓဓမ္မ ဉာဏ်အမြင်ဆိုတာ ဘာလဲ ?

**ဒကာ။** ။ဝိပဿနာလုပ်ငန်းက သန့်ရှင်းစင်ကြယ်တဲ့ သုဒ္ဓဓမ္မ သက်သက်ကို မြင်အောင်ရှုရမည်၊ ဉာဏ်အလုပ်ဟု ဟောပြောနေကြရာ သုဒ္ဓဓမ္မကို ဘယ်လို သိမှတ်ရမည်လဲ ဆရာတော်၊ သုဒ္ဓဓမ္မဆိုတာက ဘယ်လိုတရားမျိုးပါလဲ ဘုရား။

**ဆရာ။** ။အင်း.... သည်အလုပ်က ငါ၊ အတ္တဒိဋ္ဌိ ဖြုတ်ရမှာ ဖြစ်တယ်၊ အိမ်က ဒကာမကြီးကို ငါ့ဟာထင်နေရင်တော့ မလွယ်လှဘူး၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းမြတ် ဒု-၂၇၇-၌ ဆိုထားတယ်။

၁။ ကမ္မဿ ကာရကော နတ္ထိ၊
၂။ ဝိပါကဿ စ ဝေဒကော။
၃။ သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
၄။ ဝေမေတံ သမ္မဒဿနံ။

၁။ လောကကြီးထဲမှာ အကောင်းအဆိုးကံကို ပြုလုပ်နေတဲ့ သူ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိ၊ ကံသာရှိ၏။ (စေတနာကို ယူပါ)

၂။ ကံကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဖလ အကောင်း အဆိုးတို့ကိုလဲ ခံစားတတ်တဲ့ ငါ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိ၊ ဝေဒနာဓမ္မက သာ ခံစားနေတာ ဖြစ်တယ်။

၃။ ပြုလုပ်နေသော ကံတရားနှင့် ကံကြောင့် ဖြစ်သော အကျိုးတရားသက်သက် သုဒ္ဓဓမ္မတို့သာ ဖြစ်ပျက်နေကြ ကုန်၏။

၄။ ဤလို သုဒ္ဓဓမ္မကို ရှုကြည့်မှတ်သား ပွားနေမှုသည် သမ္မဒဿန ဉာဏ်မြင် အမှန်ပဲ၊ သည်အတိုင်း ဝိပဿနာ ဓမ္မကို ရှုပွားမှတ်သားရမည်၊ ငါ၊ ရှုပွား မှတ်သားနေ တာ မဟုတ်ဘူးနော်။

## ကောင်းမှုရှင်ဆိုတာ ရှိသလော ?

၁၈၁။ ။ယခုလို အမြင်မှန်ကို ထောက်ပြပေးလိုက်တာ ဝမ်းသာ လှပါတယ် ဆရာတော်၊ သည်ဒေသနာအရ ဆိုရင် ကောင်းမှုရှင်ဆိုတာ မရှိဘူးပေါ့၊ ပြုလုပ်သူ အထည်ဒြပ်မှ မရှိတဲ့

ဟာကို သူတို့က ကောင်းမှုရှင်ကြီးတွေ လုပ်နေကြတယ်၊ အာသိဉာဏ် မှန် နည်းကြသကို၊ မိစ္ဆာဒဿနတွေပဲ။

ဆရာ။ ။ဟာ....သည့်လိုလဲ အပြတ်မယူရဘူး၊ ဒသဝတ္ထုက သမ္မာ ဒိဋ္ဌိဆိုတာ ရှိသေးတယ်၊ သမ္မုတိသစ္စာနယ်ထဲက ကျောင်း ဒကာ အနာထပိဏ်၊ ကျောင်းအမ ဝိသာခါတို့ ဆိုတာတွေ ရှိသေး တယ်၊ သူ့နေရာနဲ့ သူ ယူရကယ်၊ ခေါ်ရတယ်လေ။

---

## ဗုဒ္ဓဘုရား ဆွမ်းစားပြီးနောက် အနားယူသလား?

ဒကာ။ ။ဝိဇ္ဇာစရဏ သမ္ဗုဒ္ဓဂုဏ်တော်အရ စရဏဘာရေး ၁၅-ပါး တို့တွင် ဇာဂရိယာနုယောဂ ကျင့်စဉ်၌ မြတ်ဗုဒ္ဓသည် ညဉ့်သုံးယာမ်တွင် နောက်ဆုံး မိုးလင်းယာမ်၏ သုံးပုံ ပုံ၍ တပုံသာ ကျိန်းစက်အနားယူတော်မူတယ်၊ ကြွင်းသော နေ့ ညဉ့်တို့၌ ထကြွ လုံ့လ ဝီရိယ ရှိတော်မူတယ်ဟု ဆိုကြရာ ကိုယ်တော်မြတ် အနား ယူချိန် မနည်းလွန်းဘူးလား ဆရာတော်၊ ပိဋကတော်မှာ သည်မှ တပါး အနားယူပုံများ ရှိပါသေးသလား။

ဆရာ။ ။ဟုတ်တယ် ဝိဇ္ဇာ စရဏ သမ္ဗုဒ္ဓဂုဏ်တော် အဖွင့်မှာတော့ (၂၄) နာရီမှာ (၁) နာရီနဲ့ မိနစ် (၂၀) သာ လည်း လျောင်း အနားယူတော်မူတယ်လို့ ဆိုတယ်။

မူလပဏ္ဏာသ ပါဠိတော် မဟာသစ္စက သုတ္တန်မှာတော့ မြတ်စွာ ဘုရားသခင်သည် နွေလ၏အဆုံး နယုန်လပြည့်ကျော်မှစ၍ ဝါဆို လဆန်းပိုင်းအထိ ပုဒ္ဒရဘတ္တ ၊ ကိစ္စအပြီး၌ ဒုကုဋ်သင်္ကန်းကြီးကို

ခေါက်ခင်းလျက် အနည်းငယ် ကျိန်းစက် အပန်းဖြေတော်မူသည်ဟု ပါရှိသည်၊ အဲဒါကိုတော့ အထူးမှတ်ပေါ့၊ စာမျက်နှာ ၁၃၆-မှာ အကျယ်ကြည့်နိုင်တယ်၊ ရုပ်ရှဲသဘာဝကို ယာပနနဲ့ ပြုပြင်ပေးရတာ ကိုလဲ သတိ မမေ့ရဘူး။

**ဒကာ**။ ။အမိန့်အတိုင်း မှတ်သားပါမည် ဆရာတော်၊ ညဏ် တတိယယာမ်ကို သုံးပုံ·ပုံပြီးတော့ တပုံသာ ကျိန်းစက် တော်မူတယ်ဆိုတော့ အနားယူချိန် နည်းလွန်းလို့ မေးမိတာပါ ဆရာတော်။

---

## အဋ္ဌကထာဆိုတာ ဘာလဲ?

**ဒကာ**။ ။အဋ္ဌကထာ အဋ္ဌကထာနဲ့ ပြောဆိုနေကြတာ အဋ္ဌကထာ ဆိုတာ ဘာလဲမေးတော့လဲ နားရှင်းအောင် မဖြေ နိုင်ကြဘူးဆရာတော်၊ ဒါကြောင့် အဋ္ဌကထာ အဘိဓာန်ပုဒ်ရဲ့ အနက် အဓိပ္ပါယ်ကို ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။ဘဂဝတော ဟိ အဓိပ္ပါယံ ဥတွာ ဥပါလိ ထေရာဒီဟိ အဋ္ဌကထာ ထပိတာ။

မြတ်စွာဘုရား ဟောကြားတော်မူမည့် စကားတော်ရဲ့ အနက် အဓိပ္ပါယ်တို့ကို မြတ်စွာဘုရား၏ အာဘော်ကျအတိုင်း တသွေမတိမ်း သိတော်မူကြတဲ့ အရှင်ဥပါလိစတဲ့ မထေရ်မြတ်တို့က "ဗုဒ္ဓဘုရား အကျဉ်းအားဖြင့် ဟောကြားသွားတဲ့ စကားပုဒ်ကလေးတွေရဲ့ အနက် အဓိပ္ပါယ်ကို ထပ်ဆင့် ဖွင့်ပြတော်မူကြတာကို အဋ္ဌကထာလို့ ခေါ် တယ်" ဒကာကြီးတို့ရ။

ဒီနေရာမှာ "အဋ္ဌ"က အနက် အဓိပ္ပါယ် အဖွင့်ကို ခေါ်ဆိုတယ်၊ "ကထာ"က စကားကိုဆိုတယ်၊ ဒါပါပဲ။

**ဒကာ။** ။မှန်ပါ့ နားလည်ပါပြီ ဆရာတော်၊ ဗုဒ္ဓဘုရားသခင်ရဲ့ အကျဉ်းပါဠိစကားတော်များကို လူတိုင်း နားလည်အောင် အကျယ်ဖွင့်ဆိုတဲ့ ကျမ်းစာပေါ့။

## မြတ်ဗုဒ္ဓမရှိတဲ့နောက် ရဟန်းသံဃာကို ဘယ်သူ အုပ်ချုပ်သလဲ ?

**ဒကာ။** ။ဆရာဘုရား မရှိတဲ့နောက်မှာ ရဟန်းသံဃာအုပ်စုကြီးကို အာဏာရှင် ခေါင်းဆောင်တင်ထားပြီး အုပ်ချုပ်ပါသလား ဆရာတော်၊ မူလခေါင်းဆောင်ပုဂ္ဂိုလ်ကို သိပါရစေဘုရား။

**ဆရာ။** ။"ဝိနေတိ ဝိနယော ဘိက္ခုံ"တဲ့ ဆရာဘုရား မရှိတဲ့နောက် ရဟန်းသံဃာတော်များကို အုပ်ချုပ်ဖို့ ခေါင်းဆောင်ပုဂ္ဂိုလ်ရယ်လို့ မတင်မမြှောက်ကြဘူး၊ ဝိနယ ဓမ္မဖြစ်တဲ့ ဝိနည်းတရားတော်ဟာ သံဃာတော်များကို အုပ်ချုပ်ကွပ်ကဲပေးတဲ့ ခေါင်းဆောင်ကြီးတွေပဲ၊ ဝိနည်းတရားက ရဟန်းအပေါင်းကို ဆုံးမအုပ်ချုပ်တယ်ဟု ဆိုတယ်၊ ဝိနည်းတရားဟာ ရဟန်းသံဃာတော်များရဲ့ အာဏာပိုင်ပဲ။

**ဒကာ။** ။ဒီလိုဆိုရင် သံဃာတော်များမှာ မှီခိုအားထား လေးစားစရာ ပုဂ္ဂိုလ် မထား မရှိတော့ဘူးပေါ့၊ ကိုယ့်မင်းကိုယ့်ချင်းပဲလား ဆရာတော်၊ ဝိနည်းတရားတော်က စာအုပ် ပေထုပ်ထဲမှာ ရှိတာပဲဟာ၊ ဝိနည်းတရားတော်က အဝိညာဏကပဲဟာ၊ ဘာအာဏာပေးနိုင်လို့လဲ ရှင်းပြပါအုံးဘုရား။

**ဆရာ**။ ။အင်း ကြည်ညိုလေးစားထိုက်တဲ့ "ပသာဒနီယ" ဂုဏ်ဆယ်ပါး ရှိသူဟာ သံဃာတော်များရဲ့ မှီခိုအားထားလေးစားစရာပင် ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်တပါးတည်းကိုသာ သီးခြားသပ်သပ် အလေးအမြတ်ပြုပြီး မှီခိုလေးစားရာဟု မတင်မြှောက်ကြောင်းကို ဆိုတာဖြစ်တယ်၊ ဝိနည်းတရားတော်က မှီခို လေးစားအားထားဖို့ ပုဂ္ဂိုလ်ကို ညွှန်ကြားပြီးပဲ၊ အကျင့်သီလ ရှိရမည်ဆိုတာဝိနည်းရဲ့ အာဏာပညတ်တော်ပေါ့။

**ဒကာ**။ ။ဒီ အဖြေစကားတွေက ပိဋကကျမ်းဂန်မှာ ပါတာလား၊ ဆရာတော့် အတွေးအထင်နဲ့ မိန့်ကြားတာလား၊ ပသာဒနီယဂုဏ် ဆယ်ပါးဆိုတာက ဘာတွေပါလဲ ဆရာတော် ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။ဆရာတော်တို့ အလုပ်က ပိဋကကျမ်းဂန် သင်ကြားဖို့ချထိန်းသိမ်းစောင့်ရှောက်မှုပဲဟာ၊ ဆရာတော်တို့ မိန့်ကြားတဲ့ စကားဟာ ပိဋကတော်ကျမ်းစာနဲ့ လျော်လျောက်ပတ်တာချည်းပါပဲ၊ သိချင်ရင် ဂေါပက မောဂ္ဂလ္လာနသုတ် ဥပရိပဏ္ဏာသမှာကြည့်နိုင်ပါတယ်။

ပသာဒနီယဂုဏ် ဆယ်ပါးဆိုတာက-- .

၁။ အကျင့်သီလ ရှိခြင်း၊
၂။ ပိဋက ဗဟုသုတ ရှိခြင်း၊
၃။ ရသမျှနဲ့ ရောင့်ရဲခြင်း၊
၄။ ဈာန်လေးပါး ရရှိခြင်း၊
၅။ ဣဒ္ဓိဝိဓ အဘိညာဉ်၊
၆။ ဒိဗ္ဗသောတ အဘိညာဉ်၊

၇။ စေတောပရိယ အဘိညာဉ်၊

၈။ ပုဗ္ဗေနိဝါသ အဘိညာဉ်၊

၉။ ဒိဗ္ဗစက္ခု အဘိညာဉ်၊

၁၀။ အာသဝက္ခယ အဘိညာဉ်တို့ကို ရရှိခြင်းပါပဲ။

ယင်းတို့ထဲက ၁-၂-၃-အထိတော့ အနည်းဆုံး ရှိထားသူဖြစ်ရမယ်၊ အဲသည်ပုဂ္ဂိုလ်တွေဟာ သံဃာတော်များရဲ့ ကြည်ညိုလေးစားရာတွေပဲ။

**ဒကာ**။ ။အင်း သံဃာတော်များရဲ့ ဦးစီးခေါင်းဆောင် အုပ်ချုပ်သူဟာ ဝိနည်းတရားပဲဆိုတာ ဆရာတော်ရဲ့ အဖြေစကားက ထင်ရှားစွာ ပြထားလို့ ကြည်ညိုလေးစားလှပါသည် ဆရာတော်၊ ရဟန်းတော်ရှိသမျှ ဝိနယဓမ္မကို ကြည်ညိုလေးစားစွာဖြင့် လိုက်နာကျင့်ကြံ စောင့်ထိန်းတော်မူကြရင် သာသနာတော်ဟာ မုချ သန့်ရှင်းတည်တံ့တိုးတက် ကောင်းမြတ်လာတော့မှာပဲ ကိုး၊ သာဓုပါဘုရား၊ သာဓု-သာဓု။

---

## လောကဥ္စ အရေးအကြီးဆုံး သက်စောင့် အဆောင်တရား တစ်ခု ?

**ဒကာ**။ ။လောကဥ္စ သူမပါရင် မပြီးနိုင်တဲ့ အရေးအကြီးဆုံး သက်စောင့်အဆောင် ချမ်းသာရေးပေးနိုင်တဲ့ တရားတခုလောက် တပည့်တော်တို့အတွက် ချီးမြှောက် မစ စေချင်ပါတယ် ဆရာတော်၊ မြတ်စွာဘုရား ဟောကြားသွားတာများ ရှိပါသလား ဘုရား။

ဆရာ။ ။အင်း.... သည်မေးမြန်း တောင်းဆိုချက်ဟာ အလွန် သဘာဝကျပြီး တန်ဖိုးရှိတဲ့ အချက်ပဲ၊ မြတ်စွာဘုရား တရားတော်ထဲမှာ လူသားတို့ လိုချင်တာ အပြည့်အစုံပါတယ်၊ သူ့ရဲ့ ညွှန်ကြားချက်ကို လိုက်နာဆောင်ယူရင် မုချ ချမ်းသာနိုင်တယ်၊ ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာ–၃၇၈·မှာ....

သတိ'စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ချစ်သား ချစ်သမီးတို့ တခုတည်းသော ချမ်းသာရေးအဆောင် ကို ငါမိန့်ဆိုပြောကြားပေးခဲ့မည်၊ ကောင်းလုပ် ကောင်းကံမှန်သမျှ သတိအမြဲ ရှိနေကြစေ၊ ဘယ်သောအခါ ဘယ်နေရာမျိုးမှာမှ သတိ မေ့လျော့မှုကို မပြုကြလေနဲ့ အားထုတ် ကြိုးစား ပြုလုပ်ကြတဲ့။

ကဲ... အဲဒါပဲ၊ လူသားတို့ ချမ်းသာရေးအတွက် အရေးအကြီးဆုံး အဆောင်တရားတခုဟာ သတိပဲ ဒကာကြီးတို့ ကျေနပ်ရဲ့လား။

ဒကာ။ ။တပည့်တော်တို့ သတိမေ့လို့ ဒုက္ခရောက်ရတာတွေ များလှပြီမို့ သည်အဖြေစကားတော်ကို အားရ ကျေနပ် နှစ်သက်လှပါဘယ် ဆရာတော်၊ ကနေ့ပဲ သတိမေ့လို့ ခါးပိုက်နှိုက် ခံလိုက်ရပြီဘုရား။

---

## အနိစ္စ ဒုက္ခ အနတ္တ ဆိုတာ ဘာတွေလဲ ?

ဒကာ။ ။ဗုဒ္ဓ ဘာသာဝင်တို့၏ ပါးစပ်မှာ အနိစ္စ ဒုက္ခ အနတ္တ တို့ကို လူတိုင်းလို ရွတ်ဆိုကြတယ်၊ အဓိပ္ပါယ်သဘော မေးတော့လဲ ရုပ်တွေ နာမ်တွေ ပါဠိတွေနဲ့ ရှုပ်ပွေပြီး လူတဖက်သား နားလည်သဘောကျအောင် ပြော မပြနိုင်တာက များနေပါတယ်၊

ဒကာကြီးတို့ နားရှင်းအောင် အကျဉ်းကလေးနဲ့ လင်းပေးပါ ဆရာတော်။

**ဆရာ။** ။အင်း....ဒါက ပညာရှိတို့၏ လက်တွေ့အလုပ် ရုပ်နာမ် သဘောမို့ လက်တွေ့ လုပ်စမ်းကြည့်မှ သိမှာဖြစ်တယ်၊ ကိုင်း... ဒကာကြီးတို့ကို ခုခိုင်းကြည့်မယ်၊ ဒကာကြီးတို့စိတ်နဲ့ မန္တလေး, ရေး, မြိတ်, ထားဝယ်, ပုသိမ်, မြောင်းမြ, မအူပင်, ဖျာပုံ စုံအောင် ခုချက်ချင်း သွားကြည့်လိုက်စမ်း။

**ဒကာ။** ။သွားပြီးပါပြီ ဆရာတော်၊ ဒီမြို့တွေက ဒကာကြီးတို့ ရောက်ဖူးတာတွေမို့ မထူးဆန်းလှပါဘူး၊ နှံ့အောင် သွားခဲ့ပါတယ်။

**ဆရာ။** ။ဒကာကြီးတို့ကို မေးမယ် ဖြေပါ၊ မန္တလေးကနေပြီး ရေးမြို့ဘက်ကို သွားတော့ကာ မန္တလေးသွားတဲ့ သိစိတ် ကလေးတွေဟာ ရှိနေသေးသလား။

**ဒကာ။** ။ရေးမြို့သွားတော့ မန္တလေးသွားတဲ့ သိစိတ်တွေ မရှိ တော့ပါဘူး ဆရာတော်၊ ရေးမြို့သွားတဲ့ စိတ်တွေသာ ဖြစ်နေကြပါတယ်။

**ဆရာ။** ။မန္တလေးသွားတဲ့ သိစိတ်တွေက မဖြစ်လို့ မရှိတာလား ဒကာကြီးတို့။

**ဒကာ။** ။မန္တလေးသွားတုန်းကတော့ ဖြစ်ပါတယ် ဆရာတော်၊ မန္တလေးဈေးချိုရော နန်းတွင်းရော စိတ်နဲ့နှံ့အောင် သွားခဲ့တာပဲဟာ ဖြစ်တာပေါ့။

**ဆရာ။** ။ဒါဖြင့် အဲဒီ မန်းသွားတဲ့စိတ်တွေကို ခုပြစမ်းပါ ဒကာ ကြီးတို့။

**ဒကာ။** ။မန်း သိစိတ်က မန်းမှာတင်ပဲ သိဖို့ ဖြစ်ရှိနေမှာပေါ့ ဆရာတော်၊ ရေးသိစိတ်က တခြားပဲဟာ ရေးဘက်ကို တော့ ဘယ်လိုက်ပါလာတော့မှာလဲ၊ ရေးဘက်သွားတော့ ရေးမြို့ သိစိတ်တွေသာ ဖြစ်နေမှာပေါ့ ဆရာတော်။

## အနိစ္စဆိုတာ အဲဒါပဲ ဒကာကြီးတို့ ?

**ဆရာ။** ။အင်း အနိစ္စဆိုတာ အဲဒါပဲ၊ "ဟုတွာ အဘာဝတော အနိစ္စာ" ဖြစ်ပြီးရင် ဘာမှ မကျန်ရစ်ခဲ့ပဲ အကုန်လုံး ပျက်ကုန်တာကို အနိစ္စလို့ ခေါ်တယ်၊ တခါသိ တခါပျက်နဲ့ ဖြစ်ပေါ် မှုက လျင်မြန်လွန်းလို့ ပျက်သွားတဲ့ စိတ်နေရာမှာ နောက်ထပ် အစား ထိုး အသစ်ဖြစ်ပေါ်လာတဲ့ စိတ်ကို မသိလို့ သည်တစိတ်တည်းပဲ နိစ္စပဲ မြဲတာပဲလို့ ထင်မှတ်နေကြတာ၊ ကဲ....သဘောကျရဲ့လား ကိုယ့် ဉာဏ်အမြင်နဲ့ ဆင်ခြင်ကြည့်လိုက်ပါ။

**ဒကာ။** ။စွမ်းနိုင်ရင် အနည်းငယ် ထပ်ပြီး ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။နားထောင်ပါ (ပ-ထ-မ) ပ-ဆိုတဲ့ အသံရုပ်ကို သိတဲ့ စိတ်က နာမ်၊ သူပျက်သွားမှ ထ-ဆိုတဲ့ အသံရုပ်ကို သိတဲ့ စိတ်နာမ်က ပေါ်လာတာ၊ တစိတ်တည်းက သိသွားတာ မဟုတ်ဘူး၊ ရုပ်ပိုင်းမှာလဲ အတူတူပဲ၊ စိတ်နာမ်ဖြစ်ပျက်သလို ရုပ်တွေဟာလဲ တရစပ် ဖြစ်ပျက်နေတာပဲ၊ အဲဒါကို အနိစ္စသဘောလို့ ခေါ်တယ်၊ ဒကာကြီးတို့ရဲ့ အနိစ္စပဲ။

အဲဒီ အနိစ္စ မမြဲလို့၊ ဒုက္ခ ဆင်းရဲတာပဲ၊ လောကကြီးမှာ အရာ ဝတ္ထုတွေဟာ အားလုံး ခိုင်မြဲနေရင် ဘာပြုပြင်လုပ်ကိုင်နေစရာ

လိုမလဲ၊ မပြုပြင် မလုပ်ကိုင်ပဲ နေရရင် သုခ ချမ်းသာအစစ်ပေါ့၊ ခုတော့ လုပ်လိုက်ရတာ ခုတင်ခု ဖတ်ဖတ်ကို မောလို့ အဲဒါ ဒုက္ခပဲ၊ အနိစ္စ မခိုင်မြဲလို့ ဒုက္ခ ဆင်းရဲတယ် ဒါပဲ၊ ရှေ့ကဖြစ် နောက်ကပျက် ဖြစ်လာတာကို ဥဒယ၊ ပျက်သွားတာကို ဗယ၊ အဲဒီရှေ့ကဖြစ်တာကို နောက်ကအပျက်နဲ့ညှပ်ပြီး နှိပ်စက်နေတာကို "ပီဠနဋ္ဌ"ခေါ်တယ်၊ ဒါကြောင့်မို့ "ဥဒယဗ္ဗယ ပီဠနဋ္ဌေန ဒုက္ခာ" ဖြစ်ပျက်မှုတွေနဲ့ ကြိတ်ညှပ်ပြီး နှိပ်စက်နေတာဟာ ဒုက္ခပဲလို့ မှတ်ရတယ်။

အဲဒီ ဖြစ်ပျက်မှုတွေကို မြဲအောင် ခိုင်အောင် ကိုယ်တိုင်လဲ မလုပ်နိုင်ဘူး၊ သူများကို လုပ်ခိုင်းလို့လဲ မရနိုင်ဘူး၊ ဖြစ်ပျက်ခြင်းနဲ့ နှိပ်စက်နေတဲ့ ဆင်းရဲဒုက္ခကိုလဲ သုခ ချမ်းသာဖြစ်အောင် မလုပ်နိုင်ဘူး၊ ကိုယ့်အလိုအတိုင်း မလိုက် မဖြစ်တာကို အနတ္တလို့ ခေါ်တယ်၊ "အဝသ ဝတ္တနေန အနတ္တာ" ကိုယ့်အလိုမလိုက် ကိုယ့်အကြိုက်သို့မပါ သူ့ သဘောနဲ့သူ ဖြစ်ပျက်နေတာတွေဟာ အနတ္တပဲ။

ဆိုလိုရင်းက ငါ့ ငါ့ဟာ မဟုတ်ဘူးတဲ့၊ ကဲ .. ရှင်းလင်းပြီလား၊ အနိစ္စ,ဒုက္ခ, အနတ္တ သိချင်ရင် ကိုယ်ထဲမှာ စိတ်နဲ့ရှာရတယ်။

**ဒကာ။** ။မှန်ပါ့ အနိစ္စ,ဒုက္ခ,အနတ္တ ဆိုတာ ရုပ်နာမ်ဓမ္မအပေါ်မှာ စိတ်နဲ့ ရှုမှတ်ရတာ ဖြစ်လို့ ရှင်းလင်းပြတ်သား ပါပြီ ဆရာတော်၊ တရားရှာ ကိုယ်မှာတွေ့ ဆိုတာ သဟာပဲကို ကျေနပ်ပါပြီ ဆရာတော်၊ ဒါနဲ့များ အနိစ္စ အနိစ္စနဲ့ ပုတီးကြီးကိုင်ပြီး ရွတ်ဆိုကာ ပုတီးစိပ်နေကြတာ အံ့စရာပဲ၊ တချို့ကလဲ ပုတီးကြီးကိုင်ပြီး နာမရှုပ်ံ အနိစ္စံ ဒုက္ခံ အနတ္တံ တဲ့၊ စိတ်အလုပ် ကိုယ်မှာရှာရမှာကို နှုတ်နဲ့အော်နေ ကြတယ်၊ တော်တော် မထက်သေးတဲ့ သူတွေပဲနော်။

ဆရာ။ ။အင်း....နောက်တော့လဲ အမှန် မြင်လာကြမှာပေါ့လေ၊ ဆရာကောင်းရဖို့ လိုတယ်နော်၊ ကြပ်ကြပ်သတိထားကြ။

## မြန်မာပြည်မှာ ရဟန္တာ မရှိဘူးလော ?

ဒကာ။ ။သီဟိုဠ်ကျွန်းစတဲ့ တိုင်းပြည် သာသနာမှတ်တမ်းနဲ့ သာသနာဝင် ကျမ်းစာတွေမှာတော့ ရဟန္တာအရှင်မြတ်တွေ ပေါများလိုက်တာ၊ မိမိတို့ မြန်မာပြည် သာသနာခေတ် အဆက်ဆက်မှာတော့ ရဟန္တာများ များစားစား မချီရေ့သလား ဆရာတော်၊ ထိုထိုကျမ်းစာတွေမှာ မတွေ့ရဘူး၊ ဆရာတော် သိသလောက် ဖြေကြားပေးပါအုံး ဘုရား။

ဆရာ။ ။"ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အသ" ဝိပဿနာတရား ကြိုးစားရင် ရဟန္တာဖြစ်တာပေါ့ ဒကာကြီးတို့ရ၊ အာရဒ္ဓ ဝိပဿက ဖြစ်တော်မူကြတဲ့ ရှေးခေတ်က ထင်ရှားသော တုတ်ထောက်ဆရာတော်, နံမော်ဆရာတော်, သီးလုံးဆရာတော်စတဲ့ ဆရာတော်ဘုရားကြီးများနဲ့ သူတို့ရဲ့ တပည့်သာဝကတွေဟာ ရဟန်းကိစ္စ ပြီးစီးသွားကြတဲ့ ရဟန္တာ အရှင်မြတ်တွေပဲလို့ ဆရာစဉ်ဆက် ပြောတာ ကြားသိ မှတ်သားရဘူးတယ်။

ဒါပေမင့် မိမိရဟန္တာဖြစ်ကြောင်းကို သူတပါး မသိစေရန် သိပ်သိပ်သည်းသည်း လျှို့ဝှက်ထားတော်မူကြတဲ့ ကာကယ့်သူတော်ကောင်း "အဓိဂမ အပိစ္ဆ" ပုဂ္ဂိုလ်မြတ်ကြီးတွေဆိုတော့ ခုခေတ် ရဟန္တာတွေလို ကိုယ့်ကိုယ်ကို ငါရဟန္တာလို့ မကြေငြာ မပြောဆိုကြပဲ လူများ

အထင်ကြီးအောင်လဲ မလုပ်ကြလို့ ထိုခေတ် ရှင်လူတို့က ထိုထို ဆရာတော်ကြီးများကို ရဟန္တာဟုပင် မမှတ်ထင်ကြဘူးတဲ့။

သို့ပေမင့် စာပေပိဋကတတ် ဆရာတော်ကြီးတွေက အင်း.... သည်ပုဂ္ဂိုလ်ဟာဖြင့် ရဟန်းကိစ္စ ပြီးပြီးသော သူမြတ်ပဲဟု မှတ်ချက်ချကာ စိတ်နဲ့ အသိအမှတ် ပြုကော်မူကြတာ ဖြစ်တယ်၊ စာပေနဲ့တော့ ရေးသားမှတ်ထားတော်မမူကြဘူး၊ ဒါကြောင့်ပါ၊ မရှိလို့ မဟုတ်ပါဘူး ဒကာကြီးတို့ရ၊ ကဲ....သဘောပေါက်ရဲ့လား၊ ဗုဒ္ဓသာသနာတော်မှာ ဗဟုသုတပုဂ္ဂိုလ် ၂-ယောက်ဟာ ရှိတတ်ပါတယ်။

**ဒကာ။** ။မှန်ပါ့ သည်ကိစ္စကလဲ ငါ ရဟန္တာပဲဟု လူအများ သိအောင် ဝင့်ကြွားကြေငြာရမည့် ကိစ္စလုပ်ငန်းမျိုး မဟုတ်တော့ သည်လိုပဲ ဖြစ်ရမှာပေါ့ ဆရာတော်၊ သဘောပေါက်ပါပြီ၊ ခုကာလကတော့ သတင်းစာထဲက ကြော်ငြာနေကြတဲ့ ရဟန္တာတွေပဲ ဘုရား။

**မှတ်ချက်။** ။မြန်မာ ရဟန္တာတွေ များများသိချင်ရင်(ဗိုလ်သိမ်း ဆွေ-ခေါ်) အရှင်သာသနဝိသုဒ္ဓိရေးတဲ့ မြန်မာနိုင်ငံ ရဟန္တာများ ထေရပ္ပတ္တိ ကျမ်းစာအုပ်ကို ကြည့်ရှုဖတ်ကြားရန် မှတ်ထားပါ။

**ဒကာ။** ။သာသနာတော်မှာ ဗဟုသုတပုဂ္ဂိုလ် ၂-ယောက်ရှိတယ် ဆိုတာဟာ ဘယ်လိုပုဂ္ဂိုလ် ဘယ်သူတွေလဲ ဆရာတော် ရှင်းပြပေးပါအုံး။

**ဆရာ။** ။အင်း....ရှင်းပြပေးပါမယ် ဒကာကြီးတို့ ရေးမှတ်ပေတော့၊ အာဂမသုတပုဂ္ဂိုလ်နဲ့ အဓိဂမသုတပုဂ္ဂိုလ်တဲ့။

၁။ အာဂမ သုတပုဂ္ဂိုလ် ဆိုတာက ပိဋကတော်လာ လောကီ လောကုတ္တရာ ရေးရာနှင့်စပ်၍ ပညာရှိသူ ရှင်, လူ, ရဟန်းတို့ သင်ပြ ဟောကြား ပြောဆိုသွားသော အကြောင်းအရာများကို မမေ့ မပျောက်စေပဲ နှုတ်တက် အရ ကြားနာမှတ်သားထားသူကို ခေါ်တယ်၊ ခု ကာလမှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တ သာရာဘိဝံသ တို့လို ပုဂ္ဂိုလ်မျိုးပေါ့။

၂။ အဓိဂမ သုတပုဂ္ဂိုလ် ဆိုတာက ရုပ် နာမ် ဓမ္မတို့၏ သင်္ခါရ သဘော အနိစ္စ ဒုက္ခ အနတ္တနဲ့ သစ္စာလေးပါး တရား တော်များကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရအောင် မှတ်သား ပွားများ အားထုတ်ကြိုးစား၍ နိဗ္ဗာန်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်သိရှိထားသော အရိယာသူတော်စင်ကို ခေါ် တာ၊ အဲဒီ ၂-နံပါတ် အဓိဂမသုတသမားကို မြတ်ဘုရား ချီးမွမ်းတော်မူတယ် ဒကာကြီးတို့လဲ အဲဒီ အရိယာပိုင်း ရောက်အောင် အားထုတ်ကြပေါ့၊ အဲဒါဟာ သာသန ဗဟုသုတ ပုဂ္ဂိုလ် နှစ်ယောက်ပဲ။

**ဒကာ။** ။ကျေနပ် နှစ်သက်ပါတယ် ဆရာတော်၊ ဒကာကြီးတို့လဲ တတ်နိုင်သလောက် ကြိုးစားပါမည်ဘုရား၊ ဒါပေမင့် အဲဒီ ၂-နံပါတ် ပုဂ္ဂိုလ်မျိုးအစစ်ကို ခုခေတ်မှာ အတော်ရှာရ မှာပဲ နော်။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၁၂

## ဆရာတော် ပြပေးနေတဲ့ ဝိပဿနာတရား ရှုပွားသူ ဘယ်လောက် များများ ရှိပါသလဲ ?

**ဒကာ။** ။ဆရာတော်က ညည ဝိပဿနာတရား ပြသပေးနေတယ် ဆိုလို့ လာရောက်ရှုပွားသူ ယောဂီ တော်တော်များရဲ့ လား၊အမျိုးသမီးနဲ့ အမျိုးသား ဘယ်သူက များပါသလဲဆရာတော်။

**ဆရာ။** ။ဝိပဿနာတရားကို ဆရာတော် ပြပေးနေတယ်ဆိုတာ မဟုတ်ပါဘူး၊ လာရောက်ရှုပွားသူယောဂီလဲ မရှိပါဘူး၊ အမျိုးသမီး အမျိုးသားဆိုတာတွေလဲ မရှိပါဘူး၊ ဒကာကြီးတို့ရာ။

**ဒကာ။** ။ဆရာတော်ကိုယ်တိုင် ညတိုင်းပြပေးနေတာ သိပါ တယ်၊ ယောဂီပရိသတ်လဲ တော်တော်များတယ်လို့ ကြားသိပါတယ်၊ ခု ဆရာတော် မိန့်ကြားတဲ့စကားတွေကို ဒကာကြီး နားမလည်ဘူး ရှင်းပြပါအုံး ဆရာတော်၊ မှုသားမသုံးပါနဲ့ဘုရား။

**ဆရာ။** ။အင်း....ဝိပဿနာ တရား သဘောအစစ်က ငါ သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူး ဒကာကြီးတို့ရ၊ ရုပ် နာမ်အထု သင်္ခါရဓမ္မအစုမျှသာ ရှိတာ၊ ပြသူလဲ မရှိဘူး၊ ရှုသူလဲ မရှိဘူး၊ သင်္ခါရတို့က ပြပေးတာကို သင်္ခါရတို့က ရှုမှတ် ပွားများနေကြတာပဲ ဖြစ်တယ်။

**ဒကာ။** ။သည်တရားအလုပ်ကို ဒကာကြီးတို့ သဘောကျအောင် အနည်းငယ် ရှင်းပြပေးပါ ဆရာတော်၊ ပါဠိတွေတော့ အများကြီး မလုပ်ပါနဲ့၊ အနည်းငယ်လောက် တိုတိုတုတ်တုတ်နဲ့ ပြီးအောင် ထုတ်ပြပေးပါ ဆရာတော်။

**ဆရာ။** ။အင်း.... သည့်တရားလုပ်ငန်းက ပညာဉာဏ် စွမ်းအင် ပြဌာန်းတာဖြစ်တယ်၊ ဉာဏ်နဲ့ မှတ်သားနားထောင်ပါ၊ အပြောရ မလွယ်လှဘူးနော် ဒကာကြီးတို့ရ။

လောကကြီးတခုလုံး ဖြစ်ပျက်နေတာဟာ သင်္ခါရ ဓမ္မတွေချည်းသာ ဖြစ်တယ်၊ သင်္ခါရဓမ္မဆိုတာ ရုပ်နဲ့ နာမ်ကို ခေါ်တာ၊ ဒါကြောင့် ရုပ်နာမ်ကို သင်္ခါရဓမ္မလို့ မှတ်ထားပါ။

**ဒကာ။** ။ရုပ် နာမ် ဓမ္မ သင်္ခါရကို မှတ်မိပါပြီ ဆရာတော်၊ ရှေ့ဆက်ပြီး မိန့်တော်မူပါဘုရား။

**ဆရာ။** ။အင်း....ဒါဖြင့် ဉာဏ်နဲ့ စူးစိုက်မှတ်သား နားထောင်ပါ။

၁။ သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ။ ။သင်္ခါရခေါ်တဲ့ နာမ်ဓမ္မတို့ကသာလျှင် သင်္ခါရခေါ်တဲ့ ရုပ်နာမ်တို့၏ မခိုင်မြဲမှု ဖြစ်ပျက် အနိစ္စ၊ နှိပ်စက်မှု ဆင်းရဲဒုက္ခ၊ ငါ ငါ့ဥစ္စာမဟုတ် အနတ္တသဘောတွေကို ရှုမြင် ပွားများတာသာ ဖြစ်တာ၊ ယောဂီက ပွားများနေတာ မဟုတ်ဘူး၊ ဆရာတော်က ပြနေတာလဲ မဟုတ်ဘူးတဲ့။

၂။ သင်္ခါရာဝ သင်္ခါရေ သမသန္တိ။ ။သင်္ခါရတို့၏ အနိစ္စ ဒုက္ခ အနတ္တသဘော မှန် မမှန်ကို သင်္ခါရတို့ကသာ သုံးသပ်ဆင်ခြင် စစ်ဆေး၍နေတာ ဖြစ်တယ်တဲ့၊ ယောဂီက ဆင်ခြင်သုံးသပ်နေတာ မဟုတ်ဘူး။

၃။ သင်္ခါရာဝ သင်္ခါရေ ဝဝတ္ထပေန္တိ။ ။သင်္ခါရတို့ကသာ သင်္ခါရတို့ကို မှတ်သား မှတ်သားကာ နေကြတာ၊ ယောဂီက ပိုင်းခြားမှတ်သားနေတာ မဟုတ်ဘူး။

၄။ သင်္ခါရာဝ သင်္ခါရေ ပရိဂ္ဂဏှန္တိ။ ။သင်္ခါရတို့ကသာ သင်္ခါရတို့ကို သိမ်းဆည်း သိမ်းဆည်းကာ နေကြတယ်။

၅။ သင်္ခါရာဝ သင်္ခါရေ ပရိစ္ဆိန္ဒန္တိ။ ။သင်္ခါရတို့က ဤဟာကား ရုပ်တရား၏ သဘောအစု၊ ဤဟာကား ဝေဒနာ၏ သဘောအစု၊ ဤဟာကား သညာ၏ သဘောအစု၊ ဤဟာကား သင်္ခါရ၏ သဘောအစု၊ ဤဟာကား ဝိညာဉ်၏ သဘောအစု-ဟု ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ပိုင်းခြားပြီး ခန္ဓာထဲမှာ ဉာဏ်ရောက်အောင် သင်္ခါရတို့က သင်္ခါရတို့ကို ပိုင်းခြား မှတ်သား ပွားများအားထုတ်နေတာသာ ဖြစ်တယ်တဲ့။

ဝိပဿနာတရား ပြပေးနေသော ဆရာဆိုတာလဲ မရှိဘူး၊ ဝိပဿနာတရား အားထုတ်ပွားများနေတဲ့ ယောဂီဆိုတာလဲ မရှိဘူး၊ သင်္ခါရတို့က သင်္ခါရတို့ကို ပြသဟောကြား မှတ်သားပွားများ အားထုတ်နေတာသာ ဖြစ်တယ်၊ အဲဒါဟာ ဝိပဿနာအလုပ်တရားရဲ့ သဘောအစစ်အမှန်ပဲ၊ ကဲ....သဘောကျရဲ့လား၊ အဲဒါကို ရည်စူးပြီးပြောတာ၊ ဝိပဿနာမှာ ငါ သူ ပုဂ္ဂိုလ်မရှိ ရုပ် နာမ် သင်္ခါရမျှသာ ရှိ၏တဲ့။

**ဒကာ**။ ။ဒီလို သဘောမှန်ရောက်အောင် ရအောင် ငါ-ကွာဖို့ အတွက် အတော်ကို ခက်ခက်ခဲခဲ ကြိုးစားရမှာပဲ ဆရာတော်၊ မလွယ်လှဘူးနော်၊ ငါ, သိတာ ငါ, မှတ်တာ ငါ, ပွားများအားထုတ်တာချည်းပဲ ဖြစ်နေ ထင်နေ မှတ်နေ ပြောနေကြတာ ဆရာတော်။

ကမ္မဋ္ဌာန်းဆရာတွေကလဲ ငါတို့ရိပ်သာက ငါကိုယ်တိုင် ဘာသတိပဋ္ဌာန်ကိုသာ ပြနေတာ၊သူများရိပ်သာက ပြတဲ့တရားကို ငါတို့ရိပ်သာမှာ မပြောဆို မဆွေးနွေးရဘူးတဲ့၊ တငါငါနဲ့ ငါနေကြတာသာ

တွေ့ရတယ်၊ ဆရာတော်ရဲ့ ထံမှောက်ကျမှပဲ ငါမရှိဘူးတဲ့၊ ထိုင်သူ ပွားသူမရှိတဲ့ အတော်ထူးတာပဲနော်၊ငါဖြုတ်ဖို့က ခက်လှတယ်ဘုရား။

---

## ဘယ်သူတွေလဲ
## နေ့တိုင်း အရူးထနေသူ တစုဆိုတာ ?

**ဒကာ**။ ။ပုထုဇ္ဇနော ဥမ္မတ္တကော။ ။ပုထုဇဉ်တွေဟာ အရူးတွေဆိုတာ စာပေကျမ်းဂန်က ဆိုတာလား၊ သူတို့ ဘယ်လို အရူးထကြတာလဲ ဆရာတော်၊ အရူးထပုံကို သိပါရစေ၊ စာပေကျမ်းဂန်ကို ထုတ်ပြ ရှင်းပေးပါ ဆရာတော်၊ ပုထုဇ္ဇနော ဥမ္မတ္တကော-လောက် ပါဠိကိုတော့ တပည့်တော် သိပါတယ်။

**ဆရာ**။ ။အင်း...ပုထုဇဉ်တွေ အရူးထပုံကို စာပေကျမ်းဂန်က ဆိုတာ အမှန်ပါပဲ၊ အရူးထပုံက....

အတိတ္တာယေဝ ကာမေသု၊
ပပဉ္စေန ဟိ တေ သတ္တာ။
အနိစ္စံ နိစ္စသညာယ၊
ဥမ္မာဒန္တိ ဒိနေ ဒိနေ။

တဲ့၊ သတ္တဝါ ပုထုဇဉ်တွေဟာ တဏှာ မာန ဒိဋ္ဌိ ခေါ်တဲ့ သံသရာနယ်ချဲ့တရားသုံးပါးကို လက်ကိုင်ထားပြီးတော့ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ရောင့်ရဲတင်းတိမ် အားရကျေနပ်မှု မရှိနိုင်ကြပဲ ထပ်တလဲလဲ ရှာဖွေခံစားကာ....

မမြဲတဲ့ အနိစ္စတရားကို မြဲတယ်ဟု ထင်မှတ်လျက် လင်မယား သားသမီး ပစ္စည်းဥစ္စာ ဝတ္ထုကာမတို့ဖြင့် မူးယစ် မေ့လျော့ကာ နေ့တိုင်း နေ့တိုင်း အရူးထနေကြကုန်၏ တဲ့။

ဒုက္ခ-ဆင်းရဲတာအမှန်ကိုလဲ ချမ်းသာဟု ထင်မှတ်ကာ နေ့တိုင်း နေ့တိုင်း ပျော်ပါးလျက် အရူးထ၍ နေကြကုန်၏ တဲ့။

အနတ္တ-ငါမဟုတ် ငါ့ဥစ္စာ မဟုတ်တဲ့ အရာဝတ္ထုတွေကိုလဲ ငါ ငါ့ဥစ္စာ ငါ့ဟာ ငါစိုး ငါပိုင်ဟု ထင်စွဲကာ နေ့တိုင်း နေ့တိုင်းပဲ အရူးပွဲ ခံနေကြကုန်၏ တဲ့၊ ကဲ....ရှင်းရဲ့လား။

အနိစ္စကို နိစ္စထင်တယ်၊ ဒုက္ခကို သုခထင်တယ်၊ အနတ္တကို အတ္တ ထင်တယ်၊ အဲဒါတွေဟာ အရူးစိတ်တွေနဲ့ အရူးထတာပဲတဲ့၊ အဲဒါ စာပေကျမ်းဂန်က စကားတော်ပဲ၊ ရှင်းလင်း ယုံကြည်ရဲ့လား။

ဒကာ။ ။မှန်ပါ့ အထူးပဲ ယုံကြည်လျက် ရှင်းလင်း ကျေနပ်လှ ပါတယ် ဆရာတော်၊ ခုမှပဲ ကိုယ့်ဟာကိုယ် ရူးမှန်း သိတော့တယ်။

---

## ဗုဒ္ဓဘုရားရှင်ဟာ ဝိပဿနာတရားကို ပွားများ မှတ်သားသေးသလား?

ဒကာ။ ။သစ္စာလေးပါးကို ကိုယ်တိုင် သိမြင်တော် မူပြီးတဲ့ မြတ်စွာဘုရားသခင်ဟာ ဝိပဿနာ အလုပ်တရားထဲမှာ စိတ်ထားပွားစီးမှုများ ရှိသေးသလား ဆရာတော်၊ လုပ်ဖို့ကော လိုပါ သေးသလား?။

ဆရာ။ ။ဟာ....ရှိတာပေါ့၊ ဗုဒ္ဓရဲ့ ဝါဒက "ယထာဝါဒီ တထာ- ကာရီ" သည် အယူဝါဒကို ဟောပြောရင် အနေပြာနဲ့ ညီအောင် လုပ်တော်မူတယ်၊ မူလပဏ္ဏာသ ပါဠိတော်မှာ....

**သော ခေါ အဟံ ဘိက္ခဝေ အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌာပေမိ။**

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးအပေါင်းတို့။ သော ခေါ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ အဇ္ဈတ္တမေဝ၊ ဝိပဿနာ အာရုံခေါ်သော ကိုယ်တွင်းသဏ္ဌာန်ရှိ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှု၌သာလျှင်။ စိတ္တံ၊ သိမှုခေါ်ခြား စိတ်တရားကို။ သဏ္ဌာပေမိ၊ ကောင်းစွာမိအောင် တည်ထောင် တည်ထောင် ကာ မှတ်သိ၍ နေ၏....

လို့ ဆိုထားတယ်၊ ဒါကြောင့် တရားဟောချိန်နဲ့ ကျွတ်တမ်းဝင် မည့် သတ္တဝါများ၏ ဉာဏ်ရွှေ အနု အရင့် ကြည့်ရှုတော်မူတဲ့ အချိန်၊ နတ်လူတို့ အမေးပုစ္ဆာကို ဖြေဆိုတဲ့ အချိန်၊ ဖလသမာပတ် ဝင်စား နေသည့် အချိန်မှတပါး ကျန်တဲ့အချိန်များမှာ မြတ်စွာဘုရားသခင်လဲ ဝိပဿနာစိတ်နဲ့ နေတော်မူတာပဲလို့ မှတ်ရမယ် ဒကာကြီးတို့ရဲ။

**ဒကာ။** ။တန်ဖိုးရှိတဲ့ အဖြေစကားကို ကျေနပ်စွာနဲ့ မှတ်သား နာယူပါတယ် ဆရာတော်။

---

## ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဘယ်သူက ပိုဆိုးသလဲ ?

**ဒကာ။** ။ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဘယ်သူက ပိုမိုဆိုးဝါးပါသလဲ?၊ ဘယ်သူက အပါယ် (၄) ပါးကို ပို့ပါသလဲ?၊ဘယ်သူကို အရင် ခွါပစ်ရမှာလဲ ဆရာတော်၊ မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။သည်တရားနှစ်ပါးစလုံးဟာ မကောင်းဆိုးဝါး အပါယ်ချ သမားချည်းပဲ၊ ဆိုးဂါးယုတ်မာတာလဲ အတူတူတွဲဖက်ပဲ၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာက....

ဒိဋ္ဌေ ကတ္ထာ ဝိစိကိစ္ဆာ ဒိဋ္ဌိ သမုစ္ဆိဇ္ဇမာနာ ဝိစိကိစ္ဆာယ သဒ္ဓိံ ယော သမုစ္ဆိဇ္ဇတိ။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ တူသော အနက်သဘောဖြစ်လို့ ဒိဋ္ဌိကွာရင် ဝိစိကိစ္ဆာလဲ တပါထဲ ခွါသွားတာပဲတဲ့၊ အထူးအထွေ ခွါနေစရာ မလိုပါဘူးလို့ မှာဆိုထားတယ်၊ ဥဒါန အဋ္ဌကထာ ဆရာကတော့ ...

ဓမ္မ ဝဝတ္ထာနေန ဝိစိကိစ္ဆံ ပဟာယ ဂတာ။

ရုပ်နာမ် ဓမ္မသဘောကို မှန်ကန်စွာ ပိုင်းခြားသိသွားရင် ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်းကွာသွားလို့ တွဲဖက်ဒိဋ္ဌိလဲ ပြိုကွဲပျောက်ပျက်ထွက်ခွါသွားတာပါပဲလို့ ဆိုထားတယ်၊ ဘာမျှား စောဒက တက်ချင်သေးလဲ၊စာပေကျမ်းဂန်ကတော့ ငထေရာတည်းပဲတဲ့၊မကွဲပြားပါဘူး၊ ပုလင်းတူ ဗူးဆို့ပေါ့။

ဒကာ။ ။အမှန်ကို သိထားရပြီမို့ စောဒကတက်ဖို့ မလိုတော့ပါဘူး ဆရာတော်၊ ကျေနပ်လှပါတယ် ဘုရား။

---

## ဝိပဿနာတရား ပွားများနေသူကို ချမ်းဝင်စားသူ ခေါ်သလော?

ဒကာ။ ။ဝိပဿနာတရား ပွားများရှုမှတ်နေသူဟာ ဈာန်ရနေသူ ဈာန်ဝင်စားနေသူ ဖြစ်တယ်ဟု ပြောဆိုနေကြတာဟာ မှန်ပါသလား ဆရာတော်၊ နည်းနည်း ရှင်းပြပါဘုရား။

ဆရာ။ ။အိမ်း.... မှန်တယ်၊ စျာန်ဆိုတာက သမထမျိုးဖြစ်တဲ့ အာရမ္မဏူပ နိဇ္ဈာန စျာန်က တမျိုး၊ ဝိပဿနာမျိုး သက်သက်ဖြစ်သော လက္ခဏူပ နိဇ္ဈာန စျာန်က တမျိုး၊ ပေါင်း (၂) မျိုးရှိတယ်၊ စျာန်ဆိုတဲ့ (စျာန·ပါဠိ-၈) မြန်မာလို ကိလေသာကို လောင်အောင် ကျွမ်းအောင် ပြာကျအောင် လုပ်နေတဲ့ တရားတဲ့၊ ဝိပဿနာကလဲ ကိလေသာကို ပါးအောင် ကုန်အောင် လုပ်တာပဲမို့ စျာန်ဝင်စားတယ် ခေါ်တာပေါ့၊ အထောက်သာဓကေ ကတော့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်နဲ့ ကောင်္ဂုတ္တရ အဋ္ဌကထာတို့မှာ...

ဝိပဿနာ ဟိ အနိစ္စာဒိဝသေန သင်္ခါရလက္ခဏာဿ ဥပနိဇ္ဈာနတော လက္ခဏူပနိဇ္ဈာနံ နာမ။

ဝိပဿနာကို စျာန်လို့ခေါ်တာ မှန်ပါသယ်တဲ့၊ ရုပ် နာမ် သင်္ခါရ ဓမ္မတို့ကို မခိုင်မြဲမှု အနိစ္စ စတဲ့ ဖြစ်ပျက်ဉာဏ် စွမ်းအင်ဖြင့် ရှုမှတ် ဆင်ခြင် ဖျက်ဆီးနေသောကြောင့် ဝိပဿနာတရား ရှုပွားနေသူဟာ လက္ခဏူပနိဇ္ဈာနခေါ်တဲ့ စျာန်တမျိုးကို ဝင်စားနေသူမည်ပါတယ်တဲ့၊ အကျယ်သိချင်ရင် အဲ ...ဟို ကျမ်းတွေမှာ ရှာကြည့်ပေတော့၊စာကြည့် ပျင်းတိုင်း လာလာမေးနေကြတာကိုး။

ဒကာ။ ။အပြည့်အစုံ ဖြေထားပြီးသားမို့ ရှာကြည့်စရာ မလို တော့ပါ ဆရာတော်၊ ကျေနပ်လှပါတယ် ဘုရား။

---

## ခေတ်သဘောဆိုတာ ဘာတွေလဲ? တိုတိုနဲ့ ထိထိမိမိ သိပါရစေ ဆရာတော်?

ဒကာ။ ။ခု ခေတ် ရှင်လူတွေက ခေတ်သဘောတွေပဲ ခေတ် သဘောတွေပဲနဲ့ ပြောဟောနေကြတာ ခေတ်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်သဘောကို ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အဘိဓမ္မာ ဓာတုဝိဘင်း အဋ္ဌကထာဆရာကြီးက ဓာတ် သဘောကို ပဟာသလို ဖွင့်ဆိုထားတယ်။

၁။ ဓာတ္ထတ္တောနာမ သဘာဝတ္တော၊

၂။ သဘာဝတ္တောနာမ သုညတတ္တော၊

၃။ သုညတတ္တောနာမ နိသတ္တ နိဇ္ဇီဝေါ။

၁။ ဓာတ်ဆိုတာ (သူ့ရဲ့ဆောင်ကြဉ်းမှု) သဘောတရားကလေး တွေကိုသာ ဆိုတာပါပဲတဲ့။

၂။ "သဘောတရားကလေးသာ"လို့ ဆိုတာဟာလဲ ငါ သူ တပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ အထည်ကိုယ် ဒြပ် ဘာမှမရှိတဲ့ သုညသဘောပါပဲတဲ့။

၃။ သုညသဘောဆိုတာကလဲ သတ္တဝါမဟုတ် အသက်ဇီဝမဟုတ် ဝိညာဉ်လိပ်ပြာမဟုတ် သူ့သဘော သူဆောင်နေတဲ့ ဓမ္မ သဘောသက်သက်ကို ဆိုတာပါတဲ့။

## ဓာတ်တခုရဲ့ သူ့သဘာဝ?

**ဒကာ။** ။တော်တော် နက်နဲ ခက်ခဲ သိမ်မွေ့တဲ့ သဘောတရား တွေပါလား ဆရာတော်၊ ကျေနပ် အားရအောင် ဓာတ်တခုလောက် ရှင်းပြပေးပါဘုရား၊ သူ့ရဲ့ သဘာဝကို သိရ အောင်ပါ။

**ဆရာ။** ။စက္ခုဝိညာဏဓာတ်ခေါ်တဲ့ ငါမဟုတ်သော မြင်သိစိတ် ဓာတ်ဟာ မြင်တာကိုသိအောင် ဆောင်ပေးနေတာပဲတဲ့၊ တခြား ကြားသိသဘော၊ နံသိသဘော၊ စားသိ သဘောတွေကို

ဆောင်မပေးဘူး၊ သူ့သဘော မြင်သိတခုတည်းကိုသာ သူဆောင်ရွက်သွားတယ်၊ ကဲ.. ရှင်းရဲ့လား၊ တခြားခေတ်တွေကိုလဲ ဒီအတိုင်းပဲ မှတ်ပေတော့။

**ဒကာ။** ။ရှင်းလင်း ကျေနပ်လှပါပြီ ဆရာတော်၊ သဘောပေါက်ပါပြီ။

---

## ပဏ္ဍိတေ ပုဂ္ဂိုလ် ၂-ပါးဆိုတာ ဘယ်သူတွေလဲ ?

**ဒကာ။** ။သစ္စာနှင့်စပ်တဲ့ တရားတော်များကို ရဟန်း ရှင် လူ ပညာရှိတို့၏ ဟောပြောချက်အတိုင်း အမှန်ကြားသိနာယူထားပြီး သူဟာ၊ တရားအားထုတ်ဖို့ မလိုတော့ဘူး၊ သူ့ကိုပင် ပဏ္ဍိတေပုဂ္ဂိုလ်လို့ ခေါ်ဆိုနေကြတာ မှန်ပါသလား ဆရာတော်၊ ပဏ္ဍိတေပုဂ္ဂိုလ်ကို မှတ်စွဲသိထားဖို့ ဇာတ်ခွဲခြားပြပါအုံး ဘုရား။

**ဆရာ။** ။အင်း… သူ့ကိုလဲ ပဏ္ဍိတေပုဂ္ဂိုလ်လို့ ခေါ်ချင်ရင် ခေါ်နိုင်ပါတယ်၊ ပဏ္ဍိတေ ပုဂ္ဂိုလ်ကို စာပေမှာ နှစ်မျိုး နှစ်စား ပြထားတယ်။

၁။ သဝန ပဏ္ဍိတေ သမား။ ။သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း ကြားနာသင်ယူ၍ အမှန်အတိုင်း သိယူ မှတ်စွဲထားသူကို ''သဝန ပဏ္ဍိတေပုဂ္ဂိုလ်လို့'' ခေါ်တယ်၊ ဉာတပရိညာမျိုးပေါ့၊ ဒါပေမင့် ဒီ အသိဟာ ဟုတ် မဟုတ် တရားအားထုတ် ကြည့်ရအုံးမှာ၊ ကြားသိကလေးတွင် ရပ်မထားရဘူး၊ကိုယ်တွေ့သိဖြစ်အောင် တရားအားထုတ်ရမယ်၊

အားမထုတ်ပဲနေရင် သူ့ထက်မိုက်သူ မရှိတော့ဘူး၊ ငမိုက် ကန်းပဲ၊ ကြွားဘူးနားဝနဲ့ လျှောက်ရမ်းနေတာ။

၂။ သံဒိဋ္ဌိက ပဋိဝေဓ သမား။ ။သူ နာယူ သင်ကြား သိပြီး သား သစ္စာတရားကို ဟုတ် မဟုတ် မှန် မမှန် သူ့ကိုယ်တိုင် သမ္မာသန ဉာဏ်ဖြင့် ကိုယ်ကာယထဲမှာ စူးစိုက် စုံစမ်း ဆင်ခြင် စစ်ဆေး ပွားများ မှတ်သား အားထုတ်လျက် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု ဥဒယ ဝယ ဉာဏ်ကစပြီး ဉာဏ်စဉ်တွေ တက်တက် သွားကာ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင် တွေ့ရှိ ခံစား သွားရတဲ့ သူကို သံဒိဋ္ဌိက ပဋိဝေဓ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရတယ်၊ သူ့ကိုပဲ ဒဿန ပဋိဝေဓ ပုဂ္ဂိုလ်လို့လဲ ခေါ်ရသေးတယ် ဒကာကြီးတို့ရဲ့၊ အဲဒါ ပဋိဝေဓပုဂ္ဂိုလ် နှစ်ပါး ခြားနားပုံပဲ။

**ဒကာ။** ။မှန်ပါ့ ဒီလို မျိုးဇာတ်အားဖြင့် ကွဲကွဲပြားပြား ခွဲခွဲ ခြားခြား သိရလို့ ကျေနပ်လှပါတယ် ဆရာတော်၊ သူတို့က သိရင်ပြီးရောဆိုလို့ပါ။

---

## သာသနာတော်တည်ရာ အုတ်မြစ်ဟာ ဘာလဲ ဘယ်ဟာလဲ?

**ဒကာ။** ။သာသနာတော်ကို တည်ထောင်တဲ့ နေရာမှာ မြတ်စွာ ဘုရားသခင်ဟာ အရှည်ခံ့ရေးအတွက် တည်တံ့အောင် ဘာကို ဦးတည်လျက် အုတ်မြစ်ချ အခြေခံတော်မူတယ်ဆိုတာ စာပေ မှာ ပါပါသလား ဆရာတော်။

**ဆရာ။** ။ပါတယ် ဒကာကြီးတို့၊ သုတ်သီလက္ခန် ဋီကာသစ်ဆရာက သာသနာတော်၏ ဦးတည်ချက် အခြေခံမူလကို....

ဒီဃဒဿီ စိရံကာလံ
ပတိဋ္ဌာပေယိ သာသနံ။

အရှည်ကို မြင်သိတော်မူသော မြတ်စွာဘုရားသခင်သည် ကြာမြင့်စွာသော ကာလပတ်လုံး တည်တံ့နိုင်စေရန် သာသနာတော်မြတ်ကို ဝိနည်းတရားဖြင့် သီလကို ဦးတည်ကာ အခြေခံအုတ်မြစ်ချ၍ တည်စေတော်မူခဲ့သည်ဟု ဤလို ဆိုထားတာရှိတယ်။

## လူတွေ ဝိနည်းတတ်အောင် သင်ပါ?

ဝိနယေ ဌိတေ သာသနံ ဌိတံ တဲ့။

ဒါကြောင့် သာသနာတော် အရှည်ခံ၍ တည်တံ့စေချင်ရင် လူတွေက ဝိနည်းတရား သင်ကြားကာ ဝိနည်း သီလသိက္ခာနှင့် ပြည့်စုံတော်မူကြတဲ့ ရဟန်းသံဃာတော်တို့ကိုသာ ရွေးချယ်စိစစ် ကိုးကွယ်ကြရမည်၊ ဝိနည်းတရားဟာ သာသနာတော်ရဲ့ အုတ်မြစ် အခြေခံ အသက်ပဲ။

---

## သာသနာဖျက်ကောင်တွေ မဖြစ်စေနဲ့?

သည်လိုမဟုတ်ပဲ တွေ့ကရာ ဝါဝါမြင် ပြီးရောဆိုပြီး ဆည်းကပ်ကိုးကွယ်နေကြရင်တော့ ရဟန်းကောင်းတွေကို မစင်နဲ့ ရောမွှေသလို အားလုံး ပေကျံနံစော် ပျက်စီးကုန်မှာကတော့ သေချာတယ်၊ အဲဒီ ဝါဝါမြင် ပြီးရော ဆိုတဲ့ လူတန်းစားတွေဟာ သာသနာဖျက်ကောင်တွေပဲ ဒကာကြီးတို့ရဲ့၊ အဲဒီထဲ မပါကြစေနဲ့နော်....။

**ဒကာ**။ ။သည်လို ရက်ရက် စက်စက် တစ်ဟစ်ခွခွ မိန့်ဟတော်မူချက်ကို ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ ဒကာကြီးတို့က အကျင့်သိက္ခာရှိ ရဟန်းသံဃာကိုသာ ရွေးချယ်ကိုးကွယ်ကြပါတယ်၊ အုတ်အရောရော ကျောက်အရောရော မလုပ်တတ်ပါဘူး ဘုရား။

---

## နတ်ဖြစ်ရတာ မကောင်းဘူးဆိုပါကလား ?

**ဒကာ**။ ။နတ်ပြည်ကို မသွားချင် မရောက်ချင်ကြနဲ့၊ နတ်တွေဟာ ကာမဂုဏ်တရား လိုက်စားမူးယစ်ပြီး ကုသိုလ်တရား မေ့လျော့ထားကြတာဟု ပြောဟောသံတွေ ကြားရလို့ စာထဲမှာ သည်လိုပဲ ပါသလား ဆရာတော်၊ ရဟန်းဝတ် ၆-ပါးထဲမှာ ကိုယ့်ဒကာ ဒကာမကို အနည်းဆုံး နတ်ပြည်လားအောင် ဟောကြားဆုံးမပေးရမည်ဆိုတာပဲ။

**ဆရာ**။ ။အင်း …ဒါကတော့ များသော (ယေဘုယျ) နည်းနဲ့ ဟောပြောချက်လို့ မှတ်ရမယ်၊ မမေ့ မလျော့တဲ့ အနာထပိဏ်တို့လို နတ်မျိုးတွေလဲ ရှိအုံးမှာပေါ့လေ၊ နတ်တွေ မေ့လျော့မှုနဲ့စပ်ပြီး သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ ၂၃၀-မှာ …

> သဗ္ဗေန သဒိသော ပမာဒ ဝိဟာရီ ဒေဝပုတ္တော နာမ နတ္ထိ။

သိကြားနတ်ဟာ အလွန်အပျော်အပါး များတယ်၊ ကာမဂုဏ်လိုက်စားပြီး ကုသိုလ်တရား မေ့လျော့ကာ နေတဲ့အထဲမှာ သိကြားမင်းနဲ့တူတဲ့ နတ် မရှိဘူးလို့ ဆိုထားတယ် ဒကာကြီးတို့ရ၊ သူတို့ဘုရင်သိကြားက ဒါလောက်တောင် မေ့လျော့နေရင် နတ်တွေတော့

မပြောနဲ့တော့ပေါ့၊ နောက်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုစရာ အရင်းခံဖြစ်တဲ့ ဗုဒ္ဓဘုရားနဲ့ ရဟန်းသံဃာတော်များကလဲ လူ့ပြည်မှာ သာ သီတင်းသုံး နေထိုင်ခြင်းဖြစ်တာ ရှိတာ နေတာ မဟုတ်လား၊ ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့၊ အာရုံခံစားမှုမှာတော့ လူ့စည်းစိမ်ထက် သာလွန်တယ်။

ဒကာ။ ။ကောင်းမြတ် ကျေနပ် နှစ်သက်စရာ အဖြေပါပဲ ဆရာ တော်၊ ကျေနပ်ပါပြီဘုရား၊ နတ်စည်းစိမ်က လူ့စည်း စိမ်ထက် သာလွန်တာကို။

## ဘုရားပွဲ ကျင်းပခြင်းဟာ ဇရဲရှာတာလားတဲ့ ?

ဒကာ။ ။ယခုအခါ မြို့ရွာ ရပ်ကွက်တိုင်းလိုလိုမှာ ဘုရားပွဲ ဘုရားပွဲ ဆိုဆိုပြီး ပိုက်ဆံတွေ ခံခွဲ ပွဲဘခြိမ့်ခြိမ့်နဲ့ က, ဆို, တီးမှုတ် ပျော်ပါးနေကြတာတွေဟာ မြတ်စွာဘုရားသခင် ရှိတုန်းက ပြုလုပ်လာတဲ့ အစဉ်အလာတွေလား ဆရာတော်၊ ဘုရားသခင်က ပွဲကြည့်လိုလား၊ သို့မဟုတ် ဘုရားဟာ ကျမ်းဂန်နှင့်အညီ ပြုလုပ် ကျင်းပ ပျော်ပါးနေကြတာတွေလား၊ ဘုရားရှင်က ခွင့်မပြုပဲ ပြုလုပ် နေကြတာတွေလား၊ အကျိုးအပြစ်နဲ့တကွ သိပါရစေ ဆရာတော်။

ဆရာ။ ။ဒကာကြီးတို့မေးခွန်းက အဖြေမှန်ပေးရင် ဘေးရန်တွေ များလိမ့်မယ်ထင်တယ်၊ ဒါကြောင့် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ ဆရာဖြစ်တော်မူသော ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရဲ့ မိန့်ခွန်းတော်ကိုပဲ နားထောင်မှတ် သားပေတော့၊ မိန့်ခွန်းတော်မြတ်ကတော့ ...

တနှစ်တခါ ငရဲရှာ လှူ့ရှာဘုရားပွဲ—

တဲ့၊ ဆိုလိုရင်းက ကျောင်းဘုရားနှင့် မသင့်လျော်သော ဆူညံမှု ကခုန် တီးမှုတ်ပွဲ သဘင်တွေခံ၊ ကျောင်းဘုရားဝင်းအတွင်း ကျင်ကြီး ကျင်ငယ် အမှိုက်သရိုက်တွေနှင့် နံစော်ပေကျံ သေရင် အပါယ်ငရဲ ခံကြပေတော့တဲ့။

ဒကာ။ ။မှန်လှန်းအားကြီးတော့ ဒီအပြောမျိုး မကြိုက် မနှစ်သက်ကြဘူး ဆရာတော်၊ ပွဲခံပြီး ငရဲခံရမှာဆိုတော့ မကောင်းတဲ့အလုပ်တွေပါလား ဘုရား။

ဆရာ။ ။အင်း..မကောင်းဆို မြတ်စွာဘုရားသခင်က ပွဲလမ်းသဘင် က, ဆို, တီးမှုတ်မှုကို ပေးလှူတဲ့ဒါနဟာ အပါယ်ကို လားစေတဲ့ ဒါနလို့ ကိုယ်တော်တိုင် ဟောကြားထားတယ်၊ သိချင်ရင် ဆရာတော်ရေးသားတဲ့ (သုတေသန သရုပ်ပြ အဘိဓာန်) စာမျက်နှာ-၄၃၁ (မပေးလှူအပ်သော ဒါနမျိုး ၅-ပါး)၌ ကြည့်ပါ။

ဒကာ။ ။ကောင်းပါပြီ ဆရာတော်၊ ဒီစာအုပ် ဒကာကြီးမှာ ရှိပါတယ်။

---

## ဗုဒ္ဓဘာသာဟာ သုညဝါဒဆိုတော့ အနှစ်သာရ မရှိလို့လား?

ဒကာ။ ။ဗုဒ္ဓဘာသာကို သုညဝါဒ သုညဝါဒလို့ ပြောဆိုနေကြတာ ဘာမျှအနှစ်သာရမရှိတဲ့ ဘာသာလား ဆရာတော်၊ ဘာကြောင့် သုညဝါဒလို့ ခေါ်တာလဲ သိပါရစေ ဘုရား။

ဆရာ။ ။သုညဝါဒကို ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာကြီးက အနတ္တ ရှုထောင့်ကနေပြီးတော့ နှစ်ခုနဲ့ ထောက်ပြထားပုံက ...

သုညမိဒံ နာမရူပံ အတ္တေန ဝါ၊ အတ္တနိယေန ဝါ။

ထင်ရှားရှိနေတဲ့ ရုပ်နာမ်ဆိုတာဟာ ငါမဟုတ် ငါဆိုတဲ့ အတ္တမှ ကင်းဆိတ်တဲ့ သုညသဘောသာ ဖြစ်တယ်တဲ့၊ အဲဒါဟာ သုညဝါဒပဲ၊ ဆက်ပြောအုံးမည်၊ ဉာဏ်ဝင်စားပါ။

ငါ မဟုတ် (အတ္တမှ ကင်းဆိတ်) တဲ့ သည် ရုပ်နာမ်တရားဟာ ငါ့ဟာ မဟုတ်နိုင် ငါပိုင်သော အတ္တနိယ ငါ့ဉစ္စာမှ ကင်းဆိတ်တဲ့ သုညသဘောမျှသာ ဖြစ်တယ်တဲ့။

ဆိုလိုရင်းက ငါမဟုတ်တဲ့သည်နာမ်ရုပ်အစုဟာ ဘယ်လိုလုပ်ပြီး ငါ့ဉစ္စာဖြစ်နိုင်မှာလဲတဲ့၊ သုညသဘောမျှသာပဲတဲ့၊ ကဲ....သဘောကျရဲ့လား၊ ဉာဏ်သမားကြီးများအတွက် ဟောတာ။

ဒကာ။ ။မှန်ပါ့၊ သဘောကျပါပြီ ဆရာတော်၊ ငါ, ငါ့ဟာ အတ္တမှ ကင်းဆိတ်ခြင်း သုညကိုဆိုတာ မှန်ပါတယ် ဆရာတော်၊ဒကာကြီး လက်တွေ့ ခံနေရတာပဲဟာ စဉ်းစားကြည့်လေ အကျင်းသား သိလေပဲ ဘုရား။

---

## ဗုဒ္ဓသာသနာတော်၌ အပြောရ အသိရ အခက်ဆုံး တရားဆိုတာ ဘာလဲ ?

ဒကာ။ ။ဗုဒ္ဓဘာသာ သာသနာတော်၌ အသိရခက်သလို၊ ပြော ဟောရလဲ အခက်ဆုံးတရားများ ရှိပါသလား ဆရာ တော်၊ ရှိရင် ဘယ်တရားတွေပါလဲ ဘုရား၊ သိပါရစေ။

သုဓမ္မဝတီ (က) ၁၀၄–၁၃

**ဆရာ။** ။သာသနာတော်၌ ကိုယ်တိုင်သိဖို့လဲခက်၊ သူတပါးတို့ကို လဲ နားလည်အောင် ဟောပြောရ အခက်ဆုံး**သော** တရားကြီး (၄) မျိုး (၄) ပါးရှိကြောင်းနဲ့ အဋ္ဌကထာဆရာကြီးများ ညည်းညူတော်မူကြတယ်လို့ ပါရှိတယ်။

သစ္စံ သတ္တော ပဋိသန္ဓိ၊

ပစ္စယာကာရ မေဝ စ။

ဒုဒ္ဒသာ စတုရော ဓမ္မာ၊

ဒေသေတုံ စ သုဒုက္ကရာ။

၁။ **သစ္စံ။** ။သစ္စာ (၄) ပါးတရားကို မိမိကိုယ်တိုင် သိဖို့လဲ အလွန်ခက်တယ်၊ သူတပါးတို့ကို နားလည်အောင် ဟောပြောပေးဖို့က သာလွန်၍ ခက်တယ်တဲ့။

၂။ **သတ္တော။** ။သတ္တဝါ တဦးတယောက်ရဲ့ အစဖြစ်လာပုံနဲ့ ဘဝတွေ အမျိုးမျိုး ပြောင်းလဲ ဖြစ်နေပုံတို့ ကိုလဲ ထို့အတူပဲ အလွန်အသိရ ခက်ပါတယ်တဲ့၊ သိအောင် ပြောနိုင်ဖို့လဲ ခက်ပါတယ်တဲ့။

၃။ **ပဋိသန္ဓိ။** ။သတ္တဝါ တဦးတယောက်ရဲ့ ပဋိသန္ဓေနေပုံ အခြင်းအရာကိုလဲ အပြည့် အစုံ သိအောင် ဟောပြောရဖို့ဟာ အလွန်ခက်ပါတယ်တဲ့။

၄။ **ပစ္စယာကာရ။** ။ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုလဲ နားလည် ကျေနပ်အောင် ဟောပြ သင်ကြားပေးဖို့ဟာ အလွန်ပဲ ခက်လှပါတယ်တဲ့။

အဋ္ဌကထာ ဆရာကြီးတွေက အဲသည်လို ညည်းညူကာ အဆိုပြု တော်မူကြတယ်၊ ဒါကြောင့် သည်တရားကြီး (၄) ပါးဟာ သာသ နာတော်မှာ ဟောပြောရ အခက်ဆုံးပဲလို့သာမှတ်ရမယ် ဒကာကြီးတို့။

ဒကာ။ ။ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ ဒကာကြီးတို့ ဉာဏ်နဲ့ မမှီတဲ့ အရာတွေပါဘုရား။

ဆရာ။ ။ဟာ....ဒီလို သဘောမထားရဘူး၊ တန်ဖိုးရှိတဲ့ တရားကို တန်ဖိုးရှိရှိနဲ့ သိအောင် သင်ကြား မှတ်သား ဆွေးနွေး မေးမြန်း ရှာမှီးရမယ် ဒကာကြီးတို့ရ၊ စိတ်ဓာတ်ကို မလျှော့ရဘူး။

ဒကာ။ ။မှန်ပါ့၊ ဉာဏ်မှီသလောက် ဆွေးနွေး မေးမြန်း နာယူ လိုက်စားပါမယ် ဆရာတော်။

---

## ဓာတ်ကြီးလေးပါး ခွဲခြားမှု အကျဉ်းဆုံး ဓာတ်ကမ္မဋ္ဌာန်း ရှိပါသလား ?

ဒကာ။ ။ဓာတ်ကြီးလေးပါး ရှုမှတ်ပွားရေးနဲ့ ပတ်သက်လို့ တပည့်တော်တို့ နားလည် နိုင်အောင် အလွယ်ဆုံး အကျဉ်းဆုံးများ ရှိပါသလား၊ ရှိလျှင် ပြပေးစေလိုပါတယ် ဆရာ တော်၊ ''ပထဝီ ဓာတုံ ခေါ ရာဟုလ''တွေ ဘာတွေကို ရွတ်မနေပါနဲ့ ဆရာတော်၊ တိုတိုကျဉ်းကျဉ်း လွယ်လွယ်ကလေးသာ ပြတော်မူပါ ဘုရား။

ဆရာ။ ။အင်း....ရှိတယ်၊ တိုတိုတိတိနဲ့ ထိအောင်ပြောပြမယ်၊ မိအောင်မှတ်ပါ။

၁။ မာတာမှန်သမျှ ခက်မာ ပထဝီလို့မှတ်၊ နူးညံ့ ပျော့ပျောင်း တာမှန်သမျှ နူးညံ့ပထဝီလို့မှတ်၊ ငါ မထည့်နဲ့၊ ပထဝီဓာတ် သဘောမျှသာလို့ ရှုမှတ်နေရမည်၊ အဲဒါ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းဆုံးပဲ။

၂။ စိုတာနှင့် အရည်မှန်သမျှ ယိုစီးအာပေါလို့ မှတ်၊ မစိုလျှင် "အခဲဟူသမျှ" ဖွဲ့စေးအာပေါလို့မှတ်၊ ငါ မထည့်နဲ့။

၃။ ပူတာမှန်သမျှ ဥဏှတေဇောလို့မှတ်၊ အေးတာ မှန်သမျှ သီတတေဇောလို့မှတ်၊ မပူမအေးကို မျှတတေဇောလို့မှတ်၊ ငါ မပါရဘူးနော်၊ ငါ အေးတာမဟုတ်၊ ငါ ပူတာမဟုတ်၊ တေဇောဓာတ်လို့ မှတ်။

၄။ လှုပ်လျှင် လှုပ်ရှားဝါယောလို့မှတ်၊ မလှုပ်ပဲ တည်ငြိမ်နေလျှင် ထောက်ကန်ဝါယောလို့ မှတ်၊ ဝါယောဓာတ် လှုပ်တာ ဝါယောဓာတ် ငြိမ်တာ ငါ မပါ ငါ မရှိလို့ မှတ်၊ ကဲ... သဘောကျရဲ့လား။

**ဒကာ။** ။တိုတို တိတိနဲ့ ထိလိုက် မိလိုက်တဲ့ ဓာတ်ကမ္မဋ္ဌာန်းမို့ သဘောကျပါတယ် ဆရာတော်၊ ငါ မပါပဲ မှတ်ဖို့က ခက်တယ် ဘုရား။

---

## ဗုဒ္ဓရဲ့ ဝိနည်းကတော်မှာ သူနာပြုအင်္ဂါ ရှိပါသလား?

**ဒကာ။** ။ရဟန်းတော်များ မကျန်းမမာ ဖြစ်သောအခါ သူနာပြုစုရေးအတွက် မြတ်ဘုရား ညွှန်ကြားချက်များရှိပါ သလား ဆရာတော်၊ မိဝေး ဖဝေး ရဟန်းတော်များ မကျန်းမမာ

ဖြစ်ရင် စောင့်ရှောက်ပေးသူဟာ မရှိသလောက်မို့ ကိုယ်ဖြစ်ကိုယ်ခံ ကိုသာ တွေ့ရပါတယ် ဆရာတော်။

**ဆရာ။** ။မြတ်စွာဘုရားသခင်က သည်ကိစ္စနှင့်စပ်ပြီး လေးလေး နက်နက် မိန့်မြွက်တော်မူခဲ့တယ်။

ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊
သော ဂိလာနံ ဥပဋ္ဌဟေယျ။

ချစ်သားရဟန်းတို့ မကျန်းမမာသော ရဟန်းကို ပြုစု စောင့် ရှောက်ပေးခြင်းသည် ငါဘုရားအား ပြုစုလုပ်ကျွေးသည် မည်၏၊ ငါဘုရားကို ပြုစုလုပ်ကျွေးမည့်အစား ဂိလာန ရဟန်းအား ပြုစု စောင့်ရှောက် လုပ်ကျွေးကြပါလေ ဟု မြတ်ဘုရား မိန့်ကြားတော် မူခဲ့တယ်။

**ဒကာ။** ။သည်လိုဆိုရင် သူနာပြုများ လိုက်နာ ကျင့်သုံးစရာ နည်းဥပဒေသကော ထားရှိပါသေးသလားဆရာတော်။

**ဆရာ။** ။အင်း....အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ် ဂိလာနဝဂ်မှာ ဟောဒီ အင်္ဂါ ငါးပါးကို လိုက်နာရန် ညွှန်ကြား တော်မူခဲ့တယ်။

၁။ သမားတော်များ ပြောဆိုညွှန်ကြားသမျှ ဆေး အစာ အာဟာရတို့ကိုသာ လိုက်နာ တိုက်ကျွေး ပြုစုပေးရခြင်း။
၂။ ဆရာတားမြစ်သော အစာအာဟာရတို့ကို လုံးဝစားသောက် မှီဝဲခွင့် မပေးရခြင်း။
၃။ သူနာထံမှ လာဘ်လာဘစသည် မငဲ့ မလိုပဲ မေတ္တာထားကာ ပြုစုပေးရခြင်း။
၄။ သူနာ၏ အညစ်အကြေးတို့ကို မရွံမရှာ သန့်ရှင်းစွာ သုတ် သင် ဆေးကြောပေးရခြင်း။

၅။ ပြုံးရွှင်သော မျက်နှာထားဖြင့် ချိုသာနူးညံ့သော စကားကို ပြောရခြင်း၊ တရားမေ့ ဟောပြောတတ်ရခြင်း ဆိုတဲ့ အင်္ဂါ ငါးပါးပဲ။

အဲဒါဟာ သူနာပြုသူတို့ လိုက်နာရမည့် ဝတ်တရား ငါးပါးပဲ။

**ဒကာ**။ ။အော်...သာသနာတော်ကြီး ခိုင်မြဲအောင် မြတ်စွာဘုရားသခင်ရဲ့ ညွှန်ကြားချက် နည်းဥပဒေသတွေက စောင့်ရှောက် ပေးသွားတာပဲကို ကောင်းလိုက်တာ ဆရာတော်၊ လိုက်နာစရာတွေပဲ ဘုရား။

---

## သူနာများ လိုက်နာရန် အင်္ဂါကော ထားရှိပါသေးသလား?

**ဒကာ**။ ။သူနာပြုသူ၏ အင်္ဂါ ငါးပါးရှိရင် သူနာများ လိုက်နာရမည့် အင်္ဂါကော ဘုရားမဟောဘူးလား ဆရာတော်၊ ဘာတွေပါလဲ ဟောရင် သိပါရစေဘုရား။

**ဆရာ**။ ။ပဥ္စင်္ဂုတ္တရပါဠိတော် ဂိလာနဝဂ်မှာပဲ ဟောကြားထားတာရှိတယ် ဒကာကြီးတို့ရဲ့၊ သည်ပဥှာဟာ မေးပြီး ဖြေပြီးသားလို့ အောက်မေ့တယ်၊

၁။ မိမိရောဂါနှင့် မသင့်လျော်သော ဆေး အစာ နေထိုင်မှုတို့ကို မပြုရခြင်း။

၂။ သင့်လျော် လျောက်ပတ်သည်ကို ပမာဏ အတိုင်းအရှည် သိ၍ မှီဝဲနေထိုင်ရခြင်း။

၃။ ဆရာ ညွှန်ကြားစကားကို လိုက်နာ ကျင့်ကြံရခြင်း။

၄။ မိမိအား ပြုစုစောင့်ရှောက် ကုမပေးသူများအား မေတ္တာ ပွားကာ နေရခြင်း။

၅။ မိမိရောဂါကိုသည်းခံကာ မညည်းညူ မဆူပူပဲ တရားအမှတ် သတိသမ္ပဇဥ်ကို ပွားများအားထုတ်ကာ နေရခြင်း။

ဘုရားဟောတော်မူတာကတော့ အဲဒီ အင်္ဂါ ငါးပါးပဲ ဒကာ ကြီးတို့၊ ကဲ.... ကျေနပ်ကဲ့လား၊ ပိဋကတော်မှာ လူမှုရေးရာတွေ အပြည့်အစုံပါတယ်နော်။

**ဒကာ။** ။အားရ ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ နံပါတ် ၄- နဲ့ ၅- ဟာ မြင့်မြတ်သော လိုက်နာပြုကျင့် ဖွယ်ရာပါပဲ ဆရာတော်။

---

## အရဟတ္တ မဂ်ဖိုလ် ရမည့်သူကို သတ်လို့ မသေဘူးလား?

**ဒကာ။** ။သည်ဘဝမှာ တရားထူး တရားမြတ် ရမည့်သူကို သတ် လို့မသေဘူးဆိုတာ မှန်ပါသလား ဆရာတော်၊ ဘယ် ကျမ်းမှာ ပါတယ်ဆိုတာ သိပါရစေ ဘုရား။

**ဆရာ။** ။အင်း...တရားထူး တရားမြတ်ဆိုတာက အရဟတ္တမဂ် ဖိုလ်တရားကိုခေါ်တာ၊ (ပစ္ဆိမ ဘဝိကသားလို့လဲ ခေါ် တယ်) အရဟတ္တမဂ်, ဖိုလ်မရမီ သူ့ကို တန်တရာရှိတဲ့ အဏ္ဍမြူဗုံးကြီးနဲ့ ချသတ်လို့တောင် မသေနိုင်ဘူးပဲ၊ ပိဋကတော် ထေရဂါထာ အဋ္ဌ ကထာမှာ....

ပစ္ဆိမ ဘဝိကဿ အရဟတ္တံ အပတ္တာ၊
အန္တရာ ဇီဝိတန္တရာဘာဝတော။

ပစ္ဆိမ ဘဝိကသားကို အရဟတ္တမဂ်ဖိုလ် မရမီ အကြားမှာ အသက်အန္တရာယ် ဘယ်သောအခါမှ ပြုလို့မရဟု မှာဆိုထားတယ်။

**ဒကာ**။ ။သည်လိုဆို ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်ကြီး ခိုးသားငါးရာ သတ်လို့ ပရိနိဗ္ဗာန်စံရတာ ဘယ်လိုယူဆရမှာလဲ ဆရာတော်။

**ဆရာ**။ ။ဒါက အရဟတ္တမဂ်ဖိုလ်ရလို့ ရဟန္တာကြီးဖြစ်ပြီးမှ ဖြစ်ပေါ်လာတဲ့ အန္တရာယ်ပဲဟာ ထည့်ပြောမနေနဲ့၊ သူတို့ သတ်လို့ သေတာမှမဟုတ်ပဲ၊ ကိုယ်တော်ကြီးဘာသာ ပရိနိဗ္ဗာန် စံဝင်တော်မူသွားတာ။

**ဒကာ**။ ။မှန်ပါ့ ကျေနပ်ပါတယ် ဆရာတော်၊ ရဟန္တာ မဖြစ်ခင် ဆိုတာပဲဟာ။

---

## ဒုက္ခနဲ့ အရင်းတည်မှ သုခနိဗ္ဗာန်ကို ရတော့မှာလား?

**ဒကာ**။ ။မင်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရှာဖွေရယူတဲ့အခါမှာ ရှာဖွေရေးကိစ္စနဲ့ ကျင့်ကြံပွားများမှုလုပ်ငန်းကိစ္စက ဆင်းရဲလှပါတယ် ဆရာတော်၊ ချမ်းချမ်းသာသာနဲ့ ရယူနိုင်တဲ့နည်းများ မရှိဘူးလား ဘုရား၊ ရှိရင် ညွှန်ကြားတော်မူပါ။

**ဆရာ**။ ။အင်း... ဆင်းရဲတဲ့ ဘုံဘဝဌာနမှာ ဆင်းရဲကောင်လာဖြစ်နေတဲ့ ဆင်းရဲသားဟာ ဆင်းရဲနေမှာပေါ့၊ သူ့နေရာ

ဌာနက ချမ်းသာတစက်မှ မရှိတဲ့ ဆင်းရဲဌာနကြီး သက်သက်ပဲ ဥစ္စာ၊ ဒုက္ခဆင်းရဲထဲကနေပြီး ချမ်းသာကိုရှာပေါ့။

ဒီကိစ္စနဲ့စပ်ပြီး မဇ္ဈိမပဏ္ဏာသပါဠိတော် စာမျက်နှာ ၂၇၉၊ အဋ္ဌကထာ ၁၅၄၊ ၂၂၃-မှာ....

န ခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ။
ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗံ။

"သုခလိုချင်ရင် သုခနဲ့ ရှာဖွေလို့ မရနိုင်ဘူး၊ ဒုက္ခနဲ့ အရင်းတည်ပြီး ရှာဖွေမှသာ သုခကို ရနိုင်မယ်လို့" မိန့်ဆို မှာကြားထားတာ ရှိတယ်။

ဒါကြောင့် "မခံသာ မှန်ပါဘ် သည့်တရား။ ။ခံသာလျှင် သံသာကြော မျှောမည်မမှား"....တဲ့၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ သုခချမ်းသာအစစ်ကို လိုချင်ရင် ဒုက္ခဆင်းရဲနဲ့ အရင်းတည်ပြီး ရှာဖွေရမှာချည်းပဲလို့သာ မှတ်ပေတော့၊ ပင်ကိုယ်က ဒုက္ခကောင်ဟာ ဒုက္ခပဲရှိတာ ဘာမေးနေစရာ လိုသေးသလဲ၊ ဒုက္ခထဲက ထွက်ပေါက်ကို ဒုက္ခပစ္စည်းနဲ့ အရင်းတည်ပြီးတော့ ရှာဖွေပေါ့၊ ဒါမှ ဒုက္ခသစ္စာ အမှန်တရားကို ပိုင်းခြားသိမြင်ရမှာ။

**ဒကာ။** ။မှန်ပါ့ ကောင်းပါပြီ ဆရာတော်၊ မိမိလက်ရှိ ပစ္စည်းက ဒုက္ခဆင်းရဲအမှန်ဆိုတာ သိပါပြီဘုရား။

## အထက်ဆရာကြီးတွေ ကိုးကွယ်သူဟာ သီလဗ္ဗတုပါဒါန် ဖြစ်နိုင်ပါသလား?

**ဒကာ။** ။ဥပါဒါန်တရားလေးပါးထဲမှာ သီလဗ္ဗတုပါဒါန်ဆိုတာနဲ့ စပ်ပြီးတော့ အထက်ဆရာကြီးတွေ ဝိဇ္ဇာဓိုရ် ထွက်ရပ်ပေါက် ဆရာကြီးတွေ၊ နတ် သိကြား ဗြဟ္မာကြီးတွေကို ချမ်းသာအောင်စီမံဖန်ဆင်းပေးနိုင်တဲ့ ကယ်တင်ရှင်အနေနဲ့ ကိုးကွယ်ဆည်းကပ်နေတဲ့ သူတွေဟာ သီလဗ္ဗတုပါဒါန်ထဲမှာ ပါဝင်တဲ့ အယူအစွဲ မိစ္ဆာဒိဋ္ဌိတွေပဲလို့ ပြောဆိုငြင်းခုံနေကြတာ မှန်ပါသလား ဆရာတော်၊ ဒီပြဿနာက တော်တော်ကြီးထွားနေတယ် ဘုရား၊ ဖြေကြားပါအုံး။

**ဆရာ။** ။အင်း...သီလဗ္ဗတ အယူအစွဲ ဥပါဒါန်တရားက အရာကျယ်တယ်၊ ကျွဲလို နွားလို ခွေးလို တိရစ္ဆာန်တို့၏ အနေအထိုင် သွားလာစားသောက်ပုံတွေကို သဘောကျ နှစ်သက်ကာ ယင်းတို့၏ အလေ့အထကို အတုယူ၍ ကျင့်ခြင်းမျိုး၊ ယင်းတို့၏ ရုပ်ပုံနှင့် ယင်းတို့ကို ကိုးကွယ်ခြင်းမျိုး။

ဒကာကြီးတို့ လျှောက်ထားခဲ့တဲ့ အထက်ဆရာကြီးတွေနဲ့ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်ကြီးတွေ နတ် သိကြား ဗြဟ္မာကြီးတွေကို ချမ်းသာသုခ ဖန်ဆင်းပေးနိုင်သူတွေပဲ ဟု ယုံကြည်စွာ ကိုးကွယ် ဆည်းကပ်ပူဇော်ခြင်းဖြင့် ဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်ပြီး ချမ်းသာသုခတွေ ရရှိသွားနိုင်တယ်ဟုအားထားယုံကြည်ကိုးကွယ်တာမှန်သမျှ သီလဗ္ဗတ ပရာမာသဒိဋ္ဌိတွေချည်းဖြစ်လို့ သီလဗ္ဗတုပါဒါန်တွေချည်းသာ မှတ်ပေတော့၊ နောက်ထပ် မေးမေးနဲ့၊ ပညာရှိမှန်ရင် လက်ခံလိမ့်မယ်။

အဲဒါမှ မကျေနပ်သေးရင် စာပေတတ်သိတဲ့ တကယ့်ပညာရှိ ဆရာတော်များထံ ချဉ်းကပ်မေးမြန်းအုံးပေါ့၊ စာပေမတတ်တဲ့

ဖြန်းဖြိုးဆရာ၊ ဒကာ ဒကာမကို အလိုလိုက်ပြီး အာႏွာ ပါႏွာနဲ့ ညာ ဝါးစားနေတဲ့ သူမျိုးတွေဆီကိုတော့ သွား မနေနဲ့၊ အဲဒီရောက်ရင် ပွဲပြင်၊ ပွဲသိုးနဲ့ ပျက်မဲ့သာကြံရော့ပဲ၊ ဒါ အမှန်အတိုင်း ပြောတာ၊ သူတို့ကို နှိပ်ချကဲ့ရဲ့တာမဟုတ်၊ ကိုယ်ကြိုက်ရာကို လွတ်လပ်စွာ ကိုးကွယ် နိုင်တာပဲဟာ။

**ဒကာ။** ။"ပဏ္ဍိတာနုဋ္ဌ သေဝနာ" မင်္ဂလာနဲ့အညီ နေပါမည် ဆရာတော်၊ တင်းတင်းရှင်းရှင်း ဖြေကြားပေးလို့ ကျေးဇူးတရားတွေကို မမေ့နိုင်တော့ပါဘူး ဘုရား၊ ဒါပေမဲ့ အိမ်က ဒကာမကြီးကတော့ အင်္ဂါနေ့တိုင်း ပွဲထိုးနေတာပဲ၊ ဘာအကျိုးမှလဲ မရှိဘူး။

**ဆရာ။** ။အကျိုးရှိပါတယ် ဒကာကြီးတို့ရ၊ အိမ်က ကလေးတွေ ငှက်ပျောသီး စားရတာပေါ့။

---

## ချာန်ကုသိုလ်စိတ်နဲ့ ဝိပဿနာကုသိုလ်စိတ်ဟာ အတူတူပဲလား?

**ဒကာ။** ။စျာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကာမဆန္ဒစတဲ့ ကိလေသာစိတ်တွေ ငြိမ်းအေးနေတယ်လို့ ဆိုကြတယ်၊ ဝိပဿနာတရား ရှုမှတ်ပွားများနေတဲ့ သူဟာလဲ ကာမဆန္ဒစိတ်တွေ ငြိမ်းအေးနေတယ်လို့ ပြောကြတော့ကာ ကာမဂုဏ်တွေ ငြိမ်းအေး နေတဲ့ ကုသိုလ်စိတ်ချင်း အတူတူပဲဟာ သမထနဲ့ ဝိပဿနာ ဘာများ ထူးသေးသလဲ၊ ထူးတာရှိရင် ရှင်းပေးပါအုံးဘုရား။

**ဆရာ။** ။ကုသိုလ်စိတ်ချင်းက မတူဘူးဒကာကြီးတို့ရဲ့၊ဈာန်ဝင်စား နေတယ်ဆိုသူရဲ့ ဈာန်ကုသိုလ်စိတ်က ရူပါဝစရကုသိုလ် စိတ်နဲ့ အရူပါဝစရကုသိုလ်စိတ်တို့ ဖြစ်တယ်။

အဲဒီ ကုသိုလ်စိတ်တို့ရဲ့ လုပ်ခအကျိုးက ဗြဟ္မာ့ပြည်လားပြီးတော့ ဗြဟ္မာ့သင်းချိုင်းကုန်း သွားရတယ်။

ဝိပဿနာတရား ပွားများရှုမှတ်နေတဲ့ ယောဂီရဲ့ ကုသိုလ်စိတ်ကို တော့ ကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လို့ ခေါ်တယ်၊ အဲဒီ ကုသိုလ်စိတ်က ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဥဒယ ဝယသဘောမျှသာ ဉာဏ်နဲ့ယှဉ်ပြီး ရှုမှတ်နေလို့ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်နေတဲ့ စိတ် တွေဟာ လောဘ ဒေါသ မောဟတို့ကို မပါ မဝင် မယှဉ်စေပဲ ကိလေသဝဋ် သုံးပါးမှ သန့်ရှင်းစင်ကြယ်တဲ့ စိတ္တ ဝိသုဒ္ဓိတို့သာ ဖြစ်သောကြောင့် သင်းချိုင်းကုန်းမှ ကင်းဝေးတဲ့ နိဗ္ဗာန်ဆီကိုသာ သွားနေတာဖြစ်တယ်။

**အထူးကတော့။** ဈာန် ကုသိုလ်စိတ်က ဗြဟ္မာသင်းချိုင်းကုန်းကို သွားတယ်၊ ဝိပဿနာကုသိုလ်က နိဗ္ဗာန်ကိုသွား တယ်၊ အဲဒါဟာ ထူးတာပဲလို့ မှတ်ပေတော့၊ ပါဠိတွေ ရွတ်နေစရာ မလိုပါဘူး ရှင်းပါတယ်။

**ဒကာ။** ။သင်းချိုင်းကုန်းပို့တဲ့ ကုသိုလ်မျိုးတော့ ကြောက်လှ ပါပြီ ဆရာတော်၊ နိဗ္ဗာန်သွားရာ ဝိပဿနာကုသိုလ်ပဲ ကြိုးစား ပွားများပါတော့မယ် ဘုရား၊ ဒါမှ သမ္မာဒိဋ္ဌိအစစ် ဖြစ်မှာပဲဟာ။

## နိဗ္ဗာန်ဆုတောင်းကိစ္စ အမေးကလေး ?

**ဒကာ။** ။ဗုဒ္ဓဘာသာဝင် စစ်စစ်တွေဟာ ဘာကုသိုလ်ပဲပြုပြု နိဗ္ဗာန်ချမ်းသာ ရရပါလို၏လို့ ဆုတောင်းကြတာ ဘာဖြစ်လို့လဲ ဆရာတော်၊ လူ နတ် ချမ်းသာကိုတော့ ချန်ချန် ထားကြတယ်။

**ဆရာ။** ။နိဗ္ဗာန်က မအို, မနာ, မသေ, ချမ်းသာတွေ အားလုံး စုရုံးကိစ္စပြီး၊ အကောင်းဆုံး ချမ်းသာခေါင်ထိပ်ကြီး ဖြစ်လို့ပေါ့။

ဗုဒ္ဓ**သာသနာ**တော်က လိုချင်ရာ ချမ်းသာတကာကို ပေးနိုင်တဲ့ "ကိုယ်ကြိုက်ရာ ဖြစ်စတမ်း" သဗ္ဗကိစ္စပြီး ဌာနကြီး ဖြစ်တယ်၊ ဒါကြောင့် အဲဒီ နိဗ္ဗာန်ကို မတောင်းခံရင်....

ကိုယ်လိုချင်ရာ အခေါင်အထိပ် ချီးမြှောက် မ,စ ပေးနိုင်တဲ့ ဝိဇ္ဇာဓိုရ် သိဒ္ဓိရှင်ကြီးနဲ့ ပက်င်းတွေကြုံရတဲ့ ဆင်ဖြူရှင်ဘုရင်(တရုဖြား) မင်းက လိုရာပြီး အဖိုးတန် ရတနာကို မတောင်းခံပဲ အနောက်ဆောင်က မိဖုရားတွေ ရောဂါထွေလွန်းလို့ မီးယပ်ဆေး ကောင်းကောင်း တလက်ကိုသာ မ,စ ချီးမြှောက်ရန် တောင်းယူလိုက်သည့်အလား အင်းဝခေတ် ရှေပိုင်း ရာဇဝင်ပုံမှားလို ဖြစ်သွားမှာပေါ့ ဒကာကြီးတို့ရဲ၊ နိဗ္ဗာန်ဆိုတာ ဆုတောင်း ပတ္ထနာ ဆန္ဒပြုရတယ်၊ မမေ့ရ ဘူးနော် ဒါဟာ ပညာရှိတို့ရဲ့ အလုပ်ပဲ။

**ဒကာ။** ။မှန်ပါ့ ကောင်းလိုက်တဲ့ ပုံပမာ ထိလိုက် မိလိုက်တာ ဘုရား၊ ကျေနပ်လှပါတယ် ဆရာတော်။

## ဇာတိမျိုးရိုးလိုက်၍ သူယုတ် သူမြတ် ပညာရှိဖြစ်သလော?

**၁က၁။** ။လောက၌ သူယုတ်မျိုး, သူမြတ်မျိုး, ပညာရှိမျိုးဆိုတာ မျိုးရိုးဇာတ်ကိုစွဲပြီး ဖြစ်ပေါ်လာတာလား ဆရာတော်၊ ပိဋကတော်၌ ဘယ်လိုမျိုး အဆိုအမှာ ရှိပါသလဲ ဘုရား၊ မိန့်ကြား ပါအုံး။

**ဆရာ။** ။ (၁) ကမ္မုနာ ဝသလော ဟောတိ၊
နစေဝ ဟောတိ ဇာတိယာ။
(၂) ကမ္မုနာ ပဏ္ဍိတော ဟောတိ၊
နစေဝ ဟောတိ ဇာတိယာ။

(၁) ယုတ်ညံ့သော မျိုးဇာတ်ရယ်လို့ သီးခြားသတ်မှတ်မှု မရှိ၊ မိမိ ပြုလုပ်သော မကောင်းမှုကံကြောင့်သာ သူယုတ်မာ ဖြစ်ရတာ ဟူ၏။

(၂) ပညာရှိမျိုးရိုးဇာတ်ရယ်လို့ သတ်မှတ်ချက် သီးခြားမရှိ၊ မိမိ ပြုလုပ်သော ကောင်းမှုကံကြောင့်သာ ဉာဏ်ပညာ ကြီးမားသော ပညာရှိကြီး ဖြစ်ရသည် ဟူ၏။

ကဲ....အဲဒါ စာပေလာ မှတ်သားစရာ အဆိုအမှာ စကားပါပဲ၊ ဗုဒ္ဓဝါဒက "ကမ္မဝါဒ" သူကောင်းတာလုပ်လို့ ကောင်းမြတ်ချမ်းသာ သောသူ၊ ဉာဏ်ပညာထက်မြက် ကြီးကျယ်သူ ဖြစ်လာရတာပါ၊ မျိုးရိုးဆက်နွယ်ကြောင့် မဟုတ်ပါဘူး၊ ယုတ်ညံ့ဆင်းရဲသောသူ ဉာဏ် ပညာတုံးသော ဘဝဆိုတာမှာလဲ သူ့ရဲ့ မကောင်းလုပ် ကံကြောင့် မကောင်းတာ ဖြစ်လာရတာပါ၊ မျိုးရိုးနဲ့ မဆိုင်ပါဘူး၊ "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ"တဲ့၊ ကံဆိုတာ ပြုလုပ်မှုကို ခေါ်ဆိုတာ ဖြစ်တယ်။

**ဒကာ**။ ။ကျေနပ်ပါတယ် ဆရာတော်၊ ကိုယ့်လုပ်ခ ကိုယ်ရတာပဲ ကို၊ ကံသာလျှင် ကိုယ့်ဥစ္စာလို့ ယုံကြည်ပါကယ် ဘုရား။

---

## ပစ္စေကဗုဒ္ဓါ တရားဟောသလား?

**ဒကာ**။ ။ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ သစ္စာလေးပါးတရားကို လူသားတို့ ပိုင်းခြားသိမြင်အောင် ဟောကြား ပြသ ပေးနိုင်ပါသလား ဘုရား၊ တချို့ဆရာသခင်များကလဲ ဟောကြား ပြသ ပေးနိုင်တယ်တဲ့၊ဆရာအချို့ကလဲ မဟောကြားနိုင်ဘူးတဲ့၊ အငြင်း ပွားနေကြလို့ ဒကာကြီးတို့ မှတ်သားဖို့ အဆုံးအဖြတ် ပေးစေချင် ပါတယ် ဆရာတော်။

**ဆရာ**။ ။အင်း .... ခုပေးမည့် အဆုံး အဖြတ်ကို သေချာစွာ မှတ်သားပေတော့၊ သုတ္တ နိပါတ် အဋ္ဌကထာ ပထမအုပ် စာမျက်နှာ၊ ၆၄-မှာ....

၁။ ပစ္စေကဗုဒ္ဓါ သယမေဝ ဗုဇ္ဈန္တိ၊
န ပရေသံ ဗောဓေန္တိ။
၂။ အတ္ထရသမေဝ ပဋိဝိဇ္ဈန္တိ န ဓမ္မရသံ။
၃။ န ဟိ တေ လောကုတ္တရဓမ္မံ ပညတ္တိံ
အာရောပေတွာ ဒေသေတုံ သက္ကောန္တိ။

၁။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ သူတို့ကိုယ်တိုင်သာ ဆရာမရှိပဲ သစ္စာလေးပါးကို သိမြင်ကြတာ၊ သူတပါး ကိုတော့ ထိုးထွင်း သိမြင်လာအောင် မဟောစွမ်းနိုင် ကြဘူးတဲ့။

၂။ အကျိုးတရားစု (အတ္ထရသ) ဖြစ်တဲ့ ဖိုလ်တရားများနဲ့ နိဗ္ဗာန် ဝိပါက် ကြိယာစိတ်တို့၏ သဘောမျှကိုသာ ထိုးထွင်း သိမြင်တော်မူကြတာ၊ အကျိုးဖြစ်စေတတ်တဲ့ အကြောင်းတရား ဓမ္မရသ သမုဒယမျိုး ဟူသမျှနဲ့ မဂ် လေးပါး ကုသိုလ်တရားစုကို အစဖော်ကာ မသိကြလို့ မဟောစွမ်းနိုင်ကြတာတဲ့။

၃။ လောကုတ္တရာတရား ကိုးပါးကို နုတ်လူတို့ သိရှိနားလည် ကျင့်ကြံ အားထုတ်ဘတ်အောင် နည်းပရိယာယ် ပညတ် တင်ပြီးတော့ လည်ပတ် ဝေဆာအောင် မပြောနိုင် ကြဘူး၊ ဟောပြောခြင်းငှါ မစွမ်းနိုင်ကြဘူးလို့ အဆုံး အဖြတ်ပေးထားတယ် ဒကာကြီးတို့ရေ။

စာပေမန္တိစပ်လို့ သို့မဟုတ် သတိမထားမိလို့ ပြောဆိုတဲ့ ဆရာအချို့ ကို ထည့်ပြော မနေနဲ့တော့၊ ကဲ… အဲဒါမှ မကျေနပ်သေးရင် အဌ ကထာဆရာကြီးထံ သွားပြီး စေ့ဒက တက်ပေတော့၊ နောက် ဘာ ပြောချင်သေးသလဲ။

## ပစ္စေကဗုဒ္ဓါ ပေးလှူလို့ နိဗ္ဗာန်မရနိုင် ?

**ဒကာ။** ။ဒီလိုဆိုရင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ပေးလှူမှုဟာ နိဗ္ဗာန်မရနိုင်ဘူးပေါ့ ဆရာတော်၊ ရှင်းပြပါဦးဘုရား။

**ဆရာ။** ။ဟာ….ဒီလိုလဲ မယူရဘူး၊ အကယ်၍ မဂ်ဖိုလ်လိုချင်သူက သူလိုချင်တဲ့အတိုင်း နှုတ်မြွက်ပြီးတော့….

''ဤကောင်းမှုကြောင့် အရှင်မြတ်တို့ သိထားသော
တရားမြတ်ကို ထိုးထွင်း သိမြင်ရပါလို၏''

ဟု အဲဒီလို ဆုတောင်းလိုက်ရင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် မိမိ သိထားသော ရုပ်နာမ်ဓမ္မ အနိစ္စလက္ခဏာကိုပြပြီး ဝိပဿနာဓမ္မကို မဟောပြနိုင်ပဲ နောက်တချိန် သာသနာတော်မြတ်ကို ရည်မှတ်ကာ....

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

ဆိုတဲ့ အရှင်မြတ်တို့ထုံးစံ ဣစ္ဆာသယ ဂါထာတော်ကြီးကို ရွတ်ဆိုကာ ချီးမြှောက်ပေးတော်မူကြတာပဲ၊ ဒါထက် အထူးမရှိဘူး၊ ဆုတောင်းသူဟာလဲ သူ့ဆုတောင်းအတိုင်း အပြည့်အဝ ရတာပဲ၊ ကဲ....ဘာထပ် မေးချင်သေးသလဲ။

**ဒကာ**။ ။ရှင်းလင်းပြတ်သားသော အဆုံးအဖြတ်လဲဖြစ်၊ လွယ်ကူ ကောင်းမြတ် သိလွယ် မှန်ကန်သော အဖြေလဲဖြစ်၍ ကျေနပ်လှပါသည်၊ ဝမ်းသာစွာ မှတ်သားပါမည် ဆရာတော်။

---

## ကာမဂုဏ် ချမ်းသာတကာတွေထဲမှာ
## ဘယ်ကာမဂုဏ်ဟာ အချမ်းသာဆုံးလဲ ?

**ကုမာရ**။ ။တက္ကသိုလ်ကျောင်းသား လူရွယ်တယောက် လာ ရောက်၍ ရင်းနှီးစွာ မေးသည်ကား....ကာမဘုံသား တို့ ခံစားနေကြတဲ့ ကာမဂုဏ်ချမ်းသာ များစွာတွေထဲမှာ ဘယ် ချမ်းသာမျိုးဟာ အရသာအရှိဆုံး အကောင်းဆုံး အကြီးအကျယ်ဆုံး

သုမင်္ဂလဝတီ (က) ၁၀၄–၁၄

သော ချမ်းသာမျိုးဆိုတာ ပိဋကတော်ကျမ်း စာပေမှာ ပါရှိတာများ တွေ့ဘူးပါသလား ဆရာတော်၊ သိပါရစေ ဘုရား။

ဆရာ။ ။ကပ်သီးကပ်သပ်၊ ကာမဂုဏ် အပြတ်ပော်နေတဲ့ ဆရာကိုများ ကာမဂုဏ် တိုးပွားရေးတရား လာမေးတာ အံ့ပါ့ကွာ၊ အေး....အာမေးရှိတော့လဲ အဖြေရှိရမှာပေါ့၊ တို့များ တွေ့ဘူးတာကတော့....

အခါဘပါးက တာဝတိံသာ နတ်ပြည်မှာ နတ်သားသစ်တယောက်က (နတ်မြို့တော် မရောက်ဘူးသေးတဲ့ မင်းတို့လို တက္ကသိုလ် ကျောင်းသားနတ်သားဘယောက်ပေါ့ကွာ) နန္ဒဝန်ဥယျာဉ်ကြီးထဲမှာ နတ်သမီးပေါင်းများစွာနဲ့ ပျော်ပွဲခံအပျော်ကျူး မူးယစ်နေရင်း သူ့ကိုယ်သူကြည့်လိုက် အခြားနတ်သမီး နတ်သားတွေကို ကြည့်လိုက်နဲ့ အကြီးအကျယ် ကျေနပ်ရွှင်မြူးပြီး ကြွေးကြော်အော်ဟစ်လိုက်ပုံက....

န တေ သုခံ ပဇာနန္တိ၊
ယေ န ပဿန္တိ နန္ဒနံ လောကေ....

တဲ့၊ လောကမှာ နတ်တို့ ကြည်ကြည်နူးနူး အပျော်ကျူးရာ ဤနန္ဒဝန်ဥယျာဉ်ကြီးထဲကို မရောက်ဖူး မတွေ့မြင်ဘူးသေးတဲ့ သူတွေဟာ မွေ့လျော် ပျော်ဖွယ်ရာ အကောင်းဆုံး အချမ်းသာဆုံး အကြီးကျယ်ဆုံးဖြစ်တဲ့ ကာမဂုဏ် ချမ်းသာသုခကို အပြည့်အဝ ကျေကျေနပ်နပ်နဲ့ မခံစားဘူး၊ အရသာမသိဘူးသေးတဲ့ သူတွေပဲဟု ဝမ်းပန်းတသာ ဟစ်အော် ဟစ်အော်ကာ နေတယ်တဲ့ကွ။

အေး....ဒါကြောင့် ကာမဂုဏ် ချမ်းသာတွေထဲမှာဖြင့် နတ်ချမ်းသာဟာ အကြီးကျယ်ဆုံး ပျော်စရာအကောင်းဆုံးလို့ မှတ်ချင်ရင် မှတ်ပေါ့ကွာ၊ မြတ်ဗုဒ္ဓကတော့ ဒုက္ခသစ္စာ ဆင်းရဲတာ အမှန်ပဲတဲ့။

ကုမာရ။ ။အများကြီးပဲ ကျေးဇူးတင် ဝမ်းသာပါတယ် ဆရာတော်။

---

## အတ္တ အမျိုးအစား ဘယ်နှစ်ပါး ရှိပါသလဲ ?

ဒကာ။ ။ကမ္ဘာသူ ကမ္ဘာသား ဗုဒ္ဓိုင်နှန်း (၉၉) က အတ္တဝါဒ အတ္တ အယူအစွဲ သမားတွေ ဖြစ်နေကြပါတယ်၊ ဒါကြောင့် အတ္တနဲ့ စပ်တဲ့ အယူအစွဲ အမျိုးအပြားများကို နည်းနည်းပါးပါး သိပါရစေ ဆရာတော်၊ ပါဠိတွေတော့ လွှတ်မရွတ်ပါနဲ့ ဘုရား၊ ဒကာကြီးတို့ နားမလည်ပါဘူး။

ဆရာ။ ။အင်း...အတ္တကို အပြောအဆိုရ လွယ်တယ်၊ သတ္တဝါတိုင်းလဲ သဘောကျ နှစ်သက်ကြတယ်၊ ပြန်မငြင်းကြဘူး၊ အနတ္တက ပြောဟောရခက်ဘယ်၊မနှစ်သက်ကြဘူး၊ ပြန်ငြင်းကြတယ်၊ အတ္တ၏ နယ်ပယ်က အင်မတန် ကျယ်ပြန့်တယ်၊ တိုတိုနဲ့ပဲ လိုရင်း ဖြေကြားပေးမယ်၊ မှတ်ထားကြပေါ့။

အတ္တ-ဆိုတာ မိမိ၊ သို့မဟုတ် ငါ လို့ စွဲယူထားခြင်းမျိုးပဲ၊ ငါလို့ စွဲယူထားသဖြင့် ငါနဲ့စပ်သမျှ အရာဝတ္ထုတွေဟာလဲ ငါ့ဟာ ငါ့ဥစ္စာ ဖြစ်ကုန်တာပေါ့၊ ပြောမဆုံးပေါင် တောသုံးထောင် ဆိုတာလို သူ့စွဲ ငါစွဲက မဆုံးနိုင်တော့ဘူးပဲ။

အဲဒီ အတ္တကို ပြာဟ္မဏဝါဒ ဆရာကြီးတွေက လေး, ငါး, ခြောက်မျိုးလောက် စွဲယူကြတယ်၊ သူတို့စွဲယူကြပုံက....

၁။ သာမိ အတ္တ။ ။ကိုယ်ထဲမှာ ထင်သလို စီမံခန့်ခွဲ ပြုမူလုပ်ကိုင်တာ အုပ်စိုးနေတဲ့ အစိုးရသူ ငါကောင်၊ အတ္တကောင်ကလေး ရှိတယ်လို့ စွဲမြဲယုံခြင်းမျိုးကို "သာမိ အတ္တ" ခေါ်တယ်။

၂။ နိဝါသီ အတ္တ။ ။ကိုယ်ထဲမှာ အမြဲတည်ရှိနေတဲ့ ငါကောင်၊ အတ္တကောင်လေးပဲ၊ သူဟာ ဒီကိုယ်မကောင်းရင် တခြား တခြားကိုယ်သို့ ပြောင်း ပြောင်းပြီး ကိုယ်ထဲမှာ အမြဲရှိနေတယ်လို့ စွဲယူခြင်းကို "နိဝါသီ အတ္တ" ခေါ်တယ်။

၃။ ကာရက အတ္တ။ ။ကာယကံ ဝစီကံ မနောကံ ကိုယ်၊ နှုတ်၊ စိတ် ပြုလုပ်ဖွယ် ကိစ္စရပ်တို့ကို ငါကောင်၊ အတ္တကောင်ကလေးက ပြုလုပ်နေသည်ဟု စွဲယူခြင်းကို "ကာရက အတ္တ" ခေါ်တယ်။

၄။ ဝေဒက အတ္တ။ ။ခံစားစရာ အဆိုး အကောင်း ဟူသမျှတို့ကို ငါကောင်ကလေးကသာ ခံစားနေတယ်လို့ စွဲယူခြင်းကို "ဝေဒက အတ္တ" ခေါ်တယ်။

၅။ ဇီဝ အတ္တ။ ။ကိုယ်ကောင်ကြီးပျက်သော်လဲ မပျက်ပဲ အမြဲတည်နေတဲ့ ငါကောင် အတ္တကောင်ကလေးဟာ အမြဲရှိနေတယ်ဟုစွဲယူခြင်းကို "ဇီဝအတ္တလို့" ခေါ်တယ်။

**မှတ်ချက်။** ။ယင်း ဇီဝကိုပဲ မြန်မာလို အသက်၊ လိပ်ပြာ၊ ဝိညာဉ်၊ ဇီဝိန်၊ အာရဗီလို "ရူဟ်"၊ အင်္ဂလိပ်လို "ဆိုလ်"၊ ဟိန္ဒီလို "အာတမာ" စသည်ဖြင့် မိမိဘာသာအလိုက် ခေါ်ဝေါ်နေကြတယ်လို့ မှတ်ရမယ်။

၆။ ပရမ အတ္တ။ ။ထာဝရ အရှင်သခင် ကိုးကွယ်သူတို့က ကမ္ဘာလောကကြီးနဲ့ ကမ္ဘာသူ ကမ္ဘာသားတို့ကိုဖန်ဆင်းပေးသူဟု စွဲယူနေကြသော ထာဝရအရှင်ကို "ပရမတ္တ" ခေါ် "ပရမ အတ္တ"လို့ ခေါ်တယ်၊ ယင်းကိုပင် ဟိန္ဒီဘာသာ၌ "ဤယ္တရ၊ ပရမေယ္တရ" ဟူ၍၎င်း၊ ပါဠိဘာသာ၌ "ခုဒါ,ခိုဒါ" ဟူ၍၎င်း၊ အာရဗီဘာသာ၌ "အလ္လာဟ်" ဟူ၍၎င်း၊ အင်္ဂလိပ်ဘာသာ၌ "ဂေါ့ဒ်" ဟူ၍၎င်း၊ မြန်မာဘာသာ၌ "ထာဝရအရှင်, ကယ်တင်ရှင်" ဟူ၍၎င်း ခေါ်ဆိုနေကြတယ်၊ အဲဒါတွေဟာ အတ္တ က ပေါက်ပွားလာတာတွေချည်းပဲ၊ ကဲ... ကျေနပ်ရောပေါ့။

## အတ္တမှ လွတ်ကင်းပုံ နည်းကလေးများ ?

**ဒကာ**။ ။ပြည့်စုံလှပါတယ် ဆရာတော်၊ ကျေနပ်ပါပြီ၊ ဒါပေမင့် ဒီအတ္တက လွတ်အောင် အတော်ကြိုးစားရမှာပဲ၊ အတ္တမှ လွတ်ပုံ လွတ်နည်းကလေး များကိုလဲ အနည်းငယ်လောက် နည်းကလေးများ ပေးသနားပါအုံး ဘုရား၊ ဒကာကြီးတို့က အတ္တတုံးကြီးတွေ ဖြစ်နေလို့ပါ။

**ဆရာ**။ ။အင်း....စာပေကျမ်းဂန် တတ်မြောက်ပြီး နည်းလမ်းမှန်အောင် ပြပေးနိုင်တဲ့ ရိပ်သာတခုကို သွားပြီး ဝိပဿနာတရားအားထုတ် ရှုမှတ်ပါ၊ အဲဒါ အတ္တမှလွတ်တဲ့ နည်းပဲ၊ ဆက်မမေးနဲ့တော့၊ သွားဖြစ်အောင်သာ မြန်မြန်သွားပါ၊ အတ္တတုံးကြီး ပါးပါးနည်းနည်း သေးသေး သွားလိမ့်မယ်၊ ကြားလား သွားဖြစ်အောင် သွားပါနော်....

**ဒကာ**။ ။အမိန့်တော်အတိုင်း စာပေကျမ်းဂန်ကို တတ်မြောက်တဲ့ ဆရာတော်များ၏ ဓမ္မရိပ်သာကို သွားရောက်ကာ အတွေ့မှ လွတ်ကင်းအောင် ကြိုးစားပါမည် ဆရာတော်။

---

## ဒုက္ခသစ္စာကို ပိုင်းခြားသိမှတ်ရာ၌ နည်းသုံးဖြာဆိုတာ ဘာလဲ ?

**ဒကာ**။ ။ဒုက္ခသစ္စာခေါ်တဲ့ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှု အနိစ္စ သဘောကို ရှုမှတ်ပွားများရာ၌—

(၁) ဒုက္ခကိုလဲမြင်အောင်ရှုရမယ်တဲ့၊

(၂) ဒုက္ခလက္ခဏာကိုလဲ သိအောင်မှတ်ရမယ်တဲ့၊

(၃) ဒုက္ခာနုပဿနာ သဘောကိုလဲ မိအောင်လိုက်ရမယ်လို့ ဆရာ သမားများက ဟောကြားတာကို ရောထွေး ရှုပ်ပွေလို့ ဒုက္ခ, ဒုက္ခ လက္ခဏာ, ဒုက္ခာနုပဿနာတို့ရဲ့ သဘောကလေးတွေ ကို ရှင်းပြပေးပါ ဆရာတော်။

**ဆရာ**။ ။(၁) ဒုက္ခ ဆိုတာက။ ။ရုပ် နာမ် ဓမ္မတို့ပဲ၊ ယင်းတို့ ဟာ ဖြစ်လိုက် ပျက်သွားလိုက်၊ ဖြစ်လိုက် ပျက်သွား လိုက်နဲ့ ဖြစ်, ပျက်နှစ်ပါးတို့ရဲ့ နှိပ်စက်ခြင်းကို အချိန်ကာလမှစ်ပဲ အမြဲ တစေ ခံနေရလို့ ဒုက္ခမည်တယ်၊ ဖြစ်ပျက်နှိပ်စက် ခံနေရတဲ့ ရုပ်နာမ် ဓမ္မကို ဒုက္ခလို့မှတ်၊ ရုပ်နာမ်ဟာ ဒုက္ခပဲ။

(၂) ဒုက္ခလက္ခဏာ ဆိုတာက။ ။ဖြစ်, ပျက်မှု ဥဒယဝယ သဘောပဲ၊ဖြစ်လိုက်နဲ့ ပျက်သွားလိုက် အဲဒီဖြစ်,ပျက် နှစ်ပါးတို့ မပြတ် နှိပ်စက်နေတာကို ဒုက္ခလက္ခဏာလို့ ခေါ်ဆိုတယ်၊ ဖြစ်, ပျက်နဲ့

နှိပ်စက်နေတာဟာ ဒုက္ခလက္ခဏာပဲ၊ ဒုက္ခရဲ့ အမှတ်အသားပဲ၊ နှိပ်စက်တတ်တဲ့ သဘောပဲ။

(၃) **ဒုက္ခာနုပဿနာ ဆိုတာက**။ ။ဝိပဿနာယောဂီဟာ ရုပ်နာမ် ဓမ္မကို နည်းမှန်ကျကျနဲ့ ရှုမှတ်နေဆဲခဏမှာ အမြဲပြတ် ဖြစ်၊ ပျက်နေတာတွေကိုသာ တွေ့တွေ့နေရလို့ အင်း.. ဒီ မခိုင်မြဲမှုတွေဟာ ဆင်းရဲသက်သက်ပဲလို့ သိန်းသန်းကုဋေ သူ့ဉာဏ်ထဲမှာ သိမြင်လာတာကို ဒုက္ခာနုပဿနာလို့ ခေါ်ဆိုတယ်။

ကဲ....ကွဲပြားရှင်းလင်းရဲ့လား၊ ဒါမျိုးက ဝိပဿနာတရား ရှုပွားတဲ့ သူများအတွက်သာ ဖြစ်ဘာ၊ အပြောသမားများအတွက် မဟုတ်ဘူး၊ အလုပ်သမားများအတွက် သက်သက်လို့ မှတ်ယူရမှာ ဒကာကြီးတို့ရဲ့။

**ဒကာ**။ ။ရှင်းသွားပါပြီ ဆရာတော်၊ ဒကာကြီးလဲ အလုပ်သမား တယောက်ဖြစ်အောင် ကြိုးစားပါတော့မည် ဘုရား။

## ဝေနေယျဇ္ဈာသယ တရားဆိုတာ ဘာလဲ?

**ဒကာ**။ ။မြတ်စွာဘုရားသခင် တရားဟောတော်မူတဲ့ အခါ (ဝေနေယျဇ္ဈာသယ) ဝေနေယျ၏ အလိုအဇ္ဈာသယကို သိတော်မူတယ်လို့ ပြောဆိုကြပါတယ်၊ ဝေနေယျဇ္ဈာသယဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို မသိလို့ ရှင်းပြပေးပါ ဆရာတော်။

**ဆရာ**။ ။မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ အမည်နာမ ပုဒ်တခုနဲ့ အနက်အဓိပ္ပါယ်တူတဲ့ အခြားအမည် နာမ်ပုဒ်တို့ကို ထုတ်ကာ ထုတ်ကာ ပုဂ္ဂိုလ်အမျိုးမျိုးတို့ သိလွယ်စေရန် နည်းပရိယာယ် အမျိုးမျိုးဖြင့်အစားထိုး၍ ပညတ်တင် ဟောကြားပြောဆိုကာ သိစေတော်မူသော အာရုမျိုးကို (ဝေနေယျဇ္ဈာသယ) လို့ ခေါ်တယ်၊ ဒါက သုဂတဂုဏ်တော်ရဲ့ စွမ်းအင်ပဲ။

ပုံပမာ....လောဘ ဆိုတဲ့ အဘိဓာန်စကားပုဒ်ကို မြတ်ဘုရားက တဏှာ, ဥပါဒါန်, ရာဂ, အဘိဇ္ဈာ, တသ, နန္ဒီ,ဇော, အာသာ, နိကန္တိ, အာလယ, ကာမ-စသည်ဖြင့် သင့်သလို အစားထိုး ခေါ်ပေါ် ပြောဆိုပြီး ဟောကြားခြင်းမျိုးကို ဝေနေယျဇ္ဈာသယလို့ မှတ်ရမည်။

ယင်းပုဂ္ဂိုလ် သိနားလည်နိုင်တဲ့ အမည်နာမ အမျိုးမျိုးနဲ့ ဟော ကြားတာပဲ ဒကာကြီးတို့ရဲ့၊ ကိုင်း....သဘောကျရဲ့လား။

**ဒကာ**။ ။သဘောပေါက် ကျေနပ်ပါတယ် ဆရာတော်၊ အနက် သဘောတူတဲ့ အဘိဓာန်ပုဒ်တွေက တယ်များတာကို။

---

## ဘုရားဟောထဲမှာ
## သေမင်း မမြင်ရသော နည်းရှိသလား?

**ဒကာ**။ ။သေမင်း မမြင်မတွေ့ရသော နည်းလမ်းကောင်းများ ဘုရားဟောကြား ညွှန်ပြခြင်းရှိပါသလား ဆရာတော်၊ သေမင်း မြင်သွားမှာ ကြောက်လွန်းလို့ ဘုရား၊ ဒကာကြီးကလဲ အသက်ကြီးလာပြီ။

**ဆရာ**။ ။အင်း....အသက်ကြီးတော့ သေမင်းနဲ့ ပိုပြီး နီးနီးလာဘာ ပေါ့၊ ဒါပေမင့် မကြောက်ပါနဲ့၊ သေမင်း မမြင်နိုင်တဲ့ နည်း ဟောကြားထားတာရှိတယ်၊ ၎င်းနည်းအတိုင်း နားထောင် လိုက်နာ ကျင့်ကြံ ပြုလုပ်ပေါ့။

သုညတော လောကံ အဝေက္ခသု၊
မစ္စုရာဇာ န ပဿတိ။

လောကကြီး သုညဖြစ်အောင် ရှုမှတ်ပွားလို့ တွေ့မြင်သွားသူကို သေမင်း မမြင်ရဘူးတဲ့။

ဒကာ။ ။လောကကြီး သုညဖြစ်အောင် ဘယ်လို ရှုမှတ် ပွားများ ရမှာလဲ ဆရာတော်၊ နည်းနယများကို ပြောပြပါအုံး ဘုရား။

ဆရာ။ ။လောကကြီးကို သုည ဖြစ်အောင် ရှုမှတ် ပွားများပုံ နည်းကို မြတ်စွာဘုရားက သည်လို ထပ်ဆင့် ဟောကြား ထားတယ်။

အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊
မစ္စုရာဇာ န ပဿတိ။

အတ္တာနုဒိဋ္ဌိခေါ်တဲ့ ငါ ငါ့ဥစ္စာ ငါ့ဟာ ခိုင်မြဲနေတာ ချမ်းသာ နေတာဆိုတဲ့ အစွဲတွေကို ပယ်ရှားနုတ်ပစ်ရမယ်၊ ရုပ်သဘော နာမ် သဘော သက်သက်တို့၏ဖြစ်, ပျက်နေမှုကိုသာ မြင်အောင် ရှုမှတ် ပွားများရမယ်တဲ့။

ဗုဒ္ဓ၏ ဆိုလိုရင်းက–ငါ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတာ မရှိ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိ၊ ခြေ လက် ပေါင် ခါး တင်ပါး ဦးခေါင်းဆိုတာ မရှိ၊ မြင် ကြား နံ စား ထိ သိ ဆိုတဲ့ ရုပ် နာမ်တို့ ဖြစ်ပျက်မှု သက်သက်မျှသာ ရှိနေတာဖြစ်တယ်၊ အရှိ ရုပ် နာမ်ကို အရှိအတိုင်း သတိပြုကာ သိတယ် မြင်တယ်ဟု ရှုမှတ်နေပါ၊ အတ္တာနုဒိဋ္ဌိ ငါစွဲကို သုညဖြစ်အောင် ဖြုတ်နုတ်ပစ်လိုက်ရင် သေမင်း မမြင်နိုင်တော့ဘူးတဲ့။

ဒကာ။ ။အရှိကို အရှိအတိုင်း ရှုမှတ်ရမယ်ဆိုတော့ မိမိမှာ ထင်ရှားရှိနေတဲ့ ရုပ်နာမ်တို့ ဖြစ်, ပျက်မှု သဘောကို ရှုမှတ်ရမှာပေါ့ ဆရာတော်။

**ဆရာ။** ။မဟုတ်ဖူးလေ၊ မိမိမှ မရှိတဲ့ဟာ၊ မိမိမှာ ထင်ရှားရှိနေတဲ့ ရုပ်နာမ် ဖြစ်နိုင်ပါ့မလား၊ နားထောင် ထပ်ရှင်းပြမယ်။

အတ္တာနုဒိဋ္ဌိဆိုတာ သဘာဝအားဖြင့် လောက၌ ထင်ရှားရှိနေတဲ့ ရုပ်နာမ်တို့ကို ငါ့ရုပ် ငါ့နာမ်လို့ စွဲယူခြင်းကို ခေါ်ဆိုတာဖြစ်တယ်။ ပါဠိလိုကတော့....

အတ္တာနုဒိဋ္ဌိံ ဥဇ္ဇတိ၊
ဝိသယိ ဝတ္ထုကာ သက္ကာယဒိဋ္ဌိ....

တဲ့၊ ထင်ရှားရှိနေတဲ့ ရုပ်နာမ်ကို သက္ကာယခေါ်တယ်၊ ယင်းကို ငါ့ရုပ် ငါ့နာမ်လို့ စွဲယူတာကို ဒိဋ္ဌိခေါ်တယ်၊ အဲဒီ ငါစွဲ သက္ကာယဒိဋ္ဌိကို နှုတ်ပယ်ပစ်လိုက်ရင် (သေမင်းက ငါကိုလိုက်ရှာနေတာ) ငါမှ မရှိတော့တဲ့ဟာ သေမင်း မမြင်ရတော့ဘူးပေါ့၊ ကဲ...ရှင်းရဲ့လား ငါစွဲ သက္ကာယဒိဋ္ဌိကိုဖြုတ် ရုပ်နာမ်သက်သက် ဖြစ်, ပျက်ကို မြင်အောင် ရှုမှတ်နေတာပဲ၊ အဲဒါ သေမင်း မမြင်ရတဲ့နည်းပဲ။

**ဒကာ။** ။ရှင်းပါပြီ ဆရာတော်၊ တိုတိုဘိတ်နဲ့ ကောင်းလိုက်တဲ့ အဖြေပါဘုရား၊ ဒါပေမင့် ငါစွဲက မြဲနေပြီ ခွါဖို့ရာ ခက်တယ်။

---

## ရုပ် ဖောက်ပြန်တယ်ဆိုတာ ဘာကြောင့် ဘယ်လိုလဲ ?

**ဒကာ။** ။ရုပ်ဆိုတာ ဖောက်ပြန်တယ်၊ ဖောက်ပြန်တတ်သော ကြောင့် ရုပ်လို့ခေါ်တယ်ဟု မှတ်ရမယ်လို့ ဟောပြော နေကြတာ၊ ဖြစ်ပေါ်ပြီး ပျက် ပျက်သွားတာကို ဖောက်ပြန်တယ်လို့ မှတ်ရမှာလား ဆရာတော်။

သည်လိုဆိုရင် နာမ်တရားတွေလဲ ဖြစ်ပေါ်ပြီး ပျောက်ပျက်သွား ကြတာပဲ၊ သူတို့ကိုတော့ ဘာကြောင့် ရုပ်လို့ မခေါ်ရပါသလဲ၊ ရှင်းပြပါအုံး ဆရာတော်။

ဆရာ။ ။အင်း...ရုပ် ဖောက်ပြန်တယ်ဆိုတာ "ပျက်ပျက်သွား တတ်လို့ ဝယသဘော ဘင်္ဂသဘောရှိလို့ ရုပ်ခေါ်တာ မဟုတ်ဖူး" တစုံတခုသော ဆန့်ကျင်ဘက်အကြောင်းကြောင့် ပြောင်း လဲသွားတာကိုပင် ဖောက်ပြန်တယ်လို့ ခေါ်တာဖြစ်တယ်၊ ဒါကို ထင်ရှားအောင် မြတ်ဗုဒ္ဓက အမေး အဖြေနဲ့ ဟောထားကယ်။

ကေန ရုပ္ပတိ၊ သီတေနပိ ရုပ္ပတိ၊
ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊
ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ
သရီသပ သမ္ဖဿေနပိ ရုပ္ပတိ။

ဘာ့ကြောင့် ဒီရုပ်က ဖောက်ပြန်ရဘာလဲ?၊ အအေးနဲ့တွေ့ထိလို့ ဖောက်ပြန်တယ်၊ အပူနဲ့ တွေ့ထိလို့လဲ ဖောက်ပြန်တယ်၊ ဆာလောင် လို့လဲ ဖောက်ပြန်တယ်၊ ရေငတ်လို့လဲ ဖောက်ပြန်တယ်၊ မှက်, ခြင် ကိုက်လို့ လေအေး လေပူနဲ့ တိုက်ထိလို့ ဖောက်ပြန်တယ်၊ နေပူလောင် လို့ မြွေကိုက်လို့ ကင်းကိုက်လို့ စသဖြင့် ဖောက်ပြန်ပုံတွေကို ရာထောင် မကအောင် ဟောပြထားတာရှိတယ်၊ ဖြစ်ပျက်မှုကို ရည်မှတ် ဟော ကြားတာမဟုတ်ဘူး။

အဲဒါကြောင့် ရုပ်ဖောက်ပြန်တယ်ဆိုတာ တစုံတခုသော ဆန့်ကျင် ဘက် အကြောင်းကြောင့် နောက် ရုပ်အစဉ်က ရှေးရုပ်အစဉ်နဲ့ မတူပဲ ဖောက်ပြန်တတ်လို့ (ဝါ) ဆန့်ကျင်ဘက်နှင့် တွေ့ထိရင် ဖောက်ပြန် တတ်လို့ ယင်းဖောက်ပြန်မှု "သဘောတရား"ကို ရုပ်လို့ ခေါ်တယ်

မှတ်ရမယ်တဲ့၊ ဖြစ်, ပျက်မှုသဘောကတော့ နာမ်တရားမှာလဲ ရှိတာပဲဟာ စိတ် စေတသိက်, ရုပ်တရားစုမှန်သမျှ ဖြစ်ပျက်ချည်းပဲလို့ မှတ်ရမည်တဲ့၊ ကဲ....ရှင်းရဲ့လား။

ဒကာ။ ။မှန်ပါ့၊ ဖြစ်ပျက်တာက တခြား၊ ဖောက်ပြန်တာက တခြား၊ ရှင်းလင်းစွာ သဘောပေါက်ပါပြီ ဆရာတော်။

## ဒုဗ္ဗလ ဝိပဿနာဆိုတာ ဘာလဲ?

ဒကာ။ ။ဝိပဿနာတရား ပွားများအားထုတ်တဲ့ ယောဂီအချို့ဟာ ဒုဗ္ဗလဝိပဿနာ ဖြစ်နေတယ်၊ ကြိုးစားအားထုတ်ပါစသည်ဖြင့် ဆရာသမားများက ဟောကြားတာကို မှတ်သားရဘူးပါတယ်၊ "ဒုဗ္ဗလဝိပဿနာ" ဆိုတာ ဘာသဘောကို မှတ်ထာပါလဲ ဆရာတော်၊အမှားလား? အမှန်လား? အနည်းငယ် ရှင်းပြပေးပါဘုရား။

ဆရာ။ ။အင်း... ဓမ္မကထိကမျိုးစုံနဲ့ တရားတွေမျိုးစုံ လိုက်နာ၊ နားမလည်တာရှိတော့ ဒီမှာလာမေး၊ ကိုင်း . အဖြေပေးမယ်၊ နားထောင် မှတ်သားပေတော့။

(ဒု) မကောင်းသဖြင့်၊ ဝါ- မှားမှားယွင်းယွင်း ရုပ်နာမ်တို့သဘောကို ပိုင်းခြား သိမ်းဆည်း ဝေဖန်ခြင်းမရှိပဲ ငါလဲ မဖြုတ်ပဲနဲ့။

(ဗလ) အားကောင်းကောင်းနဲ့၊ ဝါ- ကြိုးကြိုးစားစား ငါတန်းလန်းကြီးနဲ့။

(ဝိပဿနာ) ရုပ် နာမ် သင်္ခါရတို့ ဖြစ်, ပျက်ခြင်း၊ ငါ ငါမဟုတ် အတ္တမှ ကင်းဆိတ်ခြင်း သုညသဘောကို ကြားနာရှုမှတ်ကာ နေခြင်းတဲ့။

ဆိုလိုရင်းကတော့ ဒုဗ္ဗလ ဝိပဿနာဆိုတာ ဝိပဿနာဉာဏ် ဖြစ်ကြောင်း မူရင်းဖြစ်တဲ့ နာမ–ရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် စတဲ့ သိရိုးသိစဉ်တွေကို ခုန်ကျော်ပြီး ရုပ်နာမ်တို့၏ ဖြစ်, ပျက်မှု ငါ ငါ့ဥစ္စာ အတ္တမှ ကင်းဆိတ်မှုကို ငါသိမှတ်နေတဲ့ ဝိပဿနာအတုကို "ဒုဗ္ဗလ ဝိပဿနာ"လို့ ခေါ်ဆိုကြတာပဲ၊ အကြောင်း, အကျိုး, သိမ်းဆည်းမှု အခြေခံဉာဏ် မပါသော ဝိပဿနာလို့ ဆိုတယ်။

**မှတ်ချက်။** ။နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် သစ္စာနှင့်စပ်တဲ့ အသိဉာဏ်တွေနဲ့ ပွားများ မှတ်သားတဲ့ ဝိပဿနာ အစစ်ကိုတော့ မှတ်လို့ အားမကောင်းသေးရင် ဉာဏ်နုသေးရင် "တရုဏ ဝိပဿနာ"လို့ ခေါ်တယ်၊ ဝိပဿနာ အတုကိုတော့ "ဒုဗ္ဗလ ဝိပဿနာ"လို့ မှတ်ရမယ်။

**ဒကာ။** ။ကောင်းမြတ် ကျေနပ်ပါပြီ ဆရာတော်၊ အများအားဖြင့် ခုကာလ ယောဂီတွေက နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ကြေညက်အောင် မသင်ကြားပဲနဲ့ ငါ မဟုတ်တဲ့ အနတ္တရုပ်နာမ် ဖြစ်,ပျက်မှုတွေကိုသာ ငါတန်းလန်းနဲ့ ကြိုးစားပွားများနေကြတာပဲ ဆရာတော်။

## ဆရာမရှိပဲ တရားအားထုတ်ချင်ရင် ဘာတွေ သိထားရမှာလဲ ?

ဒကာ။ ။တရားပြပေးမည့် ဆရာမထားပဲ ကိုယ့်ဟာကိုယ် အားထုတ်ချင်တဲ့ သူဟာ ဘယ်လို အကြား အမြင် အသိ သုတခတွေနဲ့ ပြည့်စုံထားရမှာလဲ ဆရာတော်၊ ကျမ်းစာမှာ ညွှန်ပြမှုများ ရှိပါသလား သိပါရစေဘုရား။

ဆရာ။ ။အင်း... ဝိသုဒ္ဓိမဂ်ဆရာ မှာကြားတဲ့အတိုင်း ပြောရရင်တော့ ဆရာမရှိပဲ ကိုယ့်ဟာကိုယ် အားထုတ်မည့် ပုဂ္ဂိုလ်ဆိုရင် သီလနဲ့ပြည့်စုံရမယ်၊ နောက် ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ သစ္စာ ပဋိစ္စသမုပ္ပါဒ် နာမ်ရုပ်တို့ ဖြစ်လာပုံ မူလအကြောင်းနဲ့ အကျိုးစတဲ့ သစ္စာနဲ့စပ်တဲ့ မေ့သဘောတွေကို ကျေပွန်စွာ လေ့လာဖတ်မှတ် ဆင်ကြားထားရမှာ ဖြစ်တယ်၊ သူ့ရဲ့ဆရာဟာ ပရိယတ္တိစည်းမျဉ်းပဲ၊ အဲဒီ ပရိယတ္တိက ပြပေးနေတာပဲ။

လိုရင်း အချုပ်ကတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ပိုင်နိုင်ကျေပွန်စွာ ပြုလုပ်ထားရင် အကောင်းဆုံးပဲ၊ ဘာ့ကြောင့်လဲဆိုတော့ တရားအားထုတ်နေတဲ့အခါမှာ မဂ်တု ဖိုလ်တုတွေက အဟုတ်ကြိုးစားတဲ့သူအဖို့ အဟုတ်တကယ် မဂ်ဖိုလ်ထင်မှတ်ရအောင် ရှုပ်ထွေးစွာ ပေါ်ပေါ်လာတတ်ကြတယ်၊အဲဒီလို ပေါ်လာရင် ကိုယ်ပိုင်ဉာဏ်သုတနဲ့ ရှင်းလင်း ဆုံးဖြတ်နိုင်ဖို့အတွက်ပါပဲ၊ တယ်တော့ မလွယ်လှဘူး၊ မဂ်တု မဂ်စစ် အဆုံးအဖြတ် ပေးဖို့က ပရိယတ္တိအခြေခံ ကိုယ်ပိုင်ဉာဏ် အင်မတန် လိုပါတယ်၊ ယင်းဟာ ယောဂီရဲ့ဆရာပါပဲ၊ ခုခေတ် မဂ်တု ဖိုလ်တု ရဟန္တာတွေ ရှိတယ်နော်။

ဒကာ။ ။အထူးပဲ အားရကျေနပ်ပါပြီ ဆရာတော်၊ တချို့က တရားအားထုတ်တာဟာ စာပေပရိယတ္တိတွေ မလိုပါဘူး၊ စာခံနေရင် တရားမတက်နိုင်ဘူးဟု စာပေတွေကို ပယ်ပယ်နေကြလို့ပါ ဆရာတော်။

ဆရာ။ ။အဲဒီသူတွေက အပါယ်သွားမည့် အပယ်သမားတွေ ဖြစ်တယ်၊ ပရိယတ္တိစာပေကို ပယ်ရင် သာသနာကွယ်မှာပဲ ဒကာကြီးတို့။

---

## ရဟန်းတော်များ နေ့သန့်စင်တယ် ဆိုတာ ဘယ်ဟာပါလဲ ?

ဒကာ။ ။ရဟန်းတော်များ နေ့သန့်စင်တယ်ဆိုတာ ဆွမ်းစားပြီး ချိန် ကျိန်းစက် အိပ်နေမှုကို ခေါ်ဆိုတာလား ဆရာတော်၊ ကျမ်းစာတွေမှာ အရှင်သာရိပုတ္တရာ နေ့သန့်စင်နေတော်မူခိုက် စသည် မကြာမကြာ တွေ့ရပါတယ်၊ ''နေ့သန့်စင်''ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။''နေ့သန့်စင်'' ဆိုတာ ဆွမ်းစားပြီးတော့ ကျိန်းစက် အိပ်နေတာကို ဆိုတာမဟုတ်ပါဘူး၊ ဘုန်းကြီးတွေ နာမည်ပျက်အောင် မလုပ်ပါနဲ့၊ ရဟန္တာမထေရ်မြတ်ကြီးတွေဟာ မဂ်ဖိုလ်ရရေးအတွက် ပြုလုပ်စရာ တရားအားထုတ်မှုကိစ္စ မရှိကြတော့လို့ နေ့အချိန်အခါမှာ စျာန်သမာပတ် ဝင်စား၍နေခြင်း အရဟတ္တဖိုလ်သမာပတ်ကို ဝင်စား၍နေခြင်းနဲ့ အထူးသန့်ရှင်း စင်ကြယ်တဲ့ စိတ်ဖြင့် နေ့အချိန်ကို ကုန်လွန်စေတာပါပဲ။

အဲဒီ စျာနသမာပတ်, ဖလသမာပတ်, နိရောဓသမာပတ် ဝင်စား ဝင်စားကာ နေ့လည် နေ့ခင်း ကုန်စေတာကို "နေ့သန့်စင်" တယ်လို့ ခေါ်တာပဲ၊ ကဲ....ရှင်းရဲ့လား ?။

**ဒကာ။** ။ခုမှပဲ ရှင်းလင်းသော အဖြေရလို့မို့ ကျေနပ်လှပါတယ် ဆရာဘော်၊ တပည့်တော်က ဘုန်းကြီးတွေ ဆွမ်းစား ပြီးတော့ အိပ်စက်တော်မူတာကို "နေ့သန့်စင်" တယ် မှတ်နေလို့ပါ ဆရာဘော်။

---

## ဒါန သီလ သမထ ကုသိုလ်တို့က ကိလေသာတို့ကို မပယ်နိုင်ဘူးလား ?

**ဒကာ။** ။ဒါနကုသိုလ်, သီလ ကုသိုလ်, သမထ ကုသိုလ်တို့က လောဘ, ဒေါသ, မောဟ, ကိလေသာတို့ကို မပယ် နိုင်ဘူးဆိုတာ ဟုတ်ပါသလား ဆရာတော်၊ ဘယ်ကျမ်းဂန်က ဆိုပါ သလဲ နားလည်အောင် ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။လောဘ, ဒေါသ မောဟတို့က သတ္တဝါတို့သန္တာန်မှာ သံလုံး သံတောင်ကြီးပမာ အစိုင်အခဲ အင်မတန်မှ ကြီးတယ်၊ တော်တန်ရုံ ကုသိုလ်ကံနဲ့ ဖြိုခွင်းလို့ မရနိုင်ဘူးလို့ ဝိသုဒ္ဓိမဂ် ကျမ်းဂန်ကဆိုတယ်၊ နားထောင်ကြပေါ့လေ၊ အဲဒီ ဒါန, သီလ, သမထကုသိုလ်တွေဟာ သာသနာပ ကာလမှာလဲ ရှိနေတာ ပဲနော်။

၁။ ဒါနကုသိုလ်က ကိလေသာကို မပယ်နိုင်ပုံ။ ။လောက ၌ ရွှေငွေတွေ များစွာအကုန်ခံပြီး ကြီးကျယ်တဲ့ ဒါန ကုသိုလ်ပွဲ သဘင်ကြီး ဆင်ယင် ပေးလှူတဲ့အခါ အဆို

အက အတီးအမှုတ် ကပွဲတွေလဲ ထည့်ထားတယ်၊ အလှူ့ ရှင်က အဲဒါတွေ ကြည့် ကြည့်ပြီးတော့ နှစ်သက် သာယာမှုတွေလဲ ဖြစ်တယ်၊ အဲဒါဟာ လောဘတွေ ဖြစ်လာတာပဲ၊ အင်း....ငါမို့ ဒါလောက်လှူနိုင်တာ၊ ဒီရွာမှာ ငါဟာ ပထမတန်းပဲကွဆိုတဲ့ မာနတွေဖြစ်လာတယ်၊ အဲဒီ အလှူကိစ္စအတွင်းမှာ အဆင်မပြေ အလိုမကျမှုတွေ ပေါ်လာတော့ ဒေါသကလဲ ဖြစ်လာပြန်ရော၊ အလှူခံသူ ပေးလှူနေသူ အလှူဝတ္ထုတို့အပေါ်မှာလဲ နိစ္စ, သုခ, အတ္တ ထင်စွဲနေတဲ့ မောဟကလဲ အမြဲရှိနေပြန်တော့ ကာ ဒါနကုသိုလ်က ကိလေသာကို မပယ်နိုင်ဘူးဆိုတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။

ဒါပေမင့် ယင်းရဲ့ ဒါနကုသိုလ် သက်သက်ဟာလဲ အောင်မြင်ပြီးမြောက်ပါတယ်၊ စေတနာ ထက်သန်သလောက် ကြီးကျယ်မြင့်မြတ်တဲ့ လူ နတ်ချမ်းသာ လောက်ကိုပဲ ပေးနိုင်ပါတယ်၊ သံသရာချိုင်းကုန်းကတော့ မလွတ်နိုင်ဘူးပဲ။

၂။ သီလကုသိုလ်ကလဲ ကာယကံ· ကိုယ်နဲ့ ကျူးလွန် ပြစ်မှားခြင်း၊ ဝစီကံ· နှုတ်နဲ့ ကျူးလွန် ပြစ်မှားခြင်းဆိုတဲ့ ကိလေသာတို့ကိုသာ ပယ်နိုင်တာဖြစ်တယ်၊ စိတ်ကူးနဲ့ ဖြစ်ပေါ်လာတဲ့ လိုချင်သာယာမှု တဏှာလောဘ၊ ပြစ်မှားကြမ်းတမ်းတဲ့ ဒေါသ၊ မိုက်မဲတွေဝေမှု မောဟတို့ကိုတော့ မပယ်နိုင်ဘူး၊ စိတ်ကူးအာရုံပြုကာမျှဖြင့် သီလ မပျက်စီးနိုင်တာ တခုပဲရှိတယ်။

ဒါကြောင့် သီလကုသိုလ်က မနောကံဖြစ်တဲ့ လောဘ ဒေါသ မောဟတို့ကို မပယ်နိုင်ဘူးဆိုတာ မနောကံ အကုသိုလ်လိုချင် လုပ်ချင်ရုံမျှ စိတ်ဆိုးဖျက်ဆီး သတ် ဖြတ်လိုရုံမျှနဲ့ သီလမပျက်လို့ပဲ၊ စိတ်ကူးနဲ့ ကျူးလွန်လို့ သီလမပျက်ဘူးဆိုတယ်၊ ကိလေသာကတော့ ဖြစ်နေ တာပဲ။

၃။ သမထ ဘာဝနာကလဲ ပရိယုဋ္ဌာန ကိလေသာခေါ်တဲ့ စိတ်ကူးကိလေသာ အကြမ်းစားကိုသာ ပယ်နိုင်တာ၊ ငါစွဲ-အတ္တဒိဋ္ဌိ၊ ဘဝစွဲ- ဘဝရာဂ စတဲ့ သိမ်မွေ့နူးညံ့တဲ့ ကိလေသာမျိုးကိုတော့ မခွါပယ်နိုင်သေးဘူး၊ ကာမစ္ဆန္ဒ ဗျာပါဒ စတဲ့ အကြမ်းစား နီဝရဏ တရားစုကိုသာ ချာန်ဝင်စားနေတုန်း ချာန်သမာဓိ ဖြစ်နေခိုက် ကာလ အတွင်းမှာသာ ကင်းဝေးနေတာ ဖြစ်တယ်၊ အတ္တဒိဋ္ဌိ ဘဝရာဂ စတဲ့ ကိလေသာတွေကတော့ ချာန်ရတဲ့ ပုထု ဇဉ် လူ နတ် ဗြဟ္မာတွေမှာ အမြဲဖြစ်ရှိနေတာပဲ။

ဒါကြောင့်မို့ သမထ ကုသိုလ်ခေါ်တဲ့ ချာန်ကုသိုလ် ကလဲ လောဘ ဒေါသ မောဟတို့ကို မပယ်နိုင်ဘူးဆိုတာ မှန်ပါတယ် ဒကာကြီးတို့။ ကဲ.. သဘောကျရဲ့လား၊ ဒါန, သီလ, သမထကိုလဲ လက်မလွှတ်ရဘူး၊ ဝိပဿနာ တရား ကိုလဲ အထူးပဲ ကြိုးစား အားထုတ်ကြရမှာဖြစ်တယ်။

မြတ်စွာဘုရား သာသနာတော်အတွင်းမှာ ဝိပဿနာ တရားကိုသာ ဦးထိပ်ထားပြီး ကြိုးစားကြရမှာဖြစ်တယ် ဒကာကြီးတို့ရ၊ ဝိပဿနာက သာသနာတွင်းမှာသာ ရှိတာမျိုး။

**ဒကာ**။ ။သဘာဝယုတ္တိ ရှိလှတဲ့ အဖြေကြားသိရလို့ သဘော ပေါက် ယုံကြည်ပါပြီ ဆရာတော်၊ ဝိပဿနာတရားကိုပဲ အထူးကြိုးစားပါတော့မယ်။

---

## မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာပဋိပဒါ
## အယူမှားနှင့် အကျင့်မှားဆိုတာ ဘာထူးသလဲ ?

**ဒကာ**။ ။မိစ္ဆာဒိဋ္ဌိ-မှားသော အယူအစွဲကို ခံယူခြင်း၊ မိစ္ဆာ ပဋိပဒါ-မှားသော အကျင့်တရားကို ကျင့်ပွားအားထုတ် ခြင်းဆိုတာ ဘယ်လိုထူးပါသလဲ ဆရာတော်၊ စာပေ ကျမ်းဂန်က သည်တရားနှစ်ပါးရဲ့ အထူးများ ပြထားတာ ရှိသလား ဆရာတော် သိပါရစေ။

**ဆရာ**။ ။အင်း....သည်တရားနှစ်ပါးက မယူတတ်ရင် မျက်စေ့ လည်တယ် ဒကာကြီးတို့ရဲ့၊ မိစ္ဆာပဋိပဒါသုတ်တော်မှာ မြတ်စွာဘုရားသခင်က....

> ကတမာ စ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ၊ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ အ ညာဏံ၊ ဒုက္ခသမုဒယေ အ ညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါယ အ ညာဏံ၊ ဒုက္ခနိရောဓေ အ ညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။

မှားသောအယူ မိစ္ဆာဒိဋ္ဌိဆိုတာ သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း မသိပဲ ''ဘုံသုံးပါး၌ ဖြစ်တာမှန်သမျှ ဆင်းရဲဒုက္ခချည်း သာဟု အမှန်တရားကို မြတ်စွာဘုရား ဟောကြားပြသော်လည်း အမှန်ကို မမြင် မယူပဲ'' လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟု

အမှားတွေ စွဲယူကာ နေတာကိုပင် မိစ္ဆာဒိဋ္ဌိ- မှားသောအယူအစွဲလို့ မှတ်ပေတော့၊ ကဲ....သဘောပေါက်ရဲ့လား။

ဒကာ။ ။မှန်ပါ့၊ အမှားကို အမှန်ဟု စွဲယူ ရှာမှီး ခံစားနေကြတာ မိစ္ဆာဒိဋ္ဌိတွေပါ ဆရာတော်၊ သဘောပေါက်ပါပြီ။

ဆရာ။ ။မိစ္ဆာပဋိပဒါ- မှားသော အကျင့်တရားကိုလဲ မိစ္ဆာပဋိပဒါသုတ်တော်မှာ မြတ်စွာဘုရားသခင်က ...

ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊ သေယျထိဒံ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါ မိစ္ဆာဝါယာမော မိစ္ဆာသတိ မိစ္ဆာသမာဓိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။

ချစ်သား ချစ်သမီးတို့ မိစ္ဆာပဋိပဒါ-မှားသောအကျင့်ဆိုတာဟာ သမ္မာမဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သွားလမ်း အကျင့်မှန်တရားကို ပယ်ရှားကာ မိစ္ဆာမဂ္ဂင်ရှစ်ပါး အမှားမှားတွေကို ကျင့်ပွားနေကြတာ ဖြစ်တယ်လို့ ဟောကြားတော်မူတယ်။

ဆိုလိုရင်းက မဇ္ဈိမ ပဋိပဒါ အလယ်လမ်းမှန်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး အမြတ်တရားကို ပယ်ရှားပြီး အမှားတွေ ကျင့်နေခြင်းပါပဲတဲ့၊ မဂ္ဂင်မပါတဲ့ အကျင့်တရား မှန်သမျှ မိစ္ဆာပဋိပဒါ-မှားသောအကျင့်တွေလို့သာ မှတ်ပေတော့။

ဒကာ။ ။မှန်ပါ့၊ မိစ္ဆာဒိဋ္ဌိအယူနဲ့ မိစ္ဆာပဋိပဒါအကျင့် ခုမှပဲ ရှင်းပါပြီဆရာတော်။

## မိစ္ဆာဒိဋ္ဌိကို ဘယ်တရားနဲ့ ပယ်ရှားရမည်လဲ ?

**ဒကာ။** ။မိစ္ဆာဒိဋ္ဌိခေါ်တဲ့ အယူအစွဲ အကျင့် အကြံအမှား အပါယ်လေးပါးပို့တဲ့ တရားဆိုး တရားညစ်တွေကို ဘယ်တရားမျိုးနဲ့ ပယ်ရှားရိုက်ချိုး သတ်ပစ်နိုင်ပါသလဲ ဆရာတော်၊ တိုတိုရှင်းရှင်းကလေးနဲ့သာ ဖြေကြားပါဘုရား၊ ရှည်လွန်းရင် ရှုပ်ထွေးကုန်ရော နားမလည်တော့ဘူး ဘုရား။

**ဆရာ။** ။အင်း.... မဟာဝဂ္ဂသံယုတ် အဋ္ဌကထာဆရာက တိုတို ကျဉ်းကျဉ်း ကလေးနဲ့ လိုရင်းကို ဟောဒီလို ပြဆို ထားတယ်။

ဒိဋ္ဌိယော နာမ ဝိပဿနာယ ဧဝ ပဟီနာ။

ဘယ်ဒိဋ္ဌိမဆို ဒိဋ္ဌိမျိုး မှန်သမျှတွေကို ဝိပဿနာတရား တခုတည်းနဲ့သာ ပယ်ရှား ရိုက်ချိုး သတ်ပစ်နိုင်တယ်တဲ့ ဒကာကြီးတို့ရဲ့။

ဝိပဿနာ အာရုံထဲမှာ ဒိဋ္ဌိအယူအစွဲဟာ တပဲသားတောင် မပါ ရဘူး၊ ကဲ...ရှင်းရဲ့လား၊ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှု ဆင်းရဲအစု ကိုသာ အာရုံပြု ရှုမှတ်နေရင် အပါယ်တံခါး ပိတ်တာပဲ။

ဒါကြောင့် ဝိပဿနာတရားအမှန်ကို သေချာစွာ ပြပေးတတ်တဲ့ စာတတ်ပေတတ် ဆရာကောင်းကို ရှာမှီးဆည်းကပ် ပွားများအား ထုတ်သွားရင် မိစ္ဆာဒိဋ္ဌိကို ပယ်ရှားတာပဲ၊ ဒါန, သီလ, သမထကို ပယ်ဖို့ပြောနေတာ မဟုတ်ဘူး။

**ဒကာ။** ။ကျေးဇူးတင် ဝမ်းသာလှပါတယ် ဆရာတော်၊ဝိပဿနာ တရားကိုလဲ ကြိုးစားအားထုတ် ပွားများပါမည်ဘုရား။

## ယောဂီဟာ အလင်းရောင်ကို မမှတ်ရတာ ဘာကြောင့်ပါလဲ ?

**ဒကာ**။ ။ဝိပဿနာတရားပွားများတဲ့ယောဂီဟာ ဥဒယဗ္ဗယဉာဏ် ရင့်သန်လို့ ကိုယ်ထဲက အလင်းရောင်တွေ ပေါ်ထွက်လာတဲ့အခါ လိုက်မှတ် မနေရဘူးဆိုတာ ဘာဖြစ်လို့ပါလဲ ဆရာတော်။

**ဆရာ**။ ။တဏှာ, မာန, ဒိဋ္ဌိတွေ ဝင်လာကာ ဝိပဿနာဉာဏ်ကို ဖျက်ဆီးမှာစိုးလို့ပဲ ဒကာကြီးတို့။

**ဒကာ**။ ။ဒကာကြီးတို့ နားလည်အောင် အနည်းငယ်လောက် ရှင်းပြပါအုံး ဆရာတော်။

**ဆရာ**။ ။ဝိပဿနာတရား ပွားများရှုမှတ်တဲ့ ယောဂီဟာ ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဥဒယ ဗယဉာဏ် ရင့်သန်လာသည်နဲ့ ဩဘာသခေါ်တဲ့ အလင်းရောင်ဟာ ပေါ်လာမြဲပဲ၊ အဲဒါကို မပယ်ပဲနဲ့ စွဲလမ်းပြီး ရုပ်နာမ်တို့ ဖြစ်ပျက်မှု သတိအမှတ်ကို ရပ်စဲပစ်လိုက်ရင် ဟောဒါတွေ ပေါ်လာမှာပဲ။

၁။ မမ ဩဘာသော ဥပ္ပန္နောတိ ဂဏှာတော ဒိဋ္ဌိဂါဟော ဟောတိ။ ။ငါ့မှာ လင်းရောင်ခြည်တွေ ဖြစ်ပေါ်နေပြီဟု စွဲယူနေရင် ဒိဋ္ဌိစွဲတဲ့။

၂။ မနာပေါ ဝတ မမ ဩဘာသော ဥပ္ပန္နောတိ ဂဏှတော မာနဂါဟော။ ။ငါ့အလင်းရောင်ကမှ နှစ်သက်စရာကွဟု စွဲယူလျှင် မာနစွဲ ဖြစ်၏တဲ့။

၃။ ဩဘာသံ အဿာဒယတော တဏှာဂါဟော၊ ဣတိ ဩဘာသေ ဒိဋ္ဌိ မာန တဏှာဝသေန တယော

ဂါဟာ။ ။အလင်းရောင်ကလေးကို သာယာနေမှု တပ်မက်နှစ်သက်မှုကြောင့် ဤသို့ ဒိဋ္ဌိ မာန တဏှာတို့က ယောဂီကို တရားမတက်နိုင်အောင် ကိုက်ဆွဲထားတတ်လို့ပဲတဲ့၊ ဝိသုဒ္ဓိမဂ်က ဆိုတယ်၊ ဒါကြောင့် အဲဒါတွေ ပယ်ပြီး ဖြစ်ပျက်ကိုပဲ ဆက်မှတ်ရမယ် ဒါပဲ။

ဒကာ။ ။ရှင်းလင်း ပြတ်သား မှတ်ထားထိုက်တဲ့ အဖြေစကားမို့ ကျေနပ်လှပါတယ် ဆရာတော်။

---

## ကံဆိုတာ ဘာလဲ သူ့မှာ သတ္တိရှိသလား?

ဒကာ။ ။ဗုဒ္ဓဘာသာဝင်တွေက ကံ ကံနဲ့ ကံကိုပဲ အားကိုးတကြီး ပြောဆိုနေကြတယ်၊ ကံဆိုတာ ဘာကိုခေါ်တာလဲ ဆရာတော်၊ အဲဒီကံဆိုတဲ့ အဘိဓာန်ပုဒ်ကို အနက်အဓိပ္ပါယ် ရှင်းပြပါအုံးဘုရား၊ သူ့မှာ ပေးနိုင်တဲ့ သတ္တိစွမ်းအင်ကော ရှိပါသလား။

ဆရာ။ ။ကံဆိုတာ "ကမ္မ" ပါဠိက လာဘာပဲ၊ ပညတ်ဝေါဟာရ သုံးစွဲထုံးနဲ့ဆိုတော့ အလုပ်ပဲ ဒကာကြီးတို့၊ ကိုယ်, နှုတ်, စိတ် သုံးပါးရဲ့ ပယောဂတွေပဲ၊ ပရမတ် သဘောနဲ့ဆိုတော့ စေတနာ, စိတ်၏ အားယူမှု စေ့ဆော်တိုက်တွန်းမှု အလုပ်ဖြစ်မှုတွေပဲ၊ ပြုလုပ်တာ ဟူသမျှကို "ကံ" ခေါ်တယ်။

နိယာမ-သူ့ဖြစ်စဉ် သဘောအားဖြင့် သခ်ါရခေါ်တဲ့ ကုသိုလ်, အကုသိုလ်တို့၏ ပြုပြင်မှု အထုံ, ဝါသနာ, ဝေလ့, သန္တေ, ဘာဂီ, ပရိစယ (PRACTICE) ကြိမ်ဖန်များစွာ အထပ်ထပ် လေ့လာ ပွားထုံခဲ့တဲ့ အလေ့အကျင့်ပဲ၊ လိုရင်းကျကျပြောရရင်....

ရှေးရှေး ဘဝများစွာ အဆက်ဆက် အထက်ထက်ကနဲ့ ခုဘဝမှာပါ အမြဲမပြတ် တရစပ် လေ့ကျက် ပွားစည်းလာခဲ့တဲ့ အလေ့အကျင့်တွေပဲ၊ အဲဒါကို ကံလို့ မှတ်ရမယ်။

သူ့မှာ ကောင်းကျိုး ဆိုးကျိုးကို ပေးနိုင်တဲ့ သတ္တိထူး စွမ်းအင်ရှိတယ်၊ အဲဒါဟာလဲ လူတိုင်းမှာ ပါကြ ရှိနေကြတဲ့ သတ္တိထူး စွမ်းအင်ပါပဲ၊ သူ့အလှည့်ပေးခွင့်ရလာရင် မကောင်းတဲ့ အလုပ်ကံက မကောင်းကျိုး ဆင်းရဲဒုက္ခကို မုချပေးမှာပဲ၊ ကောင်းတဲ့အလုပ် ကံကလဲ ကောင်းကျိုးသုခကို မုချပေးမှာပဲ။

## ဗုဒ္ဓဘာသာဝင်နဲ့ ကမ္မဿကတာဒိဋ္ဌိများ ?

**ဒကာ။** ။ဒီလိုဆိုရင် သတ္တဝါအားလုံးဟာ ကံပေးသမျှ ကံကျွေးသမျှနဲ့ နေထိုင်စားသောက် တင်းတိမ်ကာ ကံ၏ပေးအားစွမ်းအင်ကိုပဲ မျှော်လင့်နေကြရမှာပေါ့ ဆရာတော်။

**ဆရာ။** ။ဟာ....ဒီလို မမှတ်မယူရဘူး ဖြစ်ဖြစ်သမျှကံကြောင့်ချည်းပဲလို့ ကံပေးမှုကိုသာ မျှော်ခေါ်စွဲယူတဲ့ ကမ္မဿကတာဒိဋ္ဌိနဲ့ ပုဗ္ဗေကတဒိဋ္ဌိ သက်သက် အစွဲကြီးဟာ ကမ္မဝါဒီနဲ့ ဗုဒ္ဓဘာသာဝင်တွေမှာ ဖြစ်တတ်တဲ့ တရားမှားကြီးပဲ။

''ပုဗ္ဗေ ကတ ှေတု'' ရှေးရှေး အထက်ထက်ကာလက ပြုခဲ့ကြတဲ့ ကံတွေဟာ လူတိုင်းမှာ ရှိနေကြတာပဲ၊ သူ့ရဲ့စွမ်းအင်က ''အတ္တသမ္မာပဏိဓိ'' ခုလက်ရှိ မိမိရဲ့ ကံ ဉာဏ် ဝီရိယတို့ကို ပေါင်းစပ် မှီစွဲပြီးတော့ကာ စီးပွားချမ်းသာတွေဖြစ်ကာ တည်မြဲတိုးပွားနေကြတာဖြစ်တယ်၊ မိမိ ကိုယ်ကျင့်တရားသာ လိုချင်းပဓာန ဖြစ်တယ်လို့ မှတ်ယူရမယ်။

## ပုဗ္ဗေကတ ကမ္မဒိဋ္ဌိဆိုတာ ဘာလဲ?

**ဒကာ။** ။ဒကာကြီးတို့နားလည်အောင် အနည်းငယ် ထပ်ရှင်းပြပါအုံး ဆရာတော်၊ အသိ မရှင်းသေးဘူး ဘုရား၊ ပုဗ္ဗေကတ ကမ္မဒိဋ္ဌိဆိုတာ ဘယ်လိုဟာလဲ?။

**ဆရာ။** ။အခု မျက်မှောက် ဘဝဖြစ်စဉ်မှာ ရှင်, လူ, ရဟန်းတိုင်း သိထားကြဖို့က ရှေးဘဝများစွာက ပြုလုပ်ခဲ့ပြီးတဲ့ ကံကိုချည်း မျှော်ခေါ်ကာ ခုဘဝမှာ အလုပ်မလုပ်ပဲ အပျင်းထူနေတဲ့သူဟာ ပုဗ္ဗေကတ ကမ္မဒိဋ္ဌိပဲ၊ ဒါကြောင့် ခုဘဝမှာ....

၁။ ကိုယ်ကို ကောင်းအောင် စောင့်စည်းမှု သမ္မာကမ္မန္တ၊

၂။ နှုတ်ကို ကောင်းအောင် စောင့်စည်းမှု သမ္မာဝါစာ၊

၃။ အသက်မွေးဝမ်းကျောင်း အပြစ်ကင်းရေး စောင့်စည်းမှု သမ္မာအာဇီဝ၊

၄။ ဘဝချမ်းသာ တိုးတက်ဖြစ်ပွားရေး၊ သို့မဟုတ် ဘဝ၏ ငြိမ်းအေးရေးကို ကြိုးစားကြံစည် အားထုတ် ပြုပြင်မှု သမ္မာဝါယာမ။

အဲဒီ လေးပါးဟာ မိမိကိုယ်မှာသာ တည်နေတာ၊ တခြားပြင်ပမှာ တည်ရှိနေတာ မဟုတ်ဘူး၊ တခြားကို မျှော်ခေါ်စောင့်စားပြီး တခြားမှာ ထွက်ရှာနေစရာ မလိုပါဘူး၊ နတ်ဝိဇ္ဇာတွေ အားမကိုးနဲ့။

ဒါကြောင့် "အတ္တသမ္မာပဏိဓိ" ရှေးအထက်ထက်က ကံထက် ခု ဘဝ ကိုယ့်မှာရှိနေတဲ့ ကံ, ဉာဏ်, ဝီရိယကို ပိုမိုကြိုးစား ယုံကြည်စွာ အားထုတ် လုပ်ကိုင်ကြရမည်၊ ဒကာကြီးတို့၊ ကိုင်း.... ရှင်းပြီလား၊

ခုဘာမှာ ကံ, ဉာဏ်, ဝီရိယမရှိပဲ ပျင်း ပျော်းဖြစ်နေရင်တော့ ရှေးဘဝက ကံတွေ ဘယ်လောက်ကောင်းကောင်း သဌေးသားကြီးဖြစ်ပလေစေ မွဲမှာချည်းပဲ။

**ဒကာ**။ ။ကံ ယုံပြီး ဆူးပုံလဲ မနှင်းတော့ပါဘူး ဆရာတော်၊ ကိုယ့်ကိုယ် စောင့်ရည်းမှုနဲ့ ကြိုးစားမှုသာ အားထုတ်လုပ်ကိုင်ပါတော့မည်၊ ရှင်းပါပြီ ဆရာတော်၊ နတ်ဝိဇ္ဇာတို့ကိုလဲ အားမကိုးတော့ပါဘူး။

---

## ဂါမဝါသီ ရဟန်းတို့ မနေအပ်သော ရွာနှင့်ကျောင်းများရှိပါသလား?

**ဒကာ**။ ။ဂါမဝါသီ ကျောင်းထိုင် ဘုန်းကြီးများဟာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စတဲ့ လာဘ်ပေါများတဲ့ ကျောင်းကန်မြို့ရွာမျိုးမှာသာ ပျော်ပိုက်နေထိုင်လိုကြတယ်၊ လာဘ်လာဘနည်းပါးရင် ဒီကျောင်း ဒီရွာမှာ မနေလိုကြတာ ဝိနည်းတရားတော်က ဒီကျောင်းကန်မျိုး မနေရဟု တားမြစ်ညွှန်ကြားထားလို့လား ဆရာတော်၊ ရဟန်းတော်များ မနေရလို့ တားမြစ်တဲ့ ကျောင်းကန်နေရာမျိုးများ ရှိပါသလား။

## ရွှေကျင်သာသနာပိုင် မိန့်ခွန်းတော်?

**ဆရာ**။ ။အင်း.... ဒီမေးခွန်းကို ဝိနည်းတွေ သုတ္တန်တွေနဲ့ ထုတ်ပြန်ဖြေဆိုမနေပဲ ရွှေကျင်ဂိုဏ်းကြီးရဲ့ ဥုးစီးဥက္ကဋ္ဌ (သာသနာပိုင်)ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီး မိန့်ကြားဆုံးမတော်မူသွားတဲ့ ဩဝါဒမိန့်ခွန်းတော်မြတ်တခုနဲ့ ဆီလျော်နေလို့

အဲဒီ ဩဝါဒကိုပဲ ပြောကြားပေးမယ် နားသောင်မှတ်သားပေတော့၊ ဒကာကြီးတို့မေးခွန်းရဲ့ အဖြေ ရဟန်းတော်များ မနေရတဲ့ ကျောင်းကန်မျိုး ပေါ်လာပါလိမ့်မယ်။

ဘုန်းကြီး(ရဟန်း)ဆိုတာ ပစ္စည်းလေးပါး လာဘ်လာဘမျှား သိပ်လိုတာ မဟုတ်ပါဘူး၊ မျှတရုံရရင် ပြီးတာပါပဲ၊ ပစ္စည်းလေးပါးက သိပ်ပြီး အရေးကြီးတာ မဟုတ်ပါဘူး၊ သိပ်အရေးကြီးတာက ကိုးကွယ်ဆည်းကပ် မှီခိုအားထားနေကြတဲ့ ဒကာ, ဒကာမတို့ လိမ်မာ ယဉ်ကျေးအောင် ဆုံးမဟောကြား ပေးဖို့ပဲ၊ ဒါန, သီလ, ဘာဝနာ ကုသိုလ်တရားတွေ တိုးတက်ပွားများလာအောင် ဟောကြားပေးဖို့ပဲ။

ဒီလို ဟောကြားပေးလို့မှ မရရင် ဒီကျောင်းမှာ မနေနဲ့၊ ပစ္စည်းလေးပါးကို တွယ်တာမျှော်လင့်ပြီး မနေရဘူးတဲ့။

ကဲ..အဲဒါ ဘုန်းကြီးမျှား မနေရ မနေကောင်းတဲ့ ကျောင်း, ကန်, မြို့ရွာပဲ ရှင်းရဲ့လား။

**ဒကာ။** ။ရှင်းလင်းပြတ်သား၍ သည်မိန့်ခွန်း ဩဝါဒကို ဦးထိပ်ရွက် ပန်ဆင်ထားပါတယ် ဆရာတော်။

---

## အနာဂါမိမဂ် ကုသိုလ်က ဗြဟ္မာ့ဘုံပို့သလော, ဈာန်ကုသိုလ်ကပို့သလော?

**ဒကာ။** ။အနာဂါမ် ပုဂ္ဂိုလ်မျှား သေရင် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံလားတယ်ဆိုတာ ကိန်းသေပေါက် ရောက်တယ်ဆိုတော့ကာ အနာဂါမ်တိုင်း ဈာန်သမာဓိ ရထားလို့လား၊ သူတို့မှာ စိတ်

ပျံ့လွင့်မှု-ဥဒ္ဓစ္စ မရှိဘူးလား၊ သို့မဟုတ် အနာဂါမိမဂ် ကသိုလ်က ပို့ပေးတာလား ဆရာတော်။

ဆရာ။ ။အနာဂါမိမဂ်က ဖိုလ်ကိုသာပေးတာ၊ ဗြဟ္မာ့ဘုံကို ပို့ပေးတာမဟုတ်ဘူး၊ ဈာန်က ပို့ပေးတာ၊ အနာဂါမ်က ကာမဂုဏ်အစွဲ ကာမတဏှာနဲ့ ဒေါသကို ပယ်ထားပြီးမို့ ဈာန်မရပေမင့် သမာဓိတရားဖြည့်စုံပြီးသား ဖြစ်နေတယ်၊ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စက မပြောပလောက် အနည်းငယ်မျှသာ ရှိတော့တယ်။

ဒါကြောင့် ဈာန်မရ ဈာန်မရှိသေးတဲ့ အနာဂါမ် ပုဂ္ဂိုလ်ဟာ စုတေခါနီး သေခါနီးမှာ သမာဓိတရား အပြည့်အဝ ရှိထားတော့ ဈာန်ကိုလွယ်ကူစွာနဲ့ရပြီး ဗြဟ္မာသူတော်စင်တို့နေရာ သီးခြားဌာန သုဒ္ဓါဝါသဘုံကို ရောက်သွားကြတာလို့ မှတ်ပေတော့၊ ဒါထက်ပိုပြီး မေးစရာမရှိဘူးနော် အချိန်ကုန်တယ် ဒါပဲ။

ဒကာ။ ။ကျေနပ်လှပါပြီ ဆရာတော်၊ အော်.... ဈာနသမာဓိပဲကို၊ အနာဂါမိ မဂ်ကုသိုလ်က ပို့တာလားလို့ပါ ဆရာတော်။

---

## ကာယဂတာသတိ ဘာဝနာဆိုတာ ၃၂-ကောဋ္ဌာသလား?

ဒကာ။ ။ကာယဂတာသတိ ဘာဝနာ ပွားများ အားထုတ်တယ်ဆိုတာ ကေသာ, လောမာ-စတဲ့ ၃၂-ကောဋ္ဌာသကို အမြီးပြန် ခေါင်းပြန် ရွတ်ဆိုပွားများ မှတ်သားနေတာ ဖြစ်တယ်လို့ ဆရာအချို့က ဆိုကြပါတယ်။

ဆရာအချို့ကလဲ ကာယဂတာသတိ ကမ္မဋ္ဌာန်းဆိုတာ ၃၂ကော ဋ္ဌာသတွင် မကဘူး ကာယာနုပဿနာ သတိပဋ္ဌာန်ပိုင်းမှာပါတဲ့ တရားတွေဟာ ကာယဂတာသတိ ကမ္မဋ္ဌာန်းတွေချည်း ဖြစ်တယ်လို့ ဟောဆိုကြပါတယ်၊ ဘယ်ဟာကို အမှန်ယူရပါမလဲ၊ ပိဋကတော် စာပေက ဘယ်လို အဆုံးအဖြတ်ပေးထားပါသလဲ ဆရာတော်။

**ဆရာ။** ။အင်း .. ဒီပုစ္ဆာဟာ မကြာမကြာ ရောက်ရောက်လာ တယ်၊ အများ ထင်နေကြတာက ကာယဂတာသတိ ဘာဝနာဆိုရင် ဆံပင်, မွေးညှင်း စတဲ့ ၃၂-ကောဋ္ဌာသကိုပဲ ထပ်ခါ တလဲလဲ ရွတ်ဆိုပွားများရမည်လို့ ထင်မှတ်နေကြတယ်။

အမှန်က ကာယာနုပဿနာ သတိပဋ္ဌာန်မှာလာတဲ့ "၁၄" ပဗ္ဗ ၁၄-ပိုင်းစလုံးကို ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာသတိသုတ်မှာ (ကာယဂတာသတိ ဘာဝနာအဖြစ်နဲ့)ဟောကြားတော် မူထားတာ ရှိပါတယ်၊ ဒါကြောင့် ကာယဂတာသတိ ဘာဝနာဆိုရင် ကာယာ နုပဿနာသတိပဋ္ဌာန်မှာလာတဲ့ '၁၄''ပဗ္ဗကိုပါ ယူရမည်လို့ မှတ်ပါ၊ အဲဒါ မီးကုန် ယမ်းကုန် အဖြေပဲ။

**ဒကာ။** ။ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဤနည်းအတိုင်းပဲ မှတ်ယူပွားများပါမည် ဘုရား။

---

## ကျိန်ဆဲလို့ ကျိန်စာသင့်နိုင်သလား ?

**ဒကာ။** ။လူ, ရှင်, ရဟန်း, ရသေ့ စသည် တစုံတယောက်က ကျိန်ဆို ရေရွတ်လိုက်လျှင် ကျိန်စာများ သင့်နိုင်ပါ သလား ဆရာတော်၊ ပိဋကစာပေ၌ ကျိန်ဆိုလို့ ကျိန်စာသင့်ပုံ ဝတ္ထု ကြောင်းများ ရှိပါသလားဘုရား။

ဆရာ။ ။အင်း .. ကျိန်ဆိုလို့ရှိရင် ကျိန်စာသင့်နိုင်တယ်၊ ကျိန်စာသင့်တဲ့ ဝတ္ထုကြောင်းလဲ ရှိတယ်၊ သိချင်ရင် ဓမ္မပဒ အဋ္ဌကထာ ပထမအုပ် ယမကာဝဂ် တိဿဝတ္ထုမှာ ကြည့်ပါ စိတ်ဝင်စားဖွယ်ပဲ။

ပါဠိတွေ မကြည့်တတ် နားမလည်ရင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ပြုစုတဲ့ ဗုဒ္ဓဝင် ပထမအုပ် (လော်) စာမျက်နှာမှာ ပါတယ်၊ ဖတ်ရှုပါ၊ စာကြည့် စာဖတ် မပျင်းရဘူး။

မှတ်ချက်။ ။သည်ပုစ္ဆာကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ စာရေးကြီးတယောက် ဉက္ကဌကြီး ဦးတင်က အမေးခိုင်းကြောင်းဖြင့် လာရောက် မေးမြန်းသည်ဟု မှတ်ထင်သည်။

---

## ဒိဋ္ဌိပယ်ပြီးသား အနာဂါမ်၌ ငါဆိုတဲ့ အသ္မိမာနက ဘယ်လိုဖြစ်တာလဲ?

ဒကာ။ ။သောတာပတ္တိမဂ်ကနေပြီး ဒိဋ္ဌိကို အမြစ်ပြုတ် ပယ်ပြီးလို့ သကဒါဂါမ် အနာဂါမ်အထိ ဂုဏ်တူးကြီးတွေ ရရှိလာတဲ့ အနာဂါမ်ပုဂ္ဂိုလ်က "အသ္မိမာန" ငါဆိုတဲ့ မာနရှိသေးဖြစ်သေးတယ်ဆိုတာ ဟုတ်ပါသလား ဆရာတော်၊ ဘယ်လိုနည်းနဲ့ ဖြစ်တာပါလဲဘုရား။

ဆရာ။ ။အင်း....သည်နေရာမှာ သိထားဖို့ဆိုရင် မာနက (၂)မျိုး ရှိတယ် ဒကာကြီးတို့ရ။

၁။ အ ယာထာဝ မာန = အမှန်မရှိတဲ့ အတ္တကောင် ငါကောင် အနေနဲ့ နိုင်းယှဉ်ပြိုင်ဆိုင် တက်ကြွတဲ့ မာနနဲ့-

၂။ ယာထာဝ မာန = အမှန်ရှိတာကို အမှန်အတိုင်း နိုင်းယှဉ် တက်ကြွတဲ့ မာန တို့ပဲ။

အဲဒီ ယာထာဝ မာနကို "အသ္မိမာန"လို့ ခေါ်တယ်၊ အနာဂါမ် ပုဂ္ဂိုလ်မှာ ဒိဋ္ဌိမရှိတော့လို့ မှားသောအတ္တကောင် ငါကောင်အဖြစ်နဲ့ ဘယ်သောအခါမှ မှတ်ယူစွဲလမ်းမှု မရှိပေမင့် ငါက အနာဂါမ်ပုဂ္ဂိုလ် ငါက သူ့ထက် အသိဉာဏ်တွေ သီလဂုဏ်တွေရှေ သာတယ် စသည် ဖြင့် အမှန်ရှိကို အမှန်အရှိအတိုင်း နိုင်းယှဉ်ပြိုင်ဆိုင်ခြင်း တမျိုးက ဖြစ်ပေါ် ဖြစ်ပေါ်လာတတ်သေးတယ်၊ မာနဟာ မာနပဲ၊ ဒိဋ္ဌိ မဟုတ်ဘူးနော်။

သို့သော်လဲ အဲဒီ အနာဂါမ်မှာ ဖြစ်ပေါ်လာတတ်တဲ့ အသ္မိ ငါဖြစ်သည်ဆိုတဲ့ မာနမျိုးက အလွန်တရာ အားနည်းသေးငယ်တဲ့ မာနမျိုးဖြစ်လို့ စာဖွဲ့ အရေးဆိုနေစရာ မလိုပါဘူး၊ ပညာရှိများ သိရှုံလောက်သာ ကျမ်းဂန်က ပြတာပါ ဒကာကြီးတို့ရဲ။

**ဒကာ**။ ။မှန်ပါ့ ဒီလို သိရတာ နှစ်သက် ကျေနပ်လှပါတယ် ဆရာတော်။

---

## ဝိပဿနာအလုပ် အားထုတ်တတ်ဖို့ရာ စာတတ်ဖို့မလိုဘူးဆိုတာ ဟုတ်မှန်ပါသလား?

**ဒကာ**။ ။ခုခေတ် ဝိပဿနာ ကျမ်းစာရေးပြုတဲ့ ဆရာအချို့နဲ့ စာပေ ပိဋကမသင်မကြားဘူးပဲ ကြီးမှ ရဟန်းဖြစ်လာတဲ့ ဝိပဿနာနည်းပြ တောထွက် ရဟန်းကြီးတွေက တရားအားထုတ်တာ

စာပေပိဋကကို တတ်နေဖို့မလို၊ စာတတ်မှ အားထုတ်တတ်သည်၊ နည်းလမ်းကျသည်ဆိုတာ မဟုတ်မမှန်၊ ဘုရားလက်ထက်က က-ကြီး ခ-ခွေး တလုံးမှ မတတ် မသိပဲ နိဗ္ဗာန်ရောက်သူတွေ အများကြီးပဲ စာတတ်တိုင်း နိဗ္ဗာန်ရောက်နိုင်တာ မဟုတ်၊ ပိဋကသုံးပုံဆောင် ပေါဋ္ဌိလမထေရ်ကြီးတောင်မှ သာမဏေငယ်ကလေးထံနည်းခံတောင်း ယူပြီး သာမဏေကလေးရဲ့ တပည့်ခံမှ နိဗ္ဗာန်ကိုရသည်၊ "အမှန် ကျ န နည်းမှန်ရဖို့သာ လိုရင်း"ဟု ရေးသား ဟောပြောနေကြတာ ဟုတ် မှန်ပါသလား ဆရာတော်။

ဆရာ။ ။အင်း....ဒကာကြီးတို့ အမေးတွေက များ, ထပ်, ရှုပ်ထွေး နေတယ်၊ တပုဒ်ချင်း တုတ်ထုတ်ပြီး ဖြေရှင်းပေးမှ နားလည်လွယ်မယ်၊ ဒကာကြီးတို့ရဲ့ မေးခွန်း နောက်ဆုံးအချက်မှာ၊ "အမှန် ကျ-န နည်းမှန်ရဖို့သာ လိုရင်း"ဟု ဆိုထားရာ အားကြီး ဟုတ်မှန်တဲ့ စကားပဲ၊ အဲဒါဟာ ပိဋကစာပေတွေကို ညွှန်းပြတဲ့ စကားပဲ။

စာပေ ပိဋကတော်တွေက ဝိပဿနာတရား အားထုတ်ပွားများ တော်ဖို့ စည်းမျဉ်းဥပဒေသနှင့် နည်းမှန် လမ်းမှန်တွေကို ကျ-န မှန် ကန်စွာ ရေးဆွဲပြဆို ညွှန်ကြားထားတဲ့ နိဗ္ဗာန်လမ်းပြ မြေပုံကားချပ် ကြီးတွေ ဖြစ်တယ်။

နည်းမှန် လမ်းမှန် အစစ်အမှန်တွေက ပိဋကတော် စာပေထဲမှာ သာ ရှိနေတာ၊ နည်းလမ်းမှန်ကို ပြပေးနေတဲ့ ဆရာတွေဟာလဲ ပိဋကစာပေထဲမှ ယူရတာချည်းပဲ၊ သည်နေရာမှာ အထူးမှတ်သားဖို့က စာပေပိဋကဆိုတာ ယခုအခါ မြတ်စွာဘုရား၏ နှုတ်ခပါဌ်တော် မုက္ခပါဌ်တော်မှ ထုတ်ယူသင်ကြား ဟောပြပေးတာ မှန်သမျှ

တပုဒ် တပါဒက စပြီး စာပေ ပိဋကလို့ချည်း မှတ်ရမယ်၊ စာအုပ် ပေထုပ်ထဲမှာ ရှိနေတဲ့ က-ကြီး ခ-ခွေး ကိုသာ စာပေလို့ မှတ်နေတဲ့ သူအချို့ပြောတာကို ယုံမနေရဘူး။

မြတ်စွာဘုရားလက်ထက်တော်က မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်း တောင်းကြတယ်၊ မြတ်စွာဘုရားက ရုပ်, နာမ်, ခန္ဓ, သင်္ခါရ, အနိစ္စ လက္ခဏာကို ပြောကြား သင်ပြပေးတယ်၊ ရှင် လူ ရဟန်းတွေက မှန်ကန်စွာ နာယူ မှတ်သား သင်ကြားကြတယ်။

အဲဒီလို သင်ကြားနာယူတာဟာ မြတ်စွာဘုရားထံမှာ စာတတ် အောင် စာပေသင်တာနဲ့ အတူတူပဲပေါ့၊ အဲဒီ နှုတ်ခပါဠိတော်တွေ ပျောက်ပျက်ကုန်မှာစိုးလို့ စာလုံးအမှတ်အသားတွေနဲ့ ရေးမှတ်ထားရ တာ၊ စာပေပိဋကတော်က တခြား ဘုရား သင်ကြားပေးတဲ့ နည်းမှန် ကျနတဲ့ကမ္မဋ္ဌာန်းတရားက တခြားလို့ အထင်လွဲမှားပြီး စာပေပိဋက တွေ သင်ကြားနေစရာ မလိုဟု ပုတ်ခတ် ပြစ်မှားနေကြတာကို ဒကာ ကြီးတို့က ရှောင်ပြီး မီးပုံထဲ အဖော်လိုက်ကာ ခုန်မဆင်းကြနဲ့။

## မြတ်စွာဘုရားကို မစင်နဲ့ ငုံထွေးသူတွေ?

ဝိပဿနာနည်းပြ ထင်ရှားတဲ့ ဆရာတော်ကြီး းတပါးက "ဒီလို စာပေ ပိဋကတော်တွေကို သင်ကြားနေဖို့ မလိုဘူးဟု ထိပါးပုတ်ခတ် ပြောကြားတဲ့ ကမ္မဋ္ဌာန်းဆရာ ဆိုသူတွေဟာ မစင်ကို ငုံပြီးတော့ မြတ်စွာဘုရားသခင်ရဲ့ ဦးခေါင်းတော်ကို ထွေးတဲ့သူတွေနဲ့ အတူတူပဲ" လို့ မိန့်ဆိုတော်မူတယ်။

## ပေါဋ္ဌိလမထေရ်ကြီးအား ခုတုံးလုပ်ကြခြင်း?

နောက် စာပေ ပိဋကကို ကျနစွာမတတ်ပဲ မှတ်စုနည်းလောက်နဲ့ ဆရာလုပ်စားနေတဲ့ သူတွေက စာတတ်ပေတတ် အရှင်ပေါဋ္ဌိလ

မထေရ်ကြီးကိုပဲ ခုတုံးလုပ်ပြီး အသားယူနေကြတာက အရှင်ပေါဋ္ဌိလ မထေရ်ကြီးရဲ့ လိုရင်းရည်ရွယ်ချက် စိတ်ထားကို မသိနားမလည်ကြလို့ ကိုရင်ငယ်ကလေးဆီမှာ မထေရ်ကြီးက ကမ္မဋ္ဌာန်းနည်းတောင်းကာ တပည့်ခံရသေးတယ်၊ ဘာညာနဲ့ အဓိပတိဆရာတော်ကြီးတွေကို ခုတုံး လုပ်ပြီး ပြောဆိုနေကြတာ ဖြစ်တယ်။

ပေါဋ္ဌိလမထေရ်မြတ်ကြီးက နှောင်းတန်းလာ ရဟန်းရှင်လူတို့ စာပေပိဋကတွေ သင်ကြားတတ်မြောက်ပြီးကာ ငါက စာတတ်အရှင် သူမြတ် ဖြစ်တယ်၊ ငါဟာ ပိဋကဆောင် ပုဂ္ဂိုလ်ဖြစ်တယ် စသည်ဖြင့် တဏှာ မာန ပပဥ္စတရားတွေနဲ့ သံသရာနယ်ချဲ့နေမှာ စိုးရိမ်လို့ ပရိယတ္တိ ကိစ္စပြီးရင် ပဋိပတ္တိလုပ်ငန်းကို လုပ်ကြဖို့အတွက် ပဋိပတ်ကို လေးစား ရန် နည်းပေးလမ်းပြ ပြုခဲ့ခြင်းမျှသာလို့ မှတ်ယူရမှာဖြစ်တယ်၊ တရား အားမထုတ်တတ်လို့ ကိုရင်ကလေးထံမှာ တပည့်ခံတာမဟုတ်ဖူးနော်၊ မာနတရားကို ပယ်ရှားခြင်းမျှသာဟု မှတ်ရမှာ။

**ဒကာ**။ ။ဒီလို စာပေပရိယတ် ပိဋကတော်များကို အတင်သေး ပြောကြားသူတွေထဲမှာ ဒကာကြီးတို့ မပါပါ ဘုရား၊ ဒကာကြီးတို့က ပရိယတ်ကို အားပေးပြီး ပဋိပတ်ကို လိုက်စားပြုကျင့် နေသူတွေ ဖြစ်ပါတယ် ဆရာတော်။

---

## ရဟန္တာပေါင်း သုံးသောင်းတို့၏ဆရာ ပုထုဇဉ်မထေရ်ကြီး ?

**ဆရာ**။ ။အင်း.... တရားအားထုတ်ပုံ နည်းမှန်တွေက စာပေ ပိဋကတော်ထဲမှာ အပြည့်အစုံရှိနေတာ ဖြစ်တယ်၊ မဟာ သိဝထေရ်ကြီးကို ကြည့်ပါ၊ ယင်း မထေရ်မြတ်ကြီးဟာ စာပေ

ပရိယတ်ကို နည်းမှန်စွာ တတ်မြောက်သားလို့ တပည့်ရဟန်းတွေကို စာပေ ပိဋကတော်က လာတဲ့နည်းအရ ကမ္မဋ္ဌာန်းတရား ပြပေးလိုက်တာ တပည့်ပေါင်း သုံးသောင်း ရဟန္တာ အရှင်မြတ်တွေ ဖြစ်သွားကြတယ်၊ သူကတော့ စာပေတတ်တဲ့ ပုထုဇဉ် ရဟန်းမြတ်ပဲ၊ သောတာပန်တောင် မဖြစ်သေးဘူး၊ နောက်မှ စာပေ ပိဋကတော်က ညွှန်ကြားတဲ့အတိုင်း ပဋိပတ်ကို ကြိုးစားလို့ ရဟန္တာကြီးဖြစ်သွားတာ၊ ကဲ...ရှင်းပြီလား၊ စာပေ ပိဋကတော်ကို ဘယ်တော့မှ လက်မလွှတ်ရဘူးနော်၊ မှန်ကန်တဲ့ စာပေ ပိဋကတော်တွေဟာ ကမ္မဋ္ဌာန်းဆရာ အစစ်တွေပဲလို့သာ မှတ်ပါ၊ စာမကတတ်တဲ့ ကမ္မဋ္ဌာန်းဆရာတွေက ပိဋကတော် စာပေကို ပုတ်ခတ်ပစ်ပယ် ပြောကြားနေကြတာ။

**ဒကာ။** ။မှန်ပါ့ ရှင်းပါပြီ ဆရာတော်၊ စာဘတ် ပေတတ် မဟာသိဝမထေရ်မြတ်ကြီးက ပုထုဇဉ်ဘဝနဲ့ စာပေလာတဲ့နည်း အတိုင်း ပြပေးလို့ ရဟန္တာတပည့် သုံးသောင်းတောင် ရသွားတဲ့ ပုံပမာကလဲ ထိလိုက်မိလိုက်တာ ဆရာတော်၊ ကျေနပ်ပါပြီ ဘုရား။

---

## ဒိဋ္ဌိစွဲ တဏှာစွဲ ဥပါဒါန်စွဲ ကွဲပြားခြားနားမှု?

**ဒကာ။** ။ဆရာတော်များ တရားဟောတဲ့အခါ ဒိဋ္ဌိစွဲတို့ တဏှာစွဲတို့ ဥပါဒါန်စွဲတို့ကို ဝဋ္ဋဒုက္ခငြိမ်းအေးရေးအတွက် အရေးတကြီး ဖြုတ်ဖြတ်ပယ်ရှားရန် ဟောကြားနေကြရာမှာ အဲဒီ အစွဲ သုံးပါးကို ကွဲပြားစွာသိအောင် မိန့်ကြား ခွဲခြားပြပါအုံးဆရာတော်။

ဆရာ။ ။ဒါက လွယ်ပါတယ်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ခုလက်ရှိရထားတဲ့ ဝိပါက်တရားစု၊ သို့မဟုတ် ခန္ဓာ,အာယတန,ဓာတ်,ရုပ်နာမ်ဆိုတဲ့ တရားတွေကို ငါပဲ သူပဲ ယောကျာ်းပဲ မိန်းမပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ရွှေ ငွေ မြ ရွှဲ ပုလဲ သန္တာ နီလာ ပတ္တမြား အိုးအိမ် တိုက်တာပဲလို့ စွဲယူနေတာက ဒိဋ္ဌိ၊ အဲဒါကို ဒိဋ္ဌိစွဲလို့မှတ်။

အဲဒီ ဒိဋ္ဌိစွဲ ကာမအာရုံ ဝတ္ထုပစ္စည်း အထည်ကိုယ်ဒြပ်တွေကို သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင်နေတာက တဏှာစွဲပဲ၊ အဲဒီလို သာယာလိုချင်နေတာ မှန်သမျှ တဏှာစွဲလို့မှတ်။

အဲဒီ ဒိဋ္ဌိစွဲ ကာမဝတ္ထုပစ္စည်းတွေ ကိုယ်ပိုင်ရလာတဲ့အခါ မလွှတ်နိုင်အောင် စောင့်ရှောက်ထိန်းသိမ်းကာ စွဲတာက ဥပါဒါန်စွဲ၊ အဲဒီ ဥပါဒါန်စွဲက ဘယ်လောက် မြဲမြံ ပြင်းထန်သလဲဆိုရင် ဖားကို ကိုက်မျိုထားတဲ့ မြွေဟာ မလွှတ်တော့သလို ကာမဂုဏ်အာရုံဟာ ဥပါဒါန်ထဲရောက်လာရင် မစွန့်နိုင် မလွှတ်နိုင်တော့ဘူး၊ အဲဒါဟာ ဥပါဒါန်ရဲ့ အစွဲပဲ၊ ကဲ.... ကွဲပြားပြီလား၊ နားထောင်အုံး နည်းနည်းပြောအုံးမယ်။

အဲဒီ အစွဲသုံးပါးကို ဖြုတ်နိုင်ရင်ဖြုတ် မဖြုတ်နိုင်ပဲ အစွဲတန်းလန်းနဲ့ သေသွားရင်တော့ အပါယ်လေးပါး သရဲ တစ္ဆေ ပြိတ္တာတို့ နယ်မြေကို သေချာပေါက် လားရောက်ရမှာပဲ။

ဒကာ။ ။ကိုယ်ပိုင်ဖြစ်တဲ့ ကိုယ့်ဝတ္ထုပစ္စည်းကို ကိုယ့်ဟာလို့ စွဲယူထိန်းသိမ်းတာဟာ သူများပိုင်ပစ္စည်းဥစ္စာကို မတရားရယူပိုင်ဆိုင် လိုချင်မှုနဲ့ စွဲယူတာမှ မဟုတ်ပဲ ဟာ အပါယ်လေးပါး လားရအုံးမှာလား ဆရာတော်၊ ဖြေရှင်းပါအုံး ဘုရား။

ဆရာ။ ။အင်း.... လာပြန်ပြီလား (ကိုယ်ပိုင် ဝတ္ထုပစ္စည်း ကိုယ့်ဟာတွေ) နားထောင် ရှင်းပြမည်၊ ဉာဏ်နားနဲ့ ထောင်ဖမ်းပါနော်၊ ဉာဏ်နားမပါရင် ထောင်ဖမ်းလို့ မိမှာမဟုတ်ဖူး၊ အလကား အချိန်ကုန်တယ်၊ ကဲ... နားထောင်ကြပါ။

၁။ အဲဒီ မိမိကိုယ်နဲ့တကွ ကိုယ်ပိုင်ဆိုတဲ့ ဝတ္ထုပစ္စည်းရှိသမျှတွေဟာ ရေ မီး မင်း သူခိုး ဒမြ သေမင်း စတဲ့ ရန်သူအမျိုးမျိုးတွေနဲ့ ဆက်ဆံနေတာ၊ ရန်သူကို လက်ရပ်ခေါ်နေတာ၊ ဒါကြောင့် (အနိစ္စ) ငါနဲ့ အမြဲနေရမည့်ပစ္စည်းတွေမဟုတ် မခိုင်မြဲချေ၊ (အနတ္တ) ငါ့ဥစ္စာငါ့ဟာမဟုတ်၊ ငါမပိုင် သူတို့ကို ခိုင်မြဲအောင် စိုးပိုင်အုပ်ချုပ် ထိန်းသိမ်းထားလို့ မရချေ၊ အဲဒါကြောင့်သူတို့ဟာ စိုးရိမ်သောက မကင်းတဲ့ ဆင်းရဲခြင်းသက်သက် ဒုက္ခအစုပဲလို့ ဉာဏ်မှာထင်အောင် ဆင်ခြင်သုံးသပ်နိုင်ရမယ်၊ ကြိုတင်ပြီးတော့ သိရှိထားရမည့် တရားတွေဖြစ်တယ်။

၂။ အဲဒီလို ဉာဏသမ္ပယုတ်နဲ့ ကြိုတင် ဆင်ခြင်သုံးသပ်နိုင်ရင် ဒီအသုံးအဆောင် ဝတ္ထုပစ္စည်း သား သမီး ဇနီး မယား တို့အပေါ်မှာ ဒိဋ္ဌိစွဲ တဏှာစွဲ ဥပါဒါန်စွဲ နည်းကာနည်းကာ ပါးပါး သွားနိုင်တယ် မထူထဲတော့ဘူး၊ ကိုယ့်ပစ္စည်းရှိရင်သုံးပေါ့၊ မစွဲလမ်းဖို့ ပြောနေတာ။

၃။ အဲဒီ ဒိဋ္ဌိ တဏှာ ဥပါဒါန်တို့ နည်းပါးသွားရင် အပါယ်မလားနိုင်ဘူးပဲ၊ အဲဒါတွေကိုသာ (ငါ၊ ငါ့ဟာအနေနဲ့စွဲထားရင်တော့) အပါယ်လားဖို့ဟာ သေချာတယ်၊

ကဲ... ရှည်မနေနဲ့တော့ ဒီအာနပြကိုသာ အကြိမ်ကြိမ်အခါခါ အထပ်ထပ် ဆင်ခြင်ရှုမှတ်နေပေတော့၊ အဲဒီဝတ္ထုပစ္စည်းတွေကို စွန့်ပစ်လိုက်ဖို့ ပြောနေတာမဟုတ်၊ မစွဲလမ်းဖို့ပြောတာ။

ဒကာ။ ။မှန်ပါ အနိစ္စ ဒုက္ခ အနတ္တနဲ့ ဆင်ခြင်သုံးသပ် ရှုမှတ်ပွားများနေဖို့အတွက် နှစ်သက်ကျေနပ်မှု ရပါပြီ ဆရာတော်။

---

## ဇရာ မရဏကို ပဋိစ္စသမုပ္ပါဒ်တရားက ဘာကြောင့် အင်္ဂါတပါးတည်း ယူရသလဲ ?

ဒကာ။ ။ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါး ယူရာမှာ ဇရာနဲ့ မရဏကို ပေါင်းပြီး ဘာကြောင့် တပါးတည်း ယူထားတာလဲ ဆရာတော်၊ ဇရာ-က အိုမင်း ရင့်ရော်တဲ့တရား၊ မရဏ-က သေတဲ့တရား၊ တခြားစီပဲဟာ ဖြေရှင်းပေးပါ ဘုရား။

ဆရာ။ ။အင်း.... ဇာတိပစ္စယာ ဇရာမရဏ-လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ဇာတိကြောင့် ဇရာမရဏဖြစ်တယ်လို့ ဇရာနဲ့ မရဏကို အင်္ဂါတပါးတည်း ပေါင်းထားခြင်းက အပျက်သဘောချင်းတူလို့ ပေါင်းယူလိုက်တာပဲ ဖြစ်တယ်။

ဇာတိ- ဖြစ်လာတဲ့ ရုပ်နာမ်မှန်ရင် ဇရာ- အိုပျက်,ပျက်သွားတယ်၊ မရဏ- သေပျက်,ပျက်သွားတယ်၊ ဇရာ-အိုပျက်နဲ့ မရဏ-သေပျက်ဟာ မနားပဲ တဆက်တည်း ပျက်,ပျက်သွားကြလို့ ယင်းနှစ်ပါးကို အပျက်ချင်းတူ၍ ပေါင်းပြီး ဇရာ-မရဏလို့ တပါးတည်း ပေါင်းယူလိုက်တာ

တဲ့၊ လျှာရှည်မနေနဲ့ ခုပြောတဲ့အတိုင်းပဲ မှတ်ပေတော့၊ အဲဒါ ပိဋကဘော်ကျမ်းဂန်က လာတဲ့ အဖြေပဲ၊ သဘောပေါက်အောင် ကြံဆပါ။

**ဒကာ။** ။ရုပ်နာမ်တို့ ဖြစ်ပျက်မှု ရည်ညွှန်းကြောင်း သိရလို့ အားရနှစ်သက် သဘောကျပါပြီ ဆရာတော်၊ နည်းနည်း ဆက်မေးပါရစေဘုရား။

---

## နတ်တွေမှာ အို....တဲ့ ဇရာ မရှိဘူးလား ?

**ဒကာ။** ။နတ်သမီးတွေဟာ ၁၆–နှစ်အရွယ်က စ,ဖြစ်လာတာ စုတိကျသည်အထိ ၁၆–နှစ်အရွယ်ပဲ ရှိနေကြတယ်၊ နတ်သားတွေဟာလဲ အနှစ် ၂၀–အရွယ်က စ,ဖြစ်သွားတာ စုတိကျသည်အထိ အနှစ် ၂၀–အရွယ်ပဲ ရှိနေကြတယ်လို့ ဓမ္မကထိကဆရာတော်များ ဟောကြားနေကြတာဟာ နတ်တွေမှာ ဇရာတရား မရှိလို့ မအိုတာလား ဆရာတော်။

## ဇရာမျိုးက ၂–ပါးရှိတယ်လေ

**ဆရာ။** ။ဇာတိပစ္စယာ၊ ဇရာမရဏလို့ ဘုရားဟောထားတာဟာ ဇာတိရှိတဲ့ သတ္တဝါမှန်သမျှ၏ အတွက်ဖြစ်တယ်၊ လူတွေမှာ အရွယ်ပြောင်းကာ ဆံဖြူခြင်း သွားကျိုးခြင်း ခါးကိုင်းခြင်း နားထိုင်းခြင်း စတဲ့ အိုမင်းရင့်ရော်ခြင်း ဇရာက ထင်ရှားလို့ ''ပါကဋဇရာ'' လို့ ခေါ်တယ်၊ ထင်ရှားပေါ်လွင်တဲ့ ဇရာပေါ့။

နတ်တွေမှာတော့ အရွယ်မပြောင်းလို့ မထင်ရှားတဲ့ ''အ ပါကဋဇရာ''ဆိုတာ ရှိတယ်၊ နတ်သမီးတွေဟာ ၁၆–နှစ် အရွယ်က စပြီး နတ်သမီးဖြစ်လိုက်တာ သေသည့်တိုင်အောင် နုနုနယ်နယ် ၁၆–နှစ်

အရွယ်ပဲ၊ နှပ်သားများကလဲ အသက် ၂၀-အရွယ်က စ,ဖြစ်လာတာ သေသည်အထိ အရွယ်မပြောင်းဘူး၊ အသက် ၂၀-အရွယ် နုနုနယ်နယ်ပဲ၊ နတ်တွေမှာ အိုတာမထင်ရှားလို့ မအိုသလို မှတ်နေကြတာ၊ အမှန်ကတော့ နတ်တွေလဲ အိုတာပဲ၊ ဗြဟ္မာတွေလဲ အိုတာပဲ၊ သူတို့မှာလဲ ဇရာရှိတာပဲ၊ အဲဒါကို "အပါကဋ ဇရာ"လို့ ခေါ်တယ်၊ ကဲ.... သဘောကျရဲ့လား၊ ဇာတိရှိရင် ဇရာရှိတာချည်းပဲလို့သာ မှတ်ပေတော့။

ဒကာ။ ။ဟာ.... သဘောကျ အဝင်တွေ့လိုက်တာ ဆရာတော်၊ တပည့်တော် သံသယတွေ ပျောက်သွားပါပြီ ဘုရား။

---

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး ထဲမှာ ဇရာ မရဏတွင် ရပ်၍ သောက ပရိဒေဝတို့ကို ဘာ့ကြောင့် မယူပါသနည်း?

ဒကာ။ ။ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး ယူတဲ့အခါ အဝိဇ္ဇာက စ,ပြီး ဇရာ မရဏအထိသာ ယူ၍ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကိုတော့ ဘာ့ကြောင့် မယူပါသလဲ ဆရာတော်၊ သူတို့လဲ ဇာတိ၏ အကျိုးတရားစုတွေပဲ မဟုတ်လား၊ ဖြေကြားပါအုံး ဘုရား။

ဆရာ။ ။အင်း.... ဟုတ်ပါတယ်၊ သောက ပရိဒေဝ စသည်တို့ဟာ ဇာတိကြောင့်ဖြစ်တာ မှန်ပေမင့် အဲဒီ သောက ပရိဒေဝ-ငိုကြွေးခြင်း စိုးရိမ်ခြင်း စသည်တို့ဟာ ကာမတဆယ့်တဘုံမှာသာ

ဖြစ်တာ၊ ဖြဟ္မာနှစ်သယ်ဘုံမှာ ဇရာနဲ့ မရဏပဲရှိတာ၊ သောက ပရိဒေဝတို့ မရှိဘူး၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးမှာ ဇရာ မရဏတွင် ယူရတာလို့ မှတ်ပေါ့။

## ဗြဟ္မာ့ဘုံမှာ သောက ပရိဒေဝ မရှိဘူးလော ?

**ဒကာ။** ။ဗြဟ္မာ ၂၀ ဘုံမှာ ဘာကြောင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ မရှိတာလဲ ဆရာတော်။

**ဆရာ။** ။ဗြဟ္မာဆိုတဲ့ ပုဂ္ဂိုလ်တွေက အများအားဖြင့် နှစ်သက်မှု ပီတိနဲ့ ချမ်းသာမှု သုခ သို့မဟုတ် လျစ်လျူရှုမှု ဥပေက္ခာ အဲဒီတရားတွေနဲ့ သူတို့ရရှိထားတဲ့ သမာဓိနဲ့ ဈာန်ဓမ္မထဲမှာ ဝင်စားပြီး တည်ငြိမ်နေကြတာ၊ ကာမစ္ဆန္ဒခေါ်တဲ့ ကာမဂုဏ်အာရုံတွေ မခံစားတော့ဘူး၊ ဝိက္ခမ္ဘနပဟာန်သဘောနဲ့ ငြိမ်းအေးပယ်ဖြတ်ထားကြတာ၊ အဲဒီတော့ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု မေ့မြောတက်ချက်မှု စတဲ့ ဒေါသသတ္တိတွေ ကင်းနေလို့ မရှိကြလို့ပဲ ပေါ့၊ ကဲ....သဘောကျရဲ့လား၊ နောက်တနည်း နားထောင်အုံး။

တနည်းဆိုသော် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မ ဝိဟာရတရားလေးပါးနဲ့သာ အနေများကြတာ ဖြစ်တယ်၊ ဒါကြောင့် သောကစသည် မရှိဘူးလို့မှတ်ပေါ့ ဗြဟ္မာသေရင် အပါယ်မလားဘူး။

**ဒကာ။** ။ကောင်းလိုက်တာ ဆရာတော်၊ ဒါကြောင့် ဗြဟ္မာသေရင် အပါယ်မလားတာကို၊ ရှင်းလင်းသွားပါပြီဘုရား။

## လက္ခဏာရေး ၃-ပါးမှာ ပါတဲ့ ဒုက္ခနဲ့ သစ္စာ ၄-ပါးမှာ ပါတဲ့ဒုက္ခ ဘယ်လိုထူးသလဲ ?

**ဒကာ**။ ။ဒုက္ခတရားကို ယူတဲ့နေရာမှာ အနိစ္စ ဒုက္ခ အနတ္တ ခေါ်ဆိုနေကြတဲ့ လက္ခဏာရေးသုံးပါးမှာ ပါတဲ့ဒုက္ခနဲ့ သစ္စာလေးပါးမှာ ပါတဲ့ဒုက္ခဟာ အတူတူပဲ မဟုတ်လား ဆရာတော်၊ တချို့ဆရာတော်တွေက မတူဘူးလို့ ပြောနေကြလို့ ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။အင်း....အမှတ်မဲ့ ပေါ့ပေါ့ဆဆ နေရင်တော့ ဒုက္ခဟာ ဒုက္ခပဲ အတူတူပေါ့လို့ မှတ်ထင်ကြမှာဖြစ်တယ်၊ အမှန်က မတူဘူး၊ ယူဆပုံခြင်း ထူးခြားတယ်။

**ဒကာ**။ ။ဘယ်လို ထူးခြားတာလဲ ယူဆပုံချင်း ထူးခြားပုံကို ခွဲပြပါအုံး ဆရာတော်။

**ဆရာ**။ ။ ၁။ လက္ခဏာရေးသုံးပါး၊ သို့မဟုတ် လက္ခဏာယာဉ် သုံးပါးမှာ ပါတဲ့ ဒုက္ခလက္ခဏာက အနိစ္စလဲ မမည် ဘူး၊ အနတ္တလဲ မမည်ဘူး၊ ဒုက္ခပဲမည်တယ်၊ ဒုက္ခ လို့ပဲ ယူရတယ်၊ ရေတွက် ခေါ်ဝေါ်ရုံမျှပဲ ဖြစ်တယ်။

၂။ သစ္စာလေးပါးထဲမှာ ပါတဲ့ ဒုက္ခသစ္စာက အနိစ္စ ရော, ဒုက္ခရော, အနတ္တရော, ရုပ်နာမ်, ခန္ဓာ, အာယတန, ဓာတ်တွေရော,လောကတဏှာ မပါတဲ့ ဘုံသုံးပါး၌ ဖြစ်တဲ့တရားတွေ အကုန်လုံး ဒုက္ခ သစ္စာချည်းပဲ ဒုက္ခလို့ ယူရတယ်။

အဲဒီလို ထူးခြားကွဲပြား ခြားနားမှုရှိတယ် ဒကာကြီးတို့၊ အဲဒါ ကြောင့် စာတတ်ပေတတ် ပိဋကတော် နှံ့စပ်တဲ့ ဆရာတော်ကြီး တွေက မတူဘူးလို့ ဟောပြောကြတာ။

ဒကာ။ ။တပည့်တော်ဖြင့် ခုမှပဲ ကွဲကွဲပြားပြား ကြားဘူးတော့ တယ် ဆရာတော်၊ ယူဆပုံခြင်းက တမျိုးစီကိုး။

ဆရာ။ ။ဟုတ်တယ် ဒကာကြီးတို့ ဒီနေရာမှာ ဒုက္ခချင်းအတူတူ ပဲလို့ မှတ်ယူနေကြတဲ့သူတွေကို ဆရာတော်ကြီးတပါးက ကြီးမှုရဟန်းဖြစ်တဲ့ စာပေမသင် မတတ်တဲ့ တောထွက်ရဟန်းကြီးက "ဟာ.... သက်န်းကြီးများ နှစ်ထပ်ပါလားဟ" ဆိုတဲ့ ပုံပမာနဲ့ ပြဆိုသွားတယ်။

## တောထွက် ဘုန်းကြီးတပါးက ခုမှ နှစ်ထပ်သက်န်းမှန်း သိပုံ

ဒကာ။ ။အဲဒီ တောထွက်ကိုယ်တော်ကြီးရဲ့ "ခုမှပဲနှစ်ထပ်သက်န်း မှန်းသိတဲ့ ပုံပမာ"ကို ပြည့်စုံအောင် ထုတ်ဆောင် ပြပါ အုံး ဆရာတော်။

ဆရာ။ ။အင်း.... သားမယားတွေနဲ့ကွဲ ဆင်းရဲ ဒုက္ခရောက် စားသောက်ရမဲ့ ဖြစ်နေတဲ့ လူပျင်းတယောက်က တော ရွာ ကျောင်းကြီးတကျောင်းမှာ စာပေမတတ်တဲ့ ကျောင်းထိုင် ဆရာ တော်ကြီး တပါးထံ သွားပြီး ရဟန်းပြုပေးရန် တောင်းပန်ကာ ရဟန်းပြုပြီးတော့ အဲဒီကျောင်းမှာပဲ စာပေမသင် ဝိနည်းမတတ် ကိုယ့်ထက် သိက္ခာဝါကြီးတဲ့ ရဟန်းငယ်ကလေးတွေကိုလဲ ရိုသေရမှန်း မသိ၊ အကျင့်သိက္ခာလဲ ဘာမျှမရှိ စား, အိပ်, ရေချိုး, ဆေးလိပ် အမျိုးမျိုးတို့ကို သောက်နဲ့ သာသနာတော်မှာ အချောင်ဝင်နေသတဲ့။

တနေ့ကော့ ဆေးလိပ်သောက်ရင်း မီးပွားတွေကျပြီး သက်န်းကြီး မီးပေါက်သွားပါရော၊ အဲဒီအခါကျမှ ''ဟာ... သင်္ကန်းကြီးများ နှစ်ထပ်ပါလား''လို့ သိသတဲ့။

နဂိုက သင်္ကန်းချင်း အတူတူထင်နေတာ နှစ်ထပ်မှန်းမသိဘူးတဲ့၊ ခုမီးပေါက်ကာမှ နှစ်ထပ်မှန်းသိသလို ဒကာကြီးတို့လဲ သစ္စာလေးပါးမှာပါတဲ့ ဒုက္ခသစ္စာနဲ့ လက္ခဏာရေးသုံးပါးမှာပါတဲ့ ဒုက္ခနဲ့ ခုမှပဲ ကွဲကွဲပြားပြား သိသွားကြတာမဟုတ်လား။

**ဒကာ**။ ။မှန်လိုက်တာ ဆရာတော်၊ မီးပေါက်ကာမှ နှစ်ထပ်သင်္ကန်းမှန်းသိတဲ့ ဘောထွက်ဘုန်းကြီးလိုပေါ့ ဘုရား၊ ဟား ဟား ဟား။

---

## ပဋိစ္စသမုပ္ပါဒ်မှာ ဘဝတခုတည်းကိုပဲ ကမ္မဘဝ ဥပပတ္တိဘဝ ၂-မျိုးခွဲရတာ ဘာထူးလို့လဲ ?

**ဒကာ**။ ။ပဋိစ္စသမုပ္ပါဒ်မှာ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်လို့ ဟောဆိုထားရော ဒီဘဝကိုပဲ (ကမ္မဘဝ ဥပပတ္တိဘဝ) နှစ်မျိုးထုတ်ပြ ဟောပြောနေကြပြန်ပါတယ်၊ ဘာ့ကြောင့်မို့ ဘယ်လိုထူးလို့ နှစ်မျိုးပြားရတာလဲ ဆရာတော်၊ ပါဠိတွေတော့ မရွတ်ပြပါနဲ့ တိုတိုနဲ့ သိအောင်ပဲ ရှင်းပြပါဘုရား။

**ဆရာ**။ ။အင်း... ဒီကလဲ့ စကားတံရှည်သမား မဟုတ်ဘူး၊ တိုတိုကလေးနဲ့ တိတိကျကျ ရှင်းပြပေးမယ်၊ ပဋိစ္စသမုပ္ပါဒ်မှာလာတဲ့ တဏှာ, ဥပါဒါန်, ဘဝ ဆိုတဲ့ တရားသုံးပါး အတွဲဟာ

သံသရာအတွက် ဖြေရှင်းကွက် မထွက်နိုင်အောင် မျှားပြား ထူပြော ရှုပ်ထွေးပွေလိမ်နေတဲ့ စာပေါင်းသိုက် သပွတ်အူ ကြွက်ကိုက်ထားတဲ့ မြိတ်ဆာချည်ထွေးနဲ့ တူတယ်။

အဲဒီ စာပေါင်းသိုက် သပွတ်အူ မြိတ်ဆာချည်ထွေး ခေါ်ရတဲ့ တဏှာ, ဥပါဒါန်, ဘဝ ဆိုတဲ့ အင်္ဂါသုံးပါးထဲမှာ ဘဝဟာ ကမ္မဝဋ် ဝိပါကဝဋ် နှစ်ပါးနဲ့ စပ်ဆိုင်တဲ့အတွက် (ဝါ) ကမ္မဝဋ် ဝိပါကဝဋ် နှစ်ပါးနဲ့ စပ်ဆိုင်သောကြောင့် ဘဝကို ကမ္မဘဝ ဥပပတ္တိဘဝလို့ နှစ်မျိုး ထုတ်ပြ ဟောပြောနေကြတာ ဖြစ်တယ်။

၁။ ကမ္မဘဝဆိုတာက ကမ္မဝဋ် လောကီကုသိုလ် အကုသိုလ် စေတနာတွေကို ခေါ်တယ်။

၂။ ဥပပတ္တိဘဝဆိုတာက ဖြစ်ခွင့်ရရင် ဖြစ်ဖို့စောင့်နေတဲ့ ''ဝိပါက ဝဋ်'' ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ။

ဒါကြောင့် ဒီလိုထူးလို့ ဒီနှစ်မျိုး ဝဋ် ဘဝ ပြားရတယ်လို့ မှတ်ပါ၊ ကဲ....ကွဲရဲ့လား။

**ဒကာ။** ။ရှင်းလင်း ကွဲပြားစွာသိရလို့ ကျေနပ်လှပါတယ် ဆရာ တော်၊ ဘဝဆိုတာက ကမ္မဝဋ် ဝိပါကဝဋ် နှစ်ပါးနဲ့ ဆက်စပ် သက်ဆိုင်နေတာကိုး၊ ဒါကြောင့် ''ဝဋ်ဘဝ ဝဋ်ဘဝ''လို့ ပြောနေကြတာ၊ ခုမှပဲ ကွဲတော့တယ်။

## ရုပ်နာမ်ခန္ဓာကို ဒုက္ခသစ္စာ နှိပ်စက်ခံသက်သက်ဆိုတာ ဘယ်သူက ဘယ်လို နှိပ်စက်နေတာလဲ?

ဒကာ။ ။ရုပ်နာမ်ခန္ဓာကို နှိပ်စက်ခံသက်သက် "ပီဠန သဘော" ကပ်၍ ညှပ်၍ နှိပ်စက်ခံနေရတယ်ဆိုတာ ဘယ်သူက ဘယ်လို နှိပ်စက်နေတာလဲ၊ နှိပ်စက်ပုံနဲ့ နှိပ်စက်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကို လွယ်လွယ်နဲ့ နားလည်နိုင်အောင် ရှင်းပြပါ ဆရာတော်။

ဆရာ။ ။အင်း....ဉာဏ်နားနဲ့ ထောင်ဖမ်းမှ နားလည်မှာဖြစ်တယ် နော်၊ သေချာစွာ နားထောင်ပါ၊ တိုတိုပဲ ပြမယ်။

ရုပ်နာမ် ခန္ဓာတွေဟာ နှိပ်စက်အပ် နှိပ်စက်ခံနေရလို့ ဒုက္ခသစ္စာ မည်တယ်ဆိုတာ အမှန်ပဲ။

ဘယ်သူက ဘယ်လိုကပ်၍ ညှပ်၍ နှိပ်စက်နေသလဲဆိုတော့ ဒကာ ကြီးတို့ကိုပဲ ပြန်မေးရမည် ဖြေပါ။

ရုပ်နဲ့ နာမ်ဟာ ဘွားကနဲ ဘွားကနဲ ဖြစ်ပေါ် ဖြစ်ပေါ် မလာ ဘူးလား?၊ ဖြစ်ပေါ် ဖြစ်ပေါ် လာပါတယ် ဆရာတော်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ ဖြစ်အစကို "ဇာတိ"လို့ ခေါ်တယ်၊ ပျက်အဆုံးကိုတော့ "မရဏ" လို့ ခေါ်တယ်၊ ဇာတိဆိုတာက ဖြစ်စ ပဲ၊ မရဏက ပျက်ဆုံးပဲ၊ စ,ဖြစ်လာတဲ့ ရုပ်နာမ်ဟာ ပျက်ခြင်းမှာ ဆုံးတာပဲ၊ ဖြစ်ရင် မုချပျက်ရမှာ သဘောမိရဲ့လား။

ဒကာ။ ။မှန်ပါတယ် ဘုရား၊ ဇာတိက စ,လိုက်ရင် မရဏမှာ ဆုံးရမှာပါပဲ၊ သဘောမိပါတယ် ဆရာတော်။

**ဆရာ။** ။အဲဒီ ဖြစ်ပေါ်လာမှု ဥဒယ, ခေါ်တဲ့ ဇာတိနဲ့ ပျက်ဆုံး သွားမှု ဝယ,ခေါ်တဲ့ မရဏတို့ရဲ့အလယ်ကြားထဲမှာ(ဝါ) ဖြစ်မှု ပျက်မှု နှစ်ခုရဲ့ကြားမှာ ဖြစ်နေရတာဟာ စက်ယန္တရားကြီးနဲ့ ကြိတ်ညှပ်သတ်ဖြတ် နှိပ်စက်ခံနေရတာနဲ့ တူလို့ ဒီရုပ်နာမ်ခန္ဓာကို ပီဠန သဘော ဒုက္ခသစ္စာလို့ ဟောတာပဲ၊ နှိပ်စက်တတ်တာက ဥဒယနဲ့ ဝယပဲ၊ ပုဂ္ဂိုလ်သတ္တဝါက နှိပ်စက်နေတာ မဟုတ်ဘူးနော်၊ ဥဒယနဲ့ ဝယ ဓမ္မ သဘောက နှိပ်စက်နေတာပဲ၊ နှိပ်စက်ခံရတာက ရုပ်နာမ်ပဲ၊ ကဲ... မိရဲ့လား၊ ဖြစ်, ပျက် "ဥဒယ ဝယ" ဉာဏ်မိရင် ရုပ်နာမ်ဆိုတဲ့ ဒုက္ခ သစ္စာကို သိတာပဲ။

**ဒကာ။** ။မိပါပြီ ဆရာတော်၊ ရုပ်နာမ်အပေါ်မှာ ဥဒယ ဝယဉာဏ် မိအောင် ရှုတတ်ပါပြီဘုရား။

---

## ဘုရားအလောင်း၊ ဒုက္ကရစရိယာခန်း၌ မစင်စား ကျင့်သလော ?

**ဒကာ။** ။လူဘုရားဟော ဆရာအချို့က အလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ တောထွက်ကာ ရဟန်းပြုလျက် ဒုက္ကရ စရိယာ ကျင့်တဲ့အချိန်မှာ နွားမစင်ကို ကောက်စားပြီးတော့ ဘုရား ဖြစ်အောင် ကျင့်တယ်၊ မစင်စားပြီးတော့ ဖြစ်လာတဲ့ဘုရား၊ ဘာ ညာနဲ့ မြတ်စွာဘုရားသခင်၏ ဂုဏ်ပုဒ်တွေကို ရှုပ်ချ ပြောဆိုနေကြ ပါတယ် မစင်စားတယ်ဆိုတာ မှန်ပါသလား ဆရာတော်၊ သူတို့က တော့ ပိဋကတော်စာအုပ် အကိုးအကားနဲ့ လူများစွာတို့ ယုံစားလာ အောင် ပြောကြား ဟောဆိုနေကြပါတယ်၊ အမှား အမှန် ဝေဖန် ရှင်းပြပေးပါအုံး ဆရာတော်။

ဆရာ။ ။လာပြန်ပြီလား၊ ဒီအမေးပဉှာဟာ ဒါကိုပဲ မကြာ မကြာ လာလာမေးကြတယ်၊ ကိုင်း....နားထောင်ကြ အမှန်ကို ရှင်းပြမယ်၊ အဲဒီစကားဟာ သာသနာဖျက်သမားတွေရဲ့ စကားသာ ဖြစ်တယ်၊ သူတို့ကတော့ ဗုဒ္ဓဘုရားရဲ့ ဂုဏ်တွေပျက်အောင်၊ သာသနာ မြန်မြန်ပျက်ဖို့အတွက် ဘာသာရေးဘက်က အဝါးမဝသေးတဲ့ မသိနိုးနားတို့ ယုံမှားသံသယဖြစ်အောင် ပိဋကတော် စာပေထဲက မပြည့်မစုံပုဒ်တွေကို ရှာဖွေထုတ်ယူပြီး မဟုတ်မဟတ် အယုတ်တမာ ဇာတ်တွေ ခင်းကျင်းပြောဆိုပြီး မီးပုံထဲ အတူတူဆင်းဖို့ အဖော် ခေါ်နေကြတာတွေ ဖြစ်တယ်၊ အဲဒါတွေကိုယုံရင် မီးပုံထဲ ခုန်ဆင်းဖို့ ကတော့ သေချာတာပဲ။

ဒကာကြီးတို့ ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားကြည့်ပေါ့၊ဘုရားအလောင်း တော် သိဒ္ဓတ္ထမင်းသားဟာ ပါရမီဉာဏ်တွေ ရင့်ကျက်လို့ တောထွက် လျက် ဘုရားဖြစ်တော့မည့်ဆဲဆဲ နောက်ဆုံးဘဝ ခြောက်နှစ်တာ ကာလအတွင်းကလေးမှာ မစင်စားပြီးတော့ ဘုရားဖြစ်အောင် ကျင့် တယ်ဆိုတာဟာ အတော့်ကို ရက်စက်ယုတ်ညံ့တဲ့ စကားပဲနော်...၊ သည်စကားမျိုးကို အသက်တန်းစား အမျိုးကောင်း သားသမီးများ သာဖြစ်ရင် မပြောဝံ့ဘူးပဲ ဒကာကြီးတို့ရ၊ ကဲ...နေပါအုံး၊ အဲဒီ မစင် စားတယ်ဆိုတဲ့ တရားစကားကို ဘယ်သူတွေက ပြောဟောနေကြ တာလဲ ဒကာကြီးတို့ရ။

ဒကာ။ ။ဘယ်ဆရာတော်ရဲ့ တပည့်တွေဆိုလားပဲ ဘုရား၊ သူတို့ရဲ့ ဆရာကတော့ မရှိတော့ဘူးတဲ့၊ သူတို့ဆရာရဲ့ ဝါဒကို အဲဒီလူတစုက လိုက်ဖြန့်ဟောကြားနေတာပဲ။

သူတို့က ပိဋကတော် စာပေထဲမှ ထုတ်ယူဟောကြားနေတယ် ဆိုတော့ကာ အဲဒီလို မစင်စားပြီးကျင့်တဲ့ အကြောင်းအရာဟာ ပိဋက တော်စာပေထဲမှာ ပါလို့လား ဆရာတော်။

ဆရာ။ ။အင်း .. ဒီအကြောင်းအရာတွေဟာ ပိဋကတော်မှာပါတာ က သူတို့ပြောသလို မဟုတ်ပါဘူး၊ အလောင်းတော်မြတ် ဟာ ဘုရားဖြစ်ဖို့အရေး ဗျာဒိတ်ပေး ခံယူတော်မူပြီးနောက် လေး သင်္ချေနဲ့ ကမ္ဘာသိန်း ပါရမီတွေ ဖြည့်ကျင့်လာခဲ့တဲ့ အချိန်ကာလ အတွင်းမှာဆိုရင် ကမ္ဘာတသိန်းကိုတော့ဖယ်ထားလိုက် ကမ္ဘာတသိန်း ရဲ့ ဟိုဘက် ကမ္ဘာအသင်္ချေ မရေတွက်နိုင်တဲ့ လေးသင်္ချေရဲ့ အပိုင်း ကာလတွေမှာ အကျင့်မှား အယူမှားတွေနဲ့ မိုက်ခဲ့ ဆိုးခဲ့တာတွေဟာ အများကြီးပဲ ရှိခဲ့တယ်။

သုရာဓုတ္တ-မိုးမလင်းအောင် မူးမိုက်နေတဲ့ သေသောက်ကြူးဘဝမှာ ဆိုရင် ဗိုလ်ချုပ်ကြီးဖြစ်ခဲ့ဘူးတာပဲ၊ ဣတ္ထိဓုတ္တ· အမျိုးသမီးတွေကို ဖြားယောင်းဖျက်ဆီး အပျော်ကြူးတဲ့နေရာမှာလဲ ပြိုင်ဖက်တွေကို အနိုင်ယူ ဗိုလ်ကျခဲ့တာပဲ၊ ဉာဏ်ပညာနုတဲ့အခါရဲ့ ဘဝတလျှောက်မှာ မကောင်းတာတွေကို ကုန်အောင်စုံ ပြုလုပ် မှားယွင်းခဲ့ဘူးတယ်။

အဲဒီ မကောင်းလုပ်တွေက ပေးလိုက်တဲ့ လုပ်ခ မကောင်းကျိုး ဆင်းရဲဒုက္ခ အမျိုးမျိုးဟူသမျှတို့ကိုလဲ မရှုမလှ အလူးအလဲ ခံစား ခဲ့ရတာပဲ၊ အဲဒါတွေဟာ ဘဝရဲ့ မသာယာစရာ ဆင်းရဲဒုက္ခတွေသာ ဖြစ်တယ်၊ အသိဉာဏ်နုသေးတဲ့ ဘဝသမားတွေဟာ ဒီလိုအမှားမှား တွေကို မုချလုပ်မိကြမှာပဲ၊ ပြုလုပ်မိရင်လဲ ဆင်းရဲဒုက္ခ မုချရရှိခံစား ရမှာပဲဆိုတာကို သိစေချင်လို့ သိစေလိုတဲ့အတွက် ဘုရားဖြစ်တော်မူတဲ့ အခါမှာ မိမိကိုယ်တိုင်ပင် ကမ္ဘာတသိန်းရဲ့ ဟိုမှာ ဘက်ပိုင်း ဉာဏ်နုတဲ့

သုဓမ္မဝတီ (က) ၁၀၄–၁၇

အခါက မကောင်းဆိုးဝါးတွေ့ မိစ္ဆာအကျင့်မှားတွေ ပြုမူကျူး လွန်မိခဲ့လို့ မကောင်းကျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ခံစားခဲ့ရဘူး တယ်ဆိုတာကို ရဟန်းရှင်လူမျာ: သိစေရန် နောက်ကြောင်း အတိတ် ဖြစ်ရပ်များကို ပြန်ပြောင်း၍ ဟောကြားတာသာ ဖြစ်တယ်၊ အဲဒီ ဟောကြားချက် မုက္ခပါဠိတော်တွေဟာ ပိဋကတော်ထဲမှာ ရှိနေ တာပေါ့၊ ကဲ....ရှင်းရဲ့လား။

**ဒကာ။** ။အဲဒီ ဖြစ်ရပ် အကြောင်းအရာတွေဟာ ဘယ်ပိဋကတော် မှာ ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဘာ့ကြောင့် ဒီ မစင်စားကျင့်မှု အတိတ်ကြောင်းမှားတွေကို ဟောကြားတော်မူ ရတာလဲ ဆရာတော်၊ အနည်းအကျဉ်း ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ။** ။အင်း ...သုတ္တန်ပိဋက မဇ္ဈိမနိကာယ် မူလပဏ္ဏာသ မဟာ သီဟနာဒသုတ် ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ (၁၁၁) မှာ ကောရခတ္တိယမည်တဲ့ တိတ္ထိတယောက်က ခွေးတို့၏အလေ့အကျင့် ကိုယူပြီးတော့ ခွေးလိုအဝတ်မဆီး ကိုယ်လုံးတီးနဲ့ ပြာပုံထဲမှာဝပ်တယ်, အိပ်တယ်, နေတယ်၊ သပိတ်ခွက် မဆောင်ပဲ မြေမှာ ပုံပေးထားတဲ့ အစာအာဟာရကို လက်နဲ့မယူမစားပဲ လေးဘက်ထောက်ပြီးတော့ ခွေးစားသလို ပါးစပ်နဲ့ထိုးဟတ်စားကာ ခွေးသွားသလို သွားနေတာ ကို လိစ္ဆဝီမင်းသား သုနက္ခတ္တရဟန်းက တွေ့မြင်ရတဲ့အခါ အားရ နှစ်သက်စွာနဲ့ ဟာ....ဒါမှ ရဟန္တာအရှင်မြတ်ကြီး အစစ်ဖြစ်တာ ဂေါတမဘုရားဟာ ရဟန္တာအစစ် မဖြစ်သေးဘူး။

ဤ ရဟန္တာအရှင်မြတ်ကြီးက ဂေါတမရဲ့ အကျင့်သိက္ခာထက် သာလွန်မြင့်မြတ်သော အကျင့်သိက္ခာနဲ့ ပြည့်စုံတယ်၊ သပိတ် သက်န်း ရှာမှီးစရာမလိုပဲ သက်န်းဖွပ်လျှော်ရခြင်း, ချုပ်ဆိုးရခြင်း ကိစ္စလဲမရှိ၊

သပိတ်ခွက်လက်တို့ကို ဆေးကြောစရာလဲ မလိုပဲ မြေမှာ ပုံပေးထား တာကို ခွေးလို ပါးစပ်နဲ့ ထိုးဟတ်စားရုံပဲဖြစ်တယ်၊ အလွန်ပေါ့ပါး သော အကျင့်မြတ်တရားပဲဟု ကောရခတ္တိယတိတ္ထိကြီးကို ချီးကျူး သမှု ပြုတယ်၊ ယင်းအကျင့်ကိုလဲ အားရနှစ်သက်စွာ ခံယူလိုက်တယ် တဲ့၊ ဒါတွင်မကသေးဘူး....

ဂေါတမဘုရားရဲ့ အကျင့်တရားတွေက ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းနေ ရှာဖွေပြုပြင် သိမ်းဆည်း ရတဲ့ ပလိဗောဓတွေ များလွန်းတယ်ဟု ကောရခတ္တိယရဲ့ ခွေးအကျင့် ကို နှစ်သက် ချီးမွမ်း ပြောဆိုကာ ဂေါတမ မြတ်စွာဘုရားသခင်ကို အမျိုးမျိုး စွပ်စွဲကဲ့ရဲ့ရှုတ်ချ အပြစ်ပြု ပြောဆိုတော့တာပဲတဲ့။

အဲဒီအခါမှာ မြတ်စွာဘုရားသခင်က ချစ်သား သုနက္ခတ္တ ကောရ ခတ္တိယရဲ့ ဒီ အကျင့်တရားတွေဟာ မှားယွင်းယုတ်ညံ့သော မိစ္ဆာ အကျင့်တွေသာဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်ဘူး၊ ငါကိုယ်တိုင် ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတသိန်းရဲ့ ဟိုမှာ ဘက် ဉာဏ်နုစဉ်အခါတုန်းက ဒီလိုမှားသော ကိုယ်လုံးတီးနဲ့ နေခြင်း စတဲ့ မိစ္ဆာအကျင့်မျိုးတွေကို ကုန်အောင်စုံ ကျင့်ခဲ့ဘူးပြီလို့ သုနက္ခတ္တ ရဟန်းကို သူကျင့်ခဲ့ဘူးတဲ့ (ဒုက္ကရကာရိက) မချီးမွမ်းစရာ အကျင့်မှား တွေကို ပြန်လည်ပြောပြပေမင့် သုနက္ခတ္တရဟန်းက ဘုရားစကားကို နားမထောင်တော့ပဲ မြတ်စွာဘုရားကို အထင်သေးကာ ကဲ့ရဲ့စကား တွေကိုသာ ပြောကြား၍ နေပြန်သောကြောင့် မြတ်စွာဘုရားက သုနက္ခတ္တကို မောဃပုရိသ, သဘောထားလျက် ရှင်သာရိပုတ္တရာကို ယခုလို ပြန်ဟောတော်မူတာ ဖြစ်တယ်။

အဘိဇာနာမိ ခေါ ပနာဟံ သာရိပုတ္တ (လ) တိဏ္ဍ ဘက္ခော ဝါ ဟောမိ၊ ဂေါမယ ဘက္ခော ဝါ ဟောမိ (လ) သက် ယေဝ သုဒံ မုတ္တ ကရီသံ အာဟာရေမိ။

ကဲ....အဲဒါ ပါဠိတော်မှာလာတဲ့ ဒေသနာ အကျယ်ထဲက အနည်းငယ်မျှ ထုတ်ပြချက်ပဲ၊ ဆိုလိုရင်းက ချစ်သား သာရိပုတ်၊ ငါဘုရား နှစ်ဦက ယွင်းယွင်းမှားမှားနဲ့ လူအများပြုခြင်းငှါ မစွမ်းနိုင်တဲ့ (ဒုက္ကရ ကာရိက) ခက်ခဲစွာ ပြုကျင့်ခဲ့ပုံတွေကတော့ ရံခါ တနေ့လုံးအတွက် ဆီးသီးကလေး တလုံးတည်းစားပြီးတော့လဲ နေခဲ့တယ်၊ တိဏ္ဍ ဘက္ခော ဝါ ဟောမိ၊ မြက်ကိုစားပြီးတော့လဲ ကျင့်ခဲ့ဘူးတယ်၊ ဂေါမယ ဘက္ခော ဝါ ဟောမိ၊ နွားငယ်ကလေးတွေ စွန့်ထားတဲ့ နွားချေး မစင်ကိုလဲ စားပြီးတော့ ကျင့်ခဲ့တယ်၊ သက် ယေဝ သုဒံ မုတ္တကရီသံ အာဟာရေမိ၊ ငါ ကိုယ်တိုင် ကျင်ကြီး ကျင်ငယ်တို့ကို စားသုံးမှီဝဲပြီးတော့လဲ ကျင့်ခဲ့ဘူးတယ်။

အဲဒီလို မိစ္ဆာအကျင့်ရှိသူမျိုးကို ပညာမဲ့ အန္ဓဗာလများကသာ ကိုးစား အားထားကာ ချီးမွမ်းကြည်ညိုမှုပြု၍ တပည့်ခံလျက် လိုက်နာကျင့်သုံးကြမှာ ဖြစ်တယ်၊ ယင်း အကျင့်မှားတို့ကား ပညာရှိများ၏ အရာမဟုတ်ချေဟု မိမိ၏ အတိတ်အကြောင်းဖြစ်ရပ် အမှားတွေကို ရဟန်းရှင်လူတို့ ထပ်မမှားစေပဲ အမှန်သိရအောင် ပြန်ဆောင်ဟောကြားတော်မူတဲ့ ကမ္ဘာတသိန်း ဟိုဘက်က ပြုကျင့်ခဲ့ဘူးတဲ့ ဒေသနာ တော်သာ ဖြစ်တယ်၊ အကျယ်စိတ်ဝင်စားဖွယ်တွေကို သိချင်ရင် အဲဒီ မဟာသီဟနာဒသုတ္တန်ပါဠိတော်နဲ့ အဋ္ဌကထာများကို ရှာကြည့်ပေ တော့၊ အလောင်းတော် နှစ်ဦက အမှားမှားကျင့်ပုံတွေ ကုန်အောင် စုံ ပါတယ်။

သာသနာဖျက်ကောင်တွေက အဲဒီဇာတ်တော်ကို ကုန်အောင်စုံ ပြောမပြပဲ လိုချင်တဲ့ပါဠိကလေးထုတ်ကာ ကျမ်းစာမှာဒီလိုလာတယ်၊ မစင်စားပြီး ကျင့်ခဲ့တဲ့ဘုရားလေး ဘာလေး ညာလေးနဲ့ ပြောကြား ကာ မီးပုံထဲ အဖော်ခေါ်တာကို ဒကာကြီးတို့က လိုက်ရောခုန်ဆင်းချင် လို့လား?၊ နွားမယောင်နဲ့ မီးလောင်တိုက်ထဲ ပါကုန်လိမ့်မယ်။

**ဒကာ။** ။မီးပုံထဲ အဖော်ပါကုန်မှာစိုးလို့ ဆရာတော်ထံ အမှန် ရအောင် လာရောက်ဆွေးနွေး မေးမြန်းရတာပါပဲ ဘုရား၊ သူတို့ကလိုချင်တဲ့ ပါဠိအချက်အလက်ကလေးတွေ ထုတ်ယူ ထုတ်ယူပြီးတော့ မဟုတ်မဟတ်တွေ ဟောပြောကာ ဒါတွေဟာ ပိဋကကျမ်းစာကလာတာဟု ပိဋက ကျမ်းစာအုပ်တွေနဲ့ချည်း ကိုင် ပေါက်ခံနေရတာ ခုမှပဲ မှန်ကန်တဲ့ အပိုင်းထဲ ရောက်ရ သိရပါတော့ တယ်၊ ဒကာကြီးတို့ကို ယခုလိုမှန်ကန်စွာ အသိဉာဏ်တွေပေးတာကို ကျေးဇူးတင်လို့ မဆုံးပါဘူးဆရာတော်။

**ဆရာ။** ။အင်း... ကတညူ ဘိက္ခဝေ ဒုလ္လဘော တဲ့၊ သူ့ကျေးဇူးကို သိတတ်တဲ့သူဟာ အလွန်ရှားပါးတယ်တဲ့၊ ဒီလို ကျေးဇူး တင်ဖော်ရရင် သူတော်ကောင်းထဲ ဝင်လာပြီ၊ ဝမ်းသာပါတယ်။

---

## မဂ်စိတ်တပါးက ဈာန် ၅-ပါးလုံးကို ယှဉ်တွဲ ရယူနိုင်ပါသလား?

**ဒကာ။** ။လောကုတ္တရာစိတ် ရှစ်ပါးကို ဈာန်ငါးပါးနဲ့ ပွားတဲ့ အခါ လေးဆယ်ရလို့ လောကုတ္တရာစိတ် အကျဉ်း ရှစ်ပါး၊ အကျယ်လေးဆယ်ဟု ဆိုထားရာ မဂ်စိတ်တပါး ဖြစ်တဲ့အခါ မှာ ဈာန်ငါးပါးစလုံးနဲ့ အတူဖြစ်နိုင်ပါသလား ဆရာတော်၊ ဒါ....

အငြင်းထနေကြလို့ ရှင်းပြပေးပါအုံး ဘုရား၊ အကျယ်ကြီးတော့ မလုပ်ပါနဲ့ ဆရာတော်၊ ရှုပ်ကုန်မှာစိုးလို့ပါ။

**ဆရာ။** ။အင်း....အကျဉ်းကလေးနဲ့ နားလည်အောင် ပြောတာကို နားလည်အောင် နားထောင်ပါ၊ နက်နဲ ခက်ခဲတယ် ဒကာကြီးတို့ရ။

ဝိပဿနာတရား ပွားများနေတဲ့ ယောဂီဟာ ရုပ်နာမ်ခန္ဓတို့ ဖြစ်ပျက်မှုအထဲမှာ သတိအား အလွန်ကောင်းပြီး သမ္မာသမာဓိ မဂ္ဂင်ဘာဝနာက (အဝိက္ခေပ ဘာဝနာ) မပျံ့လွင့်တဲ့ ပွားများမှု အပိုင်းထဲ ရောက်နေတယ်၊ အဲဒီ သမ္မာသမာဓိ မဂ္ဂင်ဆိုတာ သူ့ရဲ့တရားကိုယ်က ဧကဂ္ဂတာ စေတသိက်ကို ခေါ်တာပဲ ဖြစ်တယ်။

ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဥ္စမစျာန် ဆိုတဲ့ စျာန်ငါးပါးတို့တွင် အဲဒီ သမ္မာသမာဓိ မဂ္ဂင်ခေါ်တဲ့ ဧကဂ္ဂတာက တပါးစီ တပါးစီသောစျာန်နှင့် ယှဉ်သော မဂ်ကိုသာ ဖြစ်စေတာ၊ မဂ်တပါးမှာ စျာန်ငါးပါးလုံး အတူတူ တပြိုင်နက် မဖြစ်စေနိုင်ဘူး။

ဒါကြောင့် တချို့မဂ်က ပထမစျာန်နဲ့ အတူတူဖြစ်လို့ သူ့ကို ပထမစျာန်မဂ်လို့ ခေါ်တယ်၊ ဒီအတိုင်းပဲ တချို့မဂ်က ဒုတိယစျာန်မဂ်၊ တချို့မဂ်က တတိယစျာန်မဂ်၊ တချို့မဂ်က စတုတ္ထစျာန်မဂ်၊ တချို့မဂ်က ပဥ္စမစျာန်မဂ်လို့ မဂ်က ကွဲပြားသွားတယ်၊ တမဂ်ထဲက စျာန်ငါးပါးလုံးကို မဖြစ်, မယှဉ်နိုင်ဘူးလို့ မှတ်ရမည်၊ သဘောမိရဲ့လား။

**ဒကာ။** ။ဒါထက် ပေါ်လွင်အောင် နည်းနည်း ထပ်မိန့်ပါအုံး ဆရာတော်၊ ဒကာကြီးတို့ဉာဏ်ထဲ မသဲမကွဲ ဖြစ်နေပါတယ်။

ဆရာ။ ။အင်း....မဂ်စိတ်လေးပါးထဲက ပထမမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်စိတ် ဖြစ်လိုက်ရင် မဂ္ဂင်ရှစ်ပါးစလုံးဟာ အဲဒီမဂ်စိတ်နဲ့ တပြိုင်နက်တချက်တည်း အတူတူဖြစ်တာ၊ ကျန်တဲ့ မဂ်စိတ်တွေကိုလဲ ဒီအတိုင်းပဲ ယူရမှတ်ရမည်နော်။

အဲဒီ မဂ္ဂင်ရှစ်ပါးထဲမှာ ကေဂ္ဂတာစေတသိက်ခေါ်တဲ့ သမ္မာသမာဓိမဂ္ဂင်က တပါးသာ ပါတာ၊ မဂ်စိတ်နဲ့အတူတူ တပြိုင်နက်တချက်သာဖြစ်ပြီး ချုပ်သွားတာပဲ။

အဲဒီ သမ္မာသမာဓိခေါ်တဲ့ ကေဂ္ဂတာစေတသိက်က မဂ်စိတ်တခုခဏမှာ ဈာန်တပါးကိုသာ ဖြစ်နိုင်တာ၊ သဘောပေါက်ရဲ့လား၊ ထပ်ပြောအုံးမည်။

ပထမဈာန်စတဲ့ ဈာန်ငါးပါးရှိတဲ့အထဲမှာ မဂ်စိတ်နဲ့ယှဉ်တဲ့ သမ္မာသမာဓိမဂ္ဂင်၏ တရားကိုယ်က ကေဂ္ဂတာစေတသိက်လို့ ပြောခဲ့တယ်။

အဲဒီ ကေဂ္ဂတာစေတသိက်က ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဥ္စမဈာန်ဆိုတဲ့ ဈာန်ငါးပါးတို့အထဲက တပါးပါးသောဈာန်နှင့်ယှဉ်သော မဂ်ကိုသာ ဖြစ်စေနိုင်တာ၊ တချို့မဂ်က ပထမဈာန်မဂ်၊ တချို့မဂ်က ဒုတိယဈာန်မဂ်၊ တချို့မဂ်က တတိယဈာန်မဂ်၊ တချို့မဂ်က စတုတ္ထဈာန်မဂ်၊ တချို့မဂ်က ပဥ္စမဈာန်မဂ်လို့ မဂ်အမည်တွေ ကွဲပြားခြားနားသွားတာ၊ တမဂ်မှာ ဈာန်တပါးသာဖြစ်လို့ သမ္မာသမာဓိမဂ္ဂင်ဟာ မဂ်ခဏမှာ ဈာန်ငါးပါးလုံးကို မဖြစ်နိုင်ဘူး၊ မဂ်ခဏမှာ ဈာန်တပါးကိုသာ ဖြစ်စေပြီးတော့ မပျံ့လွင့်အောင် ပွားစီးစေတာဖြစ်တယ်၊ ဒါကြောင့် မဂ်စိတ်တပါးဟာ ဈာန်ငါးပါး

လုံးနဲ့ အတူတပြိုင်တည်း မဖြစ်နိုင်လို့ မှတ်ပေတော့၊ ကဲ....သဘော ပေါက်ရဲ့လား။

ဒကာ။ ။မှန်ပါ့၊ သဘောပေါက် ကျေနပ်မှုရပါပြီ ဆရာတော်။

---

## သာသနာတော်မှာ ဘယ်တရားကို ပွားများဖို့ အရေးကြီးဆုံးလဲ ?

ဒကာ။ ။ဗုဒ္ဓဘာသာ သာသနာတော်မှာ ဘယ်တရားဟာ လိုရင်း မူလလဲ၊ ဘယ်တရားဓမ္မကို ပွားစီးသတိရဖို့ အရေး အကြီးဆုံးပါလဲ၊ မြတ်ဗုဒ္ဓရဲ့ ပိဋကတော်စာပေက ဘယ်လိုများ ညွှန်ကြားထားပါသလဲ ဆရာတော်။

ဆရာ။ ။မြတ်ဗုဒ္ဓသာသနာတော်မှာ (သီလာနုဿတိ) သီလဓမ္မကို ပွားစီးသတိရဖို့ အရေးအကြီးဆုံးပဲ ဒကာကြီးတို့ရဲ့၊ ပိဋကတော် စာပေ ညွှန်ကြားချက်ကလဲ သီလကို လိုရင်းမူလ ညွှန်ပြ ထားတယ်။

သီလန လက္ခဏံ သီလံ-တဲ့။

သီလံ=သီလဓမ္မသည်၊ သီလန လက္ခဏံ=ကာယသုစရိုက် ဝစီသုစရိုက်တို့ကို မပျက်စီးရအောင် ချုပ်, ထိန်း ကွပ်ကဲ စောင့်ရှောက်ထားခြင်း လက္ခဏာရှိ၏၊ ဝါ- ထိုထိုကုသိုလ် ဟူသမျှတို့၏ တည်ရာ ရွှေခွက်ကြီးနဲ့တူ၏-တဲ့။

နောက်တချက် မြတ်ဗုဒ္ဓ ဆက်လက်မိန့်ကြား ဟောထားတော်မူပုံ ကတော့....

သိရဋ္ဌ သီတလဋ္ဌေဟိ၊
သလန သုပနဋ္ဌတော၊
သာလာယ သဒိသတ္တာ စ၊
သီလန္တိ ဝုစ္စတေ ထဝါ။

သိရဋ္ဌ သီတလဋ္ဌေဟိ၊ ဦးခေါင်းနှင့်တူသော အနက်သဘော, ငြိမ်းချမ်းအေးမြသော အနက်သဘောတို့ကြောင့်။ သီလန္တိ ဝုစ္စတေ၊ သီလဟု ခေါ်ဆိုရ၏တဲ့။

သလန သုပနဋ္ဌတော၊ လှုပ်ရှား ထကြွ သောင်းကျန်းသော အကုသလမ္မ ဒုစရိုက်အကျင့်ပျက်တို့၏ ငြိမ်သက် အိပ်စက်ရာဖြစ်သောကြောင့်လည်း။ သီလန္တိ ဝုစ္စတေ၊ သီလဟု ခေါ်ဆိုရ၏တဲ့။

အထဝါ၊ နောက်တမျိုးကတော့။ သာလာယ သဒိသတ္တာ စ၊ ညှော်သည် ခရီးသွားအပေါင်းတို့၏ ချမ်းသာစွာ နားနေခိုအောင်းရာ ဇရပ်နှင့် တူသောကြောင့်လည်း။ သီလန္တိ ဝုစ္စတေ၊ သီလဟု ခေါ်ဆိုရ၏တဲ့။

ဒါကြောင့် သူတော်ကောင်းတို့၏ အေးငြိမ်းချမ်းသာစွာနဲ့ နားနေရာ သမာဓိ ပညာ သူတော်တရားတို့၏ တည်ရာနေရာ ဇရပ် ရွှေခွက်နဲ့တူတဲ့ သီလ၊ သို့မဟုတ် သတ္တဝါတို့၏ အရေးအကြီးဆုံး ဦးခေါင်းနဲ့တူတဲ့ သီလဟာ သမာဓိတို့ ပညာတို့ထက် အရေးကြီးတယ်လို့ မှတ်ပါ။

**ဒကာ**။ ။ဒကာကြီးတို့ ဒါထက် ပိုမိုနားလည်အောင် အနည်းငယ်မျှ ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။သီလတော သုခိတာ။ ။သီလကြောင့် ကိုယ်ရော စိတ်ပါ ချမ်းသာစွာ နေထိုင်ကြရတယ်တဲ့။

သုခံ သမာဝတ္တာယ။ ။ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် စိတ်နှလုံးတည်တံ့မှု သမာဓိရခြင်း၏ အကြောင်းရင်းပဲတဲ့။

ကဲ....သီလရှိလို့ ကာယဒုစရိုက်အပြစ်နဲ့ ဝစီဒုစရိုက်အပြစ် ကင်းစင်ပြီးဘော့ကာ တည်ငြိမ်မှုသမာဓိ ရှိလာတယ်၊ တည်ငြိမ်တဲ့ သမာဓိစိတ် ရှိနေပြီဆိုရင်....

သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။

သမာဓိရှိတဲ့ ယောဂီဟာ ဟုတ်တိုင်း မှန်ရာ ရုပ်နာမ်တို့ သဘောတရားကို သမ္မာသနဉာဏ်နဲ့ ကိုယ်ထဲမှာစိုက်ပြီး လိုက်ရှာစစ်ဆေးလိုက်ရင် မခိုင်မြဲတဲ့ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်တွေကိုသာ တွေ့မြင်နေရဘော့ အင်း....ငါမရှိ, ငါမဟုတ်တဲ့ ရုပ်နာမ်မျှသာ ဖြစ်ပျက်နေတာပဲ၊ ငါမှ မရှိရင် ငါ့ဥစ္စာ ဘယ်လိုနည်းနဲ့ ဖြစ်နိုင်ပါ့မလဲဆိုတဲ့ အတွေး ယထာဘူတဉာဏ်မှန်တွေ ဖြစ်ပေါ်လာကာ ဒိဋ္ဌိစွဲပြုတ်၊ ငါ သူတပါး ယောကျ်ား မိန်းမ ဟိုဘဝ ဒီဘဝဆိုတဲ့ ယုံမှားသံသယ ဝိစိကိစ္ဆာတွေ ပြုတ်၊ အရိယာပိုင်းကူးပေါ့၊ ကဲ....ရှင်းရဲ့လား “သီလေ ပတိဋ္ဌာယ နရော”တွေ ဘာတွေ ပြောစရာတွေ အများကြီးကို ချန်ထားခဲ့တာနော်။

**ဒကာ။** ။ရှင်းလိုက် ကောင်းလိုက်တာ ဆရာတော်၊ သီလနဲ့တူတဲ့ ဦးခေါင်းပြတ်ရင် သေတဲ့သူနဲ့ အတူတူပေါ့၊ သီလဟာ သာသနာတော်ရဲ့ အသက်ပဲနော် ဆရာတော်။

## ထွက်လေ ဝင်လေ အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ်တတ်ရင် စူဠသောတာပန်ဆိုတာ ဟုတ်ပါသလား ?

**ဒကာ။** ။ဆရာတော်ကြီးတပါးက ကိုယ်အမြဲ အသက်ရှူနေတာ ပဲဟာ တခြား ဘာမှဘ်စရာ လိုသေးသလဲ၊ အာနာပါန ကမ္မဋ္ဌာန်း မှတ်ကြ၊ အာနာပါန သတိမိရင် စူဠသောတာပန်ပဲ၊ အပါယ်မကျတော့ဘူးဆိုတာ ဟုတ်မှန်ပါသလား ဆရာတော်၊ တပည့် တော်တို့ နားလည်အောင် ရှင်းပြပေးပါအုံးဘုရား။

**ဆရာ။** ။အင်း....ဒါက ရုပ်နာမ်တို့ ဖြစ်ပျက်မှု အနိစ္စ,ဒုက္ခ,အနတ္တ, သဘောဒ္ဒ နှိုးနှောဆက်စပ်နိုင်တဲ့ သစ္စာဉာဏ် ရှိပြီးသား တို့အတွက် မခက်လှပါဘူး မှန်ပါတယ်၊ အာနာပါန ကမ္မဋ္ဌာန်းဟာ အလွန်ကောင်းမြတ်ပြီး လူတိုင်းနဲ့ သင့်လျော်ပါတယ်လေ၊ ကိုယ်အမြဲ အသက်ရှူနေတာပဲဟာ ရှုမှတ်ကြပေါ့ လွယ်ပါတယ်။

**ဒကာ။** ။ဒကာကြီးတို့ နားလည်ရုံလောက် စူဠသောတာပန် ဖြစ်, မဖြစ် အကျဉ်းနည်း ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အင်း.... အကျဉ်းကလေးနဲ့ နားလည်ရုံ ပြောပြမည် ဉာဏ်နားနဲ့ မှတ်သားပါ၊ ဒကာကြီးတို့ရဲ့ နှာခေါင်းထဲ လေဝင်လာတဲ့အခါ တကိုယ်လုံးမှာ ရုပ်နာမ်တွေ ဖြစ်လာတာကို ဉာဏ်နဲ့မြင်အောင် ရှုကြည့်ရတယ်၊ ဝင်ဆဲခဏမှာ ဖေါင်းပွ တိုးတက် တွန်းကန်သွားကာ ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေနဲ့ အဲဒါကို သိမှတ် ခံစား စေ့ဆော်နေတဲ့ နာမ်တရားတွေဟာ ထွက်သောအခါသို့

မရောက်ခင် ဝင်ဆဲခဏမှာပဲ ချုပ်ပျောက်ကုန်သောကြောင့် အနိစ္စ အနိစ္စလို့ ဉာဏ်နဲ့မှတ်ရတယ်၊ သူ့ဉာဏ်ထဲမှာ ထင်မြင်လာတယ်။

ဒီလို တကိုယ်လုံး တကောင်လုံး ဝင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေဟာ ထွက်ဆဲခဏသို့ မပါပဲ ဝင်ဆဲခဏမှာပင် ပျက်စီး ချုပ်ပျောက်ကုန်သောကြောင့် တာရှည်ခံအောင် သိမ်းထားလို့မရ အနှစ်မပါ လိုရာမကျ အစိုးမရသောကြောင့် အနတ္တ အနတ္တလို့ ဉာဏ်နဲ့မှတ်ရတယ်၊ ထင်မြင်လာတယ်။

အဲဒီလို အနိစ္စ ဒုက္ခ အနတ္တသဘောကို ဉာဏ်နဲ့နှလုံးသွင်း ရှုမှတ် လိုက်တဲ့အခါကျတော့ သူ့မှာ မဂ္ဂသစ္စာဉာဏ်တွေ ပေါ်လာတဲ့အတွက် စူဠသောတာပန်လို့ ခေါ်ရတယ်၊ ဖြစ်ပျက်အနိစ္စလက္ခဏာ ရှုပွားနေ တာဟာ မဂ္ဂသစ္စာပဲ။

စူဠသောတာပန်ဟာ ရုပ်နာမ်တို့ ဒုက္ခသစ္စာကို မြင်တယ်၊ ရုပ် နာမ်တို့ဖြစ်ကြောင်း သမုဒယသစ္စာကိုလဲ မြင်တယ်၊ နိဗ္ဗာန်ကိုလဲ အနု မာန မျှော်မှန်းဉာဏ်နဲ့ သိတယ်၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ မဂ္ဂင်ဉာဏ်မှန်လဲ သူ့မှာရှိတယ်၊ အဲဒီ သစ္စာလေး ပါး အသိရှိနေတဲ့ သစ္စာဉာဏ်ရှိနေတဲ့သူဟာ အပါယ်မကျကောင်း ဘူးတဲ့၊ ကဲ... ရှင်းရဲ့လား၊ အဲဒါ စူဠသောတာပန်ဖြစ်တာပဲ။

၁၈၁။ ။ရှင်းပါပြီ ဆရာတော်၊ ပညာမဂ္ဂင် သစ္စာဉာဏ် ရရှိ သိမြင်ထားဖို့ဟာ အရေးတကြီးလိုတာ ခုမှပဲ ရှင်းတော့ တယ်၊ တိုတိုတိတိနဲ့ ကျေးဇူးရှိလှပါတယ် ဆရာတော်။

## တိဟိတ် ဩမက ကုသိုလ်ဆိုတာ ဘယ်လိုပြုလုပ်လို့လဲ ?

**ဒကာ**။ ။မဂ် ဖိုလ် နိဗ္ဗာန်ကို ဆန္ဒပြုပြီး ပြုလုပ်တဲ့ ကုသိုလ်တိဟိတ်က အဃုတ် အနိမ့် အောက်တန်းစား တိဟိတ်ဩမက ကုသိုလ် ဖြစ်သွားရပုံကို ဘယ်လိုပြုလို့ ဖြစ်ရတယ်ဆိုတာ ရှင်းပြပါ ဆရာတော်။

**ဆရာ**။ ။အကြောင်းကံနှင့် ရရှိမည့် ဝိပါက်အကျိုးအမှန်ကိုသာ ယုံကြည်ကာ နိဗ္ဗာန်ဆန္ဒပြုပြီးလုပ်လို့ တိဟိတ်ကုသိုလ် ဖြစ်ပေမင့် ဒီကုသိုလ်ခြံရံပြုလုပ်တဲ့ အတွက် အောက်တန်း (ဩမက) တိဟိတ်ကုသိုလ် ဖြစ်ရတယ်။

**ဒကာ**။ ။အကုသိုလ်ခြံရံပုံကို ကျဉ်းကျဉ်းနဲ့ ရှင်းပြပါအုံး ဆရာတော်၊ ပါဠိတွေသော့ မရွတ်ပါနဲ့ ဘုရား။

## ဆိုင်း, ဗုံ, ထည့်ကာ ငရဲရွာ ရှု.ရှာရှင်ပြပွဲ

**ဆရာ**။ ။ ၁။ အပြတ် ပေးစွန့်နိုင်ခြင်း အလောဘဟိတ်။

၂။ ကြည်ညိုခြင်း မေတ္တာ အဒေါသဟိတ်။

၃။ အကြောင်း အကျိုးတရား နားလည်သိရှိမှု အမောဟ ဟိတ်။

အဲဒီ ဟိတ်သုံးပါးနဲ့ ပြည့်စုံတဲ့ တိဟိတ်ကုသိုလ် လုပ်တဲ့နေရာမှာ အပျော်, အပါး, (အတီး,အမှုတ်,အက,အဆိုတွေကို) ထည့်ကြတယ်၊ အဲဒါ အကုသိုလ်တွေပဲ၊ အတုအပ အပြိုင်အဆိုင် ဂုဏ်ပကာသနတွေ ပါပြန်တယ်၊ အဲဒါလဲ အကုသိုလ်တွေပဲ။

အဲဒီလို ကုသိုလ်လုပ်တဲ့နေရာမှာ အကုသိုလ်တွေ ပါနေရင် ဒီကုသိုလ်ဟာ ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်ဖြစ်ပေမင့် ယုတ်ညံ့တယ်၊ အောက်တန်းစားကျတယ်၊ ဒါကြောင့်မို့ သူ့ကို တိဟိတ်ဩမက ကုသိုလ် ခေါ်တယ်၊ ကဲ…ရှင်းရဲ့လား၊ "ဆိုင်း, ဗုံ ထည့်ကာ ငရဲရွာ လှူ့ရွာရှင်ပြုပွဲ" ဆိုတာမျိုးပဲ၊ ဒါက လှူပါး လှူနပ် လှူတတ်မျှား နားလည်ရုံ ဖြေကြားတာ၊ ခက်တယ် မလွယ်ဘူး။

ဒကာ။ ။ရှင်းလင်းပြတ်သားၡ နားလည် ကျေနပ်လှပါတယ် ဆရာတော်၊ နောင်ခါ ဒါမျိုးတွေ ရှောင်ရှားပါတော့မည် ဘုရား။

## အာယတန ဆိုတာ ဘာလဲ ဘာကြောင့် အာယတန ခေါ်သလဲ?

ဒကာ။ ။အာယတနဆိုတဲ့ ပါဠိစကားရဲ့ အနက်အဓိပ္ပါယ်ကို ရှင်းပြပေးပါ ဆရာတော်၊ ဘာကြောင့် အာယတန ခေါ်ပါသလဲ ဘုရား။

ဆရာ။ ။အင်း….လိုရင်းကို ရှင်းရှင်းနဲ့ ပြောပြမည်၊ ဉာဏ်နားနဲ့ ထောင်ဖမ်းပါ၊ အာယတနဆိုတာ ဝဋ္ဋဆင်းရဲ ဒုက္ခဖြစ်ကြောင်း တရားစုကို ခေါ်ဆိုတာ ဖြစ်တယ်။

ဝဋ္ဋဆင်းရဲဆိုတာက အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသဝဋ္ဋ သုံးပါးဟာလဲ ဆင်းရဲပဲ၊ ကိလေသဝဋ္ဋ ဦးစီး ပြုလုပ်သော လောကီကုသိုလ် အကုသိုလ်ဆိုတဲ့ ကမ္မဝဋ္ဋဟာလဲ ဆင်းရဲပဲ၊ သူတို့ကြောင့် ရလာဖြစ်လာတဲ့ ဝိပါကဝဋ္ဋဟာလဲ ဆင်းရဲပဲ။

အဲဒီ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်တဲ့ ဝဋ္ဋဆင်းရဲ ဖြစ်ကြောင်းတရားကို ''အာယတန''လို့ ခေါ်တယ်၊ ထပ်ရှင်းပြအုံးမယ်။

ဟောဒီ မျက်စိစတဲ့ အတွင်း အာယတနခြောက်ပါးတို့က ရူပါရုံစတဲ့ အပြင် အာယတနခြောက်ပါး ကာမဂုဏ်တရားတွေ ဖြစ်ပွားအောင် ဒုက္ခဆင်းရဲတွေ ဖြစ်အောင်လုပ်နေတာ၊ ဒါကြောင့် အာယတနလို့ဆိုလိုက်ရင် ဝဋ္ဋဆင်းရဲဖြစ်ကြောင်းကို ပြောဆိုတာပဲလို့ မှတ်ပါ၊ ပါဠိစကားဆိုတော့ အသိရခက်တယ်၊ လွယ်လွယ်နဲ့ သိပြီလား။

ဒကာ။ ။ပေါ်လွင် ထင်ရှားရှိ မျှားစွာပဲ ကျေနပ်လှပါတယ် ဆရာတော်၊ဒါကြောင့် သူ့ကို သံသရာလို့ခေါ်တာကိုး။

## ခေတ်ဆိုတာ ဘာလဲ
## ဘာကြောင့် ခေတ်ကို ဟောရသလဲ ?

ဒကာ။ ။ခေတ်ခေါ်တဲ့အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို ရှင်းပြပေးပါ ဆရာတော်၊ ဘာ့ကြောင့် ခေတ်ကို ဟောတော်မူရတာလဲ ဘုရား။

ဆရာ။ ။''အတ္တနော သဘာဝံ ခေရေတီတိ ခေတ္တံ'' မိမိ၏ လုပ်ဆောင်စရာ လုပ်ငန်းကိစ္စ သဘောကို ပြီးစီးအောင် လုပ်ဆောင်တတ်သောကြောင့် ခေတ်လို့ ခေါ်တယ်၊ ခေတ်ဆိုတာ အဲဒါပဲ၊ သူ့သဘော သူဆောင်သွားတာကို ခေတ်လို့ ခေါ်တယ်။

ခေတ်ကို ဘာ့ကြောင့် ဟောသလဲဆိုတော့၊ အတ္တစွဲ၊ ငါစွဲကို ပြုတ်စေလိုသောကြောင့် ဟောရတယ်လို့ မှတ်ပါ၊တခု ရှင်းပြပေးမည်၊

ကျန်ခေါတ်စုတို့ကိုလဲ သည်နည်းနဲ့ ခွဲတိုး ဖြန့်ကြည့်ပါ၊ ဉာဏ်ရှိသူဆိုရင် လွယ်လွယ်နဲ့ သိမှာပဲ။

ရှုပခေါ်။ ။အဆင်းကလဲ သူ့အကြောင်းနဲ့သူ ဖြစ်နေတာ၊ ငါ့ကြောင့် ငါလုပ်လို့ ဖြစ်ပေါ်နေတာမဟုတ်ဘူး၊ ငါမရှိ ငါ့ဟာမဟုတ်ဘူး၊ အဆင်းခေါတ်ရယ်, မျက်စိအကြည်ခေါတ်ရယ်, မြင်သိစိတ်ခေါ်ရယ် သည်ခေါတ်သုံးပါး ပေါင်းဆုံမိလို့ မြင်ရတာ၊ မြင်ပြီးတော့ကော ခိုင်မြဲနေမှုများ ရှိလို့သာ၊ မြင် သိ ပျက်သွားတာပဲ၊ သိမ်းထားလို့ မရဘူး၊ အဲဒီ....အဆင်း, မျက်စိ, မြင်ခြင်း ခေါတ်သုံးပါးထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး အတ္တဆိုတာ မရှိဘူး၊ ခေါတ်သဘောမျှသာ ရှိတာလို့ သိရအောင် ဟောဘော်မူတာသာ ဖြစ်တယ်၊ ကျန်တာတွေလဲ သည့်အတိုင်းပဲ သိပါ၊ အနတ္တ ထင်လာလိမ့်မယ်။

ဒကာ။ ။မှန်ပါ့ အတ္တကင်းအောင် ရှင်းလင်း ကြည့်ရှုတတ်ပါပြီ ဆရာတော်။

---

## ပါဠိဟာရိယ ပညာဆိုတာ ဘာလဲ?

ဒကာ။ ။ဝိပဿနာတရား ပွားများတဲ့သူဟာ ပါဠိဟာရိယ ပညာဉာဏ် အရေးကြီးတယ်၊ သူရှိမှ ဖြစ်တယ်လို့ ပြောဟောနေတာ၊ ပါဠိဟာရိယ ပညာဉာဏ်ဆိုတာ ဘယ်လိုဟာကို ခေါ်ဆိုတာလဲ ဆရာတော်။

ဆရာ။ ။အင်း....(ပါဠိံ သမုခံ ဟာရေတိ ပကာသေတီတိ ပါဠိဟာရိယံ) တဲ့၊ သူ့ရဲ့ အနက်အဓိပ္ပါယ်ကတော့.... ပါဠိံ သမုခံ = တိုက်ရိုက်, ဒဲ့တိုး, မျက်မှောက်, ရင်ဆိုင်။

ဟာရေတိ= ပကာသေတိ= ထင်ထင် ရှားရှားနဲ့ ဖော်ပြ
ပေးတတ်၏၊ သိစေ၏....တဲ့။

ကဲ.... အဲဒါကြောင့်မို့ ပါဠိဟာရိယ ပညာဉာဏ်မည်၏ တဲ့၊
သဘောပေါက်ရဲ့လား။

**ဒကာ။** ။ဝိပဿနာနဲ့ ဘယ်လိုဆိုင်တာလဲ ဆရာတော်၊ နားမလည်
သဘောမပေါက်သေးပါဘူး ဘုရား။

**ဆရာ။** ။ပါဠိဟာရိယ ပညာဆိုတာ မမှေ့ မလျော့တဲ့ သတိ
ရင့်ကျက် ထင်ရှား အားကောင်းမှုကို ခေါ်ဆိုတယ်။

ဝိပဿနာတရားဆိုတာက ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တို့ ပျက် ပျက်
သွားမှု အနိစ္စ, ဒုက္ခ, အနတ္တ သဘာဝတို့ကို ပြတ်သား ပိုင်းခြားစွာ
သိ သိသွားတာ ဖြစ်တယ်။

တိုတိုနဲ့ လိုရင်းကတော့ ဖြစ်ပေါ် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တို့
ဓမ္မသဘာဝကို မမှေ့တဲ့, ရင့်ကျက်အားကောင်းတဲ့ သတိနဲ့ ထင်ထင်
ရှားရှား ဘွားကနဲ ဘွားကနဲ သိ သိသွားတဲ့ အသိဉာဏ်ဟာ ပါဠိ
ဟာရိယ ပညာပဲ။

အဲဒီ ...ပါဠိဟာရိယ ခေါ်တဲ့ ပညာဉာဏ်က ရုပ်နာမ်တို့ရဲ့ သဘာ
ဝတရားဆိုတာ ဟောဒီ ဥဒယနဲ့ ဝယပဲလို့ ယူဆောင်ပြပေးလိုက်သလို
ဘွားကနဲ ဘွားကနဲနေအောင် ဖော် ဖော်ပေးလိုက်တယ်၊ မူကြို
ကျောင်းသင်တန်းပဲ။

အဲဒီ....အခါကျမှ ဝိပဿနာပညာက ရုပ်နာမ် ဓမ္မတို့ရဲ့ အနိစ္စ,
ဒုက္ခ,အနတ္တကို သိ သိသွားတာတဲ့၊ ပါဠိဟာရိယဉာဏ်က သိစရာ အာရုံ

သုမင်္ဂလဝတီ (က) ၁၈၄-၁၈

ဓမ္မသဘောတွေကို ထင်ထင်ရှားရှား ဘွားကနဲ့ ဘွားကနဲနေအောင် ယူဆောင်ကာ ဖော် ဖော်ပြပေးနိုင်ရုံလောက်ပဲရှိတာ ဖြစ်ဘယ်။

သူ့ရဲ့စွမ်းအင်နဲ့ ကိလေသာတွေကို သန့်စင်အောင်တော့ မ‌ဘယ် နိုင်ဘူးတဲ့။

ဒါကြောင့် ကိလေသာကို ပယ်နိုင် ရှင်းနိုင်တဲ့ ဝိပဿနာဉာဏ် လက်တွင်းကို ရောက်အောင် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စ သမုပ္ပါဒ် ရုပ်နာမ်တို့၏ မူလသဘာဝကို ရှေးရှူသယ်ဆောင်ကာ ပို့ပေး တတ်တဲ့ဟာ ပါဠိဟာရိယပညာဉာဏ်လို့သာ မှတ်ပေတော့ ဒကာကြီး တို့၊ ဉာဏ်ရှိသူဆိုရင် သိလောက်ပါပြီနော်....။

**ဒကာ။** ။အော်....သူက ဝိပဿနာဉာဏ်ရဲ့ ရှေးဦးမှုကြိုဉာဏ်ပဲကို၊ ဒီလို သိရတာ ကျေနပ်လှပါတယ် ဆရာတော်။

---

## ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်ဆိုတာ ဘယ်လို ဣန္ဒြေတွေလဲ ?

**ဒကာ။** ။မြတ်စွာဘုရားနဲ့သာ ဆက်ဆံတဲ့ အသာဓာရဏ ဉာဏ် တော်ခြောက်ပါးထဲမှာ ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ် ဆိုတာ ဣန္ဒြေ ၂၂-ပါးလုံးကို ယူရတာလား၊ ဘယ်ဣန္ဒြေတွေကို ယူရ တာပါလဲ ဆရာတော်၊ အနည်းငယ် ရှင်းပြပါဘုရား။

**ဆရာ။** ။မြတ်စွာဘုရားသခင်တို့နဲ့သာ ဆက်ဆံတဲ့ ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်တော်မှာပါတဲ့ ဣန္ဒြေဆိုတာ ဗောဓိပက္ခိယ တရား (၃၇) ပါးထဲမှာပါတဲ့ ဣန္ဒြေ (၅) ပါးကို ဆိုတာဖြစ်တယ်၊ ဣန္ဒြေ (၂၂) ပါးလုံးကို မယူရဘူး။

မြတ်စွာဘုရား ကယ်ချွတ်ဟောပြောတဲ့အခါ ဒီသတ္တဝါမှာ သဒ္ဓါစတဲ့ ဣန္ဒြေ ရင့်မရင့်ကို ကြည့်ပြီးတော့ကာ အဲဒီ သဒ္ဓါ ဣန္ဒြေ ရင့်ကျက်မှ တရားဟောတော်မူတာ ဖြစ်တယ်၊ သဒ္ဓါစတဲ့ ဣန္ဒြေ ၅-ပါး မရင့်ပဲနဲ့ တရားဟောလို့ မင်္ဂဖိုလ်မရဘူး။

ဗောဓိပက္ခိယတရားမှာလာတဲ့ ဣန္ဒြေ ၅-ပါးဆိုတာက သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ၊ အဲဒီ ဣန္ဒြေ ၅-ပါးပဲ၊ ယင်းတို့ဟာ အဂ္ဂသာဝက မဟာသာဝကတို့နဲ့ မဆက်ဆံဘူး၊ မပိုင်ဘူး၊ ဘုရားပိုင်သက်သက် မြတ်စွာဘုရားသခင်တို့ အတွက်သာ ဖြစ်တယ်၊ ကဲ ...ရှင်းရဲ့လား။

**ဒကာ**။ ။ရှင်းပါပြီ ဆရာတော်၊ တပည့်တော်က စက္ခုန္ဒြေ, သောတိန္ဒြေတွေများ ပါသလားလို့ တွေးမိတာနဲ့ မေးတာပါ ဘုရား။

---

## လောကထဲမှာ စိတ်က ခေါင်းဆောင်လား ပညာက ခေါင်းဆောင်လား?

**ဒကာ**။ ။နေရာတကာမှာ စိတ်ကသာ ရှေ့သွားခေါင်းဆောင် ဖြစ်တယ်၊ စိတ်ကောင်းရှိဖို့သာ ပဓာနလို့ တချို့က ဆိုကြပါတယ်၊ တချို့ကလဲ ပညာသာ ပဓာန ပညာကသာ ခေါင်းဆောင်ဖြစ်တယ်၊ ပညာရှိဖို့သာ ပဓာနလို့ ဆိုကြပါတယ်၊ ဘယ်ဟာကို အသိလုပ်ယူရမှာလဲ ဆရာတော်။

**ဆရာ**။ ။လောကထဲမှာ အသိ လုပ်နေကြတာဟာ သုံးပါးပဲ ရှိတယ်၊ (၁) ကာမဂုဏ်တရားကို အသိလုပ်ယူကြခြင်း၊ (၂)ပညတ်တရားကို အသိလုပ်ယူကြခြင်း၊ (၃)ပရမတ်တရားကို အသိ

လုပ်ယူကြခြင်း၊ အဲဒါဟာ လောကသားတို့ အသိလုပ်ယူခြင်း သုံးပါးပဲ။

**ဒကာ။** ။တပည့်တော်မေးတာနဲ့ ဘယ်လိုများ စပ်ဆိုင်ပါသလဲ ဆရာတော်၊ နားမလည်ဘူး ဘုရား၊ တပည့်တော် မေးတာက တခြား၊ ဆရာတော်ဖြေတာက တခြား ဖြစ်နေတယ်။

**ဆရာ။** ။ဒကာကြီးတို့ လိုချင်တဲ့ အဖြေကို ရပါလိမ့်မယ်၊ နားထောင်ပြီး မှတ်သားပါလေ၊ "ပါပသ္မိံ ရမတီ မနော"တဲ့၊ စိတ်သက်သက် လွှတ်ထားလို့ရှိရင် မကောင်းတဲ့အာရုံနဲ့ အသိလုပ် ပေါင်းသွားမှာပဲ၊ သူက မကောင်းထဲ၌ ပျော်တတ် နှစ်သက်တတ်တယ်၊ ဒါကြောင့်မို့....

၁။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို အသိလုပ်ပြီး စုပေါင်းယူရာ၌ စိတ်ကသာ ခေါင်းဆောင်ဖြစ်တယ်၊ စိတ်ကို စိတ်အတိုင်းသာ စည်းကမ်းမရှိ လွှတ်ထားလိုက် လျှင် မတည်ငြိမ်ပဲ ကာမဂုဏ် အာရုံထဲမှာသာ ပျော်ပိုက် နှစ်ခြိုက် မွေ့မြော်နေ၏... တဲ့။

၂။ သမထလုပ်ငန်း ပညတ်ကမ္မဋ္ဌာန်းတရားကို အသိလုပ်ယူ ရာ၌ သမာဓိကသာ ခေါင်းဆောင်ဖြစ်တယ်၊ စိတ်ကို သမာဓိနဲ့ တည်ငြိမ်အောင် ချုပ်ကိုင်၍ မလှုပ်နိုင်အောင် ဖမ်းထားလိုက်လျှင် ပညတ် ကမ္မဋ္ဌာန်းအာရုံတွေထဲမှာ သာ ငြိမ်ဝပ်မြုပ်နှစ်၍ နေ၏.. တဲ့၊ ဒါက စျာန် သဘောအသိ ဖြစ်တယ်။

၃။ ဝိပဿနာလုပ်ငန်းနဲ့ ပရမတ်တရားကို အသိလုပ်ယူရာ၌ ပညာကသာ ခေါင်းဆောင်ရှေ့သွားဖြစ်တယ်၊စည်းစနစ်

ကျကျနဲ့ ပညာဦးစီးပြီး ထိုစိတ်ကို သေသပ်ပိပြားစွာ
ထိန်းသိမ်းတွဲယူ၍ ပရမတ်အာရုံထဲသို့ စေလွှတ်ထားလျှင်
သူသည် ငြိမ်သက်ဖြောင့်တန်းစွာ တည့်တည့်မတ်မတ်နဲ့
ပရမတ္ထသစ္စာတရားထဲသို့ ဝင်ရောက်နိုင်၏....တဲ့။

အဲဒါကြောင့် "ပါပသ္မိံ ရမတိ မနော" များသောအားဖြင့် လောကမှာ စိတ်ချည်းသက်သက် ခေါင်းဆောင်အဖြစ်နဲ့ လွှတ်ထားရင် ကာမဂုဏ် အာရုံတောထဲမှာ ဗွက်ပေါက်မည်သာ မှတ်ပေတော့၊ ကဲ...သဘောပေါက်ရဲ့လား၊ ပညာကိုသာ အမြဲ ခေါင်းဆောင် ထားပါ၊ ဒါပဲ အသိလုပ်ပါ၊ ထိုစိတ်ကို ပညာနဲ့ ထိန်းချုပ်ဆောင်ယူပါ၊ ကိုင်း.... ရှင်းပြီလား။

**ဒကာ။** ။သည်လို အခြေမျိုးတွေ ကြားသိရတာ တန်ဖိုးရှိလှပါတယ် ဆရာတော်၊ ၂-နံပါတ်နဲ့ ၃-နံပါတ်ထဲ ရောက်အောင် လုပ်ဆောင်ရမှာပေါ့၊ စိတ်-စိတ်အတိုင်းထားလို့တော့ မဖြစ်တော့ဘူးပဲ၊ သူက ကာမဂုဏ်နဲ့ချည်း နေလာဘာ ခုမှပဲ ပေါ်လော ပေါ်တော့တယ်၊ ရှင်းပါပြီ ဘုရား။

---

## စစ်တုရင် ကျား ကစားတာဟာ
## ကမ္မဋ္ဌာန်း သမာဓိ အလုပ်လော ?

**ဒကာ။** ။စစ်တုရင်ထိုးခြင်း၊ ကျားဆိုးခြင်း၊ ပိုကာဒေါင်းကစားခြင်းတို့ဟာ ကစားကွက်အာရုံထဲမှာ စိတ်ထားတည်ငြိမ်နေတာသာ ဖြစ်လို့ ကမ္မဋ္ဌာန်း အားထုတ်တဲ့ သမာဓိ အလုပ်သမားယောဂီများနဲ့ အတူတူပဲ မဟုတ်ဘူးလား ဆရာတော်၊ ဒကာကြီးတို့ စိတ်ဓာတ်ဟာ ကစားကွက်အာရုံထဲက ဘယ်မှမထွက်ဘူးငြိမ်နေတာပဲ။

**ဆရာ။** ။အင်း .... ကမ္မဋ္ဌာန်းတရားဆိုတာက ဘာဝနာ ကုသိုလ်အလုပ်ပဲ၊ ဘာဝနာကလဲ သမထမျိုး ဝိပဿနာမျိုးလို့ နှစ်ပါးပြားတယ်၊ ဒကာကြီးတို့ မှတ်သားထားဖို့ကတော့ ...

ကမ္မဋ္ဌာန်း, ဘာဝနာတရား ဟူသမျှတို့သည် အပြစ်ကင်းသော အရှု အသိခံ အာရုံ၏အပေါ်မှာသာ စိတ်ကို တည်ငြိမ်အောင် ထား၍ ရှုမှတ် ပွားများနေရသော လုပ်ငန်းဖြစ်တယ်။

အဲဒီလို အပြစ်ကင်းသောကြောင့်လဲ ယင်းလုပ်ရပ်ကို မြတ်သောအလုပ်စခန်းဟု ခေါ်ဆိုသမုတ်ကြတယ်၊ လုပ်ကြတယ်၊ အဲဒါပဲ။

**ဒကာ။** ။အပြစ်မရှိ အပြစ်မကင်းဆိုတာက ဘယ်ဟာပါလဲ ဆရာတော်၊ ဒကာကြီးတို့ ပိုကာဒေါင်း, စစ်တုရင်, သုံးပုံ့ဖဲကစား, ကျားထိုးတာဟာ အစိုးရဥပဒေ အပြစ်မကင်းတာကို ဆိုလိုတာလား ဘုရား။

**ဆရာ။** ။အစိုးရဥပဒေ နည်းဥပဒေ ပုဒ်မတွေ နားမလည်ဘူး၊ အဘိဓမ္မာနည်းအရ အပြစ်ကျရောက်တဲ့ အာရုံကိုသာ ပြောတာ၊ ဒါက လေ့လာလိုက်စားတဲ့ သူမှသာ သိတာ၊ ပညာရှိများ၏ အလုပ်ဖြစ်တယ်။

**ဒကာ။** ။ဒကာကြီးတို့ နားလည်အောင် မိန့်ကြားပါဆရာတော်၊ အခု ဆရာတော်ရဲ့ ထံပါးမှာ လေ့လာနေတာပဲဟာ။

ဆရာ။ ။အင်း....ကစားကွက်ထဲမှာ တည်ငြိမ်နေတယ်ဆိုတဲ့ ဒကာကြီးတို့ရဲ့ ကေဂ္ဂတာက သူများအပေါ် အောင်နိုင်ချင်တဲ့ အနိုင်ရလိုချင်တဲ့ အဘိဇ္ဈာ, တဏှာ, ဥပါဒါန်၊ သူများကို ရှုံးနိမ့်ပျက်စီးစေချင်တဲ့ ဗျာပါဒ, ဒေါသတို့နဲ့ ယှဉ်စပ်ဖြစ်ပေါ်လာတဲ့ အပြစ်မကင်းသော ကေဂ္ဂတာ တည်ငြိမ်မှုတွေသာဖြစ်လို့ မြတ်သော ကမ္မဋ္ဌာန်းအလုပ် မဟုတ်ဘူးတဲ့၊ နားထောင်ပါအုံး။

အဲဒီ ကေဂ္ဂတာ တည်ငြိမ်မှုမျိုးက ငါးမျှားတဲ့ တံငါတို့ သားလိုက် မုဆိုးတို့မှာလဲ ဖြစ်နေတာပဲ၊ မုဆိုးဟာ သားကောင်အာရုံထဲ စိတ်စောနေလိုက်တာ ကိုယ်ကိုမလှုပ်ဘူး၊ သားကောင် လန့်သွားမှာ စိုးလို့၊ တံငါဟာလဲ အဲဒီလိုပဲ ငါးလန့်ပြေးမှာစိုးလို့ တည်ငြိမ်စွာ နေတယ်၊ အဲတာတွေဟာ အဘိဇ္ဈာ, ဗျာပါဒတို့နဲ့ယှဉ်တဲ့ ကေဂ္ဂတာ တည်ငြိမ်မှုတွေပဲ။

အဲဒီ မုဆိုး တံငါတို့ရဲ့ စိတ်ဇောတွေဟာ အပြစ်မကင်းတဲ့ သားကောင်အာရုံ ငါးအာရုံထဲက ဘယ်ကိုမှ မသွားဘူး၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိနဲ့ယှဉ်ကာ ကေဂ္ဂတာ ကျနေတာပဲ၊ တခုတည်းသော အာရုံထဲမှာ တည်, စွဲ, မြဲ, ငြိမ်နေတာပဲ၊ အဲဒါကိုများ အပြစ်ကင်းတဲ့ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းသမားနဲ့များ နှိုင်းစာပြောတာဟာ အတော်ဆိုးတယ်လို့ ဆိုချင်တယ်၊ ဤ ပဥှာကို စမ်းချောင်း ခေမာလမ်း ကျန်းမာရေးဝန်ထောက် ဦးကြည်တို့အုပ်စု မေးသည်ဟု ထင်သည်။

ဒကာ။ ။မသိနားမလည်ခင်တော့ မှားကြတာပေါ့ ဆရာတော်၊ ဒီလို ရှင်းရှင်းလင်းလင်း သိထားပြန်တော့လဲ မမှား မဆိုးတော့ပါဘူး ကျေးဇူးတင် ဝမ်းသာပါတယ် ဘုရား။

## စိတ်ပုတီးဆိုတာ ဘာစကားလဲ ?

**ဒကာ**။ ။ဆရာတော်က အဘိဓာန်ကျမ်းပြု ဆရာမို့ စိတ်ပုတီး ဆိုတဲ့ အဘိဓာန်ပုဒ် စကားလုံးရဲ့ မူလစကားနဲ့ သူ့ရဲ့ အနက်သဘောကို သိပါရစေဘုရား၊ ရှင်းပြပေးပါ။

**ဆရာ**။ ။အင်း.... ဒီမေးခွန်းကို လွယ်လွယ်နဲ့ ရှင်းလို့မရဘူး၊ အဘိဓမ္မာဝေါဟာရက ဆင်းသက်လာတဲ့ အဘိဓာန်ပုဒ် ဖြစ်တယ်၊ အဖြေကို စိတ်ပါလက်ပါနဲ့ မှတ်သားပါ ဒကာကြီးတို့။

**ဆရာ**။ ။မှန်ပါ့ စိတ်ဝင်စားစွာနဲ့ မှတ်သားပါမည် ဆရာတော်၊ မိန့်ကြားပါ ဘုရား။

**ဆရာ**။ ။စိတ်ပုတီးရဲ့ မူရင်းစာပုဒ်က ''စိတ္တ ပဋိပါတိ'' ဆိုတဲ့ ပါဠိစကားမှ သက်ဆင်း ဖြစ်ပေါ်လာတာလို့ မှတ်ယူရမည်တဲ့။

ယင်းရဲ့ အနက်အဓိပ္ပါယ်က အာရုံတခုကိုစွဲ၍ စိတ်များ ဖြစ်ပေါ်လာပုံ အစဉ်အတန်း၊ (ဝါ) စိတ်ဖြစ်ပေါ်လာပုံ ဝီထိတခု၏ စိတ်အစဉ်ဟု အနက်အဓိပ္ပါယ် ရတယ်။

**ဒကာ**။ ။ဒကာကြီးတို့ နားလည်အောင် အသေးစိတ် ရှင်းပြပါအုံး ဆရာတော်၊ ပါဠိတွေတော့ မရွတ်ပါနဲ့ ဘုရား။

**ဆရာ**။ ။အင်း....စိတ္တ, ဆိုတာက စိတ်၊ ပဋိပါတိ, ဆိုတာက အစဉ်ကျရောက် ဖြစ်ပေါ်လာပုံ၊ အဲဒီ ပါဠိစကားက ပျက်စီးပြီး စိတ်ပဋိ,=စိတ်ပဋီး,=စိတ်ပုတီးရယ်လို့ ဖြစ်လာတာပဲဒကာကြီးတို့။

သူ့ရဲ့ဖြစ်ပုံ မူလသဘောက အဘိဓမ္မာနည်းအရ အာရုံတခုကို သိရှိရေးအတွက် စိတ်အချက်ပေါင်း (၁၇) ချက် အစဉ်အတိုင်း ဖြစ်ပေါ်လာရတယ်၊ အဲဒီတော့မှ ထိုအာရုံရဲ့ သဘာဝကို တိတိကျကျ အပြည့်အဝ ခံစားမှု ရရှိသည့်တဲ့၊ယင်းစိတ်အစဉ်(၁၇)ချက် ဖြစ်ပျက်သွားတဲ့ အစဉ်ကိုပဲ ဝီထိလို့ ခေါ်တယ်။

**ဒကာ။** ။မှန်ပါ့ ဆက်လက်မိန့်ကြားပါ ဆရာတော်၊ စိတ်(၁၇) ချက်ဖြစ်ပုံ ဝီထိ ဆိုတာကို သိပါရစေ ဘုရား။

**ဆရာ။** ။အင်း... ဒါက ပညာရှိများမှ နားလည်သဘောကျမှာမို့ ပညာရှေ့ထားပြီးတော့ စေစားနားထောင်ပါ၊ ဝိပဿနာ ပဋိပတ်ကို သဘာဝကျကျ တတ်သိလိုတဲ့ ရှေးသူတော်ကောင်းတွေဟာ ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တဲ့ အကျိုးနဲ့အကြောင်း ဆက်စပ်ပုံ နားလည်အောင် စိတ်အစဉ် ဖြစ်ပေါ်ပုံကို လေ့လာသင်ကြားကြတယ်။

အဲဒီလို လေ့လာတဲ့အခါ စိတ္တာနုပဿနာခေါ်တဲ့ ဝိဇ္ဇာပညာ ဝိပဿနာကို ပွားများတတ်အောင် ကြိုးစယ်၌ အထုံး (၁၇) ထုံး ဖွဲ့ပြီးတော့ ကာမဂုဏ်အာရုံငါးပါးထဲက အာရုံတခုကို သိလိုက်တဲ့အခါ ကိစ္စပြီး စေတနာကံမြောက်ပုံ စိတ်အစဉ်ကို ဟောဒီလို သင်ကြားကြတယ်။

အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, တဒါရုံ, တဒါရုံ။

အဲဒီ စိတ်အစဉ်ကို ကြိုးထုံးကလေးတွေနဲ့ လေ့လာမှတ်သားကြ တယ်၊ အဲဒါကို ပါဠိလို "စိတ္တ ပဋိပါတိ"လို့ ခေါ်တယ်၊ အဲဒီ ပါဠိက ပျက်ပြီးတော့ စိတ်ပုတီးဖြစ်လာတာပဲ၊ ကဲ ... သဘောကျရဲ့သား၊ သေချာစွာ သိချင်ရင် တတ်ချင်ရင် သင်္ဂြိုဟ်ကျမ်း ဝီထိပိုင်းကို သင်ပါ၊ ဇော (၇) ကြိမ်ဟာ စေတနာကံတွေပဲ၊ သူ့ကို ကမ္မဘလို့ ခေါ်တယ်။

**ဒကာ။** ။မှန်ပါ့ စိတ်ပုတီးဆိုတဲ့ အဘိဓာန်ပုဒ်ကိုတော့ သဘော ကျပါပြီ ဆရာတော်၊ စိတ်အစဉ်ဖြစ်ပုံ ဝီထိတွေကိုတော့ လေ့လာ သင်ကြားရအုံးမှာပါ၊ အဘိဓမ္မာတရားက ခက်တာကိုး။

---

## သေသူအတွက် ဆွမ်းစဉ် သပိတ်သွတ်တဲ့ အလုပ်ဟာ အဟုတ်ရရောက်ရဲ့လား ?

**ဒကာ။** ။ဗုဒ္ဓဘာသာဝင်တို့ သေလွန်သွားသောအခါ ကျန်ရစ်သူ တို့က သေလွန်သွားသူတို့အား ရည်စူး၍ ဆွမ်းစဉ်ခြင်း, သပိတ်သွတ်ခြင်း, ပရိတ်ရွတ်ခြင်းပြုကာ အမျှပေးဝေကြတာဟာ ဘဝတပါးက သူများမှာ အကျိုးခံစားမှု သုခကို ရရှိပါသလား ဆရာတော်။

(ပီအောာထွန်းရင် မေးသည်ဟု ထင်၏)

**ဆရာ။** ။အင်း... သည်လုပ်ငန်းက ဗုဒ္ဓဘာသာဝင်တွင် မကပါဘူး ဗြာဟ္မဏ ဘာသာဝင်တို့လဲ သည်လိုပဲ ဝေဒ ဆရာကြီး တွေကို ကျွေးမွေး ပြုစုလေ့ရှိကြတယ်၊ သို့သော်လဲ သည်ဗြာဟ္မဏ ဝါဒကို ဝေဖန်သူ "သစ္စတ္ထ ပကာသ" ဆရာကြီးက သည်လုပ်ငန်းဟာ

ပုရောဟိတ်ဆရာတို့ စားပေါက်ထွင်ကာ ဝေဒကျမ်းထဲ ဖြည့်စွက်ထား ခြင်းမျှသာဟု သေသူထံသို့ မရောက်နိုင်ကြောင်းဖြင့် ငြင်းပယ်ပစ် တယ်၊ ဆရာအချို့က ရောက်တယ်တဲ့။

ဗုဒ္ဓဘာသာဝင်တို့အတွက် ဗုဒ္ဓ၏ အလိုတော်မြတ်ကိုတော့ ဤသို့ မှတ်သားရမည့် အင်္ဂါရပ်တွေရှိတယ်။

၁။ သေသူအား ရည်မှန်း၍ ကျွေးမွေး ပေးကမ်း လှူ ဒါန်းခြင်း၊

၂။ အလှူခံပုဂ္ဂိုလ်တို့သည် ကောင်းမြတ်သော အကျင့် သီလ, သိက္ခာနှင့် ပြည့်စုံရခြင်း၊

၃။ သေသူအား ဖိတ်ကြားကာ နှုတ်မြွက်၍ အမျှပေးဝေ ရခြင်း၊

၄။ သေသူကား ဘဝတပါးက သာဓုနုမော် ခေါ်နိုင်ခြင်း၊

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံရင် ဘဝတပါးက သူများမှာ ခဏ ခြင်း ချမ်းသာသုခ ရရှိနိုင်သည်ဟူ၏ တဲ့။

အဲဒါကြောင့် ဗုဒ္ဓဘာသာဝင်တို့ဟာ မိဘဆွေမျိုး မိတ်ဆွေ စသည်တို့ သေဆုံးသောအခါ မမြဲသောဂတိ လားရာရှိ၍ မလိုလဲ လိုလဲ ပြုလုပ်မြဲ ဓမ္မတာပဲ ဖြစ်တယ်။

ဗုဒ္ဓ၏ ဆိုလိုရင်း သိမှတ်ဖို့ကတော့ ဒါဟာ မုချလုပ်ရမည့် ကိစ္စ ရပ်ပဲ၊ ဆင်းရဲဒုက္ခ ပြိတ္တာဘဝမျိုးရောက်နေက သာဓုခေါ်နိုင်ရင် ခဏခြင်း ချမ်းသာသုခ ရနိုင်၍ ချမ်းသာတဲ့ ဘဝက သာဓုခေါ်နိုင် ရင်လဲ ပိုမိုပြီး ချမ်းသာသုခတွေ ရရှိမှာကတော့ သေချာတယ်လို့ မှတ်ပေတော့။

အကယ်တိသေသွားသူက ဘဝတပါးက သာဓုမခေါ်နိုင်ခဲ့သော် သာဓုခေါ်နိုင်တဲ့ဘဝ မဟုတ်ခဲ့သော် ပြုလုပ်သူတို့အတွက် အကျိုး မယုတ် မဆုံးရှုံးပါဘူးတဲ့၊ ဤကုသိုလ်က ပြုသူတို့အား မုချကောင်း ကျိုးချမ်းသာကို ပေးမှာပါပဲတဲ့။

ဒါကြောင့် အဲဒီ ဆွမ်းစဉ် သပိတ်သွတ်အလုပ်ဟာ မပယ်သင့် သော လိုက်နာရမည့် သူတော်ကောင်းတို့၏ ရှေးဟောင်းအလုပ်လို့ မှတ်ယူရမည်။

မှတ်ချက်။ ။ဝိနည်းသိက္ခာသီလကို ဖျက်ဆီးလျက် ဆေးကု ဗေဒင် ဟော ခတ်ရိုက် မိစ္ဆာဇီဝအလုပ်တွေ လုပ်နေကြတဲ့ ဒုဿီလ ရဟန်းဆရာမျိုး မဟုတ်တဲ့ အကျင့်သီလ သိက္ခာနဲ့ ပြည့်စုံတဲ့ သံဃာတော်များကို ရွေးချယ် ပေးလှူတတ်ဖို့က အရေးကြီးတယ် မှတ်နော်။

အဲဒီ ဆွမ်းစဉ် သပိတ်သွတ် လုပ်ငန်းအကြောင်းကို မိလိန္ဒမင်း ကြီးက ရှင်နာဂသေနကို မေးလျှောက်တဲ့အခါ ဥပမာတွေပြပြီး သာဓု အနုမောဒနာ ပြုနိုင်က သေသူတို့ထံမှာက်သို့ ရောက်ရှိကာ ချမ်းသာသုခ ခံစားနိုင်ကြောင်းများနှင့် ဖြေကြားထားတာတွေလဲ အများကြီးပဲ ရှိတယ်။ ကဲ .. ယုံကြည်ပြီလား။

ဒကာ။ ။ယုံကြည်ပါပြီ ဆရာတော်၊ အကျင့်သီလရှိသော အလှူခံ စတဲ့ အင်္ဂါလေးပါးက အရေးကြီးတာပေါ့နော်၊ အင်္ဂါ လေးပါကို သတိထား လိုက်နာရမှာပဲ၊ ပြုလုပ်တတ်ပါပြီ ဘုရား။

## နတ်ဖမ်းစားခြင်း နတ်က မ,စ ခြင်းများ ရှိပါသလော?

ဒကာ။ ။နတ်များက လူသားတို့အား ပစ္စည်း ဥစ္စာ ပျက်စီးအောင် ဖျားနာ သေကျေအောင် ဖမ်းစားခြင်းနှင့် လူသားတို့အား ချမ်းသာအောင် ဘေးကင်းအောင် မ, စ ထောက်ပံ့ပေးခြင်း ပြုနိုင်ပါသလား ဆရာတော်။

ဆရာ။ ။အင်း....ဒီကိစ္စမျိုးက လူသားတို့၏ ကောင်း, ဆိုး, ကံ အပေါ်မှာ တည်နေတာဖြစ်သည်၊ ကေန္တသဘောမျိုးနဲ့ ပြောလို့ မရဘူး။

ဒကာ။ ။ဒကာကြီးတို့ ရှင်းရှင်းသိရအောင် နည်းနည်းလောက် လင်းပြပေးပါအုံး ဆရာတော်၊ လူသားတို့ ကံ အပေါ်မှာ ဘယ်လိုတည်နေတာလဲ ဘုရား။

ဆရာ။ ။ကုသိုလ်ကံဟုန် အရှိန်အားကောင်း၍ ဘုန်းတန်ခိုးတိုးတက်ကာ ကျန်းမာလျက် စီးပွားဥစ္စာ တိုးတက်ချမ်းသာနေသော သူတယောက်အား နတ်များက ဖျားနာ, သေကျေအောင် စီးပွား ဥစ္စာ ပျက်စီးသွားအောင် ဝင်ရောက် နှောင့်ယှက် ဖမ်းစားမှု မပြုနိုင်ဘူးတဲ့။

ထိုကုသိုလ်ကံရှင်အား ကျန်းမာသည်ထက် ပိုမိုကျန်းမာအောင် ချမ်းသာသည်ထက် တိုးတက် ချမ်းသာအောင်သာ မ, စ ကြည့်ရှု ထောက်ပံ့မှုများ ပြုပေးနိုင်တယ်၊ ပျက်စီးနိမ့်ကျအောင် မကိုင်နိုင် မဖမ်းစားနိုင်ဘူး၊ သည်ကိစ္စအားလုံးဟာ ထိုသူ့ရဲ့ ကုသိုလ်ကံအရှိန် အဟုန်ပေါ်မှာသာ တည်နေတယ်၊ ကိုယ့်ကံသာလျှင် လိုရင်းပဓာန ဖြစ်တယ်။

ဒါကြောင့် ပစ္စည်းဥစ္စာ ပေါများ တိုးပွား ချမ်းသာချင်ရင် ရတနာသုံးပါးနဲ့ စပ်တဲ့ ကုသိုလ်ကံတရားများကိုသာ ကြိုးစားပွားများ ရှာမှီးစုဆောင်းရမည်၊ ကုသိုလ်ကံ အကျိုးပေးခွင့် ရသူကိုမှ နတ်များက ကြည့်ရှုကူညီ မှိုင်းမနိုင်သည်လို့ မှတ်ထားရမည် ဒကာကြီးတို့ရ။

အဲဒီလိုပဲ ကုသိုလ်ကံနည်း၍ အကုသိုလ်ကံထဲဝင်လာတဲ့သူများကိုလဲ နတ်အပေါင်းတို့က ဝင်ရောက်နှောင့်ယှက် ဖမ်းစားနိုင်တယ်၊ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးပျက်စီးအောင် မီးလောင်အောင် ရေမြုပ်အောင် ပြုလုပ်နိုင်တယ်၊ဖျားအောင်နာအောင် သေအောင်လဲပြုလုပ်နိုင်တယ်။

မကောင်းကျိုး ပေးခွင့်ရနေသော အကုသိုလ်ကံနဲ့ ပေါင်းကာ အကုသိုလ်ကံ မကုန်ခင်သာ နတ်များက ဝင်ရောက်နှောင့်ယှက် ဖျက်ဆီးနိုင်တာ၊ နတ်တို့သဘောက ကုသိုလ်ကံတန်ခိုး အကျိုးပေးနေတဲ့ ကာလမှာ တိုးတက်သည်ထက် တိုးတက်အောင် တွန်းတင်ပေးလေ့ရှိသလို ကုသိုလ်ကံကုန်ခန်းပြီး အကုသိုလ်ကံအလှည့် ရောက်လာတဲ့ အခါမှာလဲ အဆင်းကို တွန်းချပေးလေ့ရှိကြတယ်။

ကုသိုလ်ကံကို ပုညလို့ ခေါ်တယ်၊ ပုညကိုပင် ပုဦးကံလို့ခေါ်တယ်၊ (ပုဦးတန်ခိုးမှ ဘုန်းတန်ခိုး)ဖြစ်လာတာ၊ ဒါကြောင့် ကိုယ်ရဲ့ ကုသိုလ်ဘုန်းကံကြောင့် နတ်များက လာရောက် မ,စ,တာဖြစ်တယ်။

အဲ ဒါကြောင့် နတ်များ ကူညီညာဝိုင်း မှိုင်းမကြတာလဲ ကိုယ်ရဲ့ ကုသိုလ်ကံ တန်ခိုးကြောင့်သာလို့ မှတ်ပြီး ကုသိုလ်ကိုပဲ ထပ်တလဲလဲ မပြတ်မစဲရအောင် ကြိုးစားရမည်၊ နတ်ကိုင်ခြင်း, နတ်ဖမ်းစားခြင်းကြောင့် ဆင်းရဲဒုက္ခရောက်ရင်လဲ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့်သာ ကိုင်နိုင်,ဖမ်းစားနိုင်တာပဲလို့ ကုသိုလ်ကံကိုပဲ များများရအောင်

ကြိုးစားအားထုတ်ရမည်၊ နှတ်တို့ကို မေတ္တာပွားများရမည်၊ အမျှ ပေးဝေရမည်၊ မိမိဘုန်းကံကြီးမားသူဖြစ်အောင် ကုသိုလ်ပုညကိုသာ များများလုပ်ရမယ် ဒကာကြီးတို့ရ။

ဒကာ။ ။မှန်ပါ့၊ အပြည့်အစုံသာ ဆက်လက် မိန့်ကြားတော်မူပါ ဆရာတော်၊ သည်ပြဿနာက အရေးကြီးလို့ပါ ဘုရား။

ဆရာ။ ။အင်း.... ဒုက္ခဆင်းရဲ ရသည်ဖြစ်စေ၊ ချမ်းသာသုခ ရသည်ဖြစ်စေ၊နတ်ကြောင့်သာဖြစ်ရသည်ဟု နတ်ကိုယုံ၍ ပုံအပ်ကာ ကိုးကွယ်ကြလျှင် သရဏဂုံပျက်သည်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်၊ သည်လိုနတ်မျိုးကို မဆိုထားနဲ့ (လောကမှာ အတုမရှိတဲ့) တန်ခိုး တော်ရှင် မြတ်စွာဘုရားသခင်သော်မှ ပါရမီကုသိုလ်ကံ ရှိသူကိုသာ ကယ်တင် ချွေချွတ်နိုင်သည်လို့ မှတ်ရမည်၊ ကဲ... ရှင်းရဲ့လား လင်း ရဲ့လား၊ ဒကာကြီးတို့ ကိုးကွယ်ဆည်းကပ်ရမှာက သရဏဂုံသုံးပါးသာ ရှိတာ၊ အဲဒါကို သတိကြပ်ကြပ်ထားပါ။

ဒကာ။ ။ရှင်းလင်းပါပြီ ဆရာတော်၊ ကိုယ့်လုပ်ခဲ့ ကုသိုလ်ကံ ကိုသာ ကိုယ်ယုံကြည် အားထားရမည်ဆိုတာကို မမှိတ် မသုံ ယုံကြည်ပါပြီ ဘုရား၊ နတ်ဝိဇ္ဇာတို့က သရဏဂုံထဲ ပါတာမှ မဟုတ်တာ။

---

## သက္ကာယဒိဋ္ဌိသည် အမြဲတည်ရှိနေသော ပင်ကိုယ်တရားလော ?

ဒကာ။ ။သက္ကာယဒိဋ္ဌိကို ဗုဒ္ဓဘုရားက ပယ်ရှားနုတ်သတ်ပစ်ရန် အရေးတကြီး ရင်ဝလှံစူး ဦးခေါင်းမီးလောင် ပမာ ဆောင်ပြီး ဟောကြားတော်မူခဲ့ရာ သက္ကာယဒိဋ္ဌိတရားဟာ သတ္တဝါ

တိုင်းမှာ မူလဘူတ ပင်ကိုယ်သဘာဝအားဖြင့် ထင်ရှားတည်ရှိနေသော တရားလို့ မှတ်ယူရမှာလား ဆရာတော်၊ ဗုဒ္ဓအလိုတော်ကျ သိပါရစေ ဘုရား။

ဆရာ။ ။သက္ကာယဆိုတာ ဘာလဲ? ဘာကိုခေါ်တာလဲ? ဒကာကြီးတို့ သိရဲ့လား။

ဒိဋ္ဌိဆိုတာကကော ဘာလဲ? ဘာကိုဆိုတာလဲ? ဒကာကြီးတို့ ကွဲပြားရဲ့လား၊ အဲဒါလေး အဖြေပေးပါအုံး။

ဒကာ။ ။ဒကာကြီးတို့ မသိရှိ မကွဲပြားလို့ လျှောက်ကြားတာပါ ဆရာတော်၊ ကွဲပြားအောင် မိန့်ကြားပါ ဘုရား။

ဆရာ။ ။သက္ကာယ,ဆိုတာ ပင်ကိုယ်သဘာဝ ထင်ရှားရှိနေသော ခန္ဓာတရားစုကို ခေါ်တာ၊ သို့မဟုတ် ရုပ်နာမ်တရားစုတို့ ဖြစ်တယ်။

ဒိဋ္ဌိ, ဆိုတာက သည်ရုပ်နာမ်ထဲမှာ မှားသော အမြင်, အယူ, အစွဲကို ခေါ်တယ်။

ဒကာ။ ။သည်ရုပ် နာမ်ထဲမှာ မှားသော အမြင်, အယူ, အစွဲမျိုး ဒိဋ္ဌိဆိုတာက ဘာလဲ ဆရာတော်၊ အနည်းငယ် ရှင်းပြပေးပါ ဘုရား။

ဆရာ။ ။သဘာဝါတိုင်းမှာ ပင်ကိုယ်သဘာဝ ထင်ရှားရှိလာ,ရလာကြတဲ့ ခန္ဓာ, ရုပ်နာမ်, (ကိုယ်အတ္တဘောကြီး)ကို မိစ္ဆာဒိဋ္ဌိအနေဖြင့် ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ, ငါ့ရုပ်, ငါ့နာမ် အနေနဲ့ ရှုမြင်စွဲယူနေတာကို ဒိဋ္ဌိလို့ ခေါ်ဆိုရတယ်၊ ကွဲရဲ့လား။

**ဒကာ**။ ။သက္ကာယနဲ့ ဒိဋ္ဌိ ကွဲပြားစွာ သိရှိရပါပြီ ဆရာတော်၊ ဆက်လက် မိန့်ကြားပါအုံး ဘုရား။

**ဆရာ**။ ။အဲဒါကြောင့် ''သက္ကာယဒိဋ္ဌိ''တရားကို ဗုဒ္ဓဘုရားရှင်က သတ္တဝါတိုင်းမှာ မူလ ဘူဘ ပင်ကိုသဘာဝအားဖြင့် ထင်ရှားတည်ရှိနေသော တရားဟု မယူဆ မဟောကြားဘူး။

ရုပ်နာမ် ခန္ဓာအပေါ်၌ မှားသောအမြင် အယူအစွဲတွေ ဖြစ်ပေါ်လာကာ၊ ငါ, ငါ့ဥစ္စာ, ငါ့ဟာ, ငါ့ရုပ်, ငါ့နာမ်ဟု စွဲယူသော အခါမျိုးမှသာ သက္ကာယဒိဋ္ဌိဖြစ်ပေါ်လာတယ်လို့ မှတ်ယူရမည် ဒကာကြီးတို့၊ အဲဒီ အယူအစွဲ အမှားတရားကို ဖြုတ်နုတ်ပယ်ရှားဖို့ မြတ်ဘုရားက အရေးတကြီး ဟောကြားတော်မူတာ၊ ဆိုလိုရင်းက ထင်ရှားပင်ကို ရှိနေတဲ့ ရုပ်နာမ် သက္ကာယထဲမှာ ငါစွဲ အတ္တဒိဋ္ဌိမထည့်နဲ့၊ အတ္တဒိဋ္ဌိဟာ သက္ကာယဒိဋ္ဌိပဲ၊ အဲဒါ တန်းလန်းနဲ့သေရင် အပါယ်ငရဲ လားမှာပဲ။

ဒါကြောင့် သက္ကာယဒိဋ္ဌိသည် အမြဲတည်နေသော ပင်ကိုတရားမျိုး မဟုတ်၊ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အစု သက္ကာယအပေါ်မှာ ဒိဋ္ဌိနဲ့ စွဲယူမှ ပေါ်လာသော တရားမျိုးဟု မှတ်ပါ၊ ငါ့ရုပ်, ငါ့နာမ်ဟု စွဲယူထားခြင်းပဲ။

**ဒကာ**။ ။ရှင်းလင်း ကျေနပ် ကွဲပြားပါပြီ ဆရာတော်။

---

## နတ်ကို ပူဇော် ကိုးကွယ်ပသသော် မိစ္ဆာဒိဋ္ဌိ ဖြစ်သလော ?

**ဒကာ**။ ။ယခုခေတ် လူအများတို့ မင်းကြီး မင်းကလေး မြင်းဖြူရှင် ဗိုဿနိုး သူရဿတီ...စတဲ့ နတ်အမျိုးမျိုးတို့ကို ကိုးကွယ် ပူဇော်နေကြတာဟာ မိစ္ဆာဒိဋ္ဌိဖြစ်ပါသလား ဆရာတော်။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄–၁၀၉

**ဆရာ။** ။မိမိတို့ ပြုလုပ်နေကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ မပါပဲ နတ်တို့က စောင့်ရှောက်ထောက်ပံ့ မ,စ ပေးလို့ ကောင်းကျိုး ဆိုးကျိုး ရကြတယ်ဟု ကံ,ကံ၏အကျိုးကို မယုံပဲ နတ်သက်သက်ကို တဖက်သတ် ယုံကြည်အားကိုးကာ နတ်တို့နေရန် နတ်ကွန်းကို မွမ်းမံပြင်ဆင်ခြင်း၊ အမွေးနံ့သာတို့ဖြင့် ပက်ဖျန်းခြင်း၊ ငှက်ပျောအုန်းပွဲတို့ဖြင့် ကောင်းမွန်စွာ တင်သ,ပူဇော် ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ပြုသူတို့ကား မိစ္ဆာဒိဋ္ဌိဖြစ်၏ တဲ့၊ ဆင်ခြေတက်စရာမလိုဘူး။

## နတ်ကိုးကွယ် ပ,သ, ပူဇော်လို့ မိစ္ဆာဒိဋ္ဌိ မဖြစ်တဲ့နည်း ရှိသလော?

**ဒကာ။** ။သူရဿတီမယ်တော် မင်းကြီး မင်းကလေး ဘိုးတော် သိကြားစတဲ့ နတ်များကို မိစ္ဆာဒိဋ္ဌိ မဖြစ်အောင် ကိုးကွယ်တဲ့နည်းများကော ရှိပါသလား ဆရာတော်။

**ဆရာ။** ။အင်း ... ရှိတယ် ဒကာကြီးတို့၊ အဲဒီ, သူ ကိုးကွယ်တဲ့နည်းက ရတနာ မြတ်သုံးပါးကိုတော့ ခုဘဝမှာချောနောင်ဘဝအဆက်ဆက်ပါ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောချမ်းသာကို ပေးလိမ့်မည်ဟု ယုံကြည်ခြင်း၊ ဘဝသံသရာ၏ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကိုပါ ပေးလိမ့်မည်ဟု ယုံကြည်ခြင်း၊ အဲဒီ အကျိုးတရားနှစ်ပါးကို ယုံကြည်စွာနဲ့ ကိုးကွယ်ဆည်းကပ်မှုပြုတယ်။

နတ်ကိုတော့ ခုဘဝ မျက်မှောက်ကျိုးအတွက် မျက်မှောက်လက်ရှိဘဝကောင်းစားရေး တခုတည်းကိုသာ ယုံကြည်ကာ အိမ်စောင့်တံခါးစောင့် ဒရဝမ်မျိုးလို ကိုယ့်အကျိုး လိုလားစောင့်ရှောက်ပေးတတ်တဲ့ မိတ်ဆွေကောင်း တယောက်အနေနဲ့ ကျွေးမွေးတင်မြောက်

ပါမှ မိစ္ဆာဒိဋ္ဌိ မဖြစ်ပါဘူးတဲ့၊ သို့သော် ဗုဒ္ဓဘာသာအစစ်တော့ မဖြစ်နိုင်ဘူးတဲ့၊ က,ပြား ဗုဒ္ဓဘာသာပဲလို့ မှတ်ယူရမည် တဲ့။

လိုရင်းအချုပ် မှတ်ဖို့ကတော့ နတ်, သိကြားနဲ့ ဗြဟ္မာများကိုရော ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ကိုပါ အမြတ်တနိုး ရတနာသုံးပါးနဲ့ တန်းတူထား ကိုးကွယ်ရင် မိစ္ဆာဒိဋ္ဌိ ဖြစ်၏ တဲ့။

အမြတ်တနိုးမဟုတ်ပဲ လောက တဘဝတာအတွက် မိရိုးဖလာ သက်သက် သဘောမျှသာ ပွဲထိုး ကိုးကွယ်ပါမှ သရဏဂုံ မပျက်တပျက် ကလေးဟု မှတ်ပေတော့။

**ဒကာ**။ ။တပည့်တော်တို့ လက်ရှိ သရဏဂုံကို ဖျက်ဆီးပစ်တာမှ မဟုတ်ပဲ၊ ခုဘဝ ကောင်းစားရေးအတွက် ကိုးကွယ်ပူဇော်တာပဲဟာ ဘာ့ကြောင့် ဗုဒ္ဓဘာသာမစစ်တဲ့ က,ပြား ဗုဒ္ဓဘာသာ ဖြစ်ရမှာလဲ ဆရာတော်၊ နည်းနည်း ရှင်းပြပါအုံး ဘုရား။

## နတ်, ဗြဟ္မာ, ဘိုးဘိုးအောင်တို့အတွက် မီးကုန် ယမ်းကုန် အဖြေ ?

**ဆရာ**။ ။ဘုရား, တရား, သံဃာ ရတနာသုံးပါး ကိုးကွယ် ဆည်းကပ်ထားက ခုဘဝအတွက် လူ့ချမ်းသာ စည်းစိမ်ဥစ္စာပေါ်များစေလျက် သေသောအခါ နောက်ဘဝမှာလဲ လူ, နတ်, ဗြဟ္မာ ချမ်းသာသုခကို ပေးနိုင်တဲ့အပြင် နောက်နောင်ဘဝအတွက် တွေ့ရော ဘဝ၏လွတ်မြောက်ရာ ချမ်းသာအစစ်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုပါ သုံးပါးသော ချမ်းသာကို ကေန်မုချ ရယူခံစားနိုင်တဲ့ အာမခံပဋိညာဉ် ဝန်ခံချက်ပေးထားတဲ့ ဗုဒ္ဓဘာသာ သရဏဂုံသုံးပါး တရားတော်ထက် လွန်ကဲပြီးတော့ မသေချာတဲ့ နတ်, ဗြဟ္မာ, သူရဿတီ

စတဲ့ အထက်ဆရာကြီးတွေကို ကိုးကွယ်ပူဇော်တဲ့အတွက် သရဏဂုံ မပျက်သေးလဲ ဗုဒ္ဓဘုရားအစစ်ကို တထစ်ချ ယတ်ပြတ် ယုံကြည်တဲ့ သရဏဂုံအစစ် မဟုတ်လို့ပဲ ဒကာကြီးတို့၊ နောက်ဆက်ပြီး မေးခွင့်မရှိ တော့ဘူး၊ ဒါဟာ မီးကုန် ယမ်းကုန် အဖြေအကုန်ပဲ၊ အမြဲမှတ်ထားဖို့ ကတော့။

**မှတ်ချက်။** ။အိမ်မှာ နတ်, ဝိဇ္ဇာ, ဆင့်မြင်း ရုပ်ပုံနဲ့ ကိုးကွယ် ပူဇော်ထားရင် သီလဗ္ဗတုပါဒါန်၊သီလဗ္ဗတပရာမာသ ဒိဋ္ဌိလို့သာ မှတ်ပေတော့၊ သမ္မာဒိဋ္ဌိ စစ်စစ်တော့ မဖြစ်နိုင်ဘူးပဲ။

**ဒကာ။** ။ဝမ်းသာလိုက်တာ ဆရာတော်၊ ကိန်းသေ ရတနာအစစ် ကို ရထားတဲ့ဟာ မသေချာ မရေရာတဲ့ ရတနာတုကို မကိုင်ယူ မယိုးစွဲတော့ပါဘူး၊ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ အစစ်ပဲ ဖြစ်ပါ တော့မယ် ဆရာတော်၊ ကိုယ်လုပ်တဲ့ ကုသိုလ်ဘုန်းကံကြောင့် နတ်ဝိဇ္ဇာ တို့က လာရောက် မ,စ စောင့်ရှောက်ပေးရတာသာ ဖြစ်သောကြောင့် ရတနာသုံးပါး ကိုးစား ပူဇော်တဲ့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ်ပဲ ပြုလုပ်ပါတော့မယ်။

## ရဟန္တာဆိုတာ ဘာလဲ ? ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ မှတ်ထားရမှာလဲ ?

**ဒကာ။** ။ယခုအခါ ရဟန္တာတွေက ဟိုကပေါ် သည်ကပေါ်နဲ့ ပြီးတော့လဲ ရဟန္တာပါလို့ အသိအမှတ်ပြု ကြော်ငြာ ပြီးတော့မှ လူထွက်သွားတဲ့ ရဟန္တာတွေကလဲ ရှိနေပြန်ပါတယ်။

နောက်ပြီး ရဟန္တာ အမည်ခံ ပုဂ္ဂိုလ်ကြီး တပါးပါးကို ပင့်ဆောင်ကာ မြို့ရွာအနှံ့ အလှူခံပြီး အဲဒီ ရဟန္တာကြီး ခန္ဓာဝန်ချသွားပြီးတဲ့ နောက်ပိုင်းကျရင် ယင်းပိုင် ကျန်ရစ်သော ပစ္စည်းတွေကို တပည့်ဒကာတွေက အဝေမတဲ့လို့ တရားစွဲကြ၊ ကဲ့ကြ ပြဲကြနဲ့ ရှုပ်ပွေနေတာတွေ သတင်းစာမှာ တွေ့ရ ဖတ်ရပါတယ်။

ဒါကြောင့် ရဟန္တာဆိုတာ ဘာလဲ? ဘယ်လို ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု မှတ်သား ကိုးကွယ်ရမှာလဲ ဆရာတော်၊ ရှင်းပြပါအုံးဘုရား။

**ဆရာ။** ။ဒကာကြီးတို့ မှတ်သားဖို့ တရားမမှန်ကွန် လာတဲ့အတိုင်း မည်သူ့ကိုမျှမကိုင်းမစောင်းပဲ ကောင်းမွန်ဖြောင့်စင်းစွာ တင်းတင်းနဲ့ပဲ ဖြေကြားမယ်နော်။

ရဟန္တာဆိုတာ စိတ်ဓာတ်ကို ညစ်ညူးစေတတ်တဲ့ ကိလေသာ အာရုံ ကာမဂုဏ် ရမ္မက်အားလုံးကို ပယ်ပြီး ဖျက်ပြီး ရှင်းပြီး ကင်းပြီးသော သူမြတ်တမျိုးပဲ၊ ရဟန္တာဆိုတာ အဲဒါပဲလို့ မှတ်ရမယ်။

လောကမှာ ဂရန်ပိုင်ဥက္ကဋ္ဌတို့, မဟာနာယကတို့, အဂ္ဂမဟာပဏ္ဍိတတို့, အဘိဓဇမဟာရဋ္ဌဂုရု သာသနာပိုင်တို့ စတဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေဦးရင်း၊ ဘဝဦးရင်း သာယာခင်မင် လိုချင်တပ်မက် စွဲလမ်းဆာလောင်မှု သမုဒယတဏှာတွေ လုံးဝကင်းငြိမ်း အေးမြနေသော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု မှတ်သားကိုးကွယ်နိုင်တယ်။

တနည်း လောကီနယ် အရှုပ်အထွေးမှ ကင်းဝေးစွာနေလေ့ရှိသော ပုဂ္ဂိုလ်၊ တနည်း စိုးရိမ်သောက ကိလေသာမှု လုံးဝမရှိသောပုဂ္ဂိုလ်၊ တနည်း လောကုတ္တရာနယ်တွင် အထူးခြား အမြင့်မြတ်ဆုံး အထွတ်

အထိပ်သို့ ရောက်သောပုဂ္ဂိုလ်၊ တနည်း ကုသိုလ် အကုသိုလ် ကောင်းမှု မကောင်းမှုကံတို့မှ လုံးဝပယ်စွန့် လွတ်မြောက် ကင်းငြိမ်းပြီးသော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု မှတ်သားကိုးကွယ်ရမည်။

တနည်း ထိုထိုမြို့ရွာတို့က ပစ္စည်းလေးပါး ရွှေ ငွေရတနာ လာဘ် လာဘတွေ အလှူပေါ်များစွာ ရရှိမည် ကြွရောက် ပူဇော်ခံတော်မူပါ ဟူ၍ရင်း၊ ရှေးက အတူနေ ချစ်ခဲ့ဘူးသော သားမယားဟောင်းက သူ၏သားသမီးများကိုပြကာ မြှူဆွယ်ခေါ်ဆောင်၍သော်ရင်း ထိုထို လာဘ်လာဘ သားမယားစတဲ့ ဆွဲဆောင်ပင့်ခေါ်ရာ သူတို့နောက်သို့ လိုချင် လောဘဖြင့် ကောက်ကောက်ပါ မလိုက်တော့ပဲ မိမိနေမြဲ ကျောင်းနှင့် တောတောင်ထဲ၌သာ မွေ့လျော်ပျော်ပိုက် ကျင့်သုံးကာ နေတော်မူကြသော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟုမှတ်သားကိုးကွယ်ရမည်၊ အကျယ်သိချင်ရင် သဂ် ါမဇိ သုတ်ကို ဖတ်ပါ၊ တကယ်တော့ သိရခက် တယ် ဒကာကြီးတို့ရေ၊ ကဲ....ကျေနပ်ရဲ့လား၊ ဒါလောက်ဆို ရိပ်မိ ရောပေါ့။

**ဒကာ**။ ။မှန်ပါ့၊ သိရ မှတ်ရ ခက်ခက်နဲ့ပဲ နှစ်သက်ကျေနပ်ရမှာပါ ဆရာတော်၊ သိပုံ သိနည်းကလေးများကော စာပေမှာ မရှိဘူးလား ဘုရား၊ မိန့်ကြားပါအုံး။

**ဆရာ**။ ။အင်း ''သံဝါသေန ဇာနိတဗ္ဗံ'' တဲ့၊ ရဟန္တာဆိုသူနဲ့ အတူတူပေါင်းသင်းနေပြီး သူ့ရဲ့ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံ သွားပုံ လာပုံ ပြောပုံ ဆိုပုံ အိပ်ပုံကာ စပြီးတော့ ပိဋကတော် လာ စာပေနဲ့ ညီ၊ မညီ အကဲခတ် စစ်ဆေးကြည့်ပါ၊ ရဟန္တာအစစ်သည် ဝိနည်းတော် သိက္ခာပုဒ်ကို အမြဲစောင့်ထိန်းတယ်၊ လုံ၊ မလုံ စောင့်

ကြည့်ပေါ့၊ ဒါပဲ၊ သိလျက်နဲ့ ဝိနည်းမလွန်ကျူးရင် ရဟန္တာအစစ်လို့ မှတ်ပုံတင်လိုက်ပေတော့။

**ဒကာ**။ ။မှန်ပါ့၊ ရဟန္တာအစစ် မှတ်ပုံတင်ကို သိရလို့ ဝမ်းသာပါတယ် ဆရာတော်။

---

## ရဟန္တာ ဖြစ်နေမှပဲဟာ ဘာ့ကြောင့် ငါဟာ ရဟန္တာလို့ မပြောကောင်းတာလဲ ?

**ဒကာ**။ ။အရိယာအစစ် အဟုတ်ဖြစ်နေတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတို့ဟာ အရိယာအစစ် အဟုတ်ဖြစ်နေမှပဲဟာ ဘာ့ကြောင့် အရိယာလို့ မပြောကောင်း မပြောရတာလဲ ဆရာတော်။

အရိယာက ငါဟာ အရိယာအစစ် ဖြစ်တယ်လို့ ပြောကြားရင် ဘာအပြစ်များ သက်ရောက်ပါသလဲ ? အမှန်ပြောလို့ အပြစ်ရောက်တာများ ရှိပါသေးသလား ရှင်းပြပါအုံး ဆရာတော်။

**ဆရာ**။ ။အင်း .. အဲဒီ အရိယာတရား မဂ်ဖိုလ်များက လောကထက် ထွတ်မြတ်တဲ့ လောကုတ္တရာ ရတနာတရားတွေ ဖြစ်တယ်၊ ဒါကြောင့် ကိုယ်ပိုင် ရရှိထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မဂ်ဖိုလ်ရတနာ အမြတ်တရားများကို သူတပါးအား ပြောကြား ကြေငြာနေစရာ မလို၊ သူတော်ကောင်းပီပီ ကိုယ့်ဘာသာကိုယ် ပီရိသိပ်သည်း အေးမြစွာ ဖိုလ်ချမ်းသာကို ဝင်စံခံစားနေခြင်းမျှသာဟု ဝိနည်းကျမ်းဂန်က မိန့်ကြားထားတာ ဖြစ်တယ်၊ အမှန်ပြောလို့ အပြစ်ရောက်ပုံ

များကို စာပေကျမ်းဂန် ဝိနည်းတရားတော်က နောက်ဆက်ပြီး အမိန့်ချလိုက်ပုံမှာ....

အရိယာဟုတ်မှန်လျှင် ဟုတ်တယ်လို့ မပြောကြားရ၊ ဟုတ်မှန်တယ်လို့ ပြောကြားလျှင် ပါစိတ် အာပတ် သင့်စေတဲ့”။

“အရိယာမဟုတ်ပဲ ပါပိစ္ဆစိတ်ဓာတ်နဲ့ လာဘ်သပ်ပကာ ဒကာ ဒကာမ ပေါများ ကျော်ကြားလာစေရန်အတွက် ဟုတ်တယ်လို့ ပြောကြားကြွေကြော်သော ရဟန်းကား ပါရာဇိက ကျ၏၊ ရဟန်းမဟုတ်တော့ပြီ တဲ့။

ဒါထက် ပိုသိချင်ရင် စာပေကျမ်းတတ် ပုဂ္ဂိုလ်မြတ်တို့ထံ ချဉ်းကပ်မေးပေတော့၊ ဒါထက်ပိုပြီး ဖြေကြားကွက်လဲ မရှိတော့ပါဘူး။

ဒကာ။ ။ကျေနပ်လှပါပြီ ဆရာတော်၊ ခုခေတ် ရဟန္တာတွေက ကြွေကြော်လွန်းလို့ မေးရတာပါ၊ တချို့ကများ စွယ်စုံ ရဟန္တာကြီးတပါး ပေါ်လာပြန်ပြီဟု ပုံတော်ကြီးနဲ့ ထည့်ပြီး ကြွေကြော်ပေးကြသေးတယ်၊ ဗဟုသုတနည်းတော့ ယုံမိတာပဲ ဘုရား။

---

## ဘာဝနာကုသိုလ်ကို ဝစီကံနှုတ်ဖြင့် ရွတ်ဆိုပွားများမှု ပြုလို့ ရနိုင်သလား ?

ဒကာ။ ။ဘာဝနာတရား ပွားများအားထုတ်သူဟာ မနောကံစိတ်ဖြင့်သာ ပွားများနေရမှာလား၊ ဝစီကံ-နှုတ်ဖြင့်ကော ရွတ်ဆိုပွားများလို့ မရနိုင်ဘူးလား ဆရာတော်။

**ဆရာ။** ။စိတ်ဖြင့် နှလုံးသွင်း ပွားများမှသာ ဘာဝနာကံမြောက်တာ မဟုတ်ဖူး၊ နှုတ်ဖြင့် ရွတ်ဆိုမှုဟာလဲ ဘာဝနာ ဖြစ်တာပါပဲ။

နှုတ်ကတတွတ်တွတ် ရွတ်ဆိုနေမှုက စိတ်ဖြင့် ကြံမှုကို ကျေးဇူးပြုတယ်၊ စိတ်ဖြင့် ကြံမှုက အမှန်တရား ထိုးထွင်းသိမှုကို ကျေးဇူးပြုတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, အမှန်လက္ခဏာကို ထိုးထွင်းသိမှုက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်အောင် ပေါင်းကူးပေးတယ် ဒကာကြီးတို့ရ။

**ဒကာ။** ။ဒီလို ဝစီကံ ရွတ်အံ ပွားများပြီး အရိယာကြီးတွေ ဖြစ်သွားတာများ ဘုရားသာသနာတော်မှာရှိပါသလား ဆရာတော်၊ ရှိရင် သိပါရစေ ဘုရား။

**ဆရာ။** ။အင်း... လံကာဒီပ မလယဝါသီ မဟာဒေဝ မထေရ်ကြီး ထံမှာ ကမ္မဋ္ဌာန်းလာတောင်းတဲ့ မထေရ်နှစ်ပါးတို့အား ကေသာ, လောမာ စတဲ့ ဒွတ္တိံသ ကမ္မဋ္ဌာန်းတရားကို လေးလမျှ ရွတ်ဆိုပွားများကာ နေကြရမည်ဟု မဟာဒေဝထေရ်ကြီးက စေခိုင်းတော်မူလိုက်တယ်။

မထေရ်ကြီး စေခိုင်းတဲ့အတိုင်း လေးလပတ်လုံး ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ရွတ်အံပွားများတဲ့ မထေရ်နှစ်ပါးဟာ အသုဘမှတဆင့် ဥဒယ ဝယ ဉာဏ်ကူးကာ သောတာပန် ဖြစ်သွားကြောင်းနှင့် သာသနာတော်မှာ ထင်ရှားစွာ လာရှိတယ်၊ သို့သော် နှုတ်နဲ့ရွတ်တဲ့ ဝစီကံက ဝိပဿနာဉာဏ် မရောက်ဖူး၊ သမထမျှသာ ဖြစ်တယ်နော်၊ ဒါလဲ သတိရှိအုံး။

**ဒကာ**။ ။ဒီလို ဗဟုသုတမျိုး ရရှိတာ ဝမ်းသာလှပါတယ် ဆရာတော်၊ အင်း....ဒါကြောင့် ငှက်တွင်းက သူတို့တတွေ ရွတ်ဆိုနေကြတာကိုး။ သာဓု—သာဓု။

## နိစ္စပတ်ဝတ်လား ? နိစ္စဘတ် ဝတ်လား ?

**ဒကာ**။ ။အချို့ အချို့ ပုဂ္ဂိုလ်တွေက နိစ္စဘတ်ရှိရမည်၊ နိစ္စဘတ်ဝတ်ပြုရမည်ဟု ဟောပြောနေကြတာ နိစ္စဘတ်ဝတ် ဆိုတာ ဘာစကားလဲ၊ အဓိပ္ပါယ်လေး သိပါရစေ၊ ဆရာတော်က မြန်မာအဘိဓာန်ကျမ်းပြုမို့ မေးရတာပါဘုရား။

**ဆရာ**။ ။အင်း.... ကြံကြံဖန်ဖန် ဒီဟာမေးတာ ဒီတယောက်ပဲ ရှိသေးတယ်၊ ဒါပေမင့် မေးတာက နိစ္စပတ်လား၊ နိစ္စဘတ်လား ဒကာကြီးတို့ရ၊ နိစ္စဘတ်လဲ ရှိတယ် ''နိစ္စပတ်'' လို့လဲ ခေါ်ဆိုကြတယ်။

**ဒကာ**။ ။မှန်ပါ့၊ ဒကာကြီးတို့ ကြားဘူးတာကတော့ ဓမ္မကထိကတွေ ဟောကြတာဖြင့် နိစ္စဘတ်ဝတ်, နိစ္စဘတ်ဝတ်ဆိုတာပဲ ကြားဘူးလို့ပါ ဆရာတော်။

**ဆရာ**။ ။ကဲ... နားထောင်၊ အနုဿတိကမ္မဋ္ဌာန်း စာဂါနုဿတိ အပိုဒ်မှာ ဝိသုဒ္ဓိမဂ်ဆရာတော် ဖွင့်ပြထားပုံ ပါဠိလာရှိတာက....

စာဂါနုဿတိံ ဘာဝေတုကာမေန ပန ပကတိယာ စာဂါဓိမုတ္တေန နိစ္စပဝတ္တဒါန် သံဝိဘာဂေန ဘဝိတဗ္ဗံ။

ယင်း ဆိုလိုချက်က စွန့်လွှတ်ပေးကမ်းမှု(ဒါန)စာဂကို ပွားများ ပြုလုပ်လိုသောသူသည် ပေးလှူလိုသောစိတ်ဖြင့် လှူဖွယ် ဝတ္ထုကို အမြဲမပြတ် ဝေဖန်ပိုင်းဖြတ် ပေးလှူအပ်၏ တဲ့။

အဲဒီပါဠိထဲမှာ ''နိစ္စပဝတ္တဒါန'' ဆိုတာ ပါတယ်၊ အဲဒီ ''နိစ္စ ပဝတ္တ ဒါန'' ကို နိစ္စပတ်ဒါန လို့ ခေါ်ဆိုကြတာ ဖြစ်တယ်၊ ''နိစ္စပတ်ဝတ်''လို့လဲ ခေါ်တယ်။

**ဒကာ**။ ။အန္နီ နိစ္စဘတ်ဆိုတာကကော ဆရာတော်၊အဓိပ္ပါယ်လေး ပြောကြားပေးပါအုံး ဘုရား၊ သိပါရစေ။

**ဆရာ**။ ။နိစ္စဘတ် ဆိုတာက ''နိစ္စ ဘတ္တ'' ပါဠိက ဖြစ်လာတာ၊ နိစ္စ=အမြဲ ပေးလှူလေ့ရှိသော၊ ဘတ္တ=ဆွမ်း၊ နိစ္စဘတ္တ ဝတ္တ=အမြဲပေးလှူနေသော ဆွမ်းဝတ်၊ဘိုးဘွားလက်ထက်ကကိုယ့်လက် ထက်ကျအောင် မပျက်မကွက်စေပဲ အမြဲချက်ပြုတ် ပြုလုပ်ပေးလှူလာ သော ဆွမ်းဝတ်ကို ခေါ်တာ ကွဲပြားရဲ့လား။

**ဒကာ**။ ။မှန်ပါ့၊ ကွဲပြားစွာသိရလို့ ကျေးဇူးတင် ဝမ်းသာလှပါ တယ် ဆရာတော်။

---

## သမာဓိဆိုတာ ဘာလဲ
## ဘယ်နှစ်မျိုး ရှိသလဲ ?

**ဒကာ**။ ။သမာဓိအလုပ် သမာဓိထူထောင်တယ်ဆိုတာ ဘယ်ဟာ ကို သမာဓိအလုပ် ခေါ်တာပါလဲ၊ သမာဓိအဓိပ္ပါယ်က ဘာကိုဆိုတာပါလဲ၊ သမာဓိမျိုးက ဘယ်လောက်များရှိပါသလဲ ဆရာ တော်၊ တိုတိုတုတ်တုတ်နဲ့ ဒကာကြီးတို့ လုပ်တတ်အောင် ရှင်းပြ ပေးပါ ဘုရား။

**ဆရာ။** ။သမာဓိက ရိုးရိုးတော့ နှစ်မျိုးပဲရှိတယ် ဒကာကြီးတို့ရ။

၁။ မိစ္ဆာသမာဓိ=သူ့သဘောက မကောင်းသော အကုသိုလ် လောဘ, တဏှာ, လိုချင်ဇောရမ္မက်ထဲ၌ စွဲမြဲတည်ငြိမ်နေခြင်းကို ဆိုတယ်။

ပုံပမာ။ ။မုဆိုးတို့ သားကောင် ပစ်သတ်ဖမ်းယူရန် ချောင်း နေသောအခါ သားကောင် လန့်မသွားရန် ကိုယ်စိတ် ငြိမ်သက်စွာ တည်နေလျက် သားကောင်ထဲမှာပဲ တခုတည်းသော စိတ်ထားစေ နေခြင်မျိုး၊ ထို့အတူ ငါးမျှားနေသော တံငါတို့၊ ကျားကစားနေသူ၊ စစ်တုရင်ကစားနေသူ၊ ပိုကာဒေါင်းနေသူတို့ စိတ်မျိုးဟာ သူ့ကို နိုင်ဖို့ စိတ်တခုတည်း ဖြစ်ရှိတည်ငြိမ်နေတာမျိုး ဖြစ်တယ်။

၂။ သမ္မာသမာဓိ=ရဲ့ အနက်အဓိပ္ပါယ်က အပြစ်မရှိသော အာရုံ ကုသိုလ်အလုပ်ထဲ၌ စိတ်ကိုထားခြင်း၊ ယင်းထဲ၌ စိတ်တည်ကြည်ခြင်း ဖြစ်တယ်၊ (ဘာဝနာထဲ၌ သတိမမေ့ခြင်းပဲ။)

သမ္မာသမာဓိ အလုပ်ဆိုတာက ပထဝီကသိုဏ်း, အသုဘ စတဲ့ သုံးဆယ့်ရှစ်ပါး အပြားလေးဆယ်ရှိတဲ့ အလုပ်လုပ်စရာ ကမ္မဋ္ဌာန်း တရားစုကို ဆိုတယ်။

စိတ်တည်ကြည်မှုဖြစ်တဲ့ သမ္မာသမာဓိရဲ့ အမျိုးအပြားကတော့ သုံးပါးလို့ပဲ လွယ်လွယ်တိုတိုနဲ့ မှတ်ပေါ့။

၁။ ဥပစာရ သမာဓိ=ထွက်လေ ဝင်လေ အာနာပါနသတိ၊ သို့မဟုတ် ပထဝီကသိုဏ်း စတဲ့ အာရုံကို ရှုမှတ် ပွားများ သောအခါ စူးနစ်ခေါ်တဲ့ အပ္ပနာ သမာဓိရဲ့ အနီးအနား

ရောက်အောင် တည်ကြည်နေတဲ့ သမာဓိကို ဥပစာရသမာဓိလို့ ခေါ်တယ်။

၂။ ဈာနသမာဓိ=(အပ္ပနာသမာဓိ) ဈာန်အပိုင်းသို့ရောက်ကာ ဈာန်ရသွား၍ တည်ကြည်နေတဲ့ သမာဓိမျိုးကို ဈာန သမာဓိလို့ ခေါ်တယ်။

၃။ ခဏိကသမာဓိ=ခဏိက သမာဓိက အရာကျယ်တယ်၊ အနုဿတိဆယ်ပါးထဲက ဗုဒ္ဓါနုဿတိ ခေါ်တဲ့ အရဟံဂုဏ်တော်စသည်ကို အာရုံပြု ပွားများတဲ့အခိုက် အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ် တခုချင်းအပေါ်မှာ တည်ဘည်သွားတဲ့ စိတ်တခဏ တည်တံ့မှုသဘောမျှကလေးကို ခဏိကသမာဓိလို့ ခေါ်တယ်။

ဝိပဿနာ ဘာဝနာပွားရှုတဲ့အခါမှာ ပိုမိုထင်ရှားတယ်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို တခါသိလိုက်တဲ့ အသိဉာဏ်စိတ်ကလေးဟာ တခဏပဲ၊ ခဏိကသမာဓိပဲ၊ ကဲ... ရှင်းပြီလား၊ တခါသိ တခါပျက်နဲ့ သွားနေတဲ့ စိတ်မှတ်ချက်ကလေးတွေကို ခဏိကသမာဓိလို့ ခေါ်တယ်။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ အဲဒီ သမာဓိမျိုး သုံးပါးထဲမှာ ဘယ်သမာဓိဟာ တန်ဖိုးအရှိဆုံးပါလဲ ဆရာတော်။

ဆရာ။ ။ခဏိကသမာဓိ ဝိပဿနာလုပ်ငန်းဟာ တန်ဖိုးအရှိဆုံးပဲ၊

ဝိပဿနာသမာဓိ အလုပ်သဘောက ဘုရားသာသနာတော်အတွင်းမှာသာ ပေါ်ရှိတာ ဖြစ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရရှိခံစားရလို့ အို, နာ, သေဘေးတို့မှ ကင်းဝေးလွတ်မြောက်နိုင်တယ်၊ အတိုင်းမသိ တန်ဖိုးရှိတယ်။

ကျန်တဲ့ ဥပစာရသမာဓိ ဈာနသမာဓိတို့က သာသနာပကာလ မှာလဲ ရှိနေကြတာပဲ၊ ဖြဟ္မာ့ပြည်လောက်သာ ပို့စေနိုင်လို့ သင်းချိုင်း ကုန်းက မလွတ်သေးဘူး၊ အို, နာ, သေမှုတွေ ရှိနေသေးတယ်၊ ကဲ.... သဘောကျရဲ့လား၊ ခုခေတ် ဇင်သမားတွေရဲ့ သမာဓိမျိုးပေါ့။

ဒကာ။ ။ရှင်းလင်းစွာနဲ့ သဘောကျပါတယ် ဆရာတော်၊ အို, နာ,သေမှုတွေသာ ပေးနေတဲ့ ဇင်သမာဓိမျိုးကိုတော့ မလိုချင် မလုပ်ချင်တော့ပါဘူး ဘုရား။

---

## ပဋိသန္ဓေနေတယ်၊ စုတိတယ် ဆိုတာ ဗုဒ္ဓနည်းက ဘယ်လိုဟာကို ခေါ်ဆိုတာပါလဲ?

ဒကာ။ ။ကိုယ်ဝန်တည်တယ် ပဋိသန္ဓေနေတယ် ဆိုတာရယ်၊ စုတိ ပြတ်ကြွေ သေဘယ် ဆိုတာရယ်၊ အဲဒီ နှစ်ချက်ကို ဒကာကြီးတို့ အကွက်လည်အောင် ရှင်းပြပေးပါအုံး ဆရာတော်။

ဆရာ။ ။အင်း.... ဒီအမေးကို အကွက်လည်အောင် ရှင်းပြဖို့က အဘိဓမ္မာနည်းရော သုတ္တန်နည်းပါ စုံမှဖြစ်မှာ။

ဒကာ။ ။မှန်ပါ့ တိုတိုနဲ့အကွက်လည်ပြီး နားလည်အောင် အမိန့် ရှိပါ ဆရာတော်၊ ဒကာကြီးတို့ရဲ့ နားနဲ့တန်တဲ့ စကား အသုံးကိုသာ ပေါ်လွင်အောင် ပြောကြားပါဘုရား၊ အဘိဓမ္မာနည်း နက်နဲခက်ခဲတဲ့ စကားတွေနဲ့တော့ မလုပ်ပါနဲ့၊ နားလဲ လည်မှာ မဟုတ်ပါဘူး ဆရာတော်။

**ဆရာ။** ။ကိုင်း.... ဒါဖြင့် နားထောင်ပေတော့၊ မြတ်စွာဘုရား ဟောကြားတဲ့ အဘိဓမ္မာတရားက ခဏမစဲ အမြဲ ပြောင်းလဲ ပျက်စီးနေသော ရုပ်ဓမ္မနဲ့ နာမ်ဓမ္မမှတပါး မြဲသော နိစ္စ, အသက်ဇီဝ, ငါ, ငါ့ဟာ ဆိုတဲ့ အတ္တတို့ကို လုံးဝလက်မခံဘူး ဒကာကြီးတို့ရဲ့၊ ပြီးတော့ အဲဒီ စုတိနဲ့ ပဋိသန္ဓေဟာလဲ အတ္တဝါတွေ နားလည်သဘောကျအောင် ပြောပြရဖို့က အင်မတန့်ကို ခက်ခဲပါ တယ်လို့ အဋ္ဌကထာဆရာကြီးများ ညည်းညူတော်မူကြတဲ့ အရာ ဖြစ်တယ်။

**ဒကာ။** ။မှန်ပါ့၊ ခက်ခဲလို့ မပြောပဲနေရင် သာပြီးတော့ မသိကြလို့ လွဲမှားသော အယူဝါဒတွေ ဖြစ်ကုန်မှာ စိုးရိမ် မကောင်းလို့ ဖြေရှင်းပေးပါ ဆရာတော်။

**ဆရာ။** ။အင်း....ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာအလိုတော်က ရုပ်နာမ် ဓမ္မ၏ ဖြစ်ပျက်မှု အဟုန်အလျဉ်မှတပါး တခြားသော နိစ္စ, ဇီဝ, အတ္တ, အတ္တနိယ ဆိုတာတွေကို ဘာတခုမှ လက်မခံနိုင်ဘူး လို့ ပြောခဲ့ပြီနော်၊ ဒါကြောင့် ဝဇ္ဇဂေါတ္တသုတ္တန်နည်းနဲ့ အဘိဓမ္မာ နည်း စပ်ပြီးတော့ ဖြေလိုက်မည်။

စုတိ, သေတယ် ဆိုတာဟာ စိတ္တ, မန, ခေါ်တဲ့ ဝိညာဉ် ၏ မှီရာ ရုပ်အစုအလျဉ်မှ တခုသော စိတ္တ, မန, ဝိညာဉ် အလျဉ်၏ ရွေ့လျော ပျက်စီးသွားခြင်းကို သေတယ်, စုတိ ကျတယ်လို့ မှတ်ရမည်။

ရုပ်ကိုမှီပြီးတော့ ဖြစ်ပေါ်သိရှိလာတဲ့ စိတ်ဝိညာဉ်ကလေး တခု သိပြီးဘော့ ပျက်သွားတာကို စုတိကျတယ်,သေတယ်လို့ ခေါ်တယ်။

ပဋ္ဌိသန္ဓေနေတယ်.... ဆိုတာက စိတ္တ, မန, ခေါ်တဲ့ တခုသော ဝိညာဉ်အလျဉ်က အခြားတခုသော ရုပ်အစုအလျဉ်ထဲ အာရုံယူကာ ဝင်စွဲဖြစ်ပေါ်သွားတဲ့ ခဏတခုကို ဇာတိ ပဋ္ဌိသန္ဓေနေတယ်....လို့ မှတ်ယူရမည်။

အဲဒီ အဖြေနည်းအောက် တိုပြီးတော့ ကျဉ်းပြီးတော့ ဖြေလို့မရတော့ဘူး၊ အဲဒါ ဒကာကြီးတို့အကြိုက် တိုတိုနဲ့ အကွက်လည်အောင် ဖြေတဲ့နည်းပဲ၊ နားလည်အောင် ကြံစည်ပါ၊ ကြံစည်ရင်း သဘောပေါက်နားလည်လာလိမ့်မည်၊မလျှော့နဲ့ စိတ်ဟောင်းပျက်နဲ့ စိတ်သစ်ဖြစ် အဲဒီ နှစ်ခု အစပ်ကို ပဋ္ဌိသန္ဓေ နေတယ်လို့ မှတ်ပေါ့။

ဒကာ။ ။အဟုန်အလျဉ်ဆိုတာက ဘာကိုပြောတာပါလဲ ဆရာတော်၊ အနည်းငယ် ရှင်းပြပါ ဘုရား။

ဆရာ။ ။အဟုန်အလျဉ်ဆိုတာ ရုပ်ဓမ္မရော နာမ်ဓမ္မပါ အဟောင်းအဟောင်းတွေ သေပျက်ပြီး၊ အသစ် အသစ်တွေ မရပ်မနားပဲ အမြဲမပြတ် တရစပ် လျှောက်ဖြစ် (ပဋ္ဌိသန္ဓေ) နေတဲ့ အမြန်ဆုံးသော နှုန်းကို ခေါ်တာ၊ တော်ပြီ၊ ရပ်တော့။

ဒကာ။ ။ဒီလိုဆိုရင် ရုပ်နာမ်တွေဟာ အမြဲပဲ(စုတိနဲ့ပဋ္ဌိသန္ဓေ)သေ, ဖြစ်,နေတာပဲ၊ အားရကျေနပ်လှပါတယ် ဆရာတော်။

---

## ဗုဒ္ဓမြတ်စွာသည် ဘဝသံသရာရှိကြောင်းကို လက်ခံ အားပေးပါသလား?

ဒကာ။ ။ဗုဒ္ဓဘုရားသည် လူနတ်ပြဟ္မာ စည်းစိမ်ချမ်းသာခေါ်တဲ့ ဘဝသံသရာရှိကြောင်းကို လက်ခံ အားပေးပါသလား ဆရာတော်။

ဆရာ။ ။မြတ်ဗုဒ္ဓသည် မိမိကိုယ်တိုင် ဘဝအမျိုးမျိုး၌ ဖြစ်ရှိလာဘူးခဲ့ရကြောင်းများနှင့် ထိုထို ဇာတကပါဠိတော်တို့၌ ဟောကြားတော်မူခဲ့သောကြောင့် ခန္ဓာ, အာယတန, ဓာတ်ခေါ်တဲ့ ဘဝသံသရာရှိကြောင်းကို လက်ခံတော်မူသည်ဟု ပြောနိုင်တယ်။

သို့သော် ယင်းကို လက်ခံသော်လည်း ဘဝသံသရာကို မသာယာ မခင်မင် မလိုချင် မတပ်မက် မဆာလောင် မစွဲလမ်းရန်ကိုကား အပြစ်အမျိုးမျိုးပြ၍ ပယ်ရှားရန် ဟောကြားတော်မူသည်၊ ဘဝရှာမှီးရေးကို အားပေးတော်မမူဘူး၊ ဘဝကို ဒုက္ခသစ္စာနှင့် ပြ၍ လွန်မင်းစွာ စက်ဆုပ်ရွံရှာတော်မူသည်။ အင်္ဂုတ္တရ ကေဓမ္မသုတ်တော်၌....

ရဟန်းတို့ အနည်းငယ်မျှသော မစင်,ကျင်ကြီးသည် စက်ဆုပ်ဖွယ်ရာ မကောင်းသော အနံ့ကိုသာ နံစေဘိသလို ငါဘုရားသည် အနည်းငယ် မျှသော ဘဝအဖြစ်ကိုမျှ အားပေး ချီးမွမ်းတော်မမူပေဟု ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ၍ ဟောကြားတော် မူခဲ့တယ်။

---

## ဇောတိက အနာထပိဏ် ဘဝမျိုးကို ရယူနိုင်ရန် ဗုဒ္ဓဟောကြား အားပေး လက်ခံတယ် မဟုတ်လား?

ဒကာ။ ။ဒီလိုဆိုရင် လောကမှာ ဇောတိက ဇဋိလ ကာကဝဏ္ဏ ဝိသာခါ အနာထပိဏ် စတဲ့ သဌေးကြီးတွေ လူမင်း, နတ်မင်း, ဗြဟ္မာမင်း ဘဝ စည်းစိမ် ချမ်းသာတွေကို ဗုဒ္ဓဘုရား ဘာ့ကြောင့် ချီးမွမ်းဟောကြားတော်မူပါသလဲ ဆရာတော်။

ဆရာ။ ။အင်း.... အဲဒီဘဝမျိုးတွေကို အားပေးရယူ ခံစားနိုင်ဖို့ ဟောတာမဟုတ်ဘူး၊ ယင်းဘဝတို့ရဲ့ အို, နာ, သေ, ကွဲ

သုမ္ဘဝတီ (က) ၁၇၄-၂၀

ဆင်းရဲဒုက္ခကို ပြချင်လို့ဟောတာ၊ အဝိဇ္ဇာ, တဏှာ ဦးစီးပြီးလုပ်တဲ့ ကုသိုလ်ကံကြောင့် ရလာတဲ့ ဘဝမှန်သမျှ မုချပျက်ရမည့် အနိစ္စလက္ခဏာနဲ့ ခိုင်မြဲအောင် စိုးပိုင်ချုပ်ထိန်းလို့ မရတဲ့ အနတ္တလက္ခဏာကို ပြချင်လို့ ဟောကြားတော်မူတာသာ ဖြစ်တယ်။

ဘာဆိုတဲ့ ဖြစ်သဘောဟာ ဝယဆိုတဲ့ ပျက်သဘောကိုသာ ဒလ ဟော ပို့ဆောင်နေတာမို့ ဘယ်သူဟာ ဘယ်ကုသိုလ်ကြောင့် ဘယ်ဘဝ၌ ဘယ်လို ကြီးကျယ်မြင့်မားတဲ့ စည်းစိမ် ချမ်းသာကြီးတွေကို ခံစား စံစား နေရပေမင့် မခိုင်မမြဲ ပျက်စီးခြင်းထဲသို့သာ ရောက်ရကြောင်းကို အမှန်သိစေဖို့အတွက်သာ ဟောတော်မူတာ။

ဘဝဖြစ်ခန်းတွေ ဟူသမျှ ဒုက္ခချည်းသာဖြစ်လို့ မြတ်ဗုဒ္ဓ ရှုမုန်း စက်ဆုပ်တော်မူတယ်၊ ချီးမွမ်းအားပေးမှု ဘယ်သောခါမျှ ပြုတော် မမူဘူး ဒကာကြီးတို့။

ဘဝကို အကောင်းထင် သာယာလိုချင်မှု အဝိဇ္ဇာ, တဏှာ မပါတဲ့ ဘဝပြတ်လုပ်ငန်းကိုသာ ဗုဒ္ဓလိုလား နှစ်သက်လက်ခံ အားပေးတော် မူတယ်လို့ မှတ်ပါ၊ ဒါပဲ။

ဒကာ။ ။အားရကျေနပ်လှပါတယ် ဆရာတော်၊ ဘဝကိုလဲ မချ ယူ မရှာမှီးချင်တော့ပါဘူး ဘုရား။

---

## လောကုတ္တရာ သင်္ခါရဆိုတာ ဘယ်ဟာမျိုးပါလဲ ?

ဒကာ။ ။ဗုဒ္ဓဘာသာတရားတော်က သင်္ခါရနယ် အသင်္ခါရနယ်ဟု ဆင်းရဲနှင့် ချမ်းသာ နယ်နှစ်မျိုး သတ်မှတ်ထားရာ

လောကီတရားစုမှန်သမျှ သင်္ခါရ ဒုက္ခသစ္စာ၊ လောကုတ္တရာတရားကား ချမ်းသာအစစ် နိရောဓသစ္စာဟု သတ်မှတ်ထား ကြားဘူးပါတယ်။

သို့ဖြစ်ရာ အချို့ဆရာတို့၏ လောကုတ္တရာ သင်္ခါရဟု ပြောပြောသံကို ကြားရပြန်သောကြောင့် လောကုတ္တရာ သင်္ခါရရယ်လို့ ရှိပါသလား ဆရာတော်၊ ဘယ်ပါဠိ အဋ္ဌကထာမှာ ပါ ပါသလဲ ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်တယ် ဒကာကြီးတို့ရဲ့၊ သည်အမေးမျိုးမှာတော့ ပါဠိစာပေမှာ သင်္ခါရနဲ့ မလာဘူး၊ သင်္ခတနဲ့ လာတယ်၊ သဘောချင်းကတော့ အတူတူပါပဲ၊ ပြောင်းလဲ ဖြစ်ပျက်မှုကို သင်္ခါရ, သို့မဟုတ် သင်္ခတလို့ ခေါ်ကြတယ်။

အခု ဒကာကြီးတို့ကို ပြန်မေးအုံးမည်၊ လောကုတ္တရာတရားက ဘယ်လောက်ရှိသလဲ, ဘယ်ဟာတွေလဲ။

**ဒကာ။** ။လောကုတ္တရာတရားက ကိုးပါးရှိပါတယ် ဆရာတော်၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်တို့ ဖြစ်ပါတယ်။

**ဆရာ။** ။အဲဒီ ကိုးပါးထဲမှာ မဂ်လေးပါနဲ့ ဖိုလ်လေးပါးတို့ဟာ သင်္ခတ (သင်္ခါရ) နယ်မြေထဲမှာပဲ ရှိသေးတယ်၊ သူတို့မှာ ဖြစ်ပျက်မှုရှိနေကြတယ်၊ မဂ်စိတ်တကြိမ် ဖြစ်ပျက်ပြီးနောက် ဖိုလ်စိတ်ပေါင်းများစွာတို့ဟာ ဖြစ်ပျက်နေကြတယ်၊ မကြာမကြာလဲ ဖိုလ်ကို ဝင်စား ဝင်စားနေကြတာကိုး၊ အဲဒါကြောင့် သူတို့ကို လောကုတ္တရာ သင်္ခတတရားလို့ ခေါ်တယ်။

တရားဂုဏ်တော်ခြောက်ပါးထဲက သြပနေယျိကဂုဏ်တော်အဖွင့်မှာ= (သင်္ခတေ လောကုတ္တရဓမ္မေ ယုဇ္ဇတိ) လို့ ဖွင့်ထားတယ်၊ ဒါကြောင့်မို့ မဂ်ဖိုလ်တရားကို လောကုတ္တရာ သင်္ခတဓမ္မလို့ မှတ်ယူ

ပေတော့၊ ကဲ.... ကျေနုပ်ရှဲလား၊ အကျယ်ကိုတော့ ဩပနေယျိက ဂုဏ်တော်အဖွင့်မှာ ကြည့်ပေါ့။

## မဂ်စိတ် ဖိုလ်စိတ်ဟာ ဒုက္ခသစ္စာလော?

**ဒကာ**။ ။မှန်ပါ့ ကျေနုပ် ရှင်းလင်းပါပြီ ဆရာတော်၊ မဂ်စိတ် ဖိုလ်စိတ်တို့က ဖြစ်ပျက်မှု ရှိနေသေးတာကိုး ဘုရား့၊ ဒုက္ခ သစ္စာပေါ့ နော်....ဘုရား၊ လောကုတ္တရာ ဒုက္ခမျိုးလား ဆရာတော်၊ ရှင်းပြပါအုံး။

**ဆရာ**။ ။အင်း... ဖြစ်ပျက်မှု ရှိတယ်ဆိုတာ ဟုတ်တယ်၊ ဒါပေမင့် သူတို့ကို ဒုက္ခသစ္စာ ဆင်းရဲထဲ မထည့်ရဘူးနော်၊ ဒီ မဂ် စိတ်နဲ့ ဖိုလ်စိတ်တို့ဟာ သစ္စာမထိုက်ဘူး၊ သစ္စဝိမုတ် တရားတွေ ဖြစ်တယ်၊ သစ္စာထဲ သွားမထည့်နဲ့ မှားကုန်လိမ့်မယ်။

**ဒကာ**။ ။ဒီလိုဆိုရင် သူတို့ဟာ နိရောဓသစ္စာမှ မဟုတ်ပဲဟာ၊ ဖြစ်ပျက် ဒုက္ခသစ္စာထဲ မပါဘူးလား ဆရာတော်၊ ဘာ့ကြောင့်ပါလဲ၊ နည်းနည်းလောက် တိုတိုပေါ့ဘုရား မိန့်ကြား ပါအုံး။

**ဆရာ**။ ။အင်း....ဖြစ်ပျက်မှုရှိနေပေတဲ့ အဲဒီ ဖြစ်ပျက်စိတ်တွေက အစဉ် အေးငြိမ်းချမ်းသာတဲ့ နိဗ္ဗာန်တခုတည်းကိုသာ သိနေလို့ ဒုက္ခသစ္စာလို့လဲ မဆိုရဘူး၊ ဖြစ်ပျက်ခြင်းမှ ချုပ်ငြိမ်းမှု မရှိ သေးလို့ နိရောဓသစ္စာ မဟုတ်တဲ့ သဘ်ာတချမ်းသာ အစစ်တမျိုးလို့ပဲ မှတ်ပေတော့၊ နောက် ဆက်မမေးနဲ့ တော်ပြီ၊ ခန္ဓာဆက်လာရင် ရှည်နေအုံးမယ်။

ဒကာ။ ။ရှိသေစွာ ရှိခိုးပါတယ် ဆရာတော်၊ ပြန်ခွင့်ပြုပါတော့ဘုရား။

ဆရာ။ ။သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။

---

## ကုသိုလ်လုပ်လို့ ကုသိုလ်ရတာ ဟုတ်ရဲ့လား ?

ဒကာ။ ။အချို့လူတွေက ကုသိုလ်လုပ်ရင် ကုသိုလ်ရတာပေါ့၊ ကုသိုလ်လုပ်ရင် ကုသိုလ်ရမှာပေါ့ဟု ပြောနေကြတာ မှန်ပါသလား ဘုရား။

ကုသိုလ်လုပ်ရင် ကုသိုလ်ရဲ့ အကျိုးဖလ လုပ်ခ ဝိပါက်ကိုသာ ရမှာမဟုတ်ပါလား ဆရာတော်၊ဒါကြောင့် ရှင်းပြပါအုံးဆရာတော်။

ဆရာ။ ။အင်း....ကုသိုလ်လုပ်ရင် ကုသိုလ်ရတယ်ဆိုတာလဲ မှန်တယ်၊ ကုသိုလ်လုပ်ရင် ကုသိုလ်ရဲ့ အကျိုးဖလ လုပ်ခ ဝိပါက် ရတယ်ဆိုတာလဲ မှန်တာပဲ၊ ရှာရှာဖွေဖွေ တော်တော်မေးတဲ့ သူတွေပဲကို။

ဒကာ။ ။ကုသိုလ်လုပ်လို့ ရတဲ့ကုသိုလ်ကို ရှင်းပြပါအုံး ဆရာတော်၊ ပါဠိတော် အထောက် သာဓကများနဲ့ မှတ်သားရအောင်ပါ ဘုရား၊ ပြဿနာကပေးလို့ မေးရတာပါ။

ဆရာ။ ။အင်း....ဝိပဿနာကုသိုလ် ပြုလုပ်ပွားများရင် မဂ်ကုသိုလ်ကို ရနိုင်တယ်၊ ပါဠိအထောက်အထားကတော့ ပဋ္ဌာန်းကျမ်းကြီးထဲမှာ များစွာပဲ ပါရှိပါတယ်။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော...

လို့ ပဌာန်းပါဠိတော် ပဥ္စာဝါရမှာ ဟောတော်မူတယ်၊ အဲဒါဟာ ကုသိုလ်လုပ်လို့ ကုသိုလ်ရတယ်လို့မှတ်၊ ဝိပဿနာ ပွားများအားထုတ်တာက ကာမာဝစရ ဉာဏသမ္ပယုတ် လောကီကုသိုလ်၊ ယင်းကြောင့် ရတာက လောကုတ္တရာ မဂ်ကုသိုလ်တွေ ဖြစ်တယ်၊ အဲဒါဟာ ကုသိုလ်လုပ်လို့ ကုသိုလ်ရတာပေါ့၊ တိုတိုပဲ ထပ် မမေးနဲ့။

ကုသိုလ်လုပ်လို့ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ဝိညာဉ် နာမ်ရုပ်စတဲ့ ဝိပါက်အကျိုးဖလတွေ ရတာကိုတော့ ပြောစရာ မလိုတော့ပါဘူး၊ လူတိုင်းသိပြီးသားပဲဟာ။

**ဒကာ**။ ။မှန်ပါ့ ရှင်းပါပြီ ဆရာတော်၊ ဝိပဿနာကုသိုလ်က မဂ်ကုသိုလ်ကို ပေးတာကို ယုံကြည်ပါတယ် ဘုရား။

**ဆရာ**။ ။အင်း .. ဟုတ်တယ်၊ ဝိပဿနာ ဉာဏ်စဉ်ဆယ်ပါးထဲမှာ ဆယ်ခုမြောက် အနုလောမဉာဏ်ကနေပြီးပေါင်းကူးကာ မဂ်ကုသိုလ်ကို ပို့ပေးလိုက်တာပဲ၊ သိချင်ရင် ဝိပဿနာတရား ပွားများအားထုတ်ပါ၊ ဒါဟာ ဒကာကြီးတို့ အလုပ်ပဲ၊ ဂေါတြဘူတွေ၊ ဝေါဒါန်တွေ ပေမလာနဲ့ တော်ပြီ။

**ဒကာ**။ ။ကောင်းပါပြီ ဆရာတော်၊ အလုပ်ကိစ္စတွေပြီးရင် အားထုတ်ပါမည် ဘုရား။

**ဆရာ**။ ။အင်း....ကိစ္စပြီးအောင် စောင့်နေ၊ အလုပ်ကိစ္စက သေတာတောင် ပြီးမှာမဟုတ်ဘူး။

စုတိကိစ္စနဲ့ သေပြီးတော့ကာ ပဋိသန္ဓေကိစ္စ တခါဖြစ်၊ အလုပ်ကိစ္စတွေက ဆက်နေတာနော်၊ ကိုင်း.... သွားတော့၊ နောက်ကို

ကိစ္စပြီးမှဆိုတဲ့ အသုံးမျိုး မသုံးပါနဲ့၊ ကုသိုလ်လုပ်လို့ ကုသိုလ်ရချင်ရင် ဝိပဿနာတရားကို အားထုတ်ပါဒါပဲ။

ဒကာ။ ။မှန်ပါ့၊ အမိန့်တော်အတိုင်း အလုပ်ကိစ္စ ကြားထဲကပဲ ဝိပဿနာတရားကိုပွားများ အားထုတ်ပါမည် ဘုရား။

## ဒါနကုသိုလ်က နိဗ္ဗာန်မရ ဝဋ်ဒုက္ခကိုသာ ပေးတယ်ဆိုတာ မှန်သလား ?

ဒကာ။ ။ဒါနကုသိုလ်ပြုသူဟာ သံသရာ ရှည်အောင်လုပ်ထာ၊ နိဗ္ဗာန်ကို မရနိုင်ဘူးဆိုတာ ဟုတ်မှန်ပါသလား ဆရာတော်။

ဆရာ။ ။အို....မဟုတ်တရုတ် ပါးစပ်ပုပ်ကြီးနဲ့ ဒါနကို ဖယ်ရှားပြီး အပါယ်ငရဲသွားဖို့ အဖော်စု ပြောဆိုနေတာတွေ မမှန်ပါဘူး၊ မယုံနဲ့ သာသနာဖျက် စကားတွေ။

ဒကာ။ ။သည်လိုဆိုရင် ဒါနနဲ့ နိဗ္ဗာန်ရောက်ကြောင်း ပါဠိ အဋ္ဌကထာ သာဓကနဲ့ ထုတ်နုတ် ရှင်းပြပေးပါအုံး ဆရာတော်။

ဆရာ။ ။ဒါနပြုပြု သီလဆောက်တည် ဆောက်တည် ဘာဝနာပဲ ပွားများ ပွားများ နိဗ္ဗာန်တရားကို အာရုံပြု ဆုတောင်း ရတယ်၊ အဲဒါဟာ လိုရင်းအချုပ်ပဲ၊ သာဓကထုတ်စရာကတော့ သံယုတ္တအဋ္ဌကထာမှာ...

ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟာ ဟောတူတိ ဝေ ပန ဝိဝဋ္ဋ ပတ္ထေန္တေန ဝိဝဋ္ဋ ဝသေန သမ္မာပဋ္ဌပိတံ အရဟတ္တံပိ ပစ္စေက ဗောဓိဉာဏံပိ သဗ္ဗညုတညာဏံပိ ဒါတုံ သက္ကောတိ ယေဝ အရဟတ္တံ အပတ္တာ ပရိယောသာနံ န ဂစ္ဆတိ။

တဲ့၊ အဲဒီလို အဋ္ဌကထာဆရာက.... မှာဆို ထုတ်ပြထားတယ်၊ မြန်မာလိုကတော့ ဟောသည်အတိုင်း မှတ်ရမည်။

မိမိ၏ ဤဒါနသည် အာသဝကုန်ရာ နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်ပါစေသတည်း၊ ဤသို့ ဝဋ္ဋဆင်းရဲကင်းရာ နိဗ္ဗာန်ကိုသာ မှန်ကန်စွာ တောင့်တရည်သန်သော ကုသိုလ်ကံသည် ပကတိသာဝက, အဂ္ဂသာဝက, မဟာသာဝကအဖြစ်ကိုရင်း၊ ပစ္စေကဗုဒ္ဓါအဖြစ်ကိုရင်း၊ သဗ္ဗညူဘုရား အဖြစ်ကိုရင်း မုချပေးစွမ်းနိုင်၏....တဲ့။

အဲဒီ ဒါနရဲ့ ပတ္ထနာစွမ်းအင်သတ္တိဟာ ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါအဖြစ်သို့ မရောက်မချင်း ဘဝတွေ ဘယ်လောက်ပင် သွားရောက် လည်ပတ်နေစေကာမူ မကုန်မခန်း လမ်းဆုံးသို့ မရောက်နိုင်ပါဘူးတဲ့။

ကဲ.... ရှင်းရဲ့ လင်းရဲ့လား၊ ဝေလာမသုတ် သံယုတ်ပါဠိတော်၏ အဖွင့်ဖြစ်တဲ့ အဲဒီ အဋ္ဌကထာစကားကို နုတ်ရ အာဂုံကျက်ပြီးတော့ ဒါန သီလတို့ဟာ သံသရာမရှည်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တယ်ဆိုတာ ရှင်းပြဟောကြားကာ သားစဉ် မြေးဆက် မှတ်ပေတော့။

**ဒကာ**။ ။မှန်ပါ့၊ ဒါနကိုပယ်ရှားတဲ့ အပါယ်လားသမားတွေရဲ့ စကားကို နားမထောင်တော့ပါဘူး ဆရာတော်။

# အဝိဇ္ဇာပစ္စယာ သင်္ခါရာ ကုသိုလ်လုပ်တာ မိုက်လို့တဲ့ ?

**ဒကာ။** ။သင်္ခါရဟာ အဝိဇ္ဇာကြောင့် ဖြစ်တာ၊ လောကီကုသိုလ် သင်္ခါရဟာ အို, နာ, သေကိုသာ ပေးတတ်လို့ ကြောက်စရာကောင်းတာမို့ မိုက်လို့လုပ်ကြတာ မပြုကြနဲ့လို့ ဆရာအချို့က ဟောကြားနေတာ မှန်ပါသလား ဆရာတော်။

**ဆရာ။** ။အို....ဉာဏသမ္ပယုတ် ကုသိုလ်သင်္ခါရစစ်မှန်လျှင် ပြုသာ ပြုပါ ကြောက်စရာ မလိုပါဘူး၊ ဘဝဝဋ်ဒုက္ခကို ရမှသာ ကြောက်ရတာ၊ သံသရာဝဋ်ဆင်းရဲကို အပြစ်မြင်ပြီး ကုသိုလ်လုပ်ဖို့ ပေးလှူဖို့သာ အရေးကြီးတာ ဖြစ်တယ်။

ဒုက္ခနယ်ထဲမှာ နစ်မျောနေရတဲ့ သင်္ခါရမကင်းသေးတဲ့ ဒုက္ခကောင်တွေက ကြီးကြီးကျယ်ကျယ် သင်္ခါရကုသိုလ်က သံသရာရှည်သလေး ကြောက်စရာ ကောင်းသလေး မိုက်လို့ပြုတာလေးနဲ့၊ သာသနာဖျက် စကား အပါယ်လားမည့် အမှားတွေကို ပြောကြားနေကြတာ သွားပြီး မယုံလိုက်နဲ့၊ မီးပုံထဲ အတူတူခုန်ဆင်းရတော့မှာ သေချာပေါက်ပဲ။

**ဒကာ။** ။တပည့်တော်တို့ နားလည်အောင် နည်းနည်းလောက် ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အင်း....သဘောပေါက်အောင်လဲ နားထောင်မှဖြစ်မှာ၊ အဝိဇ္ဇာသဘောက ဒုက္ခသစ္စာ ဘဝဒုက္ခဆင်းရဲ အမှန်ကို မသိပဲ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ လူ, နတ်ဘဝဟာ ချမ်းသာတာ အမှန်ပဲဟု အမှားကို စွဲယူသိမှတ်ကာ အမှန်ဟု ထင်နေ သိနေတာ၊

အဲဒီတော့ ဘဝချမ်းသာကို လိုချင်တဲ့ တဏှာဝင်လာတာပေါ့၊ အဲဒီ တဏှာက လိုချင်တော့ မရရင် မနေနိုင်အောင် စွဲလမ်းတဲ့ ဥပါဒါန်က သဒ္ဓါရုန့် ကမ္မဘဝတို့နဲ့ ပေါင်းပြီး ပြုလုပ်တဲ့ ကုသိုလ်သဒ္ဓါရမျိုးကိုသာ ကြောက်စရာလို့မှတ်ရမှာ၊ သူကသာ ဘဝသံသရာကို ရှည်လျားအောင် လုပ်နေတာ၊ သင်းချိုင်းကုန်းပို့နေတာ။

## ကိလေသဝဋ်မပါတဲ့သင်္ခါရ

ထပ်ပြောမယ် နားထောင်ပါ။

အဝိဇ္ဇာ အမှားကိုပယ်ကာ ဝိဇ္ဇာဉာဏ် အမှန်ကိုမြင်လျက် ဝဋ်ဆင်း ရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာကိုသာ တောင့်တ ဆန္ဒပြုသော ဒါန, သီလစတဲ့ ကုသိုလ် သင်္ခါရသည် မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန်ရောက် အောင် ပို့ဆောင်ပေးတာ အမှန်လို့သာ ယုံကြည်စွာနဲ့ ပြုလုပ်ပါ။

အဲဒီ ကုသိုလ်သင်္ခါရမျိုးက အဝိဇ္ဇာမပါတဲ့ မဟာကုသိုလ် ဉာဏ သမ္ပယုတ်မျိုးမို့ ဝဋ်ဒုက္ခအကျိုးပေးစေကာမူ ခဏမျှသာ ကြောက် စရာမို့ ကြောက်ကြောက်နဲ့ပင် ကြိုးစားပြီး ဆင်ခြင်ဉာဏ်နဲ့ ပြုလုပ် ပေတော့ သဘောပေါက်ရဲ့လား ဒကာကြီးတို့၊ ဘဝကို သာယာမှု တဏှာ မပါစေနဲ့ အဲဒါပဲ၊ ကဲ....တော်ပြီ။

**ဒကာ။** ။ကောင်းလိုက်တဲ့ အဖြေပါပဲဘုရား၊ သဘောပေါက် ရှင်းသွားပါပြီ ဆရာတော်၊ အဝိဇ္ဇာ တဏှာ မပါတဲ့ ကုသိုလ်သင်္ခါရမျိုးပေါ့နော်။

## ပုထုဇဉ်ကို ရဟန္တာဟု သမုတ်ကြေငြာ ကြည်ညိုကာ ပေးလှူပူဇော်သူတို့ အပါယ်လားသလော ?

**ဒကာ။** ။ကြည်ညိုဖွယ်ရာ အကျင့်သိက္ခာနှင့် ပြည့်စုံသော ပုထုဇဉ် ရဟန်းတော် တပါးပါးကို သူအချို့က ရဟန္တာပါဟု အော်ဟစ်ပြောဆို ကြေငြာပြီး မြို့တကာ ရွာတကာ လမ်းတကာမှာ လှည့်လည်၍ အဖူးမြော်ခံ အလှူခံလျက် မြို့ ရွာ နေ လူအပေါင်းတို့ ကလည်း ရဟန္တာ အရှင်ကောင်း အရှင်မြတ်ကြီး တပါးအနေဖြင့် ကြည်ညိုလေးစား ပေးလှူပူဇော်မှုများ ပြုလုပ်နေကြတာဟာ မှား ယွင်းသော အပြစ်ရှိသော မိစ္ဆာအယူသာဖြစ်သည်ဟု ပညာရှိအချို့က မကူညီ အားမထုတ်ပဲ နောက်ဆုတ်ကြလျက် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြတာဟာ မှန်ပါသလား ဆရာတော်။

ပိဋကတော်ဆိုင်ရာ ကျမ်းစာများမှာ လာရှိပါသလား၊ အထောက်အထားနဲ့ မှတ်သားလောက်အောင် ဖြေကြားတော်မူပါ ဘုရား၊ ဒီစကားနဲ့စပ်ပြီး တော်တော်ပဲ အငြင်းပွား နေကြလို့ပါ ဆရာတော်။

**ဆရာ။** ။အင်း.... သည်အမေးဟာ ခုခေတ်အခါမှာ အဖြေမှန် ပေးဖို့ရာ အတော်ခက်တယ်နော်၊ အမှန်ဖြေရင် ဘေး ရန်တွေရှိတယ် ဒကာကြီးတို့ရ၊ အဲဒါကြောင့် ဒီကထက် တတ်သိတဲ့ တခြား ဆရာတော်များ ထံမှာ သွားရောက် လျှောက်ထား ကြပါ တော့လေ။

ဒကာ။ ။ဒီလို လွဲမချပါနဲ့ဆရာတော်၊ ဗုဒ္ဓရဲ့တရားမြတ်ဟာ နတ်လူတို့ နှစ်သက်ချင် နှစ်သက် မနှစ်သက်ချင်နေ မှန်ကန်ပြီးတော့ အကျိုးရှိမှုကိုသာ ပဓာနထားတယ်လို့ သုဂတဂုဏ်တော် အဖွင့်မှာ ဒကာကြီးတို့ မှတ်သားရဘူးပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ မျက်နှာတော်ထောက်ပြီး မကြောက်မရွံ့ပဲ ရဲရဲတောက် ဖြေကြားပေးပါ ဘုရား။

ဆရာ။ ။ကိုင်း.... သည်လိုဆိုရင် ဆရာတော်က အသစ်အနေနဲ့ ဖြေကြားပေးရတာထက် ဒကာကြီးတို့မေးတဲ့ သဘောတရားကို ဖြေကြားပြီးသား အဆုံးအဖြတ်ဖြစ်တဲ့ ကျမ်းစာအုပ်ကို ဖတ်ဖို့ ညွှန်ကြားပေးလိုက်မယ်၊ စာအုပ်နာမည်က ဒကာကြီးတို့ ကြည်ညိုလေးစားအားထားကြတဲ့၊ ''ပရမတ္ထအဆိ မြတ်လယ်တီ''တဲ့ စာမျက်နှာ ၂၄၁-က စ,ဖတ်ပါ၊ အင့်.... ဟောဒီမှာ ဖတ်စမ်း။

ဤ ကောသလသံယုတ် ဒါရုကမ္မိကသုတ်ကို ထောက်ဆက လူတကာများ၏ ''အရိယာ ရဟန္တာ'' ဟူ၍ ပြောဆိုသုံးနှုန်းခြင်းကို ဗုဒ္ဓမြတ်စွာ အလွန်ပင် မုန်းတီးရှုံ့ရှာတော်မူသည်၊ ထို့ကြောင့် ဣတိဝုတ်ပါဠိတော်မှာ....

ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ၊ ယော ပသံသိယော ဝိစိနာတိ၊ မုခေန သော ကလိံ ကလိနာ တေန သုခံ န ဝိန္ဒတိ။

ကဲ့ရဲ့အပ်သူကို ချီးမွမ်းသူ၊ ချီးမွမ်းအပ်သူကို ကဲ့ရဲ့သူများသည် လက်လေးသစ်လောက် ခံတွင်း ပေါက်ဖြင့် အပြစ်ကြီးများကို ဆည်းပူးသူမည်၏၊ထိုသူသည် ဘယ်တော့မှ ချမ်းသာကို မရ၊ ထို့ကြောင့် အရိယာသခင် ရဟန္တာ အရှင်

ကြီးများကို မပြစ်မှားကြရန်၊ ပုထုဇဉ်အစစ်ကို ရဟန္တာပါဟု အထင်လွဲမှား ကိုးကွယ် မမှားမိကြရန် အထူး သတိထား သင့်လှပေသည်။

ယော နိန္ဒိယေ ပုထုဇ္ဇနဘာဝေ ဌိတံ ပါသံသံ အရိယ-ဘာဝံ အာရောပေတွာ တံ မိစ္ဆာလဒ္ဓိံ အ ဝိဿဇ္ဇ ပဂ္ဂယှ ဝေါဟာရတော သဂ္ဂေါပိ မဂ္ဂေါပိ ဝါရိတော ဧဝံ။

(ပဏ္ဏာသဋီကာ)

ကဲ့ရဲ့အပ်သော ပုထုဇဉ်အဖြစ်၌တည်သော ချီးမွမ်းဖွယ်မူ တခုခုကို ရဟန္တာအထိ တင်စား၍ ထိုမှားသောအယူကို မစွန့်မူ၍ ချီးမြှောက်ခေါ်ဝေါ် သုံးစွဲနေသောသူအား လူ့ရွာ တံခါး မဂ်ဖိုလ်နိဗ္ဗာန် ပိတ်ထားအပ်ပြီးသည်သာ ဖြစ်၏။

ပုထုဇဉ်အစစ်ကို "ရဟန္တာ ဖြစ်သည်" ဟု ပြောဆိုသုံးစွဲ နေသူအား နတ်ရွာ,နိဗ္ဗာန်, မဂ်ဖိုလ်တံခါး ပိတ်ထားပြီးသား ဖြစ်၏။

နောက်ဆက်ပြီး အဲဒီ "ပရမတ္ထ အဆီ မြတ်လယ်တီ" ကျမ်းစာ အုပ် စာမျက်နှာနံပါတ် ၂၄၃-၌ မိန့်ဆိုထားသည်ကို ဖတ်ပါဒုံးလေ၊ အဖြေတွေ့လိမ့်မယ်။

(မင်းကွန်းဆရာတော်မေး၊ မာန်လည်ဆရာတော်ဖြေ)

ရဟန္တာအမှန်ကို ပုထုဇဉ် ဒုဿီလပါဟု စွပ်စွဲဆဲရေးခြင်း နှင့် ပုထုဇဉ် အစစ်အမှန်ကို ရဟန္တာ ကေန္တပါ ဟု ယုံကြည် လေးစား ပြောကြားခြင်း မည်သို့ ထူးပါသနည်းဟု မေးသည်။

အရိယူပဝါဒကံနှင့် အပြစ်ချင်းအတူတူဟု ဖြေသည်။

ကဲ... အဲဒီစကားရပ်တွေဟာ "ပရမတ္ထအဆီ မြတ်လယ်တီ"ကျမ်း စာအုပ်မှာပါတဲ့ အဖြေစကားတွေပဲ၊ အဲဒီကျမ်းစာပါ အဖြေစကား တွေထဲက ဘာတွေများ မေးချင်သေးသလဲ၊ အခွင့်ပေးပါတယ်လေ။

ဒကာ။ ။ပဏ္ဍာသဋ္ဌီကာ ဆရာရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကလေးကို တိုတိုကျဉ်းကျဉ်းနဲ့ ရှင်းပြပေးပါ ဆရာတော်၊ ကျေးဇူး တင်ပါတယ် ဘုရား။

ဆရာ။ ။အင်း...ဋီကာဆရာရဲ့ ဆိုလိုရင်းကတော့ လောဘ ဒေါသ မောဟ စတဲ့ ကဲ့ရဲ့စရာ ကိလေသာ အပြည့်ရှိနေသေးတဲ့ ပုထုဇဉ် ရဟန်းတော်တပါး၌ ကြည်ညိုဖွယ်ရာ ချီးမွမ်းစရာ ဂုဏ်တခုခု ရှိနေတာကို တွေ့မြင်ရသူက တွေ့မြင်ရုံမျှဖြင့် ဟာ.... ဤသူမြတ်ဟာ ရဟန္တာကြီးပဲဟု မှတ်စွဲလျက် ဦးဆောင်ပင့်ဖိတ်ကာ လူအပေါင်းတို့ အား အရိယာရဟန္တာအရှင်မြတ်ကြီး ကြွလာတော်မူပြီ ပူဇော်ကြလော ပေးလှူကြလော ဖူးမြော်ကြလော စသည်ဖြင့် ကြွေးကြော်အော်ဟစ် ကာ ပူဇော်သကာပြုနေ၏၊ ထိုမှားသောအယူကို မစွန့်လွှတ်ပဲ ယူမြဲ ယူနေလို့ရှိရင် ထိုသူ၏ ရပိုင်ခွင့် လူနတ်နိဗ္ဗာန်ကို အဲဒီ မှားသောအယူ အစွဲ ကံက တားမြစ်၏တဲ့၊ ထိုသူ သွားစရာလမ်းဟာ အပါယ်လေးပါး သာ ရှိတော့တယ်။

ဒါကြောင့် သာသနာတော်နဲ့စပ်၍ (ပြောတိုင်းယုံ ကြုံတိုင်းလိုက် ခိုင်းတိုင်းလုပ်မျိုး မဖြစ်ရအောင်) သတိ ပညာ ရှေ့ထားပြီးတော့ အကျင့်သိက္ခာ စာပေတတ်မြောက်တဲ့ မိမိတို့ ဆရာသမားထံ မေးမြန်း စူးစမ်းကာ ကိုးကွယ်ဆည်းကပ် ပူဇော်မှု ပြုတတ်ကြဖို့ကို မေတ္တာစစ် တရားနဲ့ အထူးသတိပေး ပြောကြားလိုက်တယ်၊ ကဲ....ကျေနပ်ရဲ့လား၊ အဲဒါ ဋီကာဆရာရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ပဲ။

ဒကာ။ ။ကျေးဇူးတင် ဝမ်းသာစွာနဲ့ ကျေနပ်လှပါတယ် ဆရာတော်၊ ဒီနေရာမှာ စေတနာကောင်းပေမင့် အယူအစွဲ ယုံကြည်မှု ဉာဏ်က လွဲမှားနေတော့ အဆိပ်ပင်ရေလောင်းသလို ဖြစ်နေတာကို သိရပါပြီ ဘုရား၊ တိမ်ရောင်ရောင်နဲ့ နက်နဲလိုက်တာ ဆရာတော်၊ ဒကာကြီးတို့က စေတနာသာ ပဓာနလို့ ယူဆနေကြတာ။

ဆရာ။ ။အင်း....စေတနာက ဘယ်နေရာမဆို ပါတာချည်းပေါ့၊ မိစ္ဆာဒိဋ္ဌိ အယူအစွဲထဲမှာလဲ စေတနာတွေ ပါတာပေါ့၊ အဲဒီ စေတနာအလွဲအမှားက အပါယ်လေးပါးထဲ ပို့ချတာ၊ကျောက်ခဲခေတ်တော်ထင်အောင်လဲ စေတနာရဲ့ လက်ချက်ပဲ။

ဒကာ။ ။မှန်ပါ့၊ သိပါပြီ ဆရာတော်၊ ဒီလို အဖြေမှန်သိရတာ ဝမ်းသာ မဆုံးပါဘူး၊ ရဲရဲတောက် အဖြေမို့ပါ ဆရာတော်။

---

## ရုပ်ကလာပ်ဆိုတာ ဘာလဲ ?

ဒကာ။ ။ကလာပ်, ရုပ်ကလာပ် စသည် ခေါ်ဆိုနေကြတာ အဲဒီ ကလာပ်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ မူလဝေါဟာရနဲ့ ယင်းရဲ့ အနက်အဓိပ္ပါယ်ကို သိပါရစေ ဆရာတော်။

ဆရာ။ ။ကလာပ်ဆိုတဲ့ မူလဝေါဟာရက "ကလာပ" ပါဠိဘာသာ ဖြစ်တယ်၊ သူ့မှာ နှစ်ပုဒ်ပေါင်းစပ်ထားတာ ဖြစ်တယ်၊ ကလာ, က တပုဒ်၊ အာပ, က တပုဒ်၊ နှစ်ပုဒ်ပေါင်းမှ ကလာပ ဖြစ်လာတာ၊ သူ့ရဲ့ အနက်အဓိပ္ပါယ်က....

(၁) **ကလာ**=အသေးငယ်ဆုံးသော(ပကတိကြည်လင်သော မျက်စိ၊ အားကောင်းဆုံးသော မှန်ပြောင်းတို့ဖြင့်) ကြည့်ရှုလို့ မမြင်နိုင်သော ရုပ်အစိတ်အပိုင်းကလေး တခုကို ခေါ်ဆိုတယ်။

ပုံစံကတော့ ပထဝီ ရုပ်ကလေး တခုကိုသော်၎င်း၊ အာပေါရုပ်ကလေး တခုကိုသော်၎င်း စသည်တို့ ဖြစ်တယ်။

(၂) **အာပ**=အဖွဲ့အစည်းတခုကို ခေါ်ဆိုတယ်။

ဒါကြောင့် ကလာပ်ဆိုတာ အသေးငယ်ဆုံးသော ရုပ်အစိတ်အပိုင်းတို့၏ (၈) ခုတတွဲ၊ (၉) ခုတတွဲ၊ (၁၀) ခုတတွဲ၊ (၁၁)ခု တတွဲ၊ (၁၂) ခုတတွဲ၊ (၁၃) ခုတတွဲ အစည်းအလုံး အပေါင်း အစုအတွဲလေး တခုကို ခေါ်ဆိုတာ၊ ကဲ....သဘောပေါက်ရဲ့လား၊ ရုပ်ကလာပ် ဆိုတာ အဲဒါပဲ။

**ဒကာ**။ ။မမြင်နိုင် မမြင်ရ ဆိုတဲ့ အဖြေစကားကို သံသယ ရှိပါတယ် ဆရာတော်၊ ခေတ်ခွဲခန်းတွေမှာ မျက်စိနဲ့ မမြင်ရတဲ့ ရောဂါပိုးမျိုးတွေကို မှန်ဘီလူးကြီးနဲ့ ရှာဖွေတွေ့မြင်နေကြ တာပဲဟာ၊ အဲဒီ ပိုးကောင်ကလေးတွေဟာလဲ အသေးငယ်ဆုံးသော ရုပ်ကလာပ်တွေပဲ မဟုတ်လား ဆရာတော်၊ အားလုံး နားလည် အောင် ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ**။ ။အင်း....ဒါက အဘိဓမ္မာလေ့လာဘူးသူနဲ့မှ ရှင်းပြလို့ ဟန်ရမှာ၊ သို့မဟုတ်က ရှုပ်သထက် ရှုပ်ကုန်မှာပဲ၊ ကိုင်း....ရှင်းပြမယ် နားထောင် မှတ်သားပေတော့။

ကလာပ်စည်း တခုတည်းမှာ အနည်းဆုံး ရုပ်ရှစ်ပါး ပါတယ်၊ (ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ) အဲဒီ ရုပ်ရှစ်ပါး တခုကို အဋ္ဌကလာပ် ရုပ်တခုလို့ ခေါ်တယ်၊ အဲဒီ ရုပ်ရှစ်ပါးထဲမှာ ရုပ်ထိန်းစောင့်ခေါ်တဲ့ ဇီဝိတရုပ်တပါး ထည့်လိုက်ရင် ဇီဝိတနဝက ကလာပ်လို့ ခေါ်ရတယ်၊ပင်လယ်သမုဒ္ဒရာ ရေ မြေ တော တောင် မြင်ရသမျှ သက်မဲ့အရာဝတ္ထု ဒြပ်တွေထဲမှာ အဲဒီ ရုပ်ရှစ်ပါး၊ တနည်း- ကိုးပါးပဲ ရှိတယ်၊ အဲဒီ ရုပ်ရှစ်ပါး တစုကို ပကတိမူလ ရုပ်ကလာပ်တခုလို့ ခေါ်တယ်။

အဲဒီ ရုပ်ကလာပ်တခုကိုလဲ မျက်စိနဲ့ မမြင်နိုင်ဘူး၊ ယင်း အဋ္ဌကလာပ်ရုပ်ပေါင်း သိန်း သောင်း ကုဋေ စုပေါင်းမိမှ အိမ်ခန်းတွင်းမှာ အမြဲလွင့်ပျံနေတဲ့ နေရောင်ခြည်ထိုးမှ မြင်ရတဲ့ မှုန်မွှားကလေးတခု ဖြစ်လာတာ၊ တီ ဘီ ပိုးကလေးတကောင် ဖြစ်လာတာ၊ အဲဒီ မှုန်မွှားကလေးပေါင်း သိန်း သောင်း ကုဋေ စုမိမှ သဲမှုန့်ကလေး တပွင့် ဖြစ်လာတာ၊ ဒီတော့မှ မျက်စိနဲ့ မြင်ရတာ၊ အဲဒီ သဲမှုန့်ကလေး တခုထဲမှာ ရုပ်ကလာပ်တွေ ကုဋေပေါင်း မရေတွက်နိုင်အောင် ရှိတယ် ဆိုတာကို ဉာဏ်နဲ့သာ ဆင်ခြင်တွက်ဆပြီး မြင်အောင် ကြည့်ပေတော့၊ ဆားအနုကလေး တပွင့်၊ သဲအနုကလေးတပွင့်ထဲမှာ အဋ္ဌကလာပ် ရုပ်ပေါင်း သိန်း သောင်း ကုဋေ ပါဝင် စုပေါင်းနေတာ ဖြစ်တယ်၊ အဲဒီတော့မှ ဝဏ္ဏရုပ်ခေါ်တဲ့ အဆင်းရူပါရုံက ပေါ်လွင်ထင်ရှား လာတာမို့ မြင်ရတာ၊ ကဲ... ကျေနပ်ရဲ့လား။

**၁၈၁။** ။ဒီရုပ်တွေကို ကလာပ်စည်းဖြစ်အောင်နဲ့ သက်ရှိ သက်မဲ့ သတ္တဝါ ပုံစံအမျိုးမျိုးတွေကို ဘယ်သူက စုစည်း ပေးနေတာလဲ ဆရာတော်။

သုဓမ္မဝတီ (က) ၁၀၄-၂၁

**ဆရာ။** ။ရုပ်သက်သက်ရှိနေတဲ့ သက်မဲ့ တော, တောင်, ရေ, မြေ, ပုံစံ အမျိုးမျိုးတွေကို ဥတု,က စီမံ ဖန်ဆင်းပေးတယ်။

ရုပ်နာမ်နှစ်ပါး ယှဉ်စပ်နေတဲ့ သက်ရှိသတ္တဝါ အမျိုးမျိုးတွေရဲ့ ပုံဟန် သဏ္ဍာန် ဒြပ် အမျိုးမျိုး တွေကိုတော့ "ကံ, စိတ်, ဥတု, အာဟာရ"ဆိုတဲ့ အကြောင်းတရားကြီး လေးပါးက သင့်သလို စီမံ ဖန်ဆင်းပေးတယ်၊ အဲဒီ လေးပါးထဲမှာလဲ ကံနဲ့ စိတ်က ဦးစီးခေါင်း ဆောင်ဖြစ်တယ်၊ ဒါပဲ၊ ဗုဒ္ဓဘာသာဝင်တို့အလို တန်ခိုးရှင်က ဖန်ဆင်း ပေးတာ မဟုတ်ဘူး၊ ဒါက ပညာရှိများမှသာ ယုံကြည်တာ၊ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ အစစ်တို့ရဲ့ အယူပဲ။

**ဒကာ။** ။ယုံကြည်ကျေနပ်ပါပြီ ဆရာတော်၊ ရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါး ခုမှပဲ ကွဲပြားတော့တယ်။

---

## သီရိမ္ပာသောကမင်းကြီးဟာ စပါးကြီးမြွေကြီး ဖြစ်သွားသလား?

**ဒကာ။** ။ကျောင်း ဘုရား စေတီပေါင်း ရှစ်သောင်းလေးထောင် ပေးလှူကာ သားတော် ရှင်မဟာမဟိန္ဒ သမီးတော် သင်္ဃမိတ္တာ ထေရီမတို့၏ ဖခင်ကြီးဖြစ်တဲ့ အထက်တယူဇနာ အောက် တယူဇနာ အစိုးရတော်မူတဲ့ အသောကရာဇာ မင်းတရားကြီးဟာ ဆီးဖြူသီးတခြမ်းကို မြေခွက်နဲ့ ထည့်ပေးရမလားလို့ ဒေါသနဲ့ သေ သွားတော့ စပါးကြီးမြွေကြီး ဖြစ်သွားတယ်ဆိုတာ ဟုတ်ပါရဲ့လား ဆရာတော်၊ ပိဋကတော်မှာ ဒီစကားများ ပါပါသလား ဘုရား။

ဆရာ။ ။အင်း.... ထေရဝါဒ သာသနာဝင် ပါဠိ အဋ္ဌကထာ ဋီကာ ပိဋကတော်များမှာတော့ ဒီလို အမှာစကားမျိုး မပါ မရှိဘူး၊ သူ့ရဲ့ ဘုန်းတန်ခိုး ကြီးကြောင်းကိုတော့....

သကလံ မေဒနိံ ဘုတ္တွာ၊
ဒတ္တွာ ကောဋိသတံ သုခီ။
အဍ္ဎမာလက မတ္တဿ၊
အန္တေ ဣဿရတံ ဂတော။

သကလံ မေဒနိံ ဘုတ္တွာ= မောရိယ အင်ပိုင်ယာကြီးနဲ့ တကွ ဇမ္ဗူကျွန်းခွင် မိုးကောင်းကင် ရေပြင် မြေအောက် ယူဇနာ ပေါက်အောင် အခွန်တော် အဆီ အနှစ် တို့ကို ကောက်ယူ သုံးဆောင် ခံစားပြီး၍-

ဒတ္တွာ ကောဋိသတံ သုခီ= စေတီ ကျောင်းဆောင် ရှစ်သောင်း လေးထောင်တို့ကို အသပြာငွေ ကုဋေတရာဖိုးမျှ ကုန်ကျတည်ဆောက်ကာ ချမ်းသာစွာပေးလှူပြီးသော ဓမ္မာသောကမင်းကြီးသည်-

အဍ္ဎမာလက မတ္တဿ အန္တေ= သက်ရှယ်တော် အိုမင်း၍ ကိုယ့်ကိုယ်ကိုမျှ မနိုင်မနင်းသောကာလ နောက်ဆုံးအချိန် ကျကာမှ ဆီးဖြူသီးတခြမ်းကိုမျှသာ-

ဣဿရတံ ဂတော= ဘုန်းတန်ခိုးတွေ့ယိုင်၍ စိုးပိုင်သောသူအဖြစ်သို့ ရောက်ရလေတော့သတည်း။

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းတော်ကြီးများမှာ လာတာကို ဂါထာနဲ့ တွေ့ရတယ် ဒကာကြီးတို့ရ။

ဒကာ။ ။ဒါလောက် သုံးမကုန် လှူမခန်း ချမ်းသာတဲ့ မင်းတရားကြီးဟာ နောက်ဆုံးမှာ ရင်နင့်စရာ ခံစားချက် မြေခွက်ကလေးတခုနဲ့ ဆီးဖြူသီးတခြမ်းသာ ပိုင်ဆိုင်ရတယ်ဆိုတာက ဘာ့ကြောင့်ပါလဲ ဆရာတော်၊ သိသလောက် ရှင်းပြပါအုံးဘုရား။

ဆရာ။ ။ဒီအကြောင်း အရာတွေက ထေရဝါဒ သံဂါယနာပါဠိ အဋ္ဌကထာ ဋီကာ တို့မှာ အပြည့်အစုံ မပါဘူး၊ နည်းနည်းစီပဲ ပါတယ်၊ အများအားဖြင့် သက္ကတဘာသာ (ဒိဗ္ဗဝါဒါန) ဒိဗျာဝါဒါန, အာသုဗောဓ စတဲ့ ကျမ်းတွေမှာ ပြဆိုကြတာကတော့...

မင်းကြီး အိုမင်းမကျန်းရှိသောအခါ အလှူအတန်းတွေ များလွန်းတယ်ဆိုပြီး ဗြာဟ္မဏအနွယ်ဝင်များဖြစ်တဲ့ သာသနာမကြည်ညိုသူ (ဟိန္ဒူ) မှူးကြီး မတ်ကြီးတို့က မြေးတော် အိမ်ရှေ့စံ သမ္ပဒီမင်းသားနဲ့ တိုင်ပင်ကြပြီး ဘဏ္ဍာတိုက်တွေကို သိမ်းလိုက်ကြတယ်တဲ့။

ဒကာ။ ။ဟာ....သည်လိုဆို မင်းကြီးတော့ ဒုက္ခပေါ့၊ ဘယ်ပေးလှူ နိုင်ပါတော့မလဲ၊ ပေးလှူစရာ မရှိတော့ဘူးပေါ့ ဆရာတော်၊ သံဝေဂယူစရာပဲနော်။

ဆရာ။ ။အင်း.... မင်းကြီးကတော့ ဒါနပါရမီသမားပဲ၊ ဒါနဘက်က မလျှော့ဘူး၊ ဒီဘုရား သာသနာတော်မှာ အသောကရာဇာကို ဘယ်သူမှ မမှီဘူး၊ အနာထပိဏ်တို့ ဝိသာခါတို့ လှူတာက ကုဋေတရာမှ မပြည့်ပဲဟာ၊ ကုဋေတရာ ပြည့်လို့လား။

ဒကာ။ ။ဆရာတော် သိသလောက် ဆက်လက် မိန့်ကြားပါအုံး ဘုရား၊ ဒကာကြီးတို့ နာယူလျက်ပါ။

ဆရာ။ ။အင်း....ရွှေတိုက် ငွေတိုက် ဘဏ္ဍာတိုက်တွေ ချိပ်ပိတ်လိုက်တော့ကာ မင်းကြီးထံ ပို့ဆက်ရတဲ့ ရွှေဇွန်း ရွှေပန်းကန် ရွှေခွက် ပွဲတော်အုပ်ကိုပဲ မင်းကြီးပိုင်ဆိုင်တော့တယ်။

အဲဒီအခါ သူ့ဆီယူလာတဲ့ ရွှေပွဲတော်အုပ်ကိုပဲ သူဆောက်လုပ်ထားတဲ့ ပါဋလိပုတ်ပြည်ရှိ ကုက္ကုဋာရုံကျောင်းတော်ကြီးကို ပေးလှူပေးလှူ လိုက်ပြန်တယ်တဲ့။

အဲဒီအကြောင်းကို ဝန်ကြီးများ ကြားသိပြန်တော့ကာ ငွေခွက် ပွဲတော်အုပ်နဲ့ ပို့ဆက်စေပြန်တယ်တဲ့၊ ငွေပွဲတော်အုပ်ကိုလဲ သူ့ရဲ့ ကျောင်းတော်ကြီးကိုပဲ ပေးလှူ ပေးလှူ ပစ်ပြန်တော့ကာ ကြေး ပွဲတော်အုပ်နဲ့ ပို့ဆက်ကြပြန်တယ်။

ကြေးအိုး ကြေးခွက် ပွဲတော်အုပ်ကိုလဲ ဧရှေးနည်းအတိုင်းပဲ ပေးလှူ ပစ်ပြန်တော့ကာ ဗုဒ္ဓသာသနာတော်ကို မျက်မုန်း ကျိုးတဲ့ တန်ခိုး အာဏာရှိ ဝန်ကြီးများက မြေခွက် မြေအိုး မြေပန်းကန်တွေနဲ့သာ ပွဲတော်အုပ် အသုံးအဆောင်များကို ပို့ဆက်စေရမည်၊ ရွှေ ငွေ သံ ကြေးများ မင်းတရားကြီးတောင်းခံတိုင်း မပေးရဟု ဘဏ္ဍာရေး ဝန်ကြီးအား တားမြစ်လိုက်ကြတယ်တဲ့။

အဲဒီ အချိန်ကစပြီး မင်းတရားကြီးရဲ့ စားပွဲခုံအပေါ်မှာ မြေအိုး မြေခွက် မြေပန်းကန် အသုံးအဆောင်တွေသာ ဖြစ်ကုန်တော့တာပဲ တဲ့။

သို့ရာတွင် အသောကဘုရင်ကြီးက သူပိုင်ဥစ္စာ သူ့နောက်ပါမည့် ကုဋေတရာဖိုးမျှ မကသော ရွှေငွေ ရတနာတွေကို ပေးလှူပြီးသား ဖြစ်နေသောကြောင့် သူ့အတွက် ဘာမျှ စိုးရိမ်သောက မရောက်ပါ ဘူးတဲ့၊ ကျေနပ်သော မျက်နှာဖြင့် သူ့အား ချစ်ကြောက်ရိုသေ သူ တဦးဖြစ်သော အစောင့်ဝန်ကြီး ရာဓဂုတ္တကို (အဘယ်သူသည် မောရိယတိုင်း ဇမ္ဗူဒိပ်ပြည်ကြီး၏ ဘုရင်ဖြစ်သလဲဟု) မေးတော်မူ သောအခါ ဝန်ကြီးက ရိုသေစွာ ဦးညွှတ်လျက် အရှင်မင်းတရား ကြီး သာ ဇမ္ဗူဒိပ်ကျွန်းကြီး၏ အရှင်သခင် ဖြစ်ပါသည်ဟု လျှောက် ကြားလေသည် တဲ့။

ထိုအခါ မင်းမြတ်က သင်ဟာ ငါ့အား ချစ်ကြောက် လေးစား သူဖြစ်ပါလျက် အဘယ့်ကြောင့် မမှန်စကား မြှောက်ပင့်ပြောကြား ဘိသနည်း၊ ငါသည် ဘုရင်မဟုတ်တော့ပြီ၊ ဘုရင်ဘဝမှ လျှောကျ ခဲ့လေပြီဟု မိန့်ကြားတော်မူတယ် တဲ့။

မင်းကြီးသည် တတိယသံဂါယနာတင် ကုသိုလ်တော်ရှင်ဖြစ်၍ (သဗ္ဗေ သင်္ခါရာ အနိစ္စာ)ဖြစ်သမျှ မှုချပျက်ရမည်ကို ကြိုတင်သိထား သူ ဆရာကောင်းတပည့် ဖြစ်ရကား အဘယ်မှာလျှင် နှလုံးမသာ စိုးရိမ်ရင်နာခြင်း ဖြစ်တော့အံ့နည်း၊ (ဆရာအချို့က စိုးရိမ်သောက မျက်ရည်ကျလျက် ဟု ဆိုကြသည်) တရားဓမ္မနဲ့ သောက ပရိဒေဝ တို့ကို ကျော်လွှန်စေတယ်တဲ့။

၁က၁။ ။ဒီလိုဆိုရင် မင်းကြီးဟာ စုတေခါနီးမှာ မြေခွက်ငယ် တခုနဲ့ ဆီးဖြူသီးတခြမ်းမျှကိုသာ ပိုင်ဆိုင်တော့သည် ဖြစ်၍ ဒေါမနဿတွေဖြစ်ကာ သေပြီး စပါးကြီးမြွေကြီး ဖြစ်သွား တယ်ဆိုတာ မဟုတ်မမှန်ဘူးပေါ့ ဆရာတော်။

ဆရာ။ ။အင်း....မြွေကြီး ဖြစ်သွားတယ်ဆိုတာတော့ မဟုတ်နိုင်ပါဘူး၊ မင်းကြီးဟာ အလှူဒါနအရာ သူမတူအောင် ပေးလှူပူဇော်လေ့ရှိတဲ့အတိုင်းမကျန်းမမာပဲ ရောဂါသည်းလာတဲ့အခါ သူ့ကိုကျွေးဖို့ ဆေးအတွက် ယူဆောင်လာတဲ့ ဆီးဖြူသီးတခြမ်းနဲ့ မြေခွက်ငယ်တခုကို စေ့စေ့ရှုပြီးတော့ အင်း....ငါပိုင်ပစ္စည်းဥစ္စာဟာ ဒါ နောက်ဆုံးပဲဟု ကြံစည်လိုက်တယ်တဲ့။

ယင်းသို့ ကြံစည်ပြီးနောက် သူ၏ အလုပ်အကျွေး မင်းချင်း တယောက်ကို ခေါ်၍ ငါသည် ဤမြေခွက်ငယ်နှင့် ဆီးဖြူသီးတခြမ်းကို ကုက္ကုဋာရုံ ကျောင်းတော်ကြီးရှိ သံဃာတော်အရှင်မြတ် အပေါင်း အား ပေးလှူလိုသည်၊ သင်သွား၍ ငါ့စကားဖြင့် လျှောက်ကြားကာ ပေးလှူချေဟု အဲဒီ အမှာစကားကို နောက်ဆုံး ပြောကြားတယ်။

## အသောကမင်းကြီး နောက်ဆုံး မှာတမ်းတော်?

အရှင်မြတ်တို့....တပည့်တော် (အသောက ရာဇာ)၏ နောက်ဆုံးဖြစ်သော ဤ ဒါနဝတ္ထု အလှူတော်ကို လက်ခံ တော်မူကြပါဘုံရား။

အရှင်မြတ်တို့၏ ခြေတော်အစုံကို အကြိမ်ကြိမ် တပည့် တော် ရှိခိုးလိုက်ပါ၏ ဘုရား။

ဤ ဒါနမြတ်သည် မောရိယတိုင်း ဇမ္ဗူဒိပ်ပြည်ကြီးရှင် တပည့်တော် (အသောက)၏ နောက်ဆုံး ပေးလှူ ပူဇော် ခြင်းပါ ဘုရား။

တပည့်တော်၏ တန်ခိုးအာဏာနှင့် စည်းစိမ်ဥစ္စာ ဘုရင် မင်း ဘဝများလည်း တပည့်တော်မှ စွန့်ထွက် ဖဲခွါကြပါပြီ။

သက်ရှယ်အိုမင်း၍ ကျန်းမာသန်းစွမ်းခြင်း မရှိသော တပည့်တော်အား သမားတော်များကလည်း လက်လျှော့သွားကြချေပြီ ဘုရား။

ရတနာသုံးပါးမှတပါး အားထားကိုးစားရာ မရှိသော တပည့်တော်မှာ သံဃာတော် အရှင်မြတ်တို့သာ အားထားကိုးကွယ်ရာ (နာထ) အစစ် ဖြစ်ပါသည်။

တပည့်တော်၏ ဆရာများဖြစ်တော်မူကြသော သံဃာတော် အရှင်မြတ်တို့သည် တပည့်တော်၏ ဤနောက်ဆုံး ဒါနဖြစ်သော မြေခွက်ငယ်နှင့် သျှစ်သျှား (ဆီးဖြူ) သီးကို သုံးဆောင်ဘုဉ်းပေးတော်မူကြပါ ဘုရား။

ဤသို့ မင်းချင်း အလုပ်အကျွေးအား မှာကြားအပ်နှင်းလျက် ကုက္ကုဋာရုံကျောင်းတော်ကြီးရှိ သံဃာတော်များအား နောက်ဆုံး မိမိ၏အလောင်းကို မြတ်ဘုရားအား ရည်စူးကာ ဝါဂွမ်းအထပ်ထပ် ပတ်၍ ဆီလောင်းလျက် နောက်ဆုံး ပေးလှူစေကာ နတ်ရွာစံ ကံတော်ကုန်ရရှာတယ်တဲ့၊ ကဲ ...နောက်ထပ် ဘာများ စောဒကတက်ချင်သေးသလဲ၊ စပါးကြီးမြွေကြီးထဲ စိတ်ရောက်သေးသလား။

## အသောကနှင့် မှတ်သားဖွယ်များ ?

**ဗကာ။** ။တပည့်တော်တို့က နားစွန်နားဖျားနဲ့ ကြားဘူးထားတာပါ ဆရာတော်၊ ဒီလို အကျယ်မှတ်သားဖွယ်တို့နဲ့ ကြားသိထားတာ မဟုတ်တော့ စပါးကြီးမြွေကြီး ဖြစ်သွားတယ်၊ ဘာညာနဲ့ အမှားမှားတွေကို ပြောကြားမိပါတယ်၊ တပည့်တော်တို့ ဝစီကံအပြစ်များကို သနားခွင့်လွှတ်ပါရန် သူမတူ ကြီးကျယ်စွာ သာသနာပြုသွားတဲ့ မင်းတရားကြီးအား ရှိခိုးကန်တော့ပါတယ် ဘုရား။

အသောက မင်းတရားကြီးရဲ့ သာသနာတော်နဲ့စပ်တဲ့ မှတ်သား ဖွယ်များကိုလဲ ကြည်ညိုလေးစားမှတ်ထားရအောင်ဟောကြားပါအုံး ဆရာတော်။

**ဆရာ။** ။အင်း... ဓမ္မာသောကမင်းကြီး သာသနာပြုပုံ နည်းတွေ ကတော့ ကြက်သီးထခမန်း ကြည်ညိုဖွယ်ရာ အခန်းတွေ ဟာ များစွာပဲ ရှိပါတယ်၊ ဒကာကြီးတို့ မှတ်သားချင်ရင် အနည်းငယ် ပြောပြပါမည်။

၁။ မြတ်စွာဘုရားသခင်၏ သာသနာတွင်းသို့ ရဟန်းတု ရဟန်း ယောင်တို့ သက်နှ်းဝတ်ဆည်းကာ ဝင်ရောက်နှောင့်ယှက်လျက် လူ အပေါင်းတို့ ကြည်ညိုသဒ္ဓါပျက်အောင် ဝိနည်းတရားတော်မြတ်ကို မကျင့်ဆောင် မလိုက်နာပဲ ပြုလုပ်နေကြပြန်သောကြောင့် ခြောက် သောင်းသော မဟာသံဃာ အစည်းအဝေးကြီးက သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး သံဂါယနာတင်ပေးရန် ဆုံးဖြတ်ချက် ချကာ တောင်းဆိုလာကြသောကြောင့် သာသနာတော်သက္ကရာဇ် ၂၃၅-ခုနှစ်မှာ ဓမ္မာသောကမင်းကြီး ကူညီထောက်ပံ့ချက်အရ ပါဋ္ဌ လိပုတ်ပြည် အသောကာရုံ ကျောင်းတော်ကြီး၌ ရှင်မောဂ္ဂလိပုတ္တ မထေရ် နာယကပြု၍ ရဟန္တာကြီးတထောင်ကို ရွေးချယ်စိစစ်ပြီးလျှင် ထိုနှစ် နယုန်လမှစ၍ တပို့တွဲလအထိ (၉) လတိုင်တိုင် အရှံသံဃာတော် ခြောက်သန်းတို့ဖြင့် နှုတ်တက်ရွတ်ဆိုကာ သံဂါယနာတင်ကြတယ်တဲ့၊ အဲဒါ မင်းကြီးကို ကြည်ညိုစရာပေါ့။

၂။ မင်းကြီးသည် အဇာတသတ်မင်းမြတ် အဓိဋ္ဌာန်၍ ကိုးစား သိမ်းဆည်း တည်ထားခဲ့သော လက်နက်ကိုင်စက်ရုပ်တို့ ပြေးလွှား လှည့်ပတ် စောင့်ကြပ်လျက် ဖောက်ဖွင့်ခြင်းငှါ ခဲယဉ်းလှစွာသော

ဓာတ်တော်တိုက်ကို စက်ခလုတ်တို့ရပ်စေကာ ဓာတ်တော်များစွာ တို့ကို ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်ပူဇော်လျက် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကို ရည်စူးကာ ကျောင်းပေါင်း ရှစ်သောင်း လေးထောင်၊ စေတီပေါင်း ရှစ်သောင်း လေးထောင်၊ ရေတွင်း ရေကန် ပေါင်း ရှစ်သောင်း လေးထောင်တို့ကို ဆောက်လုပ်စေပြီး တိုင်းပြည် နိုင်ငံ အရပ်ရပ်သို့ သာသနာပျံ့နှံ့စေရန် ရှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်မြတ် ကြီးမှူးလျက် ရဟန်းတော် (၁၃) ပါးကို ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူပြန်တယ်၊ ကိုးဌာနကတော့-

(က) ကသ္မီရ, ဂန္ဓာရတိုင်း ဟိမဝန္တာ၏ အနောက်မြောက် ဘက် အရပ်သို့ မဇ္ဈန္တိကထေရ်။

(ခ) မဟိံသက မဏ္ဍလ, ဣန္ဒိယနယ် တောင်ပိုင်း၌ ရှိသော မိုက်စိုးဒေသသို့ မဟာဒေဝထေရ်။

(ဂ) နဝါဒါသီ, အရပ် တောင်ပိုင်းနှင့် ဣန္ဒိယ ဟိုက်ဒရ ဗတ်နယ် အရှေ့ဘက် ဒေသသို့ ရက္ခိတထေရ်။

(ဃ) မဟာရဋ္ဌတိုင်း ဘုံဘေနယ်တဝိုက်နှင့် ပူနားမြို့စသော တိုင်းတို့သို့ အရှင်မဟာရက္ခိတထေရ်။

(င) အပရန္တတိုင်း မလဝါနယ် အနောက်တောင်ဘက် နရဗဒ္ဓခေါ် နမ္မဒါမြစ်ဝ စသော "ကချကွေ့"အနီးရှိ အပရန္တခေါ် အရပ်သို့ (စူဠ) ဓမ္မရက္ခိတထေရ်။

(စ) ယောနကတိုင်း ပါရှား, တူရကီ, ဂရိတ်, အီတလီ စသော တိုင်း, ခရိုင်, နိုင်ငံတို့၏ တည်ထွန်းရာ ယောနကလောက ခေါ်သော အနောက်ဘက် ပြည် နယ် နိုင်ငံတို့သို့ မဟာရက္ခိတထေရ်။

(ဆ) စိနရဋ္ဌ, ဟိမဝန္တာ အနီး ဒေသရှိ၊ (ချိန) ခေါ် သို့မဟုတ် တရုတ်ပြည် ''ချိုင်းနား''ခေါ် စိန့်တိုင်းသို့ မဇ္ဈိမထေရ်။

(ဇ) သုဝဏ္ဏဘုမ္မိတိုင်း စိန့်တိုင်းကြီး၏ တောင်ဘက် မွန်, မြန်မာ, ယိုးဒယား, ယွန်း.... စသော လူမျိုးတို့ နေထိုင်ရာ သုဝဏ္ဏဘုမ္မိခေါ် အရှေ့တောင်ကျွန်းဆွယ် ကြီးသို့ သောဏထေရ်နှင့် ဥတ္တရထေရ်။

(ဈ) သီရိလင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်, ဥတ္တိယ ထေရ်,သမ္ဗလထေရ်, ဘဒ္ဒသာလထေရ်။

ဤသို့လျှင် တန်ခိုးသိဒ္ဓိရှင် မဟာထေရ်မြတ်ကြီး (၁၃)ပါးတို့ကို ဆိုင်ရာ ဆိုင်ရာ ကိုးတိုင်း ကိုးဌာနသို့ မိမိတို့ကျရာရာ တာဝန်ယူကြ လျက် ထွက်ကြွ၍ ဗုဒ္ဓဝါဒကို ဖြန့်ချီဟောကြားကာ သာသနာပြု တော်မူကြတာဟာလဲ အသောကမင်းတရားကြီးရဲ့ ကောင်းမှုတော် တွေပဲ။

၃။ မင်းကြီးသည် သားတော် မဟိန္ဒမင်းသားနဲ့ သမီးတော် သင်္ဃမိတ္တာမင်းသမီး အမှူးပြု၍ အခြား အခြားသော မင်းညီ မင်းသား များစွာတို့ကိုလဲ သာသနာဘောင်သို့ သွတ်သွင်းချီးမြှင့် ပေးကာ သာသနာပြုတော်မူခဲ့တယ်။

၄။ လူသားများနှင့် တိရစ္ဆာန်သတ္တဝါတို့အတွက် အစာရေစာ လယ်ယာသစ်ပင် ဥယျာဉ် ဆည်မြောင်း စသည်များစွာတို့ကို ဓမ္မာ သောကမင်းကြီး ကိုယ်တိုင်ကြပ်မတ်ကွပ်ကဲကာ စိုက်ပျိုး တူးဖော် သတ်မှတ်၍ ပေးခဲ့ခြင်းများရယ်။

၅။ ဂိလာနသာလာ,ခေါ် လူနာများတည်းခိုဆေးကုရာ ဆေးရုံ ဆေးခန်းများ ဆောက်လုပ်၍ ဆေးများပေးလှူခြင်း၊ ဆေးပင်များ စွာတို့ကို စိုက်ပျိုးစေခြင်း၊ ကျောက်သား ကျောက်စာများ ထိုးနှံ့ စိုက်ထူကာ လူသားတို့ ဘဝသံသရာ ကောင်းစားရေး အတွက် ညွှန်ကြားထားခဲ့ခြင်းများမှာ ယနေ့ အထိ အသောကမင်းကြီး၏ ကျောက်စာတော်နှင့် အမှတ်တံဆိပ် ခတ်နှိပ်ထားသော ကျောက်တိုင် ကြီးတွေ ရှိနေသေးခြင်းများနှင့်။

၆။ ဓမ္မာသောကမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့် အညီ သာသနာတော်မြတ် အကျိုး လောကလူသားတို့ အကျိုးကို ဆောင်ရွက် ကျင့်ကြံ အားထုတ်ကာ ကုဋေတရာမျှသော ငွေအသပြာ တို့ကို ပေးလှူတော်မူလေသည်။

၇။ ထိုမျှလောက် သာသနာတော်မြတ်အကျိုး လူသားများနှင့် သားငှက် တိရစ္ဆာန် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေး ကမ်း လှူဒါန်းလို့ မရောင့်ရဲ မတင်းတိမ်နိုင်သော မင်းတရားကြီးသည် မိမိ ကံတော်ကုန်၍ နတ်ရွာစံသောအခါ၊ မြတ်စွာဘုရားသခင်အား မိမိကိုယ်ကို ဝါဂွမ်းအထပ်ထပ် ပတ်စည်းလျက် ဆီလောင်းစိမ်ကာ မီးရှို့ ပူဇော် ပေးလှူခြင်းဖြင့် နောက်ဆုံး ပူဇော်စေကြောင်းများကို သာသနာဝင်, မဟာဝင်နှင့် ဒိဗ္ဗဝါဒါန, အာသုဗောဓ စသော သက္ကဋကျမ်းဂန်တို့က အသီးအသီး ထုတ်ဖော်ဂုဏ်ပြု ချီးကျူးကာ သမိုင်းတင်တော်မူခဲ့ကြတယ်၊ အဲဒါလောက် သဒ္ဒါတရား ကြီးမား လွန်ကဲတဲ့ ကမ္ဘာကျော် သာသနဒါယကာ မောရိယအင်ပိုင်ယာကြီး ၏ အရှင် ဘုရင် သီရိဓမ္မာသောက ဒေဝါနံ ပိယဒဿီ ဘွဲ့ထူးချီ ပုဂ္ဂိုလ်မြတ်ကြီး သေတော့ကာ စပါးကြီးမြွေကြီး ဖြစ်သွားတယ် ဆိုတာ အလွန်အမင်း ယုတ္တိကင်းပြီး မင်းကြီးအား စော်ကားသော

စကားလို့သာ မှတ်ပေတော့ ဒကာကြီးတို့၊ ကဲ... ကျေနပ်ရဲ့လား၊ ဆရာသမားများ ထံက အဲဒီလို အပြည့်အစုံ မှတ်သားရဘူးဘယ်၊ ဒါပါပဲ။

ဒကာ။ ။မှန်ပါ့၊ သိရိမ္ဗာသောကမင်းကြီးအား ကြည်ညိုလေးစားစွာဖြင့် ရှိခိုး ဦးချကာ အလေး ပြုလိုက်ပါတယ် တပည့်တော်၏ ယုံမှားခြင်း သံသယတို့ကို ယခုလို ကင်းရှင်းသွားအောင် ဖြေကြားတာ မှတ်သားရလို့ ကျေးဇူးတင်လှပါတယ် ဆရာတော်။

---

## သူရသတီနတ်သမီးသည် ပိဋကသုံးပုံဆောင် နတ်ရဟန္တာမကြီးလော ?

ဒကာ။ ။သူရသတီ နတ်သမီးကြီးဟာ ပိဋကသုံးပုံဆောင်သော နတ်ရဟန္တာမကြီးဟု ပြောဆိုကာ ပုံတော်နဲ့ ကိုးကွယ်ဆည်းကပ်နေကြတာ ပိဋကကျမ်းစာမှာ ပါရှိပါသလား ဆရာတော်။

ဆရာ။ ။သမ္မာသမ္ဗုဒ္ဓ ဟောကြားတော်မူတဲ့ ထေရဝါဒ ပိဋကတော်မှာတော့ သူရသတီ ဆိုတာကိုရော ပိဋကသုံးပုံဆောင်တာတွေ ရဟန္တာမကြီးတွေဆိုတဲ့ ဂုဏ်ပုဒ်တွေကိုရော မတွေ့ဖူးပါဘူး ဒကာကြီးတို့ရာ၊ ပါလဲ မပါပါဘူး။

ဒကာ။ ။အနို့၊ ဘယ်ကျမ်းစာများမှာ တွေ့ဘူးပါသလဲ၊ ဘယ်ဝါဒက လာတာလဲ ဆရာတော်၊ သိသလောက် ရှင်းပြပါအုံး၊ ပိဋကတော်မှာ မပါတဲ့ဟာတွေ ဘယ်နေရာက ရောက်လာတာလဲ ဘုရား။

ဆရာ။ ။ဣန္ဒိယတိုင်း ဗြာဟ္မဏဝါဒ (ဟိန္ဒူဝါဒီ) ဝေဒကျမ်းကြီး များမှာ လာရှိတာက ဗုဒ္ဓဘာသာ မဟုတ်သူတို့ မူလ ကိုးစား ပူဇော်ရာ ဗြဟ္မန် (ပရမတ္တမ) ထာဝရသခင် ကယ်တင်ရှင် လောကကို ဖန်ဆင်းပေးသော မဟာဗြဟ္မာမင်းကြီးနဲ့ ကြင်ဖက်တော် သူရသတီ နတ်မိဖုရားကြီးဟု တွဲလျက် လာရှိတယ်၊ ဗေဒင် (၄) ပုံ (၆) ပုံဆောင်ပဲ၊ ပိဋကသုံးပုံဆောင်လို့တော့ မဆိုဘူး။

နောက် သတ္တဝါများကို စောင့်ရှောက်ပေးတတ်တယ် ဆိုသော ဗိဿနိုးနတ်မင်းကြီးနဲ့ သူ၏ကြင်ဖက်တော် လက္ခမိ (လက္ချမိ) နတ် မိဖုရားကြီးက တတွဲ။

နောက် သတ္တဝါအပေါင်းတို့ အမှန်ကို မသိပဲ မိုက်မဲမှုကို ပယ် ဖြောက်လျက် အမှန်ကိုသာ ပြပေးတတ်တယ်ဆိုသော သိဝ (သျှိဝ) နတ်မင်းကြီးနဲ့ သူ၏ အချစ်ဆုံး ကြင်ဖက်တော် ပရာဝတီ နတ်မိဖုရား ကြီးတို့က တတွဲ ဟု လာရှိတယ်။

သူတို့ တွဲဖက် ၃-ပါးထဲမှ သီးခြားခွဲထုတ်ပြီး ကိုက်ရာရာ နတ်မင်း များကိုငင်း၊ နတ်မိဖုရားကြီးများကိုငင်း၊ အတွဲလိုက်သော်ငင်း ပုံတော်တွေထုပြီးတော့လဲ ပူဇော်ပသကိုးကွယ်ကြတယ်၊ဟိန္ဒူနတ်ကွန်း များမှာတော့ ပရာဝတီရဲ့ လိင်ထဲကို သိဝရဲ့ လိင်ကြီး ထိုးစိုက်ပြီး ကိုးကွယ်ကြတာပဲ၊သက္ကဋ္ဌဝေဒကျမ်းလာ ဗြာဟ္မဏတို့ရဲ့ အယူဝါဒသာ ဖြစ်တယ်။

မှတ်ချက်။ ။မြန်မာဗုဒ္ဓဘာသာတွေက သိဝနတ်မင်းကြီးရဲ့ လိင်ကို ပရာဝတီ နတ်သမီးကြီးရဲ့ လိင်ထဲ ထိုးစိုက်ပြီး မကိုး ကွယ်တာပဲ တော်ပါသေးရဲ့ ဟု မှတ်ရမည်။

သူရသတီကို ပိဋကသုံးပုံဆောင် ဟူ၍၎င်း၊ ရဟန္တာမ နတ်သမီး ကြီးဟူ၍၎င်း ဆိုတာကိုတော့ ဗုဒ္ဓဘာသာတရားတော်မှာ မပါမရှိလို့ မတွေ့ဖူးပါဘူး၊ အပြောပဲ ကြားဘူးတယ်၊ သိချင်ရင် ဗေဒကျမ်း ကြီးတွေမှာ ရှာကြည့်ပေါ့၊ ပိဋကတော်မှာတော့ မပါတာ အမှန်ပဲ၊ ကဲ....သူရသတီ နတ်သမီးကြီးကို ပူဇော်ကိုးကွယ်ချင်သေးသလား။

ဒကာ။ ။မှန်ပါ့၊ နိဗ္ဗာန်ရောက်ကြောင်းနဲ့ ဘဝသံသရာရဲ့ကောင်း စားရေးလဲ မဟုတ်လို့ ရှာကြည့်နေစရာလဲ မလိုတော့ ပါဘူး ဆရာတော်၊ ဒကာကြီးတို့က ဗုဒ္ဓဘာသာပဲဟာ ကိုးကွယ်နေ စရာလဲ မလိုပါဘူး ဆရာတော်၊ ဒီအကြောင်း ဆက်မေးပါရစေအုံး ဘုရား။

## သူရသတီ ဘယ်နှစ်ယောက် ရှိသလဲ ?
## သူရသတီဆိုတာ ဘာစကားလဲ
## အနက်အဓိပ္ပါယ်က ဘာလဲ ?

ဒကာ။ ။သူရသတီ ဆိုတာ ဘာစကားလဲ ဆရာတော်၊ အဲဒီ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်က ဘာကို ဆိုလိုပါသလဲ ရှင်းလင်းပြပေးပါအုံး ဘုရား၊ သူရသတီ နှစ်ယောက် ရှိတယ် ဆိုတာ ကော ဟုတ်ပါသလား။

## နံပါတ် (၁) သူရသတီ ?

ဆရာ။ ။အင်း ... သူရသတီက နှစ်ယောက် ရှိတယ်၊ ဒါက ဣန္ဒိယ ပြည် ဝေဒကျမ်းကြီးတွေက လာတဲ့ စကားတွေပဲ၊ ဣန္ဒိယ တိုင်းထဲမှာ ကုလားလို နဒီခေါ်တဲ့ မြစ်တွေရှိတယ်၊ ဂင်္ဂါနဒီ, အစီရ

ဝတီနဒီ, ယမုနာနဒီ, မဟီနဒီ, သရဘူနဒီ စသည်ဖြင့် မြစ်တွေများစွာ ရှိတဲ့အထဲမှာ စူဠရစတီနဒီ ဆိုတဲ့ မြစ်လဲရှိတယ်၊ မြန်မာအသံနဲ့ဆိုရင် (သူရာသတီ) သူရသတီမြစ်ပေါ့။

အဲဒီ မြစ်ရဲ့ ကမ်းခြေ တနေရာမှာ နဂါးကို စီးနေတဲ့ နတ်သမီး ကျောက်ဖြူရုပ်တခု ရှိတယ်တဲ့၊ အတော်လှပတယ်၊ အသက်ဝင်နေသလို ပဲတဲ့၊ ကုလားတွေက အဲဒီ စူဠရစတီမြစ်ကို စွဲပြီးတော့ ယင်းကိုလဲ စူဠရစတီဒေဝီ၊ စူဠရစတီနတ်သမီးလို့ ခေါ်ဝေါ်ပူဇော် ပသကြတယ်၊ ကိုးကွယ်ကြတယ်တဲ့။

အဲဒီ သူရသတီမြစ် ကမ်းခြေမှာရှိတဲ့ နတ်သမီးကတော့ ဟင်္သာ ရုပ် မစီးပါဘူး၊ နဂါးရုပ်စီးနေတဲ့ နတ်သမီးရုပ်ပုံပဲ၊ အဲဒါက ကုလား ပြည်မှာရှိတဲ့ စူဠရစတီ,ခေါ်တဲ့ သူရသတီနတ်သမီးပဲ။

ဇမ္ဗူဒီပပြည်မှာ သိန္ဓောမြစ်ဆိုတာ ရှိတယ်၊ အဲဒီ မြစ်အနီးအနား မှာ မွေးဖွား ကျက်စားနေကြတဲ့ တောမြင်းတွေကို သိန္ဓောမြင်းလို့ ခေါ်တယ်။

အဲဒီ သိန္ဓောမြစ် ကမ်းခြေပေါ်၌ ကြာမြင့်စွာ ဖြစ်ပေါ်နေတဲ့ ဆားတုံးကြီးတွေကိုလဲ သိန္ဓောဆားလို့ ခေါ်တယ်။

အဲဒီလိုပဲ စူဠရစတီ မြစ်အနီးမှာ ထုလုပ်ထားတဲ့ နတ်သမီး ကျောက်ဆုရုပ်ကိုလဲ စူဠရစတီနတ်သမီး၊ (ဝါ) သူရသတီနတ်သမီးလို့ ခေါ်ဆိုကြတယ်၊ ဟိုကလာတဲ့ အမည်စကားတွေဟာ ဗမာတွေရဲ့ နှုတ်ဖျားမှာ လျှာလည်နေတာပဲ။ သိန္ဓောမြင်းတဲ့၊ သိန္ဓောဆားတဲ့၊ သူရသတီတဲ့၊ ကဲ...ရှင်းရဲ့လား၊ သူရသတီ မိဖုရားကြီးအကြောင်း။

ဒကာ၊ ။မှန်ပါ့၊ ၁–နံပါတ် သူရသတီအကြောင်းတော့ ရှင်းပါပြီ ဆရာတော်၊ နောက် သူရသတီ တယောက်ကို မိန့်ကြား ပါအုံး ဘုရား။

## နံပါတ် (၂) သူရသတီ?

နောက် သူရသတီ တယောက်ကတော့ ပြဟ္မာ့ပြည်မှာ ရှိတာဖြစ် တယ်၊ မဟာပြဟ္မာမင်းကြီးက သူ၏လက်ကို ဆန့်တန်းလိုက်တော့ သူ့လက်ဝါးပေါ်မှာ အလွန် အမင်း လှပချောမောတဲ့ နတ်သမီး တယောက် မတ်တတ်ရပ်လျက် ဖြစ်ပေါ်လာတယ်။

အဲဒီ နတ်သမီးက ပြဟ္မာကြီးကို မကြောက်ဘူး၊ ရဲရင့်တယ်၊ ပြဟ္မာကြီးကို ကြည့်ပြီးတော့ ပြုံးတယ်၊ ရယ်တယ်၊ က,တယ်၊ သီချင်း ဆိုတယ်။

အဲဒီလို ရဲရင့်တဲ့အတွက် ပြဟ္မာကြီးက ချစ်ကြည် မြတ်နိုးစွာနဲ့ "စွာရစတီ"လို့ ခေါ်ဆိုလိုက်တယ်တဲ့၊ ဗမာလိုတော့ သူရသတီပေါ့။

(သူရသတီ)=သူရာ–ဆိုတာ ရဲရင့်သောသူတဲ့၊ ရဲစွမ်းသံတ္တိရှိသော သူပေါ့၊ အဲဒါ "စွာရစတီ၊ သွာရသတီ၊ သူရသတီ" ဖြစ်လာတာပဲ၊ သက္ကဋ္ဌဘာသာ ဝေဒကျမ်းကြီးတွေက လာတဲ့ အဘိဓာန်ပုဒ်ပဲ၊ ကဲ.... တိုတိုပြောရရင် မဟာပြဟ္မာမင်းကြီးက စွာရစတီကို မိဖုရားမြှောက် ပြီး မယားအဖြစ်နဲ့ ပေါင်းဖေါ်နေတာပဲ၊ စွာရစတီ၊ သို့မဟုတ် သူရသတီနဲ့ မဟာပြဟ္မာကြီးက ဇနီးမောင်နှံ၊ (ဝါ) လင်မယားတတွဲလို့ မှတ်ပေါ့။

သုဝဏ္ဏဝတီ (က) ၁၀၄–၂၂

# သူရသတီက ဘာ့ကြောင့် ဟင်္သာရုပ် စီးတာလဲ ?

**ဒကာ**။ ။အခု မြန်မာဗုဒ္ဓဘာသာအချို့တို့ ကိုးကွယ် ပူဇော် ပ,သ နေကြတဲ့ သူရသတီကတော့ နဂါးရုပ်မစီးပဲ ဟင်္သာရုပ် ကြီး စီးနေတာက ဘာသဘောလဲ ဆရာတော်၊ သိသလောက် ပြောပြ ပါအုံး ဘုရား။

**ဆရာ**။ ။အဲ....ဟုတ်ပြီ မေးသာမေး သူရသတီအတွက်ကိုတော့ အဖြေပေးဖို့ အသင့်ရှိတယ်၊ ဟင်္သာရုပ်စီးတာကတော့ အဲဒီ သူရသတီ မိဖုရားခေါင်ကြီးရဲ့ ကြင်ဖက်တော် မဟာဗြဟ္မာ ကြီးက ဟင်္သာယာဉ်ကို ပိုင်ဆိုင်တယ်လို့ ဝေဒကျမ်းကြီးများမှာ လာရှိတယ်၊ ဒါကြောင့် သူ့ရဲ့ လင်တော်မောင်ပိုင်ဆိုင်တဲ့ ဟင်္သာ ယာဉ်ကို သူစီးတာလို့ မှတ်ပေါ့၊ ဒါပေမင့် အဲဒီ သူရသတီ ကိုးကွယ် မှုကို လက်ရှိခံယူသူတွေဟာ ဗုဒ္ဓဘာသာစစ်စစ် ကျပ်ပြည့် သမ္မာဒိဋ္ဌိ အပိုင်းအခန်းထဲကိုတော့ မဝင်နိုင်ဘူးပဲ၊ သူတို့ဟာ ရောရိရောရာ အရံ ဗုဒ္ဓဘာသာဝင်ဒလောက်ပဲ ဖြစ်နိုင်မယ်။

**ဒကာ**။ ။သူရသတီ မယ်တော်ကြီးအား ကိုးစား ပူဇော်တာနဲ့ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာစစ်စစ် မဖြစ်နိုင်ဘူးလား? ဆရာ တော်၊ သူက ပိဋကတော် သုံးပုံဆောင်တဲ့ နတ်သမီးပဲဟာ။

**ဆရာ**။ ။လာပြန်ပြီလား ဒီစကား၊ သူရသတီဒေဝီ မိဖုရားခေါင် ကြီးက ဗုဒ္ဓဘုရား ဟောကြားတော်မူသွားတဲ့ ထေရ ဝါဒ ပိဋကတော်သုံးပုံကို ဆောင်တာ မဟုတ်ဘူး ဒကာကြီးတို့ရဲ့၊ ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မမူမီ ပညာရှိတို့ရဲ့ ခန့်မှန်းချေ

အားဖြင့် (ဘီစီ ၂၅၀၀)လောက်က စ,တင်ပေါ်ပေါက်ကြီးထွားပြီး ပြန့်ပွားလာတဲ့ ဗြာဟ္မဏဇာတ္ယ ဆရာကြီးတွေရဲ့ အယူဝါဒဖြစ်တဲ့ ဝေဒ အဘိဓမ္မာ၊ တနည်း ဝေဒ ပိဋကတော် ၄-ပုံ၊ နောက်တနည်း ၆-ပုံကို မဟာဗြဟ္မာကြီးရဲ့ ကြင်ရာသက်ထား သူရသတီ မိဖုရားကြီးက ဆောင်ယူထားတာ ဖြစ်တယ်။

**ဒကာ။** ။မှန်ပါ့၊ ပိဋကသုံးပုံဆောင် သူရသတီမယ်တော်ကြီး ဆိုတဲ့ နာမည်က ဗုဒ္ဓဘာသာ မြန်မာတွေရဲ့ လျှာထဲမှာ စွဲနေပြီ ဆရာတော်၊ ဒါကြောင့် ပြောမှားမိတာပါ ဘုရား၊ သူရသတီ ဆောင်တာက ပိဋကသုံးပုံမဟုတ်ပဲ ဗေဒင်သုံးပုံဆိုတာကို ခုမှပဲ ကွဲကွဲ ပြားပြား ကြားသိရတော့တယ် ဆရာတော်။

## ဗေဒင် ၆-ပုံက ဘာတွေလဲ ?

ဒါထက် ဒကာကြီးတို့ ကြားဘူးတာက ဗေဒင်လေးပုံလို့သာ ကြားဘူးပါတယ်၊ ဗေဒင် (၆) ပုံ ဆိုတာက ဘာတွေပါလဲ ဘုရား၊ ဝန်မလေးရင်လဲ ပြောကြားပေးပါအုံး ဆရာတော်။

**ဆရာ။** ။အင်း....ဝေဒ ပိဋကတော်(၄)ပုံ၊ တနည်း(၆)ပုံဆိုရာမှာ- နံပါတ် (၁)က သုတ္တဝေဒကျမ်းကြီးပဲ၊ အဲဒီ....သုတ္တဝေဒ ကျမ်းကြီးကလဲ နယအားဖြင့် (၆) မျိုး ပြားထွက်သွားသေးတယ်။

(၁) သုတ္တဝေဒ။ ။အဲဒီ....ကျမ်းရင်းကြီးထဲမှာ ပါတာတွေက တော့ လူသားတို့ ကိုးကွယ် ဆည်းကပ် ပူဇော် ပ, သ မှု ဘာသာရေး၊ နေထိုင် စားသုံးတတ်ရေး၊ ပေါင်းသင်း ဆက်ဆံတတ်ရေး၊ လက်မှု နှုတ်မှု ပညာရေး၊ စာပေကျမ်းဂန် ပညာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး စတဲ့ အကြောင်းအရာတွေ များစွာပါဝင်တဲ့အပြင်

အောက်ပါအတိုင်း သုတ္တဝေဒ ပင်မကြီးမှ ကျမ်းပေါင်း (၆) မျိုး ပြားထွက်လာပြန်တယ်။

(က) သရောဇြ သုတ္တ။ ။ယဇ်ပူဇော်ပုံ နယကဏ္ဍ။

(ခ) ဝရဟိတ သုတ္တ။ ။အိမ်တွင်းဆိုင်ရာနှင့် မင်္ဂလာ အခမ်းအနားများ။

(ဂ) ဓရမ္မ သုတ္တ။ ။လူသားတို့ လိုက်နာ ကျင့်သုံးရန် တရားဥပဒေများ။

(ဃ) ပတိသာခ သုတ္တ။ ။ဝေဒကျမ်းလာ ဂါထာမန္တန် များကို ရွတ်ဆိုနည်း စည်းကမ်းများ။

(င) ပါနိနီ သုတ္တ။ ။စာပေ ရေးသား စီကုံး ဖွဲ့ထုံးမှု ဆိုင်ရာ စည်းကမ်းများ။

(စ) ကာမ သုတ္တ။ ။ကာမဂုဏ် ခံစားနည်း မျိုးစုံတို့ကို ဖွင့်ဆိုထားသော ကျမ်းဖြစ်သည်။

(၂) သမိတိ ဝေဒ။ ။သုတ္တဝေဒတို့ကို မှီး၍ မနုရသေ့ကြီးနှင့် ယညရသေ့, နာရဒ စသော ရသေ့ပညာရှိကြီးများ ဖော်ထုတ်ဖွင့်ဆို ရေးသားပြုစုထားကြသော ဝေဒကျမ်းပေါင်း (၁၅၀) ကျော်တို့ကို ခေါ်ဆိုတယ်။

(၃) ပုရာဏ ဝေဒ။ ။ပုရာဏ်ပြည်သား ဗျာသရသေ့ဆရာကြီး ရေးသားပြုစုခဲ့သော ဗြဟ္မန္ဒပုရာဏ ဝေဒကျမ်းကြီးကို ထိုဆရာကြီး၏ တပည့်အဆက်ဆက်ဖြစ်ကြသော သုတရသေ့နှင့် ဂေါမဟာသန, အက ရိတံစတြိ, သောမဒတ္တ, သုသျှာမ စတဲ့ ဣသိပညာရှိတို့ အသီးအသီး

ရေးသားပြုစုသွားကြသော ပုရာဏဝေဒကျမ်းပေါင်း ဆယ်သိန်းခန့်မျှ ကို ခေါ်ဆိုသည်တဲ့၊ အဲဒါကို ပုရာဏ်ကျမ်းလို့ ခေါ်ဆိုနေကြတာပဲ။

(၄) တန္တရ ဝေဒ။ ။ယင်း တန္တရ ဝေဒ ကျမ်းများကလဲ လက်ဝဲဂိုဏ်း ဝါမတန္တရ ဝေဒနှင့် လက်ယာဂိုဏ်း ဒက္ခိဏတန္တရဝေဒဟု ဂိုဏ်းနှစ်မျိုး ရှိနေကြပြန်တယ်။

(က) ဒက္ခိဏ တန္တရ ဝေဒ။ ။မိမိတို့ လိုရာရာ ဆုများကို နတ်ဘုရားကြီးများထံ၌ တောင်းဆို ရွတ်ဖတ်သော အခါ ဥုံ, ဩောင်း, ရှရှ, ရှရ, တြိန်း, တြပ်, ဟရီ, ဟရ ဟူသော ပုဏ္ဏားတို့အသံကို အရင်းခံထား၍ အုန်း ငှက်ပျောပွဲတို့ကို ပြင်လျက် စိန္တာမဏိမန္တန် စသည် တို့ကို ရွတ်ဆိုကာ နတ်ပြဟ္မာ ဘုရားကြီးများအား ရှိခိုး ပူဇော်၍ စီးပွား ဥစ္စာ တိုးတက်ရေး တို့ကို တောင်းဆိုသော ဝေဒကျမ်းစာ အထက်လမ်းဂိုဏ်း တမျိုး ဖြစ်သည်၊ ဗုဒ္ဓဘာသာ စစ်စစ်တို့နှင့် လုံးဝ မစပ်ယှက် မသက်ဆိုင်ပေ။

(ခ) ဝါမ တန္တရ ဝေဒ။ ။လူသားတို့ကို ဒုက္ခပေးတတ် သည့် စုန်း, တစ္ဆေ, ကဝေ, ဘီလူး, သရဲ, ရက္ခိုသ်, မြေဘုတ်, ပြိတ္တာ, ၃၇-မင်း, နတ်ဆိုး မိစ္ဆာကောင် တို့ကို ကျွေးမွေးထားပြီး စေခိုင်းရန်အတွက် ဥုံ, ဩောင်း, ဟရီ, ဟရ, ရှရှ, ရှရ, တြိန်း, တြပ်တို့ကို အရင်းခံ အစချီကာ ဟိန်းဟောက် ရွတ်ဆို မန်းမှုတ် လျက် လူသားတို့၏ အသက်စည်းစိမ် ဥစ္စာတို့ကို ပျက်စီးဆုံးပါး စေတတ်တဲ့ ဂါထာ မန္တန် မန္တရားတို့

များစွာပါတဲ့ အောက်လမ်း အတတ်ပညာ ကျမ်းများကို ခေါ်ဆိုသည်၊ ဤသည်တို့ကား ဖြာပွားမှုအယူများသာဖြစ်၍ ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်သူတို့အတွက် နှစ်သက် ယုံကြည်ကာ လိုက်နာခံယူစရာ မဟုတ်ပါချေ။

(၅) ရာမာယန ဝေဒ။ ။ယင်း ရာမာယန ဝေဒကျမ်းကြီးကတော့ (စီတာ,ရာမ်-ဆိုတဲ့) သီတာနဲ့ ရာမတို့ ညီတော် လက္ခဏတို့ ဟနုမာမျောက်ကြီးနဲ့ သုဂြိတ် ဗာလီတို့ရဲ့ ဇာတ်လမ်းရှည်ကြီးပဲ ဖြစ်တယ်။

ပါဝင်တဲ့ အခန်းကဏ္ဍတို့ကတော့ ဣတ္ထိ ပုရိသတို့၏ အချစ်သဘာဝ ဝေဒဘာသာဝင် ဣန္ဒိယ တိုင်းသားတို့ အကြိုက် အများဆုံးဖြစ်တဲ့ အဲဒီ ဇာတ်လမ်းကြီးထဲမှာ နိုင်ငံရေး, စစ်ဗျူဟာ ခင်းကျင်းတိုက်ခိုက်ရေး, ဘာသာရေး ကိုးကွယ်ပူဇော်မှု စသည်တို့ ပါရှိတဲ့ ဇာတကဝတ္ထုရှည်ကြီးတမျိုးပဲ၊ ယင်းဇာတ်လမ်းကို ဝါလမိကိ ဣသိဖြာပွားရေးသားဖော်ထုတ်ပြီးနောက် တူလဆီဒါသ ခေါ် ကဗျာဆရာကြီးက တဖန်ချဲ့ထွင် ဖွင့်ဆို ဖွဲ့နွဲ့ သီကုံးထားလျက် ဣန္ဒိယ တိုင်းရင်းသားတို့အတွက် သြဇာထက်မြက်လှသော ဝေဒကျမ်းကြီးပင်ဖြစ်လေသည်တဲ့။

(၆) မဟာဘာရတ ဝေဒ။ ။မဟာ=ကြီးကျယ်မြင့်မြတ်သည်ထက် ပိုမိုကြီးကျယ်မြင့်မြတ်သော၊ (ဝါ) သူ့ထက်သူ လူစွမ်းကောင်းသော၊ ဘာရတဝေဒ= ဣန္ဒိယတိုင်းရင်းသားတို့၏ ဝေဒပိဋကတော်ကြီးများ၊ (ဝါ) ဣန္ဒိယနိုင်ငံသားတို့ ရှိသေလေးမြတ်၍ ဂါထာ တသိန်းကျော်ပါရှိတဲ့ ဝေဒအဘိဓမ္မာကျမ်းကြီး ဟူ၏တဲ့။

ယင်း ဝေဒကျမ်းကြီး၌ ကုရုတိုင်း ပဏ္ဍဝမင်းနှင့် ကောရဗျမင်းတို့ စစ်ခင်း တိုက်ခိုက်ကြသော တိုက်ပွဲကြီး အကြောင်းအရာများကို အခြေခံလျက် လူမျိုးအသီးသီးတို့၏အကြောင်းအရာများ၊လူကောင်းနှင့် လူဆိုးတို့၏ ရရှိသည့် သုခ ဒုက္ခ ခံစားမှု အဖြစ်အပျက်များ၊ လူသားတို့ လိုက်နာ ခံယူရမည့် တရားဥပဒေ စီမံအုပ်ချုပ်ရေးနှင့် ဓလေ့ထုံးတမ်းများ၊ တိုင်းရေး ပြည်ရေး ပေါင်းသင်းဆက်ဆံရေးနှင့် တိုင်းတပါး၌ သံတမန်ထားရေး၊ အမျိုးဘာသာရေးနှင့် ယုံကြည်ကိုးကွယ်ရေး၊ လောကဓမ္မရေးရာနှင့် စစ်ဗျူဟာခင်းကျင်း တိုက်ခိုက်ရေးများကို စိတ်ဝင်စားစရာ ဖွင့်ဆို ရေးပြုထားသော ဝေဒကျမ်း မဟာကြီး ဖြစ်လေသည် တဲ့။

ဝေဒကျမ်းတို့တွင် အလွန်ကျော်ကြား ထင်ရှားသော ဘဂဝါဂီတိကျမ်းကြီးဟာလဲ ဤ မဟာဘာရတ ကျမ်းကြီး၏ အစိတ်အပိုင်း အစ အနသာ ဖြစ်၏ တဲ့။

ကုရုစစ်ပွဲကြီးအတွင်း၌ ကရိရှန(ကြိသျှန) ဘုရားကြီး စစ်ရထားမောင်းနှင်စဉ် အဇ္ဇုနမင်းသား ဟောသော (ဝိညာဏ်) အတ္တ၏ နိစ္စ, ဓုဝ, သဿတ ဖြစ်ပုံတို့ကို ဖွင့်ဆိုထားသော အခန်းအပိုင်းများလဲ ပါရှိတယ်၊ ယင်းသည် ဣန္ဒိယတိုင်းသားတို့ အမြတ်တနိုး အနှစ်သက်ဆုံး ကျမ်းကြီးဖြစ်၍ မူလက ဂါထာ (၄၀၀၀) နောက် (၂၄၀၀၀) ဆင့်ပွားလာကာ ယခုအခါ၌ ဂါထာပေါင်း တသိန်းမျှ ရှိသည်တဲ့၊ ကဲ....အဲဒါ သူရသတီနတ်သမီးကြီး ဆောင်ထားတဲ့ ဝေဒပိဋကတော် (ဗေဒင် ၃ ပုံ၊ ၄ ပုံ၊ ၆-ပုံ ပါပဲဗျာ၊) သမ္မာသမ္ဗုဒ္ဓ ဘုရားသခင် ဟောကြားတော်မူတဲ့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိစစ်စစ်တို့ ခံယူလိုက်နာ ကျင့်ကြံအားထုတ် ကိုးကွယ်ဆည်းကပ်နေတဲ့ ထေရဝါဒ ပိဋကတော်

၃-ပုံနဲ့ ဘာမှမဆိုင်မစပ်ဘူး၊ စပ်လို့လဲ မရဘူးနော်၊ တခြားစီပဲ၊ ကဲ.... ရှင်းပြီလား၊ နောက်ထပ် ဘာပြောချင်သေးလဲ။

ဒကာ။ ။မပြောတော့ပါဘူး ဆရာတော်၊ ကိုယ်ကမှ ခံယူလိုက်နာ ကိုးကွယ် ဆည်းကပ်မှု မပြုတဲ့ ကိစ္စတွေပဲဟာ၊ အင်း.... သူရသတီရဲ့ ဇာတ်ကြောင်းတရားကို အခု ဆရာတော် ပြောကြားမှပဲ ကွဲကွဲပြားပြားနဲ့ သိရတော့တယ်၊ဒကာကြီးတို့မှာလဲ ဗဟုသုတတွေရလို့ ဝမ်းသာလှပါတယ် ဆရာတော်၊ ဒါပေမင့် အိမ်ပေါ်မှာ သူရသတီ မယ်တော်ကြီး ရောက်နေတာက ကြာပြီမို့ အိမ်က ဒကာမကြီးနဲ့ သမီး တွေအတွက်က ခက်သေးတယ်ဘုရား (အများကြာတော့လဲ အမှန်လိုဖြစ် နေမှုကို) တဖြည်းဖြည်းတော့ အမှန်ပိုင်း ရောက်အောင် ဆွဲဆောင် ရမှာပဲ ဆရာတော်၊ ကိုယ်က ဗြာဟ္မဏမဟုတ်တဲ့ ဗုဒ္ဓဘာသာပဲဟာ။

ဆရာ။ ။အင်း.... ဒကာကြီးတို့မှာ တာဝန်ရှိတယ်၊ အမှန်တရား ရအောင်တော့ ပြုပြင်ပေးကြပေါ့လေ။

ဒကာ။ ။ကျေးဇူးတင် ဝမ်းသာလှပါတယ် ဆရာတော်၊ လက်စ သတ်တော့ ဟိန္ဒူ ဗြာဟ္မဏဘာသာ ကုလားတွေယူ လာတဲ့ နတ်သမီးပဲဟာ ခုမှပဲ ရှင်းတော့တယ် ဘုရား၊ ပိဋကတော် မှာ မပါတဲ့ဟာကို ပိဋကသုံးပုံဆောင်လေး ဘာလေးနဲ့ သက်သက် ညာပေး နေကြတာ။

## ဓမ္မတဏှာ ဓမ္မရာဂဆိုတာ ရှိသလား ? ဘယ်တရားမျိုးတွေလဲ ?

ဒကာ။ ။ယောဂီတွေဘာဝနာတရား အားထုတ်ပွားများတဲ့အခါ ဓမ္မရာဂ, ဓမ္မတဏှာ က ခံခံနေလို့ အောက်မင်္ဂကိုရော

အထက် အထက် မဂ်ဖိုလ်တို့ကိုပါ မတက်နိုင် မရနိုင်ဘူးလို့ အဆိုရှိကြ ပါတယ်၊ ဓမ္မတဏှာ, ဓမ္မရာဂဆိုတာ ရှိပါသလား၊ ဘယ်သူမျိုးမှာ ဖြစ်တဲ့ ဘယ်တရားမျိုးတွေပါလဲ ဆရာတော်။

ဆရာ။ ။အင်း.... ဓမ္မရာဂ, ဓမ္မနန္ဒီ, ဓမ္မတဏှာဆိုတာ ရှိတယ်၊ ဘာဝနာတရား ပွားများသူတွေမှာ ဖြစ်ပေါ်တတ်တဲ့ တရားဆိုး တမျိုးပဲ။

၁။ သမထ ဘာဝနာ အားထုတ်လို့ ဈာနသမာဓိအပိုင်းရောက် သွားတော့ ဈာနလာဘီ ယောဂီဟာ သူရထားတဲ့ ဈာန်တရားကို နှစ်သက် သာယာကာ အခါခါ ဝင်စားပြီး နေတော့တာပဲ အဲဒီလို ဈာန်ထဲမှာ သာယာနစ်မျောကာ နေတာကိုလဲ ဓမ္မတဏှာ, ဓမ္မရာဂ, ဓမ္မနန္ဒီလို့ ခေါ်တယ်။

၂။ ဝိပဿနာတရား ပွားများတဲ့ ယောဂီကလဲ သမ္မသန ဉာဏ် ပိုင်းကနေပြီး ဥဒယ ဝယ ရုပ်နာမ်တို့ ဖြစ်ပျက်မှုကို ကျကြကျန ပိုင်းခြားသိမြင်တဲ့ဉာဏ်, ရင့်သန် ရင့်သန်ကာ ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်အထိ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်မှု အသိအမှတ်ဉာဏ်တွေဟာ အားကောင်း, လျင်မြန်လာကာ ကြိုးစား အားထုတ်ရမှု သမ္မာဝါယာမ မဂ္ဂင် အရှိန် အဟုန် လျော့နည်းပြီး အလွန်သိမ်မွေ့နူးညံ့တဲ့ အသိဉာဏ် အမှတ် သဘောတွေ ပေါ်လာလျက် ကြိုးစား အားထုတ်မှုလဲ မပြုရပဲနဲ့ အလွန်မှတ်လို့ကောင်းနေတဲ့ သင်္ခါရုပေက္ခာဉာဏ်ထဲ ရောက်နေတယ်။

အဲဒီအခါ ယောဂီဟာ ဖြောင့်တန်းညက်ညောတဲ့ လမ်းမကြီး ပေါ်၌ အရှိန်အဟုန် ပြင်းစွာနဲ့ မောင်းနှင်သွားတဲ့ ယာဥ်ရထား, မော်တော်ကားပေါ်မှာ ထိုင်ပြီး ဘာမှ အားပါး မထုတ်ရပဲ ကိုယ်

ကလေး,နဲ့ကာ, ယိမ်းကာနဲ့ လိုက်ပါသွားတဲ့သူလို၊ တရိပ်ရိပ် တဖွဲဖွဲနဲ့ လျင်မြန်စွာ ဖြစ်ပေါ်နေတဲ့( ရုပ် နာမ်တို့ ဖြစ်ပျက်မှု) သင်္ခါရဓမ္မတွေ အပေါ်မှာ ရှေ့ကလို ဝီရိယ မစိုက်ရတော့ပဲ လျင်မြန်စွာနဲ့ လိုက်သိနေတဲ့ သင်္ခါရုပေက္ခာဉာဏ်ဟာ လောကီဝိပဿနာ ဉာဏ်တရားတွေထဲမှာတော့ နှစ်သက် သာယာ ခင်မင် တွယ်တာစရာ အကောင်းဆုံးပဲတဲ့။

ဒါကြောင့် ဝိပဿနာဓမ္မ အားထုတ် ပွားများသူတို့မှာ သမ္မာဝါယာမ မဂ္ဂင်နဲ့ သတိမမေ့ရအောင် ကြိုးစားအားထုတ်မှု မပြုရတော့တဲ့အတွက် အဲဒီ သာယာ နှစ်သက်ဖွယ် အကောင်းဆုံးဖြစ်တဲ့ သင်္ခါရုပေက္ခာဉာဏ်ထဲမှာချည်းပဲ အကြာကြီး နှစ် နှစ်ပြီး မှတ်သိနေတာကိုပင် ဓမ္မတဏှာ, ဓမ္မရာဂ, ဓမ္မနန္ဒီလို့ ခေါ်တယ်၊ သည့်အပြင် အသေးအဖွဲ့ သြဘာသ,ပီတိ, ပဿဒ္ဓိ ... စတဲ့ ဓမ္မတဏှာ ကလေးတွေကတော့ ထင်ရှားနေလို့ ထုတ်ဆိုပြစရာ မလိုတော့ပါဘူး၊ ကိုင်း.... သဘောကျရဲ့လား။

**ဒကာ**။ ။ပြည့်စုံတဲ့ အနေဖြင့် အားရ နှစ်သက် ကျေနပ်လှပါတယ် ဆရာတော်၊ ဓမ္မတဏှာအကြောင်း ကောင်းကောင်း သိကြပါပြီ။

---

## လောကနတ်ဆိုတာ ဘာလဲ ?

**ဒကာ**။ ။ထိုထို ကျောင်း, ဘုရား, စေတီ, အဆောက်အအုံကြီးတွေမှာ ဘုရားဆင်းတု ပုံတော်လိုလို လှပစွာ အဝတ်တန်ဆာ ဆင်ယင်ထားတဲ့ လူမင်းလိုလို နတ်ရုပ် လိုလိုနဲ့ ထုလုပ်

ကိုးကွယ်ထားတဲ့ ပုံတော်ကို (လောကနတ်) အမည် ကမ္ပည်းထိုး ရေးကြတာ တွေ့ရပါတယ်၊ လောကနတ်ဆိုတာ ဘာကို ခေါ်ဆို တာပါလဲ ဆရာတော်။

## လောကနတ် ၂–မျိုး ?

**ဆရာ။** ။လောကနတ်ဆိုတာ မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာ ယာနဂိုဏ်းမှ ဘုရားအလောင်းတော်မြတ် ဗောဓိသတ္တ နတ်သားကို လူများ၏ အားထား ကိုးစားရာ (လောကနာထ) အနေနဲ့ ဆင်းတု ရုပ်တု ပြုလုပ်ကာ ကိုးကွယ်ကြသည်ကို စွဲပြီး ယခု လူတို့က ''လောကနတ်''ဟု ခေါ်ဆိုနေကြတာ ဖြစ်တယ်။

ယင်းသည် ဘုရားဆင်းတုတော် မဟုတ်၊ လောကနာထ–ဆိုတဲ့ ပါဠိစကားမှ "လောကနာထ" လောကနတ်–ခေါ်တွင်သော (အဝ လောကိ ကေသရ ဗောဓိသတ္တ)ပုံ ဖြစ်၍ "မဟာရာဇ သိရီ အနုရုဒ္ဓ ဒေဝ"ဘွဲ့ထူးခံ ပုဂံ အနော်ရထာမင်း လက်ထက်လောက်က စပြီး ရေးသားမှု ရှိခဲ့တာကို ထိုထိုကျောက်စာ အုတ်ခွက်နံရံတို့၌ တွေ့ရှိ ရတယ်၊ သည်ထက် ပိုသိချင်ရင် တခြားလိုက်ပြီး မေးပေတော့။

**ဒကာ။** ။ကျေနပ်လှပါတယ် ဆရာတော်၊ ဒကာကြီးတို့ ဗဟုသုတ ရရေးအတွက် ဆက်လက်မိန့်ကြားပါအုံး ဘုရား။

**ဆရာ။** ။အင်း.... တိဘက်ဘုရား, ကျောင်းဆောင်တွေ အတွင်း၌ တည်ထားကိုးကွယ်တဲ့ ပုံတော်တွေမှန်သမျှ အဲဒီ လောက နာထခေါ်တဲ့ (အဝ လောကိ ကေသရ ဗောဓိသတ္တ) ပုံတွေချည်းပဲ၊ ဗုန္ဒိယနိုင်ငံ ဥရုဝေလတောင် စသည်တို့မှာလဲ တိဘက် ရဟန်းတွေ

နေတာရှိတယ်၊ သူတို့ ဘုရားကျောင်းဆောင်တွေထဲမှာ (လောကနာထ ဗောဓိသတ္တ) လောကနတ်ပုံတွေကို လွယ်လွယ်နဲ့ တွေ့နိုင်ပါတယ်။

## ကဗျာဆရာတို့ လောကနတ်တမျိုး?

အချို့ကဗျာဆရာတို့ကတော့ လောကနတ်သံဟု ခေါ်ဆိုကြတဲ့ မဟာဂီတ (သောင်းလုံးဝေလျှံနှင့် တိမ်မှောင်ဝေကင်း) စတဲ့ သီချင်းကြီးများကို လေ့လာကြကာ လောကဗျူဟာနတ်သားကိုပဲ လောကနတ်ဟု မှတ်ယူ ပြောဆိုကြပြန်တယ်။

သူတို့အဆိုက လောကဗျူဟာ နတ်သားသည် လောကကြီးကို စောင့်ရှောက်ရန် လှည့်လည်လာသောအခါ လက်၌ စည်းစုပ်ကို အမြဲကိုင်၍ လာသည်တဲ့။

တနေ့သောအခါ ဆင်ပျံနှင့် ခြသေ့ပျံတို့ သူတို့၏ အစာဖြစ်သော တိမ်ညွန့် တိမ်သားကို လုကြလျက် အမျက် ထကာ ကိုက်ကြ ထိုးကြ သတ်ကြတယ်။

ယင်းရန်ပွဲကို လောကနတ် မြင်ရ၍ ရန်မီးငြိမ်းအေးရန် သီချင်း သီဆိုလိုက်သောအခါ သာယာအေးမြသော အသံကြောင့် ခြသေ့နှင့် ဆင်ပျံတို့ဟာ အမျက်ဒေါသတွေ မေ့ပျောက်ကာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းကြလျက် ရန်ဘက်မှသည် မိတ်ဆွေဘက်သို့ ရောက်သွားကြတယ်တဲ့။

အဲဒီ အကြောင်းအရာကတော့ သာသနာတော်နဲ့ စပ်ဆိုင်တဲ့ ကျမ်းဂန်များမှာ မတွေ့ရဘူး၊ သာသနာတော် ကျမ်းဂန်တွေကတော့ လောကဗျူဟာနတ်သားဟာ ကမ္ဘာပျက်လုနီးကာလမှာ နီမြန်းသော အဝတ်ကို ဝတ်လျက် စိုစွတ်သော ဆံပင်ဖြင့် ကမ္ဘာကြီး ပျက်လုနီးတဲ့

အကြောင်း လူအပေါင်းတို့ တရားစောင့်ဖို့ အကြောင်းများကို ကြွေးကြော်တဲ့ အကြောင်းလောက်ပဲ ပါတယ်၊ ကဲ....အဲဒါပဲ၊ လောက နတ်ဆိုတာ။

ဒကာ။ ။မှန်ပါ့၊ သည်လို ဗဟုသုတတွေရလို့ ဝမ်းသာပါတယ် ဆရာတော်။

---

## ဘဝအမျိုးမျိုးတွေ ဖြစ်ပျက်နေတာ ဘာ့ကြောင့်လဲ ?

ဒကာ။ ။ဆရာတော်တို့ တရားဟောလိုက်ရင် အနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်ပျက်, မမြဲ, ဆင်းရဲ, အစိုးမရ, ငါမဟုတ် တွေချည်းပဲ၊ အဲဒါတွေဟာ ဘာ့ကြောင့် ဖြစ်ပျက်နေတာလဲ ဆရာတော်၊ ဘယ်သူတွေက ဖန်ဆင်းပေးလိုက်လို့ ရလာတာတွေလဲ ?။

ဆရာ။ ။''ပစ္စယော ဥဒယ ဝယံ'' အကြောင်းရှိလို့ ဖြစ်ပျက်နေတာပေါ့ ဒကာကြီးတို့ရ၊ အကြောင်းမရှိရင် အကျိုး မဖြစ်ဘူးပဲ။

ဒကာ။ ။အကြောင်းရှိလို့ဆိုတာက ဘာတွေ ဘယ်သူတွေ ရှိနေတာပါလဲ ဆရာတော်၊ နည်းနည်းပါးပါး ရှင်းပြပေး ပါလား ဘုရား။

ဆရာ။ ။(၁) အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ, မခိုင်မြဲလို့ ဆင်းရဲတာ ငါ ငါ့ဟာ မဟုတ်တာအမှန်ကို မသိမမြင်အောင် ဖုံးအုပ် ကာကွယ်ပြီး မြဲတယ်၊ ချမ်းသာတယ်၊ ငါ, ငါ့ဟာဟု ထင်မှတ်အောင် ပြုလုပ်နေတဲ့ အဝိဇ္ဇာခေါ်တဲ့ မောဟရယ်။

(၂) အဲဒီဟာတွေကိုပဲ ငါ့ဟာဟု သာယာ, ခင်မင်, လိုချင်, တပ်မက်, ဆာလောင်, စွဲလမ်းနေတဲ့ တဏှာ ဥပါဒါန် ခေါ်တဲ့ လောဘရယ်။

(၃) အဲဒီလို လိုချင်စွဲလမ်းလို့ ရအောင်ပြုလုပ်တဲ့ လောကီကုသိုလ် အကုသိုလ် စေတနာကံတွေရယ်။

အဲဒါဟာ အနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်ပျက်တွေ ပေါ်လာအောင် ပြုလုပ်စီမံပေးနေတဲ့ အကြောင်းအရာတွေပဲ၊ ပုဂ္ဂိုလ်,သတ္တဝါ, တန်ခိုးရှင်က ဖန်ဆင်းပေးတာမဟုတ်ဖူးလို့ ဗုဒ္ဓက ဟောကြားတော်မူတယ်။

**ဒကာ။** ။ဒီလိုဆို လောကီကုသိုလ် အကုသိုလ် စေတနာကံတွေကို မပြုလုပ်ပဲ ရပ်ထားလိုက်ရင် ဖြစ်ပျက်, အနိစ္စ, ဒုက္ခ, အနတ္တနယ်က လွတ်ရောလား ဆရာတော်၊ ဆက်လက်မိန့်ကြားပါအုံးဘုရား။

**ဆရာ။** ။အင်း....အကုသိုလ် စေတနာကံကိုတော့ အပါယ်သွားလမ်းမို့လို့ မပြုလုပ်ပဲ ရပ်နေရမယ်၊ လောကီ ကုသိုလ်ကိုတော့ မပြုလုပ်ပဲ ရပ်မနေရဘူး၊ ပြုရ လုပ်ရမှာပဲ ဖြစ်တယ်။

အဲဒီ လောကီကုသိုလ်ကံ ပြုလုပ်တဲ့အခါမှာ အဝိဇ္ဇာနဲ့ တဏှာ ဥပါဒါန် မပါစေနဲ့၊ ဝဋ္ဋဘဝကို မသာယာနဲ့၊ မတောင့်တ မလိုချင်နဲ့၊ ဘဝရဲ့ မခိုင်မြဲမှု အနိစ္စ, ဆင်းရဲခြင်း ဒုက္ခ, ငါ ငါ့ဟာမဟုတ် ရုပ်နာမ်, ဒုက္ခသစ္စာမျှသာဟု အမှန်သိတဲ့ ဝိဇ္ဇာဉာဏ် ဦးစီးပြီး နိဗ္ဗာန်ကို ဆန္ဒပြုကာ ပြုလုပ်ရမှာဖြစ်တယ်၊ ကဲ....သဘောပေါက်ရဲ့လား၊ အဲဒါ ဝဋ္ဋပြတ် ဉာဏသမ္ပယုတ် လောကီကုသိုလ် ခေါ်တယ်။

**ဒကာ။** ။ဝဋ်ဘဝဆင်းရဲ ဖြစ်ပေါ်လာပုံများကို အကြောင်း ရင်းနှင့် ထုတ်ပြလို့ ကျေနပ်လှပါတယ် ဆရာတော်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟာ ဘဝရဲ့ လက်သည်ပဲကို သိပါပြီ ဆရာတော်။

---

## သတ္တက္ခတ္တုပရမ သောတာပန်မျိုးဟာ ဖြဟ္မာ့ဘုံမှာ ဖြစ်ကောင်းသလား ?

**ဒကာ။** ။ဗြဟ္မာ့ဘုံ ဗြဟ္မာ့လောကမှာ သတ္တက္ခတ္တုပရမသောတာ ပန် ဖြစ်ကောင်း, ရှိကောင်းပါသလား ဆရာတော်၊ အဲဒီ အဘိဓာန်ပုဒ်ရဲ့ အနက်ကိုလဲ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း ...သတ္တက္ခတ္တုပရမသောတာပန်ရဲ့ အနက်အဓိပ္ပါယ် ကို အဘိဓမ္မာ ပုဂ္ဂလပညတ် ပါဠိတော်မှာ....

သော=ထိုသောတာပတ္တိ မဂ်,ဖိုလ် ရသွားသောပုဂ္ဂိုလ်သည်။ ဒေဝေစ=နတ်ပြည်ခြောက်ထပ်, ဘုံဘဝ၌ရင်း၊ မာနုသေစ=လူ့ပြည်ဘုံဘဝ၌ရင်း၊သတ္တက္ခတ္တုံသန္ဓာဝိတ္ဝာ သံသရိတ္ဝာ = ခုနစ်ကြိမ်မျှသာ ဖြစ်လိုက် သေလိုက်, ဖြစ်လိုက် သေလိုက်နဲ့ လှည့်လည်ပြီး၍၊ ဒုက္ခဿန္တံ ကရောတိ=ဖြစ်ခြင်း သေခြင်း ဆင်းရဲအဆုံးကို ပြုကာ အမြဲငြိမ်း အေးရာ နိဗ္ဗာန်ချမ်းသာကို ရယူသွား၏၊အယံ သတ္တက္ခတ္တု ပရမ သောတာပန္နော = သောတာပန် ဘဝနဲ့ ခုနစ်ကြိမ် ထက် ပိုမနေပဲ အဲဒါဟာ သတ္တက္ခတ္တုပရမသောတာ ပန်ပဲတဲ့။

အဲဒီလို ယင်း သောတာပန်မျိုး ဖြစ်ရာဌာနကို လူ့ဘုံ, နတ်ပြည် ခြောက်ထပ်, ကာမသုဂတိ ခုနစ်ဘုံကိုသာ ပြဆိုထားလို့ ဗြဟ္မာ့ဘုံ လောက မပါသောကြောင့် ဗြဟ္မာ့ဘုံမှာ သတ္တက္ခတ္တုပရမ သောတာ ပန်မျိုး မရှိကောင်း, မဖြစ်ကောင်းဘူးလို့ တချက်ပြတ်နဲ့ မှတ် ပေတော့။

## သောတာပန် လေးပါး?

**ဒကာ**။ ။ဒီလိုဆိုရင် သောတာပန်ဟာ သောတာပန်ဘဝနဲ့ ခုနစ် ကြိမ် ခုနစ်ဘဝထက်ပိုမနေရတော့ဘူးလား ဆရာတော်။

**ဆရာ**။ ။အင်း...သောတာပန် ပုဂ္ဂိုလ်က ဟောဒီ လေးမျိုးသာ ရှိတာ ဒကာကြီးတို့ရ၊ ဒီလေးမျိုးထက် ပိုမရှိဘူး။

၁။ သတ္တက္ခတ္တုပရမ သောတာပန်က လူနတ်ဘဝမှာ ခုနစ် ကြိမ်သာဖြစ်ပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံတာပဲ။

၂။ ကောလံကောလသောတာပန်က လူနတ်ဘဝနဲ့ နှစ်ဘဝမှ ခြောက်ဘဝအထိ နေပြီး ရဟန္တာဖြစ်တာပဲ။

၃။ ဧက ဗီဇီ သောတာပန်ကတော့ လူနတ်ဘဝနဲ့ တကြိမ် သာနေပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန် ဝင်စံတာပဲ။

၄။ သောတာပန် ရိုးရိုးကတော့ သုဒ္ဓါဝါသဘုံ ချန်ထားပြီး ကျန်တဲ့ ဘုံဘဝတွေမှာ နေချင်သလောက် အကြိမ်ကြိမ် ဘုံစဉ်စံပြီး နေနိုင်ကြတယ်၊ ဘဝများစွာ ဖြစ်နိုင်တယ် နေနိုင်တယ်လို့ မှတ်ရမည်၊ ဝိသာခါတို့ အနာထပိဏ်တို့ လိုပေါ့။

သတ္တက္ခတ္တုံ ပရမ သောတာပန္န - ပါဠိရဲ့ ဆိုလိုရင်းက ''ကာမ သုဂတိဆုံမှာ'' သောတာပန်ဘဝနဲ့ ခုနစ်ကြိမ် ခုနစ်ခါ ခုနစ်ဘဝဟာ အလွန်ဆုံးပဲ တဲ့၊ ဒီထက်ပိုပြီး မနေတော့ဘူး၊ ခုနစ်ဘဝမြောက်မှာ အထက်မဂ်သုံးပါးကို ရကာ ရဟန္တာ ဖြစ်သွားရတယ်လို့ ဆိုတယ်၊ ကဲ....ရှင်းပြီလား။

ဒကာ။ ။သောတာပန်ရိုးရိုး ဘုံစဉ်စံဟာ ဖြစ်ချင်တိုင်း ဘဝ များစွာ ဖြစ်နိုင်တာကို ခုမှပဲ ရှင်းလင်းကျေနပ်တော့ တယ် ဆရာတော်၊ ဒကာကြီးတို့ နောက်တချက် ဆက်မေးပါရစေ ခွင့်ပြုပါသလား ဆရာတော်။

## သတ္တက္ခတ္တုံ ပရမ သကဒါဂါမ် ရှိကောင်းသလော ?

ဆရာ။ ။မေးစရာအချက်ရှိရင် မေးသာမေးပါ သိသလောက် ဖြေပေးရမှာပေါ့၊ ဘာသာရေးနဲ့ အမေးအမြန်းထူရင် ကောင်းတယ်။

ဒကာ။ ။သတ္တက္ခတ္တုံ ပရမ သကဒါဂါမ်တို့, သတ္တက္ခတ္တုံ ပရမ အနာဂါမ်တို့ကော မရှိကောင်းဘူးလား ဆရာတော်။

ဆရာ။ ။သတ္တက္ခတ္တုံ ပရမ သကဒါဂါမ်ရယ်လို့ ပိဋကတော် စာပေမှာ မလာ မရှိဘူး၊ အနာဂါမ်ပုဂ္ဂိုလ်ကလဲ အနာ ဂါမ်ဘဝနဲ့ ခြောက်ကြိမ် ခြောက်ဘဝထက် ပိုပြီးမနေရဘူး၊ ကြံကြံ ဖန်ဖန် မေးသကိုး၊အင်း....ကောင်းတယ် ကောင်းတယ်၊မေးသာမေး။

သုဓမ္မဝတီ (က) ၁၀၄-၂၃

## လူ့အနာဂါမ်သည် ခြောက်ကြိမ် ခြောက်ဘဝထက် ပိုမနေရဘူးလော ?

**ဒကာ**။ ။ဆရာတော်က မေးဖို့ ခွင့်ပေးလို့ မေးရတာပါ ဘုရား၊ ကျေးနပ်လှပါတယ် ဆရာတော်၊အနာဂါမ်က ဘာဖြစ်လို့ ခြောက်ကြိမ် ခြောက်ဘဝထက် ပိုမနေရတာပါလဲ ရှင်းပြပါအုံးဘုရား။

**ဆရာ**။ ။အနာဂါမ်ပုဂ္ဂိုလ်များသာ သွားရောက်နေထိုင် ခံစားရတဲ့ အနာဂါမ်ပိုင် ငါးဘုံရှိတယ်၊ အဲဒါကို သုဒ္ဓါဝါသ ငါးဘုံလို့ ခေါ်တယ်။

အနာဂါမိမင်္ဂကို ရသွားသူဟာ သူရတဲ့ ဘုံဘဝမှာ တကြိမ်ဖြစ်ပြီး၊ အဲဒီက စုတိကျသွားရင် အနာဂါမ်ဖြဟ္မာများသာ ပိုင်ဆိုင်တဲ့ သုဒ္ဓါဝါသ ငါးဘုံမှာ ငါးဘဝထက် ပိုမနေရလို့ ခြောက်ဘဝထက် ပိုမနေရတာပဲ ဖြစ်တယ်၊ ကဲ...ရှင်းရဲ့လား။

**ဒကာ**။ ။လူ အနာဂါမ် တဘဝ၊ ဗြဟ္မာ အနာဂါမ် ငါးဘဝ၊ ပေါင်း (၆) ဘဝ၊ ကျေးနပ်လှပါတယ် ဆရာတော်၊ ရှင်းလင်းပါပြီ ဘုရား။

---

## ဒါန, သီလသည် မဂ္ဂင်ရှစ်ပါးထဲ မပါဝင်ဘူးလား ?

**ဒကာ**။ ။ယခုလူတို့ ပေးလှူတဲ့ ဒါန၊ ဆောက်တည်တဲ့ သီလ ကုသိုလ်တွေဟာ မဂ္ဂင်ရှစ်ပါးထဲ မဝင်ဘူးလိုလို ပြောဆို နေကြတာ မှန်ပါသလား ဆရာတော်၊ သူတို့အဆိုက ဝိပဿနာ ဘာဝနာကုသိုလ်ကမှ မဂ္ဂင်ထဲဝင်သလိုလိုပဲ၊ အဲဒါ အဖြေပေးပါအုံး ဘုရား။

ဆရာ။ ။အင်း....ဆင်ခြင် စဉ်းစားဉာဏ်နှင့် ပြုလုပ်သွားတတ်ရင် မဂ္ဂင်ထဲ ပါဝင်နိုင်ပါတယ်လေ၊ ကိုယ်ပိုင်ဉာဏ်ပေါ်မှာ မဂ္ဂင်တရားဟာ တည်နေတာပါ၊ဒါနသီလကို မပယ်ကောင်းဘူးနော်။

ဒကာ။ ။သည်လိုဆိုရင် ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ရပုံများကို မိန့်ကြားပါအုံး ဆရာတော်။

ဆရာ။ ။မပေးလှူခင် "သီလေ ပတိဋ္ဌာယ" သီလမဂ္ဂင် သုံးပါးအခင်းပေါ်မှာ ရပ်တည်ပြီး ထိုင်ပြီးတော့ "သီလေန တေဇေတွာ" သီလနဲ့ မိမိကို အရောင်အသွေး တင်ပြီးတော့မှ ဤနည်း ဤပုံ ဆင်ခြင်ရမယ် ဒကာကြီးတို့ရဲ့၊ ဆင်ခြင်ပုံနည်းကိုလဲ စိတ်ဝင်စားစွာနဲ့ သေသေချာချာ မှတ်ပါ၊ ဉာဏ်နားနဲ့မိအောင် ထောင်ဖမ်းပါ။

ငါသည် ဤမည် ဤမည်သော အလှူခံတို့အား ဤသို့ ဤသို့သော လှူဖွယ်ပစ္စည်းတို့ကို ပေးကမ်းလှူဒါန်းတော့မည်၊ ပေးကမ်းလှူဒါန်းရပြီ၊ စွန့်လွှတ်ရပေပြီ၊ ယင်းမှာ အရိယာသူတော်စင်တို့၏ အလေ့အကျင့် ဖြစ်သည်၊ ငါသည် အရိယာသူမြတ်တို့၏ အလေ့အကျင့်ကို လိုက်၍ ပြုခဲ့၏၊ ပြုခဲ့ရပြီ၊ ငမ်းသာလေစွ။

ငါသည် ပေးလှူလိုက်သောပစ္စည်းအပေါ်၌ တပ်မက်ခြင်းကင်း၏၊ ယင်းပစ္စည်းကို မစွန့်လွှတ်နိုင်ခြင်း လောဘ တဏှာ အတားအဆီးမရှိ၊ အစွဲအမြဲ အပိတ်အပင် ဥပါဒါန်မှ ကင်းစင်၏၊ ယင်းဒါနအတွက် ရသင့်ရထိုက်သော လောကအကျိုးကို မတောင့်တ၊ ဘဝချမ်းသာကို မလိုလား၊ အဝိဇ္ဇာ တဏှာ မူလ အရင်းအမြစ်ပြတ် စွန့်လွှတ်လိုက်၏။

ငါသည် ဘုရား တရား သံဃာ သရဏဂုံသုံးပါး၌ မတုန်မလှုပ် ယုံကြည်ကာ သီလ၌တည်လျက် ပေးလှူခြင်း၊ ဒါနလက္ခဏာကို အပြည့်အစုံထားကာ ပေးစွန့် လှူဒါန်း၏၊ လှူဖွယ်ဝတ္ထုကို ခံယူရရှိသူမှာ

လိုလားနှစ်ခြိုက်သလို ၎င်းကို စွန့်လွှတ်ရမှုအတွက် ငါ့စိတ် ကြည်သာ နှစ်ခြိုက်၏၊ ငါ၏ ပေးလှူမှုသည် အတိုင်းမသိ ကြေးထိုက်၏၊ လူ နတ် ပြဟ္မာ စည်းစိမ်ချမ်းသာ ကုဋေများစွာ တန်ဖိုးရှိ၏။

သို့သော် လောကအကျိုး ဘဝအကျိုးကို မကိုးစားသော ဒါန အကျိုးကား အဖိုး အတိုင်းမသိ ထိုက်တန်၏၊ အရိယာမဂ္ဂင်ထဲ အားလုံးဝင်၏၊ ထို အို နာ သေ ဆင်းရဲကား လိုလား တပ်မက်မှု တဏှာ ဥပါဒါန်ကိုသာ မှီ၍ဖြစ်၏၊ယင်း တပ်မက်စွဲလမ်းမှု အားလုံးကို ငါသည် စွန့်လွှတ်၍ ပေးလှူ၏၊ ထို့ကြောင့် ငါ၏ ဒါန,သီလသည်....

၁။ မှန်ကန်စွာ ရှုမြင်မှု ဟူသော သမ္မာဒိဋ္ဌိ မဂ္ဂင်နှင့်လဲ ပြည့်စုံ၏။

၂။ မှန်ကန်စွာ ကြံစည်ဆင်ခြင်ခြင်းဟူသော သမ္မာသင်္ကပ္ပ မဂ္ဂင်နှင့်လဲ ပြည့်စုံ၏၊ ဤ ပညာမဂ္ဂင် နှစ်ပါးနှင့်လည်း ပြည့်စုံနေပြီ။

၃။ ကာယဒုစရိုက်သုံးပါး မမှားမိအောင် စောင့်ထိန်းခြင်း။

၄။ ဝစီဒုစရိုက်လေးပါး မပြောကြားမိအောင် စောင့် ထိန်းခြင်း။

၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်းမှ စောင့်ထိန်း ခြင်း၊ ဤ သီလမဂ္ဂင်သုံးပါးနှင့်လည်း ပြည့်စုံ၏။

၆။ ယင်းသီလကို အခြေခံတည်ကာ မှန်ကန်စွာ ကြိုးစားမှု ဇွဲ လုံ့လ စိုက်ခြင်း သမ္မာဝါယာမ မဂ္ဂင်နှင့်လည်း ပြည့်စုံ၏။

၇။ ယင်း ဒါန, သီလတို့၌ မမေ့မလျော့ရအောင် အောက်မေ့ခြင်း သမ္မာသတိမဂ္ဂင်နှင့်လည်း ပြည့်စုံ၏။

၈။ ယင်းတို့၌ စိတ်ထားတည်တံ့ ဆိတ်ငြိမ်မှု သမ္မာသမာဓိမဂ္ဂင်နှင့်လည်း ပြည့်စုံ၏၊ ပြီးစေ၏။

ဤ သမာဓိမဂ္ဂင် သုံးပါးနှင့်လဲ ပြည့်စုံလျက်ပဲလို့ အဲဒီလို ဉာဏ်ပညာနဲ့ ဆင်ခြင်စဉ်းစားပြီး ပြုလုပ်သွားရင် မဂ္ဂင်ရှစ်ပါးထဲကို မိမိတို့ရဲ့ ဒါနနဲ့ သီလဟာ ဝင်သွားတာပေါ့၊ ကဲ...ရှင်းပြီလား၊ ဘာများ စောဒနာ ချင်သေးလဲ?။

ဒကာ။ ။ကောင်းလိုက်တဲ့ အဖြေပါပဲ ဆရာတော်၊ ဒါနရှင်တိုင်း သည်လို ဆင်ခြင်မှု ရှိ,မရှိ သတိပြုစရာ တခု အနေနဲ့ လိုရန်ကော ဘုရား၊ ဒါနပြုတိုင်း သည်လိုဆင်ခြင်ပါ့မယ် ဆရာတော်။

---

## ဝုဋ္ဌာနဂါမိနီ ဉာဏ်ပညာဆိုတာ ဘယ်လို ဉာဏ်ပညာမျိုးလဲ ?

ဒကာ။ ။ဝုဋ္ဌာနဂါမိနီဉာဏ်,ဝုဋ္ဌာနဂါမိနီပညာဆိုတာ ဘယ်အခါမျိုးမှာဖြစ်ပေါ်လျက် ဘယ်နေရာဌာနမျိုးမှာ အသုံးပြုခေါ်ဝေါ်တာပါလဲ ဆရာတော်၊ ယင်း....အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကိုလဲ သိပါရစေ ဘုရား။

ဆရာ။ ။ ရှာရှာဖွေဖွေ ဘယ်မှာ တွေ့ဘူး ကြားဘူးလို့ ဒီ ဝုဋ္ဌာနဂါမိနီ,ကို မေးရတာလဲ၊ တော်တော် အမေး အမြန်းထူတဲ့ ဒကာကြီးပဲ၊ ဒီ ဉာဏ်က အသိရ ခက်တယ်၊ တော်တော်လဲ သိမ်မွေ့ နက်နဲတယ်။

ကိုင်း....နားထောင် မှတ်သားပေတော့၊ ဝုဋ္ဌာနဂါမိနီ– ဆိုတာ ''ထမြောက် အောင်မြင်ခြင်း အနက်သဘောကို ဆိုတယ်'' ဥပမာ-လူ့ ဘဝကထပြီး ရဟန်းဘဝသို့ ရရောက် ထမြောက်သွားခြင်းမျိုးလို၊ ရုပ် နာမ်တို့ ဖြစ်ပျက်မှု ဥဒယဗ္ဗယ ဉာဏ်က နေပြီး ဉာဏ်စဉ်တွေ တက် တက်သွားကာ သင်္ခါရုပေက္ခာဉာဏ်က အနုလောမဉာဏ် မဂ်ဆိုက် ဖိုလ် ဝင် အရောက် ထမြောက်သွားတာမျိုးကိုပင် မှတ်ယူရမည်၊ သဘော ကျရဲ့လား၊ ခက်တယ်နော် ဒကာကြီးတို့။

ဒကာ။ ။ဒါလောက်နဲ့ ဒကာကြီးတို့ သဘောမပေါက်သေးပါဘူး ဆရာတော်၊ အနည်းငယ်ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။အင်း....ဒီနေရာမှာ ဝိပဿနာ ဉာဏ်စဉ်သဘောနဲ့ ပြောပြ ရရင် ဝိပဿနာတရား ပွားများ ရှုမှတ်နေတဲ့ ယောဂီဟာ ရုပ် နာမ်ဓမ္မတို့ရဲ့ အနိစ္စလက္ခဏာ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်မှု သဘောတွေကိုသာ သိမြင်တဲ့ ဥဒယဗ္ဗယ ဉာဏ်က နေပြီး ဉာဏ်စဉ် တွေ တက်တက်သွားကာ နောက်ဆုံးမှာ ရုပ်နာမ်တို့ဖြစ်ပျက်မှု သင်္ခါရ အာရုံတွေကို အထူး အားထုတ် ကြောင့်ကြ မစိုက်ရတော့ပဲ အလိုက် သင့် သက်တောင့် သက်သာစွာ ဝီရိယနဲ့ သမာဓိ ပညာတို့ အညီအမျှ ရှုမှတ် သိမြင်နေတဲ့ သင်္ခါရုပေက္ခာဉာဏ်အပိုင်းကို ရောက်လာတယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်က အရှိန်ရပြီး အထူးတလည် ရင့်ကျက် ပြည့်စုံလာတဲ့အခါ မှတ်ဉာဏ်တွေက ပြောမပြ နိုင်လောက်အောင် သွက်လက် လျင်မြန်လာတယ်၊ ရုပ်နာမ်ဓမ္မတို့ လျင်လျင်မြန်မြန် ဖြစ် ပျက် သွားနေတာကို ယောဂီရဲ့ မှတ်ဉာဏ်သိမှုကလဲ လျင်မြန် သွက် လက်စွာနဲ့ လစ်လပ် ကြွင်းကျန်မှုမရှိပဲ သိမှတ်နေနိုင်တော့တယ်။

ယင်းရဲ့ အရှေ့မှာ မဂ်ဉာဏ်ကိုရောက်အောင် တက်စရာ ပေါင်းကူး လှေကားကြီးကလဲ တထစ်ပဲ ကျန်တော့တယ်၊ အဲဒီ လှေကားထစ်က အနုလောမဉာဏ်ပဲ၊အဲဒီ အနုလောမ ဉာဏ်က နေပြီး မဂ်ဉာဏ်ရောက် အောင် အရှိန် အဟုန် ပြင်းထန်သွက်လက် လျင်မြန်စွာနဲ့ မှတ်ရှုသိမြင် တွန်းတင်ပေးနေတဲ့ အသိဉာဏ် အထူးကို "ဝုဋ္ဌာနဂါမိနီ" ခေါ်တဲ့ ဝိပဿနာဉာဏ်တမျိုးပဲလို့ မှတ်ပေတော့။

**ဒကာ။** ။သည့်လိုဆိုရင် ဝုဋ္ဌာနဂါမိနီဉာဏ်ဆိုတာ သင်္ခါရုပေက္ခာ ဉာဏ်ပဲလား ဆရာတော်။

**ဆရာ။** ။အင်း.... သင်္ခါရုပေက္ခာဉာဏ် သက်သက်တော့လဲ မဟုတ် သေးဘူး၊ သင်္ခါရုပေက္ခာ ဉာဏ်အစွန် အဖျားကလေးနဲ့၊ အနုလောမဉာဏ်စွမ်းအင် နှစ်ပါးထဲမှာ ပါဝင်တဲ့ ရုပ်နာမ်တို့ ချုပ်ငြိမ်း ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအံ့ဆဲဆဲ ရား ဒါး ဒီး ကလေးမှာ ရှိနေတဲ့ ဉာဏ်တမျိုးကို "ဝုဋ္ဌာနဂါမိနီ" ခေါ်တယ်လို့ မှတ်ပေါ့၊ ဒီနေရာမှာ ဝီထိစိတ်နဲ့ ပြောပြရင် ဂေါတြဘူ·က ဝုဋ္ဌာန၊ မဂ်စိတ်က ဂါမိနီ၊ ဂေါတြဘူအဆုံးနဲ့ မဂ်စိတ်အစကို ယူရမည်၊ ကဲ.... မကျေနပ်သေးရင် စာတတ် ပေတတ် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးတွေထံ ချဉ်းကပ် မေးမြန်းအုံးလေ၊လွယ်တဲ့ကိစ္စမဟုတ်ဘူးနော်၊ဒီကတော့ ဒါလောက်ပဲ ဖြေတတ်တယ်။

**ဒကာ။** ။ဒါလောက် ခက်ခဲ နက်နဲ သိမ်မွေ့တဲ့ တရားသဘောကို ဒါလောက် သိရတာ အထူးပဲ ကျေးဇူးတင် ဝမ်းသာ လှပါပြီ၊ နောက်အခါများမှပဲ အေးအေးဆေးဆေးနဲ့ ဆွေးနွေးမေး မြန်းပါရစေ ဆရာတော်၊ ဂေါတြဘူဆိုတာလဲ ခုမှပဲ ကြားဘူးတာပါ ဆရာတော်။

## ကြည်လင်တောက်ပနေတဲ့ စိတ်မနောကို သူ့အတိုင်း ထားလို့ ရပါသလော?

**ဒကာ။** ။အချို့သော ဓမ္မကထိကတွေက ''ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ'' ရဟန်းတို့ ဤစိတ်ခေါ်သော မနောဝိညာဏ်သည် ဖြူစင်တောက်ပသော သဘောရှိ၏၊ ထို့ကြောင့် စိတ်ကို စိတ်အတိုင်း ထားရမည်၊ သူ့သက်သက်တိုင်း ထားကြဟု ဟောကြားနေရာ၊ တချို့ကလဲ အဲဒီတရားဟာ မမှန်ဘူး၊ စိတ်ဟာ အရိုင်းသဘောကို ဆောင်သည်၊ ''စိတ္တံ ဒန္တံ သုခါဝဟံ'' စိတ်ကို ယဉ်ကျေးအောင်ဆုံးမ ပေးရမည်-ဟု ဟောပြောကြ ပြန်ပါတယ်၊ တပည့်တော်တို့အမှန်သိရအောင် အမှန်တရားကို ဖြေကြားပေးပါအုံး ဆရာတော်၊ စိတ်ကို စိတ်အတိုင်းထားလို့ ရတယ်, မရဘူးဆိုတာ အရေးကြီးလွန်းလို့ပါ ဘုရား။

**ဆရာ။** ။အင်း....အဘိဓမ္မာကျမ်းလာအတိုင်း ပြောပြမယ် နော်၊ စိတ်ဝိညာဏ်ရဲ့ သဘာဝက သူ့ပင်ကို ဖြူစင်တောက်ပနေတာတော့ အမှန်ပဲ၊ စိတ်ဝိညာဏ် သက်သက်၏ မူလသဘာဝကို ပြောတာနော်။

ဒါပေမင့် အဲဒီ စိတ်ဝိညာဏ်ဟာ သူ့ချည်းသက်သက် ဘယ်တော့မှ မဖြစ်ကောင်းဘူး၊ ယင်းနဲ့ သဟဇာတ သမ္ပယုတ္တ အတူဖြစ်ဖက် ယှဉ်ဖက်ဖြစ်ကြတဲ့ ဖဿ, ဝေဒနာ, သညာ, စေတနာစတဲ့ နာမ်ကံစေတသိက်တွေရဲ့ အဖော်သဟဲ တွဲဖက် ကိလေသဝဋ် ကမ္မဝဋ်ခေါ်တဲ့ အရှိတရားများက ထင်ရှားနေတော့ ပေါ်လာတဲ့ ဝိပါကဝဋ် အာရုံတွေကို ကပ်ငြိ သာယာ စွဲလမ်းမှုသဘော, ထိုထိုအာရုံသို့ အမှားသက်ဝင်ခြင်းသဘော စတဲ့ မင်ခိုး, မြူမှုန်, အဖျက်အဆီးဖြစ်တဲ့

လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိတို့ မာနနဲ့ ဝိစိကိစ္ဆာတို့က ပကတိ သန့်ရှင်း ဖြူစင် ကြည်လင် တောက်ပနေတဲ့ စိတ်ဝိညာဏ်ကလေးကို ဝင်ရောက်ပေါင်းစပ် လွှမ်းမိုးကာ မဲမှောင် ညစ်နွမ်း ပေကျံစေတော့ တာပဲတဲ့။

ဒါကြောင့် မြတ်ဘုရားက "ပါပသ္မိံ ရမတိ မနော" စိတ် မနောဟာ ဥပါဒါန်၏ အာရုံငါးပါး ကာမဂုဏ်အညစ်တရားထဲမှာ သာ နစ်မျောမွေ့လျော် ပျော်ပါးနေလေ့ရှိတယ်လို့ ဟောကြားခဲ့တာ ပေါ့၊ စိတ်ကို စိတ်အတိုင်းထားရင် အာရုံငါးပါး ကာမဂုဏ်တရား များထဲမှာချည်း နေမှာပဲ ဒကာကြီးတို့၊ ဒီ စိတ်တရားဟာ အမေး အများဆုံးပဲ၊ ကဲ... သဘောကျရဲ့လား၊ ဘာတွေများ စောဒကတက် အုံးမှာလဲ၊ ခဏနေအုံး ပြောပြအုံးမယ်။

စိတ်ဟာ ဘယ်သောခါမှ သူ့ချည်း သက်သက် မဖြစ်ဘူး၊ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ စတဲ့ ယှဉ်ဖက် စေတသိက်တရားတွေနဲ့သာ များသောအားဖြင့် အတူဖြစ် ပေါ်ပြီး အတူတူ ချုပ်ပျက် သွားကြတာပဲ၊ စိတ်ချည်းသက်သက် မဖြစ်ကောင်းဘူး။

**ဒကာ**။ ။အသိဉာဏ် မရှင်းသေးပါဘူး ဆရာတော်၊ ကိလေသ ဝဋ္ဋ, ကမ္မဝဋ္ဋတွေ သဟဇာတ သမ္ပယုတ္တတွေနဲ့ နက်နဲ ရှုပ်ထွေးနေပါတယ်၊ ဒကာကြီးတို့ ဉာဏ်နားနဲ့ သင့်တန့်တဲ့ စကား ပုဒ်တွေနဲ့ ထပ်ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။ကိုင်း .. ဒကာကြီးတို့ကို မေးမည်၊ မှန်မှန်ဖြေကြားပါ၊ ဒကာကြီးတို့ရဲ့ အသိစိတ် မနောဟာ ကိုယ့် သား, မယား,ပစ္စည်း ဥစ္စာ,ရေဒီယို, ကက်ဆက်, မိုတိုကားစတဲ့ စားသောက်

စရာ ခံစား ပျော်စံရာ အပြည့်အစုံရှိနေတဲ့ မိမိအိမ်မှာနေရတာနဲ့ အခု ဘုန်းကြီးကျောင်းမှာ လာနေရတာနဲ့ ဘယ်မှာ ပျော်ပိုက် မွေ့လျော်သလဲ မှန်မှန်ပြောပါ။

**ဒကာ။** ။ဒကာကြီးရဲ့ စိတ်အသိဟာ ကိုယ့်သားမယား ကိုယ့်အိမ်တိုက်တာ ပစ္စည်းဥစ္စာ ကာမဂုဏ်အာရုံရှိတဲ့ နေရာမှာသာ ပျော်ပျော်ပါးပါးနဲ့ နေချင်တာပါပဲ ဆရာတော်၊ ခုလဲ ဆရာတော်နဲ့ တရားစကား ပြောရင်းပေတဲ့ တပည့်တော်ရဲ့ စိတ်မနောက ကိုယ့်သားမယားဆီကိုသာ မကြာ မကြာ ရောက် ရောက် သိ သိ နေတာပါပဲ၊ ဆရာတော်ရဲ့ ကျောင်းမှာ ကိုယ်ကသာ နေတာပါ၊ **စိတ်ကတော့** အိမ်ပြန်ရောက်နေတာ များပါတယ်။

**ဆရာ။** ။အဲဒီ ကိုယ့်သားမယား အိုးအိမ် ပစ္စည်းဥစ္စာ ကာမဂုဏ်အာရုံတွေကို ငါ့ဟာ ငါ့ဥစ္စာအဖြစ် ဥပါဒါန် အစွဲနဲ့ သိ သိ ဖြစ်ဖြစ်နေတဲ့ စိတ်မနောကံတွေဟာ ဆိုးဝါးယုတ်မာ မဲမှောင်ညစ်နွမ်းကြတဲ့ အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိတို့နဲ့ အတူဖြစ်ပေါ်လာတဲ့ စိတ်တွေသာမို့ ဒကာကြီးတို့ရဲ့ ငါ့သား ငါ့မယား ငါ့ဟာဆိုတဲ့ အသိစိတ် မနောတွေဟာ မသန့်ရှင်း မထွန်းလင်းနိုင်တော့ဘူး၊ အကုသိုလ်စိတ်တွေ ဖြစ်နေတော့တယ်၊ မဲမှောင်ကုန်ပြီ၊ ရိုင်းစိုင်းကုန်ပြီ၊ လောဘ, ဒေါသ, မောဟတွေနဲ့ ဗွက်ပေါက်ကုန်ပြီ၊ စိုးရိမ်ပူဆွေး ရှုပ်ထွေးကုန်ပြီ။

အဲဒါကြောင့် မြတ်စွာဘုရားက စိတ်ကို သူ့အတိုင်းမထားကြနဲ့ စိတ်ဟာ မူလပကတိ ကြည်လင်တောက်ပမှု ရှိပေတဲ့ သူ့ချည်းသက်သက် ဖြစ်လေ့မရှိဘူး၊သူနဲ့တွဲဖက်တင့်တယ်ကောင်းမြတ်တဲ့ သောဘဏ စေတသိက်မျိုးတွေ၊ ဆိုးဝါးမည်းနက်တဲ့ **အသောဘဏစေတသိက်**

မျိုးတွေနဲ့သာ ဖြစ်လေ့ရှိတာကြောင့် မကောင်းဆိုးဝါး မိုက်မဲတဲ့ အကုသိုလ်စေတသိက်တွေနဲ့ မတွဲမဖက် မယှဉ်စပ်ရအောင် ရှောင်ကြဉ်ကြပြီး စိတ်ကိုယဉ်ကျေးအောင် ဆုံးမပေးကြလို့ ဟောကြားခဲ့တာပဲ၊ ကဲ....အသိဉာဏ်ရှင်းရဲ့လား ဒကာကြီးတို့။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ စိတ်ကို စိတ်အတိုင်းသာထားရင် စိတ်ရဲ့အကြိုက်ဖြစ်တဲ့ ဒီ သားမယား စည်းစိမ်ဉစ္စာတွေထဲမှာသာ ဝဲလည်နေမှာပဲ ဆရာတော်၊ ကမ္မဋ္ဌာန်းရိပ်သာကို ရောက်တော့မှာ မဟုတ်ဘူး၊ ဒါနဲ့များ စိတ်အတိုင်းထားလို့ ဟောကြားတဲ့ လူများ ရှိသေးသကို။

## ပရမတ္ထတရားများဟာ ထင်ရှားရှိနေပါလျက် ဘာကြောင့် သုညဟု တွက်ယူ ခေါ်ဆိုပါသနည်း ?

ဒကာ။ ။ပရမတ္ထတရားများဟာ မဖောက်မပြန် မှန်ကန်စွာ ထင်ထင် ရှားရှား ရှိနေသော ပရမတ္ထသစ္စာများသာ ဖြစ်ပါလျက် ဘာကြောင့် သုည သုညဟု ပြောဟောကာ သုညတရားထဲ ထည့်သွင်းကြပါသလဲ ဆရာတော်။

ဆရာ။ ။အင်း....ပရမတ္ထတရားများဆိုတာက ဘယ်နှစ်ပါးရှိသလဲ၊ ဘယ်ဟာတွေလဲ၊ ဘာကြောင့် ပရမတ်လို့ ခေါ်တာလဲ သိရင် ဖြေပါ။

ဒကာ။ ။ပရမတ္ထတရားက လေးပါး ရှိပါတယ်၊ (၁) စိတ်၊ (၂) စေတသိက်၊ (၃) ရုပ်၊ (၄) နိဗ္ဗာန်ပါ ဆရာတော်။

သူတို့ဟာ သဘာဝအားဖြင့် မပေါက်မပြန် မှန်ကန်စွာ ရှိနေကြတယ်၊ ဒါကြောင့် ပရမတ် ခေါ်တယ်လို့ သိရပါတယ် ဆရာတော်။

**ဆရာ။** ။ပရမတ္ထတရား ၄-ပါး၊ သို့မဟုတ် ပရမတ္ထသစ္စာ-ဆိုတာ ပုံပန်း သဏ္ဌာန်အားဖြင့်ရင်း၊ အမာခံ, အစိုင်အခဲ အစုအပုံအားဖြင့်ရင်း ကိုင်ဆွဲ၍ မပြနိုင်တဲ့ အရှိသဘောမျှသာ ဖြစ်သောကြောင့်ရင်း "သုည" လို့ ခေါ်ဝေါ်ဟောကြားကြတယ် ဒကာကြီးတို့၊ အဲဒါပဲ၊ ကဲ....ရှင်းရဲ့လား။

**ဒကာ။** ။ဆရာတော်ရဲ့ ရှင်းပြချက် အဖြေကို သဘောမပေါက်မရှင်းလင်းဘူး ဆရာတော်၊ ထင်ရှားရှိနေတဲ့ တရားကို ဘာ့ကြောင့် "သုည" ခေါ်သလဲ၊ ဒကာကြီးတို့ နားလည်သဘောပေါက်အောင် ရှင်းပြပါအုံး ဘုရား၊ သုည ဆိုတာက ဘာမျှမရှိတဲ့ ဥစ္စာပဲဟာ။

**ဆရာ။** ။ဒကာကြီးတို့ ဂဏန်းသင်္ချာတွက်တဲ့အခါ တကမ္ဘာလုံးက ခေါ်ဝေါ်နေကြတဲ့ သုညဟာ အရေအတွက်သင်္ချာမှ ကင်းဆိတ်ကာ နေသော်လည်း မိမိသဘောအားဖြင့်တော့ သုညအနေနဲ့ ထင်ရှားတည်ရှိ မနေဘူးလား၊ ဒကာကြီးတို့ ဖြေပါ။

**ဒကာ။** ။ကမ္ဘာသားအားလုံးတို့ ခေါ်ဝေါ်နေတဲ့ သုညဟာ ၁-၂-၃-၄-အရေအတွက်အားဖြင့်မရပေမင့် အရှိသဘောအားဖြင့်တော့ တစုံတခုသော ဂဏန်းနောက်က သူဝင်လာရင် တိကျတဲ့ ဆယ်, ရာ, ထောင်, သောင်း, သိန်း အဖြစ်နဲ့ ထင်ရှားရှိနေတာပဲ ဆရာတော်။

**ဆရာ။** ။ကဲ.... နားထောင် မှတ်သားပေတော့၊ ဒကာကြီးတို့ သဘောပေါက် ရှင်းလင်းအောင် ဖြေကြားပေးလိုက်

မည်၊ ဂဏန်းတွက်ရာမှာ တကမ္ဘာလုံးက အသုံးပြုနေကြတဲ့ သုညဟာ အရေအတွက်အားဖြင့် ကင်းဆိတ်နေပေမင့် သုညအနေအားဖြင့်တော့ ထင်ရှားတည်ရှိနေသလို၊ ပရမတ္ထတရားလေးပါးခေါ်တဲ့ ပရမတ္ထသစ္စာများဟာလဲ မိမိတို့သဘောလက္ခဏာအားဖြင့် ထင်ထင်ရှားရှားကြီး ရှိနေကြသော်လည်း လက်ညှိုး ထိုးပြစရာ ပုံပန်း သဏ္ဍာန် ဟူသော ပညတ်မှ ကင်းဆိတ်ခြင်း၊ ကိုင်ဆွဲပြစရာ အမာခံ အစိုင်အခဲ ဃနမှ ကင်းဆိတ်ခြင်း စတဲ့ ထိုထို ပညတ်တရားအပေါင်းတို့မှ ကင်းဆိတ်ကာ ဘာမှ ကိုင်ဆွဲပြစရာမရှိလို့ သုညလို့ ခေါ်ပေမင့် ခုန ပြောခဲ့တဲ့ အတိုင်း သူတို့ရဲ့ သဘာဝလက္ခဏာတွေကတော့ ပရမတ်အားဖြင့် ဖြစ်ပျက်တွေ့ အမြဲရှိနေလို့ အရှိသဘောဖြစ်တဲ့ "သုည" လို့ မှတ်ယူ ပြောဟောနေကြတာ ဖြစ်တယ်၊ ကဲ..သဘောပေါက် ရှင်းလင်း သွားပြီလား၊ ဒါမှ မသိ မရှင်းသေးရင်လဲ သူ့ထက် အ, တဲ့ ဖျင်းတဲ့သူ မရှိတော့ဘူးပဲ။

ဒကာ။ ။မှန်ပါ့၊ ပညတ်မှ ကင်းဆိတ်သော သုည၏ ဖြစ်ပျက် အရှိသဘောကို သိရပါပြီ ဆရာတော်၊တပည့်တော်တို့က အရိပ်ပြတာနဲ့ အကောင်ထင်တဲ့ လူပါး လူနပ်တွေပါ ဘုရား။

---

## ထွက်လေ, ဝင်လေ ထိသိ မှတ်နေတာလေးနဲ့ လောဘ, ဒေါသ, မောဟ ကင်းငြိမ်းကာ သိဒ္ဓိရှင် ဖြစ်နိုင်သလား?

ဒကာ။ ။ကိုယ်ထဲ အမြဲ ဖြစ်ပေါ်နေတဲ့ ထွက်လေ,ဝင်လေ ထိ,သိ- သတိ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများ မှတ်သား နေရုံနဲ့ ကိလေသာ ကင်းကွာ ငြိမ်းအေးခြင်း၊ စိတ်ချမ်းသာခြင်း၊

တန်ခိုးသိဒ္ဓိရှိခြင်း စတဲ့ လောကီ လောကုတ္တရာ အကျိုးတရားစုတွေ ခံစားရတယ်ဆိုတာ ဟုတ်မှန်ပါသလား ဆရာတော်၊ ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ။** ။ဒကာကြီးတို့ရဲ့ မေးလိုရင်းက အသက်ရှူနေကြတဲ့ ဝင်လေ, ထွက်လေရဲ့ နှာခေါင်းဝအသွား ထိ ထိသွားတဲ့ အထိကလေးကို လိုက်ပြီး သိ သိနေတဲ့ အသိစိတ်ရဲ့ တန်ခိုးသိဒ္ဓိကို မေးတာလား။

**ဒကာ။** ။မှန်ပါတယ် ဆရာတော်၊ ထွက်လေ, ဝင်လေရဲ့ "ထိ,သိ· သတိ" ဆိုတဲ့ အသိစိတ်ရဲ့ တန်ဖိုး အကျိုးခံစားခွင့်ကို မေးတာပါပဲ ဆရာတော်။

**ဆရာ။** ။အင်း....သိမှတ်မည့် ယောဂီဟာ မိမိရဲ့ နှာသီးဝမှာ သိ စိတ်ကို ထားပြီးတော့ ဝါယောရုပ်လေက ကာယရုပ် အသား၌ တိုးထိသွားတာကိုပဲ မမေ့တဲ့ သတိနဲ့ သိ သိ မှတ် မှတ် ရှု ရှု နေရမည်တဲ့။

အဲဒါကို အာနာပါန ဖုသန ကမ္မဋ္ဌာန်းလို့ ခေါ်တယ်၊ ဘုရား သာသနာတော်မှာ ဒီကမ္မဋ္ဌာန်းဟာ ရှုမှတ်ရလဲ အလွယ်ဆုံး၊ အသက် ရှူနေတဲ့ လူတိုင်းနဲ့လဲ အသင့်လျော်ဆုံးပဲ၊ ဒါပေမင့် ကိုယ်အသက်ရှူ နေတာကို မသိ မမှတ်တဲ့ သူတွေကသာ များနေတာနော်၊ ဒါကြောင့် ဒကာကြီးလဲ သိဒ္ဓိရှင်ကြီး ဖြစ်ချင်ရင် ယင်းအတိုင်း ရှုမှတ်ကြည့်ပေါ့၊ သမာဓိရှိသလောက် တန်ခိုးသိဒ္ဓိတွေ ရောက်မှာပဲ။

**ဒကာ။** ။ထိ,သိ,သတိ ရှုမှတ်ပုံကို ထင်ရှားအောင် နည်းနယများ လဲ ပြောပြပါအုံး ဆရာတော်၊ ဘယ်လိုစိတ်ထားရမည် ဆိုတာကိုပါ သိရအောင်၊နည်းကလေးများ ပေးသနားပါအုံးဘုရား။

ဆရာ။ ။ကိုင်း....ပြောပြမည်၊ သေချာစွာ မှတ်သားနားထောင်ပါ၊ ဝိပဿနာဉာဏ်ဆိုက်အောင် ပို့ဆောင်ပြောကြားပေးလိုက်မယ်၊ ဉာဏ်နားနဲ့ မိအောင်ထောင်ပါ။

၁။ ဝင်လေ, ထွက်လေ, ဝါယောရုပ်က နှာသီးဖျား ကာယရုပ်ကို လာထိသည်၊ ငါ့ကို ထိတာမဟုတ် ငါမရှိ၊ ရုပ်က ရုပ်ကို ထိ၏၊ အဲဒီလို သိမှတ်ပါ၊ အတ္တဒိဋ္ဌိကို တိတိပပ ဖြတ်ချလိုက်ပါ။

၂။ နာမ်ခေါ်တဲ့ အသိစိတ်ကလေးတွေက ထိတာကို သိသိသွားကြသည်၊ ငါသိတာ မဟုတ်၊ စိတ်နာမ်က သိသည်၊ ငါမရှိ၊ စိတ်နာမ်သာ ရှိ၏၊ အဲဒီလို သိမှတ်ပေါ့။

၃။ ဤ ထွက်လေ, ဝင်လေသည် ရှုချင်တဲ့ စိတ်ကြောင့်သာ ဖြစ်ပေါ် ဖြစ်ပေါ်လာတာ၊ ငါ့ကြောင့်ဖြစ်တာ မဟုတ်၊ စိတ်ကြောင့် ဖြစ်တဲ့ရုပ်လို့ သိမှတ်ပါ၊ အကြောင်းစိတ်နဲ့ အကျိုးရုပ်ကို ပိုင်းခြား သိထားပါ။

၄။ အဲဒီ ထိတဲ့ရုပ်တွေဟာလဲ ထိထိပြီးတော့ ပျက်ပျက်သွားကြတာပဲ၊ ခိုင်မြဲမှုလုံးဝမရှိတဲ့ အနိစ္စတရားတွေပဲလို့ သိမှတ်ပါ။

၅။ မခိုင်မြဲလို့ ပြန်ပြန် ရှုရှိုက် ရှုရှိုက်ကာ ဒီကိုယ်ကောင်ကြီးကို ပြုပြင်ပေးနေရတဲ့ ကာယသင်္ခါရကလဲ ဒုက္ခဆင်းရဲသက်သက်တွေပဲလို့ သိမှတ်ပါ။

၆။ ယင်း အနိစ္စ-မခိုင်မမြဲ ပျက်စီးနေတဲ့ တရားစုတွေကို နိစ္စဖြစ်အောင်, ဆင်းရဲဒုက္ခကို သုခချမ်းသာ ဖြစ်အောင်,

လုပ်လို့မရနိုင်တဲ့ ငါစိုး ငါပိုင် မဟုတ်သောကြောင့် ငါ့အလိုမလိုက် ငါ့အကြိုက်မပါ ငါလုပ်တိုင်း မအောင်မြင်သော အတ္တမဟုတ်တဲ့ အနတ္တသဘောတရားတွေပဲလို့ ဉာဏ်ထဲမှာ စွဲလာအောင် စိတ်ကို လေ့လာ စေစားပေးရမည် တဲ့။

ကဲ ... ခုပြောပြခဲ့တာတွေ ဒကာကြီးတို့ရဲ့ အသိဉာဏ်ထဲမှာ စွဲရဲ့မိရဲ့ ထိရဲ့ နားလည်ရဲ့လား။

**ဒကာ။** ။မှန်ပါ့၊ ဖြစ်ပေါ် ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေထဲမှာ ငါဆိုတဲ့ အတ္တ မပါစေပဲ သဘာ်မြဲမြဲနဲ့ ရှုမှတ်နေရမည့် သဘောကို သိရပါပြီ ဆရာတော်၊ ဆက်လက်မိန့်ကြားပါ ဘုရား။

**ဆရာ။** ။ခု ပြောပြီးခဲ့တဲ့အတိုင်း ထွက်လေ, ဝင်လေရဲ့ ထိ,သိကို မှတ်နေတဲ့ အသိစိတ်ဓာတ်ကို ထိ, သိ, တင် ရပ်မနေပဲ ထိ,တဲ့ ရုပ်လဲပျက်၊ သိ,တဲ့ စိတ်လဲပျက်၊ ထိ, သိ, ပျက် တိုင်အောင် အသိစိတ်ကို အနိစ္စလက္ခဏာသို့ ရောက်အောင် ပို့ဆောင်ပေးရမည်၊ အလေ့အကျင့် ပြုလုပ်ပေးရမည်၊ အဲဒါက ပိုပြီးအရေးကြီးတယ်နော်။

အဲဒီအတိုင်း ဖြစ်ပျက်ထဲမှာ အလေ့အကျင့် ရပါများလာသောအခါ သိစိတ်အစဉ်ဟာ နှာသီးဖျား, နှာခေါင်းဝ ထိ, သိ အမှတ်ထဲက ထွက်ပြီးတော့ တခြား မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, တွေ့ထိခိုက်, ကြံစည်ခိုက် စသည်တို့ ဖြစ်ပေါ်လာသော ခဏတိုင်း၌လဲ ဖြစ်ဖြစ်ခြင်း ချက်ခြင်းပင် အပျက်သဘောထဲ သက်ရောက် သိမှတ်သွားတော့တာပဲ၊ ငါ, သူတပါး, ယောကျ်ား, မိန်းမနဲ့ အသိမလုပ်တော့ဘူး၊ ရုပ်, နာမ် ဖြစ်ပျက်နဲ့သာ အသိလုပ်နေတော့တယ်၊

ခု, ပြောကြားနေတာတွေ စိတ်ဝင်စား နားလည်ရဲ့လား ဒကာကြီးတို့၊ စိတ်မဝင်စားရင်လဲ မောတာနဲ့ ညောင်းတာ အဖတ်တင်ရုံပဲ ရှိနေမှာနော်။

**ဒကာ။** ။စိတ်ငင်စားစွာနဲ့ နားထောင် မှတ်သားနေပါတယ် ဆရာတော်၊ နားလည်တာတွေက များပါတယ်၊ နားမရှင်း မသိတဲ့အချက်ကလေးတွေလဲ နည်းနည်းပါးပါးတော့ ရှိသေးတာပေါ့ ဘုရား၊ ဆက်လက် မိန့်ကြားပါအုံး ဆရာတော်။

**ဆရာ။** ။စိတ်ရဲ့ သဘာဝက အာနာပါန ထိ,သိအာရုံကို သိသိနေဖို့ အကျင့်သာ လုပ် လုပ် ပေးပါ၊ အာရုံနဲ့ အသိ အကျွမ်းဝင်အောင် လုပ်ပါများတော့ အကျင့်ပါသွားရောပဲ။

အဲဒီလို အလေ့အကျင့်တွေများများလာလို့ အကျင့်ပါသွားတာနဲ့ တပြိုင်နက် မိမိသိနေကျ လမ်းအတိုင်းသာ အသိလုပ်သွားနေတော့ သဖြင့် တခြားအာရုံ လမ်းကြောင်းထဲသို့ စိတ်မပြောင်းသောကြောင့် မိမိသွားနေကျ ကိလေသာအာရုံ ကာမဂုဏ်ထဲ မသွားရောက်တော့ပဲ မြင် သိ ပျက်, ကြား သိ ပျက်, နံ သိ ပျက်, စား သိ ပျက်, ထိ သိ ပျက်, ကြံစည်တွေးတော သိ ပျက်, ခဏတိုင်း, ခဏတိုင်း သိ ပျက် နေတဲ့ ဥဒယ ဝယ ခဏိက သမာဓိထဲ ရောက် ရောက်ပြီး တည်ငြိမ်နေတော့သတည်း တဲ့။

အဲဒီ ထွက်လေ, ဝင်လေ အာနာပါန ထိ, သိ ကို သတိထားရှုမှတ်တဲ့ အလေ့အထဟာ သတိရင့်ကျက်လာတဲ့အခါ အဲဒီလို ဥဒယ ဝယ ခဏိက သမာဓိထဲ သက်ရောက်လေ့ရှိလို့ အလွန်ကောင်းသော အတိုင်းမသိ တန်ဖိုးရှိသော ကမ္မဋ္ဌာန်းလို့ ဟောခဲ့တာပေါ့၊ ဒကာကြီးတို့ရ။

**သုမင်္ဂလဝတီ (က) ၁၀၄–၂၄**

ခု ပြောပြခဲ့တဲ့ အလေ့အကျင့်ဟာ လက်တွေ့အားဖြင့် လောဘ, ဒေါသတို့ မလာနိုင် မလိုက်နိုင်တဲ့ အကျင့်မြတ်ပဲ။

ရှေးသူတော်ကောင်းတို့ လုပ်ငန်း လမ်းဟောင်း လမ်းမှန် အကျင့်မြတ်ပေါ်သို့ ဇက်ရောက် လျှောက်သွား ရှုမှတ် နေသောကြောင့် တွေဝေ ငေးမောကာ အမှားထဲ၌ မွေ့မြောနေသော မောဟနှင့် ကင်းဝေးလျက် ဝိဇ္ဇာဉာဏ်ဘက်သို့ သက်ရောက်ကူးဝင်လာသော အကျင့်လဲ ဖြစ်တယ်တဲ့။

အဲဒါကြောင့် အဲဒီ ထွက်လေ, ဝင်လေ ထိ, သိ, သတိကို မမေ့မလျော့ ကြိုးစား မှတ်သားနေတဲ့ သူဟာ သူ့ရဲ့ သမာဓိ အားကောင်းသလောက် လောကီဘက်ဆိုင်ရာ စျာနသမာပတ်အထိ သိဒ္ဓိတန်ခိုး အကျိုးအမျိုးမျိုးတွေကို ရရှိခံစားနိုင်တယ်၊ မယုံမရှိနဲ့ လုပ်ကြည့်ပါ၊ သိဒ္ဓိရှင် ဖြစ်သွားနိုင်တယ်။

အဲဒီ ထွက်လေ ဝင်လေ, ထိ, သိ, သတိကိုပဲ မမေ့မလျော့တဲ့ သမ္မာသတိမဂ္ဂင် အားကောင်းကောင်းနဲ့ ရှုမှတ် ပွားများနေသော ယောဂီဟာ လေ့လာလုပ်ယူမှု သတိအပိုင်းက လွန်မြောက်လျက် သတိရင့်ကျက်ကာ အာရုံပေါ်ပေါ်လာတိုင်း သတိနဲ့ ကပ်ခနဲ ကပ်ခနဲ ချက်ချင်းပဲ သိပျက်, သိပျက်နေသော "ဥပဋ္ဌာနသတိ"က ဉာဏ်နဲ့တွဲကာ မဂ်ဖိုလ် နိဗ္ဗာန်အထိ လောကုတ္တရာ အကျိုးတရားတွေကို ခံစားရအောင် ပို့ဆောင်ပေးတာလဲ အမှန်ပဲ၊ အဲဒီ အကျိုးကျေးဇူးတရားတွေကို ခံစားချင်ရင် ကိုယ်တိုင် အားထုတ်ကြည့်ပါ၊ ကိုယ်လုပ်သလောက် လုပ်ခရမှာကတော့ အမှန်ပဲ၊ ကဲ ... ကျေနပ်ရဲ့လား၊ တတ်နိုင်ရင် အခုပဲ တနာရီလောက် ပါရမီ ကုသိုလ်သဘောနဲ့ ထိုင်မှတ် အားထုတ်သွားစမ်းပါလေ။

ဒကာ။ ။အားထုတ်ပုံ နည်းနယနဲ့ စုံလင်စွာ သိရလို့ ကျေးဇူးတင် ဝမ်းသာလှပါတယ် ဆရာတော်၊ တတ်နိုင်သမျှ ကြိုးစား အားထုတ်မှုများလဲ ပြုပါမည် ဘုရား၊ အိမ်ကိစ္စတွေက ရှိနေလို့ ခုတော့ သည်းခံပါ၊ ဆရာတော်ဘုရား ကျန်းမာချမ်းသာစွာနဲ့ သာသနာပြုနိုင်ပါစေ။

## နာမ်ကလာပ်စည်းတော့ မရှိကောင်းဘူးလော ?

ဒကာ။ ။အဘိဓမ္မာရုပ်နာမ်နဲ့စပ်ရင် ရုပ်ကလာပ်စည်း ရုပ်ကလာပ်စည်းနဲ့သာ ပြော ဟောကြတယ်၊ နာမ်ကလာပ်စည်းလို့တော့ ဘယ်သူမှ မပြော, မဟောတာ မရှိကောင်းလို့လား ဆရာတော်။

ဆရာ။ ။အင်း....အဘိဓမ္မာမှာ နာမ်တရားက ဘယ်နှစ်မျိုးရှိသလဲ၊ နာမ်သင်္ချာပေါင်းက ဘယ်လောက် ရှိသလဲ သိရင် ဖြေပါ။

ဒကာ။ ။စိတ်နာမ်,စေတသိက်နာမ်လို့နာမ်မျိုးနှစ်မျိုးရှိကြောင်း သိရပါတယ်၊ စိတ်နာမ်က တပါး, စေတသိက်နာမ်က (၅၂)ပါး၊ နာမ်သင်္ချာပေါင်း (၅၃) ပါး ရှိကြောင်း သိရပါတယ် ဆရာတော်၊ တပါးစီကိုတော့ ခွဲခြားပြီး မပြောတတ်ပါဘူး။

ဆရာ။ ။ အဲဒီ ငါးဆယ့်သုံးပါးသော နာမ်ဓာတ်သဘောတို့ဟာ တခုချင်း တပါးချင်း သက်သက်သီးခြား ဘယ်တော့မှ မဖြစ်ကောင်းဘူး။

သူတို့မှာ ယှဉ်ဖေါ် ယှဉ်ဖက် အတူဖြစ်ဖက် သဟဇာတ သမ္ပယုတ္တ မမ္မသဘောတွေ ရှိတယ်၊ အနည်းဆုံး နာမ်နှစ်မျိုး ပေါင်းစပ်မိမှ အာရုံသိစိတ်ကလေး တခု ဖြစ်ပေါ်လာရတယ်။

**ဒကာ။** ။အဲဒီ အတူတူ ပေါင်းစပ်မိမှ အသိစိတ်ခဲတ်ကလေးတခု ဖြစ်ပေါ်လာပုံကို တပည့်တော်တို့ နားလည်အောင် တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်း ရှင်းပြပေးပါအုံး ဆရာတော်။

**ဆရာ။** ။အာရုံကို သိတဲ့ အသိစိတ် တခု ဖြစ်ပေါ်လာရင် သူနဲ့ ယှဉ်ဖက် အတူဖြစ်ဖက် စေတသိက်နာမ်တွေက ဖဿ,= ရုပ်နာမ်တို့ တွေ့ဆုံမှုသဘော၊ ဝေဒနာ,=အာရုံကို ခံစားမှုသဘော၊ သညာ,= မှတ်မှုသဘော စေတနာ,= ကိစ္စပြီးအောင် စေ့ဆော်ခြင်း၊ ဧကဂ္ဂတာ, = တည်ငြိမ်မှု၊ ဇီဝိတ,=စောင့်ထိန်းခြင်း၊ မနသိကာရ,= မျှော်ခေါ်နှလုံးသွင်းခြင်း။

အဲဒီ စေတသိက်နာမ် (၇) မျိုးတို့ဟာ ဘယ်စိတ်ပဲ ဖြစ်ပေါ် ဖြစ်ပေါ် သူတို့ ပါတာချည်းပဲ၊ သူတို့နဲ့ ယှဉ်တဲ့ပြီးတော့ တခြား စေတသိက်တွေနဲ့ အတူတူ တပေါင်း တစည်း တတွဲထဲ ဖြစ်ရတာ၊ စိတ်နာမ်ချည်းသက်သက် ဘယ်တော့မှ မဖြစ်ကောင်းဘူး။

**ဒကာ။** ။ဟာ.... ဒီလိုဆိုရင် နာမ်မွေတွေကလဲ သူ့ကလာပ်စည်းနဲ့ သူ ရှိနေကြတာပေါ့ ဆရာတော်၊ ဘာကြောင့် နာမ် ကလာပ်လို့ မခေါ်တာလဲ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း... သဘောကတော့ မှန်တယ်၊ အဲဒီ စိတ်နာမ်တို့ ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်လာပုံကလဲ ရုပ်ကလာပ်တို့လို သန္တတိ, ဖြစ်တဲ့ အစဉ်ဟာ တန်းစီဖြစ်ပေမင့် ရုပ်မွေလိုတော့ ကလာပ်

စည်းနဲ့ စက္ခုဒသက ကလာပ် စသည်ဖြင့် မဖွဲ့စည်းဘူး၊ မခေါ်ဆိုဘူး၊ အဲဒီ "စိတ္တုပ္ပါဒ်"လို့ ခေါ်တဲ့ စိတ်, စေတသိက် နာမ်တို့ ဖွဲ့စည်း တန်းစီ ဖြစ်ပေါ်ပုံကိုတော့ 'ဝီထိ"လို့ ခေါ်တယ်။

စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ပဥ္စဒွါရဝီထိ, မနောဒွါရဝီထိ အဲဒီလို ဝီထိစိတ်လို့ပဲ ခေါ်ကြတယ်၊ နာမ်ကလာပ်လို့တော့ မခေါ်ကြဘူး၊အဲဒါကိုသိချင်ရင် သင်္ဂြိုဟ်ဝီထိပိုင်းကိုသင်၊ ဝီထိချကြည့်သိလိမ့်မည်၊ အဲဒါပဲ၊ ကြံကြံဖန်ဖန် နာမ်ကလာပ်ရယ်လို့ မေးတတ်ပလေဗျာ။

**ဒကာ**။ ။ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ ရုပ်ကလာပ် ရုပ်ကလာပ်နဲ့ နှုတ်သွက်နေကြတော့ကာ နာမ်ကလာပ် များ ရှိသေးလားလို့ တွေးကြည့်မိတာပါ၊ အင်း.... ဝီထိ, ဝီထိ, ဝီထိ တဲ့။

---

## ခဏိက- သမာဓိ ဆိုတာ ရှိကောင်းသလော ?

**ဒကာ**။ ။ဝိပဿနာလုပ်ငန်း၌ အာရုံတို့ ပေါ်ခန်း ပျက်ခန်းကို သမ္မာသတိ မဂ္ဂင်လမ်းဖြင့် မနားတမ်းလိုက်မှတ် ရှုပွားနေရတဲ့ သူဟာ လျင်မြန်လှတဲ့ ဖြစ်ခဏ ပျက်ခဏထဲမှာ တည်တံ့ငြိမ်ဝပ်မှု ဖြစ်တဲ့ ခဏိကသမာဓိရယ်လို့ ရှိနိုင်အုံးမှာလား ဘုရား၊ပိဋကတော်ထဲက အထောက်အထားများရှိရင် ရှင်းလင်း ဖော်ပြပေးပါ ဆရာတော်။

**ဆရာ**။ ။ဝိပဿနာ အလုပ်ဆိုတာ သမထ အခြေခံ ယူပြီးမှ ဝိပဿနာဘက် တက်တဲ့ သမထယာနိက ဝိပဿနာလမ်း ရယ်၊ စ,ထွက်ကတည်းက ဝိပဿနာ သက်သက် တက်သွားတဲ့ သုဒ္ဓ ယာနိက ဝိပဿနာလမ်းရယ်၊ နှစ်မျိုး ရှိတယ်။

သမထမဖက်ပဲ ဝိပဿနာချည်း သက်သက်သန့်သန့် ရှုမှတ်ပွားများမည့် သုဒ္ဓယာနိက ဝိပဿနာယောဂီဟာ ခန္ဓာငါးပါးကို ဖြစ်စေ, သို့မဟုတ် အာယတန တဆယ့်နှစ်ပါး, ဓာတ် တဆယ့်ရှစ်ပါး, ရုပ်နာမ် နှစ်ပါး ရှုပွားစရာ အာရုံတွေထဲက ကြိုက်ရာရာကို ဒုက္ခသစ္စာဉာဏ် သွင်းပြီးတော့ ဖြစ်ပျက်ကိုပဲ ရှုမှတ်နေရမှာ ဖြစ်တယ်၊ စိတ်ဝင်စား နားထောင်ပါနော်။

အဲဒီ မှတ်စိတ်တွေဟာ လျင်မြန်သော အရှိန်အဟုန်ဖြင့် တန်းစီကာ သိပျက် သိပျက်နဲ့ သွားနေပေမင့် မှတ်စိတ်တချက် ဖြစ်လိုက်ရင် ဧကဂ္ဂတာ စေတသိက်က တချက် ပါသွားတာပဲ၊ ရုပ်နာမ် ဖြစ်ပျက်၌ မှတ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း တည်ငြိမ်မှု ဧကဂ္ဂတာက ပါတာချည်းပဲ။

ခုပြောခဲ့တဲ့ ဝိပဿနာမှတ်စိတ် တချက်ကို တခဏလို့ ခေါ်တယ်၊ အဲဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ဝိပဿနာ ခဏိကသမာဓိကို ဟောသည်လို ဆိုတယ်။

ခဏိက စိတ္တေ ကဂ္ဂတာ–

တဲ့၊ မှတ်စိတ် ခဏတခုထဲ၌ တည်ငြိမ်မှု သမာဓိတခုပါတယ်လို့ ဖွင့်ဆိုထားတယ်၊ အကျယ်ကို သိချင်ရင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ရှာကြည့်။

အဲဒီ အဋ္ဌကထာရဲ့ စကားကို ပိုမို ခိုင်လုံ ထင်ရှားအောင် ဝိသုဒ္ဓိမဂ် ဋီကာဆရာကြီးက ဟောသည်လို ထပ်ဆင့် ထောက်ခံထားပုံက–

ခဏ မတ္တ ဋ္ဌိတိကော သမာဓိ–

တဲ့၊ စိတ်တခဏထဲ၌ ခဏကလေးမျှ ဖြစ်ပေါ် တည်ငြိမ်သွားတဲ့ သမာဓိပဲလို့ ထပ်ဖွင့်ပြဆို ထောက်ခံထားသေးတယ်။

အဲဒါ တွေဟာ ပိဋကတော်က လာတဲ့ ခဏိကသမာဓိဖြစ်ပုံ အထောက်အထား ယုံကြည်စရာ သာဓကတွေပဲ၊ ကဲ....ဘာပြောချင် သေးလဲ။

ဒကာ။ ။သမာဓိတည်ငြိမ်မှုဆိုတာ တခုတည်းသော အာရုံထဲ၌ အသိစိတ်တည်ငြိမ်နေတာလို့၊ (ပုံပမာ အရိုးစုကမ္မဋ္ဌာန်း ရှုမှတ်တဲ့ ယောဂီဟာ မြင်မြင်သမျှ အာရုံတွေကို အရိုးစုအဖြစ် ဖြင့်သာ မှတ်ထင်နေတယ်၊ ယင်းရဲ့ စိတ်ဟာ အရိုးစုအာရုံ တခု တည်းအပေါ်၌သာ တည်ငြိမ်နေတဲ့ သမာဓိပဲလို့) သိထားကြလို့ပါ ဆရာတော်။

ဆရာ။ ။အင်း.... ဒကာကြီး သိထားတဲ့ တည်ငြိမ်မှု သမာဓိက သမထကမ္မဋ္ဌာန်း ပညတ်အာရုံ အရိုးစုထဲ စွဲမှတ်နေတဲ့ ဥပစာရသမာဓိ၊ သို့မဟုတ် အပ္ပနာသမာဓိမျိုးသာ ဖြစ်တာ၊ အဲဒီ သမာဓိ တည်ငြိမ်ခြင်းမျိုးက အဆုံးစျာန်ရ ပြဟ္မာ့ပြည် လားပြီး သင်းချိုင်းကုန်းသွားတဲ့ သမာဓိမျိုးမို့ ဘာမှတန်ဖိုးမရှိဘူး ဒကာ ကြီးတို့ရ။

ဝိပဿနာ ခဏိကသမာဓိမျိုးက ပရမတ်အာရုံ ရုပ်နာမ်တို့ရဲ့ မခိုင် မမြဲ ဆင်းရဲသက်သက် ဖြစ်ပျက် ဖြစ်ပျက်နေကြတဲ့ ပရမတ္ထသစ္စာ အမှန်ရှိတဲ့ ရုပ်နာမ်ဓမ္မတို့၊ သို့မဟုတ် ခန္ဓာ, အာယတန, ဓာတ်တို့ ဖြစ်ပျက်နေတဲ့ အနိစ္စလက္ခဏာ ဥဒယ ဝယ သဘောမှန်ကိုသာ ဝိပဿနာဉာဏ်စိတ်နဲ့ လိုက် လိုက်ပြီး သိနေတာ မှတ်နေတာဖြစ်တယ်။

အဲဒီလို အရိုးစု အပုပ်ကောင် ငါ သူတပါး ယောကျ်ားမိန်းမ သတ္တဝါ မပါတဲ့ ရုပ်နာမ်သက်သက် စိတ္တဝိသုဒ္ဓိနဲ့ ငါဆိုတဲ့ အတ္တဒိဋ္ဌိလဲ မပါ သန့်ရှင်းစင်ကြယ်စွာ ရှုမှတ်နေတဲ့ ဝိပဿနာ ကုသိုလ်စိတ်တွေ

ဟာ ဖြစ်ပေါ်တဲ့ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ပျက် ဥဒယ ဝယ ဉာဏ်ထဲမှာချည်း စွဲဝင်တည်ငြိမ်နေလို့ အဲဒီ တချက်ချင်း တည်ငြိမ်သွားတဲ့ ဧကဂ္ဂတာသမာဓိကို ဝိပဿနာ ခဏိက သမာဓိလို့ ခေါ်ဆိုတာ ဖြစ်တယ်၊ ရှင်းရဲ့လား၊ ဒါလောက် သိထားရင် ဝိပဿနာတရား ပွားများတတ်ရောပေါ့။

**ဒကာ။** ။ရှင်းပါပြီ ဆရာတော်၊ အရှုခံ အာရုံက ပညတ်အာရုံနဲ့ ပရမတ်အာရုံ ကွာခြားသွားတာကို ခုမှပဲ ကွဲပြားတော့တယ်၊ ဝိပဿနာအလုပ်က ပရမတ်အာရုံ ရုပ်နာမ်တို့ ဖြစ်ပျက်ကို တချက်ချင်း ရှုမှတ်ရတဲ့ စိတ်တချက် ခဏမှာရှိတဲ့ ခဏိကသမာဓိကို ခေါ်ဆိုတာ ခုမှပဲ ကွဲတော့တယ်၊ သည်အတိုင်းပဲ ရှုမှတ်ပွားများ အားထုတ်ပါမည် ဆရာတော်။

---

## သမ္မာသမ္ဗုဒ္ဓ၏ အရဟတ္တမဂ်ဉာဏ်နှင့် ပစ္စေကဗုဒ္ဓါ၏ အရဟတ္တ မဂ်ဉာဏ်တို့ဟာ ကိလေသာ ပယ်ပုံချင်းတော့ အတူတူပဲ မဟုတ်လား ?

**ဒကာ။** ။မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်လဲ ဆရာမရှိပဲ သစ္စာလေးပါကို သိကာ ထောင့်ငါးရာ ကိလေသာတို့ကို ငှင်း ရတဲ့ အရဟတ္တမဂ်ဉာဏ်က ပယ်လျက် သဗ္ဗညုတ ဂုဏ်ထူးရကာ ဘုရားဖြစ်သွားတာပဲ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေလဲ ဆရာမရှိပဲ သစ္စာလေးပါးကိုသိကာ ထောင့်ငါးရာကိလေသာတို့ကို ပယ်လျက် ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြတာပဲ။

ဒါကြောင့် အဲဒီ အရဟတ္တမဂ်ဉာဏ် နှစ်ပါးဟာ ကိလေသာ ပယ်တဲ့နေရာမှာတော့ အတူတူပဲ မဟုတ်လား ဆရာတော်၊ ထူးခြား ချက်များ ရှိပါသေးသလား။

**ဆရာ။** ။အင်း.... မြတ်စွာဘုရားနဲ့ ပစ္စေကဗုဒ္ဓါဟာ ဆရာမရှိပဲ သစ္စာလေးပါးကို သိတာချင်းတော့ တူပါတယ်၊ ဒါပေမင့် ကိလေသာကို ပယ်တဲ့နေရာမှာတော့ အရဟတ္တမဂ်ချင်း မတူဘူး ဒကာကြီးတို့ရဲ့၊ အံ့ဩလောက်အောင်ကို ထူးခြားကြတယ်။

**ဒကာ။** ။ဘာဖြစ်လို့လဲ ဆရာတော်၊ သဗ္ဗညုတဉာဏ်တော်နဲ့ တွဲသွားလို့ အံ့ဩလောက်အောင် ထူးခြားရတာလား၊ မိန့်ကြားပါအုံး ဘုရား။

**ဆရာ။** ။သဗ္ဗညုတဉာဏ်နဲ့ မဆိုင်ပါဘူး၊အရဟတ္တမဂ်နဲ့ ကိလေသာ ပယ်ပုံချင်း တူ-မတူကို ပြောနေတာ မဟုတ်လား၊ သဗ္ဗညု တဉာဏ်က သီးခြားရတော်မူတာပဲဟာ အရဟတ္တမဂ်နဲ့ ဘာဆိုင်လို့လဲ ဒကာကြီးတို့ရ။

**ဒကာ။** ။အတူတူမှတ်ထင်လို့ ပြောမိတာပါ ဘုရား၊ ထူးခြားပုံ များကို မိန့်ကြားတော်မူပါ ဆရာတော်။

**ဆရာ။** ။သဗ္ဗညု မြတ်စွာဘုရား ရတော်မူတဲ့ အရဟတ္တမဂ်က ထောင့်ငါးရာ ကိလေသာကို ဝါသနာနှင့်တကွ လုံးဝ ပယ်လိုက်တာ၊ အငွေ့အသက်ကလေးတောင် မကျန်ဘူး။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ရတော်မူတဲ့ အရဟတ္တမဂ်က ကိလေ သာရိုးရိုးကိုသာ ပယ်နိုင်တာ ဝါသနာကိုတော့ မပယ်နိုင်ဘူး၊ဝါသနာ ကလေးကတော့ ကျန်နေသေးတယ်။

ဆရာမရှိပဲ သစ္စာလေးပါးကို ကိုယ်တိုင်သိကြပေမင့် ကိလေသာ ပယ်တဲ့နေရာမှာ အဲဒီလို ထူးခြားကြတယ်။

## ဝါသနာဆိုတာ ကိလေသာလား ဘာလဲ ?

**ဒကာ။** ။ဝါသနာဆိုတာ ကိလေသာကို ခေါ်တာလား၊ သို့မဟုတ် ဘယ်ဟာကို ခေါ်ဆိုတာပါလဲ ဆရာတော် ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ဝါသနာဆိုတာ ကိလေသာတော့မဟုတ်ဘူး၊ လူအများတို့ မကြားချင်တဲ့ မကြိုက်မနှစ်သက်တဲ့ အခေါ်,အဝေါ် အပြော, အဆိုမျိုးနဲ့ အမြင်မတော်တဲ့ အပြုအမူမျိုးကို ဆိုတယ်၊ (ကိလေသာစိတ် မပါပဲနဲ့ ခေါ်ဝေါ် ပြောဆို ပြုမူလိုက်တဲ့ မသင့်မလျော်သော အလေ့အထ တမျိုး)လို့ပဲ မှတ်ပေတော့။

အဲဒါကြောင့် မြတ်စွာဘုရားမှ တပါး ပစ္စေက ဗုဒ္ဓါတွေရော ရှင်သာရိပုတ္တရာ, ရှင်ပိလိန္ဒဝစ္ဆ စတဲ့ ရဟန္တာတွေရော သူတို့ ရတော်မူကြတဲ့ အရဟတ္တမဂ်က ကိလေသာ ရိုးရိုးကိုသာ ပယ်နိုင်တာ၊ ဝါသနာကိုတော့ မပယ်နိုင်ဘူး၊ အဲဒါဟာ အထူးပဲ။

## ဝါသနာဆိုတာ ဘာစကားလဲ ?

**ဒကာ။** ။ဝါသနာနဲ့ ကိလေသာကို တပည့်တော်တို့ နားလည်အောင် ရှင်းပြပါအုံး ဆရာတော်၊ မကွဲပြားသေးလို့ပါ၊ ဝါသနာဆိုတာက ဘာစကားလဲ ဘုရား၊ ဥပမာကလေးနဲ့ ပြပေးပါ ဆရာတော်၊ ဒါမှ နားလည်လွယ်မှာ ဘုရား။

ဆရာ။ ။ကိလေသာ ဆိုတာက အရက်နဲ့ တူတယ်၊ ကိလေသာနဲ့ တူတဲ့ အရက်တွေ သွန်မှောက်ပစ်လို့ ကုန်သွားပေမင့် ဝါသနာဆိုတဲ့အနံ့အငွေ့ကလေးကတော့ အိုးထဲမှာကျန်နေသေးသလို တဲ့၊ ကဲ....ရှင်းရဲ့လား၊ ဝါသနာဆိုတာ ပါဠိစကားပဲ၊ ထုံခြင်း ကြာမြင့် စွာက ပါလာသော အလေ့အထုံကို ဆိုတယ်၊ အနံ့ အသက်ကလေး ဆိုပါတော့၊ အဲဒါ ဝါသနာပဲ၊ ကိလေသာ မပါဘူး။

ဒကာ။ ။မှန်ပါ့၊ ရှင်းပါပြီ ဆရာတော်၊ကောင်းလိုက်တဲ့ ဥပမာ၊ ကိလေသာမပါတဲ့ အပြောအဆို အမူအရာ လူများမနှစ် သက်စရာတွေကိုပေါ့။

## တိုတိုကျဉ်းကျဉ်းကလေးနဲ့ အာနာပါန သမထနည်းနဲ့ ဝိပဿနာ ရှုပုံ?

ဒကာ။ ။အာနာပါနကမ္မဋ္ဌာန်း၏ ဈာန်အဘိညာဉ် တန်ခိုးရှင် ထွက်ရပ်ပေါက် သမထသက်သက်လမ်းနဲ့၊ မဂ်ဖိုလ်နိဗ္ဗာန် သွားတဲ့ ဝိပဿနာသက်သက်လမ်း လုပ်ငန်းနည်းများကို တိုတိုကျဉ်း ကျဉ်းကလေးနဲ့ သိပါရစေ ဆရာတော်။

ဆရာ။ ။ဒီအမေးပဉှာတွေဟာ တခါက မေးပြီးသားတွေလို့ထင် တယ်၊ အာနာပါန သမထလမ်းသက်သက် လုပ်ချင်ရင် ရုပ်နာမ်မှာ ပရမတ္ထသစ္စာတွေ ခန္ဓာတွေ ဓာတ်တွေကိုလဲ သင်နေ မှတ် နေစရာမလိုဘူး၊ ဖြစ်ပျက်မှု သင်္ခါရတွေကိုလဲ ရှုနေစရာမလိုဘူး၊ အနိစ္စ ဒုက္ခ အနတ္တတွေနဲ့ တဏှာ မာန ဒိဋ္ဌိတွေကိုလဲ ဖြုတ်နေ ပယ်နေစရာ မလိုဘူး။

ကိုယ်ရှုနေ ရှိုက်နေတဲ့ ထွက်လေ, ဝင်လေကိုသာ မမေ့တဲ့ သတိကောင်းကောင်းနဲ့ ထွက်တိုင်း ဝင်တိုင်း ထွက်လေကို လိုက်သိနေပါ၊ ဝင်လေကို လိုက်သိနေပါ၊ သတိအလုပ် မမေ့စေနဲ့၊ မမေ့ရဘူး။

အဲဒီ ထွက်လေကို ငါသိနေတယ်၊ ငါမှတ်နေတယ်၊ ဝင်လေကိုလဲ ငါသိနေတယ်၊ ငါမှတ်နေတယ်၊ ငါသတိကောင်းကောင်းနဲ့ လိုက်မှတ်နေတယ်လို့ အဲဒီအတိုင်း တဏှာ ဒိဋ္ဌိစွဲ မကင်းပဲ ငါစွဲ သတိကောင်းကောင်းနဲ့ တချက်မှ မမေ့အောင်သာ လိုက်မှတ်နေပါ။

တခြား မြင်, ကြား, နံ, စား စတဲ့ အာရုံတွေထဲ စိတ်ထွက်မသွားတော့ပဲ အချိန်ကာလအားဖြင့် ၂-နာရီလောက် ကိုယ်ရှုမှတ်နေတဲ့ ထွက်လေ, ဝင်လေ အာရုံတခုထဲမှာသာ မှတ်စိတ်ဟာ ခိုင်မြဲစွာ တည်ငြိမ်နေနိုင်လို့ရှိရင် ကိုယ်လိုချင်တဲ့ လောကီဈာန် အဘိညာဉ်တန်ခိုး သိဒ္ဓိပိုင်ရှင်ကြီးဖြစ်ကာ မြေလျှိုး မိုးပျံ့ ဈာန်ကစားရင်း နောက်ဆုံးနေ့မှာ သင်းချိုင်းကုန်းလျှင် ထွက်ရပ်လမ်း ဖြစ်၏တဲ့။

အဲဒါ အာနာပါန သမထနည်းသက်သက် ထွက်ရပ်လမ်းပါပဲ၊အဲဒီအတိုင်းသာ ထွက်လေ, ဝင်လေကို မမေ့တဲ့ သတိနဲ့ သတိကောင်းကောင်းနဲ့ မှတ်သွားပေတော့၊ အနည်းဆုံး ၂-နာရီလောက်တော့ စိတ်တည်ငြိမ်နေရမယ်နော်၊ လုပ်နိုင်ပါ့မလား၊ စမ်းလုပ်ကြည့်ပေါ့၊ ၂-နာရီ စိတ်နိုင်ရင် မုချရနိုင်တယ်။

**၁ကာ။** ။ခက်ခဲလှပါတယ် ဆရာတော်၊ တပည့်တော်တို့စိတ်က တရားမှတ်တဲ့အခါ တမိနစ်မှာ ငါးခါလောက် အပြင်ထွက် ထွက်နေတာ၊ တနာရီ တည်ကြည်ငြိမ်ဝပ်နေဖို့တောင် အတော့်ကို ခက်ခက် ခဲခဲ ကြိုးစားရမှာမို့ မဖြစ်နိုင်တာက များပါတယ် ဆရာတော်။

ဝိပဿနာသက်သက်နဲ့ နိဗ္ဗာန်သွားလမ်းကိုပဲ တိုတိုကျဉ်းကျဉ်း ကလေးနဲ့ နည်းညွှန်ပေးပါတော့ ဘုရား။

ဆရာ။ ။အင်း.... ငါ, ငါ့ဥစ္စာ, အတ္တစွဲ မပါပဲ နှာခေါင်းဖျားဌ် စိတ်ကို စောင့်ထားပြီး ထွက်လေ,ငင်လေ, ဖောဋ္ဌဗ္ဗရုပ် ဝါယောဓာတ်က ထိထိ သွားတဲ့ အဖြစ် အပျက်ကို သိအောင် ရှုမှတ်နေပါ။

ထိထိ သွားတဲ့ အထိသဘော ဖောဋ္ဌဗ္ဗရုပ်ထဲမှာလဲ ငါမပါဘူး၊ ထိပြီးတော့ ပျက်သွားတာပဲ၊ အထိခံရတဲ့ ကာယရုပ်ထဲမှာလဲ ငါမပါ ဘူး၊ ထိပြီးတော့ ပျက်သွားတာပဲ၊ ထိတာကို သိသိနေတဲ့ ထိ,သိစိတ် ဆိုတာလဲ ငါမဟုတ် ငါမပါဘူး၊ ထိ,သိ ပျက်ပဲ။

အဲဒီလို ရုပ်နာမ်တို့ ဖြစ်ပျက်မှုကို ရုပ်နာမ်သက်သက် ငါ, ငါ့ဥစ္စာ, ငါ့ဟာဆိုတဲ့ ဉပါဒါန် မမှီ မစွဲ မပါပဲ ပညာမဂ္ဂင်,သမာဓိမဂ္ဂင်တို့ဖြင့် သန့်ရှင်းစင်ကြယ်စွာ ဂ-ဿ ဏ န ပြတ်ပြတ်သားသားနဲ့ ရှုမှတ်ပွား များနေရင် ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်တက်ကာ ဒိဋ္ဌ ဝိစိကိစ္ဆာ ကင်းလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင် ကာ အပါယ်တံခါးပိတ်လျက် ခေါင်ထိပ်ဆုံး ချမ်းသာအစစ်ကို ရရှိ ခံစားရလေတော့၏တဲ့၊ ကဲ ... အဲဒါ အကျဉ်းဆုံးပါပဲ၊ ကျေနပ်ရဲ့လား။

ဒကာ။ ။အားရ, ကျေနပ်, နှစ်သက်စရာတွေပါပဲ ဆရာတော်၊ ဝိပဿနာသက်သက်ကိုပဲ ပွားများ ရှုမှတ်ပါတော့မည်၊ သင်းချိုင်းကုန်းသွားရတဲ့ သမထကိုတော့ ရွံမုန်းပါပြီဘုရား၊ ဝိပဿ နာအလုပ်က အတ္တဖြုတ်ရမှာ မလွယ်ဘူးနော်၊ အိမ်က ဒကာမကြီးနဲ့ သား, သမီး, ပစ္စည်းဥစ္စာတွေကိုပဲ ငါ့ဟာ ငါ့ဟာနဲ့ စွဲ စွဲနေတာ ဆရာတော်၊ အဲဒီ အတ္တကို အတော်ဖြုတ်ယူရမှာပဲ ဘုရား။

## သုခိန္ဒြေ ၂-မျိုး, သောမနဿိန္ဒြေ ၂-မျိုး ရယ်လို့ ရှိပါသလား?

**ဒကာ**။ ။ဝေဒနာနဲ့ စပ်ပြီး ဣန္ဒြိယဘေဒ သရုပ်ခွဲတဲ့ အခါမှာ သုခိန္ဒြေက နှစ်မျိုး၊ သောမနဿိန္ဒြေက နှစ်မျိုးဟု ဆရာတော်တပါးကပြောလို့ ရှုပ်ထွေးကုန်ပြီ ဆရာတော်၊ ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ**။ ။အင်း....ဒါက ဝိပဿနာယောဂီတွေ အတွက် ပေါ်ထွက်လာတဲ့ သတိပဋ္ဌာန်ဉာဏ်ကစားမှု မှတ်သားစရာတမျိုးလို့ သိထားပေါ့၊ သင်္ဂြိုဟ်ကျမ်း အလိုကတော့ သုခနဲ့ သောမနဿပါပဲ၊ အဲဒါကို ထိုဆိုဆရာက ၂-မျိုးစီ ခွဲပြလိုက်တာပါ။

**ဒကာ**။ ။မှန်ပါ့ အဲဒီ ၂-မျိုးစီကို ဒကာကြီးတို့ဉာဏ်နဲ့ကိုက်အောင် မသွယ်ဝိုက်ပဲ တဲ့တိုး အလွယ်ဆုံးနဲ့ ရှင်းပြပေးပါအုံး ဆရာတော်။

**ဆရာ**။ ။ကိုင်း.... နားထောင် မှတ်သားပေတော့၊ သုခိန္ဒြေကို သုခလို့ပဲ လွယ်လွယ်မှတ်လိုက်တော့၊ အဲဒီ သုခက ၂-မျိုး ရှိတယ်။

၁။ သာမိသ သုခ=ကာမဂုဏ်တရားဖြစ်တဲ့ ငါ့လင်, ငါ့သား, ငါ့မယား, ငါ့အိုး, ငါ့အိမ်, ငါ့စိန်, ငါ့ရွှေ, ငါ့မြေ, ငါ့ယာ, ငါ့ဥစ္စာ ဟု သာယာ ခင်မင်စရာ ပြင်ပ ဝတ္ထုပစ္စည်းများ ပြည့်စုံခြင်းကိုရင်း။

ကိုယ်တွင်း၌ရှိနေတဲ့ မျက်စိ နား နှာ လျှာ ကိုယ်တို့၏ ကြည်လင် ပေါ့ပါး တင့်တယ် ကျန်းမာမှု စသည်များကို

ငင်း၊ကောင်းမြတ်သော အဆင်း,အသံ,အနံ့,အစာ စသည် တို့ကို မြင်ရ, ကြားရ, နမ်းရ, စားရ, ဝဝလင်လင် ခံစား ရခြင်း ချမ်းသာသုခကိုငင်း၊ အကြောင်းပြု၍ ဝမ်းသာခြင်း ဟူသမျှသည် သာမိသ သုခ မည်၏၊ (ကာမနှင့် စပ်တဲ့ ချမ်းသာသုခ ဟူသမျှ) သာမိသ သုခလို့ မှတ်။

၂။ နိရာမိသ သုခ= သာမိသ သုခ ပိုင်းမှာ ဆိုခဲ့တဲ့ ကာမဂုဏ် တရား ဟူသမျှတို့သည် ဆင်းရဲအစုသာ ဖြစ်တယ်၊ ဆင်းရဲ ခြင်းကို ရင်ဝယ် ပိုက်ထားရတဲ့ ဒုက္ခသစ္စာတရား များသာ ဖြစ်တယ်၊ ဒုက္ခအစု ဝတ္ထုကာမတွေသာ ဖြစ်တယ်၊ ဒီဝတ္ထု ကာမကို လိုချင် သာယာ ခင်မင် တပ်မက်တဲ့ ကိလေသာ ကာမကား ဒုက္ခကို ရစေတတ်တဲ့ အကြောင်းသမုဒယသစ္စာ သာ ဖြစ်တယ်ဟု အဲဒီ ဒုက္ခနဲ့ သမုဒယ သစ္စာနှစ်ပါးကို ပိုင်းခြားသိထားသော ယောဂီသည် ထို မြင်, ကြား, နံ့, စား, ထိ, သိ တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရား တွေ၏ ဖြစ်ပေါ်ပြီးလျှင် ချက်ခြင်းခဏ ပျက် ပျက်သွား ကြတဲ့ အနိစ္စလက္ခဏာ။

ယင်းသို့ မခိုင်မမြဲ ဖရိုဖရဲ ယိုင်လဲ ပြိုပျက် ကုန်သော ကြောင့် ဆင်းရဲခြင်း ဒုက္ခလက္ခဏာ။

ငင်း အနိစ္စနဲ့ ဒုက္ခတို့ကို နိစ္စ-ခိုင်မြဲလာအောင်, သုခ- ချမ်းသာလာအောင် စီမံဖန်ဆင်း ပြုပြင်၍ ပေးခြင်းငှါ လည်း မစွမ်းနိုင်ပဲ ယင်း ရုပ်နာမ် ခန္ဓာတို့ကို စိုးပိုင်မှု မရှိသောကြောင့် အနတ္တမျှသာ။

ငါမဟုတ် ငါ့ဥစ္စာလဲမဟုတ် ပုဂ္ဂိုလ် သတ္တဝါ အသက် ဇီဝလဲ မဟုတ် နာမ်ရုပ် သက်သက် ဖြစ်ပျက်မျှသာဟု ဝိပဿနာဉာဏ်ဖြင့် ကိုယ်တွင်း၌ ရှုမှတ် ပွားများနေသော ယောဂီသည် ပေါ်လာသော အာရုံတိုင်း၌ မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်မှုတွေချည်းသာဉာဏ်ထင်၍နေသော ကြောင့် တဏှာ, မာန, ဒိဋ္ဌိတို့ ကင်းကာ ရှုမှတ်တိုင်း ဝမ်းသာ ဝမ်းသာလျက် ချမ်းသာ ချမ်းသာ၍ နေတော့တယ်။

အဲဒီလို ဝိပဿနာဉာဏ် ရင့်သန်စွာဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝမ်းမြောက် ဝမ်းသာ ချမ်းသာ ချမ်းသာ၍ နေခြင်းဟာ ကာမဂုဏ်တရားနဲ့ မစပ်ဆိုင်သောကြောင့် နိရာမိသ သုခမည်၏တဲ့၊ ကဲ....အဲဒါ သုခနှစ်မျိုးရဲ့ သုခိန္ဒြေပဲ။

သောမနဿိန္ဒြေ နှစ်မျိုးကိုလဲ ဤသုခနှစ်မျိုးလာတဲ့နည်းအတိုင်းပဲ သိထား, မှတ်ထားရမည်၊ အနက်အဓိပ္ပါယ် အတူတူသာ ဖြစ်တယ်။

၁။ ဂေဟဿိတ သောမနဿ=သာမိသ သုခ နည်းအတိုင်း ကာမဂုဏ်နှင့်စပ်ပြီး အပြည့်အဝ ခံစားမှု၌ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှုမျိုး။

၂။ နေက္ခမဿိတ သောမနဿ=နိရာမိသ သုခ နည်းအတိုင်း ဝိပဿနာဉာဏ်နဲ့ စပ်ပြီး မှတ်တိုင်း မှတ်တိုင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်မှုမျိုး၊ အဲဒါ သောမနဿိန္ဒြေ နှစ်မျိုးပဲ။

ကဲ....ရှင်းလင်း ကွဲပြား ဉာဏ်နှင့် မိရဲ့လား၊ ခုပြောတဲ့နည်းက ဉာဏ်ကြီးရှင်တို့အတွက်ပဲ။

ဒကာ။ ။မှန်ပါ့၊ ကျေနပ်နှစ်သက် ရှင်းလင်းလှပါတယ် ဆရာတော်၊ ဒကာကြီးကလဲ ညာဏ်မနဲပါဘူး ဘုရား။

---

## အကောင်ပုပ် ပညတ်နိမိတ်အာရုံဖြင့် ဝိပဿနာဉာဏ် ဖြစ်မည်လော ?

ဒကာ။ ။ဝိပဿနာဉာဏ်ဖြင့် ကိုယ်တွင်းကို ရှုမှတ်သောအခါ ကိုယ်ကောင်ကြီး ပုပ်ပွလာတာတွေ သွေးပြည်တွေ ထွက်ကျနေပြီး ရောင်ကားနေတဲ့ သူသေကောင်ကြီးလို မိမိကိုယ်ကို မြင်မြင်နေရတဲ့ တကယ်အဖြစ် ပရမတ်အစစ်မဟုတ်တဲ့ စိတ်ကူးမှု ပညတ်အာရုံတွေဟာ ဝိပဿနာဉာဏ် ဖြစ်နိုင်ပါ့မလား ဆရာတော်၊ တချို့က အဲဒီ အပုပ်ကောင်ကြီးဟာလဲ ဝိပဿနာအာရုံဖြစ်တာပဲဟု ဟောကြပါသည်၊ တချို့ကလဲ ဝိပဿနာ အာရုံမဖြစ်ဟု ပြောနေကြပါသည်။

ဆရာ။ ။အင်း.... "ဝိပဿနာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" ရှုမှတ်တတ်ရင် ဝိပဿနာဉာဏ်မှ လွတ်တဲ့ တရားဟူ၍ မရှိပါဘူးတဲ့ ဒကာကြီးတို့ရ။

ဒကာ။ ။ဝိပဿနာဉာဏ်က ဖြစ်ပျက်မှု ရုပ်နာမ်ပရမတ် အနိစ္စလက္ခဏာကို အာရုံပြုရမှာပဲ ဆရာတော်၊ ဒီ မိမိကိုယ် အကောင်ပုပ် ပညတ်အာရုံကြီး ထင်နေတာကို ပရမတ်ဖြစ်အောင် ဘယ်လို မှတ်ရမှာလဲ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။ကိုယ်တွင်း မျက်စိ, နား, နှာ စတဲ့ အာယတနခြောက်ပါးမှ ဝင်လာတဲ့ အာရုံ ပရမတ္ထဓမ္မတွေကို မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ ရံခါ ဒီလိုပဲ မိမိကိုယ်ကို မြင်ရတတ်ပါတယ်။

သုဓမ္မဝတီ (က) ၁၀၄-၂၅

ဒါတွေက သူ၏ သမာဓိအရှိန်နဲ့ တင်းကြယ်မဟုတ်တဲ့ ဖြုတ်ဆိုပေါ် ပေါက်လာတတ်တဲ့ ပညတ်အာရုံတွေဆိုတာ မှန်ပါတယ်၊ အဲဒီလို မြင် မြင်နေရတဲ့ မိမိကိုယ်ကောင်ပုပ်ကြီးကိုပင် သို့မဟုတ် လူ၊ နတ်၊ သစ်ပင်၊ တော၊ တောင် စတဲ့ တစုံတခုသော အာရုံကိုပင် မြင်တယ်၊ မြင်တယ် လို့ မှတ်လိုက်ပါ၊ မြင်တယ်၊ မြင်တယ်လို့ မှတ်လိုက်ရင် မိမိ မြင် မြင် နေတဲ့ ကိုယ်ကောင်ပုပ်ကြီး၏ ပျောက် ပျောက်သွားတာကို ထင်ထင် ရှားရှားနဲ့ တွေ့ တွေ့ သိ သိ သွားပါလိမ့်မယ်၊ အဲဒီလို တွေ့သိ တွေ့သိ သွားတာကိုပဲ တွေ့သိပျက် တွေ့သိပျက်မို့ ဝိပဿနာလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

**ဒကာ။** ။သူတွေမြင်နေရတာက စိတ်ကူးနဲ့ပေါ်လာတဲ့ ပညတ် အာရုံ သူ့ကိုယ်ကောင်ပုပ်ကြီးဟာ ပရမတ်ရုပ်နာမ် မဟုတ်တဲ့ဟာကို ပြန်ပြန်မှတ်နေရင် ဒီ အကောင်ပုပ် ပညတ်အာရုံ ကြီးဟာ ပညတ်အာရုံသာ ထင်နေမှာပေါ့ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား၊ ဝိပဿနာအာရုံ ဖြစ်ပုံကို သိရအောင်။

**ဆရာ။** ။ဟုတ်ပါတယ်လေ၊ သူမြင်သိနေတဲ့ မိမိကိုယ်ကောင်ပုပ် ကြီးကတော့ ပညတ်အာရုံပါပဲ။

အဲဒီ ကိုယ်ကောင်ပုပ်ကြီးရဲ့ ပုံပန်းသဏ္ဌာန်ဟန်ပန်နိမိတ်ကို မြင်သိ၊ မြင်သိနေတဲ့ မနောဝိညာဉ်စိတ်ကတော့ ပရမတ် ဆတ်ဆတ်အစစ်ပေါ့၊ မိမိကိုယ်ကောင်ပုပ်ကို တွေ့မြင်နေရတဲ့ ယောဂီဟာလဲ စိတ်ကတွေ့မြင် နေတယ်ဆိုတာ မုချသိပါတယ်။

ဒါကြောင့် မနောဝိညာဉ်၌ ပေါ် ပေါ် သိ သိ ထင် ထင် မြင် မြင် လာကြတဲ့ ထိုထိုအာရုံ ကိုယ်ပုံသဏ္ဌာန်နှင့်တကွ ထင်မြင်တဲ့ မနော ဝိညာဉ်အသိစိတ်ကလေးပါ တချက်ချင်း ထင်ပျက် မြင်ပျက် သိပျက်နဲ့

အဲဒီလို တရိပ်ရိပ်နဲ့ ပေါ်ပျက်နေတာကို သိ သိ နေခြင်းသည်ပင် ဝိပဿနာဉာဏ် ပညာ အစစ်ဖြစ်တယ်လို့ မှတ်ပေါ့၊ သိပေါ့၊ ရှုပေါ့၊ ပွားပေါ့။

ကဲ....ကျေနပ်ရှင်းလင်းရဲ့လား၊ စိတ်ကို ပဓာနထားရတယ်၊ စိတ်က တချက်သိ တခါပျက်နဲ့ သွားနေတာ၊ စိတ္တာနုပဿနာနည်းနဲ့ လိုက်ပေါ့။

ဒကာ။ ။ဒီလိုဆိုတော့လဲ ရှင်းပါတယ် ဆရာတော်၊ ဝိပဿနာ အလုပ်က ဆရာမပြပဲနဲ့တော့ အသိရခက်ပါတယ်ဘုရား၊ ဒါကြောင့် စာပေတတ်သိတဲ့ ပညာရှိဆရာတော်ထံ လာ လာ မေးရပါတယ်၊ လိုရင်းကတော့ သိမှတ်တဲ့ စိတ်ကလေးလဲပျက်၊ သိမှတ်ခံရတဲ့ အာရုံလဲ ပျက်၊ ဒါကို သိထားဖို့က အရေးအကြီးဆုံးပဲကို၊ ဒါကြောင့် မြင်, မြင်တယ် မှတ်ခိုင်းတာ၊ ခုမှပဲ ရှင်းတော့တယ် ဆရာတော် ကျေးဇူးတင်ပါတယ် ဘုရား၊ စာပေမတတ်ပဲ ဝိပဿနာဆရာလုပ်စားသူတွေက ပေါတယ် ဘုရား၊ သူတို့က တောင်ဟော တောဟောနဲ့။

## ဥပါဒါနက္ခန္ဓာရှိသလို အနုပါဒါနက္ခန္ဓာ ရှိပါသလော ?

ဒကာ။ ။လောကထဲမှာ အမှောင်ရှိသလို အလင်းလဲ ရှိတာပဲ၊ အသေတရားရှိသလို မသေတရားလဲ ရှိတာပဲ၊ ကုသိုလ်တရားရှိသလို အကုသိုလ်တရားလဲ ရှိတာပဲ၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာရှိသလို အနုပါဒါနက္ခန္ဓာကော မရှိကောင်းဘူးလား ဆရာတော်။

ဆရာ။ ။အင်း... ဥပါဒါနက္ခန္ဓာရှိရင် အနုပါဒါနက္ခန္ဓာလဲ ရှိရမှာပေါ့၊ရှိကောင်းပါတယ်လေ၊ကြံကြံဖန်ဖန် မေးတယ်ကိုး။

**ဒကာ**။ ။တချို့ဆရာတွေက ကြံကြံဖန်ဖန် မေးတယ်လို့ အဖြစ်တင် ကြပါတယ်၊ ဒါပေမင့် အဖြေကတော့ မရပါဘူး၊ ဒါကြောင့် တပည့်တော်တို့ အသိရလွယ်တဲ့နည်းနဲ့ မိန့်ကြားပေးပါအုံး ဘုရား။

**ဆရာ**။ ။အင်း....ခန္ဓာဆိုတာက ဒကာကြီးတို့ မြင်သမျှ ကြားသမျှ နံသမျှ စားသမျှ ထိသမျှ ကြံစည်တွေးတောသမျှ ထင်ရှား ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ခေါ်ဆိုတာ ဖြစ်တယ်။

အဲဒီ မြင်မှု ကြားမှု စတဲ့ ခန္ဓာတွေအပေါ်မှာ နိစ္စ-မြဲသော,သုခ-ချမ်းသာစရာအနေနဲ့ သာယာ, ခင်မင်, လိုချင်တပ်မက် ဆာဒလာင်တဲ့ တဏှာနဲ့၊ ခံစားသုံးဆောင်ကာ ငါ့, ငါ့ဥစ္စာ, ငါ့ဟာသဘောနဲ့ အတ္တ ဒိဋ္ဌိ အစွဲမဖြုတ်ပဲ သဲသဲမဲမဲ မှတ်ယူနေသမျှ အဲဒီ မြင်မှု, ကြားမှုစတဲ့ သဘောခန္ဓာတွေဟာ တဏှာဒိဋ္ဌိခေါ်တဲ့ ဥပါဒါန်နဲ့ စွဲယူခံနေရသော ကြောင့် ဥပါဒါနက္ခန္ဓာတွေသာ ဖြစ်တယ်လို့ မှတ်ယူရမည်တဲ့၊ အများ ဆုံးက ဒီလိုပဲ မှတ်ယူနေကြတာ ဖြစ်တယ်။

ဆိုလိုရင်းက သတ္တဝါတိုင်း မြင်, ကြား, နံ, စား စတဲ့ ဖြစ်ပေါ်မှု ရုပ်နာမ် ခန္ဓာတွေကို နိစ္စ, သုခ, အတ္တသဘောနဲ့ စွဲယူကာ တဏှာဒိဋ္ဌိ ခေါ်တဲ့ ဥပါဒါန်တရား ဦးစီးသော အာရုံတွေသာ ဖြစ်နေလို့ ယင်း တို့ကို ယေဘုယျနည်းနဲ့ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ တဏှာဒိဋ္ဌိတို့ဖြင့် အာရုံအယူကို ခံနေရတဲ့ ခန္ဓာတမျိုးပေါ့၊ ကဲ.... ဥပါဒါနက္ခန္ဓာကို ကွဲပြားခြားနားစွာ သဘောပေါက်ပြီလား။

**ဒကာ**။ ။မှန်ပါ့၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူသမျှ အာရုံခြောက်ပါး လောကီတရားတွေဟာ ဥပါဒါနက္ခန္ဓာတွေသာဖြစ်တယ် ဆိုတာ မှတ်သားမိပါပြီ ဆရာတော်။

အနုပါဒါနက္ခန္ဓာတရားများကိုလဲ တပည့်တော်တို့နားဌ် အသိရလွယ်သော စကားတို့ဖြင့် ခွဲခြားပြပါအုံး ဘုရား။

ဆရာ။ ။အင်း … ယောဂီသူမြတ်ဟာ ဒကာကြီးတို့ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနမှာ ထင်ရှားဖြစ်ပေါ် ဖြစ်ပေါ်နေကြတဲ့ မြင်မှု,ကြားမှု,နံမှု,စားမှု, ထိမှု, ကြံစည်တွေးတောမှု ရုပ်နာမ်တရားစု ဟူသမျှတို့ကို ဥပါဒါန်ဖြစ်တဲ့ တဏှာဒိဋ္ဌိတို့နဲ့ နိစ္စ, သုခ, အတ္တ ဟု မစွဲယူတော့ပဲ ဆင်းရဲအစု ဖြစ်ပျက်မှုနဲ့သာ မှတ်ရှုနေတော့တယ်။

ထပ်ပြောအုံးမယ်၊ သေသေချာချာနားထောင်ပါ၊ အဲဒီ ဖြစ်ပေါ်လာသမျှ ခန္ဓာငါးပါး ရုပ်နာမ်တရားစုတို့ကို ယောဂီပွားများအား ထုတ်နေသော ဝိပဿနာဉာဏ် အယူအစွဲမှန် အကြံအစည်မှန်သော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ်ဉာဏ်တို့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသာ ပိုင်းခြားမှတ်သား ပွားများအားထုတ် နေတော့သောကြောင့် ခန္ဓာထဲဌ် ဥပါဒါန်ခေါ်တဲ့ တဏှာဒိဋ္ဌိတို့နဲ့ မစွဲယူ မမှတ်သားတော့လို့ အဲဒီ အခိုက်အတန့်အားဖြင့် ခန္ဓာငါးပါးကို အနုပါဒါနက္ခန္ဓာလို့ မှတ်ယူရမည်တဲ့။

ဥပါဒါန်မပါသော ဝိဇ္ဇာဉာဏ်သက်သက်ဖြင့် ခန္ဓာတို့၏ဖြစ်ပျက်မှု ဒုက္ခအစုကိုသာ အာရုံပြုနေရကား အဲဒီ ခန္ဓာငါးပါးဟာ ဥပါဒါန်စွဲ မပါ,မရှိသော အရှုခံသက်သက် အနုပါဒါနက္ခန္ဓာသာမည်တော့၏တဲ့၊ ဒါက ဉာဏ်သဘော ဉာဏ်အလုပ် ဉာဏ်ရှိသူများမှ သိနိုင်တဲ့အရာ၊ ဉာဏ်နဲ့ကြံဆပြီး ယူရတယ်၊ ကြံကြံဖန်ဖန် မေးတတ်သကို၊ ဒီကလဲ ကြံကြံဖန်ဖန်နဲ့ ဖြေကြားလိုက်တာပဲ။

ဒကာ။ ။မှန်ပါ့၊ ခန္ဓာငါးပါးကို ဥပါဒါန်တရားနဲ့ အမှားမှား တွေ စွဲယူနေရင် ဥပါဒါနက္ခန္ဓာဖြစ်တယ်၊ ဒီခန္ဓာတွေကို

ဥပါဒါနိမပါပဲ အနိစ္စ, ဒုက္ခ, အနတ္တညာဏ် မမှအနေနဲ့ ရှုမှတ်နေရင် ဥပါဒါန် မပါ,မစွဲတဲ့ အနုပါဒါနက္ခန္ဓာလို့ သိပါပြီ ဆရာတော်၊ ကျေးဇူးများလိုက်တာ ဘုရား။

---

## ခန္ဓာ အာယတန ဓာတ်တိုင်း သံသရာဝဋ္ဋ ဒုက္ခမည်သလား ?

ဒကာ။ ။ခန္ဓာ,အာယတန,ဓာတ် သဘောတွေ မပြတ်ဖြစ်ပျက်နေတာကို သံသရာဝဋ္ဋဒုက္ခဟု အစဉ်အလာ ဟောကြားနေကြရာ တချို့မမှဆရာတွေက သံသရာဝဋ္ဋထဲမပါတဲ့ ခန္ဓာ,အာယတန, ဓာတ်တွေလဲ ရှိသေးကယ် ပြောကြားနေကြလို့ ခွဲခြားပြီး သိပါရစေ ဆရာတော်။

ဆရာ။ ။တော်တော် အမေးအမြန်း ထူးဆန်းတဲ့ ဒကာကြီးတွေပဲ၊ ဘယ်ကကြားခဲ့လို့ လာမေးတာလဲ၊ သူတို့ဆီ သွားပြီး ခွဲခြားခိုင်းပါလား။

ဒကာ။ ။တနေ့က တရားသွားနာရင်း မမှကထိက ဆရာတော်ကြီးတပါး ဟောတာ ကြားနာရလို့ပါ ဆရာတော်၊ တရားပွဲထဲမှာ မေးရတာ ခက်လို့ပါ။

ဆရာ။ ။ကဲ...ဒါဖြင့် ပြောပြစမ်းပါ ကြားနာခဲ့ရတဲ့ သံသရာဝဋ္ဋထဲက လွတ်တဲ့ ခန္ဓာ, အာယတန, ဓာတ်တွေဆိုတာ ဘယ်ဟာတွေလဲ။

**ဒကာ။** ။ဒီလိုသာ ကွဲကွဲခြားခြား မှတ်မိထားရင် ဆရာတော် ဆီကိုတောင် လာမမေးတော့ဘူး၊မမှတ်မိလို့ လာမေးတာ ပါ ဆရာတော်၊ သံသရာထဲ မပါတဲ့ ခန္ဓာဆိုတာတွေရှိရင် ထုတ်ပြ ပေးပါအုံး ဘုရား။

**ဆရာ။** ။အင်း....သံသရာဝဋ္ဋထဲမပါတဲ့ခန္ဓာဆိုတာက လောကုတ္တရာ စိတ်စေတသိက်တွေဟာ နာမ်ခန္ဓာ၄လးပါးထဲမှာပါပေတဲ့ သူတို့က နိဗ္ဗာန်ချမ်းသာ သန္တိသုခဓာတ် တခုတည်းကိုသာ အာရုံပြု, သိမှတ်, ခံစားသွားကြတဲ့ အတွက် အဲဒီ ဖြစ်ပျက် လောကုတ္တရာစိတ် ဝိညာဏက္ခန္ဓာနဲ့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ဟာ ခန္ဓာသာထိုက်တာ၊ သံသရာဝဋ္ဋထဲမှာ မပါဘူး။

အာယတန တဆယ့်နှစ်ပါးထဲမှာလဲ လောကုတ္တရာစိတ် မနာ ယတနနဲ့ ယှဉ်တဲ့ စေတသိက် ဓမ္မာယတနတွေရယ် နောက် ချမ်းသာအစစ် နိစ္စ သုခဖြစ်တဲ့ နိဗ္ဗာန်အရသာ ဓမ္မာယတနတွေဟာလဲ အာယတနတော့ မည်တာပဲ၊ ဒါပေမင့် သံသရာဝဋ္ဋ ဒုက္ခသစ္စာထဲမှာ မပါဘူး။

ဓာတ် တဆယ့်ရှစ်ပါး ထဲမှာလဲ မနောဝိညာဏဓာတ် ဖြစ်တဲ့ လောကုတ္တရာစိတ် ရှစ်ပါးဟာ ဓာတ်သာမည်တာ၊ သံသရာဝဋ္ဋထဲမှာ မပါဘူး၊ အဲဒီ လောကုတ္တရာစိတ်နဲ့ ယှဉ်တဲ့ စေတသိက်တွေဟာလဲ ဓမ္မဓာတ်သာ မည်တာ၊ သံသရာ ဝဋ္ဋဒုက္ခထဲ မပါဘူး၊ နောက် နိရောဓသစ္စာ ဖြစ်တဲ့ နိဗ္ဗာန်တရားမြတ်ဟာလဲ ဓမ္မဓာတ်သာမည်တာ၊ သံသရာ ဝဋ္ဋဒုက္ခထဲမှာ မပါဘူး။

လိုရင်း အချုပ်ကတော့ သံသရာလို့ ခေါ်ဆိုရတဲ့ ခန္ဓာ, အာယ တန, ဓာတ်တွေဟာ ဝိပဿနာ ယောဂီရဲ့ အာရုံ ဖြစ်သောကြောင့်

လောကီစိတ်, စေတသိက်နဲ့ ရုပ်တရားစုဖြစ်တဲ့ လောကီခန္ဓာ, လောကီ အာယတန, လောကီဓာတ်၊ သို့မဟုတ် လောကီမနာယတနနဲ့ ဓမ္မာ ယတန တရားစုတို့ကိုသာ မှုချယူရမှာ ဖြစ်တယ်၊ ကဲ....သဘောပေါက် ရဲ့လား ဉာဏ်နဲ့ စဉ်းစားပါ။

**ဒကာ**။ ။ဒါလောက် ကွဲအောင် ခွဲစိတ်ဝေဖန် ထောက်ပြောလို့မှ သဘောမပေါက်ရင်လဲ သူ့ထက် အန္ဓကျတဲ့သူ မရှိတော့ ဘူးပေါ့ ဆရာတော်၊ တပည့်တော်ကတော့ ခန္ဓာသာသိုက်ပြီး သံသရာ မသိုက်တဲ့ လောကုတ္တရာစိတ်နဲ့ ယှဉ်ဒွဲယှဉ်တဲ့ စေတသိက်ခန္ဓာတွေကို ပြောပြတာတည်းက သဘောကျခဲ့တာပါ ဘုရား၊ တပည့်တော်အား သနားသဖြင့် ခွင့်ပြုလက်ခံပါဆရာတော်။

ဆရာတော် ဘုရား ကျန်းမာရေးအတွက် ဆေးပစ္စည်းများကို တပည့်တော် ဖိတ်ကြားပါတယ် ဘုရား၊ တပည့်တော်အား ဆေး ပစ္စည်း ဒကာကြီးဟု မှတ်တော်မူပါ ဆရာတော်။

---

## ဝိပဿနာ လောကီမဂ်က မဂ်ကိစ္စလေးချက်ကို တချက်တည်းနဲ့ ပြီးစေနိုင်သလား ?

**ဒကာ**။ ။ခုကာလယောဂီတွေ မှတ်သားပွားများ အားထုတ်နေကြ တဲ့ ဝိပဿနာတရားက လောကီကုသိုလ်တွေသာ ဖြစ်နေတဲ့ ဟာပဲ၊ အဲဒီ ဝိပဿနာ လောကီမဂ်က မဂ်ကိစ္စလေးချက်ကို တပြိုင်နက် တချက်တည်းနဲ့ ပြီးစေနိုင်တယ်လို့ ဟောပြော နေကြတာ တွေဟာ မလွန်လွန်းဘူးလား ဆရာတော်၊ ဟုတ်မှန်ပါ့ မလား ဘုရား ရှင်းပြပါအုံး။

ဆရာ။ ။အင်း.... ဒကာကြီး ပုစ္ဆာက သူများကို အထင်အမြင်သေးတဲ့ ဂရုဟာသံ ပါလိုက်တာ၊ မဂ်ကိစ္စလေးပါး ဆိုတာကော သိရဲ့လား၊ ဘာတွေလဲ ပြောပြပါအုံး။

ဒကာ။ ။သိ, ပယ်, ဆိုက်, ပွား, ဆိုတဲ့ ဆောင်ပုဒ် အရပေါ့ ဆရာတော်။ (၁) ဉာတပရိညာကိစ္စ။ (၂) ပဟာန ကိစ္စ။ (၃) သစ္ဆိကိရိယကိစ္စ။ (၄) ဘာဝနာကိစ္စတို့ ဖြစ်ပါတယ်။

ဆရာ။ ။အင်း.... လောကီမဂ္ဂင် ရှစ်ပါးနဲ့ ယှဉ်ဖြစ်တဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဝိပဿနာလောကီမဂ်ကလဲ သူ့အချက်နဲ့သူ အဲဒီ မဂ်ကိစ္စလေးချက်ကို တပြိုင်နက် ပချက်တည်းနဲ့ ပြီးစီးအောင် လုပ်ဆောင်သွားနိုင်ကြ ပါတယ်လေ၊ လောကီမဂ်ကလဲ လောကီနည်းနဲ့ ပြီးစေတာပေါ့၊ အထင်မသေးပါနဲ့ ဒကာကြီးတို့ရ။

ဒကာ။ ။ဒီလိုဆိုရင် ပပည့်တော်တို့ နားလည်အောင် အလွယ်ဆုံးနည်းနဲ့ ထုတ်ဆောင် ထောက်ပြပါအုံး ဆရာတော်၊ ပါဠိတွေတော့ မရွတ်ပါနဲ့ ဘုရား။

ဆရာ။ ။ဒါမျိုးက ဝိပဿနာတရား ပွားများ အားထုတ်ဘူးတဲ့ သူမျိုးနဲ့မှပိုပြီး နည်းစနစ်ကျကျ ပြောပြလို့ အံ့ဝင်တာ၊ ကိုင်း.... နားထောင်။

၁။ နာမ်ရုပ်တို့အပေါ်မှာ သက္ကာယဒိဋ္ဌိ အမှိုအစွဲ ကင်းစွာ အာနာပါန ဖုသန တရားကို ရှုမှတ် ပွားများနေတဲ့ ယောဂီဟာ ရှုရှိုက်ချင်တဲ့ စိတ်၊ ရှုရှိုက်လိုက်တဲ့ ဝါယောရုပ် လေခတ်၊ နှာသီးဖျား ကာယရုပ်ကို ထိ ထိသွားတာ၊ သိတဲ့ စိတ်၊ ထိ,သိကို မမေ့ရအောင်

ကြိုးစား အောက်မေ့ တည်ကြည်နေတဲ့၊ သမ္မာဝါယာမ၊ သတိနဲ့ညာဏ်တို့က ရုပ်နာမ်တို့ ထိ,သိ ပျက်မှု အနိစ္စလက္ခဏာ ဖသည်ကို အချက်ကျကျ သိ သိနေသဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား သိခြင်း ဟူသော ဉာတပရိညာကိစ္စကို ပြီးစေခြင်းက တချက်။

၂။ ဒုက္ခသစ္စာ ဆင်းရဲတာအမှန်ကို ကြိမ်ဖန်များစွာ သိ သိ မှတ် မှတ် နေသဖြင့် ထိုဖြစ်ပျက်မှု ဒုက္ခအရှဉ်း သာယာ, ခင်မင်, လိုချင်, ဘပ်မက်, ဆာလောင်, တွဲလမ်းခြင်း သမုဒယသစ္စာ တဏှာဥပါဒါန်ကို ခဏတိုင်း ခဏတိုင်း တဒင်္ဂပဟာန်ဖြင့် ပယ်ရှင်းခြင်းဟူသော ပဟာနကိစ္စကို ပြီးစေခြင်းကလဲ တချက်။

၃။ ဤကား ရုပ်,ဤကား နာမ်ဟု ရုပ်နာမ်ဓမ္မတို့ကိုလဲ ပိုင်းခြား၍ မသိ၊ ရုပ်နာမ်တို့ ဖြစ်ပျက်မှု အနိစ္စလက္ခဏာ အမှန်ကိုလဲ မသိပဲ အမှားမှားတွေကိုသာ သိနေတဲ့ အဝိဇ္ဇာက စပြီး ဖြစ်ပေါ်ဖြစ်ဖက် ကံ ကိလေသာ ဝိပါက်ခန္ဓာ သံသရာဝဋ်ဆင်းရဲကို ယောဂီ ရှုမှတ်နေတဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိပဿနာ ပုဗ္ဗဘာဂမဂ်စိတ် ခဏတိုင်း ခဏတိုင်း တဒင်္ဂပဟာန်ဖြင့် ဖြစ်ခွင့်မပေးပဲ တခဏမျှ တဏှာနိရောဓ ငြိမ်းအေးခြင်းကို ဖြစ်စေကာ ခဏနိရောဓ ခေါ်သော ကိလေသဝဋ် ချုပ်ငြိမ်းမှု တဒင်္ဂနိရောဓ ခေါ်ဆိုရတဲ့ တဒင်္ဂနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကိရိယာကိစ္စကို ပြီးစေခြင်းကလဲ တချက်တဲ့။

**မှတ်ချက်။** ။''တဏှာ နိရောဓော နိဗ္ဗာနံ'' ဟူသော ပါဠိ အရ ဒီနေ့ရာချိုးမှာ ပုဗ္ဗဘာဂမဂ်စိတ် ခဏ၌ ကိလေသာ ချုပ်ငြိမ်းမှု နိရောဓသဘောကိုသာ မှတ်ရမည်၊ ရုပ်နာမ်တို့ ဖြစ်ပျက် ငြိမ်းအေးမှု လောကုတ္တရာမဂ် စိတ်ဖြင့် မျက်မှောက်ပြု မြင်ခြင်းကို မယူရဟု မှတ်ပါ။

၄။ အမှန်ရှိသော ပရမတ်သက်သက် ရုပ်နာမ်တို့ ဖြစ်ပျက်မှုကို ရှုမှတ် ရှုမှတ်လျက် သမ္မာဒိဋ္ဌိ စသော ပုဗ္ဗဘာဂမဂ်ကို ကုဋေကုဋာ ကြိမ်ဖန်များစွာ ပွားများစေသဖြင့် လောကီမဂ္ဂသစ္စာကို ပွားစေခြင်းဟူသော ဘာဝနာကိစ္စကို ပြီးစေခြင်းကလဲ တချက်။

ကဲ....ခု ထောက်ပြပေးလိုက်တဲ့ လေးချက်ဟာ မဂ်တရား၏ ကိစ္စကြီးလေးချက်ကို ယောဂီ၏ ဝိပဿနာ လောကီမဂ်က တချက်ချင်းပယ်, သိ, ပွား, ဆိုက်လိုက်တဲ့ ကိစ္စကြီးလေးချက်ပါပဲ၊ သဘောကျလောက်ပါပြီနော်၊ ဒကာကြီးတို့လဲ စာပေပညာရှိထဲကပဲဟာ ကြံပါ၊ ကြံရင် အမှန်မြင်သိရမှာပေါ့။

**ဒကာ။** ။မှန်ပါ့၊ သဘောကျလောက်အောင် စာပေဉာဏ်နဲ့ အမှန်တွေကို ဖြေကြားထားမှုပဲ ဆရာတော်၊ ကျေးဇူးတင်ပါတယ် ဘုရား။

## ဗျာပါဒနဲ့ ဒေါသတို့ဟာ ထူးခြားပါသလား ?

ဒကာ။ ။ဗျာပါဒနဲ့ ဒေါသကို တချို့ဆရာတွေက ထူးခြားသော သဘောရှိတယ်တဲ့၊ တချို့ဆရာတွေကလဲ သဘောချင်း အတူတူပါပဲတဲ့၊ ဘယ်ဟာကို အမှန်ယူ မှတ်ရမှာလဲ ဆရာတော်။

ဆရာ။ ။နှစ်မျိုးလုံး မှန်တာချည်းပဲလို့သာ မှတ်ရမည်၊ ထူးခြားတယ်ဆိုတာလဲ မှန်တာပဲ၊ အတူတူပါပဲ ဆိုတာလဲ မှန်တာပဲ။

ဒကာ။ ။မှန်ပုံ မှန်နည်းကို ရှင်းပြပေးပါအုံး ဆရာတော်၊ တိုတို ကျဉ်းကျဉ်းပေါ့ ဘုရား။

ဆရာ။ ။ထူးခြားတယ် ဆိုပုံကတော့ သုတ္တန်ဒေသနာတော်မှာ ဗျာပါဒနဲ့ အဟောများတယ်၊ အဘိဓမ္မာဒေသနာတော် မှာ ဒေါသနဲ့ အဟောများတယ်၊ အဲဒါက ဟောကြားတာချင်း တမူ ထူးခြားမှုပဲ။

နောက်တချက် ထူးခြားတာကတော့ ဗျာပါဒဆိုတဲ့ စကားပုဒ်နဲ့ ဒေါသဆိုတဲ့ စကားပုဒ် အသံချင်း မတူတာဟာ ထူးခြားတဲ့ သဘောပေါ့။

ဒကာ။ ။အနို့ သဘောချင်း အတူတူပါပဲ ဆိုတာကကော ဆရာတော်။

ဆရာ။ ။စိတ်ဆိုးခြင်း စိတ်ညစ်ခြင်း စိုးရိမ်ခြင်း စိတ်မကောင်း ခြင်း စိတ်ပျက်ခြင်း ညှိုးဆဲနှိပ်စက် ဖျက်ဆီး သတ်ဖြတ် လိုခြင်းတို့ဟာ ဒေါသခေါ်တဲ့ ဗျာပါဒလို့သာ မှတ်ရမည်၊ ဒါကြောင့်

ဒေါသနဲ့ ဗျာပါဒဟာ ဇနီးနဲ့ မယား အမည်သာခြားတာ သဘော သွားချင်းက အတူတူပဲ၊ ကဲ… ကွဲရဲ့လား။

ဒကာ။ ။မှန်ပါ့၊ ရှင်းလင်း ကွဲပြားပါပြီ ဆရာတော်။

---

## သောတာပန်က ဘယ်ကိလေသာနဲ့ ဘယ် သံယောဇဉ်တွေကို ပယ်သလဲ ?

ဒကာ။ ။သောတာပန် ပုဂ္ဂိုလ်ဟာ ကိလေသာ ဆယ်ပါးထဲက ဘာတွေကို ပယ်လျက် သံယောဇဉ် ဆယ်ပါးထဲကလဲ ဘယ်ဟာတွေကို ပယ်ပါသလဲ ဆရာတော်။

ဆရာ။ ။သောတာပန်၏မဂ်က ကိလေသာဆယ်ပါးထဲက အမှား တွေကိုသာ အမြဲစွဲယူနေတဲ့ ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာဆိုတဲ့ အတ္တဒိဋ္ဌိဆိုးနဲ့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အပေါ်၌ မယုံကြည်မှု ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ နှစ်ပါးကို လက်စတုံး ပယ်ဖြတ်စေလိုက်တယ်၊ ကျန်တဲ့ ကိလေသာ ရှစ်ပါးကို မပယ်သေးပေမင့် အပါယ်လားအောင်တော့ မသုံးစွဲ မခံစားတော့ဘူး။

သူ့မှာ ကျန်ရှိနေသေးတဲ့ မောဟကိလေသာ အမိုက်တိုက် အမဲ တုံးကြီးကလဲ လုံးဝမမြင်ရအောင် ပိတ်ဖုံးမှောင်ချမပေးနိုင်တော့ဘူး၊ အလင်းရောင်ကလေးနဲ့ ယှဉ်စပ်နေတဲ့အတွက် အနိစ္စနဲ့ အနတ္တကိုတော့ အမြဲသိမှတ်တဲ့ ဉာဏ်အမြင် သတိသညာ ရှိနေတယ်။

ဒုက္ခနဲ့ အသုဘကိုသာ မောဟကိလေသာက ယောင်ချာချာ လုပ် ထားလို့ ကာမဂုဏ်ဆင်းရဲကို ချမ်းသာထင်ကာ ပစ္စည်းဥစ္စာ ရှာဖွေ

ရောင်းဝယ်ခြင်းနှင့် အသုဘကိုလဲ သုဘထင်သောကြောင့် မိမိကိုယ်ကို အလှပြင်ကာ အိမ်ထောင်သားမွေး ရှိနေကြသေးတာ ဖြစ်တယ်။

သံယောဇဉ်ဆယ်ပါးထဲကတော့ အရေးကြီးတဲ့ အယုတ်တမာ သံယောဇဉ်ကြီးများဖြစ်တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဣဿာ မစ္ဆရိယ အဲဒီ သံယောဇဉ်ကြီးငါးပါးကို ထပ်မပွားရအောင် ရပ်ထား လိုက်ကြတယ်၊ ဘယ်သောအခါမှ ဖြစ်ခွင့်မပေးတော့ဘူး။

ကာမရာဂသံယောဇဉ်ကလေးက အလျှို သောတာပန်မှာ အများ ဆုံး ခုနစ်ဘဝလောက် ကျန်နေသေးလို့ ကာမသုဂတိနယ်မြေမှာ ပျော်ပါးမော်ကြွားပြီး လင်ယူသားမွေး စိုးရိမ်ငိုကြွေးကြသေးတာလို့ မှတ်ရမည်၊ ဒါကြောင့် ဝိသာခါ သောတာပန် ကျောင်းအမကြီးဟာ မြေးကလေးသေတော့ ငိုတာပေါ့။

အဲဒါကြောင့် သောတာပန်မှာ ကိလေသာဆယ်ပါးထဲက ရှစ်ပါး ကျန်သေးတယ်၊ သံယောဇဉ်ဆယ်ပါးထဲကလဲ ငါးပါး ကျန်သေး တယ်၊ ကဲ... ရှင်းပြီလား။

**၁ ကာ**။ ။အော်.... သောတာပန်မှ, လင်ယူဘာ ဒါကြောင့်ကို၊ အင်း....အင်း....ရှင်းလင်း ကျေနပ်ပါတယ် ဆရာတော်။

## သတိပဋ္ဌာန်တရားနဲ့မှသာ မဂ်ဖိုလ်ကို ရကောင်းသလား?

**၁ ကာ**။ ။ပြတ်ဗုဒ္ဓ၏ ပရိယတ္တိ သာသနာ အဆုံး အပတော်၌ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ရှိနေတဲ့ ဟာပဲ၊ သတိပဋ္ဌာန်တရားလေးပါးမှ တခြားဖြစ်သော တရားမွေတွေနဲ့ အားထုတ်ရင်ကော မဂ်ဖိုလ်မရကောင်းဘူးလား ဆရာတော်။

တရားပြ ဓမ္မဆရာတွေက သူတို့ သာဝကတွေကို သတိပဋ္ဌာန် လေးပါးနဲ့ချည်း ပြ ပြ ပေးနေလို့ မေးရတာပါ၊ ပိဋကတော်က ဘယ်လိုများ မှာထားပါသလဲ ဆရာတော်။

ဆရာ။ ။ဒကာကြီးတို့က ဘယ်လိုများ ကြားဘူးလို့လဲ၊ အဲဒီ တရားလေးပါး မပါပဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ထဲ ရောက်သွား သူများ ရှိသလား။

ဒကာ။ ။ရှိတာပေါ့ ဆရာတော်၊ ဓမ္မကထိကတွေ ဟော ဟော သွားကြလို့ မကြာ မကြာ နာယူ မှတ်သား ကြားဘူး ထားရတာပဲဟာ၊ သန္တတိအမတ်ကြီးတို့ ပဋာစာရီတို့ တရားနာရင်းနဲ့ မဂ်, ဖိုလ် ရသွားကြတာပဲ၊ သတိပဋ္ဌာန်တရား အားထုတ်တယ်လို့လဲ မဟောပြောကြပါဘူး၊တရားလဲဆုံးရော မဂ်,ဖိုလ် ရသွားကြတဲ့လူတွေ နတ်တွေ အသင်္ချေ အနန္တပဲဟာ။

ဆရာ။ ။အင်း....မဂ်,ဖိုလ်ရတယ်ဆိုတာက မဂ္ဂင်ရှစ်ပါးကို မူတည် ပွားများမှ မဂ်, ဖိုလ်ကို ရတာ၊ မဂ္ဂင်ရှစ်ပါးကို လွှတ်ထား ပြီးတော့ မဂ်,ဖိုလ်တရားရတဲ့သူ ဤသာသနာတော်မှာ တယောက်မှ မရှိဘူး ဒကာကြီးတို့ရဲ့။

အဲဒီ မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသတိမဂ္ဂင်ခေါ်တဲ့ သတိပဋ္ဌာန် တရားကသာ ပညာမဂ္ဂင်နှစ်ပါးကိုလဲ မမေ့ရအောင်၊သီလမဂ္ဂင်သုံးပါး ကိုလဲ မမေ့ရအောင် ကြိုးစား အားထုတ်မှု ဝီရိယကိုလဲ မမေ့ရအောင် သတိကချည်း ဦးဆောင်နေတာ ဖြစ်တယ်၊ သမ္မာသတိမဂ္ဂင်က ဇာတ်လိုက်ပဲ။

သတိပဋ္ဌာန်ဆိုတာ "သတိ+ပဋ္ဌာန" အဲဒီ ပါဠိပုဒ်က လာတာ (သတိ=အမှတ်ရမှု၊ မမေ့မှု၊ အောက်မေ့မှုတဲ့။ ပဋ္ဌာန=သတိ၏အာရုံ

ဖြစ်သော "ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ" ဟူ၍ထဲ၌ အမြဲမပြတ် စွဲကပ်၍ တည်နေမှုတဲ့) အဲဒါ သတိပဋ္ဌာန်ပဲ၊ သူယူဖို့ အာရုံကို လေးပါးနဲ့ မြတ်ဘုရား ချထားပေးခဲ့တယ်၊ "ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ"တဲ့၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ထဲမှာ ရှိရှိသမျှ ကမ္မဋ္ဌာန်း တွေဟာ အဲဒီ လေးပါးထဲကို ဝင်ရောက်လာတာချည်းပဲ။

သန္တတိအမတ်ကြီးတို့ ပဋာစာရီတို့ဟာလဲ မြတ်စွာဘုရား ဟော ကြားနေတဲ့ သောကငြိမ်းရာ ပရမတ္ထသစ္စာတွေကို သိကာ မိဘ မယား လင် သား ဥစ္စာ ငါ သူဟပါး ယောကျ်ား မိန်းမဆိုတဲ့ ပညတ်အသွင် ဒြပ်တွေ ပျောက်လျက် သတိ၏ အာရုံလေးပါးထဲက ပေါ်ထွက် ပေါ်ထွက်လာတဲ့ ရုပ်နာမ်သက်သက်အပေါ်၌ မခိုင်မြဲမှု အနိစ္စလက္ခ ဏာ ဖြစ်ပျက်ကို ရှုမှတ်ပွားများမှု မမေ့ရအောင် ကိုယ်ထဲမှာစိုက်ပြီး ဝိပဿနာစိတ်နဲ့ ရှုမှတ်ရှုမှတ်နေတော့ကာ ရှေးကဖြစ်ပေါ်ပြီးတဲ့ စိုးရိမ် စရာ ငိုကြွေးစရာ ကိုယ်စိတ်ဆင်းရဲစရာဖြစ်တဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို ပြန်ပြန်ပြီး မစဉ်းစားမိတော့တဲ့အတွက် ရှုမှတ်ဆဲ ဝိပဿနာစိတ်က ဖြစ်ပေါ်ခိုက် ရုပ်နာမ်တို့ကို မပြတ်ရှုမှတ်နေခြင်းဖြင့် တရားနာနေစဉ်မှာပဲ သတိပဋ္ဌာန်တရားတို့ကို ပွားများနေတယ်လို့ ဆိုဘယ်၊ အဲဒီလို သိမှတ်ထားရမည် ဒကာကြီးတို့၊ ဉာဏ်နဲ့ ဆင်ခြင် ပါနော်၊ မယုံမရှိနဲ့။

အဲဒီလို တရားနာရင်းနဲ့ သတိပဋ္ဌာန်တရားကို ပွားများရှုမှတ်ကာ တထိုင်အတွင်းမှာပဲ တရားပွဲလဲ ပြီးဆုံးရော သောတာပတ္တိ မဂ်ဖိုလ် ကိုလဲ ရရောက်သွားကြရောတဲ့။

အဲဒါကို ရည်စူးပြီး ပိဋကတော်ဝင် အဋ္ဌကထာဆရာများက "တေပိ ဣမိနာ မဂ္ဂေန" လို့ ညွှန်ပြတော်မူကြတယ်၊ တေပိ-ထိုသို့

တရားနာရင်း မဂ်ဖိုလ်ရရောက်သွားကြတဲ့ သန္တတိ အမတ်ကြီးတို့ ပဋာစာရီတို့ဟာလဲ၊ ဇာတိမိနာ မဂ္ဂေန=ဤသတိပဋ္ဌာန် လမ်းကြောင်းဖြင့် သာလျှင် ရရောက်သွားကြကုန်၏တဲ့၊ ကဲ...ကဲ....အဲဒါဟာ ပိဋကတော်ရဲ့ အမှာအထားပါပဲဗျာ၊ ကျေနပ်ရဲ့လား။

ဒကာ။ ။ကျေးဇူးတင် ကျေနပ်လှပါတယ် ဆရာတော်၊ ဒကာကြီးလဲ ဘာလုပ်လုပ် သတိအမှတ်နဲ့ သတိပဋ္ဌာန် လက်မလွှတ်ရအောင် ကြိုးစားပါမည် ဘုရား။

---

## တရားမှတ်ဆဲယောဂီမှာ ဝေဒနာချုပ်တယ်ဆိုတာ ဟုတ်မှန်ပါသလား ?

ဒကာ။ ။ခု ကာလ ဝိပဿနာတရား ပွားများ ရှုမှတ်နေတဲ့ ယောဂီတွေက ဝေဒနာချုပ်အောင် လိုက်တယ်၊ ကျွတ်အောင်လိုက်တယ်၊ ဝေဒနာချုပ်မှ တရားအမှတ်ဖြုတ်တယ်တဲ့၊ သူတို့ရဲ့ ဝိပဿနာ ဓမ္မာရုံများကလဲ ဝေဒနာချုပ်အောင် လိုက်ရမယ်လို့ စေခိုင်းတတ်ကြပါတယ်တဲ့၊ အဲဒါတွေဟာ မှန်ပါရဲ့လား ဆရာတော်၊ စိတ်ရှိသူမှာ ဝေဒနာချုပ်နိုင်ပါသလား။

ဆရာ။ ။အင်း....ဒါက ပရမတ်တရား နည်းနည်းပါးပါး လိုက်စားလေ့လာထားတဲ့ သူများမှ အမှန်သိနိုင်မှာ ဖြစ်တယ်၊ ဒီစကားမျိုးကို ရုပ်နာမ် ပရမတ် ဘာမှ မသိ နားမလည်တဲ့ ဆရာတပည့်တို့ရဲ့ ကမ္မဋ္ဌာန်းရိပ်သာဘက်ကပေါ် ထွက်လာတဲ့ သာသနာဖျက် အမှားစကားတွေလို့သာ မှတ်ပေတော့။

သုဓမ္မဝတီ (က) ၁၀၄-၂၆

ဒကာ။ ။ဆက်လက်မိန့်ကြားကာ အမှန်တရားများကို လင်းပြပေးပါအုံး ဆရာတော်၊ ဒကာကြီးတို့ နားရှင်းသွားအောင်။

ဆရာ။ ။ဝေဒနာဆိုတာက ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ အာရုံကို ခံစားခြင်းသဘော စေတသိက် ဓမ္မ ဖြစ်တယ်၊ သူက စိတ်ဖြစ်တိုင်း ဖြစ်တိုင်း စိတ်နဲ့အတူတူ ဖြစ်လေ့ရှိတယ်၊ စိတ်ဖြစ်ရင် ဝေဒနာက ပါမှာချည်းပဲ၊ စိတ်မဖြစ်ပဲ မှတ်စိတ်တွေချုပ်ကုန်မှ ဝေဒနာချုပ်မှာ၊ စိတ်ဆိုတာကလဲ ပုထုဇဉ်က ရဟန္တာအထိ အမြဲတစေ ဖြစ်နေ ရှိနေတဲ့ ပရမတ္ထဓမ္မမျိုးပဲဟာ၊ ဝေဒနာချုပ်အောင် ဘယ်လို လုပ်ပြီး ဘယ်စိတ်နဲ့ ရှုမှတ်ပွားမှာလဲ၊ ပုထုဇဉ်မှန်သမျှ ဝေဒနာဖြစ်နေမှာချည်းပဲ။

ဒကာ။ ။ဒီလိုဆိုရင် ဝေဒနာချုပ်တဲ့ ဝိပဿနာရှုမှတ်နည်း မရှိဘူးပေါ့၊ မိန့်ကြားပါဦး ဆရာတော်။

ဆရာ။ ။ဝေဒနာချုပ်တဲ့ ဝိပဿနာ ရှုမှတ်နည်းတော့ ပုထုဇဉ်အတွက် ဗုဒ္ဓမြတ်စွာရဲ့ ပိဋကတော်မှာ မရှိဘူး၊ ရှုမှတ်စိတ်ရှိနေသမျှ ခံစားမှုဝေဒနာက ရှိနေမှာချည်းပဲ၊ ဝေဒနာရဲ့ သဘောလက္ခဏာ က ...

၁။ ဧကုပ္ပါဒ=စိတ်နဲ့အတူ တပြိုင်နက် ဖြစ်တယ်။

၂။ ဧကနိရောဓ=စိတ်နဲ့အတူ တပြိုင်နက် ချုပ်တယ်။

၃။ ဧကာရမ္မဏ=စိတ်နဲ့တူသော အာရုံရှိတယ်။

၄။ ဧကဝတ္ထုက=စိတ်နဲ့တူသော မှီရာရှိတယ်။

အဲဒါကြောင့် ရှုမှတ်စိတ် ရှိနေသမျှ ဝေဒနာကတော့ ရှိနေမှာ ချည်းပဲ၊ ကြံကြံ ဖန်ဖန် မဂ်,ဖိုလ်နိ,ဗ္ဗာန်ရအောင် ဝိပဿနာတရား ပွားများ ရှုမှတ်နေတဲ့ ပုထုဇဉ်ယောဂီပုဂ္ဂိုလ်က မဂ်,ဖိုလ်မရခင် ဝေဒနာချုပ်အောင် လိုက်မှတ်နေတယ်လို့ ပိဋကစာပေ မသင်ကြား ဘူးပဲ ကမ္မဋ္ဌာန်း လုပ်စားနေတဲ့ ဆရာ တပည့် ယောဂီတို့ရဲ့ အလုပ် မှား အကျင့်မှား အပြောမှားတွေလို့ မှတ်ရမည်။

ဝိပဿနာလုပ်ငန်းက မနောဒွါ စိတ်အလုပ်မျိုး မနောဝိညာဉ် စိတ်နဲ့ ပေါ်သမျှ အာရုံတွေကို သိမှတ်နေရတာ၊ တခါသိ တခါပျက် အနိစ္စလက္ခဏာသက်သက်ကို မမေ့တဲ့ သတိနဲ့ ချက်စေ့အောင် သိမှတ် နေတဲ့စိတ်က ချုပ်ငြိမ်းနိုင်မှာလား နိဗ္ဗာန်အထိ သိနေရမှာ။

**ဒကာ**။ ။ဒီလိုဆိုရင် အပြင်း အထန် ဝေဒနာရဲ့ ဒဏ်ကို မခံနိုင် အောင် ဖြစ်ပေါ်နေတဲ့ ယောဂီဟာ ဝိပဿနာတရာ လက်လွှတ်ထားလိုက်ရတော့မှာလား ဆရာတော်။

**ဆရာ**။ ။မိမိရှုမှတ်ဆဲ ဝိပဿနာကိုတော့ ဘယ်အခါမှ လက်မလွှတ် ရဘူး၊ ဝေဒနာပြင်းထန်လို့ မခံနိုင် မမှတ်နိုင်ရင်, အဲဒီ ပြင်းထန်လွန်းတဲ့ ဝေဒနာကို ခွါပြီးတော့ တခြားအာရုံ ရုပ်နာမ်ကို ပြောင်းလဲမှတ်ပေါ့။

**ဒကာ**။ ။အဲဒီ ခွါပုံ ခွါနည်းများကိုလဲ ပိဋကတော်လာ သာဓက အထောက် အထားနဲ့ မိန့်ကြားပါအုံး ဆရာတော် တပည့်တော်တို့ မှတ်သားရအောင်။

## ဝေဒနာ ချုပ်နည်းနဲ့
## ဝေဒနာချုပ်အောင် လုပ်နည်း ?

ဆရာ။ ။အင်း.... ပိဋကတော်မှာ (၁) ဝေဒနာ ချုပ်နည်း၊ (၂) ဝေဒနာချုပ်ငြိမ်းအောင် လုပ်နည်းလို့ နှစ်မျိုး လာရှိတယ်၊ အဲဒါကို သေချာစွာ မှတ်ထားပေါ့၊ သူများကိုလဲ သိအောင် ပြောကြားပေးပါ။

၁။ ဝေဒနာချုပ်နည်းက မီမီ ပေါင်ကို ဆတ်ပိုင်းရိုက်ချိုးကာ သာဝတ္ထိပြည်သား တိဿဧဟန်းတပါးရဲ့ ဂုဏ်ထူးကို အားလုံး ကြားဘူးထားတဲ့ အတိုင်းပဲ၊ ပြင်းထန်စွာ နာကျင် ခံစားမှု ဝေဒနာကို သက်သာနိုင်စေရန် "ယောနိသော မနသိကာရ" ခေါ်တဲ့ သင့်လျော်သော နှလုံးသွင်းဖြင့် တခြား အာရုံတခု၏ ဖြစ်ပျက်မှုကို ပြောင်းလဲ ရှုမှတ်ခြင်း ပြုလိုက်တာနဲ့ ဝေဒနာ၌ နှလုံးသွင်းမှု မရှိတော့၍ ပြင်းထန်စွာ နာကျင် ခံစားမှု ဝေဒနာဟာ ပျောက်ကင်းသွားသလို ထင်ရတယ်။

အဲဒီလို အာရုံ ပြောင်းလဲမှု မျိုးကို အဋ္ဌကထာ ဆရာများက၊ (ဝေဒနံ ဝိက္ခမ္ဘိတွာ = ဝေဒနာကိုခွါသည်) လို့ ညွှန်ကြား ပြဆိုကြတယ်၊ ဒါကြောင့် စိတ်ဖြစ်နေတဲ့ ယောဂီဟာ ဝေဒနာချုပ်တယ် ပျောက်တယ် လို့ မရှိကောင်းဘူး၊ မဂ်စိတ်, ဖိုလ်စိတ် ဖြစ်ရင်လဲ နိဗ္ဗာန်၏ အရသာကို ခံစားတဲ့ ဝေဒနာဖြစ်နေတာပဲ၊ ကဲ.... ကွဲ့ရဲ့ ရှင်းရဲ့လား၊ ဝေဒနာ ခွာတဲ့နည်းသာ ရှိတာ။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ ဝေဒနာ ချုပ်ငြိမ်းအောင် လုပ်နည်း၊ နံပါတ်(၂) ကို ပြတ်ပြတ် သားသားနဲ့ တိုတို ကလေး မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။စိတ်ကို ချုပ်ငြိမ်းအောင် လုပ်ပေါ့၊ စိတ်ချုပ်ရင် ဝေဒနာ ချုပ်ငြိမ်းတာပဲ၊ အဲဒါ အတိုဆုံးနဲ့ အပြတ် သားဆုံး အဖြေပဲ။

ဒကာ။ ။စိတ်ချုပ်အောင် ဘယ်ပုဂ္ဂိုလ်မျိုးက ဘယ်လိုနည်းနဲ့ လုပ်နိုင်သလဲ ဆရာတော်၊ စိတ်မဖြစ်တဲ့ အခါရယ် လို့များ ရှိပါသေးသလား ဘုရား၊ အိပ်စက်တဲ့ အခါမှာလဲ ဘဝင် စိတ်တွေက မပြတ်ဖြစ်နေကြတာပဲ ဥစ္စာ၊ စိတ်မဖြစ်ပဲ ချုပ်နေပုံများ ရှိရင် မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။အင်း.... စိတ်ကို မဖြစ်အောင် ချုပ်အောင် လုပ်နိုင်တဲ့ သူက နှစ်ယောက်ပဲ ရှိတယ်။

၁။ ဈာန်အဘိညာဉ်ရတဲ့ အနာဂါမ် ပုဂ္ဂိုလ်။

၂။ ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာအရှင်မြတ်။

အဲဒီ ပုဂ္ဂိုလ်နှစ်ယောက်ဟာ နိရောဓသမာပတ် ဝင်စားတဲ့အခါမှာ စိတ်ချုပ်သွားတယ်၊ စိတ်ချုပ်တော့ စိတ်နဲ့အတူဖြစ်တဲ့ ဝေဒနာဟာလဲ ချုပ်ငြိမ်းသွားတာပေါ့။

နိရောဓသမာပတ် ဝင်စားတဲ့ အခါမှာ စိတ်, စေတသိက်,စိတ္တဇ ရုပ်တွေပါ မဖြစ်တော့ဘူး၊ ချုပ်ငြိမ်းနေတယ်၊ အဲဒါဟာ(အနုပ္ပါဒေါ နိဗ္ဗာနံ) နိဗ္ဗာန်ကို ခဏသွားတဲ့ နည်းပဲ။

ခုကာလ ဈာန်အဘိညာဥ်မရ၊ အနာဂါမ်, ရဟန္တာလဲ မဟုတ်ဘူ အစုတ်ပလုပ်တွေက ဒေဒနာချုပ်အောင် လိုက်တယ်ဆိုတာ အမှန် မဟုတ်တဲ့ အမှားစကားတွေလို့သာ မှတ်ပေဟော့၊ တော်ပြီ၊ စာပေ တတ်ပြီး အမှန်ကို ယူဆတတ်တဲ့ ဆရာကောင်း ဆရာမြတ်တို့ကိုရှာမှီး ဆည်းကပ်တတ်ရတယ်။

ဒကာ။ ။သည်လို ပြတ်ပြတ်သားသား စကားမျိုးကို ကြားချင် နေတာ၊ ကျေးဇူးတင် ဝမ်းသာလှပါတယ် ဆရာတော်၊ ဦးတင်ရှိခိုးပါတယ် ဘုရား။

## သင်္ခါရဟာ အပြုသဘောလား? အပြုခံ သဘောလား?

ဒကာ။ ။မမွဆရာတွေ ဟောပြောနေကြတာ ဆရာအချို့ကလဲ သင်္ခါရဆိုတာ ပြုလုပ်တတ်တဲ့ အပြုသဘော ဓမ္မတွေသာ ဖြစ်တယ်တဲ့၊ ဆရာတချို့ကလဲ သင်္ခါရဆိုတာ ဒုက္ခဆင်းရဲတွေ အမျိုး မျိုးကို ခံယူနေရတဲ့ အပြုခံရုပ်နာမ်ဓမ္မတွေကို ခေါ်ဆိုတာတဲ့၊ အဲဒီ နှစ်ပါး ဘယ်တရားက မှန်ပါသလဲ ဆရာတော်၊ ရှင်းပြပေးပါအုံး ဘုရား။

ဆရာ။ ။အင်း... နှစ်မျိုးစလုံး မှန်တာချည်းပါပဲ၊ သင်္ခါရက. ပြုလုပ်ပေးတတ်တဲ့ သဘောရှိသော ပြုတတ်တဲ့ အပြု သမားသင်္ခါရနဲ့၊ အပြုအလုပ်ခံနေရတဲ့ အပြုခံသင်္ခါရလို့ နှစ်မျိုးရှိတယ်။

## အပြုသင်္ခါရ အလုပ်သမားများ ?

၀။ ပြုလုပ်ပေးတတ်တဲ့ လက်သယ်သင်္ခါရမျိုးက သင်္ခါရက္ခန္ဓာခေါ်တဲ့ စေတသိက် ၄၈ ဆယ်ကို ခေါ်ဆိုတာဖြစ်တယ်။

သူတို့က ကာယကံ အမျိုးမျိုး ဝစီကံ အမျိုးမျိုး မနောကံ အမျိုးမျိုးတွေကို ထမြောက်အောင် ပြုလုပ်ပေးတတ်တယ်။

အဲဒီ သင်္ခါရ အလုပ်သမား ၄၈ ဆယ် ထဲမှာလဲ စေတနာခေါ်တဲ့ သင်္ခါရဟာ ဦးစီး ခေါင်းဆောင် အခေါင် ဗိုလ်ချုပ်ကြီးပဲ။

သူက ကောင်းတဲ့ ချမ်းသာသောဘဝနဲ့ မကောင်းတဲ့ ဆင်းရဲသောဘဝ အသစ် အသစ် ဘဝတွေကို ဖြစ်အောင် လုပ်ပေးနိုင်စွမ်းရှိတယ်၊ လုပ်လဲပေးတယ်၊ ဒါကြောင့် အဲဒီ "စေတနာ"ကိုပဲ "ကံ" လို့ခေါ်တယ်။

ယင်းကံကလဲ နှစ်မျိုး ရှိတယ်; ကုသိုလ်ကံနဲ့ အကုသိုလ်ကံတဲ့၊ ဝိပါက် ခေါ်တဲ့ ကောင်းကျိုး ဆိုးကျိုး မှန်သမျှကို သူတို့က ပြုလုပ်ပေးတာချည်းပဲ။

အဲဒါကြောင့် သင်္ခါရက္ခန္ဓာ ခေါ်တဲ့ စေတသိက် ၄၈ ဆယ်ကို ပြုလုပ်တတ်တဲ့ (အလုပ်သမား) သင်္ခါရလို့ တိုက်ရိုက်နည်းနဲ့ မှတ်ယူရမည်။

၁၈၁။ ။စေတနာဦးစီးတဲ့ သင်္ခါရ ၄၈ ဆယ်ကို တိုက်ရိုက်ယူရမည် ဆိုတော့ သွယ်ဝိုက်တဲ့နည်းနဲ့ ပြုတတ်တဲ့ "သင်္ခါရများ" ရှိပါသေးသလား ဆရာတော်၊ လျှာရှည်တာ မဟုတ်ပါဘူး ဘုရား။

ဆရာ။ ။အင်း....ခု လက်ရှိ ပဝတ္တိဘဝရဲ့ ကျန်းမာရေးစတဲ့ အပြု သဘော သင်္ခါရအချို့လဲ ရှိသေးတယ်၊ သူတို့ကတော့ (စိတ်, ဥတု, အာဟာရ) အဲဒီ သုံးပါးပဲ၊ သူတို့ကလဲ သတ္တလောက ကြီးကို အခါအခွင့်သင့်သလို ကောင်းအောင် ဆိုးအောင် ပြုလုပ်ပေး တတ်သေးတယ်လို့ မှတ်ပေါ့၊ နေရာတကာ ကံ-စေတနာကိုချည်း လိုက်ချမနေရဘူး၊ ဉာဏ်နဲ့ ဝီရိယကိုလဲ လက်စွဲပြုရဦးသေးတယ်၊ ကံယုံပြီး ဆူးပုံမနင်းနဲ့တဲ့ ဒါပဲ။

ဒကာ။ ။မှန်ပါ့၊ ရိပ်စားမိပါပြီ ဆရာတော်၊ အပြုခံ သင်္ခါရကို ရှင်းပြပေးပါအုံး ဘုရား။

## အပြုခံ သင်္ခါရမျိုးများ ?

၂။ အပြုခံ သင်္ခါရဆိုတာကတော့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောဖြစ်တဲ့ ကံ, စိတ်, ဥတု, အာဟာရ အဲဒီ အကြောင်းတရားကြီး လေးပါးတို့ကြောင့် ဖြစ်ပေါ် လာသမျှ ရုပ်နာမ်တရားတွေကို ခေါ်ဆိုတာပဲ။

အဲဒီ သင်္ခါရခေါ်တဲ့ ရုပ်နာမ်ဓမ္မတွေဟာ သူတို့နဲ့ ဆိုင်ရာ ဆိုင်ရာ ကံတို့, စိတ်တို့, ဥတုတို့, အာဟာရ တို့က ပြုပြင်စီရင်ပေးသမျှကို ခံယူနေရလို့ သူတို့ကို အပြုခံ သင်္ခါရလို့ ခေါ်တယ်၊ ကဲ....ကျေနပ်ရဲ့လား။

## ဝိပဿနာသမားက ဘာသင်္ခါရကို မှတ်ရှုရမှာလဲ ?

ဒကာ။ ။ဝိပဿနာ တရားကို ပွားများ ရှုမှတ်ရမည့် ပုဂ္ဂိုလ်, ယောဂီက ဝိပဿနာတရား ပွားများရှုမှတ်တဲ့အခါ အပြု ခံသင်္ခါရကို ရှုမှတ်ရမှာလား၊ ပြုတတ်တဲ့ သင်္ခါရကို ရှုမှတ်ရမှာလား၊

တပည့်တော်တို့ လွယ်လွယ်နဲ့ မှတ်သားရအောင် အကျဉ်းကလေးမျှ သာဓကထုတ်ပြီး ရှင်းပြပေးပါအုံး ဆရာတော်။

**ဆရာ။** ။ဝိပဿနာတရား ပွားများရှုမှတ်တဲ့ အခါမျိုးမှာတော့ ယောဂီ, ပုဂ္ဂိုလ်, သတ္တဝါရယ်လို့ သီးခြားရှုမှတ်သူ မရှိပါဘူး၊ ပြုလုပ်တတ်တဲ့ သင်္ခါရတွေ အပြုခံသင်္ခါရတွေရယ်လို့ မှတ်သား ခွဲခြားနေစရာလဲ မလိုပါဘူး၊ ယင်း သင်္ခါရတို့ရဲ့ အနိစ္စလက္ခဏာကိုသာ ငါ, ငါ့ဟာဆိုတဲ့ ဒိဋ္ဌိစွဲ မပါပဲနဲ့ မိအောင် သတိကောင်းကောင်းနဲ့ ရှုမှတ်ပွားများနေရမှာ ဖြစ်တယ်၊ အဋ္ဌကထာ သာဓကကတော့....

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမသန္တိ
ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။

သင်္ခါရာဝ၊ ပြဆိုခဲ့တဲ့ သင်္ခါရတရားတို့ကသာလျှင်။ သင်္ခါရေ၊ သင်္ခါရ တရားစုတို့ကို။ ဝိပဿန္တိ၊ ဒါက ရုပ်တရားစု ဖြစ်ပျက်, ဒါက နာမ် တရားစု ဖြစ်ပျက်ဟု မှတ်ရှု မှတ်ရှုကာ သိသိနေ၏။ သမသန္တိ၊ သုံးသပ် သုံးသပ်ကာနေ၏။ ဝဝတ္ထပေန္တိ၊ ခွဲခြား သတ်မှတ်ကာနေ၏။ ပရိဂ္ဂဏှန္တိ၊ ကြောင်း,ကျိုး နှစ်ပါးကို ပိုင်းခြား,သိမ်းဆည်းကာနေ၏။ ပရိစ္ဆိန္ဒန္တိ၊ ဤသည်ကား ရုပ်ဖြစ်ပျက်, ဤသည်ကား နာမ်ဖြစ်ပျက်ဟု ပိုင်းခြား ပိုင်းခြားကာ ငါမပါပဲ(စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ တို့ဖြင့်) သန့်ရှင်းစွာ စွဲယူနေတော့၏ တဲ့။

အဲဒါ ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါ မဂ်တို့က လာတဲ့ တရားအား ထုတ် ပွားများရှုမှတ်သူ ယောဂီမရှိ, ပုဂ္ဂိုလ် သတ္တဝါမရှိ, ငါ မရှိ,သူမရှိ,သင်္ခါရကသာ သင်္ခါရကိုရှုမှတ်နေတာဖြစ်၏ဟူသော ညွှန်ကြားချက်တွေပါပဲ၊ ကဲ....ဘာမေးအုံးမလဲ၊ ယောဂီမရှိ, ပုဂ္ဂိုလ် သတ္တဝါမရှိ, သင်္ခါရက သင်္ခါရကို ရှုမှတ်နေ၏တဲ့။

ဒကာ။ ။ပြည့်စုံလုံလောက်တဲ့ အဖြေစကားတွေ ကြားသိရလို့ မေးစရာ မရှိတော့ပါဘူး ဆရာတော်၊ ငါမှတ်၊ ငါသိ ဖြုတ်ဖို့က ခက်လှတယ် ဘုရား။

---

## ဘုရားလက်ထက် အသက်အရှည်ဆုံး ရဟန္တာ ဘယ်သူလဲ ?

ဒကာ။ ။မြတ်စွာဘုရားသခင် မျက်မှောက်၌ ဝင်ရောက် ရဟန်းပြုကြတဲ့ ရဟန်းတော်တွေထဲမှာ ဘယ်ရဟန္တာဟာ အသက် အရှည်ဆုံးပါလဲ ဆရာတော်။

ဆရာ။ ။အရှင်ဗာကုလ မထေရ်ဟာ သက်တော် အရှည်ဆုံးပဲလို့ ထင်တယ်၊ အရှင်ဗာကုလဟာ လူ့ဘဝနဲ့ အသက် (၈၀) နေပြီးမှ ရဟန်းဝင်ပြုတာ အနာရောဂါကင်းတဲ့ ကျန်းမာရေးဘက်က သူမတူ ထေဒဂ် ဘွဲ့တံဆိပ် ရတော်မူတယ်။

ရဟန်းပြုပြီးတော့ ဗုဒ္ဓသာသနာတော်မှာ ထင်ရှားတဲ့ ရဟန္တာဘဝနဲ့လဲ အသက် (၈၀) နေတော်မူသွားဘယ်၊ နှစ်ရပ်ပေါင်း သက်တော် (၁၆၀) ပြည့်သောအခါ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားတယ်၊ ဒါကြောင့် ဗုဒ္ဓလက်ထက် အသက်အရှည်ဆုံး ရဟန္တာဟာ အရှင်ဗာကုလထေရ်လို့ ထင်တာပဲ၊ စာကြည့်ရအုံးမည်။

## ဗာကုလဆိုတာ ဘာလဲ ?

ဒကာ။ ။''ဗာကုလ'' ဆိုတဲ့ ပါဠိစကားက မြန်မာလို ဘာကို ဆိုတာလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။''ဗာကုလ'' ဆိုတာ ဗာ–က တပုဒ်၊ ကုလ·က တပုဒ်၊ ဗာ, ဆိုတဲ့ ပါဠိက နှစ်ခုကို ဟောတယ်၊ ကုလ, ဆိုတာက အမျိုးတဲ့၊ ဆွေမျိုးနှစ်ဘက် နှစ်ခုရှိသောသူပေါ့။

**ဒကာ။** ။အမိဘက်က အမျိုးနဲ့၊ အဖဘက်က အမျိုးကို ဆိုတာလား ဆရာတော်။

**ဆရာ။** ။ဟာ.... ဒါက လူတိုင်းရှိတာပေါ့၊ သူ့အတွက်က အမိဘက် အဖဘက် အမျိုးကို ဆိုတာမဟုတ်ဘူး၊ သူငယ်ငယ်ကလေးမှာ သူ့မိခင်က ချစ်စနိုးနဲ့ ဂင်္ဂါမြစ်ထဲ ရေချိုးပေးနေတုန်း ငါးကြီးတကောင်က ဆွဲမျိုသွားလို့ ငါးကြီးရဲ့ဝမ်းထဲ ရောက်သွားတဲ့အခါ သူက ''ပစ္ဆိမဘဝိက''သားမို့ မည်သည့်တန်ခိုးရှင် မည်သည့်လက်နက်မျိုးနဲ့မှ သူ့ကို သေအောင် သတ်ခြင်းငှါ မစွမ်းနိုင်ဘူး၊ ငါးကြီးက သံပူခဲကြီးကို မျိုလိုက်ရသလို ပူလောင်ကာ လန့်ဖြန့်ပြီး ကူးပြေးရင်း တံငါရဲ့ပိုက်ထဲ သွားတိုးမိတာပဲ။

အဲဒီ ငါးကြီးကို သဋ္ဌေးမတဦးက ဝယ်ပြီး ဖိုက်ခွဲလိုက်တော့ ဖြူဖွေးသန့်ရှင်း လှပတဲ့ ကလေးငယ်ကလေး အသက်ရှင်နေတာ တွေ့ရလို့ ကိုယ်ပိုင်သားအဖြစ်နဲ့ ချစ်ခင်မြတ်နိုးစွာ မွေးကြတယ်တဲ့။

သူ့မိဘ အရင်းတွေက အဲဒီ သတင်းစကား ကြားတော့ သွားတောင်းကြတယ်၊ ဒီကလဲ ငါးဝမ်းထဲက ရတာ မပေးနိုင်ဘူး ''ရေမှာ အဆုံး–ကုန်းမှာ တဝက်'' ရေထဲကရတဲ့ သားဆိုပြီး ငြင်းပယ်ကြတယ်၊ သူ့မိဘရင်းတွေကလဲ သဋ္ဌေးတွေ ဒီက နောက် မိဘတွေကလဲ သဋ္ဌေးတွေဆိုတော့ တရားဖြစ်ကြတာပေါ့။

အဲဒါနဲ့ တရားသူကြီးတွေက နှစ်ဦးနှစ်ဖက်သော အမျိုးတွေကို တောင်းပန်ပြီး မူလမိဘမျိုးရော၊ နောက်မိဘမျိုးပါ သဒ္ဓေးနှစ်မျိုး စလုံး ပိုင်ဆိုင်တဲ့ သားကလေးဖြစ်လို့ မူလမိဘ အမျိုးအိမ်မှာလဲ နေနိုင် တယ်၊ နောက်မိဘ အမျိုးအိမ်မှာလဲ နေနိုင်တယ်လို့ အဆုံးအဖြတ် ပေးသောကြောင့် အဲဒီ သတို့သားကလေးကို "ဗာကုလ"လို့ နာမည် ပေး ခေါ်ဝေါ်ကြတယ်တဲ့၊ ကဲ.. ရှင်းပြီလား။

ဒကာ။ ။အော်.... ဗာ,က နှစ်ခု၊ ကုလ, က အမျိုးကို၊ ခုမှပဲ ရှင်းတော့တယ် ဆရာတော်၊ ဒကာကြီးက ဗာကုလ ဆိုတာ ဘယဆေးပင်ရဲ့ နာမည်တမျိုးလားလို့ ထင်နေတာ။

---

## သဗ္ဗေ ဓမ္မာ အနတ္တာ၌ သဗ္ဗေ ဓမ္မာ ပုဒ်အရ မဂ်, ဖိုလ်, နိဗ္ဗာန် ပါနိုင်သလား?

ဒကာ။ ။သဗ္ဗေဓမ္မာ အနတ္တာ-ဟူသော ဒေသနာတော်၌ သဗ္ဗေ ဓမ္မာပုဒ်အရ တချို့ဆရာများက မဂ်, ဖိုလ်, နိဗ္ဗာန်ကိုပါ အနတ္တယူရမည်လို့ ဟောပါတယ်၊ ဆရာတချို့ကတော့ လောကုတ္တရာ တရား ကိုးပါး မပါဘူး၊ လောကီရုပ်နာမ်ကိုသာ ယူရမည်ဟု ဟော ပါတယ်၊ ဘယ်ဆရာတော် ဟောချက်က မှန်ပါသလဲ ဆရာတော်။

ဆရာ။ ။အင်း.... ဆရာအမျိုးမျိုးတွေရဲ့ တရားတွေရှောက်နာ မသိ ရှုပ်ထွေးတဲ့ အခါကျတော့ ဒီမှာလာမေး၊ ဆရာ နှစ်ပါးလုံးရဲ့ ဟောကြားချက်တွေဟာ အမှန်တွေ ထွက်တာချည်းပဲ၊ ကန့်ကွက်စရာ မရှိပါဘူး။

ဒကာ။ ။ဒကာကြီးတို့ ကွဲပြား နားလည်အောင် ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။သည်နေရာမှာ (၁) ဓမ္မသဘောအရနဲ့ (၂) ပုဂ္ဂိုလ်သဘောအရ နှစ်မျိုး နှစ်စား ခွဲခြားရှင်းမှ ကွဲပြားနားလည်မှာဖြစ်တယ် နားထောင်ပါ။

၁။ ဓမ္မသဘောအရ ကောက်ယူလို့ရှိရင် သဗ္ဗေ ဓမ္မာ ပုဒ်ထဲကို လောကီတရားစုရော လောကုတ္တရာတရားစုပါ တရားရှိသမျှတွေ အကုန်လုံး ပါဝင်လာတယ်။

အကယ်တို့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ အတ္တသဘောရှိရင် စိုးပိုင်မှုလဲ ရှိရမှာမို့ "ဟဲ့....နိဗ္ဗာန်လာခဲ့ သင့်ကို ငါခံစားမည်" ဟု ဆွဲယူခံစားနိုင်မှု ပြုကြမှာပေါ့၊ ခုတော့ကာ အဲသည်လို စိုးပိုင်မှု မရတဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကို အနတ္တလို့ဆိုတယ်။

ဒါကြောင့် "ဓမ္မသဘော" အရ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုပါ အနတ္တယူရမည်လို့ ဟောတဲ့ဆရာ့ရဲ့ ဟောပြောချက်တွေဟာလဲ မှန်တာပဲ။

၂။ ပုဂ္ဂိုလ်သဘောအရ ယူလို့ရှိရင် ဝိပဿနာတရား ပွားများရှုမှတ်နေတဲ့ ယောဂီဟာ မြင်မှု ကြားမှုစတဲ့ လောကီရုပ်နာမ်ဓမ္မတို့ရဲ့ မခိုင်မြဲမှု အနိစ္စလက္ခဏာကိုသာ ရှုမှတ် သိနေတော့ကာ ပျက်ပျက်သွားတဲ့ ဆင်းရဲဒုက္ခလက္ခဏာသဘောတွေဟာလဲ ပေါ်ပေါ်လာတယ်၊ ယောဂီဉာဏ်ထဲမှာ မြင်မှု ကြားမှုစတဲ့ ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပြီး ပျက်ပျက်သွားတဲ့ ဆင်းရဲဒုက္ခကို ပိုင်းခြားပြီးတော့ သိလာတယ်။

အဲဒီ မြင်မှု ကြားမှုစတဲ့ ဖြစ်ပျက်, မခိုင်မြဲမှု ဆင်းရဲစု လောကီဓမ္မတွေကို အတ္တကောင်, ငါကောင်အနေနဲ့ ခိုင်မြဲချမ်းသာလာအောင် မပြုလုပ်နိုင်သောကြောင့်လဲ အင်း....

ဒီလို ခဏမစဲပဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်စုတွေဟာ ဘယ်မှာ ငါကောင်, သူကောင် ရှိလို့လဲ၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေတဲ့ အနတ္တဓမ္မသဘော သက်သက်တွေပဲလို့ ရုပ်နာမ်ဓမ္မ သက်သက်ကို ဥဒယ ဝယ ဉာဏ်ဖက်လျက်သာ ရှုမှတ်ပွား များကာ နေတော့တာ။

အဲဒါကြောင့် ဝိပဿနာတရား ပွားများရှုမှတ်နေတဲ့ ယောဂီ ပုဂ္ဂိုလ်ဘက်က အရယူလို့ရှိရင် ယောဂီအာရုံပြု ရှုမှတ်နိုင်တဲ့ လောကီ ရုပ်နာမ်တရားစုကိုသာ ယူရမှာဖြစ်တယ်၊ မဂ်,ဖိုလ်,နိဗ္ဗာန် လောကုတ္တ ရာတရားများကို မယူရဘူးဆိုတဲ့ ဆရာအချို့ရဲ့ အနတ္တ ဟောပြော ချက်တွေဟာလဲ မှန်တာပဲ၊ ကဲ...ရှင်းပြီလား၊ ဝိပဿနာ၏ အာရုံ ဓမ္မက လောကီ ရုပ်နာမ်ပဲ။

ဒကာ။ ။မှန်ပါ့၊ ရှင်းပါပြီ ဆရာတော်၊ ခုမှပဲ ကွဲပြားခြားနား စွာ သိရတော့တယ်၊ ဓမ္မသဘောနဲ့ ပုဂ္ဂိုလ်သဘောအရ အယူအဆ ကွာဟသွားတာကို ဘုရား။

---

## လောကီကုသိုလ်စိတ်ဇောက နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်သလော ?

ဒကာ။ ။ယခု လူတွေ ကြိုးစားပွားများ အားထုတ်နေကြတဲ့ ဝိပဿနာတရား လောကီကုသိုလ်စိတ်များက ရုပ်နာမ်တို့ ချုပ်ငြိမ်း အေးချမ်းရာ နိဗ္ဗာန်အစစ်ကို အာရုံပြုနိုင်ပါသလား ဆရာတော်၊ လောကုတ္တရာ မဂ်စိတ် ဖိုလ်စိတ်တို့ကသာ နိဗ္ဗာန်ကို အာရုံပြုနိုင်တာ မဟုတ်ပါလား ဘုရား။

**ဆရာ။** ။အင်း.... လောကီ ကုသိုလ်စိတ်တွေက ကာမကုသိုလ် ရှစ်ပါး၊ ရူပကုသိုလ်ငါးပါး၊ အရူပကုသိုလ် လေးပါး၊ ပေါင်း တဆယ့်ခုနစ်ပါးတောင် ရှိတာ၊ ဝိပဿနာ တရားအစစ်ကို ပွားများတဲ့ ကုသိုလ်စိတ်က ကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် လေးပါးတည်းရယ်၊ ဘယ်စိတ်ကို မေးတာလဲ၊ လောကီ ကုသိုလ်စိတ်တွေက အများကြီးပဲဟာ။

**ဒကာ။** ။လောကီကုသိုလ်စိတ်ထဲကလဲ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ စိတ်ရှိတယ်လို့ ပြောဟောသံ ကြားဘူးလို့ မေးတာပါ ဆရာတော်၊ တကယ်ရှိရင် အဲဒီစိတ်ကို သိပါရစေ ဘုရား။

**ဆရာ။** ။အင်း... ရှိတယ်၊အဲဒီစိတ်ကို "ဂေါတြဘူ"လို့ခေါ်တယ်၊ သူ့ရဲ့ မူရင်းကတော့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် မျိုးထဲက ထူးချွန်ထက်မြက်သော ဇောစိတ် တခုပဲ။

**ဒကာ။** ။ဒကာကြီးတို့ နားလည်အောင် အနည်းငယ် ရှင်းပြပါအုံး ဆရာတော်၊ ကာမကုသိုလ်စိတ်က နိဗ္ဗာန်အာရုံ ပြုတယ်ဆိုတာ အစစ်မဟုတ် မှန်းဆချက်လို့ ပြောနေကြလို့ပါ။

**ဆရာ။** ။ကဲ... နားထောင်၊ တိုတိုနဲ့ပဲ ရှင်းပြပေးမည်၊ ဝိပဿနာ အစစ်အမှန် ရုပ်နာမ်တို့ ဖြစ်ပျက်မှုကိုသာ အစဉ်တစိုက် လိုက်မှတ် ရှုပွားနေတဲ့ ယောဂီဟာ လောကုတ္တရာမဂ်စိတ်သို့ ကျရောက်လုဆဲဆဲမှာ အဲဒီမဂ်စိတ် ရှေ့နားက ကပ်ပြီးတော့ ကာမကုသိုလ် ဉာဏသမ္ပယုတ် "ဂေါတြဘူ" ဆိုတဲ့စိတ် ဖြစ်ပေါ်လာတယ်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောလို့လဲ ခေါ်တယ်။

အဲဒီ ဂေါတြဘူ ဇောစိတ်က ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဒုက္ခသစ္စာကို ကျော်လွန်ကာ ဖြစ်ပျက်မှု ငြိမ်းအေးရာ နိဗ္ဗာန်အာရုံဆီကို

ညွှတ်ကိုင်းပြေးဝင် သွားတော့တာပဲ၊အဲဒီ ဂေါတြဘူစိတ်က အာရုံပြုတဲ့ နိဗ္ဗာန်ကိုပဲ မဂ်စိတ်ကလဲ အာရုံပြုလျက် ကာမကုသိုလ် ဂေါတြဘူနဲ့ အနန္တရ, သမနန္တရ ပစ္စည်းတပ်ကာ ကပ်လျက်တဆက်တည်း ဖြစ်သွားတော့တာပဲ၊ ဂေါတြဘူက ပုထုဇဉ် အနွယ်ကို ဖြတ်ပေးလိုက်တယ်၊ မဂ်က အရိယာအဖြစ်ကို ခံယူလိုက်တယ်၊ ကဲ....ရှင်းရဲ့လား။

ဒကာ။ ။ခုမှပဲ၊ ပြတ်ပြတ် သားသားနဲ့ လင်းတော့တယ်၊ ရှင်းပါပြီ ဆရာတော်၊ ကျေးဇူးတင်ပါတယ် ဘုရား။

---

## နိဗ္ဗာန်ကို မျက်မှောက်ပြုပုံနည်း တိုတို ကျဉ်းကျဉ်းကလေး ?

ဒကာ။ ။နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံ မင်္ဂလမုတ္တမံ- ဆိုတဲ့ မင်္ဂလသုတ် ပါဠိကို ငယ်ငယ်တုန်းက ကုန်းအော် ကျက်ခဲ့ရပေမင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်ဆိုတာ ဘာမှန်းမှလဲ မသိခဲ့ပါ၊ ဒါကြောင့် နိဗ္ဗာန်မျက်မှောက်ပြုပုံနည်းကို ကျဉ်းကျဉ်းတိုတိုကလေးနဲ့ ရှင်းပြပေးပါ ဆရာတော်။

ဆရာ။ ။နိဗ္ဗာန်ဆိုတာ ဖြစ်မှု, ပျက်မှု, ဘာတခုမှ မရှိတဲ့ ပကတိငြိမ်းအေး ချမ်းသာပြီးနေတဲ့ သဘောကို ခေါ်ဆိုတာ ဖြစ်တယ်၊ သူ့ကိုပဲ လောကုတ္တရာတရားလို့လဲ ခေါ်ရပြန်တယ်။

လောကီတရားစု ဖြစ်တဲ့ သက်ရှိသတ္တဝါ မှန်သမျှနဲ့ သက်မဲ့ တောတောင် ရေ မြေ ပင်လယ်သမုဒ္ဒရာစတဲ့ အရာဝတ္ထုတွေဟာ ဘာတခုမှ မမြဲဘူး၊ ဖြစ်ပြီး ပျက်နေကြတာတွေသာဖြစ်တယ်၊ အဲဒါတွေကိုပင် လောကီရုပ်နာမ်တရားတွေလို့ ခေါ်ဆိုရပြန်တယ်။

အဲဒီ ရုပ်နာမ်တရားတွေဟာ ဖြစ်ပေါ် ဖြစ်ပေါ် လာပြီး ပျက်စီး ပျက်စီး သွားတာ အမှန်မို့ အနိစ္စလက္ခဏာ, ဒုက္ခသစ္စာတွေသာ ဖြစ်တယ်၊ယင်းကိုပင်အပြုအလုပ်ခံနေရတဲ့ သင်္ခါရတရားစုလို့လဲ ခေါ်တယ်၊ လုပ်ခရတဲ့အကျိုးသင်္ခါရ ဆင်းရဲဒုက္ခတွေပဲ၊ခု ပြောနေတာ သဘောကျ ရှင်းရဲ့လား၊ အတိုဆုံးနည်းနဲ့ အကျဉ်းလိုရင်းကို ပြောနေတာ။

**ဒကာ။** ။မှန်ပါ့၊ လောကီရုပ်နာမ်တရားစု မခိုင်မြဲမှု ဖြစ်ပျက် အနိစ္စလက္ခဏာ ဒုက္ခသစ္စာဆိုတာ ရှင်းပါပြီ ဆရာတော်၊ ဆက်လက် မိန့်ကြားပါ ဘုရား။

**ဆရာ။** ။အဲဒီ ဖြစ်ပျက်နေတဲ့ လောကီရုပ်နာမ် ဆင်းရဲတာ အမှန် ဖြစ်တဲ့ ဒုက္ခသစ္စာကို အမှန်မြင်အောင် သိအောင် ကိုယ်ကာယထဲမှာပဲ စူးစိုက်ပြီး ရှုမှတ်ပွားများရမှာ ဖြစ်တယ်၊ တခြားမှာ သွားရှာနေစရာ မလိုပါဘူး၊ တရားရှာ ကိုယ်မှာတွေ့တယ် တဲ့။

**ဒကာ။** ။တပည့်တော်က နိဗ္ဗာန်ကို မျက်မှောက် ပြုပုံ ပြုနည်း မေးနေတာပါ ဆရာတော်၊ တရားရှာပုံ နည်းကို မေးတာ မဟုတ်ပါ။

**ဆရာ။** ။ဟုတ်ပါတယ်လေ၊ ဒီကလဲ နိဗ္ဗာန်မျက်မှောက် ပြုပုံကို ပြောနေတာပါ၊ စကားမှ မဆုံးသေးပဲဟာ၊ သေချာစွာ နားထောင်ပါ။

အဲဒီ ကိုယ်ကာယထဲ စူးစိုက်ပြီး ရှုမှတ်ပွားများလိုက်တော့ကာ မညောင်းတဲ့နေရာက ညောင်းလာတယ်၊ မယားတဲ့နေရာက ယား လာတယ်၊ မနာတဲ့နေရာက နာလာတယ်၊ အဲဒါတွေကို ရှုမှတ်လိုက် ရင် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပျက် ပျက် သွားတာကိုသာ တွေ့နေရ တာပဲ၊ (အဲဒါဟာ ဝိပဿနာဉာဏ်ပဲ။)

**သုမင်္ဂလဝတီ (က) ၁၀၄-၂၇**

ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ပေါ် ဖြစ်ပေါ်ပြီး ပျက်စီး ပျက်စီး သွားတာကိုချည်းပဲ ဉာဏ်ထဲမှာ တွေ့ တွေ့ နေရတာတွေဟာ ဆင်းရဲ ဒုက္ခ သင်္ခါရတွေချည်းပဲ၊ အဲဒါတွေကို ရှုမှတ် ရှုမှတ် နေရင်းက နောက်ဆုံးကျတော့ ရှုမှတ်ဆဲ ဆင်းရဲဒုက္ခ တန်းလန်းထဲကပင် ဖြစ် ပျက်ခြင်း ကင်းငြိမ်းပြတ်စဲတဲ့ အလွန်ပဲ ချမ်းသာတဲ့နေရာ ဓမ္မသဘော ထဲကို ယောဂီရဲ့ မှတ်ဉာဏ်ဟာ သူ့အလိုလို ဖြုတ်ဆို ကျရောက် သိရှိ သွားတယ်၊ ဖြစ် ပျက် ဆင်းရဲဒုက္ခတွေ လုံးဝ မရှိတော့ဘူး။

အဲဒါဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဖြစ်ပျက်ခြင်း ဆင်းရဲကင်းငြိမ်း တဲ့ နိဗ္ဗာန်တရားမြတ်ကို မျက်မှောက်ပြုလိုက်တာပဲ၊ နိဗ္ဗာန်ချမ်းသာကို တွေ့မြင်ခံစားသွားတာပဲ၊ ကဲ....ရှင်းရဲ့လား၊ ဒါမှမရှင်းရင်လဲ သတင်း စာထဲက ရဟန္တာပါလို့ ကြော်ငြာနေတဲ့ ပုဂ္ဂိုလ်တွေဆီ သွားမေး ပေတော့။

**ဒကာ**။ ။ရှင်းပါပြီ ဆရာတော်၊ လက်စသတ်တော့ ဝိပဿနာ တရား ပွားများရှုမှတ်နေတဲ့ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်မှု သင်္ခါရ ဒုက္ခသစ္စာတွေ လက်စသိမ်း လက်စသတ် ပြတ်စဲ ချုပ်ငြိမ်း သွားတဲ့ ဉာဏ်အမြင်ဆိုတာ ခုမှပဲ သဲကွဲတော့တယ် ဆရာတော်၊ ကျေးဇူးတင်လှပါတယ် ဘုရား။

**ဆရာ**။ ။ဟုတ်တယ်၊ ပါဠိတွေကတော့ "ဥပ္ပါဒေါ သင်္ခါရာ, အနုပ္ပါဒေါ နိဗ္ဗာနံ"တဲ့၊ ယင်း အဘူပဲ "ပဝတ္တံ သင်္ခါရာ, အပဝတ္တံ နိဗ္ဗာနံ"တဲ့၊ ဖြစ်ဖြစ်သမျှဟာ ပျက် ပျက်သွားလို့ သင်္ခါရ ဆင်းရဲခြင်းပဲတဲ့၊ ဖြစ်ခြင်းကင်းတာဟာ မပျက်ရတော့လို့ ငြိမ်းအေး ခြင်း ချမ်းသာပဲ တဲ့၊ ကဲ... တော်လောက်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုတာ သိချင်ရင် ဝိပဿနာတရားကို ကြိုးစားရှုမှတ်ပါ၊ ဒါပဲ။

ဒကာ။ ။ကောင်းပါပြီ ဆရာတော်၊ မိန့်ကြားညွှန်ပြ စေခိုင်းတဲ့ အတိုင်း ကြိုးစားပါမည် ဘုရား။

---

## နိဗ္ဗာန်မှာ ခံစားမှု ဝေဒနာမှ မရှိတဲ့ဟာ ဘယ့်နယ်လုပ် ချမ်းသာတာလဲ ?

ဒကာ။ ။ချမ်းသာတာက သုခ၊ ခံစားတာက ဝေဒနာ၊ နိဗ္ဗာန်မှာ ခံစားမှု ဝေဒနာမှ မရှိတဲ့ဟာ၊ ဘာသုခကို ခံစားပြီးတော့ ဘယ်လို ဘယ့်နှယ်လုပ်ပြီး ချမ်းသာနေဘာလဲ ဆရာတော်၊ နိဗ္ဗာန်မှာ ရုပ်နာမ်ရှိလို့လား။

ဆရာ။ ။ဟုတ်တယ်၊ ဒီပြဿနာက ရုပ်နာမ်ကို လက်ဆုပ်လက်ကိုင် စွဲထားတဲ့ အတ္တသမားများရဲ့ အလုပ်မဟုတ်ဘူး၊ ဒကာကြီးတို့ အမေးက ရုပ်နာမ်ကိုစွဲမြဲစွာ ဆုပ်ကိုင်ထားတော့ ဘယ့်နယ်လုပ် ဖြေရမှာလဲ၊ ဒကာကြီးတို့က သက္ကာယ အယူသမားတွေပဲ။

ဒကာ။ ။ဒကာကြီးတို့ မြန်မြန် ထက်ထက်နဲ့ ဉာဏ်မျက်စိမြင်အောင် ဖြေကြားပေးပါ ဘုရား၊ တချို့ဆရာများက နိဗ္ဗာန်မှာ ခံစားမှု သုခ ဝေဒနာ ရုပ်ထူး နာမ်ထူး ရှိတယ်လို့ ဟောကြားတာ ကြားနာရဘူးလို့ပါ ဆရာတော်။

ဆရာ။ ။ဟုတ်ပါတယ်၊ ဘုရားလက်ထက်ကလဲ ရှင်လာလုဒါယီက ရှင်သာရိပုတ္တရာကို ဒီလိုပဲ မေးခွန်းထုတ်တာ ရှိတယ်၊ ကဲ....ဉာဏ်နားနဲ့ ထောင်၊ ဉာဏ်မျက်စိနဲ့ မြင်အောင်လဲ ကြည့်ပေါ့။

"ဝေဒနာပစ္စယာ တဏှာ" တဲ့၊ ခံစားမှု, သုခဝေဒနာ ဖြစ်ပေါ်မှုကြောင့် အဲဒီ မြင်သုခ,ကြားသုခ,စားသုခတွေကို သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင်တဲ့ တဏှာ လောဘ ဖြစ်ပေါ်လာတာ။

"ဝေဒနာ နိရောဓာ တဏှာ နိရောဓော" တဲ့၊ ခံစားမှု ဝေဒနာမရှိပဲ ချုပ်ငြိမ်းသွားလို့ အဲဒီ သုခကလေးကို သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင် ခံစားချင်တဲ့ တဏှာ လောဘ သမုဒယသစ္စာလဲ ချုပ်ငြိမ်းသွားတာ ဖြစ်တယ်။

"တဏှာနိရောဓော နိဗ္ဗာန်" ကိုယ်တွေ့ အာရုံငါးပါး အပေါ်မှာ သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင် ခံစားချင်တဲ့ တဏှာချုပ်ငြိမ်းနေခြင်းဟာ နိဗ္ဗာန်ပဲ။

ပုံပမာ။ ။ဆေးလိပ်ကို အလွန်အမင်း ကြိုက်နှစ်သက်စွာနဲ့ သောက်ရှူခံစားနေတဲ့သူဟာ ဆေးလိပ်ပြတ်သွားတာနဲ့ တပြိုင်နက် ခံစားမှု ဝေဒနာ ရှိလို့ ဆေးခိုး ဆေးငွေ့ ရသာ ရုံကို မခံစားပဲ နေရတာက နေနိုင်တာက ပိုမိုသာလွန်၍ ငြိမ်းအေး ချမ်းသာတယ်၊ အဲဒါဟာ ဆေးလိပ်အတွက် ခံစားလိုမှု လောဘ တဏှာ ငြိမ်းအေးတဲ့ ဆေးလိပ်နိဗ္ဗာန်ပဲ။

ခံစားရတာထက် မခံစားပဲနေနိုင်တာက ပိုမိုချမ်းသာတယ်၊ ငြိမ်းအေးတယ်၊ ရှာမှီးရခြင်း, သိမ်းဆည်းရခြင်း, ပူပန်ရခြင်းတွေ ဘာ တခုမှ မရှိတော့ဘူးလေ၊ ကဲ....သဘောပေါက်ရဲ့လား၊ မခံစားရပဲနဲ့ ချမ်းသာနေတဲ့ အ ဝေဒယိတ သုခဟာ နိဗ္ဗာန်အစစ်ပဲ။

ဒကာ။ ။ဒကာကြီး ညဏ်မျက်စိထဲ အလင်းရောင်တွေ ရဲရဲ တောက် ဝင်လာလို့ အမှန်ကို မြင်ပါပြီ ဆရာတော်၊ ခံစားမှု ဝေဒနာရှိလို့ လိုချင်မှု သမုဒယသစ္စာ တဏှာ ပေါ်လာတာ၊ ဒီ သမုဒယကြောင့် ဒုက္ခသစ္စာ ဆင်းရဲတာ အမှန်ပဲ ဘုရား။

ဆရာ။ ။အဲ....ဟုတ်ပြီ၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို မခိုင်မြဲမှု အနိစ္စလက္ခဏာနဲ့ မြင်အောင် ရှုမှတ်ရမှာ ဖြစ်တယ်၊ ဝေဒနာကို အနိစ္စ ရှုမှတ်နေရင် တဏှာ မလာနိုင်ဘူးပဲ၊ သမုဒယသစ္စာ ချုပ်တာပဲ၊ နိဗ္ဗာန်နဲ့ နီးတာပဲ၊ ကဲ....ပြန်နိုင်ပါပြီ။

ဒကာ။ ။မှန်ပါ့၊ ဦးတင်ပါတယ် ဆရာတော်၊အင်း... ခံစားချင်လို့ ဆင်းရဲတာ၊ ခုမှပဲ ရှင်းလင်းတော့တယ် ဘုရား။

---

## အကုသိုလ်တွေ ရှောင်ကြဉ်နေရင် သီလနဲ့ ပြည့်စုံတာပဲ မဟုတ်လား?

ဒကာ။ ။မကောင်းတဲ့ အပြစ်ရှိတဲ့ အကုသိုလ်တရားတွေ ရှောင် ကြဉ်ကာနေရင် သီလနဲ့ ပြည့်စုံတာပဲ မဟုတ်လား ဆရာ တော်၊ သီလခံယူ ဆောက်တည်နေစရာမျှား လိုသေးသလား ဘုရား။

ဆရာ။ ။အင်း ... အကုသလဓမ္မ ရှောင်ကြဉ်ရမှာနဲ့ သီလခံယူ ဆောက်တည်မှု သည်နှစ်ခုကတော့ ဘုရားရှင်ရဲ့ အလို တော်ကျပါပဲ၊ ဒါပေမင့် အကုသိုလ် ရှောင်ကြဉ်ရုံကလေးနဲ့တော့ သီလအကုန် ပြည့်စုံနေပြီလို့ မဆိုနိုင်သေးဘူး၊ ဒကာကြီးတို့ ဆောက် တည်တယ်ဆိုတာက လောကီသီလလောက်ပဲဟာ။

ဒကာ။ ။သီလဆိုတာ လူများအတွက် ငါးပါး,ရှစ်ပါး,ကိုးပါး, ဆယ်ပါးသီလ ဆိုတာတွေပဲ မဟုတ်လား၊ ဒါတွေဟာ အကုသိုလ်ကို မလုပ်အောင် တားမြစ်တဲ့ သိက္ခာပုဒ်တွေပဲဟာ၊ သီလ အကုန် မပြည့်စုံသေးဘူးဆိုတာက ဘယ်သီလမျိုး ကျန်ရှိနေသေးလို့ ပါလဲ ဆရာတော်။

ဆရာ။ ။ဒီ ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး သီလတွေက လောကသားတို့ စောင့်ထိန်းထားရမည့် လောကီသီလ တွေသာ ဖြစ်တယ်၊ အရိယာမဂ် သီလဆိုတာ ကျန်သေးတယ်၊ အဲဒီ အရိယာမဂ် သီလက အကုသိုလ် ရှောင်ကြဉ်ရုံကလေးနဲ့ ရနိုင် ပြည့်စုံ နိုင်တာ မဟုတ်ဘူး။

ဒကာ။ ။ဒီလိုဆိုရင် အရိယာမဂ်သီလနဲ့ ပြည့်စုံအောင် ပြုလုပ်ထုံး နည်းနယကို ဒကာကြီးတို့ နားလည်ရုံမျှ ပြောပြပါအုံး ဆရာတော်။

ဆရာ။ ။အင်း....အရိယာမဂ်နဲ့ ပြည့်စုံဖို့ကတော့ ဝိပဿနာဉာဏ်ရဲ့ အခြေခံဉာဏ်ဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို သိအောင် သင်ကြားပြီးတော့ ငါ, ငါ့ဟာ မဟုတ်တဲ့ အဲဒီ ရုပ်နာမ်တို့ရဲ့ မခိုင်မြဲမှု အနိစ္စလက္ခဏာကို ကိုယ်ကာယ အတွင်းမှာ ပေါ်သမျှ လိုက်ပြီး ရှုမှတ် ပွားများရတဲ့ ဝိပဿနာအလုပ် တရားပဲ ဖြစ်တယ်။

အဲဒီလို ဖြစ်ပျက် ဥဒယ ဝယ ဉာဏ်တွေ ရင့်သန်လာတော့ကာ ဉာဏ်စဉ်တွေ တက်တက်ပြီး အနုလောမဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်အောင် ပေါင်းကူးပေးလိုက်လို့ အရိယာမဂ်ရောက်မှ ပြည့်စုံ

တယ်လို့ ဆိုရတယ်၊ ဒါကြောင့် ဝိပဿနာတရား မပွားများပဲ အကုသိုလ် ရှောင်ရှားရုံကလေးနဲ့တော့ သီလနဲ့ မပြည့်စုံသေးဘူးလို့ ဆိုတာပဲ၊ ကဲ... ရှင်းရဲ့လား အရိယာပုဂ္ဂိုလ်ဖြစ်အောင် လုပ်ထားရမှာ။

ဒကာ။ ။မှန်ပါ့၊ ဝိပဿနာအလုပ်သဘော မပါတဲ့ အသိကလေးနဲ့သာ ရှောင်ရှားနေတဲ့ သီလတရားမျိုးမို့ ဆိုတာ သိပါပြီ ဆရာတော်၊ ကျေးဇူးတင်ပါတယ် ဘုရား၊ အရိယမဂ္ဂသီလ အပိုင်းထဲရောက်မှ ခိုင်မြဲတော့မှာကို။

---

## ငါ ငါ့ဥစ္စာ မရှိတဲ့ ဝိပဿနာကို ရှုရှုနေတာ ဘယ်သူ့အတွက်လဲ တဲ့ ?

ဒကာ။ ။ဤလောက၌ ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဆိုတာ မရှိ၊ ရုပ်နာမ်နှစ်ပါးသာ ရှိ၏၊ ထို ရုပ်နာမ်နှစ်ပါးတို့ဟာလဲ ဖြစ်ပြီးလျှင် ပျက်၍ သွားကြကုန်၏ ဟု ရှုမှတ်နေကြတဲ့ ဝိပဿနာအလုပ်ဟာ ဘယ်သူ့အတွက် ပြုလုပ်ရှုမှတ် ပွားများနေကြတာလဲ ဆရာတော်၊ ငါကောင် သူကောင် ဆိုတာမှ မရှိတဲ့ဥစ္စာ ရှုမှတ်ခိုင်းနေရသေးသလား? အပိုပေါ့။

ဆရာ။ ။အင်း... ဝိပဿနာ ရှုမှတ် ပွားများတာကတော့ အတ္တကောင် ငါကောင် ရှိတယ်၊ ငါ့ဥစ္စာ ငါ့ဟာရှိတယ်ဆိုတဲ့ အတ္တကောင် ငါကောင် မိစ္ဆာဒိဋ္ဌိ အမှားယူကောင်တွေရဲ့ အတွက် အမှန်သိအောင် ရှုမှတ်ပွားများနေတာပဲ ဖြစ်တယ်၊ ရှုမှတ်ပွားများ ခိုင်းရတယ်၊ မပိုပါဘူး၊ ဒါဟာ တိကျတဲ့ အမှန်တရားပဲ။

**ဒကာ။** ။အတ္တကောင် ငါကောင် မရှိပါဘူး ဆိုထားပြီးသားဥစ္စာ အတ္တကောင် ငါကောင်တွေရဲ့ အတွက် ဟု ဆိုလာပြန်တော့ကာ ရှေ့နောက်မညီတဲ့ စကားဖြစ်နေတာပေါ့ ဆရာတော်။

**ဆရာ။** ။သေချာစွာ နားထောင်ပါ၊ အတ္တကောင် ငါကောင်မရှိ၊ ရုပ်နာမ်သာရှိတယ်ဟု စွဲယူတာက အမှန်တရား သမ္မာဒိဋ္ဌိ အယူအစွဲ ဖြစ်တယ်၊ အနတ္တဝါဒီ အယူခေါ်တယ်။

အဲဒီလို မရှိတာကို အတ္တကောင် ငါကောင် ရှိတယ်လို့ ယူစွဲနေကြတဲ့ မိစ္ဆာဒိဋ္ဌိ အယူအစွဲ ရှိနေတဲ့ အတ္တသမားတွေအတွက် အနတ္တတရားကို အမှန်အတိုင်း ဉာဏ်ဖြင့် ကိုယ်တိုင်ဒိဋ္ဌ သိရှိလာရအောင် ကိုယ်ကာယ ခေါ်ဆိုတဲ့ ရုပ်နာမ်အစု ဤကိုယ်ထဲ ရှုမှတ်ခိုင်းတာပဲ ဖြစ်တယ်။

ကိုယ်ထဲစိုက်ပြီး ရှုမှတ်လိုက်တော့ ကိုယ်ကာယကြီးရဲ့ ရုပ်တရားတွေဟာ ညောင်းညာ ထုံကျင် ကိုက်ခဲ ကြွတက် လေးပိ ယားယံစတဲ့ ဖောက်ပြန်မှုအနိစ္စနဲ့ ဆင်းရဲတဲ့ဒုက္ခတွေ ပေါ်လာတာကို တွေ့တွေ့သာ နေရတယ်၊ ကြာလေ ကြာလေ ဆိုးလေပဲ၊ ကောင်းတဲ့ ချမ်းသာ ဆိုတာ ဟုတိုတစမျှ မရှိဘူး၊ အနိစ္စနဲ့ ဒုက္ခသာ ရှိတယ် ဆိုတာ သိလာတယ်။

အဲဒီ မမြဲတဲ့ ဖောက်ပြန်မှု အနိစ္စကို ခိုင်မြဲတဲ့ နိစ္စဖြစ်လာအောင် ဆင်းရဲတဲ့ဒုက္ခကို ချမ်းသာတဲ့ သုခ ဖြစ်လာအောင် ဘယ်သူမှ အစိုးတရဖြစ်အောင် မလုပ်နိုင်ဘူး၊ အဲဒီလို အစိုးတရမရှိလို့ ငါကောင် အတ္တကောင် မဟုတ်ဘူး၊ အစိုးမရတဲ့ အနတ္တတရားစုတွေသာ ဖြစ်တယ် ဆိုတာ သိလာအောင်လို့ ဒကာကြီးတို့လို အတ္တစွဲသမားတွေအတွက် အမြင်မှန်တွေ ထွက်လာအောင် ဝိပဿနာတရားကို ရှုမှတ်ပွားများ

ခိုင်းတာပဲ၊ ကဲ....ဘယ်လိုလဲ၊ အို နာ သေမှုတွေနဲ့ ဖြစ်ပျက်နေတဲ့ သည် ရုပ်နာမ်အစုဟာ သူကောင် ငါကောင် ဟုတ်ရဲ့လား။

**ဒကာ။** ။သဲကွဲစွာ ရိပ်စားမိပါပြီ ဆရာတော်၊ တလောကလုံး အတ္တစွဲနဲ့ နေလာကြတာတွေပဲကို ဘုရား၊ အတ္တကောင် အတ္တစွဲသမားတွေအတွက် ဝိပဿနာတရား ရှုမှတ် ပွားများရတယ် ဆိုတာ ထင်ရှားပါပြီ ဆရာတော်။

---

## သောတာပန်မှာ ငါလင် ငါသား ဒိဋ္ဌိစွဲ ရှိလို့လား ?

**ဒကာ။** ။သောတာပတ္တိမဂ်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ် တယ်ဆိုတာ ဘယ်ဒိဋ္ဌိကို ပယ်တာလဲ ဆရာတော်။

သောတာပန်တွေဟာ လင်ယူ သားမွေး ရောင်းဝယ်ရေးကိစ္စတွေ လုပ်နေသေးတယ်၊ သား, မြေး, လင် သေတော့လဲ ငိုကြွေးသေး တယ်ဆိုတော့ကာ ဒိဋ္ဌိစွဲ မကုန်သေးလို့သာ ဖြစ်ရမှာပေါ့၊ရှင်းပြပါအုံး ဆရာတော်၊ လွယ်လွယ်နဲ့ သိနိုင်အောင်ပေါ့ ဘုရား။

**ဆရာ။** ။အင်း.... ဒကာကြီးတို့ မေးခွန်းက လွယ်လွယ်နဲ့ မပြီး နိုင်တဲ့ အဖြေမျိုးပဲ၊ ဉာဏ်နားရှိသူများမှ နားလည်မှာ ဖြစ်တယ်၊ ဉာဏ်နားနဲ့ စိတ်ဝင်စားပြီးတော့ မှတ်သားပါ။

သောတာပန်မှာ နိစ္စစွဲနဲ့ အတ္တစွဲ ဒိဋ္ဌိတွေ မရှိဘူးဆိုပေမင့် တထစ်ချ ကောက္ခ မမှတ်ရဘူး၊ လုံးဝမရှိတဲ့ နိစ္စနဲ့ အတ္တစွဲ ဒိဋ္ဌိကတော့ ဝိပ္ပလ္လာသ တရား သုံးပါးထဲက....

သောတာပန် ပုဂ္ဂိုလ်၌ နိစ္စ-ခိုင်မြဲတဲ့ အတ္တကောင် ငါကောင် ရှိတယ်လို့ ယူစွဲ ထားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသကိုတော့ အကြွင်းမရှိပဲ သောတာပတ္တိမဂ်က ပယ်သတ်လိုက်တယ်၊ လုံးဝ မရှိတော့ဘူးပေါ့။

အဲဒီ...သောတာပတ္တိမဂ် ပယ်သတ်ပုံ ထူးတာက ခန္ဓာငါးပါး အပေါ်၌ စွဲယူတဲ့ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကို ခန္ဓာတပါးစီသာ ပယ် သတ်နိုင်တာ၊ ရူပက္ခန္ဓာတပါးအပေါ်၌ ထင်ရှားအောင် ပြရလျှင်....

၁။ ရူပက္ခန္ဓာသည် ငါ။

၂။ ငါသည် ရူပက္ခန္ဓာ။

၃။ ရူပက္ခန္ဓာ၌ ငါရှိသည်။

၄။ ငါ၌ ရူပက္ခန္ဓာ ရှိသည်။

ဆိုတဲ့ (ရူပံ အတ္တတော သမနုပဿတိ) စသည်ဖြင့် ရုပ်အပေါ်၌ အတ္တကောင် ရှိတယ် ခိုင်မြဲတယ် ဟူသော ဒိဋ္ဌိစွဲမျိုး လုံးဝ မရှိတဲ့ သက္ကာယဒိဋ္ဌိစွဲကို ပယ်သတ်တယ်လို့ မှတ်ယူရမည် တဲ့။

ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ အပေါ်မှာလဲ အဲသည်လိုပဲ တပါးစီ တပါးစီ သက္ကာယဒိဋ္ဌိတွေကို ပယ်သတ်သွားတယ်လို့ မှတ်ယူရမည် တဲ့။

သောတာပန်ဟာ အဲဒီအတိုင်း ခန္ဓာငါးပါးအပေါ်မှာ သက္ကာ ယဒိဋ္ဌိအစွဲ နှစ်ဆယ်ကိုသာ ပယ်ဖြတ် သုတ်သင် ရှင်းလင်းနိုင်သေး တာလို့ မှတ်ယူရမည် တဲ့။

အိမ်ထောင် သားမွေး ရောင်းဝယ်ရေးနဲ့ ငိုကြွေးမှုစသည်တွေ ရှိနေသေးတာကတော့ သညာဝိပ္ပလ္လာသနဲ့ စိတ္တဝိပ္ပလ္လာသတို့က ဝင်ဝင်စွက်နေလို့ဟု မှတ်ရမည် တဲ့။

ခန္ဓာတပါးစီ အပေါ်မှာ သူကောင် ငါကောင် အတ္တစွဲ ငါစွဲ ကင်းနေသော်လဲ ခန္ဓာငါးပါးလုံးကို ပေါင်းရုံးစွဲမှီပြီး ခေါ်ဆိုသမုတ်နေတဲ့ တကိုယ်လုံး တကောင်လုံးကိုပင် ယောကျ်ား မိန်းမ ငါ့လင် ငါ့သား ငါ့ဥစ္စာ ငါ့ဟာဟု သိမှု စိတ္တဝိပ္ပလ္လာသနဲ့ မှတ်မှု သညာဝိပ္ပလ္လာသတို့က ရှိနေသေးသောကြောင့် လင်ယူ သားမွေးတွေ လုပ်နေကြသေးတယ်လို့သာ မှတ်ယူရမည်။

ဒါပေမင့် ပုထုဇဉ်တုန်းကလိုတော့ အစွဲအမြဲ သဲသဲမဲမဲ စုံရေ မျက်ပြဲကြီး မဟုတ်တော့ဘူး၊ အမှတ်မဲ့ နေတဲ့အခါမှာသာ စိတ္တဝိပ္ပလ္လာသနဲ့ သညာဝိပ္ပလ္လာသ နှစ်ပါးက ဝင်နေတာ၊ ဝင်နိုင်တာပါ တဲ့။

ယောနိသော မနသိကာရနဲ့ ဆင်ခြင်စဉ်းစားမိတဲ့ အခါမျိုးနဲ့ ဝိပဿနာတရား ပွားများရှုမှတ်နေတဲ့ အခါမျိုးကျတော့ ဒီသညာ အမှတ်မှားတို့ စိတ္တအသိမှားတို့ဟာ လုံးဝ ဝင်မလာတော့ဘူးတဲ့။

ကဲ...ဒကာကြီးတို့ စဉ်းစားကြည့်စမ်း၊ သောတာပန်မှာ ရှုမှတ် ဆင်ခြင်မှု မရှိပဲနဲ့ မြင်, ကြား စသည့် အာရုံတို့ ပေါ်တိုင်း အနိစ္စမမွတွေပဲလို့ အမြဲထင်မှတ် သိရှိနေရင် ရဟန္တာနဲ့ ဘာထူးသေးသလဲ၊ အာသဝ တရား လေးပါး ကုန်ခန်းရာ ရောက်သွားမှာပေါ့၊ ကဲ...ရှင်းရဲ့လား။

**ဒကာ**။ ။ဝိပ္ပလ္လာသ တရား သုံးပါးတို့တွင် သောတာပန်ပုဂ္ဂိုလ်က သညာဝိပ္ပလ္လာသနဲ့ စိတ္တဝိပ္ပလ္လာသနှစ်ပါး ကျန်ရှိနေသေးတယ်ဆိုတာ သိရလို့ ရှင်းလင်းသွားပါပြီ ဆရာတော်။

သောတာပန်ပယ်တဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုရာမှာ သောတာပတ္တိမဂ်က ဒိဋ္ဌိဝိပ္ပလ္လာသဖြစ်တဲ့ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကိုသာ လုံးဝပယ်ဖြတ်လိုက်တယ်ဆိုတာလဲ ခုမှပဲ ရှင်းတော့တယ် ဆရာတော်၊ ကျေးဇူးတင်ဝမ်းသာလှပါတယ် ဘုရား။

---

## ရုပ်တရားများကို ပထဝီရုပ်စသည် မခွဲခြားပဲ တပေါင်းတည်းစုကာ ဝိပဿနာရှုလို့ ရသလား?

**ဒကာ**။ ။ဝိပဿနာတရား ပွားများတဲ့အခါ ရုပ်ဓာတ်တွေကို တခုစီခွဲခြား မရှုပွားပဲနဲ့ တပေါင်းတည်း ရှုမှတ်သွားလို့ကော မရဘူးလား ဆရာတော်၊ ပထဝီရုပ်တွေ တေဇောရုပ်တွေနဲ့ ရှုမှတ်ရတာ ရှုပ်လှလို့ပါ၊ ရုပ်ဟူသမျှ တပေါင်းတည်း ရှုမှတ်ပွားများနည်း ဘုရားဟောရှိရင် သိပါရစေ ဆရာတော်။

**ဆရာ**။ ။အင်း.... ဝိပဿနာ ရှုတယ်ဆိုတာ ဖြစ်ပေါ်လာသမျှ ပျက်စီးရခြင်း အနိစ္စမှတ်ချက်ကို ထက်မြက်တဲ့ ဉာဏ်နဲ့ အမှန်မြင်အောင် ရှုမှတ်ဆင်ခြင်ရတာမျိုးပဲ။

အဘိဓမ္မာ ဒေသနာအရ ရုပ်တွေကို တပါးစီရေတွက် ခွဲခြမ်းပြီး (ပထဝီ ဓာတုံ ခေါ ရာဟုလ) ပထဝီဓာတ်ကို ဤသို့ ခက်မာသော သဘော ဟု ရှုမှတ်သိ စသည်ဖြင့် ဟောကြားတာကတော့ ပုဂ္ဂိုလ်ရဲ့ ပညိန္ဒြေအရ ကြည့်ပြီးတော့ ဟောသွားတာပါလေ။

ရူပကာယ ရုပ်ကိုယ်အနေနဲ့ တပေါင်းတည်း ရှုမှတ်ပွားများရန် ဟောကြားထားတဲ့ ဒေသနာတော်များလဲ ရှိပါတယ်၊ တပေါင်းတည်း ရှုမှတ်ပွားများလို့လဲ ရပါတယ်။

ဒကာ။ ။တပေါင်းတည်း ရှုမှတ်ပွားများပုံ နည်းနယလေးကိုလဲ ပြောပြပေးပါအုံး ဆရာတော်၊ ဒကာကြီးတို့ နားလည်အောင် လွယ်လွယ်နဲ့ တိုတိုပေါ့ ဘုရား။

ဆရာ။ ။အင်း.... လွယ်ပါတယ်၊ ဒကာကြီးတို့ရဲ့ ရူပကာယ တကိုယ်လုံး တကောင်လုံးရဲ့ ကိုယ်အတွင်း၌ ငါမပါတဲ့ ရုပ်သဘော သက်သက်ကို သညာနဲ့ မှတ်ကာ စိတ်နဲ့ ရှုသိ ကြည့်လိုက်ပါ။

ရုပ်ရဲ့ သဘောတွေ ပေါ်လာဘာ သိလိမ့်မည်၊ ညှောင်းတယ်၊ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ပူတယ်၊ အေးတယ် စသည်ဖြင့် ပေါ်ပေါ်လာသမျှ ပျက်ပျက်သွားဘာတွေဟာ ရုပ်ရဲ့ မမြဲတဲ့သဘော အနိစ္စမှန်တွေပေါ့၊ အဲဒီလို အမှန်တရားနဲ့ ရှုမှတ်ပွားများနေခြင်းဟာ ရုပ်တရားတွေ ရှိသမျှ စုပေါင်းပြီးတော့ ရုပ်တရားတခုတည်း ရှုမှတ်နေတယ်လို့ပဲ ခေါ်တာပေါ့။

ဒကာ။ ။ဒါက ဘယ်သုတ်မှာ ဘုရားဟောပါသလဲ ဆရာတော်၊ ဒကာကြီးတို့ ကြားဘူးတာကတော့ ရုပ်တွေကို ခွဲခွဲပြီး ပထဝီဓာတ်မှတ်, တေဇောရုပ်မှတ်နဲ့ ကြားနာဘူးတာပဲ။

ဆရာ။ ။အင်း.... အဲဒီ ရူပကာယ ကိုယ်ရုပ်အပေါင်းကို ရှုမှတ်တဲ့ နည်းကိုတော့ ရှင်သာရိပုတ္တရာရဲ့ တူဖြစ်သော အဂ္ဂိဝေဿန အနွယ်ရှိတဲ့ ဒီဃနခ ပရိဗိုဇ်ကို မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဒီဃနခ သုတ္တန်မှာ ပါတယ်၊ မယုံရင်လဲ ကြည့်ကြပေါ့လေ။

ဒကာ။ ။ယုံကြည်လေးစားပါတယ် ဘုရား၊ သူတပါးက မေးရင် အကိုးအကားနဲ့ ဖြေကြားရအောင်လို့သာ သုတ်ရင်းကို မေးလျှောက်တာပါ။

**ဆရာ။** ။ဒီက ဖြေတာက ဒကာကြီးတို့ အားထုတ် ပွားများ ရှုမှတ်တတ်ဖို့ ဖြေကြားပေးနေတာ၊ ကိုယ်ရေးကိုယ်တာ အတွက် အရင်လုပ်ထားရမှာ ဖြစ်တယ်၊ ဝိပဿနာတရား မပွားများ မရှုမှတ်ရသေးတဲ့ သူဟာ ဘုရားကို တွေ့မြင်ရသူမဟုတ်ဘူးတဲ့၊ ဘုရား သာသနာအတွင်းသား မဟုတ်ဘူးတဲ့ သာသနာပမှာ ဖြစ်တဲ့ လူသားနဲ့ အတူတူပဲ တဲ့၊ ဝိပဿနာဟာ ဘုရားသာသနာ အတွင်းမှာသာ ရှိတာ ပေါ်တာမို့ ဝိပဿနာအလုပ်ကို အားထုတ်ဖို့ကောင်းတယ်နော်၊ဒါပဲ။

**ဒကာ။** ။မှန်ပါ၊ မိန့်ကြားတဲ့အတိုင်း ကိုယ်တိုင်လဲ ရုပ်တရား တွေရဲ့ မခိုင်မြဲမှု အနိစ္စလက္ခဏာ ဥဒယ ဝယညာဏ်ကြိုးစား မှတ်သား ပွားများပါမယ် ဆရာတော်၊ ခုလို သတိပေး မိန့်ကြားတာ ကျေးဇူးအထူးပဲ တင်ပါတယ် ဆရာတော်။

---

## ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့မှာ အကုသိုလ်ကံတွေ ရှိနေလို့ ဝဋ်လိုက်တာလား ?

**ဒကာ။** ။ကုသလာ ကုသလံ ဇဟံ။ ။ကုသိုလ်ကံ အကုသိုလ်ကံတွေ ကို ပယ်စွန့်တော်မူပြီး ကြပြီလို့လဲ ဆိုသေးရဲ့၊ မြတ်စွာ ဘုရားမှာ ဝဋ်တော် (၁၂) ပါး လိုက်တယ်လဲ ဆိုသေးရဲ့။

အကုသိုလ်ကံတွေကို အရဟတ္တမဂ်ဖြင့် ပယ်စွန့်ပြီးမှပဲဟာ၊ ဘုရား မှာ ဝဋ်လိုက်လို့ ဒုက္ခဆင်းရဲ အရှက်တကွဲတွေ ခံရသေးတယ် ဆိုတာ ဟုတ်ပါသလား ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။အင်း.... ဝဋ်ရှိလိုက်တယ်ဆိုတာက ကုသိုလ်ဝဋ်ကလဲ လိုက် တာပဲ၊ အကုသိုလ်ဝဋ်ကလဲ လိုက်တာပဲ၊ ဘုရားမြတ်စွာ တို့ ကုသိုလ်ကံ အကုသိုလ်ကံကို ပယ်စွန့်တယ် ဆိုတာ မှန်ပါတယ်၊ ဒါပေမင့် အကုန်လုံး ပယ်နိုင်တာ မဟုတ်ဘူး၊ ဘုရား ရဟန္တာတို့ ပယ်စွန့်နိုင်ပုံက....

## ကုသိုလ်ပယ်နိုင်ပုံနည်း ?

လူ့နတ်, ဗြဟ္မာ ရရှိရေး ဘဝတပါး အတွက် သင်္ခါရ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေတတ်တဲ့ ကုသိုလ်ကံမျိုး ကိုသာ အပြတ် ပယ်သတ်လိုက်တာ၊ ဒါကြောင့် သူတို့မှာ (ခီဏာ ဇာတိ) ဘဝတပါး ပဋိသန္ဓေနေဖို့ရာ မရှိတော့ဘူး၊ (ဘဝ နိရောဓော) ဘဝ ကုန်ပြီ။

ခု, လက်ရှိဘဝရဲ့ ပဝတ္တိ ကာလမှာတော့ ကုသိုလ်ကံ အဟောင်း အကြွင်းတွေက ဘုန်းတန်ခိုးတွေ ချမ်းသာရေး အမျိုးမျိုးတွေ ကျန်းမာရေးတွေကို အခွင့်သာသလို ပေးနေ မှာချည်းပဲ။

သူတို့ပြုလုပ်တော်မူနေကြတဲ့ ကုသိုလ်ကံ လုပ်ငန်းစုတွေ ကတော့ ဝိပါက ခေါ်တဲ့ ဝိပါက်ကောင်းကျိုးမျိုးကို အထူး တလည် မပေးတော့ဘူး၊ ကြိယာခေါ်တဲ့ အဗျာကတထဲ ဝင်သွားကြတယ်၊ ပြုကာမျှသာပဲ။

ဒါကြောင့် မြတ်စွာဘုရားသခင်ရဲ့ ဘုန်းတော်တန်ခိုးတော် တွေ အနန္တဟာ အနန္တ ဖြည့်ကျင့်တော်မူခဲ့တဲ့ ပါရမီကုသိုလ် ကံဟောင်းတွေကသာ အကျိုးပေးနေတာဖြစ်တယ်၊ ရှင်သာရိ ပုတ္တရာတို့ ပညာကြီးတာတွေ ရှင်သီဝလိထေရ်တို့ လာဘ်

ပေါများတာတွေဟာ ရှေး ရှေး ကုသိုလ်ကံဟောင်းတွေက ခု,လက်ရှိဘဝမှာ ပေးနေတာတွေပေါ့၊ အဲဒါတွေကို ကုသိုလ်ဝိပါက် လိုက်တာလို့ ခေါ်တယ်၊ ''ဝိပါက်အမြဲ'' ဆိုတာ အဲဒါတွေပဲ၊ ဒါကြောင့် ကုသိုလ်ဓမ္မကို များများလုပ်ထားကြလို့ သူတော်ကောင်းတွေက ဟောပြောကြတာပဲ။

## အကုသိုလ်ကံ ပယ်နိုင်ပုံနည်း ?

အကုသိုလ်ကံ ဘက်ကလဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးသို့ လားစေနိုင်တဲ့ အကုသိုလ်ကံဟောင်းတွေကိုသာ လုံးဝ အကြွင်းမဲ့ လက်စသတ် အပြတ်ပယ်ရှင်း လိုက်နိုင်တာ ဖြစ်တယ်၊ အပါယ်ဘဝ သွားတဲ့ တံခါးမကြီးကိုတော့ လုံးဝ ပိတ်လိုက်ပြီ။

ဒါပေမင့် ဘဝများစွာက မိမိတို့ ပြုလုပ်ပြီးသား ရှိနေတဲ့ အကုသိုလ် ကံဟောင်းတွေ ကတော့ အခု လက်ရှိဖြစ်နေဆဲ ပဝတ္တိဘဝရဲ့ မကောင်းဆိုးဝါးဒုက္ခဆင်းရဲများစွာတို့ကို အခွင့်ရသည်နှင့် ပေးဖို့ရန် အသင့်စောင့်ကာ ကြည့်နေကြတာ ဖြစ်တယ်၊ ကုသိုလ်ကံဟောင်း အားနည်း သွားသည်နှင့် တပြိုင်နက် သူကဝင်ပြီး ဒုက္ခပေးလိုက်မှာပဲ၊ အဲဒါကတော့ စိတ်သာချ မုချ ပေးမှာပဲ။

အကုသိုလ်ကံဟာ အင်မတန် ကြောက်စရာကောင်းတာ၊ ဘုရားသော ပစ္စေကဗုဒ္ဓါရော ရဟန္တာရော နားမလည်ဘူး၊ ကိုယ် မကောင်းတာ လုပ်ထားခဲ့ရင် မကောင်းတဲ့ ဆင်းရဲဒုက္ခကို မုချ ပေးမှာပဲ။

မြတ်စွာဘုရားသခင်ကိုလဲ မိစ္ဆာဒိဋ္ဌိတို့ရဲ့ တပည့်မဖြစ်သူ စိဉ္စမာဏာအမျိုးသမီးတဦးက ပရိသတ်အလယ်မှာဝင်ပြီးတော့ ရှင်ဂေါတမဟာ သူ့လင်ပါ၊ ဒါဟာ သူနဲ့ရတဲ့ ကိုယ်ဝန်ပါ ဟု အယောင်ဆောင်ထားတဲ့ သူ့ဗိုက်ကြီးကို ပြပြီး ကဲ့ရဲ့စွပ်စွဲ အရှက်ခွဲတာပဲ။

ဘုန်းဖာန်ခိုးအရာမှာ ပြောင်မြောက်ကာ တေဒဂ်ရတော်မှတဲ့ ရှင်မောဂ္ဂလ္လာန်ကိုယ်တော်ကြီးကိုလဲ ခိုးသားငါးရာတို့က အရိုးတွေ မှုန့်မှုန့်ညက်ညက်ကျေအောင် ဝိုင်းရိုက်ကာ နှိပ်စက်ညှဉ်းဆဲကြတာပဲ၊ ခံရတာပဲ။

အင်္ဂုလိမာလ မထေရ်မြတ်ကိုလဲ ဆွမ်းခံဝင်တဲ့အခါ အရပ်သားတွေက တို့အဘိုးအဘွား၊ တို့အဖေအမေ၊ တို့အမျိုးတို့ကို သတ်ဖြတ်တဲ့ လူဆိုးကြီးဟု ဆဲရေးတိုင်းထွာပြီး ခဲ, အုတ်ခဲ, ကျောက်ခဲတို့နဲ့ ပစ်ခတ်ကြလို့ ခေါင်းကွဲ ထိပ်ပေါက် သွေးထွက်နာကျင်မှု ဒုက္ခတွေ ခံရတာပဲ။

အဲဒါကြောင့် လိုရင်းအချုပ်ကတော့ ဘုရား ရဟန္တာ အရှင်မြတ်တွေဟာ ကုသိုလ်ကံ အကုသိုလ်ကံကို ပယ်တယ်ဆိုတာ နောက်ဖြစ်မည့်ဘဝသစ် ပဋိသန္ဓေကို ပေးတတ်တဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံကိုသာ ပယ်တာလို့ မှတ်ရမည်၊ ခု ဘဝအတွက်တော့ ပရိနိဗ္ဗာန် မစံမခြင်း ခံနေရမှာပဲ၊ ဝဋ် မကျွတ်သေးဘူးပဲ၊ ဒါကြောင့် မကောင်းမှု အကုသိုလ်ကံများ မလုပ်ကြနဲ့လို့ ပြောရတာဖြစ်တယ်၊ ကဲ ...ရှင်းရဲ့လား။

သုဓမ္မဝတီ (က) ၁၀၄-၂၀

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ ဘုရားကိုသော်မှ အညာမပေးတဲ့ အကုသိုလ်ကံမို့ ကြောက်လှပါတယ် ဘုရား၊ အော်.... ဘဝတပါးကို ဖြစ်စေတတ်တဲ့ ကုသိုလ်နဲ့ အကုသိုလ်ကိုသာ ပယ်တာကို၊ ခုမှပဲ ရှင်းတော့တယ် ဆရာတော်။

---

## ဘုရားကျောင်းတော် စေတီပေါ်သို့ မိန်းမများ မဝင်ကောင်း မထိကောင်း ရှိမနိုးကောင်းဘူးလား ?

ဒကာ။ ။ခု ခေတ်ကာလ အချို့သော ဘုရားလူကြီးတွေက ဤ စေတီတော်ကတန်ခိုးကြီးသည် နတ်ကြီးသည် ဒါကြောင့် ဤစေတီအနီးသို့ မိန်းမများ ချဉ်းကပ် ထိကိုင်လျက် ရှိခိုးဦးတိုက်ခြင်း မပြုရ၊ ပြုလုပ်လျှင် လေကြီး မိုးကြီး ကျလိမ့်မည်၊ ကျားတို့ ဆင်တို့ ထလိမ့်မည်ဟု ခြိမ်းခြောက် တားမြစ်ကြပါသည်၊ ပုံပမာ ကျိုက်ထီးရိုး စေတီတို့လို ဟာမျိုး။

အချို့သော ဂေါပက လူကြီးတွေကလဲ ဤဘုရားသခင် သီတင်းသုံး နေထိုင်တော်မူရာ ဂန္ဓကုဋီကျောင်းတော်သို့ မိန်းမများ မတက်ရ၊ မဝင်ရ၊ ဆွမ်းတော် ပန်းတော် ကပ်ခြင်း တံမြက်စည်း လှည်းခြင်း ပွတ်တိုက်သန့်ရှင်းခြင်း ရှိခိုးဦးတိုက်ခြင်း မပြုရ၊ ပြုလုပ်လျှင် ပင်လယ် လှိုင်းဝဲဂယက်ကြီးက ဆူပွက်မျိုဝါး၍ သွားလိမ့်မည်ဟု ခြိမ်းခြောက် တားမြစ်ကြသောကြောင့် အဝေးကြီးက နေပြီး ဖူးမြော် ရှိခိုးကြရ ပါသည်၊ ပုံပမာ ကျိုက္ခမီမြတ်ဘုရားလို ဟာမျိုး။

ဘုရားဟော ပိဋကတော်မှာ သည်လို တားမြစ်ချက်တွေများ ရှိပါသလား ဆရာတော်၊ မိန်းမများအတွက် သက်သက် စိတ်နှလုံး

မကြည်ဖရာ ဖြစ်နေပါ၍ ပိဋကတော်အထောက်အထားနဲ့ လူအများတို့ နားလည်အောင် တားမြစ်ပုံ ခွင့်ပြုပုံများ ရှိ, မရှိ အဆုံးအဖြတ်များ ပေးသနားတော်မူပါ ဘုရား။

**ဆရာ။** ။အင်း...မြတ်စွာဘုရားသခင်ဟာ မဟာကရုဏာရှင်ကြီး ဖြစ်တော်မူတယ်၊ သတ္တဝါအများကို သနားကြင်နာတဲ့ နေရာမှာ ယောကျ်ားရယ်, မိန်းမရယ်လို့ ခွဲခြား နိမ့်မြင့်မှု မပြု,မထား ပါဘူး၊ တသားတည်းပဲ ထားတော်မူပါတယ် ဒကာကြီးတို့ရယ်။

သာသနာတော်အတွင်းမှာ အမျိုးသားယောကျ်ားတွေ ရှင်သာမဏေဘဝ ရှင်ရဟန်းအဖြစ် ရယူကာ နိဗ္ဗာန်,မဂ်,ဖိုလ် တရားမြတ် ခံစားနိုင်သလို အမျိုးသမီးမိန်းမတွေလဲ သာမဏေမ အဖြစ် ရဟန်းမ အဖြစ် ရယူကြလျက် နိဗ္ဗာန်,မဂ်,ဖိုလ် တက်ရောက်နိုင်ခွင့် ရှိတာပဲဟာ ဉာဏ်ဆင်ခြင်ကြည့်ပေါ့။

## ကျိုက်ထီးရိုး စေတီဘက် မိန်းမများ တက်ကောင်းသလော ?

ကျိုက်ထီးရိုး စေတီတော်ဘက်ကို မိန်းမများ မကူးမတက်ရတဲ့ ကိစ္စနဲ့စပ်၍ မိမိ ရဟန်း တဝါ ရသော ၁၂၈၈ ခု ပြာသိုလပြည့် ၁၇ - ၁ - ၂၇ - ခုနှစ်၌ ကျိုက်ထီးရိုးတောင်တော် အုပ်ချုပ်နေသော ဆရာတော် ဦးအာဒိစ္စနဲ့ ရင်းနှီးစွာ ဆွေးနွေးမေးမြန်းဘူးပါတယ်၊ ဆရာတော် ဦးအာဒိစ္စ က....

ကျိုက်ထီးရိုး စေတီတော်ဘက်ကို အမျိုးသမီးများ ကူးပြီး ကျောက်လုံးတော်ကြီးအား တွန်းလှုပ်ခြင်း၊ နဖူးဖြင့် တိုက်ပွတ်၍ ရှိခိုးခြင်း စသည်တို့ ပြုလုပ်ပူဇော်တာရယ်လို့တော့ မရှိဘူးသလောက်

ပါပဲတဲ့၊ ဒါကြောင့် မိုးမုန်တိုင်းကြီး ကျရောက်ခြင်း၊ ကျား, ဆင်တို့ ထကြွခြင်း ဆိုတာလဲ တခါမှ မဖြစ်သေးပါဘူး တဲ့။

မိန်းမတွေ သံတံတားကနေပြီး စေတီဘက်ကို မကူးမတက်ရတာကတော့ စေတီယင်ပြင်က ကျဉ်းတယ်၊ အကာအရံလဲ မရှိတဲ့အတွက် အားငယ်၍ ကြောက်တတ်သော သတ္တိနည်းတဲ့ အမျိုးသမီးများနဲ့ မသင့်လျော်လို့ မူးမော်ခြင်း, လိမ့်ကျခြင်း အန္တရာယ်များကြောင့် တားမြစ်တာပဲ ဖြစ်ပါတယ်တဲ့။

အမျိုးသမီးတွေ စေတီတော်၏ ခြေတော်ရင်းအထိ လာရောက်ရှိခိုးပူဇော်တာကို နတ်များက မကြိုက်လို့ တားမြစ်ခြင်း မဟုတ်ပါဘူးလို့ ဖြေကြားသွားဘူးပါတယ်။

**ဒကာ။** ။ဒီလိုဆိုရင် သတ္တိရှိတဲ့ အမျိုးသမီးများ တက်ရောက်ရှိခိုးနိုင်တာပေါ့၊ကျောက်လုံးတော်ကြီးကိုလဲ ကိုယ်တိုင်တွန်းလှုပ်ကြည့်ရှု ဖူးမြော်နိုင်တာပေါ့ ဆရာတော်။

**ဆရာ။** ။ဟုတ်တာပေါ့၊ ဘုရားစေတီ ပုထိုးတော်တို့ကို ရှိခိုးပူဇော် ဖူးမြော် ကြည်ညိုလို့ နတ်မကြိုက်ဘူး, ကျားကိုက်တယ်, ဆင်နင်းတယ်, မုန်တိုင်းကျတယ်ဆိုတာ တိတ္ထိဘက္ကတွန်းတို့ရဲ့ စကားပဲဟာ၊ ယုတ္တိမရှိတာ မတားမြစ်ကောင်းဘူး၊ အလွန် အပြစ်ကြီးတယ်၊ ကုသိုလ်ကောင်းမှုလုပ်လျှင် ကောင်းကျိုးချမ်းသာ ရမှာပေါ့။

အမှန်ကတော့ ဘုရားရှင်ရဲ့ ဂုဏ်တော်မြတ်၌ အမျိုးသမီးတွေဟာ ယုံကြည်မှုသဒ္ဓါစိတ် အားနည်းလို့ သူတို့ဘာသာ လန့်ကြောက်ကာ မသွားဝံ့တာသာ ဖြစ်တယ်၊ ဂေါပကလူကြီးတွေရဲ့ အပြစ်မဟုတ်ပါဘူး၊ မိန်းမတွေ ကျိုက်ထီးရိုး စေတီတော်ရဲ့ ခြေတော်ရင်းအထိ

မသွားကောင်းဘူးဆိုတဲ့ ဒိဋ္ဌိဆန်ဆန် အယူသည်းတဲ့ သမိုင်းဆရာကြီး တွေရဲ့ သမိုင်းစာ အမှားကြီးက ကြာရှည်လာတော့ အဲဒီအမှားစကား ကိုပဲ အမှန်ထင်နေကြလို့ပါ၊ အမှားကြာတော့ အမှန်ထင် ဆိုတာ အဲဒါမျိုးပဲ့ ဒကာကြီးတို့ရ။

---

## ကျိုက္ခမိ ဘုရားတန်ဆောင်းပေါ် မိန်းမများ တက်ကောင်းသလော ?

**ဒကာ။** ။ကျိုက်ထီးရိုး စေတီတော်မြတ်အကြောင်းကိုတော့ သိရပါပြီ ဆရာတော်၊ ကျိုက္ခမိ မြတ်စွာဘုရားသခင် ဆင်းတုတော်ရှိရာ ဂန္ဓကုဋိကျောင်း တန်ဆောင်းထဲသို့ မိန်းမများ သီလရှင်များ မတက်ရ၊ မဝင်ရ၊ ဝင်တက်ဖူးမြော်ရင် ဘာဖြစ်မယ် ညာဖြစ်မယ် စသည်ဖြင့် ခြိမ်းခြောက်ပြောဆို တားမြစ်ကြတာကိုကော ဂေါပက လူကြီးများနဲ့ ဆွေးနွေးဘူးပါသလား ဘုရား။

**ဆရာ။** ။အင်း....သဌေးကြီး ဆာဦးသွင်နဲ့ ဆွေးနွေးဘူးပါတယ်၊ သဌေးကြီး ဆာဦးသွင်က သူကတော့ သူများရဲ့ ကုသိုလ်ရရေး ကောင်းကျိုးချမ်းသာကို မတားမြစ်ဝံ့ပါဘူးတဲ့၊ သမိုင်းဆရာတွေက ရေးသား တားမြစ်ခဲ့တဲ့ အစဉ်အလာ ရှိနေလို့ မိန်းမတွေ မတက်ဝံ့တာပါတဲ့၊ မိန်းမတွေ တက်ရောက်ဖူးမြော်ရင် ဝဲဂယက်ကြီးတွေ ဆူပွက် မျိုဝါးသွားမယ် ဆိုတာကိုလဲ သူ မယုံကြည်ပါဘူးတဲ့၊ (ပုညံ ဝ သုခံ ဇနေတိ) ကုသိုလ်ကောင်းမှု ပြုလုပ်သူဟာ ကောင်းကျိုး ချမ်းသာကို ရလိမ့်မယ်လို့သာ သူ ယုံကြည်ပါတယ်တဲ့။

မိန်းမတွေ ဘုရားတန်ဆောင်းထဲ မတက်ဝံ့ မဝင်ဝံ့ဘူးဆိုလို့ သူတို့ ဖူးမြော်ရှိခိုးနိုင်ရန် အာရုံခံတိုက်ကလေးတလုံးကိုတောင် ဒကာကြီးက

သပ်သပ်သီးခြား ဆောက်လုပ်လှူဒါန်း ထားပေးရပါသေးတယ်တဲ့၊ ကဲ....အဲဒါ သဌေးကြီး ဆာဦးသွင်ရဲ့ သဘောထားပဲပါပဲ။

သူ့ရဲ့ ဆိုလိုရင်းက မိန်းမတွေ မတက်ဝံ့ မဝင်ဝံ့လို့သာပါ တဲ့၊ တက်ဝံ့ ဝင်ဝံ့ရင် ကုသိုလ်ကောင်းကျိုးတရားတွေ ပိုမို တိုးပွားပြီး လာကြမှာပဲလို့ ဆိုလိုတယ်။

**ဒကာ။** ။မိန်းမသားများက အားနည်းတဲ့ ပင်ကို ရိုးစွဲညဥ်က ပါနေတော့ကာ သမိုင်းသရာတွေ ခြောက်လှန့်ရေးသား ထားတဲ့အတိုင်း ကြောက်လန့်ကြတာပေါ့ ဆရာတော်။

ဘုရား တရားကို ယုံကြည်လေးစား အားထားတဲ့ အာဇာနည် အမျိုးသမီး တယောက်က စ,တင်ပြီး တက်ရောက် ပူဇော်ပြလိုက်ရင် နောက်လိုက် အမျိုးသမီးတွေ အစဉ်အဆက် ချမ်းသာကြမှာပဲ၊ သာသနာတော် ကြည်ညို လေးစားတဲ့ စံပြ အာဇာနည် အမျိုး သမီးများ ပေါ်ထွန်းကာ အမှန်တရား ပြစွမ်းနိုင်ပါစေလို့ ပတ္ထနာ ပြုလိုက်ပါတယ် ဘုရား။

---

## မြတ်စွာဘုရား၏ ခြေတော်အစုံကို နဖူးတိုက် ဦးခိုက်သော အမျိုးသမီးများ ရှိသလား ?

**ဒကာ။** ။မြတ်စွာဘုရား လက်ထက်တော်က မြတ်ဘုရားနဲ့ ရင်းနှီး စွာ ခြေတော်ရင်း၌ ဝပ်စင်း ရှိခိုးလျက် ခြေတော်အစုံကို နဖူးတိုက် ဦးခိုက် ပူဇော်တဲ့ အမျိုးသမီးများ ရှိဘူးပါသလား ဆရာတော်၊ မမှတ်မိက ဆရာတော်တပါးက ရှိတယ်လို့ ဟောကြား သွားလို့ပါ။

ဆရာ။ ။ဟာ.... ရှိတာပေါ့၊ မြတ်စွာဘုရားသခင်၏ မယ်တော် အရာမှာတည်တဲ့ မိထွေးတော် ဂေါတမီဟာ မိန်းမ အာဇာနည်ပဲ၊ သူ့ကို အကြောင်းပြုပြီးတော့ သာသနာတော်မှာ အမျိုးသမီးတွေ ရဟန်းပြုနိုင်တဲ့ အခွင့်အရေးတွေ ရလာတာ။

အဲဒီ မိထွေးတော် ဂေါတမီ ရဟန္တာမကြီးက ပရိနိဗ္ဗာန် ဝင်စံ တော့မည့်အကြောင်း ဘုရားသခင်ထံ သွားပြီးတော့ ခွင့်တောင်းတဲ့ အခါမှာ ပါဠိဂါထာတွေ မျှားစွာနဲ့ ပိဋကတော်မှာ လာရှိတယ်၊ တောင်းဆိုတဲ့ လိုရင်းကတော့....

ပုတ္တ=ဒုက္ခဆင်းရဲအပေါင်းကို ကုန်ဆုံးအောင် ဟောကြားသင်ပြ၍ ပေးသနားတော်မူသော သားတော်မြတ်ဘုရား၊ သားတော်မြတ်၏ "စက္က သမ္ပုဏ္ဏ ကောမလ ပါဒ" ဂုဏ်ကို ဆောင်တော်မူသော တရာ့ ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံ၍ ကြာသန်းကဲ့သို့ နူးညံ့ပျော့ ပျောင်းကုန်သော ခြေတော်အစုံတို့ကို ဆန့်တန်းတော်မူပါ ဘုရား၊ အရှင်မြတ်ဘုရား၏ ခြေတော်အစုံတို့ကို မယ်တော်၏ ဦးခေါင်း နဖူး တို့ဖြင့် အကြိမ်ကြိမ် ပွတ်တိုက်ကာ ရှိခိုးဦးတင် ဖူးမြော်ကန်တော့မှုကို ပြုပါမည်ဘုရား–ဟု လျှောက်ထားတောင်းပန်တဲ့အခါ မြတ်စွာဘုရား က ခြေတော်အစုံကို ဆန့်တန်းပေးတော်မူတယ်။

ထိုအခါ မိထွေးတော် ဂေါတမီ ရဟန္တာထေရီမကြီးက ဦးခေါင်း နဖူးတို့ဖြင့် အကြိမ်ကြိမ် ပွတ်တိုက်ကာ နောက်ဆုံး ရှိခိုး ကန်တော့ ခြင်းဖြင့် ပြုလုပ်ပူဇော်သွားတဲ့ ထုံးတမ်းစဉ်လာတွေ မြတ်စွာဘုရား လက်ထက်တော်ကာလ ကတည်းက ရှိပါတယ်လေ၊ ဒါကြောင့် မိန်းမ တွေကို ဒီလို ခြိမ်းခြောက် တားမြစ်ကြတာဟာ မြတ်စွာဘုရားသခင်၏ အလိုတော်နဲ့ မညီဘူး၊ မပြုလုပ်ကောင်းဘူးလို့ စာတတ် ပေတတ်

ဆရာတော်ကြီးများက မိန့်ကြားဘူးတယ်၊ ကဲ.... ဒီကိစ္စ ဒါထက် ဖြေစရာ မရှိတော့ဘူး၊ မိန်းမတွေ သူတို့အိမ်က ဘုရားကို ရေသပ္ပါယ်တော့ မထိ မကိုင် မပွတ်သပ်ဘူးလား၊ စဉ်စားကြည့်ကြပေါ့။

**ဒကာ**။ ။ဒီလို ရဲရဲတောက် ပွင့်ပွင့်လင်းလင်း မိန့်ကြားတဲ့ အမှန်တရားများကို ကြားနာ မှတ်သားရလို့ ကျေးဇူးတင်ပါတယ် ဆရာတော်။

---

## တင်ပလ္လင်ခွေ ထိုင်ပုံနည်းများ အဖွင့်ဋီကာ ရှိသလား?

**ဒကာ**။ ။စာပေ ကျမ်းဂန်မှာ (ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ကတွာ) ထက်ဝယ် ဖွဲ့ခွေ ထိုင်၍ ကိုယ်ကို ဖြောင့်စွာထား၍နဲ့ တွေ့ရ ဖတ်ရ ပါတယ်၊ အဲဒီ ထိုင်ပုံ အဓိပ္ပါယ်အဖွင့်များကို ဘယ်လို တွေ့ဘူးပါသလဲ ဆရာတော်။

**ဆရာ**။ ။အင်း.... စာတွေက တွေ့ပါ, ဖတ်ပါ, ကြည့်ပါများတော့ ပြည့်လျှံ ဖိတ်ကျ ကုန်ပြီ၊ သဒ္ဓာသံဂါယနာ ဋီကာ သန္ဓိပါဌ တင်တုန်းက—

ပလ္လင်္ကံ အာဘုဇိတွာတိ ပါဒေန ပါဒံ ဂုဏံ ကတွာ၊

အဲဒီလို ဖတ်ရ ရွတ်ဆိုရ တင်ခဲ့ရဘူးတယ်လို့ ထင်တယ်၊ ဋီကာရဲ့ နာမည်ကိုတော့ မမှတ်မိတော့ဘူး၊ ဆိုလိုရင်း အနက်သဘောက–

ပလ္လင်္ကံ အာဘုဇိတွာတိ= ထက်ဝယ်ဖွဲ့ခွေ နေထိုင်တယ် ဟူသည်ကား။

ပါဒေန= ခြေတဖက်ဖြင့်။ ပါဒံ= ခြေတဖက်ကို။ ဂုဏ္ဍ ကတွာ= ထပ်သည်ကို ပြု၍။

အဲဒီလို ဖွင့်ဆိုထားတယ်၊ ပါဒ=ခြေဆိုတာ ဒူးဆစ်ရဲ့ အောက် ပိုင်းကို (သို့မဟုတ် ခြေသလုံးကို) ခြေလို့ ခေါ်တယ်၊ ဒူးဆစ်ရဲ့ အထက်ပိုင်းကို ပေါင်လို့ခေါ်တယ်၊ ခြေနဲ့ ပေါင်နဲ့ တခြားစီ၊ ပေါင် ကို ပါဒူ့လို (ဦရု) ခေါ်တယ်။

ဒါကြောင့် တင်ပလ္လင်ခွေ ထိုင်တယ်ဆိုတာ ခြေသလုံး တဖက် အပေါ်ကို ခြေသလုံးတဖက် တင်ထပ်ပြီးတော့ ထိုင်တာကို ဆိုတာပဲ၊ ကဲ....ရှင်းပြီလား။

---

## မိန်းမများ တင်ပလ္လင်ခွေ ထိုင်ကောင်းသလား ?

**ဒကာ**။ ။ဒီလိုဆိုရင် မိန်းမတွေ ထိုင်တာက ခြေသလုံးအပေါ် မှာ ပေါင်တင်ထပ်ပြီး ထိုင်ကြတာဟာ ပလ္လက်-ခေါ်တဲ့ တင်ပလ္လင်ခွေ မထိုင်ကောင်းလို့လား ဆရာတော်၊ မိန်းမများ အတွက် ထိုင်ပုံထိုင်နည်းများကိုကော သီးခြားပြဆိုထားပုံများ ကျမ်း ဂန်က ညွှန်ကြားပေးပါသလား ဆရာတော်၊ အချို့ ရိပ်သာတွေမှာ မိန်းမတွေက ပုဆစ်ဒူးတုပ် ထိုင်ရမည်၊ ပလ္လင်ခွေ မထိုင်ရဘူးလို့ သတ်မှတ်ထားတာ တွေ့ဘူးလို့ပါ။

**ဆရာ**။ ။ပါဠိ အဋ္ဌကထာ ဋီကာတွေမှာတော့ တရားထိုင်တဲ့အခါ ပလ္လင်ခွေထိုင်,ကိုယ်ကိုဖြောင့်မတ်ထား,မိန်းမယောကျ်ား မခွဲခြားဘူး၊ ဒီထိုင်နည်း တခုတည်းကိုပဲ ညွှန်ကြား သတ်မှတ်

ထားတယ်၊ ပုဆစ်တုပ်ထိုင် ဆိုတာကတော့ သူတို့ရိပ်သာ သူတို့ကြိုက် သလို သတ်မှတ် ခဲ့ခြားတာလို့ မှတ်ပေါ့။

ဒကာ။ ။ဘာဖြစ်လို့ ဒီ ပလ္လင်ခွေထိုင်နည်းကို ကျား, မ,မခွဲခြားပဲ မြတ်စွာဘုရားက ညွှန်ကြားသတ်မှတ် ထားပေးတာလဲ ဆရာတော်။

ဆရာ။ ။မြတ်စွာဘုရားကတော့ ထွက်လေ,ဝင်လေ ဖြောင့်မတ်စွာ ဝင်ထွက်နိုင်ခြင်း၊ ကြာကြာထိုင်နိုင်ခြင်း၊ သမာဓိရလွယ် ခြင်း စတဲ့ အကျိုးများကို ရစေခြင်းငှါ ဟောကြား သတ်မှတ်ထား တော်မူခြင်းပါပဲ။

ဒါပေမင့် ကိုယ်ကြိုက်နှစ်သက်သလို မညီသည့်ဣရိယာပုထ်မျိုးမဆို အားထုတ် ပွားများနိုင်ကြောင်းကိုလဲ ဟောကြားတော်မူတယ်။

ဒကာ။ ။အနို့ လက်ထပ်ပုံနည်း၊ လက်မထိပ်တိုက်ပုံ နည်းတွေက ကော ဘုရားဟောရှိပါသလား ဆရာတော်။

ဆရာ။ ။အင်း....ဒါလဲ ကိုယ်ကြိုက်သလို ထပ်ချင်ထပ် ဒူးပေါ် တင်ချင်တင် ဣန္ဒြေရရင် ပြီးတာပါပဲ၊ ဒီလို ဒီနည်းသာ ထားရမည်လို့တော့ ပုံမှန် ကိန်းသေ မဟောပါဘူး။

ဒကာ။ ။တချို့ရိပ်သာတွေက သူတို့ပြောသလို မထိုင် မထားရင် တရားမရနိုင်ဘူး ဆိုလို့ပါ၊ ခုလို ရှင်းလင်းစွာ သိရတာ ဝမ်းသာလှပါတယ် ဆရာတော်။

# သောတာပန်ဆိုတာ ဘာလဲ?

**ဒကာ**။ ။သောတာပန် သောတာပန်နဲ့ ခေါ်ဆိုနေကြတာ သောတာပန်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်သဘောကို သိပါရစေ ဆရာတော်၊ ဆရာတော်က မြန်မာ ပါဠိ အဘိဓာန် ကျမ်းပြုပုဂ္ဂိုလ်မို့ မေးရတာပါ ဘုရား။

**ဆရာ**။ ။သောတာပန်ဆိုတာ ''သောတာပန္န''ဆိုတဲ့ ပါဠိက ပျက်လာတဲ့ စကားပုဒ်ပဲ၊ မဂ္ဂသံယုတ် အဋ္ဌကထာ စသည်များမှာ–

သောတံ အာဒိတော အာပဇ္ဇိံသု

ပါပုဏိံသုတိ သောတာပန္နာ။

သောတံ=(နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံလျက် မဂ္ဂင်ရှစ်ပါးတည်းဟူသော) ရေအလျဉ်သို့။

အာဒိတော အာပဇ္ဇိံသု ပါပုဏိံသုတိ=ဝိပဿနာ ဉာဏ်အမြင်ဖြင့် စတင်၍ ရောက်ရှိနေကြကုန်ပြီ၊ ထို့ကြောင့်–

သောတာပန္နာ = သောတာပန် မည်ကုန်၏ တဲ့၊ ကဲ.... အဲဒါ သောတာပန်ရဲ့ အနက်သဘောပဲ။

ဆိုလိုရင်းကတော့ အနတ္တဉာဏ်မြင် ခိုင်လုံစွာထင်ပြီး ငါစွဲကင်းစင်လျက် မဂ္ဂင်ဉာဏ်အလျဉ်ထဲ ကျရောက်ကာ ဝိပဿနာလုပ်ငန်းခွင်သို့ ဝင်ရောက်အားထုတ်တဲ့ ပုဂ္ဂိုလ်ကို သောတာပန်လို့ ခေါ်ဆိုတာပဲ၊ ကဲ....သဘောပေါက်ရဲ့လား။

ဒကာ။ ။စုဋ္ဌသောတာပန်ကို ဆိုတာလား ဆရာတော်၊ ဘာ သောတာပန်ကို ဆိုတာလဲ၊ မကွဲပြားသေးဘူး ဘုရား။

ဆရာ။ ။အင်း....ရုပ်နာမ်နှစ်ပါးကို အကျိုးအကြောင်းနဲ့ ကျကြ ဏန ပိုင်းခြားသိကာ ရုပ်နာမ်တို့ ဖြစ်ပျက်မှုကို မှတ်ရှုနေ တဲ့ ဝိပဿနာယောဂီဟာ စူဋ္ဌသောတာပန်ပဲ။

ဉာဏ်ရင့်လို့ ဖြစ်ပျက်မှု ဒုက္ခတွေ ကုန်ဆုံးကာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်လျက် အရိယာဘက်သို့ ရောက်သွားတဲ့အခါ မဟာသောတာပန် လို့ မှတ်ရမည်တဲ့၊ ဒကာကြီးတို့က ဘာသောတာပန်တွေမို့လဲ၊ ထပ်ခါ ထပ်ခါ မေးနေကြတာ။

ဒကာ။ ။ကွဲပြားရှင်းလင်းသွားပါပြီ ဆရာတော်၊ဒကာကြီးတို့က တော့ စူဋ္ဌနား နီးလာကြပါပြီ ဆိုပါတော့ ဘုရား၊ ကြိုးစားတုန်းပါပဲ။

---

## ဘဝပြတ် ဥစ္ဆေဒဒိဋ္ဌိ သမားနှင့် ငါစွဲ အတ္တ မရှိဘူးလော?

ဒကာ။ ။ရုပ်ဝါဒီ သမားတွေက ဘဝတပါး ပြောင်းသွားတဲ့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူး၊ ဒီရုပ်ကောင်ဒြပ်ကြီး ဟာ မသေခင်ပဲ ရှိနေတာ၊ သေသွားရင် ပြီးပြတ်သွားတာပဲ၊ ဘဝ တပါး မဖြစ်တော့ဘူး၊ ဒါကြောင့် သူတို့ဟာ အတ္တဒိဋ္ဌိစွဲ မရှိတဲ့ အနတ္တဝါဒီတွေလို့ ပြောဟောနေကြတာ မှန်ပါသလား ဆရာတော်။

**ဆရာ။** ။အင်း....သူတို့အယူဘာသာက (ကွန်မြူနစ်ဇင်း၊ ဆိုရှယ်လစ်ဇင်း ဆိုတဲ့) "မတီရီယယ်လစ်ဇင်း" ရုပ်ဝါဒကို ဦးစားပေးပြီး ယူကြတာ ဖြစ်တယ်။

ဘဝတပါးဆိုတာ မရှိဘူး၊ ဟိုဘက်ဘဝ မရှိလို့ ချမ်းသာ, ဆင်းရဲ, ကောင်းကျိုး, ဆိုးကျိုးဆိုတာ ခုလက်ရှိဘဝမှာ လုပ်ယူခံစားနေကြတာပဲ ဖြစ်တယ်၊ ကုသိုလ်, အကုသိုလ် လုပ်ချင်ရာလုပ် ခုလက်ရှိဘဝမှာသာ အဲဒီ လုပ်ခကို ရရှိခံစားရမှာ၊ သေပြီးတဲ့နောက် ဘဝဆိုတာ မရှိဘူးလို့ ဘဝပြတ် ဥစ္ဆေဒ အယူကို စွဲထားနေကြပေမင့် အတ္တကတော့ ရှိနေကြတာပဲ။

သူတို့တတွေဟာ ခု လက်ရှိဘဝ ပုခက်နဲ့ ခေါင်းကြားထဲမှာ ငါ, ငါ့ဥစ္စာ, ငါ့သား, ငါ့သမီး, ငါ့ဟာဆိုတဲ့ အတ္တစွဲတွေ ဗရပွေအနန္တနဲ့ စွဲယူခံစားနေကြတာကို သူတို့ မသိလို့ အနတ္တဝါဒီလို့ ပြောဆိုနေကြတာသာဖြစ်တယ်၊ အမှန်ကတော့ ကောင်းကျိုး, ဆိုးကျိုးကို ငါခံစားနေတာပဲ ဆိုတဲ့ အတ္တဝါဒ, အတ္တဒိဋ္ဌိတွေပါပဲ၊ အတ္တကို လက်မလွှတ်ပါဘူး။

ကဲ.. အဲဒါကိုသာ အမှားအမှန် ဝေဖန်ပေတော့၊ ဒကာကြီးက ဘဝတပါး မရှိဘူးဆိုတာ ကြိုက်နှစ်သက်နေလို့လား၊ ဥစ္ဆေဒဒိဋ္ဌိသမားကြီးလား ?၊ ဒါတွေက ရှင်ဥက္ကဋ္ဌ စိတ်ကူးတမျိုးပေါက်ပြီး ဟောကြားတဲ့ အမှားတရားတွေပါ။

**ဒကာ။** ။တပည့်တော်တို့က ရုပ်နာမ်တို့ဟာ အစဉ်မပြတ် ဖြစ်ပျက်ပြောင်းလဲနေမှု သဘောမျှသာ ဖြစ်တယ်၊ ထိုရုပ်နာမ်တို့ဟာ ပြုလုပ်မှု ကံကြောင့်သာ ဖြစ်တယ်လို့ ကံ, ကံ၏အကျိုးကို ရိုးစွဲယုံကြည်ထားတဲ့ သမ္မာဒိဋ္ဌိ အနတ္တသမားကြီးတွေပါ ဘုရား။

## ဒါနကုသိုလ် မဂ်, ဖိုလ် မရဘူးလား ?

**ဒကာ။** ။ဆရာအချို့က ဒါနကုသိုလ်သည် မဂ်,ဖိုလ်,နိဗ္ဗာန် မရဟု ဒါနသမားတွေကို ကဲ့ရဲ့ ပြစ်တင် စကားတင်းဆိုတဲ့ သဘောနဲ့ ဟောပြောနေကြတာဟာ ဟုတ်မှန်ပါသလား ဆရာတော်။

**ဆရာ။** ။အင်း...ဒါန တခုတည်းနဲ့တော့ ခဲယဉ်းတယ် ဒကာကြီး တို့၊ ဒါနသဘောက အလှူရှင်, လှူဖွယ်ဝတ္ထု, အလှူခံ ပုဂ္ဂိုလ် ဆိုတဲ့ ပညတ်သက်သက်ကို အာရုံပြုပြီးမှ ထင်မြင်ကတာ ဖြစ်တယ်။

ပုံပမာ။ ။သောတာပန်ဖြစ်အောင် ဘယ်လိုဒါနမျိုးကို ပေးလှူရမှာလဲလို့ မေးရင် ဖြေဖို့ရာ ခက်တယ်၊ ဝိပဿနာ မပါလို့ပဲ။

**ဒကာ။** ။ဒီလိုဆိုရင် အဲဒီ ဆရာတွေဟောတာ ဟုတ်မှန်တယ်လို့ ယူရမှာပေါ့၊ ဒါနကို ပယ်ထားရမှာလား ဆရာတော်။

**ဆရာ။** ။ဟာ...ဒီလိုလဲ ကေန္တ မယူရဘူး၊ ဗုဒ္ဓဘာသာတော်က အကြောင်းနဲ့ အကျိုးပဲ ရှိတာ၊ ဒီနေရာမျိုးမှာတော့ ဝေးသောအကြောင်းနဲ့ နီးသောအကြောင်း အဲဒီ နှစ်မျိုးနဲ့ စိစစ် ရမယ်။

**ဒကာ။** ။အကြောင်း အကျိုးဆိုတဲ့ စာပေကျမ်းဂန်စကားတွေကို ဒကာကြီးတို့ နားမလည်ဘူး ဆရာတော်၊ ဒါနနဲ့ နိဗ္ဗာန်ရောက်နိုင် မရောက်နိုင်ကိုသာ ဒကာကြီးတို့ နားလည်အောင် တိုတိုနဲ့ လိုရင်းကို ရှင်းပြပေးပါ ဆရာတော်။

ဆရာ။ ။အင်း....နားထောင်ပါ၊ ဒါနအလုပ်က နိဗ္ဗာန်ရောက်နိုင်တဲ့ အကြောင်းတရား ဖြစ်တယ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်က ဒါန အလုပ်သမားရဲ့ ခံစားခွင့် လုပ်ခ အကျိုးတရား ဖြစ်တယ်၊ အကျိုးတရားဆိုတာကလဲ သူ့သက်သက် ဘယ်တော့မှ မဖြစ်ပေါ်နိုင်ဘူး၊ အကြောင်းရှိမှသာ အကျိုးဖြစ်တာ။

ဒကာ။ ။ဒီလိုဆိုရင် ဒါနအကြောင်းကြောင့် နိဗ္ဗာန်အကျိုး ရတယ်လို့ ဆိုရမှာပေါ့၊ ဘုရားဟော ပါဠိတော်များ ရှိပါသလား ဆရာတော်၊ ရှိရင် သိပါရစေ။

ဆရာ။ ။ရှိပါတယ်၊ ဒါပေမင့် တိုက်ရိုက်တဲ့တိုးတော့ မဟုတ်ဘူး၊ အကြောင်း အဆင့်ဆင့်နဲ့ သံယုတ်ပါဠိတော်မှာ ဟောဒီလို ဟောတော်မူတယ်။

၁။ ဒါနံ သဂ္ဂဿ သောပါနံ=ဒါနကုသိုလ်ဟာ လူ့ရွာ နတ်ပြည်သို့ သွားကြောင်း စောင်းတန်း လှေကားကြီးနဲ့ တူတယ် တဲ့။

၂။ ဒါနံ ပါထေယျ မုတ္တမံ=ဒါနကုသိုလ်ပြုတဲ့ သူဟာ သူရောက်ရာ လူ့ဘဝ နတ်ဘဝမှာ အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့ အသုံးအဆောင် စားနပ်ရိက္ခာတွေ သုံးစားပေးလှူလို့ မကုန်နိုင်အောင် ပေါများကြွယ်ဝ ချမ်းသာ နေမှာပဲ တဲ့။

၃။ ဒါနံ ဥဇုဂတံ မဂ္ဂံ=ဒါနကုသိုလ်ဟာ ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန် သွားကြောင်း အကောင်းဆုံး အဖြောင့်ဆုံး လမ်းမကြီးလဲ ဖြစ်ပါတယ်တဲ့။

၄။ ဒါန် မောက္ခ ပဒံ ဝရံ=ဒါနကုသိုလ်ဟာ အမြတ်ဆုံးဖြစ်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရယူခံစားနိုင်တဲ့ အကြောင်းထဲမှာဖြင့် မုခ်ဦးလမ်းကြောင်းကြီးပါပေတည်း တဲ့၊ ကဲ... ဘာပြော အုံးမလဲ၊ အဲဒါဟာ ဒါနရဲ့ အကျိုးတွေပဲ။

**ဒကာ**။ ။အင်း.... ဒါကြောင့် အလောင်းတော် သူမြတ်တွေဟာ ပါရမီဆယ်ပါးထဲမှာ ဒါနပါရမီတော်ကို အစထားပြီး ပွားများ ဖြည့်ကျင့်တော်မူကြတာကို၊ဒါန နည်းတော့ မွဲရော၊ မွဲတော့ ကုသိုလ်တရား မလိုက်စားနိုင်တော့ပဲ မွဲသည်ထက်မွဲ၊ အကုသိုလ်တွေ များ၊ အပါယ်လေးပါး သွားပေါ့၊ ပြောကြားစရာ အထူးမရှိတော့ ပါဘူး ဆရာတော်၊ ကျေနပ်လှပါတယ်။

---

## သဿတ နှင့် ဥစ္ဆေဒဒိဋ္ဌိမှ လွတ်ကင်းအောင်ကော ?

**ဒကာ**။ ။ဒကာကြီးတို့ ကိုရင် သာမဏေ ဝတ်တုန်းက လိင်ဆယ် ပါး သိက္ခာပုဒ်ထဲမှာ (မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ သဿ· တဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ–ဟု မှားသော အယူရှိလျှင် ကိုရင်သာမဏေ မဟုတ်၊ လူဖြစ်၏ဟု) ပါရှိပါတယ်။

ဒီအယူနှစ်ပါး လွတ်အောင် ဘယ်လို မှတ်ယူရမည် ဆိုတာ အသိ လွယ်လွယ်နဲ့ ရှင်းပြပါအုံး ဆရာတော်။

**ဆရာ**။ ။အင်း ... အခု ဒကာကြီးတို့ရဲ့ ခန္ဓာကိုယ်မှာ မှီပြီး ဖြစ် ပျက်နေတဲ့ ဝိညာဉ်စိတ်ကလေးဟာ ဤ ကိုယ်ကောင် ကြီး သေပြီးတဲ့နောက် တပါးသော ကိုယ်ကောင်ထဲကို ပြောင်းဝင် သွားတယ်လို့လဲ မယူမစွဲရဘူး။

တစုံတခုသော ဘဝဆိုတာဟာ အလိုလို ဖြစ်လာတာပဲ၊ သေသွားရင် ဘာမှမရှိတော့ပဲ ပျောက်ပျက်သွားတာသာ ဖြစ်တယ်လို့လဲ မယူမစွဲရဘူး၊ ဤဘဝမှ ဟိုဘဝသို့ အကြောင်းမကင်းရုံမျှ ဖြစ်ဖြစ်သွားတာပဲလို့ ယူရင် ဒိဋ္ဌိနှစ်ပါးမှ လွတ်တယ်၊ ကဲ... ကဲ အဲဒါပဲ၊

ဒကာ။ ။နည်းနည်းလောက် ထပ်ပြီး ရှင်းပါအုံး ဆရာတော်၊ ဒကာကြီးတို့ နားလည်လွယ်တဲ့ စကားနဲ့ ပြောပြပါ။

ဆရာ။ ။ဒီဘဝ ကိုယ်ကောင်ကြီးမှာ သေခါနီးနောက်ဆုံးဖြစ်တဲ့ စိတ်ကို စုတိစိတ်လို့ ခေါ်တယ်၊ အဲဒီ စုတိစိတ်ကလေးဟာ ဖြစ်ပြီး ပျက်သွားရော၊ဒီကိုယ်ကောင်ကြီးထဲမှာ စိတ်နာမ် အသစ်အသစ်တွေ ဖြစ်မလာတော့ဘူး၊ အဲဒါ သေတာပဲ၊ အခြားဘပါး ထွက်ခွါပြောင်းရွှေ့သွားတဲ့ စိတ်၊သို့မဟုတ် အတ္တကောင် အသက်ကောင် လိပ်ပြာကောင်ရယ်လို့ မရှိပါဘူး။

ဘဝအသစ်မှာ ဖြစ်တယ်ဆိုတာကလဲ ဘဝအဟောင်းတွေ များစွာက ပြုလုပ်ခဲ့တဲ့ ကံကြောင့် သေခါနီးကလေးမှာ ကပ်ပြီးတော့ စွဲလမ်းလိုက်တဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဆိုတဲ့ အာရုံသုံးပါးထဲက တပါးပါး ထင်မြင် ဖြစ်ပေါ်လာကာ လားရာ ဘဝသစ်ဌာနမှာ မှီရာဝတ္ထုရုပ်နှင့်တကွ ပဋိသန္ဓေခေါ်တဲ့ စိတ်အသစ်ကလေးတခု ဖြစ်သွားတာပဲ၊ အဲဒါကို ခုဘဝနဲ့ နောက်ဘဝ ဘဝနှစ်ခုစပ်နေလို့ ပါဠိလို ''ပဋိသန္ဓေ'' နေတယ်လို့ ခေါ်ကြတယ်။

အဲဒီ ပဋိသန္ဓေ စိတ်ကလေးကလဲ ဖြစ်ပြီးပျက်သွားတာပဲ၊ သည်နောက်မှရှေးကံအရှိန်ကြောင့် ဘဝင်စိတ်တွေ ဆက်ပြီးတော့ ဖြစ်ပေါ်လာကြတယ်၊ သည်နောက် အာရုံခြောက်ပါးထဲက တပါးပါး ထင်ပေါ်လာတဲ့အခါ အဲဒီဘဝင်စိတ်တွေက ပြတ်ရပ်ပြီးတော့ ထိ,သိ

စိတ် မြင်စိတ် ကြားစိတ် စတဲ့ စိတ်တွေ အကြောင်းအားလျော်စွာ ဖြစ်ပေါ် ဖြစ်ပေါ် လာနေကြတော့တာပဲ။

အဲဒီလို ဘဝဟောင်းက ကံအကြောင်းတွေကြောင့် ဘဝသစ်မှာ စိတ်သစ် ရုပ်သစ်တွေ တရစပ် ဖြစ်ပျက် နေတာသာ ဖြစ်တယ်။

အမှန်ကတော့ ကံအကြောင်းကြောင့် အဟောင်း အဟောင်းတွေက ပျက် ပျက်ပြီး အသစ် အသစ်တွေ ဖြစ်နေတာပဲ၊ အဲဒီလို မခိုင်မမြဲလို့ သဿတလဲမဟုတ်ဘူး၊အသစ် အသစ်တွေသာ ထပ်ထပ်ဖြစ်နေလို့ ဥစ္ဆေဒလဲ မဟုတ်ဘူး၊ အဲဒီလို ကံကို မူလထားပြီး ယူရင် ဒိဋ္ဌိဆိုးကြီးနှစ်ပါးမှ လွတ်တယ်၊ ကဲ....ဆိုစမ်း ဘာပြောအုံးမလဲ။

၁ကာ။ ။ခုမှပဲ ရှင်းတော့တယ် ဆရာတော်၊ ကျေးဇူးတင်ပါတယ်ဘုရား၊တော်တော်ခက်တဲ့ သဘောတရားပဲကိုး၊ ဒီဘဝက စိတ်တွေ ရုပ်တွေ ဟိုဘဝမပါလို့ သဿတဒိဋ္ဌိလဲ မဟုတ်ဘူး၊ ဟိုဘဝမှာလဲ စိတ်တွေ ရုပ်တွေ အသစ် အသစ်တွေ မပြတ်ဖြစ်နေလို့ ဥစ္ဆေဒဒိဋ္ဌိလဲ မဟုတ်ဘူး ရှင်းပါပြီ ဘုရား၊ ဉာဏ်အလုပ် သဘောတွေပဲကိုး ခက်တာပေါ့။

---

## ရဟန္တာများဟာ အပိုစကားတွေ ပြောကြားသေးသလား ?

၁ကာ။ ။အရဟတ္တမဂ်ဖိုလ်ရပြီးတဲ့ ရဟန္တာ အရှင်မြတ်များဟာ လူတို့ ပြောဆိုနေကျ တိုင်းရေး ပြည်ရေး မင်းရေး စိုးရေး ရောင်းဝယ်ဖောက်ကား စီးပွားရေး စတဲ့ အပိုစကားတွေ ပြောကြားကြသေးသလား ဆရာတော်၊ ကျမ်းဂန်က ဘယ်လိုများ မိန့်ဆိုထားပါသလဲ။

ဆရာ။ ။အင်း....လာပြန်ပြီလား၊ ဘာဖြစ်လို့ ဒီ ရဟန္တာပဥ္စာကို လာမေးရတာလဲ၊ အကြောင်း ဆိုစမ်းပါအုံး။

ဒကာ။ ။ရဟန္တာ ရဟန္တာနဲ့ သတင်းစာတွေထဲမှာရော လူတကာ ရဲ့ ပါးစပ်ထဲမှာရော ကျော်ကြားနေတဲ့ ရဟန္တာ အမည်ခံ ကိုယ်တော်တပါးက (ဒကာကြီး တိုင်းရေး ပြည်ရေး အထူး များ ဘာကြားသေးသလဲ၊ အခြေအနေကော ဘယ်လိုလဲနဲ့) မေးလို့ ပါပဲ ဆရာတော်၊ ဒီ ရဟန္တာက တွေ့တိုင်း မေးတာပဲ ဘုရား။

ဆရာ။ ။အင်း ... ဒီစကားမျိုးတွေကို ကျမ်းဂန်က (တိရစ္ဆာန ကထာ) မဂ်ဖိုလ်မှ ဖီလာကန့်လန့် စကားမျိုးလို့ ခေါ် တယ်၊ ပုံစံကတော့.... ရဋ္ဌ ကထာ= တိုင်းရေးပြည်ရေးစကား။ ရာဇ ကထာ=မင်းရေးစိုးရေးစကား။ အမစ္စ ကထာ=အမတ်နဲ့စပ်တဲ့စကား။ လေတိုက်တယ် မိုးရွာတယ် နေပူတယ် စတဲ့ ပြောမဆုံးပေါင် တော သုံးထောင် စကားမျိုးတွေ ဖြစ်တယ်။

အဲဒါကို ယောဂီများ တရားအားထုတ်တဲ့အခါမှာ စောင့်ထိန်းတဲ့ အာဇီဝဋ္ဌမက သီလထဲမှာ ဝစီကံတပါးအနေနဲ့ "သမ္ဖပ္ပလာပဝါစာ" လို့ သိက္ခာပုဒ် တခု အဖြစ်နဲ့ ပါထားတယ်။

နောက် ဒုစရိုက် ဆယ်ပါးထဲမှာလဲ ဝစီဒုစရိုက် လေးပါးထဲမှာ ပါဝင်နေပြန်တယ်၊ အဲဒါတွေဟာ ကျမ်းဂန်ကလာတဲ့ စကားတွေပဲ၊ ကဲ....ဘာပြောချင်သေးသလဲ။

ဒကာ။ ။ဒီလိုဆိုရင် အရိယာ ရဟန္တာတွေဟာ ဒီလို ရပ်ရွာသုံး ဈေးစကား အပိုစကားတွေ မပြောဆိုကြတော့ဘူးပေါ့ ဆရာတော်။

**ဆရာ။** ။ဟာ... အရိယာအကုန်လုံး မယူရဘူး၊ ရဟန္တာမျှသာ မပြောတော့တာ၊ ကျန်တဲ့ အရိယာတွေက ပြောသေးတာပဲ။

**ဒကာ။** ။ဘာ့ကြောင့်ပါလဲ ဆရာတော်၊ အရိယာဖြစ်နေမှပဲဟာ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း...သေချာစွာ နားထောင်နော် ဒကာကြီးတို့၊ ဒါမှ ရဟန္တာ ဟုတ် မဟုတ် အကဲခတ်တတ်မှာ၊ ခုခေတ်မှာ ရဟန္တာတွေက ဟိုမှာပေါ် ဒီမှာပေါ်နဲ့ မဂ်လေးပါးက ဒုစရိုက်တရား ဆယ်ပါးကို ပယ်တဲ့အခါမှာ....

၁။ သောတာပတ္တိမဂ်က ကာယဒုစရိုက် သုံးပါး၊ မုသာဝါဒဆိုတဲ့ ဝစီဒုစရိုက် တပါး၊ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက် တပါး၊ အဲဒီငါးပါးကိုသာ ပယ်နိုင်သေးတာ။

၂။ သကဒါဂါမိမဂ်က ပိသုဏာဝါစာနဲ့ ဖရုသဝါစာဆိုတဲ့ ဝစီဒုစရိုက် နှစ်ပါး၊ ဗျာပါဒဆိုတဲ့ မနောဒုစရိုက် တပါး၊ အဲဒီ ဒုစရိုက် သုံးပါးကို အားနည်းပုံသာ ပယ်နိုင်သေးတာ ဖြစ်တယ်။

၃။ အနာဂါမိမဂ်က ပိသုဏာဝါစာ, ဖရုသဝါစာနဲ့ ဗျာပါဒ၊ အဲဒီ ဒုစရိုက်သုံးပါးကို လုံးဝပယ်လိုက်နိုင်တယ်။

၄။ အရဟတ္တမဂ်ကတော့ သမ္ဖပ္ပလာပဆိုတဲ့ ဝစီဒုစရိုက်တပါးနဲ့ အဘိဇ္ဈာဆိုတဲ့ မနောဒုစရိုက် တပါး၊ အဲဒီ ဒုစရိုက် နှစ်ပါးကို အကြွင်းမဲ့ ပယ်သတ် ပစ်လိုက်လို့ ရဟန္တာ

များဟာ (တရားနဲ့စပ်တဲ့ စကားမှတပါး အခြားသော) တိရစ္ဆာနကထာခေါ်တဲ့ အပိုစကားတွေကို မပြောကြား တော့ဘူးလို့ မှတ်ပေဟော့၊ အဲဒါဟာ ရဟန္တာအကဲခတ် နည်းပဲ။

**ဒကာ။** ။ကောင်းလိုက်တဲ့ ရှင်းတမ်းပါလား ဘုရား၊ ကျေးဇူး ကြီးလှပါတယ် ဆရာတော်၊ ရှင်းသွားပါပြီ ဘုရား။

---

## မြင်, ကြား, နံ, သိ စိတ်တွေဟာ ဥပေက္ခာ, သုခ, ဒုက္ခ ဝေဒနာတို့လော ?

**ဒကာ။** ။မြင်သိ, ကြားသိ, နံသိ စတဲ့ ပဉ္စဝိညာဏ်စိတ်တွေဟာ ဥပေက္ခာစိတ်တွေလို့ သင်္ဂြိုဟ်ကျမ်းမှာ သင်ဘူးပါတယ်၊ ဒါကို ဆရာတချို့က မြင်သိ စက္ခုဝိညာဉ် စတဲ့ စိတ်တွေဟာ သုခရော ဒုက္ခပါ ဝေဒနာသုံးမျိုးလုံး ရှိတယ်၊ ဒါကို သိအောင် ရှုမှတ်ရမည်လို့ ဟောကြားနေကြတယ်၊ ကျမ်းဂန်က ဘယ်လိုများ ညွှန်ကြားထား တယ်ဆိုတာ ရှင်းပြပေးပါအုံး ဆရာတော်။

**ဆရာ။** ။ဟုတ်ပါတယ် အဘိဓမ္မာ ဟောစဉ်မှာတော့ မြင်ဆဲ, ကြားဆဲ စတဲ့ ခဏမှာ သုခလဲ မရှိဘူး၊ ဒုက္ခလဲ မရှိဘူး ဥပေက္ခာဝေဒနာ တပါးသာ ရှိတယ်လို့ ဟောတော်မူပါတယ်။

**ဒကာ။** ။ဒီလိုဆိုရင် ဝေဒနာသုံးပါး ရှိတယ်ဆိုတာ မှားတာပေါ့ ဆရာတော်၊ ဘာလို့ အမှားတွေ ဟောနေကြတာလဲ။

**ဆရာ။** ။သုတ္တန်ဒေသနာတော် များမှာတော့ ဒွါရခြောက်ပါး လုံးက ဝင်လာတဲ့ ကုသိုလ် အကုသိုလ် အကျိုးဖြစ်တဲ့ အာရုံတွေမှန်သမျှဟာ သုခရော ဒုက္ခရော ဥပေက္ခာရော သုံးပါးစလုံး ဖြစ်တယ်လို့ ဟောထားပါတယ်၊ ပုံစံပြရရင် သတိပဋ္ဌာန်သုတ္တန်မှာ....

သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

စသည့်ဖြင့် ဟောကြားတော်မူတာတွေ များစွာပဲ ရှိပါတယ်၊ ဒါကြောင့် မမှားပါဘူး၊ သုံးပါးလဲ မှန်ပါတယ်။

**ဒကာ။** ။အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်း အမှန် ယူပုံများကို ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အာရုံငါးပါး ဝိထိချတဲ့အခါ မြင်သိ (စိတ်ဝိညာဉ်) စိတ်ခဏမှာ ဥပေက္ခာ ဖြစ်ပေမင့် စိတ်တွေက မနားပဲ ဆက်ပြီး ဇောထိအောင် ဖြစ်သွားတဲ့အတွက် ဇောခဏကျတော့ကာ ဝေဒနာသုံးမျိုးလုံးပင် အကြောင်းအားလျော်စွာ ဖြစ်နိုင်တာကြောင့် သုတ္တန်ဒေသနာတော်က အဘိဓမ္မာ ပဉ္စဒွါရဝိထိ ဇောစိတ်ကို မှီပြီး တော့ ဝေဒနာသုံးမျိုးလုံးပင် ဖြစ်နိုင်တယ်လို့ ဟောတော်မူတာ ဖြစ်တယ်၊ ကဲ....ရှင်းပြီလား၊ စက္ခုဝိညာဉ် မြင်သိစိတ်တင် ရပ်နေတာ မဟုတ်ဘူး၊ မနောဝိညာဏ် ဇောစိတ်တွေက ဆက်ဖြစ်သွားတာ။

**ဒကာ။** ။ရှင်းပါပြီ ဆရာတော်၊ ဝိထိစိတ်ကျမှပဲ ရှင်းတော့တယ်၊ ကျမ်းဂန်မနှံ့တော့လဲ ခက်တာပဲကို၊ ဟိုစွပ်စွဲ ဒီစွပ်စွဲနဲ့။

## ကမ္မဋ္ဌာန်းတရားတို့တွင် အကောင်းဆုံး အရှင်းဆုံး ကမ္မဋ္ဌာန်း ?

**ဒကာ။** ။ကမ္မဋ္ဌာန်းတရားတွေထဲမှာ အကောင်းဆုံး အရှင်းဆုံး အလွယ်ဆုံး မြတ်စွာဘုရားတို့ အချီးမွမ်းဆုံး ကမ္မဋ္ဌာန်းတရားများရှိရင် ဒကာကြီးတို့ အားထုတ်ပွားများရအောင် ညွှန်ပြပါအုံး ဆရာတော်။

**ဆရာ။** ။အင်း... ရှိတာပေါ့၊ ဂေါတမဘုရား သဲစုမက ပွင့်တော်မူကြတဲ့ မြတ်စွာဘုရားသခင်တိုင်းဟာ အာနာပါန ကမ္မဋ္ဌာန်းတခုတည်းကိုသာလျှင် ဦးတည် ရှုပွား၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူတယ်တဲ့။

ဘုရားအဖြစ်သို့ ရောက်သောအခါမှာလဲ အဲဒီ အာနာပါန ကမ္မဋ္ဌာန်းကို လက်မလွှတ်ပဲ ပရိနိဗ္ဗာန် စံတော်မူသည်အထိ မှီဝဲသုံးသပ်တော်မူကြတယ်တဲ့။

မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ အဲဒီ အာနာပါနကမ္မဋ္ဌာန်းကို **အခြားသော** ကမ္မဋ္ဌာန်းတို့ထက် ထူးကဲထွတ်မြတ်ကြောင်းကို ဂုဏ်ပုဒ်တွေ များစွာထုတ်ပြီး ချီးမွမ်းတော်မူပါတယ်။

အဲဒါကြောင့် အဲဒီ ကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာန်းအပေါင်းတို့တွင် အကောင်းဆုံး ကမ္မဋ္ဌာန်းပဲလို့ မှတ်ယူကာ ကြိုးစား အားထုတ်ကြပေတော့။

ဗုဒ္ဓဘာသာက အလုပ်သမား (ကမ္မ) ဝါဒ၊ ကိုယ့်လုပ်ခကိုယ်ရမှာ၊ လုပ်တာက=ကံ၊ လုပ်ခရတာက ကံ၏အကျိုး၊ အဲဒါကို ယုံကြည်စွာနဲ့ **ကြိုးစားအားထုတ်ကြပေါ့။**

ဒကာ။ ။မှန်ပါ့၊ ဒကာကြီးတို့ တတ်နိုင်သမျှ ကြိုးစားမှတ်သားပွားများပါ့မယ် ဆရာတော်။

---

## စိတ်ဟာ ဘယ်သူကြောင့် ဖြစ်သလဲ ?

ဒကာ။ ။ဆရာတော်တို့က စိတ်ကိုပဲ အရေးတကြီး ဟောကြားဟောကြားနေကြတာပဲ၊ အဲဒီ စိတ်တွေက ဘယ်သူ့ကြောင့် ဖြစ်ပေါ် ဖြစ်ပေါ်နေတာလဲ ဆရာတော်၊ သူ့အလိုလို ဖြစ်နေတာတွေ မဟုတ်လား၊ လူတိုင်းမှာ ဖြစ်နေတဲ့ စိတ်တွေဟာ။

ဆရာ။ ။အင်း....ဗုဒ္ဓ၏ တရားတော်မှာ အလိုလိုဖြစ်တာ ဘာတခုမှ မရှိဘူး၊ အကြောင်းကို စွဲပြီး အကျိုးတွေ ဖြစ်ဖြစ်သွားတာပဲ။

အရူပဗြဟ္မာမှ တပါးဖြစ်တဲ့ စိတ်ဟာ အာရုံခြောက်ပါးနဲ့ မှီရာဝတ္ထုရုပ် ခြောက်ပါးကို စွဲမှီပြီးတော့ ဖြစ်တယ်၊ အာရုံနဲ့ ဝတ္ထုကြောင့် ဖြစ်တာလို့ မှတ်။

ဒါကြောင့် လူသားတွေမှာဖြစ်တဲ့ စိတ်တို့သည် အာရုံခြောက်ပါးနဲ့ ဝတ္ထုရုပ်ခြောက်ပါးတို့ကြောင့် ဖြစ်တယ်လို့ သိရမယ်၊ အလိုလိုဖြစ်တာ မဟုတ်ဘူး၊ အဲဒါ ယုံချင်ယုံပေါ့၊ သာဓကေ,က....စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-တဲ့။

ဒကာ။ ။ယုံကြည်ပါတယ် ဆရာတော်၊ သာဓက ပါဠိတော်ကလဲ အခိုင်အလုံပဲ ဥစ္စာ၊ စောဒကတက်စရာ မလိုပါဘူး။

## ကမ္ဘာလောကကြီးကို ဖန်ဆင်းပေးသူ အစစ်အမှန်ဟာ ဘယ်သူလဲ ?

ဒကာ။ ။ပင်လယ် သမုဒ္ဒရာ ရေ, မြေ, တော,တောင် ခေါ်ဆိုကြတဲ့ ဩကာသလောက ဖြစ်တဲ့ ဤ ကမ္ဘာကြီးနဲ့ ကမ္ဘာပေါ်၌ နေထိုင်ကြတဲ့ ကမ္ဘာသား သတ္တဝါများ ဖြစ်ပေါ်လာအောင် ဘယ်သူက စီမံ ဖန်ဆင်းပေးပါသလဲ ဆရာတော်၊ ဖန်ဆင်းပေးနိုင်တဲ့ စွမ်းအင်တန်ခိုးရှင်ဆိုတာ ရှိပါသလား ဘုရား။

ဆရာ။ ။အင်း. ဒီကမ္ဘာလောကကြီးနဲ့ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ ဖြစ်ပေါ်လာမှုကို ဖန်ဆင်းစီမံပေးနေတဲ့ စွမ်းအင် တန်ခိုးရှင်များ ရှိဟယ် ဒကာကြီးတို့၊ဖန်ဆင်းမှုရှိလို့ ဖြစ်လာရတာပေါ့။

ဒကာ။ ။ရှိရင် တပည့်တော်များ သိရအောင် မိန့်ကြားတော်မူပါ ဆရာတော်၊ အစစ်အမှန်ကိုသာ သိထားချင်လို့ပါ ဘုရား။

ဆရာ။ ။အင်း...ကမ္ဘာလောကကြီး ဖြစ်ပေါ်လာပုံ နည်းတွေ ဘယ်လောက်ပဲ များများ အစစ်အမှန်ကတော့ တခုတည်းသာ ဖြစ်ရ ရှိရမှာပေါ့၊ တချို့ဘာသာဝင်တွေကလဲ သူတို့ရဲ့ အပူဇော်ခံ ဗုဒ္ဓဖြစ်တော်မူတဲ့ တန်ခိုးရှင်ကြီးတွေက စီမံဖန်ဆင်းပေးလို့ ဖြစ်ပေါ်လာတာဟု စွဲယူ ယုံကြည်ကြတယ်။

သမ္မာဒိဋ္ဌိ ဘာသာဝင်တို့ကတော့ သဗ္ဗညုဗုဒ္ဓရဲ့ မုက္ခပါဌ်တော် အတိုင်း ကံ, စိတ်, ဥတု, အာဟာရ ဤ သဘာဝတရားကြီးလေးပါးက စီမံဖန်ဆင်းပေးလိုက်တဲ့ ကမ္ဘာလောကကြီးပဲဟု စွဲယူယုံကြည်ကြတယ်။

အဲဒါဟာ အစစ်အမှန်ပဲ၊ ဒါထက်ပိုပြီး မကြံစည်နဲ့တော့၊ သတ္တဝါတွေက ကံနဲ့ စိတ်ကောင်းရင် ကောင်းတဲ့ ဥတုနဲ့ ကောင်းတဲ့အာဟာရတွေ ဖြစ်ပေါ်လာတာပဲ၊ မကောင်းတဲ့ ကံစိတ်တွေ ပြုလုပ်ဖြစ်ပေါ်နေရင် မကောင်းဆိုးဝါးတဲ့ ဥတုနဲ့ အာဟာရတွေချည်း ဖြစ်ပေါ်လာတာပဲ၊ ကဲ....အဲဒါပဲ၊ တကာယ်ဆို ဖန်ဆင်းနိုင်တဲ့ မိမိကိုယ်တိုင်က တန်ခိုးရှင်ပဲဟာ အကောင်းချည်းပဲ ဖန်ဆင်းပေးပါလား၊ ခုတော့ ကာ အင်း....စဉ်းစားကြည့်ကြပေါ့။

ဒကာ။ ။ဒီလို အမှန်သိရတာ ကျေးဇူးတင် ဝမ်းသာပါတယ် ဆရာတော်။

---

## ချာန်ရတိုင်း ချာန်ပျံနိုင်သလား ?

ဒကာ။ ။ဈာန်ပျံတယ် ဈာန်ပျံတယ် ဆိုတာ ဈာန်ရရင် ဈာန်ပျံနိုင်တာပဲ မဟုတ်လား ဆရာတော်၊တချို့က ဈာန်ရတိုင်း ဈာန်မပျံနိုင်ဘူး ပြောကြလို့ပါ။

ဆရာ။ ။အင်း...ဈာန်က ပျံနိုင်တာမှ မဟုတ်ပဲဟာ၊ အဘိညာဉ်တန်ခိုးနဲ့ ပျံတာ၊ ဈာန်ရတော့ ဈာန်ပဲ ရှိမှာပေါ့၊ မပျံနိုင်ပါဘူး။

ဒကာ။ ။ဒကာကြီးတို့ နားလည်အောင် ရှင်းပြပါအုံး ဆရာတော်၊ ဒီအဖြေစကားဟာ ဒကာကြီးတို့ နားထဲ မဝင်ဘူး။

ဆရာ။ ။စျာန်ဆိုတဲ့ သမာဓိအလုပ်က ပထမစျာန်ကစပြီး ပဉ္စမစျာန်အထိ ငါးမျိုးရှိဘယ်၊ အဲဒီငါးမျိုးထဲမှာ ပဉ္စမစျာန်ဟာ တန်ခိုးအကြီးဆုံးပဲ၊ဟာန်ခိုးကို အထောက်အပံ့ပေး စီရင်နိုင်တဲ့ ပဉ္စမစျာန်မျိုးကို ရထားရင် လောကကြီးထဲမှာ ကိုယ်ထင်ရာ ဖြစ်စတမ်းပဲ။

ဒကာ။ ။ကိုယ်ထင်ရာ ဖြစ်စတမ်း ဆိုတာလေးကို ရှင်းပြပါအုံးဘုရား၊ ရှုပ်သထက် ရှုပ်ကုန်ပြီ။

ဆရာ။ ။မိမိပွားများတဲ့ ကမ္မဋ္ဌာန်းတရား အာရုံထဲမှာ သမာဓိအားက အထွတ်အထိပ်ရောက်ကာ တန်ခိုးအမျိုးမျိုးတွေ စီရင်နိုင်တဲ့ ဣဒ္ဓိဝိဓ အဘိညာဉ်ကိစ္စတပ်တဲ့ ပဉ္စမစျာန်မျိုး ရရှိထားသော ယောဂီဟာ အဲဒီ ပဉ္စမစျာန်နဲ့ ယှဉ်ပြီးတော့ဖြစ်တဲ့ အဘိညာဉ် ဣဒ္ဓိတန်ခိုးနဲ့ လိုရာအရပ်ကို သွားနိုင်တယ်၊ လိုရာအသံကို ကြားနိုင်တယ်၊ သူတပါးစိတ်အစဉ်ကို သိနိုင်ခြင်း၊ ရှေးဘဝက ဖြစ်ပျက်ခဲ့တာတွေ သိနိုင်ခြင်းဆိုတဲ့ လောကီအဘိညာဉ် ငါးပါးကိုဆိုတာပဲ၊ အဲဒီ အဘိညာဉ်ဘန်ခိုးတွေကို လူတွေက စျာန်ပျံတယ်စသည်ဖြင့် အမှားမှားတွေ ပြောနေကြတာ ဖြစ်တယ်၊ ကဲ.... ရှင်းပြီလား။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ အမှန်က စျာန်နဲ့စပ်တဲ့ အဘိညာဉ်တန်ခိုးတွေကိုး၊ ခုမှပဲ ကွဲပြားတော့တယ်။

---

## ကမ္မဋ္ဌာန်းတရားတိုင်း စျာန်ရနိုင်သလား ?

ဒကာ။ ။ကမ္မဋ္ဌာန်း အားထုတ်ကြိုးစားရင် စျာန်ရတာပဲ မဟုတ်လား၊ တချို့က ကမ္မဋ္ဌာန်းတိုင်း စျာန်ရတာ မဟုတ်ဘူးလို့ ပြောနေကြလို့ပါ၊ ရှင်းပြပါအုံး ဆရာတော်။

ဆရာ။ ။အင်း....ဟုတ်သွားပဲ၊ ချွန်မရနိုင်တဲ့ ကမ္မဋ္ဌာန်းတရား ဆိုတာ ရှိတယ်လေ။

ဒကာ။ ။ရှင်းပြပေးပါအုံး ဆရာတော်၊ တိုတိုနဲ့ နားလည်အောင် ပါဘုရား။

ဆရာ။ ။အင်း....ကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ (၁) ဗုဒ္ဓါနုဿတိ။ (၂) ဓမ္မာနုဿတိ။ (၃) သံဃာနုဿတိ။ (၄)သီလာနုဿတိ။ (၅)စာဂါနုဿတိ။ (၆)ဒေဝတာနုဿတိ။ (၇)ဥပသမာနုဿတိ။ (၈)မရဏာနုဿတိ။ (၉)အာဟာရေပဋိကူလသညာ။ (၁၀)စတုဓာတုဝဝတ္ထာန်၊ အဲဒီ ကမ္မဋ္ဌာန်း ဆယ်ပါးကို အားထုတ် ပွားများတဲ့ ယောဂီဟာ ချွန်မရနိုင်ဘူးတဲ့၊ မဂ်ဖိုလ်ဟော့ နီးစပ်တယ်။

ချွန်ရနိုင်တဲ့ ကမ္မဋ္ဌာန်းကတော့ ကသိုဏ်းဆယ်ပါး၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ တပါး၊ အာနာပါနသတိ တပါး၊ ဗြဟ္မဝိဟာရ လေးပါး၊ အာရုပ္ပ လေးပါး၊ အဲဒီ ကမ္မဋ္ဌာန်း သုံးဆယ် ကတော့ ချွန်ကို ရနိုင်တယ်တဲ့၊ လွယ်လွယ်နဲ့သိချင်ရင် သင်္ဂြိုဟ်ကျမ်း မှာကြည့်။

ဒကာ။ ။မှန်ပါ့၊ ဒီလို လွယ်လွယ်နဲ့ ခွဲခြမ်း သိရလို့ ဝမ်းသာလှ ပါတယ် ဆရာတော်။

## သဿတဒိဋ္ဌိ ယူစွဲပုံ တိုတိုကလေးမေး ?

ဒကာ။ ။သဿတဒိဋ္ဌိသမားတို့ရဲ့ ယူစွဲပုံ အလွယ်ဆုံး တိုတိုနဲ့ နားလည်အောင် ပါဠိ အထောက် အထား ကလေးနဲ့ ရှင်းပြပေးပါ ဆရာတော်။

ဆရာ။ ။အဲဒီ... သဿတဒိဋ္ဌိသမားတို့ ယူစွဲပုံက အတ္တခေါ်တဲ့ အသက်ကောင် ငါကောင်ကလေးဟာ ကိုယ်ထဲမှာအမြဲ ရှိနေတယ်၊ ဘယ်တော့မှ မသေမပျက်ဘူးလို့ ယုံကြည်စွဲယူမှတ်နေကြ တယ်၊ ပါဠိ အထောက်အထားကတော့ ပေတဝတ္ထုပါဠိတော်မှာ....

ယထာ ဂါမတော နိက္ခမ္မ၊ အညံ ဂါမံ ပဝိသတိ။
ဧဝမေဝစ သော ဇီဝေါ၊ အညံ ကာယံ ပဝိသတိ။

တရွာမှ ထွက်သွားသော သူတယောက်ဟာ နောက်တရွာ ကို ဝင်သွားသလို အဲဒီအတိုင်းပဲ၊ ဇီဝခေါ်တဲ့ အသက်ကောင် ငါကောင်ကလေးဟာလဲ ဒီခန္ဓာကိုယ်ထဲက နေပြီးတော့ ထွက်သွားကာ တပါးသော ကိုယ်ထဲ ဝင်သွားပြန်တယ်။

အဲဒီလို သည်ကိုယ်မကောင်း ဟိုကိုယ်ပြောင်းနဲ့ ကိုယ်အဟောင်း တွေ စွန့်စွန့်ပြီး အသစ်အသစ်ထဲ ပြောင်းပြောင်းနေတဲ့ ဘယ်တော့မှ မသေမပျောက်တဲ့ အတ္တကောင် ဇီဝကောင် လိပ်ပြာကောင် ကလေးရှိ နေတယ်လို့ ယူစွဲနေတာဟာ သဿတဒိဋ္ဌိ အယူအစွဲပဲ၊ ကဲ....သဘော ပေါက်ရဲ့လား၊ သူကချည်း ဒုက္ခပေးနေတာ၊ အဲဒါ ဒကြွမ်းဖျင်း လူတိုင်းသိ အဖြေပဲ။

ဒကာ။ ။သဘောပေါက်ပါတယ်ဆရာတော်၊တယ်လဲခိုင်မြဲတဲ့ အတ္တ စွဲပဲနော်၊ ဒီ အတ္တက နေရာတကာ လိုက်ပါနေတာပဲကို။

---

## ဥစ္ဆေဒဒိဋ္ဌိ ယူပုံ တိုတိုကလေးမေး ?

ဒကာ။ ။ဥစ္ဆေဒဒိဋ္ဌိ ယူစွဲပုံကို တိုတိုကလေးနဲ့ လူတိုင်းနားလည် အောင် အကိုးအကား သာဓကများ ပြပြီး ရှင်းပေးပါ ဆရာတော်။

ဆရာ။ ။အင်း.... သူ့ အယူကတော့ တဘဝစံ သက်သက်ပဲ စွဲယူထားတာ ဖြစ်တယ်၊ဣတိဝုတ္တ ပါဠိတော်များမှာတော့....

အယံ အတ္တာ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ၊ ဝိနဿတိ န ဟောတိ ပရံ မရဏာ။

ဤ ကိုယ်ကောင် သတ္တဝါကောင် အတ္တကောင်ဟာ သေသော အခါ၌ ပျက်စီး ပြုန်းတီးလျက် သေပြီးတော့ နောက်တခါ ပြန် မဖြစ်တော့ဘူးတဲ့။

အဲဒါ ဥစ္ဆေဒ ဝါဒီတို့ အယူပဲ၊ နောက်ထပ် ပြောစရာမရှိဘူး၊ အပြတ်ပဲ၊ ဆက်မမေးနဲ့တော့ အဲဒီလိုပဲ ယူစွဲထားတယ်။

ဒကာ။ ။မှန်ပါ့၊ မပြောတော့ပါဘူး ဆရာတော်၊ ရိပ်စားမိပါပြီ၊ ကွန်မြူနစ်ဝါဒတွေပဲ၊ တဘဝထဲသာ စွဲယူထားတာကို။

---

## စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုတာ ပရမတ္ထတရား ဟုတ်ရဲ့လား ?

ဒကာ။ ။"စိတ်,စေတသိက်,ရုပ်, နိဗ္ဗာန် လေးတန် ပရမတ်"ဟု လယ်တီ ဆရာတော် ဘုရားကြီးများ ပရမတ္ထ တရား လေးပါးကို သင်ကြားပေးကြပါတယ်။

ဒါပေမင့် စိတ်,စေတသိက် ,ရုပ်, နိဗ္ဗာန် ဆိုတာ ပရမတ္ထတရား မဟုတ်ဘူး၊ ပညတ်သာ ဖြစ်တယ်လို့ ဆရာအချို့က ဆိုကြပါတယ်၊ ဘယ်ဟာကို အမှန်ယူရမှာလဲ ဆရာတော်။

ဆရာ။ ။အင်း.... နှစ်မျိုးစလုံး မှန်တာ ချည်းပဲ လို့ မှတ်ယူ ရမည်။

ဒကာ။ ။အမှန်ယူပုံကို အနည်းငယ် ရှင်းပြပေးပါအုံးဆရာတော်၊ ဘယ်လိုမှန်တာလဲ ဘုရား။

ဆရာ။ ။ပရမတ်ဆိုတာက (၁) အပြောပရမတ်။ (၂) သဘော ပရမတ် နှစ်မျိုးရှိတယ်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုတာက အမည်နာမ အပြော ပရမတ်ဖြစ်တယ် ၊အဲဒီ ပရမတ် အမည်ကို ဖေါ်ထုတ် မပြောပဲနဲ့တော့ ဘယ်တော့မှ မဖြစ်နိုင်ဘူးပဲ၊ ဒါကြောင့် ပရမတ်တရား၏ အမည်နာမ ကလေးတွေကို သတ္တဝါများ နားလည်အောင် ထုတ်ဖော်ဟောပြော ရလို့ အပြောပရမတ်လို့ ဆိုရင်လဲ မှန်တာပဲ။

ဟာ....စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်....ဆိုတာ အမည်နာမ ပညတ် သာ ဖြစ်တယ်၊ ပရမတ်မဟုတ်ပါဘူးလို့ ဆိုရင်လဲ မှန်တာပဲ၊ အမည် ပညတ်တွေပဲကို။

ပရမတ် အစစ်ဆိုတာက သူ့ရဲ့ပြီးစီးမှု သဘောတရား ကိရိယာ ကလေး သက်သက်မျှကိုသာ ယူရတာဖြစ်တယ်။

ဒကာ။ ။ပေါ်လွင်အောင် ရှင်းပြပါအုံး ဆရာတော်၊ ဒကာကြီး နားလည်အောင် တိုတို ကျဉ်းကျဉ်းနဲ့ပေါ့ ဘုရား။

ဆရာ။ ။စိတ်ပရမတ် ဆိုတာက အာရုံကိုသိခြင်း, ညွှတ်ခြင်း သဘောကလေး သက်သက်မျှကိုသာ ဆိုတာ၊ စိတ်ဟာ ပညတ် အမည်မျှသာပဲ။

စေတသိက်တွေထဲကလဲ ဝေဒနာဟာ ပညတ်အမည်မျှပဲ၊ ပရမတ်အစစ်က ခံစားခြင်းသဘော ကိရိယာကလေးမျှသာ ဖြစ်တယ်။

သညာဟာလဲ ပညတ်နာမည်မျှသာပဲ၊ ပရမတ်အစစ်ကတော့ မှတ်သားခြင်းသဘော ကိရိယာကလေးကို ဆိုတာဖြစ်တယ်။

စေတနာစေတသိက်ဆိုတာလဲ နာမပညတ်ပဲ၊ ပရမတ် အစစ်ကတော့ အလုပ်ဖြစ်မှု စေ့ဆော်ခြင်း သဘောကလေးမျှသာ ဖြစ်တယ်။

ရုပ်ဆိုတာလဲ နာမပညတ်မျှသာပဲ၊ ပရမတ်အစစ်ကတော့ ဖောက်ပြန်ပြောင်းလဲမှု သဘောကလေးမျှ သက်သက်ပဲ။

နိဗ္ဗာန်ဆိုတာလဲ အမည်ပညတ်ပဲ၊ ပရမတ်အစစ်ကတော့ နိစ္စသုခ အမြဲငြိမ်းအေး ချမ်းသာမှု သဘောကို ဆိုတာပဲ၊ ကဲ...ကျေနပ်ရဲ့လား၊ ပရမတ်ဆိုတာ အမည်နာမ အထည်ဒြပ် မရှိဘူး၊ သဘောကလေးသက်သက်ကို ယူရတယ်။

ဒကာ။ ။မှန်ပါ့၊ သဘောပေါက် ကျေနပ်ပါပြီ ဆရာတော်။

---

## သုဘရာဇာလား အသုဘရာဇာလား?

ဒကာ။ ။သုသာန် သင်းချိုင်းက စောင့်ပြီးတော့ ရောက်လာတဲ့ သူသေကောင်တွေကို မြေတူးမြှုပ်နှံမီးသင်္ဂြိုဟ် ပြုလုပ်နေကြတဲ့ သူတွေကို သုဘရာဇာလို့ ခေါ်ပါခေါ်ဆိုတာလဲ ဆရာတော်။

သူတို့အလုပ်က အသုဘအလုပ်တွေကို မြေတူးမြှုပ်နှံ မီးရှို့ခြင်းပြုလုပ်နေရတဲ့ဟာပဲ၊သုဘမှ မဟုတ်တာ ဖြေကြားပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်တယ်၊ ဒကာကြီးတို့ရဲ့ အမှတ်သညာကတော့ မတင့်တယ်တဲ့ အပုပ်ကောင် သူ့သေကောင် အသုဘလို့ အမှန်မှတ်တာပဲ၊ အစွဲဒိဋ္ဌိကလဲ အသုဘ အပုပ်ကောင်လို့ အမှန်စွဲယူတာပဲ၊ ဒါကြောင့်မို့ ဒီအကောင်ပုပ်ကို သုသာန်ထုတ်ကာ စွန့်ပစ်ကြတာပေါ့။

သူတို့ကတော့ သည်သူ့သေကောင်တွေ များများလာမှ လုပ်ခငွေတွေ များများရမှာမို့ အဲဒီ အသေကောင် အပုပ်ကောင်တွေကို သုဘ တင့်တယ်တယ်လို့ သညာဝိပ္ပလ္လာသနဲ့ မှတ်တယ်၊ သုဘ တင့်တယ်တယ်လို့ ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ စွဲယူထားတယ်၊ သုဘ တင့်တယ်တယ်လို့ စိတ္တဝိပ္ပလ္လာသနဲ့ သိနေတယ်၊ အဲဒီ ဝိပ္ပလ္လာသသုံးပါးနဲ့ သူတို့က သုဘလို့ မှတ်ယူ စွဲသိနေကြတာ။

ရာဇာ ဆိုတာက (ရဉ္ဇတိ=နှစ်သက်တတ်၏၊ ဣတိ=ထို့ကြောင့်၊ ရာဇာ=ရာဇာမည်၏တဲ့) အဲဒီ အသုဘကောင်တွေ များများလာလေ နှစ်သက်လေပဲ၊ အဲဒါကြောင့် ပါဠိလို သူတို့ကို သုဘရာဇာလို့ ခေါ်တာ ဖြစ်တယ်။

သောတာပန်မ,လင်ယူသားမွေး ဈေးရောင်းသလိုပေါ့၊ဝိပ္ပလ္လာသ သဘောတွေနဲ့ ခေါ်ဆိုတာ ဖြစ်တယ်။

တော်တော် ကြံကြံ ဖန်ဖန် မေးတဲ့ ဒကာကြီးတွေပဲ၊ ကဲ.... ကျေနပ်ရဲ့လား။

**ဒကာ။** ။ဆရာတော်က မြန်မာအဘိဓာန်ကျမ်းပြုတဲ့ ဆရာတော်မို့ သုဘရာဇာဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်သဘောကို မေးရတာပါ ဘုရား၊ ကျေနပ်လှပါတယ် ဆရာတော်။

သုဓမ္မဝတီ (က) ၁၀၄-၁၀

## အနာဂါမ်၏ အရိုးများ ဓာတ်တော် ဖြစ်နိုင်သလား?

**ဒကာ။** ။ပက္ကုသာတိမင်းကြီးဟာ ဘုရားနဲ့တွေ့ အနာဂါမ်ဖြစ် ရဟန်းပြုဖို့ သက်န်းပရိက္ခရာ ရှာဖွေရင်း နွားဝှေ့၍ စုတိကျသွားတော့ ဗိမ္ဗိသာရမင်းကြီးက အလောင်းတော်ယူကာ ကောင်းစွာ မီးသင်္ဂြိုဟ်ပြီး ဓာတ်တော်များကို ကောက်ယူ၍ စေတီ တည်ထား ကိုးကွယ်တယ်လို့ ဟောမပြောနေကြတာ မှန်သလား ဆရာ တော်၊ အနာဂါမ်က ဓာတ်တော်ကျနိုင်ပါသလား၊ တိုတိုကျဉ်းကျဉ်းနဲ့ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း .. ဒီကလဲ အပိုမပြောတတ်ဘူး၊ တိုတိုတိတိသမားပဲ၊ အမှန်ကတော့ ဓာတ်တော်ဆိုတာ ကိလေသာ လုံးဝမရှိ သန့်ရှင်းစင်ကြယ်တော်မူကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ် တို့ရဲ့ အသားတော် အသွေးတော် အရိုးတော် ဆံတော် မွေးညင်း တော်တို့က ပြာမကျပဲ အလုံးအခဲကလေးတွေဖြစ်ကာ တည်နေတာကို ဓာတ်တော်လို့ ခေါ်တာပဲ။

အဲဒီ ဓာတ်တော်များကို ကိုးကွယ်တည်ထား ကြည်ညိုလေးစား ပူဇော်မှုများ ပြုကြရမည်၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်း သာအထိ အကျိုးစီးပွား သုံးပါးကို ရနိုင်သည်ဟု ပိဋကတော်မှာ လာရှိတယ်။

ပက္ကုသာတိမင်းကြီးကတော့ မြတ်စွာဘုရား၏ တရားတော်နာယူ ပြီး ချက်ချင်းပဲ ဝိပဿနာတရား ရှုမှတ်ပွားများလိုက်တာ အနာဂါမိ ဖိုလ်အထိ ရသွားတယ်၊ ဒီတော့ ရဟန်းအဖြစ် ရယူနိုင်ရန် ဘုရားထံ

လျှောက်ထားတယ်၊ သူက သက်န်း ပရိက္ခရာ မပေးလှူခဲ့ဘူးလို့ ဟေ၀ိဘိက္ခု ရဟန်းအဖြစ်ကို မရနိုင်တဲ့အတွက် ရဟန်းပရိက္ခရာ ထွက်ရှာရင်း နွားဝှေ့ခံရ စုတိကျသွားတော့ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံကို ရောက်ရောက်ခြင်း အရဟတ္တမဂ်ဖိုလ်ရပြီး ရဟန္တာကြီး ဖြစ်သွားသောကြောင့် သူ့ကို ရဟန္တာလို့ ခေါ်ဆိုနိုင်တယ်၊ သူ့ရဲ့ခတ်တော်များကို စေတီတည်ထား ကိုးကွယ်ထိုက်တယ်လို့ ပိဋကတော်က....

> ကုလပုတ္တဿ သရီရကိစ္စံ ကတွာ ဓာတုယော အာဒါယ စေတိယံ ပတိဋ္ဌာပေသိ။

လို့ လာရှိတယ်. ကဲ....ရှင်းရဲ့လား၊ အဲဒါဟာ ပိဋကတော်ရဲ့ အဆုံးအဖြတ် တိုတိုပဲ။

**ဒကာ။** ။ရှင်းပါပြီ ဆရာတော်၊ မင်းကြီးက စုတိလဲကျ သုဒ္ဓါဝါသ ဗြဟ္မာ ရဟန္တာကြီးလဲ ဖြစ်သွားတာကို၊ ကျေနပ်စွာနဲ့ ကျေးဇူးတင်လှပါတယ် ဘုရား။

---

## အားထုတ်ပြုလုပ်မှု သင်္ခါရဟာ ဆင်းရဲ ဒုက္ခတွေတဲ့လား ?

**ဒကာ။** ။ဆရာအချို့တွေက ဟောကြားနေကြပါတယ်၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"တဲ့။

> သဗ္ဗေ သင်္ခါရာ=ကြိုးစား အားထုတ် ပြုလုပ် နေသမျှ အားလုံးတို့ဟာ၊ ဒုက္ခာ=ဆင်းရဲတို့သာ ဖြစ်ကုန်၏။

အဲဒီလို ဘာသာပြန် အနက်ပေးပြီးတော့ ခု, ဒါနပြုလုပ် ပေးလှူနေကြတာတွေ၊သီလ-ထမင်း အငတ်ခံပြီး ဥပုသ်စောင့်နေကြတာတွေ၊

ဘာဝနာ - အညောင်းခံပြီးတော့ ကမ္မဋ္ဌာန်းတရား အားထုတ်နေကြတာတွေဟာ ဆင်းရဲဒုက္ခတွေသာ ဖြစ်တာ၊ ပြုလုပ်သမျှတွေဟာ လက်တွေ့မှုချ ဒုက္ခဆင်းရဲတာ အမှန်ပဲ၊ စိတ်ပင်ပန်းခံပြီး ပြုလုပ်အားထုတ် မနေကြနဲ့၊ စိတ်ကို သူ့တက်တိုင်း အငြိမ်းစား ထားမှ ချမ်းသာတယ်လို့ ဟောပြောနေကြတာ မှန်ပါသလား ဆရာတော်၊ အတော့်ကိုပဲ ခေတ်စားနေတယ် ဘုရား။

ဆရာ။ ။မမှန်ဘူး၊ အဲဒါ ငရဲမီးပုံထဲ အကူဆင်းဖို့ အဖော်ခေါ်နေတဲ့ သာသနာဖျက် စကားတွေသာ ဖြစ်တယ်၊ သင်္ခါရ-က နှစ်မျိုးရှိတယ်၊

၁။ ပြုလုပ်ရမည့် အကြောင်းသင်္ခါရ= မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ သင်္ခါရမျိုးနဲ့ နိဗ္ဗာန်ကို ဆန္ဒပြုပြီး ဒါန, သီလ, ဘာဝနာ ကုသိုလ်ကံတွေကို ပြုလုပ်ရမည့် အလုပ်သမား သင်္ခါရတွေ ဖြစ်တော့ကာ အဲဒီ အလုပ်သမား သင်္ခါရတွေနဲ့ ဝိဇ္ဇာဉာဏ် ဦးစီးပြီး ပြုလုပ်သွားလို့ရှိရင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာသုခကို မုချရမှာပဲ၊ အဲဒါကို အကြောင်းသင်္ခါရ ခေါ်တယ်၊ မုချပြုလုပ်ရမှာ၊ မလုပ်ပဲ မနေရဘူး။

၂။ အပြုခံသင်္ခါရ- (အဝိဇ္ဇာ တဏှာ ဥပါဒါန် ကိလေသဝဋ္ဋ ဦးစီးပြီး ပြုလုပ်တဲ့ အကြောင်းသင်္ခါရကြောင့် ရလာတဲ့) အပါယ်ကောင် လူကောင် နတ်ကောင် ဗြဟ္မာကောင် ခေါ်တဲ့ လောကီရုပ်နာမ် တရားစုတွေဟာလဲ သင်္ခါရတွေပဲ၊ အဲဒါကို ရည်စူးပြီးတော့ မြတ်ဗုဒ္ဓက "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" လို့ ဟောတာ။

သဗ္ဗေ သင်္ခါရာ= လောကီ ရုပ်နာမ်အကျိုး တရားစု
ဟူသမျှတို့သည်၊ ဒုက္ခာ=မုချဆင်းရဲတာ အမှန်ပါပဲတဲ့။

အဲဒီ အနက် အဓိပ္ပါယ်ကို ပြောင်းပြန် စောက်ထိုး လုပ်ပြီး သာသနာဖျက်ကောင်တွေရဲ့ ဟောပြောတိုက်တွန်းချက်ကို ကံမဲ့ ဉာဏ်နည်းတဲ့ သူပျင်းတို့က ကြိုက်ကာ လိုက်နာ ကြတာပေါ့၊ ကုသိုလ်အလုပ် မပြုလုပ်ချင်သူတွေရဲ့ ဘုရားဟောနဲ့ ဆန့်ကျင်ဘက် စကားတွေသာ ဖြစ်တယ်၊ မမှန်ဘူး၊ မယုံနဲ့၊ အပါယ်လား စကားတွေနော်၊ သာသနာဖျက်အသင်းထဲ ပါသွားလိမ့်မည်၊ မီးပုံထဲ အဖေါ်ခေါ်နေကြတာ။

**ဒကာ**။ ။နားလည်ပါပြီ ဘုရား၊သင်္ခါရ နှစ်မျိုးနှစ်စား နားမလည်ကြလို့ လွဲမှားကုန်တာပဲ ဆရာတော်၊ ကျေးဇူးတင်ပါတယ်ဘုရား၊ အမှန်သိပါပြီ၊ မီးပုံထဲ အဖော်ခုန်မဆင်းတော့ပါဘူး။

## ဗုဒ္ဓဂေါတမဟာ အငြင်းအခုံ သန်သလားတဲ့?

**ဒကာ**။ ။တချို့သော ဝါဒရှင်တွေက ဗုဒ္ဓဂေါတမဟာ အလွန်အငြင်းသန်တယ်၊ သူမပေါ်ခင် လာရှိထားကြတဲ့ အယူဝါဒ အစွဲတွေကို နိုင်အောင် ငြင်းပြီးတော့ ဖျက်ဆီးကာ အနိုင်လျှောက်ယူနေတာပဲ၊ သစ္စက ပရိဗိုဇ် စတဲ့ တကယ့်ပညာရှိ ပြာဟ္မဏကြီးတွေ နဲ့လဲ ပြိုင်ငြင်းတာပဲ စသည်ဖြင့် ပြောသံ ကြားရလို့ပါ ဆရာတော်၊ မြတ်စွာဘုရားဟာ အငြင်းသန်သလား။

**ဆရာ။** ။ဟင့်အင်း.... မြတ်စွာဘုရားဟာ ဘယ်သူနှင့်မှ မငြင်းခုံဘူး၊ အငြင်းအခုံကို ဝါသနာနှင့်တကွ ပယ်စွန့်ပြီးသားပဲ ဟာ၊ ဂေါတမဘုရားမှာ ခန္တီ, မေတ္တာ အမြဲတမ်းရှိနေတယ်၊ ဘုရားရှင်ကိုသာ လူလောက နတ်လောကသားတွေက လာ လာပြီး ငြင်းခုံကြတာ ဖြစ်တယ်၊ ဒကာကြီးတို့ရ။

**ဒကာ။** ။သစ္စက ပရိဗိုဇ်တွေ့ ဒိဋ္ဌိကြီးတွေနဲ့ ဝါဒပြိုင်ပွဲကြီးတွေ လုပ်တာဟာ သူတို့နဲ့ ငြင်းခုံတာ မဟုတ်ဘူးလား ဆရာတော်။

**ဆရာ။** ။ငြင်းခုံတာက သူတို့က၊ သူတို့ကသာ ဘုရားကို ပြန်ပြန်ငြင်းနေကြတာ၊မြတ်စွာဘုရားက ငြင်းတာ မဟုတ်ပါဘူး၊ အမှန်တရားကိုသာ ပြောပြ ဖြေကြားပေးနေတာပါ၊ ဒီပြဿနာနဲ့ စပ်ပြီး ခန္ဓဝဂ္ဂသံယုတ် ပုပ္ဖသုတ် ပါဠိတော်မှာ ဗုဒ္ဓကိုယ်တိုင်မိန့်ကြားတော်မူတာ ရှိတယ်။

(၁) နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ။

(၂) လောကောဝ မယာ ဝိဝဒတိ။

(၃) န ဘိက္ခဝေ ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ။

(၁) ရဟန်းတို့ ငါဘုရားဟာ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ခေါ်တဲ့ လောကသားအပေါင်းနှင့် ဘယ်သောအခါမှ မငြင်းခုံပါဘူး။

(၂) လောကသား ဖြစ်တဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေကသာ ငါဘုရားနှင့် လာ လာ ပြိုင်ဆိုင် ငြင်းခုံနေတာပါ။

(၃) ရဟန်းတို့ အမှန်တရားကိုသာ ထုတ်ဆို ဟောကြား
ပြောပြ သွားလေ့ရှိသော ပုဂ္ဂိုလ်ဟာ ဘယ်သူနဲ့မှ
ပြိုင်ဆိုင် ငြင်းခုံမှု မပြုပါတဲ့။

ဆိုလိုရင်းက အမှန်တရားကိုသာ ပြောကြား ပြောကြားနေ**သော**ကြောင့် အဲဒီ အမှန်တရား ပြောကြားနေတဲ့သူဟာ ဘယ်သူနဲ့မှ ငြင်းခုံသည် မမည်ပါဘူးလို့ ဆိုတာပဲ၊ ကဲ...သဘောကျရဲ့လား။

**ဒကာ**။ ။မှန်တဲ့ဘက်ကတော့ အမြဲနိုင်နေတာပဲဟာ ငြင်းစရာမလို
တော့ပါဘူး၊ သဘောကျ ကျေနပ်ပါတယ် ဆရာတော်။

---

## သဿတနဲ့ ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါး
## ဘယ်ဟာက အပြစ်ကြီးမားသလဲ ?

**ဒကာ**။ ။သဿတဒိဋ္ဌိအယူနဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒသမား နှစ်ဦး
မှာ ဘယ်အယူဝါဒသမားက ပိုမိုဆိုးဝါး အပြစ်ကြီးမား
ပါသလဲ ဆရာတော်။

**ဆရာ**။ ။ဒကာကြီးတို့က ဘယ်လိုထင်လို့လဲ၊ ဒကာကြီးတို့ရဲ့ အယူ
အဆ ပြောပြပါအုံးလေ သိရအောင်။

**ဒကာ**။ ။ယင်းနှစ်ပါးစလုံးဟာ မိစ္ဆာဒိဋ္ဌိမျိုးသာ ဖြစ်လို့ အပြစ်
ချင်းလဲ အတူတူပဲလို့ ယူဆပါတယ် ဆရာတော်၊ တချို့
က မတူဘူးပြောလို့ ကျမ်းဂန်မျာ:က ခွဲခြားပြတာ ရှိသေးသလား
မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။ရှင်သာရိပုတ္တရာရဲ့တူ ဒီဃနခ ပရိဗိုဇ်နဲ့ မြတ်စွာဘုရား မေးဖြေခန်း ဒီဃနခသုတ္တန်မှာ အဋ္ဌကထာဆရာ မိန့်ကြားတော်မူတာကတော့ ...

၁။ တံ သဿတ ဒဿနံ အပ္ပသာဝဇ္ဇံ ဒန္ဓဝိရာဂန္တိ ဝုစ္စတိ။

ထို သဿတဒိဋ္ဌိ အမြင် အယူ အစွဲကို အပြစ်ကတော့ ဒါလောက်တောင် မကြီးမားလှပေမင့် ဖြုတ်နိုင် စွန့်နိုင်ဖို့ ကျတော့ ခက်ခဲနှေးကွေး ကြာမြင့်တယ်လို့ ဆိုတယ်။

၂။ မဟာသာဝဇ္ဇံ ခိပ္ပဝိရာဂန္တိ ဝုစ္စတိ။

ဥစ္ဆေဒဒိဋ္ဌိ အယူအစွဲကိုတော့ ကြီးမားသော အပြစ် ရှိတယ်၊ ဒါပေမင့် စွန့်လွှတ်ဖို့ကျတော့ လျင်မြန်လွယ်ကူ တယ်လို့ ဆိုတယ်။

ဒကာ။ ။အပြစ်သေးပုံ၊စွန့်လွှတ်နိုင်ခက်ပုံနဲ့ အပြစ်ကြီးပုံ စွန့်လွှတ် ရ လွယ်ကူပုံတို့ကိုလဲ ဒကာကြီးတို့ နားလည်အောင် တိုတိုနဲ့ပဲ ရှင်းပြပါအုံး ဆရာတော်။

ဆရာ။ ။အင်း....သဿတဒိဋ္ဌိသမားရဲ့ ယုံကြည်ချက်က ခုဘဝလဲ ရှိတယ်၊ နောက်ဘဝတွေဆိုတာလဲ ရှိတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ ကောင်းကျိုးသုခ မကောင်းကျိုး ဒုက္ခဆိုတာလဲ ရှိတယ်၊ ကုသိုလ်ကို များများပြုတယ်၊ အကုသိုလ်ကို နည်းပါးအောင် ရှောင်ရှားတယ်၊ လူ, နတ်, ဗြဟ္မာခေါ်တဲ့ ဘဝရဲ့ ချမ်းသာကိုတော့ အမြဲ သာယာတပ်မက် နှစ်သက်စွဲလမ်းနေတာပဲ၊ မြတ်ဘုရားနဲ့ တပည့် သံဃာတော်များက ဘဝဒုက္ခကို ဟောကြားပေတယ်လို့ သူ့ရဲ့ဘဝ ကောင်းစားခံစံရေးကိုတော့ လျင်မြန်စွာ မပယ်စွန့်နိုင်ဘူးတဲ့၊ ဆိုလို

ရင်းက ကုသိုလ်ကံကို များများပြုတယ်၊ အကုသိုလ်ကံကိုလဲ နည်းအောင်လုပ်တယ်၊ အဲဒါကြောင့် အဲဒီ သဿတဒိဋ္ဌိသမားရဲ့ အပြစ်ဟာ သေးငယ်တယ်လို့ ဆိုတယ်၊ ကဲ....သဘောကျရဲ့လား။

ဒကာ။ ။သဿတဒိဋ္ဌိကိုတော့ သဘောပေါက်ပါပြီ ဆရာတော်၊ ဥစ္ဆေဒဒိဋ္ဌိသမားရဲ့ အပြစ်ကြီးပုံနဲ့၊ လွတ်လွယ် ကျွတ်လွယ်ပုံလဲ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။ဥစ္ဆေဒသမားရဲ့ အယူအစွဲက ခုလက်ရှိဘဝတခုသာ ရှိသည်၊ ဘဝတပါးဆိုတာ မရှိ၊ အခြားဘဝမှ ခုဘဝ ဖြစ်လာတာကိုလဲ မယုံ မသိ၊ ဘဝတပါးသို့ သွားရောက် ဖြစ်ရပုံကိုလဲ မသိ မယုံ။

ကောင်းမှုကုသိုလ်ကံရဲ့ကောင်းကျိုးချမ်းသာ မကောင်းမှုအကုသိုလ်ကံရဲ့ ဆင်းရဲဒုက္ခ ရရှိနိုင်သည် ဆိုတာကိုလဲ မသိ နားမလည်ဘူး။

ကုသိုလ်ကောင်းမှုကို မပြုမလုပ် အကုသိုလ် မကောင်းမှုကိုတော့ ရဲရင့်စွာ ပြုလုပ်သည်။

ဘဝတပါး မရှိဟု စွဲယူထား၍ ဘဝတပါး၌ နှစ်သက်သာယာ ခင်မင်ဖြစ်ချင်မှုလဲ သူ့မှာမရှိ မတောင့်တ မစွဲလမ်းချေ၊ သူလုပ်သမျှ ကံတွေက အကုသိုလ်ကံတွေသာ များသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ က ကြီးလေးသော အပြစ်ရှိတယ်လို့ ဆိုတယ်။

သို့သော် မြတ်စွာဘုရားနဲ့ သံဃာတော်များက ဘဝတပါး ရှိပုံနဲ့ ဆင်းရဲဒုက္ခတို့ကို ဟောပြလိုက်သောအခါ သူ့အယူကို လျင်မြန်စွာ စွန့်ပစ်နိုင်သည်၊ ဗုဒ္ဓ၏ အယူဝါဒကို သက်ဝင်ယုံကြည်စွာ လက်ခံ

ကျင့်ကြံ ပွားများ၍ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်သည်ဟု ဆိုထားသည်၊ အဲဒါ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ရဲ့ ထူးခြားချက်ပဲ၊ ကဲ....ရှင်းရဲ့လား။

**ဒကာ။** ။ဥစ္ဆေဒက ခု လက်ရှိတခုသာ စွဲထားတာကို၊ သဿတက နှစ်ဘက်စွဲဆိုတော့ကာ ရှင်းလင်းပြတ်သား၍ နှစ်သက်စွာ ခံယူပါတယ် ဆရာတော်။

---

## လောကနိဗ္ဗာန်ဆိုတာ မှန်သလား ဘယ်တင်း ဘယ်ဟာလဲ ?

**ဒကာ။** ။လောကနိဗ္ဗာန် လောကနိဗ္ဗာန်နဲ့ ပြောဆိုနေကြတာ မှန်ပါသလား ဆရာတော်၊ နိဗ္ဗာန်ဆိုတာ လောကုတ္တရာ အစစ် မဟုတ်ဘူးလား၊ လောကီထဲမှာ နိဗ္ဗာန်တရားရယ်လို့ ရှိသေးသလား၊ ရှိရင်လဲ လောကနိဗ္ဗာန် တရားအစစ်ကို သိပါရစေ ဆရာတော်။

**ဆရာ။** ။အင်း....နိဗ္ဗာန်ဆိုတာ ဇာတိ မဖြစ်တဲ့တရားပဲ၊ လောကီ ကုသိုလ်တရားနဲ့ ဇာတိ မဖြစ်အောင် လုပ်တာဟာ လောကနိဗ္ဗာန်-လောကီနိဗ္ဗာန် အစစ်ပဲပေါ့။

**ဒကာ။** ။ဒီအဖြေလောက်နဲ့တော့ ဒကာကြီးတို့ နားမလည်ဘူး ဆရာတော်၊ တပည့်တော်တို့ နားလည်အောင် လွယ်လွယ် တိုတို ရှင်းရှင်းနဲ့ လင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။အင်း....မေးတာက ခက်ခဲ နက်နဲ သိမ်မွေ့တဲ့ နိဗ္ဗာန် အကြောင်း၊ ဒါကိုပဲ လွယ်လွယ် တိုတိုနဲ့ ရှင်းရှင်း လင်းလင်းပေးရမည်ဆိုတော့ကာ အတိုနည်းကို သိနိုင်တဲ့ ဉာဏ်ရှိရင် ကောင်းပါတယ်၊ လွယ်လွယ်နဲ့ဆိုတာတော့ မဖြစ်နိုင်ဘူးပဲ။

နိဗ္ဗာန်ဟာ သမ္မာဒိဋ္ဌိဘာသာဝင်တို့ရဲ့ အမြတ်ဆုံး အထွတ်အထိပ် ဖြစ်တဲ့ ရည်မှန်းချက် လမ်းဆုံးပန်းတိုင်ကြီးပဲ၊ ဒီဌာန လမ်းမကြီးကို လွယ်လွယ် တိုတိုကလေးနဲ့ ရောက်နိုင်ရင် တန်ဖိုးမရှိသော မခက်ခဲ မနက်နဲသော ရေပေါ်ရေလျှံ သဘောတရား အပေါစား ဖြစ်သွားမှာပေါ့။

**ဒကာ။** ။မှန်ပါတယ် ဆရာတော်၊ ရှည်ရှည်လျားလျား ပါဠိတွေ အများကြီးနဲ့ ထည့်ပြီးပြောကြားနေရင် တပည့်တော်တို့ အသိရခက်မှာစိုးလို့ အသိရလွယ်တဲ့နည်းနဲ့ ဖြေကြားဖို့ကို လျှောက် ထားကြတာပါ ဘုရား။

**ဆရာ။** ။ကိုင်း....ဒီလိုဆိုရင် တိုတိုနဲ့ ရှင်းရှင်းပဲ၊ အလင်းရောင် ရအောင် ပြောကြားပါမည်၊ ဉာဏ်နားနဲ့ ထောင်ဖမ်း ကြပေတော့။

ယခုလက်ရှိ ရယူထားကြတဲ့ ဝိပါကဝဋ်ခေါ်တဲ့ မြင်မှု ကြားမှု စတဲ့ လောကီတရားစု ဟူသမျှတို့ကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း မခိုင်မြဲမှု အနိစ္စလက္ခဏာအထိ ဝိပဿနာဉာဏ်နဲ့ ရှုမှတ်သိနေရင် ဆင်းရဲဒုက္ခသက်သက် ဖြစ်ပေါ်ပြီး ပျက်ပျက်သွားတာကိုပိုင်းခြားပြီး သိမြင်လာလိမ့်မည်၊ အဲဒီ အနိစ္စ, ဒုက္ခဉာဏ်ကို အသိလုပ်ထားပါ၊ မမေ့ပါနဲ့။

အဲဒီ မခိုင်မြဲတဲ့ အနိစ္စသဘောတရားတွေကို နိစ္စ= ခိုင်မြဲအောင် မလုပ်နိုင်ခြင်း၊ ဆင်းရဲမှု ဒုက္ခအစုကိုလဲ ချမ်းသာမှု သုခဖြစ်အောင် မလုပ်နိုင်ခြင်းဆိုတဲ့ ငါ ငါ့ဥစ္စာ မဟုတ်တဲ့ အစိုးမရ အနတ္တတရား ဟာလဲ အနိစ္စနဲ့ ဒုက္ခရဲ့ နောက်က ထပ်ကြပ်မကွာ ကပ်ပြီး ပါလာ တာကို ဝိပဿနာဉာဏ်နဲ့ မြင်လာလိမ့်မည်၊ ခုပြောတာတွေ သဘော ပေါက်ရဲ့လား၊ အဲဒါတွေဟာ ခုလက်ရှိ စိုးရိမ်, ငိုကြွေး, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့ရဲ့ ငြိမ်းအေးသက်သာမှု လောကနိဗ္ဗာန်ရဲ့ အခြေခံ ဉာဏ်အလုပ်တွေပဲ။

**ဒကာ**။ ။မှန်ပါ့၊ ဝိပဿနာဉာဏ် သဘောမျိုး ဒကာကြီးတို့ အသိဉာဏ် ရှင်းပါတယ် ဆရာတော်။

ဆရာ။ ။အဲဒီလို မြင်မှု ကြားမှု.... စသည်တို့ကို မြင်တိုင်း ကြား တိုင်း နံ့တိုင်း စားတိုင်း ထိတိုင်း သိ သိနေလျှင် သိပြီး ပျက်ပျက်သွားတာတွေကိုသာ ဉာဏ်နဲ့ မြင်နေရတော့ အဲဒီမြင်မှု စတဲ့ အာရုံတွေနဲ့စပ်ပြီး သာယာ ခင်မင် လိုချင် တပ်မက် ဆာလောင်တဲ့ တဏှာ မဖြစ်နိုင်တော့ဘူး၊ သူ့သဘော အနိစ္စ သိနေမှကိုး။

တဏှာ မဖြစ်တော့ မရ မနေ စွဲလမ်းမှု ဥပါဒါန်လဲ မဖြစ်တော့ ဘူး၊ အဲဒါကြောင့် ဝိပဿနာတရား ပွားများရှုမှတ်နေတဲ့ ယောဂီ အတွက်ဆိုရင် ရှုမှတ်မိတဲ့ အာရုံနဲ့စပ်ပြီး ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဒုက္ခဆင်းရဲအမှန် မြင်သိနေလို့ အဝိဇ္ဇာ ကိလေသာ ချုပ်တယ်၊ ဝိဇ္ဇာ ဉာဏ် ပေါ်လာတယ်။

ဆင်းရဲသက်သက် ဒုက္ခသစ္စာအမှန်သိလို့ သာယာ ခင်မင် လိုချင်မှု မရှိတော့၍ ဆာလောင်မှု တဏှာ ကိလေသာလဲ ချုပ်တယ်။

လိုချင်သာယာမှု တဏှာချုပ်လို့ ဒီကာမတရားတွေ မရမနေ စွဲလမ်းမှု ဥပါဒါန်လဲ ချုပ်တယ်၊ အဲဒါဟာ ကိလေသဝဋ်သုံးပါး ချုပ်သွားတာပဲ။

ကိလေသဝဋ် ချုပ်သွားလို့ရှိရင် (တဏှာ နိရောဓော) ဘဝကို ပြန်ရအောင် ပြုလုပ်မှု တဏှာပါတဲ့ ကံလဲမရှိ ချုပ်ငြိမ်း ပြီးစီးသွားတော့၏တဲ့၊ ဘဝကို သာယာ လိုချင်မှု ကိလေဝဋ်မပါတဲ့ ကမ္မဝဋ် ချုပ်သွားလို့ရှိရင် (ဇာတိ နိရောဓော) ဘဝအသစ် ပဋိသန္ဓေနေမှုလဲ တခါတည်း ချုပ်ငြိမ်းပြီးစီး သွားတော့တာပေါ့။

ဒီနေရာမှာ ရဟန္တာချုပ်ငြိမ်းမှုကတော့ အရဟတ္တမဂ်နဲ့ ဝဋ်သုံးပါး လုံးကို အပြီးပြတ် လက်စသတ် ချုပ်ငြိမ်းပြီးစီးသွားတယ်၊ ဘယ်အာရုံနဲ့ တွေ့တွေ့ သူ့ရဲ့ ကမ္မဝဋ်က ဘဝသစ် ဇာတိကို မမေးတော့ဘူး၊အဲဒါဟာ လောကုတ္တရာနိဗ္ဗာန် အထူးပဲ၊ပုထုဇဉ် ယောဂီကတော့ ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ ဝိပဿနာဉာဏ် တဒင်္ဂပဟာန်ဖြင့် တဏှာကို တချက်ချင်း ပယ်သတ်နေတာ၊ အဲဒါဟာ လောကနိဗ္ဗာန်ပဲ၊ ကဲ .. ရှင်းရဲ့လား၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ, စိုးရိမ်ငိုကြွေးမှုတို့ အတွက် သက်သာရာ ရနေပြီ။

**ဒကာ။** ။တော်တော် အသိရခက်တဲ့ သဘောတရားတွေပဲ၊ ရှင်း ပါပြီ ဆရာဘော်၊ လောကနိဗ္ဗာန်ဆိုတာ ဝိပဿနာ ကုသိုလ် ချမ်းသာပဲကို၊ သောက ပရိဒေဝတို့ ခဏသက်သာနိုင်တာပဲ။

---

## ဈာနီယာပုထ်လေးပါးတို့တွင် ဘယ်ဈာနီယာပုထ်ကို ဘုရားရှင် ကြည်ညိုလေးစားပါသလဲ ?

**ဒကာ။** ။တရားမေ့ အားထုတ်မှတ်သား ပွားများတဲ့အခါ ထိုင် ရပ် လျှောင်း သွား လေးပါးသော ဈာနီယာပထတို့တွင်

ဘယ် ဣရိယာပုထ်ကို မြတ်စွာဘုရား ကြည်ညိုလေးစားတော် မူပါသလဲ ဆရာတော်၊ ကျမ်းဂန်နဲ့ ထုတ်ဆောင်ပြပေးပါဘုရား။

**ဆရာ။** ။အင်း ...လေးဝသော ဣရိယာပထတို့တွင် တရားအား ထုတ်သောအခါ ကြည်ညိုဖွယ်ရာ ဣန္ဒြေသိက္ခာ အပြည့်ဝဆုံး ဣရိယာပထကို တပါးစီ စစ်ဆေး ကြည့်ရှုရအောင်နားထောင်ပါ။

၁။ စင်္ကြံသွားသော ယောဂီ၏ ခြေ လက် ဦးခေါင်းစတဲ့ ကိုယ်အင်္ဂါများဟာ လှုပ်ရှားနေတယ် မငြိမ်သက်ဘူးတဲ့။

၂။ ရပ်တည်နေသော ယောဂီ၏ ကိုယ်ဒြပ်သည် တောင့်တောင့် မတ်မတ် ခိုင်ခိုင်ကြီး ဖြစ်နေတယ်တဲ့။

၃။ ကိုယ်ကို လျောင်းလျက် အိပ်စက်နေသော ယောဂီ၏ ကိုယ်ကာယသည် နှစ်သက်ကြည်ညိုဖွယ် မရှိလှချေတဲ့။

၄။ တင်ပါးနှစ်ခုကို ပလ္လင်ခံထိုင်လျက် ပေါင်နှစ်ချောင်းနဲ့ သလုံးမြင်းခေါင်း ခြေချောင်းနှစ်ဖက်တို့ကို ထက်ဝယ်ဖွဲ့ခွေကာ ခါးရိုးကျောဆစ်များကို မတ်စွာထား၍ ထိုင်နေသော ယောဂီ၏ ထိုင်ခြင်း ဣရိယာပုထ်သည်သာ မြင်ရသူတိုင်း တင့်တယ်၍ ကြည်ညိုဖွယ်ဖြစ်လေသည်တဲ့။

ဒါကြောင့် ဣရိယာပုထ် လေးပါးတို့တွင် တင်ပလ္လင်ခွေ ထိုင်နေခြင်း ဣရိယာပထကိုသာ မြတ်ဘုရားနဲ့ မြင်ရသူ နတ်လူ အများတို့ကပါ ကြည်ညိုလေးစားကြလေသည်လို့ မှတ်ရမည်တဲ့။

ကျမ်းဂန် အထောက် အထားကတော့ ပဏ္ဏာသတိမင်းကြီးနဲ့ ဗိမ္ဗိသာရမင်း နှစ်ပါးတို့ ချစ်ကြည်ရေး ဇာတ်လမ်း တရားတော်မှာ

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ညသန်းခေါင်ယံကာလ ကယ်တင်ချွတ်ချွေရမည့် သတ္တဝါကို ဉာဏ်တော်ကွန်ယက်ကို ဖြန့်လျက် ကြည့်ရှုတော်မူသော အခါ....

ဘဂ္ဂဝ အိုးထိန်းသည် အိုးလုပ်ရာ တည်ခိုးရေး၌ာန ၌ ခြေ လက် ဦးခေါင်းတို့ လှုပ်ရှားခြင်း လုံးဝကင်းလျက် တင်ပလ္လင်ခွေ ထိုင်ကာ ရွှေဆင်းတုရုပ်ပုံပမာ (အာနာ ပါန စတုတ္ထဈာန်ကို ဝင်စားကာ နေရှာသော) ပက္ကု သာတိ အမျိုးကောင်းသား ဘုရင်မင်းတရားကို မြင် တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ စိတ်တော်ခတ်ဝယ် ဤပက္ကုသာတိ အမျိုးကောင်းသား သည် ကြည်ညိုဖွယ်ကို ဆောင်သော ဣရိယာပုထ်ဖြင့် ထိုင်နေ၏၊ တင့်တယ် သပ်ရပ် လှပ၏ ဟု ထင်မြင် ဖြစ်ပေါ်လာလေသည်တဲ့။

ဤနည်းပုံ အတိုင်း အာနာပါန စတုတ္ထဈာန်ကို ဝင်စားကာ တင်ပလ္လင်ခွေ ထိုင်နေရှာသော ပက္ကုသာတိ အမျိုးကောင်းသား၏ ထိုင်နေပုံ ဣရိယာပုထ်ဖြင့်ပင် ကြည်ညိုတော်မူရကား မြတ်စွာဘုရားသခင်ကပင် စကား စတင် ပြောကြားဖို့ကို ဆင်ခြင် အားထုတ်တော် မူလေ သည်တဲ့။

ကဲ....အဲဒါဟာ ကျမ်းဂန် အထောက်အထား သက်သေ သာဓက များပါပဲဗျား၊ ဘာများပြောချင်သေးသလဲ။

**ဒကာ။** ..။အားရ ကျေနပ် နှစ်မြို့စရာ အဖြေလွှာများ ပါပဲ ဆရာတော်။

## အာဏာစက် မေ့စက်ဆိုတာ ဘာတွေကို ခေါ်တာလဲ?

ဒကာ။ ။အာဏာစက်ပါမှ သာသနာတော်ကို ပြုလို့ လွယ်ကူတယ်၊ မေ့စက် သက်သက်နဲ့ ဆိုရင် သာသနာပြုလို့ ခက်ဘယ်၊ တိုးတက်စည်ပင်မှု မလျင်မြန်နိုင်ဘူးလို့ ဟောပြောနေကြတာ အာဏာစက်နဲ့ မေ့စက်တို့ရဲ့ အနက် အဓိပ္ပါယ်ကို ရှင်းပြပေးပါ ဆရာတော်။

ဆရာ။ ။(၁) မေ့စက်ဆိုတာက မြတ်စွာဘုရားရှင်တို့ရဲ့ လက်သုံးတော်၊ တပည့်သာဝကတို့ရဲ့ ခံယူချက် လက်သုံးတော် ဖြစ်တဲ့ မေတ္တာနဲ့ ခန္တီတရားများ ဖြစ်တယ်။

သတ္တဝါများ အပေါ်မှာ ချစ်ခြင်း မေတ္တာစာတ် ဘယ်တော့မှ မပျက်ပြယ်ဘူး၊ ဘယ်လောက်ပဲ ကျူး လွန်ပြစ်မှားပလေစေ ရန်တုံ့ပြန်မှု မပြုဘူး၊ အမြဲ သည်းခံတော်မူကြတယ်။

အဲဒါကြောင့် မေ့စက်က သိမ်မွေ့တယ်၊ နူးညံ့တယ်၊ ခက်ခဲနက်နဲတယ်၊ သတ္တဝါတိုင်း မကြောက်ကြဘူး။

(၂) အာဏာစက် ဆိုတာက ကြမ်းတမ်းတယ်၊ ခက်ထန်တယ်၊ မလိုက်နာရင် အပြစ်ဒဏ်နဲ့ ထိခိုက်စေတယ်၊ ဒါကြောင့် အာဏာစက်ကို သတ္တဝါတိုင်း ကြောက်ရွံ့ လိုက်နာကြတယ်။

အဲဒါကြောင့် မြတ်ဗုဒ္ဓရဲ့ သာသနာကို ပြုတဲ့ လုပ်ငန်းမှာ အာဏာစက် လက်ကိုင်ရှိတဲ့ လူမင်း နတ်မင်းတို့၏ အကူအညီကို ရယူကာ ပြုစု စောင့်ရှောက်တော်မူကြတာ ဖြစ်တယ်။

# အာဏာစက်က ဘယ်မင်းလက်ထက်မှာ စ,တင်ပေါ်လာတာလဲ ?

**ဒကာ။** ။ဓမ္မစက်ကိုတော့ မြတ်စွာဘုရားသခင်၏ တရားရေအေး အမြိုက်ဆေးဆိုတာ သိရပါပြီ ဆရာတော်၊ အာဏာစက် ဆိုတာက ဘယ်အချိန် ဘယ်ကာလ ဘယ်မင်းလက်ထက်တော်က ပေါ်လာတာပါလဲ ဘုရား။

**ဆရာ။** ။အင်း.... အာဏာစက်ဆိုတာက မြတ်စွာဘုရားသခင် တရားဟောတော်မူဖို့ အတွက် သဟမ္ပတိ ဗြဟ္မာမင်းကြီး မြတ်ဘုရားထံ လာရောက် တောင်းပန်တဲ့ အခါတုန်းက သိကြားမင်း ကလဲ ဗြဟ္မာမင်းကြီးနဲ့အတူ ပါလာတယ်။

အဲဒီ အခါတုန်းက ဗြဟ္မာမင်းကြီးရော သိကြားမင်းကပါ အရှင်ဘုရားတို့ တရားဟောတော်မူကြပါ၊ အရှင်ဘုရားတို့၏တရားသော ဓမ္မများကို မလိုက်,မနာ,မဖြေ,မကြား ထော်လော်ကန့်လန့် ပြုလုပ်နေသူများအား တပည့်တော်က အာဏာစက်ဖြင့် လိုက်နာအောင် ပြုလုပ်ပေးပါမည်၊ အရှင်မြတ်တို့ဘက်က ဓမ္မစက်ဖြင့် ပြုတော်မူကြပါကုန်၊ တပည့်တော်များဘက်က အာဏာစက်ဖြင့် စောင့်ရှောက်ကူညီပေးပါမည်လို့ တာဝန်ယူကာ ပဋိညာဉ်ပြုခဲ့ကြတာ ရှိတယ်၊ ဒါကြောင့် အာဏာစက်ဟာ အဲဒီ လက်ထက်အခါက စ,တင်ပေါ်လာတာပဲ။

မြတ်စွာဘုရား၏ တရားသော ဓမ္မအမေးများကို မဖြေကြားပဲ ထော်လော်ကန့်လန့် လုပ်နေတဲ့ သစ္စက ပရိဗိုဇ်ကြီးတို့, အမ္ဗဋ္ဌလုလင်တို့ကို သိကြားမင်းကိုယ်တိုင် ဘီလူးကြီးအသွင်ဆောင်ကာ ဘုရားမြတ်၏ အမေးစကားကို မဖြေကြားပဲ နေလျှင် သင့်ဦးခေါင်းကို ခုနစ်စိတ်ခွဲပစ်မည်-ဟု ကြိမ်းဝါးကာ ကူညီပေးတာပေါ့။ ကဲ....

သုံးဓမ္မဝတီ (က) ၁၇၄-၃၁

ရှင်းရဲ့လား၊ လူမင်းဖြစ်တဲ့ အဇာတသတ်တို့, အသောကရာဇာတို့လဲ အာဏာစက်နဲ့ ကျညီကြတယ်။

ဒကာ။ ။ရှင်းလင်း ကျေနပ်လှပါတယ် ဆရာတော်၊ သာဓကတွေ ကလဲ ကောင်းမြတ် လုံလောက်လှပါတယ် ဘုရား။

## ဝိပဿနာရှုရာ၌ ဃန ခံတယ်ဆိုတာ ဘယ်လိုဟာလဲ ?

ဒကာ။ ။ဝိပဿနာတရား ရှုပွားရာ၌ ဃနကို ကျေအောင် ရှုမှတ်ရမည်၊ ဃန မခံစေနဲ့ ဟု ဟောပြောကြရာ ဃနဆိုတဲ့ သဘောကို သိပါရစေ ဆရာတော်။

ဆရာ။ ။ဃနဆိုတာ အစိုင်အခဲ အတုံးအတစ် ခိုင်မြဲသောအမာခံ သဘောတရားပဲ၊ ဝိပဿနာက ရုပ်နာမ်တို့၏ မခိုင်မြဲမှု အနိစ္စလက္ခဏာကို ရှုမှတ် ပွားများခြင်း သဘောပဲ၊ ဒီ မခိုင်မြဲတဲ့ ရုပ်နာမ်တွေကို မပြိုမကွဲ ခိုင်မြဲတယ်လို့ ယင်မှတ်စွဲယူနေတဲ့ ဒိဋ္ဌိစွဲဟာ ဃနပဲ၊ အဲဒီ ဃန ခံနေရင် ဝိပဿနာဉာဏ် မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ဃနကျေအောင် ရှုမှတ်ပွားများတတ်ဖို့ လိုတယ်၊ ဃန ဆိုတာ ဒိဋ္ဌိသဘောပဲ။

## ဝိပဿနာ၌ ဃန ဘယ်နှစ်မျိုး ခံရှိနေပါသလဲ ?

ဒကာ။ ။ဃနတွေက အများကြီးပဲလို့ ဟောပြောနေကြပါတယ်၊ ဝိပဿနာ၌ ဃန က ဘယ်နှစ်မျိုးရှိလို့ ဘယ်လိုရှုမှတ် ပွားများရမှာလဲ ဆရာတော်၊ ဃနကျေအောင် ရှုပွားပုံ နည်းကို နည်းနည်းလောက် ရှင်းပြပေးပါ ဘုရား။

**ဆရာ။** ။ (၁) သန္တတိ ဃန=ပရမတ္ထ ဓမ္မဖြစ်တဲ့ အနိစ္စနဲ့ အနတ္တ သဘောမျှရှိတဲ့ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုအစဉ်က အလွန် အမင်း လျင်မြန်လွန်း၍ အကြားမရှိ အခြားမထင်တော့ပဲ တပေါင်းတည်း တတွဲတည်း တခဲတည်း ဒီရုပ်ဟာ ဒီရုပ်ပဲ၊ သည်နာမ်ဟာလဲ သည်နာမ်ပဲလို့ ထင်မှတ်စွဲယူကာ ငါ, ငါ့ဥစ္စာ, ငါ့ဟာပဲ, ခိုင်တယ် မြဲတယ်လို့ ထင်နေတာဟာ သန္တတိ ဃန ခံနေတာပဲ။

(၂) သမူဟ ဃန=ဖဿ, ဝေဒနာ, သညာစတဲ့ နာမ် တရားစု၊ ပထဝီ အာပေါ စတဲ့ ရုပ်တရားစုတို့ အပေါင်း၌ တပေါင်း တစု တလုံး တခဲတည်းဟု ထင်မှတ်ရအောင် စုကွဲ ၍နေတာကို မကွဲမပြား တသားတည်း စွဲယူထင်မှတ်ကာ အနတ္တ မထင်တာဟာ သမူဟ ဃန ခံနေတာပဲ။

(၃) ကိစ္စ ဃန=နာမ်ရုပ်တရားတွေဟာ သူ့ကိစ္စနဲ့ သူ ဖြစ်ပျက်နေကြတာတွေပဲ၊ စက္ခုရုပ်က ကြည့်မှုကိစ္စ၊ အဆင်း ရုပ်က ထင်မှုကိစ္စ၊ စက္ခုဝိညာဉ်စိတ်က မြင်သိမှုကိစ္စ၊ အဲဒါ တွေကို ခွဲခြား မသိပဲ စုပေါင်းကာ ငါမြင်တယ်လို့ တလုံး တခဲတည်း စွဲယူလိုက်တာဟာ ကိစ္စဃန ခံနေတာပဲ၊ အနတ္တကို မမြင်တော့ဘူး။

(၄) အာရမ္မဏ ဃန=ရူပါရုံကို မြင်သောအခါ (ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ) အဋ္ဌကလာပ်၌ ပါဝင်သော ရုပ်တို့ကို ခွဲခြားမသိပဲ တစု တပေါင်းတည်း တလုံးတစည်းတည်း တခဲတည်း စွဲယူထား ခြင်းကို အာရမ္မဏ ဃန ခံနေတယ်လို့ ဆိုတယ်၊ အဲဒါတွေ ဟာ အနတ္တလက္ခဏာကို ဃန ဖုံးတာပဲ။

အထူးအားဖြင့် ပရမတ်တရားတို့၏ သူ့သဘောနဲ့သူ ဖြစ်ပျက်နေတဲ့ သဘာဝဓမ္မအစဉ်ကို ခွဲခြားမသိနိုင်အောင် တလုံး တစု တခု တခဲတည်း ထင်မှတ်ရအောင် လျှင်မြန်စွာ ဖြစ်ပွားနေခြင်းကို သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃန ဟု ခေါ်ဆိုတာပဲ၊ ခွဲခြားပြီး သိဖို့က လူပြိန်းတို့အတွက် ခက်သယ်၊ ပရမတ္ထအသိနဲ့ ဉာဏ်အမြင်ရောက်အောင် နာယူသင်ကြားကြပါ နော်...ဒါပဲ၊ ပညာရှိ ဆရာကောင်း လိုတယ်။

ဒကာ။ ။မှန်ပါ၊ ဒါလောက်သိရတာပဲ ကျေးဇူးများလှပါပြီ ဆရာတော်၊ ပရမတ္ထဓမ္မ အနတ္တလက္ခဏာဆိုက်အောင် ကြိုးစားသင်ကြားပါမည် ဘုရား၊ အလွန်ခက်ခဲ နက်နဲတဲ့ တရားဓမ္မတွေမို့ အာစရိယနဲ့ မကင်းကောင်းကြောင်း သိကြပါတယ်ဘုရား။

---

## ပဉ္စာနန္တရိယကံ ထိုက်သူတိုင်း အဝီစိငရဲ ကျသလော ?

ဒကာ။ ။အဖေသတ်, အမေသတ်, မြတ်ဘုရားအား သွေးစိမ်းတည်အောင် ပြုလုပ်, ရဟန္တာသတ်, သံဃာသင်းခွဲသူတို့သည် အနန္တရိယကံကြီး ထိုက်သူတို့ဖြစ်၍ သေ သေခြင်း မဟာအဝီစိငရဲသို့လျှင် ကျရောက်ရမည်ဟု ဆရာသမားတို့ရဲ့ ဟောပြောသံကို မှတ်သားရဘူးသော်လည်း အဖေကိုသတ်တဲ့ အဇာတသတ်မင်းဟာ အဝီစိငရဲကို မလားပဲ လောဟကုမ္ဘီငရဲမှာသာ သွားဖြစ်ရသည်ဟု ဟောပြော နေကြတာ ဟုတ်မှန်ပါရဲ့လား ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။ဟုတ်မှန်ပါတယ်၊ လောကသားတို့အား ကျရောက်ရမည့် ဆင်းရဲဒုက္ခ ဘေးအန္တရာယ်ကို မကျရောက်ရအောင် သေးငယ်အောင် ပျောက်ကင်းအောင် ကာကွယ် တားဆီး ပေးနိုင်တာဟာ ရတနာသုံးပါးအစစ်သာလျှင် ဖြစ်ပါတယ်၊ ဘုရား, တရား, သံဃာမှတပါး အခြားမည်သည့် တန်ခိုးရှင် နတ်, ဗြဟ္မာ, ဝိဇ္ဇာ, ဇော်ဂျီတို့ကမှ ကာကွယ်စောင့်ရှောက် မပေးနိုင်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားသခင်က ရဟန်းတို့ အဇာတသတ်မင်းသည် တရားကိုစောင့်သော ခမည်းတော် (ဗိမ္ဗိသာရ) မင်းကြီးကို မသတ်မိပါမူ ယခု ငါဘုရားဟောကြား ဖြေဆိုသော သာမညဖလသုတ်ကို ကြားနာဆဲအခါမှာပင် သောတာပတ္တိမဂ်သို့ ဆိုက်ရောက်နိုင်ရာသည်။

ယခုမှာမူ မကောင်းသောမိတ်ဆွေ မကောင်းသော ဆရာနှင့် ပေါင်းသင်းဆည်းကပ်မိသောကြောင့် မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ရှိရလေသည်၊ အဇာတသတ်မင်းသည် မိမိ၏ တည်ရာ မှီရာ အားကိုးရာကို မိမိပင် တူးဖြိုဖျက်ဆီးခဲ့သူ ဖြစ်လေသည်။

ရဟန်းတို့ ယင်းသို့ပင် ဖြစ်ခဲ့သော်လည်း အဇာတသတ်မင်းသည် ငါဘုရားကို ဆည်းကပ်၍ရင်း၊ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ရာ အစစ်အမှန်ဟူ၍ရင်း ဆည်းကပ်ကိုးကွယ်ခဲ့လေပြီ။

အဇာတသတ်မင်း၏ ဆည်းကပ်ကိုးကွယ်ရာ ငါဘုရား၏ သာသနာတော်သုံးရပ်သည် လွန်မြတ်ကြီးမားလှသောကြောင့် အဇာတသတ်မင်း သက်သာရာ ရခဲ့လေသည်။

ရဟန်းတို့-ပုံပမာအားဖြင့်သော်ကား လူသတ်မှု ကျူးလွန်မိသော ယောကျ်ား တယောက်အား သေစား သေစေရန် အပြစ်ဒဏ်ကို

ပေးရန်ဖြစ်သော်လည်း အမှိုကောင်း အကပ်ကောင်းကို ရထားသည့်အတွက် ပန်းပွင့် တဆုပ်မျှသော အပြစ်ဒဏ်ခတ်လျက် သေဒဏ်မှ လွတ်ကင်း သွားရသကဲ့သို့ ဤနည်းအတူပင် ဖခင် အရင်းကို သတ်ခဲ့သော အနန္တရိယ ကံကြောင့် အဝီစိငရဲ၌ ဖြစ်ထိုက် သော်လည်း ငါ့ဘုရား သာသနာတော်တည်းဟူသော အမှိုကောင်း ဥပနိဿယကို ရ၍ လောဟကုမ္ဘီ ငရဲ၌သာ သေပြီးနောက် ကျရောက်ကာ အနှစ် သုံးသောင်းကြာအောင် အောက်သို့ နစ်မြုပ်လျက် အောက်ကြမ်းပြင်သို့ ရောက်ပြီးလျှင် တဖန် အနှစ်သုံးသောင်းကြာမျှ အထက်သို့ ပေါ် တက်ပြန်လျက် အထက်ငရဲအိုး နှုတ်ခမ်းသို့ ရောက်သောအခါ အမြုပ် အပေါ် နှစ်ပေါင်း ခြောက်သောင်း ကြာလျှင် ထိုလောဟကုမ္ဘီငရဲမှ လွတ်မြောက် လိမ့်မည်ဟု မြတ်စွာဘုရား ဟောကြားတော်မူတာကို ထောက်ထား၍ သရဏဂုံ သုံးပါး တန်ခိုးတော်ဂုဏ်များကို သိရှိ ကိုးကွယ် ဆည်းကပ်ကြဖို့ပါပဲ။

ဂေါတမဘုရား သာသနာမှာ ပုထုဇဉ်လူသားထဲက သရဏဂုံ သုံးပါးကို ယုံကြည် ကိုးစား ဆည်းကပ်ခစားတဲ့နေရာမှာ အဇာတသတ်မင်းဟာ အသာဆုံးပဲတဲ့၊ အဇာတသတ်မင်းကိုမှီညီတဲ့သူ တလူ တယောက်မျှ မရှိဘူးလို့ ဟောကြားတော်မူတယ်၊ နောင်သောအခါ အဇာတသတ်မင်းဟာ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်ကာ ပရိနိဗ္ဗာန်ဝင်စံလျက် ဒုက္ခဇာတ်ဘဝကို သိမ်းလိမ့်မည်ဟု ဟောကြားတော်မူတယ်၊ ကဲ.... ယုံကြည်လောက်ပါပြီ။

ဒကာ။ ။ယုံကြည်စွာ ခံယူပါတယ် ဆရာတော်၊ သရဏဂုံဟာ အားထားရာ အစစ်ပါပဲ ဆရာတော်၊ နတ်,ဝိဇ္ဇာတို့ဟာ အားထားရာ မဟုတ်ပါဘူး။

## မြတ်ဗုဒ္ဓ ဘယ်နှစ်ဝါအရမှာ မိန်းမများကို ရဟန်းပြုခွင့် ပေးသနားပါသလဲ ?

**ဒကာ။** ။မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဘယ်နှစ်ဝါအရမှာ မယ်တော် မဟာပဇာပတိ ဂေါတမီ စတဲ့ အမျိုးသမီး မာတုဂါမများကို ရဟန်းပြုရန် ခွင့်ပြုမိန့်ကြားတော်မူပါသလဲ ဆရာတော်၊ တိုတိုပဲ ဖြေပါဘုရား၊ ပါဠိတွေတော့ မရွတ်ပါနဲ့တော့။

**ဆရာ။** ။မြတ်စွာဘုရားသခင်သည် ကပိလဝတ်နေပြည်တော်ကြီးသို့ ပထမအကြိမ် ကြွရောက်တော်မူကာ သကျကုလ သာကီဝင် မင်းသားတို့၏ မာနကို ဆုံးမ ပယ်ရှားတော်မူပြီးလျှင် ညီတော် နန္ဒမင်းသား စသည်တို့ကိုလဲ ရဟန်းပြုတော်မူပြီးနောက် (၅)ဝါ မြောက်မှာ မယ်တော် မဟာပဇာပတိဂေါတမီ အမှူးရှိတဲ့ မာတုဂါမ အမျိုးသမီးများကို ရဟန်းပြုခွင့် ပေးသနားတော်မူလိုက်တယ် ဒကာကြီးတို့ရဲ့၊ ကဲ....တိုတိုပဲ။

## ယနေ့ အမျိုးသမီးများ ဘာ့ကြောင့် ရဟန်းမပြုရတာလဲ ?

**ဒကာ။** ။ခုခေတ်ကာလ ယနေ့ အမျိုးသမီးများ ဘာကြောင့် ရဟန်းမပြုလုပ်ပဲ မယ်သီလလုပ်နေကြတာလဲဆရာတော်။

**ဆရာ။** ။ယနေ့ အမျိုးသမီးများ ရဟန်းမပြုရတာ က တော့ အကြောင်းတခု ချို့တဲ့နေသောကြောင့်ပဲ ဖြစ်တယ်၊ အမျိုးသမီးများ ရဟန်းပြုတဲ့ အလုပ်က....

၁။ ရဟန်းယောကျ်ားများနဲ့ ရှေးဦးစွာ သိမ်ထဲမှာ ရဟန်းခံ ကမ္မဝါစာ တကြိမ် ဖတ်ရတယ်။

၂။ နောက် ရဟန်းမများနဲ့ သိမ်ထဲမှာ ရဟန်းခံ ကမ္မဝါစာ တကြိမ် ထပ်ဖတ်ရတယ်။

အဲဒီလို ကမ္မဝါ နှစ်ကြိမ် နှစ်ခါ ဖတ်မှ ရဟန်းအဖြစ်ကို ရသော ကြောင့် အမျိုးသမီး ဘိက္ခုနီမများကို ဥဘတော ဘိက္ခုလို့ခေါ်တယ်။

ယနေ့ ရဟန်းပြုချင်တဲ့ အမျိုးသမီးများမှာ ဒုတိယအကြိမ် ကမ္မ ဝါစာ ဖတ်ပေးဖို့ (ဘိက္ခုနီမ) ရဟန်းမများ မရှိတဲ့အတွက် ရဟန်းမ မျိုးဆက် ပြတ်သွားသောကြောင့် ရဟန်း မပြုကြရပဲ သီလရှင်ဝတ်ရ တာလို့ မှတ်ရမည်။

ဥဘတောဘိက္ခုဆိုတာ အဲဒါပဲ၊ ရဟန်းယောကျ်ားများနဲ့ တကြိမ် ရဟန်းမများနဲ့ တကြိမ် နှစ်ကြိမ် နှစ်ခါ ကမ္မဝါစာဖတ်ရလို့ ဥဘတော ဘိက္ခုလို့ ခေါ်တယ်။ ကဲ....အဲဒါပဲ။

ဒကာ။ ။အော်....ဒါကြောင့် ရဟန်းမများကို''ဥဘတောဘိက္ခု'' ခေါ်တာကို၊ သူတို့ရဲ့ မျိုးဆက်ကို သူတို့က အရှည်ခန့် အောင် မစောင့်ရှောက်ပဲ ဖျက်ဆီးပစ်လိုက်ကြတော့ မျိုးဆက်မရှိလို့ ဘိက္ခုနီမသာသနာ ပြတ်သွားတာပဲ ဘုရား၊ သနားစရာကောင်း လိုက်တာ ဆရာတော်၊ နှမြောစရာပဲနော် ...။

---

## သေတယ်ဆိုတာ ကိုယ်ထဲက ဘာတွေ ရပ်စဲကင်းကွာသွားလို့လဲ ?

ဒကာ။ ။လောကမှာ လူတွေ တိရစ္ဆာန်တွေ သေသေ သွားကြ တာဟာ သူတို့ကိုယ်ကောင်ထဲက ဘာတွေပျက်စီး ရပ်စဲ ကင်းကွာသွားလို့လဲ ဆရာတော်၊ မြတ်စွာဘုရားက ဘယ်လိုများ

ဟောကြားသွားပါသလဲ၊ သိပုံနည်းကိုတော့ သိပါတယ်ဆရာတော်၊ ဗုဒ္ဓရဲ့နည်းကို မေးတာပါ။

**ဆရာ။** ။အင်း.... မြတ်စွာဘုရား ဟောကြားတာတွေ ကတော့ ပိဋကတော်မှာ တော်တော် များများပဲ ရှိပါတယ်။

အာယု ဥသ္မာ ဝိညာဏာ ပဂမေန မတော။

၁။ အာယု=ရုပ်ဇီဝိတ, နာမ်ဇီဝိတ, ဟူသော သက်ထိန်း တရား နှစ်ပါး လည်းကောင်း။

၂။ ဥသ္မာ=ကမ္မဇတေဇောဓာတ်ဟူသော ကိုယ်ငွေ့အပူဓာတ် လည်းကောင်း။

၃။ ဝိညာဏာ=စိတ်ဝိညာဏ်လည်းကောင်း။

အပဂမေန= ဤကိုယ်ကောင်ကာယမှ ယင်း သုံးပါးတို့ ရပ်စဲ ဖဲရှောင် ပျက်စီး ကင်းကွာ သွား သဖြင့်။

၄။ မတော= သေသွားကြတာလို့ မှတ်ရသိရမည်တဲ့။

အဲဒီလို ဘုရားမြတ်စွာက ဟောကြားထားတော်မူတာလဲ ရှိတယ်၊ အဲဒါကိုပဲ သေတယ်လို့ မှတ်ထားကြပေါ့၊ အဲဒါဟာ ဗုဒ္ဓရဲ့နည်းပဲ။

**ဒကာ။** ။အမိန့်တော်အတိုင်း သိမှတ် ယုံကြည်ကြပါတယ် ဆရာတော်။

## ဟေိဘိကျွ ရဟန်းအဖြစ်ဟာ ဘယ်အဆင့်တန်းရှိသူများအတွက်လဲ ?

**ဒကာ။** ။မြတ်စွာဘုရားလက်ထက်၌ ဟေိဘိက္ခုရဟန်းအဖြစ် ရယူသူများအတွက် အဆင့်အတန်း သတ်မှတ်ချက်များ ထားရှိပါသေးသလား ဆရာတော်၊ စာပေကျမ်းဂန်က ဘယ်လိုများ ဆိုပါသလဲ ဘုရား။

**ဆရာ။** ။အင်း...ဟေိဘိက္ခုရဟန်းဆိုတာတန်ခိုးတော်ဖြင့်ပြီးစီးတဲ့ (ဣဒ္ဓိမယာ) သပိတ်, သင်္ကန်း ပရိက္ခရာမျိုး ဖြစ်တယ်၊ ယင်း ရဟန်းအဖြစ်မျိုးကို ရရှိဖို့ အဆင့်အတန်း အကြောင်းက သုံးပါးရှိတယ်လို့ မှတ်ရမည်။

၁။ ရှေးဘဝက ပရိက္ခရာရှစ်ပါး ပေးလှူခဲ့ဘူးသူဖြစ်ရခြင်း။

၂။ ယခုလက်ရှိဘဝသည် (ပစ္ဆိမဘဝိက) နောက်ဆုံးဘဝသား ဖြစ်ရခြင်း။

၃။ ယောကျ်ားမြတ်အစစ် ဖြစ်ရခြင်း။

ယင်းအဆင့်အတန်းအကြောင်းသုံးပါးနှင့် ပြည့်စုံရင် မြတ်ဘုရားက ဟေိဘိက္ခု ခေါ်တော်မူတာနဲ့ ဝါတော်ခြောက်ဆယ် ရသော မထေရ်ကြီးကဲ့သို့ သင်္ကန်းဝတ်ပြီးသား ဖြစ်သွားတာပဲ စာပေကျမ်းဂန် အဆိုကတော့ ...

မြတ်စွာဘုရားသခင်၏ အဖ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးဟာ ဘုရားသခင်၏ ဖခင်အရင်းဖြစ်ကာ ပစ္ဆိမဘဝိကသား ဖြစ်ပေမင့် ပရိက္ခရာရှစ်ပါး မပေးလှူခဲ့ဘူးလို့ ဟေိဘိက္ခု ရဟန်းဘဝကို မရပဲ လူသားအဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံရရှာသည်။

ပက္ကုသာတိ ဘုရင်မင်းတရားကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို နာယူ၍ အနာဂါမ်ဖြစ်သော်လဲ ပစ္ဆိမဘဝိကသား မဟုတ်သေး၍ မြတ်ဘုရားက ဗောဓိကျွ ခေါ်တော်မမူပဲ သက်န်းရှာခိုင်းလိုက်ရာ နွားငှေ့၍ အမှိုက်ပုံထဲမှာ စုတိ ကျသွားရရှာသည်၊ ကဲ.. အဲဒါတွေဟာ စာပေက လာတာတွေပဲ ကျေနပ်ရဲ့လား။

**ဒကာ။** ။ဒီလို ကျကြ ဏန သေချာစွာ သိရလို့ ကျေနပ်နှစ်သက်လှပါတယ် ဆရာတော်။

---

## ညီတော်အာနန္ဒာကို မည်သူ့တရားဟောလို့ သောတာပန်ဖြစ်တာလဲ ?

**ဒကာ။** ။ဘုရားရှင်နဲ့ အရင်းနှီး အနီးကပ်ဆုံးဖြစ်သော ညီတော်အာနန္ဒာ မထေရ်မြတ်ဟာ မြတ်စွာဘုရားသခင်က တရားဟောလို့ သောတာပန်ဖြစ်တာ မဟုတ်ဘူးလို့ ဟောပြောသံများ ကြားရပါတယ်၊ အဲဒီစကားဟာ မှန်ပါရဲ့လား၊ ဘယ်ပုဂ္ဂိုလ်က တရားဟောလို့ သောတာပတ္တိမဂ်ဖိုလ်ကို ရသွားတာပါလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်ပါတယ်၊ မြတ်စွာဘုရားထံမှာ ဒေဝဒတ်, အနုရုဒ္ဓါ, ဘဒ္ဒိယ, ဘဂု, ကိမိလ, အာနန္ဒာ သာကီဝင်မင်းသား ခြောက်ပါးတို့ဟာ ဆတ္တာသည် ဥပါလိနှင့် အတူ ရဟန်းပြုသွားကြတယ်။

သာသန ကျွတ်တမ်းဝင်ရေးနှင့်စပ်၍ အထူးမှတ်သားဖို့ကတော့ မြတ်ဗုဒ္ဓကယ်ချွတ်မှု ရနိုင်တဲ့ ဗုဒ္ဓ၏သာဝက က တမျိုး, သာဝကအရှင်မြတ်တို့၏ ကယ်ချွတ်မှုကို ခံယူရတဲ့ သာဝက က တမျိုး ပေါင်း နှစ်မျိုးရှိတယ်။

အဲဒီနှစ်မျိုးထဲမှာ အရှင်အာနန္ဒာမထေရ်မြတ်ဟာ မန္တာနီပုဏ္ဏေးမ၏ သားတော် အရှင်ပုဏ္ဏမထေရ်မြတ်ထံမှ အလွန်ကြည်လင် ဝင်းပတဲ့ ကြေးမုံအပြင် ရေခွက်ကို အစွဲပြုကာ မျက်နှာရိပ် ထင်လာသည်ကို ဥပမာပြု၍ ခန္ဓာငါးပါးတို့အပေါ်မှာ ငါစွဲပေါ်လာတဲ့ မာန်မာန တရားများ ဖြစ်ကြောင်းနှင့်တကွ ထိုခန္ဓာငါးပါးတို့ မခိုင်မြဲမှု အနိစ္စ လက္ခဏာ၊ ဆင်းရဲမှု ဒုက္ခလက္ခဏာ၊စိုးပိုင်သိမ်းဆည်းထားစရာ အမာခံ အနှစ်သာရ ဘာတခုမျှ မရှိမှု အနတ္တ လက္ခဏာနှင့်စပ်တဲ့ တေပရိဝဋ္ဋ ဓမ္မဒေသနာတော်ကို ကြားနာပွားများရင်း သောတာပတ္တိဖိုလ်၌ တည်ကာ သောတာပန်ဖြစ်သွားတယ်လို့ နိဒါနဝဂ္ဂ သံယုတ်မှာ လာရှိတယ်၊ အကျယ်သိချင်ရင် အဲဒီကျမ်းစာမှာ ရှာကြည့်ပေတော့၊နိဗ္ဗာန် လိုချင်ရင် တေပရိဝဋ္ဋဓမ္မကို အမြဲရှုပွားကြပေါ့။

၁ကာ။ ။မြတ်စွာဘုရားသခင်နဲ့ အရင်းနှီးဆုံး အလုပ်အကျွေး ဖြစ်ကာ ဘုရားရှင်ဟောတော်မူသမျှ တရားတော်တွေကို နာကြား ရရှိထားသူ ဗဟုသုတအရာ၌ ဧတဒဂ်ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်မို့လို့ မြတ်စွာဘုရား ဟောကြားလို့ သောတာပန် ဖြစ်သွားတာပဲဟု မှတ်သားထားမိကြလို့ပါ ဆရာတော်၊ ခုလို အမှန်သိရတော့ ဝမ်းသာလို့ မဆုံးပါဘူး ဘုရား။

## ဝိဟာရ သမာပတ်ဆိုတာ ဘယ်လို ဝင်စားတာမျိုးလဲ ?

**ဒကာ**။ ။သမာပတ်လုပ်ငန်းနဲ့စပ်ပြီးနိရောဓသမာပတ်,ဖလသမာပတ်, စျာနသမာပတ်တို့ကိုသာ ကြားသိဘူးပါတယ်၊ မွေကထိက ဆရာတော်တပါးက "ဝိဟာရသမာပတ်, ဝိဟာရသမာပတ်"နဲ့ ဟောသံကြားလို့ ယင်း အနက် အဓိပ္ပါယ်ကို တိုတိုနဲ့ သိပ့ါရစေ ဆရာတော်။

**ဆရာ**။ ။အင်း .... တိုတိုနဲ့ သိချင်ရင် ဝိဟာရ သမာပတ် ဆိုတာ ဣရိယာပုထ် လေးပါးတို့တွင် ထိုင်လျက်ဝင်စားကာ ကိလေသာ ငြိမ်းအေးမှုယူနေဘဲ့ သမာပတ်မျိုးလို့ တိုတိုနဲ့ မှတ်ပေတော့၊ ကဲ....အဲဒါပဲ။

**ဒကာ**။ ။တိုတိုနဲ့မှတ် ဆိုတော့ကာ ရှည်ရှည်များ ရှိသေးလို့လား ဆရာတော်၊ ရှိရင်လဲ နည်းနည်းလောက် မိန့်ကြားပါအုံး ဘုရား၊ တိုလွန်းအားကြီးနေလို့ပါ။

**ဆရာ**။ ။အိမ်း .. ရှည်ရှည်လျားလျားလဲ ရှိသေးတယ်၊ ဒါပေမင့် နည်းနည်းလောက်ပဲ ညွှန်ပြမည်၊ အဲဒီ ကိစ္စသိချင်ရင် ဆရာတော်ရေးပြုတဲ့ (သုတေသန သရုပ်ပြ အဘိဓာန်) ဒုတိယနှိပ်ခြင်း စာမျက်နှာ ၅၆၅-မှာကြည့်ပါ၊ အဲဒီမှာ....

(၁) ဒိဗ္ဗဝိဟာရသမာပတ်။ (၂) ဗြဟ္မဝိဟာရသမာပတ်။

(၃) အရိယဝိဟာရသမာပတ် .. စသည်တွေ ပါရှိတယ်။

**ဒကာ**။ ။ကောင်းပါပြီ ဆရာတော်၊ သုတေသန သရုပ်ပြ အဘိဓာန်စာအုပ်လဲ အိမ်မှာ အဆင်သင့်ပဲ ရှိပါတယ်။

## ဗုဒ္ဓစက္ခုဆိုတာ ဘာလဲ ဘယ်ဟာကို ခေါ်ဆိုတာလဲ ?

**ဒကာ။** ။မြတ်စွာဘုရားသခင်၏ အများမဆိုင် ဘုရားပိုင် သက်သက် ဖြစ်တဲ့ စက္ခုငါးပါးတို့တွင် ဗုဒ္ဓစက္ခု ဆိုတာ ဘယ်တရားနဲ့ ဘာကို ကြည့်ရှုတော်မူတာလဲ ဆရာတော်။

**ဆရာ။** ။အင်း ... ဘုရားပိုင် စက္ခုငါးပါးကိုတော့ ဒကာကြီးတို့ အစုံ အကုန် သိကြလို့လား၊ သိရင် ပြောပြပါ။

**ဒကာ။** ။အရေအတွက်နဲ့ အမည်လောက်တော့ သိကြပါတယ် ဆရာတော်၊ ယင်းရဲ့ ဓမ္မသဘာဝကိုတော့ မသိကြပါဘူး။

ဗုဒ္ဓ, ဓမ္မ, သမန္တနှင့် ဒိဗ္ဗ, ပညာ, ငါးဖြာထင်ရှား၊
ဘုရားမျက်စိ ရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်
အား ရှိသေစွာ ရှိခိုးပါ၏။

လို့ ကျောင်းနေတုန်းက ဆရာသမားများ သင်ပေးလို့ ရဘူးပါတယ် ဆရာတော်၊ အဲဒါဟာ ဗုဒ္ဓပိုင် စက္ခုငါးပါးပဲ မဟုတ်ပါလားဘုရား။

**ဆရာ။** ။အင်း....အဲဒီငါးပါးထဲမှာ နံပါတ်တစ်၊ ဗုဒ္ဓစက္ခုဆိုတာက ဗုဒ္ဓတို့၏ ဓမ္မတာအရ နံနက်ချိန်ခါ ကယ်ချုတ်ရမည့် သတ္တဝါကို ကြည့်တော်မူသောအခါ ထိုသတ္တဝါ၏ မူရင်းပါ အလို အာသာ တဏှာစွဲဖြစ်တဲ့ အာသယာနုသယဉာဏ်နဲ့ သဒ္ဓါ,ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ ဣန္ဒြေငါးပါးတို့ ရင့်ကျက် ခိုင်မာမှု ရှိ, မရှိ ကြည့်တော်မူတဲ့ "ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်" အဲဒီ ဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုလို့ ခေါ်ဆိုတယ်၊ အဲဒီ အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် အသိဓာတ် နှစ်ပါးဟာ ဗုဒ္ဓစက္ခုပဲ။

ဒကာ။ ။ဒီလို ကွဲပြားစွာသိရလို့ ဝမ်းသာလှပါတယ် ဆရာတော်၊ ကျန်တဲ့ စက္ကူလေးပါးကတော့ အသိရပေါ်လွင်ပါတယ် ဘုရား။

---

## ဝိသာခါရဲ့ကျောင်းတော်ကြီးဟာ ပုပ္ဖာရုံလား, ပုဗ္ဗာရုံလား?

ဒကာ။ ။သာဝတ္ထိမြို့တော်မှာ ဝိသာခါ သဒ္ဓေးမကြီး ဆောက်လှူတဲ့ ကျောင်းတော်ရဲ့ အမည်ဟာ ပုပ္ဖာရုံလား? ပုဗ္ဗာရုံလား? ဆရာတော်၊ အမျိုးမျိုး ခေါ်ဆိုနေကြတဲ့ အဓိပ္ပါယ်နဲ့ အမှန်ကို မိန့်ကြားပါအုံးဘုရား၊ စာပေက ဘယ်လိုဆိုပါသလဲ။

ဆရာ။ ။သာဝတ္ထိပြည်မှာ ထင်ရှားတဲ့ ကျောင်းတိုက်ကြီး နှစ်တိုက်ရှိတယ်၊ အဲဒီ ကျောင်းတော်ကြီးနှစ်တိုက်က....

၁။ အနာထပိဏ်သဒ္ဓေးကြီး ဆောက်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီး၊

၂။ ဝိသာခါ ဆောက်လုပ်တဲ့ ပုဗ္ဗာရုံ ကျောင်းတိုက်ကြီး။

ထိုကျောင်းတိုက်ကြီး နှစ်တိုက်တွင် ဝိသာခါ ကျောင်းအမကြီးရဲ့ ကျောင်းတိုက်ကြီးက အနာထပိဏ်သဒ္ဓေး ဆောက်တဲ့ ဇေတဝန် ကျောင်းတိုက်ကြီးရဲ့ အရှေ့ဘက်က ကျနေလို့ ပုဗ္ဗာရုံကျောင်းတိုက်လို့ ခေါ်ဆိုကြတယ်၊ မြို့တော်ရဲ့ အရှေ့ဘက်မှာ ရှိတယ်။

ပုဗ္ဗ, သဒ္ဒါက အရှေ့ဘက်ကို ဟောတယ်၊ ပုပ္ဖသဒ္ဒါက ပန်းကို ဟောတယ်၊ စာပေမှာလာတာက ပုဗ္ဗနဲ့လာတယ်၊ ဒါကြောင့် ပုဗ္ဗာရုံ ကျောင်းတိုက်ကို အမှန်ယူရမည်၊ တချို့က ပန်းပင် ပန်းရုံ ပန်းချုံ တွေနဲ့ သာယာတင့်တယ်လို့ ပုပ္ဖာရုံခေါ်ဆိုပေတဲ့ မမှန်ဘူး၊ အမှန်က ပုဗ္ဗာရုံတဲ့၊ ကဲ....ရှင်းကြပြီလား။

**ဒကာ**။ ။ရှင်းပါပြီ ဆရာတော်၊ အမှန်သိရလို့ ကျေးဇူးတင်ပါ တယ် ဘုရား။

---

## ပသေနဒီ ကောသလမင်းကြီး၏ နေပြည်တော်က ဘယ်မြို့လဲ ?

**ဒကာ**။ ။ကောသလမင်းကြီး ကောသလတိုင်းကြီးနဲ့သာ ဟော ပြောနေကြတာ ကြားဘူးပါတယ်၊ ကောသလ ဘုရင် ကြီးရဲ့ နန်းစိုက်တဲ့ မြို့တော်က ဘယ်မြို့ ဘယ်ပြည်ပါလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ**။ ။အင်း....လေ ကမှာ အလွန်ထင်ရှားလှတဲ့ အနာထပိဏ် သဌေးကြီးတို့ ဝိသာခါ သဌေးမကြီးတို့ နေထိုင်ကြတဲ့ သာဝတ္ထိမြို့တော်ကြီးဟာ ဘုရင်ပသေနဒီ ကောသလမင်းကြီးရဲ့ နန်းစိုက်ပျော်စံရာ ရွှေမြို့တော်ကြီးပေါ့။

ဒါပေမင့် ကောသလတိုင်းကြီးက အင်မတန် ကျယ်ဝန်းလို့ ကောသလတိုင်းနဲ့ပဲ အဟော အပြော များကြတာကြောင့် သာဝတ္ထိ နေပြည်တော်ကြီးကို ကောသလမင်းကြီးနဲ့ မဘွဲ့ မဟောမိပဲ ဖြစ်နေ ကြတာလို့ မှတ်ကြပေါ့၊ ကောသလမင်းကြီးရဲ့ နေပြည်တော်ကြီး ဟာ သာဝတ္ထိမြို့တော်ကြီးပဲ၊ ကဲ....ရှင်းပြီလား။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ မင်္ဂလသုတ်ထဲမှာ ပါတဲ့ ''ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ''ဆိုတဲ့ သာဝတ္ထိနေပြည်တော်ကြီးပဲကိုး။

---

## ဗိုလ်ငါးပါး ဘုရားဟောထဲမှာ ဘယ်ဗိုလ်ဟာ အချုပ်လဲ?

ဒကာ။ ။ဘုရားဟော ဗောဓိပက္ခိယ တရားတော်ထဲမှာ ပါတဲ့ ဗိုလ်ကြီး ငါးပါးတို့တွင် ဘယ်ဗိုလ်က ဦးစီးအချုပ်ဖြစ်ပါသလဲ ဆရာတော်၊ တိုတိုနဲ့ပဲ ဖြေကြားပါ ဘုရား၊ သာသနာတော်ရဲ့ ဗိုလ်ချုပ်ကြီးကို သိချင်လို့ပါ။

ဆရာ။ ။အင်း....အဲဒီ ဗိုလ်ငါးပါးတရားထဲမှာ နံပါတ်(၁)ဖြစ်တဲ့ သဒ္ဓါဗိုလ်ဟာ အချုပ်အခြာ ဗိုလ်ချုပ်ကြီးပဲ၊ အဲဒါ တိုသော အဖြေလို့ မှတ်ပါ၊သဒ္ဓါဗိုလ်ချုပ်ကြီးက ဝီရိယဗိုလ်,သတိဗိုလ်, သမာဓိဗိုလ်,ပညာဗိုလ်တို့ကို အုပ်ချုပ်ကွပ်ကဲ စေခိုင်းနေတာဖြစ်တယ်။

ဒကာ။ ။အကြောင်းပြပါအုံး ဆရာတော်၊ ပါဠိတွေတော့ မရွတ်ပါနဲ့ ဘုရား၊ တိုလွန်းလှပါတယ်။

ဆရာ။ ။အင်း... မြတ်ဘုရားနဲ့ ဘုရားဟောတော်မူတဲ့ တရား, ဘုရားရဲ့ တပည့်သားသံဃာ, အဲဒီ ရတနာသုံးပါးကို ယုံကြည်ကိုးစားတဲ့ သဒ္ဓါတရား မူလအခြေခံ အကြောင်းရင်းရှိမှသာ စွန့်ကြဲပေးလှူမှု ဒါန ပြုမည်၊ သီလ ကျင့်သုံးမည်၊ သမထဘာဝနာ, ဝိပဿနာဘာဝနာများကိုလဲ ပွားများ အားထုတ်မည်ဖြစ်၍ ဒါန, သီလ, ဘာဝနာ, သို့မဟုတ် သီလ, သမာဓိ, ပညာ ဆိုတဲ့ သာသနာ့

သုစမ္ပဝတီ (က) ၁၀၄-၃၂

နယ်မြေထဲမှာ သဒ္ဓါဆိုတဲ့ မျိုးစေ့ရင့်သန် အောင်မြင်ဖို့ဟာ တစ်အချက် အရေးအကြီးဆုံးပဲ။

ဘယ်လောက် ဉာဏ်ပညာ ထက်မြက်ကောင်းမွန်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပလေစေ ရတနာ့အမြတ်သုံးပါးကို မယုံကြည်သမျှ ယုံကြည်မှု သဒ္ဓါတရားမရှိက သာသနာ့နယ်မြေထဲ ဝင်ရောက် ကျင့်ကြံအားထုတ် လုပ်ကိုင်မှု ပြုမည်မဟုတ်၍ သာသနာတော်၏ ရည်မှန်းချက်ပန်းတိုင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ဘူးပဲ၊ လောကမှာ ကွန်မြူတာတို့ တလီဗေး ရှင်းတို့ ဒိုးပုံျတို့ ကြံစည်ပြုလုပ်နိုင်တဲ့ ပါရဂူကြီးတွေကို ကြည့်ပါ၊ သူတို့မှာ သဒ္ဓါမရှိဘူး၊ ကဲ .. ကျေနပ်ပြီလား ပါဠိတော်ကတော့ ...

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ—

တဲ့၊ လောက၌ မှီခိုအားထားမှု တောင့်တသူတို့၏ အမြတ်ဆုံး ဥစ္စာ ပစ္စည်းကား သဒ္ဓါတရားပင်တည်းတဲ့ ဒကာကြီးတို့ရဲ့။

ဒကာ။ ။သိပ္ပံ ပါရဂူကြီးတွေ ယုံကြည်မှု သဒ္ဓါ မရှိသေးလို့ သာသနာတွင်း မဝင်တာ၊ အကြောင်းနဲ့ ပြည့်စုံတဲ့ အခဖြေမို့ ဝမ်းမြောက်နှစ်သက်စွာနဲ့ ခံယူပါတယ် ဆရာတော်။

---

## ဘာဏဝါရ တခုဟာ ဘယ်လောက် ရှည်လျားပါသလဲ ?

ဒကာ။ ။ဗုဒ္ဓ၏ မုက္ခပါဠိတော် ပိဋကသုံးပုံကို ရွတ်ဆို သံဂါယနာ တင်တဲ့အခါ ဘာဏဝါရတခုကို မနားပဲနဲ့ တခါတည်း တဆက်တည်း ရွတ်ဖတ်တော်မူကြောင်းနဲ့ ကြားသိရဘူးပါတယ်၊

ဘာဏဝါရတခုရဲ့ စာကြောင်းရေ အရှည်လျားဟာ ဘယ်လောက် ရှိပါမည်လဲ၊ ဆရာတော်က ဆဋ္ဌသံဂါယနာပွဲမှာ ''သံဂီတိဝိဓာယက'' စီစဥ်ရေးဒါရိုက်တာ အဖွဲ့ဝင်မို့လို့ မေးရတာပါဘုရား။

**ဆရာ။** ။ဟုတ်တယ်၊ ဘာဏဝါရဆိုတဲ့ ပါဠိစကားက တကြိမ် ရွတ်ဖတ်စရာ စာပိုဒ်တို့ကို ခေါ်ဆိုတာပဲ ဖြစ်တယ်။

သံဂါယနာတင် မထေရ်မြတ်တို့ ရွတ်ဖတ်တော်မူကြတဲ့ အခါ တကြိမ် တကြိမ် ရွတ်ဖတ်ရတဲ့ အတိုင်းအရှည် ပမာဏ ခန့်မှန်းခြေဟာ အများအားဖြင့် ဆိုရင်တော့ အခုအခါ ပိဋကတော် ပါဠိ အဋ္ဌကထာ ပုံနှိပ်စာအုပ်ရိုးရိုး၏ စာမျက်နှာအားဖြင့်ဆိုရင် (၁၂)မျက်နှာလောက် စာရွက်ရေ (၆) ရွက်လောက်ကို တစ်ဘာဏဝါရလို့ ခေါ်ဆိုရမှာပဲ၊ အခြေအနေအရ အတိုးအဆုတ် နည်းနည်း ပါးပါး လောက်တော့ ရှိချင်လဲ ရှိပေလိမ့်မည်၊ တထစ်ချ ပြောလို့တော့ မရနိုင်ဘူးပဲ၊ အဲဒါလောက်ပဲ မှတ်ကြပေတော့။

**ဒကာ။** ။ဒါလောက် ခန့်မှန်းခြေ ပမာဏ သိရလို့ နှစ်သက် ကျေနပ်ပါပြီ ဆရာတော်။

---

## မြတ်စွာဘုရားရှင်၏ အထက်ပေါ်မှ နတ်လူတို့ သွားလို့ မရဘူးလော ?

**ဒကာ။** ။မြတ်စွာဘုရားသခင်တို့ နေထိုင်တော်မူရာ အရပ်၏ အထက်အပေါ်မှ ဘဝဂ်တိုင်အောင် တန်ခိုးရှင်ဖြစ်တဲ့ လူနတ်တို့ တစုံတယောက်မျှ ကျော်ဖြတ်၍ မသွားနိုင်ဘူး ဆိုတာ

ဟုတ်ပါသလား ဆရာတော်၊ စာပေ အထောက် အထားများ ရှိပါသလား ဘုရား။

ဆရာ။ ။ဟုတ်ပါတယ်၊ မာရ်နတ်သော ဗြဟ္မာသော ဘယ်သူမှ ဘုရားမြတ်တို့ နေထိုင်တော်မူရာ အရပ်၏ အထက်ပေါ်က ကျော်ဖြတ်ကာ မသွားနိုင်ကြပါဘူး။

စာပေကျမ်းဂန် သာဓက သက်သေကတော့ အာဋာနာဋကသုတ္တန်မှာ ထင်ရှားပါတယ်၊ အာဋာနာဋက ဗိမာန်ထဲ၌ ဘုရားရှိနေတော်မူခိုက် သာတာဂိရနဲ့ ဟေမဝတ နတ်ဘီလူးတို့ သွားလို့မရပဲ အောက်သို့ ကျကျလာတဲ့ ဝတ္ထုကြောင်းရှိပါတယ်။

ဒကာ။ ။ဒီလိုဆိုရင် ခုခေတ်ကာလ ဘုရားမြတ်၏ ပုံတော်နဲ့ ဓာတ်တော် မွေတော် စေတီတော်တို့ရဲ့ အပေါ်က ကျော်ဖြတ်သွားနေကြတဲ့ လေယာဉ်ပျံတွေကို ဘယ်လို ယူဆရမည်လဲ ဆရာတော်။

ဆရာ။ ။အင်း.... ပိဋကတော်စာပေမှာ ဆိုတာက သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရား သခင် ဗုဒ္ဓ တွက်လောက်သာ ညွှန်ပြတာဖြစ်တယ်၊ မြတ်စွာဘုရားရှင်ရဲ့ ပုံတော် ဓာတ်တော် မွေတော် စေတီတော်အတွက် မဟုတ်ဘူးလို့ပဲ ယူဆပေါ့လေ၊ ဒါထက် ပိုပြီး ဖြေစရာ မရှိပါဘူး။

ဒကာ။ ။ကျေးဇူးတင်လှပါတယ် ဆရာတော်၊ ကျေနပ်လောက်တဲ့ အဖြေပါပဲ ဘုရား၊ မြတ်စွာဘုရားသခင်ရဲ့ ပုံတော်နဲ့ ရုပ်တုတော်တွေက ကမ္ဘာ့မြေပြင် အနှံ့အပြားမှာ ရှိနေတော့ကာ ဒီလိုပဲ ယူဆရမှာပေါ့။

## မြတ်ဗုဒ္ဓသည် လူ တိရစ္ဆာန်တို့ကို စီးတော် မူသလော ?

၁၃၄၂–ခုနှစ် ကော် သမယံ တကြိမ်သောအခါ၌ အောက်ဖော် ပြပါ ပြဿနာတရပ် ပေါ်လာသောကြောင့် ဆူးလေစေတီတော်မြတ် ဂေါပကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဆောင်၍ ဩဝါဒခံယူရန် လျှောက်ထားကြသည်မှာ....

> ဆရာတော် အရှင်မြတ်တို့ဘုရား၊ ကုလားအမျိုးသား တဦးက ဥဒေါင်းငှက်ရုပ်ကျောပေါ်၌ ထိုင်နေတော်မူသော ဉာဏ်တော် (၁၂)လက်မခန့်ရှိ ဗုဒ္ဓပုံတော်မြတ်တဆူကို ရဟန်း ရှင်လူတို့ ပူဇော်နိုင်စေရန် ဆူးလေစေတီတော် တောင်ဘက် တန်ဆောင်း၌ ထားရှိပါသည်။
>
> ထိုဥဒေါင်းငှက်တိရစ္ဆာန်အပေါ်၌ မြတ်စွာဘုရား တက်စီး သီတင်းသုံး နေထိုင်တော်မူခြင်းမှာ အပ်, မအပ်– လျော်, မလျော် ဆုံးမ ဩဝါဒပေးတော်မူကြပါ ဘုရား။

ထိုအခါ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသေဋ္ဌိလ က စ,တင်၍ အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်း ဆရာတော် ဦးနာရဒ၊ စကြာပူဆရာတော် ဦးဝိသာရဒ၊ ဘုံပျံဆရာတော် ဦးပညာ သာမိ စသော ဆရာတော်ကြီး အသီးအသီးတို့က ဤပုံတော်မျိုးကို မတွေ့ဘူးကြောင်း သင့်လျော်မည် မထင်ကြောင်းနှင့်သာ ဩဝါဒ ပေးတော်မူကြသည်။

ယင်းနောက် ကြားဖေါက်၍ ရန်ကုန် ဗဟန်း အောင်မြေဘုံကျော် ဆရာတော်က ဆင်စီးသော ဗုဒ္ဓပုံတော်မျိုးကို အများအပြားတွေ့နေ

ရကြောင်း၊ ဆင်စီးသော ဆင်ခံဘုရား ပုံတော်များ လက်ခံကိုးကွယ်နေကြပြီဖြစ်၍ အခြား သတ္တဝါများအတွက်လဲ စဉ်းစားကြရမည်ဖြစ်ကြောင်းနှင့် ဆင်ခံဘုရားကို အထောက်အထားပြုကာ တင်ပြလာလေသည်။

ထိုအခါ ဆရာတော်ကြီးများ အားလုံး ယင်းအဆိုကို စိတ်ဝင်စားစွာ အမျိုးမျိုး စဉ်းစား ဆင်ခြင် သုံးသပ်တော်မူကြကာ အစည်းအဝေး ခန်းမကြီးတခုလုံး တခဏမျှ ဆိတ်ငြိမ်သွားလေသည်။

ဤအချိန်ကား မိမိ ဩဝါဒပေးရန် ကျရောက်လာသော အလှည့်အကြိမ် ဖြစ်၏၊ ထို့ကြောင့် မိမိက ဆိတ်ငြိမ်မှုကို လှုပ်ရှားစေကာ တင်ပြရသည်မှာ—

ဆရာတော်အရှင်မြတ်တို့ ဘုရား....

တပည့်တော်များ၏ ဖခင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓသည် သတ္တဝါများအား မနှိပ်စက် မညှဉ်းဆဲ မဆင်းရဲစေသော အ ဝိဟိံသ ဝါဒီ၊ သတ္တဝါများ ဆင်းရဲတာကို သူမတူအောင် ကြီးမားစွာ သနားတော်မူသော မဟာကရုဏာဝါဒီ အယူရှိတော်မူသော အရှင်မြတ်ကြီးသာ ဖြစ်တော်မူပါသည်။

ထေရဝါဒ ပိဋကတော်များမှာ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအခါ ဆင်, မြင်း, ကျွဲ, နွား, ဂဠုန်, နဂါးစတဲ့ ထိုထိုသတ္တဝါများကို စီးတော်မူ၍ ကြွချီတော်မူတာ ဘယ်နေရာမှာမှ ပါရှိတာမတွေ့ရဟု မှတ်ထင်မိပါသည် ဘုရား၊ ဒီလို ဆင်ရုပ်တွေပေါ်မှာ မြတ်စွာဘုရား ထိုင်နေတော်မူတဲ့ ပုံဟာ မြတ်စွာဘုရားသခင်၏ ''မဟာ ကာရုဏိက

နာထ'' ဂုဏ်တော်မြတ်ကို ဖျက်ဆီး နှိမ့်ချခြင်းသာ ဖြစ်၍ ဤဆင်စီး ဆင်ခံအဆိုကို စဉ်းစားနေစရာ မလိုတော့ပါဘုရား၊ အမှန်မှာ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအခါ ခြေကြောင်းခရီးနှင့် ကောင်းကင် ခရီးဖြင့်သာ ကြွချီတော်မူပါတယ် ဘုရား။

ထို့ကြောင့် ဒီဥဒေါင်းငှက်ရုပ်ပေါ်မှာ ဗုဒ္ဓဘုရား ထိုင်နေတော်မူတဲ့ပုံကို လက်မခံသင့်ကြောင်း၊ အကယ်၍ ဒီပုံတော်ကို လက်ခံတည်ထားလိုက်ပါက နောက်သောအခါ ဟသ်ာစီးတဲ့ပုံတွေ မြင်းစီးပုံ ကျွဲ, နွား, ဂဠုန်, နဂါးစီးတဲ့ပုံတွေ ထွင်ထွင်ပြီး စီးပွားရေး သမားများက ပြုလုပ်လာကြမည်ကို စိုးရိမ်မကင်းဖြစ်၍ ဤဥဒေါင်းစီးပုံကို လက်မခံရန် လေးနက်စွာ တားမြစ် တင်ပြပါသည် ဘုရား။

ဩဝါဒါစရိယ ဆရာတော် အားလုံးက မိမိအဆိုကို လက်ခံ၍ ဥဒေါင်းစီး ပုံတော်ကို ဥဒေါင်းပေါ်မှ ချ၍ ကိုးကွယ်ကြရန် ဆုံးဖြတ်တော်မူကြသည်။

---

## ဘုရားရှင်တိုင်း ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူသလား?

၁က၁။ ။ရဟန်းတော်များ လိုက်နာ ကျင့်ကြံ စောင့်ထိန်းကြရသော ဝိနယပိဋကတော် သိက္ခာပုဒ်များကို ပွင့်တော်မူကြသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တိုင်း ပညတ်တော်မူပါသလား ဆရာတော်။

**ဆရာ။** ။ရဟန်းတော်များ စောင့်ထိန်းရတဲ့ အဓိသီလသိက္ခာ ခေါ်ဆို ကြသော ဝိနည်းတော် သိက္ခာပုဒ်များကို အချို့သော ဘုရားရှင်တို့၏ သာသနာ၌ ပညတ်တော် မမူကြသော ကြောင့် ဝိနယပိဋကတော် မရှိဘူး။

အချို့သော ဘုရားသခင်တို့၏ **သာသနာ**တော်၌သာ ဝိနည်း ပညတ်တော် သိက္ခာပုဒ် 'ဝိနယ ပိဋကတော်ရယ်''လို့ ပေါ်ရှိတာပါ။

**ဒကာ။** ။ဘယ်ဘုရား လက်ထက်တော်မှာ ဘာဖြစ်လို့ ဝိနည်း သိက္ခာပုဒ်ကို မပညတ်ဖာပါလဲ ဆရာတော်၊ အမိန့်ရှိ ပါအုံး ဘုရား။

**ဆရာ။** ။ဝိပဿီမြတ်စွာဘုရားနှင့် သိခီမြတ်စွာဘုရား, ဝေဿဘူ မြတ်စွာဘုရားတို့ လက်ထက်တော်မှာ သက်တမ်းက ရှစ်သောင်း ရှည်တယ်၊သူတော်ကောင်း အမျိုးသား အမျိုးသမီးတွေ သာ များတယ်၊ တပည့်သာဝက ရဟန်းတော်များကလဲ အပြစ် ဒေါသ ကင်းစင်စွာ နေထိုင် ကျင့်ကြံတော်မူကြတယ်၊ ဝိနည်းဆိုတာ အကြောင်းဝတ္ထု လွန်ကျူးမှုပေါ်မှ ပညတ်ရတာမျိုး ဖြစ်တယ်။

တပည့်ရဟန်းတော်များအတွက် ဝိနည်းသိက္ခာပုဒ် ပညတ်တော် မူဖို့အချက် အစွန်းအထင်းဟူ၍ တကွက်မှ မပေါ်မထွက်သောကြောင့် သိက္ခာပုဒ်တော် ဝိနည်းတရားကို မပညတ်တာပဲ ဖြစ်တယ်။

ဤကမ္ဘာ၌ ပွင့်တော်မူကြတဲ့ ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ မြတ်စွာဘုရားရှင်တို့ လက်ဆက်မှာတော့ **သာသနာတော်**

အရှည်ခန့်၍တည်တံ့စေရန် ဩဝါဒပါတိမောက် အာဏာပါတိမောက် ဝိနည်းသိက္ခာပုဒ်တော်များကို ပညတ်လျက် တည်ထားတော် မူခဲ့ကြ တယ်လို့ မှတ်ရမည်၊ ကဲ....ဒါပဲ နောက်ဆက်မေးစရာ မလိုတော့ဘူး။

**ဒကာ။** ။တပည့်တော်တို့က ဘုရားရှင်တိုင်း ဝိနည်း သိက္ခာပုဒ်များကို ပညတ်တော်မူကြတယ်လို့ မှတ်ထင်နေတာ ခုမှပဲ ရှင်းတော့တယ် ဆရာတော်။

---

## ရာရှင်စနစ်ဟာ ပိဋကတော်မှာလဲ ပါတယ်ဆိုတာ ဟုတ်ပါသလား ?

**ဒကာ။** ။ခုခေတ် စားသုံးဖွယ်တို့ကို (ဆီစာအုပ်) ရာရှင်စနစ်နဲ့ ထုတ်ယူသုံးဆောင်ကာ စားဝတ်နေကြတာဟာ မဆန်းပါဘူး၊ ဘုရားလက်ထက်ကလဲ ဒီလိုပဲ ထုတ်ယူ စားသုံးကြရတာပဲဟု ပြောသံကြားလို့ပါ၊ ပိဋကတော်မှာ တွေ့ဘူးပါသလား ဆရာတော်။

**ဆရာ။** ။ရှာရှာဖွေဖွေ တော်တော်မေးတတ်တဲ့ ဒကာတွေပဲကို၊ အင်း....တွေ့ဘူးပါတယ်၊ မြတ်စွာဘုရား ဝေရဥ္စာပြည်မှာ ဝါဆိုတော်မူတဲ့အခါ ဝေရဉ္စာပြည်၌ မိုးလေ မမှန်တဲ့အတွက် အစာရေစာ အလွန် ခေါင်းပါးသောကြောင့် စာရေးတံလက်မှတ်နဲ့ ဆိုင်ရာဌာနက ထုတ်ဝေပေးရတယ်၊ စာရေးတံလက်မှတ် (ဆီစာအုပ်) နဲ့ သွားရောက် ထုတ်ယူကာ အသက်ဝမ်းကျောင်း ပြုကြရတယ်လို့ ဝေရဥ္စာပြည် ဒုဗ္ဘိက္ခဘေး အကြောင်းအရာများမှာ ပါရှိတယ်။

ဒါကြောင့် ကိုယ့်တိုင်းပြည် ရှားပါးတဲ့အခါ ဒီလိုပဲ သည်းခံပြီး ကျင့်ကြရမှာပဲလေ၊ ဆန်မကောင်းတာတွေ ဘာညာတွေ ညည်းညူ

မနေကြနဲ့ပေါ့၊ ရဟန်းတွေတောင် မြင်းစာကို သုံးဆောင်ဘုဉ်းပေး နေရတာပဲဟာ၊ ဒါမျိုးက ဘယ်တိုင်းပြည်မဆို ကြီးပွားရေးကို အားယူပြီး တက်တဲ့အချိန်မှာ အဖက်ဖက်က ခြိုးခြံရမှာပဲလေ။

**ဒကာ**။ ။မှန်ပါ့၊အမိန့်အတိုင်း စားဝတ်နေရေးတို့အတွက် အဖက် ဖက်က သည်းခံကျင့်ကြံရတာပဲဆရာတော်၊ခုလိုသိရတာ ကျေးဇူးတင်ပါတယ် ဘုရား။

---

## အရိယာတို့၏ ဝေါဟာရစကား ရှစ်ပါးဆိုတာ ဘာတွေလဲ ?

**ဒကာ**။ ။အရိယာသခင် သူတော်စင်တို့ ပြောကြားတော်မူကြတဲ့ အရိယ ဝေါဟာရ စကား ရှစ်ပါးဆိုတာ သိပါရစေ ဆရာတော်၊ ဘယ်လိုစကားမျိုးတွေပါလဲ။

**ဆရာ**။ ။အရိယဝေါဟာရ ရှစ်ပါးဆိုတာ လိုရင်းအချုပ်ကတော့ မုသာဝါဒကို ရှောင်ရှားခြင်းပါပဲ ဒကာကြီးတို့ရာ။

၁။ မမြင်တာကို မမြင်ဟု ပြောတယ်။

၂။ မကြားတာကို မကြားဟု ပြောတယ်။

၃။ မတွေ့ မရောက်တာကို မတွေ့ မရောက်ဟု ပြောတယ်။

၄။ မသိတာကို မသိဟု ပြောတယ်။

၅။ မြင်တာကို မြင်တယ်ဟု ပြောတယ်။

၆။ ကြားတာကို ကြားတယ်ဟု ပြောတယ်။

၇။ တွေ့ရောက်တာကို တွေ့ရောက်တယ်ဟု ပြောတယ်။

၈။ သိတာကို သိတယ်ဟု ပြောတယ်။

အဲဒီ အရိယာတို့ ပြောဆိုခြင်းရှစ်ပါးကို သုတ္တန်ပါဠိ ပါဠိတော်နဲ့ အဋ္ဌကထာကျမ်းများမှာ စိတ်ဝင်စားစရာ ဟောကြားပြဆိုထားတယ်၊ အရိယာမဟုတ်တဲ့ ဒကာကြီးတို့လို ပုထုဇဉ်အတွက်တော့ ခုပြဆိုထားတာနဲ့ ဆန့်ကျင်ဘက် ပြောင်းပြန် စောက်ထိုးယူပေါ့။

ဒကာ။ ။ရှင်းလင်းနှစ်သက် ကျေနပ်လှပါတယ် ဆရာတော်၊ ပုထုဇဉ်ဆိုတာကတော့ မုသားတွေ ဗွက်ပေါက်နေတာ ပါပဲ ဘုရား။

---

## ပိဋကသုံးပုံကို ဘုရားရှင်တိုင်း ဟောတော်မူပါသလား ?

ဒကာ။ ။ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိတဲ့ ပိဋက သုံးပုံကို ဂေါ်တမ ဘုရား သဲစုမျှမက ပွင့်တော်မူသွားကြတဲ့ ဘုရားသခင်တိုင်း ဟောကြားတော်မူပါသလား ဆရာတော်။

ဆရာ။ ။အင်း.... တချို့သော မြတ်စွာဘုရားတို့က မဟောကြားဘူး၊ တချို့သော မြတ်စွာဘုရားရှင်တို့က ဟောကြားတော်မူတယ်။

ဒကာ။ ။ဒကာကြီးတို့ နားရှင်းအောင် အကျဉ်းမျှ လင်းပြပေးပါအုံး ဆရာတော်၊ ဟောကြားပုံ, မဟောကြားပုံ များကို။

ဆရာ။ ။အနှစ် ရှစ်သောင်းမျှ သက်တော်ရှည်ကြတဲ့ ဝိပဿီ,သိခီ, ဝေဿဘူ ဘုရားရှင်တို့လက်ထက်တော်မှာ လူသားတွေဟာ အသက်ကလဲရှည်, ဉာဏ်ပညာတွေကလဲ ထက်မြက်, ကိလေသာ အာသဝတို့ကလဲ နည်းပါးကြတော့ကာ သစ္စာလေးရပ်နဲ့စပ်တဲ့ တရားတော်ကို တပုဒ် တဂါထာလောက်မျှ နာကြားကြရင် မဂ်, ဖိုလ် ရကာ ကျွတ်တမ်း ဝင်ကုန်ကြတာပဲ။

အဲဒါကြောင့် ထိုထို ဘုရားရှင်တို့ လက်ထက်တော် ကာလမှာ သုတ္တန်,ဝိနည်း,အဘိဓမ္မာဆိုတဲ့ အကျယ်အကျယ် တရားဒေသနာတော်တွေကို ဟောလဲ မဟောကြားဘူး၊ ရှိလဲ မရှိဘူး၊ အဲဒီ ဘုရားရှင်တို့ လက်ထက်တော်မှာ သုတ္တ, ဂေယျ စတဲ့ အင်္ဂါကိုးတန် တရားဓမ္မက္ခန်ဟာ နည်းနည်းပါးပါးလောက်ပဲ ရှိတယ်တဲ့။ ကဲ....အဲဒါပဲ။

ဒကာ။ ။ဒါလောက် သိရတာ ဝမ်းမြောက် လှပါတယ် ဆရာတော်။

---

## ဂေါတမ ဗုဒ္ဓဟာ ဘာကြောင့် သက်တမ်း တိုရသလဲ ?

ဒကာ။ ။တပည့်တော်တို့ရဲ့ သာသနာပိုင်ဖြစ်တဲ့ ဂေါတမမြတ်စွာ ဘုရားသခင်ဟာ သက်တမ်း သိန်း သောင်း ထောင် တမ်းတွေမှာ ပွင့်တော် မမူပဲ ဘာကြောင့် အသက် တရာတမ်းမှာ လာပွင့်ရတာလဲ ဆရာတော်။

မသကာ တထောင်တမ်းလောက်၊ အနည်းဆုံး ငါးရာတမ်းဆို တော်ပါသေးရဲ့၊ ခုတော့ကာ တရာတမ်းမှာ ပွင့်ပြီး သက်တော်

ရှစ်ဆယ်တည်း နေတော်မူသွားရတယ်၊ ရှင်းပြပါအုံးဘုရား၊ ဒီကိစ္စအတွက် ဒကာကြီးတို့ဘက်က ဝမ်းနည်းပက်လက် ဖြစ်ရတယ်။

**ဆရာ။** ။ဟုတ်ပါတယ်၊ သက်တမ်းက တိုရတဲ့အထဲ ဘုရားဖြစ်သက်က လေးဆယ့်ငါးနှစ်တည်း ဆိုတော့ကာ ကိုယ်တော်မြတ်မှာ နေ့ည မအား တရားဟော ကယ်ချွတ်တော်မူရလို့ ပင်ပန်းတော်မူရရှာတယ်၊ စိတ်မပင်ပန်းပေမင့် ရုပ်တော်ကပန်းတယ် နွမ်းတယ် ဒကာကြီးတို့ရဲ့။

တရာတမ်းကျမှ လာပွင့်တော်မူရတာကတော့ အလောင်းတော်မြတ်ရဲ့ ပါရမီတော်နဲ့ ဉာဏ်တော်မြတ်က သောင်းတမ်း, ထောင်တမ်း, ငါးရာတမ်းတွေမှာ မပြည့်ဝသေး, မရင့်ကျက်သေးလို့ အဲဒီ သောင်းတမ်း, ထောင်တမ်း, ငါးရာတမ်းတွေကို မမီပဲ တရာတမ်းကျမှပဲ ပါရမီတွေပြည့်ပြီး ဉာဏ်တော်က ရင့်လို့ ပွင့်တော်မူရတယ်လို့ မှတ်ရမည်တဲ့၊ ကဲ....ကျေနပ်ရဲ့လား။

**ဒကာ။** ။သက်တမ်းစေ့ တရာပြည့်အောင် မနေရပဲ သက်တော်ရှစ်ဆယ်မျှသာ နေရတာကကော ဆရာတော်၊ ဘယ်ဝိပါက်မျှား လိုက်ပါလာလို့လဲ။

**ဆရာ။** ။အင်း... ဒါကတော့ သဗ္ဗညုဗုဒ္ဓတို့ရဲ့ ဓမ္မတာဟာ သက်တမ်း ငါးပုံ လေးပုံ ရှိသာ နေတော်မူမြဲ ဓမ္မတာမို့ သက်တော်ရှစ်ဆယ်မျှသာ နေတော်မူရတယ်လို့ မှတ်ကြပေါ့၊ ဝိပါက်လိုက်တာ မဟုတ်ပါဘူး။

**ဒကာ။** ။ဒီလို ကွဲကွဲ ပြားပြား သိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်။

# သရဏဂုံ တည်သူကို ဘယ်လိုနည်းနဲ့ သိရမှာလဲ ?

**ဒကာ။** ။ဘုရားလက်ထက်တော်က မည်သူတွေဟာ သရဏဂုံတည်သွားကြပြီ၊ မြတ်စွာဘုရားထံ တရားနာယူရ၍ မည်သူဟာဖြင့် သရဏဂုံတည်သွားပြီဟု ဗုဒ္ဓစာပေတွေမှာ ဖတ်ရပါတယ်၊ သရဏဂုံတည်သူကို ဘယ်လို သိမှတ်ရမှာလဲ ဆရာတော်။

**ဆရာ။** ။သရဏဂုံတည်သူကို ပါဠိလို "သရဏဂတ"လို့ ခေါ်ဆိုတယ်၊ သရဏဂုံက သုံးပါးရှိတယ်....

(၁) မြတ်ဘုရားသခင်နှင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော် အပေါင်း။

(၂) မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော တရားတော်မြတ်နှင့် တရား၏ ဂုဏ်တော် ကျေးဇူးတော် အပေါင်း။

(၃) မြတ်စွာဘုရားသခင်၏ တပည့်သား သံဃာတော်များ၏ ဂုဏ်တော် ကျေးဇူးတော်များ။

အဲဒီ ဘုရားရတနာ, တရားရတနာ, သံဃာရတနာ သုံးပါးသည် သာလျှင် ဆင်းရဲဒုက္ခ အမျိုးမျိုး ဘေးရန်အန္တရာယ် အသွယ်သွယ်တို့၏ ကာကွယ်ကင်းငြိမ်းမှုကို ပြုပေးနိုင်တဲ့ တန်ခိုးစွမ်းအင် ရှိတယ်ဟူ၍ရင်း။

လူ့ချမ်းသာ နတ်ချမ်းသာနှင့်တကွ အို နာ သေခြင်း ကင်းငြိမ်းရာအမှန် ချမ်းသာအစစ်ဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုပါ ပေးနိုင်တဲ့

တန်ခိုးသတ္တိရှိတယ် ဟူ၍ရှင်း သိကာ ယုံကြည်စွာဖြင့် သရဏဂုံ သုံးပါးသက်သက်ကိုသာ ကိုးကွယ်ဆည်းကပ် ခ,စားသူဟာ သရဏဂုံ တည်တဲ့သူပဲ ဖြစ်လို့ အဲဒီသူမျိုးကို သရဏဂုံတည်သောသူလို့ သိပေ တော့၊ သူဟာ ဗုဒ္ဓဘာသာအစစ်ပဲ။

သရဏဂုံသုံးပါးမှတပါး နတ်တို့ ဗေဒင်တို့ ဝိဇ္ဇာ ဇော်ဂျီ ထွက်ရပ် ပေါက်တို့ ပါလာရင် သရဏဂုံစစ်စစ် တည်သောသူမဟုတ်ဟု သိပေ တော့၊ ကဲ.. အဲဒါပဲ၊ ဗုဒ္ဓဘာသာ စစ်, မစစ်ကို အဲဒါနဲ့ ခတ်ချိန်ကြည့် ပေတော့။

**ဒကာ**။ ။ဒီလို ပြတ်သားစွာ ဖြေကြားပေးတာ သိရလို့ ကျေးဇူး တင်ပါတယ် ဆရာတော်၊ သည့်အတိုင်း ဆိုရင်တော့ မြန်မာပြည် ဗုဒ္ဓဘာသာ ဝင်သူတွေအတွက် တော်တော့ကို ခက်ခက် ခဲခဲနဲ့ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်အောင် လုပ်ယူရမှာပဲ ဘုရား။

## တာဒိဂုဏ်ဆိုတာ ဘာတွေလဲ ?

**ဒကာ**။ ။မြတ်စွာဘုရားသခင်အား ချီးကျူးပူဇော်စကား ပြော ကြားတဲ့အခါ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူသော ဘုရား တာဒိလက္ခဏာတော်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟု ပါရှိသော် လဲ တာဒိဂုဏ်နဲ့ တာဒိလက္ခဏာကို သေချာစွာ မသိကြ၍ ရှင်းပြပေး ပါအုံး ဆရာတော်။

**ဆရာ**။ ။အင်း....တာဒိဂုဏ် အင်္ဂါလက္ခဏာတော်နဲ့ စပ်ပြီး မဟာ နိဒ္ဒေသပါဠိတော်- ၈၈ - ၃၆၅ - တို့၌ အင်္ဂါလက္ခဏာ ငါးပါးနဲ့ လာရှိတာ တွေ့ရတယ်၊ အကျယ်- အဲဒီမှာ ကြည့်ကြ ပေတော့။

(၁) ကောင်းသော မကောင်းသော လောကဓံတရားရှစ်ပါး တို့နဲ့ တွေ့ကြုံတဲ့အခါ ကိုယ်တော်မြတ်၏ စိတ်သည် နိမ့်တုံ မြင့်တုံ မရှိ ပကတိညီမျှလျက်သာ တည်နေ၏တဲ့။

(၂) ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်စွာ စွန့်လွှတ်ပြီး ဖြစ်၏တဲ့။

(၃) ဩဃလေးဖြာ သံသရာ ရေအလျဉ်ကို လွန်မြောက်စွာ ကူးခတ်ပြီး ဖြစ်၏တဲ့။

(၄) ရာဂစသော မီးတဆယ့်တပါးတို့မှ ငြိမ်းချမ်းအေးမြ ပြီးသူ ဖြစ်၏တဲ့။

(၅) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ စသော ဂုဏ်အပေါင်း တို့ဖြင့် ထုတ်ပြ ပြောဆို ချီးမွမ်း၍ မကုန်နိုင်အောင် သော ဂုဏ်တော် ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံ တော်မူသော အတုမရှိ ပုဂ္ဂိုလ်မြတ် ဖြစ်၏တဲ့။

ကဲ....အဲဒါတွေဟာ တာဒိဂုဏ်တော်၏ လက္ခဏာတွေပါပဲ၊ အဲဒီ ဂုဏ်တော်တွေကို ထုတ်ဆိုထုတ်ဆိုကာ ရှိခိုးကြတာ ဖြစ်တယ်။

ဒကာ။ ။မှန်ပါ့၊ ခုမှပဲ ရှင်းရှင်း လင်းလင်း သိရတော့တယ် ဘုရား၊ ယခုလို သိရတာ ဝမ်းသာလှပါတယ် ဆရာတော်။

## ဘုရားသခင်၏ သပိတ်တော်ဟာ ရွှေလား, မြေလား, သံလား, ကျောက်လား ?

**ဒကာ။** ။မြတ်စွာဘုရားသခင် အမြဲ သုံးဆောင်တော်မူတဲ့ သပိတ်တော်ဟာ မြေသပိတ်တော်လား၊ ရွှေသပိတ်တော်လား၊ သံသပိတ်တော်လား ဆရာတော်၊ ဝိနည်းတော်က မြေသပိတ်နဲ့ သံသပိတ်နှစ်မျိုးကိုသာ ခွင့်ပြုတော်မူတယ် ဆိုလို့ပါ။

**ဆရာ။** ။မြတ်စွာဘုရားသခင် အမြဲသုံးဆောင်တော်မူတဲ့ သပိတ်တော်ဟာ တပုဿ, ဘလ္လိက ညီနောင်တို့ ပျားမုန့်ဆုပ် ပေးလှူစဉ်က စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့ လာရောက် ဆက်ကပ် လှူဒါန်းသွားတဲ့ နီလာကျောက်ညို အရောင် အဆင်းရှိသော ကျောက်သား သပိတ်တော်မြတ်ပဲ ဖြစ်တယ်။

သည့်နေရာမှာ ကြည်ညိုစရာအထူးက မြတ်စွာဘုရား ဆွမ်းခံကြွသွားတော်မူလိုလျှင် အဲသည် ကျောက်သပိတ်တော်က သူ့အလိုလို ဘုရားရှင်၏ လက်နှစ်ဖက် အလယ်သို့ ရောက်ရှိလာတယ်တဲ့၊ ဘုရားမြတ်က သွားယူမနေရဘူးတဲ့၊ အဲဒါလဲ ကြည်ညိုစရာ ဂုဏ်ထူးပဲ။

**ဒကာ။** ။တပည့်ရဟန်းတော်များကိုတော့ မြေသပိတ်နဲ့ သံသပိတ် နှစ်မျိုးကိုသာ သုံးဆောင်ရမည့်လို့ ပညတ်တော်မူပြီး၊ မြတ်စွာဘုရားက ကျောက်သပိတ်တော်ကိုသာ အမြဲသုံးဆောင်တော်မူတယ်ဆိုတော့ စောဒကတက်စရာ မရှိဘူးလား ဆရာတော်၊ ဖြေရှင်းပါအုံး ဘုရား။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၃၃

**ဆရာ။** ။ဟုတ်ပါတယ်၊မြေကြီးက သိလာ, မြေခေါ်တဲ့ ကျောက် မြေဘမျိုး ပံသု,မြေခေါ်တဲ့ မြေရိုးရိုးတမျိုး နှစ်မျိုးရှိတယ်၊ဒါကြောင့် မြတ်စွာဘုရား သုံးဆောင်ကိုင်စွဲတော်မူတဲ့ ဣန္ဒနီလာကျောက်ညိုရောင် မဲမှောင်သော အဆင်းရှိတဲ့ ကျောက်သပိတ်တော်ဆိုတာလဲ မြေမျိုးမို့ စောဒကတက်စရာ မလိုပါဘူး။

**ဒကာ။** ။ကောင်းမြတ် သင့်လျော်သော အဖြေကို ရရှိလို့ ဝမ်းသာပါတယ် ဆရာတော်။

---

## မြတ်စွာဘုရားအား တီးမှုတ် သီဆိုမှုတို့ဖြင့် ပူဇော်, ဖူးမြော်ခြင်း မပြုရဟု တားမြစ်မှုများ ရှိသလား?

**ဒကာ။** ။မြတ်စွာဘုရားထံ ပူဇော်ကန်တော့ ပေးလှူမှုနှင့် တရားတော် နာယူရေးအတွက် သွားရောက်ကြသော မင်းပရိသတ် တိုင်းသူပြည်သား ပရိသတ်တို့ကို ကခုန်ပျော်ပါး,တီးမှုတ်, သီဆိုခြင်းများ မပြုလုပ်ရဟု တားမြစ်ပိတ်ပင်မှုများ စာပေကျမ်းဂန်တို့၌ ပါရှိပါသလား ဆရာတော်၊ ခုခေတ် ဘုရားပူဇော်ပွဲတွေမှာတော့ တီး, မှုတ်, သီဆိုမှုတွေ သဲသဲလှုပ်နေတာပဲ။

**ဆရာ။** ။မြတ်စွာဘုရားသခင်တို့၏ ဓမ္မတာကတော့ အသံ တိတ်ဆိတ် ငြိမ်သက်ခြင်းကိုသာ လိုလား နှစ်သက်တော်မူကြတယ်၊ တူရိယာသံ သီချင်းဆိုသံ ကျယ်လောင်သော စကားပြောသံတို့ကို မြတ်စွာဘုရားတို့ မလိုလားကြချေလို့ စာပေတွေမှာ ပါရှိတယ် ဒကာကြီးတို့ရ။

**ဒကာ။** ။ဒကာကြီးတို့ နားလည်လွယ်အောင် အကိုးသာဓကများရှိရင် ထုတ်ပြပေးပါလား ဆရာတော်။

**ဆရာ။** ။အင်း....ရှစ်ပါးသီလ, ကိုးပါးသီလ,ဆယ်ပါးသီလစောင့်ထိန်းကြတဲ့ သီတင်းသည် လူများနဲ့ ရှင်သာမဏေများ ရဟန်းတော်များအတွက် နစ္စ, ဂီတ, ဝါဒိတ (က-ခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း) တို့ကို မပြုလုပ်ရ၊ ကြည့်ရှု နားထောင်ခြင်း မပြုရဟု သိက္ခာပုဒ်တော်များ ပညတ်တော်မူထားတာ ရှိတယ်။

နောက်.... (အပါယ ဂမနိယ ဒါန) အပါယ်လားကြောင်း ဒါနမျိုးငါးပါးမှာလဲ သမဇ္ဇဒါနခေါ်တဲ့ ကပွဲသဘင် သီဆို တီးမှုတ်ခြင်း ပွဲသဘင်တို့ကို ပေးလှူသူကား ပဟာသ ငရဲသို့ လားရောက်ကြောင်းနဲ့ ပြဆိုထားတယ်။

နောက်.... အဇာတသတ်မင်းကြီးအား ဆရာဇီဝက,က မြတ်စွာဘုရားထံ ပို့ဆောင်ပေးသော အခါ ရာပေါင်းများစွာ ကြီးကျယ်ခမ်းနားသော စစ်အင်္ဂါလေးပါး တီးမှုတ်ဖွယ်ရာ စစ်စည်,စစ်မောင်း, စစ်ခရာ, တူရိယာ မျိုးစုံတို့ဖြင့် တီးမှုတ်ကာ ချီတက်သွားကြလျက် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သရက်တောဥယျာဉ် ကျောင်းတိုက်ကြီး၏ အနီးသို့ ရောက်သောအခါ ဆရာဇီဝကရဲ့ သတိပေးသံတော်ဦးတင်ချက်အရ အဇာတသတ်မင်းကြီးက တူရိယာတီးမှုတ်ခြင်း ဆူညံအော်ဟစ်ခြင်းတို့ကို တားမြစ်ပိတ်ပင်လိုက်လေသည်တဲ့။

တူရိယာတီးမှုတ်သူ မင်းမှုထမ်းတို့က ကိုင်ရိုးသာ ကိုင်ဆွဲ၍လိုက်ပါကြရလေသည်၊ စကားကိုမျှ ကျယ်လောင်စွာ အော်ဟစ် အမိန့်ပေးခြင်း စသည်တို့ကို မပြောဆိုကြတော့ပေ၊ လက်ဖြောက်တီးခြင်း

လက်ဟန်ပြခြင်း ကိုယ်အမူရာ အသိ အမှတ်တို့ဖြင့်သာ အမိန့်ပေး စီရင်ကာ ဘုရားကျောင်းတော်သို့ ဝင်ရောက်ဖူးမြော် ပူဇော်ရှိခိုး ကြတယ်လို့ စာပေကျမ်းဂန်တွေမှာ ဆိုထားတာတွေများစွာပဲရှိတယ်၊ ခုခေတ် ဒကာကြီးတို့ ပြုလုပ်ကျင်းပတဲ့ ဘုရားပွဲတွေနဲ့ တူရဲ့လား၊ ကျောင်းကန် ဘုရားဝိုင်းထဲမှာ ပွဲတခြိမ့်ခြိမ့်နဲ့ ဆူညံနံစော်နေတာပဲ။

**ဒကာ**။ ။ဒါကြောင့် ရွှေကျင်သာသနာပိုင် အင်းကန်းဆရာတော် ဘုရားကြီးက(တနှစ်တခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲ)ဟု ဆုံးမသွားတော်မူတာပေါ့ ဆရာတော်၊ ဒီလို အမှန်သိရတာ ကျေးဇူး တင်ပါတယ် ဘုရား၊ ဗုဒ္ဓဘာသာ စစ်စစ်တွေကတော့ သည်အတိုင်း လိုက်နာကြမှာပါပဲ။

ဆရာ။ ။အင်း....ဒီကလဲ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ စစ်စစ်တွေ ဖြစ်စေ ချင်လို့ အဟုတ်အမှန် တရားတွေကို ချွင်းချန်မထားပဲ ဘွားလားပေါ်အောင် ဖော်ထုတ် ဖြေကြားပေးသွားတာပဲလေ၊ ပညာရှိများကတော့ လက်ခံကောင်းပါရဲ့။

---

## နောင်တော်ကြီး စေတီတော်ဟာ
## ရွှေတိဂုံစေတီ၏ နောင်တော်ကြီးလား ?

**ဒကာ**။ ။ရွှေတိဂုံစေတီ၏ တနင်္ဂနွေဒေါင့်၌ တည်ရှိသော နောင် တော်ကြီး အမည်ဘွဲ့တော်ခံ စေတီတော်မြတ်ဟာ ရွှေတိဂုံစေတီ၏ အရင်ရှေ့ဦးစွာ ပုံစံယူရန် တည်ထားလို့ နောင်တော် ကြီး အမည်ရတာလား ဆရာတော်၊သူအချို့က သည်အတိုင်းပဲအမှန်ယူ ပြောဆိုနေကြပါတယ်၊ ဆရာတော်က ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့ကြီး၏ ဩဝါဒါစရိယမို့ မေးကြတာပါဘုရား။

**ဆရာ။** ။ဟာ....သည့်အယူအဆ အတွေးအခေါ်တွေက အမှား တွေသာ ဖြစ်ပါတယ်၊ ဂေါတမဗုဒ္ဓရဲ့ သာသနာတော်မှာ ရွှေတိဂုံစေတီတော်ဟာ ရှေးဦးစွာပေါ်ပေါက် ဖြစ်ထွန်းလာတာပဲဟာ ရွှေတိဂုံစေတီတော်ကသာ ကမ္ဘာ့စေတီအပေါင်းတို့၏ နောင်တော်ကြီး ဖြစ်ရမှာပေါ့ ဒကာကြီးတို့ရ။

**ဒကာ။** ။အနို– ဘာကြောင့် ဘာဖြစ်လို့ ဘယ်လိုနည်းနဲ့ အဲဒီ စေတီတော်ကို နောင်တော်ကြီးစေတီလို့ ခေါ်ကြတာလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။တိုတိုနဲ့ပဲ ရှင်းပြမည်နော်၊ ရွှေတိဂုံကုန်းတော် တနင်္ဂနွေ ထောင့်မှာ တည်ရှိနေတဲ့ နောင်တော်ကြီးဆိုတဲ့ စေတီ တော်ဟာ၊ ၁၁၉၉-ခုနှစ်မှာ နန်းတက်တော်မူတဲ့အမရပူရဒုတိယမြို့တည် နန်းတည် ညီတော် သာယာဝတီမင်းခေါ်, ကုန်းဘောင်မင်းခေါ်, ရွှေဘိုမင်းခေါ်တဲ့ ဘုရင်မင်းတရားကြီး၏ နောင်တော်ကြီးဖြစ်တဲ့-

၁၁၈၁-ခုနှစ်၌ နန်းတက်တော်မူတဲ့ ဘကြီးတော် မှန်နန်း ရှင်မင်းတရားကြီး တည်ထားကိုးကွယ်တော်မူသွားတဲ့ စေတီ တော်မြတ် ဖြစ်တယ်။

အဲဒါကြောင့် သာယာဝတီမင်း၏ နောင်တော်ကြီး ဖြစ်တဲ့ ရှင်ဘုရင်က တည်သွားလို့ အဲဒီ စေတီတော်ကို ''နောင်တော်ကြီး ဘုရား'' လို့ ခေါ်တာတဲ့၊ အမှန်ကတော့ နောင်တော်ကြီးဘုရား နောင်တော်ကြီး၏ စေတီပဲ၊ ကဲ...ရှင်းပြီလား။

**ဒကာ။** ။သာယာဝတီမင်း၏ နောင်တော်ကြီး မှန်နန်းရှင် မင်း တရားကြီးတည်သွားတဲ့ စေတီမို့ နောင်တော်ကြီးစေတီ (ဝါ)နောင်တော်ကြီးဘုရားလို့ခေါ်တာတော့ ရှင်းပါပြီ ဆရာတော်၊

ဘကြီးတော်ဆိုတာက မရှင်းဘူးပဲ ဖြစ်နေတယ်၊ ဘကြီးတော်ကို ရှင်းပြပါအုံး ဆရာတော်၊ ဘယ်သူ့ရဲ့ ဘကြီးတော်လဲ။

ဆရာ။ ။ဘကြီးတော်ဆိုတဲ့ ဘွဲ့ဂုဏ်က (သာယာဝတီမင်းခေါ်, ကုန်းဘောင်မင်းခေါ်, ရွှေဘိုမင်းတရားကြီး၏ သားတော်) ၁၂၀၈- ခုနှစ်မှာ နန်းတက်တော်မူတဲ့ ပုဂံမင်း၏ ဘကြီးတော် ဖြစ်လို့ အဲဒီ မှန်နန်းရှင် မင်းတရားကြီးကို ပုဂံမင်းက ဘကြီးတော် ဘကြီးတော်နဲ့ ခေါ်တာနဲ့ပဲ၊ ဘကြီးတော်လို့ တွင်လာပြန်တယ်တဲ့ နောက် ဘာမေးအုံးမလဲ၊စာပေလဲမကြည့်ပဲနဲ့ မသိရင် ဒီကိုပဲ လာ လာ ဒုက္ခပေး မေးတာပဲကို။

ဒကာ။ ။ရှင်းပါပြီ ဆရာတော်၊ လူအများအတွက် ပြောပြစရာ ဗဟုသုတရလို့ ကျေးဇူးအထူးတင်ပါတယ် ဘုရား။

---

## မာရ်နတ်ကြီးဟာ နတ်ပြည်ခြောက်ထပ် ဖြဟ္မာနှစ်ဆယ်ကို အစိုးရသော နတ်မင်းကြီးလား ?

ဒကာ။ ။ဗုဒ္ဓဝင် တရားတော် ဟောကြားကြတဲ့အခါ ဗောဓိပင်နဲ့ ပလ္လင်တော်ကို မာရ်နတ်ကြီးက ဝံ ယာ အရှေ့တို့၌ (၁၂) ယူဇနာစီ အနောက်ဘက်ကမူ စကြဝဠာ အဆုံးထိအောင် သော စစ်သည် ဗိုလ်ပါတို့ဖြင့် လာတိုက်တဲ့အခါ မြတ်စွာဘုရား၏ အနီးအပါး၌ လေးစားပူဇော်နေကြတဲ့ နတ်တွေ ဗြဟ္မာတွေဟာ တယောက်တလေမျှ မကျန်အောင် ထွက်ပြေးကြတယ်။

သိကြားမင်းကြီးကလဲ သူ့ရဲ့ ဝိဇယုတ္တရ ခရုသင်းကြီးကို ကျော၌ ပိုး၍ ပြေးလွှားကာ စကြဝဠာနှုတ်ခမ်းပေါ်မှာ ရပ်တည်နေတယ်၊

မဟာဗြဟ္မာမင်းကြီးကလဲ ထီးဖြူတော်ကြီးကို စကြဝဠာတိုက် အစွန်းနား၌ ပစ်ချကာ ဗြဟ္မာ့ပြည်သို့ပြန်သွားတယ်၊ ကာဠနဂါးမင်းကြီးကလဲ ရံရွေတော် နဂါးအပေါင်းတို့ကို စွန့်ပစ်ကာ မြေ၌ငုပ်လျှိုးဝင်ပြေး၍ သူ့နေရာ ဗိမာန်၌ လက်ဖြင့် မျက်နှာကိုပိတ်လျက် အိပ်လေ၏၊ မြတ်စွာဘုရားရှင်၏ အနီးအပါး၌ နတ် ဗြဟ္မာ တဦးတယောက်မျှ မရှိတော့ပေဟု ဟောကြားကြတာကို မှတ်သိရဘူးပါတယ်။

ဒါလောက် ဘုန်းတန်ခိုး ကြီးမားတဲ့ မာရ်နတ်သားကြီးဟာ နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာနှစ်ဆယ်ကိုပါ အစိုးရတဲ့ နတ်မင်းကြီး ဖြစ်နေလို့လား ဆရာတော်။

**ဆရာ။** ။ဟင့်အင်း… မာရ်နတ်ကြီးဟာ နတ်ပြည်ခြောက်ထပ်၌ ရှိနေကြတဲ့ နတ်တွေကိုရော ဗြဟ္မာပြည်မှာ ရှိနေကြတဲ့ ဗြဟ္မာတွေကိုပါ တရားဝင် အစိုးရတဲ့ နတ်မင်းကြီးမဟုတ်ပါဘူး၊ သူနေတဲ့ ဝသဝတ္တီနတ်ပြည်ကိုတောင်မှ သူပိုင်အစိုးရတဲ့ တရားဝင် ဝသဝတ္တီနတ်မင်းကြီးဆိုတာလဲ မဟုတ်ပါဘူး၊ ထိုပြည်ကို အစိုးရတဲ့ တရားဝင် ဝသဝတ္တီနတ်မင်းကြီး ဆိုတာ သပ်သပ် သီးခြားရှိနေပါသေးတယ်။

**ဒကာ။** ။သည်အတိုင်းမှန်ရင် တခြား နတ်တွေ ဗြဟ္မာတွေက ဒီ မာရ်နတ်ကြီးကို ဘာကြောင့် ဒါလောက်တောင် ကြောက်ရွံ့ထွက်ပြေးကြတာလဲ ဆရာတော်။

**ဆရာ။** ။အင်း….မာရ်နတ်ကြီးက နတ်မိုက် နတ်ယုတ် နတ်ဆိုးတို့၏ အချုပ်အခြာ ခေါင်းဆောင်ကြီး ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားသခင်က “ဗာလတော ဇာယတေ ဘယံ” တဲ့၊ ဘယံ၊ ဘေးရန်ဟူသမျှသည်။ ဗာလတော၊ နတ်မိုက်, လူမိုက်ကြောင့်။ ဇာယတေ၊ ဖြစ်ပေါ် ဖြစ်ပေါ်၍လာ၏- လို့ ဟော ထားတဲ့အတိုင်း နတ်မိုက်, လူမိုက်ဆိုတာ ကြောက်ရတယ်၊ “အသေ ဝနာဇ ဗာလာနံ”သူမိုက်ကို ဝေးဝေးရှောင်တာဟာ မင်္ဂလာတပါး ပဲမို့ မာရ်နတ်ကြီးကို ရှောင်ကြ ရှားကြ ဖဲခွာသွားကြတာဖြစ်တယ်။

တကယ်တော့ အဲဒီ မာရ်နတ်ကြီးဟာ လူ့ပြည် လောကမှာ နောက်လိုက် အခြံအရံ ပရိသတ်များစွာ လက်နက်များစွာတို့ဖြင့် မြို့ရွာတိုင်းပြည်ကို လုယက် တိုက်ခိုက် ပုံကန် ခြားနား ဆိုးသွမ်း သောင်းကျန်း ဗိုလ်ကျနေတဲ့ သူပုန်ခေါင်းဆောင်ကြီး တယောက်လို ဘီလူး သရဲ ဘုတ် ပြိတ္တာ နတ်မိုက် နတ်ဆိုး အသင်း အပင်းများစွာ ခြံရံကာဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါ သူတော်ကောင်းတို့၏ ကုသိုလ် ကောင်းမှုအမျိုးမျိုးတို့ကို မပြီးမြောက် မအောင်မြင်ရေး ရှေးရှုပြီး အကြီးအကျယ် အနှောင့်အယှက် အတားအဆီး ပေးတတ်သော တန်ခိုးကြီးတဲ့ နတ်ဆိုးကြီး တယောက်မျှသာ ဖြစ်တာပါ၊ သူဟာ နတ်ပြည်ခြောက်ထပ်ကို ပိုင်စိုးတဲ့ နတ်မင်းကြီးမျိုး မဟုတ်ပါဘူး၊ နတ်ဆိုး ဗိုလ်ချုပ်ကြီးလို့တော့ ခေါ်ဆိုနိုင်ပါတယ်၊ ကဲ....ကျေနပ် ကြပြီလား။

**ဒကာ။** ။သည်လို အမှန်ကို သိရလို့ ကျေးဇူးတင်ပါတယ် ဆရာ တော်၊ တပည့်တော်တို့လဲ လူမိုက်ဘေးရန်ကြောက်လို့ ဖျာပုံက ရန်ကုန်ရောက်လာကြတာပါပဲဘုရား၊ ဘေးရန်ဟူသမျှဟာ လူမိုက်တို့ဆီက ဖြစ်ပေါ်လာတာ ဆိုတဲ့ (ဗာလတော ဇာယတေ ဘယံ) ဘုရားဟော တရားတော်မြတ်ဟာ မှန်လိုက်တာ ဆရာတော်။

## ဃဋီကာရမြဟ္မာမင်း ပေးလှူသွားတဲ့မြေသပိတ်တော်ဟာ ဘယ်မှာကွဲပျောက်လို့ကျောက်ညိုသပိတ် လေးလုံးကို လာရှုရတာလဲ?

ဒကာ။ ။ဘုရားဖြစ်တော်မူစ အချိန်၌ တပုဿ, ဘလ္လိကညီနောင် တို့ လာလှူတဲ့ ပျားမုန့်ဆုပ်ကို ခံယူစရာ သပိတ် မရှိလို့ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးက ဂ္ဂန္ဒနီလာ ပတ္တမြားညို သပိတ်တော် လေးလုံးကို လာရောက် ဆက်ကပ်ရတယ်လို့ ကြားသိဘူးပါတယ်။

အလောင်းတော် တောထွက်တော်မူစဉ်က အနော်မာသောင်ကမ်း၌ ဃဋိကာရ မြဟ္မာမင်းကြီး ကပ်လှူသွားသော ပရိက္ခရာရှစ်ပါး ထဲမှာပါတဲ့ မြေသပိတ်တော်ဟာ ဘယ်အချိန်ကာလက ဘယ်နေရာမှာ ကွဲပျောက်သွားလို့ မရှိပဲ ဖြစ်ရတာလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။ဟုတ်ပါတယ်၊ အဲသည် မြေသပိတ်တော်ဟာ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်တော်မူသည်အထိ အလောင်းတော်ထံမှာ ရှိနေတာပဲ ဒကာကြီးတို့ရ။

သုဇာတာ သဌေးကတော်ကြီး နို့ဃနာဆွမ်းဆက်ကပ်ရန် ရောက်လာတဲ့ ခဏကလေးမှာပဲ သပိတ်တော်ဟာလဲ ဘယ်ရောက်သွားမှန်း မသိလိုက်ပဲ သူ့အလိုလို ကွယ်ပျောက်သွားတာပဲလို့ စာပေကျမ်းဂန်တွေကတော့ လက်စပျောက် ဆိုထားတယ်၊အဲဒါသိချင်ရင် အထောက်တော်တွေလှတ်ပြီး စုံစမ်းခိုင်းပေတော့။

အလောင်းတော်ဟာ သပိတ်ကို မတွေ့ရတော့ လက်ျာလက်တော်ကိုဖြန့်ကာ နို့ဃနာကို ခံယူတော်မူတယ်တဲ့။

ဒါပေမင့် သုဇာတာ သဌေးကတော်ကြီးက တသိန်းတန်ရွှေခွက်ကြီးနဲ့ တပါတည်း နို့ဃနာဆွမ်းကိုပါ အလောင်းတော်မြတ်အားဆက်ကပ်လိုက်တယ်တဲ့။

အဲဒီအခါမှာ အလောင်းတော်က သုဇာတာအား (ဘယ်လိုသဘောမျိုးနဲ့ ပေးလှူတာလဲဟု) ကြည့်တော်မူတယ်တဲ့။

သုဇာတာသဌေးမကြီးက အလောင်းတော်၏ ကြည့်တော်မူပုံကိုသိရှိကာ အို....အရှင်.... ကျွန်တော်မသည် အရှင်တို့အား ရွှေခွက်နှင့်အတူ နို့ဃနာကိုပါ ပေးလှူတာပါ၊ ရွှေခွက်နှင့်အတူ ခံယူတော်မူကာလိုရာသို့ ကြွတော်မူနိုင်ပါတယ်ဟု ပြောကြားလျှောက်ထား ရှိခိုးပြီးလျှင် ''ကျွန်တော်မသည် ဆုတောင်းအတိုင်း ခင်ပွန်း အရှင်ကောင်း သားကောင်းရတနာတို့ကို ရရှိပြည့်စုံ၍ စိတ်နှလုံး ချမ်းမြေ့ရသလို အရှင်တို့၏ စိတ်နှလုံး အလိုဆန္ဒတွေလဲ ပြည့်စုံ အောင်မြင်တော်မူကြပါစေ''ဟု ပြောဆိုမြွက်ပန်ကာ တသိန်းတန်ရွှေခွက်ကြီး၌ သစ်ရွက်ခြောက်ကဲ့သို့ ငဲ့ကွက်တွယ်တာခြင်း ကင်းစွာ ဖဲခွါသွားလေ၏....တဲ့။

ကဲ.... အဲဒါ ဃဋိကာရ ဗြဟ္မာမင်းကြီး ပေးလှူတဲ့ မြေသပိတ်တော်ရဲ့ လက်စပြတ် အစမပေါ်တဲ့ ပျောက်ခြင်းပါပဲ၊ သည်အရေးနဲ့နောက်မေးစရာ မလိုတော့ဘူး၊ဒါ အပြီးပဲ သိချင်ရင် ကမ္ဘာတခွင်လုံး ထောက်လှမ်းရေးတွေ လွှတ်ပြီး သတင်းယူပေတော့။

**ဒကာ။** ။ကျွန်ုပ် အားရလှပါတယ် ဆရာတော်၊ ဒါပေမင့် ပျောက်ပုံက ကွင်းဆက်လိုက်လို့မရအောင် **အစ**ပျောက်သွားတာကိုတော့ တွေးစရာပဲနော်။

## မယ်တော်မာယာ သက်တော်ဘယ်လောက်မှာ ဘုရားအလောင်း ပဋိသန္ဓေနေသလဲ ?

ဒကာ။ ။အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ မယ်တော် မာယာ သက်တော်ဘယ်လောက်မှာ ပဋိသန္ဓေတည်နေ စွဲယူပါသလဲ ဆရာတော်၊ သက်တော် ဘယ်လောက်ထဲမှာ နတ်ရွာစံပါ သလဲ ဘုရား၊ ဒါဟာ ဗုဒ္ဓဘာသာရဲ့ မှတ်ကျောက်ပဲ ဆရာတော်။

ဆရာ။ ။အင်း ...ကြံကြံဖန်ဖန်တော်တော်တွေးပြီး မေးတာပဲကို၊ သည်အကြောင်းအရာကို သမန္တစက္ခု ဒီပနီစတဲ့ ကျမ်း ဆရာတော်တို့က အသက်တရာတမ်းကို သုံးပုံ ပုံ၍ အရွယ်သုံးပါး ပိုင်းခြားထားကာ မယ်တော်မာယာ၏ ဒုတိယပိုင်းအရွယ် အသက် ငါးဆယ့်ငါးနှစ်နှင့် ခြောက်လ အရက်နှစ်ဆယ်ရောက်သော ဝါဆိုလ ပြည့် ကြာသပတေးနေ့မှာ အလောင်းမင်းသား ပဋိသန္ဓေတည်နေ စွဲယူကြောင်းနှင့် ရေးသားပြဆိုတော်မူကြတယ်။

မယ်တော်မာယာ၏ ဝမ်းဗိုက် ရတနာတိုက်ခန်းမှာ ဆယ်လကြာမျှ ကိန်းအောင်းလျက် ကဆုန်လပြည့် သောကြာနေ့၌ ဖွားမြင် တော်မူကာ ခုနစ်ရက်ကြာသောအခါ မယ်တော်မာယာ နတ်ရွာစံ ရသည်တဲ့။

သည်နှစ်ရပ်ကို ပေါင်းစပ်လိုက်လျှင် ငါးဆယ့် ခြောက်နှစ်နှင့် လေးလ နှစ်ဆယ့်ခုနစ်ရက် ရှိရမှာမို့ သက်တော် ၅၆-နှစ်၊ ၄-လ၊ ၂၇-ရက်မှာ မယ်တော်မာယာ နတ်ရွာစံကြောင်းနဲ့ သိရတယ်၊ မိမိတို့ရဲ့ အထွတ်ထိပ်ထား ဗုဒ္ဓဘုရားကိစ္စမို့ သိထားကြပေါ့လေ၊ ဒါဟာ သိထားရမည့် ဘာသာရေးအချက်ပဲကိုး။

ဒကာ။ ။ဒီလို တိုတိုနဲ့ ရှင်းရှင်း သိရလို့ အားရကျေနပ် ဝမ်းသာလှပါတယ် ဆရာတော်။

---

## သိဒ္ဓတ္ထမင်းသား ဥယျာဉ်ကစားသွားရာ နိမိတ်ကြီး ၄-ပါးကို တကြိမ်တည်းနဲ့ မြင်တာလား ဘယ်လိုလဲ ?

ဒကာ။ ။အလောင်းတော်မင်းသား ဥယျာဉ်တော်သို့ သွားရာ၌ နိမိတ်ကြီး ၄-ပါးကို မြင်တော်မူတယ်ဆိုရာမှာ တချို့ဆရာများက တကြိမ်တခါတည်းနဲ့ လေးပါးလုံးကို မြင်သွားတယ်လို့ ဟောကြပါတယ်။

တချို့ ဆရာတော်များကလဲ ယင်းသို့မဟုတ်ပဲ လေးကြိမ် လေးခါ ဥယျာဉ်တော်သွားလို့ တခါကို တမျိုးစီ မြင်တာဟု ပြောဟောကြပါသည်၊ စာပေက ဘယ်လို ဆိုလို့ ဘယ်ဟာကို ယုံရမှာလဲ ဆရာတော်။

ဆရာ။ ။အင်း....ဒါက တနေ့တည်းနဲ့ပဲ လေးပါးလုံး မြင်သွားချင်လဲ ပြီးတာပဲ၊ တနေ့စီ တကြိမ်စီ တမျိုးစီ လေးခါ မြင်ရရင်လဲ ပြီးတာပဲ၊ သံဝေဂဓမ္မ မြင်ရတာသာ ပဓာနပါ၊ ဒါကို မြင်ရမှ တောထွက်ဖြစ်ကြမှာပဲဟာ ဒါသိတော့ကော ဘာထူးမှာလဲ။

ဒကာ။ ။အငြင်း အခုံတွေ ရှိနေလို့ မေးရတာပါ ဆရာတော်၊ ဘယ်ဟာက မှန်တယ်ဆိုတာ စာပေနဲ့အညီ မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။ကိုင်း... ဒါဖြင့် စာပေကို နားထောင်မှတ်သားပေတော့ ဗုဒ္ဓဝံသ အဋ္ဌကထာ ဆရာမြတ်ရဲ့ စာပေတော်က—

သက်တော် သိန်းတမ်း, သောင်းတမ်း, သန်းတမ်း သက်တော်ရှည် ဘုရားအလောင်းများမှာ အနှစ်တရာ အနှစ်တရာ လွန်မှ နိမိတ်ကြီး လေးပါးတို့ကို တကြိမ်စီ တခါစီ မြင်တော်မူကြတယ်တဲ့။

သိဒ္ဓတ္ထမင်းသား အလောင်းတော်ကတော့ အသက်တိုသော ရာတမ်းမှာ လာဖြစ်ရလို့ လေးလမှ တခါသာ ဥယျာဉ်တော်သို့ သွားရတဲ့အတွက် လေးလ တခါ အစဉ်အတိုင်း တခါစီသာ မြင်တွေ့ ရတယ်တဲ့။

ဒီဃနိကာယ်ဆောင် အရှင်မြတ်များကတော့ နိမိတ်ကြီးလေးပါး လုံးကို တရက်တည်းမှာပင် ကုန်အောင်စုံ မြင်သွားရတယ်လို့ ဆိုကြ တယ်၊ အဲဒါပဲ မကျေနပ်ရင် ဗုဒ္ဓဝံသ အဋ္ဌကထာဆရာကြီးကို သွားမေး ကြပေတော့။

ဒကာ။ ။အော်....စာပေကျမ်းဂန်တွေက ကွဲပြားယူဆနေကြတာ မို့ ကိုယ်ကြိုက်ရာပဲ မှတ်ပါတော့မည် ဆရာတော်။

---

## သိဒ္ဓတ္ထမင်းသားကို ပရိက္ခရာရှစ်ပါးနဲ့ ဘယ်သူက ရဟန်းပြုပေးလို့ ဝတ်ရုံတတ်တာလဲ ?

ဒကာ။ ။အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသား တောထွက်၍ အနော်မာသောင်ကမ်းသို့ရောက်သောကာလ ဃဋိကာရ ဗြဟ္မာကြီး ဆက်ကပ်သော ပရိက္ခရာသက်န်းကို ဘယ်သူက ဆရာလုပ်ပြီး

သက်န်းဆိုတာ ဒီလိုဝတ်ရတယ်, ဒီလို ရုံရတယ်ဟု ပြပေးလို့ အချိုးကျ ကြည်ညိုဖွယ်ဖြစ်အောင် ဝတ်ရုံတတ်တာပါလဲ ဆရာတော်၊ သူက မင်းသားပဲ သက်န်းမြင်ဘူးတာမှ မဟုတ်ပဲဟာ။

**ဆရာ။** ။သည်နေရာမှာ အလောင်းတော်မင်းသား မင်းဝတ်တန်ဆာများနှင့် ဆံတော်ကို ပယ်ပြီးနောက် သက်န်းတော်များကို ဤလိုဝတ်ရမည်,ဤလိုရုံရမည်, ဤလိုတင်ရမည် စသည်ဖြင့် သင်ကြား ပြသပေးမည့် ဆရာမရှိသေးပါဘူး။

ဒါပေမင့် ရှေးရှေး ဘုရားသခင်တို့ ထံတော်၌ ရဟန်းပြုခဲ့ဘူးသော ပါရမီဓာတ်ခံတော်ကြောင့် အလေ့အကျင့် ဉပနိဿယ ပါလာ၍ ဉာဏ်တော်ရင့်ကျက် ကြီးမြတ်တော်မူတာက တကြောင်း၊ နိမိတ်ကြီးလေးပါး ထင်မြင်စဉ်ကာလကလဲ နောက်ဆုံး ရဟန်းအသွင် နိမိတ်ကို မြင်ရဘူးသော အလောင်းတော် မင်းသားဟာ မင်းဝတ်တန်ဆာများကို စွန့်ကာ သုံးထည်သော သက်န်းနှင့် ခါးပန်းကြိုးတို့ကို သူ့နေရာနှင့်သူ နေထားတကျ သပ္ပါယ်လှစွာ ဝတ်ရုံတော်မူတတ်သည်ဟု သံသယမရှိ အတိအကျ မှတ်ယူရမည်တဲ့၊ အဲဒီလို ဝတ်ရုံတော်မူပြီးမှ ရာဇဂြိုဟ်ပြည်သို့ဝင်၍ ရဟန်းဝတ်နဲ့ အိမ်စဉ်လှည့်လည် ဆွမ်းခံကြွတော်မူတာ ဖြစ်တယ်၊ ကဲ....ဘာများ သံသယစကား ပြောကြားချင်သေးလဲ။

**ဒကာ။** ။ဒီလို ပြတ်ပြတ်သားသားနဲ့ သံသယကင်းတဲ့ အဖြေစကားများကို မှတ်သားရလို့ ကျေးဇူးတင်လှပါတယ် ဆရာတော်။

# အဘိညာဉ်ဇောစိတ်တကြိမ်နဲ့ ဘဝများစွာကို သိနိုင်တယ် ဆိုတာ ဟုတ်ပါမည်လား?

**ဒကာ။** ။သင်္ဂြိုဟ်ကျမ်းက(မဂ္ဂါဘိညာ သကိံ မတာ)လို့ ဆိုထားတဲ့ အတိုင်း မဂ်ဇော အဘိညာဉ်ဇောတို့ဟာ တကြိမ်သာ စောရိုး ဖြစ်ရိုး ရှိကောင်းတယ်လို့ ဆိုတော့ကာ အဲဒီ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဇောစိတ်ကလေး တကြိမ်တည်းနဲ့ ဘဝများစွာက ဖြစ်လာသမျှ အာရုံ ဘဝအစဉ်တွေကို ဘယ်လိုလုပ်ပြီး သိတာပါလဲ ဆရာတော်၊ မိန့်ကြားပါအုံး ဘုရား၊ အဘိညာဉ်ဇောစိတ် တကြိမ်က ဖြစ်ပြီး ပျက်သွားတာပဲဟာ၊ တခဏသာ ဖြစ်တာမဟုတ်လား။

**ဆရာ။** ။ဟုတ်ပါတယ် အဘိညာဉ်ဇောစိတ်ကတော့ တဝီထိမှာ တကြိမ်သာ ဖြစ်ပြီးတော့ ပျက်သွားတာပဲ၊ နောက်ထပ် မဖြစ်တော့ဘူး။

ဒါပေမင့် အဲဒီ အဘိညာဉ်ဇော သတ္တိစွမ်းအင်နဲ့ ထိုထိုဘဝများစွာတို့၌ ဖြစ်ခဲ့ရတဲ့ဖြစ်ပုံ အမျိုးမျိုးတွေကို မသိနိုင်အောင် ဖုံးကွယ်ပိတ်ဆီးထားတဲ့ မောဟအဝိဇ္ဇာကို ရိုက်ချိုး ဖျက်ဆီး ပယ်ရှင်းပေးလိုက်တယ်။

ယင်း အဘိညာဉ် ဝီထိရဲ့ နောက်မှာမှ ဘဝများစွာက ဖြစ်ခဲ့သမျှ တွေ့ကြုံခဲ့သမျှ ခံစားခဲ့သမျှ ကောင်းဆိုးအာရုံ ပုံစံအမျိုးမျိုးတွေကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝီထိနဲ့ အဆက်မပြတ် တဆက်တည်း အဆင့်ဆင့် သိမြင်တွေ့ရှိရတော့သည် တဲ့၊ ကဲ....ရှင်းရဲ့လား။

**ဒကာ**။ ။ခုမှပဲ ရှင်းတော့တယ်၊ ဒါကို သိချင်နေတာ ကြာပြီ ဆရာတော်၊ ဒကာကြီးတို့က စာပေ ကြည့်ရှုရှင်းနိုင်တဲ့ ဉာဏ်မရှိတော့ ကြားသိဉာဏ်ပဲ အားကိုး မေးမြန်းရတယ်....ဘုရား။

---

## ဟေတိကွ ရဟန်းဖြစ်အောင် ပြုလုပ်နည်း ?

**ဒကာ**။ ။မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ ဟေတိကျွ ရဟန်းအဖြစ် ရအောင် ဘာကို ဘယ်လို ပုဂ္ဂိုလ်အား ပေးလှူကာ ဘယ်လို ပတ္ထနာ ပြုရမည်ဆိုတဲ့ ညွှန်ကြားချက်များ ရှိပါသလား ဆရာတော်၊ ကျမ်းညွှန်းနဲ့ ပြပါဘုရား။

**ဆရာ**။ ။အဲဒီမေးခွန်းရဲ့ အဖြေကိစ္စ အပြီးကို သာရတ္ထဒီပနီကာ ဆရာကြီးက ဟောဒီလို မိန့်ဆိုထားတယ်။

အကြင်သူသည် ပရိက္ခာရရှစ်ပါးကို သောတာပန်စသော အရိယာ ရှစ်ပါးတို့အား ဖြစ်စေ၊ သိက္ခာသီလနှင့် ပြည့်စုံသော ပုထုဇဉ် ရဟန်းတော်အား ဖြစ်စေ၊ပေးလှူပြီးလျှင် ဤကောင်းမှုကံကြောင့် ဟေတိကွ ရဟန်းအဖြစ်ကိုရရှိပါစေသတည်းဟု ဆုတောင်းပတ္ထနာပြု၏၊ ထိုသူ၏ကောင်း မှုကံသည် အကြောင်းပြည့်စုံသောကာလ၌ မြတ်ဗုဒ္ဓတို့၏ မျက်မှောက်တော်တွင်ပင် ဟေတိကွ ရဟန်းဖြစ်နိုင်၏တဲ့။

အကျယ်သိချင်ယင် သာရတ္ထဒီပနီကာ ဒုတိယတွဲ စာမျက်နှာ ၅၁-မှာ လှန်လှော ရှာဖွေ ကြည့်ရှု မှတ်သားပေတော့။

**ဒကာ။** ။ယခုလို သာသနာတော်မြတ်နဲ့ တွေ့ကြုံတဲ့ဘဝမှာ ပရိက္ခရာ ရှစ်ပါးလောက်ကိုမှ မပေးလှူဘူးရင် ရှုံးခြင်းကြီး ရှုံးရမှာပေါ့ ဆရာတော်၊ သည်လို အသိဉာဏ်တွေရအောင် ဖြေကြားပေးတဲ့အတွက် နှစ်သက်ဝမ်းသာလှပါတယ် ဘုရား။

---

## ရှင်ရဟန်း ပြုမပေးနိုင်တဲ့ သာဝကရဟန်းတော်များရယ်လို့ ရှိကောင်းပါသလား?

**ဒကာ။** ။မြတ်စွာဘုရား သာသနာတော်အတွင်း၌ ရှင်သာမဏေ ပြုမပေးနိုင်ခြင်း၊ ရဟန်းခံမပေးနိုင်ခြင်းဆိုတဲ့ တားမြစ်မှုကို အမြဲတစေ ခံနေရတဲ့ သီလသိက္ခာနှင့်ပြည့်စုံသော တပည့်သား သာဝက မဟာထေရ် ရဟန်းတော်များ ရှိကောင်းပါသလား ဆရာတော်။

**ဆရာ။** ။အင်း....ယင်းကိစ္စနှစ်ပါးကို ပြုမပေးရတဲ့ ရဟန်းတော်များဆိုတာ ဘုရားရှင်တိုင်းရဲ့ သာဝကများရယ်လို့တော့ မဟုတ်ပါဘူး၊ သက်တော် နှစ်သောင်းတမ်းလောက်ကစပြီး အထက် အထက်ပွင့်တော်မူသွားကြတဲ့ သက်တော်ရှည်ဘုရားရှင်တို့ရဲ့ သာသနာ တော်အတွင်းမှာသာ ရှိကောင်းတာပါ။

**ဒကာ။** ။တပည့်တော်တို့ မှတ်သားရအောင် သာဓက တခု လောက် ထုတ်ပြပေးပါ ဆရာတော်။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄–၃၄

ဆရာ။ ။သက်တော် နှစ်သောင်းတမ်းမှာ ပွင့်တော်မူတဲ့ ကဿပ မြတ်စွာဘုရား လက်ထက်တော်က ဖြစ်ကြောင်းခြင်းရာ များ ရှိဘာယ်။

ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးကာမှ ရဟန်းပြုလို ကြတဲ့ အမျိုးကောင်းသားတို့သည် မြတ်စွာဘုရားလက်ထက် မျက် မှောက်တော်၌ ရဟန်းပြုကာ တပည့်ခံခဲ့ကြတဲ့ သာဝကကြီးများထံ မှသာ ရဟန်းပြုကြရတယ်၊ အစိပ္ပါယ်ရှင်းအောင် ထပ်ပြောအုံးမယ်၊ နားထောင်ပါ။

သက်တော်ရှည် ဘုရားရှင်တို့၏ သာသနာတော်၌ ဘုရား ရှိတော်မူစဉ်ကာလက ရဟန်းပြုတပည့်ခံခဲ့ကြရသော သာဝက ကြီးများကသာ ရှင်သာမဏေ ပြုပေးခြင်း၊ ရဟန်း ခံပေး ခြင်း၊ နိဿယည်းပေးခြင်း၊ ဥပဇ္ဈာယ် ခံယူခြင်းတို့ကို ပြုပေး တော်မူကြကုန်၏ တဲ့။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ငင်စံတော်မူပြီး နောက်ကာလ မှ ရဟန်းဖြစ်ကြတဲ့ တပည့်သာဝကကြီးတို့သည်ကား ယင်း ကိစ္စရပ်မျိုးကို ပြုပေးနိုင်ခွင့် မရှိ၊ မပြုလုပ်ကြရကုန်တဲ့။

ပုံစံဝတ္ထုကတော့ သာတာဂိရနဲ့ ဟေမဝတ နတ်မင်းအလောင်း များဖြစ်ကြတဲ့ အမျိုးကောင်းသား နှစ်ယောက် ရဟန်းပြုခန်းပဲ ဖြစ်တယ်၊ ကဲ…ကျေနပ်ရဲ့လား၊ အကျယ်ကို အဲဒီဝတ္ထုမှာ ကြည့်ပါ။

ဒကာ။ ။သက်တော်ရှည် ဘုရားသခင်တို့ရဲ့ သာသနာတော်ဟာ ဒါကြောင့် တိုတာကို၊ မှန်ပါ့၊ အားရ နှစ်သက်ကျေနပ် လပါတယ် ဆရာတော်။

# မဂ်,ဖိုလ်နောင် ပစ္စဝေက္ခဏာဉာဏ်က ဘာတွေကို ဆင်ခြင်တာလဲ?

**ဒကာ။** ။ဘုရား ပုစ္ဆကဗုဒ္ဓါ ရဟန္တာ အရိယာတို့ ဝိပဿနာဝမှ အားထုတ်လျက် မဂ်,ဖိုလ် ရပြီးသောအခါ ပစ္စဝေက္ခဏာ ဆင်ခြင်တယ်ဆိုတာ ဘာတွေကို ဘယ်လိုဆင်ခြင်တာပါလဲ ဆရာတော်၊ အလွယ်ဆုံး တိုတိုနဲ့ မိန့်ကြားပေးပါ ဘုရား။

**ဆရာ။** ။အရိယာသူမြတ်တို့ဟာ ဝိပဿနာ ဝိဇ္ဇာဉာဏ်နဲ့ တက်လှမ်းကာ သောတာပတ္တိမဂ်စိတ်ကို အရင်ရတယ်၊ယင်းနောက် တဆက်တည်း သောတာပတ္တိဖိုလ်စိတ် ရတယ်၊ အဲဒီ မဂ်စိတ် ဖိုလ်စိတ် တို့က နိဗ္ဗာန်ကို သိသွားတာပဲ။

အဲဒီ ဖိုလ်စိတ်နောက်မှ အင့်ဟင်....တယ်လဲ ချမ်းသာပါကလား၊ ဘယ်လိုဖြစ်သွားတာပါလိမ့်ဆိုတဲ့ ဆင်ခြင်စဥ်းစား စစ်ဆေးတဲ့ဇော စိတ်တွေ ပေါ်လာတယ်၊ ယင်းစိတ်ကိုပင် ပစ္စဝေက္ခဏာလို့ ခေါ်တာ ဖြစ်တယ်။

သူဆင်ခြင်စဉ်းစား စစ်ဆေးပုံက ဒါတွေကို ဒီလို နယငါးပါးနဲ့ ဆင်ခြင်စဉ်းစား စစ်ဆေးတယ်။

(၁) ရှေးဦးစွာ သောတာပတ္တိမဂ်ကို ဆင်ခြင်တယ်။

(၂) နောက် ယင်း၏ အကျိုး သောတာပတ္တိဖိုလ်ကို ဆင်ခြင်တယ်။

(၃) နောက် မဂ် – ဖိုလ်တို့ သိသွားတဲ့ နိဗ္ဗာန်ကို ဆင်ခြင်တယ်။

(၄) နောက် ယင်းမဂ်က ပယ်လိုက်တဲ့ ကိလေသာကို ဆင်ခြင်တယ်။

(၅) နောက် ယင်းမဂ်က မပယ်ရသေးတဲ့ ကျန်ကိလေသာ ကို ဆင်ခြင်တယ်။

အဲဒီလို ပြန်လည် ဆင်ခြင် စစ်ဆေး သုံးသပ်ပေးတဲ့ ဉာဏ်မြတ် ငါးပါးကို ပစ္စဝေက္ခဏာ ဉာဏ်တော်မြတ် ငါးပါးလို့ ခေါ်တယ်။

သကဒါဂါမိမဂ်, အနာဂါမိမဂ်အထိ ပစ္စဝေက္ခဏာဉာဏ်တော် ငါး ငါးစီကိုပဲ ဆင်ခြင်တော်မူကြတယ်၊ အရဟတ္တမဂ်ကျတော့ ကိလေသာရှိသမျှ အကုန်ပယ်လိုက်လို့ ကျန်ကိလေသာကို ဆင်ခြင်စရာ မရှိတော့ဘူး၊ ၁-၂-၃-၄ တို့ကိုပဲ ဆင်ခြင်တော်မူတယ်၊ ကဲ...အဲဒါ အလွယ်ဆုံးနဲ့ အတိုဆုံးပဲ၊ ဘာများ ပြောကြားချင်သေးလဲ။

**ဒကာ။** ။အသူးပြောစရာ မရှိသော ဦးသြဘာ တပည့်တွေပါ ဘုရား၊အားရ ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်။

---

## ဒိဗ္ဗစက္ခု အဘိညာဉ်၏ တန်ခိုးစွမ်းအင် အဘယ်မျှ ရှိသနည်း ?

**ဒကာ။** ။အလောင်းတော်မြတ်ဟာ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု အဘိ ညာဉ်ကို ရတော်မူပြီးသောအခါ ထိုအဘိညာဉ်မှ ဆင့်ကဲ ဆင့်ကဲ ထူးခြားသော အသိဉာဏ်တွေ တက်တက်ပြီး သဗ္ဗညုတ ဗုဒ္ဓအဖြစ်ကို ရယူနိုင်တာလို့ ဟောပြောနေကြတာ ဟုတ်ပါရဲ့လား ဆရာတော်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့ တန်ခိုးစွမ်းအင်များကို သိပါရစေ ဘုရား။

**ဆရာ။** ။အင်း....ဒိဗ္ဗစက္ခုအဘိညာဉ်၊သို့မဟုတ် ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ကိုပင် (၁) စုတူပပါတဉာဏ် (၂) ယထာကမ္မူပဂဉာဏ် (၃) အနာဂတံသဉာဏ်လို့လဲ ခေါ်နိုင်သေးတယ်၊ အဲဒီဉာဏ်သုံးပါးဟာ ဒိဗ္ဗစက္ခုဉာဏ်နဲ့ အတူတူပဲ၊ အဲဒါ ဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့တန်ခိုးစွမ်းအင်တွေပဲ၊ ဒီ ဒိဗ္ဗစက္ခု စွမ်းအင်ကို ဥပါသကာ ကဏ္ဍမှာအကျယ်ဖြေဆိုခဲ့ဘူးပြီလို့ မှတ်ထင်တယ်။

**ဒကာ။** ။ဒကာကြီးတို့ နားရှင်းအောင် တပါးစီရဲ့ အနက်အဓိပ္ပါယ်များကို တိုတိုနဲ့ လင်းပြပါအုံး ဆရာတော်၊ ဒီပဥှာကို မမေးရသေးပါဘူး။

**ဆရာ။** ။အင်း....ဒိဗ္ဗစက္ခုဆိုတဲ့ အသိဉာဏ်မြင်ဟာ မင်္ဂ ဖိုလ်နိဗ္ဗာန်မှတပါး လောကီအရေးစုအားလုံးကို သိချင်ရင် သိမြင်နိုင်တဲ့ စွမ်းအင်တန်ခိုးရှိတယ်။

(၁) ယင်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် စုတေခါနီး သတ္တဝါကိုလဲ သိနိုင်တယ်၊ ပဋိသန္ဓေနေပြီးကာစ သတ္တဝါကိုလဲ သိနိုင်တယ်၊ မျိုးရိုး ဇာတ်ဂုဏ်ကိုလဲ သိနိုင်တယ်၊ ရုပ်အဆင်းလှ, မလှနဲ့ အထက်တန်းစားဘဝ အောက်တန်းစားဘဝ၌ဖြစ်ရပုံတို့ကိုပါ စုံလင်စွာ သိနိုင်တယ်၊ အဲဒါကို စုတူပပါတဉာဏ်လို့ ခေါ်တယ်။

(၂) ယင်း ဒိဗ္ဗစက္ခု ဉာဏ်ဖြင့်ပင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး သားတို့၏ ဒုက္ခမျိုးစုံခံစားနေရပုံတို့ကို မြင်သိရတဲ့ အခါမှာ သူတို့သည် ဘယ်ကံတွေကို ပြုလုပ် ကြသောကြောင့် သို့ကလောက်

ကြောက်စရာ ဆင်းရဲ ပင်ပန်းစွာသော ဒုက္ခကြီးတွေကို ရယူခံစားကြရကုန်သနည်း ဟု စိတ်ညွတ် ဆင်ခြင်တော် မူတဲ့အခါ ယင်းတို့ ပြုလုပ်လာကြတဲ့ အကုသိုလ်ကံ မျိုးစုံကို သိမြင်တော်မူလာတယ်၊ အဲဒါကိုပင် ယထာ ကမ္မူပဂဉာဏ်လို့ ခေါ်တယ်။

ထို့အတူပဲ လူ, နတ်, ဗြဟ္မာ ဘုံသားတို့၏ ချမ်းသာ မျိုးစုံ ခံ့စံနေကြပုံတို့ကို သိမြင်ရတဲ့အခါ ယင်းတို့သည် ဘယ်ကံတွေ ပြုလုပ်ခဲ့ကြလို့ သို့ကာလောက် ချမ်းသာ ရတာလဲလို့ ဆင်ခြင်တော်မူလိုက်တဲ့ အခါမှာ သူတို့ပြု လုပ်ခဲ့ကြတဲ့ ကာမာဝစရ ကုသိုလ်ကံတွေ၊ ရူပါဝစရ ကုသိုလ်ကံတွေ၊ အရူပါဝစရကုသိုလ်ကံတွေ မြင်သိရပြန် တယ်၊ အဲဒါလို ကုသိုလ်ကံတွေကို တွေ့မြင်တော်မူတာကို ပင် ယထာကမ္မူပဂဉာဏ်လို့ ခေါ်တယ်။

(၃) အနာဂတံသဉာဏ် ဆိုတာက၊ လက်ရှိ ဒိဗ္ဗစက္ခု အဘိညာဉ် ဖြင့်ပင် သုခိတသတ္တဝါ, ဒုက္ခိတသတ္တဝါတို့၏ ပြုလုပ်ပြီး ပြုလုပ်နေဆဲ ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို အကြောင်း ခံပြီး ကြည့်ရှု ဆင်ခြင်တော် မူလိုက်သောအခါ ဤ ပုဂ္ဂိုလ်ကား သုစရိတမ္မေ ကုသိုလ်ကံတွေ အလွန်များသူ ဖြစ်သည်၊ ထိုဆို ကုသိုလ်ကံတွေ၏ စွမ်းအင်ကြောင့် လူ့ရပ်, နတ်ရွာ, ဗြဟ္မာနှစ်ဆယ် သုဂတိဘုံနယ်တို့၌ ဘဝပဋိသန္ဓေ ကပ်ရောက်ကာ ချမ်းသာကြတော့အံ့ ဟု သိတော်မူတဲ့ ဉာဏ်ကိုပင် အနာဂတံသ ဉာဏ်လို့ ခေါ်တယ်။

ထို့အတူပဲ ဤသတ္တဝါကား ရှေးရှေးသော ဘဝများစွာက ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် အကုသိုလ်ကံတွေကိုသာ များစွာပြုခဲ့ချေသည်၊မိစ္ဆာအယူဖြင့်သာအမှားမှားကံတွေ ကိုယ်တိုင်လဲပြုလုပ်ခဲ့ချေသည်၊ သူတပါးကိုလည်း ပြုမှားစေခဲ့လေသည်၊ ယင်းသတ္တဝါကား သေသည်၏အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါးလျှင် လားရာရှိ၏ဟု သိတော်မူတဲ့ ဉာဏ်ကို အနာဂတံသဉာဏ်လို့ ခေါ်ဆိုတယ်။

အဲဒါကြောင့် စုတူပပါတဉာဏ်တို့ ယထာကမ္မူပဂဉာဏ်တို့ အနာဂတံသဉာဏ်တို့ဟာ ဒိဗ္ဗစက္ခုအဘိညာဉ်က ဆက်စပ်ဖြစ်ပေါ်လာကြတဲ့ ဉာဏ်တော်မြတ်တွေသာဖြစ်လို့ ဒိဗ္ဗစက္ခုအဘိညာဉ်၏ တန်ခိုးစွမ်းအင်တွေပဲလို့သာ သိပေတော့။

အဲဒီ ဒိဗ္ဗစက္ခုဉာဏ် အရင်းခံပြီးတော့ အလောင်းတော်မြတ်၏ သန္တာန်၌ သတ္တဝါတို့၏ စုတိ၊ ပဋိသန္ဓေကို မသိအောင် ပိတ်ဖုံးထားလို့ အဝိဇ္ဇာခေါ်တဲ့ မောဟမှောင်ကို ပယ်ဖြတ်ပစ်လိုက်တယ်။

ယင်းဒိဗ္ဗစက္ခုအဘိညာဉ်ကို အရင်းခံပြီးတော့လဲ ယထာကမ္မူပဂ အဘိညာဉ်နဲ့ သတ္တဝါတို့၏ ပြုလုပ်ခဲ့တဲ့ ရှေးအတိတ်ကံ အကြောင်းမှန်ကို သိမြင်တော်မူသောကြောင့်လဲ ယုံမှားခြင်း ဆယ့်ခြောက်ပါးကို လွန်မြောက်တော်မူသောကြောင့် ကင်္ခါဝိတရဏ အပိုင်း အခန်းကိုလဲ ရောက်ဆိုက်တော်မူသွားတယ်။

ဒီဉာဏ်တွေဟာ အာသဝက္ခယဉာဏ်နဲ့ သဗ္ဗညုတဉာဏ်တော်မြတ်သို့ ရောက်အောင် အခြေခံ လမ်းခင်းပေးလိုက်တဲ့ ဥပနိဿယသတ္တိ

တွေပဲ ဖြစ်ဘယ်၊ အဲဒါကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ရထားတဲ့ ပုဂ္ဂိုလ်ဟာ ယင်းဉာဏ်ကို အသုံးချဟတ်ရင် ''လောကကြီးမှာ ကိုယ်ဖြစ်ချင်ရာ ဖြစ်စတမ်းပဲ'' ဟူသော စွမ်းအင်သတ္တိနဲ့ အစိပတိဗိုလ်တွေဟာ ရဲထွက်လာတော့တာပဲလို့သာ မှတ်ပေတော့တဲ့၊ ကဲ....အဲဒါဟာ ဒကာကြီးတို့ နားရှင်းအောင် တိုတိုနဲ့ လင်းပေးလိုက်တာပဲ၊ အဲဒါမှ မရှင်းသေးရင် ဒါထက်လင်းပေးနိုင်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဆရာသမားကြီးများထံ သွားမေးကြပေတော့။

ဒကာ။ ။ဒီလို ဒိဗ္ဗစက္ခုအဘိညာဉ်၏ တန်ခိုးသတ္တိ စွမ်းအင်တွေကို တိုတိုနဲ့ ရှင်းလင်းအောင် သိရလို့ ဝမ်းသာမဆုံးပါ ဆရာတော်၊ တခြားဆရာတွေလဲ ရှာနေစရာ မလိုတော့ပါဘူး ဘုရား။

---

## သိဒ္ဓတ္ထမင်းသားဟာ ဈာနသမာပတ်ကို ဘယ်အရွယ် ကာလက ဘယ်ဆရာနဲ့ ရရှိဝင်စားနိုင်ခဲ့ပါသလဲ ?

ဒကာ။ ။အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက်ပြီးနောက် အာဠာရ,ဥဒက ရသေ့ ဆရာကြီးများထံမှ နည်းခံယူ၍ ကျင့်သောကြောင့် လောကီဈာန်သမာပတ်များကို ရတာဟု ဆရာတော်အချို့က ဟောကြားကြပါတယ်။

ဆရာအချို့ကလဲ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ဒီဘဝမှာပင် သဗ္ဗညုဉာဏ်တော်ရှင် ပါရမီ ပြည့်ပြီးသားဖြစ်တယ်၊ ဒီလောကီဈာန်သမာပတ်လောက်ကို ဆရာမရှိပဲနဲ့ ကလေးအရွယ်ထဲက ရတာ

ပါလို့ ပြောဆိုကြပါတယ်၊ ဘယ်ဟာကို အမှန်ယူရမှာလဲ ဆရာတော်၊ ရှင်းပြပေးပါဦး ဘုရား။

ဆရာ။ ။အင်း....ဒီအယူဝါဒ နှစ်ခုစလုံးပဲ မှန်တယ်လို့ ယူဆကြပေါ့၊ နှစ်မျိုးလုံးပဲ မှန်ပါတယ်၊ ဒါပဲ မှတ်ကြ။

ဒကာ။ ။ဘယ်ဟာက ဘာကြောင့်မှန်တယ်ဆိုတဲ့ သာဓကများနဲ့ တပည့်တော်တို့ နားရှင်းအောင် တိုတို ကျဉ်းကျဉ်းနဲ့ လင်းပြပါအုံး ဆရာတော်။

ဆရာ။ ။အင်း .. တိုတို ကျဉ်းကျဉ်းနဲ့တော့ မရဘူး၊ ကဲ.... နားထောင်ကြ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ နှစ်စဉ် ရာသီအလိုက် လယ်ထွန် မင်္ဂလာသဘင်ကို ကြီးကျယ်စွာ မြို့လုံးကျွတ် နန်းလုံးကျွတ် ဆင်ယင် ကျင်းပလေ့ ရှိတယ်ဆိုတာ အားလုံး ကြားဘူးပြီး ဖြစ်ပါတယ်။

အဲဒီ ပွဲတော်သို့ တနှစ်သား မပြည့်သေးသော အလောင်းတော် မင်းသားကလေးကိုပါ ခေါ်ဆောင်သွားကြတယ်၊ လယ်ကွင်းပြင်ကျတော့ မင်းသားကလေးကို အရိပ်ကောင်းပြီး အေးမြနေတဲ့ ဇမ္ဗုသပြေပင်အောက်မှာ ကမ္ဗလာနီ ခင်းနှီး ပြတီးညောင်စောင်းတို့ဖြင့် မွန်မြတ်စွာထားလျက် လေစိမ်း လေကြမ်း မတိုက်ခတ် မဝှေ့ယမ်းနိုင်အောင် ကမ္ဗလာနီ တင်းတိမ် ကန့်လန့်ကာတို့ဖြင့် အခန်းဖွဲ့ကာရံကာ အထိန်းအယတို့က စောင့်ရှောက်နေရင်း လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပသော ဘုရင်မင်းတရားကြီး၏အသရေတော်ကို ကြည့်ရှုကြရန် တင်းတိမ်ကန့်လန့်ကာအတွင်းမှ အပြင်သို့ ထွက်ထွက်သွားကြရာ မင်းသားကလေးအနားမှာ တယောက်မှ မရှိတော့ဘူး တဲ့။

ထိုအခါ မင်းသားကလေးက ဟိုဟိုဒီဒီ ကြည့်ရှုလိုက်တော့ ဘယ်သူမှ မရှိဘာကို သိချ၍ နေရာမှ လျင်စွာ ထပြီးလျှင် တည်ကြည်ငြိမ်သက်စွာ တင်ပလ္လင်ခွေထိုင်လျက် ကိုယ်ကိုဖြောင့်မတ်စွာထားပြီးလျှင် ထွက်လေ, ဝင်လေတို့ကို မမေ့သောသတိဖြင့် အာရုံပြု အောက်မေ့မှတ်သားပြီး အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများကာ နေတော်မူလေရာ ရူပါဝစရ ပထမဈာန်ကို ရလျက် ထိုဈာန်သမာပတ်ဖြင့် နေတော်မူသောကြောင့် နေ့စောင်း သွားသော်လဲ အရိပ်က မပြောင်းရွှေ့ပဲ နေတာကို မြင်ကြ၍ အံ့သြသောင်းနင်း အတင်းပြေးလွှား မင်းတရားကြီးအား လျှောက်ထားကြလေရာ ဖခင် သုဒ္ဓေါဒန မင်းကြီးလည်း ဆောလျင်စွာ ကြွလာ ကြည့်ရှုတော်မူတယ်တဲ့။

ထိုအခါ သားတော်ကလေးမှာ ရွှေရုပ်ဆင်းတုပမာ ကြည်ညိုဖွယ်ရာ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေကာ ထွက်လေ,ဝင်လေ အာနာပါန ကမ္မဋ္ဌာန်းဖြင့် ရူပါဝစရ ပထမဈာန် သမာပတ် ဝင်စားနေတာကို တွေ့မြင်ရပြန်၍ ဤကဲ့သို့ အံ့ဖွယ်ထူးခြား တန်ခိုးပြာဋိဟာများကို မြင်ရသော ဖခင် သုဒ္ဓေါဒနမင်းကြီးက....

> အို.... မြတ်သော သားတော် သင် ချစ်သားမြတ်အား ခမည်းတော်ကြီး၏ ရှိခိုးရခြင်းသည်နှစ်ကြိမ်မြောက် ရှိခိုးခြင်း ဖြစ်ပါပေသတည်း။

ဟု နှုတ်က မြွက်ဆိုကာ သားတော်ကလေးကို နှစ်သက် မြတ်နိုးရိုကျိုးစွာ ရှိခိုးလိုက်ကြောင်းများနဲ့ မဟာဗုဒ္ဓဝင် ကျမ်းကြီးများမှာ လာရှိတာကို ထောက်ထားကာ အဲဒီ လောကီဈာန်သမာပတ်လောက်ကိုတော့ ကလေးသူငယ်ဘဝတည်းက ရရှိနေတာဖြစ်လို့ ဆရာမရှိပဲနဲ့

ရတယ် ဆိုတာလဲ မှန်တာပဲလို့ ဖြေလိုက်တာပါ၊ နောက်တချက် မှန်တယ် ဆိုတာကတော့....

အာဋ္ဌာရ ရသေ့နဲ့ ဥဒက ရသေ့တို့ထံ တပည့်ခံတယ် ဆိုတာမှာ ထိုရသေ့နှစ်ပါးတို့ အထင်ကြီးနေကြတဲ့ လောကီစျာန် သမာပတ်တရားများ၏ အထွတ်အချာ ရှစ်ဖြာသောသမာပတ်တို့ကို ပြီးစီးနိုင်ရေး ဆွေးနွေး မေးမြန်းတဲ့အခါ ရသေ့ဆရာကြီးတို့က နည်းနယကလေး ပြောကြားသွားရုံမျှနဲ့ပင် ထိုနည်းများကို လျင်စွာချက်ခြင်းသိ၍ ကျင့်သောအခါ နှစ်ရက်ကျော်ကျော်မျှနှင့်ပင် ထိုရသေ့ဆရာကြီးတို့ ရရှိခံစားလျက်ရှိသော သမာပတ်တရား၏ ဆုံးခန်းတိုင်ရောက်ပြီး၍ ယင်း စျာနသမာပတ်တရားတို့ကို ဝင်စား သုံးဆောင်စစ်ဆေးကြည့်သော အခါ ထိုရသေ့ကြီးများ အထင်ကြီးနေတဲ့ သမာပတ်တရားတို့သည် ဗြဟ္မာ့ဘုံလျှင် လားရာ ဗြဟ္မာပဋိသန္ဓေကို ပေးကာ အို, နာ, သေ ဝဋ်ဆင်းရဲ၌သာ အကျုံးဝင်သော သံသရာ လည်ကြောင်း တရားညစ်တို့ ဖြစ်ပုံကို မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူတဲ့ အလောင်းတော် ရဟန်းမြတ်က ရသေ့နှစ်ပါးအား ပန်ကြား၍ မအို, မနာ, မသေ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ အစစ်တရားကို တခြား၌ သွားရှာမည်ပြုသောကာလ အလောင်းတော်မြတ်၏ ဉာဏ်ပညာထက်မြက် ရင့်ကျက်ခြင်းကို ရိုသေလေးစားကြလျက် တခြားသို့ ထွက်ခွာမသွားရန် တားမြစ်ကြပြီးလျှင် ရသေ့ဆရာကြီး နှစ်ပါးတို့ ကိုယ်တိုင်မျှ မကသေးပဲ တပည့်ရသေ့ ပရိသတ်တွေရော ၎င်းတို့၏ ဒကာ,ဒကာမများကိုပါ အလောင်းတော်အား ပူဇော်ခစေ၍ အပ်နှင်းကာ အလောင်းတော် ရဟန်းမြတ်ကို သူတို့ဆီ၌သာနေရန် တောင်းပန်ကြပြန်တယ်။

သို့သော်ငြားလည်း ယင်းတို့ကိုငြင်းပယ်လျက် ဘဝ၏လွတ်မြောက်ရာ အမှန်တရားကိုသာ ဆက်လက် ထွက်ရှာ ဆည်းပူး ကြိုးစားပြန်သောကြောင့် သစ္စာလေးတန် တရားမှန်တို့ကို မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ကာ သဗ္ဗညုဗုဒ္ဓ အဖြစ်သို့ ဆရာမရှိပဲ ရရောက်တော်မူသွားပါတယ်။

ကဲ.... အခု ဖော်ပြသွားတဲ့ အဲဒီ....အဲဒီ အချက်အလက်တွေကို ဒကာကြီးတို့ ရှေးသရေအခါကလဲ သိပြီးသားကြားဘူးပြီးသားတွေပဲဟာ၊ အဲဒီ အသိဉာဏ်တွေနဲ့ မြတ်ဗုဒ္ဓရဲ့အပေါ်မှာ ဝေဖန်ဆန်းစစ်ကြည့်လိုက်ရင် မြတ်ဗုဒ္ဓ အလောင်းတော်ဟာ ရှင်ရသေ့များထံမှာ တပည့်ခံတယ် မခံဘူးဆိုတဲ့ ပြဿနာတွေ အားလုံးရဲ့ အဆုံးအဖြတ်အမှန်တွေ ဒကာကြီးတို့ဉာဏ်မှာ ရှင်းလင်းစွာ ပေါ်လာကြမှာပေါ့ဒါပါပဲ။

အလောင်းတော်ဟာ ဉာဏ်မရှိလို့ ရသေ့တွေထံမှာ တပည့်ခံရသလေး ဘာလေး ညာလေးနဲ့ အလောင်းတော်မြတ်ကို ကဲ့ရဲ့နှိမ့်ချတဲ့ သာသနာဖျက်ကောင်တွေရဲ့ စကားကို ယုံစားမှုနေနဲ့ မီးပုံထဲအဖော်ခေါ်နေကြတာ။

၁၈၁။ ။အလောင်းတော်ရဟန်းမြတ်နဲ့အာဠာရ,ဥဒကဆရာကြီးများနဲ့ ရသေ့ညီနောင် ရှင်တထောင်စတဲ့ ရှည်လျားသောပြဿနာရပ်များကို ယခုလို တိုတိုကျဉ်းကျဉ်းနဲ့ နားလည်အောင် ရှင်းလင်းပြပေးတာ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ အလောင်းတော်မြတ်မှ ရင့်ကျက်သော ပါရမီဉာဏ်ခေတ်တွေ ပြည့်စုံနေတာကို ယုံကြည်ပါတယ် ဆရာတော်။

**ဆရာ။** ။အင်း.... အာဠာရ, ဥဒကတို့ရဲ့ ဘိုးအေ သူ့အဖေ သုဓေ္ဒါဒန မင်းကြီးရဲ့ ဆရာဖြစ်တဲ့ ဈာန် အဘိညာဉ် တန်ခိုးရှင် ကာဠဒေဝိလ ရသေ့ကြီးရဲ့ ဦးခေါင်းပေါ်မှာ မတ်တတ် ရပ်ခဲ့ဘူးတာကိုတော့ မချီးမွမ်းပဲ အပြစ်ကိုသာ ရှာပြောတတ်တဲ့ သာသနာဖျက်ကောင်တွေပဲ .. နော်၊ သူတို့ကို ကြပ်ကြပ်သတိထားကြ ဒါပဲ။

## ဒုက္ကရစရိယာဆိုတာ မိစ္ဆာဒိဋ္ဌိ အကျင့်လား ?

**ဒကာ။** ။အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက်ပြီး ခြောက်နှစ်တိုကာလပတ်လုံး ရုပ်အဆင်းတွေ ပျက်စီးကာ သေလုမတတ် ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ခံစားပြီးတော့ ကျင့်ကြံ အားထုတ်တာဟာ မှားသောအကျင့် မိစ္ဆာဒိဋ္ဌိ အလုပ်တွေသာဟု တချို့က ပြောဆိုဝေဖန်ကြတာ မှန်ပါသလား ဆရာတော်၊ စာပေက ဘယ်လိုများ လာရှိပါသလဲ။

**ဆရာ။** ။အင်း....ရုပ်အဆင်းတွေပျက် ဝမ်းဗိုက်သားက ကျောမှာ ကပ်ပြီး မျက်တွင်းကြီးကလဲ ချိုင့်ဝင်ကာ နံရိုးတွေ အပြိုင်းအပြိုင်းထလျက် အရိုးအဆစ်တွေ ငေါ်ထွက်၍ နေသော်လဲ အစာ အာဟာရ အနည်းငယ်မျှသာ စားသုံးကာ နေလေသည်၊ ဝီရိယကို မလျှော့ ပို၍စားချော့တဲ့။

ဤလုပ်ငန်းရပ်တို့ကား ပဓာနအလုပ် လူသာမန်တို့ ကျင့်ကြံ အားထုတ်ရန် ခဲယဉ်းလှသောကြောင့် ဒုက္ကရစရိယာအကျင့်ဟု ခေါ်ဆို သည်တဲ့၊ အဲဒါ စာပေက လာတာပဲ။

ပဓာနအလုပ်ခေါ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ရယူရေးကို ကျင့်လုပ်ရာ၌ (၁) အရေမျှသာ ကြွင်းပလေစေ၊ (၂) အကြောမျှသာ ကျန်ပလေစေ၊ (၃) အသား အသွေးတွေ ခန်းခြောက် သွားပလေစေ၊ (၄) အရိုးစုမျှသာ ကျန်ပလေစေ၊ ဤအလုပ်ကိုဖြင့် ငါအောင်မြင်အောင် ပြုလုပ်ကြိုးစားတော့မည်ဆိုတဲ့ အင်္ဂါလေးပါးရှိတဲ့ ဇွဲလုံ့လဝီရိယမျိုးကို ပဓာနအလုပ် ဒုက္ကရစရိယာ အကျင့်ဟု ခေါ်တယ်၊ အဲဒါလဲ စာပေက လာတာပဲ၊ မိစ္ဆာဒိဋ္ဌိလို့ မဆိုပါဘူး။

အလောင်းတော်မြတ်သည် အာဟာရဓာတ် နည်းပါးလွန်း၍ ယိုင်လဲ မူးမေ့သွားခြင်းကိုမျှ အရေးမထား ဂရုမစိုက်ပဲ ရွှေနန်းတော်ကြီးထဲ ပြန်သွားခံစံ အနားယူဖို့ကို လုံးဝ စိတ်မကူးပါချေတဲ့၊ အဲဒါ ဟာ ကြည်ညိုစရာတွေပဲ၊ ဗုဒ္ဓဝင် စာပေမှာ လာတာ။

ဤမျှလောက် ဆင်းရဲဒုက္ခကြီးစွာ ရောက်နေသော်လည်း အားထုတ်မှု လျှော့ချမည်ဆိုတဲ့ စိတ်ဓာတ်ကား လုံးဝမရှိချေတဲ့၊ မဂ်, ဖိုလ်, နိဗ္ဗာန် (သဗ္ဗညုတဉာဏ်) ရရေးကိုသာ ရှေးရှုကြိုးစားလျက် ရှိသည်တဲ့၊ မိမိကိုယ်ကို သက်သာရန် အညှာပေးလိုသော အကြံအစည် စိတ်မျိုးကား မူလောက်မျှ မဖြစ်ခဲ့ပါချေတဲ့။

အဲဒါကြောင့် ဒီလိုကိစ္စ လုပ်ငန်းရပ် ပဓာနကိစ္စမျိုးနဲ့ စပ်ရင် သာမန်လူတယောက်သည် လက်တွေ့ကျင့်လုပ်ဖို့ကို မဆိုထားနဲ့ စိတ်ကူးထဲမျှပင် မကူး မထည့်ဝံ့သော အလုပ်ကြီးမျိုးဖြစ်၍ ယင်းအကျင့်လုပ်ငန်းမျိုးကို (ဒုက္ကရစရိယာ) သာမန်လူတို့ ကျင့်လုပ်ဖို့ရာ ခဲယဉ်းသော အလုပ်အကျင့်ဟု ခေါ်ဆိုတယ်တဲ့။

ပဓာနအလုပ်ခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရှေးရှုရှာမှီးရာ၌ မနိုင်းစံဝံ့အောင် မဆုတ်မနစ် ကျင့်ကြံအားထုတ်တော်မူသော လုပ်ရပ်ကြီး

ဖြစ်၍ အဲဒီ ဒုက္ကရစရိယာ အလုပ်ကို မိစ္ဆာဒိဋ္ဌိအကျင့်မျိုးထဲမှာ သွား မထည့်ရဘူးတဲ့၊ ဆရာမရှိပဲ နိဗ္ဗာန်တရားကို အပြင်းအထန် ရှာမှီး ကျင့်ကြံခြင်းအခိုက်မို့လို့....

သာမည လူတန်းစားတို့ ကျင့်ကြံလုပ်ကိုင်ရန် မဖြစ်နိုင်သော ခဲယဉ်းသော အလုပ်တမျိုးမို့ (ဒုက္ကရစရိယာ) ပဓာန အလုပ်လို့သာ မှတ်ကြပေတော့၊ အဲဒါပဲ၊ မိစ္ဆာဒိဋ္ဌိအကျင့် မဟုတ်ပါဘူး။

**ဒကာ။** ။ကျေနပ်ကြပါတယ် ဆရာတော်၊ သူအချို့က မိစ္ဆာဒိဋ္ဌိ မှားသောအကျင့်ဟု ပြောဟောကာ နေကြလို့ပါဘုရား၊ သူတို့အဖွဲ့ထဲလဲ ဒကာကြီးတို့ မပါဝင်ကြပါဘူး။

---

## ဒုက္ကရစရိယာကျင့်မှ ဘုရား ဖြစ်ရသလား ?

**ဒကာ။** ။ဒုက္ကရစရိယာအကျင့်ဟာ ပဓာနအလုပ် မိစ္ဆာဒိဋ္ဌိအကျင့် မဟုတ်ဘူးဆိုရင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်မှပဲ ဘုရားဖြစ်ရတော့မှာလား၊ ယင်းကို မကျင့်ရင် ဘုရားမဖြစ်ရတော့ ဘူးလား ဆရာတော်၊ ရှင်းပြပါအုံး။

**ဆရာ။** ။အင်း .. ဘုရားဖြစ်နိုင်ခွင့်ကတော့ ဒုက္ကရစရိယာနဲ့ နည်းနည်းပါးပါးလောက်ပဲ ဆိုင်တယ်လို့ ဆိုရမှာပဲ၊ ပါရမီ ဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယတရားတို့ ပြည့်ဝ ရင့်ကျက်မှု ရှိမှသာ ဘုရားဖြစ်နိုင်တာပါ၊ (လိုရင်းကတော့ မဇ္ဈိမ ပဋိပတ်ပါပဲ။)

**ဒကာ**။ ။ဒုက္ကရစရိယာနဲ့ နည်းနည်း ပါးပါးသာ ဆိုင်ရင် အလောင်းတော်မြတ်ဟာ ဘာကြောင့် ပင်ပန်းဆင်းရဲခံကာ ဒုက္ကရစရိယာကို ကျင့်တော်မူပါသလဲ ဆရာတော်။

**ဆရာ**။ ။ဒါကတော့ အကြောင်းအမျိုးမျိုးတွေ ရှိတယ်၊ သဗ္ဗညုဘုရားအဖြစ်ကိုရယူရေး၌ မိမိ၏ ထက်သန်ကြီးထွားသော ဝီရိယ အားတော်ဟာ သာမန် လူသားတို့နှင့် မတူမတန်ပုံများကို ကမ္ဘာသူ ကမ္ဘာသားတို့ ထင်ထင် ရှားရှား သိထားနိုင်ကြစေရန် အကြောင်းလဲ ပါတယ်။

ပါဠိမီဆယ်ပါးတို့တွင် အလောင်းတော်မြတ်၏သူမတူ တမူစံထားထိုက်တဲ့ ဝီရိယပါရမီတော်မြတ်၏ ကျေးဇူး ဂုဏ်ရှိန်သည် နောင်တချိန် ဘုရားအဖြစ် ရတော်မူပြီးသောအခါ ပြန်ပြောင်းဆင်ခြင်စဉ်းစားတော်မူလတ်သော် ကိုယ်တော်မြတ်၏ စိတ်အစဉ်ကို ကြည်ရွှင်ဝမ်းမြောက် စေလိမ့်မည်ဟု ဆင်ခြင်တော် မူမိသော အကြောင်းကြောင်း စသည်တို့ကြောင့်လည်း ဒုက္ကရစရိယာကို ပင်ပန်းစွာကျင့်တော်မူရကြောင်းနဲ့ အဋ္ဌကထာ ကျမ်းဆရာတို့က ဥပမာ အမျိုးမျိုး ထုတ်ပြကာ ဖြေဆိုတော်မူထားကြတဲ့ ခိုင်လုံမှုတွေလဲ များစွာပဲ ရှိပါတယ်။

**ဒကာ**။ ။ဒကာကြီးတို့ စိတ်ခေတ်ကျေနပ်မှုရအောင် အဋ္ဌကထာဆရာရဲ့ ဥပမာများထဲက နည်းနည်းလောက် ထုတ်ပြပါလား ဆရာတော်။

**ဆရာ**။ ။အင်း...အဋ္ဌကထာဆရာပြတဲ့ ဥပမာများကတော့ မည်သူနဲ့မှ စစ်မတိုက်ရပဲ ထုံးတမ်းစဉ်လာအရ တိုင်းပြည်ကြီးစည်ထီးနဲ့တကွ အုပ်ချုပ်ကာ ဘုရင်မင်းကြီး လုပ်နေရပေမင့် အဲဒီ

ဘုရင်မင်းဟာ ရန်သူပုန် စစ်သည်တို့ကို တိုက်ခိုက်နှိမ်နင်း အောင်မြင်မှု ပြုလုပ်ရတဲ့ ဝီရိယလုံ့လ ဘာမျှမရှိတဲ့အတွက် သူ့ဘာတာကို ပြန်တွေးကြည့်လိုက်ရင် ပေါ့ပျက်ပျက်, ဟာတာတာ ဘာမျှ အရသာ မရှိ အချောင်ရလမ်းမို့ ဝမ်းမမြောက်နိုင်သလို တဲ့။

စစ်သည် ဗိုလ်ပါ စုရုံးလျက် မိမိကိုယ်တိုင် ဦးစီးအုပ်ချုပ်ကွပ်ကဲကာ စစ်ပွဲတိုင်း၌ အကြိမ်များစွာ အောင်နိုင်၍ ရန်သူပုန်မှန်သမျှကို ဆင်းရဲ ပင်ပန်းခံကာ ကြိုးစား နှိမ်နင်းပြီးမှ အေးချမ်းစွာ အောင်ပွဲခံကာ ဘုရင်မင်းကြီး အဖြစ်ကို ရယူခံစားသော မင်းဟာ ယင်းရဲ့ စစ်သည်ဗိုလ်ခြေ ပရိသတ်တွေကို ကြည့်၍ မိမိ၏ ကြိုးစားအားထုတ်ခဲ့ပုံ လုံ့လဝီရိယကို တဖန်ပြန်၍ အောက်မေ့သည် ရှိသော် ငါသည် ဤစစ်ပွဲ ဤစစ်ပွဲတို့၌ ဤမျှခဲယဉ်းစွာသော ရန်သူပုန်စစ်တပ်တို့ကို အောင်မြင်စွာ တိုက်ခိုက် သတ်ပုတ် ထိုးခုတ်ကာ ဆင်းရဲစွာဖြင့် နောက်မဆုတ်တမ်း ကြိုးပမ်းလျက် ရဲထွက်ကာ ယခုအခါ ဤမျှကြီးကျယ်သော မင်းစည်းစိမ်ကို ရလာပေစွာတကားဟု တွေးတိုင်းတွေးတိုင်း ဝမ်းသာရွှင်ပြုံးလို့ မဆုံးနိုင်သလို တဲ့ ။

ထို့အတူ မြတ်စွာဘုရားဟာလဲ ကမ္ဘာသူ, ကမ္ဘာသား အပေါင်းတို့အား မိမိ၏ စံမတူနိုင်သော လုံ့လဝီရိယကို သိစေလိုသောကြောင့် တကြောင်း၊ ဝီရိယ၏ တန်ဖိုးဂုဏ်ကို နောင်ဘုရားဖြစ်သော အခါ ပြန်လည်စဉ်းစားမိတိုင်း ကိုယ်တော်မြတ်၏ စိတ်နှလုံး ရွှင်ပြုံးဝမ်းမြောက် စေတော်မူမည်ဟု ဆင်ခြင် သုံးသပ်မိသောကြောင့်ရင်း၊ ဒုက္ကရစရိယာကို အပင်ပန်းခံကာ ကျင့်တော်မူရှာသည်တဲ့။

နောက်တချက် ဥပမာက နိဗ္ဗာန်, မဂ်, ဖိုလ် ရရန် ကျင့်ကြံအားထုတ်ကြကုန်သော သာဝကအပေါင်းတို့ နည်းယူရန်အတွက် ငါတို့

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၅၅

ဆရာ မြတ်စွာဘုရားသော်မှ သို့ကလောက် ခက်ခဲ ပင်ပန်းဆင်းရဲစွာ ကျင့်မှုရတော်မူတဲ့ မဂ်,ဖိုလ်တရားကို ငါတို့လဲ ဆင်းရဲပင်ပန်းခံကာ ဤ မဂ်, ဖိုလ် ရကြောင်း အကျင့်ကောင်း (ပဓာနကိစ္စကို) ကြိုးစား အားထုတ်ကြရမည်ဟူသော ဝေဖန်ဉာဏ် ရနိုင်ရေး အတွက် ဒုက္ကရ စရိယာကို ကျင့်တော်မူတာ ဖြစ်တယ်လို့ အဋ္ဌကထာ ဆရာများက ဖွင့်ဆို မိန့်ဟတော်မူကြတယ်၊ ကဲ.... ကျေနပ်ကြရဲ့လား။

---

## ဘုရားအလောင်းတော်တိုင်း ဒုက္ကရစရိယာ ကျင့်ရတာပဲလား ?

ဒကာ။ ။ဒုက္ကရစရိယာ ကျင့်ရပုံအကြောင်းကတော့ သည်ဥပမာ များနဲ့ ကျေနပ်လောက်ပါတယ် ဆရာတော်။

ဒါပေမင့် ဒါလောက်တောင်မှ ဆင်းရဲဒုက္ခရောက်ရတဲ့ လုပ်ငန်းရပ်ကြီးကို ဘုရားအလောင်းတော်တိုင်း ဘုရားအလောင်းတော်တိုင်းဟာ ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံအားထုတ်ရတာပဲလား ဆရာတော်၊ စာပေက ဘယ်လိုဆိုပါသလဲ ဘုရား မိန့်ကြားပါအုံး။

ဆရာ။ ။ဟာ....ဒါကတော့ ''ဧဝံ ဗုဒ္ဓါသာ ဓမ္မတာ'' ပဲ၊ ဗောဓိသတ္တတိုင်း ဗောဓိသတ္တတိုင်းဟာ နောက်ဆုံး ဘုရားဖြစ်မည့် ဘဝရောက်ရင် အနည်းဆုံး ခုနစ်ရက်တော့ ကျင့်ရတာပဲ။

ကဿပမြတ်စွာဘုရား ခြောက်ရက် ကျင့်ရတယ်၊ မေဓင်္ကရာမြတ်စွာဘုရား ဆယ့်ငါးရက် ကျင့်ရတယ်၊ သရဏင်္ကရာမြတ်စွာဘုရား တလ, ကျင့်ရတယ်၊ ဖုဿမြတ်စွာဘုရား ခြောက်လကျင့်ရတယ်၊ ပဒုမမြတ်စွာဘုရား ရှစ်လ ကျင့်ရတယ်၊ သုဇာတာမြတ်စွာဘုရား ကိုးလ ကျင့်ရ

တယ်၊ သုမန မြတ်စွာဘုရား ဆယ်လ ကျင့်ရတယ်၊ ဘုန်းကြီးတို့ ဂေါတမ မြတ်စွာဘုရား ကိုယ်တော်မြတ်မှာတော့ ဝစီကံ နှုတ်သရမ်း ဖြစ်ကြောင့် ခြောက်နှစ်တောင် ကျင့်တော်မူရ ရှာတယ်တဲ့၊ အဲဒါ ကြောင့် ဒုက္ကရစရိယာဆိုတာ အလောင်းတော်တိုင်း ပစ္ဆိမဘဝ၌ ကျင့်တော်မူကြရမြဲ ဓမ္မတာလို့သာ မှတ်ပေတော့၊ ကဲ....နောက်ထပ် ဘာမကျေနပ်တာ ရှိသေးလဲ၊ ဒုက္ကရစရိယာဟာ မိစ္ဆာဒိဋ္ဌိ အကျင့် မဟုတ်ပါဘူး၊ ဗုဒ္ဓါနံ ဓမ္မတာပဲ။

**ဒကာ။** ။ဒီလို ဗုဒ္ဓဝင် စာအုပ်တွေရော၊ နိကာယ် စာပေတွေပါ ကိုင်ယူကာ စိတ်ရှည်စွာနဲ့ ဖြေကြားပေးတာ ကျေးဇူး တင်လှပါတယ် ဆရာတော်၊ ကျေနပ် နှစ်သက်စွာ ခံယူပါတယ် ဘုရား။

## ဒုက္ကရစရိယာကို ဘယ်ကာလမှာ စွန့်၍ ဘုရားဖြစ်ရန် ဘယ်တရားက စ,တင် ကျင့်ကြံ အားထုတ် ပါသလဲ ?

**ဒကာ။** ။အလောင်းတော်မြတ်ဟာ ဒုက္ကရစရိယာ၏ ဆင်းရဲဒုက္ခ ကို ဘယ်ကာလကျမှ စွန့်လွှတ်ပြီး ဘုရားဖြစ်ရန်နဲ့ သဗ္ဗ ညုတဉာဏ် ရရေးအတွက် ဘယ်တရားက စ,တင် ကျင့်ကြံ အားထုတ် ပါသလဲ ဆရာတော်။

**ဆရာ။** ။သည့်အဖြေဟာ မလွယ်လှဘူး၊ ဗုဒ္ဓဝင်ကျမ်းနဲ့ ညှိနှိုင်း မှန်းဆ ဖြေရမှာ ဖြစ်တယ်၊ အလောင်းမြတ် သိဒ္ဓတ္ထ ရဟန်းသည် ဒုက္ကရစရိယာအကျင့်စခန်းကို ခြောက်နှစ်မြောက် ကဆုန်

လပြည့်နေ့ အရောက်မှာ လုံးဝစွန့်လွှတ်တော်မူကာ သုဇာတာသဌေး ကတော်ကြီး သားရတနာရ၍ ဆုတောင်းပြည့် ကျေးဇူးတင်သဘော ဖြင့် နှစ်စဉ် ညောင်စောင့်နတ်အား ယင်းလပြည့်နေ့တိုင်း၌ ပေးလှူ ပူဇော်နေကျဖြစ်သော ဗလိနတ်စာ နို့ဃနာကို ရွှေခွက်ပါ ခံယူသုံး ဆောင်တော်မူလေသည် တဲ့၊ အဲဒါကို တနည်း မှတ်ယူပေါ့။

နောက် ဆရာအချို့တို့ ယူပုံကတော့ အလောင်းတော် သိဒ္ဓတ် ရဟန်းမြတ်သည် တန်ခူးလဆန်းလောက်က စတင်၍ ဒုက္ကရ စရိယာ အကျင့်ကို စွန့်ခွာလျက် အာဟာရဓာတ်ဖက်က တိုးတက်ကာ ဉာဏ် ပွင့်လာနိုင်စေရန် ထမင်း မုန့် စသည့် ရသမျှသော အစာအာဟာရ ဆွမ်းတို့ကို ဘုဉ်းပေး သုံးဆောင်တော်မူကာ ခန္ဓာကိုယ်ကို ယာပန ပြုတော်မူသည်တဲ့။

အဲဒီ အပြုအမူကို မနှစ်သက်သော ပဉ္စဝဂ္ဂီတို့က ရဟန်းဂေါတမ သည် လာဘ်ပေါများတဲ့ဘက်သို့ ထွက်ခွါရှာဖွေနေပြီ၊ အကျင့်ပျက် ပြီဟု ပြောဆို ကဲ့ရဲ့ကြကာ အလုပ်အကျွေး မပြုကြတော့ပဲ၊ တန်ခူး လကွယ်နေ့လောက်မှာ ဉရုဝေဠတောမှ စွန့်ခွါကြလျက် မိဂဒါဝုန် ဘက်သို့ ထွက်သွားနေထိုင်ကြကုန်၏ တဲ့။

ကဲ....အဲဒါတွေကတော့ ဒုက္ကရစရိယာအကျင့်ကို ဘယ်ချိန်ကာလ မှာ စွန့်လွှတ်ပါသလဲဆိုတဲ့ ပုစ္ဆာရဲ့ အဖြေများပါပဲ၊ အခြားပညာရှိ ဆရာတော်များ ထံမှာလဲ သွားရောက် မေးမြန်းနိုင်ကြ ပါတယ်၊ ဓမ္မသာကစ္ဆာမင်္ဂလာ ရတာပေါ့။

နောက်ဆက်ကွဲ ဘုရားဖြစ်ရန်နဲ့ သဗ္ဗညုတညာဏ် ရရေးအတွက် ဘယ်တရားက စတင်ကျင့်ကြံ အားထုတ်တော်မူပါသလဲ ဆိုတဲ့ ပုစ္ဆာရဲ့ အဖြေကတော့....

ပဥ္စဝဂ္ဂီငါးဦးတို့ အလောင်းတော်ကို စွန့်ခွါ၍ သွားကြသော ကာလကစ၍ အလောင်းတော် တပါးတည်း ဆိတ်ငြိမ်မှုရှိလှသော ကြောင့် ဉာဏ်တွေပွင့်လျက် သဗ္ဗညုတဉာဏ်ရဖို့နဲ့ ဘုရားဖြစ်ဖို့အတွက် အကျင့်လမ်းစဉ်ကို ဆင်ခြင်တော်မူလေသည် တဲ့။

ထိုအခါ အာဠာရ,ဥဒက ဂိုဏ်းဆရာကြီးတို့၏ လောကီ သမာပတ် တရား စျာန်ရှစ်ပါးတို့သည် သင်းချိုင်းကုန်းသို့သွားရာ အို, နာ, သေဖြစ် ဝဲသြဃထဲ၌ နစ်သောတရားတို့သာ ဖြစ်ကုန်၏၊ စင်စစ် ဘုရား မဖြစ်နိုင်ချေဟု မြင်တော်မူတယ် တဲ့။

အဖ ခမည်းတော်မင်းကြီး လယ်ထွန်မင်္ဂလာ အခါတော်၌ ဇမ္ဗူ သပြေပင်ရိပ်ဝယ် ငါအားထုတ်၍ ရရှိသော အာနာပါန သမာဓိ လုပ်ငန်းကား ကာယဂတာသတိ၌ ပါဝင်သော တရားမြတ်လည်း ဖြစ်၏ဟု သိတော်မူတယ်တဲ့။

## အာနာပါန၏ တန်ခိုးတော် ?

အင်း....အာနာပါနသည် အလုံးစုံသော ဘုရားအလောင်းတော်တို့ အတွက် မဟာပဓာန၏ အခြေပါဒက ဝိပဿနာဉာဏ် သမာဓိ၏ အခြေမူလလည်း ရှိ၏။

ထို အာနာပါန သမာဓိကိုသာ နောင်တော်ဘုရားရှင်တိုင်းဟာ မစွန့်လွှတ်ကြပဲ အာနာပါန ကမ္မဋ္ဌာန်းဖြင့်ပင် သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်ကို ရယူကာ ဘုရားဖြစ်တော်မူသွားကြတာပဲဟု ဉာဏ်တော်မှာထင်လာသောကြောင့် အာနာပါနကမ္မဋ္ဌာန်းက စတင် အားထုတ်တော်မူကာ အတုလ, သမ္မာသမ္ဗုဒ္ဓ, ဘဂဝါ, လောကဝိဒူ, သဗ္ဗညူအဖြစ်သို့ ရောက်တော်မူ၏ တဲ့။

အကျယ်သိချင်ရင် မဟာဗုဒ္ဓဝင် အစောင်စောင်နဲ့ အဋ္ဌကထာ ဋီကာတို့ကို ကြည့်ပေတော့၊ အာနာပါနကမ္မဋ္ဌာန်း မူရင်းပါဠိတော်ကို အထင်မသေးနဲ့....နော်၊ ကြိုးစားသာ အားထုတ်ပြုလုပ်ပါ၊ မုချ အကျိုးခံစားရမှာ ဖြစ်တယ်။

ဒကာ။ ။အားရ နှစ်သက်စရာ အဖြေရတနာတွေမို့ တခြား စာပေတွေ ကြည့်ဖို့ မလိုတော့ပါဘူး ဆရာတော်၊ အာနာပါနကမ္မဋ္ဌာန်း-ထွက်လေ, ဝင်လေ သက်သက်ကိုပဲ ဆက်လက်ကာ ကြိုးပမ်းအားထုတ်ကြပါမည် ဘုရား။

---

## အရိယာများဟာ လောကီဈာန်အတွက် သမထတရား ပွားများသေးသလား ?

ဒကာ။ ။အရိယာ ပုဂ္ဂိုလ်များဟာ လောကီဈာန် အဘိညာဉ် ရယူရေးအတွက် သမထကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများ အားထုတ်ကြသေးသလား ဆရာတော်။

ဆရာ။ ။ဈာန် အဘိညာဉ်ဆိုတာက သမထနဲ့ပြီးစေတဲ့ သမထ သိဒ္ဓဈာန် အဘိညာဉ်က တမျိုး၊ မဂ်နဲ့ပြီးစေတဲ့ မဂ္ဂသိဒ္ဓ ဈာန် အဘိညာဉ်က တမျိုး၊ ပေါင်း နှစ်မျိုးရှိတယ် ဒကာကြီးတို့ရ။

ဈာန်အဘိညာဉ်နဲ့စပ်တဲ့ အရိယာပုဂ္ဂိုလ်ကလဲ နှစ်မျိုး ရှိတယ်၊ (၁) သုက္ခ ဝိပဿက အရိယာ၊ ဈာန်တရား လုံးဝမရသော အရိယာမျိုး၊ သောတာပန်မှ ရဟန္တာအထိ၊ (၂) ဈာနလာဘီ အရိယာ၊ ဈာန်အဘိညာဉ်ရရှိသော အရိယာမျိုး၊သောတာပန်မှ ရဟန္တာအထိ။

ယင်းနှစ်မျိုးတို့တွင် အချို့သော အရိယာပုဂ္ဂိုလ်တို့မှာ အရိယာ ပုဂ္ဂိုလ်ဖြစ်ပြီးမှ လောကီဈာန် အဘိညာဉ်ကို မရသေး၍ သမထ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လျက် လောကီဈာန် သမာပတ် အဘိညာဉ်တို့ကို ရသွားကြတယ်တဲ့၊ အဲဒီ ဈာန် အဘိညာဉ်ကိုတော့ သမထသိဒ္ဓဈာန် သမထသိဒ္ဓအဘိညာဉ်လို့ ခေါ်တယ်။

အချို့ကျတော့လဲ ပုထုဇဉ် ဘဝတည်းက ဈာန်အဘိညာဉ်တွေကို ရရှိပြီးဖြစ်၍ အရိယာဖြစ်သောအခါ သမထကို အထူးအသစ် စီးဖြန်း စရာ မလိုတော့ပဲ ပုထုဇဉ်အခိုက်က ရပြီးတိုင်းသော လောကီဈာန် အဘိညာဉ်တို့ကို လိုသလိုပဲ သုံးဆောင်နိုင်ကြတယ်တဲ့။

အချို့အရိယာများမှာတော့ ပုထုဇဉ်အခိုက်တုန်းကလဲ လောကီ ဈာန် သမာပတ် အဘိညာဉ်တို့ကို မရကြသေးပဲ အရိယာ မဂ်,ဖိုလ်သို့ ရရောက်သည်နှင့် တပြိုင်နက် လောကီဈာန် သမာပတ် အဘိညာဉ်တို့ဟာ ထိုအရိယာ မဂ်, ဖိုလ်နဲ့ အတူတူဆိုသလို ရရောက်ပြီးသား ဖြစ်သွားကာ မိမိလိုသလို သုံးဆောင် ဝင်စားနိုင်ကြတယ်၊ အဲဒီ ဈာန်သမာပတ် အဘိညာဉ်မျိုးကိုတော့ မဂ္ဂ သိဒ္ဓဈာန်, မဂ္ဂ သိဒ္ဓ အဘိညာဉ်မျိုးလို့ ခေါ်ဆိုတယ်။

အဲဒါကြောင့် လောကီဈာန် အဘိညာဉ်မရသေးတဲ့ အရိယာများ ဟာ ယင်းတို့ကို ရယူရေးအတွက် သမထကမ္မဋ္ဌာန်းတရားကို စီးဖြန်း ပွားများကြသေးတယ်လို့ မှတ်ယူရမှာပေါ့၊ ဒါ့ထက်ပိုပြီး ဖြေစရာ မရှိတော့ဘူး၊ ဒါ အပြည့်အစုံပဲ။

ဒကာ။ ။ဒီလို သိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ မှတ်သားစရာ အမျိုးမျိုး တွေကို ဒကာကြီးတို့ ရတာပေါ့။

## သားတော်ရာဟုလာ ရဟန္တာဖြစ်တာ သာမဏေဘဝနဲ့လား ရဟန်းဖြစ်မှလား ?

ဒကာ။ ။သားတော်ရာဟုလာဟာ အသက်အရွယ် ခုနစ် (၇) နှစ်သားမှ စ၍ ရှင်သာမဏေပြုသွားတာကိုတော့ လူတိုင်းလိုပဲ သိကြပါတယ်၊ ဒါပေမင့် ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားတာကိုတော့ ရှင်သာမဏေဘဝနဲ့လား၊ ရဟန်းဘဝကျမှလားဟု မကွဲမပြားရှိနေကြလို့ ဖြေရှင်းပေးပါအုံး ဆရာတော်။

ဆရာ။ ။သားတော် ရာဟုလာနဲ့ စပ်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ရာဟုလသုတ္တန်တွေဟာ တော်တော်များတယ်၊ အဘိဏှ ရာဟုလောဝါဒသုတ်ကို မကြာခဏ မပြတ်ဆိုသလို သတိပေး ဟောကြားတော်မူတယ်၊ မဟာရာဟုလောဝါဒသုတ်ကိုတော့ ရာဟုလာသာမဏေလေး အသက်(၁၈)နှစ် အရွယ်မှာ ရွှေနန်းတော်ကြီးနဲ့ ဆွေမျိုးဉာတိ မိခင်စဲ့ ဂေဟာသိတပေမ ဆန္ဒရာဂကို ပယ်ရှားနိုင်ရန် အသက်(၁၈) နှစ် အရွယ်မှာ ဟောကြားတော်မူတယ်။

နောက် ရှင်ရာဟုလာ ရဟန်းဖြစ်စ ဝါ,မရသေးတဲ့ အချိန်ကာလမှာ အရဟတ္တဖိုလ်ကို ရယူကာ ရဟန္တာထေရ်မြတ် ဖြစ်နိုင်ရေးအတွက် စူဠရာဟုလောဝါဒသုတ်ကို ဟောကြားချေချွတ် ဆုံးမတော်မူလျက် အရဟတ္တဖိုလ်သို့ ပေါက်ရောက်အောင် ပို့ဆောင် ဟောကြားတော်မူသောကြောင့် ရှင်ရာဟုလာဟာ ရဟန်းဖြစ်စ ဝါ, မရမီကလေးမှာပဲ ရဟန္တာ ဖြစ်တော်မူတယ်လို့ မှတ်ယူရမယ်။

ဒကာ။ ။ခုလို ကွဲကွဲ ပြားပြား ခြားခြား နားနား သိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ ဒီကိစ္စက ငြင်းကြခုံကြလွန်းလို့ပါ။

## ဝိပဿနာဘူမိ
## ဝိပဿနာဘုံဆိုတာ ဘာလဲ?

ဒကာ။ ။ဆရာတော်တွေ တရားဟောတဲ့အခါ ဝိပဿနာအပိုင်း ရောက်ရင် "ဝိပဿနာဘူမိ" "ဝိပဿနာဘုံ" ဆိုတဲ့ ဝေါဟာရကို မကြာခဏ ပြောဟောကြပါတယ်၊ အဲဒီ ဝိပဿနာ ဘူမိ·ဆိုတဲ့ စကားပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို လင်းပြပေးပါအုံး ဆရာတော်။

ဆရာ။ ။ဝိပဿနာ ဘူမိ ဆိုတာ ယောဂီဟာ ရှေးဦးစွာ သမ္မသန ဉာဏ်နဲ့ စုံစမ်း, ဆင်ခြင်, စစ်ဆေး သုံးသပ် ရှုမှတ်ပွား များရမှာမို့ အဲဒီလို စုံစမ်း, စစ်ဆေး, ဆင်ခြင်, သုံးသပ် ရှုမှတ်စရာ ဖြစ်တဲ့ ဝိပဿနာဉာဏ်၏ အာရုံခံအာရုံ ရုပ်နာမ်ဓမ္မ သင်္ခါရတရားစုတို့ကို ခေါ်ဆိုတာ ဖြစ်တယ်၊ ခန္ဓာတွေ, အာယတနတွေ, ဓာတ်တွေပဲ။

ယောဂီရဲ့ ကိုယ်ကာယထဲမှာ အမြဲမပြတ် တရစပ် ဖြစ်ပေါ်နေတဲ့ ရုပ်·နာမ်ဓမ္မတို့ရဲ့ မခိုင်မြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ ထို ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ခိုင်မြဲအောင် ချမ်းသာလာအောင် လုပ်နိုင်ခွင့် စိုးပိုင်မှု အာဏာ ငါ,ငါ့ဥစ္စာဆိုစရာလဲ ဘာတခုမျှ မရှိသောကြောင့် အနတ္တ၊ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်, သုံးသပ်, ရှုမှတ်စရာ ရုပ်နာမ် ဓမ္မ သင်္ခါရတရားအစုကို ဝိပဿနာဘူမိ=ဝိပဿနာဘုံလို့ ခေါ်ဆိုဟော ပြောကြတာပဲ ဖြစ်တယ်၊ ဝိပဿနာ ယောဂီဟာ ဝိပဿနာဘူမိမှ တပါး အခြားပညတ်အာရုံဆိုလို့ ဘာတခုကိုမျှ မယူမစွဲ မမှတ်ရဘူးတဲ့၊ အဲဒါပဲ၊ ကဲ...ဘာပြောချင်သေးသလဲ။

ဒကာ။ ။ရုပ်နာမ်, ခန္ဓာ, အာယတန, ဓာတ်တွေမှာ ဉာဏ်ရောက် ဖို့ပဲ၊ ရှင်းပါပြီ ဆရာတော်၊ တိုတိုနဲ့ ကောင်းလိုက်တဲ့ အဖြေပါပဲ ဘုရား၊ ပြောစရာ မရှိတော့ပါဘူး။

# မြတ်စွာဘုရား၏ ခြေတော်ကို မြူမှုန်ပေလို့ ခြေဆေးတော်မူတာလား ?

ဒကာ။ ။မြတ်စွာဘုရားရှင်တို့၏ တန်ခိုးတော်နဲ့စပ်လို့ ဘုရားမြတ်တို့၏ သင်္ကန်းတော်သည် အသားတော်နဲ့ မထိခြင်း၊ ဘုရားရှင်တို့၏ သပိတ်တော်သည် လက်တော်နဲ့ မထိခြင်း၊ မြတ်ဘုရားတို့၏ ခြေဖဝါးတော်သည် ပကတိအားဖြင့် မြေသို့မကျ၊ မြေနဲ့မထိစပ်ခြင်း စတဲ့ တန်ခိုးတော်အနန္တတွေ ရှိတော်မူသော ဘုရားရှင်ဟာ ကျောင်းတော်သို့ ပြန်ကြွလာတိုင်း ခြေဆေးအင်းပျဉ်၌ ခြေဆေးတော်မူတယ်ဆိုတာ ခြေဖဝါးတော်၌ ရွှံ့ညွန် မြူမှုန်တို့ ကပ်သောကြောင့် ခြေတော် ဆေးကြောတာလား ဆရာတော်။

ဆရာ။ ။မြတ်စွာဘုရားသခင်တို့၏ ခြေဖဝါးတော် သို့မဟုတ် ခြေဖမိုးတော် စသည်တို့ကို ဘယ်သောခါမှ ရွှံ့ ညွန် မြူမှုန်တို့ ကပ်ငြိပေရေ လိမ်းကျံခြင်း မရှိပါဘူးတဲ့။

ခြေတော်မြတ် ဆေးတော်မူခြင်းကား ဝတ်ပြုကြသော တပည့်သာဝက အမျှားတို့၏ အကျိုးစီးပွားကို လိုလားစွာဖြင့် ခြေဆေးဝတ်ပြုမှုကို ခံယူတော်မူခြင်းမျှသာ ဖြစ်ပါတယ် တဲ့၊ ကဲ… ရှင်းပြီလား၊ တော်တော့ကို သံသယထူတဲ့ ဒကာကြီးတွေပဲ .. နော်။

ဒကာ။ ။ရှင်းလင်းစွာ သံသယပျောက်လို့ ဝမ်းမြောက်လှပါတယ် ဆရာတော်၊ ဘာသာရေးနဲ့စပ်ပြီး ခေတ်တက်လူကလေးတွေက အမေးအစမ်း ထူလွန်းလို့ မေးထားရတာပါ ဘုရား။

# ရှင်မဟာမောဂ္ဂလ္လာန်ကို ဘယ်သူတရားဟောပေးလို့ ရဟန္တာကြီး ဖြစ်သွားတာလဲ ?

**ဒကာ။** ။ရှင်သာရိပုတ္တရာကတော့ သူ့ရဲ့တူဖြစ်သော ဒီဃနခ ပရိဗိုဇ်အား ဒီဃနခသုတ္တန်ကို မြတ်စွာဘုရား ဟောကြားတော်မူရာ၊ အသင့်ဝင်ရောက်နာယူရင်းနဲ့ပဲ ရဟန္တာကြီး ဖြစ်သွားတယ်လို့ သိမှတ်ရယူဘူးပါတယ်။

ရှင်မောဂ္ဂလ္လာန်ကိုတော့ သူ့အတွက် သီးခြား ဟောကြားပေးရလို့လား၊ သို့မဟုတ် သူများအတွက် သက်သက်သီးခြား ဟောကြားပေးသော တရားကို ဝင်ရောက်နာယူရင်းနဲ့ (ရှင်သာရိပုတ္တရာလို) ရဟန္တာကြီး ဖြစ်သွားတာလား ဆိုတာကို သိပါရစေ ဆရာတော်။

**ဆရာ။** ။ဘုရားရှင်မှတပါး ပညာအရာမှာ ရှင်သာရိပုတ္တရာထက် သာလွန်သူ မရှိဘူး၊ ဒါကြောင့် ရှင်သာရိပုတ္တရာနဲ့ သွား သွား မနှိုင်းရဘူး။

ရှင်မောဂ္ဂလ္လာန် မထေရ်ဟာ ရဟန်းဖြစ်တဲ့နေ့က စပြီးတော့ မာဂဓတိုင်း ကလ ဝါလ ပုတ္တ, ခေါ်တဲ့ ရွာငယ်ကလေးကို ဆွမ်းခံရာဌာန ထားပြီးတော့ တခုသော တောအုပ်ထဲမှာ ခုနစ်ရက်လုံးလုံး စင်္ကြံကြွကာ တရားကို ကြိုးစားအားထုတ်တော်မူရာ ခုနစ်ရက်မြောက်နေ့၌ ကိုယ်တော်ပင်ပန်း နွမ်းနယ်လှပြီဖြစ်၍ စင်္ကြံစွန်းမှာ ထိုင်ပြီး အပန်းဖြေရင်း ငိုက်မျဉ်းနေစဉ် မြတ်စွာဘုရား ကိုယ်တိုင် တရားပြ ထိတ်လန့်စေသောကြောင့် ထိန မိဒ္ဓတွေ ပယ်ပျောက်ကုန်လျက် ဘုရားမြတ်နည်းပြပေးတဲ့ ခတ်ကမ္မဋ္ဌာန်းကို ကြားနာ အားထုတ်ရင်း

အထက် မဂ်သုံးပါးကို ရကာ ရဟန္တာကြီး ဖြစ်သွားတယ်လို့ အင်္ဂုတ္တရ နိကာယ် မျာ:မှာ ပါရှိတယ်၊ သူ့အတွက် သီခြား ဘုရားကိုယ်တော် တိုင် ဟောကြား ပေးရတာလို့ မှတ်ယူရမယ် ဒကာကြီးတို့။

ဒကာ။ ။သည်လို ကွဲကွဲပြားပြားနဲ့ သိရလို့ ကျေးဇူး အထူး တင်ပါတယ် ဆရာတော်။

---

## အဝိဝါသနခန္တီနဲ့ အနုလောမခန္တီဟာ ဘယ်လိုထူးခြားသလဲ?

ဒကာ။ ။ခန္တီတရားတော်နဲ့စပ်ပြီး ဟောကြားတော်မူကြတဲ့အခါ အချို့ဆရာတော်များ ကလဲ အဓိဝါသနခန္တီ အမြဲရှိ နေဖို့ အရေးကြီးတယ်တဲ့၊ အချို့ဆရာတော်တို့ကလဲ အနုလောမခန္တီ ရှိဖို့သာ အရေးကြီးတယ်တဲ့၊ အဲဒီ ခန္တီနှစ်ပါးရဲ့ အနက်အဓိပ္ပါယ် များကို ခွဲခြား မိန့်ကြားပါအုံး ဆရာတော်။

ဆရာ။ ။အင်း.... အဲဒီ ခန္တီတရား နှစ်ပါးလုံးဟာ အရေးကြီး တာချည်းပဲ၊ လောကမှာ ခန္တီတရားမရှိတဲ့သူဟာ မိမိ၏ အကျိုးစီးပွားအတွက် ဘယ်သောအခါမှ မပြီးစီး မအောင်မြင် နိုင်ဘူးပဲ၊ သူတပါးအတွက် ဆိုတာတော့ ဝေးရောပဲ၊ ကဲ....မှတ်ပါ။

(၁) အဓိဝါသန ခန္တီ — ဆိုတာက၊ မိမိအား သူတပါးတို့က ကဲ့ရဲ့ခြင်း, ရှုတ်ချခြင်း, အပြစ်ပြောခြင်း, ဆဲရေးခြင်း, စွပ်စွဲခြင်း,ပြစ်မှားခြင်း, ချမ်းအေးခြင်း, ပူလောင်ခြင်း, ဆာလောင်ခြင်းစတဲ့ ချို့တဲ့ဆင်းရဲမှု တခုခု အဖြစ်မျိုးနဲ့ ရင်ဆိုင်တဲ့ အခါမှာ မျက်နှာ မပျက်ပဲ စိတ်အား

တက်စွာနဲ့ကြံ့ကြံ့ခံနိုင်ခြင်း စွမ်းအားသတ္တိ ရှိထားရမယ် တဲ့၊ သည်အခါမျိုးမှာ ဇွဲလုံ့လ ကြိုးစားအားထုတ်မှု ဝီရိယကို အလျှော့မပေးခြင်းဟာ အဓိဝါသနခန္တီပဲ။

(၂) အနုလောမခန္တီ ဆိုတာကတော့၊ ဝိပဿနာတရား အား ထုတ်ရှုမှတ်တဲ့ ယောဂီဟာ ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဥဒယ ဗ္ဗယ ဉာဏ်ကစပြီး ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ ကိုယ်ခန္ဓာ၏ မခံသာအောင် ဆင်းရဲခြင်း ဒုက္ခသစ္စာ အမှန်တရား တွေကို မုချတွေ့ရလိမ့်မည်၊ အဲသည် အခါမျိုးမှာ....

မခံသာ မှန်ပါ၏ သည်တရား၊ အတ္တကို ပယ်
ခွါလို့ သည်းခံကာ ရှုမှတ်ပွားရင် နိဗ္ဗာန်သို့လား။

ဟူသော ဝိပဿနာ အထွတ်အထိပ် ဆရာပဏ္ဍိတ်တို့၏ ညွှန်ကြားသွား တဲ့ နည်းနယအတိုင်း ကိုယ်တွင်း အဇ္ဈတ္တ၌ ပေါ်လာတဲ့ ဒုက္ခသစ္စာကို ပိုင်းခြားရှုမှတ်ပွားများရင်း သေ့လုမတတ် တိုးတိုး ဆိုးဆိုးပြီး မခံ သာအောင် ပေါ်ပေါ်လာတဲ့ ဆင်းရဲဒုက္ခတရားစုကို အပြုံးမပျက်တဲ့ သောမနဿဉာဏ်နဲ့ ရုပ်နာမ်ဓမ္မတို့က ဆင်းရဲတာ ဖြစ်ပေါ်လာပြီး ပျက်ပျက်သွားတာ ငါမပါ, ငါမရှိ, ငါမဟုတ် ဟု အတ္တဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိတို့ကို ဖြုတ်ကာ သည်းခံပြီးတော့သာ ရှုမှတ်ပွားများ၍ နေရ မည်တဲ့။

အဲသည်လို မတုန့် မရွံ့ မဆုတ် မယုတ် အဟုတ် တကယ် သည်းခံပြီးတော့ ရှုမှတ်နေရင် ရှုမှတ်ရင်း ရှုမှတ်ရင်းနဲ့ ဝိပဿနာ ဉာဏ်စဉ်တွေဟာ တက်တက် တက်တက်ပြီး ကိလေသာ မဝင်မစွက် တော့ပဲ မှတ်ချက်တွေဟာ ကောင်းကောင်း ကောင်းကောင်း လာ လိုက်တာ နောက်ဆုံး ဆယ်ခုမြောက်ဖြစ်တဲ့ အနုလောမဉာဏ်ထဲလဲ

ရောက်ကရော အဲဒီ အနုလောမဉာဏ်က နေပြီးတော့ သောတာပတ္တိ မဂ်ဉာဏ်ကို ပေါင်းကူးပေးလိုက်တာ ရုပ်နာမ်တို့ ဖြစ်ပျက်မှု ဆင်းရဲ ဒုက္ခတွေဟာ ဖြုတ်ဆို ချုပ်ပျောက်ကာ အတုမရှိ အေးမြချမ်းသာ လှတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွား ပါရောတဲ့။

အဲဒါကြောင့် 'သည်းခံရင် နိဗ္ဗာန်ရောက်တယ်'' ဆိုတာဟာ ဝိပဿနာတရား ပွားများ အားထုတ်တဲ့အခါမှာ ကိုယ်တွေ့ဒိဋ္ဌ ကိုယ် တွင်းပေါ် ဆင်းရဲဒုက္ခတွေကို ကြပ်ကြပ်သည်းခံရမည့် အနုလောမ ခန္တိကို ဆိုတာလို့သာ မှတ်ပေတော့၊ နောက်ဆက်မမေးနဲ့ သိချင်ရင် ဆရာကောင်းများထံ ဆည်းကပ်ခစားပြီး ကိုယ်တိုင် အားထုတ်ကြည့် သိလိမ့်မယ်၊ ဒါပဲ။

ဒကာ။ ။တန်ဖိုးရှိလှတဲ့ အဖြေတရားတွေ ကြားသိရလို့ ဝမ်းသာ မဆုံးတော့ပါ ဆရာတော်၊ ဒကာကြီးတို့လဲ ဝိပဿနာ ရိပ်သာနဲ့တော့ နီးနီးလာပါပြီ။

ဆရာ။ ။အင်း ... ခုမှနီးနေ သေခါနီးနေပြီ၊ ရိပ်သာနဲ့ နီးတုန်းပဲ ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး။

---

## ရှင်သာရိပုတ်အား အထက်မဂ်ဖိုလ်တွက် မြတ်ဘုရား တရားမဟောခဲ့ဘူးဆိုတာဟုတ်ပါသလား ?

ဒကာ။ ။ရှင်မောဂ္ဂလ္လာန်အတွက် မြတ်ဘုရားကိုယ်တိုင် ကမ္မဋ္ဌာန်း တရား ဟောကြား နည်းပေးတော်မူသော်လဲ၊ ရှင်သာရိ ပုတ်အတွက်ကို အထက်မဂ်ဖိုလ်ရရေး သီးခြားနည်းပေး ဟောကြား ခြင်းမရှိဘူးဆိုတာ ဟုတ်ပါသလား ဆရာတော်၊ စာပေမူက ဘယ်လို ဆိုပါသလဲ ဘုရား။

ဆရာ။ ။ဟုတ်ပါတယ်၊ စာပေမှုကတော့ ရှင်သာရိပုတ် မထေရ် မြတ်ဟာ ရဟန်းဖြစ်တဲ့ နေ့ကစပြီးတော့ ရုပ်နာမ်ဓမ္မ တို့၏ အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာကို တခုစီ တခုစီ အကျယ်ဖြန့်ပြီး ရှုမှတ်ပွားများလိုက်တာ ၁၅-ရက် လွန်သောနေ့၌ မြတ်စွာဘုရား သခင်နှင့် အတူတူ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် "သူကရ ခတ လေဏ"ခေါ်တဲ့ ဝက်တူးလိုဏ်၌ နေတော်မူစဉ် ယင်း၏ တူဖြစ် သော ဒီဃနခ ပရိဗိုဇ်အား ဝေဒနာ ပရိဂ္ဂဟဖြစ်တဲ့ ဒီဃနခသုတ္တန် ကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အခါ ရှင်သာရိပုတ်ထေရ်က အဲဒီသုတ္တန်ကို နားစိုက်ကာ အစဉ်အတိုင်း မိမိ၏ ဉာဏ်ကို သွတ်သွင်း ပြီး ဝေဒနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများ ရှုမှတ်ရင်း အဂ္ဂသာဝက ပါရမီဉာဏ် အထွတ်အထိပ်ရောက် ပြည့်မြောက်ကာ ရဟန္တာအရှင် မြတ်ကြီး ဖြစ်သွားတော်မူတယ်တဲ့၊ အဲဒါကြောင့် ရှင်သာရိပုတ် အတွက် သက်သက်သီးခြား အထက်မဂ် ဖိုလ်များ ရရေးကို မဟော ကြားဘူးလို့ ဆိုထားတယ်။

တူတော်မောင် ဒီဃနခ ပရိဗိုဇ်ကတော့ သောတာပတ္တိ မဂ်,ဖိုလ် ရကာ အရိယာပိုင်း ဝင်သွားတယ်တဲ့၊ အဲဒါ ဒီဃနခသုတ် စာပေမှုပဲ၊ ကဲ.... ဘာပြောချင်သေးလဲ။

---

## ရှင်သာရိပုတ်က ရှင်မောဂ္ဂလ္လာန်လောက် ပညာဉာဏ် မထက်လို့ လဝက်နောက်ကျ သွားရတာလား?

ဒကာ။ ။ဆက်မေးခွင့် ပြုပါအုံး ဆရာတော်၊ ရှင်မောဂ္ဂလ္လာန် ထေရ်မြတ်က ခုနစ်ရက်ထဲနဲ့ ရဟန္တာကြီး ဖြစ်သွား

ပါလျက် ရှင်သာရိပုတ်ထေရ်ကျတော့ လဝက်တိတိ ၁၅-ရက်ရှိမှ ရဟန်းကိစ္စ ပြီးရတာဟာ ဘဝင်မကျစရာ ဖြစ်နေပါတယ်၊ ဘုရားပြီးရင် ရှင်သာရိပုတ်ဟာ ပညာအရာမှာ သူတဆူသာ ဖြစ်ပါလျက်နဲ့ ဒီလို အထက်မဂ် ရယူရေးမှာ ရှင်မောဂ္ဂလ္လာန်အောက် ခုနစ်ရက်လောက် နောက်ကျနေရတာကို သူအချို့က မဟုတ်ဘူးလို့ ငြင်းနေကြပါတယ်၊ အဲဒါလေး တိုတိုကျဉ်းကျဉ်းနဲ့ ရှင်းပေးပါအုံး ဘုရား။

ဆရာ။ ။အရှင်သာရိပုတ်၏ ဝိပဿနာဉာဏ် အရှုခံတရားတွေက အရှင်မောဂ္ဂလ္လာန်ရဲ့ဝိပဿနာဉာဏ် အရှုခံတရားတွေထက် အဆပေါင်းများစွာ ကြီးကျယ်ပြန့်ပွားနေသောကြောင့် နောက်ကျ သွားတယ်လို့ ဆိုတယ်၊ အဲဒါဟာ အတို အကျဉ်းဆုံး အဖြေပဲ။

ဒကာ။ ။တပည့်တို့ နားလည်ရုံမျှ အနည်းငယ် တိုးချဲ့ပြီး ပြောပြပေးပါအုံး ဆရာတော်၊ တိုလွန်းတော့ ဘာမှနားမလည် တော့ဘူး။

ဆရာ။ ။အင်း ...တိုတို ကျဉ်းကျဉ်းဆို ခုတော့ နားမလည်ပြန်ဘူးတဲ့၊ အရှင်သာရိပုတ်က ရုပ်တရားစုအပေါ်မှာ မှတ်တဲ့ အခါ ရူပ, ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ လိုက်မှတ်တယ်၊ စက္ခု ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ လိုက်မှတ်တယ်၊ စက္ခုဝိညာဉ်စိတ်ကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ လိုက်မှတ်တယ်၊ ဖဿကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ လိုက်မှတ်တယ်၊ ဝေဒနာကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ ရှုမှတ်တယ်။

သဒ္ဒရုပ်, သောတရုပ်, သောတဝိညာဉ်၊ ဖဿ, ဝေဒနာ စသည် တို့ကိုလဲ သည်လိုပဲ လုံးစေ့ ပတ်စေ့, တခုစီ, တခုစီ ခွဲခြားပြီးတော့ ကျယ်ပြန့်စွာ ရှုမှတ်ပွားများ နေတော့ကာ ပရိကံဉာဏ် အရာမှာ

များပြားစွာစပ်လှန်းလျက် (ရှင်ဘုရင် တခါထွက် ပဲကြီးတလှေချက် ဆိုတာလို) တော်တော်နဲ့ ကိစ္စမပြီးပဲ နောက်ကျ ကြန့်ကြာနေရတယ် တဲ့၊ အဲဒါဟာ အဋ္ဌကထာဆရာတွေရဲ့ ရှေ့နေလိုက်ချက်ပဲ။

အရှင်မောဂ္ဂလ္လာန်ကတော့ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်မှုကို ဥဒယ-ဝယညာဏ်နဲ့ တပေါင်းတစု ကလုံးတည်း ရှုမှတ်ပွားများလို့ မြန်မြန် ကိစ္စပြီးသွားတာတဲ့၊ ကဲ...အဲဒါ အနည်းငယ် တိုးချဲ့လိုက်တာပဲ၊ သဘောပေါက်ရဲ့လား။

ဒကာ။ ။သဘောပေါက်ပါပြီ ဆရာတော်၊ ရှင်ဘုရင်နဲ့ ဆင်းရဲသား ခရီးသွားသလိုပေါ့ ဘုရား၊ ဆင်းရဲသားက လွယ်အိတ်ကလေး ဘေးချိတ်လိုက်ရင် ပြီးတာပဲ၊ ရှင်ဘုရင်ကတော့ ဘယ်ဝင်း ညာဝင်း ရှေ့တပ် နောက်တပ်တွေ ချဲ့နေရတာနဲ့ မပြီးနိုင်တော့ဘူး။

---

## အနာထပိဏ် သဌေးကတော်ကြီး၏ နာမည် ဘယ်လိုခေါ်သလဲ ?

ဒကာ။ ။ဆရာတော်တို့ တရားဟောတဲ့အခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ် သဌေးကြီးက ဘယ်သို့ ဘယ်ညာ စသည်ဖြင့် သဌေးကြီးအကြောင်း ဂုဏ်ပုဒ်တွေ ချည်း ထုတ်ထုတ် ဟောသွားကြတာပဲ။

ပြီးတော့ အနာထပိဏ် သဌေးကြီး၏သား ကာလသတို့သားတို့ အကြောင်း၊ သဌေးကြီး၏ သမီးတော် စူဠသုဘဒ္ဒါတို့, မဟာ သုဘဒ္ဒါတို့ အကြောင်းတွေကိုသာ ဟောဟောသွားကြတာပဲ၊ သဌေး

သုဓမ္မဝတီ (က) ၁၀၄–၃၆

ကတော်ကြီးရဲ့ အကြောင်းဘော့ မဟောကြလို့ နာမည်ကိုတောင်မှ မသိကြရဘူး၊ဒါကြောင့် သဋ္ဌေးကတော်ကြီးရဲ့နာမည်ကို မေးရတာပါ ဆရာတော်။

ဆရာ။ ။အော် ... ဒါကတော့ တရားကြော ဒေသနာ ရေစီး ကြောင်းထဲ ဝင်လာတဲ့ အခါမျိုးမှာသာ ဟောကြတာ ပါလေ၊ ကဲ... နားထောင်။

အနာထပိဏ်သဋ္ဌေးကြီး ဇေတဝန်ကျောင်းတော်ကြီးကို အသုံး အဆောင်အားလုံး အပြည့်အစုံနှင့်တကွ ဆောက်လုပ်ပြီးလို့ မြတ်စွာ ဘုရားသခင်အား ကျောင်းတော်တင်ပွဲကြီး ဆင်နွှဲ ပေးလှူကြရန် အတွက် သံဃာတော်ပေါင်း များစွာနဲ့ ပင့်ဆောင်ပော် မူလာတဲ့ အခန်းမှာ....

(၁) ပသေနဒီ ကောသလမင်းကြီး၏ သမီးတော် သုမနာ မင်းသမီးသည် ခမည်းတော် ကောသလမင်းကြီး၏ ခွင့်ပြုချက်အရ အခြံအရံ သတို့သမီး ငါးရာနှင့်အတူ ရေပြည့်အိုး ပန်းနံ့သာ စသည်တို့ စွဲကိုင်ကာ မြတ်ဘုရားထံ လမ်းခရီးက ကြိုဆို၍ ကျောင်းတော်သို့ ပင့်ဆောင်ရန်အတွက် ရိုသေစွာ ရှိခိုးကြလျက် ပန်းနံ့သာ စသည်တို့ ဖြင့် ပူဇော်ပြီး၊ သင့်လျော်ရာ နေရာက ရပ်တည်နေကြစဉ် မြတ်စွာ ဘုရားက သုမနာမင်းသမီးအား တရားဟောတော်မူလိုက်ရာ သုမနာ မင်းသမီးနှင့်တကွ အခြံအရံ သတို့သမီးငါးရာတို့ပါ သောတာပတ္တိ မဂ်ဖိုလ်ရကြ၍ သောတာပန်တွေ ဖြစ်သွားကြတယ် တဲ့။

ဒါတင်မကသေးဘူး၊ ကြိုဆိုရေးအဖွဲ့များ ဖြစ်ကြတဲ့ အခြား သတို့သမီး ငါးရာတို့လဲ သောတာပန်တွေ ဖြစ်သွားကြပြန်တယ်တဲ့၊ ထို့အတူပဲ အခြားမာတုဂါမ အမျိုးသမီး မိန်းမကြီး ငါးရာတို့လဲ

သောတာပတ္တိဖိုလ်၌ တည်ကြပြန်ကုန်တယ်တဲ့၊ သူတို့လိုပဲ ဥပါသကာ ဒါယကာယောကျ်ား ငါးရာတို့ဟာလဲ သောတာပတ္တိဖိုလ်၌ တည်နေကြပြန်ကုန်၏ တဲ့။

ကဲ…မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတော်သို့ မရောက်သေးမီ လမ်းခရီးအကြားမှာပင် ကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီးနဲ့ အတူ သောတာပန် အရိယာပေါင်း (၂၀၀၀) နှစ်ထောင် ကျွတ်တမ်းဝင်သွားကြပြီ၊ အဲဒီ အရိယာနှစ်ထောင်တို့ဟာ မြတ်စွာဘုရားသခင်၏ ရှေ့တော်မှ နေရာယူကာ တန်းစီပြီး ကျောင်းတော်သို့ လိုက်ပို့ကြတယ် တဲ့။

(၂) အဲသည်နောက်မှ အနာထပိဏ်သဌေးကြီးက မိမိ၏ သားကိုလည်း အခြားသဌေးသား ငါးရာတို့နှင့်အတူတကွ အဆင်းအရောင် ငါးမျိုးရှိသော အဝတ်တန်းဆာတို့ကို တင့်တယ်စွာ ဝတ်ဆင်စေကာ တောက်ပပြောင်လင်း အရောင်တလက်လက် ထွက်နေသော အလံတံခွန် ငါးရာတို့ကို ကိုင်ဆောင်ကာ လိုက်ပါပို့ဆောင်စေတယ်တဲ့။

(၃) အဲသည်နောက်က အနာထပိဏ်သဌေးကြီး၏ သမီးများဖြစ်ကြတဲ့ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါတို့နှင့်အတူ အခြံအရံ သဌေးသမီးပေါင်း ငါးရာတို့က ရေပြည့်အိုးများ ရွက်ဆောင်ကြကာ လိုက်ပါပို့ဆောင်ကြတယ် တဲ့။

(၄) အဲသည် သဌေးသမီး ငါးရာတို့နောက်ကမှ အနာထပိဏ်သဌေးကတော်ကြီး ဖြစ်တဲ့ (ပုညလက္ခဏာဒေဝီ) ကလဲ ရတနာမျိုးစုံတို့ဖြင့် ဆင်ယင်ထုံးဖွဲ့ ဝတ်ဆင်ကာ အဖော် သဌေးကတော် ငါးရာတို့နဲ့အတူ နံ့သာခေမွှေးတို့နဲ့ ပြည့်လျှံကြိုင်လှိုင်နေသော ရွှေခွက်တွေကို

ပိုက်ကာ ပိုက်ကာ မြတ်စွာဘုရားသခင်အား ဇေတဝန်ကျောင်းတော်သို့ လိုက်ပါပို့ဆောင်ကြတယ် တဲ့။

(၅) ယင်းတို့အားလုံးရဲ့ နောက်ကမှ အနာထပိဏ်သဌေးကြီးက အကောင်းဆုံး သစ်လွင်တောက်ပဆုံးသော သဌေးဝတ်စုံတို့ကို ဝတ်ဆင်လျက် အခြားသဌေးပေါင်း ငါးရာတို့လဲ အသစ်စက်စက်ဖြစ်သော သဌေးဝတ်စုံတို့ကို ဝတ်ဆင်ကြကာ အတူတကွ မြတ်စွာဘုရားသခင်အား ဝပ်တွား ရိုသေစွာ ရှိခိုးကြပြီး ခရီးဦးကြိုဆို ပင့်ဆောင်လာကြတယ်တဲ့။

မြတ်စွာဘုရားသခင်သည် ယင်း ဖော်ပြပါအတိုင်း ပင့်ဆောင်သူ ဥပါသိကာ, ဥပါသကာ ပရိသတ်တို့ကို ရှေ့ကထားပြီး ရဟန်းတော်ပေါင်း များစွာတို့ ခြံရံကာ ကိုယ်တော်မြတ်၏ အသားတော်မှ ဝါရွှေသော ရောင်ခြည်အော်တို့ကို ထွက်စေလျက် အထူးထူးသော ဟောသစ်ပင်တို့ကို ရွှေရည်ဖြင့် ဆမ်းဖြန်းလိမ်းကျံ၍ ထားသကဲ့သို့ အတုမရှိဘင့်တယ်သော မြတ်စွာဘုရား၏ အသရေတော်ဖြင့် ဇေတဝန်ကျောင်းတိုက်တော်သို့ ဝင်ကြွတော်မူလေသည် တဲ့။

ကဲ...အဲဒီ ဇေတဝန်ကျောင်းတော်ကြီး ပေးလှူပွဲ တရားတော်ထဲမှာ အနာထပိဏ်သဌေးကတော်ကြီးလဲ ပါပါတယ်၊ သဌေးကတော်ကြီးရဲ့ နာမည်က (ပုညလက္ခဏာဒေဝီ)တဲ့၊ ရှင်းပြီလား။

**ဒကာ**။ ။ခုမှပဲ အနာထပိဏ် သဌေးကတော်ကြီးရဲ့ နာမည်ကို ရှင်းလင်း သေချာစွာ သိရတော့တယ် ဆရာတော်၊ ကျောင်းတော်တက်ခန်း တရားကလဲ ကောင်းလိုက်တာ, ဘုရား။

## သက္ကရာဇ်, သကရာဇ်, ကောဇာ, ဂေါဇာ ဘယ်ဟာက မှန်ပါသလဲ ?

**ဒကာ**။ ။ထိုထို ကျမ်းစာအုပ်တွေရဲ့ ခု–နှစ်–လ–ကို ရေးထိုး မှတ်သားကြရာမှာ တချို့ဆရာတွေက ''သက္ကရာဇ်''ဟု ရေးကြပါတယ်၊ တချို့ဆရာတွေကျတော့လဲ ''သကရာဇ်''ဟု ရေးပြန်ပါတယ်၊ တချို့ဆရာကတော့ ''ကောဇာ''တဲ့၊ ဆရာအချို့ကျတော့ ''ဂေါဇာ''တဲ့၊ ဘယ်ဟာကို အမှန်မူထားပြီးတော့ ရေးသားရမှာလဲ ဆရာတော်၊ မိန့်ကြားပါအုံး ဘုရား။

**ဆရာ**။ ။အင်း....ဒါတွေက လောကသင်္ကေတ ဝေါဟာရတွေပါ၊ တကျောင်း တဂါထာ၊ တရွာ တပုဒ်ဆန်း ဆိုတာလိုပေါ့၊ ဒီအကြောင်း အကျယ်သိချင်ယင် သမန္တစက္ခု ဒီပနီကျမ်း ဒုတိယတွဲမှာ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ဖြေဆိုထားတာ ရှိတယ်၊ အဲဒီထဲမှာ ရှာကြည့်ပေတော့။

**ဒကာ**။ ။မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီးရဲ့ လိုရင်း အဆုံးအဖြတ်ကလေးလောက်ကို အသည်းထဲမှာ မှတ်ကျောက်တင် ဖြေကြားရအောင် မိန့်ကြားပါအုံး ဆရာတော်၊ ဒကာကြီးတို့ဆီမှာ သမန္တစက္ခု ဒီပနီ စာအုပ်လဲ မရှိလို့ပါ ဘုရား။

**ဆရာ**။ ။မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီးရဲ့ နောက်ဆုံး နိဂုံးချုပ်၍ ဆိုလိုရင်း မှတ်ချက်ချတာကတော့—

ဒီ အရေးအသားမျိုးတွေကို ငါတို့ တွေ့ဘူးပါသည်၊ ကာလ ဒေသ အလျောက် သင်္ကေတ ပညတ်မျှ တွေ့သာဖြစ်၍၊အမှတ်အကွရာ မှားယွင်းခြင်းကြောင့် သံသရာပြစ်

ဟူ၍လဲ မတင်နိုင်ရာ၊ အကယ်တိ မှန်ကန်တယ် ဆိုစေဦး တော့ မဂ် ဖိုလ်ရကြောင်း သမ္မာဒိဋ္ဌိဉာဏ်ရဲ့ အာရုံလဲ မဟုတ်ပါ၊ အဲဒါကြောင့်မို့ ကိုယ်ကြိုက်သလို လျှော်ရာ ကိုသာ ရေးကြစေ တဲ့။

ကဲ....အဲဒါဟာ မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီးရဲ့ အလွန် နှစ်သက်စရာ ကောင်းတဲ့ လျှော်ကန် သင့်မြတ်သော လိုရင်းအဆုံး အဖြတ်ပဲ၊ ဒီပဉ္စာဟာ အလယ်တောရ အရှင်ဇဝနတိက္ခ ဆရာတော် လေး ဆွေးနွေးတယ်လို့ မှတ်သားမိတယ်။

ဒကာ။ ။ဒီလိုသိရတာ ဝမ်းသာလှပါတယ် ဆရာတော်၊ ငြင်းခုံ ဖို့လဲ မလိုတော့ဘူးပေါ့၊ နိဗ္ဗာန်ရောက်ကြောင်းတရားမှ မဟုတ်တာပဲဟာ။

---

## ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်၏ ဘွဲ့တော်များ ?

ဒကာ။ ။ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ဟာ ကထိန်တရားတော်နှင့် စပ်ရင် တော်တော့ကို ထင်ရှားစွာ ဟောကြားကြပါ တယ်၊ ဒါပေမင့် ဘွဲ့တော်ကိုတော့ အသီးအသီး မဖော်ပြပဲ တပေါင်း တည်း ဟောကြားနေကြတာ သူတို့မှာ နာမည်ဘွဲ့တော် မရှိလို့လား ဆရာတော်။

ဆရာ။ ။အင်း....တော်တော် ကြံကြံဖန်ဖန် ရှာရှာဖွေဖွေ မေးတဲ့ ဒကာကြီးတွေပဲ....နော်၊ အဲဒီ ကထိန်တရားဟောတဲ့ ဆရာတော်တွေကို မေးလိုက်ပါတော့လား။

**ဒကာ။** ။ဟာ....ဒီလိုလဲ ဘယ်မှာ မေးဝံ့ပါမလဲ ဘုရား၊ ကိုယ်နဲ့ အကျွမ်း တဝင် ရှိတာမှ မဟုတ်တာ၊ ပရိသတ်ထဲ အော်လိုက် ငေါက်လိုက်ရင် ခံရမှာ ဆရာတော်။

**ဆရာ။** ။အင်း....ဒီကလဲ သူတို့နာမည် တပါးစီ တပါးစီ သီးခြား ကိုတော့ မတွေ့ဖူးဘူးပဲ၊ စုပေါင်းပြီး ဘဒ္ဒဝဂ္ဂီ မင်းသား ညီနောင် သုံးကျိပ်လို့ ပါဠိ အဋ္ဌကထာတွေမှာ လာတာပဲ၊ ဒကာကြီး တို့ရ။

**ဒကာ။** ။ဘာဖြစ်လို့ ဘဒ္ဒဝဂ္ဂီခေါ်တာလဲ၊ ဘယ်မင်းကြီးရဲ့ သား တွေလဲ၊ တပည့်တော်တို့ မှတ်သားရအောင် တိုတို ကျဉ်းကျဉ်းနဲ့ ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။ဘဒ္ဒ=ဆိုတာက စိတ်နေ သဘောထား ကောင်းမြတ် ကြတယ်တဲ့၊ စိတ်သဘောထား ကောင်းသလိုပဲ ရုပ်ရေ အဆင်းလဲ လှပတင့်တယ်ခြင်း ရှိကြတယ်တဲ့၊ အကုန်လုံး ရုပ်ချော သဘောကောင်းတွေချည်းပဲ။

ဝဂ္ဂီ=ဆိုတာက၊ သူတို့ဟာ အစုလိုက် အပြုံလိုက် အသင်းလိုက် အဖွဲ့ လိုက်နဲ့ လှည့်လည် သွားလာ နေထိုင် ပျော်ပါးတတ်ကြတယ် တဲ့၊ အဲဒါကြောင့် ဘဒ္ဒ-ဝဂ္ဂီ ခေါ်တယ်။

သူတို့အားလုံးဟာ ကောသလမင်းကြီးနဲ့ အဖေတူ အမေကွဲ ညီအစ်ကိုတော်စပ်တဲ့ မင်းသားတွေ ဖြစ်ကြတယ်တဲ့။

သူတို့နေတာက ကောသလတိုင်းကြီးရဲ့ အနောက်ဘက်ကျတဲ့ ပါဝေယျပြည်နယ်၌ အနေအထိုင် များကြတယ်။

သူတို့ရဲ့ စုပေါင်းမိပုံ ပါရမီကုသိုလ်ကတော့ ဆက္ကနိပါတ် တုဏ္ဍိလ ဇာတ်တော်မှာ လာတဲ့အတိုင်း၊ သူတို့တတွေဟာ သေသောက်ကြူး အရက်သမားသုံးကျိပ် ဖြစ်ကြတယ်၊ အဲဒီအခါမှာ ဘုရားအလောင်း တော် မဟာတုဏ္ဍိလဝက်မင်းက ဆုံးမဩဝါဒပေးကာ တရားပြလို့ သုံးကျိပ်စလုံး ကြားနာ ယုံကြည်ကြလျက် ငါးပါးသီလကို မပျက် အောင် လုံခြုံစွာ စောင့်ထိန်းကြတယ်။

အဲဒီ ငါးပါးသီလ စောင့်ထိန်းကြခဲ့တဲ့ ကုသိုလ်ကံဟာ သူတို့ သုံးကျိပ်လုံးအတွက် ဘဝသံသရာ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, အနာရောဂါကင်းခြင်း, အမျိုးမြတ်ခြင်းစတဲ့ အကျိုးထူးချမ်းသာတွေ ခံစံရရုံမျှမကပဲ ယခုဘဝမှာလဲ တပေါင်းတစုတည်း မင်းသားတွေ ဖြစ်ပြီး ရဟန်းဘဝကို အတူရယူကြကာ သစ္စာလေးပါး အမြတ် တရားကိုလဲ တပေါင်းတစုတည်း ထိုးထွင်းသိမြင်ကြဖို့ရာ အဲဒီ ငါးပါး သီလဟာ အကြောင်းကံ ဥပနိဿယ ပါပဲ တဲ့။

ယင်း...ဘဒ္ဒဝဂ္ဂီညီနောင် မင်းသားသုံးကျိပ်လုံးဟာ ကပ္ပါသိက- မည်တဲ့ တောအုပ်ထဲ သွားကြပြီး မိန်းမတွေနဲ့ သေရည်သောက်စား ပျော်ပါးရင်း မြတ်စွာဘုရားနှင့် တွေ့လို့ တရားနာကာ သူတို့ စောင့်ထိန်းခဲ့ဘူးတဲ့ ငါးပါးသီလ ကုသိုလ်တော် ပါရမီဓာတ်ခံ အလျောက် ရဟန်းပြုချင်တဲ့စိတ်တွေ ပေါ်ပေါက်ကြလျက် သုံးကျိပ် စလုံးပဲ မြတ်စွာဘုရားထံမှာ ဧဟိဘိက္ခု-ရဟန်းအပြုကို ခံယူတော် မူကြရလို့ မထေရ်မြတ်ကြီးတွေ ဖြစ်ကုန်ကြတယ်တဲ့။

ထိုဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်သော မထေရ်မြတ်တို့သည် ကောသလတိုင်းကြီး၏ အနောက်ပိုင်း ပါဝေယျပြည်နယ်၌သာ အနေများ ကြသောကြောင့် ထိုထို ပါဠိတော် အဋ္ဌကထာတို့၌ ''ပါဝေယျက''

မထေရ်များဟုသာ ပါရှိတာကို တွေ့ရတယ်၊ အမည်နာမ ကိုယ်စီနဲ့ တော့ အသီးအသီး ဖော်ပြတာ သတိမထားမိဘူး၊သူတို့ကိုအကြောင်း ပြုပြီးတော့ ကထိန်သင်္ကန်းပေးလှူမှုကို မြတ်စွာဘုရား ခွင့်ပြုတော်မူ ခဲ့တာ ဖြစ်တယ်၊ ဒါထက် တိုကျဉ်းလို့တော့ မရတော့ဘူး၊ အဲဒါပဲ မှတ်ကြပေတော့၊ သူတို့ရဲ့ဘွဲ့တော်တွေ သိချင်သေးရင် အဂ္ဂမဟာ ပဏ္ဍိတ် ဆရာတော်ကြီးတွေထံ သွားမေးကြပေတော့၊ ဒီကတော့ ဒါပဲ သိတယ်။

**ဒကာ။** ။ဒီလို အစုံအလင်ကို တိုတိုလေးနဲ့ သိရလို့ ဝမ်းသာလှ ပါတယ် ဘုရား၊ ငါးပါးသီလ တန်ခိုးဟာ တယ်လဲ ကြီးကျယ်ပါလား ဆရာတော်၊ တခြားဆရာတော်များထံ သွားမေး မှုလဲ မပြုတော့ပါဘူး ဘုရား။

---

## လူအမျိုးသမီးထဲက ရှေးဦးစွာ အရိယာဖြစ်သူ

**ဒကာ။** ။ဘုရား သာသနာတော်မှာ လူအမျိုးသားထဲကတော့ ရှင်ကောဏ္ဍညမထေရ်ဟာ ရှေးဦးစွာ အရိယာဖြစ်တယ် လို့ သိမှတ်ရဘူးပါတယ်၊ လူအမျိုးသမီးထဲက ဘယ်သူဟာ ရှေးဦးစွာ အရိယာအဖြစ်ကို ရယူသွားပါသလဲ ဆရာတော်။

**ဆရာ။** ။ရာဇဂြိုဟ်မြို့သူ မင်းမျိုး မင်းနွယ်ဖြစ်သော ကာဠီအမည် ရှိတဲ့ အမျိုးသမီးဟာ လူသားအမျိုးသမီး မိန်းမ အပေါင်းတို့တွင် ရှေးဦးစွာ သောတာပတ္တိမဂ်ဖိုလ်ရ၍ သောတာပန် အရိယာ ဖြစ်သောကြောင့် အမျိုးသမီး အပေါင်းတို့၏ အကြီးဆုံး အစ်မကြီး ဖြစ်တယ်တဲ့။

**ဒကာ**။ ။သူက ဘုရားမြတ်ထံမှာ ဘာတရားတော်ကို နာရလို့ သောတာပန် ဖြစ်သွားတာလဲ ဆရာတော်၊ ရှင်းပြပါဦး ဘုရား။

**ဆရာ**။ ။ဟာ သူ့ပါရမီက အတော်ထူးတာ၊ မြတ်ဘုရားကိုလဲ ဖူးတွေ့ရတာ မဟုတ်ဘူး၊ ဘုရားဟောတော်မူတဲ့ တရားကိုလဲ နာယူရတာ မဟုတ်ဘူး။

သောဏကုဋိကဏ္ဏ မထေရ်မြတ် အလောင်းဖြစ်တဲ့ သတို့သား ကိုယ်ဝန်အရင့်အမာ ဖွားအံ့ဆဲဆဲ၏ ပင်ပန်းဆင်းရဲကို ပယ်ဖျောက် သက်သာယူရန် ညအခါ လ,သာသာ ပြာသာဒ်ထက်၌ လေညှင်းခံ ရှုရှိုက်နေတုန်းမှာ မိုးထက်ကောင်းကင်က သာတာဂိရနတ်မင်းကြီးနဲ့ ဟေမဝတနတ်မင်းကြီး နှစ်ပါးတို့ မြတ်စွာဘုရားရှင်၏ ဘုရားအစစ် လက္ခဏာတော်များနဲ့ ဘုရားရှင်တို့၌ရှိထိုက်တဲ့ ကျေးဇူးတော် ဂုဏ်တွေ ကို ဟေမဝတ နတ်မင်းက မေးလိုက် သာတာဂိရ နတ်မင်းကဖြေလိုက်နဲ့ နတ်မင်းကြီးနှစ်ပါး ဘုရားအကြောင်းကို ဆွေးနွေးနေကြတယ်။

အဲဒီ **အမေး** အဖြေ ဂုဏ်တော် ကျေးဇူးတော် များစွာတို့ကို ကြားနာရင်းနဲ့ ဘုရားကို ကြည်ညိုတဲ့ သဒ္ဓါစိတ်တွေ ယိုဖိတ်ကာ နှစ်သက်မှု ပီတိတွေဖြစ်လျက် နီဝရဏတရားတွေ ပယ်ခွါပြီး ဝိပဿနာ တရား ပွားများခြင်းပြုရင်းပင် သောတာပတ္တိ မင်္ဂဖိုလ်ကို မတ်တတ် ရပ်လျက်နဲ့ ရရှိသွားလေ၏တဲ့၊ အကျယ်သိချင်ယင် သာတာဂိရနဲ့ ဟေမဝတ နတ်စစ်သူကြီးတို့ ဝတ္ထု၌ ကြည့်ပေတော့၊ ဒါပဲ၊ ကာဠီ အမျိုးသမီးကြီးတဲ့။

**ဒကာ**။ ။ဒါလောက်သိရတာ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ သူဟာ အမျိုးသမီးထဲမှာ အစဦး အရိယာမကြီးပဲပေါ့။

## တရားတော်မြတ်၏ ကောင်းခြင်းသုံးပါးဟာ ဘာတွေ ဘယ်လိုကောင်းတာလဲ ?

**ဒကာ**။ ။သွာက္ခာတော ဘဂဝတာ ဓမ္မော– ဟူသော မြတ်စွာဘုရားသခင်၏ အဆုံးအမ တရားတော်၌ ကောင်းခြင်း သုံးပါး ရှိတယ်ဆိုတာ ဘယ်တရားတွေ ရှိပြီး ဘယ်လိုကောင်းတာပါလဲ ဆရာတော်။

**ဆရာ**။ ။မြတ်စွာဘုရားသခင်၏ အဆုံးအမတော် ခေါ်တဲ့ သာသနာတော်ဟာ အာဒိကလျာဏ, အစ၏ကောင်းခြင်း၊ မဇ္ဈေကလျာဏ, အလယ်၏ကောင်းခြင်း၊ ပရိယောသာနကလျာဏ, အဆုံး၏ကောင်းခြင်းနဲ့ ပြည့်စုံတယ်တဲ့၊ မြတ်စွာဘုရား၏ တရားမြတ်ကို လိုက်နာ ကျင့်ကြံ အားထုတ် ပွားများသူများအတွက် သည့်လို ရရှိခံစားရပုံကို ဆိုတာ။

(၁) သီလစောင့်ထိန်းသူသည် အစ၏ ကောင်းခြင်း မည်၏။

(၂) သမထ ဝိပဿနာနှင့် မဂ်လေးပါးကား အလယ်၏ ကောင်းခြင်းမည်၏။

(၃) ဖိုလ်လေးပါးနှင့် နိဗ္ဗာန်သည် အဆုံး၏ ကောင်းခြင်း မည်၏ တဲ့။

### နောက်တနည်း

(၁) သီလနဲ့ သမာဓိတို့သည် အစ၏ ကောင်းခြင်းပဲ တဲ့။

(၂) ဝိပဿနာလုပ်ငန်းနဲ့ မဂ်ဉာဏ်တို့သည် အလယ်၏ ကောင်းခြင်းပဲ တဲ့။

(၃) ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဟာ အဆုံး၏ ကောင်းခြင်းပဲ တဲ့။

## နောက်တနည်း

(၁) သီလ,သမာဓိ,ဝိပဿနာတို့ဟာ အစ၏ကောင်းခြင်း။

(၂) မဂ်လေးပါးဟာ အလယ်၏ကောင်းခြင်း။

(၃) ဖိုလ်လေးပါးနဲ့ နိဗ္ဗာန်ဟာ အဆုံး၏ ကောင်းခြင်းတဲ့။

ပိဋကတော်မှာ ဒါထက်ပိုပြီး မရှိတော့ဘူး၊ ဒါအစုံပဲ။

ဒကာ။ ။အားရ ကျေနပ်လှပါတယ် ဆရာတော်၊ ဒီသုံးပါးကို တတ်နိုင်သမျှ ကျင့်ကြံပါမည် ဘုရား။

---

## ပုထုဇဉ်ဘဝနဲ့ ကိလေသာစိတ် လုံးဝမဖြစ်အောင် တားဆီးလျက် ရဟန္တာ ဖြစ်သွားသူ ?

ဒကာ။ ။ဗုဒ္ဓသာသနာတော်မှာ ပုထုဇဉ်ဘဝနဲ့ ကိလေသာ ကာမ ဂုဏ်စိတ် လုံးဝ ဘိတ်မရှိ မဖြစ်ပေါ်စေရပဲ တရားဓမ္မကို အပြင်းအထန် ကြိုးစား အားထုတ်ကာ မင်ဖိုလ်ကို ရသွားသူများ ရှိပါသလား ဆရာတော်။

ဆရာ။ ။အင်း....ရှိတယ်၊ ဒါပေမင့် ဒီအကျင့်စားမျိုးက အလွန် အမင်း ပြင်းထန်လွန်း၍ ဘုရားတဆူမှာ တပါးမျှသာ ကျင့်နိုင်သူ ပေါ်ထွန်းတော်မူတယ်လို့ ကျမ်းဂန်များမှာ ပါရှိတယ်။

ဒကာ။ ။အဲဒီ.... ပုဂ္ဂိုလ်ထူးနဲ့ အကျင့်တရား အမည်များကိုလဲ တပည့်တော်တို့နားလည်ရုံမျှ မိန့်ကြားပါ ဆရာတော်။

ဆရာ။ ။ခု....ဂေါတမ မြတ်စွာဘုရား သာသနာတော်မှာ အဲဒီ ပုဂ္ဂိုလ်ထူးက "အရှင်နာလက" ထေရ်တဲ့၊ အကျင့်တရား ကတော့ "မောနေယျ" အကျင့်မြတ် တရား တဲ့။

ဒကာ။ ။မောနေယျဆိုတာက ဘာကိုခေါ်တာပါလဲ ဆရာတော်၊ အဲဒီ အဘိဓာန်ပုဒ်ကို ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။မောနေယျ ဆိုတာ မုနိတို့၏ သိကောင်းစရာ တရားများကို ဇွဲဝီရိယအပြင်းအထန်ဆုံးသူမတူအောင်ကြိုးစား အားထုတ် သိအောင်လုပ်လို့ ရလာတဲ့ မဂ်လေးပါး တရားတော်မြတ်ကို "မောနေယျ"လို့ ခေါ်ဆိုတယ်။

အဲဒီ မဂ်လေးပါးကိုရအောင် ပုထုဇဉ် အချိန်ကာလကစ၍ ကာမ ဂုဏ်ကိလေသာစိတ် တစိတ်ကလေးမျှ လုံးဝမဖြစ်ရအောင် ပြင်းထန်တဲ့ လုံ့လ ဝီရိယ ဇွဲ အကောင်းဆုံးနဲ့ တားဆီးပြီးတော့ကာ ငင်ပန်း ဆင်းရဲစွာ ကျင့်ကြံအားထုတ်ရသော တရားမြတ်ဖြစ်၍ လူသာမန်တို့ ကျင့်နိုင်ခဲ ဖြစ်စေနိုင်ခက်သော အကျင့်မြတ်ကို (မောနေယျ ပဋိပဒါ) မောနေယျ အကျင့်လို့ ခေါ်တယ်၊ အကျယ်သိချင်ရင် တိကင်္ဂုတ္တရ ပါဠိတော်-၂၇၆-နဲ့ အဋ္ဌကထာ- ၂၃၅- တို့မှာ ရှာကြည့်ပေတော့၊ အတော် စိတ်ဝင်စားစရာ ကောင်းတယ်။

ဒကာ။ ။ဒါလောက် သိရတာကိုပဲ ဝမ်းသာ ကျေနပ်လှပါတယ် ဆရာတော်၊ အလွန်ခက်ခဲတဲ့ အကျင့်တရား ပါလား ဘုရား။

## ပစ္စေကဗုဒ္ဓါသည် ရဟန်းပြုပေးနိုင်သလော ?

**၁၈၁။** ။ပစ္စေက ဗုဒ္ဓါတို့သည် သစ္စာလေးပါးကို မိမိဘာသာ ဆရာမရှိပဲ ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်စွမ်းရှိပါသော်လဲ သူတပါးအား ဟောပြခြင်းငှာ မစွမ်းနိုင်တဲ့အကြောင်း ဆရာတော် ပြောပြပေးလို့ သိရပါပြီ။

အကယ်၍ ရဟန်းပြုလိုသော အမျိုးကောင်းသားများ ရှိခဲ့သော် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ရဟန်းပြုပေးနိုင်ပါသလား ဘုရား၊ ပိဋက တော်မှာ ညွှန်ကြားချက်များ တွေ့ဘူးပါသလား ဆရာတော်။

**ဆရာ။** ။အင်း....ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့က ရဟန်းပြုပေးတဲ့ အကြောင်းကို ပိဋကတော်မှာ လာရှိတာ တွေ့ဘူးပါ တယ်၊ ဇာတ်ကွက် ဇာတ်သွားကတော့ သခ်ပုဏ္ဏားကြီး သားအဖ၏ ဝတ္ထုကြောင်းပဲ။

ရှေးသရေအခါ တက္ကသိုလ်ပြည်ကြီးမှာ သခ်အမည်ရှိ သော သူကြွယ်ပုဏ္ဏားကြီးတယောက်၌ သုသိမခေါ်တဲ့ တဆယ့်ခြောက်နှစ်အရွယ်မြောက်သော သားတယောက် ရှိတယ်တဲ့။

သုသိမသည် ဖခင်ကြီးထံ ဗာရာဏသီပြည် ဤမည် သော ပါမောက္ခဆရာကြီးထံ ပညာများသွားရောက် ကာ သင်ကြားဖို့အရေး အခွင့်ပေးပါရန် တောင်းပန် တယ်တဲ့။

ဖခင် သခ်ပုဏ္ဏားကြီးကလဲ ဝမ်းသာစွာဖြင့် အင်း.... ပါမောက္ခ ဆရာကြီးဟာ ငါ၏ သူငယ်ချင်းပဲ၊

သွားတော်သွားရောက် သင်ကြားနိုင်ပါတယ်၊ပါမောက္ခ ဆရာကြီးထံရောက်ရင် တက္ကသိုလ်ပြည် သင်္ခပုဏ္ဏားကြီးရဲ့ သားအရင်းပါလို့ ပြောကြားလေဟု ငွေတထောင် ပေးကာ သုသိမကို စေလွှတ်လိုက်တယ် တဲ့။

သုသိမဟာ မိဘနှစ်ပါးကို ရှိသေစွာနဲ့ ရှိခိုးဦးချပြီး တက္ကသိုလ်ပြည်မှ ထွက်လာလိုက်တာ ဗာရာဏသီပြည် ရောက်တော့ တပည့်ကောင်းတို့ ကျင့်သုံးလိုက်နာ ဝတ် ပြုရမည့် စည်းကမ်းဥပဒေသအတိုင်း ပါမောက္ခဆရာကြီး ထံဝင်ရောက် ချဉ်းကပ်ကာ ရှိသေစွာရှိခိုးလျက် မိမိသည် တက္ကသိုလ်ပြည် သင်္ခပုဏ္ဏားကြီး၏ သားဖြစ်ကြောင်းစတဲ့ သတင်းစကားများကို ရှိသေစွာ အပြည့်အစုံ တင်ပြ ပြောကြားလိုက်တဲ့ အခါ ပါမောက္ခ ဆရာကြီးကလဲ အင်း....မင်းဟာ ငါ့သူငယ်ချင်းရဲ့ သားပဲဟု သုသိမ လုလင်ကို ဧည့်ဝတ် အပြည့် အစုံပေးကာ လက်ခံလိုက် တယ် တဲ့။

အဲဒါနဲ့ သုသိမလဲ ခရီးပန်းမှုများကို ပယ်ဖျောက် ငြိမ်းအေးစေကာ ပါလာသောငွေတထောင်ကိုပါမောက္ခ ဆရာကြီး၏ ခြေရင်း အနီးမှာချထားပြီး အတတ်ပညာ များ သင်ကြားပေးခွင့် တောင်းခံတဲ့အခါ ဆရာကြီးက ခွင့်ပြုလျက် အတတ်ပညာစုံ သင်ကြားပေးတယ် တဲ့။

သုသိမ လုလင်ဟာ ပါရမီရှင်ပီပီ များပြားသော အတတ်ပညာတို့ကို ကြိုးစားကာ သင်ယူလျက် မပျောက် ပျက် မမေ့မလျော့စေပဲသူတပါးတို့တဆယ့်နှစ်နှစ်ကြာမျှ

သင်ကြားရသော အတတ်ပညာမျိုးစုံကို နှစ်လကျော် သုံးလတည်းနဲ့ တတ်အောင် သင်ယူလိုက်တယ် တဲ့။

သည့်နောက် သင်ယူပြီးသား ဝေဒကျမ်း (ဗေဒင်ကျမ်း)များကို ရွက်အံသရဇ္ဈာယ်ရင်း စဉ်းစားဝေဖန်သောအခါ အစနဲ့ အလယ်ကိုသာ တွေ့မြင်ရ၍ အဆုံးကိုကား မတွေ့မြင်ပဲသာ ဖြစ်နေတော့၏ တဲ့။

ယင်းကို မကျေနပ်သော သုသိမက အို...ဆရာကြီး ဝေဒကျမ်းညွှန်းပညာဟာ အစနဲ့အလယ်ကိုသာ တွေ့ရပြီး အဆုံးကို မတွေ့ဖြစ်နေပါတယ်ဟု မေးမြန်းရာ၊ ဆရာကြီးက အေး...ဆရာလဲ တပည့်ကဲ့သို့ပင် အဆုံးကို မတွေ့မြင်ရချေဟု ပြောကြားတယ် တဲ့။

သုသိမက ဆရာကြီး ထိုသို့ဖြစ်လျှင် အဆုံးကိုသိသောသူများထံ တပည့်အား ညွှန်ကြား ပေးပါလောဟု ပြောကြားသော အခါ ဆရာကြီးက တပည့် သုသိမ ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင်ကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ဟာ ဤအတတ်ပညာ၏ အဆုံးကို သိကောင်း သိနိုင်ကြရာ၏ဟု ပြောကြားသော အခါ သုသိမ လုလင်သည် ဆရာကြီး သို့ဟုပြီးကား ယင်း ပစ္စေကဗုဒ္ဓါတို့ထံ အကျွန်ုပ်ကို သွားခွင့်ပြုပါဟု ခွင့်တောင်းပြီး သွားတော့၏ တဲ့။

သုသိမလုလင် ပါရမီရှင်သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ထံသို့ ရောက်သောအခါ ရိုသေစွာ ရှိခိုးချဉ်းကပ်လျက် အရှင်မြတ်တို့သည် "အစ, အလယ်, အဆုံးကို

သိတော်မူကြပါကုန်သလော'' ဟု မေးလျှောက်သော အခါ အိမ်း....သိပါကုန်၏ သုသိမ....ဟု မိန့်ကြားတော် မူကြ၍၊ အဆုံးကို သိနိုင်တဲ့ အဲဒီ အတတ်ပညာကို တပည့်တော်ကို သင်ကြား ပေးတော်မူကြပါဘုရား ဟု လျှောက်ထားတယ် တဲ့။

ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ဒါယကာ သုသိမ ရဟန်းမျှားသာ ဤအတတ်ပညာကို သင်ယူ နိုင်ကောင်းသည်၊ သင်သည် ရဟန်းပြုလောဟု မိန့်ဆို ကြတယ် တဲ့။

သုသိမသည် ယင်းအတတ်ပညာကို လွန်စွာလိုလား နေရကား ကောင်းပါပြီ၊ အရှင်ဘုရားတို့ အလိုရှိသလို ပြုတော်မူကြပြီးလျှင် ထိုပညာ၏အဆုံးကိုသာ သင်ကြား ပေးတော်မူကြပါဟု မိမိကိုယ်ကို အပ်နှင်းလိုက်တယ် တဲ့။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် သုသိမ လုလင်ကို ရဟန်းပြုပေးပြီးလျှင် (ကမ္မဋ္ဌာန်းတရားကိုကား ဟော ကြားပြသပေးတတ်သော ဓမ္မတာမဟုတ်သောကြောင့်) သင်သည် သင်းပိုင်ကို သည်လို အဝန်းညီစွာဝတ်၊ အပေါ် ရုံကို သည်လိုတင် စသည့် အဘိသမာစာရိက သီလမျှကို သာ သင်ကြားညွှန်ပြပေးကြတယ် တဲ့။

ဤသို့လျှင် ရဟန်းသစ် သုသိမသည် ပစ္စေကဗုဒ္ဓါ အရှင်တို့သင်ကြားပြသပေးကြသည့်ဝတ်ပုံ,စားပုံ,နေထိုင် ပုံ စသည့် အဘိသမာစာရိက သီလကို ရိုသေစွာလိုက်နာ ပြုကျင့်ကာနေစဉ် ပစ္စေကဗောဓိဉာဏ်ကို ရနိုင်သည့်

သုဓမ္မဝတီ (က) ၁၇၄-၃၇

ပါရမီကံနှင့် ပြည့်စုံသူဖြစ်၍ မကြာမြင့်မီပင် ပစ္စေက
ဗောဓိဉာဏ် ရရှိကာ ဗာရာဏသီတပြည်လုံး ကျော်ကြား
လျက် လာဘ်လာဘ အခြံအရံ တပည့်ဒကာတွေ ပေါ
များ၍ အလွန်အမင်း ကျော်ကြား ထင်ရှားသော
ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတပါး ဖြစ်သွားလေတော့
သတည်း တဲ့။

ကဲ... အဲဒါဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက ရဟန်းပြုပေး လိုက်တဲ့ သုသိမ ရဟန်းဖြစ်ပုံ အကြောင်းပါပဲ။

**ဒကာ။** ။ဝတ္ထုကြောင်းနဲ့ အတူ ထင်ရှားစွာ ဖေါ်ပြပေးလို့ ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဒကာကြီးတို့ ဗဟုသုတတွေ တိုးလိုက်တာ ဘုရား။

---

## ရဟန္တာများဟာ လောကီရေးရာတို့ကို လေ့လာလိုက်စား ပြုလုပ်ကြသေးသလား?

**ဒကာ။** ။အာသဝေါ ကင်းကွာတဲ့ ရဟန္တာ အရှင်မြတ်များဟာ လောကီရေးရာဖြစ်တဲ့ လုပ်ငန်းရပ် အမျိုးမျိုးတွေထဲမှာ ဝင်တိုးလုပ်ကိုင် ပြုင်ဆိုင်လုယူခြင်းများ ရှိပါသေးသလား ဆရာတော်။

**ဆရာ။** ။သည်အမေးပုစ္ဆာက ရဟန္တာ အရှင်မြတ်ကြီး ဖြစ်နေလို့ အရာကျယ်လှတယ်၊ ပုစ္ဆာဆိုတာ စိတ်ကူး စိတ်သန်းနဲ့ မှန်းဆမေးတာမျိုးလဲ ရှိတယ်၊ အဟုတ်တကယ်ဖြစ်ပုံကို မျက်မြင်တွေ ကြုံဘူးလို့ မေးတာမျိုးလဲ ရှိတယ်၊ ဒကာကြီးတို့အမေးက ကိုယ်တွေ့ မျက်မြင်လား၊ စိတ်ကူးယဉ် ပုစ္ဆာလား။

ဒကာ။ ။ဒါကတော့ ကိုယ်တွေ့ဒိဋ္ဌကို ထုတ်ဆောင်မေးတာပါ ဆရာတော်၊ တပည့်တော်များ ကိုးကွယ် ဆည်းကပ်နေတဲ့ ကျောင်းတိုက်ကြီး တခုထဲမှာ ပုဂ္ဂိုလ် တပါးက သူဟာ အာသဝေါ ကုန်ခန်း ရဟန်းကိစ္စ ပြီးပြီဆိုတဲ့ သတင်းစကားတွေ ကြားသိရလို့ ဒကာများက သွားရောက် ဆွေးနွေး မေးမြန်းကြရာ အရဟတ္တဖိုလ်ရောက်ပြီးကြောင်း ကိုယ်တိုင်ခံဝန်ချက်များအရ သူ၏ ရုပ်ပုံနှင့်တကွ သတင်းစာက လူသိနတ်ကြား ရေးသား ချီးကျူး သတင်းတွေ ထည့်ပေးလိုက်လို့ ကျော်ကြားထင်ရှားကာ ဒကာ ဒကာမတွေ ဝိုင်းဝိုင်းလည် ပူဇော်ပသကြ သိက္ခာတွေ အကြိမ်ကြိမ် အထပ်ထပ် မပြတ်အောင် တင်ကြနဲ့ လူအများ၏ ပူဇော်အထူးကို ခံယူတော်မူနေတဲ့ ရဟန္တာအရှင်မြတ်ကြီးက ဒကာကြီးတို့စီးပွားရေး အရောင်းအဝယ်များကော ကောင်းကြရဲ့လား၊ အခု ဘာတွေ ရောင်း ဝယ်နေကြသလဲ၊ ဘယ်ကုန်တွေတော့ ရောင်းသွက်တယ်လို့ ကြားရတယ်၊ တိုင်းရေး ပြည်ရေးကကော ဘယ်လိုလဲ၊ ဘယ်သူ့ကို ဖမ်းသွားတယ်ဆိုတာ ဟုတ်သလား၊ အထူးသတင်းလေးများရှိရင် ပြောပြပါ အုံး စတဲ့ လူမှုရေးရာ လောကီအလုပ်တွေနဲ့သာ ဝင်ရောက်ရှုပ်ထွေး နေလို့ တရားစွဲခံရ၊ လူ ရှုံးတွေ ရောက်လာတာကို ဒကာကြီး ကိုယ် တွေ့မို့ မေးရတာပါ ဘုရား။

ဒါကြောင့် စာပေ မသိမတတ်သေးတဲ့ ဒကာကြီးတို့လို လူသား များ၏ အကျိုးတရားကို ငဲ့ညှာသနားသဖြင့် ရဟန္တာအစစ် ဖြစ်သူ များဟာ မိမိကိုယ်ကို လူသိရှင်ကြား ရဟန္တာပါလို့ သတင်းစာထဲက ကြေငြာခြင်း၊ ပုထုဇဉ်တို့ လုပ်ငန်းရပ်ထဲ ပါဝင်ရောစွက် လုပ်ကိုင် ခြင်းတို့ ပြုကောင်း, မပြုကောင်းများကို ယထာမှန်ကျကျ ဒကာကြီး တို့ နားလည်အောင် အဖြေစကား မိန့်ကြားတော်မူပါ ဆရာတော်။

ဆရာ။ ။ဒကာကြီးတို့ ပုစ္ဆာက ပုထုဇဉ် ရဟန်းတော်များ၏ လုပ်ငန်းထဲ ရဟန္တာက ပါဝင်နေလို့ တော်တော့်ကိုပဲ စဉ်းစားစရာ ဖြစ်နေတယ်၊ ကဲ.. ပိဋကတော်စာပေမှာ လာတဲ့အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျနဲ့ပဲ နောင်လာနောက်သားတို့လဲ မှတ်သားနည်းယူကြဖို့ စိတ်ထားနဲ့ ဖြေကြားပေးပါမည်လေ။

သမ္မာသမ္ဗုဒ္ဓ သာသနာတော်၌ ရဟန်းပြုသော အမျိုးကောင်းသားသည် ရဟန်းကိစ္စ ပဓာနအလုပ်ကို အားထုတ်လို့ အရဟတ္တဖိုလ်သို့ ရောက်ဘာ ရဟန္တာကြီးဖြစ်သော ကာလမှစ၍ လောကီရေးရာ ပုထုဇဉ်တို့ အလေ့အလာ အလုပ်ကိစ္စတို့ကို လျစ်လျူရှုမြဲ ဓမ္မတာမို့ မိမိရရှိပြီးသော အရဟတ္တဖိုလ်တရားဖြင့်သာ ငမ္ဘလျော်ကာ နေလေ၏–

လို့ ပိဋကတော်မှာ လာရှိတာ တွေ့ရတယ်၊ သာဓကဝတ္ထုကြောင်းများကတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားထံ အမတ်ကြီးများကို စေလွှတ် အပင့်ခိုင်းတဲ့ ဗုဒ္ဓဝင်အခန်း ကဏ္ဍတခုထဲမှာ....

မှူးကြီး ခေါင်းဆောင် အမတ်ကြီး တယောက်နဲ့ မင်းချင်းယောကျ်ား တထောင်စီ တထောင်စီ ကိုးလီ ကိုးကြိမ် ကိုးခါအထိ ဘုရားသခင်ထံတော်သို့ ပင့်ဆောင်ခဲ့ရန် မင်းမိန့်ဖြင့် စေလွှတ်ကာ အပင့်ခိုင်းရာ ကိစ္စတို့၌ မင်းကြီး၏ အမိန့်တော်မြတ်ကို ရိုသေစွာနာခံမှတ်သားပြီး ရာဇဂြိုဟ်ပြည်သို့ ရောက်တိုင်း ရောက်တိုင်းသော အမတ်ကြီးတယောက်နဲ့ မင်းချင်းတထောင်စီတို့ဟာ ဝေဠုဝန်ကျောင်းတိုက်ကြီးထဲသို့ ဝင်ရောက်မိတဲ့ အခါတိုင်းမှာပဲ ပရိသတ်အလယ်၌ မြတ်စွာဘုရား တရားဟောတော်မူနေတဲ့ တရားပွဲကြီးတွေနဲ့သာ ကြုံကြိုက်, ကြုံကြိုက်နေတုန်း အခါတွေချည်းပဲ ဖြစ်ဖြစ်နေလို့ မင်းကြီးတာ်ဆိပ်

ခတ်၍ အမိန့်တော် ချမှတ်လိုက်သော စကားကို ဘုရားသခင်အား မလျှောက်ကြားသေးပဲ တရားပွဲကြီး၏ ပရိသတ်နောက်နားက ရပ်တည်လျက် တရားတော် နာကြားကြ စဉ်က အခြံအရံ မင်းချင်း တထောင်တို့နှင့်တကွ အမတ်ကြီးပါ အရဟတ္တဖိုလ်သို့ ရောက်ရှိကြလျက် မြတ်စွာဘုရားထံ ရဟန်း အဖြစ်ကို ပေးသနားတော်မူရန် တောင်းပန် လျှောက်ထားကြကာ ဧဟိ ဘိက္ခု ရဟန္တာကြီးတွေ ဖြစ်သွားကြတယ် တဲ့။

အဲဒီလို ရဟန္တာကြီးတွေ ဖြစ်တဲ့ အချိန်က စပြီးတော့ လောကီရေးရာတို့၌ ဥပေက္ခာထားကြမဲ့ ဓမ္မတာအတိုင်း မင်းကြီးစေခိုင်းလိုက်တဲ့ သတင်းစကားတွေကိုလဲ မြတ်စွာဘုရားအား မလျှောက်ကြားတော့ဘူး၊ သုဒ္ဓေါဒနမင်းကြီးထံကိုလဲ ဘာသတင်းစကားမှ မပြန်ကြားမပေးပို့တော့ဘူး တဲ့။

နောက် အထပ်ထပ် စေလွှတ်ပင့်ခိုင်းတဲ့ တထောင်စီ တထောင်စီတွေဟာလဲ သည်နည်းအတိုင်းချည်းပဲ၊ ကဲ....အဲဒါဟာ ရဟန္တာတို့ရဲ့ဖြစ်ရပ် သိမှတ်စရာပဲ ဒကာကြီးတို့ရဲ၊ ဘုရင်မင်းတို့ စေခိုင်းတဲ့ မင်းအမိန့်တွေ ဘာတွေကို မလိုက်နာကြတော့ဘူး၊ အဲဒါနဲ့ နောက်ဆုံး အကြိမ်စေလွှတ်လိုက်တဲ့ အမတ်ကြီး ကာဠုဒါယီ အလှည့်ကျတော့၊ အမတ်ကြီးက မင်းကြီးအား သည်လိုဝန်ခံချက် လျှောက်ထားလိုက်တယ်။

> အရှင်မင်းကြီးသည် အကျွန်ုပ်အား ရဟန်းပြုခွင့် ပေးသနားတော်မူ ပါက အရှင်မင်းတရားကြီး၏ သားတော်ဘုရားကို အရှင်မင်းကြီး ဖူးမြင်ခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်—

ဟု ဝန်ခံချက်တောင်းလို့ ခွင့်ပြုချက်ရမှ ကာဠုဒါယီ အမတ်ကြီးနဲ့ သုဒ္ဓေါဒနမင်းကြီးတို့ ကတိကဝတ် အရ မြတ်စွာဘုရားသခင်အား

တိုင်းတော်, ပြည်တော်သို့ ကြွရန် (၆၄) ဂါထာတို့ဖြင့် ပင့်လျှောက်ကာ တိုင်းတော်, ပြည်တော်သို့ ကြွလာတော်မူတာဖြစ်တယ်။

အဲသည်(၆၄) ဂါထာထဲမှာလဲ ခမည်းတော်မင်းကြီးက ပင့်ခိုင်းလို့ ပင့်ရတယ်ဆိုတဲ့စကား နည်းနည်းလေးမှ မပါဘူး၊ အဲဒါကို သတိထားကြည့်ပါ၊ ရာသီ ဥတု လမ်းပန်းဆက်တာ သာယာတင့်တယ် ရှုချင်ဖွယ်ကောင်းသော သစ်ပင်ပန်းမန်တို့ အကြောင်းတွေနဲ့သာ ဆောင်းနှောင်း နွေဦး ပွင့်ဖူး မွေးကြိုင်ပုံတွေကို ဖွဲ့နွဲ့ကာ ကြွချီဖို့ကောင်းတဲ့အကြောင်း တောင်းပန်လျှောက်ထား သွားတာတွေကိုသာ တွေ့ရှိရတယ်။

အဲဒါကြောင့် ရဟန္တာများဟာ လောကီရေးရာကို မလေ့လာ မလိုက်စား ပုထုဇဉ်တို့ လုပ်ကိုင်မှုကြားထဲ သွားလာဝင်စွက်မှု မပြုတော့ဘူးလို့ မှတ်ပေတော့၊ ဒါပဲ ကဲ....ကျေနပ်ရဲ့လား။

**ဒကာ**။ ။သည်အတွက်ကတော့ အားရ နှစ်သက် ကျေနပ်လှပါတယ် ဆရာတော်၊ နောက်တချက် ဆက်လက် မေးမြန်းခွင့်ပြုပါအုံး ဘုရား။

**ဆရာ**။ ။အင်း....မေးနိုင်ပါတယ်လေ၊ သိသလောက်တော့ ဖြေကြားရမှာပေါ့၊ကိုင်း....ဘာမေးမှာလဲ မေးသာမေးပါ။

---

## ကာဠုဒါယီထေရ် လျှောက်ထားတာ ဂါထာ ၆၀ - လား, ၆၄ - ဂါထာလား ?

**ဒကာ**။ ။ဆရာတော်မိန့်ကြားတဲ့ စကားထဲမှာ မြတ်စွာဘုရား တိုင်းတော် ပြည်တော်သို့ ပြန်ကြွတော်မူရေးအတွက် ကာဠုဒါယီ မထေရ်မြတ်က လမ်းပန်း အဆက် အသွယ် ရာသီ ဥတု

ဆောင်းနှောင်းနွေဦး ကြည်နူးသာယာသော တော တောင် သစ်ပင် ပန်းမန်တို့ဖြင့် စီကုံးဖွဲ့နွဲ့ကာ (၆၄) ဂါထာတို့နဲ့ တင်လျှောက်ကြောင်း မိန့်ကြားသွားပါတယ်။

ဒကာကြီးတို့ ကြားဘူးတာကတော့ မြတ်စွာဘုရားသခင် နေပြည် တော်သို့ ပြန်ကြွကာ ဆွေတော် မျိုးတော်တို့၏ ဖူးမြော် ပူဇော်ခံယူ ချီးမြှောက်ရေးအတွက် ကာဠုဒါယီထေရ်မြတ်က ဂါထာ ၆၀ တို့ဖြင့် ဖွဲ့စီတင်လျှောက်ကြောင်း ကြားသိရဘူးပါတယ်၊ ယင်းကိုပင် ကဗျာ ဆရာတို့က ဂါထာ ၆၀-ပျို့ဟု သီကုံးကြပါတယ်၊ဒါကြောင့် ဂါထာ (၆၀) နဲ့ (၆၄) ဂါထာ ဘယ်ဟာက မှန်ပါသလဲ ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ဖွားဘက်တော် အရှင် ကာဠုဒါယီမထေရ်မြတ် လျှောက်ထားသွားတဲ့ ဂါထာ ပေါင်းဟာ ၆၄-ဂါထာပင် ဖြစ်ပါတယ်၊ ဒါပေမင့် အဋ္ဌကထာနဲ့ ဋီကာဆရာတော်တို့က ...

အပ္ပကံ ဟိ ဦနံ အဓိကံ ဝါ ဂဏနုပဂံ န ဟောတိ။

အနည်းငယ်မျှ လိုသောနေရာ ပိုသောနေရာ အတွက် လောက်နဲ့တော့ အရေအတွက်ထဲ ထည့်ပြောနေစရာ မလိုပါဘူး တဲ့။

အဲဒီ အဋ္ဌသာလိနီ မူလဋီကာ ကျမ်းဆရာကြီးများ၏မိန့်ကြားချက် အရ ဂါထာ (၆၀) ဂါထာ(၆၀) နဲ့ ထိုထိုကျမ်းတကာတို့၌ ရေးသား ခေါ်ဝေါ် သုံးစွဲနေကြတယ်လို့သာ မှတ်ပေတော့၊ ရှိရင်းကတော့ ခြောက်ဆယ့်လေးဂါထာပဲ၊ ကဲ.. သဘောကျရဲ့လား။

**ဒကာ။** ။သဘောကျ ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ သာသနာတော် ကျမ်းစာများမှာ ဂဏန်းသင်္ချာနဲ့ ရေတွက်ပြောဆိုရာတို့၌ ဒီလို အပို အလိုတွေကို နုတ်ပယ်ခြင်း၊ဖြည့်စွက်ခြင်း ပြုလုပ် ခေါ်ဆိုထားတဲ့ အခြား နေရာများကော ရှိပါသေးသလား ဆရာတော်၊ ရှိရင်ပြောပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....အခြားနေရာများလဲ ရှိပါသေးတယ်၊ ဒီက သတိရသလောက် ဆိုရင်၊ ငါးရာ, ငါးဆယ် (၅၅၀) ဇာတ်တော် ခေါ်ဆိုတဲ့နေရာမှာ အမှန်က ငါးရာလေးဆယ့်ခုနစ် (၅၄၇) ဇာတ်ပဲ ရှိတယ်၊ ဒါပေမင့် သုံးဇာတ်ကို ဖြည့်ထည့်ပြီးတော့ (၅၅၀) လို့ပဲ ခေါ်ဆိုနေကြတယ်။

နောက် မြတ်စွာဘုရား ဖြစ်တော်စဉ် နေ့နဲ့ စပ်ပြီး သိမှတ်စရာ ဆောင်ပုဒ် လင်္ကာ ရေးထားတဲ့ နေရာမှာ ခုနစ်နေ့(၇)နေ့အတွက်ကို—

[မ–သိ–ကြ–လျှင်–တွေး–ဆ–ဦး]၊

လို့ အက္ခရာ (၇)လုံးနဲ့ ရေးစပ်ထားကြတယ်၊ ဆိုလိုရင်းအဓိပ္ပါယ်က (မ) ကြာသပတေးနေ့- ပဋိသန္ဓေနေတယ်၊ (သိ) သောကြာနေ့- ဖွားမြင်တယ်၊ (ကြ)တနင်းလာနေ့- တောထွက်တယ်၊(လျှင်)ဗုဒ္ဓဟူးနေ့- ဘုရားဖြစ်တော်မူတယ်၊ (တွေး)စနေနေ့- တရားဦးဟောတယ်၊ (ဆ)အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတယ်၊ (ဦး) တနင်္ဂနွေနေ့မှာ မြတ်ဗုဒ္ဓ၏ ရုပ်ကလာပ်တော်မြတ်ကို (တေဇောဓာတ်လောင်) မီး သင်္ဂြိုဟ်တော်မူတယ် တဲ့။

ပါဠိ အဋ္ဌကထာတို့ ဆိုတာက မြတ်စွာဘုရား အလောင်းတော် ဓာတ်ကို သတ္တာဟ(၇)ရက် နှစ်ပတ်သာ ထားတော်မူတယ်လို့ဆိုတယ်၊ အမှန်က အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတယ်၊ တနင်္ဂနွေနေ့မှာ မီးသင်္ဂြိုဟ်တယ်

ဆိုရင် အင်္ဂါနေ့က တနင်္ဂနွေနေ့အထိ ရေတွက်ရင်(၁၃)ရက်ပဲ ရတယ်၊ (၁၄)ရက် မပြည့်ဘူး၊ သို့ပေမင့် အများသုံးစွဲ ခေါ်ဝေါ် ရေးမှတ်နေကြတာကတော့ သတ္တာဟ နှစ်ပတ် (၁၄)ရက်လို့ပဲ သုံးစွဲရေးမှတ်နေကြတယ်၊ အဲဒါမျိုးကျတော့ လိုနေတဲ့ သင်္ချာအရေအတွက်ကို ဖြည့်စွက် ခေါ်ဝေါ်နေကြတယ်လို့ မှတ်ပေါ့၊ ကဲ....ဒါလောက်ဆိုရင် သဘောပေါက်ကြရောပေါ့။

**ဒကာ။** ။သဘောပေါက် ကျေနပ်ကြပါပြီ ဆရာတော်၊ အတုမရှိတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ အလောင်းတော် ရုပ်ခုတ်ကိုသော်မှ ခုနစ်ရက် နှစ်ပတ်သာ ထားတယ်၊ခုခေတ်ဘုန်းကြီးပျံတွေဖြင့် ကိုးလ,ဆယ်လ ထားကြတာပဲနော်။

---

## ရဟန္တာအစစ်က ငါရဟန္တာပဲလို့ ဘာကြောင့် မပြောကြားရတာလဲ?

**ဒကာ။** ။ရဟန္တာအစစ်ဖြစ်သွားတဲ့ အရိယာသခင် ရဟန္တာအရှင်မြတ်တွေဟာ ငါ ရဟန္တာဖြစ်နေပြီလို့ သူတပါးအားးကျဖြစ်ချင်လာအောင် ဘာ့ကြောင့် မပြောကြားပဲ လျှို့ဝှက်ထားကြတာလဲ ဘုရား၊ ဣဿာ, မဖြစ်ဘူးလား ဆရာတော်။

**ဆရာ။** ။ဒီ အမေးပဥှာဟာ ခဏ ခဏ ရောက် ရောက် လာတယ်၊ ရဟန္တာအစစ်ဖြစ်တဲ့ အရှင်မြတ်များမှာ ယင်းတို့၌ ရှိရမည့် အခြင်းအရာ နှစ်ပါးရှိတယ်၊ အဲဒါဟာ ရှိရိုး ဖြစ်ရိုး အစဉ်အလာပဲ၊ရဟန္တာအစစ်ကို ပြောနေတာနော်၊အတုအတွက်မဟုတ်ဘူး။

၁။ အရဟတ္တ မဂ်,ဖိုလ် ကို ရရှိပြီးသူသည် ငါ ရရှိသော အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးတရားထူးကို လူ နတ် ဗြဟ္မာ သတ္တဝါများစွာတို့ ငါ့လိုပဲ လျင်မြန်စွာ ထိုးထွင်းသိမြင် ရရှိကြပါမူကား ကောင်းလေစွဟု သတ္တဝါတို့၏ သုခ ချမ်းသာကို လိုလားသောစိတ် ဖြစ်မြဲတည်း တဲ့။

၂။ မိမိ အရဟတ္တဖိုလ် ဓမ္မရတနာကြီး ရရှိကြောင်း ရဟန္တာ ဖြစ်ကြောင်းကိုတော့ မပြောကြားပါဘူး တဲ့၊ ပုံပမာ အားဖြင့် စိန်,ပုလဲ,ပတ္တမြား အဖိုးထိုက်တန်ဆုံး ရတနာ တွေ အပြည့်ထည့်ထားတဲ့ ရွှေအိုးကြီးကို ရထားသော ယောကျ်ားကဲ့သို့ သူတပါးအား(ဝါကြွား ပလွှားလိုတဲ့ ပကာသန ကျမှာစိုး၍) မပြောကြားလို တဲ့။

အဲဒါကြောင့် ရဟန္တာ အစစ်များဟာ ငါ ရဟန္တာ ဖြစ်သည်၊ ငါဟာ....ဘယ်အချိန်ကာလ ဘယ်နေ့ရက်က အရဟတ္တဖိုလ်ကို ရသည် စသဖြင့် ပြောတော်မမူကြကုန်တဲ့၊ ဒါပဲ၊ နောက်ထပ်ဖြေကြားစရာ မလိုတော့ဘူး၊ မြတ်ဗုဒ္ဓကလဲ ဟုတ်မှန်ပေတဲ့ မပြောရဟု ဝိနယ သိက္ခာပုဒ်ရှိတယ်။

**၁ ၈ ၁။** ။ရဟန္တာ အစစ်ဆိုတော့ကာ သူတော်ကောင်းစိတ်ဓာတ် တွေ အပြည့်အဝ ရှိတော်မူနေကြတဲ့အတွက် ပကာသန မဖက်တော့တဲ့ ရဟန္တာအရှင်မြတ်တို့၏ ခြေတော်စုံကို ဦးခေါင်းဖြင့် အကြိမ်ကြိမ် ရှိခိုးလိုက်ပါ၏ အရှင်ဘုရား၊ ခုခေတ် ရဟန္တာတွေ ကတော့ လူသိများအောင် သတင်း ပို့ဆောင်ခိုင်းနေကြတာပဲ၊ တယ်လဲ ကွာခြားတာကို၊ သည်လို အသိဉာဏ် အမှန်ပေးတာ ကျေးဇူးတင်လှပါတယ် ဆရာတော်။

## မိထွေးတော် ဂေါတမီကို မည်သူက ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသလဲ?

**ဒကာ။** ။မြတ်ဗုဒ္ဓသာသနာတော်မှာ မိထွေးတော်မဟာပဇာပတိ ဂေါတမီဟာ အမျိုးသမီးထဲက ရှေးဦးစွာ ရဟန်းမ ဖြစ်တယ်လို့ ကြားသိရပါတယ်၊ မိထွေးတော် ဂေါတမီကို ဘယ်သူက ဆရာဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးပါသလဲ ဆရာတော်။

**ဆရာ။** ။မိထွေးတော် မဟာပဇာပတိ ဂေါတမီကို ဘယ်သူမှ ရဟန်းခံ မပေးရဘူး၊ သူရဟန်းမ, ဖြစ်လာပုံက အတော် ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းတယ်။

မိထွေးတော် မဟာပဇာပတိ ဂေါတမီဟာ သူ့ဖာသာသူ ဆတ္တာ သည်နဲ့ ဆံချလျက် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကာ သူ့ဟာသူ ရဟန်းပြုပြီးမှ မဟာဝုန်တော်ကြီး၌ ရဟန္တာ ဖြစ်သွားကြကုန်သော သာကီဝင် မင်းသား ငါးရာတို့၏ ဇနီးမယား (တခုလပ်) သာကီဝင် မင်းသမီး ငါးရာတို့နဲ့ အတူ မြတ်စွာဘုရားထံ သုံးကြိမ် သုံးခါ တိုင်အောင် ရဟန်းမ ပြုလုပ်ရန် ခွင့်တောင်းပါသော်လဲ သုံးကြိမ် တိုင်အောင် မြတ်စွာဘုရားသခင်က ပယ်ချလိုက်တယ်၊ လက်မခံဘူး၊ ပြုခွင့်မပေးဘူး၊ ခု- ဆရာတော် ဖြေကြားတဲ့ စကားရပ်ဟာ အကျဉ်း သိနိုင်ရုံမျှသာ ဖြစ်တယ်၊ အပြည့်အစုံဟု မမှတ်ရဘူးနော်။

သည့်နောက် တဖန် အရှင်အာနန္ဒာထေရ်မှ တဆင့် ကပ်ပြီးတော့ လျှောက်ထားတောင်းခံပြန်တဲ့ အခါမှာလဲ ထို့အတူ(မသင့်လျော်ဘူး အာနန္ဒာ သင်ညီဘွားသည် မာတုဂါမ မင်းမိန်းမများ၏ ဤဓမ္မ ဝိနယ သာသနာ၌ ရှင်ပြုခွင့်ရခြင်း, ရဟန်းပြုခွင့်ရခြင်းကို မနှစ်သက်

ပါလင့်ဟု) သုံးကြိမ်တိုင်တိုင် ခွင့်မပြုပဲ ပယ်ချလိုက်တယ်၊ သို့ပေမင့် ညီတော်အာနန္ဒာက စိတ်အားမလျှော့ဘူး။

အရှင်ဘုရား မာတုဂါမ မင်းမိန်းမများ သာသနာတော်၌ ရဟန်းပြုခဲ့သော် သူတို့ဟာ ရဟန်းအဖြစ်၌ မဂ်ဖိုလ်မရနိုင်,မရကောင်း လို့လား ဘုရား၊ထိုရဟန်းမများသည် မဂ်ဖိုလ်နဲ့ မထိုက်တန်လို့ပါလား ဘုရားဟု မေးလျှောက်လိုက်ပြန်တယ်။

ချစ်သား အာနန္ဒာ မာတုဂါမ မင်းမိန်းမများဟာ ငါ ဘုရား သာသနာတော်၌ ရဟန်းမအဖြစ်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိခံစားနိုင်ရန် ထိုက်တန်ကြပေတယ်ဟု မိန့်ကြားတော်မူလိုက်သည်။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယင်းသို့ထိုက်ကြပါမူ မဟာ ပဇာပတိ ဂေါတမီသည် ရှင်တော်ဘုရား အပေါ်၌ မိခင်အလား ကျေးဇူးများသူ ဖြစ်ပါ၍ မာတုဂါမ မင်းမိန်းမများကို ရဟန်းပြုခွင့် ပေးသနားတော်မူပါ ဘုရားဟု ညီတော် အာနန္ဒာ အကြိမ်ကြိမ် လျှောက်ထားမှုကြောင့်သာ မြတ်စွာဘုရားသခင်က....

> ချစ်သား အာနန္ဒာ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ရှစ်ပါးသော ဂရုဓံတရားကို လိုက်နာခံယူ ကျင့်ကြံနိုင်ခဲ့လျှင် လိုက်နာ ခံယူ ကျင့်သုံးတဲ့ကာလမှ စပြီးတော့ မိထွေးတော် ဂေါတမီ၏ အဖို့မှာ ရှင်၏အဖြစ်, ရဟန်းမ၏ အဖြစ် ရရှိပြီး ဖြစ်စေရမည်ဟု မိန့်ကြား ခွင့်ပြုတော်မူလိုက်တယ်။

ညီတော် အာနန္ဒာသည် မြတ်စွာဘုရားထံမှ ဂရုဓမ္မတရား ရှစ်ပါး ကို သင်ကြားကာ မဟာပဇာပတိ ဂေါတမီထံ တဖန် ပြန်ကြွကာ

မိထွေးတော် အကယ်၍ မိထွေးတော်ဟာ ဤ ဂရုဓမ္မတရားရှစ်ပါးကို ဦးထိပ်ထားကာ ရိုသေလေးမြတ် ပူဇော်လတ်၍ အသက်ထက်ဆုံး မကျူးလွန်ပဲ ကျင့်သုံး ဆောက်တည် သွားနိုင်ပါမူ မိထွေးတော် အတွက် ရှင်အဖြစ်ရော ရဟန်းမအဖြစ်ပါ ပြီးပြည့်စုံစွာ ဖြစ်နိုင်ပါလိမ့် မည်ဟု မြတ်စွာဘုရား မိန့်ကြား ခွင့်ပြုတော်မူလိုက်ကြောင်းနဲ့ ပြော ကြားကာ မိထွေးတော်ကြီးအား ရှစ်ပါးသော ဂရုဓံတရားကို ဟောကြားသင်ပြပေးသောအခါ မိထွေးတော်ဂေါတမီသည် အတိုင်း မသိ ဝမ်းမြောက် ရိုသေစွာဖြင့် တပည့်တော်မသည် ဤရှစ်ပါးသော ဂရုဓမ္မတရားမြတ်ကို အသက်ထက်ဆုံး ရိုသေစွာဖြင့် လိုက်နာ ခံယူ ကျင့်ကြံ အားထုတ်ပါ၏ ဘုရားဟု လျှောက်ကြားလေသည်တဲ့။

ညီတော်အာနန္ဒာသည် မြတ်စွာဘုရားထံ သွားရောက်ကာ ရိုသေစွာ ရှိခိုးလျက် ဓမ္မရာဇာ ဖြစ်တော်မူသော မြတ်စွာဘုရား မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် ဂရုဓံတရား ရှစ်ပါးကို မိမိအတွက် အသက်ထက်ဆုံး ရိုသေစွာ လိုက်နာခံယူ ကျင့်သုံးရမည့် မလွန်ကျူး အပ်သည့် ကျင့်ဝတ်တရားဟူ၍ ဝမ်းမြောက် ဝမ်းသာစွာ ခံယူကျင့်သုံး ပါပြီ ဘုရား ဟူ၍ လျှောက်ကြားလေသည်။

**မှတ်ချက်။** ။ဤသို့ ဂရုဓံတရား ရှစ်ပါးကို ရိုသေလေးမြတ်စွာ ခံယူကျင့်သုံးတဲ့ အချိန်ကစပြီး မိထွေးတော်ကြီး အတွက် ရှင်, ရဟန်း ခံယူခြင်းကိစ္စ ပြီးသွားပြီ၊ ဘိက္ခုနီမ ဖြစ်သွားပြီလို့ မှတ်ယူရမည်။

## သာသနာဖျက်တို့ စကားကို မယုံနဲ့

သိမ်ထဲဝင်ပြီးတော့ ကမ္မဝါ ရွတ်ဖတ်ရန်တွေ ဆရာဥပဇ္ဈာယ် ယူစရာတွေ မလိုတော့ချေတဲ့၊ ဒါက မြတ်စွာဘုရား အပေါ်မှာ ကျေးဇူးများလှတဲ့ မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီ အတွက်သာ ဖြစ်တယ်၊ အဲဒီလို ပဉ္စင်းခံခြင်းမျိုးကို "အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏ ဥပသမ္ပဒါ" မျိုးဟု ခေါ်တယ်၊ ယင်းမှ နောက်ပိုင်း ဘိက္ခုနီမများကိုတော့ ရဟန်းယောကျ်ားများက သိမ်ထဲ၌ ကမ္မဝါ ဖတ်ပြီးတော့ ရဟန်းပြုပေးကြရတာ ချည်းပဲ ဖြစ်တယ်၊ ကဲ....တော် လောက်ပြီ၊ နားလည်ရောပေါ့၊ ဂရုဓံတရား ရှစ်ပါးကို ဆရာ တော် ရေးပြုတဲ့ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း၌ ကြည့် ပေတော့။

အေး....သာသနာဖျက်သမားတွေက သည်ပြဿနာမှာ ဘုရားရှင် ခွင့်မပြုတာကို အာနန္ဒာက အတင်းလုပ်တာ ဘာညာနဲ့ ပြောကြ သေးတယ်၊ သူတို့စကားတွေကို မယုံကြနဲ့။

**ဒကာ။** ။သာသနာတော် ကြည်ညို လေးစားရေးအတွက် ခုလို ရှင်းလင်း ဖြေကြားတာကိုပဲ ဝမ်းမြောက်လှပါတယ် ဆရာတော်၊ သာသနာ ဖျက်လိုသူတွေကတော့ အဘိဓမ္မာ ဘုရား ဟောမဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်ဆိုတာလဲ မရှိဘူး၊ ဘာညာနဲ့ သူများနားယောင်အောင် လိုက်ဖျက်နေကြတာပဲ။

## မဟာသမယ တသုတ်လုံးဟာ နတ်ဗြဟ္မာတို့ အမည်တွေ ဖေါ်ထုတ်ကာ နှုတ်ဆက်ရုံမျှနဲ့ တရားထူး ရနိုင်ပါမည်လား ?

**ဒကာ။** ။မြတ်စွာဘုရား ဟောကြားတော်မူတဲ့ မဟာသမယ တသုတ်လုံးမှာ နတ်အသေးအမွှားကလေး အမည်က စပြီးတော့ တန်ခိုး အကြီးမားဆုံး ဟာရိတ ဗြဟ္မာမင်းကြီး စသည်တို့ အထိ အမည်တွေ ထုတ်ဖေါ် ထုတ်ဖေါ်ပြီး ခေါ်ပေါ်ကာ နှုတ်ခွန်း ဆက်သတော်မူသွားသည်ကိုသာ ပါရှိတာ တွေ့ရပါသည်၊

ယင်းသို့ ခန္ဓာ, အာယတန, ဓာတ်သား, ပရမတ္ထတရားမပါပဲ လျက်နဲ့ ဒေသနာတော်၏ အဆုံး နိဂုံးချုပ်လတ်သော် နတ် ဗြဟ္မာ ပေါင်း ကုဋေ တသိန်း အထိ အရဟတ္တဖိုလ် ရရှိသွားကြသည်၊ သောတာပန် စသည်တို့ အရေအတွက်ကား အပမာဏ အပိုင်းအခြား မရှိအောင်ပင် များပြားလှပေ၏ဟု ပြောဟောနေကြတာ အမှန်ပဲလား ဆရာတော်။

**ဆရာ။** ။အင်း.... ဒီ သုတ္တန်တရားနဲ့ စပ်ပြီး အမေးစကားတွေ တော်တော် များများပဲ ရှင်, ရဟန်းငယ်နဲ့ လူများထံက ရောက်ရောက်လာတယ်၊ ဒါကတော့ အဆန်းမဟုတ်ပါဘူး၊ မေးခွန်း ထုတ်စရာ ဖြစ်နေတာပဲကို။

သာသနာ့ထိပ်ခေါင်တင် ကျေးဇူးတော်ရှင် ဆရာတော် ဦးဗုဓ်တို့ လက်ထက်ကလဲ ဒီပုစ္ဆာမျိုးတွေ ပေါ်ခဲ့ဘူးတယ်၊ ဒါကြောင့် ဆရာ တော် ဦးဗုဓ်ရဲ့ ရှင်းလင်းဖြေဆိုချက်ကိုပဲ ထပ်မံဖြေကြားပေးပါ့မယ်၊ ဒီနေရာမှာ အထူးမှတ်သားဖို့ကတော့ ဆရာတော် ဦးဗုဓ် အလိုတော်

အားဖြင့် နတ်ဗြဟ္မာတို့၏ အမည်နာမတွေကို ဝမ်းသာဖွယ်ရာ စုံလင်စွာ ခေါ်ဝေါ်နှုတ်ဆက် ပြီးဆုံးသောအခါ သစ္စာတရားနဲ့ နိဂုံးချုပ် ဟောကြားတော်မူတယ်လို့ ဆိုလိုရိပ်ရှိတယ်။

ထိုစကားဟာ မှန်ပါတယ်၊ ဆရာတော် ဦးဗုဓ် ကိုယ်တိုင် ရေးပြုတော်မူသွားတဲ့ မဟာသမယ သုတ်တော်၏ နိဿယအမှန်း၌–

နာမက္ခာနေန ယဇ္ဇောံ၊
ဓမ္မာဘိသမယော ကထံ။
ကလ္လာဒိံ သစ္စ ဒိပေန၊
နေသံ ပိ တာဒိတော ပိ ဝါ။

ဟု ရေးသား ဖေါ်ပြ ထားချက်များကို အထောက် သာဓကပြု၍ ''ကလ္လာဒိံ သစ္စဒိပေန'' ဟူသော တတိယ ပဒ အရ၊ သစ္စာတရား ဟောကြားခြင်းမှာ ရှင်းလင်း နေပါသည်၊ ဆရာတော်ကြီးရဲ့ ဆိုလိုရင်းကတော့....

နတ် ဗြဟ္မာတို့သည် မိမိတို့ အမည် နာမတို့ကို ခေါ်ဝေါ် နှုတ်ဆက်သံ ကြားရသဖြင့်။ ။ကလ္လစိတ္တ= ခန့်ညားသောစိတ်။ မုဒုစိတ္တ=နူးညံ့သောစိတ်။ ဝိနီဝရဏ စိတ္တ=နီဝရဏကင်းသောစိတ်။ ဥဒဂ္ဂစိတ္တ= တက်ကြွသော စိတ်။ ပသန္နစိတ္တ= ကြည်လင်အေးမြသော စိတ်ထား ရှိကြပုံကို သိတော်မူသော မြတ်စွာဘုရားသခင်က ''သာမုက္ကံသိကဒေသနာ''တရားပေါင်းတို့ထက် ထူးမြတ် လွန်ကဲသော ''စတုသစ္စဓမ္မ'' သစ္စာလေးပါး တရား တော်ကို ဟောကြားသောအခါ အရိယာတွေ ဖြစ်သွား ကြသည် တဲ့။

ကဲ.... အဲဒါဟာ သာသနာ့ ထိပ်ခေါင်တင် ကျေးဇူးရှင် ဆရာတော်ဦးဗုဓ်၏ ရှင်းလင်း ပြကြားချက်ပါပဲ၊ သဘောကျ ကျေနပ်ကြရဲ့လား၊ တခြား ဆရာတွေထံမှာလဲ သွားရောက် မေးမြန်း စုံစမ်းကြအုံးလေ။

ဒကာ။ ။သည်လို သာသနာ့ ထိပ်ခေါင်တင် ကျေးဇူးရှင် ဆရာတော် ဦးဗုဓ်ရဲ့ အဆုံးအဖြတ်များကို ကြားနာမှတ်သားရလို့ ကျေနပ်လှပါတယ် ဆရာတော်။

## မဂ်ဖိုလ်တရား ရှာမှီးသူတွေဟာ သင်္ခါရဒုက္ခကို ရှာဖွေနေသူတွေတဲ့ ?

ဒကာ။ ။လောကုတ္တရာတရား ကိုးပါးထဲမှာ မဂ်စိတ်လေးပါးနဲ့ ဖိုလ်စိတ် လေးပါးတို့ဟာ ဒုက္ခတရားတွေသာ ဖြစ်တယ်၊ သင်္ခါရ ဒုက္ခနယ်ထဲက မလွတ်သေးဘူးဟု ဟောပြောသွားတာ ကြားနာရလို့ ထိုဆရာတို့ ဟောပြောတာဟာ မှန်ပါသလား ဆရာတော်၊ ဒကာကြီးတို့ နားလည်တာကတော့ လောကုတ္တရာတရား ၉-ပါးဟာ ချမ်းသာသုခလို့ပဲ နားလည်ကြပါတယ်ဘုရား၊ သူတို့က မဂ်ဖိုလ်ရှာရှာနေတဲ့ သူဟာ ဒုက္ခတွေကို ရှာနေကြတာတဲ့၊ ဒီပြဿနာ အမှန်ကို မိန့်ကြားပါအုံး ဘုရား။

ဆရာ။ ။အင်း....သူ့နည်းနဲ့ သူတော့ ဒုက္ခဆိုရင်လဲ မှန်တာပဲ၊ သုခဆိုရင်လဲ မှန်တာပဲလို့ မှတ်ယူရမယ်၊ ဒါပေမင့် ဒီစကားဟာ သာသနာဖျက် သမားတွေရဲ့ ယုတ်ညံ့တဲ့ စကားပဲ တမင်ရှာကြံပြီး ရှုပ်ထွေးအောင် ပုစ္ဆာထုတ်နေကြတာ။

သုဓမ္မဝတီ (က) ၁၀၄-၃၀

ဒကာ။ ။ဒါလောက်နဲ့တော့ နားမလည်သေးဘူး ဆရာတော်၊ အထောက် အထား ပြကာ တိုတိုနဲ့ ရှင်းပြပေးပါအုံး ဘုရား။

ဆရာ။ ။မဂ်စိတ်လေးပါးဟာ သစ္စာလေးပါးထဲမှာ မပါဘူး၊ သစ္စ ဝိမုတ်လို့ ခေါ်တယ်၊ ယင်း လေးပါးနဲ့ ယှဉ်တဲ့ မဂ္ဂင်ရှစ်ပါးကသာ မဂ္ဂသစ္စာထိုက်တာ၊ အဲဒါကြောင့် ဒုက္ခသစ္စာစတဲ့ သစ္စာလေးပါးမှ လွတ်လျက် နိဗ္ဗာန်ချမ်းသာသက်သက်ကိုသာအာရုံပြု သိနေတဲ့ မဂ်စိတ်, ဖိုလ်စိတ်တို့ကို သုခအစစ်ဖြစ်တဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာလို့ ခေါ်ဆိုကြတယ်၊ သူတို့က အသင်္ခတ (အသင်္ခါရ) ဖြစ်ပျက်ဒုက္ခမှ ငြိမ်းအေးရာ နိဗ္ဗာန်ချမ်းသာကို အာရုံပြုသိနေတာ သာ ဖြစ်တယ်၊ အဲဒါကြောင့် မဂ်တရား ဖိုလ်တရားတို့ကို သုခလို့လဲ မှတ်ယူနိုင်တယ်။

ဒုက္ခဝါဒသမားများဘက်ကတော့ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ ဟာ သစ္စဝိမုတ် ဖြစ်ပေမင့် ခန္ဓာထိုက်ပြီး ဖြစ်ပျက်မှု ဥဒယ-ဝယ နယ်ထဲမှာပဲ ရှိနေသေးလို့ သူဘို့ကို သင်္ခါရဒုက္ခထဲ ထည့်သွင်းကာ မဂ်စိတ်လေးပါးနဲ့ ဖိုလ်စိတ်လေးပါးတို့ဟာ သင်္ခါရဒုက္ခတရားတွေသာ ဖြစ်တယ်လို့ ဟောပြော မိန့်ဆိုကြတာမို့ ဒီလို ကတ်သီး ကတ်သတ် သမားများဘက်က လိုက်ယူရင်လဲ မှန်တာပါပဲ၊ အထောက်အထား ကတော့....

ဗုဒ္ဓဘုရားနဲ့ တပည့်သာဝကများတို့၏ အယူဝါဒကို ရန်သူအနေနဲ့ အပြစ်တင် နှိမ်နင်းချိုးဖဲ့ စွပ်စွဲလိုတဲ့ သစ္စကပရိဗိုဇ်ကြီးဟာ ရှင်အဿဇိ မထေရ်နဲ့ တွေ့တဲ့အခါ အရှင်အဿဇိထေရ်ကို....

အို...အဿဇိ သင်တို့ဆရာ ရဟန်းဂေါတမသည် သူ၏
တပည့်သာဝကတို့ကို ဘယ်ပုံ ဘယ်နည်းနဲ့ ဘယ်လိုများ ဆုံးမ
သင်ကြားပေးသနည်း–

ဟုမေးလိုက်တဲ့အခါ အရှင်အဿဇိမထေရ်မြတ်က သစ္စကပရိဗိုဇ်ကြီး၏ ကောက်ကျစ်စဉ်းလဲကာ စွပ်စွဲ အပြစ်တင်လာမည့် စကားကျကို ရှောင်ကွင်းလျက် လိမ်မာပါးနပ်စွာဖြင့်....

ရဟန်းတို့ ရုပ်ံ အနိစ္စံ၊ ရုပ်သည် အမြဲမရှိ။ ဝေဒနာ အနိစ္စာ၊ ဝေဒနာသည် အမြဲမရှိ။ သညာ အနိစ္စာ၊ သညာသည် အမြဲမရှိ။ သင်္ခါရာ အနိစ္စာ၊ သင်္ခါရတို့သည် အမြဲမရှိကုန်။ ဝိညာဏံ အနိစ္စံ၊ ဝိညာဏ်သည် အမြဲမရှိ။

ရဟန်းတို့ ရုပ်ံ အနတ္တာ၊ ရုပ်သည် အတ္တမဟုတ်။ ဝေဒနာ အနတ္တာ၊ ဝေဒနာသည် အတ္တမဟုတ်။ သညာ အနတ္တာ၊ သညာသည် အတ္တမဟုတ်။ သင်္ခါရာ အနတ္တာ၊ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်။ ဝိညာဏံ အနတ္တာ၊ ဝိညာဏ်ခြောက်ပါးသည် အတ္တမဟုတ်။

အို....အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်၊ ငါတို့ဆရာ မြတ်စွာဘုရားသည် တပည့်သာဝကတို့ကို လိုက်နာ ခံယူ ကျင့်ကြံအားထုတ်ကြရန် ဤသို့ ညွှန်ကြားပြသ ဆုံးမတော်မူ၏ဟု ဖြေကြားတော်မူလိုက်တယ်၊ ယင်းအဖြေ၌ ဒုက္ခမပါတာကို သတိထားကြည့်ပါ။

ထိုအခါ သစ္စကပရိဗိုဇ်ကြီးက ဂေါတမအား စကားစစ်ပွဲဖြင့် အလဲထိုးဖို့ ကာလ,ကား ကောင်းစွာ ဆိုက်ရောက်လာချေပြီဟု ကြံစည်ကာ လိစ္ဆဝီမင်းငါးရာတို့၏ စည်းဝေးရာ လွှတ်ရုံးသို့ သွားပြီး၊ အို....လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော၊ လာကြကုန်လော၊ ယနေ့

ရဟန်းဂေါတမနဲ့ ငါ "နိစ္စ-အနိစ္စ၊အတ္တ-အနတ္တ"အခြေ အတင် စကား စစ်ထိုးပွဲကြီး ဖြစ်လိမ့်မည်။

ရဟန်းဂေါတမ၏ ထင်ရှားကျော်ကြားသော ပဉ္စဝဂ္ဂီ တပါး အဝင် ရှင်အဿဇိ၏ ဝန်ခံသွားတဲ့အတိုင်း ရဟန်းဂေါတမသည် အနိစ္စ, အနတ္တ ဟု ဝန်ခံပြောဆိုခဲ့လျှင် ရဟန်းဂေါတမ မလှုပ်နိုင်အောင် ချည်တုပ်လျက် သူ၏ အနတ္တဝါဒကို ဖျက်ဆီးချိုးဖွဲ့ ချေမှုန်းပစ်တော့အံ့ဟု ကြိမ်းမောင်း ကျုံးဝါးကာ လိစ္ဆဝီမင်းသား ငါးရာ ခြံရံလျက် မြတ်စွာဘုရား သီတင်းသုံးရာ မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်ရှိသော ဌာနသို့ ဦးတည်ထွက်သွားကာ ဝါဒပြိုင်တာပဲ။

ကဲ....အဲဒါဟာ မဂ်ဖိုလ်တို့ရဲ့ သင်္ခါရဒုက္ခကို ပြဆိုတဲ့ အထောက် အထားပဲ၊ ရှင်အဿဇိဖြေကြားတဲ့ နေရာမှာ ခန္ဓာငါးပါးကို အနိစ္စ အနတ္တနှစ်ပါးတည်းနဲ့သာ ဖြေကြားသွားတယ်၊ဒုက္ခကို ထည့်မဖြေဘူး။

ဒီနေရာမှာ ဒုက္ခသာ ထည့်ဖြေလိုက်ရင် သစ္စကကြီးက အို....အဿဇိ သင်တို့ မဂ်ဖိုလ်ရှာမှီးနေတာဟာ ကြီးလေးလှစွာသော ဆင်းရဲဒုက္ခ သင်္ခါရတရားစုတွေကို ရှာမှီးကာ ဆင်းရဲဒုက္ခတွေကိုသာ ရယူခံစားနေ ကြတာပေါ့၊ သင်တို့ရဲ့ ဒုက္ခဝဋ် ကျွတ်လွတ်စေတဲ့ သာသနာတော် အဆုံးအမ စကားစုသည် ကြီးကျယ်သော ဆင်းရဲဒုက္ခအစုကို ပေးနေ တဲ့ ငရဲတမျိုးသာ ဖြစ်ချေသည် စသော အတောမသတ် စွပ်စွဲကဲ့ရဲ့ ဖျက်ဆီးလာတော့မည်ကို သိတော်မူသော ရှင်အဿဇိထေရ်မြတ်က ခန္ဓာသင်္ခါရဒုက္ခကို ထည့်မဖြေတာပဲ။

စင်စစ် မဂ်ဖိုလ်တို့ဟာ ဖြစ်ပျက်မှု သင်္ခါရဒုက္ခ အနေအားဖြင့် ဒုက္ခတွန္ဓာဟူ၍ လာသော အရာတို့ကလဲ ရှိသေးတယ်၊ ကဲ....ကျေနပ် ရဲ့လား၊ ကလျာဏပုထုဇဉ်ဆိုရင် နားလည်နိုင်လောက်ပြီ။

ဒကာ။ ။သည်ပတ်စွာ ဖြေကြားလို့ နားလည် ကျေနပ်ကြပါပြီ ဆရာတော်၊ စင်စစ် မဂ်စိတ် ဖိုလ်စိတ်တို့က ဖြစ်ပျက်မှု သင်္ခါရ မကင်းပေမင့် ယင်းတို့ သိ သိ ခံစားနေတဲ့ နိဗ္ဗာန်တရားမြတ်က ဒုက္ခခပ်ကင်းငြိမ်းကာ အေးမြချမ်းသာလှတဲ့ အမတ သုခ အစစ်မို့ မဂ်ဖိုလ်တို့ဟာ ဆင်းရဲဒုက္ခမှလွတ်တဲ့ သုခချမ်းသာ အစစ်လို့ပဲ မှတ်ယူကြပါတော့မယ် ဘုရား။

---

## သိကြားသာသနာ (၂၅၀၀) ဆိုတာ တကယ်ရှိသလား?

ဒကာ။ ။သာသနာတော် ငါးထောင်ဆိုရာ၌ ဘုရားသာသနာတော်က နှစ်ထောင့် ငါးရာ၊ သိကြား သာသနာက နှစ်ထောင့် ငါးရာဟု ပြောဆိုနေကြရာ သိကြားသာသနာ ဆိုတာ အဟုတ်တကယ် ရှိသလား ဆရာတော်၊ ကျမ်းဂန်မှာကော ပါရှိပါသလား ဘုရား။

ဆရာ။ ။သိကြားသာသနာ (၂၅၀၀) ဆိုတာတော့ ကျမ်းဂန်မှာ မတွေ့ဖူးသေးဘူး၊ သာသနာတော် (၅၀၀၀) ဆိုတာကတော့ အဋ္ဌကထာကျမ်းဆရာတို့က ခေတ်ငါးပါးနဲ့ ပိုင်းခြားကာ သုံးလေးနည်း ပြဆိုထားတာ တွေ့ရှိတယ်၊ သိချင်ရင် သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီးမှာ ပါတယ်။

ဒကာ။ ။သည်လိုဆိုရင် သိကြားသာသနာ သိကြားသာသနာနဲ့ ဘုရား သာသနာတော်မှာ သိကြားမင်းနဲ့ စပ်စပ်ပြီး ပြောဆိုနေကြတာကို ဘယ်လိုယူဆပါသလဲ ဆရာတော်။

ဆရာ။ ။ဓမ္မစကြာသုတ် အမ္ဗန်းနိဒါန်းမှာ (သဟမ္ပတိနာမကေန မဟာဗြဟ္မေန ယာစိတော) သဟမ္ပတိဗြဟ္မာမင်းကြီးက မြတ်စွာဘုရားအား တရားဟောဖို့ လာရောက်တောင်းပန်တဲ့ အခါ သိကြားမင်းလဲ ပါလာတယ်၊ အဲဒီအခါမှာ သိကြားမင်းက....

မြတ်စွာဘုရား အရှင်ဘုရားတို့သည် တရားမြတ်ဒေသနာ တော်ကို ဟောကြားတော်မူကြပါ ဘုရား။

အရှင်မြတ်တို့၏ အမှန်စကားကို ဝန်မခံပဲ ငြင်းဆန်ကာ (မဖြေကြားပဲ) နေသူများ ရှိခဲ့သော် တပည့်တော်တို့က လိုက်ပါနာယူ စေကြပါမည် ဘုရား–

အရှင်ဘုရားတို့ဘက်မှ ဓမ္မစက် ဖြစ်တော်မူပါစေ,တပည့် တော်တို့ဘက်မှ အာဏာစက် ဖြစ်စေပါမည် ဘုရား။–

ဟု သိကြားမင်းက ပဋိညာဉ်ဝန်ခံစကား လျှောက်ထားသွားတာတော့ သာသနာတော်ကျမ်းများမှာ ပါရှိတယ်။

ပုံပမာပြရရင်။ သစ္စက ပရိဗိုဇ်ကြီးက မြတ်ဘုရားထံ လာရောက် ကာ အနတ္တကို ငြင်းပယ် ဖျက်ဆီးတဲ့ ပြိုင်ပွဲကြီးမှာ မြတ်စွာဘုရား သခင်က အမှန်တရား ဖေါ်ပြပြီး ကဲ.... သစ္စက သဟာကို ဘယ်လို သဘောရသလဲ၊ အတ္တလော,အနတ္တလော၊ ဖြေကြားပါဟု စေခိုင်းတဲ့ အခါမှာ သစ္စကကြီးက အနတ္တပါလို့ မုချဖြေကြားရတော့မည့် ကိစ္စ ဖြစ်နေ၍ မင်းပရိသတ် ဗိုလ်ပုံအလယ်မှာ အရှုံးမပေး မဖြေကြားပဲ တောင်စကား မြောက်စကားတွေ ပြောဆိုကာ အချိန်ကို ဖြုန်းတီး နေတယ်။

အဲသည်အခါ သိကြားမင်း မနေသာတော့ဘူး၊ သူ၏ ပဋိညာဉ် ဝန်ခံချက်အရ ဝရဇိန်လက်နက်ကို ကိုင်ဆွဲလျက် ကြောက်မက်ဖွယ် ဘီလူးကြီးအသွင် ဖန်ဆင်းကာ ဘုရားသခင်၏ အမေးစကားတော် ကို အမှန်အတိုင်း ဖြေကြားရန် ခြိမ်းခြောက်တော့မှ သစ္စကကြီးက ကြောက်လန့်ပြီး အမှန်အတိုင်း အနတ္တပါ အရှင်ဂေါတမဟု ဖြေကြား တဲ့ အခန်းကဏ္ဍမျိုးတွေ များစွာပဲ ကျမ်းဂန်တွေမှာ ရှိပါတယ်၊ အဲဒါတွေဟာ ဘုရားသာသနာတော်နဲ့ သိကြားမင်းနဲ့စပ်တဲ့ကိစ္စတွေပဲ၊ သိကြားသာသနာ(၂၅၀၀)ရယ်လို့တော့ သီးခြား မတွေ့ဖူးသေးဘူး၊ မြတ်စွာဘုရားဘက်က ကူညီပေးတဲ့ အချက်တွေသာပါတယ်၊ ကဲ.... ကျေနပ်ပြီလား။

## သစ္စကပရိဗိုဇ်ကြီး အပါယ်လားသလော ?

**ဒကာ**။ ။ဘုရားကို မကြောက်ပဲ သိကြားကိုကြောက်လို့ အမှန် ဖြေကြားရတဲ့ သစ္စကကြီးဟာ သေတော့ အပါယ် လားရောလား ဆရာတော်။

**ဆရာ**။ ။မြတ်စွာဘုရားက သစ္စကကြီးရဲ့ နောင်အခါ သာသနာ ပြုပေးမည့် အရေးတွေကို မြင်တော်မူလို့ ကယ်ချွတ် ပေးတာပဲ၊ အပါယ်မကျပါဘူး၊ မြတ်ဘုရား၏ တရားတော်ကို နာယူ သွားရလို့ သေတဲ့အခါ နတ်ရွာသို့ လားတယ် တဲ့။

ဘုရားမြတ် ပရိနိဗ္ဗာန်စံလို့ အနှစ် (၂၀၀) ကျော်လောက်မှာ သီဟိုဠ်ကျွန်း၌ သာသနာတော် ထွန်းလင်းတောက်ပချိန်အခါ နတ်ရွာမှ စုတိပြီး ဒက္ခိဏဂိရိကျောင်းတိုက်၏ ဂေါစရဂံ ရွာကြီး၌ အမတ်မျိုးမှာ ဖြစ်လျက် အရွယ်ရောက်၍ ရှင်ရဟန်းပြုသောအခါ ဆရာဉပဇ္ဈာယ်က ကာလဗုဒ္ဓရက္ခိတဟု အမည်ပေးလိုက်တယ်။

ကာလဗုဒ္ဓရက္ခိတသည် ဆရာ့ထံ၌ ဂန္ထဓုရ ပိဋကတော်များကို သင်ကြားလျက် ပိဋကသုံးပုံကို တပည့်များစွာတို့အား ထင်လင်ရှား ရှားနဲ့ သင်ကြားပို့ချနေစဉ် ဆရာဉပဇ္ဈာယ်က သင်သည် ရဟန်းကိစ္စကို ပြီးအောင်မလုပ်ပဲ ဂဏပလိဗောဓထဲ၌သာ ထပ်တလဲလဲ ဝင်စား နေသည်၊ ပလိဗောဓတွေ ပယ်ရှားကာ စေတိယတောင်ကျောင်းသို့ သွား၍ ဝိပဿနာဓုရ ရဟန်းတရားကို အားထုတ်ပွားများချေလော ဟု စေခိုင်းလိုက်တယ်တဲ့။

ကာလဗုဒ္ဓရက္ခိတမထေရ်သည် ဆရာဉပဇ္ဈာယ် စေခိုင်းချက်အတိုင်း ဝိပဿနာရဟန်းတရား ပွားများအားထုတ်လိုက်တာ မြတ်စွာဘုရား ဟောကြားတော်မူဘူးတဲ့ သစ္စကဘဝက အထုံပါရမီ ဉပနိဿယပစ္စည်း အကြောင်းအလျောက် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ မင်းအပူဇော်ခံ ဘုန်းကံကြီးမား ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတပါးဖြစ်ပြီး များစွာသော တပည့်တပန်း ရဟန်းအပေါင်းခြံရံလျက် စေတိယ တောင်ကျောင်း၌ပင် သီတင်းသုံး နေထိုင်ကာ သာသနာပြုတော် မူသွားသည် တဲ့၊ ကဲ....ရှင်းပြီလား၊ တခြား အဂ္ဂမဟာပဏ္ဍိတ ဆရာ တော်ကြီးများ ထံတော်မှာလည်း သွားရောက် နာခံဖို့ ကောင်း တယ်နော်။

**ဒကာ**။ ။သစ္စကပရိဗိုဇ်ကြီး အပါယ်လားရော မအောက်မေ့တာ အခုလို အသိဉာဏ်တွေ အမှန်ရလို့ ရှင်းလင်းသွားပါပြီ ဆရာတော်၊ မြတ်စွာဘုရားနဲ့ တွေ့ဆုံရကျိုး နပ်သွားတာပေါ့၊ တခြား ဆရာတော်ကြီးများထံလဲ သွားရောက် နာခံစရာ မလိုတော့ပါဘူး ဆရာတော်၊ ကျေနပ်ပါပြီ ဘုရား။

## အရှင်ဝိစိတ္တ ဓမ္မဘဏ္ဍာဂါရိကထေရ်က အလွန် အဖိုးတန်သော မော်တော်ယာဉ်ကြီးကို ဘာကြောင့် မခံယူ မသုံးဆောင်ပါသလဲ ?

**ဒကာ။** ။တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်အား နိုင်ငံခြား အစိုးရနှင့် သဌေးကြီးများ က ကာလတန်ဖိုးအားဖြင့် အမြင့်မားဆုံးဖြစ်၍ အကောင်းဆုံး ဖြစ်သော မော်တော်ကားကြီးကို ပေးလှူကြရာ အရှင်ဝိစိတ္တ မထေရ်မြတ် သည် ခံယူသုံးဆောင်မှုမပြုပဲ ပြန်ပေးကြောင်းနှင့် တဆင့်စကား ကြားသိရပါသည်၊ ရဟန်းတော်များသည် လောက၌ သဒ္ဓါကြည်ညို စွာဖြင့် ပေးလှူပူဇော်ကြသော မွန်မြတ်လှသည့် လူ့အသုံးအဆောင် မင်းအသုံးအဆောင်တို့ကို ခံယူ သုံးဆောင်မှု မပြုရဘူးလား ဆရာ တော်၊ ကျမ်းဂန်များ၌ ကျင့်ထုံးများ တွေ့ရှိဘူးပါသလား ဘုရား။

**ဆရာ။** ။ဒီမေးခွန်းက ထို အရှင်မြတ်နှင့် တိုက်ရိုက် ဆက်စပ်နေတဲ့ ဟာပဲ၊ ထို အရှင်ကလဲ သက်တော်ထင်ရှား ရှိနေလျက်နဲ့ ဥစ္စာ၊ သူ့ထံသွားမေးရင် ပိုကောင်းမယ် ထင်တယ်၊ ထိုအရှင်မြတ် အား သံကြီး တမန်ကြီးများက အလွန်အဖိုးတန်တဲ့ မော်တော်ကား ကြီးတစင်းပေးလှူတာ အရှင်မြတ်က မခံယူဘူးလို့ ကြားသိရဘူးတာပဲ ရှိတယ်၊ သူ့ကိစ္စကို သူ့ထံ သွားမေးကြပေါ့။

**ဒကာ။** ။သည်ဆရာတော်က ဘုန်းရှင် ဉာဏ်ရှင် ဂုဏ်ကြီးရှင် တပည့်ပရိသတ်တွေများစွာနှင့် မအားရအောင် ဟော ကြား ညွှန်ပြ ကိစ္စတွေ များလှသော ဆရာတော်တပါး ဖြစ်နေလို့ သည်လိုမေးစရာ အသေးအဖွဲ့ကလေးမျှနဲ့ သွားရောက် အချိန်ယူ ဆွေးနွေးရမှာ ဝန်လေးလို့ပါ ဆရာတော်၊ ရှေးရှေး ရဟန်းတော်များ ကျင့်သုံးသော ထုံးနည်း စံမူများ တွေ့ဘူးရှိဘူးသလားလို့မေးတာပါ။

ဆရာ။ ။ကိုင်း....သည့်လိုဆိုရင် နားထောင်ကြပေတော့ တွေ့ဘူးပါတယ်၊ မြတ်စွာဘုရား လက်ထက်တော်က ဗုဒ္ဓနဲ့ဆန့်ကျင်ဘက် အတ္တသမား သစ္စက ပရိဗိုဇ်ကြီးဟာ နောက်ပိုင်း၌ သီဟိုဠ်ကျွန်း တခုသောရွာကြီး၌ အမတ်မျိုးမှာ လူလာ ဖြစ်တယ်၊ အရွယ်ရောက်တော့ ရှင်ရဟန်းပြုကာ ဘုန်းကံကြီးမား ကျော်စောထင်ရှားသော ပိဋက သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးဖြစ်သွားတယ်၊ ဘွဲ့တော်က ကာလဗုဒ္ဓရက္ခိတ တဲ့။

အချိန်အားဖြင့် မြတ်ဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးနောက် အနှစ် (၂၀၀) ကျော်လောက်မှာ ဖြစ်တယ်၊ သာသနာပြု မင်းကတော့ ဘုရင်တိဿ မင်းမြတ်ပဲ၊ တိဿဘုရင် မင်းမြတ်ဟာ စေတိယတောင် ရာဇလိုဏ်ဂူ၌ ဥပုသ်ဆောင် ဝင်နေတုန်းမှာ အရှင်ကာလဗုဒ္ဓရက္ခိတ ထေရ်မြတ် ဟောကြားသည့် ဗုဒ္ဓဂုဏ်တော်နဲ့ စပ်တဲ့ တရားတော်များကို မထင်ရှားသော အသွင်ဖြင့် ပရိသတ်နောက်နားက မတ်တတ်ရပ်ကာ တညဉ့်ပတ်လုံး နာယူလျက် တရားသိမ်းသောအခါ သာဓုခေါ်ပြီး ထေရ်မြတ်အား ကြည်ညိုလှ၍ သူ့ရဲ့ ပဒေသရာဇ် မင်းစည်းစိမ် တိုင်းပြည်ကို အရှင်မြတ်အား ပေးလှူပါ၏ဟု ဆိုကာ ပေးလှူလိုက်တယ်၊ နောက်ဆက်ပြီးတော့....

သို့ပေမင့် ဒါလောက်ကလေး ပေးလှူရတာ အားမရ တင်းမတိမ်ပါဘူး ဘုရား၊ အရှင်ဘုရားသည် အပမာဏ အဆုံးအပိုင်းအခြားမရှိ အနန္တဖြစ်သော မြတ်ဘုရား၏ ဂုဏ်တော်များကို ဟောကြားတာနဲ့ နှိုင်းစာလျှင် ဤမျှသော မင်းစည်းစိမ် ချမ်းသာဟာ တပည့်တော်၏ ''ဆင်းရဲသား လက်ဆောင်မျှသာ'' ဖြစ်ပါသည် ဘုရားဟု လျှောက်ထားကာ ရိုသေစွာ ပေးလှူပူဇော်တယ် တဲ့။

ကာလဗုဒ္ဓရက္ခိတ မထေရ်မြတ်ကလဲ မြတ်သောမင်းကြီး.... သင်မင်းကြီးသည် မှန်မြတ်သော စေတနာ သဒ္ဓါ ကြည်ညိုမှုကို ပြုပြီးပေပြီ၊ ဤသို့ ပေးလှူပြီးသော မင်းစည်းစိမ်ချမ်းသာကို သင်မင်းကြီးတို့အား သာလျှင် ပြန်လည်၍ ပေးအပ်ပါ၏၊ ရဟန်း ရှင်လူတိုင်းသူပြည်သားတို့အား တရားနဲ့ အညီ အုပ်ချုပ်ကာ မင်းပြုလုပ်ပါလော ဟု မိန့်ကြားပြီး ဘုရင်တိဿမင်းတရားကြီးအား ပြန်လည်ပေးအပ် ကြောင်းများနှင့် ကျမ်းဂန်မှာ လာရှိတယ်၊ အဲဒါဟာ သူတော်စင် ရဟန်းများ၏ မမေ့မကြွား နည်းယူစရာ ကျင့်ထုံးတရားပဲ။

ဒါကြောင့် အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ကလဲ ဓမ္မဘဏ္ဍာဂါရိက် တရားဘဏ္ဍာထိန်း တရားစိုးသူကြီးပီပီ ရဟန်းတော်များနှင့် မသင့်မလျော်ဟု ထင်သော မှန်မြတ်လှသည့် အကောင်းဆုံးသော လူ့အသုံးအဆောင် မင်းအသုံးအဆောင် ပစ္စည်း ဝတ္ထုများကို သဌေးမင်း လူမင်းတို့က ပေးလှူကြသော်လဲ လက်ခံ သုံးဆောင်မှုမပြုပဲ အလှူရှင်ဒါယကာ မင်းများအားသာ တဖန်ပြန်၍ ပေးအပ်လိုက်တာဖြစ်တယ်လို့ မှတ်ယူကာ ဝမ်းသာစွာ သာဓု ခေါ်ကြပေါ့၊ ကဲ.... ရှင်းလင်းရဲ့လား၊ ဒါထက် ပိုမဖြေနိုင်ဘူး၊ သူ့ကို တိုက်ရိုက်သွားမေးရင် ဒါထက်ကောင်းတဲ့ အဖြေရမှာပဲ။

၁၈၁။ ။ဒီလို ပြတ်ပြတ်သားသား ကျမ်းဂန်စာပေ လာအတိုင်း ကြားသိရတာ ကျေးဇူးတင်မဆုံးနိုင်ပါဘူးဆရာတော်၊ ဒီအဖြေနဲ့ပဲ ကျေနပ်နှစ်သက်လှပါပြီ။

## ယမကပါဠိဟာ တန်ခိုးတော်ပြရာမှာ ရေ,မီး, အစုံ,အစုံ အတူတူ တပြိုင်တည်း ထွက်ပါသလား?

**ဒကာ**။ ။မြတ်စွာဘုရား သရက်ဖြူပင်ရင်းမှာ တန်ခိုးတော်ပြရာဝယ် ကိုယ်တော်၏ အထက်ပိုင်းက မီးအလျှံတွေ အောက်ပိုင်းက ရေအလျှံတွေ မျက်လုံးတော် တဘက်က ဖြူသောရောင်ခြည်တော်တွေ တဘက်က နီသောရောင်ခြည်တော်တွေ စသည်ဖြင့် အပြိုင်အပြိုင် လွှတ်တော်မူတယ်လို့ တချို့ဆရာများက ပြောဟောကြတယ်၊ တချို့ဆရာကျတော့လဲ မဟုတ်ဘူးတဲ့ တခြားစီ ထွက်ပေါ်ကြတာတဲ့၊ အဲဒါ ရှင်းပြပါအုံး ဆရာတော်။

**ဆရာ**။ ။သဟာက စိတ်အလုပ်တွေပဲ အဘိဓမ္မာ ဝီထိပိုင်း သင်ဘူးရင် သိပါတယ်၊ တချိန်တည်းမှာ စိတ်နှစ်မျိုး တပြိုင်တည်း မဖြစ်နိုင်ဘူး၊ ရေအလျဉ်ကို ဖန်ဆင်းတာက တစိတ်, တဝီထိ, တကာလ၊ မီးအလျဉ်ကို ဖန်ဆင်းတာက တစိတ်, တဝီထိ, တကာလ၊ တခြားစီဖြစ်တာပါ၊ အတူတူ တပြိုင်တည်း ဖြစ်တာမဟုတ်ပါဘူး။

**ဒကာ**။ ။အနို့ ဘာဖြစ်လို့ ယမက...အစုံ အစုံ အတူတူ တပြိုင်တည်းဟု ပြောဟောနေကြတာလဲ ဆရာတော်။

**ဆရာ**။ ။ဘုရားမြတ်၏ စိတ်ဓာတ်တော်က အလွန်အမင်းလျင်မြန်ခြင်းရှိတယ်၊ တဝီထိနဲ့ တဝီထိ ကြားမှာ ဘဝင်စိတ်အားက နည်းနည်းပါးပါးသာ ဖြစ်တာ၊ ဝသီဘော် ငါးပါးလေ့လာခြင်းများကလဲ ထိပ်ဖျားထွတ်ခေါင် ဆောင်နေတော်မူတာဖြစ်တယ်။

ဒါကြောင့် ဖူးမြင်ရတဲ့ လူ, နတ်, ဗြဟ္မာတွေက မီးနဲ့ရေတွေဟာ အတူတူ တပြိုင်တည်း ဘွားကနဲ ဘွားကနဲ အစုံ အစုံ ဖြစ်ပေါ် ဖြစ်ပေါ်လာတယ်လို့ ထင်နေကြတာပါ၊ အဲဒါ သေချာစွာ သိချင်ရင် စိတ်အစဉ်ဖြစ်ပေါ်ပုံ ဝီထိပိုင်းကို လေ့လာသင်ကြားပေးပါ၊ အမှန်က တန်ခိုးပြာဋိဟာ ပြတယ်ဆိုတာတွေမှန်သမျှ စိတ်အလုပ်တွေချည်းပဲ၊ စိတ်သည် တခုပြီးမှ တခုဖြစ်သလို ဖန်ဆင်းပေးတဲ့ အာရုံတွေဟာလဲ တခုပြီးမှတခုပေါ်လာတာလို့သာမှတ်ယူရမယ်၊ကဲ၊... ကျေနပ်ပြီလား။

**ဒကာ**။ ။စိတ်အစဉ်ဖြစ်ပုံ ဝီထိပိုင်း နားလည်အောင် လေ့လာသင်ကြားရမှာပဲ ဆရာတော်၊ ဒါမှသာ ပိုရှင်း ကျေနပ်မှာပဲ။

---

## မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုသိတနတ်သားဟာ အဘိဓမ္မာတရားဆုံးတော့ နတ်ရဟန္တာ ဖြစ်ပါသလား ?

**ဒကာ**။ ။မြတ်စွာဘုရားသခင်ဟာ လူ့ဘဝက မတ်တော်ဖြစ်ခဲ့ ဘူးသော သန္တုသိတနတ်သားကို အဦးထား၍ တာဝ တိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟောကြား တော်မူရာဝယ် အဘိဓမ္မာတရားတော် ပြီးဆုံးသွားတဲ့အခါ သန္တုသိတ နတ်သားဟာ ရဟန္တာဖြစ်သွားပါသလား ဆရာတော်၊ နတ်ဗြဟ္မာ တွေ ဘယ်လောက် ကျွတ်တမ်းဝင်ကုန်ပါသလဲ။

**ဆရာ**။ ။အင်း....တရားမင်းဖြစ်တော်မူတဲ့ ဘုရားမြတ်ဟာ ဝါဆို လပြည့်နေ့ကစ၍ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား တော်မြတ်ကို ဟောကြားတော်မူရာ ဝါတွင်းသုံးလပြည့်မြောက်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ အဘိဓမ္မာတရားတော် ပြီးဆုံးသွားတယ်။

အဲဒီ အဘိဓမ္မာ တရားသဘင်ကြီး၌ နတ်ဗြဟ္မာတွေ ကုဋေပေါင်း ရှစ်သောင်းမျှ သစ္စာလေးပါးကို ပိုင်းခြား သိမြင်လျက် အရိယာ သူတော်စင်တွေဖြစ်ကာ ကျွတ်တမ်းဝင်သွားကြတယ် တဲ့။

မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုသိတနတ်သားကတော့ အဘိဓမ္မာ တရားဟောကြား၍ ပြီးဆုံးသောအခါ သောတာပတ္တိဖိုလ်၌တည်ကာ သောတာပန်ဖြစ်သွားတယ်လို့ ဗုဒ္ဓဝင်ကျမ်းဂန်များမှာ လာရှိတာ တွေ့ရတယ်၊ ရဟန္တာဖြစ်တယ်လို့တော့ မတွေ့ရဘူး ဒကာကြီးတို့ရ၊ တခြား အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများထံမှာလဲ မေးလျှောက် ကြအုံးလေ၊ ဒီကတော့ ဒါလောက်ပဲ သိတယ်။

ဒကာ။ ။အချို့က မယ်တော်မိနတ်သားဟာ ရဟန္တာ ဖြစ်သွား တယ်၊ မြတ်စွာဘုရားက မယ်တော်ကို အဦးထားပြီး တော့ ကျေးဇူးဆပ်တဲ့ တရားတော်ဖြစ်လို့ စသည်ဖြင့် ငြင်းခုံနေကြ လို့ပါ ဆရာတော်၊ ဒုလိုသိရတော့ ရှင်းသွားပါပြီ၊ တခြား အဂ္ဂမဟာ ပဏ္ဍိတဆရာတော်များထံမှာလဲ သွားရောက် လျှောက်ထားမေးစရာ မလို တော့ပါဘူး ဘုရား။

---

## ရတ္တညူ ညဥ့်အပိုင်းအခြားကို သိသောသူဆိုတာ ဘာအဓိပ္ပါယ် ရှိပါသလဲ?

ဒကာ။ ။ယခုကာလ သက်တော်ရှည် ဂုဏ်ကြီးရှင် ဆရာတော် ကြီးတွေကို ချီးကျူးပူဇော်သဘင် ပြုတဲ့အခါ ရတ္တညူ- ညဥ့်အပိုင်းအခြားကို သိမြင်တော်မူသောသူ၊ ဒီဃဒဿီ - အရှည်ကို မြင်တော်မူသော ပုဂ္ဂိုလ်ကြီး စသည်ဖြင့် ရေးသားပူဇော် ရွတ်ဖတ်သံ များကိုလဲ ကြားဘူးပါသည်။

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော–ဟု အရှင်ကောဏ္ဍညအား တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမိန့်ကြားတဲ့ အခါမှာ ငါ၏ တပည့်သား ရဟန်းအများ တို့တွင် အညာသိကောဏ္ဍညဟာ ညဉ့်အပိုင်းအခြားကို သိတဲ့နေရာမှာ သူမတူ အသာဆုံးပဲဟု လာရှိရာ ရတ္တညူ–ညဉ့်အပိုင်းအခြားကို သိတယ် ဆိုတာ ဘာကို ဆိုတာလဲ ဆရာတော်၊ အဲဒါလေး ရှင်းပြပေးပါအုံး ဘုရား။

**ဆရာ။** ။ဟုတ်တယ်၊ ရတ္တညူ–ဆိုတဲ့ ပါဠိကို (ရတ္တညူ) ညဉ့်အပိုင်း အခြားကို သိသောပုဂ္ဂိုလ်လို့ပဲ၊ ထိုထို စာပေကျမ်းဂန် တို့မှာ မြန်မာလို ဘာသာပြန်ဆိုကြတယ်၊ သဟာကတော့ (ရတ္တ+ အညူ) အဲဒီ ပါဠိသဒ္ဒါ နှစ်ပုဒ်ရဲ့ အနက်ပဲ ဖြစ်တယ်၊ အဓိပ္ပါယ် မပါဘူး။

အညာသိကောဏ္ဍညထေရ်အား တေဒဂ်ပေးတဲ့ နေရာအခန်းမှာ အဲဒီ (ရတ္တညူ) ပုဒ်ကို ပိဋကသုံးပုံဆောင် ဓမ္မဘဏ္ဍာဂါရိက တရား စိုးသူကြီး ဖြစ်တော်မူသော အရှင်ဝိစိတ္တသာရ မထေရ်မြတ်က သူပြုစု တော်မူတဲ့ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်းစာအုပ် စာမျက်နှာ (၂၉) အရှင်ကောဏ္ဍညမထေရ် အကြောင်းမှာ ဖော်ပြထားတဲ့ အဓိပ္ပါယ် ဆိုလိုရင်း မှတ်သားစရာကတော့....

(၁) မြတ်ဗုဒ္ဓ သာသနာတော်၌ အရှင်ကောဏ္ဍညထက် ရဟန်းသိက္ခာဝါတော် ကြီးသူမရှိ၊ ညဉ့်နေ့အားဖြင့် ရေတွက်သော် သိက္ခာဝါတော် အကြီးဆုံးပုဂ္ဂိုလ်မြတ် ဖြစ်သောကြောင့် ရတ္တညူပုဂ္ဂိုလ်ဟု ဆိုလိုသည်တဲ့။

**မှတ်ချက်။** ။သာသနာတော်၌ သိက္ခာဝါတော်ကြီးသော ရဟန်းပုဂ္ဂိုလ်ကို ရတ္တညူဟု ခေါ်ဆို ထိုက်ကြောင်းနဲ့ မှတ်ရာ၏။

(၂) တနည်း– အရှင်ကောဏ္ဍညမထေရ်မြတ်သည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်တဲ့ နေရာမှာ တပည့်သာဝက အပေါင်းတို့တွင် ရှေးဦးစွာ သိမြင်တော်မူသောကြောင့် အခြားသာဝကတို့ သိတော်မူသော အချိန်ကာလထက် နေ့ညဥ့်အားဖြင့်ပိုမိုရှည်လျားစွာ ရှိတော်မူတာကို သိတော်မူရကား ရတ္တညူ ပုဂ္ဂိုလ်ဖြစ်လေသည်တဲ့၊ ဆိုလိုရင်းမှာ အစောဆုံး သစ္စာလေးပါးတရား သိသွားသူဟာ ရတ္တညူ ပုဂ္ဂိုလ်ပဲ တဲ့။

**မှတ်ချက်။** ။ဤနည်းအရ စတုသစ္စဓမ္မကို အလျင်လက်ဦးသိသော ပုဂ္ဂိုလ်သည် နောက်မှသိသော ပုဂ္ဂိုလ်ကို ထောက်ထား၍ ရတ္တညူ ပုဂ္ဂိုလ်ဖြစ်သည်ချည်းဟု မှတ်ရာ၏။

(၃) နောက်တနည်း–အရဟတ္တဖိုလ် ရသူတိုင်းဟာ ညဥ့်နေ့ အပိုင်းအခြားကို ထင်ရှားစွာ သိနေတာချည်း ဖြစ်သောကြောင့် ရတ္တညူ မည်သည် ချည်းသာ ဖြစ်၏ တဲ့။

**မှတ်ချက်။** ။အရှင်ကောဏ္ဍည မထေရ်မြတ်ကား ရှေးဦးစွာ အရဟတ္တမဂ်ဖိုလ်ရကာ အဦးဆုံး ရဟန္တာကြီး ဖြစ်သောကြောင့် အသာဆုံး အမြတ်ဆုံး ''ရတ္တညူ'' ဧတဒဂ်ဘွဲ့ထူးကို ရသည်ဟု မှတ်ရာ၏။

ကဲ....အဲဒါတွေဟာ "ရတ္တညူ" ညဥ့်အပိုင်းအခြားကို သိသော ပုဂ္ဂိုလ်ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အဓိပ္ပါယ်ပါပဲ၊ ဆိုလိုရင်းက သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သိက္ခာ ဝါတော် ကြီးရင့်သော ပုဂ္ဂိုလ်ကြီး၏ ဂုဏ်ပုဒ်ပဲ။

**ဒကာ**။ ။ဒါလောက် သိရတာ ကျေနပ်နှစ်သက် ဝမ်းသာအားရ လှပါတယ် ဆရာတော်၊ ညဥ့်အပိုင်းအခြားကို သိသော သူဟု ဆိုထားတော့ တပည့်တော်တို့က အယူအဆ အမျိုးမျိုးတွေနဲ့ ဖြစ်ကုန်ကြလို့ပါ၊ တချို့ကလဲ ညဥ့်အပိုင်းအခြားဆိုတာ တညကို သုံးယံ ပိုင်းပြီး သိတာလို့ ပြောကြ ပါတယ် ဘုရား၊ ခုတော့ ရှင်းသွားပါပြီ။

---

## ရှင်သာရိပုတ် ကယ်ချွတ်သော သတ္တဝါပေါင်း စာရင်းအင်းများ ရှိပါသလား?

**ဒကာ**။ ။မြတ်စွာဘုရားသခင်ကို ထား၍ ပညာအရာမှာ တပါး သာ ရှိတော်မူသော ဓမ္မသေနာပတိ တရားစစ်သူကြီး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ် မထေရ်မြတ်ကြီး ဟောကြားချေချွတ် ကယ်တင်တော်မူလို့ အရဟတ္တဖိုလ် ရရှိတော်မူခြင်းနဲ့ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်စတဲ့ သတ္တဝါစာရင်းအင်းများ ပိဋကတော်မှာ တွေ့ဘူးပါသလား ဆရာတော်။

**ဆရာ**။ ။အင်း....အကုန်အစင် အတိအကျ ခရေစေ့တွင်းကျတော့ မသိပါဘူး၊ သိသင့်သလောက်တော့ တွေ့ဘူး ဖတ်ဘူး သိမှတ်ဘူးပါတယ်။

သုမင်္ဂလဝိ (က) ၁၀၄-၃၉

**ဒကာ။** ။ဆရာတော် သိသလောက် ပြောပြ သင်ကြားပေးရင် တပည့်တော်တို့ ရသမျှ အမြတ်ကြီးပါပဲ ဆရာတော်၊ မိန့်ကြားပါအုံး ဘုရား။

**ဆရာ။** ။ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်တော်မူတဲ့ ရှင်သာရိပုတ် မထေရ်မြတ်ဟာ သူ့ရဲ့ အနန္တသခင် ကျေးဇူးရှင်ဖြစ်တဲ့ မယ်တော် သာရီပုဏ္ဏေးမ သဒ္ဓေးကတော်ကြီး ဒေါ်သာရီကိုတော့ သောတာပတ္တိဖိုလ်အထိသာ ကယ်တင်ပေးသွားနိုင်တယ်။

အခြား လူ, နတ်, ဗြဟ္မာတွေ အတွက်ကတော့ တော်တော့ကိုပဲ ကျေးဇူးများတာတွေ တွေ့ရှိရတယ်၊ မထေရ်မြတ်ဟာ သမစိတ္တသုတ္တန်ဒေသနာတော်မြတ်ကို ဟောကြားတော်မူသော တနေ့တည်းမှာပဲ နတ်ဗြဟ္မာအပေါင်း ကုဋေတသိန်း အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်လို့ အင်္ဂုတ္တိုရ် ပ- ၆၄- စာမျက်နှာမှာ လာရှိတယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သွားတဲ့ နတ်ဗြဟ္မာတွေရဲ့ အရေအတွက်ကတော့ များပြားလှစွာ၏ တဲ့။

အဲဒါက သမစိတ္တသုတ္တန် ဟောတော်မူတဲ့ တနေ့တည်း အတွက်ကိုသာ ပြတာ၊ အခြား အခြားသော နေ့တွေ, လတွေ, နှစ်တွေမှာ ဟောကြားတော်မူလို့ သစ္စာလေးပါးတရားသိမြင်ကြကာကျွတ်တမ်းဝင်သွားကြတာတွေလဲ အများကြီးပဲ ရှိပါသေးတယ် တဲ့။

နောက် အရိယာမဟုတ်ပဲ ပုထုဇဉ်ဘဝနဲ့ အရှင်သာရိပုတ်ထေရ်မြတ်အား ကြည်ညိုသဒ္ဓါပွားကာ လေးလေး စားစားနဲ့ ပေးလှူပူဇော်ခြင်း သရဏဂုံခံယူခြင်း သီလဆောက်တည်ခြင်း ကုသိုလ်ကံအရှိန်အဟုန်တို့ကြောင့် နတ်ပြည်၌ ဖြစ်ကြကုန်သော အမျိုးကောင်း

သားသမီးပေါင်း (၈၀၀၀၀) ရှစ်သောင်းမျှ နတ်တို့၏ စည်းစိမ် ချမ်းသာကို ခံစားရကုန်၏ တဲ့၊ ဒါဖြင့် ဒါလောက်တော့ သိ မှတ်မိ ပါတယ်။

**ဒကာ။** ။ဒါလောက်တောင် မယ်တော်မှာပါးဖြစ်တဲ့ သူမျှားစွာ တို့ကို ချွေချွတ်ကယ်တင်တော်မူနိုင်တဲ့ ပညာထိပ်ခေါင် တင် ဓတေဒဂ်ပိုင်ရှင်ကြီးဟာ မိမိရဲ့အနန္တသခင် ကျေးဇူးရှင် မယ်တော် ကြီးကိုတော့ အောက်မဂ် သောတာပန်လောက်ကလေးနဲ့ပဲ ကျေနပ် တော်မူရောလား ဆရာတော်၊ အထက်မဂ်တွေကို ဘာကြောင့် တက် မပေးတာလဲ။

**ဆရာ။** ။ဟာ.... ဒီအဘွားကြီးရဲ့ မိစ္ဆာဒိဋ္ဌိကံအယူအစွဲ ခိုင်မြဲကြီး မားပုံက သူ့အိမ်သားတွေအားလုံး အရိယာပိုင်းရောက် ကုန်တာတောင် သူတယောက်ထည်း စုန်းပြူး ခေါင်းမာနေတာ အလျော့မပေးဘူး၊ ဆိုလိုရင်းကတော့ သူ့ရဲ့ကောင်းမှုကံ ပါရမီ ဥပနိဿယ ပစ္စည်းဥစ္စာက သောတာပတ္တိမဂ်နဲ့ တန်ရုံလောက်ပဲ ရှိလို့ ရှင်သာရိပုတ် ထေရ်မြတ်ကလဲ သူ့မယ်တော်နဲ့ တန်တာလောက်သာ ကယ်တင်နိုင်ဟာလို့ မှတ်ကြပေတော့၊ ဒါပဲ၊ သူ့ကံနဲ့၊ သူ့အလုပ်နဲ့၊ သူ့ပါရမီနဲ့ တန်ရုံလောက်သာ ကယ်တင်ပေးနိုင်တာ၊ တန်ခိုးရှင်ကြီး အနေနဲ့ ကယ်တင်ပေးလို့ ရတာမဟုတ်ဘူး၊ ဗုဒ္ဓရဲ့ဝါဒက ဖန်ဆင်းဝါဒ မဟုတ်ဘူး၊ ကိုယ့်လုပ်ခ ကိုယ်ရတဲ့ ကမ္မဝါဒ။

**ဒကာ။** ။အားရ ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ ကံကောင်းရှိတဲ့သူကိုသာ သူ့ကံနဲ့တန်ရုံလောက် ကယ် တင်ဖန်ဆင်းပေးနိုင်တယ်ဆိုတာကို ယုံကြည်ရမည့် ဗုဒ္ဓဝါဒမို့ ကိုယ့် ကိုယ်ကို အားကိုးရတာပဲ ဆရာတော်။

## နာနာဘာဝ,ဝိနာဘာဝ–ဆိုတာဟာ တစ္ဆေ သရဲတွေလား ?

ဒကာ။ ။လောက လူတွေ့ရဲ့ ဆိုရိုးစကားမှာ နာနာဘာဝ တစ္ဆေ သရဲတွေ လာကုန်ပြီ၊ ဝိနာဘာဝ ဘီလူးသရဲတွေ ဖြစ်ကုန်ပြီဟု ပြောဆိုနေကြပါသည်၊ တချို့ကလဲ နာနာဘာဝ, ဝိနာဘာဝ ဆိုတာ တစ္ဆေသရဲကို ခေါ်ဆိုဘာ မဟုတ်ပါဘူးလို့ ပြောကြပါတယ်၊အဲဒီ အဘိဓာန်နှစ်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို ရှင်းပြပေးပါအုံး ဆရာတော်၊ စာပေကျမ်းဂန်က ဘယ်လို ဆိုပါသလဲ ဘုရား။

ဆရာ။ ။အဲဒီ အနက် အဓိပ္ပါယ် သိချင်ရင်၊ ဆရာတော်ရေးပြုတဲ့ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်းကြီး၏ စာမျက်နှာ (၄၀၇) ''ဘာဝ ၃–ပါး'' ဆိုတဲ့ အဘိဓာန်ပုဒ်မှာ ကြည့်ပါ၊ အနက် အဓိပ္ပါယ် အပြည့်အစုံ ကျမ်းဂန်အကိုးအကားနဲ့ ပြဆိုထားတာပဲ။

ဒကာ။ ။ဆရာတော့် အဘိဓာန် ကျမ်းစာအုပ်က ရှာလို့မရ ငယ်လို့မရ သူများဆီက ငှားပြန်တော့လဲ သူ့ဘို့ဆီမှာပဲ ကြည့်ခွင့်ပေးတယ်၊ ငှားယူခွင့် မရဘူး ဆရာတော်၊ ပုံနှိပ်ထုတ်ဝေတာက စာအုပ်ရေ နည်းလွန်းတယ် ဘုရား။

ဆရာ။ ။အင်း ...နည်းတယ်လို့တော့ မဆိုနိုင်ပါဘူးလေ၊ ပထမ တကြိမ် နိုင်ငံတော် အစိုးရ ကြော်ငြာစာဝန်နှင့် ယဉ်ကျေးမှုဌာန အတွင်းဝန်ဟောင်း ဦးဖိုးလတ်ကိုယ်တိုင် ကြပ်မတ် ပုံနှိပ်ထုတ်ဝေတာက စာအုပ်ရေ (၁၀၁၀၀) တသောင်း၊ နောက် ဆရာတော်၏ အသက်(၇၀)မြောက်နှစ်က စာအုပ်ရေ(၂၅၀၀)ပေါင်း (၁၂၅၀၀) တောင် ထုတ်ဝေထားတာပဲဟာ။

သည်လိုကျမ်းစာမျိုးက သွားစဉ်မြေးဆက်အတွက် အိမ်မှာအမြဲ ဆောင်ထားကြတာမို့ တန်ဖိုးထားတဲ့ ကျမ်းစာမျိုးထဲ ပါဝင်နေ တော့ မငှားချင်ကြတာ အမှန်ပဲပေါ့၊ ဒကာကြီးတို့က အခြောင် ငှားကြည့် သမားတွေကို။

စာရေးဆရာ မဟာဆွေကြီး ပြောကြားသွားတဲ့ စကားတပုဒ်ကို ကြားယောင်မိနေသေးတယ်၊ မဟာဆွေကြီးက....

> "စာအုပ် စာပေကို တန်ဖိုးမထား အလကားလိုချင် သောသူသည် တန်ဖိုးမရှိ အလကား လူတန်းစားသာ ဖြစ်၏" တဲ့။

**ဒကာ။** ။တပည့်တော်တို့ကတော့ စာပေအပေါ်မှာ တန်ဖိုးလဲ ထားပါတယ်၊ စာအုပ်လဲ စုဆောင်းထားပါတယ်၊ ဆရာတော် ရေးပြုတဲ့ သုတေသန သရုပ်ပြ အဘိဓာန်ကြီးကထုက်ဝေပြီး သုံးလလောက်နဲ့ ကုန်သွားပြီဆိုတော့ မရလိုက်တာပါ ဆရာတော်။

**ဆရာ။** ။အင်း.... ဒါဖြင့် မှတ်သားပေတော့၊ နာနာဘာဝဆိုတာ က ချစ်ခင်မြတ်နိုး ကြည်ညိုလေးစား အားထားရသော သူအားလုံးတို့နဲ့ မြို့, ရွာ, မြေ, ရေခြား, ရှင်ကွဲ ကွဲကွာကာ နေရခြင်း မျိုးကို ဆိုတယ်။

ဝိနာဘာဝ ဆိုတာက သေကွဲ ကွဲကွာသွားရခြင်းမျိုးကို ဆိုတယ်၊ တစ္ဆေသရဲကို ခေါ်ဆိုတာ မဟုတ်ဘူး၊ ရှင်ကွဲက နာနာဘာဝ၊ သေကွဲ က ဝိနာဘာဝ–တဲ့၊ အဲဒါ မှချတွေ့ကြရမှာ ဖြစ်တယ်။

စာပေကျမ်းဂန်မှာ လာတာကတော့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူမည့် အကြောင်းကို သိသော ညီတော် အာနန္ဒာက ဆင်းရဲ

ပင်ပန်းစွာ ငိုကြွေးသောအခါ၊ ''ချစ်သား အာနန္ဒာ ချစ်ခင် နှစ်သက် မြတ်နိုးသော သူတို့နဲ့ ရှင်ကွဲ ကွဲကွာကြရမည့် နာနာဘာဝ, သေကွဲ ကွဲကွာကြရမည့် ဝိနာဘာဝ တရားတို့ကို ရှေးမဆွကပင် ကြိုတင်၍ ငါဘုရား ဟောကြားအပ်ခဲ့ပြီ မဟုတ်လော တဲ့''၊ ကဲ.... အဲဒါဟာ ကျမ်းဂန်မှာ လာတဲ့ အနက်အဓိပ္ပါယ်ပဲ။

**ဒကာ**။ ။အားရ ကျေနပ် နှစ်သက်စွာနဲ့ နောက်ခါတွေ့ကြုံရမည့် နာနာဘာဝ, ဝိနာဘာဝ အရေး စိတ်အေးစရာ သုံးစွဲ တတ်ဖို့ မဟာသုခ ဆေးတော်ကြီး နှစ်ခွက်ပါပဲ ဆရာတော်။

---

## သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ချိန်၌ ခမည်းတော် မင်းကြီး သက်တော် ဘယ်လောက်ရှိပြီလဲ ?

**ဒကာ**။ ။အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ချိန်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ သက်တော် ဘယ်လောက် ရှိနေပါပြီလဲ ဆရာတော်၊ ကျမ်းဂန်မှာ တွေ့ဘူးပါသလား။

**ဆရာ**။ ။ကြုံကြုံဖန်ဖန် တော်တော်မေးတယ်၊ ဒါသိတော့ နိဗ္ဗာန် ရောက်မှာမို့လား။

**ဒကာ**။ ။ကောလိပ်ကျောင်းသား တယောက်က လာမေးလို့ပါ ဆရာတော်၊ ခေတ်လူငယ်တွေက ဘာသာရေးနဲ့ စပ်ပြီး အားကြီး သုတေသန ပြုကြတယ်၊ ဒါဟာလဲ သာသနာတော်မှာ သိထားထိုက်တဲ့ မှတ်ချက်တခုပဲ မဟုတ်ပါလား ဘုရား။

ဆရာ။ ။သည့်အရေးအခင်းနဲ့စပ်ပြီး တိပိဋကဓရ မွေဘဏ္ဍာဂါရိက တရားစိုးသူကြီး ဖြစ်ဘော်မူတဲ့ အရှင်ဝိစိတ္တာမတော်ရဲ့မြတ်က တော်တော့ကိုပဲ စဉ်းစဉ်း စားစားနဲ့ ကြံဆ ခန့်မှန်း ပြောကြား သွားတာကတော့....

သားတော် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သော အချိန်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ သက်တော် ကိုးဆယ် (၉၀) ကျော် အရွယ်သို့ ရောက်နေပြီတဲ့။

ထိုအချိန်၌ သုဒ္ဓေါဒနမင်းကြီးဟာ ငယ်ပယ်ကလို ပြည်ကြီး၏ တာဝန်ကို စည်ထီးနှင့်တကွ ရှေ့ဆောင်ဦးစီး ဘုရင်မင်းတရားကြီး အဖြစ်ဖြင့် ရှက်ဆောင်နိုင်သော အင်အား မရှိတော့ချေတဲ့။

အဲဒါကြောင့် ထိုအချိန်ကာလမှာ သာကီဝင် မင်းသားတွေထဲမှ အမျိုးကြီးငယ် အစဉ်လိုက် မင်းပြုထိုက် သူကို ရွေးချယ်သော အခါ သာကီဝင် မင်းသမီး အပေါင်းတို့တွင် အကြီးဆုံး ဖြစ်သော ကာဠိဂေါဓာ သာကီဝင် မင်းသမီးကြီး၏ သားတော်ဖြစ်တဲ့ ဘဒ္ဒိယ မင်းသားကို ရွေးချယ်ပြီး ရှေ့ဆောင်မင်းအဖြစ် ခန့်အပ် ကြတယ်လို့ ဆိုတယ်။

အဲဒါကို အကျယ်သိချင်ရင် နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်း စာမျက်နှာ (၁၇၁)၌ ဖတ်ပေတော့၊ မင်းကြီး၏ သက်တော်ကို ခန့်မှန်းချက်လောက်ပဲ ပြောနိုင်တယ်၊ ကိုးဆယ်ကျော် အရွယ်လောက် ရောက်ပြီလို့ပဲ မှတ်ပေတော့။

ဒကာ။ ။ဒါလောက် သိရတာ ခိုင်လုံလှစာမို့ ကျေးဇူးတင်မဆုံး ပါဘူး ဆရာတော်။

## ဘဝသမ္ပတ္တိဆိုတာဟာ လူနတ်ဘဝကို ဆိုတာ မဟုတ်လား?

ဒကာ။ ။သုဂတိဘဝဖြစ်တဲ့ လူ နတ် ဗြဟ္မာ ဇာတိ ဥပပတ္တိဘဝကို ရလာကြတာဟာ ဘဝသမ္ပတ္တိပဲ မဟုတ်လား ဆရာတော်။

တချို့ ဆရာတော်တွေက ဒေဝဂတိ, မနုဿဂတိဆိုတာဟာ ဘဝ သမ္ပတ္တိ မဟုတ်ဘူးတဲ့၊ ဇာတိ, ဥပပတ္တိဘဝသာ ဖြစ်တယ်လို့ ဟော ပြောနေကြလို့ ရှင်းပြပါအုံး ဆရာတော်။

ဆရာ။ ။အဲဒီ တချို့ဆရာတွေ ဟောတာဟာ အမှန်ပဲ ဖြစ်တယ်၊ လောကီကံကို ပြုလုပ်လိုက်လို့ အကျိုးဝိပါက်ပေးလိုက်တဲ့ အခါမှာ အဲဒီကံရဲ့ အကျိုးက နှစ်မျိုး ရှိတယ်။

(၁) **ဘဝအကျိုး။** ။အကုသိုလ်ကံက အပါယ်လေးပါး ဘဝ၊ ကုသိုလ်ကံက လူ နတ် ဗြဟ္မာ ဘဝပဲ၊ သဘော တရားကတော့ ဇာတိ ပဋိသန္ဓေအခါနဲ့ ပဝတ္တိအခါမှာ အစဉ်ဖြစ်နေတဲ့ ဝိပါက် နာမ် ခန္ဓာ, ကံကြောင့် ဖြစ်တဲ့ ရုပ်တို့ကို ဥပပတ္တိဘဝလို့ ခေါ်ဆိုတယ်၊ ဘဝအကျိုးဆိုတာ ဝိပါကဝဋ် ရုပ်နာမ် ခန္ဓာ ပညတ်အားဖြင့် သတ္တဝါ ကောင်, ဝဋ်ကောင် ခေါ်ဆိုရတဲ့ ဥပပတ္တိဘဝကို ယူရတယ်။

(၂) **ဘဝသမ္ပတ္တိအကျိုး။** ။ထိုဥပပတ္တိဘဝ၌ မကြောင့် မကြ မငေတာင့် မတရပဲ ပြည့်ပြည့်စုံစုံနဲ့ စိန် ရွှေ မြ ရှဲ ပုလဲ ပတ္တမြား အိုးအိမ် တိုက်တာ ယာဉ်ရထား စတဲ့ အသုံးအဆောင် စည်းစိမ် အမျိုးမျိုးတို့ကို ဘဝသမ္ပတ္တိ အကျိုး ဘဝသမ္ပတ္တိလို့ ခေါ်တယ်။

လူ နတ် ပြဟ္မာ သတ္တဝါဖြစ်လာတာကို ဘဝအကျိုး ပေးလို့မှတ်၊ စည်းစိမ် ဥစ္စာ ပြည့်စုံစွာ ရှိနေမှုကို ဘဝ သမ္ပတ္တိ အကျိုးပေးလို့မှတ်၊ ဘဝနဲ့ ဘဝသမ္ပတ္တိကို အဲဒီလို ခွဲခြားပြီး ယူရတယ်၊ ကဲ....ရှင်းပြီလား။

အချို့ဆရာတို့က အပါယ်လေးပါး ဘဝနဲ့စာရင် လူ နတ်ဘဝက အနည်းငယ်မျှ ချမ်းသာလို့ ယင်းကို ဘဝသမ္ပတ္တိလို့ ခေါ်ဆိုကြတယ်၊ ဒါပေမင့်"ဘဝသ္မာ ဝေရီ နတ္ထိ"တဲ့၊ ဘဝနဲ့တူတဲ့ ရန်သူဟာ ဘယ်မှာမှ မရှိဘူးတဲ့၊ ဘဝဟာ ဒုက္ခသက်သက်ပဲလို့သာ မှတ်ပေတော့။

သို့သော်....အဲဒီ လူဘဝ,နတ်ဘဝက နေပြီးတော့ ဘဝ၏ငြိမ်းအေးရာ နိဗ္ဗာန်ကို ရယူနိုင်တဲ့အတွက် ဘဝသမ္ပတ္တိလို့ ခေါ်ရတာပဲ ရှိတယ်။

**ဒကာ**။ ။ရှင်းပါပြီ ဆရာတော်၊ မသိခင်တုန်းကတော့ လူ နတ် ပြဟ္မာဘဝကို ဘဝသမ္ပတ္တိလို့ပဲ မှတ်ယူနေမိပါတယ်။

---

## ရှင်စူဠပန် ၄–လ ကျက်လို့ မရတဲ့ ဂါထာ သိပါသလား ?

**ဒကာ**။ ။ရှင်စူဠပန် လေးလပတ်လုံး ကျက်လို့မရနိုင်တဲ့ ဂါထာ ဆိုတာ တပည့်တော်တို့ ကျက်မှတ် ရွတ်ဖတ်ချင်လို့ အနက်အဓိပ္ပါယ်ကိုပါ ရေးပေး ချီးမြှောက်ပါအုံး ဆရာတော်၊ ဒီဂါထာက ဘုရားသခင် ဟောကြား သင်ပြပေးတဲ့ ဂါထာလား ဘုရား။

ဆရာ။ ။ဒီဂါထာကဘုရားသခင်ဟောကြားသင်ပြပေးတဲ့ဂါထာ တော့ မဟုတ်ပါဘူး၊ သူ့ရဲ့နောင်တော်ဖြစ်တဲ့ မဟာပန် ထေရ်က သူ့ညီတော် စူဠပန် ကိုရင် သာမဏေကို ကျက်ဆိုခိုင်းတဲ့ ဂါထာပါ၊ မြတ်စွာဘုရား၏ ရူပကာယ ချောမွေ့လှပ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြော်ရန် ဖွဲ့ဆိုထားတာပဲ ဖြစ်တယ်၊ ဘုရားဖူး ခိုင်းတဲ့ ဂါထာလို့ မှတ်ရမှာပေါ့။

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လ-မဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တ-မာဒိစ္စ-မိဝန္တလိက္ခေ။

ကောကနဒံ သုဂန္ဓံ ပဒုမံ=အရောင်အဆင်း လှပခြင်း ကြောင့် ကောကနဒ အမည်ရ၍ မွှေးကြိုင်သော ရနံ့ ရှိသည့် ပဒုမာကြာသည်။

ပါတော ဖုလ္လ မဝီတဂန္ဓံ ဝိရောစမာနံ= နံနက်အခါ ကောင်းစွာ ပွင့်ခြင်း သင်းရနံ့ မကင်းပဲ ဝင်းဝင်း ပပ တင့်တယ်လှသည်။

သိယာ ယထာ=ဖြစ်နေသကဲ့သို့ ဖြစ်နေသလို။ ။ တထာ=ထိုနည်းတူစွာ ပုံပမာ။

တပန္တ မာဒိစ္စ မိဝန္တလိက္ခေ= ထွန်းလင်းထိန်ထိန် တရှိန်ရှိန်တောက်ပလျက် ကောင်းကင်ထက်ကပေါ်ထွက် ၍လာသော နေဝန်းကြီးကဲ့သို့။

အင်္ဂီရသံ ပဿ ဝိရောစမာနံ = ကိုယ်တော်ဒြပ်မှ တဖြတ်ဖြတ် ဟာလက်လက် ရောင်ခြည်တွေ ထွက်ကာ

တင့်တယ်လှစွာသော ဘုရားမြတ် ရတနာကို ကြည်ညို
စိတ်ရှင် သဒ္ဓါဝင်၍ ဖူးမြင်လိုက်စမ်းပါလော တဲ့။

ကဲ....အဲဒီ ဂါထာတပုဒ်ကို လေးလတိုင်တိုင် ကြိုးစားအားထုတ် ရှင်ဖတ် ကျက်မှတ်ပေမင့် မရနိုင်ပဲ မေ့ပျောက် မေ့ပျောက်ကာသာ သွားနေလို့ သူ့နောင်တော် အရှင်မဟာပန္ထက မထေရ်မြတ်က နှင် ထုတ်လိုက်တော့ ကျောင်းပေါက်ရဲ့ ချောင်ထဲမှာကုပ်ပြီး ငိုနေတယ်တဲ့။

အဲဒါဟာ ကဿပဘုရားမြတ် လက်ထက်က သူဟာ စာတတ် ဉာဏ် ကောင်းတဲ့ ရဟန်းဖြစ်ခဲ့တော့ ဉာဏ်ထိုင်း ဉာဏ်လေးတဲ့ အခြားရဟန်း တွေကို ကဲ့ရဲ့လှောင်ပြောင် အထင်သေးခဲ့တဲ့ ဝဋ်ကြွေးက လိုက်လာ တာတဲ့၊ အကျယ်သိချင်ရင် ဓမ္မပဒကျမ်းမှာ ရှာကြည့်ကြပေတော့၊ ကိုယ်ကဉာဏ်ကောင်းတိုင်း ဉာဏ်ထိုင်း ဉာဏ်လေးတဲ့ သူတွေကို အထင် သေး ကဲ့ရဲ့ခြင်း မလုပ်ရဘူးနော်၊ မာန မကြီးရဘူး။

**မေး။** ။ဒါလောက်သိရတာကိုပဲ ကျေးဇူးတင်လှပါတယ် ဆရာ တော်၊ ဒီဂါထာ ရတာနဲ့ ဝမ်းသာလှပါပြီ ဘုရား၊ မာနဆိုတာ ဘာမှမရပဲနဲ့ လူမုန်းခံရတာ သက်သက်မို့ ဘယ်တော့မှ မာန်မတက်ပါဘူး ဆရာတော်။

---

## ဗုဒ္ဓဘုရားနဲ့ ရဟန္တာများကို ဘာကြောင့် "နာဂ" နဂါးဟု ခေါ်ဆိုပါသလဲ?

**မေး။** ။တချို့သော စာပေကျမ်းဂန်တွေထဲမှာ ယော နာဂေါ= နာဂမည်တွင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်ဟူ၍ရင်း၊ယော နာဂေါ=ဗုဒ္ဓနာဂ–ကိုထား၍ တန်ခိုးတော်အရာ

၌ တပါးတည်း ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန်ထေရ်မြတ်ကြီးသည်။ ယေ နာဂါ=အကြင်ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် စသဖြင့် ဘာကြောင့် နာဂ·နဂါးဆိုတဲ့ အမည်နဲ့ဘုရား ရဟန္တာတို့ကိုခေါ်ဝေါ် သုံးစွဲကြပါသလဲ ဆရာတော်၊ နာဂ-ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက် အဓိပ္ပါယ် ရှင်းပြပေးပါ ဘုရား။

**ဆရာ။** ။နာဂ–ဆိုတဲ့ ပါဠိက တောင်ကြီးတွေ၊ ဆင်ပြောင်ကြီးတွေ၊ နဂါးတိရစ္ဆာန်တွေကိုလဲ ခေါ်ဆိုတယ်၊ ဘုရား–ရဟန္တာတို့ကို နာဂလို့ ခေါ်ဆိုတာကတော့ ထိုထို ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းစာတို့က....

ဆန္ဒာဒီဟိ န ဂစ္ဆတီတိ နာဂါ။ ။မလိုက်ပါသင့်သော ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ-တို့သို့ ဘယ်သောအခါမှ မလိုက်တတ်သောကြောင့် နာဂမည်တော်မူကြတယ်တဲ့။

တေန တေန မဂ္ဂေန ပဟီနေ ကိလေသေ န အာဂစ္ဆတီတိ နာဂါ။ ။ထိုထိုမဂ်လေးပါးဖြင့် ပယ်အပ်ပြီးသောကိလေသာတို့အထဲသို့ နောက်ထပ်တဖန် မလာရောက်ကြတော့တဲ့အတွက် နာဂ မည်တော်မူကြတယ်တဲ့။

နာနာပကာရကံ အာဂုံ န ကရောန္တီတိ နာဂါ။ ။အတူးတူး အပြားပြားသော မကောင်းမှု ဟူသမျှကို ဘယ်သော အခါမှ မပြုကြသောကြောင့် နာဂမည်တော်မူကြတယ်တဲ့။

ကဲ....အဲဒါတွေဟာ ကျမ်းဂန်များက လာတဲ့ စကားတော်တွေပါပဲ၊ “ပါဠိတချက်၊ နက်များစွာတဲ့”၊ နာဂဆိုတဲ့ ပါဠိကို နဂါးတခုတည်း မှတ်မထားနဲ့၊ ကျေနပ်ပြီလား။

**ဒကာ**။ ။အားရ နှစ်သက် ကျေနပ်လှပါတယ် ဆရာတော်၊ ကိုရင်နာဂတို့၊ ဦးနာဂတို့ ဆိုတာ ခုမှပဲ ကွဲပြားစွာနဲ့ သိရတော့တယ်၊ ဒကာကြီးတို့က နဂါးပဲ အောက်မေ့နေတာ။

---

## အသက် (၇) နှစ်သားမျှရှိတဲ့ သာမဏေငယ် ရဟန္တာကလေးတွေကို ရဟန်းပဥ္စင်း ပြုပေးနိုင်သလား?

**ဒကာ**။ ။မြတ်စွာဘုရား လက်ထက်တော်က သာမဏေကျော် ဣဒ္ဓိတန်ခိုးရှင် ကိုရင်ကလေးတွေကို အသက် နှစ်ဆယ်မပြည့်သေးမီ သာမဏေဘဝနဲ့ပဲ ထားသလား၊ ရဟန်း ပဥ္စင်း ခံပေးသလားဆိုတာ မကွဲပြားလို့ မိန့်ကြားပါဦး ဆရာတော်။

**ဆရာ**။ ။မြတ်စွာဘုရားရှင် လက်ထက်တော်က ပါရမီရှင် ရဲရဲတောက် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတဲ့ သာမဏေကျော်တွေ များစွာပဲ ထွက်ပေါ်လာကြတာ ရှိတယ်၊ အဲဒီလို အသက် (၇) နှစ်သားလောက် ငယ်ရွယ်တဲ့ ကိုယ်ရင်ကလေးတွေဟာ ရဟန္တာဖြစ်ကြပြန်တော့လဲ ပဋိသမ္ဘိဒါပတ္တ=ပိဋကသုံးပုံဆောင် ရဟန္တာ၊ ဆဠဘိညာ=အဘိညာဉ် ခြောက်ပါး၊ တေဝိဇ္ဇ=ဝိဇ္ဇာ သုံးပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာကိုရင်ကလေးတွေ ဖြစ်နေတာကြောင့် အသက်နှစ်ဆယ်ပြည့်အောင် ကိုရင်ဘဝနဲ့ပဲ စောင့်နေရသေးသလား၊ ရဟန်းပဥ္စင်း ပြုပေးသလားဆိုတဲ့ အမေးပုစ္ဆာတွေဟာ မကြာခဏပဲ ရောက်ရောက်လာတယ်။

အဲဒီပြဿနာကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တရားစိုးသူကြီးဖြစ်တဲ့ အရှင်ဝိစိတ္တသာရ မထေရ်မြတ်က သူ့ရေးပြုတဲ့ မဟာဗုဒ္ဓဝင် သံဃရတနာအပိုင်းမှာ ဟောသည့်လို အဆုံးအဖြတ် ပေးထားတယ်။

> အရှင်ဒဗ္ဗ ရဟန္တာ ကိုရင်ကလေးကို "ဤဒဗ္ဗသည် ခုနစ်နှစ် အရွယ် ငယ်သူငယ် ဖြစ်လျက် ကြီးမြတ်သော အရဟတ္တာန (ပဋိသမ္ဘိဒါပတ္တ, ဆဠဘိည, တေဝိဇ္ဇ) ရဟန္တာ အဖြစ်၌ တည်လေသည်"ဟု နှစ်သက် အားရ ကျေနပ်တော် မူကာ မြတ်စွာဘုရားသည် ခုနစ်နှစ် အရွယ် ငယ်စဉ်အခါ၌ပင်လျှင် ရဟန်းပဥ္စင်း ပြုစေလေသည်။
>
> ဤကိုထောက်၍ အခြားတပါးသော အသက်ငယ်ငယ်နှင့် ရဟန္တာ ဖြစ်ကြသော ပဏ္ဍိတ သာမဏေ, သံကိစ္စ သာမဏေ, သောပါက သာမဏေ, အရှင်သာရိပုတ္တရာ၏ ညီထွေး ခဒိရဝနိယ=ရှားတောကျောင်းနေ ရှင်ရေဝတ သာမဏေငယ် စသည်တို့ကိုလည်း အသက်နှစ်ဆယ်ပင် မပြည့်ကြသေးစေကာမူ အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးကို ထောက်၍ ငယ်ငယ်နှင့်ပင် ရဟန်းပဥ္စင်း ပြုပေးစေတော်မူသည်ဟု မှတ်ယူရာ၏။
>
> ထိုအရှင်မြတ်တို့ကို အသက်ပင်ငယ်သော်လည်း အရဟတ္တဖိုလ်ဂုဏ်က ကြီးကျယ်လှသောကြောင့်(ဝါ)မြဲမြံခိုင်ခန့်သော ဂုဏ်သိက္ခာနှင့် ပြည့်စုံကြသောကြောင့် "ထေရ=မထေရ်" ဟူ၍ ကျမ်းဂန်တို့၌ ခေါ်ဆိုရေးသား သုံးနှုန်းဖွင့်ဆိုအပ်၏" ဟုလည်း အထူးမှတ်ယူရာ၏ တဲ့။

ကဲ....အဲဒါဟာ ဓမ္မစိုးသူကြီးဖြစ်တဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်၏ ခိုင်လုံသော အဆုံးအဖြတ် ပါပဲ၊ ရှင်းပြီလား။

**ဒကာ**။ ။ရှင်းလင်း ကျေနပ် အားရ နှစ်သက်လှပါတယ် ဆရာတော်၊ အသက်ငယ်ပေတဲ့ ဂုဏ်တော်တွေက ကြီးမား တော်မူကြတယ် ဘုရား၊ သူတို့နဲ့ ထိုက်တန်တော်မူတာကိုး။

## တံငါ, ဝက်မွေး၊ အလုပ်နဲ့မှ ချမ်းသာတာ ဘာကုသိုလ်တွေ လုပ်ခဲ့လို့လဲ ?

**ဒကာ။** ။ဒကာကြီးတို့ ကိုယ်တွေ့ပါ၊ တချို့လူတွေဟာ တံငါလုပ်မှ ချမ်းသာကြွယ်ဝတယ်၊ ချမ်းသာလာလို့ ဒီအလုပ်ဖြုတ်ပြီး တခြား အပြစ်မဲ့တဲ့ အလုပ်ကို လုပ်လိုက်ရင် ဆုံးရှုံးမွဲတေကုန်ရောပဲ။

တချို့သူတွေဟာ ဝက်မွေးမှ ပစ္စည်းဥစ္စာတွေ တိုးတက်ကြီးပွားချမ်းသာလာတယ်၊ သည်အခါ မကောင်းမှုဖြစ်တဲ့ သည်အလုပ်ကို စွန့်ပြီး ကောင်းမွန် စင်ကြယ်တဲ့ အလုပ် တခုခုကို ပြောင်းလဲပြီး လုပ်လိုက်ရင် အကျိုးမပေးပဲ မွဲသွားပြန်ရောပဲ။

တခါ အဲဒီ တံငါအလုပ်တို့ ဝက်မွေး သားထုတ် အလုပ်တို့ကို ပြန်လုပ်လိုက်ရင် အဲဒီ လူတွေဟာ ချမ်းသာကြွယ်ဝ လာပြန်ရော၊ အဲဒါဟာ ဘယ်လို ကုသိုလ်အကျိုးပေးမျိုးပါလဲ ဆရာတော်၊ ဒကာကြီးတို့ ဉာဏ်လင်းအောင် ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....ဒီနေရာမှာ ဒါနကုသိုလ်ကို လုပ်ပုံနည်းနှစ်မျိုးနဲ့ မှတ်ရမယ်။ သာဝဇ္ဇဒါနမျိုး=အလှူပေးရန်အတွက် နွား, ငါး, ဝက်, ကြက်တို့ကို ကိုယ်တိုင်မွေးမြူ၍သော်၎င်း၊ အရှင်ဝယ်ယူ၍သော်၎င်း၊ သတ်ဖြတ် ချက်ပြုတ် ကျွေးမွေးပေးလှူခဲ့သော ဒါနမျိုး အပြစ်နှင့်တကွ ဖြစ်သောကြောင့် အဲဒီ ဒါနသမားဟာ ကုသိုလ်ကံပြုစဉ်က သာဝဇ္ဇဒါန အပြစ်မကင်းတဲ့ ကုသိုလ်ကို ပြုလုပ်လာတဲ့ ကံကြောင့် အပြစ်မကင်းတဲ့ ပါဏာတိပါတ အလုပ်ကို လုပ်မှ ကြွယ်ဝချမ်းသာတယ်လို့ သိမှတ်ရမယ်။

အနုဝဇ္ဇဒါနမျိုး = **သားကောင်** စသည် မသတ်ဖြတ်ပဲ ပံသုကူ အသားများကိုသာ ရှာဖွေ ဝယ်ယူ၍ (ပါဏာတိပါတ)ကံ မပါစေပဲ သန့်ရှင်းစွာ ပေးလှူ ကျွေးမွေးခဲ့သော ဒါနကုသိုလ် မျိုးကတော့ ဆိုစရာမရှိတော့ဘူး၊ သိရောပေါ့၊ သက်သတ်လွတ်ကို ဆိုတာ မဟုတ် ဘူးနော်၊သက်သတ်လွတ်သမားက ဒေဝဒတ်ဂိုဏ်းနဲ့ ဆက်စပ်နေတယ်၊ ဒါကိုလဲ သတိပြုကြ။

သက်သတ်လွတ်ဆိုတိုင်း အထင်ကြီးမနေကြနဲ့၊ ကိုယ့်ရောဂါနဲ့ ကိုယ်စားတာက ဆိုစရာ မရှိပါဘူး။

**ဒကာ**။ ။ဒီလို ရှင်းရှင်း လင်းလင်းနဲ့ သိထားရတာ အလှူရှင်တို့ အတွက် ကျေးဇူးများလိုက်တာ ဆရာတော်၊ တိုတို တုတ်တုတ်ကလေးနဲ့ မှတ်သားဖွယ်ရာ ကောင်းလိုက်တာ ဘုရား။

ဒေဝဒတ်က ဘုရားထံသွားပြီး တပည့်သားသံဃာတော်တွေ သက် သတ်လွတ်စားဖို့ အရေးဆိုတောင်းတော့ ဘုရားက အခွင့်မပေးလို့ သံဃာဂိုဏ်းခွဲကာ သက်သတ်လွတ်ဂိုဏ်း ထောင်တယ်ဆိုတာများလဲ ကြားဘူးပါတယ် ဆရာတော်။

---

## ပစ္စေကဗုဒ္ဓါဟာ တရားဟောနိုင်ပါတယ် ?

**ဒကာ**။ ။လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပစ္စေကဗုဒ္ဓါ အကြောင်း မေးမြန်းတဲ့အခါ ပစ္စေကဗုဒ္ဓါများဟာ သစ္စာလေးပါး တရားကို သူကိုယ်တိုင်သာ ဆရာမရှိပဲနဲ့ သိတာ၊ သူတပါးကိုတော့ အဲဒီ သစ္စာတရားကို သိအောင် ဟောတတ်တဲ့ ပါရမီဉာဏ် မပါလို့ မဟောပြနိုင်ဘူးလို့ ဆရာတော်မိန့်ကြားခဲ့တာ မှတ်သားရဘူးတယ်။

သဋ္ဌိနိပါတ် သောဏကဇာတ်တော်မှာ သောဏက ပစ္စေကဗုဒ္ဓါ အရှင်မြတ်က အရိန္ဒမ ဘုရင်ကြီးအား သမဏသုခတရား ရှစ်ပါးနဲ့ ကာမ၏ အပြစ်များကို ဟောကြားတော်မူတယ်လို့ ပါတဲ့အကြောင်း အရာ ဒကာကြီးတို့ဖတ်ရပါတယ် ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....ဟုတ်ပါတယ်လေ အရှင်သောဏက ပစ္စေကဗုဒ္ဓါ ဟောကြားတဲ့ တရားထဲမှာ သစ္စာလေးပါး ပါရဲ့လား၊ သေသေချာချာ စဉ်းစားကြည့်ပါအုံးလေ၊ ပြန်ပြီးတော့လဲ ဖတ်ကြည့် အုံးပေါ့။

သမဏ ဘဒြက ခေါ်တဲ့ ရဟန်းပြုရတာ ချမ်းသာတဲ့အကြောင်း သမဏသုခတရား ရှစ်ပါးကို ဟောကြား သွားတာပဲ၊ အဲဒီ ရှစ်ပါး ထဲမှာ နိဗ္ဗာန်ရောက်ကြောင်းနဲ့ နိဗ္ဗာန်ရကြောင်း မဂ္ဂသစ္စာတရား ပါသလား၊ အရိန္ဒမမင်းကြီးကကော မဂ်ဖိုလ်တရား ထိုးထွင်းသိမြင် သွားသလား၊ ကာမဂုဏ်ထဲ၌သာ စွဲမက်နေလို့ အရှင်သောဏက ပစ္စေက ဗုဒ္ဓါက ကာမဂုဏ်မက်တဲ့ ကျီးငှက်ဟာ ဆင်သေကောင်ကြီးကို စီးပြီး တော့ စားသောက်ခံစားရင်း သမုဒ္ဒရာတွင်း ရောက်ကာ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲမှာပဲ ပျက်စီးရတဲ့ ဇာတ်လမ်းကို ဥပမာပြ ဟောကြားပြီး ကောင်းကင်ခရီးဖြင့်ကြွတော်မူတော့မှအရိန္ဒမမင်းကြီး သတိရပြီး ရသေ့ရဟန်းပြု တောထွက် ဈာန်ရ သေတော့ ဗြဟ္မာပြည် လား ဗြဟ္မာသင်းချိုင်းကုန်းကို သွားတာပဲ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရလို့လား၊ နောက်က အကိုးအကားနဲ့ ဖြေကြားထားဘူးတဲ့ အထဲမှာ ပြန်ကြည့်ပါအုံးလေ၊ ဒီက ရှည်ရှည်လျားလျား မပြောကြားတတ်ဘူး၊ တိုတို တိတိ သမားပဲ၊ ဘုကျတယ်လို့ ထင်မသွားနဲ့ အပါယ်လား ကုန်မယ်။

သုမင္ဂလဝတီ (က) ၁၀၄–၄၀

ဒကာ။ ။သိပါပြီ ဆရာတော်၊ ပစ္စေကဗုဒ္ဓါဟာ မဂ်,ဖိုလ်, နိဗ္ဗာန် ရရေး သစ္စာလေးပါးကို မပြပေး မဟောပေးနိုင်ဘူး ဆိုတာ ထင်ရှားပါပြီ၊ ခုလို ထင်းထင်း လင်းလင်း ရှင်းပြပေးတာ ကျေးဇူးတင်လှပါတယ်ဘုရား၊ဒကာကြီးတို့ကလဲ ဘုကျကျပြောတတ် သော ဆရာတော်လို့ မမှတ်ထင်ပါဘူး ဘုရား၊ တိကျပြတ်သားတဲ့ ဆရာတော်တပါးလို့သာ မှတ်ယူကြပါတယ်။

---

## မြတ်ဗုဒ္ဓက ကာမတရား အားပေးချင်လို့ သဂ္ဂကထာ နတ်ချမ်းသာကို ဟောကြားတာလား?

ဒကာ။ ။မြတ်စွာဘုရား တရားဟောတော်မူသော တရားအစဉ် အနုပုဗ္ဗိကထာထဲမှာ သဂ္ဂကထာ, ဆိုတဲ့ နတ်တို့၏ စည်းစိမ် ချမ်းသာတွေနဲ့ စပ်တဲ့ တရားစကားတွေကို ဟောကြား ဟောကြား နေတာဟာ ကာမချမ်းသာတွေကို အားပေး ချီးမွမ်း တိုက်တွန်းသလို ဖြစ်မနေဘူးလား ဘုရား၊ ဓမ္မစကြာ တရားတော် ထဲမှာ ကာမသုခလ္လိကကို ဟီန=အယုတ်တရားဟု ဟောသွားတယ် မဟုတ်လား ဆရာတော်၊ ရှင်းပြပေးပါအုံး ဘုရား။

ဆရာ။ ။မှန်ပါတယ်၊ဒါပေမင့် သတ္တဝါတွေက လူ့ချမ်းသာထက် နတ်ချမ်းသာကို ပိုမိုအထင်ကြီးပြီး စိတ်ဝင်စား လိုလား ကြလို့ ဘုရားရှင်တို့၏ တရားဟောအစဉ် အနုပုဗ္ဗိက ကထာထဲမှာ ဒါနကထာ, သီလကထာ, သဂ္ဂကထာ စသည်ဖြင့် ဟောကြားလျက် နတ်သမီးတို့၏ လုပ်ချော့မွေ့ပုံ စည်းစိမ်ချမ်းသာ ဘုံဗိမာန် ဥယျာဉ် ကြီးတွေ ယာဉ်ရထားကြီးတွေနဲ့ ခံစား စံစားပုံတွေကို ပြကာ ပြကာ ဟောကြားသွားပြီး အဆုံးကျတော့ကာ အဲဒီ စည်းစိမ်ချမ်းသာ

ကာမဘာရားတွေရဲ့ မခိုင်မြဲမှု အပြစ် အနာ အဆာ "ကာမာနံ အာဒီနဝ" ကထာကိုသာ ဆက်ဟောကာ ဒုက္ခသစ္စာကို ထင်အောင်ပြပြီးတော့ နတ်ပြဟ္မာ စည်းစိမ် ခံစားချင်တဲ့ သမုဒယသစ္စာ လောဘတဏှာကို အပြတ် ဟောကြားလျက် မဂ္ဂသစ္စာနဲ့ ကမ္မဋ္ဌာန်းပေးပြီး နိရောဓသစ္စာ ကာမဂုဏ် ကိလေသာတရားတို့၏ ချုပ်ငြိမ်းအေးမြရာ နိဗ္ဗာန်ချမ်းသာကိုရောက်အောင် ပို့ဆောင် ပေးလိုက်တာပါပဲ၊ ကဲ... သဘောပေါက်ရဲ့လား။

**ဒကာ**။ ။ဘုရားဟော မုက္ခပါဠိထဲမှာ ပုံစံဝတ္ထုကြောင်းများရှိရင် တခုလောက် ထုတ်ပြပါလား ဆရာတော်။

**ဆရာ**။ ။ပုံစံတွေ များစွာရှိပေမင့် ထင်ရှားတဲ့ ပုံတခုကိုပဲ ထုတ်ပြမည်၊ လူတိုင်းသိတဲ့ မင်းနန့်ချတ်ခန်းပဲ၊ ညီတော်နန္ဒမင်းသားဟာ လူမျိုးသာဖြစ်တဲ့ ဇနပဒကလျာဏီမင်းသမီး အပေါ်မှာ ကြီးမားစွာ စွဲလမ်းနေတဲ့ ကာမတဏှာ ရှိနေတယ်၊ အဲဒါကို ခွါနိုင်အောင် နတ်အလှကို ပြချင်လို့ ဘုရားမြတ်ကိုယ်တော်တိုင် ရှင်နန္ဒကို ခေါ်ဆောင်ကာ နတ်ပြည်သို့ သွားပြီး ဇနပဒကလျာဏီထက် ပြောမပြနိုင်အောင် သာတဲ့ လှတဲ့ နတ်သမီးတွေ နတ်တို့၏ ကျက်သရေ စည်းစိမ် ဂုဏ်သိန်တွေကို ထင်ထင် ရှားရှား ပြ, ပြပေးသွားတယ်၊ အဲဒီအခါမှာ ဇနပဒကလျာဏီထက် သာတဲ့ နတ်သမီးတွေကို လိုချင်တဲ့ နတ်သမီးစွဲ ကာမတဏှာ ဖြစ်ပေါ်လာတယ်၊ ဇနပဒကလျာဏီကစွဲ ဥပါဒါန် ပြုတ်သွားတယ်။

အဲဒါဟာ အာရုံပြောင်းပေးလိုက်တာသာ ဖြစ်တယ်၊ ကာမဂုဏ်ကို အားပေးတာ မဟုတ်ဘူး၊ နောက်ပိုင်းကျတော့ လူထက်လှတဲ့ နတ်သမီးတွေဟာလဲ အိုဘေး, နာဘေး, သေဘေးတို့မှ မလွတ်နိုင်တဲ့

ကမ္မဋ္ဌာန်းတရားနဲ့ ကာမ၏ အပြစ် အနာ အဆာ အာဒီနဝတွေ ပြကာ ပြကာ တရားအားထုတ်ခိုင်းရင်း ကာမဂုဏ်တရားတွေ ပြုတ်ပြုတ်ပြီး ဒုက္ခသစ္စာ သက်သက်တွေ မြင်ကာ သမုဒယသစ္စာတွေ ကွာပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပဲ၊ ကဲ.... အဲဒါဟာ ထင်ရှားတဲ့ ပုံစံပဲ၊ တယ်လဲ လျှာရှည်တဲ့ ဒကာတွေပဲကို ထိရဲ့ မိရဲ့လား။

**ဒကာ။** ။အားရ ကျေနပ် နှစ်သက် ဝမ်းသာလှပါတယ် ဘုရား၊ တယ်လဲ ထိမိတဲ့ ပုံစံပါပဲ ဆရာတော်၊ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ, မဂ္ဂကထာ ဆိုတာ ဒါတွေပဲကို၊ ခုမှ ကွဲပြားတော့တယ် ဆရာတော်။

---

## သောတာပန် ကာမဂုဏ်ခံစားမှုနှင့် ပုထုဇဉ်တို့ ခံစားမှုဟာ အတူတူပဲ မဟုတ်လား ?

**ဒကာ။** ။အာရုံငါးပါး ကာမဂုဏ်တရား ခံစားတဲ့ နေရာမှာ သောတာပန်, သကဒါဂါမ်ခေါ်တဲ့ အရိယာတို့ ခံစားကြတဲ့ စားသောက်မှု ရသာရုံ၊ ပွဲက တီးမှုတ် သီဆိုမှုတို့ကို ကြည့်ရှုခံစားခြင်း, ရူပါရုံ, သဒ္ဒါရုံ, ဇနီး ခင်ပွန်း အိပ်ခန်း စက်ရာဝင်ကာ ပေါင်းသင်းမှုစတဲ့ ဝတ္ထုကာမတွေ ခံစားတဲ့ အခါမှာနဲ့၊ ပုထုဇဉ်တို့ ခံစားကြတဲ့ အခါမှာ ဖြစ်ပေါ် ဖြစ်ပေါ်လာနေတဲ့ ရာဂစိတ်တွေဟာ အဲဒီ ဝတ္ထုကာမ သခါရတွေအပေါ်မှာ သုခ, သုခဟု မှတ်ယူ ခံစားတာချင်း တူ, မတူ စာပေက ဘယ်လိုဆိုပါသလဲ ဆရာတော်၊ တပည့်တော်တို့ တူတယ် မတူဘူးဟု ငြင်းခုံမှု ရှိနေလို့ ရှင်းပြပါအုံးဘုရား။

**ဆရာ။** ။အင်း....အရိယာနဲ့ ပုထုဇဉ်တို့ဟာ ကာမဂုဏ်ခံစားပုံခြင်း ကတော့ ကာမဝတ္ထုချင်း အတူတူပါပဲ၊ သောတာပန်၊ သကဒါဂါမ် ခေါ်တဲ့ အရိယာတွေဟာလဲ ဒီကိုယ်ပိုင် ကာမဝတ္ထုကို ခံစားကြတာပဲ၊ ပုထုဇဉ်တွေလဲ ဒီကာမဝတ္ထုကို ခံစားကြတာပါပဲ။

ဒါပေမင့်သုံးစွဲခံစားတဲ့အခါမှာအတွင်းစိတ်ဓာတ်ဖြစ်လာတာချင်း ကတော့ မတူဘူး၊ တော်တော်ပဲ ကွာခြားကြတယ်၊ သောတာပန်၊ သကဒါဂါမ်တို့ ဝတ္ထုကာမကို ခံယူသုံးစွဲပုံက အပါယ်လားကြောင်း မဟုတ်တဲ့ ကာမရာဂ ကိလေသာ ပူပန်လာတဲ့ အခါမျိုးမှာ ထိုထို ကိလေသာ အပူဘေး အေးငြိမ်းရုံလောက် အတွက်မျှ ဒိဋ္ဌိမဖက်မပါ၊ မယှဉ်တဲ့ စိတ်နဲ့သာ အဲဒီ တောင့်တ၊ ပူပန်မှု တစုံတခုသော သခ်ါရကို သုခသညာနဲ့ မှတ်ယူခံစားကြတာ ဖြစ်တယ်။

သောတာပန်၊ သကဒါဂါမ်တို့ ကာမဂုဏ်ခံစားမှု ပြုတဲ့အခါ ဒိဋ္ဌိ ဝိပ္ပလ္လာသ လုံးဝမပါဘူး၊ သညာဝိပ္ပလ္လာသလောက်နဲ့သာ သုခဟု မှတ်ထင်ခံစားကြတာ၊ သူတို့မှာ အနိစ္စနဲ့ အနတ္တလက္ခဏာဟာ အမြဲ ထင်နေတာမို့ ရံခါ ဒုက္ခကို သုခဟူ၍လည်းကောင်း၊အသုဘကို သုဘ ဟူ၍လည်းကောင်း အသိ၊ အမှတ်၊ ပြောင်းပြန် ဖြစ်သွားတာကလေး လောက်ပဲ ရှိတယ်၊ အဲဒါကို စိတ္တဝိပ္ပလ္လာသ၊ သညာဝိပ္ပလ္လာသလို့ ခေါ်တာ၊ အဲဒီ ဝိပ္ပလ္လာသ နှစ်ပါးနဲ့ ခံစားသွားကြတာပဲ။

အရိယာပုဂ္ဂိုလ်တို့ ငါးဖြာအာရုံ ကာမဂုဏ် ခံစားတဲ့အခါမှာ ကာမဝတ္ထု တစုံတခုသော သခ်ါရကို သုခဟု မှတ်ယူသုံးဆောင် ခံစား ပုံချင်း ပုထုဇဉ်နဲ့ မတူပုံကို အဂုတ္တရ အဋ္ဌကထာဆရာက....

ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန အရိယသာဝကော ပရိဠာဟာဘိဘူတော ပရိဠာဟ ဝူပသမတ္ထံ၊ မတ္တ ဟတ္ထိ ပရိတ္တာသိတော ဝိယ စောက္ခပြာဟ္မဏော ဂူထံ ကဠိ သခ်ိရံ သုခတော ဥပဂစ္ဆတိ။

မတ္တဟတ္ထိ=အမှန်ယိုမူးယစ်နေတဲ့ ဆင်ကြီးလိုက်ထိုးသဖြင့် ထိုဘေးမှ လွတ်မြောက်ရေးအတွက် သန့်စင်မြင့်မြတ်သော အကျင့်ရှိတဲ့ ဗြာဟ္မဏဟာ စက်ဆုပ်ရွံရှာလျက်နှင့်ပင် မစင်တောထဲသို့ မဝင် မကပ် မခိုလိုပဲ ဝင်ရောက်ခိုလှုံလိုက်ရသလို။

ထိုနည်းတူစွာ အရိယသာဝကတို့ဟာလဲ မဂ်ဖြင့် မပယ်သတ်ရသေးတဲ့ အပါယ်လားကြောင်း မဟုတ်သော ကာမရာဂကိလေသာ တစုံတခုဝင်ရောက် ပူပန်လာသောအခါ ယင်းကိလေသာ အပူဘေး ငြိမ်းအေးရုံမျှသာ ဒိဋ္ဌိနဲ့ မယှဉ်တဲ့စိတ်ဖြင့် "ဒိသောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ဟာ"တစုံတရာသော သခ်ါရကို သုခဟူသော အမှတ်ဖြင့် ခံစားကြတယ်–

လို ဖွင့်ဆိုထားတယ်၊ ပုထုဇဉ်တို့ ကာမဂုဏ် ခံစားပုံကတော့ အများအားဖြင့် မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်ကာ စုံခရမက်ပြဲ စွဲစွဲလမ်းလမ်း အငန်းမရဝဝလင်လင် ဆင်ခြင်ဉာဏ် လုံးဝမပါပဲ မှားမှားယွင်းယွင်းနဲ့ အားရပါးရကြီးသာ ခံစားကြသောကြောင့် အပါယ်လားခြင်းကသာ များချေသည်တဲ့။

ဆိုလိုရင်းကတော့ ပုထုဇဉ်တို့ ကာမဂုဏ်ခံစားပုံက အများအားဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နဲ့သာ အပါယ်လားကြောင်း ဖြစ်အောင် ခံစားစံစားတတ်ကြသည်၊ သောတာပန်, သကဒါဂါမ်တို့ ခံစားပုံကတော့ အပါယ်လားကြောင်း မဟုတ်တဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဖြင့်သာ ပြုလုပ်

မို့ဝဲ ခံစားကြလေသည်တဲ့၊ အဲဒါဟာ ပုထုဇဉ်နဲ့ အရိယာတို့ ကာမဂုဏ် ခံစားပုံခြင်း မတူကွဲပြား ခြားနားချက်ပဲ၊ ကဲ....ကျေနပ်ကြပြီလား၊ နည်းယူ သုံးစွဲ ခံစားတတ်ကရောပေါ့နော်။

**ဒကာ။** ။ရှင်းလင်းကြပြီဖြစ်၍ ကျေနပ်လှပါတယ် ဆရာတော်၊ အရိယာတို့ နည်းယူပြီး၊ အပါယ်မလားအောင် သုံးစွဲ ခံစားဖို့ သတိရှိကြပါမြို ဘုရား။

---

## ပစ္ဆိမဘာဝိကသားများ သေတွင်းထဲ ကျနေတာ ဘာကြောင့် မသေကြပါသလဲ ?

**ဒကာ။** ။ပစ္ဆိမဘာဝိက ပုဂ္ဂိုလ်ဆိုတဲ့ ဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရမည့် သူများဟာ မုချ သေရမည့်ဘေးနဲ့ တွေ့နေသော်လဲ မသေရပဲ ကြံကြံဖန်ဖန် မယုံနိုင်စရာဖြစ်အောင် သေမည့်ဆဲဆဲကလေး မှာ အသက်ရှင်သွားတာဟာ ဘယ်လို သဘောပါလဲ ဆရာတော်၊ ဒါဟာ သူတို့ရဲ့ နိယာမခမ္မတာလို့တော့ ပြီးစလွယ် မဖြေပါနဲ့ ဘုရား၊ စာပေကျမ်းဂန်နဲ့အညီ သိပါရစေ။

**ဆရာ။** ။အင်း.... စာပေကျမ်းဂန်မှာလာတဲ့ ဗာကုလ သတို့သား မွေးတဲ့နေ့မှာ၊ တနည်း—မွေးလို့ ငါးရက်မြောက်မှာ ယမုနာမြစ်ထဲ၌ ရေချိုးပေးတုန်း ပြုန်းဆို ငါးကြီးတကောင်က ဟပ်မျိုသွားပေမင့် ငါးကြီးဗိုက်ထဲက ခွဲယူရတယ် မသေဘူး၊ အရဟတ္တဖိုလ်ရ အသက် (၁၆၀) ဗာကုလမထေရ်ကြီး ဖြစ်သွားတယ်။

**နောက်။** ။သံကိစ္စသတို့သား သူ့မယ်တော် ကိုယ်ဝန်ကြီးနဲ့ သေ၊ သုသာန်ထုတ် မီးသင်္ဂြိုဟ် တံစူးဝါးနဲ့ ဝမ်းဗိုက်ထိုးဖောက်

သံကိစ္စ သူငယ် မီးဖိုထဲက ထွက်လာတယ် မသေဘူး၊ သံကိစ္စ သာမဏေကျော်ဖြစ်ကာ အရဟတ္တဖိုလ် ရယူသွားတယ်။

နောက်။ ။ဒဗ္ဗ သတို့သား သူ့မယ်တော် ကိုယ်ဝန်ကြီးနဲ့ သေ၊ သုသာန်ထုတ် မီးသင်္ဂြိုဟ်၊ မီးပူ အရှိန်ကြောင့် ဝမ်းဗိုက်ကြီး ယက်ခြမ်းပေါက်ကွဲပြီး သူငယ်ကလေး လွင့်မြောက်ကာ မြေစာမြက် ပုံပေါ်သွားကျ မသေဘူး၊ ဒဗ္ဗမထေရ် ဖြစ်လာတယ်၊ (ဒဗ္ဗ, ဆိုတဲ့ ပါဠိက မြေစာမြက်ကို ဆိုကယ်)။

နောက်။ ။သီဝလိသတို့သား သူ့မယ်တော် ဝမ်းတိုက်ထဲမှာ ခုနစ်နှစ်နဲ့ ခုနစ်ရက် သန္ဓေတည်နေရတယ် မသေဘူး၊ မွေးဖွားလို့ ခုနစ်ရက် အကြာမှာ သံဃာတော်များ ဆွမ်းလုပ်ကျွေး သီဝလိသူငယ်ကလေးက ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနဲ့ မိခင်ဝမ်းဗိုက်ထဲ နေရပုံ ဆင်းရဲ ဒုက္ခ သံဝေဂ တရားစကားတွေ မေးမြန်းဆွေးနွေးပြီး သာမဏေပြု ရှင်သီဝလိမထေရ်ကျော်ဖြစ်၊ ကဲ...အဲဒါတွေဟာ စာပေကျမ်းဂန်က လာတာတွေပဲ။

အဲဒီ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တွေ မသေနိုင်တဲ့အကြောင်း
တန်ခိုး ဣဒ္ဓိမျိုးကတော့ "ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ"လို့ ခေါ်တယ်။

ကဲ...ရှင်းပြီလား၊ ယင်းပုဂ္ဂိုလ်တို့ မသေနိုင်တာဟာ သူတို့ရရှိမည့် အရဟတ္တဖိုလ်ဉာဏ်၏ ပျံ့နှံ့ခြင်း တန်ခိုးဣဒ္ဓိကြောင့်လို့ မှတ်ရမည်တဲ့။ "ဉာဏ ဝိပ္ဖါရ ဣဒ္ဓိ"လို့ ခေါ်တယ်၊ နိယာမ ဓမ္မတာ မဟုတ်ပါဘူး။

ဒကာ။ ။ခုမှပဲ ရှင်းလင်းတော့တယ်၊ မေးတိုင်း, မေးတိုင်း (နိယာမ ဓမ္မတာ) ယင်းတို့ရဲ့ ထုံးတမ်းစဉ်လာ ဖြစ်စဉ် လို့ပဲ အဖြေပေးကြတာမို့ ခုတော့ ရှင်းပါပြီ ဆရာတော်၊ အရဟတ္တဖိုလ်ဉာဏ်၏ တန်ခိုးအရှိန် ဉာဏ ဝိပ္ဖါရ ဣဒ္ဓိရဲ့ သတ္တိစွမ်းအင်ကိုး၊ ကျေးဇူးတင်ပါတယ် ဘုရား။

# ဖြစ်ပြီးတဲ့ အကုသိုလ်တရားများကို ဘယ်လိုလုပ် ပယ်ရမှာလဲ?

**ဒကာ။** ။ဗောဓိပက္ခိယ တရားမျိုးထဲက ဖြစ်ပြီးသား အကုသိုလ် တရားများကို ပယ်ရှားရမည် ဆိုတာ၊ ဖြစ်ပြီးသားကို ပယ်ရှားလို့ ရနိုင်ပါမည်လား ဆရာတော်၊ ဖြစ်ပြီးနေမှ ဥစ္စာ ဘယ်လို ပယ်ရမယ်ဆိုတဲ့ ပယ်ရှားပုံ ကြိုးစားနည်း သမ္မပ္ပဓာန် လုံ့လဝီရိယကို သိပါရစေ ဘုရား၊ တိုတိုနဲ့ နားလည်အောင်ပေါ့။

**ဆရာ။** ။အင်း.... ဖြစ်ပြီးသားတွေကတော့ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ကံ မြောက်သွားကုန်ပြီ၊အဲဒီအကုသိုလ်ကံတွေကို ပယ်ရှားရန် ကြိုးစားအားထုတ်လို့တော့ မရနိုင်ဘူးပဲ၊ သို့သော်လဲ ဒါမျိုးကို ပြန် မဖြစ်ပွားရအောင် ကြိုးစား အားထုတ်ဖို့ကို ပြောတာ၊ ကဲ ...အဲဒါကိုပဲ တိုတိုနဲ့ နားလည်ကြပေတော့။

**ဒကာ။** ။ဒါမျိုးကို ပြန်မဖြစ်ပွားရအောင် ကြိုးစား အားထုတ်ဖို့ နည်းနယလေးများကိုလဲ နည်းနည်းလောက် မိန့်ကြားပါအုံး ဆရာတော် တိုလွန်းလှပါတယ်။

**ဆရာ။** ။အနို ...ဒကာတို့က စချီကတည်းက တိုတိုနဲ့ နည်းနည်းလို့ ဆိုတော့ကာ တိုတိုနဲ့ နည်းနည်းပဲ ဖြေကြားရတာပေါ့၊ ကဲ....နားထောင် မှတ်သားကြပေတော့။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားရန် နည်းနယက နှစ်မျိုးရှိတယ်၊ ပါဠိတော်ကတော့ အတူတူပါပဲ၊ အနက် အဓိပ္ပါယ် အယူအဆ ကွဲတယ်၊ ပထမမျိုးက....

(၁) ဥပ္ပန္န အကုသလ၊ ပြုပြီးသား ဖြစ်ပြီးသား အကုသိုလ် တရားမျိုးကို။ ပဟာန ဝါယာမ၊ အသစ် အသစ် ထပ်ဖြစ် အောင် မပြုလုပ်ရ အားမထုတ်ရ။

သည်ဆရာ့ရဲ့ ဆိုလိုရင်းက ရှေးက ပြုပြီးသား ဖြစ်ပြီးသား အကုသိုလ်တရားတွေဟာ ချုပ်ပျက်ပျောက်ကုန်ပြီ၊ ထင်ရှားမရှိတော့ ချေ၊ ထို့ကြောင့် ယင်းကိုတော့ ပယ်လို့မရတော့ဘူးတဲ့၊ ယင်းပြုပြီး သားနဲ့ အလားတူတဲ့ အကုသိုလ် အသစ် အသစ်တို့ မပြုလုပ် မဖြစ်ပွား မိအောင် ကြိုးစား အားထုတ်ပါတဲ့၊ ဒုတိယမျိုးကတော့....

(၂) ပြုပြီး ဖြစ်ပြီးသား အကုသိုလ်တရားတွေကို အသစ်အသစ် ထပ်မပွားအောင် ကြိုးစားအားထုတ်ပါတဲ့။

သည်ဆရာ့ရဲ့ ဆိုလိုရင်းကတော့ အဲဒီပြုပြီးသား အကုသိုလ်တရား တွေကို ထပ်ထပ် မပွားအောင် တဖန်ပြန်လည်ပြီး မစဉ်းစားနဲ့၊ မဆင် ခြင်နဲ့၊ မအောက်မေ့နဲ့၊ မပွားများနဲ့တဲ့၊ တခါတည်း မေ့ပျောက်ထား နိုင်အောင် ကုသိုလ်တရားတွေနဲ့ ကြိုးစားရမည် တဲ့၊ အဲဒါဟာ ပြုပြီး သား အကုသိုလ်တရားတွေ ထပ်မပွားမိအောင် ပယ်ရှားခြင်းပဲ၊ ကဲ ... ရှင်းရဲ့လား။

**ဒကာ**။ ။ရှင်းပါပြီ ဆရာတော်၊ နောက်ဆရာ နည်းကို ပိုကြိုက် တယ်၊ ပရစေတနာ မလာရအောင် ပယ်ပုံပဲ၊ ကျေနပ် နှစ်သက်လှပါတယ် ဘုရား။

## ပုဏ္ဏားဆိုတာ ဘာစကားလဲ ဘာအဓိပ္ပါယ်ရှိလဲ ?

**ဒကာ။** ။ပါဠိလို "သမဏ, ဗြာဟ္မဏ" မြန်မာလို ရဟန်း, ပုဏ္ဏားဟုအနက်ပြန်ဆိုကြရာမှာ၊သမဏ=ရဟန်းဆိုတာ တော့ ထင်ရှား ရှင်းလင်းကြပါတယ်၊ ဗြာဟ္မဏ= ပုဏ္ဏား ဆိုတာက ရသေ့လား, ဟိန္ဒူကုလား ဘုန်းကြီးမျိုးလား၊ အဲဒီ ပုဏ္ဏားဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို သိပါရစေ ဆရာတော်။

**ဆရာ။** ။အင်း .. ဒီ ပုဏ္ဏား ဆိုတဲ့ ဝေါဟာရရဲ့ အနက် အဓိပ္ပါယ် သိလိုကော အကျိုးစီးပွား ဘာများ ဖွံ့ဖြိုး တိုးတက်လာ မှာမို့လဲ၊ လူအများက ဒါဟာ ပုဏ္ဏားပဲလို့ဆိုရင် ပုဏ္ဏားဟု မှတ်ထား ရုံပေါ့၊ အမေးအမြန်း ထူတယ်ကိုး။

**ဒကာ။** ။ဆရာတော်က မြန်မာအဘိဓာန်ကျမ်းပြု ဆရာတော် ဖြစ်လို့ လူမှုရေးရာအရ သိထားသင့်သော အရာမို့ အမှန်သိရအောင် လာမေးတာပါ ဆရာတော်။

**ဆရာ။** ။ပုဏ္ဏား,ဆိုတဲ့ အဘိဓာန်ပုဒ်က ပါဠိလဲမဟုတ်ဘူး၊မြန်မာ သက်သက်လဲ မဟုတ်ဘူး၊ ပါဠိလို"ဗြာဟ္မဏ"ကို မြန်မာ လိုပုဏ္ဏားဟု ရှေးဆရာ့ဆရာများက အနက်ရေးသွားကြလို့ နောက် အဆင့်ဆင့် လိုက်ခေါ် ရေးသားနေကြတာပဲ ဖြစ်တယ်၊ အဲဒီ ပုဏ္ဏား ဆိုတဲ့ အမျိုးအပြားတွေကလဲ တော်တော်များတာ၊ ပိဋကတော်လာ ဒေါနသုတ္တန် နိပါတ်တော်၌ ပုဏ္ဏားမျိုး လေးပါး အပြားရှိတယ်၊မဓွ သတ်ကျမ်းမှ ပုဏ္ဏားမျိုး ကိုးပါး အပြားကို ဖော်ပြထားတယ်၊ အဲဒါ ကို လွယ်လွယ်နဲ့ သိချင်ရင် ဆရာတော်ရေးပြုတဲ့ "သုတေသန သရုပ်ပြ

အဘိဓာန်ကျမ်း'' စာမျက်နှာ (၃၇၂၊ ၃၇၃) ပု+ဏ်။ ကဏ္ဍမှာ ရှာကြည့်ပေတော့။

ယင်း ''ပုဏ္ဏား'' ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ မူရင်း ဝေါဟာရ ရေသောက်မြစ်ကို လိုက်ဖေါ်တဲ့အခါ ရာဇဝင် ရေစီးကြောင်းထဲမှာ ပါရှိနေတာ တွေ့ရတယ်၊ (၁) ပြည်,- သရေခေတ္တရာ၊ (၂) ပုဂံ၊ (၃) ပင်းယ၊ အဲဒီ ခေတ်, သုံးမျိုးတို့တွင် ပြည်,-သရေခေတ္တရာက စ,တင် စိမ့်ဝင် ရောက်လာတာ တွေ့ရတယ်။

ယင်း ခေတ်မှာ ဝေဒကျမ်းတတ် ဟိန္ဒူဗြာဟ္မဏ ပဏ္ဍိတ်ကြီးတွေ ဣန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ သရေခေတ္တရာသို့ လာရောက်ကြကာ မိမိတို့ ကျွမ်းကျင်လိမ်မာ တတ်မြောက်တဲ့ ဝေဒကျမ်းစာအရ ဗေဒင်ဟော ခြင်း ယတြာပြုခြင်း စသည်တို့ဖြင့် ဘုရင်မင်းများထံမှောက်ဝင်ရောက် ခစား အမှုတော်များ ထမ်းဆောင်ကြတယ်၊ သူတို့က ဟိန္ဒူဗြာဟ္မဏ မျိုးတွေ ဖြစ်ကြလို့ နွားကို ချစ်မြတ်နိုးကြတယ်၊ နွားမွေးပြီး နို့, ထောပတ်, ဒိန်ချဉ် စသည် ရောင်းချ ပစ္စည်းရှာသောကြောင့် သရေ ခေတ္တရာ ရာဇဝင်အပိုင်းမှာ ယင်းတို့ကို (ဂဝံပတိ-လို့) ခေါ်ဆိုကြ တယ်၊ မြန်မာလိုတော့ ''နွားပိုင်ရှင်''ဟု အနက်ထွက်တဲ့ ပါဠိစကားပဲ ဖြစ်တယ်၊ ယင်းခေတ်၌ ပါဠိဘာသာ အသုံးများဟန် တူ၏လို့ မှတ်ရမယ်။

ပုဂံခေတ်ကျတော့ ဗေဒင်, ယာယီ, ယတြာ, တို့ကို ယုံစားသူတွေ အတော် များလာလေပြီ၊ ယင်းခေတ်၌ ထို ဂဝံပတိ ဆရာဗြာဟ္မဏ ကြီးတို့ကို ''ဟူးရား''ဟု ခေါ်ဆို သုံးနှုန်းကြပြန်တယ်၊ယင်း ဟူးရား ဆရာဗြာဟ္မဏကြီးတို့ကိုပင် ''ဟူးရားဖြူ, ဟူးရားညို''ဟု အသား အရောင်လိုက်ကာ နှစ်မျိုး နှစ်စား ခွဲခြားထားတာ တွေ့ရပြန်တယ်၊

ဟူးရား,ဟူသော ပေါရာဏစကားသည် ပေဒင်,နက္ခတ် ဟူသော အနက်ထွက်တယ်။

ပုဂံခေတ်လွန်မြောက်၍ ပင်းယခေတ်သို့ ရောက်သောအခါ ယင်း ပေဒင်, နက္ခတ်, ဓာတ်ရိုက်, ဓာတ်ဆင် အတတ်တို့သည် အဆင့်ဆင့် လူသားတို့၏ အရိုးထဲ စွဲဝင်နေပြီဖြစ်ရကား ယင်း ဂဝံပတိ ဝေဒ ကျမ်းတတ် ဟူးရား ဆရာ ဗြာဟ္မဏကြီးတို့ကို ဟူးရားဟု မခေါ်ဆိုပဲ "ပုဏ္ဏား"ဟု ခေါ်ဆိုကြ ရေးသားကြတာကို ကျမ်းအစောင်စောင် တို့မှာ တွေ့ရပြန်တယ်၊ ပါဠိဘာသာ (ဗြာဟ္မဏ)ပုဒ် ရှိသမျှကိုလည်း အကုန်လုံး "ပုဏ္ဏား"ချည်းပဲ မြန်မာပြန်ဆို ရေးသားလာကြတယ်။

အဲဒီ"ပုဏ္ဏား"ဆိုတဲ့ အဘိဓာန်ပုဒ်ရဲ့ ရေသောက်မြစ်ဖျားခံကိုလိုက် ရှာတဲ့အခါ ယင်း—ဂဝံပတိ, ဟူးရား, ဗြာဟ္မဏလုလ်တ် ဝေဒကျမ်းတတ် ပေဒင်ဆရာကြီးတို့ဟာ များသောအားဖြင့် ဣန္ဒိယနိုင်ငံ ပုနားမြို့မှ မြန်မာနိုင်ငံသို့ လာရောက်ကြသော ပုနားမြို့ နယ်သားတွေသာဖြစ်၍ ၎င်းတို့အား ပုဏားလူမျိုး,ပုဏားသား,ပုနားခေါ်ဆိုရာမှအဆင့်ဆင့် အသံပြောင်းကာ"ပုဏ္ဏား"ဟူသော ဝေါဟာရ နာမ်ပိုင်းသို့ ရောက်ရှိ တွင်ကျယ်လာကြောင်းနှင့် မှတ်သားရမည်၊ ပုနားမြို့က ဘုံဘေနယ်မှာ ရှိတယ်။

ပုံပမာ အားဖြင့် ပုဂံမြို့မှ လာရောက်သော ရဟန်းတော်များကို သီဟိုဠ်တို့, ယိုဒယားတို့က ပုဂံသား, ပုဂံဂိုဏ်းဟု ခေါ်ဆိုကြသလို ပင်တဲ့၊ ကဲ...အဲဒါ ပုဏ္ဏား အဘိဓာန်ပုဒ်တခုရဲ့ ဖြစ်လာပုံ သိထားစရာ လူမှုရေးရာ အဖြေပါပဲ၊ မကျေနပ်သေးရင်လဲ တခြားဆီ သွားမေး ကြပေတော့။

**ဒကာ**။ ။ဒီလို ရာဇဝင်ကြောင်း သမိုင်းနဲ့ချိပြီး ခိုင်လုံတဲ့ အဖြေ စကားတွေ မှတ်သားရလို့ ကျေးဇူးတင် ဝမ်းသာလှ ပါတယ် ဆရာတော်။

---

## ခန္တီနဲ့ ဥပေက္ခာ ဘာများ ထူးခြားသလဲ ?

**ဒကာ**။ ။ခန္တီစ– သည်းခံရခြင်း လည်းကောင်း။ ဥပေက္ခာစ– လျစ်လျူရှုရခြင်း လည်းကောင်းဟု ပြောဟောနေကြ ရာ။ ခန္တီ-သည်းခံတယ် ဆိုတာ မသာယာခြင်းနဲ့ ပြန်လှန် လက်စား မချေပဲ လျစ်လျူရှုထားလိုက်တဲ့ ဥပေက္ခာသဘောမို့ နာမည်ချင်းသာ ခြားတာ သဘောတရားကတော့ အတူတူပါပဲလို့ အချို့ဆရာတို့က ပြောဟောကြပါတယ်။

ဆရာအချို့ကလဲ ခန္တီနဲ့ ဥပေက္ခာဟာ သဘောတရားချင်း မတူဘူး တခြားစီသာ ဖြစ်တယ်၊ အကယ်၍ သဘောချင်းတူရင် ပါရမီ ဆယ်ပါးထဲမှာ အမည်နှစ်ပါးနဲ့ ခွဲခြားပြီး ဘုရားမဟောတန်ရာ၊ ဒါကြောင့် ထူးခြားတယ်ဟု ဟောပြောကြပါတယ်၊ အဲဒီ တရား နှစ်ပါး ထူးခြားတယ် မထူးခြားဘူးဆိုတာ မှတ်သားရလွယ်အောင် မိန့်ကြားပါအုံး ဆရာတော်။

**ဆရာ**။ ။အင်း....ဒီ တရားနှစ်ပါးကလဲ ဓမ္မဝိစယဉာဏ်ပညာနဲ့ မခွဲ ခြား မစိစစ်တတ်ရင် ''ပုလင်းတူ–ဗူးဆို့'' သဘောတူ ပဲလို့ မှတ်ထင်စရာ ဖြစ်နေတယ်၊ အမှန်ကတော့ သဘောတရားချင်း ခြားနားမှုရှိတယ်၊ ယင်းတို့နှစ်ပါး ခြားနားပုံကို လွယ်လွယ်နဲ့ ဒီလို သိကြပေတော့။

ခန္တီ။ ။ခန္တီရဲ့ သဘောက သက်ရှိ သဝိညာဏက သတ္တဝါ သခါရ တို့က မိမိအား ကိုယ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါးတို့ဖြင့်သော် လည်းကောင်း၊ ထိပါးပုတ်ခတ်မှု ပြုလာသော် ဒေါသဖြင့် ယင်းပုဂ္ဂိုလ်အား စိတ်ဆိုးခြင်း, ပြန်လည်၍ ပြစ်မှားခြင်း, ထိပါးပုတ်ခတ်, လက်စားချေခြင်း မပြုပဲ သည်းခံ၍ နေနိုင်ခြင်းနှင့်....

သက်မဲ့ အဝိညာဏက မိမိကိုယ်နဲ့စပ်တဲ့ အချမ်းအပူ ရာသီ ဥတု၏ နှိပ်စက်ခြင်းဒဏ်၊ အဝတ်, အစား, နေရာတို့၏ ကြမ်း တမ်း ခက်ထန်ခြင်း, မပြည့်စုံခြင်းစသည်တို့နဲ့ တွေ့ကြုံတဲ့အခါ ဒေါမနဿ စိတ်ဆင်းရဲခြင်း စိတ်နှလုံး မချမ်းမြေ့ခြင်းတို့ကို မဖြစ်စေပဲ သည်းခံနိုင်ခြင်းတို့ကို ခန္တီလို့ဆိုကြတယ်၊ သူ့တရား ကိုယ်က အဒေါသစေတသိက်ပဲ။

ပေက္ခာ။ ။ဥပေက္ခာရဲ့ သဘောက ဣဋ္ဌာရုံခေါ်တဲ့ လိုချင်စရာ, ခင်မင်စရာ, ချစ်စရာ, နှစ်သက်စရာ, မြတ်နိုးစရာ အာရုံမျိုး တွေနဲ့ ဆုံခဲ့သော် သာယာ, ခင်မင်, လိုချင်, တပ်မက်, ဆာလောင်, စွဲလမ်းခြင်းဆိုတဲ့ တဏှာ, ဥပါဒါန်ဘက်သို့ မပါမရောက်အောင် စောင့်ရှောက် တားဆီး ထားနိုင်မှု လျစ်လျူရှုခြင်းသဘောနှင့်....

အနိဋ္ဌာရုံဖြစ်တဲ့ မုန်းစရာ, ရွံစရာ, မခံချင်စရာ, စိတ်ဆိုး စရာ အာရုံအမျိုးမျိုးတွေနဲ့ တွေ့ကြုံ တိုက်ဆိုင်လာတဲ့ အခါ မျိုးမှာလဲ ရွံမုန်းစိတ်ဆိုး ဒေါသဘက်သို့ မရောက်စေပဲ စောင့်ရှောက်တားဆီးထားနိုင်မှု လျစ်လျူရှုခြင်း သဘော တမျိုးပဲ ဖြစ်တယ်။

အဲဒီ ဣဋ္ဌာရုံဘက်ကိုရော အနိဋ္ဌာရုံဘက်ကိုပါ ဘယ်ဘက်ကိုမှ မပါမလိုက်ပဲ ချစ်, မုန်း မပါ အလယ် အလတ်သဘော အသွင်ကို ဆောင်နေတဲ့ တတြ မဇ္ဈတ္တတာ စေတသိက်ကို ပင်လျှင် ဥပေက္ခာလို့ ခေါ်ဆိုဟောပြောကြတာပဲ။

ကဲ ...အဲဒါ မှတ်သားရလွယ်အောင် အဘိဓမ္မာနည်းနဲ့ထုတ်ဆောင်ပြလိုက်တာပဲ၊ ဒါထက် လွယ်လွယ်သိချင်ရင် သည့်ပြင်ဆရာတွေဆီမှာ သွားရောက် မေးမြန်းကြပေတော့၊ အဲဒီ တရားနှစ်ပါး လက်ကိုင်ထားနိုင်ရင် အလွန် စိတ်အေးမြငြိမ်းချမ်းတယ်၊ အဲဒါကိုလဲ အကျင့်လုပ်ထားပါ။

**ဒကာ**။ ။ဆရာသစ်တွေ ရှာနေစရာ မလိုတော့ပါဘူး ဆရာတော်၊ ရှင်းလင်း ပြတ်သား ကွဲပြား ခြားနားစွာ သိပါပြီဘုရား၊ ဒီတရားနှစ်ပါးကိုလဲ လက်ကိုင်ရအောင် အကျင့်လုပ်ထားပါမည် ဆရာတော်၊ လက်စသတ်တော့ ခန္တီက အဒေါသ စေတသိက် မေတ္တာဓာတ်သဘောကိုး၊ ခုမှပဲ ကွဲတော့ဘယ်။

---

## ဥပုသ်သည်တို့မှာ သီလ တပါးပျက်လျှင် အကုန်လုံး ပျက်ကရောလား ?

**ဒကာ**။ ။ဆရာအချို့က ဥပုသ်သည်ဆိုတာ ကိုယ်ခံယူထားတဲ့ သီလကို အသက်တမျှ ရိုသေစွာ စောင့်ထိန်းရတယ်၊ ရှစ်ပါးသီလထဲက သိက္ခာပုဒ် တပါးပျက်သွားရင် အကုန်လုံး ပျက်စီးကုန်ရောလို့ ဟောပြောဆုံးမကြပါတယ်။

ဆရာအချို့ကတော့လဲ သည်လိုမဟုတ်ပါဘူးတဲ့၊ ကိုယ်ဆောက် တည် ခံယူထားတဲ့ သိက္ခာပုဒ်တွေထဲက တပါးပျက်သွားရုံနဲ့ အကုန် လုံး ပျက်မသွားပါဘူး၊ ကိုယ်ခံယူဆောက်တည်ထားတဲ့ ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ အားလျော်စွာပေါ့၊ မိမိမကျူးလွန်တဲ့ သိက္ခာပုဒ်တွေကတော့ ကျန်နေတာပါပဲ မပျက်စီးပါဘူးလို့ဟောပြော ဆုံးမကြပါတယ်၊ ဘယ်ဝါဒက မှန်ပါသလဲ ဆရာတော်။

**ဆရာ။** ။အင်း.... သည်ပြဿနာကို ပုဂ္ဂိုလ်အနေနဲ့ ခွဲခြားပြီး နားလည်အောင် ရှင်းပြပေးလိုက်မယ်၊ ဒီပြဿနာဟာလဲ တော်တော်လေး အမေး အစမ်း များတယ် ဒကာကြီးတို့ရ။

## ရဟန်းပုဂ္ဂိုလ်၏ နိစ္စသီလ ?

(၁) ရဟန်းတော်များမှာ ရဟန်းအဖြစ်နဲ့ တည်နေသမျှ ပါရာဇိက သီလကြီးလေးပါးဟာ သူတို့ရဲ့နိစ္စသီလပဲ၊ အဲဒီ ပါရာဇိက သိက္ခာပုဒ် သီလကြီးလေးပါးထဲက တပါး ပျက်ရင် ရှိသမျှ သီလတွေ အကုန်လုံး ပျက်ကရောပဲ၊ ရဟန်းလဲ မဟုတ်တော့ဘူး။

## ရှင်သာမဏေပုဂ္ဂိုလ်၏ နိစ္စသီလ ?

(၂) ရှင်သာမဏေများမှာ ရှင်သာမဏေအဖြစ်နဲ့ တည်နေသမျှ လိင်ဆယ်ပါး သီလဟာ သူတို့ရဲ့ အမြဲလုံခြုံ စောင့်ထိန်း နေရမည့် နိစ္စသီလပဲ၊ အဲဒီ လိင်ဆယ်ပါးထဲက တပါးကို ကျူးလွန်လိုက်ရင် ကျန်တဲ့ ကိုယ်ရင်သီလတွေ အားလုံး ပျက်ကရောပဲ၊ ကိုယ်ရင်လဲ မဟုတ်တော့ဘူး၊ ကိုရင် လုပ်ချင်ရင် သရဏဂုံ သီလ တဖန် ပြန်ယူရတယ်။

သုံမမ္ဘဝဘီ (က) ၁၀၄-၄၁

## လူပုဂ္ဂိုလ်တို့ အနိစ္စသီလ ?

(၃) လူများမှာတော့ "ပုံပမာ" ရှစ်ပါးသီလထဲက တပါးကို ကျူးလွန်မိလို့ ပျက်သွားရင် ခုနစ်ပါးသော သီလသိက္ခာ ပုဒ်တွေ ကျန်နေသေးတယ်၊မပျက်ပါဘူးတဲ့၊ အကြောင်း ကတော့ လူများမှာ နိစ္စသီလရယ်လို့ မရှိဘူး၊ စောင့်သုံး တဲ့ အခိုက်ပဲ ဖြစ်တယ်။

ဒကာ။ ။တပည့်တော်တို့ မှတ်သားပြောကြားရအောင် ပါဠိ ကျမ်းဂန်များရှိရင် ထုတ်ဆောင်ပြပေးပါလား ဆရာ တော်၊ တိုတို တိတိပေါ့ ဘုရား၊ မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ သူများမေးရင် အခိုင်အမာ ပြရအောင်ပါ။

ဆရာ။ ။အင်း.... အဘိဓမ္မာ အဋ္ဌကထာ ဖြစ်တဲ့ ဓမ္မကထိကတို့ လက်သုံး သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ သိက္ခာပဒ ဝိဘင်းအဖွင့်မှာ....

ဂဟဋ္ဌာ ယံ ယံ ဝိတိက္ကမန္တိ၊ တံ တဒေဝ ခဏ္ဍံ ဟောတိ ဘိဇ္ဇတိ။ အဝသေသံ န ဘိဇ္ဇတိ။ ကသ္မာ ဂဟဋ္ဌာ ဟိ အနိဗဒ္ဓသီလာ ဟောန္တိ၊ ယံ ယံ သက္ကောန္တိ တံ တဒေဝ ဂေါပေန္တိ။

သီလခံယူထားပြီးသား လူတို့မှာ သီလတပါးကို ကျူး လွန်ဖျက်ဆီး ပစ်မိငြားအံ့၊ ထို မိမိကျူးလွန်မိသော သိက္ခာ ပုဒ်တပါးသာလျှင် ပျက်စီးသည်၊ ကြွင်းကျန်သော သီလ သိက္ခာပုဒ်များက မပျက်စီးချေ၊ အကြောင်းကတော့ လူတို့ မှာ (ရဟန်း သာမဏေတို့လို)အမြဲတစေ စောင့်သုံးနေရမည် ဆိုတဲ့ ''နိဗဒ္ဓ'' နိစ္စသီလမျိုး မရှိလို့ပဲ၊ အကြွင်မျှလောက်

သော သီလသိက္ခာပုဒ်ကို စောင့်သုံးခြင်းငှာ စွမ်းနိုင်၏၊
ထို မိမိစွမ်းနိုင်သမျှကိုသာ စောင့်ထိန်းကြကုန်၏–

လို့ ရှင်းလင်းဖွင့်ဆို ဆုံးဖြတ်ချက် ချသွားတာတွေ ရှိတယ်၊ သည့်ပြင် ပါဠိ အဋ္ဌကထာ ဋီကာစတဲ့ ကျမ်းဂန်တွေမှာလဲ အထောက်အထား တွေ များစွာပဲ ရှိသေးတယ်၊ ကဲ....ဘာများ စောဒကတက်အုံးမလဲ၊ အဲဒါ ပါဠိကျမ်းဂန်က ဆိုတဲ့ အခိုင်အမာ စကားတွေပါပဲ။

## ငါးပါးသီလဟာ လူတို့၏ နိစ္စသီလလော ?

**ဒကာ။** ။ဆရာတော်က လူတို့မှာ အမြဲဟစေ စောင့်သုံးနေရမည့် နိစ္စသီလမျိုး မရှိဟု မိန့်ဆိုသွားပေမင့်၊ ဆရာထိုထိုတို့က တော့ လူတို့သည် ငါးပါးသီလကို မိမိတို့ ခါးဝတ်ပုဆိုး ထဘီကဲ့သို့ အမြဲစောင့်ထိန်းရမည့် နိစ္စသီလမျိုး ဖြစ်သည်၊ ငါးပါးသီလကို လုံခြုံ စွာ စောင့်ထိန်းကြဟု ဟောကြား ဆုံးမ သွားကြတာချည်းပဲမို့ ငါးပါးသီလဟာ လူတို့ရဲ့ နိစ္စသီလ မဟုတ်ဘူးလား ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။အင်း....ဒီစကားက "ဥပါသကော ပါသိကာနံ နိစ္စသီလ ဝသေန ပဥ္စသိက္ခာပဒါနိ" ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာ၏ စကားကို မှုထားပြီး လူနဲ့ သီလ, မခွဲခြားပဲ တသားတည်း ဟောကြားကြတာပဲ ဖြစ်တယ်။

ပိဋကစာပေ၌ လိမ္မာ ကျွမ်းကျင်တော်မူကြတဲ့ ဆရာတို့ယူဆပုံက (၁) သီလကို စောင့်ထိန်းတတ်တဲ့ လူရယ်၊ (၂) စောင့်ထိန်းအပ်တဲ့ သီလရယ်၊နှစ်မျိုး ခွဲခြားပြီး ယူကြတယ် ''လူနဲ့, သီလနဲ့, သီလနဲ့ လူ'' သီလက စောင့်ထိန်းခံရတဲ့ သဘောပဲ ရှိတယ်၊ ဒီ သဘောကို စောင့်ထိန်းပေးရမှာက လူပဲ ဖြစ်တယ်။

ဝိသုဒ္ဓိမဂ် ဆရာက (နိစ္စ သီလ ဝသေန ပဉ္စသိက္ခာပဒါနိ) သည် သိက္ခာပုဒ် ငါးပါးလုံးဟာ အမြဲစောင့်ထိန်းရမည့် သီလလို့ (လူကို ပဓာန မထားပဲ) စောင့်ထိန်းခံရတဲ့ သီလရဲ့ သဘောရင်းကိုသာ ပဓာန ထားပြီး မိန့်ဆိုထားတာ ဖြစ်တယ်။

ဝိသုဒ္ဓိမဂ် ဆရာ့ရဲ့ ဆိုလိုရင်းက သည်ငါးပါးထဲက တပါးပါးကို ကျူးလွန်မိရင် အပြစ်ရှိမည်သာ ဖြစ်၏ဟု ဆိုလိုတယ်၊ အဲဒီ ငါးပါး ထဲက ဘယ်ဟာကိုမှ မကျူးလွန်ရဘူးတဲ့ အဲဒါပဲ၊ အဲဒါကို နိစ္စလို့ ဆိုတာ။

အဲဒီလို သီလကိုသာ အခြေခံ ဦးစားပေးကာ ပြောကြားတဲ့ စကားကို ဆရာအချို့က "ဒီ ငါးပါးသီလကို အမြဲစောင့်နိုင်မှ စောင့်ရ မည်" နိစ္စသီလမျိုး ဖြစ်သည်၊ အမြဲမစောင့်နိုင်ရင်, မစောင့်ရဘူး၊ တဝက်တပျက်နဲ့ မစောင့်ကောင်းဘူး ဟု.... စောင့်ထိန်းသူ လူကို ဆွဲထည့်ပြီး ဟောပြောနေကြတာ ဖြစ်တယ်၊ ထိုဆရာတို့ စကားကို မမှတ်သား မခံယူရဘူးနော်။

ပဥ္စသီလ၏ သဘောရင်းကား ငါးပါးလုံးကိုပင် အမြဲစောင့်ထိန်း အပ် စောင့်ထိန်းခံရမည့် သဘောကို ဆောင်နေသည်တဲ့၊ ဒါဟာ ပဥ္စသီလရဲ့ ဓမ္မသဘောပဲ ဖြစ်တယ်။

စောင့်ထိန်းတတ်တဲ့ လူဘို့၏ သဘောကတော့ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့မှာ လာရှိတဲ့အတိုင်း (ယံ ယံ သက္ကောန္တိ တံ တဒေဝ ဂေါပေန္တိ) ကိုယ်စွမ်းအားရှိ သလောက် ငါးပါးလုံး ဖြစ်စေ၊ တပါးပါး ဖြစ်စေ၊ နှစ်ပါး သုံးပါး ဖြစ်စေ စောင့်ထိန်းကြခြင်းပဲ ဖြစ်တယ်၊ သီလရဲ့ ဓမ္မသဘောသွားကို

ယူပြီးတော့ လူတို့ရဲ့ သဘောထားထဲကို တသားတည်း ဖြစ်အောင် မရော မယောင်ရဘူး၊ ကဲ....ရှည်သွားပြီ တော်ကြစို့။

ဒကာ။ ။အော်.... ဒါကြောင့် ဆရာအချို့က ငါးပါးထဲက ၂-ပါး ထိန်းရမယ်၊ ၃-ပါး ထိန်းရမယ်နဲ့ ခွဲခြမ်းပြီး စွမ်းနိုင်သမျှ ထိန်းခိုင်းကြတာကို၊ ကျေနပ်ပါပြီ ဆရာတော်။

## အာဒိဗြဟ္မစရိယသီလဆိုတာ ဘယ်သီလမျိုးလဲ ဘယ်တရား၏ အစအဦး အာဒိလဲ ?

ဒကာ။ ။သီလတွေထဲမှာ အာဒိ ဗြဟ္မစရိယ သီလ ဆိုတာ အရေးကြီးတယ်၊ သူဟာ မဂ်ဖိုလ်တို့ရဲ့ ရပိုင်မှု အစ အဦး အာဒိပဲ၊ တရားအားထုတ်တဲ့ ယောဂီဟာ ဒီ အာဒိ ဗြဟ္မစရိယ သီလကို စောင့်ထိန်းရမည်ဟု ဟောပြောနေကြပါတယ်။

တချို့ကလဲ ဒီ သီလဟာ ဘုရားဟောမဟုတ်ဘူး၊ ရိပ်သာဆရာတွေက အသစ်အဆန်း တီထွင်ထားကြတာ၊ လူသားတို့ အတွက် ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလ တို့ကိုသာ ဘုရားဟောတော်မူတာဟု ပြောဆိုနေကြပါတယ်၊ ဒါကြောင့်....

(၁) ယင်း အာဒိ ဗြဟ္မစရိယ သီလဟာ ဘယ်သီလမျိုးလဲ။

(၂) ဘုရားဟောတော်မူတာ ဟုတ်ရဲ့လား၊ ဘယ်ပိဋကတော်မှာ ပါသလဲ။

(ခ) ဘယ်တရား၏အစအဦးလဲ၊ တိုတိုနဲ့ပဲ သိပါရစေဆရာတော်၊ ပါဠိတွေထုတ်ပြီး အရှည်ကြီးတော့ မလုပ်ပါနဲ့ ဘုရား၊ နားလည်မှာလဲ မဟုတ်ပါဘူး။

ဆရာ။ ။အင်း....ယင်း သီလ ပြဿနာဟာ မကြာ မကြာ ရောက်ရောက် လာတယ်။ ဒကာကြီးတို့ရဲ့ အမေးလက္ခဏာက သုံးချက်ပါနေတယ်၊ တိုတိုနဲ့ပဲ မှတ်သားလောက်အောင် ဖြေကြားပါမယ်လေ၊ ကြိုက်ရင်လဲ မှတ်ယူကြပေါ့။

(၁) ယင်း သီလဟာ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ အာဇီဝ–အသက်မွေးမှုလျှင် အဋ္ဌမက ရှစ်ခုမြောက်သောကြောင့် ယင်းသီလကို ''အာဇီဝဋ္ဌမက'' သီလမျိုး ခေါ်သည် တဲ့။

(၂) ပိဋကတော်အားဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးက ဗုဒ္ဓသာသနာ ခံယူသူတို့ ယုံကြည်လောက်အောင်....

တေနာဟ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ–

ဟု....မြတ်စွာဘုရားသခင်သည် ဤ အာဇီဝဋ္ဌမကသီလကို ဥပရိပဏ္ဏာသ ပါဠိတော်၌ ဟောကြားတော်မူကြောင်းနဲ့ ကိုးကားပြဆို ထားသဖြင့် ဘုရားဟောတယ် လို့ပဲ ဆိုရမယ်။

(၃) သာသနာတော် ခေါ်တဲ့ မြတ်စွာဘုရားသခင်၏ ဆုံးမဩဝါဒကို လိုက်နာ ခံယူ ကျင့်ကြံအားထုတ်မည့်သူသည် ယုတ်မာကြမ်းတမ်းသော မကောင်းစရိုက် မိုက်မဲ ဆိုးဝါး

လှတဲ့ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ အပြစ်ရှိသော အသက်မွေးဝမ်းကျောင်းမှု မိစ္ဆာဇီဝ၊ ဤရှစ်ပါးသော ဒုစရိုက်ဆိုး ဘဝမှ လွတ်အောင် ရှောင်ရှား ကျင့်ကြံ စောင့်ထိန်းမှုကို ရှေးဦး လက်မွန် စတင်ကျင့်သုံး ဆောက်တည်ရမည် ဖြစ်၍ (ဝါ)ဆောက်တည်ရသော သီလမျိုးဖြစ်သောကြောင့် (အာဒိ=အစ အဦး ဖြစ်သော၊ ဗြဟ္မစရိယ=မြင့်မြတ် ဖြူစင်သောအကျင့်) အာဒိဗြဟ္မစရိယ= မြင့်မြတ်ဖြူစင်သော အကျင့်လမ်းစဉ်၏ အဦး အစ စတင်၍ ကျင့်စေရမည့် သာသနာတော်ဝင်ရောက်စ သူတို့၏ အကျင့်သီလ တဲ့၊ ကဲ....ဒါအောက်တိုလို့တော့ မရနိုင်ဘူး။

ဆိုလိုရင်းက သာသနာတော်အတွင်း သွင်းကာစ ဒုစရိုက်ကြမ်းသမား တယောက်ကို အဲဒီ (အာဇီဝဋ္ဌမက) သီလဖြင့် ယဉ်ကျေးအောင် စ,တင်ကျင့်သုံး ဆုံးမ ဆောက်တည်ခိုင်းရမည်၊ သုစရိုက်ပိုင်းရောက်လာတဲ့ အခါကျတော့ အရိယာမဂ်ကို ရယူဘက်လှမ်းဖို့ လူတို့အတွက် နိစ္စသီလ ဖြစ်တဲ့ ငါးပါးသီလနဲ့ အခြား ဥပုသ်သီလဖြစ်တဲ့ ရှစ်ပါးတို့, ကိုးပါး, ဆယ်ပါးတို့, ကိုယ့်အင်အားအလျောက် မဂ် ဖိုလ်ရောက်အောင် ပို့ဆောင်သွားဖို့ပဲ တဲ့။

လိုရင်းချုပ် မှတ်ယူဖို့ကတော့ သာသနာတော်အတွင်း ကျုံးသွင်းကာစ ဒုစရိုက်တုံးများကို ယင်းသီလဖြင့် စ,တင်ပေး၍ ယဉ်ကျေးစေရမည် တဲ့၊ ဒါကြောင့် အာဒိဗြဟ္မစရိယ သီလ ခေါ်တယ်လို့ မှတ်ရမယ်။

အရိယာမဂ်ကို ရရှိရန် စ,တင်ကျင့်သုံး ဆောက်တည်ရသော သီလဖြစ်၍ ယင်းအာဇီဝဋ္ဌမကသီလကို အာဒိဗြဟ္မစရိယ သီလ ခေါ်တယ်ဟု

အမှတ်မှားတွေ မယူစဲ့ မပြောကြားရဘူးနော်၊ ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတို့ကို ပြစ်မှား ကဲ့ရဲ့ရာကျသည် သတိရှိကြပါ၊ နှုတ်လွန် အာလွန် မဖြစ်ကြစေနဲ့။

ဒကာ။ ။ဒီလိုဆိုရင် ယင်းအာဇီဝဋ္ဌမက ခေါ်တဲ့ အာဒိဗြဟ္မစရိယ သီလဟာ အရိယာမဂ်ကို စ,တင်ရယူနိုင်တဲ့ သီလမျိုး မဟုတ်ဘူး၊သာသနာတော်တွင်း ချဉ်းနင်းဝင်ရောက်စ ဒုစရိတသမား များအတွက်သာ စ,တင် ဆက်သွယ်ပေးတဲ့ သီလမျိုးလို့ မှတ်ရမှာ လား ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။ဟာ .. ဒီလိုလဲ ပစ်ပစ်ခတ်ခတ်နဲ့ မှတ်ချက်ချကာ အပြတ် မယူရဘူးလေ၊ ယင်းသီလနဲ့လဲ အရိယာမဂ်ကို တက်လှမ်း ရယူနိုင်တာပါပဲ၊ "အာဒိ"ဆိုတဲ့ ပါဠိစကားပုဒ်ကလေးကို ထောက် ထားပြီးတော့ ကောက်ယူ မှတ်သားချက် လွဲမှားနေကြတာတွေ ကြောင့် အမှန်ကို ပြပေးနေတာပါ၊ ယင်းသီလကို ပုဂ္ဂိုလ်အချို့ လွဲမှား ပြောကြား စွဲယူနေကြပုံက....

> အာဒိ ဗြဟ္မစရိယ သီလ, ခေါ်တဲ့ အာဇီဝဋ္ဌမကသီလ, ကသာလျှင် အရိယာမဂ်ကို စ,တင်ပေးနိုင် ရယူစေနိုင်တဲ့ သီလ ဖြစ်သည်၊ ယခုကာလ အများစောင့်သုံးနေကြသော ငါးပါး သီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ဟာ အရိယာမဂ် ရယူ ရေးအတွက် စ,တင် ကျင့်သုံးရသော သီလမျိုးမဟုတ်ဘူး စသည်ဖြင့် အမှားမှားတွေ ပြောကြားစွဲယူ ကျင့်သုံးနေ ကြတယ်။

အဲဒီ အမှားပြော အမှားစွဲ အမှားယူတွေကို အမှန်သိအောင်လို့ တိုတို တိတိနဲ့ အာဒိ-အစ ဆိုတဲ့ ပါဠိပုဒ်ကလေးရဲ့ အနက်ယူဆပုံကို

အရိယာမဂ်သက်သက် တခုတည်းသော အနက်အဓိပ္ပါယ်တချက်တည်း ကိုသာ အယူအစွဲမမှားဖို့ ရှင်းပြပေးတာပါ၊ တခြား ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလတို့ဟာလဲ မဂ် ဖိုလ် နိဗ္ဗာန်ရဲ့ အာဒိ–အစဖြစ်တဲ့ မူလအခြေခံ တရားတွေပါပဲလို့ အမှန်သိမှတ်ထား ကြဖို့ပါပဲ၊ ကဲ....ကျေနပ်လောက်ရောပေါ့။

**ဒကာ။** ။ဒီလို အမှန်အသိရောက်အောင် ရှင်းလင်းသင်ပြပေးတာ ကို အားရ နှစ်သက် ကျေနပ်ကြပါတယ် ဆရာတော်။

---

## ရှိပြီး ရွှေငွေ မစွန့်ပဲ လူများ ဆယ်ပါးသီလ စောင့်ကောင်းသလော ?

**ဒကာ။** ။ဆယ်ပါးသီလ စောင့်သုံးလိုသောလူသည် မိမိမှာရှိသမျှ ရွှေ ငွေ ရတနာတို့ကို အာလယပြတ် စွန့်ပစ်ပြီးမှသာ စောင့်ထိန်းကောင်းသည် လုံခြုံသည်ဟု ပထမဆရာအချို့ကဟောကြား ကြပါသည်။

ဒုတိယ ဆရာအချို့ကလဲ မိမိထံမှာ ရှေးက ရှိနေပြီးသော ရွှေ ငွေ ရတနာတို့ကို စွန့်ပစ်ဖို့ မလိုပါဘူး၊ ဇာတရူပ သိက္ခာပုဒ်က အသစ် အသစ် ရွှေငွေရတနာတို့ကိုသာ မခံယူရ မကိုင်တွယ်ရ မသုံးစွဲရ တောင်းခံခြင်းမပြုရဟု တားမြစ်တာပါ၊ လက်ရှိရွှေငွေရတနာတို့ကို မစွန့်ပဲလဲ ဆောက်တည် ကျင့်သုံးကောင်းပါတယ်၊ ကိုယ်မကိုင်တွယ် မသုံးစွဲရင် ပြီးတာပဲ၊သီလမပျက်စီးနိုင်ဘူးလို့ ဟောကြားကြပါတယ်၊ အဲဒါ စာပေက ဘယ်လိုများ အဆိုပြုထားပါသလဲ ဆရာတော်၊ တိုတိုပေါ့ ဘုရား သိပါရစေ။

ဆ ရာ ။ ။အင်း...တိုတိုနဲ့တော့ ဘယ်နည်းနဲ့မှ ဖြေလို့ မရဘူးပဲ၊ ယခု မေးခွန်းရဲ့ ယူဆပုံ နှစ်မျိုးထဲမှာ ဒုတိယ ဆရာ ယူဆပုံနည်းဟာ သင့်လျော်မျှတလို့ စာပေနဲ့ လျောက်ပတ်တယ်လို့ မှတ်ပေါ့၊ ဒကာကြီး အားလုံး နားလည်အောင် ပြောပြမယ်၊ ဃဋိ ကာရ အိုးထိန်းသည် ဝတ္ထုတွေ ဝိသုဒ္ဓိမဂ်ဋီကာ လာပုံတွေ ထုတ်ပြီး လျှာမရှည်နဲ့၊ ဟိုက အနာဂါမ်ပုဂ္ဂိုလ်ကြီး၊ ကာမဂုဏ်တရားနဲ့ ဒေါသ များကိုပါ ပယ်စွန့်ထားတာဖြစ်တယ်၊ ဋီကာဆရာကလဲ လူအများ အားကျနည်းယူရအောင် အမြတ်ဆုံး နယကို ထုတ်ပြသွားတာ။

စာပေကျမ်းဂန်တို့ အဆိုပြုထားပုံနဲ့ ညှိနိုင်းကာ ပြတ်သားစွာ ဆုံးဖြတ်ရမည်ဆိုလျှင် ဒီပြဿနာက ဆယ်ပါးသီလထဲမှာပါတဲ့ ဇာတ ရူပ ရဇတသိက္ခာပုဒ်ကို စွဲပြီး ကွဲပြားလာတဲ့ ပြဿနာ ဖြစ်တယ်။

ယင်းရဲ့ မူရင်းက ''ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ''လို့ လာရှိတယ်၊ ဇာတရူပ,ပုဒ်က ရွှေကို ဟောတယ်၊ ရဇတ, ပုဒ်က ငွေကို ဆိုတယ်၊ ပဋိဂ္ဂဟဏ, ပုဒ်က ခံယူခြင်း ကိုင်တွယ်သုံးစွဲခြင်း ကိုယ့်လာ ပေးတာကို မခံယူသော်လဲ အနားမှာ ချထားခဲ့တဲ့ ရွှေ ငွေ ရတနာ တွေကို သာယာခြင်း စသည်တို့ကို ဟောဆိုတယ်၊ ဝေရမဏီ,ပုဒ်က အဲဒီလို အသစ်အသစ် လာလှူပေးကမ်းတဲ့ ရွှေ ငွေ မြ ရွှဲ ပုလဲ ပတ္တမြား စတဲ့ ရတနာတွေကို မခံယူ မကိုင်တွယ် မသုံးစွဲ မသာယာပဲ ရှောင်ကြဉ် ဖယ်ရှားခြင်း အနက်ကို ဟောတယ်။

သည် သိက္ခာပုဒ်ရဲ့ ရည်ညွှန်းချက် ဆိုလိုရင်းက ဃဋိကာရတို့လို အနာဂါမ် အရိယာမဟုတ်တဲ့ ပုထုဇဉ် လူသားဖြစ်သူများ ဆယ်ပါး သီလ စောင့်ထိန်းသောအခါ သီလနဲ့ ပြည့်စုံနေသော မိမိအား အသစ် အသစ် လာရောက် ပေးလှူကြတဲ့ ရွှေ ငွေ ရတနာတို့ကို မခံ

ယူရ၊ ကိုင်တွယ်သုံးစွဲခြင်းလည်း မပြုရ၊ နောက်ဆုံး ကိုယ်က မခံယူလို့ အနားမှာ ချထားခဲ့တာကိုပင် သာယာခြင်း မပြုရဟု ဆိုတယ်၊ မိမိတို့ အိမ်စသည်မှာ ရှိနေတဲ့ ရှိပြီးသား ရွှေ ငွေ ရတနာတို့ကို ဆိုတာမဟုတ်လို့ မှတ်ယူရမယ်၊ ဒါပေမင့် အိမ်မှာရှိတဲ့ ရွှေ ငွေ ကိုလဲ ကိုယ်တိုင်တောင်းယူ ကိုင်တွယ် သုံးစွဲခြင်း အလျဉ်းမပြုရချေလို့ မှတ်ယူထားအုံး။

ယုံကြည်စရာ ညွှန်ရှိုင်းချက် စာပေကျမ်းဂန်ကတော့ ရဟန်းတော်များဘက်က လူတို့ ဆယ်ပါးသီလထဲမှာ ပါတဲ့ ဇာတရူပ သိက္ခာပုဒ်ထက် အဆ ရာ ထောင် မကအောင် မြင့်မြတ် သိမ်မွေ့တဲ့ ရွှေ ငွေ ခံယူခြင်းနဲ့ စပ်တဲ့ ''ရူပိယသိက္ခာပုဒ်ဆိုတာ ရှိတယ်'' အဲဒီ သိက္ခာပုဒ်က မိမိအား ရွှေ ငွေကို လာလှူလျှင် (၁) ကိုယ်တိုင်လဲ မခံယူရ၊ (၂) သူတပါးကိုလဲ အယူမခိုင်းစေရ၊ (၃) အနားချထားခဲ့ရင်လဲ မသာယာရ၊ ငြင်းပယ်တားမြစ်ရမည်၊ အဲဒီ သုံးချက်နဲ့ မလွတ်ကင်းပဲ တချက်ချက်နဲ့ ငြိစွန်းခဲ့သော် ထိုရဟန်းမှာ အာပတ်လည်း သင့်၍ ယင်းပစ္စည်းကိုပါ စွန့်ပစ်ရမည်ဟု ပညတ်တော်မူထားတယ်။

သို့သော်လဲ ဒကာတယောက်က ရဟန်းတပါးထံ ရွှေငွေကို လာလှူ၏၊ ရဟန်းက ဝိနည်းတော်အရ အာပတ်လွတ်ကင်းအောင် မခံယူပဲ တားမြစ်ပယ်ရှားပါသော်လဲ ဒကာက နားမထောင်ပဲ ဇွတ်အတင်း ထားခဲ့ကာ ပြန်သွား၏။

ယင်းနောက် အခြား ဒကာတဦး ရောက်လာ၍ ထိုရွှေ ငွေ အကြောင်းဖြစ်ရပ်ကို သိသောအခါ ဒီလိုဆို ရွှေ ငွေ ထားရန် လုံခြုံသော နေရာကိုသာ ပြတော်မူပါဟု ဒကာက လျှောက်ထားငြားအံ့၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်သို့ပင် ဒကာကို ခေါ်တက်စေလျက်

''ဟောဒီနေရာဟာ လုံခြုံတဲ့နေရာပဲ'' ဟု ပြောပြပေးနိုင်ခွင့်ရှိသည်တဲ့၊ ဤနေရာ၌ ထားခဲ့လော့, ထားခဲ့ပါ ဟူ၍ကား မပြောကောင်းချေတဲ့။

ဒကာက ရဟန်းပြတဲ့နေရာ၌ ရွှေ ငွေကို ကောင်းစွာထား၍ ပြန်သွားသောအခါ ရဟန်းသည် အခန်းတံခါးကို လုံစွာပိတ်လျက် စောင့်ထိန်းနေနိုင်၏တဲ့၊ ဤလို ရွှေ ငွေကို စောင့်ထိန်းနေသည့်အတွက် အာပတ်မသင့်ကြောင်းကို အဲဒီ ရူပိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ ဆရာက မိန့်ဆိုထားတယ်၊ ကိုင်း....လူများအတွက် ဆယ်ပါးသီလ ဇာတရူပ သိက္ခာပုဒ်နဲ့ ရဟန်းတော်များ၏ ဝိနည်းတော်လာ ရူပိယ သိက္ခာပုဒ်ကို နှိုင်းယှဉ်ကာ ဆုံးဖြတ်ကြစို့။

ဆယ်ပါးသီလ စောင့်သုံးလိုသော လူများသည် ဇာတရူပ သိက္ခာပုဒ်တော်အရ မိမိမှာရှိသမျှ ရွှေငွေတွေကိုအာလယပြတ် စွန့်ပစ်ပြီးမှသာ ခံယူစောင့်ထိန်းကောင်းသည် သီလမပျက်ဟု ဆိုလို့ရှိရင်....

လူ့ဆယ်ပါးသီလထက် အဆ ရာ ထောင် မကအောင် အထက်တန်းကျပြီး သိမ်မွေ့မြင့်မြတ်တဲ့ ဖော်ပြပါ ရူပိယ သိက္ခာပုဒ်အရ ထိုရဟန်းသည် ဘယ်နည်းနှင့်မျှ ယင်း ရွှေ ငွေ တို့ကို စောင့်ရှောက်ကောင်းတော့မည် မဟုတ်ပေ၊ အာလယ ပြတ် စွန့်ပစ်ရမည်သာ ဖြစ်၏။

ယခုမှာမူ ထိုဒကာထားခဲ့သော ရွှေ ငွေကို ထိုရဟန်းသည် စောင့်ရှောက်ခြင်းကြောင့် အာပတ် မသင့်၊ သီလမပျက် သလို အကျင့်သီလ သိက္ခာမပျက်တာကို ထောက်ဆ၍

ဆယ်ပါးသီလ စောင့်သုံးသော လူများမှာလည်း မိမိတို့ပိုင် သင့်လျော်လုံခြုံရာမှာ ထားရှိသော ရွှေ ငွေ ရတနာတို့အတွက် ဇာတရူပ သိက္ခာပုဒ် မပျက်စီးပါ၊ သီလ အပြည့်အစုံ ရရှိနေသည်သာဟူ၍ မှတ်ယူရမည်။

ကဲ....ဘယ်လိုလဲ ကျေနပ်ကြရဲ့လား၊ ဆယ်ပါး သီလကိုကော စောင့်သုံး ခံယူဘူးကြရဲ့လား၊ လူများရဲ့ သီလထဲမှာ ဆယ်ပါးသီလ ဟာ အထွတ်အထိပ် အကြီးအမြတ်ဆုံးပဲ၊ သာသနာတော်နဲ့ တွေ့ကြုံ ယုံကြည် ခံယူလိုက်နာနေတဲ့ လူတယောက်ဟာ အထွတ်အထိပ်ဆုံး ဖြစ်တဲ့ ဆယ်ပါးသီလတော်မြတ်ကိုမှ မပန်ဆင် မကျင့်သုံးဘူးရင် လူဖြစ်ရှုံးတယ်လို့ ပြောရမှာပဲ။

**ဒကာ**။ ။အန္တို....ဃဋိကာရ အိုးထိန်းသည် စောင့်သုံးတဲ့ ဆယ်ပါး သီလကျတော့ ဘာ့ကြောင့် ရွှေ ငွေတွေကို မကိုင် မဘွယ်ပဲ တခါတည်း ပယ်စွန့်လိုက်ရတာလဲ ဆရာတော်၊ သူလဲ အိုးရောင်းနေတဲ့ ဥစ္စာပဲ ဟာ။

**ဆရာ**။ ။လာပြန်ပြီလား၊ သည်ဃဋိကာရ။ ။အစကတည်းက ပြောခဲ့တယ် မဟုတ်လား (ဃဋိကာရ အိုးထိန်းသည် ဝတ္ထုတွေ, ဝိသုဒ္ဓိမဂ်ဋီကာ လာပုံတွေ ထုတ်ပြီး လျှာမရှည်နဲ့၊ ဟိုက အနာဂါမ် ပုဂ္ဂိုလ်ကြီး၊ ကာမဂုဏ်ဘ္ရားနဲ့ ဒေါသများကိုပါ ပယ်စွန့် ထားပြီးသား ဖြစ်တယ်လို့) ဝိသုဒ္ဓိမဂ် ဋီကာကလဲ အလွန်ဆုံးနည်းကို ထုတ်ပြသွားတာလို့မှတ်။

ဆယ်ပါးသီလက နိယာမ သီလမျိုး၊ ရဲဖန် ရံခါ စွမ်းနိုင်သမျှ လူတို့စောင့်ကြတာ ဖြစ်တယ်၊ အမြဲစောင့်သုံးရတဲ့ သီလမျိုး မဟုတ် ဘူး၊ မင်းကျင့်တရား ဆယ်ပါးထဲမှာ ပါတဲ့ ''သီလ'' ပုဒ်အရကို

အသီတိနိပါတ် မဟာဟံသဇာတ်တော်မှာ အဋ္ဌကထာ ဆရာက ငါးပါးသီလနဲ့ ဆယ်ပါးသီလကို ထုတ်ဆိုဖွင့်ပြထားတယ်၊ ရှင်ဘုရင် တွေလဲ ဥပုသ်ဆောင်ဝင်ကာ ရံဖန်ရံခါ စွမ်းနိုင်သမျှ ဆယ်ပါးသီလ စောင့်ကြတာပဲ၊ မိမိပိုင်တဲ့ ရွှေတိုက် ငွေတိုက်တွေ မပယ်စွန့်ပါဘူး၊ အဗြဟ္မစရိယ သိက္ခာပုဒ်တော်အရ မိဖုရား မောင်းမတွေကိုလဲ မကွာ ရှင်း မပယ်စွန့်ပါဘူး၊ အသစ် အသစ် မလွန်ကျူးတာကိုသာ ယူရမှာ ဖြစ်တယ်၊ ဒကာကြီးတို့ မစွမ်းနိုင်ရင်လဲ မစောင့်သုံးပဲ နေကြ ပေါ့၊ လူအများ ကုသိုလ်တရား ယုတ်လျော့အောင် ကပ်တီးကပ်ဖဲ့ တွေတော့ လျှောက်မပြောနေကြနဲ့၊ ပိဋကတော်မှာ တခြားပုံစံထုတ် ကိုးကားယုံကြည်စရာ စောင့်သုံးကောင်းပုံတွေ အများကြီးပဲ ကျန် သေးတယ်၊ ကဲ ...တော်ကြစို့။

**ဒကာ**။ ။ဒီလိုရှင်းလင်း ထုတ်ဖော် ပေးတာတွေကို ယုံကြည်စွာ ခံယူပါတယ် ဆရာတော်၊ ဒကာကြီးတို့လဲ လူ့ဘဝရတဲ့ အခါ လူတို့စောင့်သုံးရတဲ့ သီလတွေထဲမှာ အထွတ် အထိပ် အမြတ် ဆုံးဖြစ်တဲ့ ဆယ်ပါးသီလတော်မြတ်ကိုတော့ စောင့်ဘူးတယ်ရှိအောင် ခံယူစောင့်သုံးကြပါအုံးမည် ဘုရား။

---

## အသူရာဆိုတာ နတ်လား၊ ပြိတ္တာလား ?

**ဒကာ**။ ။အသူရာပြည်တို့၊ အသူရကာယ်ပြည်တို့ဆိုတာ နတ်ပြည် လား၊ အပါယ်လေးပါးထဲက အသူရကာယ်ပြည်လား၊ သူတို့ဘဝက နတ်ဘဝလား၊ ပြိတ္တာဘဝလား ဆရာတော်၊ အဲဒီ အဘိဓာန်ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို ရှင်းပြပါအုံး ဘုရား၊ သိကြား မင်းနဲ့ စစ်ခင်းတယ်၊ နေ့ခံလို့ ညစံရတယ် ဘယ်နယ် ညနယ်နဲ့ ရှုပ်ပွေလွန်းလို့ ငြင်းခုံနေကြတာလဲ လွန်ရောပဲ။

**ဆရာ။** ။ဟုတ်တယ်၊ ဒီ- အသူရာနဲ့ အသူရကာယ် ပြဿနာက ပိဋကတော်မှာ တော်တော်ရှာဖွေ စဉ်းစားပြီး ဖြေကြားရမှာဖြစ်တယ်၊ သာသနာတော်က လာတဲ့ အမည်အဘိဓာန်တွေဖြစ်လို့ တဖက်စောင်းနင်း မဖြစ်အောင် ယူဆရမည့် ကိစ္စရပ် ဖြစ်တယ်၊ ကဲ.... နားထောင် မှတ်သားကြပေတော့၊ တတ်သလောက် ဖြေကြားမယ်။

အသူရာပြည်ဆိုတာ နတ်ပြည်လား ဆိုတဲ့ ပုစ္ဆာအရ၊ နတ်ပြည် ခြောက်ထပ်ထဲမှာ အသူရာပြည်လို့ မပါမရှိဘူး၊ ဒါကြောင့် နတ်ပြည်အစစ်လို့ မဆိုနိုင်ဘူး၊ အပါယ်လေးပါးထဲမှာ ပါတဲ့ အသူရကာယ် ပြည်လို့လဲ မဆိုနိုင်ဘူး၊ ယင်းပုဒ်ကို အဘိဓာနပ္ပဒီပိကာ သူစိကျမ်း ဆရာက....

ဒေဝါ ဝိယ န သုရန္တိ န ကိဋ္ဌန္တိ၊ (ဝါ) ဒေဝေါ ဝိယ န သူရတိ န ဤသတိ န ဝိရောစတိ စာတိ အသုရော။

ယင်းအသူရာတို့ဟာ နတ်များလို ရဲစွမ်းသတ္တိမရှိကြကုန်၊ ကစား မြူးတူး ပျော်ရွှင်ခြင်းလဲ မရှိကြကုန်တဲ့၊ ဟနည်း နတ်ကဲ့သို့ မရဲရင့် အစိုးရခြင်းမရှိ တင့်တယ်လှပ ထွန်းတောက်သော ကိုယ်ရောင် ကိုယ်ဝါလဲ မရှိ၊ ထို့ကြောင့် အသူရာမည်၏တဲ့။

ယင်း''အသုရ''ပုဒ်ကို ပဒတ္ထမဥ္ဇူသာ ပါဠိ မြန်မာ အဘိဓာန် ကျမ်းပြုဆရာကြီးဖြစ်သော အမေရိကန် နှစ်ခြင်းကောလိပ်ကျောင်း ပါဠိ မြန်မာကျောင်းဆရာကြီး ဦးဟုတ်စိန် ဘီ‌ေအ, ဘီအယ်(လ်)က သူ့အဘိဓာန်ထဲမှာ (အသုရ= အသုရာမည်သော ယုတ်ညံ့သောနတ်, ဟု) မြန်မာပြန်ဆိုထားတယ်။

ယင်းတို့ကို ထောက်ဆ၍ အသုရာတို့သည် မျိုးဇာတ်အားဖြင့် ယုတ်ညံ့ နိမ့်ကျသော နတ်ဘမျိုးဖြစ်ကာ နတ်ပြည် ခြောက်ထပ်ထဲ

မပါဝင်ကော သခွတ်ပင်ရှိတဲ့ ဇာတ်နိမ့် နတ်တမျိုးတို့ နေရာပြည် တမျိုးပဲ ဖြစ်တယ်လို့ မှတ်ရမှာပဲ၊ နတ်ပြည်ထဲ ထည့်လို့တော့ နတ်ကောင်း, နတ်မြတ်, ဇာတ်မြင့်နတ်တို့က လက်ခံမှာ မဟုတ်ဘူး၊ အပါယ်လေးပါးထဲပါတဲ့ အသူရကာယ်ဘုံထဲ သွားထည့်လို့လဲ မဖြစ်ဘူး၊ ဟိုက နေ့ခံ ညစံ ဖြစ်နေတဲ့ ပြိတ္တာတလှည့် နတ်တလှည့် ဝေမာနိက ပြိတ္တာမျိုးတွေ၊ သူတို့မှာ ကိုယ်ပိုင် ဗိမာန်တော့ ရှိတယ်။

---

## နေ့ခံလို့ ညစံရတာက ဘာ့ကြောင့်လဲ ?

**ဒကာ**။ ။အပါယ်လေးပါးထဲပါတဲ့ အသူရကာယ် ဘုံသားတွေက ဘယ်လိုကံမျိုးတွေ လုပ်ခဲ့လို့ နေ့ခံလိုက် ညစံလိုက်နဲ့ ဖြစ်နေရတာလဲ ဆရာတော်၊ ပိဋကတော်ထဲမှာ ပါရင်လဲ နည်းနည်းလောက် ထုတ်ပြီး ရှင်းလင်းပြပါအုံး ဘုရား။

**ဆရာ**။ ။ဒါကတော့ ''သဒိသံ ပါကံ ဇနေတိ'' ပါဠိအရ မိမိပြုတဲ့ အလုပ်ကံနဲ့ တူသော အကျိုးကို ရခြင်းပါပဲ၊ ပိဋကတော်ထဲမှာ ပြတာကတော့ ပေတဝတ္ထုပါဠိတော် မိဂလုဒ္ဒက ပေတဝတ္ထုတို့ပဲ ဖြစ်တယ်။

မြတ်ဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ နေ့ရော ညပါ သားကောင်တွေကို ထောင်ဖမ်း သတ်ဖြတ် နှိပ်စက်ကာ အသက်မွေးမှု ပြုနေတဲ့ ဒုစရိုက်သမား မုဆိုးတယောက် ရှိတယ်။

ယင်းရဲ့ မိတ်ဆွေတယောက်ကတော့ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့ သူတော်ကောင်းအမျိုးသားပဲ ဖြစ်တယ်၊ အဲဒီ သူတော်ကောင်းက သူ့မိတ်ဆွေ ဒုစရိုက်သမားကို ဒါမျိုးတွေ မလုပ်ဖို့ တရားဟောတယ် မရဘူး၊ ညပိုင်းမှာ ကျော့ကွင်းတို့ ပိုက်တို့ လေး မြား

လက်နက် မျိုးစုံတို့ကို ပြင်ဆင်တယ်၊ နေ့ပိုင်းကျတော့ တောထဲသွား သားကောင်များကို ထောင်တယ် ဖမ်းတယ် ပစ်ခတ် သတ်ဖြတ် ညှဉ်းဆဲ နှိပ်စက်ခြင်း ပါဏာတိပါတကံ ဒုစရိုက်မှုတို့နဲ့ပဲ အချိန်တွေ ကုန်တယ်။

ယင်း သူတော်ကောင်း မိတ်ဆွေက လုံးဝမပြုလုပ်ဖို့ ပြောဟောလို့ မရတဲ့ အဆုံးကျတော့ လက်မလျှော့ပဲ ကဲ.... မိတ်ဆွေချစ်၊ လာပါ၊ ဒီမကောင်းတဲ့ အကုသိုလ်ဒုစရိုက်မှုတို့ကို နေ့ညပတ်လုံး မရှောင်ရှား နိုင်ရင် ညအခါတော့ မိတ်ဆွေအနားယူကာ ပါဏာတိပါတာစတဲ့ မကောင်းမှု ဒုစရိုက်အလုပ်တွေ မလုပ်ပဲ ရှောင်ရှားပါလောဟု စိတ်ဓာတ် ပျော့ပျောင်းအောင် ထက်ဝက်လျှော့ဖို့ ချော့မော့ ဖျောင်းဖျပေးတယ်။

ထို ဒုစရိုက်မှုဆိုးဟာ အဲဒီအခါကစပြီးတော့ သူတော်ကောင်း မိတ်ဆွေ ညွှန်ကြား စေခိုင်းတဲ့အတိုင်း ညပိုင်းရောက်သောအခါ ပြုလုပ်နေကျ လေး မြား ကျော့ကွင်း ပိုက်ကွန်တို့ကို မပြင်ဆင် မပြုလုပ်တော့ပဲ သီလသိက္ခာ ဆောက်တည်လျက် ကောင်းမှုကုသိုလ် ဘက်ကို လိုက်လုပ်ကြိုးစားခဲ့တယ်တဲ့။

အဲဒီ မုဆိုး သေသောအခါ ရာဇဂြိုဟ်ပြည်ရဲ့ အနီးအနားမှာ ဝေမာနိကပြိတ္တာဖြစ်ကာနေရတယ်တဲ့၊ဝေမာနိကပြိတ္တာဆိုတာကိုယ်ပိုင် ဗိမာန်ရှိပြီး နေ့ခံလို့ ညစံရတဲ့ နတ်တပိုင်း ပြိတ္တာတမျိုးပဲ၊ နေ့အခါမှာ ဆင်းရဲခြင်းဒုက္ခ နှိပ်စက်ခြင်း အမျိုးမျိုးတွေကို မချိမဆန့် ထိတ်ထိတ် လန့်လန့် သေလုမတတ် ခံစားရကာ၊ ညအခါကျတော့လဲ နတ်သမီး ပေါင်းများစွာနဲ့ နတ်စည်းစိမ်ချမ်းသာတွေကို ခြိမ့်ခြိမ့်သည်းအောင် အပြည့်အဝ ခံစားပျော်ရွှင်ကာ နေရပြန်တယ် တဲ့။

သုမင်္ဂလဝိလာသိနီ (က) ၁၀၄-၄၂

အဲဒီပြိတ္တာရဲ့ ဖြစ်ပုံမျိုးစုံကို အရှင်နာရဒမထေရ်မြတ်က မြင်တော်မူ၍ အကြောင်းအကျိုး မေးမြန်းသောအခါ ခုနက ပြောပြခဲ့တဲ့အတိုင်း နေ့ပိုင်းမှာ ပါဏာတိပါတ ဒုစရိုက်ကံတွေ ပြုခဲ့လို့ ခုလိုဆင်းရဲနှိပ်စက်ခြင်းမျိုးစုံကို ခံရတဲ့အကြောင်း၊ညအခါမှာ သူငယ်ချင်းမိတ်ဆွေကောင်း၏တိုက်တွန်းညွှန်ကြား စေခိုင်းချက်အတိုင်း အားနာပါးနာနဲ့ သီလဆောက်တည်ကာ ကုသိုလ်ကောင်းမှု ပြုခဲ့လို့ နတ်၌ဖြစ်တဲ့ ချမ်းသာသုခမျိုးစုံတွေ ခံစားနေရတဲ့ အကြောင်းများကို အရှင်နာရဒမထေရ်အား သူ့ဖြစ်ပုံ လုပ်ပုံ ကံမျိုးစုံကို ပြန်လည်ဖြေကြား လျှောက်ထားလို့ သိရတယ်တဲ့၊ ကဲ....အဲဒါဟာ နေ့ခံလို့ ညစံရတဲ့ အကြောင်းအရာ ပိဋကတော်စာပေထဲမှာ ပါတဲ့ ဝတ္ထုကြောင်းတွေပါပဲ၊ ကျေနပ်ရဲ့လား၊ ညဘက် ဥပုသ်စောင့်ရင် ထက်ဝက်စာတော့ရအေးတာပဲ မရှုံးပါဘူး၊ ဥပုသ်စောင့် မပျင်းကြနဲ့နော်။

**ဒကာ။** ။ဟာ....တပည့်တော်တို့က နေ့လုံးပေါက် (၂၄) နာရီ ဥပုသ် သမားတွေပါ ဆရာဘော်၊ရှင်းသွားပါပြီဘုရား။

---

## ပုထုဇဉ် ကုသိုလ်ဉာဏသမ္ပယုတ်နဲ့ ဝိပါက်ဉာဏသမ္ပယုတ်တို့ဟာ ဖြစ်ပုံချင်း ဘယ်လိုထူးခြားသလဲ ?

**ဒကာ။** ။လောကီဉာဏသမ္ပယုတ် စိတ်တွေထဲက ကိရိယာဉာဏသမ္ပယုတ်စိတ်တွေကိုတော့ ဘုရား ရဟန္တာတို့မှာ ဖြစ်တာမို့လို့ ထားပါတော့။

ပုထုဇဉ်တွေမှာဖြစ်တဲ့ ကုသိုလ်ဉာဏသမ္ပယုတ်စိတ်နဲ့ ဝိပါက်ဉာဏသမ္ပယုတ် စိတ်နှစ်မျိုးဟာ ဖြစ်ပုံခြင်း ဘယ်လိုထူးခြား ကွဲပြားကြပါသလဲ ဆရာတော်၊ ဉာဏသမ္ပယုတ် စိတ်ချင်းကတော့ အတူတူပဲဟာ။

**ဆရာ**။ ။အင်း....ဒီစိတ်နှစ်ပါး ဖြစ်ပုံခြင်း ကွဲပြား ခြားနားပုံက တော့ ကြိုးစား အားထုတ် လုပ်ယူလို့ ဖြစ်လာရတဲ့ ဉာဏ သမ္ပယုတ်စိတ်နဲ့ မကြိုးစား အားမထုတ်ရပဲ ဖြစ်ပေါ်လာတဲ့ ဉာဏ သမ္ပယုတ်စိတ်၊ အဲဒီလို ဖြစ်ပုံချင်း ကွဲပြားထူးခြားကြတယ်။

**ဒကာ**။ ။တပည့်တော်တို့ နားလည်အောင် နည်းနည်းလောက် ချဲ့ထွင်ရှင်းပြပေးပါအုံး ဆရာတော်။

**ဆရာ**။ ။ပုထုဇဉ်တို့ကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်အောင် ကုသိုလ် ကံ ခေါ်ဆိုတဲ့ ဒါနအလုပ်, သီလအလုပ်, သမထအလုပ်, ဝိပဿနာအလုပ်တို့ကို ပြုလုပ်တဲ့ အခါမျိုးမှာ "သဗ္ဗေ သတ္တာ ကမ္မ သကာ"ကံသာလျှင် ကိုယ့်ဉစ္စာဖြစ်သည်၊"ကမ္မဒါယာဒါ"ကံသာလျှင် အမွေခံပစ္စည်း ဖြစ်သည်၊ ကံကိုလုပ်ရင် ကံ၏အကျိုးလုပ်ခကို မုချရရှိ မည်ဟု ကံနဲ့ ကံ၏အကျိုးတရားကို ယုံကြည်ကိုးစားပြီးတော့ ကြိုးစား အားထုတ် ပြုလုပ်တဲ့ ကုသိုလ်ဟာ ဉာဏသမ္ပယုတ် ကုသိုလ်မျိုး ဖြစ် တယ်၊ ကဲ....ပုထုဇဉ်တို့ ကုသိုလ်ဉာဏသမ္ပယုတ်စိတ် ဖြစ်ပုံကို အဲဒီလို မှတ်ပေတော့၊ အဲဒီ လောကီကုသိုလ် ဉာဏသမ္ပယုတ်စိတ်ကိုပဲ ပညာ ပါရမီလို့လဲ ခေါ်ရသေးတယ်။

ဉာဏသမ္ပယုတ် ဝိပါက်စိတ်ဖြစ်အောင်ကတော့ ထူးထူးခြားခြားနဲ့ ကြိုးစား အားထုတ်နေရတာမျိုး မဟုတ်ပါဘူး၊ ရှေးက ကြိုးစား ပြုလုပ်ခဲ့တဲ့ ဉာဏသမ္ပယုတ် ကုသိုလ်ကံစေတနာတွေက စီမံဖန်တီးပေးတဲ့ အတိုင်းသာ အကြောင်းဉာဏသမ္ပယုတ် ကံအားလျော်စွာ ကောင်းတဲ့ မြင်, ကြား, နံ, စား, ထိ အကျိုး ဉာဏသမ္ပယုတ် ဝိပါက်စိတ် တရားစုတွေဟာ ဖြစ်ပေါ် ဖြစ်ပေါ် လာနေကြတာတွေပဲ၊ ကဲ.... အဲဒါ ဖြစ်ပုံချင်း ကွဲပြားခြားနားပုံပါပဲ၊ ရှင်းရဲ့လား။

**ဒကာ**။ ။ရှင်းသွားပါပြီ ဆရာတော်၊ ကျေနပ်နှစ်သက်လှပါတယ် ဘုရား၊ ကုသိုလ် ဉာဏသမ္ပယုတ်က ပြုလုပ်ယူရတဲ့ အမျိုး ဖြစ်တယ်၊ ဝိပါက် ဉာဏသမ္ပယုတ်ကတော့ မပြုလုပ်ရပဲ အကြောင်း အားလျော်စွာ အကျိုးခံစားခွင့် ဖြစ်ပေါ်လာရတယ်။

---

## ကိုးပါးသီလ ခံယူကောင်းသလော ?

**ဒကာ**။ ။နဝင်္ဂဥပုသ် ကိုးပါးသီလနဲ့ စပ်ပြီး ဆရာ တချို့ကလဲ ကိုးပါးသီလဆိုတာ သီးခြားသတ်သတ် ခံယူနေစရာ မလိုဘူး၊ ရှစ်ပါးသီလ ခံယူပြီးတော့ကာ မေတ္တာပွားများပို့သနေရင် ကိုးပါးသီလ ဖြစ်သွားတာပဲဟု ပြောဟောပြီး ကိုးပါးသီလကို မပေး ကြပါဘူး၊ ရှစ်ပါးသီလကိုပဲ ပေးကြပါတယ်။

တချို့ ဆရာတော်ကြီးများကလဲ ကိုးပါးသီလဆိုတာ စောင့်သုံး ကောင်းတယ်၊ခံယူကောင်းတယ်၊မြတ်သောသီလ ဖြစ်တယ်၊ဒါကြောင့် မို့ ကိုးပါးသီလကို ခံယူဆောက်တည် ကျင့်သုံးကြရမယ်ဟုဟောကြား ဆုံးမ ဩဝါဒ ပေးကြပါတယ်၊ အဲဒါ ဘယ်ဆရာရဲ့ ဩဝါဒနည်းကို အမှန်လိုက်နာ ခံယူရမှာလဲ ဆရာတော်။

**ဆရာ**။ ။အင်း....ကိုးပါးသီလကို သီးခြားသတ်သတ် ခံယူနေစရာ မလိုဘူး၊ ရှစ်ပါးသီလယူပြီးတော့ မေတ္တာပွားများနေရင် ကိုးပါးသီလ ဖြစ်သွားတာပဲဆိုတဲ့ ဆရာတချို့ရဲ့ ဟောပြောတာလဲ မှန်တာပဲ၊ ပြန်ငြင်းမနေကြနဲ့ သူတို့ခိုင်းသလိုပဲ ကျင့်ကြပေါ့။

နဝင်္ဂဥပုသ်, ကိုးပါးသီလဆိုတာ စောင့်သုံး ခံယူကောင်းတယ်၊ စောင့်သုံး သူများအတွက် ဘုန်းတန်ခိုး တိုးတက်တယ်၊ ကြီးမား သော အကျိုးအာနိသင်နဲ့ ပြည့်စုံနိုင်တယ်၊ လောက မျက်မှောက်

ကောင်းကျိုး ချမ်းသာတွေ မိမိထံသို့ လာရောက်ပြည့်ဝ ချမ်းမြစေ နိုင်တယ် စသည့် ကောင်းကျိုးတွေ အမျိုးမျိုးပြကာ ဟောကြား ဆုံးမ ဩဝါဒပေးတဲ့ ဆရာများရဲ့ အယူအဆဟာလဲ မှန်တာပဲ၊ ကိုယ် ကြိုက်တာ ကိုယ်ယူကြပေါ့၊ ဘာဖြစ်လို့ ငြင်းခုံ နေကြတာလဲ၊ ကိုးပါး သီလစောင့်လို့ ငရဲမကြီးဘူး၊ ငြင်းခုံနေကြတာက ငရဲကြီးပြီး အပါယ် ကျကုန်မှာ။

**ဒကာ။** ။ဝါဒနှစ်ခု ကွဲတဲ့နောက်တော့ ဝါဒယူသူလဲ နှစ်ခြမ်းကွဲ ကာ ကိုယ်ကြိုက်ရာ ကိုယ်ယူမှာပေါ့ ဆရာတော်၊ တပည့် တော်တို့ သိချင်တာက စာပေပိဋကတော်ထဲမှာ "နဝင်္ဂ ဥပုသ်သီလ ဆိုတာ" မပါမရှိလို့ မခံယူ မစောင့်သုံး ကောင်းတာလား၊ ဒါပဲ သိချင်ပါတယ် ဆရာတော်၊ စာပေကိုသာ ညွှန်ကြားပေးပါ ဘုရား။

**ဆရာ။** ။အင်း… စာပေ ပိဋက တွေထဲမှာတော့ နဝင်္ဂဥပုသ်သီလ ဆိုတာ ပါရှိပါတယ်၊ အင်္ဂုတ္တရနိကာယ် နဝကနိပါတ် သီဟနာဒဝဂ်မှာဟောကြားတော်မူပါတယ်၊ အင်္ဂါ-ကိုးပါးနဲ့ပြည့်စုံတဲ့ နဝင်္ဂဥပုသ် သီလတော်မြတ်ကို အပြည့်အစုံ ကျင့်သုံး ဆောက်တည်ရင် ဘုန်းတန်ခိုးကြီးမားတဲ့အကျိုးအာနိသံသတွေအပြည့်အဝရရှိခံစားနိုင် ကြောင်း စသည်တွေနဲ့ အကြောင်းပြဟောကြားထားတာရှိပါတယ်။

ဒီ အကြောင်းနဲ့ စပ်ပြီး ရန်ကုန်မြို့ သရက်တောတိုက် နှစ်ကျိပ် ရှစ်ဆူကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဉာဏိကနဲ့ ဒေဝ သာဂရ သိမ်ကုန်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးရေဝတစတဲ့ ဆရာတော်ကြီးများအား လျှောက်ထားဘူးပါတယ်။

အဲဒီ ဆရာတော်ကြီးများကတော့ ကိုးပါးသီလ ပေးတဲ့နည်းနဲ့ ခံယူတဲ့ နည်းကိုပဲ နှစ်သက်တော် မူကြတယ်၊ အင်္ဂုတ္တရနိကာယ်မှာ

ပါတဲ့အတိုင်း သိက္ခာပုဒ်ကိုလဲ ပါဏာတိပါတမှ စ,ကာ ဥစ္စာသယန-မဟာသယန ပြီးတော့ မေတ္တာသဟဂုတေန စေတသာ–အထိ ကိုးပါး စေ့အောင် ပေးတာနဲ့ ခံယူ လိုက်ဆိုတာကိုပဲ ပြုလုပ်လေ့ ရှိကြတယ်၊ အဲဒါကတော့ ကိုယ်တွေ့ပဲ။

ဒါနဲ့ ဒီကမေးလျှောက်တယ် သီလကိုသာ ဆောက်တည်ဖွယ်ရာဖြစ်တာ၊ ဆောက်တည်ရမှာ၊ မေတ္တာက ဘာဝနာသဘောပဲ၊ မပြတ်မစဲ ပွားများနေရမှာမို့ သီလထဲ ရောထည့်လို့ရပါမည်လား ဘုရား၊ သီလက ကာယကံနဲ့ ဝစီကံကျူးလွန်မှုကို စောင့်ထိန်းရတဲ့သဘော,မေတ္တာဘာဝနာက မနောကံအလုပ်လို့ ထင်ပါတယ်ဟု သူတို့အာဘော်ကို သိချင်လို့ မရဲ တရဲနဲ့ လျှောက်ထားလိုက်တော့ကာ....

ကိုညြဘာနဲ့နော်....စာပေအတွေးအခေါ် ချော်နေသေးတာပဲကို၊ မေတ္တာဆိုတာ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ သုံးပါးလုံးကို ယူရတယ်၊ သုံးပါးလုံး ကျင့်သုံးရတယ်။

မေတ္တာကို သိက္ခာပုဒ်တပါးအနေနဲ့ သီလထဲမှာ ထည့်သွင်း ခံယူထားတဲ့သူဟာ မေတ္တာမပွားပဲ ဘုရားဂုဏ်တော် အောက်မေ့နေလို့ မေတ္တာသိက္ခာပုဒ်က ပျက်မသွားပါဘူး၊ ဂုဏ်တော်စိတ်တွေ ဖြစ်နေတာပဲပေါ့၊ ထမင်းစားတော့လဲ ထမင်းစားစိတ်တွေသာ ဖြစ်နေတာပေါ့၊ မေတ္တာသိက္ခာပုဒ်ကို ကျူးလွန်တယ်လို့ မယူရဘူး မေတ္တာသိက္ခာပုဒ်က ပျက်မသွားပါဘူး။

မေတ္တာသိက္ခာပုဒ် ပျက်စီးအောင် ကျူးလွန်တဲ့နည်းက မေတ္တာနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ''ဒေါသစိတ်''လို့ မှတ်ရမယ်၊ သုခိတ, ဒုက္ခိတ သတ္တဝါရှိသမျှတွေ အပေါ်မှာ ဘယ်သောအခါမှ

ဒေါသစိတ်ဖြစ်မလာအောင် စောင့်ထိန်းထားရမှာ ဖြစ်တယ်၊ အဲဒါကို သတိထားပါ။

မေတ္တာ သဘောက အဒေါသ စေတသိက်နဲ့ စိတ်၊ မေတ္တာနဲ့ ဆန့်ကျင်ဘက် မေတ္တာပျက်စီး လောင်ကျွမ်းအောင် လုပ်တာက **ဒေါသ** စေတသိက်နဲ့ စိတ်၊ ဒါကြောင့် နဝင်္ဂုပေါသထ ကိုးပါးသီလ စောင့်ထိန်း ကျင့်သုံးတဲ့ ဥပုသ်သည်ဟာ ဒေါသစိတ် ဘယ်အခါမှ မဖြစ်အောင်စောင့်ထိန်းရမှာ ဖြစ်တယ်၊ ဒေါသစိတ်မဖြစ်သမျှ မေတ္တာ သိက္ခာပုဒ်ဟာလဲ မပျက်စီးပါဘူးလို့ အဲဒီဆရာတော်ကြီးများကတော့ ဩဝါဒ ပေးတော်မူကြတာပဲ၊ ကြိုက်ရင်လဲ လိုက်နာ ခံယူကြပေါ့၊ ဘာပြောချင်သေးလဲ။

## ဆရာတော်က ကိုးပါးသီလ မပေးဘူးလား?

**ဒကာ**။ ။ပိဋကတော်မှာ နဝင်္ဂုပေါသထသီလ၊ "ကိုးပါးသီလ တော်မြတ်"ကို ဟောဆိုထားတာ ပါရှိနေရင်လဲပြီးတာ ပါပဲ့ ဆရာတော်၊ တပည့်တော်တို့က ကျမ်းဂန်ထဲမှာ မပါမရှိတာ တွေကို အပါအရှိလုပ်ပြီးတော့ အဆန်းထွင်နေကြလို့ ကိုးပါးသီလကို မပေးပဲ၊ရှစ်ပါးသီလကိုသာပေးနေကြတာပဲလို့ ထင်ရှိနေသောကြောင့် မေးရတာပါ၊ ဆရာတော်ကကော ဘယ်ဒင်းကို သဘောကျကာ ပေးလေ့ရှိပါသလဲ ဘုရား။

**ဆရာ**။ ။အင်း....ဒီကတော့ အငြင်းအခုံဝါသနာမပါဘူး၊ ရှစ်ပါး သီလတောင်းရင် ရှစ်ပါးသီလပဲ ပေးလိုက်တယ်၊ ကိုးပါး သီလ တောင်းတဲ့သူကိုလဲ ကိုးပါးသီလ ပေးလိုက်တာပဲ၊ ရှစ်ပါးသီလ ကတော့ ပေးရိုးစဉ်လာ ဖြစ်နေတဲ့ သမရိုးကျပဲကို၊ ကိုးပါးသီလ

ကျတော့ နည်းနည်းဆန်းသစ်တယ်လို့ ထင်ကြတာပေါ့၊ ဒါပေမင့် ကိုးပါးသီလ ခံယူမိခြင်းကြောင့်လဲ မင်္ဂ ဖိုလ်ရဲ့ အန္တရာယ်တော့ မဖြစ် ပါဘူး၊ ကဲ...ကျေနပ်လောက်ရောပေါ့။

**ဒကာ**॥ ॥မှန်ပါ့ နဝင်္ဂုပေါသထသီလ (ကိုးပါးသီလ) ဟာလဲ ဘုရားဟော ဖြစ်ကြောင်းနဲ့ ပိဋကကျမ်းစာတွေထဲက ထုတ်ပြရှင်းလင်းပေးတဲ့အတွက် အထူးပဲနှစ်သက်ယုံကြည်ကာ အထူးပဲ ကျေးဇူးတင်လှပါတယ် ဆရာတော်၊ ဒီလိုဆိုရင် ကိုးပါးသီလ ခံယူ ပြီးတော့ ဒေါသ မဖြစ်အောင် စိတ်မဆိုးအောင် စောင့်ထိန်းကာ မေတ္တာစိတ်တွေ များများဖြစ်အောင် နေမှာပေါ့ ဘုရား၊ ကျေးဇူး တင်လိုက်တာ ဆရာတော်။

## လပြည့်, လကွယ်, ရှစ်ရက်နေ့တို့ကို ဥပုသ်နေ့ဟု ဘုရားရှင် သတ်မှတ် ဟောကြားခဲ့သလော ?

**ဒကာ**॥ ॥လူများ ဥပုသ်စောင့်ကြတဲ့ အခါ လပြည့်, လကွယ်, ရှစ်ရက် အဲဒီ သုံးရက်ကိုသာ ဥပုသ်နေ့ဖြစ်သည် ဥပုသ် စောင့်ရမည်ဟု မှတ်ယူကာ ကျောင်းကန် ဘုရားသို့ ဥပုသ်စောင့် သွားကြတာဟာ မြတ်စွာဘုရားသခင်က ဒီသုံးရက်ကို ဥပုသ်နေ့ ဖြစ်သည် ဥပုသ်စောင့်ကြရမည်ဟု သတ်မှတ် ဟောကြားထားခဲ့ လို့လား ဆရာတော်။

**ဆရာ**॥ ॥လူများ ဥပုသ်စောင့်သုံးရန်အတွက် ရက်ကို သတ်မှတ်ပြီး ဘယ်နေ့ ဘယ်ရက်များဟာ ဥပုသ်နေ့ ဖြစ်သည်၊ ထိုနေ့ ထိုရက်တို့၌ ဥပုသ်သီတင်း စောင့်သုံးကြရမည်ဟု ဟောကြားတော် မူတာ ပိဋကဘောဘ်မှာ မပါ မရှိပါဘူး၊ ကိုယ်က သီတင်းသီလစောင့်

သုံးချင်လို့ ဥပုသ်စောင့်တဲ့နေ့ဟာ ကိုယ့်အတွက် ဥပုသ်နေ့ ဖြစ်တာ ပါပဲ၊ လပြည့်, လကွယ်, ရှစ်ရက် သီတင်းမှသာ ဥပုသ်နေ့ ဖြစ်သည် ဥပုသ်စောင့်ကောင်းသည်ဟု နေ့ရက်သတ်မှတ်ချက်နဲ့ ဘုရား မဟော ကြားပါဘူး။

**ဒကာ။** ။အနို့ ...ဆရာတော် အချို့က လပြည့်, လကွယ်, ရှစ်ရက် သီတင်း ဥပုသ်နေ့၌ နတ်မင်းကြီးများက ဥပုသ်စောင့်သူ စာရင်း လိုက်ယူ မှတ်သားကြတယ်၊တလမှာ အဲဒီ ဥပုသ်နေ့ လေးရက် လေးသီတင်း လောက်တော့ ဥပုသ်စောင့်ကြရမည်ဟု ဘုရားမြတ် ဟောကြားတော်မူကြောင်းနဲ့ ဟောပြော ဆုံးမ ပေးနေကြတာဟာ ပိဋကတော်မှာ မပါတဲ့ တရားစကားတွေလား ဆရာတော်။

**ဆရာ။** ။အင်း .. မြတ်ဘုရားရှင်က လပြည့်, လကွယ်, ရှစ်ရက်နေ့ တို့ဟာ လူများ သီတင်း သီလ စောင့်သုံးရမည့် ဥပုသ်နေ့ လို့ ဟောကြားကြောင်း ပိဋကတော်မှာ မပါလို့ မဟုတ်ပါဘူး၊ ပါပါတယ်၊ ဒါပေမင့် အဲဒီ ပါတဲ့ စကားရပ် ပေါ်ထွက်လာရင်း အကြောင်း အမှန်ကတော့....

ရှေးသရေအခါက နတ်တို့၏ ဘုရင်ဖြစ်သော သိကြားမင်းသည် ''စတုမဟာရာဇ် နတ်မင်းကြီးများ ဖြစ်ကြကုန်သော ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ ခေါ်သော ဝေဿဝဏ်, နတ်မင်းကြီး လေးယောက်တို့က လူ့ပြည်သို့ လှည့်လည်၍ ဥပုသ်သီတင်း စောင့်သုံးခြင်း ရှိကြကုန်သော သူတော်ကောင်းတို့၏ စာရင်းကို ကောက်ယူရေးမှတ်ကြကာ သိကြားမင်းအား တင်ဆက်လျှောက်ထားကြတာကို'' ခံယူ လျက် သိကြားမင်းက တဆင့် တာဝတိံသာ နတ်တို့အား ဟောကြားပုံက....

အို....နတ်အပေါင်းတို့ လူ့ရွာလောက၌ လူအများသည် စာတုဒ္ဒသီ=တဆယ့်လေးရက် (ရက်မစုံ) ဥပုသ်နေ့, ပန္နရသီ= တဆယ့်ငါးရက် လပြည့်, လကွယ်, အဋ္ဌမီ=ရှစ်ရက်သီတင်းနဲ့ ပါဋိဟာရိယ ခေါ်သော လူတို့ စောင့်သုံးလိုသည့် နေ့တို့၌ ဥပုသ်သီတင်း စောင့်သုံးခြင်းပြုကြကုန်၏ဟု သိကြားမင်းက နတ်တို့အား ပြောကြားတဲ့အကြောင်း စကားရပ်ကို မြတ်စွာ ဘုရားက တဆင့်အားဖြင့် လူတို့အား ဟောကြားထားခြင်း သာ ဖြစ်ထာပါတဲ့။

ကဲ....အဲဒါတွေဟာ ပိဋကတော်မှာပါတဲ့ ဘုရားဟော စကားတွေ ပါပဲ၊ အဲဒီ စကားရပ်တွေထဲမှာ ဆန်းစစ်ကြည့်လိုက်ရင် ဥပုသ်နေ့ ရက်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားသခင်က လပြည့်, လကွယ်, ရှစ်ရက် နေ့တို့ဟာ ဥပုသ်နေ့ဖြစ်တယ် ဥပုသ်စောင့်ကြရမယ်၊ အဲဒီ နေ့ရက်များ မှာ စောင့်တဲ့သူမှသာ ဥပုသ်ရမယ်ဆိုတဲ့ သတ်မှတ် ဟောကြားချက် စကား တခွန်း တပါဒမှ မပါပါဘူး၊ ကိုယ်စောင့်သုံးနိုင်သလောက် ကောင်းကျိုး ချမ်းသာ ရမှာချည်းပဲ ဖြစ်တယ်၊ စောင့်ချင်တဲ့ နေ့မှာ စောင့်နိုင်တယ်၊ ဒါပဲ။

အမှန်ကတော့ ခု ဖေါ်ပြခဲ့တဲ့ ဥပုသ်နေ့ အမည်အမျိုးမျိုးတွေ ဟာ ရှေးရှေး ပေါရာဏ သူဟောင်း လူဟောင်း သူတော်ကောင်း တို့က သူတို့စောင့်သုံးလိုတဲ့နေ့မှာ ဥပုသ်သီတင်း စောင့်သုံးကြပြီးတော့ စတုဒ္ဒသီ ဥပုသ်နေ့, ပန္နရသီ ဥပုသ်နေ့, အဋ္ဌမီ ဥပုသ်နေ့, ပါဋိဟာရိယ ဥပုသ်နေ့,စတဲ့ သူတို့ သတ်မှတ် ခေါ်ဝေါ်ခဲ့ကြတဲ့ ဥပုသ်နေ့ အမည် အမျိုးမျိုးတွေကို အစွဲပြုကာ မြတ်ဘုရားကတဆင့် ဟောကြားထုတ် ဖေါ်ခြင်းမျှသာ ဖြစ်တယ်လို့ မှတ်ကြရမှာပါ၊ ဤနေ့ ဤရက်များ မှသာ စောင့်သုံးရမည်၊ အခြားနေ့များ၌ မစောင့်ရဟု မြတ်ဘုရားက

နေ့ရက်ကို မသတ်မှတ် မဖောကြား မဆုံးမခဲ့ဘူးဆိုတာ မြဲစွာမှတ်ကြ ခပေတော့။

**ဒကာ။** ။မှန်ပါ့၊ ဥပုသ်နေ့ဆိုတာ ကိုယ်သီတင်းသီလ စောင့်သုံးတဲ့ နေ့ကို ခေါ်ဆိုကြောင်း လူများအတွက် ဥပုသ်နေ့ ရယ်လို့ သီးခြား သတ်မှတ်ချက်များ မရှိကြောင်း၊ မိမိ အလိုရှိနေတဲ့ ရက်တို့၌ အလိုရှိသလောက် စောင့်သုံးနိုင်ကြောင်းဆိုတဲ့ အထောက် သာဓကများရှိရင် တပည့်တော်တို့ မှတ်သားပါရအေ ဆရာတော်၊ ကျမ်းဂန်များ ညွှန်းပြပေးပါ ဘုရား။

**ဆရာ။** ။အင်း....သုတ်မဟာဝါ မဟာသုဒဿနသုတ် အဖွင့်ဋီကာ ဆရာကြီးက....

ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ

သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗသီလံ။

''ဥပုသ်ဆိုတာ ဘယ်နေ့မှာမဆို ကိုယ်စောင့်လိုသော နေ့တို့၌ လူတို့သည် စောင့်သုံး ဆောက်တည်နိုင်သော အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ သီလကို ဆို၏'' ဟု မိန့်ဆို ဆုံးဖြတ်တော်မူထားတယ်၊ အဲဒါဟာ ကျမ်းဂန်စကားပဲ၊ နောက် ဘာသိချင်သေးသလဲ။

**ဒကာ။** ။ကိုယ့်စောင့်လိုတဲ့နေ့ဟာ ဥပုသ်နေ့ဖြစ်ကြောင်း အခိုင် အမာသိရလို့ ဝမ်းသာနေပါတယ် ဆရာတော်၊ဖြေကြား တဲ့ ပါဠိစကားထဲမှာ အဋ္ဌင်္ဂ-ရှစ်ပါးသီလ တင် ပါနေတော့ကာ၊နဝင်္ဂ, ဒသင်္ဂ၊ ကိုးပါးသီလတို့,ဆယ်ပါးသီလတို့ကိုတော့ မစောင့်သုံးကောင်း ဘူးလား ဘုရား၊ မိန့်ကြားပါဦး။

**ဆရာ။** ။ဟာ....ကုသိုလ်တရားဆိုတာ များလေကောင်းလေပေါ့၊ ကိုးပါးသီလ,ဆယ်ပါးသီလတင် မကသေးပဲ(၁၂၇)ပါး

သော ရဟန်းတော်များ သီလတွေကိုလဲ စောင့်ထိန်းချင်ရင် ရဟန်း ပြုနိုင်တာပဲ။

ဒကာ။ ။ဒီလိုသိရတာ ဒကာကြီးတို့အတွက် အမြတ်တွေ ထွက်လို့ ဝမ်းသာလိုက်တာ ဘုရား။

## သိမ်ထဲမှာ ကမ္မဝါချ်တ်ဖတ်ပြီး ဘယ်သူက ဆရာဥပဇ္ဈာယ်ပြုကာ ဘယ်သူ့ကို စ,တင် ရဟန်းခံပေးပါသလဲ ?

ဒကာ။ ။ဆရာတော်ဘုရား ရေးပြုသော သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း စာမျက်နှာ(၄၉၇)၌ ''ရဟန်းအပြား မျိုးရှစ်ပါး''သရုပ်ကို ဖေါ်ထုတ်ရာဝယ် နံပါတ်ရှစ်၌ ဉတ္တိစတုတ္ထ ကမ္မုပ သမ္ပဒါ) ပညတ်တော်အရ သိမ်ထဲမှာ ကမ္မဝါနဲ့ ရွတ်ဖတ်ပြီး ဖြစ်လာတဲ့ ရဟန်းတွေထဲမှာ ရှေးဦးစွာ ဖြစ်လာတဲ့ ရဟန်းဟာ ဘယ်ပုဂ္ဂိုလ်ပါလဲ ဆရာတော်။

အဲဒီ ပုဂ္ဂိုလ်ကို ဘယ်ရဟန်းတွေက စ,တင် ရဟန်းပြုပေးပါ သလဲ၊ ဘယ်ပုဂ္ဂိုလ်က ဆရာဥပဇ္ဈာယ် ပြုလုပ်ပါသလဲ၊ တပည့်တော်တို့ မှတ်သားရအောင် မိန့်ကြားပါအုံး ဘုရား၊ ဒါဟာလဲ သာသနာ့ မှတ်တမ်း တချက်ပါပဲ။

ဆရာ။ ။ဟုတ်ပါတယ်၊ သာသနာ့ မှတ်တမ်းမှာတော့ မြတ်ဗုဒ္ဓ ဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တော်မူတယ်။

အဲဒီနှစ် ဝါတော်ကို မိဂဒါဝုန်တောမှာ ဆိုကပ်တော်မူကာ ပဥ္စဝဂ္ဂီ ငါးဦးကို စ,တင် ကယ်ချွတ်တော်မူလျက် ဝါကျွတ်တော်မူသော

ကာလ ခြောက်ကျိပ်မျှသော ရဟန်းတို့ကို ထိုထိုမြို့ရွာ ဒေသတို့သို့ သာသနာပြု စေလွှတ်တော်မူတယ်၊ ထို သာသနာပြု ရဟန်းတော်များ ခေါ်ဆောင်လာတဲ့ ရှင်လောင်း, ရဟန်းလောင်းတို့ကို မြတ်ဘုရား ကိုယ်တော်တိုင် သရဏဂုံ ပေးပြီး ရှင်ပြုပေးတယ်၊ ရဟန်းလဲ ပြုပေး တော်မူတယ်။

နောက်ပိုင်းကျတော့ ဝေးသော ခရီးအရပ်မှ ခေါ်ဆောင်လာ ကြရတာ ပင်ပန်း နွမ်းနယ်ကြသောကြောင့် သာသနာပြု ရဟန်းတို့ ချမ်းသာကြစေရန် ယင်းရဟန်းတို့ ကိုယ်တိုင်ပင် ထိုထိုအရပ်ဌာနတို့၌ သရဏဂုံဖြင့် ရှင်ပြုပေးကြစေ၊ ရဟန်းပြုပေးကြစေဟု ခွင့်ပြုတော် မူလိုက်တယ်။

ဤနည်းဖြင့် ပေါ့ပါး လွယ်ကူစွာ သာသနာပြုလိုက်ကြတာ မြတ်ဘုရား ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသော အခါ ရဟန္တာ ပေါင်း နှစ်သောင်းကျော် ရှိနေလေပြီ၊ ထိုအခါ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့လဲ ရဟန္တာ အဂ္ဂသာဝကကြီးတွေ ဖြစ်နေကြ လေပြီ တဲ့။

အဲဒီ ၁၀၃-ခုနှစ် ထဲမှာပဲ အချိန်ကာလအားဖြင့် တပို့တွဲလပြည့် ကျော်လောက်မှာ ဆင်းရဲနွမ်းပါး အိုမင်းလှသော ရာဓပုဏ္ဏားကြီး တယောက် ဘုရားထံရောက်လာ၍ ရဟန်းပြုလိုကြောင်း မြတ်ဘုရား အား လျှောက်ထားတယ် တဲ့။

ထိုအခါ မြတ်ဘုရားက ရှင်သာရိပုတ္တရာအား ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးလိုက်လောဟု စေခိုင်းတော် မူတဲ့အခါ ရှင်သာရိပုတ္တရာ မထေရ်မြတ်က မြတ်စွာဘုရား တပည့်တော်သည် ဘယ်လို ဘယ်ပုံ ဘယ်နည်းဖြင့် ထိုရာဓပုဏ္ဏားကို ရှင်,ရဟန်းပြုရပါမည်နည်း ဘုရားဟု မေးလျှောက်တယ် တဲ့။

ထိုအခါ မြတ်စွာဘုရားက ယခုအချိန်၌ ငါ၏တပည့်သား ရဟန်းတော်တွေ များလာပြီဖြစ်၍ သရဏဂုံ သုံးပါးဖြင့် ပေါ့ပါးလွယ်ကူစွာနဲ့ ရဟန်းပြုပေးခြင်းကို ယနေ့မှစ၍ ငါဘုရား ပယ်ဖျက်တော်မူလိုက်ပြီ။

ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် ပီပီသသ လေးလေးစားစား ရွတ်ဖတ်၍ ရဟန်းပဉ္စင်းခံပေးရန် ငါဘုရားခွင့်ပြုလိုက်သည်ဟု ရဟန်းခံယူရေးကိစ္စကို ဤသို့ ခွင့်ပြု စေခိုင်းတော်မူတယ်။

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကလဲ မြတ်စွာဘုရား၏ ပညတ်တော်အမိန့်စကားကို ဦးထိပ်မှာထားပြီတော့ ရာဓပုဏ္ဏားကြီးကို သူ့ကိုယ်တိုင် ဆရာဥပဇ္ဈာယ်ပြုကာ ရှင်, ရဟန်း စ,တင်၍ ပြုပေးတော်မူလိုက်သည် တဲ့။

ကဲ .. အဲဒါဟာ သိမ်ထဲမှာ ကမ္မဝါ ဥတ် လေးကြိမ် ဖတ်ပြီး ရှင်သာရိပုတ္တရာ ထေရ်မြတ်က ဥပဇ္ဈာယ်ပြုကာ ရာဓပုဏ္ဏားကြီးကို စ,တင်ပြီး ရဟန်းခံပေးလိုက်တဲ့ သာသနာတော် မှတ်တမ်းပါပဲ ဗျား၊ ကျေနပ်ရဲ့လား။

ဒကာ။ ။ဒီလို အခြေအမြစ်နဲ့ တိုတို ကျဉ်းကျဉ်း ရှင်းလင်းပြောဟော ဖြေကြား သင်ပြပေးသွားတဲ့ ဆရာတော်ဘုရားအား လေးစားစွာ ရှိခိုးပါတယ် ဘုရား။

---

## ဒိဋ္ဌ, သုတ, ကိုတော့ သိပါသည် မုတ, ဆိုတာက ဘာအနက်သဘောလဲ ?

ဒကာ။ ။မြတ်စွာဘုရား ဖာရုံခြောက်ပါး ဟောကြားတဲ့အခါ တချို့နေရာ၌ ဒိဋ္ဌ, သုတ, မုတ, ဝိညာတ, အာရုံဟု

ဟောထားပါသည်၊ ထိုလေးပါးတို့တွင် ဒိဋ္ဌ, မြင် အာရုံ၊ သုတ, ကြား အာရုံ၊ ဝိညာတ, သိအာရုံတို့ကတော့ ထင်ရှားပါတယ်။

ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ အာရုံတို့ကိုတော့ မုတနဲ့ ဟောကြားထား ပါတယ် မုတ–ဆိုတာက ဘာကိုဟောလို့ ဘာအနက်သဘော ရှိပါ သလဲ ဆရာတော်၊ တိုတို ကျဉ်းကျဉ်းနဲ့ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။သဟာတွေက အဘိဓမ္မာကျမ်းလာ ကမ္မဋ္ဌာန်းသဘော တွေ ဖြစ်တယ်၊ အာရုံတရားက (၁) အသမ္ပတ္တ=မလာ မရောက်တဲ့ သဘောနဲ့ ကိစ္စပြီးမှု အာရုံ၊ (၂) သမ္ပတ္တ=လာရောက်တဲ့ သဘောနဲ့ ကိစ္စပြီးမှု အာရုံလို့ နှစ်မျိုး နှစ်စား ရှိတယ်။

စက္ခု,မျက်စိ၊ သောတ, နားနဲ့စပ်တဲ့ ဒိဋ္ဌ,အဆင်းမြင်အာရုံ၊ သုတ, အသံကြားအာရုံတို့က မလာမရောက်တဲ့ သဘောနဲ့ကိစ္စပြီးနိုင်လို့ သူတို့ နှစ်ပါးကို ဒိဋ္ဌ မြင်အာရုံ၊သုတ,ကြားအာရုံလို့ဟောကြားတော်မူတယ်။

ဂန္ဓ, အနံ့အာရုံ၊ ရသ, အရသာအာရုံ၊ ဖောဋ္ဌဗ္ဗ, ထိသိအာရုံ၊ အဲဒီ သုံးပါးတို့ကတော့ လာရောက်တွေ့အပ်သော သဘောကလေးကြောင့် ဒီသုံးပါးအပေါင်းကို မုတရုပ်လို့ ဟောကြားတော်မူတယ်။

ဆိုလိုရင်းက။ ။ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို (ဃာန, နှာခေါင်း၊ ဇိဝှာ, လျှာ၊ ကာယ, ကိုယ်အကြည်ရှိရာ ဌာနသို့) လာရောက်တွေ့အပ်သော အာရုံမျိုးဖြစ်၍ မုတဟူသော နာမည်တခု တည်းနဲ့ ဟောဆိုတော်မူခြင်း ဖြစ်တယ်၊ ကဲ....ရှင်းရဲ့လား၊ ဒါထက် တိုကျဉ်းလို့တော့ မရတော့ဘူးပဲ။

**ဒကာ။** ။အသမ္ပတ္တ =မလာရောက်ပုံနဲ့၊ သမ္ပတ္တ=လာရောက်တွေ့ပုံ ဆိုတာကလေး ရှင်းပြပါအုံး ဆရာတော်၊ ကျဉ်းကျဉ်း ပေါ့ဘုရား။

ဆရာ။ ။အသမ္မတ္တအာရုံ မလာရောက်ပုံ ဆိုတာကတော့ ရှုပါရုံ- အဆင်းက မျက်စိဆီကို လာရင် ဒကာကြီးရဲ့ မျက်စိဟာ ပိတ်ကာပြီးသွားမှာပေါ့၊ ဘယ်မြင်ရတော့မှာလဲ၊ သဒ္ဒါရုံ-အသံကလဲ နားဆီလာရင် (အမြောက်ပစ်တဲ့ အသံကြီးဆိုပါတော့) နားပင်းကာ နားအုံပါ ကွဲသွားမှာပေါ့၊ အဲဒါ အသမ္မတ္တ အာရုံလို့ ခေါ်တယ်၊ ဒီဥနဲ့ သုတပဲ၊ အဲဒါ အကျဉ်းဆုံးပဲ၊ သူတို့က မျက်စိနဲ့ နားရှိရာကို မရောက်လာပဲနဲ့ မြင်ခြင်းကိစ္စ, ကြားခြင်းကိစ္စ ပြီးတယ်တဲ့၊ အဘိဓမ္မာ သဘောတရားက ခက်တယ်, နက်တယ်, ဉာဏ်လမ်းပဲ။

သမ္မတ္တ အာရုံ လာရောက်ပုံဆိုတာက ဂန္ဓာရုံ, အနံ့ဟာ ဝါယော လေဓာတ်နဲ့ နှာခေါင်းခေါ်တဲ့ ဃာန ပသာဒ ရုပ်ရှိရာကို လာတယ်၊ အနံ့ကို လက်နဲ့တို့ပြီး နှာမ်းရှူတာဟာ ထင်ရှားပါတယ်၊ အရသာကို လဲ လျှာပေါ် ရောက်အောင် ယူဆောင် ပို့သွင်း ပေးရတာပဲဟာ ထင်ရှားပါတယ်၊ ဖောဋ္ဌဗ္ဗာရုံဟာလဲ ကိုယ် ကာယပသာဒ ရှိရာကို လာထိခတ္တတာပဲ ကဲ .. ရှင်းပြီလား၊ ဒါကြောင့် ဒီ သမ္မတ္တ ရုပ်သုံးပါကို မုဘလို့ ဟောဆိုတာပဲ၊ နှာခေါင်း, လျှာ, ကိုယ်ရှိရာကို လာရောက် တွေ့ထိဘတ်တဲ့ ရုပ်ဖြစ်လို့ မုတ-ခေါ်တယ်။

ဒကာ။ ။ရှင်းသင့်သလောက်တော့ ရှင်းပါပြီ ဆရာတော်၊ အဘိဓမ္မာ သဘောတရားက ခက်ခဲ နက်နဲတာကိုး။

ဆရာ။ ။အင်း....အဘိဓမ္မာဆိုတာ ပရမတ်တရားတွေ ဖြစ်တယ်၊ သဘောကလေးမျှကိုသာ ယူရတာဖြစ်လို့ ဉာဏ်အလုပ် မျိုးပဲ၊ ဒါကြောင့် ဉာဏ်နဲ့ ကြံဆပြီး ယူတတ်ရင် မခက်ခဲပါဘူးလေ၊ ကြံစည်တွေးဆကြည့်ပေါ့၊ထင်ထင်ရှားရှားနဲ့ သိသိ သွားပါလိမ့်မယ်။

# သယမ္ဘုဉာဏ် ဆိုတာ ဘယ်ဟာမျိုးလဲ သဗ္ဗညုတဉာဏ်လား?

**ဒကာ။** ။''ဆရာမကူ သယမ္ဘုဉာဏ်မြတ်ဖြင့် တတ်တတ်ထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော'' ဆိုတဲ့ နေရာမှာ ဘယ်ဟာတွေကို ဘယ်လို သိမြင်တာကို သယမ္ဘုဉာဏ် ခေါ်ဆိုပါ သလဲ ဆရာတော်၊ သဗ္ဗညုတဉာဏ်မျိုးလား။

**ဆရာ။** ။သယမ္ဘုဉာဏ်ဆိုတာ ဘုရားအလောင်းတော်များ ဘုရား ဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော် ခံယူ ရရှိပြီးတဲ့ အခါ ငါဟာ....ဘုရားဖြစ်ဖို့ရာဘယ်လိုအကျင့်တရား ပါရမီများကို ကျင့်ပွား အားထုတ် သွားရမှာလဲဟု ဆင်ခြင် စဉ်းစားလိုက်သည်နဲ့ တပြိုင် နက် ထက်မြက်သော စိတ်တော်ထဲမှာ သဗ္ဗညုတဉာဏ် ရနိုင်ရေး အတွက် ပါရမီဆယ်ပါး အပြားသုံးဆယ်နဲ့ စွန့်ခြင်းကြီးများ စရိယ တရားများဟာ အလိုလို ထင်ထင်ရှားရှား ဘွားကနဲ ဘွားကနဲ အပိတ် အပင် အတား အဆီး မရှိပဲ သိမြင် သိမြင်ကာ ပေါ်ပေါ်လာတာကို "ဆရာမကူ သယမ္ဘုဉာဏ်တော်မြတ်လို့" ခေါ်တယ်။

သဗ္ဗညုတဉာဏ် ဆိုတာက (ဘုရားအဖြစ် ရောက်မှ) အရဟတ္တ မဂ်ဉာဏ်နဲ့ မရှေးမနှောင်း ဖြစ်ပေါ်လာတဲ့ မသိတာဆိုလို့ ဘာမှမရှိတဲ့ အကြွင်းမရှိ ကုန်အောင်စုံ သိတဲ့ဉာဏ်ကို ခေါ်ဆိုတာ။

လိုရင်း သိမှတ်ဖို့က ဘုရားမဖြစ်ခင် ဗျာဒိတ်ရပြီးသား အလောင်း တော်ကြီးများ ဘုရားဖြစ်ရန်အတွက် ဘုရားဖြစ်နိုင်ဖို့ ဖြည့်ကျင့်ရမည့် ပါရမီတရားများကို အလိုလိုသိလာတဲ့''ပါရမီပဝိစယ''ဉာဏ်တော်ကို သယမ္ဘုဉာဏ်မြတ်လို့မှတ်ရမယ်၊ သဗ္ဗညုတဉာဏ်ကိုတော့ ဘုရားဖြစ်မှ ပေါ်လာတဲ့ဉာဏ်လို့မှတ်၊တခြားစီပဲ၊ကဲ....နားလည်လောက်ပါပြီနော်။

သုဓမ္မဝတီ (က) ၁၇၄-၄၃

ဒကာ။ ။မှန်ပါ့၊ သဃမ္ဘူညာဏ်နဲ့ သဗ္ဗညုတညာဏ်ကို ကွဲပြားစွာ သိရလို့ ကျေးဇူးတင်လှပါတယ် ဆရာတော်။

---

## ဒါနနှင့် စာဂဟာ အတူတူပဲလော ?

ဒကာ။ ။ဒါနနဲ့, စာဂသဘောကို အမျိုးမျိုး ဟောပြော ငြင်းခုံ နေကြပါတယ်၊ အချို့ကလဲ ဒါန-ပေးကမ်း လှူဒါန်း လိုက်ခြင်းပင်၊ စာဂ-စွန့်ကြဲခြင်း ဖြစ်သွားတာပဲ၊ အတူတူ ပါပဲလို့ ဟောပြောကြပါတယ်။

ဆရာအချို့ကလဲ စာဂ-ဆိုတာ ပေးလှူတာမျိုး မဟုတ်ဘူး၊ ကိုယ့် ပစ္စည်းဥစ္စာတွေကို ဘာပဲဖြစ်ဖြစ် စွန့်ပစ်လိုက်တာဟု ပြောကြပါသည်၊ အဲဒီ တရား နှစ်ပါးဟာ တူသလား, ကွဲပြားသလား ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။အင်း....လာပြန်ပြီလား၊ ဒါတွေ ငြင်းခုံနေတော့ နိဗ္ဗာန် မင်ဖိုလ်ရမှာမို့လား၊ လှူစရာ ပေးစရာရှိ ပေးလှူလိုက်ရင် ပြီးတာပဲဟာ၊ တယ် လျှာရှည်တဲ့ ဒကာကြီးတွေပဲကိုး။

ဒကာ။ ။ပါရမီဆယ်ပါးထဲမှာ ဒါနပါရမီသာ ပါတာ၊ စာဂ ပါရမီလို့ မပါဘူး၊ဒါကြောင့် ပေးလှူမှု ဒါနနဲ့ စွန့်ကြဲမှု စာဂ မတူဘူး စသည် အမျိုးမျိုး ဟောပြော ငြင်းခုံ နေကြလို့ မေးရတာပါ ဆရာဘော်။

ဆရာ။ ။ကဲ....ဒါဖြင့်လဲ မှတ်သားကြပေတော့၊ သုတ္တန်နည်း အားဖြင့်တော့ ဒါနနဲ့ စာဂ, ဟာ မတူကွဲပြား ခြားနားမှု ရှိတယ်၊ အဘိဓမ္မာနည်းနဲ့ကျတော့ တူသော သဘောရှိတယ်။

## သုတ္တန်နည်း ဒါန ?

သုတ္တန်နည်းက (၁) အလှူရှင်ပုဂ္ဂိုလ်၊ (၂) ပေးလှူစရာဝတ္ထုပစ္စည်း၊ (၃) အလှူခံပုဂ္ဂိုလ်၊ (၄) ပေးလှူချင်တဲ့စိတ်စေတနာ၊ အဲဒီ အကြောင်းလေးပါးနဲ့ ပြည့်စုံလာရင် အလှူရှင်ကိုယ်တိုင် ပေးလှူလိုက်ခြင်း, သာဟတ္ထိကဒါန၊ သူတပါးအား တဆင့် ပေးလှူခိုင်းခြင်း အာဏတ္တိကဒါန၊ အဲဒါ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်ပဲ(အနုဿတိဆယ်ပါးမှာ စာဂါနုဿတိနဲ့ ဆိုတယ်။)

## အဘိဓမ္မာနည်း ဒါန ?

အဘိဓမ္မာနည်းကတော့ ဒီပစ္စည်းကို ငါမသုံးဆောင်တော့ဘူး၊ သူတပါးအား စွန့်လွှတ်လိုက်တော့မည်ဟု အကြိမ်ကြိမ် ပေါ် ပေါ်လာတဲ့ စိတ်စေတနာတွေ အလျောက် ပစ္စည်းဝတ္ထုအပေါ်၌ မိမိ သိမ်းပိုက် တွယ်တာ ခံစားလိုတဲ့ စိတ်ကို ပယ်ဖျောက်ကာ တခါတည်း စွန့်လွှတ်လိုက်တာဟာ စာဂ,ပဲ၊ ဒါကြောင့် ကောင်းမှုကုသိုလ် ပြုတဲ့အခါမှာ ပေးလှူခြင်းဒါန ဖြစ်လျှင် စွန့်လွှတ်ခြင်း စာဂဟာလဲ ဖြစ်သွားတော့တာပေါ့။

ကဲ....ရှင်းပြီလား၊ ဒါနနဲ့ စာဂဟာ ပြောဆိုတဲ့ (သဒ္ဒါ) စကားအသံချင်းသာ ခြားနားတာပါ၊ သဘောသွားကတော့ မကွဲပြားပါဘူး၊ ဒါနဖြစ်ရင် စာဂဟာလဲ ဖြစ်တော့တာပါပဲ၊ ဒါနရဲ့ အမှတ်လက္ခဏာကိုက အာလယပြတ် စွန့်လွှတ်နိုင်ခြင်း လက္ခဏာမို့ ကိုယ့်ပစ္စည်းဥစ္စာတွေကို တခါတည်း စွန့်သွားတာဟာလဲ ဘယ်သူယူယူ ဘာလုပ်လုပ် ငါ့ဥစ္စာ မဟုတ်တော့ဘူးဆိုတဲ့ ပေးကမ်းစွန့်ကြဲခြင်း သဘောထဲ သက်ဝင်သွားတာပါပဲ၊ ခွဲခြားနေစရာ မလိုပါဘူး။

## ဒါနနဲ့ ပရိစ္စာဂ ဘာထူးသလဲ?

**ဒကာ။** ။သဟာကိုတော့ သဘောကျပါပြီ ဆရာတော်၊ မင်းကျင့်တရား ဆယ်ပါးထဲမှာ လာတာက ဒါန,က တမျိုး၊ ပရိစ္စာဂ,က တမျိုးမို့လို့ မတူကွဲပြား ခြားနားသလို ဖြစ်မနေဘူးလား ဘုရား၊ စာဂ, ပါနေတယ် ဆရာတော်၊ ရှင်းပြပါအုံး ဘုရား။

**ဆရာ။** ။ဟို.. ဟာက တခြားပဲ၊ ပရိစ္စာဂနဲ့ လာတာ၊ (ပရိ, ဆိုတဲ့ ပုဒ်က အထူး ပြုထားတာ) စာဂ,မှ မဟုတ်ပဲဟာ၊ ပရိစ္စာဂ ဆိုတာက ဘုရင်မင်းရဲ့ အမှုထမ်းကောင်း, သူရဲကောင်း, ကျေးတော်မျိုး, ကျွန်တော်မျိုးတွေ နောင်ကြိုးစား အားတက် လုပ်ဆောင်ချင်အောင် ဆုတော် လာဘ်တော် အနေနဲ့ ဝေဖန်ပိုင်းခြား ပြီး ဝေစုရ ချပေးတာကို ခေါ်တာပဲဟာ၊ ပေးကမ်းကာမျှ ဆုတော် သာ ဖြစ်တာ၊ ပေးစွန့်တာ မဟုတ်ဘူး၊ ဒါနလဲ မဟုတ်ဘူး၊ စာဂလဲ မဟုတ်ဘူး၊ သူ့နာမည်ကိုက "ပရိစ္စာဂ"တဲ့၊ ကဲ.. ဘာ လျှာရှည်ချင် သေးသလဲ တော်ပြီ၊ ဒါထက် တိုးလို့လဲ အကျိုးမရှိပါဘူး။

**ဒကာ။** ။ဒီ အဖြေစကားနဲ့ပဲ အားရနှစ်သက်လှပါပြီ ဆရာတော်၊ လျှာလဲ မရှည်တော့ပါဘူး။

---

## ရေစက်ချမှ အလှူဒါနဟာ ပြီးမြောက်သလော?

**ဒကာ။** ။ဘုရားတည်, ကျောင်းဆောက်, ရှင်ပြု, ရဟန်းခံ စတဲ့ အလှူဒါနရှင် အချို့တို့ဟာ ရေစက်ချရမှ အောင်မြင် တယ်ဟု မှတ်ယူကာ ရေစက်ချကြပါတယ်၊ တချို့ကျတော့လဲ ရေစက် မချပဲ "နိဗ္ဗာနပစ္စယော ဟောတု" ဆိုကာ ပေးလှူပြီး အမျှပေးဝေ

လျက် ရေစက်ခွက် မကိုင်ကြပါဘူး၊ ဒီကိစ္စနဲ့စပ်လို့ စာပေကျမ်းဂန်က ဘယ်လိုများ ဆိုပါသလဲ ဆရာတော်။

**ဆရာ။** ။အင်း...ဗုဒ္ဓဘာသာရဲ့ ကုသိုလ်ခန်းမှာ ဒီ ရေစက်ခွက် ကြီးကလဲ တမှောင့်ပဲ၊ စာပေကျမ်းဂန်က ရေစက်ချမှ ဒါနကိစ္စ ပြီးမြောက်တယ်ရယ်လို့တော့ မဆိုဘူး၊ ''ဣဒံ ပတ္တေတွာန ဒါနံ ဒါတဗ္ဗံ'' နိဗ္ဗာန်ကို တောင့်တ ဘဝဒုက္ခမှ လွတ်မှုကို ဆန္ဒပြု လျက်သာ ပေးလှူကြရမည်လို့ပဲ ပါတယ်၊ အဲဒါဟာ ပဓာန အလေး ပြုရမည့် လုပ်ငန်းရပ်ပဲ ဖြစ်တယ်၊ ဥဇုပ္ပဋိပန္န လုပ်ငန်းပဲ၊ နိဗ္ဗာန်ကိုသာ ဖြောင့်တန်းစွာ အာရုံပြုပြီးတော့ ပေးလှူကြပေါ့၊ ဒါထက် ရှည်ပြီး မပြောချင်တော့ဘူး။

**ဒကာ။** ။ခုကာလ ရေစက်ခွက်ကိုင်ကာ ရေစက်ချ အမျှပေးဝေ နေတာတွေကို ဆရာတော် ဘယ်လို ဆိုချင်ပါသလဲ ဘုရား၊ အားပေးသင့်သလား၊ တားမြစ်သင့်သလား၊ ပြတ်သားစွာ မိန့်ကြားပါ ဆရာတော်၊ ဒါကိုတော့ မပြောချင်လို့ မဖြစ်ဘူး၊ ပြောရမှာပဲ။

**ဆရာ။** ။အင်း....ပေးလှူခိုက် ခဏမှာ အလှူရှင် လုပ်စရာ သိထား စရာက (ဘဝရဲ့ သာယာမှု တဏှာကို ချွတ်၊ ဝဋ်ဒုက္ခ ကင်းရာ မဂ် ဖိုလ်နိဗ္ဗာန်ကိုသာ အာရုံပြု ဆန္ဒထား၊ ဝဋ်ပြတ် ပေးလှူ သွား) ဒါပဲ ရှိတယ်၊ အဲဒါကိုပဲ သိ သိ နေဖို့သာ အားပေးရမှာ။

ရေစက်ခွက်ကြီး ကိုင်ပြီး ရေတစက် တစက် ကျတာကိုသာ ကြည့်ကာ ရေကို သိနေရမည့် အခါမျိုးမဟုတ်ဘူး၊ ရေကိုကြည့်နေရင် ရေကိုသိတဲ့ စိတ်တွေသာ ဖြစ်နေမှာပေါ့၊ အဲဒီလို ရေတစက် တစက်

ကျအောင် လုံ့လပြုလုပ် အားထုတ်ရတဲ့ စိတ်စေတသိက်တွေနဲ့ ရောကိုပဲ သိနေတဲ့ စိတ်စေတသိက်တွေက ပေးလှူတဲ့ စေတနာလဲ မဟုတ်ဘူး၊ ဝဋ္ဋဒုက္ခကို သိနေတဲ့ စိတ်လဲ မဟုတ်ဘူး၊ ဘဝဆင်းရဲကင်းရာ နိဗ္ဗာန်ကို အာရုံပြု တောင့်တတာလဲ မဟုတ်ဘူး၊ ဘုန်းတော်ကြီး ဆိုသမျှတွေ နားထောင်ပြီး သူ့ရဲ့လုံ့လဗျာပါရ စိတ်ဇောတွေက ရေမကုန်အောင် နည်းနည်း နည်းနည်း တစက် တစက် ချပေးနေတာသာ ဖြစ်တာမို့ ကိုယ့်ဟာကိုယ်သာ ဉာဏ်နဲ့ ဝေဖန်ကြည့်ကြပေတော့လေ။

ဒီကိစ္စက ရှေးယခင် အစဉ်အလာကြီး ဖြစ်နေတော့ကာ ဗမာ စကားမှာ ''အမှားကြာတော့ အမှန်ထင်ကြတာပဲ''အပြင်ရခက်တယ်၊ ကဲ .. ကဲ....တော်လောက်ပြီထင်တယ် ဘာပြောချင်သေးသလဲ။

## အလှူရှင်တို့ စိတ်ထားရမည့် နည်းနယများ ?

**ဒကာ**။ ။ဒီလိုဆိုရင်ဒါနကုသိုလ်ရှင်ရဲ့မိမိစွန့်လွှတ်ပေးလှူလိုက်ရတဲ့ ဒါန, စာဂတို့အပေါ်မှာ ဘယ်လိုမျှော်ခေါ် ဆင်ခြင် ပွားများ သိထားရမည့် စိတ်ထားပုံ နည်းနယများကို ပါဠိတွေမပါတဲ့ မြန်မာစကားနဲ့ပဲ တပည့်တော်တို့ မျှော်ခေါ် ဆင်ခြင်တတ်အောင် တိုတို ကျဉ်းကျဉ်း တိတိ ကျကျ ကလေးတွေ နည်းနည်းလောက် ချီးမြှောက်ပေးပါအုံး ဆရာတော်။

**ဆရာ**။ ။အင်း.... ဒီကလဲ ရှည်ရှည်ဝေးဝေး ကျယ်ကျယ်ပြန့်ပြန့် ကွေ့ဝှေ့သွယ်ဝိုက်ကာ အချိန်ဖြုန်းတီးတဲ့ ဘုန်းကြီးမျိုး မဟုတ်ပါဘူးလေ၊ ကဲ....နားထောင်မှတ်သား ကြပေတော့၊ မြန်မာ စကားနဲ့ပဲ ညွှန်ကြားသင့်သလောက် ညွှန်ကြားပေးမယ်၊ပညာရှိများ အတွက် သက်သက်လို့ မှတ်ပါ။

၁။ ဒါနကုသိုလ်ရှင်ဟာ ဤလို သိမြင်ကာ ဆင်ခြင်ရမည်၊ ငါသည် ယနေ့ ယခု ဤမည် ဤမည်သော အလှူခံအား ဤသို့ ဤသို့သော အလှူဝတ္ထု ကုသိုလ်စုကို ကောင်းမွန်ရှိသေစွာနဲ့ စွန့်လွှတ် လှူဒါန်း လိုက်ရပြီ၊ ကျွေးမွေး ပေးကမ်းလိုက်ရပြီ။

၂။ ယင်းအလုပ်မျိုးကား အရိယာသူမြတ်တို့ အလေ့အကျင့် လုပ်ငန်းဖြစ်၏၊ ငါသည် အရိယာသူမြတ်တို့၏ ထုံးနည်း ပြုပုံကို စံယူ၍ ပြုခဲ့၏၊ ပစ္စည်းအပေါ်၌ တပ်မက် တွယ်ကပ်ခြင်း ကင်း၏၊ ယင်းပစ္စည်းကို မစွန့်လွှတ်နိုင်ခြင်း လောဘ တဏှာ အပိတ်အဆီးကို ကောင်းစွာ အောင်နိုင်ခဲ့ပြီ။

၃။ ယင်း လုပ်ခအတွက် လောက ရသင့်ဆု စည်းစိမ်ကို မတောင့်တ အရင်းအမြစ်ပြတ် စွန့်လိုက်၏၊ ဘဝချမ်းသာ ဆိုတာကို ဘယ်သောခါမှ မလိုလားချေ။

၄။ ငါသည် ဘုရား, တရား, သံဃာ ရတနာ သုံးပါးတို့၏ ဂုဏ်တော်၌ မတုန်မလှုပ် ယုံကြည်၍ အရိယာတို့ နှစ်သက် မြတ်နိုးသော ငါးပါးသီလ၌ တည်လျက် စွန့်လွှတ်ခြင်း လက္ခဏာကို အပြည့်အစုံ ပွားများကာ ပေးလှူ၏၊ လှူဖွယ် ဝတ္ထုကို ခံယူရရှိသူမှာ နှစ်ခြိုက် ဝမ်းသာသလို ပေးလှူ ရတဲ့ ငါ့စိတ်နှလုံး ရွှင်ပြုံးကြည်သာနေ၏။

၅။ ဤသို့ ပေးလှူလိုက်ရခြင်းသည် ပေးသူ ယူသူ နှစ်ဦးသား အတွက် ကျေးဇူးများလှ၏၊တဦးအပေါ် တဦး မေတ္တာ

တုန့်လှယ်ရေးကို ပြီးစေ၏၊ ငါ၏ ပစ္စည်းသည် သူနှင့် မိတ်ဆက်ပေးနိုင်ခြင်းဖြင့် ငါ့အား ကျေးဇူးပြုသကဲ့သို့ ငါ့အပေါ်၌ စီးပိုး နှိပ်စက်နေသော ဒေါသ, လောဘ ဝန်ထုပ်ကြီးကို ပယ်ချပေးနိုင်၏၊ ဤသို့သော သဘော တရားသည် ငါ့အား အရတော်လေစွ။

၆။ ယင်းသို့သော ငါ၏ ဒါနမှုသည် တဦးနှင့်တဦး မိတ်ဆက် ပေး၏၊ သူအားလုံးတို့ ညီညွတ်မှုကို ဆောင်ရွက်ပေး၏၊ တဦးအပေါ်၌ တဦးက မလိုမုန်းထား ငြူစူစောင်း မြောင်းမှုများကို ကင်းဝေးစေ၏၊ယင်းကြောင့်ပင် ငါ၏ ပေးလှူမှုသည် အတိုင်းမသိ တန်ဖိုးရှိ၏၊ လူ,နတ်,ဗြဟ္မာ စည်းစိမ်တွေ ကုဋေများစွာ ထိုက်တန်၏။

၇။ ယင်းသို့ ထိုက်သော်လည်း လောကချမ်း, သံသရာချမ်း ကို ငါမရည်မှန်း မတမ်းတ၊ သန့်စင်သောကြောင့် ငါ၏ ဒါနသည် အရိယာမဂ်အားလုံးနှင့်သာ ထိုက်၏၊ ကမ္ဘာ လောကကြီးသည် ဆင်းရဲအတိသာ ဖြစ်၏၊ ထိုထိုဆင်းရဲ မျိုးစုံတို့ကား ခုံမင်တပ်မက်ခြင်း တဏှာ လောဘကိုသာ မှီ၍ ဖြစ်၏၊ ယင်း လောဘ ရမ္မက် ငမ်းငမ်းတက်ကို ငါသည် တတ်စွမ်းသမျှ ပယ်ချခဲ့ပြီ၊ ရှောင်ခဲ့ စွန့်ခဲ့ပြီ။

၈။ ထို့ကြောင့် ငါ၏ ဒါနသည် မှန်ကန်စွာ ရှုမြင်မှုဟူသော သမ္မာဒိဋ္ဌိမဂ်နှင့် ပြည့်စုံ၏၊ မှန်ကန်စွာ ကြံစည်ခြင်း ဟူသော သမ္မာသင်္ကပ္ပမဂ်နှင့်လဲ ပြည့်စုံ၏။

၉။ ဝစီကံ ဒုစရိုက်မှု စောင့်ထိန်းခြင်း, သမ္မာဝါစာမဂ္ဂင်၊ ကာယကံ ဒုစရိုက်မှု စောင့်ထိန်းခြင်း, သမ္မာကမ္မန္တမဂ္ဂင်၊ အသက်မွေးဝမ်းကျောင်း မပျက်စီးရအောင် စောင့် ထိန်းခြင်း, သမ္မာအာဇီဝမဂ္ဂင်၊ ဤအာဇီဝဋ္ဌမက သီလ မဂ္ဂင် သုံးပါးနဲ့လဲ ပြည့်စုံ၏။

၁၀။ ယင်း မဂ္ဂင်ငါးပါးတို့၏ အမာခံ အခြေတည်ဖြစ်သော လုံ့လစိုက်မှု ကြိုးစားခြင်း သမ္မာဝါယာမ မဂ္ဂင်နဲ့လဲ ပြည့် စုံ၏၊ မမေ့မလျော့ အောက်မေ့ခြင်းနှင့် ယင်းအာရုံထဲ၌ စိတ်ကို စိမ်စိုက်တပ်စွဲထားခြင်း သမ္မာသတိမဂ္ဂင်, သမ္မာ သမာဓိမဂ္ဂင်တို့နဲ့လဲ ပြည့်စုံ၏။

၁၁။ ဤသို့လျှင် ငါ၏ စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု ဒါန, ဆောက်တည် ကျင့်သုံး ထားသော အရိယကန္တသီလ တို့သည် သစ္စာလေးပါးကို အပြည့်အစုံ အထောက် အပံ့ ပေးနိုင်သော ကုသိုလ်အစုတို့သာ ဖြစ်ပေသည် ဟူ၍သာ မိမိပြုရတဲ့ ဒါနတရားကို ဆင်ခြင်ပွားများ နှလုံးထား အောက်မေ့ရာ၏ တဲ့။

၁၂။ အဲဒါတွေဟာ ရေစက်ခွက် ကိုင်ချင်ကိုင် မကိုင်ချင်နေ ဒါနသမားများ မုချ လိုက်နာ ခံယူ ကျင့်ကြံ ပွားများ သိရှိထားကြရမည့် ဘုရားညွှန်ကြားတဲ့ စကားတွေပဲ။

ကဲ....ခု ပြဆိုပြီးသားတွေဟာ မိမိတို့ပြုရတဲ့ ဒါန, စာဂတို့အပေါ် မှာ ဆင်ခြင်ပွားများ နှလုံးသွင်းထားရမည့် ပါဠိမပါတဲ့ မြန်မာစကား သက်သက် တိုတို ကျဉ်းကျဉ်း တိတိ ကျကျ ပြတ်ပြတ် သားသား

ရှင်းရှင်း လင်းလင်းကြီးနဲ့ ချီးမြှောက် ပေးလိုက်တာပါပဲ၊ နားဝင် သဘောကျရဲ့လား၊ ကျေးဇူးမတင်ချင်နေ၊ နားဝင် ဆင်ခြင်တတ်ရင် တော်ပြီ၊ ရေစက် မချကောင်းဘူးလို့ ပြောတာမဟုတ်ဘူးနော်။

ဒကာ။ ။ဒါလောက် ရှင်းလင်းပြတ်သားတဲ့ စကားကိုမှ နားမဝင် သဘောမကျရင်လဲ တပည့်တော်တို့ဟာ ညံ့ဖျင်းထုံထိုင်း နောက်ပိုင်းရောက်သွားမှာပေါ့ဆရာတော် တပည့်တော်တို့က ရှေ့တန်းက သွားမဲ့သူတွေပါ၊ မျှားစွာမှ နားလည် သဘောပေါက်ပါတယ်၊ ကျေးဇူးတင်လို့ မဆုံးပါဘူး ဆရာတော်။

---

## ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် သုံးဆယ့်တဘုံ ဘဝမျိုးစုံကို သိမြင်နိုင်ပါသလား ?

ဒကာ။ ။ဝိဇ္ဇာ ရှစ်ပါးထဲမှာ ပါတဲ့ ပုဗ္ဗေနိဝါသဉာဏ်၊အဘိညာဉ် ခြောက်ပါးထဲမှာပါတဲ့ ပုဗ္ဗေနိဝါသအဘိညာဉ်တန်ခိုးနဲ့ ကိုယ်ဖြစ်လာတဲ့ သုံးဆယ့်တဘုံ ဘဝမျိုးစုံကို ကုန်အောင်စုံ သိနိုင်တယ် ဆိုတာ ဟုတ်မှန်ပါသလား ဆရာတော်။

ဆရာ။ ။ဟုတ်မှန်တဲ့ ပုဂ္ဂိုလ်လဲ ဟုတ်မှန်တယ်၊ မဟုတ် မမှန်တဲ့ ပုဂ္ဂိုလ်လဲ မဟုတ်မမှန်ဘူး၊ ဒါက လွယ်တဲ့ ဉာဏ်အလုပ်မျိုးမှ မဟုတ်ပဲဟာ။

ဒကာ။ ။ဆရာတော့် အဖြေစကားကို ဒကာကြီးတို့ နားမလည်ဘူး ဘုရား၊ နားလည်နိုင်တဲ့ နည်းနဲ့ ရှင်းပြပေးပါ ဆရာတော်။

**ဆရာ။** ။ပုဗ္ဗေနိဝါသဉာဏ် အဘိညာဉ်ဆိုတာ ဘဝရဲ့ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ကို အစဉ်လိုက် အမှီပြုပြီးတော့ သိတဲ့ဉာဏ်၊ သေတာနဲ့ ဖြစ်တဲ့ ဘဝကို အဆင့်ဆင့် လိုက်ပြီးတော့ သိတဲ့ ဉာဏ်လို့ မှတ်ပါ။

အဲသည်လို သိတဲ့ နေရာမှာလဲ သေတာနဲ့ ဖြစ်တာကို အာရုံပြုပြီး အစဉ်လိုက် ယူတဲ့အခါမှာ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ် ခေါ်တဲ့ ဤမှာဘက်မှ သေတဲ့ စိတ်နဲ့ ဟိုမှာဘက်၌ ဖြစ်တဲ့ စိတ်နာမ် ခန္ဓာ တရားတို့ အခြား မရှိပဲ အဆင့်ဆင့် တစပ်တည်း အစဉ်ဖြစ်ပျက်နေတဲ့ နာမ်ခန္ဓာသဘော အာရုံကိုသာ ယူမှီပြီးတော့ ဘဝများစွာကို သိနိုင်တာ ဖြစ်တယ်၊ ဒါကြောင့်....

“စေတောပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပ-နိဿယပစ္စယေန ပစ္စယော”လို့ ပဋ္ဌာန်း၌ ဟောတော်မူတယ်။

ဘဝဆိုတာက (၁) ရုပ်နာမ် ခန္ဓာ ငါးပါးစုံ ဘဝလဲ ရှိတယ်၊ (၂) နာမ်ခန္ဓာ လေးပါးချည်းဖြစ်တဲ့ ဘဝလဲ ရှိတယ်၊ (၃) ရုပ်ခန္ဓာ တပါးတည်းသာ ဖြစ်နေတဲ့ ဘဝလဲ ရှိတယ်၊အဲဒါကိုပဲ အဘိဓမ္မာက (၁) ပဉ္စဝေါကာရဘဝ၊ (၂) စတုဝေါကာရဘဝ၊ (၃) ဧကဝေါကာရ ဘဝလို့ ခေါ်တယ်။

အဲဒီလို ဘဝသုံးပါးလုံးကို ပုဗ္ဗေနိဝါသဉာဏ်နဲ့ကုန်အောင်စုံအဟုတ် အမှန် သိနိုင်တာက မြတ်စွာဘုရား သခင်သာ ဖြစ်တယ်၊ ဘုရားမှ တပါး ကျန်တဲ့ သာဝက ပုဗ္ဗေနိဝါသ အဘိညာဉ် တန်ခိုးရှင်ဟူသမျှ တွေဟာ သတ္တဝါ၏ စုတိ ပဋိသန္ဓေကို အာရုံပြု၍ အစဉ်လိုက်ယူနိုင် ကြပေမင့် အနန္တရ ပစ္စည်းနဲ့ အစဉ်မပြတ် ဖြစ်နေတဲ့ စိတ်နာမ်ဓမ္မနဲ့ စပ်၍သာ လိုက်ယူနိုင်တာ ဖြစ်တယ်၊ သိနိုင်ကြတာ ဖြစ်တယ်။

စိတ်နာမ် ခန္ဓာ မရှိတဲ့ ရုပ်ခန္ဓာ သက်သက်နဲ့ ပဋိသန္ဓေ သွားနေတဲ့ အသညသတ် ဘဝမျိုးကျတော့ သာဝကတွေမှာ ရှိတဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်က မသိနိုင်တော့ဘူး၊ စုတိစိတ်ဖြစ်ပြီးတော့ ပဋိသန္ဓေစိတ် ပြတ်သွားလို့ စိတ်မရှိပဲ ရုပ်သက်သက် ခန္ဓာတပါးတည်းနဲ့ အသည သတ်ဘုံမှာ မဟာကပ် (၅၀၀) ကြာအောင် သွားဖြစ်နေတာ၊ ဒါကြောင့် အသညသတ် ဘဝကို သာဝက ပုဂ္ဂိုလ်တွေက ပုဗ္ဗေနိဝါသ ဉာဏ်နဲ့ အဟုတ်အမှန် မသိနိုင်ဘူးလို့ ပြောတာ၊ကဲ... နားလည်ပြီလား။

**ဒကာ။** ။ရှင်းလင်းနားလည်သွားပါပြီ ဆရာတော်၊ ပုဗ္ဗေနိဝါသ ဉာဏ်က စိတ်နာမ် ခန္ဓာ အစဉ်ကိုသာ လိုက်သိနေတာ ကိုး၊ သည်လို ကွဲကွဲ ပြားပြား သိရတာမို့ ကျေးဇူးတင်လိုက်တာ ဆရာတော်။

---

## လူပျိုဘုရား ဘာကြောင့် မရှိကောင်းသလဲ ?

**ဒကာ။** ။"ဗောဓိ ကုက္ကို ညောင်ထိုထို လူပျိုဘုရား မရှိငြား" ဟူသော ရှေး ပေါရာဏ စကားဆိုရိုးအရ ဗုဒ္ဓဝင်ကျမ်း လာ ဘုရားရှင်တွေ ဖြစ်စဉ်ကို လျှောက်ဖတ်ရာ လူပျိုဘုရားကို ရှာမတွေ့ဘူး ဆရာတော်၊ အဲဒါ ဘာကြောင့်လဲ၊ ရှင်းပြပါအုံး ဘုရား၊ အတိုဆုံးနည်းနဲ့ သိလွယ်ရုံပေါ့။

**ဆရာ။** ။ကြံကြံဖန်ဖန် ရှာရှာ ဖွေဖွေ မေးတတ်တဲ့ ဒကာကြီးတွေ ပဲကို၊ ဘုရားဖြစ်ဖို့ရာ လုပ်ငန်းကျင့်စဉ် အဆင့် အတန်း သင်ရိုး မာတိကာ သုံးဆယ်ထဲမှာ နေက္ခမ္မ ပါရမီဆိုတဲ့ ကျင့်စဉ်က သုံးမျိုး ပါတယ်၊ ကိုင်း ...မှတ်သားကြပေတော့။

(၁) နေက္ခမ္မ ပါရမီ။ အနှောင်အဖွဲ့ အတွယ်အတာ အတား အဆီး ငဲ့စရာတွေ ပြောပလောက်အောင် မရှိပဲ ရိုးရိုး တောထွက် သွားခြင်းမျိုး။

(၂) ဥပ နေက္ခမ္မ ပါရမီ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းနှင့် တူသော မိဘဆွေမျိုးနဲ့ အိုးအိမ်တိုက်တာ တိုင်းပြည်ကြီး စည်ထီးနှင့်တကွ ရတနာ ရွှေ ငွေ အထွေထွေတို့ကို မငဲ့ မညှာပဲ စွန့်ခွါ၍ တောထွက်သွားခြင်းမျိုး။

(၃) ပရမတ္ထ နေက္ခမ္မ ပါရမီ။ လောက၌ မရှုန်းနိုင်အောင် အကြီးဆုံး အခိုင်မြဲဆုံးဖြစ်သော အနှောင်အဖွဲ့ကြီးကား မိမိ၏ အသက်နှင့် တူသော ကြင်ယာ သက်ထား သား မယားပင် ဖြစ်၏ တဲ့၊ လောကာ ချမ်းသာ အပြည့်အစုံ ခံ, စံနေရသော ကြားထဲမှ သား မယားကို စွန့်ပစ် ပယ်ခွါ၍ ယတိပြတ် ထွက်သွားနိုင်ဖို့ကား အလွန် ခဲယဉ်း သော အလုပ်ဖြစ်၏၊ မိမိအသက်ကို စွန့်သွားရသည်နှင့် တူ၏ တဲ့။

ဘုရားအလောင်းတိုင်းသည် ပရမတ္ထ နေက္ခမ္မ ပါရမီတော်မြတ်ကို ဖြည့်ကျင့်ရရိုးဓမ္မတာဖြစ်၍ လူပျိုကြီး တကိုယ်တည်းဘဝနဲ့ မနေရချေ၊ ကြင်ရာအသက် ပါရမီဖက် ရှိရသည်၊ ယင်း ပရမတ္ထ နေက္ခမ္မ ပါရမီ တော်အတွက် ဖြည့်စွက်နိုင်ရန် အကြောင်းတရား များကြောင့်ပင် (ဗောဓိကုက္ကို ညောင်ထိုထို လူပျိုဘုရား မရှိပြီးဟု) ရှေးပေါ်ရာဇာ စကား ဖြစ်လာသည်ဟု မှတ်ကြပေါ့၊ ဒါထက်ပိုပြီးတော့ ရှင်းစရာ မလိုတော့ ပါဘူး၊ ကြံကြံဖန်ဖန် မေးလို့ သာသနာတော်နဲ့ ကိုက်ညီ အောင် ကြံကြံဖန်ဖန် ဖြေရတာပဲ။

ဒကာ။ ။သိပါပြီ ဆရာတော်၊ ပါရမီဆယ်ပါး အပြားသုံးဆယ် ထဲက ပရမတ္ထ ဥပ ပါရမီ အတွက် တောထွက်နိုင်ရန် ဆိုတာ ခုမှပဲ ရှင်းတော့တယ် ဘုရား။

## ဝိပဿနာဉာဏ်ပါမှ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်သလော ?

ဒကာ။ ။လူရော ရှင်ပါ ကုသိုလ် ကောင်းမှု ပြုကြရာမှာ ဉာဏ သမ္ပယုတ် ကုသိုလ်ဖြစ်အောင် ပြုလုပ်ကြဖို့ကို သည်လို မှတ်ရမယ်လို့ ဆရာတော်တွေက ဟောကြားသင်ပြ ပေးကြပါတယ်။

အလှူဒကာဟာလဲ မမြဲသော အနိစ္စတရားပဲ၊ လှူစရာဝတ္ထု ဟာလဲ မမြဲတဲ့ အနိစ္စတရားပဲ၊ အလှူခံယူသူဟာလဲ မမြဲတဲ့ အနိစ္စ တရားပဲ၊ အနိစ္စ, ငါက၊ အနိစ္စ, ဝတ္ထုပစ္စည်းကို၊ အနိစ္စ, ခံယူသူအား ပေးလှူလိုက်တာပဲဟု စိတ်ထားပြီး ပေးလှူရမည် စသည်ဖြင့် သင်ကြား ပေးကြပါသည်။

ဆရာတော်ကြီးတွေ သင်ကြား ညွှန်ပြတဲ့အတိုင်း နှလုံးမသွင်း မဆင်ခြင်တတ်ရင် ဉာဏသမ္ပယုတ်ကုသိုလ် မဖြစ်နိုင်ဘူးလား ဆရာ တော်၊ နည်းနည်းကျဥ်းကျဥ်းနဲ့ ရှင်းပြပါအုံး ဘုရား။

ဆရာ။ ။အင်း .. ဒါန, သီလ, သမထ ကုသိုလ်တို့ရဲ့ ဆိုလိုရင်း ဉာဏ်ပါဖို့ကတော့ ကိုယ်ပြုလုပ်တဲ့ ကံနဲ့ လုပ်ခရရှိမည့်ကံ၏ အကျိုး စသည်တို့ကို သိမြင်ကာ ယုံကြည်စွာနဲ့ ပြုလုပ်တဲ့ ကုသိုလ်ဟာ

ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်ဘာပါပဲ၊ သည်နှစ်ပါးနဲ့ပဲ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်ကြောင်းကတော့ လုံလောက်ပါတယ် ဒကာကြီးတို့ရာ။

**ဒကာ။** ။အနို့....အလှူခံ အလှူပေး အလှူပစ္စည်းတို့ကို အနိစ္စ မမြဲ စသည် ဆင်ခြင်ရမည်လို့ ဆိုတဲ့အတိုင်း ဝိပဿနာဉာဏ် မပါပဲနဲ့လုပ်ရင် ဉာဏသမ္ပယုတ် ဟုတ်နိုင်ပါမည်လား ဘုရား။

**ဆရာ။** ။အဲဒီလို မခိုင်မြဲတဲ့ အလှူ့ဒကာ အနိစ္စ, ငါက မမြဲတဲ့ အနိစ္စ ပစ္စည်းတွေကို မမြဲတဲ့ အလှူခံသူ အနိစ္စပုဂ္ဂိုလ်အား လှူဒါန်းနေခြင်းမျှသာလို့ သင်ကြား ပြောပြ ပေးကြတာကတော့ မြင့်မြတ်သော ဝိပဿနာဉာဏ် ဖြစ်ကြဖို့အတွက် ဝိပဿနာနဲ့ အတင်း ဆွေမျိုးစပ်ကာ ပြောဟောခြင်းလောက်ပဲ ဖြစ်တာပါ၊ ပြောပြပေးတဲ့ အတိုင်း မလုပ်တတ် မဆင်ခြင်တတ်ပဲ မိမိပြုလုပ်တဲ့ ကုသိုလ်ကံနဲ့ ကံ၏ အကျိုးတရား စသည့်လောက်ကို သိရှိ လှူဒါန်းတတ်ရင် ဉာဏ သမ္ပယုတ် မဟုတ် မဖြစ်လို့တော့ မမှတ်ယူရပါဘူး၊ ဉာဏသမ္ပယုတ် ဖြစ်ပါတယ်။

## ကံ, ကံ၏အကျိုးလောက်ကို သိရှိရုံနဲ့ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်ကရောလား ?

**ဒကာ။** ။ဝိပဿနာဉာဏ် မပါပဲ ကံ, ကံ၏ အကျိုး စသည်ကို သိရှိ ယုံကြည်တာနဲ့ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်ပုံကို နည်းနည်းလောက် ရှင်းပြပါအုံး ဆရာတော်။

**ဆရာ။** ။ဗုဒ္ဓဘာသာရဲ့ ကုသိုလ် လမ်းကြောင်း အမှန်ဆုံးကို ထောက်ပြပါဆိုရင် မဂ္ဂင်ရှစ်ပါးကိုသာ ထောက်ပြရမှာ ဖြစ်တယ်၊ အဲဒီ မဂ္ဂင်လမ်းကြောင်းတွေထဲမှာလဲ ပညာဉာဏ်မဂ္ဂင်

လမ်းမကြီးတခုဖြစ်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် လမ်းမကြီးဟာ အရေးအပါဆုံး ဖြစ်တဲ့ ဉာဏ်လမ်းမကြီးပဲလို့ မှတ်ရမယ်။

အဲဒီ သမ္မာဒိဋ္ဌိဉာဏ် လမ်းမကြီးက နေပြီးတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိလမ်း, ဝိပဿနာ သမ္မာဒိဋ္ဌိလမ်း စတဲ့ လမ်းတွေ ဖြာထွက် လာဘာကို သိထားရမှာ ဖြစ်တယ်၊ ဒါကြောင့် မြတ်ဗုဒ္ဓက....

သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနိ
ကမ္မဗန္ဓူ—

စသည်ဖြင့် ကံကို မှုတည်ပြီး ဉာဏ်သွင်း ယုံကြည်ကြဖို့ ဟောကြား တော်မူသွားတာတွေကို ထောက်ထားပြီးတော့ ကံ, ကံ၏အကျိုးကို သိရှိ ယုံကြည်ပြီး ပြုလုပ်တဲ့ ကုသိုလ်ဟာ ဉာဏသမ္ပယုတ် ကုသိုလ် ဖြစ်တယ်လို့ ဆိုတာပဲ၊ ကဲ ...ရှင်းပြီလား၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ပါတယ်လို့ မှတ်ရမည်။

ဝိပဿနာဉာဏ် အစဉ်ပြုလုပ်နည်းက ဒါန, သီလ, သမထတို့နဲ့ မဆိုင်ဘူး၊ ပထမ ရုပ်သဘော နာမ်သဘောကို ပိုင်းခြားပြီးတော့ သိအောင် သင်ယူမှု ပြုလုပ်ရမယ်၊ ဒုတိယ ရုပ်နာမ်တို့ရဲ့ ဖြစ်ပေါ်ပုံ အကြောင်းအကျိုးကို အမှန်သိအောင် သင်ကြားမှု လုပ်ရမယ်၊ အဲဒီ နှစ်ပါးကို ပိုင်နိုင်စွာ သိထားရင် ငါ, သူဘပါး, ယောကျ်ား, မိန်းမ, ငါ့ဥစ္စာ, ငါဟာပြုတ် ရုပ်နာမ်ကိုသာ သိတော့တယ်။

အဲဒီတော့မှ ရုပ်နဲ့ နာမ်ဟာ မြဲသလား, နိစ္စသား, အနိစ္စလား ဆိုတာ ကိုယ်တိုင်သိအောင် အဇ္ဈတ္တ-ကိုယ်တွင်းကို စိတ်ဉာဏ်နဲ့ စိုက်မှတ် စစ်ဆေး ကြည့်ရှု ပွားမျိုးရမှာ ဖြစ်ဘယ်၊ ဒါန, သီလ, သမထတို့က ပညတ်အာရုံတွေပဲဟာ ဝိပဿနာနဲ့ ဆွေမျိုး တော်စပ်ရုံ လောက်ပဲ

ဖြစ်တယ်၊ ဝိပဿနာဉာဏ်အစစ်က ပရမတ်အစစ် ရုပ်နာမ် ဖြစ်ပျက်ကို အာရုံပြုတာ၊ ကဲ...တော်လောက်ပြီ ကွဲရောပေါ့ ကံ, ကံဒါအကျိုးကို ယုံကြည်စွာနဲ့ သဒ္ဓါဗိုလ် တပ်ပြီးတော့ ပြုလုပ်တဲ့ ကုသိုလ်ဟာ ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်တာပဲလို့သာ မှတ်ပေတော့၊ ဝိပဿနာကုသိုလ်ကိုတော့ ပြောနေစရာ မလိုတော့ဘူးပဲ။

**ဒကာ**။ ။ကွဲပြားစွာ သိရှိပါပြီ ဆရာတော်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ ယှဉ်လူရမှာကို သိပါပြီ။

---

## ကုလဒူသန, ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတယ် ဆိုတာ ဘယ်လို ဖျက်တာလဲ?

**ဒကာ**။ ။ကုလဒူသက ရဟန်းတော်များဟာ လူဒါယကာ, ဒါယိကာမတို့၏ ကြည်ညိုမှု သဒ္ဓါတရားကို ဖျက်ဆီးတယ်၊ ပျက်အောင်လုပ်တယ်ဆိုတာ ဘယ်ပုံ ဘယ်နည်းနဲ့ ဘယ်လို ပျက်စီးအောင် လုပ်တာကို ဆိုပါသလဲ ဆရာတော်၊ အနည်းငယ်လောက်ဖော်ထုတ် ရှင်းပြပေးပါဘုရား။

**ဆရာ**။ ။အင်း....ရဟန်းများမှာ မကျင့်ကောင်းတဲ့ အနာစာရတရားရယ်၊ ကျင့်ကောင်းတဲ့ အာစာရ တရားရယ်လို့ နှစ်ပါး ရှိတယ်၊ အနာစာရနဲ့ အာစာရ တရားပဲ။

အနာစာရ ဆိုတာက ရဟန်းများအတွက် မပြုအပ်, မပြုသင့်, မပြုထိုက်, မပြုကောင်းချေ, မပြုလုပ်ရဟု အာဏာဖြင့် အမိန့်ထုတ်ပညတ်တော်မူထားတဲ့ ဝိနည်း ပညတ်တော်တွေပဲ ဖြစ်တယ်၊ အဲဒါကို ရဟန်းဖြစ်သူတိုင်း လိုက်နာခံယူ ကျင့်ကြံရမှာ ဖြစ်တယ်၊ ဘယ်သောအခါမှ မပြုလုပ် မလွန်ကျူးရဘူး။

သုဓမ္မဝတီ (က) ၁ဂ၄-၄၄

ကုလဒူသန ဆိုတာက အတိုဆုံးနည်းနဲ့ ထုတ်ဖော်ပြရရင် ရဟန်းတော်များသည် လူသားတို့အား မိမိပစ္စည်းကို မပေးကမ်းရ၊ အောက်ထစ်ဆုံးအားဖြင့် သစ်ရွက်ပေးခြင်း, သစ်သီးပေးခြင်းကိုမျှ မပြုရတဲ့။

ထိုနည်းတူစွာပဲ ရဟန်းတော်များသည် ဆေးကုပေးခြင်း, ဗေဒင်ဟောခြင်း, ခါတ်ဆင် ခါတ်ရိုက်ခြင်း, ယတြာချေခြင်း, လူတို့၏ အခိုင်းအစေကို ခံယူလုပ်ကိုင်ပေးခြင်း စသည်တို့ကို ဘာမှ မပြုလုပ်ရ၊ ယင်းတို့ကို ပြုလုပ်သော ရဟန်းသည် ကုလဒူသန, ဒကာ, ဒကာမ တို့၏ သာသနာကြည်ညိုမှု သဒ္ဓါတရားကို ပျက်စေသော ဖျက်ဆီးသော ရဟန်းမည်၏ တဲ့၊ အဲဒီ အပြုအမူတွေ လုပ်ပြီးတော့ ဖျက်တာပဲ၊ ကဲ...နားလည်ပြီလား၊ ဒါတွေက ဝိနည်းသိက္ခာပုဒ် အကြောင်းအရာတွေ၊ သိချင်ရင် ဝိနည်းကို တတ်အောင် သင်ထားကြ။

**ဒကာ**။ ။ရဟန်းက မျက်နှာလို မျက်နှာရ ပြုလုပ်ပေးတာမဟုတ်ပဲ ဒုက္ခသည် ဒကာ, ဒကာမတို့က အသုံးလိုစွာဖြင့် တောင်းပန် လျှောက်ထားသောကြောင့် ပြုလုပ်ပေးတာဆိုရင် ငါတို့ လိုတာရတယ် ဆိုကာ ပိုပြီး ကြည်ညိုမှု သဒ္ဓါတရားတွေတောင်မှ ဖြစ်ပေါ်လာကြမှာပဲဟာ ဘယ်လိုနည်းနဲ့ ကုလဒူသန, ဒကာ, ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတယ်လို့ ဆိုနိုင်ပါသလဲ ဆရာတော်၊ "ပေးကမ်းခြင်းလျှင် အောင်စေရာလို့" ဆရာတော်တို့ပဲ ဟောကြားနေကြတဲ့ဟာ သူ့အကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်မှာပေါ့ ဘုရား။

**ဆရာ**။ ။အင်း....ဒကာကြီးတို့ သိထားဖို့က ဝိနည်းသိက္ခာပုဒ်တော် မှန်သမျှဟာ အာဏာဒေသနာတော် ဖြစ်တယ်၊ ဤအမှု ဤအလုပ်မျိုးကို မပြုလုပ်ရဟု အမိန့်အာဏာထားရှိ ထုတ်ပြန်

လိုက်ရင် ဘယ်နည်းနဲ့မှ မပြုလုပ် မကျူးလွန်ရဘူးပဲ၊ ပြုလုပ် ကျူး လွန်သော ရဟန်းသည် အနာစာရ မကောင်းသော အကျင့်ရှိသော ရဟန်းပဲလို့ မှတ်ရမည်။

ဒါကြောင့် မြတ်စွာဘုရား စက်ဆုတ်တော်မူတဲ့ ပစ္စည်းပေးခြင်း, ဆေးကုခြင်း, ဗေဒင်ဟောခြင်း စတဲ့ ရဟန်းတို့မှာ မိစ္ဆာဇီဝ ဖြစ်တဲ့ အသက်မွေးမှုမျိုးကို ပြုသောကြောင့် မကောင်းသောအကျင့် (အနာ စာရ) ကုလဒူသက, ဒကာ, ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော ရဟန်းဟု ခေါ်တယ်။

ဒကာ, ဒကာမတို့ သဒ္ဓါတရား ပျက်စီးပုံကတော့၊ ရှေးသရော အခါက ဒကာ, ဒကာမတို့ စိတ်ဓာတ်၌ ထိုရဟန်းတော်အား မြတ်စွာ ဘုရားသခင်၏ တပည့်သား သာဝက သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတဲ့ အရှင်မြတ် တပါးအနေဖြင့် ရိုးသားစစ်မှန်တဲ့ သဒ္ဓါတရားတွေနဲ့သာ ပေးလှူပူဇော်မှုတွေ ပြုကြတယ်၊ အဲဒါဟာ သဒ္ဓါစစ်ပဲ, သဒ္ဓါမှန်ပဲ, သန့်ရှင်းကြည်လင်တဲ့ သဒ္ဓါပဲ။

ထိုရဟန်းထံမှ တစုံတခုသော ပစ္စည်းနှင့် ဗေဒင် ဟောပေးမှု ဆေးကုပေးမှု စသည်တို့ကို ခံယူပြီးနောက်မှ ထိုရဟန်းအား ပေးလှူ သောအခါ ငါတို့အား ဆေးကုပေးတဲ့ ကိုယ်တော်, ပစ္စည်းပေးတဲ့ ကိုယ်တော်, ဗေဒင်ဟောပေးတဲ့ ကိုယ်တော် စသည်ဖြင့် စိတ်ထဲမှာ ထင်စွဲကာ သံယောဇဉ် ခင်မင်မှုတွေ ဝင်လာတယ်။

အဲဒါကြောင့် ထိုရဟန်းမှ ပစ္စည်းရ၍ ဗေဒင်, ယာယီ, ယတြာ ဓာတ်ရိုက်လုပ်ပေး၍ ကြည်ညိုခြင်းမှာ ပကတိ သာသနာတော်ကို သန့်ရှင်းကြည်လင်စွာဖြင့် ကြည်ညိုသောသဒ္ဓါတရားမျိုး မဟုတ်တော့

ပေတဲ့၊ သဒ္ဓါတရား အစစ်အမှန်ကား ပျက်စီးသွားပေပြီ၊ အဲဒီလို သဒ္ဓါတရား အစစ်အမှန်ကို ဖျက်ဆီးတတ်သောကြောင့် အဲဒီရဟန်း မျိုးကို ကုလဒူသက, ဒကာ,ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီး သော ရဟန်းဟု ခေါ်ဆိုတယ်၊ ကဲ… နားလည်လောက်ရောပေါ့၊ ဆိုလိုရင်းကတော့ ဒကာ, ဒကာမတို့ရဲ့ လောကီရေးရာ ခိုင်းတာကို ခိုင်းတိုင်းလုပ်ပေးတဲ့ အစေအပါးခံ ရဟန်းမျိုးဟာ ဒကာ, ဒကာမ တို့ရဲ့ သဒ္ဓါတရားကို ဖျက်ဆီးတာပဲ။

**ဒကာ။** ။ဒီလိုဆိုရင်တော့ တပည့်တော်တို့ ခုကြည်ညိုပေးလှူပူဇော် နေကြတဲ့ သဒ္ဓါတရားတွေဟာ မတွေးဝံ့အောင် ပျက်စီး ကုန်ပြီ ဆရာတော်၊ သဒ္ဓါတရား အစစ်ဖြစ်အောင် တော်တော် ရွေးချယ် ကိုးကွယ်ကြရမှာပဲ ဘုရား။

**ဆရာ။** ။အင်း… ဒါကတော့ "ဝိစေယျ ဒါနံ ဒါတဗ္ဗံ" တဲ့၊ ကိုယ့် သဒ္ဓါ ကိုယ်သိကာ သန့်စင်တဲ့ သဒ္ဓါဖြစ်အောင် ပုဂ္ဂိုလ် ကို ရွေးချယ်ကိုးကွယ် ဆည်းကပ်ကြပေါ့၊ ဒါထက် ပိုပြီး ညွှန်ကြား စရာ မရှိတော့ဘူး။

---

## မေတ္တာ အပို့ ခံရသူမှာ
## အကျိုး ဘယ်နှစ်ပါး ရပါသလဲ ?

**ဒကာ။** ။အချင်းချင်း မေတ္တာထားကြ၊ မေတ္တာပွားကြ၊ မေတ္တာ ကမ္မဋ္ဌာန်းစီးဖြန်း ပွားများသူမှာ ခုချက်ခြင်း လက်ငင်း အကျိုး ဆယ့်တစ်ပါး ရရှိ ခံစားရတယ်၊ သေရင် ဗြဟ္မာ့ပြည် လားတယ်ဟု ပြောဟောကြပါတယ်၊ မေတ္တာအပို့ ခံရသူမှာတော့

ဘယ်လို ချမ်းသာတယ်၊ ဘယ်လို အကျိုးစီးပွားတွေ ခံစားရတယ်လို့ ဟောပြောဘာ မကြားသိရပါဘူး၊ မေတ္တာအဖို့ ခံရသူတွေ အတွက် အကျိုးစီးပွား ဖြစ်ပေါ် ခံစားရပုံများ ပိဋကတ်တော်မှာ ပါရှိရင် သိပါရစေ ဆရာတော်။

**ဆရာ။** ။မေတ္တာ ပို့သ ပွားများ ပေးခြင်း၊ မေတ္တာ ခံယူခြင်းလို့ နှစ်မျိုးရှိရာမှာ မေတ္တာကို ခံယူသူတို့ဘက်က အကျိုးရရှိပုံတွေလဲ များစွာပဲ ရှိပါတယ်၊ ဒကာကြီးတို့ မယုံကြည်ရင် မေတ္တာ အစစ်အမှန်နဲ့ ပွားများပို့သ စမ်းသပ်ကြည့်ကြပေါ့၊ မေတ္တာပို့သူများ လိုက်နာ ကျင့်သုံး ထားရှိရမည့် အင်္ဂါ (၁၅) ပါးနဲ့ အညီ ပို့သ ပွားများပေးရင် အပို့ခံရသူမှာ မုချ ချမ်းသာ သုခ ရရှိနိုင်ပါတယ်။

**ဒကာ။** ။မေတ္တာ ပို့သသူ၏ လိုက်နာ ကျင့်သုံး ထားရှိရမည့် အင်္ဂါ (၁၅) ပါးဆိုတာက ဘာတွေပါလဲ ဆရာတော်၊ ဒကာကြီးတို့ သိရအောင် ထုတ်ပြပေးပါအုံး ဘုရား။

**ဆရာ။** ။မေတ္တာ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်လိုသူတို့ အတွက် မေတ္တသုတ် ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော မေတ္တာမပို့ခင် ကြိုတင် ပြင်ဆင် ကျင့်သုံး ပြည့်စုံထားရမည့် မေတ္တာပုဗ္ဗဘာဂတရား (၁၅) ပါးဆိုတာက....

(၁) **သက္ကော** = သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်,ငါးပါး စွမ်းအားရှိသူ ဖြစ်ရခြင်း။

(၂) **ဥဇူ** = ကိုယ်,နှုတ် ဖြောင့်မတ် ရိုးသားရခြင်း။

(၃) သုဟုဇ္ဇ = စိတ်ထား ဖြောင့်မတ် ရိုးသားရခြင်း။

(၄) သုဝစ = ပညာရှိတို့ ဆိုဆုံးမမှုကို လွယ်ကူစွာ လိုက်နာရခြင်း။

(၅) မုဒု = ကိုယ်,နှုတ်,စိတ်ထား သုံးပါးလုံး နူးညံ့ သိမ်မွေ့ ပျော့ပျောင်းနေသူ ဖြစ်ရခြင်း။

(၆) အနတိမာနီ= မာန်မာနတရား ထောင်လွှားမှု မရှိရခြင်း ။

(၇) သန္တုဿက = ရရှိသမျှဖြင့်သာ ရောင့်ရဲ တင်းတိမ် ကျေနပ်သူ ဖြစ်ရခြင်း။

(၈) သုဘရ = သူတပါးတို့ စောင့်ရှောက်ပေးလူ မွေးမြူရေး၌ လွယ်ကူစွာ လိုက်နာ ကျေနပ်သူ ဖြစ်ရခြင်း။

(၉) အပ္ပကိစ္စ = မိမိကျင့်ဝတ် ကိစ္စမှ တပါး အခြား ကိစ္စများ နည်းပါးသူ ဖြစ်ရခြင်း ။

(၁၀) သလ္လဟုက ဝုတ္တိ = ပစ္စည်းဥစ္စာ များစွာမထား ငှက်များ ကဲ့သို့ ပေါ့ပါး လွယ်ကူစွာ သွားလာနေထိုင် အသက် မွေးမှု ရှိရခြင်း။

(၁၁) သန္တိန္ဒြိယ = ကောင်း ဆိုး အာရုံတို့နှင့် တွေ့ကြုံသော ကာလ၌ လောဘ, ဒေါသတို့ နောက်သို့ မပါ မရောက် စေပဲ ငြိမ်သက်သော ဣန္ဒြေ ရှိရခြင်း။

(၁၂) နိပက = အပြစ်ကင်းသော လုပ်ငန်းရပ်တို့၌ ကောင်းစွာ ကျွမ်းကျင် ရင့်ကျက်သော ဉာဏ်အမြင် ရှိရခြင်း။

(၁၃) အပ္ပဂဗ္ဘ = ကိုယ်, နှုတ်, စိတ်ထား သုံးပါးလုံး ရိုင်းပြ ကြမ်းတမ်းမှု မရှိ ယဉ်ကျေးသူ ဖြစ်ရခြင်း။

(၁၄) ကုလေသွ နာနုဂိဒ္ဓ = ရဟန်းသည် ဒကာ ဒကာမတို့ အပေါ်၌၊ လူသည် ဆွေမျိုး မိတ်ဆွေတို့ အပေါ်၌ တဏှာပေမဖြင့် တွယ်တာ ငြိကပ်ခြင်း မရှိစေရ။

(၁၅) ပညာရှိတို့ ကဲ့ရဲ့ စွပ်စွဲစေရာ မကောင်းသော အမှု ကိစ္စ ဟူသမျှကို အသေးအဖွဲကလေးမျှ ဖြစ်စေ ဘာတခုမျှ မပြုလုပ်ရ။

ကဲ....အဲဒီ တဆယ့်ငါးပါးသော ''မေတ္တာ ပုဗ္ဗ ဘာဂ ပဋိပဒါ'' ခေါ်တဲ့ မေတ္တာမပွားမီ ရှေးဦးစွာ မိမိပြုလုပ်ထားရမည့် ကိုယ်ကျင့် တရားများကို ပြီးစီး ပြည့်စုံစွာ ပြုလုပ်ထားပြီးမှ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများမှု ပြုတဲ့သူ၏ မေတ္တာစစ် မေတ္တာမှန်ဟာ အဗ္ဗိခံရ သူမှာ မုချ ချမ်းသာသုခ ရရှိနိုင်ပါတယ်၊ မယုံရင် စမ်းကြည့်ပေါ့၊ မြတ်ဗုဒ္ဓရဲ့ ဓမ္မက အစမ်းခံနိုင်တဲ့ လက်တွေ့ ''ဧဟိ ပဿိက'' ဂုဏ် ရှိတယ်၊ မှန်းဆပြီး ဟောပြောတာ မဟုတ်ဘူး၊ ကိုယ်တွေ့ ဒိဋ္ဌ ဟောပြောချက်တွေ။

ဒကာ။ ။မေတ္တာစစ် မေတ္တာမှန်ဖြင့် အဖို့ခံရသူမှာ ချမ်းသာသုခ ရရှိတဲ့ ပုံစံဝတ္ထု ပိဋကတော်မှာ ထင်ရှားတဲ့ အကြောင်း များရှိရင် အနည်းငယ် လိုရင်းမျှ ထုတ်ပြပေးပါ ဆရာတော်၊ မေတ္တာ သမားများ အားတက်စရာ ဖြစ်အောင်ပေါ့ဘုရား။

ဆရာ။ ။အင်း...ပိဋကတော်မှာ လာရှိတဲ့ ဝတ္ထု သက်သေတွေ များစွာ ရှိပါတယ်လေ၊ မေတ္တာ ကမ္မဋ္ဌာန်းသမားများ မှတ်သားထားကြဖို့ တခုလောက်တော့ ထုတ်ပြပေးပါ့မယ်။

## မေတ္တာ ခံယူသူတို့ ချမ်းသာရပုံ ဝိသာခ မထေရ် ဝတ္ထု

မဇ္ဈိမတိုက် ပါဋလိပုတ်ပြည်သား ဝိသာခ အမည်ရှိတဲ့ သူကြွယ် တယောက်ဟာ သီဟိုဠ်လံကာဒီပ ခေါ်တဲ့ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာ တော် ထွန်းကားတဲ့ သတင်းစကားကို ကြားသိရသောအခါ သီဟိုဠ် ကျွန်းသို့ သွားရောက်ကာ တရားအားထုတ် လိုသောကြောင့် မိမိ စည်းစိမ်ဥစ္စာတွေကို သားမယားတို့အား လွှဲအပ်စွန့်လွှတ်လျက် သီဟိုဠ် ကျွန်းဘက်သို့ ကူးသွားပြီး မဟာဝိဟာရကျောင်းတိုက်ကြီး၌ ရဟန်း ပြုကာ ငါးလပတ်လုံး ရဟန်းတော်များ၏ ကျင့်ဝတ်သိက္ခာ ဝိနည်း တရားတော်များကို ပါတ်ကျွမ်းနားလည်အောင် သင်ကြားပြီးနောက် မဟာဝိဟာရကျောင်းတိုက်ကြီးမှ ထွက်ခွါလျက် ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်နိုင်ရန် သင့်လျော်မည့် ကျောင်းတိုက်များကို ရှာပြီးလျှင် တကျောင်း တကျောင်း၌ လေးလစီမျှ သင်ကြားပွားများ အားထုတ်ကာ နေလေ့ရှိဘယ်တဲ့။

ထိုမှနောက်၌ ဝိသာခထေရ်မြတ်သည် စိတ္တလတောင်ကျောင်းသို့ ပြောင်းရွှေ့လျက် မေတ္တာတရား ပွားများအားထုတ်မှုပြုကာ လေးလ မျှ ကြာသောအခါ တခြားတနေရာ တကျောင်းသို့ ပြောင်းသွားမည် ပြုစဉ် မြစိမ်းပင်စောင့်နတ်က စောင်းတန်းဦးမှ ထိုင်ကာ ငိုရှာတယ် တဲ့၊ ထိုအခါ မဒေထရ်မြတ်က "စောင်းတန်းဦးက ရှိုက်ကာ ရှိုက်ကာ ငိုနေတာ ဘယ်သူလဲ"ဘယ်အကြောင်းကြောင့် ငိုတာလဲဟု မေးမြန်း လိုက်တယ်တဲ့။

တပည့်တော် မြစိမ်းပင်စောင့် ရုက္ခစိုးနတ်ပါ ဘုရား၊ အရှင် မြတ်တို့ ဤအရပ်မှ ကြွသွားတော့မည် ဆို၍ ငိုရပါသည် ဘုရားဟု လျှောက်ထားတယ်။

ငါ ဤအရပ်၌ နေထိုင်သီတင်းသုံးခြင်းဖြင့် အသင်နတ်မင်းတို့မှာ ဘယ်လို ချမ်းသာ သုခမျိုး အကျိုး စီးပွားတွေကို ရရှိ ခံစား ရပါသလဲ။

အရှင်မြတ်တို့ ဤစိတ္တလတောင်ကျောင်းသို့ ကြွရောက် သီတင်း သုံးကာ မေတ္တာဘာဝနာတရားတော်များ ပွားစီး ပို့သ၍ နေတော် မူသော မေတ္တာဓာတ် တန်ခိုးတော်ကြောင့် ဤအရပ်၌ ဆိုးသွမ်း ကြမ်းတမ်း ခက်ထန်သော စကားတို့ဖြင့် ငြင်းခုံခိုက်ရန် ပြုခြင်း, ထိုးကြိတ်ရိုက်ပုတ် ထောင်းထုခြင်းတို့ဖြင့် မသင့် မတင့် ရှိကြကုန်သော နတ်ဘီလူး စသည်တို့ဟာ အရှင်မြတ်၏ မေတ္တာဓာတ်ကြောင့် အချင်း ချင်း ချစ်ခင် ကြင်နာသော စိတ်ထား ရှိကြပါကုန်သည်၊ သင့်တင့်

ချမ်းသာ ပျော်ရွှင်စွာ နေထိုင်ကြရပါကုန်သည်၊ အချင်းချင်းလဲ မေတ္တာတရား ရကြပါကုန်သည်၊ အရှင်မြတ်ဘုရား ကြွသွားတော်မူပါက ထိုနတ်ဘီလူးတို့သည် ကြမ်းတမ်း ခက်ထန် ယုတ်မာ ဆိုးသွမ်းသော စကားတို့ဖြင့် ငြင်းခုံ ခိုက်ရန်မှု ပြုကြပါလိမ့်မည် ဘုရားဟု လျှောက်ထားတယ်။

အိမ်း.... ငါ့, သည်အရပ်မှာ နေသဖြင့် သင်တို့ ချမ်းသာမည်ဖြစ်လျှင် နောက်ထပ် လေးလ နေပေးအုံးမည်ဟု ဆိုကာ လေးလစေ့၍ ကြွမည်ပြုသောအခါ ထိုမြစိမ်းပင်နတ်က ငိုကြွေးလျှောက်ထားတောင်းပန်ပြန်၍ ဝိသာခမထေရ်မြတ်ဟာ အရပ်တပါးသို့ ကြွမသွားဖြစ်တော့ပဲ ဤအရပ်မှာပင် ပရိနိဗ္ဗာန် စံဝင်ရရှာတယ်တဲ့၊ ပိဋကတော်မှာ ဒါမျိုးတွေ များစွာပဲ ရှိပါတယ်။

ကဲ ...အဲဒီ ဝတ္ထု အကြောင်း အရာကို ထောက်ဆသောအားဖြင့် မေတ္တာပို့သူမှာသာ အကျိုးစီးပွား သုခချမ်းသာတရားတို့ ရတာမဟုတ်ပဲ၊ မေတ္တာအပို့ ခံရသူတွေမှာလဲ အချင်းချင်း သင့်တင့်ကြကာ ချမ်းသာ သုခ ရရှိကြတာတွေကို ယုံကြည်စွာဖြင့် မေတ္တာတရားလဲ ပွားများ ပို့သကြပေါ့၊ သူတပါးပို့သတဲ့ မေတ္တာကိုလဲ ခံယူကြပေါ့၊ ကျေနပ်လောက်ပါပြီ နော်။

**ဒကာ။** ။မှန်ပါ့၊ မေတ္တာပို့သူရဲ့ အကျိုး (၁၁) ပါးနဲ့ မေတ္တာခံယူသူတို့ ရရှိသည့် အကျိုးများကို ယခုလို သိရလို့

ကျေနပ်လှပါတယ်၊ မေတ္တာ ပွားများ ပို့သပုံများကိုလဲ လူတိုင်း နားလည်စွာ ပို့သတတ်အောင် နည်းပြပေးပါအုံး ဆရာတော်။

ဆရာ။ ။မေတ္တာတရား ပွားများပို့သပုံနည်းကတော့ လွယ်လွယ်နဲ့ လူတိုင်း ပွားများတတ်ကြဖို့ နယ–နှစ်ပါးနဲ့ပဲ ပြသပေးသွားမည်၊ ဒီ မေတ္တာနည်း နှစ်ပါးနဲ့ ပို့သ ပွားများခြင်းဖြင့်ပင် ပို့သသူ ခံယူသူ အားလုံးကုန် အကျိုးသုခတွေနဲ့ ပြည့်စုံ ပြီးမြောက်နိုင်ပါတယ်။

မေတ္တာဆိုတာ "သူတပါးတို့၏, သတ္တဝါတိုင်း၏, အကျိုးစီးပွား ဖြစ်ထွန်းကြီးထွားမှုကို လိုလားတောင့်တနေမှုဟာ မေတ္တာပဲ" အဲဒီ တရားကို ပွားများနေလျှင် စင်ကြယ်မွန်မြတ်သော နေခြင်းဖြစ်၍ ဗြဟ္မဝိဟာရ=ဗြဟ္မာတို့၏နေခြင်း အကျင့်တရားမို့ ယင်းကို ဗြဟ္မစိုရ် တရားလို့လဲ ခေါ်ကြတယ်၊ ကဲ....နားထောင် မှတ်သားပေတော့။

## ဩဓိသမေတ္တာ ပွားများနည်း ?

(၁) ဩဓိသ မေတ္တာ။ ။ပုဂ္ဂိုလ်, သတ္တဝါကို တပါးချင်း တမျိုးချင်း ပိုင်းခြား ပိုင်းခြားကာ ပွားများပို့သသော မေတ္တာမျိုး၊ ဩဓိ, သဒ္ဒါက အပိုင်းအခြား ပိုင်းခြင်းကို ဟောတယ်။

ကိုယ်ပို့သချင်တဲ့ ပုဂ္ဂိုလ် တဦးတယောက်ကို၊သို့မဟုတ် တမျိုးမျိုးကို စိတ်ညွတ်ရည်မှန်းပြီးတော့ အဲဒီ ပုဂ္ဂိုလ်ရဲ့

အမည်ကို ခေါ်ဆိုကာ အဟုတ် တကယ် ချမ်းသာ လိုလားစေချင်တဲ့ စိတ်ထားနဲ့ မိမိရဲ့စိတ်ကို ထိုသူတို့ထံသို့ စေလွှတ်ပြီး။ ။ပုံပမာ....

နိုင်ငံတော် သမ္မတကြီးနှင့် တကွ မင်းမှုထမ်းများ အပေါင်းတွေ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ။ထို့အတူပဲ -

မိန်းမများ အပေါင်းတွေ။

ယောကျ်ားများ အပေါင်းတွေ။

အရိယာများ အပေါင်းတွေ။

ပုထုဇဉ်များ အပေါင်းတွေ။

နတ်များ အပေါင်းတွေ။

လူများ အပေါင်းတွေ။

ပြိတ္တာများ အပေါင်းတွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ စိတ်ညွှတ်ပွားများ နေရမယ်။

အဲ ဒီလို မျိုးတူ, ဇာတ်တူ, အလုပ်တူတို့ကို ပိုင်းခြား သတ်မှတ် သီးခြားဖော်ထုတ်ကာ မေတ္တာပွားနိုင်တယ်၊ တယောက်ချင်း တဦးချင်းအတွက်ကိုလဲ သူ့အမည်ကို ခေါ်ဆိုပြီးတော့ မေတ္တာပို့နိုင်တယ်။ ။ပုံပမာ....

ဦးဖြူ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

ဒေါ်မဲ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

အဲဒီအတိုင်း ကိုယ်လိုချင်တဲ့ ပုဂ္ဂိုလ်တွေကို ခေါ်ဆိုရည်မှန်း စိတ်ညွှတ်တန်းပြီးတော့ တိုးတိုးသာသာ နှုတ်နဲ့ ရွတ်ဆို ရွတ်ဆိုကာ ကြိမ်ဖန်များစွာ သိန်း သန်း ကုဋေ ပို့သ စီးဖြန်း ပွားများကာ နေရမှာ ဖြစ်တယ်၊ အဲဒီ မေတ္တာက ပုဂ္ဂိုလ် မျိုးတူချင်း, သို့မဟုတ် တဦးချင်း သတ္တဝါ အနန္တထဲမှ ပိုင်းခြား ခွဲထုတ်ကာ သီးခြားပို့သပွားများတဲ့ မေတ္တာမျိုးဖြစ်လို့ ယင်းကို ဩဓိသမေတ္တာလို့ ခေါ်ဆိုတယ်၊ ကဲ... အဲဒါဟာ လူဘိုင်း နားလည်စွာနဲ့ ပို့သ ပွားများတတ်အောင် ပြပေးတဲ့ အလွယ်ဆုံးနည်းပဲ၊ နောက်တမျိုးက...

## အနောဓိသမေတ္တာ ပွားများနည်း?

(၂) အနောဓိသ မေတ္တာ။ ။ပုဂ္ဂိုလ်, သတ္တဝါ အမျိုးအမည်ကို ပိုင်းခြား ခွဲထုတ်ခြင်း မပြုတော့ပဲ ရှိသမျှ သတ္တဝါတွေ အကုန်လုံး သိမ်းကျုံးကာ ခေါ်ဆိုပို့သ ပွားများတဲ့ မေတ္တာမျိုးကို ခေါ်ဆိုတယ်။

ယင်းကိုပင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်က– သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ,

သဗ္ဗေ အတ္တ ဘာဝ ပရိယာ ပန္နာ ဟု အမျိုး ငါးပါးနဲ့ ပြဆိုထားတယ်။ အဲဒီ ငါးပါးထဲက တပါးပါးနဲ့ ခေါ်ဆို လိုက်ရင် ကမ္ဘာပေါ်မှာ ရှိသမျှ သတ္တဝါတွေ အကုန် ပါသွားတာ ပါပဲ၊ ဒါကြောင့် အနောဓိသ မေတ္တာကို ဟောသည့်လို လွယ်လွယ်နဲ့ပဲ ခေါ်ဆို ပွားများ ပို့သ ရမယ်။

ကမ္ဘာသူ ကမ္ဘာသားများ အပေါင်းတွေ ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ကြပါစေ၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

အဲဒီအတိုင်း ကမ္ဘာပေါ်မှာ တည်နေကြတဲ့ ပြဟ္မာကြီးတွေက စပြီးတော့ မမြင်ရတဲ့ပိုးမွှားသတ္တဝါကလေးတွေ အထိ ရှိရှိသမျှ ပုဂ္ဂိုလ် သတ္တဝါတွေကို အာရုံပြု ရည်မှန်းပြီးတော့ အဟုတ်တကယ် ချမ်းသာ စေလိုတဲ့ စိတ်ဓာတ်နဲ့ သိန်း သန်း ကုဋေ အကြိမ်များစွာ ပွားများ ကာ နေရမယ်။

ကိုင်း .. ခုပြောခဲ့တဲ့အတိုင်း မေတ္တာပွားသူမှာ ရှေးဦးစွာ သိထား ရမည့် အင်္ဂါ ၁၅-ပါးနဲ့ ပြည့်စုံစွာ အဲဒီ မေတ္တာပို့နည်း နှစ်ပါးနဲ့ ပွားများ ပို့သကာသာ နေပါ၊ မေတ္တာအပို့ ခံရသူတွေအတွက် မုချ အကျိုးစီးပွား ရရှိခံစားရမှာ သေချာပါတယ်၊ ကဲ....အဲဒါ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းပုံ အလွယ်ဆုံး နည်းနှစ်ပါးပါပဲ။

၁၈၁။ ။သည်လို အပြည့်အစုံ ဖြေကြား သင်ပြပေးတဲ့အတွက် မေတ္တာကမ္မဋ္ဌာန်းကို ပွားများ အားထုတ် တတ်ပါပြီ ဆရာတော်၊ ကျေးဇူးတင်စွာဖြင့် အကြိမ်ကြိမ် ရှိခိုးပါတယ် ဘုရား။

# ဇာတိ သုတေသန သမ္ဘာ မဂ္ဂင် ပဥှာ

# နိဋ္ဌိတာ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

## ဓမ္မဒါန - ကောင်းမှုရှင်များသို့

ဤ....ကျမ်းစာတော်ကြီး ထွက်ပေါ် ပြီးမြောက်နိုင်ရေး နှင့် မိမိတို့ ဘဝဟာ တလျှောက် ဉာဏ်ပညာ မြင့်မြောက်ကြီးမား ရင့်ကျက်သွားရေးအတွက် တဝါစွမ်းသမျှ ပါဝင်ဖက်စွက် ပေးလှူကြသော ဓမ္မဒါနကောင်းမှုရှင်များ၏ အမည်နေရပ်တို့ကို ဤ ကျမ်းစာအုပ်အတွင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုတော့ပါ။

ဓမ္မဒါန ကုသိုလ်ရှင်များ၏ ကောင်းမှုကံ စေတနာ ပညာ ပါရမီသည် လောကီရေးရာ၌ သူမတူအောင် သာလွန် ဦးဆောင်လျက် လောကုတ္တရာ မဂ်ပညာ ဖိုလ်ပညာ နိဗ္ဗာန် ချမ်းသာအထိ တိုးတက်ရရှိ ခံစားနိုင်ကြပါစေသော်။